www.burmeseclassic.com

ကြည်ကြည်မာစာပေ

# ဟယ်ရီပေါ်တာ
နှင့်
# သွေးနှောမင်းသား

ကြည်ကြည်မာ



www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်** - ၅၀၀၉၅၂၀၆၀၇
**မျက်နှာဖုံးခွင့်ပြုချက်** - ၅၀၀၈၇၂၀၆၀၈

**မျက်နှာဖုံးပုံနှိပ်သူ**
ဦးကျော်စိန်
ကျောက်စိမ်းပုံနှိပ်တိုက် (၀၂၉၀၉)
၁၇၁၊ ၃၃လမ်း၊ ရန်ကုန်။

**အတွင်းပုံနှိပ်သူ**
ဦးမျိုးမြင့် (မြ-၀၆၀၈၉)
ပွင့်သစ်ပုံနှိပ်တိုက်
အမှတ် ၂၄၉၊ ဗိုလ်ချုပ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**ထုတ်ဝေသူ**
ဦးလှဆွေ၊ ကြည်ကြည်မာစာပေတိုက် (၇၄၄)
၁၈၉-ခ/၂၊ ၃၄ လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**ပုံနှိပ်ခြင်း**
ပထမအကြိမ်

**အုပ်ရေ**
၅၀၀

**ထုတ်ဝေသည့်ကာလ**
၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ

**တန်ဖိုး**
၄၈၀၀ ကျပ်

# ဟယ်ရီ-ပေါ်တာ
# နှင့်
# သွေးနှောမင်းသား

ကြည်ကြည်မာ
[ မြန်မာပြန် ]

www.burmeseclassic.com

www.burmeseclassic.com

**Harry Potter and the Half - Blood Prince**

**J.K. Rowling**

မာအိုက်နုန် ၊ မာအိုက်ရှင်း ၏ တရုတ်ဘာသာပြန်မှ
မြန်မာပြန်ဆိုသည်။

ကြည်ကြည်မာစာပေ
အမှတ်-၁၈၉ (ခ) / ၂၊ ၃၄ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၂၅၄၁၀၆

BURMESE CLASSIC



# ၁။ အခြားဝန်ကြီး

ညဉ့်နက်သန်းခေါင်တိုင်တော့မယ်။ ဝန်ကြီးချုပ်တစ်ယောက်တည်း ရုံးခန်းထဲ ထိုင်ပြီး ရှည်လျားတဲ့ မှတ်တမ်းကို ဖတ်နေတယ်။ ဒါပေမယ့် သူ့ ခေါင်းထဲမှာ ဟာနေတယ်။ ဘာတွေ ရေးထားမှန်းကို နားမလည်ဘူး။ သူက ဝေးလံတဲ့ နိုင်ငံတစ်နိုင်ငံက သမ္မတရဲ့ တယ်လီဖုန်းကို စောင့်နေတယ်။ သူဟာ အဲဒီ ဒုက္ခရောက်နေသူ ဖုန်း ခေါ် မခေါ် သံသယဖြစ်နေရင်း၊ ရှည်လျားပင်ပန်း တဲ့ ရက်သတ္တတစ်ပတ်အတွင်း စိတ်ညစ်စရာ ပြန်လည်သတိရမှုကို ချုပ်တည်း ထားတယ်။ ဒါကြောင့် ခေါင်းထဲမှ တခြားတွေးဖို့ နေရာမရှိသလောက် ဖြစ် နေတယ်။ သူဟာ သူ့ရှေ့က စာရွက်ပေါ်က စာကို အာရုံစုစည်းပြီး [illegible] ကြိုးစားလေ၊ မိမိ နိုင်ငံရေးယှဉ်ပြိုင်ဘက်ရဲ့ သူများဒုက္ခရောက်လို့ [illegible] မျက်နှာကို ရှင်းရှင်းမြင်ရလေပဲ။ အဲဒီယှဉ်ပြိုင်ဘက်ဟာ ဟိုနေ့က သတင်း[illegible] ပါလာတယ်။ လွန်ခဲ့တဲ့ အပတ်က ဖြစ်ပွားခဲ့တဲ့ ကြောက်စရာ [illegible] (သတိပေးစရာ လိုနေတာ ကျနေတာပဲ) တွေကို တစ်ခုချင်း [illegible] အပြင်၊ ဖြစ်ပျက်သမျှအားလုံးဟာ အစိုးရကြောင့်လို့ စွပ်စွဲ[illegible]

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစွပ်စွဲတာတွေကို တွေးမိတိုင်း၊ ဝန်ကြီးချုပ် သွေးခုန်နှုန်း မြန်လာတယ်။ အကြောင်းက ဒါတွေအားလုံး တရားမမျှတဘူး၊ အဖြစ်မှန်နဲ့လည်း မကိုက်ညီဘူး။ သူ့အစိုးရဟာ အဲဟိုတံတား ပြိုကျတာကို ဘယ်လိုလုပ် တားနိုင်မှာလဲ။ အစိုးရဟာ တံတားတည်ဆောက်တဲ့ဘက်မှာ ငွေလုံလောက်အောင် မသုံးဘူးလို့ ပြောတဲ့လူ ရှိသေးတယ်။ ဒါဟာ သည်းညည်းခံနိုင်စရာ မဟုတ်တော့ဘူး။ အဲဒီတံတား တည်ဆောက်ပြီးတာ ဆယ်နှစ်ပဲ ရှိသေးတယ်။ အထူးချွန်ဆုံး ပါရဂူကတောင်၊ တံတားဟာ ရုတ်တရက်ကြီး ညီညီညာညာ နှစ်ပိုင်းကျိုးသွားတာကို ရှင်းမပြတတ်ဘူး။ မော်တော်ကား ဆယ်ကျော် အောက်က ချောင်းနက်နက်ထဲ ထိုးကျသွားတယ်။ ဒီအပြင်၊ ရဲအင်အား မလုံလောက်လို့သာ ရပ်ကျော်ရွာကျော် ဆိုးရွားတဲ့ လူသတ်မှုနှစ်ခု ဖြစ်ပွားတာလို့လည်း ပြောသူက ပြောသေးတယ်။ အစိုးရဟာ အနောက်ဘက်မှာ ဖြစ်ပွားတဲ့ အသက်အိုးအိမ်စည်းစိမ် အကြီးအကျယ် ဆုံးရှုံးတဲ့ ထူးဆန်းတဲ့ လေမုန်တိုင်းကို ကြိုမြင်သင့်တယ်လို့လည်း ပြောတယ်။ ပြီးတော့၊ မိမိရဲ့ လက်ထောက်ဝန်ကြီး ဟားဘတ်-ချိုလေးဟာ ဒီအပတ်မှာ မူမမှန်ဖြစ်ပြီး မိမိအိမ်သားတွေနဲ့အတူ ကာလတစ်ခုနေမယ် ဖြစ်တာလည်း သူ့အမှားလား။

"တစ်နိုင်ငံလုံး ချောက်ချားနေတယ်" အဲဒီ ယှဉ်ပြိုင်ဘက်က နောက်ဆုံးမှာ ဒီလို နိဂုံးချုပ်လိုက်တယ်။ သိပ်ကျေနပ်နေတဲ့ အပြုံးကို လုံးဝမဖုံးကွယ်သလောက် ဖြစ်နေတယ်။

ကံဆိုးတာက၊ အဖြစ်က ဒီအတိုင်း ဖြစ်တာပဲ။ ဝန်ကြီးချုပ်ကိုယ်တိုင်လည်း ခံစားရတယ်။ လူတွေဟာ ခါတိုင်းထက် စိုးရိမ်ကြောင့်ကြနေပုံ ရတယ်။ ရာသီဥတုကတောင် ကျေနပ်စရာ မရှိဘူး။ ဇူလိုင်လအလယ်ပဲ ရှိသေးပေမယ့် အေးစက်တဲ့ နှင်းငွေ့တွေ ဖုံးလွှမ်းနေပြီ . . . . ဒါ မဟုတ်သေးဘူး၊ ဒါ ပုံမှန်မဟုတ်ဘူး . . . .

သူဟာ မှတ်တမ်း ဒုတိယစာမျက်နှာကို လှန်လိုက်တယ်။ နောက်မှာ အများကြီးရှိသေးတာ တွေ့ရတယ်။ ၎င်းကို ဆုံးအောင် မဖတ်နိုင်ဘူးဆိုတာ သိလို့ စွန့်လွှတ်လိုက်တယ်။ သူဟာ လက်နှစ်ချောင်းကို ခေါင်းပေါ် မြှောက်ပြီး စိတ်သောကနဲ့ မိမိရုံးခန်းကို ကြည့်တယ်။ ဒီအခန်းဟာ အလွန်သားနားတဲ့ အခန်း ဖြစ်တယ်၊ လှပတဲ့ မာဘော်ကျောက် မီးလင်းဖိုဟာ ရှည်လျားတဲ့ ခေါင်းပြတင်းနဲ့ မျက်နှာချင်းဆိုင်မှာ ရှိတယ်။ ပြတင်းတွေ အလုံပိတ်ထားတယ်၊



ရာသီနဲ့ မလိုက်တဲ့ အပြင်က အေးစက်တဲ့ နှင်းလေကို ကာဆီးထားတယ်။ ဝန်ကြီးချုပ်ဟာ အေးလို့ ကြက်သီး နည်းနည်းထသွားတယ်။ မတ်တတ်ရပ်ပြီး ပြတင်းဆီ့ သွားတယ်။ အပြင်က ပြတင်းနဲ့ ကပ်နေတဲ့ နှင်းပါးပါးကို ကြည့်နေတယ်၊ သူဟာ အခန်းကို ကျောပေးပြီး ရပ်နေတဲ့အချိန်မှာ၊ သူ့ကျောဘက်က အသာလေး ချောင်းဆိုးလိုက်တဲ့အသံ ကြားရတယ်၊

သူ မာတောင့်သွားတယ်။ ရှေ့က မှန်နက်နက်ထဲမှာက မိမိရဲ့ ထိတ်လန့်တဲ့ မျက်နှာ။ အဲဒီချောင်းသံကို သူ ကျက်မိနေပြီ၊ သူ အရင်က ကြားခဲ့ဖူးတယ်။ သူဟာ ကိုယ်ကို အသာလေး လူမရှိတဲ့အခန်းဘက် လှည့်လိုက်တယ်။

"ဟဲလို ?" သူက ပြောတယ်။ မိမိအသံကို သတ္တိရှိအောင် ကြိုးစားထားတယ်။

အဲဒီအချိန်လေးမှာ သူဟာ မဖြစ်နိုင်မှန်း သိရက်နဲ့ သူ့ကို ထူးတဲ့လူ မရှိစေချင်ဘူး။ သို့ပေမယ့် အသံတစ်သံက ချက်ချင်း ထူးလိုက်တယ်၊ အဲဒီအသံဟာ ရှင်းလင်းတယ်၊ ပြတ်သားတယ်။ ပြင်ဆင်ထားတဲ့ မိန့်ခွန်းကို ဖတ်နေသလိုပဲ။ ပထမဆုံး ချောင်းသံကြားကတည်းက ဝန်ကြီးချုပ် သိပြီးသား။ ဒီအသံဟာ ငွေရောင်ဆံပင်အတူ ဆောင်းထားတဲ့၊ ဖားနဲ့တူတဲ့ ယောက်ျားငယ်ငယ်ဆီက။ ၎င်းဟာ အခန်းဟိုတစ်ဖက် နံရံထောင့်ထဲက ပေရေနေတဲ့ ဆီဆေး ပန်းချီကားထဲက လူရုပ်။

"မတ်ဂေါ် ဝန်ကြီးချုပ်သို့၊ အရေးတကြီး တွေ့ဆုံရန် တောင်းဆိုပါတယ်။ ချက်ချင်း အဖြေပေးပါ။ သစ္စာရှိတဲ့၊ ဖဒ်ဂ်" ဆီဆေးကားထဲက ယောက်ျားဟာ ဝန်ကြီးချုပ်ကို မေးတဲ့သဘောနဲ့ ကြည့်နေတယ်။

"အင်း" ဝန်ကြီးချုပ်က ပြောတယ်။ "နားထောင် . . . ဒီအချိန်ဟာ ကျုပ်အတွက် မသင့်တော်ဘူး . . . . ကျုပ် ဖုန်းတစ်ခု စောင့်နေတယ် . . . . သမ္မတတစ်ယောက်ဆီက —"

"အဲဒါ ပြန်စီစဉ်လို့ရတယ်" အရုပ်ကားက တွေးမနေဘဲ ပြောတယ်၊ ဝန်ကြီးချုပ် ရင်လေးကျသွားတယ်။ သူ စိုးရိမ်တာ ဒါပဲ။

"ဒါပေမယ့် ကျုပ် သူနဲ့ တကယ်ပဲ စကားပြောချင်တယ် —"

"ကျွန်တော်တို့ သမ္မတကို ဖုန်းဆက်ဖို့ မေ့နေအောင် လုပ်ထားမယ်။ သူ မနက်ဖြန်ညမှ ဖုန်းဆက်လိမ့်မယ်" ပုပုယောက်ျားက ပြောတယ်။ "မင်္ဂလာဖဒ်ဂ်ကို ချက်ချင်း အဖြေပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် . . . . ဒီ့ . . . . ကောင်းပြီ" ဝန်ကြီးချုပ်က မတတ်သာဘဲ ပြောတယ်။ "ရတယ်၊ ကျုပ် ဖဒ်ဂ်ကို တွေ့လိုက်မယ်"

သူဟာ ရုံးစားပွဲခုံဆီ အမြန်သွားတယ်၊ လည်စည်းကိုလည်း တည့်မတ်လိုက်တယ်။ သူ ထိုင်ပြီး မျက်နှာအမူအရာကိုလည်း သူ မျှော်လင့်သလို ပေါ့ပါး၊ တည်ငြိမ် ပြေပြစ်အောင် ထားပြီးရုံ ရှိသေးတယ်၊ မာဘော်မီးလင်းဖိုအောက်က ဘာမှမရှိတဲ့ မီးဖိုအကာနောက်က မီးဖိုထဲမှာ အစိမ်းတောက်တောက် မီးညွန့်ပေါ်လာတယ်။ ဝန်ကြီးချုပ်ဟာ ရင်ထဲက အံ့သြခြင်းနဲ့ ထိတ်လန့်ခြင်းကို ကြိုးစားဖုံးကွယ်ရင်း၊ လူဝကြီးတစ်ယောက် မီးညွန့်ထဲမှာ ဂျင်လို လည်နေတာကို ကြောင်ကြည့်နေတယ်။ စက္ကန့်အနည်းငယ်ကြာတော့ ဝတုတ်ကြီးဟာ မီးဖိုအကာကို ကျော်ပြီး ရှေးဆန်တဲ့ ကောင်းမွန်လှပတဲ့ ကော်ဇောပေါ် ရပ်နေတယ်။ လက်ထဲမှာ ဝါစိမ်းစိမ်း ထိပ်ဝိုင်းဦးထုပ်မြင့်မြင့်ကို ကိုင်ထားတယ်။ မိမိရဲ့ အစင်းစိပ်စိပ် ခြုံထည်လက်ပေါ်က ပြာတွေကို ခါချနေတယ်။

"အား . . . . ဝန်ကြီးချုပ်" ကွန်နယ်လစ်ဖဒ်ဂ်က ပြောတယ်။ ခြေလှမ်းကျဲကျဲနဲ့ လျှောက်လာပြီး လက်တစ်ဘက် ကမ်းပေးလိုက်တယ်။ "ခင်ဗျားနဲ့ တစ်ခါ ပြန်တွေ့ရတာ သိပ်ဝမ်းသာတယ်"

ဝန်ကြီးချုပ်ဟာ အဲဒီနှုတ်ခွန်းဆက်စကားကို တကယ်ပဲ မဖြေချင်ဘူး။ ဒါကြောင့် ဘာမှမပြောဘူး။ သူဟာ ဖဒ်ဂ်ကို နည်းနည်းမှ မတွေ့ချင်ဘူး။ ဖဒ်ဂ် အရင်က အကြိမ်အချို့လာတာ၊ လူကို သိပ်တုန်လှုပ်စေတဲ့အပြင်၊ အလွန်ဆိုးတဲ့သတင်းတွေ ကြားရဦးမယ်ဆိုတဲ့သဘော ရနေတယ်။ ပြီးတော့လည်း ဖဒ်ဂ် အခုလာတာ သိပ်စိုးရိမ်ကြောင့်ကြပုံရတယ်။ သူဟာ အရင်ကထက် ပိန်သွားတယ်။ မျက်နှာလည်း အရောင်မရှိဘူး၊ ထိပ်လည်း တအားပြောင်လာတယ်။ မျက်နှာတွေလည်း တွန့်ရှုံ့နေတယ်။ ဝန်ကြီးချုပ်ဟာ နိုင်ငံရေးသမားတွေ မျက်နှာပေါ်မှာ ဒီလိုပုံပန်းမျိုး မြင်တွေ့ခဲ့ဖူးတယ်။ ယေဘုယျအားဖြင့်တော့ ဒါသိပ်ကောင်းတဲ့ အရိပ်နိမိတ် မဟုတ်ဘူး။

"ကျွန်တော် ဘာကူညီရမလဲ" ဝန်ကြီးချုပ်က မေးတယ်။ ဖဒ်ဂ်လက်ကို ကမန်းကတန်း ဆွဲလိုက်တယ်။ သူ့ကို စားပွဲရှေ့က အမာဆုံး ထိုင်ခုံမှာ ထိုင်ဖို့ ပြတယ်။

"ဘယ်က စပြောရမှန်းတောင် မသိဘူး" ဖဒ်ဂ်က ဗလုံးဗထွေး ပြော



တယ်။ ခုံကို ဆွဲထိုင်လိုက်တယ်၊ ထိပ်ဝိုင်းဦးထုပ်မြင့်အစိမ်းကို ပေါင်ပေါ်တင်ထားတယ်၊ "ဒီအပတ် သိပ်ဆိုးတယ်၊ သိပ်ဆိုးတယ် . . . ."

"ခင်ဗျားလဲ ဒီအပတ် အဆင်မပြေဘူးလား" ဝန်ကြီးချုပ်က မျက်နှာထားတင်းတင်းနဲ့ မေးတယ်။ သူဟာ တစ်ဖက်သားကို မိမိမှာ ပူပင်စရာတွေ များလွန်းလို့ ဖဒ်ဂ်အပူကို မတူနိုင်တော့ဘူးဆိုတာ သိစေချင်တယ်။

"ဟုတ်တယ်လေ၊ ဒါပဲပေါ့" ဖဒ်ဂ်က ပြောရင်း ပင်ပန်းနွမ်းနယ်စွာနဲ့ မျက်လုံးတို့ ပွတ်လိုက်တယ်၊ သောကနဲ့ ဝန်ကြီးချုပ်ကို ကြည့်နေတယ်၊ "ဒီအပတ် ကျွန်တော် ခင်ဗျားအဖြစ်နဲ့ အတူတူပဲ၊ ဝန်ကြီးချုပ်၊ ဘရော့ခ်ဒေးတံတား . . . . ဘုံးစ်နဲ့ ဗန့် သတ်ခံရမှု . . . . အနောက်ဘက်က ဆူပူမှုကိုတော့ မပြောနဲ့တော့ . . . ."

"ခင်ဗျားတို့ —— အင်း —— ခင်ဗျားတို့ —— ကျုပ်ပြောတာက၊ ခင်ဗျားတို့လူတချို့က —— ဒီကိစ္စတွေနဲ့ ပတ်သက်နေတယ်၊ ဟုတ်လား"

ဖဒ်ဂ်က ဝန်ကြီးချုပ်ကို ပြင်းထန်စွာ ကြည့်နေတယ်၊ "ဒီလိုပဲပေါ့" သူက ပြောတယ်။ "ခင်ဗျား ဘယ်လိုဖြစ်တယ်ဆိုတာ နားလည်တာ သေချာလား"

"ကျုပ် . . . ." ဝန်ကြီးချုပ်က တွေဝေနေတယ်။

ဒီလိုအခြေအနေမျိုးကြောင့် သူဟာ ဖဒ်ဂ်လာတာ သိပ်မကြိုက်ဘူး။ သူဟာ ဘာပဲဖြစ်ဖြစ် ဝန်ကြီးချုပ်ပဲ၊ မိမိကို ဘာမှနားမလည်တဲ့ မူလတန်းကျောင်းသားလို မခံစားစေချင်ဘူး။ ဒါပေမယ့်၊ သူ ဝန်ကြီးချုပ်ဖြစ်တဲ့ညမှာ ဖဒ်ဂ်နဲ့ ပထမဆုံး တွေ့ကြပြီးနောက်၊ အခြေအနေက ဒီအတိုင်းပဲ။ ထိုစဉ်က အခြေအနေကို သူ ရှင်းလင်းစွာ မှတ်မိသေးတယ်၊ မနေ့ကမှ ဖြစ်ခဲ့သလိုပဲ၊ သူဟာ သေတဲ့ထိ အဲဒီဟာကို မေ့မှာမဟုတ်ဘူးလို့ သိတယ်။

ထိုစဉ်က သူဟာ ဒီရုံးခန်းထဲမှာ တစ်ယောက်တည်း ရပ်နေတယ်၊ နှစ်ပေါင်းများစွာ အိပ်မက်မက်ခဲ့ရ၊ သေချာကြံစည် လုပ်ဆောင်ရပြီးနောက် အောင်မြင်မှုရလိုက်တဲ့ ပျော်ရွှင်မှုကို စမြုံ့ပြန်နေတယ်၊ ရုတ်တရက်ကြီး ကျောဘက်ကနေ ချောင်းဆိုးသံတစ်သံ ကြားလိုက်ရတယ်၊ ဒီနေ့ညလိုပဲပေါ့၊ သူ လှည့်ကြည့်လိုက်တော့ အဲဟို အရုပ်ဆိုးတဲ့ လူရုပ်ပန်းချီကားက သူ့ကို စကားပြောနေတာ တွေ့ရတယ်။ မှော်ဝန်ကြီးဌာနဝန်ကြီး သူ့ကို လာတွေ့မယ့်အကြောင်း အကြောင်းကြားနေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သဘာဝအရ၊ သူဟာ ဒါ ရေရှည်ရွှေးကောက်ပွဲလှုပ်ရှားမှုနဲ့ ရွှေးကောက်ပွဲဖိအားကြောင့် သူ့အာရုံ ပုံမှန်မရှိတော့တာလို့ ထင်တယ်။ အရုပ်ကားတစ်ကားက သူနဲ့ စကားပြောတာ တွေ့ရတော့ သူ သိပ်တုန်လှုပ်သွားတယ်။ ဒါတင်မကသေးဘူး၊ နောက်တော့ မိမိကိုယ်မိမိ မှော်ဆရာလို့ ပြောတဲ့ လူဟာ မီးလင်းဖိုထဲက ခုန်ထွက်လာပြီး သူ့ကို လက်ဆွဲနှုတ်ဆက်တော့ သူမှာ လန့်လို့ ဘာလုပ်ရမှန်းမသိ ဖြစ်သွားတယ်။ သူ စကားတစ်ခွန်းမှ မပြောဘူး။ ဖဒ်ဂ်က ချစ်ကြည်စွာနဲ့ အခုခေတ်မှာလည်း မှော်ဆရာတွေ ဒီကမ္ဘာပေါ်မှာ တိတ်တိတ်ကလေး ကမ္ဘာအရပ်ရပ်မှာ နေနေကြောင်း ရှင်းပြတယ်။ ဒီကိစ္စတွေကို သူ စိတ်ပူစရာမလိုဘူးလို့လည်း နှစ်သိမ့်သေးတယ်။ အကြောင်းက မှော်ဝန်ကြီးဌာနဟာ မှော်လောကတစ်ခုလုံးကို အုပ်ချုပ်ဖို့ ဝတ္တရားရှိတယ်၊ မှော်ဆရာမဟုတ်တဲ့ လူအုပ်တွေ သူတို့ရှိတာ မသိစေရဘူး။ ဖဒ်ဂ်က ပြောတယ်၊ ဒါဟာ အလွန်ခက်ခဲတဲ့အလုပ်ကြီး၊ ဘာမဆို အကျုံးဝင်တယ်။ မိုးပျံတံမြက်စည်းကို သေချာတာဝန်ယူစိတ်နဲ့ အသုံးပြုဖို့ သတ်မှတ်တာကစ မီးနဂါးအားလုံးကို ချုပ်ကိုင်ခြင်းနဲ့ အုပ်ချုပ်ခြင်းအထိ (ဝန်ကြီးချုပ်ဟာ မိမိ ဒီအထိ ကြားရပြီးနောက်၊ လဲမကျအောင် စားပွဲကို တအားကိုင်ထားတာ သူ မှတ်မိနေတယ်) အကုန်ပါဝင်တယ်။ ဖဒ်ဂ် ပြောပြီးနောက်မှာ၊ ဖခင်တစ်ယောက်လို ငိုင်နေတဲ့ ဝန်ကြီးချုပ် ပခုံးကို ပုတ်လိုက်သေးတယ်။

"မစိုးရိမ်ပါနဲ့" သူက ပြောတယ်။ "ခင်ဗျား ကျုပ်ကို နောက်ထပ် တွေ့ရဖို့ သိပ်မရှိဘူး။ ကျုပ်တို့ဆီမှာ ကြီးလေးတဲ့ ပြဿနာပေါ်မှ၊ မတ်ဂေါ်ကို ထိခိုက်နိုင်မှ၊ ဆိုလိုတာက မှော်ဆရာမဟုတ်တဲ့ လူအုပ်ကို ထိခိုက်နိုင်မှ၊ ကျုပ် ခင်ဗျားကို လာအနှောင့်အယှက်ပေးမှာ။ ဒါ့အပြင်တော့ ခင်ဗျား သဘာဝအတိုင်းသာနေ။ ဟုတ်ပြီ၊ ကျုပ် တစ်ခွန်းပြောရဦးမယ်။ ခင်ဗျား ဒီကိစ္စကို လက်ခံတဲ့သဘောထားဟာ၊ ခင်ဗျားရှေ့ကလူထက် အများကြီးသာတယ်။ သူက ကျုပ်ဟာ သူ့ပြိုင်ဘက်က လွှတ်လိုက်တဲ့ လူလိမ်လို့ ထင်နေတာ၊ ကျုပ်ကို ပြတင်းပေါက်က ပစ်ချမလို့"

ဒီအချိန်ကျမှ ဝန်ကြီးချုပ်ဟာ စကားပြောခွင့်ရတော့တယ်။

"ဒါဆိုရင်၊ ခင်ဗျား — လူလိမ်မဟုတ်ဘူး ?"

ဒါဟာ သူ့မှာ ကျန်ရှိနေသေးတဲ့ ဝေဝါးတဲ့ မျှော်လင့်ချက်ပဲ။



"မဟုတ်ဘူး" ဖဒ်ဂ်က သိမ်မွေ့စွာ ပြောတယ်။ "ဝမ်းနည်းပါတယ်။ ကျုပ် မဟုတ်ပါဘူး၊ ကြည့်ပါ"

ပြောရင်း သူက မှော်ကြိမ်လုံးကို ယမ်းလိုက်တယ်။ ဝန်ကြီးချုပ်ရဲ့ လက်ဖက်ရည်ခွက်ဟာ ဂါဘီးကြွက် ဖြစ်သွားတယ်။

"ဒါပေမယ့်" ဝန်ကြီးချုပ်ဟာ သူ့လက်ဖက်ရည်ခွက်က နောက်တစ်ကြိမ်ပြောမယ့် သူ့မိန့်ခွန်းစာရွက်ကို ကိုက်နေတာ ကြည့်နေတယ်။ အသက်ရှူမဝဘဲ ပြောတယ်။ "ဒါပေမယ့်၊ ဘာဖြစ်လို့ — ကျုပ်ကို ဘာဖြစ်လို့ ပြောပြတဲ့လူ မရှိတာလဲ —"

"မှော်ဝန်ကြီးဟာ အုပ်ချုပ်တဲ့ မတ်ဂေါ်ဝန်ကြီးရှေ့မှာသာ မိမိ ဘာဆိုတာ ဖော်ပြတယ်" ဖဒ်ဂ်က ပြောတယ်။ မှော်ကြိမ်လုံးကို အကျႌထဲ ပြန်ထိုးထည့်တယ်။ "ဒါမှ မပေါ်မလွင်နေဖို့အတွက် ပိုအကျိုးရှိတယ်လို့ ကျုပ်တို့ ထင်တယ်"

"ဒါပေမယ့်" ဝန်ကြီးချုပ်က တုန်ယင်တဲ့အသံနဲ့ ပြောတယ်။ "ဘာဖြစ်လို့ ကျုပ်ရှေ့က ဝန်ကြီးချုပ် ကျုပ်ကို သတိမပေးတာလဲ —"

ဒီစကားကြားတော့၊ ဖဒ်ဂ်ဟာ အသံထွက်ရယ်တယ်။

"ကျွန်တော့်ချစ်လှစွာသော ဝန်ကြီးချုပ်၊ သင်ကော သူများကို ပြောမှာမို့လား"

ဖဒ်ဂ်ဟာ တခွပ်ခွပ်ရယ်ရင်း၊ မီးလင်းဖိုထဲကို အမှုန့်တချို့ ပစ်ထည့်တယ်။ ဒီနောက် အစိမ်းလွင်လွင် မီးညွန့်ထဲ ဝင်လိုက်ပြီး ဝူးခနဲ ပျောက်သွားတယ်။ ဝန်ကြီးချုပ်ဟာ မလှုပ်မယှက် နေရာတွင် ငိုင်နေတယ်။ သူ သိတယ်၊ သူသာ အသက်ရှင်နေသေးရင် ဘယ်သူ့ကိုမှ ဒီအကြောင်း ပြောဝံ့မှာ မဟုတ်ဘူး။ ဒီကမ္ဘာကြီးထဲမှာ ဘယ်သူက သူ့စကားကို ယုံမှာလဲ။

အတန်ကြာမှ၊ ၎င်းရဲ့ ထိတ်လန့်တဲ့စိတ်ဟာ တဖြည်းဖြည်း ငြိမ်သက်သွားတယ်။ သူဟာ အဲဒီ ဖဒ်ဂ်ဆိုတာ ထင်ယောင်မှားမှုတစ်ခုပဲ။ ရွှေးကောက်ပွဲလှုပ်ရှားမှုတွေကြောင့် သူ စိတ်ရောကိုယ်ပါ ပင်ပန်းလွန်းလို့၊ အိပ်ရေးမဝလို့သာ ဒီလို ထင်ယောင်မှားတဲ့စိတ်တွေ ဖြစ်တာလို့ မိမိကိုယ်မိမိ နားချဖို့ ကြိုးစားသေးတယ်။ အဲဒီ မပျော်ရွှင်တဲ့ တွေ့ဆုံခြင်းက ရုန်းထွက်ဖို့အတွက်၊ သူဟာ အဲဟို ဂါဘီးကြွက်ကို အားရဝမ်းသာဖြစ်နေတဲ့ တူမကို ပေးလိုက်တယ်။ မိမိရဲ့ ပုဂ္ဂလိကအတွင်းရေးမှူးကို ဖဒ်ဂ် လာမယ်လို့ အကြောင်းကြားတဲ့ အခုပ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



ငနဲ ရုပ်ပုံကားချပ်ကို ဖြုတ်ပစ်ဖို့ ပြောတယ်။ ဒါပေမယ့် သူ့ကို သိပ်စိတ်ပျက်စေတာက၊ အဲဒီအရုပ်ကားဟာ ဘယ်လိုမှ ဖြုတ်ပစ်လို့ မရတာပဲ။ သူတို့ဟာ လက်သမားတချို့နဲ့ တည်ဆောက်ရေးအလုပ်သမားနှစ်ယောက်၊ အနုပညာသမိုင်းပါရဂူတစ်ယောက်၊ ပြီးတော့ ဘဏ္ဍာရေးဝန်ကြီးပါ ခေါ်ပြီး ၎င်းကို နံရံပေါ်ကနေ ကော်ထုတ်ဖို့ လုပ်ပေမယ့် မအောင်မြင်ဘူး။ နောက်ဆုံးမှာ ဝန်ကြီးချုပ်ဟာ ထပ်မကြိုးစားတော့ဘူး။ သူ တာဝန်ယူနေစဉ် အဲဒီဟာကြီး ငြိမ်သက်စွာ တိတ်တိတ်နေစေချင်တာပဲ ရှိတော့တယ်။ တစ်ခါတလေ၊ သူဟာ မျက်စိအစွန်းကနေ အဲဒီအရုပ်ဟာ သမ်းနေတာ၊ နှာခေါင်းကော်နေတာ တွေ့ရတယ်။ တစ်ကြိမ်နှစ်ကြိမ်မှာ မှန်ဘောင်ထဲကတောင် ထွက်သွားတယ်။ မွဲပြာပြာကင်းဘတ်စပဲ ကျန်ရစ်ခဲ့တယ်။ ဒါပေမယ့်၊ ဝန်ကြီးချုပ်ဟာ အဲဒီပန်းချီကားကို မကြည့်မိဖို့ မိမိကိုယ်မိမိ လေ့ကျင့်ထားတယ်။ အဲဒီလို ထူးဆန်းတဲ့ အခြင်းအရာမျိုး တွေ့ရှိတိုင်း၊ မိမိမျက်လုံး ပြဿနာဖြစ်နေတာပါလို့ မိမိကိုယ်မိမိ ပြောတယ်။

နောက်တော့၊ လွန်ခဲ့တဲ့ သုံးနှစ်ကပဲပေါ့၊ ဒီနေ့လို ညမျိုးမှာ၊ ဝန်ကြီးချုပ်တစ်ယောက်တည်း ရုံးခန်းထဲမှာ ရှိနေစဉ်၊ အဲဒီပန်းချီကားက 'ဖဒ်ဂ် လာဦးမယ်' လို့ အကြောင်းကြားပြန်တယ်။ ဆက်လက်ပြီး ဖဒ်ဂ်ဟာ မီးဖိုထဲက ခုန်ထွက်လာတယ်။ တစ်ကိုယ်လုံး ကြွက်စုတ်လို စိုရွှဲနေတယ်။ ထိတ်ထိတ်ပျာပျာလည်း ဖြစ်နေတယ်။ ဝန်ကြီးချုပ်က သူ့ကို ဘာဖြစ်လို့ အခက်မင်စတာကော်ဇောပေါ် ရေတွေကျအောင် လုပ်တာလဲလို့ မမေးရသေးခင်မှာ၊ ဖဒ်ဂ်က တကြိုက်ကြိုက် စပြောပါလေရော။ သူပြောတာက ဝန်ကြီးချုပ် မကြားဖူးတဲ့ ထောင်၊ "ဆီးနိုးအက်စ်ကြယ်" ဘလက်လို့ ခေါ်တဲ့ ယောကျ်ားတစ်ယောက်၊ ဟော့ဂ်ဝပ်ဆို့ ကြားရတဲ့ အရာတစ်ခု၊ ပြီးတော့ ဟယ်ရီ-ပေါ်တာလို့ ခေါ်တဲ့ ကောင်လေးတစ်ယောက်။ ဝန်ကြီးချုပ်ဟာ နဝေတိမ်တောင်နဲ့ သူ ဘာပြောမှန်းကို မသိဘူး။

" . . . . ကျုပ် အက်ဇခါဘန်က ခုတွင် ပြန်လာတာ" ဖဒ်ဂ်ဟာ အသက်ပြင်းပြင်းရှူရင်း ထိပ်ဝိုင်း ဦးထုပ်မြင့်အနားပေါ် တင်နေတဲ့ ရေတစ်ပုံကြီးကို မိမိအိတ်ကပ်ထဲ သွန်ထည့်လိုက်တယ်။ "သင်သိလား၊ မြောက်ပင်လယ်အလယ်မှာ ဒီတစ်လမ်းလုံး သိပ်ဒုက္ခရောက်တာပဲ . . . . ဝိညာဉ်စုပ်ကောင်တွေ ဗုန်းတန်တယ် —" သူက ကြက်သီးထသွားတယ်။ " — သူတို့အရင်က ထောင်ဖောက်ပြေးတဲ့အမှု တစ်ခါမှ မဖြစ်ခဲ့ဘူး။ ဘာပဲဖြစ်ဖြစ်၊ ကျုပ် ခင်ဗျား



ဆီ တစ်ခါလာမှဖြစ်မယ်၊ ဝန်ကြီးချုပ်။ ဘလက်ဆိုတာ နာမည်ကြီး မတ်ဂေါ်ကို သတ်တဲ့လူ။ ဟိုလူ့အုပ်စုထဲ ဝင်ဖို့ အဖြစ်နိုင်ဆုံးလူ . . . . ဒါပေ့ါလေ၊ ခင်ဗျားဟာ ဟိုလူဆိုတာတောင် သိမှာမဟုတ်ဘူး" သူဟာ မတတ်သာဘဲ ဝန်ကြီးချုပ်ကို ခဏကြည့်နေတယ်၊ ပြီးတော့ ပြောတယ်။ "ကောင်းပြီ၊ ထိုင်ပါ၊ ထိုင်စမ်းပါ။ ကျုပ် ခင်ဗျားကို သေချာပြောပြမှ ဖြစ်မယ် . . . . ဝီစကီတစ်ခွက် သောက်ပါ . . . ."

ဒီဝန်ကြီးချုပ်ရုံးခန်းမှာ ဖြစ်ပြီး၊ လာသူက သူ့ကို ထိုင်ခိုင်းတယ်။ သူ့ကို ဝီစကီ သောက်ခိုင်းသေးတယ်။ ဝန်ကြီးချုပ်ဟာ အစက သိပ်ဒေါသထွက်နေတာ၊ ဒါပေမယ့် သူ ထိုင်လိုက်တယ်။ ဖဒ်ဂ်က မှော်ကြိမ်လုံး ဆွဲထုတ်ပြီး ဖန်ခွက်ကြီးနှစ်လုံး ဖန်ဆင်းလိုက်တယ်။ အထဲမှာ ပယင်းရောင်အရည်တွေနဲ့။ သူက တစ်ခွက်ကို ဝန်ကြီးချုပ်လက်ထဲ ထည့်ပြီး ထိုင်ခုံတစ်လုံး ဆွဲယူလိုက်တယ်။

ဖဒ်ဂ်ဟာ တစ်နာရီလောက် စကားပြောတယ်။ ပြောတာ တစ်နေရာရောက်တော့ သူဟာ နာမည်တစ်ခုကို အကျယ်ကြီးမပြောဘူး။ သိုးရေစက္ကူပေါ်ရေးပြီး ဝန်ကြီးချုပ်ရဲ့ ဝီစကီ ကိုင်မထားတဲ့လက်ထဲ ထိုးထည့်တယ်။ နောက်ဆုံး၊ ဖဒ်ဂ်က ပြန်ဖို့ ထလိုက်တယ်။ ဝန်ကြီးချုပ်လည်း မတ်တတ်ထလိုက်တယ်။

"ဒီလိုဆိုတော့၊ ခင်ဗျားက . . . . " သူဟာ ဘယ်လက်ထဲက နာမည်ကို ကြည့်လိုက်တယ်။ "ဗိုလဒီ —"

"နာမည်တောင် မခေါ်ဝံ့တဲ့သူ" ဖဒ်ဂ်က ဟိန်းဟောက်ပြောတယ်။

"ဝမ်းနည်းပါတယ် . . . . ခင်ဗျားက အဲဒီနာမည်တောင် မခေါ်ဝံ့တဲ့လူ အသက်ရှင်နေတယ်လို့ ထင်တယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ ဒမ်ဘာလီဒိုးက ဒီလိုပဲ ပြောတယ်" ဖဒ်ဂ်က အစင်းစိပ်စိပ်ခြုံထည်ကို မေးအောက်မှာ တင်းတင်းဆွဲစေ့တယ်။ "ဒါပေမယ့် ကျုပ်တို့ သူ့ကို ရှာလို့မတွေ့ဘူး။ ကျုပ်အမြင်ကတော့၊ သူဟာ အကူအညီရမှ အန္တရာယ်ဖြစ်လာမှာ။ ဒါကြောင့် ကျုပ်တို့စိုးရိမ်တာက ဘလက်။ ခင်ဗျား အဲဒီ သတိပေးချက်တို့ ကြော်ငြာမှာပေ့ါနော်။ သိပ်ကောင်းတယ်၊ ရှပြီ၊ ကျုပ်တို့ နောက်ထပ် မတွေ့ကြဖို့ မျှော်လင့်ပါတယ်။ ဝန်ကြီးချုပ်၊ မင်္ဂလာညပါ"

ဒါပေမယ့် သူတို့ နောက် တွေ့ကြပြန်တယ်။ တစ်နှစ်ကျော်တောင် မကြာသေးဘူး၊ အတွင်းဝန်အစည်းဝေးခန်းထဲမှာ စိတ်ရှုပ်ထွေးနေတဲ့ ဖဒ်ဂ်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ရုတ်တရက် ပေါ်လာတယ်။ ဝန်ကြီးချုပ်ကို ဒွေဒစ် (ကြားရတာ ဒီ စကားလုံးတွေလိုပဲ) ကမ္ဘာ့ဖလားပွဲမှာ ပြဿနာပေါ်တယ်၊ မတ်ဂေါ်တချို့ "ပတ်သက်" သွားတယ်လို့ ပြောပြတယ်။ ဒါပေမယ့် ဝန်ကြီးချုပ် စိတ်မပူပါနဲ့၊ ဟိုလူ့အမှတ်အသား ထွက်ပေါ်လာပေမယ့်၊ ဒါ ဘာလို့ ပြောမရဘူး။ ဖဒ်ဂ်က ဒါဟာ သီးသန့်အဖြစ်အပျက်လို့ ယုံကြည်တယ်။ ပြီးတော့ သူတို့ စကားပြော နေစဉ်မှာပဲ၊ မတ်ဂေါ်ဆက်သွယ်ရေးရုံးက မှတ်ဉာဏ်ပြုပြင်တဲ့အလုပ်နဲ့ အလုပ် ရှုပ်နေတယ်။

"အိုး၊ ကျုပ် မေ့တော့မလို့" ဖဒ်ဂ်က ပြောပြန်တယ်။ "ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲကျင်းပဖို့အတွက် ကျုပ်တို့ ပြည်ပကနေ မီးနဂါးသုံးကောင်နဲ့ စဖင်း၊ တစ်ကောင်သွင်းမယ်၊ ဒါက အစဉ်အလာပဲ။ ဒါပေမယ့် ထူးဆန်းသတ္တဝါ ချုပ်ထိန်းရေးဌာနခွဲက ကျုပ်ကို ပြောပြတယ်၊ သတ်မှတ်ချက်အရ၊ တကယ်လို့ ကျုပ်တို့ဟာ အလွန်အန္တရာယ်ရှိတဲ့အကောင်ကို ဒီနိုင်ငံထဲ သွင်းရင် ခင်ဗျားကို အကြောင်းကြားဖို့ လိုတယ်လို့ ပြောတယ်။

"ကျုပ် —— ဘာလဲ —— မီးနဂါး ?" ဝန်ကြီးချုပ်က အ,ထစ်အ,ထစ် နဲ့ မေးတယ်။

"ဟုတ်တယ်၊ သုံးကောင်" ဖဒ်ဂ်က ပြောတယ်။ "စဖင်းတစ်ကောင် လဲ ပါသေးတယ်။ ကောင်းပြီ၊ ကောင်းသောနေ့ပါ"

ဝန်ကြီးချုပ်ဟာ မီးနဂါးနဲ့ စဖင်းထက် ကြောက်စရာကောင်းတာ မလာပါစေနဲ့တော့လို့ ကံမိုပြီး ဆုတောင်းမိတယ်။ သို့ပေမယ့် သူ မှားသွားပြီ။ နှစ်နှစ်တောင် မကြာလိုက်ဘူး၊ ဖဒ်ဂ်ဟာ မီးထဲက ပေါ်လာပြန်တယ်။ ဒီတစ်ခါ ပါလာတဲ့ သတင်းက —— အက်ဇခါဘန်မှာ အုပ်လိုက် ထောင်ဖောက်ထွက် ပြေးမှု ဖြစ်တယ်။

"အုပ်လိုက် ထောင်ဖောက်တယ် ?" ဝန်ကြီးချုပ်က အသံအက်အက် နဲ့ ထပ်ပြောတယ်။

"မစိုးရိမ်နဲ့၊ မစိုးရိမ်နဲ့" ဖဒ်ဂ်က အကျယ်ကြီးပြောတယ်။ ခြေတစ် ချောင်းဟာ မီးထဲ လှမ်းနေပြီ။ "ကျုပ်တို့ မကြာခင်မှာပဲ ၎င်းတို့ကို တစ်ပြုံလုံး ဖမ်းမိမှာ —— ခင်ဗျားကို အသိပေးဖို့ လိုတယ်လို့ ထင်လို့ပါ"

ဝန်ကြီးချုပ်က "ခဏနေပါဦးလို့" မအော်ရသေးခင်မှာ ဖဒ်ဂ်ဟာ အစိမ်းရောင်မီးခိုးတွေကြားမှာ ပျောက်ကွယ်သွားပြီ။



မီဒီယာနဲ့ အတိုက်အခံက ဘယ်လိုပဲပြောပြော၊ ဝန်ကြီးချုပ်ဟာ လူအ, မဟုတ်ဘူး။ သူတို့ ပထမအကြိမ် တွေ့ကြကတည်းက ဖဒ်ဂ်ဟာ ရင်ဘတ်ပုတ်ပြီး ကတိပြုပေမယ့်၊ စင်စစ်မှာ၊ သူတို့ဟာ အခု မကြာမကြာ တွေ့နေကြတယ်။ တွေ့တိုင်း တွေ့တိုင်းမှာ ဖဒ်ဂ်ဟာ စိတ်တည်ငြိမ်မှု မရှိ သလိုပဲ။ ဝန်ကြီးချုပ်ဟာ အဲဒီမှော်ဝန်ကြီးဌာန ဝန်ကြီးကို သိပ်မတွေးချင်ဘူး (သူဟာ စိတ်ထဲမှာ ဖဒ်ဂ်ကို တခြားဝန်ကြီးတစ်ယောက်လို့ ခေါ်တယ်)။ ဒါပေ မယ့် သူဟာ ဖဒ်ဂ် နောက်တစ်ကြိမ်ပေါ်လာရင် ဒီထက်ဆိုးတဲ့သတင်းပါလာမှာ စိုးရိမ်တယ်။ ဒါကြောင့်၊ ဖဒ်ဂ် မီးထဲက ကျော်ထွက်လာတာ မြင်ရတော့၊ ဒါဟာ ကံဆိုးတဲ့ ရက်သတ္တပတ်အတွင်း ဖြစ်ပွားတဲ့ အဆိုးဆုံးကိစ္စလို့ သူ ထင်တယ်။ ဖဒ်ဂ်ဟာ အဝတ်အစား မသပ်မရပ်၊ အာရုံတွေပြားပြီး စိတ်တိုနေတယ်။ ပြီးတော့ သူ ဘာကြောင့်လာရတယ်ဆိုတာ ဝန်ကြီးချုပ်က မသိတဲ့အတွက် စိတ်ဆိုးတယ်၊ အံ့လည်း အံ့ဩတယ်။

"ကျုပ် ဘယ်လိုလုပ်သိမှာလဲ —— အင်း —— မှော်လောကမှာဖြစ်တဲ့ ကိစ္စကို ?" ဝန်ကြီးချုပ်က အခု မာကျောစွာ ပြောတယ်။ "ကျုပ် နိုင်ငံတစ်ခု ကို အုပ်ချုပ်ရတယ်။ အခု စိတ်ပူရမယ့်ကိစ္စတွေ များလှပြီ ——"

"ကျုပ်တို့ ပူပန်ရတာ အတူတူပဲ" ဖဒ်ဂ်က သူ့စကားကို ဖြတ်ပြော တယ်။ "ဘရော့ခ်ဒေးတံတားဟာ ဟောင်းလွန်းလို့ ပျက်စီးတာ မဟုတ်ဘူး။ အဲဒီလေဟာလဲ လေမုန်တိုင်း မဟုတ်ဘူး။ ဟိုလူသတ်မှုတွေဟာလဲ မတ်ဂေါ် တွေ လုပ်တာ မဟုတ်ဘူး။ ပြီးတော့၊ ဟားဘတ်-ချိုလေး သွားတော့ သူ့မိသားစု ပိုလုံခြုံသွားတယ်။ ကျုပ်တို့ အခု သူ့ကို စိန့်မန်ဂိုးဆေးရုံမှာ ထားဖို့ စီစဉ်နေ တယ်။ ဒီညပဲ အားလုံးပြီးလိမ့်မယ်"

"ခင်ဗျားတို့ ဘယ်လို . . . . ကျုပ်ကတော့ . . . . ဘာလဲ ?" ဝန်ကြီး ချုပ်က စိတ်လှုပ်ရှားစွာ ဟိန်းဟောက်တယ်။

ဖဒ်ဂ်က အသက်ပြင်းပြင်း ရှုလိုက်ပြီး ပြောတယ်၊ "ဝန်ကြီးချုပ် ကျုပ် အလွန်ဝမ်းနည်းစွာနဲ့ ပြောပြရမှာကတော့၊ သူ ပြန်လာပြီ။ နာမည်တောင် မခေါ်ဝံ့သူ ပြန်လာပြီ"

"ပြန်လာပြီ ? ခင်ဗျားက သူ 'ပြန်လာပြီ' ပြောတယ် . . . . သူ အသက်ရှင်နေသေးတယ် ? ကျုပ် ဆိုလိုတာက ——"

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးချုပ်ဟာ လွန်ခဲ့တဲ့သုံးနှစ်က ကြောက်စရာစကားပြောချက်ကို ပြန်ကြိုးစား စဉ်းစားနေတယ်။ ထိုစဉ်က ဖဒ်ဂ်ဟာ သူ့ကို အဲဟို လူတကာကို ကြောက်စေတဲ့ မှော်ဆရာအကြောင်း ပြောတယ်။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က ထောင်ချီတဲ့ ကြောက်စရာပြစ်မှု ကျူးလွန်ပြီးနောက် ထူးဆန်းစွာ ပျောက်သွားတဲ့ မှော်ဆရာ။

"ဟုတ်တယ်၊ အသက်ရှင်နေသေးတယ်" ဖဒ်ဂ်က ပြောတယ်။ "ရှင်နေတယ်လို့ ဆိုရမယ် —— ကျုပ်လဲ မရှင်းဘူး —— သတ်လို့မရတဲ့လူ ရှင်နေတယ်လို့ပဲ ပြောရမလား။ ကျုပ် ဘယ်လိုဆိုတာ မရှင်းဘူး။ ဒမ်ဘလီဒိုးကလဲ သေချာရှင်းမပြချင်ဘူး —— ဒါပေမယ့် ဘာပဲဖြစ်ဖြစ်၊ သူ့မှာ ကိုယ်ခန္ဓာတစ်ခု ရှိနေပြီ၊ လမ်းလျှောက်လို့ရတယ်၊ စကားပြောလို့ရတယ်၊ လူသတ်လို့ရတယ်။ ဒါကြောင့် ကျုပ်တို့ပြောနေတဲ့ အကြောင်းအရာအရ၊ သူဟာ တကယ်ပဲ အသက်ရှင်နေသေးတယ်လို့ ကျုပ်ထင်တယ်"

ဝန်ကြီးချုပ်ဟာ ဒီစကားကြားပြီးနောက် ဘာပြောရမှန်းမသိ ဖြစ်သွားတယ်။ ဒါပေမယ့် သူ့မှာ စွဲမြဲတဲ့အကျင့်တစ်ခု ရှိတယ်။ ဘာအကြောင်းအရာ ပြောပြော၊ သူဟာ မသိတာမရှိဘူးလို့ ဖော်ပြ တတ်တယ်။ ဒါကြောင့် သူဟာ မှတ်ဉာဏ်ထဲမှာ သူတို့ ရှေ့ကစကားပြောခဲ့တဲ့ အကြောင်းအရာကို သေချာ ရှာဖွေနေတယ်။

"ဆီးရီးအက်စ်ကြယ်-ဘလက်နဲ့ —— အင်း —— နာမည်တောင် မခေါ်ဝံ့တဲ့လူ အတူရှိနေသလား"

"ဘလက် ? ဘလက် ?" ဖဒ်ဂ်က စိတ်ရှုပ်စွာ ပြောရင်း လက်ချောင်းနဲ့ မိမိဦးထုပ်ကို အလျင်အမြန် လှည့်နေတယ်။ "ခင်ဗျားက ဆီးရီးအက်စ်ကြယ်-ဘလက်ကို ပြောတာလား။ ဘုရား၊ ဘုရား။ ဟင့်အင်း။ ဘလက် သေပြီ။ နောက်မှ တွေ့ရှိတာက၊ ကျုပ်တို့ —— အင်း —— ကျုပ်တို့ ဘလက်ကိစ္စမှာ မှားသွားတယ်။ သူဟာ အပြစ်ကင်းမဲ့တာ ဖြစ်နေတယ်။ အဲဟို နာမည်တောင် မခေါ်ဝံ့တဲ့လူနဲ့လဲ ဘာမှမပတ်သက်ဘူး။ ကျုပ်ပြောတာက" သူက ဆက်ပြီး ရှင်းပြန်တယ်။ ထိပ်ဝိုင်းဦးထုပ်မြင့်ဟာ သူ့လက်ထဲမှာ ပိုမြန်မြန်လည်ပတ်နေတယ်။ "ရှိသမျှအထောက်အထားတွေက —— မျက်မြင်သက်သေ ငါးဆယ်ကျော် ရှိတယ် —— ဒါပေမယ့်၊ အင်း၊ ကျုပ် ခုနက ပြောသလိုပဲ၊ သူ သေသွားပြီ။



စင်စစ် အသတ်ခံရတာ။ မှော်ဝန်ကြီးဌာန ရုံးတက်တဲ့နေရာမှာ။ ဒီအမှု ပြန်စစ်ဆေးရဦးမယ် . . . ."

ဒီနားရောက်တော့၊ ဝန်ကြီးချုပ်ဟာ ဖဒ်ဂ်ကို သနားသွားတယ်။ ဒါကြောင့် မိမိကိုယ်မိမိ အံ့ဩမိတယ်။ ဒါပေမယ့် သူ့စာနာမှုဟာ ချက်ချင်း ပျောက်သွားတယ်။ မိမိဟာသာ ကျေနပ်တဲ့စိတ်က ချက်ချင်း အစားထိုးလိုက်တယ်။ သူက တွေးတယ်။ သူဟာ မီးလင်းဖိုထဲကနေ ပေါ်လာတဲ့ပညာ မရှိပေမယ့်၊ သူ အုပ်ချုပ်တဲ့အစိုးရဌာနထဲမှာတော့၊ ဘယ်တုန်းကမှ လူသေမှု မဖြစ်ပွားခဲ့ဘူး . . . . အနည်းဆုံး ခုထိ မဖြစ်သေးဘူး . . . .

ဝန်ကြီးချုပ်ဟာ သစ်သားစားပွဲကို တိတ်တိတ်ခေါက်လိုက်တယ်။ ဖဒ်ဂ်က ဆက်ပြောတယ်။ "ဒါပေမယ့် ဘလက်ကိစ္စက လွန်သွားပြီ။ လက်ရှိပြဿနာက၊ ကျုပ်တို့စစ်ပွဲထဲ ကျရောက်နေတာပဲ။ ဝန်ကြီးချုပ်၊ တစ်ခုခုလုပ်မှ ဖြစ်မယ်"

"စစ်ပွဲထဲမှာ ?" ဝန်ကြီးချုပ်က ပူပင်စွာ လိုက်ပြောတယ်။ "နည်းနည်းတော့ ချဲ့ကားပုံရတယ်ထင်တယ်"

"အဲဟိုနာမည်တောင် မခေါ်ဝံ့တဲ့လူရဲ့ နောက်လိုက်တွေဟာ ဇန်နဝါရီလက အက်ဇခါဘန်ကနေ ထောင်ဖောက်ထွက်ပြေးသွားပြီးနောက်၊ သူ့ဆီ ရောက်သွားကြတယ်" ဖဒ်ဂ်က စကားပြောတာ ကြာလေ မြန်လေပဲ။ ထိပ်ဝိုင်းဦးထုပ်မြင့်ဟာ မွှတ်နေအောင် လည်နေရင်း ဝေဝါးတဲ့ စိမ်းဝါရောင် ဖြစ်သွားတယ်။ "သူတို့ ပြောင်ထွက်လာပြီးကတည်းက၊ ဖျက်ဆီးမှုတွေ မနည်းဖြစ်သွားပြီ။ ဘရော့ခ်ဒေးလ်တား —— အဲဒါကို သူ ဖြိုပစ်တာ။ ဝန်ကြီးချုပ်၊ သူက ကျုပ် သူ့ဘက်ရပ်မှ၊ နို့မို့ရင် အုပ်နဲ့ချီ သတ်မယ်လို့ ခြိမ်းခြောက်တယ် ——"

"ဘုရား၊ ဘုရား။ အဲဒီလူတွေ အသတ်ခံရတာ လက်စသတ်တော့ ခင်ဗျားပြဿနာကိုး။ ကျုပ်မှာတော့ တပ်ဆင်တာတွေ သံချေးတက်လို့၊ ဆန့်ကျင့်ဆက်တွေ ဆွေးနေလို့ စတဲ့ ဘာမှန်းမသိတဲ့ မေးခွန်းတွေကို ဖြေနေရတယ်" ဝန်ကြီးချုပ်က ဒေါသနဲ့ ပြောတယ်။

"ကျုပ်ပြဿနာ" ဖဒ်ဂ်မျက်နှာကြီး နီသွားပြီး ပြောတယ်။ "ခင်ဗျားက၊ ခင်ဗျား အဲဒီလို ခြိမ်းခြောက်တာကို အညံ့ခံမယ်လို့ ပြောတာလား"

"ခံချင်မှ ခံမှာ" ဝန်ကြီးချုပ်က ပြောရင်း မတ်တတ်ရပ်လိုက်တယ်။ ခြေလှမ်းကျဲကျဲနဲ့ အခန်းထဲမှာ ဟိုဒီလျှောက်နေတယ်။ "ဒါပေမယ့်၊ ကျုပ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို ခြိမ်းခြောက်တဲ့လူကို နည်းမျိုးစုံနဲ့ရအောင် ဖမ်းမှာ။ သူ ဒီလိုရက်စက်တဲ့ ပြစ်မှု ကျူးလွန်မခံဘူး"

"ကျုပ် အမျိုးမျိုးကြိုးစားတာ မရှိဘူးလို့ ခင်ဗျား ထင်သလား" ဖဒ်ဂ်က စိတ်လှုပ်ရှားစွာ မေးတယ်။ "မှော်ဝန်ကြီးဌာနက အောရာတိုင်းဟာ သူ့ကို နည်းအမျိုးမျိုးနဲ့ လိုက်ရှာနေတယ်။ သူ့နောက်လိုက်တွေကို ဝိုင်းဖမ်းတယ်။ ဒီနေ့ထိပဲ။ ဒါပေမယ့် ကျုပ်တို့ အခု ဆွေးနွေးနေတာဟာ သမိုင်းမှာ အလွန်စွမ်းတဲ့ မှော်ဆရာတစ်ယောက်။ လွန်ခဲ့တဲ့ ဆယ်စုနှစ် သုံးခုလုံးလုံး သူဟာ အဖမ်းမခံရဘဲ လွတ်နေတယ်"

"ဆက်ပြီး၊ အနောက်ဘက်က လေမုန်တိုင်းဟာလဲ သူ ဖန်တီးတာလို့ ခင်ဗျား ကျုပ်ကို ပြောဦးမယ် ထင်တယ်" ဝန်ကြီးချုပ်က မေးတယ်။ သူဟာ တစ်လှမ်းလျှောက်လိုက်တိုင်း ရင်ထဲက ဒေါသမီးက ပိုပိုတောက်လာတယ်။ သူဟာ အဲဒီကြောက်စရာဒုက္ခအားလုံးရဲ့ အကြောင်းရင်းကို မြင်ရပြီး အများပြည်သူကို ပြောပြလို့ မရဘူး။ ဒါဟာ သိပ်ကို ဒေါသထွက်စရာပဲ၊ အစိုးရအမှားဖြစ်ခဲ့ရင် တော်သေးတယ်။

"ဘာလေမုန်တိုင်းမှ မရှိဘူး" ဖဒ်ဂ်က စိတ်ညစ်စွာ ပြောတယ်။

"ခင်ဗျား ဘာပြောတယ် ?" ဝန်ကြီးချုပ်က ဟောက်တယ်။ သူဟာ မအောင့်နိုင်ဘဲ ခြေဆောင့်နေပြီ။ "သစ်ပင်ကြီးတွေ အမြစ်က လန်သွားတယ်။ အိမ်ခေါင်မိုးတွေ လန်ကုန်တယ်။ လမ်းပြဆိုင်းဘုတ်တွေ ကွေးကုန်တယ်။ လူတွေ အများကြီး သေကျေအနာတရ ဖြစ်တယ် ——"

"ဒါတွေအားလုံး ဒက်အီတာတွေ လုပ်တာ" ဖဒ်ဂ်က ပြောတယ်။ "နာမည်တောင် မခေါ်ဝံ့တဲ့သူရဲ့ နောက်လိုက်တွေပဲ။ ဒီပြင် . . . . ကျုပ်တို့ ဧရာမလူသားတွေလဲ ပါတယ်လို့ သံသယဖြစ်တယ်"

ဝန်ကြီးချုပ်ဟာ ဆတ်ခနဲ ရပ်လိုက်တယ်။ မမြင်ရတဲ့ နံရံတစ်ခုနဲ့ ဝင်တိုက်သလိုပဲ။

"ဘာတွေလဲ ပါတယ် ?"

ဖဒ်ဂ်က မတတ်သာတဲ့အမူအရာ ပြတယ်။ "အရင်တစ်ခါ သူ ဧရာမလူသားကို အသုံးချခဲ့တယ်။ အရှိန်အဟုန်ကြီးအောင် လုပ်ချင်တာ။ အခု သတင်းမှား ရုံးကလူတွေ အချိန်ပို အလုပ်ဆင်းနေရတယ်။ ကျုပ်တို့ လူအသုတ်လိုက်တွေ လွှတ်ပြီး မျက်မြင်တွေ့ရှိတဲ့ မတ်ဂေါ်တွေကို မှတ်ဉာဏ်ဖျက်သိမ်း၊



ပြုပြင်တာတွေ လုပ်ရတယ်။ ထူးဆန်းသတ္တဝါ ခန့်ခွဲချုပ်ကိုင်တဲ့ဌာနခွဲက လုပ်သားအားလုံး စမ်းမားစက် သွားအလုပ်လုပ်ရတယ်။ သူတို့ဟာ အဲဒီမှာ နေရာတကာ လိုက်ရှာပေမယ့် ဧရာမလူသားကို ရှာလို့မတွေ့ဘူး —— တကယ့်ကပ်ဆိုက်တာပဲ"

"ဒါ မဖြစ်နိုင်ဘူး" ဝန်ကြီးချုပ်က စိတ်ဆိုးဆိုးနဲ့ ပြောတယ်။

"ကျုပ် မငြင်းပါဘူး။ ဌာနထဲမှာ အခု လူတွေ ချောက်ချားပြီး စိတ်ဓာတ်ကျနေတယ်" ဖဒ်ဂ်က ပြောတယ်။ "ဒါတင်မကသေးဘူး၊ နောက်တော့၊ အမီလီယာ-ဘုံးစ် ပျောက်သွားတယ်"

"ဘယ်သူ ပျောက်သွားတယ် ?"

"အမီလီယာ-ဘုံးစ်။ မှော်တရားဥပဒေစိုးမိုးရေးဌာနခွဲမှူး။ နာမည်တောင် မခေါ်ဝံ့တဲ့လူက သူမကို ကိုယ်တိုင်သတ်လိုက်တယ်လို့ ကျုပ်တို့ ထင်တယ်။ အကြောင်းက သူမဟာ အလွန်ပါရမီနဲ့ ပြည့်ဝတဲ့ မှော်ဆရာမမို့ပဲ —— ပြီးတော့ သူမဟာ အစွမ်းကုန် ခုခံခဲ့တယ်ဆိုတာ အထောက်အထားအားလုံးက ဖော်ပြနေတယ်"

ဖဒ်ဂ်က လည်ချောင်းရှင်းလိုက်တယ်။ ဒီနောက် အလွန်ကြိုးစားပြီးမှ မိမိရဲ့ ထိပ်ဝိုင်းဦးထုပ်ကို လှည့်တာ ရပ်လိုက်တယ်။

"ဒါပေမယ့် သတင်းစာထဲမှ အဲဒီလူသတ်မှုကို ဖော်ပြထားတယ်" ဝန်ကြီးချုပ်ဟာ မိမိဒေါသကို ယာယီမေ့သွားတယ်။ သူက ပြောတယ်။ "ကျုပ်တို့ သတင်းစာ။ အမီလီယာ-ဘုံးစ် . . . . သူမဟာ လူလွတ်အမျိုးသမီးလို့ ပြောတယ်၊ ဒါဟာ —— ဒါဟာ ဆိုးရွားတဲ့ လူသတ်မှုတစ်မှုလို့ ပြောတယ်။ ဟုတ်လား။ ဒီကိစ္စ လူအများ သိကုန်ပြီ။ ရဲကလဲ ဘယ်လိုကိုင်ရမှန်း မသိဘူး"

ဖဒ်ဂ်က သက်ပြင်းချလိုက်တယ်။ "အိုး၊ သူတို့ ဒီအတိုင်းဖြစ်မှာ။ သူမဟာ အတွင်းက သော့ခတ်ထားတဲ့ အခန်းထဲမှာ အသတ်ခံရတာ၊ ဟုတ်လား ? ကျုပ်တို့ကတော့ ဘယ်သူဆိုတာ ရှင်းတယ်။ ဒါပေမယ့် ဒါဟာ ကျုပ်တို့ အဲဒီလူကို ဖမ်းမိဖို့ ဘာမှ အထောက်အကူ မရဘူး။ ပြီးတော့ အမီလင်း-ဗန့်စ် ရှိသေးတယ်၊ ဒီကိစ္စ ခင်ဗျား ကြားချင်မှ ကြားမယ် ——"

"ကျုပ် ကြားပါတယ်" ဝန်ကြီးချုပ်က ပြောတယ်။ "စင်စစ်မှာ၊ အဲဒီကိစ္စဟာ ဒီကနဲ့ သိပ်မဝေးတဲ့ ချောင်းတစ်ခုထဲမှာ ဖြစ်တာ။ သတင်းစာက

www.burmeseclassic.com



ဒါကို တအားချဲ့ကားရေးတယ်။ ဝန်ကြီးချုပ်ရဲ့ နောက်ဖေးခြံထဲမှာ တရားဥပဒေကို မထိမဲ့မြင် လုပ်တယ်တဲ့ —"

"ဒါတွေ သိပ်မဆိုးသေးသလိုပဲ" ဖဒ်ဂ်ဟာ ဝန်ကြီးချုပ်ပြောတာ နားမထောင်သလောက်ပဲ။ မိမိဖာသာ ပြောနေတယ်။ "အခု ဝိဉာဉ်စုပ်ကောင်တွေ နေရာတကာမှာ ရှိတယ်။ အချိန်မရွေး လူတွေကို တိုက်ခိုက်တယ် . . . ."

အရင်က မပူမပင်ရတဲ့ နေ့ရက်တွေမှာဆိုရင်၊ ဝန်ကြီးချုပ်ဟာ ဒီစကားကို နားမလည်နိုင်သလိုဖြစ်မှာ။ ဒါပေမယ့် အခုတော့ သူ ကိစ္စအများအပြားကို သိနေပြီ။

"ကျုပ် မှတ်မိတာက၊ ဝိဉာဉ်စုပ်ကောင်ဆိုတာ အက်ဇခါဘန် ထောင်သားတွေကို စောင့်တဲ့ဟာ ?" သူက သတိနဲ့ မေးတယ်။

"အရင်က ဒီအတိုင်းပဲ" ဖဒ်ဂ်က ပင်ပန်းစွာ ပြောတယ်။ "အခု မဟုတ်တော့ဘူး။ သူတို့ ထောင်မှာမရှိတော့ဘူး။ နာမည်တောင် မခေါ်ဝံ့တဲ့ လူကို သြဇာခံသွားပြီ။ ဒါဟာ ကပ်ဆိုက်တာပဲလို့ ကျုပ် ဝန်ခံရမယ်"

"ဒါပေမယ့်" ဝန်ကြီးချုပ်က ပြောတယ်။ သူ့ရင်ထဲမှာ ကြောက်စိတ်ဖြစ်လာတယ်။ "ခင်ဗျား ကျုပ်ကို ပြောပြဖူးတယ် မဟုတ်လား။ အဲဒီသတ္တဝါတွေဟာ လူတွေရဲ့ မျှော်လင့်ချက်နဲ့ ပျော်ရွှင်မှုကိုချည်း လိုက်စုပ်ယူနေတာဆို"

"မှန်တယ်။ ပြီးတော့ ၎င်းတို့ဟာ အဆက်မပြတ် ပွားများလာပြီး ဒီလိုရှုပ်ထွေးမှုတွေ ဖြစ်လာတာ"

ဝန်ကြီးချုပ် ဒူးပျော့သွားပြီး အနီးဆုံး ထိုင်ခုံတစ်လုံးထဲ လဲကျသွားတယ်၊ အဲဒီ ရုပ်မရှိတဲ့ သတ္တဝါတွေ မြို့ရွာ၊ တောမှာ ပျံသန်းသွားလာနေပြီး မိမိရဲ့ မဲဆန္ဒရှင်တွေထဲမှ စိတ်ပျက် မျှော်လင့်ချက်မဲ့တဲ့ စိတ်ဓာတ်ဖြစ်အောင် လုပ်နေတာကို တွေးမိတာနဲ့၊ မိမိ မေ့လဲတော့မယ်လို့ သူ ခံစားရတယ်။

"ကျုပ်ပြောတာ နားထောင်၊ ဖဒ်ဂ် — ခင်ဗျား တစ်ခုခုလုပ်မှ ဖြစ်မယ်။ ဒါဟာ မှော်ဝန်ကြီးဌာန ဝန်ကြီးဖြစ်တဲ့ ခင်ဗျားတာဝန်ဝတ္တရားပဲ"

"ကျုပ်ရဲ့ ချစ်လှစွာသော ဝန်ကြီးချုပ်ခင်ဗျား။ ဒီလိုကိစ္စ အများအပြားဖြစ်တဲ့အတွက်၊ ကျုပ် မှော်ဝန်ကြီးဌာန ဝန်ကြီး ဆက်လုပ်လို့ ရဦးမယ်လို့ ခင်ဗျား ထင်သလား။ ကျုပ် လွန်ခဲ့တဲ့ သုံးရက်ကတည်းက ရာထူးပြုတ်သွားပြီ။ မှော်လောကတစ်ခုလုံးဟာ ဒီနှစ်ပတ်အတွင်းမှာ ကျုပ်ကို နုတ်ထွက်ဖို့ ဆူညံစွာ တောင်းဆိုနေကြတယ်။ ကျုပ် ဝန်ကြီးလုပ်တဲ့နှစ်ပေါင်းများစွာထဲမှာ သူတို့



ဒီလောက် တညီတညွတ်တည်းရှိတာ မမြင်ဖူးသေးဘူး" ဖဒ်ဂ်က ပြောရင်း၊ မရယ်ချင်ဘဲ ရယ်ပြလိုက်တယ်။

ဝန်ကြီးချုပ်ဟာ ခဏတာ စကားပြောမထွက် ဖြစ်သွားတယ်။ မိမိဟာ ဒီလိုအခြေအနေမျိုး ရောက်ရတဲ့အတွက် ဒေါသထွက်မိတယ်။ တစ်ချိန်တည်းမှာ သူ့ရှေ့မှာ ထိုင်နေတဲ့ ကျုံ့သွားသလိုရှိတဲ့ ယောကျ်ားကို သနားစာနာမိတယ်။

"သိပ်ဝမ်းနည်းပါတယ်" နောက်ဆုံးမှာ သူက ပြောတယ်။ "ကျုပ် ခင်ဗျားကို ဘာကူညီရမလဲ"

"ခင်ဗျားစေတနာကို ကျေးဇူးတင်ပါတယ်၊ ဝန်ကြီးချုပ်။ ဒါပေမယ့် ဘာမှမရှိတော့ပါဘူး။ ကျုပ်ကို ဒီည ခင်ဗျားဆီ နောက်ဆုံးအခြေအနေ လာပြောခိုင်းတာ။ ခင်ဗျားကိုလဲ ကျုပ်ကို ဆက်ခံသူနဲ့ မိတ်ဆက်ပေးရမယ်။ သူ အခု ရောက်သင့်ပြီလို့ ကျုပ် ထင်နေတာ။ အမှန်ပါပဲ၊ အခု ပြဿနာတွေ အများကြီးဖြစ်ပြီး သူလဲ မအားရဘူး"

ဖဒ်ဂ်က လှည့်ပြီး အရုပ်ကားထဲက ငွေရောင်ဆံပင်တု အလိပ်အခွေ ရှည်ရှည်နဲ့ အရုပ်ဆိုးတဲ့ ယောကျ်ားကို ကြည့်လိုက်တယ်။ သူဟာ ငှက်မွေး တလောင်ထိပ်နဲ့ နားကော်နေတယ်။

အရုပ်ကားထဲက ယောကျ်ားဟာ ဖဒ်ဂ် သူ့ကြည့်နေတာမြင်တော့ ပြောတယ်။ "သူ အခု ရောက်မယ်၊ သူ ဒမ်ဘလီဒိုးဆီ စာရေးနေတယ်။ ခု ရေးပြီးတော့မှာ"

"သူ့ကို ကံကောင်းစေဖို့ ကျုပ် ဆုတောင်းတယ်" ဖဒ်ဂ်က ပြောတယ်။ အသံက ပထမဆုံးအကြိမ် အနည်းငယ် ခါးသီးနေတယ်။ "လွန်ခဲ့တဲ့ နှစ်ပတ်မှာ ကျုပ် နေ့တိုင်း ဒမ်ဘလီဒိုးကို စာနှစ်စောင် ရေးပေးတယ်။ ဒါပေမယ့် သူဟာ ဘယ်လိုမှ သဘောထားမပြောင်းလဲနိုင်ဘူး။ သူကသာ အဲဒီကောင်လေးကို နားချဖို့ သဘောတူရင်၊ ကျုပ် ခုလဲပဲ . . . .အင်း၊ စခရင်းမ်ဂျဲ ကျုပ်ထက် အဆင်ပြေချင်ပြေမှာ"

ဖဒ်ဂ်ဟာ မတရားခံရတဲ့ပုံစံနဲ့ ငြိမ်သွားတယ်။ ဒါပေမယ့် အရုပ်ကားထဲက ယောကျ်ားဟာ သူ့ငြိမ်သက်မှုကို ချက်ချင်း ဖြိုခွဲလိုက်တယ်။ ရှင်းလင်းတဲ့ အရာရှိလေသံနဲ့ ရုတ်တရက် စကားစပြောတယ်။

"မတ်ဂေါ် ဝန်ကြီးချုပ်သို့၊ တွေ့ဆုံခွင့်တောင်းခံပါသည်၊ အရေး

www.burmeseclassic.com

www.burmeseclassic.com



တကြီး လိုအပ်ပါ၍ ချက်ချင်း အကြောင်းပြန်ပါရန်။ ရှူးဖူးစ်-စခရင်းမ်ဂျဲ၊ မှော်ဝန်ကြီးဌာန ဝန်ကြီး"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကောင်းတယ်" ဝန်ကြီးချုပ်က စိတ်ကုန်ခန်းစွာ ပြောတယ်။ မီးဖိုထဲက မီးညွန့်ဟာ အစိမ်းရောင် ဖြစ်သွားပြန်တယ်။ မီးတောက်ထဲမှာ မွှတ်နေအောင် လည်နေတဲ့ ဒုတိယမှော်ဆရာတစ်ယောက် ပေါ်လာပြန်တယ်။ သူဟာ ခဏလည်ပတ်နေပြီး၊ ရှေးဆန်တဲ့ ကော်ဇောပေါ် လျှောက်လာတယ်။ ဝန်ကြီးချုပ်က ဒီအခြေအနေကို ကြည့်ပြီး ကြောက်ရွံ့ပုံ ဖော်မပြဘူး။ ဖဒ်ဂ် မတ်တတ်ရပ်လိုက်တယ်။ ဝန်ကြီးချုပ်ဟာ တွေဝေနေပြီး လိုက်ထတယ်၊ ဝင်လာတဲ့လူသစ် ကိုယ်ကို ဆန့်လိုက်ပြီး၊ အနက်ရောင်ဝတ်ရုံပေါ်က ပြာကို တောက်ပစ်ပြီး ဝဲယာ ကြည့်နေတာကို စိုက်ကြည့်နေတယ်။

ဝန်ကြီးချုပ်ဟာ ရုတ်တရက် ထူးဆန်းအံ့သြဖွယ် အတွေးတစ်ခု ဖြစ်လာတယ်။ ရှူးဖူးစ်-စခရင်းမ်ဂျဲဟာ ခြင်္သေ့အိုကြီးနဲ့ တူတယ်လို့ ထင်တယ်။ ရင်းရဲ့လက်ဖက်ခြောက်ညိုရောင် ဆံပင်နဲ့ ထူထဲတဲ့ မျက်ခုံးမွေးထဲမှာ မီးခိုးရောင်ကြောင်ကျားနေတယ်။ ရွှေကိုင်းမျက်မှန်နောက်မှာက စူးရှတဲ့ မျက်လုံးဝါဝါ။ ခြေနည်းနည်းထော့နေပေမယ့် လမ်းလျှောက်တဲ့အခါမှာ ဖျတ်လတ်သွက်လက်တဲ့ဟန် ရှိတယ်။ သူဟာ ပါးနပ်ပြီး မာကျောခိုင်ခံ့တဲ့လူဆိုတဲ့ ခံစားချက် ချက်ချင်းပေးတယ်။ မှော်လောကဟာ ခုလိုအန္တရာယ်ကျရောက်မယ့်ကာလမှာ သူတို့ ခေါင်းဆောင်လုပ်ဖို့ ဖဒ်ဂ် မဟုတ်ဘဲ စခရင်းမ်ဂျဲကို လိုလားတာ ဝန်ကြီးဟာ သူ သိပ်နားလည်နိုင်တယ်လို့ ထင်တယ်။

"နေကောင်းတယ်နော်" ဝန်ကြီးချုပ်က ယဉ်ယဉ်ကျေးကျေး ပြောပြီး သူ့ဆီ လက်ကမ်းပေးတယ်။

စခရင်းမ်ဂျဲက ဝန်ကြီးချုပ်လက်ကို ဖြစ်သလို ဆွဲလိုက်ပြီး အခန်းထဲ ဟိုကြည့်ဒီကြည့် ကြည့်တယ်။ ဒီနောက် ဝတ်ရုံထဲကနေ မှော်ကြိမ်လုံးတစ်လုံး ဆွဲထုတ်လိုက်တယ်။

"ဖဒ်ဂ်က ကိစ္စတွေ ခင်ဗျား ပြောပြပြီးပြီလား" သူက မေးရင်း တံခါးဝဆီ ခြေလှမ်းကျဲကျဲ လျှောက်သွားတယ်။ မှော်ကြိမ်လုံးနဲ့ သော့ပေါက်ကို ခေါက်လိုက်တယ်၊ ဝန်ကြီးချုပ်က သော့ ဂလက်ခနဲ မြည်သွားတာ ကြားလိုက်တယ်။

"အင်း — ဒီလိုပါ" ဝန်ကြီးချုပ်က ပြောတယ်။ "ခင်ဗျား လက်ခံမယ်ဆိုရင်၊ ကျွန်တော် တံခါး သော့မခတ်စေချင်ဘူး"



"ကျွန်တော့်အတွက် အနှောင့်အယှက် မရှိချင်ဘူး" စခရင်းမ်ဂျဲက စိတ်မရှည်ဘဲ ပြောတယ်။ "ဒါမှမဟုတ် စောင့်ကြည့်မခံချင်ဘူး" သူက တစ်ခွန်းဖြည့်ပြောတယ်။ တစ်ချိန်တည်း မှော်ကြိမ်လုံးနဲ့ ပြတင်းကို ညွှန်လိုက်တယ်။ ပြတင်းလိုက်ကာ ချပြီးသားဖြစ်သွားတယ်။ "ကောင်းပြီ၊ ကျုပ်က အလုပ်များတဲ့လူ၊ ကျုပ်တို့ကိစ္စကို တန်းပြောရအောင်။ အရင်ဆုံး၊ ခင်ဗျားရဲ့ လုံခြုံရေးကိစ္စ ဆွေးနွေးရအောင်"

ဝန်ကြီးချုပ်ဟာ ကိုယ်ကို မတ်နိုင်သလောက် မတ်မတ်ထားတယ်။ သူက ပြောတယ်။ "လက်ရှိလုံခြုံရေးအခြေအနေကို ကျုပ် အပြည့်အဝ ကျေနပ်တယ်။ အလွန်ကျေးဇူးတင် — "

"ဒါပေမယ့်၊ ကျုပ်တို့ မကျေနပ်ဘူး" စခရင်းမ်ဂျဲက စကားကို ဖြတ်ပြောတယ်။ "တကယ်လို့ ဝန်ကြီးချုပ် ဝိညာဉ်လုကျိန်စာသင့်သွားရင်၊ မတ်ဂေါ်တွေ ဒုက္ခရောက်မှာ။ ခင်ဗျား ရုံးခန်းအပြင်ခန်းက အတွင်းရေးမှူးသစ် —"

"ကျုပ် ကင်းစလေး-ရှက်ခဘော့ကို နှင်ထုတ်မှာ မဟုတ်ဘူး။ တကယ်လို့ ခင်ဗျားပေးတဲ့အကြံက ဒါဆိုရင်" ဝန်ကြီးချုပ်က စိတ်လှုပ်ရှားစွာ ပြောတယ်။ "သူ အလုပ်အကျိုးသက်ရောက်မှု သိပ်ကောင်းတယ်။ သူ့အလုပ်ဟာ တျန်လူတွေရဲ့ နှစ်ဆ — "

"အဲဒါ သူဟာ မှော်ဆရာဖြစ်လို့" စခရင်းမ်ဂျဲက ပြောတယ်။ မျက်နှာပေါ်မှာ ပြုံးရိပ်လုံးဝမရှိဘူး။ "အကျအန လေ့ကျင့်ထားတဲ့ အော်ရာ။ ခင်ဗျားကို ကာကွယ်ပေးဖို့ ချထားပေးတာ"

"အခု၊ ခဏနေပါဦး" ဝန်ကြီးချုပ်က အော်တယ်။ "ခင်ဗျားက ခင်ဗျားလူတွေကို ကျုပ်ရုံးခန်းမှာ ထားချင်သလိုထားလို့ မရဘူး။ ကျုပ်ကို ဘယ်သူ အလုပ်လုပ်ပေးရမယ်ဆိုတာ ကျုပ် ဆုံးဖြတ်မယ် — "

"ခင်ဗျား ရှက်ခဘော့ကို အလွန်ကျေနပ်တယ် မဟုတ်လား" စခရင်းမ်ဂျဲက အေးစက်စက် ပြောတယ်။

"ဟုတ်တယ် — ကျုပ်ပြောတာက၊ အရင်က ဟုတ်တယ် —"

"ဒါဆို ဘာပြဿနာမှ မရှိတော့ဘူး၊ ဟုတ်လား ?" စခရင်းမ်ဂျဲက မေးတယ်။

"ကျုပ် . . . . ဟုတ်တယ်။ ရှက်ခဘော့ အလုပ်လုပ်တာ ဒီလိုပဲ

www.burmeseclassic.com



. . . . အင်း . . . . သိပ်ထူးချွန်တယ်" ဝန်ကြီးချုပ်က အားအင်ချည့်နဲ့စွာ ပြောတယ်။ ဒါပေမယ့် စခရင်းမ်ဂျဲက လုံးဝမကြားဘူး။

"ပြီးတော့ ဟားဘတ်-ချီလေးနဲ့ ပတ်သက်ပြီး —— ခင်ဗျားရဲ့ ဝန်ကြီး လက်ထောက်" သူက ဆက်ပြောတယ်။ "အဲဟိုဘဲကို တုပြလို့ လူအများ ပျော်ရတဲ့လူ"

"သူ ဘာဖြစ်လဲ" ဝန်ကြီးချုပ်က မေးတယ်။

"ဒါဟာ သိပ်မပီပြင်တဲ့ ဝိညာဉ်လုကျိန်စာ ထိပြီးနောက် ဖော်ပြချက်ပဲ" စခရင်းမ်ဂျဲက ပြောတယ်။ "သူ ခေါင်းချောင်သွားတယ်၊ ဒါပေမယ့် သူ့မှာ အန္တရာယ်ရှိတာတော့ မပစ်ပယ်ဘူး"

"သူဟာ ဘဲအော်သလို အော်ပြတာပဲ ရှိတာ" ဝန်ကြီးချုပ်က ချည့်နဲ့စွာ ရှင်းပြတယ်။ "မျှားမျှားနား . . . . အရက်လျှော့သောက် . . . . ဒါဆို ပျောက်ဖို့ . . . ."

"ကျုပ်တို့ စကားပြောနေတဲ့အချိန်မှာပဲ၊ စိန့်မန်ဂိုးဆေးရုံက ဆေးအဖွဲ့တစ်ဖွဲ့ဟာ သူ့ကို ဆေးစစ်နေတယ်။ ခုထိ သူဟာ ငှင်းတို့ထဲက သုံးယောက်ကို ညှစ်သတ်ဖို့ ကြိုးစားပြီးပြီ" စခရင်းမ်ဂျဲက ပြောတယ်။ "ကျုပ်တို့ သူ့ကို မတ်ဂေါ်လူ့အဖွဲ့အစည်းထဲက ယာယီ ပဲထုတ်လိုက်ရင် ကောင်းမယ်လို့ ထင်တယ်"

"ကျုပ် . . . . ဒါဆို . . . . သူ ကောင်းလာမှာလား" ဝန်ကြီးချုပ်က စိုးရိမ်စွာ မေးတယ်။ စခရင်းမ်ဂျဲဟာ ပခုံးပဲ တွန့်ပြလိုက်တယ်။ လှည့်ပြီး မီးလင်းဖိုဆီ သွားနေပြီ။

"ကောင်းပြီ၊ ကျုပ်ပြောချင်တာ ဒါလောက်ပဲ။ အခြေအနေ ဖြစ်ပေါ်တိုးပွားမှုကို ခင်ဗျားကို ကျုပ် အချိန်မီ ပြောပြမယ်၊ ဝန်ကြီးချုပ် —— ဒါမှ မဟုတ်ရင်၊ ကျုပ်လဲ သိပ်အလုပ်များပြီး ကိုယ်တိုင် မလာနိုင်တာလဲ ဖြစ်မယ်။ ဒါဆို ဖဒ်ဂ်ကို ဒီလာဖို့ လွှတ်လိုက်မယ်။ သူဟာ အကြံပေးအနေနဲ့ ဆက်လုပ်ဖို့ သဘောတူထားပြီ"

ဖဒ်ဂ်က အပြုံးတစ်ခု ညှစ်ထုတ်ချင်တယ်။ ဒါပေမယ့် မအောင်မြင်ဘူး။ သူ့ပုံပန်းက သွားနာနေတဲ့ပုံ ပေါက်နေတယ်။ စခရင်းမ်ဂျဲဟာ မီးကို အစိမ်းရောင် ဖြစ်စေတဲ့ ဆန်းကြယ်တဲ့အမှုန့်ကို အိတ်ကပ်ထဲ နှိုက်ရှာနေပြီ။ ဝန်ကြီးချုပ်ဟာ မျှော်လင့်ချက် မထားဘဲ သူတို့နှစ်ယောက်ကို ခဏကြည့်နေတယ်။ ဒီနောက်၊ သူ တစ်ညလုံး မျိုသိပ်ထားတဲ့ စကားတစ်ခွန်း ပွင့်ထွက်သွားတယ်။



"ဒါပေမယ့် ဘုရားသိကြားမစလို့ —— ခင်ဗျားတို့က မှော်ဆရာ၊ ခင်ဗျားတို့ မှော်ပညာ သုံးတတ်တယ်။ ခင်ဗျားတို့ မုချဖြေရှင်းနိုင်မှာ —— ဟုတ်တယ် —— ဘယ်ပြဿနာမဆို ဖြေရှင်းနိုင်မှာ"

စခရင်းမ်ဂျဲဟာ နေရာတွင် ဖြည်းဖြည်းလှည့်လာပြီး ဖဒ်ဂ်နဲ့ မယုံနိုင်တဲ့ အကြည့်ချင်း ဖလှယ်လိုက်တယ်။ ဒီတစ်ခါတော့ ဖဒ်ဂ်အပြုံး ပေါ်လာပြီး စိတ်အေးချမ်းသာနဲ့ ပြောတယ်။ "ပြဿနာက၊ တစ်ဖက်ကလဲ မှော်ပညာတတ်တယ်လေ၊ ဝန်ကြီးချုပ်"

ပြောပြီးတာနဲ့ မှော်ဆရာနှစ်ယောက် အစိမ်းရောင် မီးညွန့်ထဲ ရှေ့စဉ်နောက်ဆက် ဝင်သွားပြီး၊ ပျောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ ပင့်ကူအစွန်ဆုံးလမ်း

မိုင်အများကြီး ဟိုဘက်မှာ၊ ဝန်ကြီးပြတင်းအပြင်မှာ ရွေ့လျားနေတဲ့ နှင်းငွေ့တွေဟာ၊ အခု ညစ်ပတ်တဲ့ ချောင်းတစ်ခုအပေါ်မှာ လွင့်နေတယ်။ အဲဒီချောင်းဟာ တွေ့ကောက်ကာ ချောင်းဘေးမှာ မြက်ရိုင်းတွေ ပေါက်ပြီး အမှိုက်ပုံတွေနဲ့။ ရောမခေါင်တိုင်ကြီးတစ်ခု၊ အဲဒါ စွန့်ပစ်ကြိတ်စက်က ကျန်ခဲ့တဲ့အရာ။ မြင့်မား ကြောက်စရာကောင်းပြီး နိမိတ်မကောင်းတဲ့ပုံ ပေါက်နေတယ်။ ဘေးဘီမှာ ဘာသံမှ မရှိဘူး။ မည်းပုပ်ပုပ်ချောင်းရေရဲ့ တိုးတိုးသံပဲ ရှိတယ်။ အသက်ရှိတဲ့ လက္ခဏာလည်း မတွေ့ရဘူး။ ပိန်ကပ်ကပ် မြေခွေး တစ်ကောင်သာ ချောင်းကမ်းက တိတ်တခိုး ဆင်းသွားပြီး နက်ရှိုင်းတဲ့ မြက်ရိုင်း တောထဲမှာ မျှော်လင့်ခြင်းကြီးစွာနဲ့ ငါးကြော်နဲ့ အာလူးကြော်ထုပ် စက္ကူတွေကို နမ်းနေတယ်။

ဒီအချိန်မှာ၊ ဘုတ်ခနဲ အသာမြည်သံနဲ့အတူ ချောင်းဘေးမှာ ခေါင်း စွပ်ဦးထုပ် ဆောင်းထားတဲ့ သေးသွယ်သွယ်ကိုယ်ရိပ်တစ်ခု ပေါ်လာတယ်။ မြေခွေး လန့်ပြီး ငိုင်သွားတယ်။ သတိရှိတဲ့ မျက်လုံးအစုံဟာ နောက်မှ ပေါ်



လာတဲ့ ထူးဆန်းတဲ့ ကိုယ်ရိပ်ကို စိုက်ကြည့်နေတယ်။ အဲဒီကိုယ်ရိပ်ဟာ မိမိ ရောက်နေတဲ့ နေရာအနေအထားကို ရှင်းအောင်ကြည့်နေသလိုပဲ။ ခဏနေ တော့မှ ပေ့ါပါးသွက်လက်တဲ့ခြေလှမ်းနဲ့ ရှေ့ကို လျှောက်သွားတယ်။ ရှည်လျား တဲ့ ခြုံထည်ဟာ မြက်ခင်းကို တရှပ်ရှပ်ခတ်သွားတယ်။

တစ်ခါ ဘုတ်ခနဲ အသံထွက်လာပြန်တယ်။ ခုနကထက် ပိုကျယ် တယ်။ ခေါင်းစွပ်ဦးထုပ်ဆောင်းတဲ့ ကိုယ်ရိပ်တစ်ခု ပေါ်လာပြန်တယ်။

"ခဏစောင့်"

မြေခွေးဟာ အခုချုံပုတ်နိမ့်နိမ့်ထဲမှာ ဝပ်နေသလောက် ဖြစ်နေပြီ။ အဲဒီအသံအက်အက်နဲ့ အော်ပြောတာကြားတော့ ပိုပြီးကြောက်နေတယ်။ ၎င်းဟာ ဝှးခနဲ ပုန်းနေရာက ပြေးထွက်ပြီး ကုန်းပေါ် ပြေးတက်တယ်။ အစိမ်း ရောင် လက်သွားတယ်၊ စူးရှစွာ အော်သံပေါ်လာတယ်။ မြေခွေး မြေကြီးပေါ် လဲကျပြီး သေသွားတယ်။

ဒုတိယလူရိပ်ဟာ ခြေထောက်နဲ့ မြေခွေးကို ကန်လိုက်ပြီး ၎င်းကို လှန်လိုက်တယ်။

"မြေခွေးတစ်ကောင်ပဲကိုး" ခေါင်းစွပ်ဦးထုပ်အောက်က မိန်းမတစ် ယောက်ရဲ့ အထင်သေးတဲ့အသံ ပေါ်ထွက်လာတယ်။ "ငါက အော်ရာ ထင် နေတာ —— ဆစ်စီ၊ ခဏစောင့်"

ဒါပေမယ့်၊ သူမ လိုက်နေတဲ့ လူရိပ်ဟာ ခုနက ခဏလေးရပ်ကာ အလင်းရောင်လက်တာ ကြည့်လိုက်ပြီး အခု မြေခွေးလိမ့်ကျလာတဲ့ ချောင်းကမ်း ပေါ် တက်သွားနေတယ်။

"ဆစ်စီ —— နာဆစ်ဆာ —— ငါ ပြောတာ နားထောင် —— "

ဒုတိယမိန်းမဟာ ပထမမိန်းမကို မီသွားတယ်။ သူမလက်မောင်းကို ဆွဲခဲ့တယ်၊ ဒါပေမယ့် သူမက ရုန်းထွက်သွားတယ်။

"ပြန်၊ ဘဲလာ"

"နင် ငါပြောတာ နားထောင်ဦး"

"ငါ နားထောင်ပြီးပြီ၊ ငါ ဆုံးဖြတ်ပြီးပြီ၊ နင် လာမပါနဲ့"

အဲဒီ နာဆစ်ဆာလို့ခေါ်တဲ့ မိန်းမဟာ ချောင်းကမ်းပေါ် ရောက်လာ တယ်။ ညည်းမှိုးဟောင်းတစ်ခုဟာ ချောင်းနဲ့ ကျဉ်းမြောင်းတဲ့ ကော[illegible]စလစ်ခဲ ယမ်းတာလေးကို ခွဲခြားထားတယ်။ ကျန်မိန်းမ ဘဲလာဟာ ချက်ချင်း လိုက်လာ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူမတို့ဟာ ယှဉ်ပြီး ရပ်ကာ လမ်းကလေးဟိုဘက်က အုတ်ခဲအိမ်ဟောင်းအတန်းတွေကို ကြည့်နေတယ်။ အိမ်ပေါ်က ပြတင်းဟာ ညအမှောင်ထဲမှာ ပိုပြီးမည်းမှောင်နေတယ်၊ အသက်ရှိပုံ မရဘူး။

"သူ ဒီမှာနေတယ် ?" ဘဲလာက အထင်သေးတဲ့လေသံနဲ့ မေးတယ်။ "ဒီမှာ ? ဒီမတ်ဂေါ်ရဲ့ အမှိုက်ပုံထဲမှာ ? ငါတို့လူတွေ အရင်က မလာဖူးတာ သေချာတယ် —"

ဒါပေမယ့် နာဆစ်ဆာက နားမထောင်ဘူး။ သူမဟာ သံချေးတက်နေတဲ့ စည်းရိုးအပေါက်တစ်ခုက ဝင်သွားပြီး လမ်းကလေးကို အမြန်ဖြတ်သွားတယ်။

"ဆစ်စီ၊ ခဏစောင့်"

ဘဲလာက လိုက်သွားတယ်။ သူမခြုံထည်ဟာ နောက်ဘက်မှာ လွင့်ခါနေတယ်။ သူမဟာ နာဆစ်ဆာ အိမ်တွေကြားကလမ်းကလေးကို အလျင်အမြန်ဖြတ်သွားပြီး တခြားတစ်ပုံစံတည်းလောက်တူတဲ့ လမ်းထဲ ချိုးဝင်သွားတာတွေ့ရတယ်။ လမ်းမီးတချို့ ပျက်နေပြီ။ ပြေးလွှားနေတဲ့ မိန်းမနှစ်ယောက်ဟာ မီးရောင်အောက်ရောက်လိုက် အမှောင်ထဲ ကျသွားလိုက် ဖြစ်နေတယ်။ ရှေ့က ဟိုမိန်းမဟာ နောက်လမ်းတစ်လမ်းက တွေ့ကို ချိုးသွားတယ်။ နောက်က မိန်းမ သူမကို မီသွားတယ်။ ဒီတစ်ခါတော့ သူမလက်မောင်းကို ဖမ်းဆွဲနိုင်လိုက်တယ်။ သူမကို ဆွဲလှည့်ပြီး နှစ်ယောက်သား မျက်နှာချင်းဆိုင် ရပ်သွားတယ်။

"ဆစ်စီ၊ နင် ဒီလိုလုပ်လို့ လုံးဝမဖြစ်ဘူး။ နင် သူ့ကို ယုံလို့မဖြစ်ဘူး —"

"မှော်နက်သခင်ကြီးကတောင် သူ့ကို ယုံတယ်မဟုတ်လား"

"မှော်နက်သခင်ကြီးက . . . . ငါ ယုံတယ် . . . . မှားနေလို့ဖြစ်မှာ" ဘဲလာက မောမောနဲ့ပြောတယ်။ သူမဟာ ဝဲယာကို လူ ရှိ မရှိ ကြည့်လိုက်တယ်၊ မျက်လုံးနှစ်လုံးဟာ ခေါင်းစွပ်ဦးထုပ်အောက်မှာ လက်နေတယ်။ "ဘယ်လိုပဲဖြစ်ဖြစ်၊ ငါတို့စီမံကိန်းကို ဘယ်သူ့မှ ပြောလို့မဖြစ်ဘူး။ အဲဒါ မှော်နက်သခင်ကြီးကို သစ္စာဖောက်တာပဲ —"

"ငါ့ကို လွှတ်၊ ဘဲလာ" နာဆစ်ဆာက ဟောက်တယ်။ ခြုံထည်ထဲကနေ မှော်ကြိမ်လုံး ဆွဲထုတ်တယ်။ ခြိမ်းခြောက်သလို တစ်ဖက်သားရှေ့မှာ မြှောက်ထားတယ်။ ဘဲလာက ရယ်လိုက်တယ်။



"ဆစ်စီ၊ နင့်အစ်မအရင်းလေ၊ နင်မျှား —"

"အခု ငါ မလုပ်ဝံ့တာ မရှိဘူး" နာဆစ်ဆာက အသံနိမ့်နိမ့်ပြောတယ်။ လေသံက အရူးအမူးဖြစ်နေတယ်။ သူမဟာ မှော်ကြိမ်လုံးကို ဓားလို အောက်သို့ ခုတ်ချလိုက်တယ်၊ အလင်းရောင်လက်သွားတယ်။ ဘဲလာဟာ မီးပူထိသွားသလို ချက်ချင်း ညီမလေးရဲ့လက်မောင်းကို လွှတ်လိုက်တယ်။

"နာဆစ်ဆာ !"

ဒါပေမယ့် နာဆစ်ဆာဟာ ရှေ့သို့ ပြေးသွားပြီ။ ဘဲလာဟာ လက်ကို ပွတ်သပ်ပြီး ထပ်လိုက်သွားဘယ်။ အခု သူမ နာဆစ်ဆာနဲ့ အကွာအဝေး တစ်ခု ခြားပြီး လိုက်ဂယ်။ နှစ်ယောက်သား ဒီအတိုင်းပဲ ဝက်ပါနဲ့တူတဲ့ အုတ်ခဲအိမ်ဟောင်းများရဲ့ နက်ရှိုင်းတဲ့နေရာကို ဝင်သွားတယ်။ နောက်ဆုံးမှာ နာဆစ်ဆာဟာ ပင့်ကူအစွန်ဆုံးလမ်းလို့ခေါ်တဲ့ လမ်းထဲ ဝင်သွားတယ်။ အဲဟို ကြိတ်စက်ရဲ့ မြင့်မားတဲ့ ခေါင်တိုင်ဟာ မိုးပေါ်မှာ ရှိနေတယ်။ သတိပေးနေတဲ့ လက်ချောင်းကြီးတစ်ချောင်းလိုပဲ။ သူမဟာ သစ်သားနဲ့ ရိုက်ထားတဲ့ ဟောင်းစုတ်တဲ့ ပြတင်းပေါက်တွေကို ဖြတ်သွားတယ်။ ကျောက်စလစ်ခဲပေါ် နင်းသွားတဲ့ ခြေလှမ်းတွေဟာ ပဲ့တင်သံ ထွက်နေတယ်။ သူမဟာ နောက်ဆုံးအိမ်တစ်လုံး ရှေ့ ရောက်လာတယ်။ အခန်းတစ်ခန်းရှိ ပြတင်းလိုက်ကာကြားကနေ မီးရောင် မှိန်မှိန် ထွက်ပေါ်နေတယ်။

ဘဲလာ ရေရွတ်ရင်း လိုက်လာတော့ သူမဟာ တံခါးခေါက်ပြီးနေပြီ။ သူတို့ တံခါးရှေ့မှာ အတူရပ်ပြီး စောင့်နေတယ်။ အသက်ရှူ အနည်းငယ် မြန်နေတယ်၊ ညလေနဲ့ ပါလာတဲ့ အဲ့ဟိုရေညစ်ချောင်းနံ့ကို ရှူရှိုက်နေတယ်။ စက္ကန့်အနည်းငယ်ကြာတော့ တံခါးနောက်မှာ လှုသံကြားရတယ်။ ဆက်ပြီး တံခါးနည်းနည်းဟသွားတယ်၊ ယောကျ်ားတစ်ယောက်က သူမတို့ကို ကြည့်နေတယ်၊ မည်းနက်နက် ဆံပင်ရှည်ဟာ လိုက်ကာလို ဘေးနှစ်ဘက်မှာ ကျနေတယ်၊ အလယ်မှာက ဝါမွဲမွဲမျက်နှာနဲ့ မည်းနက်တဲ့မျက်လုံးအစုံ။

နာဆစ်ဆာက ခေါင်းစွပ်ဦးထုပ်ကို နောက်ဆွဲချလိုက်တယ်၊ သူမ မျက်နှာ အလွန်ဖြူရော်နေတယ်၊ ညအမှောင်ထဲမှာ အဖြူရောင် လက်နေသလိုပဲ၊ ရွှေရောင်ဆံပင်ရှည်ရှည်ဟာ ကျောပေါ် ကျနေတယ်။ သူမကို ကြည့်ရတာ ရေနစ်သေတဲ့လူနဲ့ တူနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"နာဆစ်ဆာ" ယောကျ်ားက ပြောရင်း တံခါးကို ပိုကျယ်ကျယ် ဟလိုက်တယ်။ မီးရောင်ဟာ သူမပေါ် ကျရောက်တဲ့အပြင် သူမအစ်မပေါ်လည်း ကျရောက်လာတယ်။ "အံ့ဩဝမ်းသာပါပဲဗျာ"

"ဆီးဗရတ်စ်" နာဆစ်ဆာက စိတ်လှုပ်ရှားစွာ တိုးတိုးပြောတယ်။ "ကျွန်မ ရှင်နဲ့ စကားပြောလို့ရမလား။ ကိစ္စအလွန်အရေးကြီးနေတယ်"

"ရပါတယ်"

သူက နောက်တစ်လှမ်းဆုတ်ပြီး သူမကို အိမ်ထဲ ဝင်စေတယ်။ အဖိတ်ခေါ်မခံရပေမယ့် သူမရဲ့ ခေါင်းစွပ်ဦးထုပ် ဆောင်းထားတဲ့ အစ်မလည်း လိုက်ဝင်လိုက်တယ်။

"စနိတ်ပ်" သူ့ဘေးက ဖြတ်သွားတော့ သူမက တိုတိုပဲ နှုတ်ဆက်လိုက်တယ်။

"ဘဲလက်ထရစ် ?" စနိတ်ပ်က မေးတယ်။ နှုတ်ခမ်းပါးပါးလေးဟာ သရော်တော်တော် အပြုံးအဖြစ် ရွဲ့သွားတယ်။ သူမကျောဘက်မှာ တံခါး ဂတ်ခနဲ ပိတ်သွားတယ်။

သူမတို့ဟာ ဧည့်ခန်းသေးသေးလေးထဲ တန်းဝင်သွားတယ်။ ဒီနေရာဟာ လူကို မှောင်မွဲတဲ့ နံရံပျော့ ထောင်ခန်းလို ခံစားချက်ပေးတယ်။ နံရံတိုင်းမှာ စာအုပ်ချည်းပဲ။ အများစုဟာ ရှေးကျတဲ့ ဟောင်းနွမ်းတဲ့ အရောင် ဒါမှမဟုတ် အညိုရောင်မျက်နှာဖုံးတွေနဲ့။ ဖယောင်းတိုင်မီးဟာ မျက်နှာကြက်ကနေ တွဲလောင်းချထားတယ်။ ခပ်မှိန်မှိန် အလင်းစက်ဝိုင်း ပေးနေတယ်။ အလင်းစက်ဝိုင်းထဲမှာ အမွေးထနေတဲ့ ဆိုဖာတစ်လုံး၊ လက်တန်းကုလားထိုင်ဟောင်းတစ်လုံးနဲ့ လှုပ်နေတဲ့ စားပွဲတစ်လုံးတို့ကို ပြွတ်သိပ်ချထားတယ်။ ဒီနေရာဟာ ဓွန့်ထားတဲ့ရနံ့ရှိပြီး ခါတိုင်း လူမနေသလိုပဲ။

စနိတ်ပ်က နာဆစ်ဆာကို ဆိုဖာပေါ် ထိုင်ဖို့ပြတယ်။ နာဆစ်ဆာဟာ ခြုံထည်ကို ချွတ်ပြီး တစ်ဖက်ပစ်ထားလိုက်တယ်။ ထိုင်လိုက်ပြီး မိမိရဲ့ ပေါင်ပေါ်မှာ ယှက်ထားတဲ့ ဖြူဖပ်ဖြူရော် တုန်ယင်နေတဲ့ လက်ကို ကြည့်နေတယ်။ ဘဲလက်ထရစ်ဟာ ခေါင်းစွပ်ဦးထုပ်ကို ဖြည်းဖြည်းဆွဲချလိုက်တယ်။ သူမညီမဟာ အံ့ဩလောက်အောင် အသားဖြူတယ်။ သူမကတော့ အသားသိပ်မည်းတယ်။ မျက်ခွံထူထူ၊ မေးကားကား။ သူမဟာ နာဆစ်ဆာကျောဘက် သွားရပ်တယ်။ မျက်စိက စနိတ်ပ်ကိုယ် ပေါ်က မခွာဘူး။



"ဒါဖြင့်ရင်၊ ကျုပ် ခင်ဗျားကို ဘာလုပ်ပေးရမလဲ" စနိတ်ပ်ဟာ ညီအစ်မနှစ်ယောက်ရှေ့က လက်တန်းကုလားထိုင်မှာ ထိုင်လိုက်ပြီး မေးတယ်။

"ဒီမှာ . . . . ဒီမှာ တခြားလူ မရှိပါဘူးနော်" နာဆစ်ဆာက တိုးတိုး မေးတယ်။

"ဟုတ်ကဲ့၊ ဘယ်ရှိမလဲ။ အင်း၊ ဟုတ်ပြီ။ ပိုးကောင်အမြီး ဒီမှာရှိတယ်။ ဒါပေမယ့် ကျုပ်တို့ ရန်သူပိုးကို ထည့်မတွက်ဘူး၊ ဟုတ်လား"

သူက မှော်ကြိမ်လုံးနဲ့ သူ့ကျောဘက်က စာအုပ်နံရံကို ချိန်လိုက်တယ်။ ဖြန်းခနဲ တံခါးဝှက်တစ်ခု ပွင့်သွားတယ်။ ကျဉ်းမြောင်းတဲ့ လှေကားတစ်ခု ပေါ်လာတယ်။ အရပ်ပုပု ယောကျ်ားတစ်ယောက် လှေကားပေါ်မှာ ကြက်သေသေသလို ရပ်နေတယ်။

"ခင်ဗျား ရှင်းရှင်းသိပြီထင်တယ်၊ ပိုးကောင်အမြီး၊ တို့မှာ ဧည့်သည် လာနေတယ်" စနိတ်ပ်က ပျင်းရိစွာ ပြောတယ်။

အဲဒီယောကျ်ားဟာ ခါးကွေးပြီး နောက်ဆုံးလှေကားထစ်တချို့ကို ဆင်းလိုက်ပြီး၊ အခန်းထဲ ရောက်လာတယ်။ သူ့မှာ အရည်လည်နေတဲ့ မျက်လုံးသေးသေး ရှိတယ်။ မျက်နှာပေါ်မှာ သဘာဝမကျတဲ့ လုပ်ပြုံး ပြုံးပြထားတယ်။ သူက ဘယ်လက်နဲ့ ညာလက်ကို ပွတ်သပ်နေတယ်။ ညာလက်ဟာ ငွေလို တောက်တဲ့ လက်အိတ်အဖြူ စွပ်ထားသလိုပဲ။

"နာဆစ်ဆာ" သူက တကျီကျီအသံနဲ့ ပြောတယ်။ "ဘဲလက်ထရစ်။ အိမ်ခွဲမက်စရာပဲ —"

"ခင်ဗျားတို့ ကျေနပ်ရင်၊ ပိုးကောင်အမြီးက သောက်စရာ ယူပေးလိမ့်မယ်" စနိတ်ပ်က ပြောတယ်။ "ပြီးရင်၊ သူလဲ သူ့အိပ်ခန်း ပြန်သွားလိမ့်မယ်"

ပိုးကောင်အမြီးက ရှောင်တိမ်းလိုက်တယ်။ စနိတ်ပ်က သူ့ဆီကို အစ်ရှူးနဲ့ ပေါက်လိုက်သလိုပဲ။

"ကျုပ် ခင်ဗျားကျွန် မဟုတ်ဘူး" သူက စနိတ်ပ်အကြည့်ကို ရှောင်ပုန်းရင်း တကျိကျိအသံနဲ့ ပြောတယ်။

"ဟုတ်လား၊ မှော်နက်သခင်ကြီးက မင်းကို ဒီမှာထားတာ ကျုပ်ကို ကူညီဖို့လို့ ထင်တယ်"

"ကူညီ၊ ဟုတ်တယ် — ဒါပေမယ့် ခင်ဗျားကို သောက်စရာ ယူပေးဖို့ မဟုတ်ဘူး၊ ခင်ဗျားကို — အခန်းသန့်ရှင်းပေးဖို့လဲ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ပိုးကောင်အမြီး၊ မင်း ဒီထက်အန္တရာယ်ရှိတဲ့ တာဝန် မျှော်လင့်နေတယ်လို့ ကျုပ် မထင်မိဘူး" စနိုက်ပ်က လူလည်ကျတဲ့လေသံနဲ့ ပြောတယ်။ "ဒါ လွယ်လွယ်လေးရယ်၊ ငါ မှော်နက်သခင်ကြီးကို သွားပြောမယ် —"

"ကျုပ် ကျေနပ်ရင်၊ ကျုပ်ကိုယ်တိုင် သူ့ကို ပြောမှာ"

"မင်းပြောလို့ရတာပေါ့" စနိုက်ပ်က ကဲ့ရယ်ပြောတယ်။ "ခုချိန်မှာတော့၊ မင်း ငါတို့ကို သောက်စရာ လာပို့ဦး။ မှင်စာလေးတွေ စိမ်တဲ့ စပျစ်ဝိုင်နီဆို ရပြီ"

ပိုးကောင်အမြီး ခဏတွေဝေနေတယ်။ နောက်ထပ် ငြင်းခုံချင်သေးသလိုပဲ။ ဒါပေမယ့် သူဟာ လှည့်ပြီး တခြားတံခါးဝှက်တစ်ခုက ထွက်သွားတယ်။ သူမတို့ဟာ တဘန်းဘန်းသံ ကြားရတယ်။ ဖန်ခွက်ချင်းထိတဲ့ တခင်ခင်သံ ကြားရတယ်။ စက္ကန့် အနည်းငယ်ကြာတော့ သူ ပြန်လာတယ်။ လင်ပန်းနဲ့ ညစ်ပေတဲ့ အရက်တစ်ပုလင်း၊ ဖန်ခွက်သုံးလုံး ယူလာတယ်။ သူက ဗန်းကို လှုပ်နေတဲ့ စားပွဲပေါ် တင်လိုက်တယ်။ ချက်ချင်း အပြေးအလွှား ထွက်သွားတယ်။ စာအုပ်နဲ့ ဖုံးကွယ်ထားတဲ့ တံခါးဝှက်ကို တအားဆောင့်ပိတ်သွားတယ်။

စနိုက်ပ်က သွေးလိုနီတဲ့ စပျစ်ဝိုင် သုံးခွက် ငှဲ့လိုက်တယ်။ ညီအစ်မနှစ်ယောက်ကို နှစ်ခွက်ကမ်းပေးလိုက်တယ်။ နာဆစ်ဆာက ကျေးဇူးတင်ကြောင်း ဗလုံးဗထွေး ပြောတယ်။ ဘဲလက်ထရစ်က ဘာမှမပြောဘူး၊ စနိုက်ပ်ကိုပဲ ကြည့်နေတယ်။ ဒါက စနိုက်ပ်ကို မနေတတ် မထိုင်တတ် မဖြစ်သလိုပဲ။ သူက ဒါ သိပ်စိတ်ဝင်စားစရာကောင်းတယ်လို့ ခံစားရသလိုပဲ။

"မှော်နက်သခင်ကြီးအတွက်" သူက ပြောပြီး ဖန်ခွက်ကို မြှောက်ကာ မော့သောက်လိုက်တယ်။

ညီအစ်မနှစ်ယောက်လည်း ဖန်ခွက်ကို မြှောက်ပြီး မော့ချလိုက်တယ်။ စနိုက်ပ် သူမတို့ခွက်ကို အရက်ဖြည့်လိုက်တယ်။

နာဆစ်ဆာက ဒုတိယအရက်တစ်ခွက်ကို ယူပြီး တစ်ချိုတည်း သောက်ချလိုက်တယ်။ "ဆီးဗရတ်စ်၊ တကယ်ပဲ ဝမ်းနည်းပါတယ်။ ဒီပုံစံနဲ့ ရှင့်ကို ...ဖြင့် အယှက်ပေးမိတယ်။ ဒါပေမယ့် ကျွန်မ ရှင့်ကို တွေ့မှဖြစ်မယ်။ ...တည်းသာ ကျွန်မကို ကူညီနိုင်မယ်လို့ ကျွန်မ ထင်တယ် —"

စနိုက်ပ်က လက်တစ်ဘက်မြှောက်ပြီး သူမကို တားလိုက်တယ်။ ဒီနောက်၊ မှော်ကြိမ်လုံးနဲ့ အဲဟိုတံခါးဝှက်ကို နောက်တစ်ကြိမ် ချိန်လိုက်တယ်။



ဘိုင်းခနဲ အသံကြီးနဲ့ စူးစူးအော်သံ ကြားလိုက်ရတယ်။ ဆက်ပြီး ပိုးကောင်အမြီး တမန်းကတန်း အပေါ် ထပ်တက်ပြေးတဲ့အသံ။

"တောင်းပန်ပါတယ်" စနိုက်ပ်က ပြောတယ်။ "သူ ခုတလော ခိုးနားထောင်တဲ့အကျင့် ဖြစ်နေတယ်။ သူ ဒီလိုလုပ်တာ ဘာအဓိပ္ပာယ်လဲဆိုတာ နားမလည်ဘူး . . . . ခင်ဗျား ခုနကပြောတာ ဘယ်ရောက်နေပလဲ၊ နာဆစ်ဆာ"

နာဆစ်ဆာဟာ တုန်ယင်စွာနဲ့ သက်ပြင်းကြီးချလိုက်ပြီး ဆက်ပြောပြန်တယ်။

"ဆီးဗရတ်စ်၊ ကျွန်မ ဒီကို မလာသင့်ဘူးဆိုတာ သိတယ်။ ဘယ်သူ့ကိုမှ မပြောရဘူးလို့ ကျွန်မကို မှာထားတယ်။ ဒါပေမယ့် —"

"ဒါဆို နင့်လျှာကို ထိန်းထား" ဘဲလက်ထရစ်က ဟောက်တယ်။ "အထူးသဖြင့် ဒီရှေ့ကလူရှေ့မှာ"

"ရှေ့ကလူရှေ့မှာ ?" စနိုက်ပ်က သရော်ပြီး လိုက်ပြောတယ်။ "ဒီစကားကို ကျုပ် ဘယ်လိုနားလည်ရမလဲ၊ ဘဲလက်ထရစ်"

"အဲဒါ ကျွန်မ ရှင့်ကို မယုံဘူး၊ စနိုက်ပ်။ စင်စစ် ရှင့်စိတ်ထဲမှ ရှင်းနေပါတယ်"

နာဆစ်ဆာက အသံနည်းနည်း ထွက်လာတယ်။ မျက်ရည်မပါဘဲ ရှိုက်လိုက်သလိုပဲ။ ဒီနောက် လက်နဲ့ မျက်နှာကို အုပ်ထားတယ်။ စနိုက်ပ်က ဖန်ခွက်ကို စားပွဲပေါ် တင်လိုက်တယ်။ ကိုယ်ကို ကုလားထိုင်နောက်မှီပေါ် မှီလိုက်ပြီး လက်နှစ်ဘက်ကို လက်တန်းပေါ် တင်ထားလိုက်တယ်။ ပြုံးစေ့စေ့နဲ့ ဘဲလက်ထရစ် ဒေါသနဲ့ မျက်နှာကို ကြည့်နေတယ်။

"နာဆစ်ဆာ၊ ကျုပ်တို့ ဘဲလက်ထရစ် အလောတကြီး ဘာပြောချင်သယ်ဆိုတာ အရင်နားထောင်ရင် ကောင်းမယ်လို့ ကျုပ် ထင်တယ်။ ဒါမှ သူ ကျုပ်တို့ကို မနားတမ်း နှောင့်ယှက်တာမခံရမှာ။ ကောင်းပြီ။ ခင်ဗျားဆက်ပြော၊ ဘဲလက်ထရစ်" စနိုက်ပ်က ပြောတယ်။ "ခင်ဗျား ဘာကြောင့် ကျုပ်ကို မယုံတာလဲ"

"အကျိုးအကြောင်း တစ်ရာရှိတယ်" ဘဲလက်ထရစ်ဟာ အကျယ်ကြီးပြောရင်း ဆိုဖာနောက်ကနေ ခြေလှမ်းကျဲကျဲ လျှောက်လာတယ်။ ဖန်ခွက်ကို စားပွဲပေါ် ဆောင့်ချလိုက်တယ်။ "ဘယ်က စပြောရမလဲ။ မှော်နက်သခင်ကြီး အရေးနိမ့်တုန်းက ရှင် ဘယ်မှာလဲ။ သူ ပျောက်သွားပြီးနောက် ရှင် ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ့ကိုရှာဖို့ ဘာမှမကြိုးစားတာလဲ။ ဒီနှစ်တွေအတွင်းမှာ ရှင်ဟာ ဒမ်ဘယ်လီဒိုးလက်အောက်မှာ တိတ်တိတ်အသက်ရှင်နေတယ်။ ရှင် ဘာတွေ လုပ်ခဲ့သလဲ။ ရှင်က ဘာကြောင့် မှော်နက်သခင်ကြီးကို မှော်ကျောက်တုံးရယူဖို့ တားဆီးတာလဲ။ မှော်နက်သခင်ကြီး ပြန်လည်ရှင်သန်လာတော့ ရှင် ဘာဖြစ်လို့ ချက်ချင်း ပြန်မလာတာလဲ။ လွန်ခဲ့တဲ့ ရက်သတ္တပတ်အချို့က ကျွန်မတို့ ရှုန်းကန်တိုက်ခိုက်ပြီး မှော်နက်သခင်ကြီးအတွက် ကြိုဟောဖန်လုံး လုယူဖို့ လုပ်တော့ ရှင်ဘယ်မှာလဲ။ ရှိသေးတယ်၊ စနိတ်ပ်။ ဟယ်ရီ-ပေါ်တာ ဘာဖြစ်လို့ အသက်ရှင်နေသေးတာလဲ။ ငါးနှစ်လုံးလုံး သူ့ကို ရှင်လုပ်နိုင်တယ်"

သူမ ရပ်လိုက်တယ်။ ရင်ဘတ်ဟာ ပြင်းထန်စွာ နိမ့်ချည်မြင့်ချည် ဖြစ်နေတယ်။ ပါးတွေလည်း နီနေတယ်။ သူမနောက်ဘက်မှာ နာဆစ်ဆာက တုတ်တုတ်မျှ မလှုပ်ဘဲ ထိုင်နေတယ်။ မျက်နှာကို လက်နဲ့အုပ်ထားပြီ အုပ် ထားတယ်။

စနိတ်ပ်က ရယ်တယ်။

"ကျုပ် ခင်ဗျားကို မဖြေခင်မှာ —— အိုး၊ ဟုတ်တယ်၊ ဘဲလက်ထရစ်၊ ကျုပ် ခင်ဗျားကို ဖြေမှာပါ။ ကျုပ်စကားကို ကျုပ်နောက်ကွယ်မှာ ကျုပ်ကို ပြောဆိုနေတဲ့လူတွေကို ပြောပြလိုက်ပါ။ ကျုပ် သစ္စာဖောက်တယ်ဆိုတဲ့ မမှန် စကားကို မှော်နက်သခင်ကြီးကို သွားတင်ပြပါ။ ဒါပေမယ့် ကျုပ် ခင်ဗျားကို မဖြေခင်မှာ၊ ကျုပ် ခင်ဗျားကို မေးခွန်းတစ်ခု အရင်မေးမယ်။ ခင်ဗျားက မှော်နက်သခင်ကြီးဟာ ကျုပ်ကို ဒီမေးခွန်းအားလုံး မမေးဖူးဘူး ထင်သလား။ ကျုပ်ဟာ ကျေနပ်လောက်တဲ့အဖြေ မပေးနိုင်ဘူးဆိုရင် ကျုပ် ဒီမှာထိုင်ပြီး ခင်ဗျားနဲ့ စကားပြောနေနိုင်မယ်လို့ တကယ်ပဲ ထင်သလား"

သူမက တွေဝေနေတယ်။

"သူ ရှင့်ကို ယုံတယ်ဆိုတာ ကျွန်မ သိတယ်၊ ဒါပေမယ့် —— "

"ခင်ဗျားက သူ အမြင်မှားနေပြီလို့ ထင်တယ် ? ဒါမှမဟုတ် ကျုပ်က သူ့ကို လိမ်နိုင်လိုက်တယ် ? မှော်နက်သခင်ကြီးကို လှည့်စားခဲ့တယ် —— လူသားတွေအဖို့ သမိုင်းမှာ အကြီးမြတ်ဆုံး မှော်ဆရာကြီး၊ ကမ္ဘာပေါ်မှာ အစွမ်းဆုံး အာရုံနှိုက်ယူတဲ့ ဆရာကြီး"

ဘဲလက်ထရစ် စကားမပြောဘူး။ ဒါပေမယ့် သူမအမူအရာဟာ ပထမဆုံးအကြိမ် နည်းနည်းတွေဝေလာသလိုပဲ။ စနိတ်ပ်က အတင်းကိုင်မထား



ဘူး။ သူဟာ ဖန်ခွက်ကို ပြန်ကိုင်ပြီး တစ်ငုံသောက်လိုက်တယ်။ ဆက်ပြော တယ်။ "ခင်ဗျား ခုနက မေးတယ်၊ မှော်နက်သခင်ကြီး အရေးနိမ့်တုန်းက ကျုပ် ဘယ်မှာလဲ။ ကျုပ်ဟာ သူ ကျုပ်ကို အမိန့်ပေးတဲ့နေရာမှာ၊ ဟော့ဂ်ဝပ် မှော်ပညာသင်ကျောင်းမှာ။ သူက ကျုပ်ကို အောဘတ်စ်-ဒမ်ဘယ်လီဒိုးကို တိတ် တိတ်စောင့်ကြည့်စေချင်လို့။ ကျုပ်ဟာ မှော်နက်သခင်ကြီး ခိုင်းလို့ ဒီဆရာ အလုပ်ကို လက်ခံတယ်ဆိုတာ ခင်ဗျားသိတယ်လို့ ကျုပ် ခန့်မှန်းတယ်"

သူမဟာ မသိမသာ ခေါင်းညိတ်လိုက်တယ်။ စကားပြောဖို့ ပါးစပ် ဟတယ်။ ဒါပေမယ့် စနိတ်ပ်က သူမကို အရင်တားလိုက်တယ်။

"ခင်ဗျားက ကျုပ်ကို မေးသေးတယ်၊ သူ ပျောက်သွားပြီးနောက်၊ ကျုပ် ဘာဖြစ်လို့ သူ့ကို ကြိုးစားမရှာသလဲ။ ကျုပ် သူ့ကို သွားမရှာတဲ့အကြောင်း က အဲဗရီ ယာခ်စလီ၊ ခါရိုစ်လင်မယား၊ ဂရေးဘက်၊ လူးရှပ်စ်တို့နဲ့ အတူတူပဲ" သူက နာဆစ်ဆာဘက် ခေါင်းအနည်းငယ် စောင်းလိုက်တယ်။ "တခြားလူ အများလိုပဲ။ ကျုပ်က သူ နိဂုံးချုပ်သွားပြီထင်တာ။ ဒီအတွက် ကျုပ် ဂုဏ်မယူ ပါဘူး။ ကျုပ် မှားတယ်။ ဒါပေမယ့် အခြေအနေက ဒီအတိုင်းပဲ . . . . တကယ် လို့ သူဟာ ကျုပ်တို့ ထိုစဉ်က ယုံကြည်စိတ် ပျောက်သွားတာကို ခွင့်မလွှတ် နိုင်ဘူးဆိုရင်၊ သူ့မှာ လူသိပ်ကျန်မှာ မဟုတ်တော့ဘူး"

"သူ့မှာ ကျွန်မ ရှိသေးတယ်" ဘဲလက်ထရစ်က စိတ်လှုပ်ရှားစွာ ပြောတယ်။ "သူ့အတွက်နဲ့ ကျွန်မ အက်ဇ်ကာဘန်မှာ နှစ်မနည်းနေခဲ့တယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ချီးကျူးစရာစိတ်ဓာတ်ပါ" စနိတ်ပ်က အသံခြောက်ကပ်ကပ်နဲ့ ပြောတယ်။ "တကယ်ပဲ၊ ခင်ဗျား ထောင်ထဲမှာနေတာ သူ့အတွက် သိပ်အသုံးမကျပါဘူး။ ဒါပေမယ့် ဒီလိုအနေအထားဟာ သိပ် ကောင်းတယ်ဆိုတာ သံသယရှိစရာ မလိုဘူး —— "

"အနေအထား !" သူမက စူးစူးအော်တယ်။ သိပ်ဒေါသထွက်နေတဲ့ သူမဟာ အနည်းငယ် ရူးသွပ်နေသလိုပဲ။ "ကျွန်မ ဝိညာဉ်စုပ်ကောင် နှိပ်စက် ခံနေတုန်းမှာ ရှင်တစော့ ဟော့ဂ်ဝပ်မှာ ပုန်းနေတယ်၊ ဒမ်ဘယ်လီဒိုးအချစ်တော် အဖြစ် သက်သက်သာသာ သရုပ်ဆောင်နေတယ်"

"ဒါချည်းတော့ မဟုတ်ဘူး" စနိတ်ပ်က အေးအေးဆေးဆေး ပြော တယ်။ "သူက ကျုပ်ကို မှော်နက်ပညာ ခုခံကာကွယ်တဲ့အလုပ်နေရာကို ကျုပ်ကို မပေးဘူး ခင်ဗျား သိပါတယ်။ သူက ဒီလိုလုပ်ရင် ကျုပ်ပြန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးသွားမယ်လို့ ထင်တယ် . . . . ကျွပ်ကို အရင်လမ်းဟောင်းအတိုင်း သွားဖို့ ဆွဲဆောင်လိမ့်မယ်ထင်တယ်"

"အဲဒါက ရှင် မှော်နက်သခင်ကြီးအတွက်လုပ်တဲ့ စွန့်လွှတ်မှု ? ရှင် အနှစ်သက်ဆုံးဘာသာရပ်ကို သင်ခွင့်မရတာ ?" သူမက ကဲ့ရဲ့ပြောတယ်။ "ရှင် ဘာကြောင့် အဲဒီမှာပဲ နေတာလဲ၊ စနိတ်ပ်။ ဒမ်ဘလီဒိုးကိုပဲ တိတ်တိတ် စောင့်ကြည့်နေတယ်၊ အကြောင်းက သေသွားတဲ့ သခင်ကို ရှင်ယုံလို့ ?"

"ဟုတ်ချင်မှဟုတ်မယ်" စနိတ်ပ်က ပြောတယ်။ "ဒါပေမယ့် မှော်နက် ဆရာကြီးဟာ ကျွပ် ဆရာအလုပ်ကို မစွန့်လွှတ်တာ သိပ်ဝမ်းသာတယ်။ သူ ပြန်လာတော့ ကျွပ်ဟာ လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်အတွင်း ဒမ်ဘလီဒိုးနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ ပေးနိုင်တယ်။ မဆုံးနိုင်အောင် အက်ဇခါဘန် ဒုက္ခရောက်တဲ့ဘဝကို ပြန်သတိရနေတာထက်စာရင်၊ ဒါဟာ ပိုပြီးတန်ဖိုးရှိတဲ့ ပြန်တွေ့ရတဲ့ လက်ဆောင်ပဲပေါ့ . . . ."

"ဒါပေမယ့် ရှင် နေရစ်ခဲ့တယ် —"

"ဟုတ်တယ်၊ ဘဲလက်ထရစ်။ ကျွပ် နေရစ်ခဲ့တယ်" စနိတ်ပ်က ပြောတယ်၊ ပထမဆုံး စိတ်မရှည်ပုံ ဖော်ပြတယ်။ "ကျွပ်မှာ ဇိမ်ကျတဲ့အလုပ်တစ်ခု ရှိတယ်၊ ဘာဖြစ်လို့ အက်ဇခါဘန်မှာ ထောင်ကျခံရမှာလဲ။ သူတို့ ထိုစဉ်က ဒက်အီတာတွေကို လိုက်ဖမ်းနေတာ ခင်ဗျားသိတယ်။ ဒမ်ဘလီဒိုးက ကာကွယ်လို့ ကျွပ် ထောင်နန်းမစံရတာ။ ဒီလောက်အဆင်ပြေတဲ့ အချက်အလက်ကို ကျွပ် အသုံးမချရင် အလကားဖြစ်မှာပေါ့။ ကျွပ် ထပ်ပြောမယ်။ မှော်နက် သခင်ကြီးကတောင် ကျွပ်နေရစ်တာကို အပြစ်မတင်ဘူး။ ခင်ဗျားက ဘာကြောင့် ဟိုပြောဒီပြော ပြောနေတာလဲဆိုတာ ကျွပ် မသိဘူး။

"ဆက်ပြီး ခင်ဗျားသိချင်တာက" သူက တစ်လှမ်းချင်း ဖိလာတယ်။ အသံကိုလည်း နည်းနည်းမြှင့်လိုက်တယ်။ ဘဲလက်ထရစ်က သူ့ကို ဖြတ်ပြောဖို့ ထုပ်နေလို့၊ "ကျွပ် ဘာကြောင့် မှော်နက်သခင်ကြီးကို မှော်ကျောက်တုံး မရအောင် တားတာလဲဆိုတာ — ကျွပ် ထင်တယ်။ ဒီမေးခွန်းဖြေဖို့ လွယ်ပါတယ်။ သူဟာ ကျွပ်ကို ယုံရမလားဆိုတာ မသိဖြစ်နေတယ်။ သူဟာ ခင်ဗျားတို့လို ကျွပ်ကို သစ္စာရှိတဲ့ ဒက်အီတာကနေ ဒမ်ဘလီဒိုးနောက်လိုက် ဖြစ်သွားပြီလို့ ထင်တယ်။ သူ ထိုစဉ်က အခြေအနေက သိပ်သနားစရာပဲ၊ အလွန်ချည့်နဲ့နေတယ် သာမန်မှော်ဆရာနဲ့ ကိုယ်ခန္ဓာတစ်ခုထဲ ပေါင်းသုံးနေရတယ်။ သူဟာ



မိမိကို အရင်က ထောက်ခံသူ ပြောမပြဝံ့ဘူး။ တကယ်လို့ အဲဒီထောက်ခံသူဟာ ဒမ်ဘလီဒိုးနဲ့ မှော်ဝန်ကြီးဌာနကို သွားတိုင်လိုက်ရင် ဘယ်လိုလုပ်မလဲ။ သူက ကျွပ်ကို မယုံဘူး၊ ကျွပ် အလွန်ဝမ်းနည်းမိတယ်။ နို့မို့ရင်၊ သူဟာ သုံးနှစ်စောပြီး နာလန်ပြန်ထူမှာ။ ထိုစဉ်က ကျွပ်မြင်တာဟာ လောဘရမ္မက်ကြီးတဲ့၊ အသုံးကျတဲ့ ခွေရယ်က မှော်ကျောက်တုံးကို ခိုးချင်တယ်။ ကျွပ်ဟာ တတ်နိုင်သလောက် သူ့ကို တားဆီးတာ ကျွပ် ဝန်ခံတယ်"

ဘဲလက်ထရစ်ရဲ့နှုတ်ခမ်း တွန့်လိမ်နေတယ်။ အလွန်အဝင်ဆိုးတဲ့ ဆေးတစ်ခွက်ကို မျိုချလိုက်ရသလိုပဲ။

"ဒါပေမယ့် သူ ပြန်ပေါ်လာတော့၊ ရှင် ချက်ချင်း ပြန်မလာဘူး။ မှော်နက်အမှတ်အသား ပူလောင်လာတာ သိပေမယ့်၊ သူ့အနားကို အလျင်အမြန် ပြေးမလာဘူး —"

"ဟုတ်တယ်။ ကျွပ်က နှစ်နာရီကြာမှ သွားတာ။ ကျွပ်က ဒမ်ဘလီဒိုး ခိုင်းလို့ ပြန်သွားတာ"

"ဒမ်ဘလီဒိုးကို နာခံပြီး —" သူမက ဒေါသကို မထိန်းနိုင်ဘဲ ပြောတယ်။

"တွေးကြည့်ပါ" စနိတ်ပ်ဟာ စိတ်မရှည်ပုံ ထပ်ပေါ်လာတယ်။ "တွေးကြည့်ပါ။ နှစ်နာရီထဲ စောင့်ရတာ၊ အချိန်တိုတိုလေး နှစ်နာရီ။ ကျွပ်ဟာ ဟော့ဂ်ဝပ်မှာ ဆက်နေပြီး သူ လျှိုလုပ်ခွင့်ကို အာမခံလိုက်တယ်။ ကျွပ် မှော်နက်သခင်ကြီးဆီ ပြန်သွားတာဟာ သူခိုင်းလို့ သွားရတာလို့ ဒမ်ဘလီဒိုးကို ထင်စေတယ်။ ဒီတော့ ကျွပ်ဟာ ဒမ်ဘလီဒိုးနဲ့ ဖီးနစ်အဖွဲ့ သတင်းတွေကို အဆက်မပြတ် အစီရင်ခံနိုင်တာပေါ့။ ခင်ဗျား စဉ်းစားစမ်းပါ၊ ဘဲလက်ထရစ်။ အဲဒီလအချို့အတွင်းမှာ၊ မှော်နက်အမှတ်အသား ကြာလေ ရှင်းလာလေပဲ။ သူ ပြန်လာတော့မယ်ဆိုတာ ကျွပ် သိလာတယ်။ ရှိသမျှ ဒက်အီတာအားလုံး သိကြတယ်။ ကျွပ်မှာ ဘယ်လိုလုပ်မယ်ဆိုတာ စဉ်းစားဖို့ အချိန်အလုံအလောက် ရှိတယ်။ နောက် ဘယ်လိုခြေလှမ်း လှမ်းမယ်ဆိုတာ စီမံနိုင်တယ်။ ဥပမာ ခါခါရှောင်လို့ ထွက်ပြေး၊ မဟုတ်ဘူးလား"

"ကျွပ်က မှော်နက်သခင်ကြီးကို ရှင်းပြတယ်။ ဒမ်ဘလီဒိုးကတော့ ကျွပ်ကို သူ့လူထင်နေပေမယ့် ကျွပ် သူ့ပေါ်မှာ တစ်လျှောက်လုံး သစ္စာရှိတယ်။ ကျွပ်ရှင်းပြတာ နားထောင်ပြီးနောက်၊ ကျွပ် နောက်ကျလို့ မကျေမနပ် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တာတွေ ပျောက်ပြယ်သွားတယ်။ ဟုတ်တယ်၊ မော်နက်သခင်ကြီးဟာ အစက ကျုပ် သူ့ကို ထာဝရခွဲခွာသွားပြီထင်တာ။ ဒါပေမယ့် သူ မှားသွားတယ်"

"ဒါပေမယ့် ရှင် ဘာအသုံးကျဖူးလို့လဲ" ဘဲလက်ထရစ်က သရော်စွာ မေးတယ်။ "ကျွန်မတို့ ရှင့်ဆီက ဘာအသုံးကျတဲ့သတင်း ရခဲ့ဖူးလို့လဲ"

"ကျုပ်သတင်းက မော်နက်သခင်ကြီးကို တိုက်ရိုက်ပို့တာ" စနိတ်ပ်က ပြောတယ်။ "သူက ခင်ဗျားကို ပြောမပြဘူးကိုး ——"

"သူ ဘာမဆို ကျွန်မ ပြောပြတယ်" ဘဲလက်ထရစ်ဟာ ချက်ချင်း ဒေါသထလာတယ်။ "သူက ကျွန်မဟာ သစ္စာအရှိဆုံး၊ စိတ်အချရဆုံး ——"

"ဟုတ်လား" စနိတ်ပ်က ပြောတယ်။ လေသံအနည်းငယ် ပြောင်းသွားတယ်။ မယုံဘူးလို့ သဘောရတယ်။ "မော်ဝန်ကြီးဌာနမှာ ရှုံးနိမ့်ခဲ့ရပြီးနောက်၊ သူ ဒီတိုင်းပြောသေးလား"

"အဲဒါ ကျွန်မအမှားမဟုတ်ဘူး" ဘဲလက်ထရစ်က မျက်နှာကြီးနီပြီး ပြောတယ်။ "အရင်တုန်းက မော်နက်သခင်ကြီးဟာ သူ့ရဲ့တန်ဖိုးအထားဆုံး အရာကို ကျွန်မ ထိန်းသိမ်းခိုင်းတယ် —— လူးရှပ်စ်သာ မဟုတ်ရင် ——"

"နင် ဘယ့်နှယ် —— နင် ငါ့ယောက်ျား မှားတယ်လို့ ဘယ့်နှယ်ပြောဝံ့တာလဲ" နာဆစ်ဆာက အသံလေးလေး၊ စိတ်ဆိုးဆိုး ပြောတယ်။ ခေါင်းမော့ပြီး သူ့အစ်မကို ကြည့်နေတယ်။

"ဘယ်သူ့အမှားလဲလို့ လိုက်စစ်တာ ဘာမှအသုံးမကျတော့ဘူး" စနိတ်ပ်က ပြေပြစ်စွာ ပြောတယ်။ "လုပ်သင့်တာတွေ လုပ်ပြီးပြီ"

"ဒါပေမယ့် ရှင် ဘာမှမလုပ်ဘူး" ဘဲလက်ထရစ်က စိတ်ဆိုးစွာ ပြောတယ်၊ ဟုတ်တယ်၊ ကျွန်မတို့ တခြားလူတွေ အသက်အန္တရာယ်ကို မမှုဘဲ အသက်စွန့်လုပ်ကြတယ်၊ ရှင်ကတော့ ပါမလာပြန်ဘူး၊ ဟုတ်လား၊ စနိတ်ပ်"

"ကျုပ်ရရှိတဲ့အမိန့်က နောက်မှာပဲနေဖို့" စနိတ်ပ်က ပြောတယ်။ "ခင်ဗျား မော်နက်သခင်ကြီးအတွေးကို သဘောမတူလို့များလား။ တကယ်လို့ ကျုပ် အဲဒီတာဘက်ပါပြီး ဖီးနစ်အဖွဲ့နဲ့ တိုက်ပွဲဝင်ရင် ဒမ်ဘလီဒိုး ဘာမှ သိမှာမဟုတ်ဘူးလို့ ထင်လို့များလား။ ပြီးတော့ —— ခွင့်လွှတ်ပါ —— ခင်ဗျားက အန္တရာယ်တို့ ရင်ဆိုင်တယ်လို့ ပြောတယ် . . . . စင်စစ်မှာ ခင်ဗျား ရင်ဆိုင်ရတာက ဆယ်ကျော်သက်ရွယ် ကလေးခြောက်ယောက်ပါပဲ၊ မဟုတ်ဘူးလား"



"မကြာခင်မှာ ဖီးနစ်အဖွဲ့ဝင် တစ်ဝက်လောက် ပါလာတာ ရှင် သိရက်သားနဲ့" ဘဲလက်ထရစ်က ဒေါသနဲ့ ဟိန်းဟောက်တယ်။ "ပြီးတော့ ဖီးနစ်အဖွဲ့အကြောင်းပြောတယ်ဆိုတော့၊ ရှင်က သူတို့ဌာနချုပ် ဘယ်မှာဆိုတာ မပြောနိုင်ဘူးလို့ ပြောနေတယ်၊ ဟုတ်လား"

"ကျုပ်က လျှို့ဝှက်ရေးထိန်းသိမ်းသူ မဟုတ်ဘူး၊ အဲဒီနေရာရဲ့နာမည်ကို ပြောထုတ်လို့မရဘူး။ အဲဒီမှော်ပညာက ဘယ်လိုအကျိုးသက်ရောက်မယ်ဆိုတာ ခင်ဗျား သိသင့်တယ်လို့ ကျုပ် ထင်တယ်။ မော်နက်သခင်ကြီးက ကျုပ် သူ့ကိုပေးတဲ့ ဖီးနစ်အဖွဲ့နဲ့ ပတ်သက်တဲ့သတင်းကို အလွန်ကျေနပ်တယ်၊ ခင်ဗျားလဲ မှန်းကြည့်လို့ရတယ်ထင်တယ်။ ကျုပ်သတင်းကြောင့် အမ်မလင်း-ဗန့်စ် အဖမ်းခံရပြီး အသတ်ခံရတယ်။ ဆီးရီးအက်စ်ကြွယ်-ဘလက်ကိုပါ ဖြေရှင်းရာမှာ အကူအညီရသွားတာ သေချာတယ်။ ဒါပေမယ့်၊ သူ့အသက်ကို အဆုံးသတ်တဲ့ ကျေးဇူးကတော့ ခင်ဗျားကျေးဇူးပါပဲ"

သူက ခေါင်းကိုစောင်းပြီး ဖန်ခွက်မြှောက်ကာ သူမကို ဂုဏ်ပြုတယ်။ သူ့အမူအရာဟာ နည်းနည်းမှ လျော့သွားပုံမပေါ်ဘူး။

"ရှင်ဟာ ကျွန်မရဲ့နောက်ဆုံးမေးခွန်းကို ရှောင်တိမ်းနေတယ်၊ စနိတ်ပ်၊ ဟယ်ရီ-ပေါ်တာ။ လွန်ခဲ့တဲ့ ငါးနှစ်အတွင်းမှာ၊ ရှင်ဟာ သူ့ကို အချိန်မရွေး အသေသတ်နိုင်တယ်။ ဒါပေမယ့် မလုပ်ဘူး၊ ဘာဖြစ်လို့လဲ"

"ခင်ဗျား မော်နက်ဆရာကြီးနဲ့ ဒီပြဿနာ ဆွေးနွေးဖူးသလား" စနိတ်ပ်က မေးတယ်။

"သူ . . . . ခုတလော၊ ကျွန်မတို့ . . . . ကျွန်မက ရှင့်မေးတာ၊ စနိတ်ပ်"

"တကယ်လို့ ကျုပ် ဟယ်ရီ-ပေါ်တာကို သတ်လိုက်ရင်၊ မော်နက်သခင်ကြီးဟာ သူ့သွေးနဲ့ ပြန်လည်ရှင်သန်လို့ မရတော့ဘူး၊ မိမိကို အတုမရှိအောင် လုပ်လို့ မရတော့ဘူး ——"

"ဆိုတော့ကတည်းက သူ ဒီကောင်လေးကို အသုံးချမယ်လို့ ရှင် ကြိုသိထားလို့ ပြောဝံ့တယ် ?" သူမက သရော်ပြောတယ်။

"ကျုပ် ဒီလိုမပြောဘူး။ သူ့စိမ်ကိန်းတွေကို ကျုပ် ဘာမှမသိဘူး။ ကျုပ် ခုနက ဝန်ခံပြောပြီးပြီ။ ကျုပ်က မော်နက်သခင်ကြီး သေပြီထင်တာ၊ ကျုပ်က မော်နက်သခင်ကြီးဟာ ပေါ်တာ အသက်ရှင်နေသေးတာ တွေ့ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းမဖြစ်တာကို ရှင်းပြချင်တာပဲ ရှိတယ်။ အနည်းဆုံး လွန်ခဲ့တဲ့ တစ်နှစ်အရင်ကအထိ . . . ."

"ဒါပေမယ့် ရှင်က ဘာကြောင့် သူ့ကို အသက်ရှင်ခွင့် ပေးထားတာလဲ"

"ခင်ဗျား ကျုပ်အစီပွာယ် နားမလည်ဘူးလား။ ဒမ်ဘလီဒိုး ကာကွယ်ထားလို့သာ ကျုပ် အက်ဇကါဘန် မရောက်တာ။ ကျုပ် သူ့တပည့်ကျော်ကို သတ်လိုက်ရင်၊ သူက ကျုပ်ကို ရန်ငြိုးမထားဘူးလို့ ခင်ဗျား ထင်နေသလား။ ဒါပေမယ့် ပြဿနာက ဒီထက်အများကြီး ရှုပ်ထွေးတယ်၊ ကျုပ် ခင်ဗျားကို သတိရအောင် ပြောပြမယ်။ ဟယ်ရီ ပော့ဂ်ဝပ်ကို ရောက်ခါစက သူနဲ့ ပတ်သက်တဲ့ ကောလာဟလတွေ အများကြီးရှိတယ်။ သူ့ကို အလွန်တော်တဲ့ မှော်နက်မှော်ဆရာလို့ ပြောတယ်။ ဒါကြောင့် မှော်နက်သခင်ကြီး တိုက်ခိုက်တဲ့ အထဲက အသက်ချမ်းသာရာ ရခဲ့တယ်။ အမှန်ပဲ၊ မှော်နက်သခင်ကြီးရဲ့ အရင်က နောက်လိုက်များဟာ ပေါ်တာဟာ အလံတစ်လက်ဖြစ်မယ်လို့ ထင်ကြတယ်။ ကျုပ်တို့ဟာ သူ့ဘေးပတ်ပတ်လည်မှာ ပြန်လည်စည်းရုံးနိုင်မယ်လို့ ထင်တယ်။ သူ ရဲတိုက်ထဲ ရောက်လာတော့ ကျုပ် သိပ်အံ့ဩမိတယ်၊ သိလို စိတ် ပြင်းပြနေတယ်။ သူ့ကို သတ်ဖို့ သတိတောင်မရဘူးဆိုတာ ကျုပ် ဝန်ခံတယ်။

"တကယ်ပဲ၊ မကြာခင်မှာပဲ သူဟာ ဘယ်လိုသဘာဝလွန် ပါရမီမှ မရှိဘူးဆိုတာ တွေ့ရှိရတယ်။ သူဟာ ကံကယ်လို့၊ သူ့ထက် ပါရမီရှိတဲ့ မိတ်ဆွေတွေအားကိုးနဲ့ အခက်အခဲ အကြပ်အတည်းများကြားက ရုန်းထွက်နိုင်တာ။ သူဟာ လူပြိန်းဆန်တာ သူ့အဖေလိုပဲ သိပ်ကိုယ်ရည်သွေးချင်တယ်။ မုန်းစရာကောင်းတယ်။ ကျုပ်ဟာ သူ့ကို ပော့ဂ်ဝပ်က မောင်းထုတ်ဖို့အတွက် နည်းအမျိုးမျိုး သုံးခဲ့တယ်။ သူဟာ ကျောင်းဝင်ခွင့်နဲ့ လုံးဝမတန်ဘူးလို့ ကျုပ် ထင်တယ်။ သူ့ကို သတ်တာ၊ ဒါမှမဟုတ် ကျုပ်ရှေ့မှာ သူ အသက်ထွက်တာနဲ့ ပတ်သက်ရင်တော့၊ ဇော်းမှ ဒီအန္တရာယ်ကို ရင်ဆိုင်မှာ။ အကြောင်းက အနားမှာ ဒမ်ဘလီဒိုး ရှိနေတယ်"

"ရှင် ခုပြောတာတွေကို ထောက်ပြီး ဒမ်ဘလီဒိုးက ရှင့်ကို ဘယ်တုန်းကမှ သံသယမရှိဘူးလို့ ကျွန်မတို့က ယုံရမှာလား" ဘဲလက်ထရစ်က မေးတယ်။ "ရှင် ဘယ်သူ့ကို သစ္စာခံတယ်ဆိုတာ မသိဘဲ၊ ရှင့်ကို ခြွင်းချက်မရှိ ယုံကြည်သေးလား"



"ကျုပ်ကပြတာ သိပ်ပြောင်မြောက်ပါတယ်" စနိတ်ပ်က ပြောတယ်။ "ခင်ဗျားဟာ ဒမ်ဘလီဒိုးရဲ့ အကြီးဆုံးချို့ယွင်းချက်ကို လျစ်လျူရှုထားတယ်။ သူဟာ သူများတွေကို ကောင်းတဲ့ဘက်ချည်း တွေးတယ်။ ကျုပ် ဒက်အီတာ ဘဝနေ့ သူ့ဆီမှာ ဆရာဝင်လုပ်တော့ ကျုပ် အမှားကြီး မှားခဲ့တဲ့အကြောင်း နောင်တကြီးပြောဆိုခဲ့တယ်။ ဒီနောက်မှာ သူက လိုက်လျောစွာ ကြိုဆိုခဲ့တယ်။ ဒါပေမယ့် သူက ကျုပ်ကို မှော်နက်ပညာနဲ့ အတတ်နိုင်ဆုံး ခွဲထားတယ်။ ဒမ်ဘလီဒိုးဟာ ကြီးမြတ်တဲ့ မှော်ဆရာကြီး ဖြစ်တယ် —— မှန်တယ်။ ငြင်းစရာမလိုဘူး" (ဘဲလက်ထရစ်က အထင်သေးစွာ ဟင်းလုပ်လိုက်လို့) "မှော်နက်သခင်ကြီးကလဲ ဒါကို ဝန်ခံတယ်။ သို့ပေမယ့် ကျုပ်ဝမ်းသာရတာက၊ ဒမ်ဘလီဒိုး အိုမင်းလာပြီ။ လွန်ခဲ့တဲ့လက မှော်နက်သခင်ကြီးနဲ့ ယှဉ်ပြိုင်တဲ့ပွဲမှာ သူ အတော်ထိသွားတယ်။ သူ ဒဏ်ရာပြင်းထန်စွာ ရသွားတယ်။ သူ့တုံ့ပြန်မှုဟာ အရင်ကထက် နှေးသွားလို့။ ဒါပေမယ့် ဒီလောက်နှစ်တွေအများကြီးမှာ၊ သူဟာ ဆီးဗားရပ်စ်-စနိတ်ပ်ကို ယုံကြည်မှု မပျောက်ခဲ့ဘူး။ ဒါကြောင့် ကျုပ်ဟာ မှော်နက်သခင်ကြီးအဖို့ အလွန်တန်ဖိုးရှိတယ်"

ဘဲလက်ထရစ်ဟာ မပျော်မရွှင် ဖြစ်နေတုန်းပဲ။ ဒါပေမယ့် ဆက်ပြီး စနိတ်ပ်ကို ဘယ်လိုတိုက်မှ အကျိုးရှိမယ်ဆိုတာ မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေတယ်။ စနိတ်ပ်က သူမ ငြိမ်နေတုန်းမှာ သူမ ညီမလေးဘက် လှည့်လိုက်တယ်။

"ကောင်းပြီ . . . . နာဆစ်ဆာ၊ ခင်ဗျားက ကျုပ်ကို အကူအညီလာတောင်းတာ ?"

နာဆစ်ဆာက သူ့ကို မော့ကြည့်တယ်၊ ဝမ်းနည်းကြေကွဲတဲ့ အမူအရာပေါ်နေတယ်။

"ဟုတ်တယ်၊ ဆီးဗရတ်စ်။ ကျွန်မ —— ကျွန်မ တွေးတယ်၊ ကျွန်မကို ကူညီနိုင်တာ ရှင်ပဲ ရှိတော့တယ်။ ကျွန်မ အခုလမ်းဆုံးနေပြီ။ လူးရှပ်စ်က ထောင်ထဲမှာ ပြီးတော့ . . . ."

သူမ မျက်လုံးမှိတ်လိုက်တယ်။ မျက်ရည်ပေါက်ကြီးနှစ်ပေါက် မျက်ခွံအောက်က စီးထွက်လာတယ်။

"မှော်နက်သခင်ကြီးက ကျွန်မကို ဒီအကြောင်း ပြောခွင့်မပေးဘူး" နာဆစ်ဆာက ဆက်ပြောတယ်။ မျက်လုံးက မှိတ်ထားဆဲပဲ။ "သူက အဲဒီ

www.burmeseclassic.com



စိမ်ကိန်းကို ဘယ်သူမှ မသိစေချင်ဘူး၊ အဲဒါက . . . . အလွန်လျှို့ဝှက်တယ်။ ဒါပေမယ့် —"

"သူက ခင်ဗျားကို မပြောရဘူး ပြောထားရင်၊ ခင်ဗျား မပြောသင့်ဘူး" စနိတ်ပ်က ချက်ချင်းပြောတယ်။ "မှော်နက်သခင်ကြီးရဲ့ စကားဟာ တရားဥပဒေပဲ"

နာဆစ်ဆာဟာ ပင့်သက်ရှူလိုက်တယ်။ သူမခေါင်းပေါ်ကို ရေအေးနဲ့ အလောင်းခံလိုက်ရသလိုပဲ။ ဘဲလက်ထရစ်ဟာ ဒီအိမ်ထဲ ရောက်ကတည်းက ပထမဆုံးအကြိမ် ကျေနပ်တဲ့အမူအရာ ဖော်ပြတယ်။

"ဘယ်လိုလဲ" သူမက သူမညီမလေးကို ကျေနပ်စွာ ပြောတယ်။ "စနိတ်ပ်ကတောင် ဒီလိုပြောတယ်။ နင့်ကို မပြောနဲ့လို့ ပြောရင်၊ နင် တိတ်တိတ်နေပါ"

သို့ပေမယ့် စနိတ်ပ်ဟာ မတ်တတ်ထပြီး ပြတင်းပေါက်လေးရှေ့ကို ခြေလှမ်းကျဲကျဲ လျှောက်သွားလိုက်ပြီ၊ လိုက်ကာနောက်ကနေ စွန့်ပစ်ထားတာနဲ့တူတဲ့လမ်းကို ကြည့်လိုက်တယ်။ ဒီနောက် လိုက်ကာကို ဆတ်ခနဲ ပြန်ဆွဲပိတ်လိုက်တယ်။ သူဟာ နာဆစ်ဆာဘက် လှည့်လိုက်တယ်။ မျက်မှောင်ကြုတ်သွားတယ်။

"ကျုပ်လဲ အဲဒီစိမံကိန်းကို ကံအားလျော်စွာ သိရတယ်" သူက အသံနှိမ့်ပြောတယ်။ "မှော်နက်သခင်ကြီးက စိမံကိန်းကို အလွန်နည်းတဲ့လူအချို့ကိုပဲ ပြောပြတယ်။ ကျုပ်လဲ တစ်ယောက်ပါတယ်။ ဒါပေမယ့် တကယ်လို့ ကျုပ် ဒီလျှို့ဝှက်ချက်ကို မသိဘူးဆိုရင်၊ နာဆစ်ဆာ၊ ခင်ဗျားဟာ မှော်နက်သခင်ကြီးကို သစ္စာဖောက်တဲ့ အပြစ်ကြီး ကျူးလွန်လိမ့်မယ်"

"ရှင်သိမှာပဲလို့ ကျွန်မ မှန်းထားတယ်" နာဆစ်ဆာက ပြောတယ်။ အသက်ရှူချောင်သွားတယ်။ "သူက ရှင့်ကို ဒီလောက်တောင် ယုံကြည်တယ်၊ ဆီးဗရတ်စ် . . . ."

"ရှင် အဲဒီစိမံကိန်းကို သိတယ် ?" ဘဲလက်ထရစ်က ပြောတယ်။ ခုနက ကျေနပ်တဲ့အမူအရာဟာ ဒေါသမျက်နှာအဖြစ် ပြောင်းသွားတယ်။ "ရှင်သိနိုင်တယ် ?"

"ဒါပေါ့" စနိတ်ပ်က ပြောတယ်။ "ဒါပေမယ့် ခင်ဗျား ဘာအကူအညီလိုလို့လဲ၊ နာဆစ်ဆာ။ တကယ်လို့ ကျုပ်ကို မှော်နက်သခင်ကြီး စိတ်ကူးပြောင်း



အောင် ပြောနိုင်လိမ့်မယ်လို့ ခင်ဗျား စိတ်ကူးယဉ်ရင်၊ အဲဒါ မျှော်လင့်လို့ မရဘူး။ နည်းနည်းမှ မျှော်လင့်လို့ မရဘူး"

"ဆီးဗရတ်စ်" နာဆစ်ဆာက ပြောတယ်။ မျက်ရည်တွေဟာ သူမရဲ့ ဖြူဖပ်ဖြူရော်ပါးပြင်က စီးကျလာတယ်။ "ကျွန်မသား . . . . ကျွန်မရဲ့တစ်ဦးတည်းသောသား . . . ."

"ဒြာခို ဂုဏ်ယူသင့်တယ်" ဘဲလက်ထရစ်က အေးစက်စွာ ပြောတယ်။ "မှော်နက်သခင်ကြီးက သူ့ကို အလွန်ချီးမြှင့်တယ်။ ပြီးတော့ ငါ ဒြာခိုအစားစကားတစ်ခွန်းပြောမယ်။ သူဟာ တာဝန်ကို မဆုတ်မနစ် ဆောင်ရွက်တယ်။ သူဟာ မိမိစွမ်းအားပြဖို့ အခွင့်အရေးရှိတာ သိပ်ဝမ်းသာသလိုပဲ၊ သူဟာ အကြောင် ဖြစ်လာမယ့်ကိစ္စကို သိပ်သိပ်စိတ်ဓာတ်တက်ကြွတယ် —"

နာဆစ်ဆာဟာ ဝမ်းနည်းစွာ ငိုလာတယ်။ စနိတ်ပ်ကို တောင်းပန်အိုးလျှိုးစွာ ကြည့်နေတယ်။

"သူ အသက်ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်။ ရှေ့ကို ဘာနဲ့ရင်ဆိုင်ရမယ်ဆိုတာ လုံးဝမသိဘူး။ ဘာကြောင့်လဲ၊ စနိတ်ပ် ? ဘာဖြစ်လို့ ကျွန်မသား ဖြစ်ရတာလဲ၊ ဒါ သိပ်အန္တရာယ်ရှိတယ်၊ လူးရှပ်စ်အမှားကို ကလဲ့စားချေတာလား၊ ကျွန်မ သိတယ်"

စနိတ်ပ်က ဘာမှမပြောဘူး။ သူဟာ သူမအကြည့်ကို ရှောင်တယ်။ သူမမျက်ရည်ကို သွားမကြည့်ဘူး။ အဲဒါ မယဉ်ကျေးဘူးလို့ ထင်သလိုပဲ။ ဒါပေမယ့် သူဟာ သူမစကားသံကို မကြားချင်ယောင်ဆောင်လို့ မရဘူး။

"ဒါကြောင့် သူက ဒြာခိုကို ရွေးတာ၊ ဟုတ်လား" သူမက ဖိမေးတယ်။ "လူးရှပ်စ်ကို ဒဏ်ခတ်ဖို့၊ ဟုတ်လား"

"တကယ်လို့ ဒြာခိုအောင်မြင်သွားရင်" စနိတ်ပ်က ပြောတယ်။ မျက်စိကတော့ တခြားကြည့်နေတယ်။ "သူဟာ ကျန်လူအားလုံးထက် မြင့်မားတဲ့ ဂုဏ်ထူးကို ရမယ်"

"ဒါပေမယ့် သူ မအောင်မြင်နိုင်ပါဘူး" နာဆစ်ဆာက ငိုပြီး ပြောတယ်။ "သူ ဘယ်လိုဖြစ်နိုင်မှာလဲ၊ မှော်နက်သခင်ကြီးကိုယ်တိုင်တောင် —"

ဘဲလက်ထရစ် အသက်ရှူအောင့်သွားတယ်။ နာဆစ်ဆာဟာ သတ္တိမရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပြောချင်တာက . . . . တစ်ယောက်မှ အောင်မြင်ခဲ့တာ မရှိဘူးဆိုတော့ . . . . ဆီးဗရတ်စ် . . . . ကူညီပါ . . . . ရှင်ဟာ တစ်လျှောက်လုံး၊ အခုလဲပဲ ဗွာခိုအနှစ်သက်ဆုံးဆရာ . . . . ရှင်က လူးရှပ်စ်ရဲ့မိတ်ဆွေဟောင်းကြီး . . . . ကူညီပေးဖို့ တောင်းပန်ပါတယ် . . . . ရှင်ဟာ မှော်နက်သခင်ကြီး အနှစ်သက်ဆုံးလူယုံ၊ ယုံကြည်ရဆုံးအကြံပေး . . . . ရှင် သူနဲ့ပြောကြည့်လို့ရမလား၊ သူ့ကို နားချ —"

"မှော်နက်သခင်ကြီးကို နားချလို့မရနိုင်ဘူး။ ကျုပ် ဒီလိုဟာမျိုး ကြိုးစားရလောက်အောင် မညံ့ဖျင်းသေးဘူး" စနိတ်ပ်က ခြောက်ကပ်ကပ် ပြောတယ်။ "ကျုပ်က မှော်နက်သခင်ကြီး လူးရှပ်စ်ကို စိတ်မဆိုးဘူးလို့ ဟန်ဆောင်လို့ မဖြစ်ဘူး။ ထိုစဉ်က လူးရှပ်စ်ဟာ အဲဒီမှာ စောင့်နေရမှာ၊ နောက်ဆုံး သူကိုယ်နှိုက် အဖမ်းခံသွားရတယ်။ လူတွေအများကြီးလဲ အဆစ်ပါသွားတယ်။ ကြိုဟောဖန်လုံးလဲ ရမလာဘူး။ ဟုတ်တယ်၊ မှော်နက်သခင်ကြီး သိပ်စိတ်ဆိုးတယ်၊ နာဆစ်ဆာ၊ တကယ်ပဲ အလွန်စိတ်ဆိုးတယ်"

"ကျွန်မပြောတာ မှန်မယ်ထင်တယ်။ သူဟာ ကလဲ့စားချေဖို့ ဗွာခိုကို ရွေးချယ်တာ" နာဆစ်ဆာက ရှိုက်ရင်း ပြောတယ်။ "သူဟာ သူ့ကို လုံးဝ အောင်မြင်စေချင်တာမဟုတ်ဘူး၊ သူ့ကို အသက်ပျောက်စေချင်တာ"

စနိတ်ပ် စကားမပြောဘဲနေတာ တွေ့တော့၊ နာဆစ်ဆာဟာ နောက်ဆုံး ကိုယ့်ကိုကိုယ် ချုပ်ထိန်းနိုင်စွမ်း ပျောက်သွားသလိုပဲ။ သူမ မတ်တတ်ရပ်လိုက်တယ်။ စနိတ်ပ်ဆီ ဂယိမ်းဂယိုင်သွားတယ်။ စနိတ်ပ်ရဲ့ ဝတ်ရုံရှည်ရင်ဘတ်ကို ဆွဲပြီး မျက်နှာကို သူ့မျက်နှာနား ကပ်လိုက်တယ်။ မျက်ရည်စက်တွေ သူ့ရင်ဘတ်ပေါ် လိမ့်ဆင်းသွားတယ်။ သူမက အသက်ပြင်းပြင်းရှူရင်း ပြောတယ်။ "ရှင် လုပ်နိုင်ပါတယ်။ ဗွာခို မလုပ်နိုင်ဘူး။ ရှင်လုပ်နိုင်တယ်၊ ဆီးဗရတ်စ်။ ရှင် အောင်မြင်မှာပါ၊ ရှင် မုချအောင်မြင်မှာပါ။ သူ ရှင့်ကို ပေးမယ့် ဆုလာဘ်ဟာ ကျွန်မတို့အားလုံးထက် သာမှာပါ —"

စနိတ်ပ်က သူမလက်ကောက်ဝတ်ကို ဆွဲပြီး မိမိဝတ်ရုံရှည်ရင်ဘတ်ကို တအားဆုပ်ကိုင်ထားတဲ့လက်ကို ဖယ်ပစ်တယ်။ သူဟာ သူမရဲ့ မျက်ရည်တွေနဲ့ မျက်နှာကို ငုံ့ကြည့်ပြီးမှ ဖြည်းဖြည်းပြောတယ်။ "ကျုပ်ထင်တယ်၊ သူက နောက်ဆုံးမှ ကျုပ်ကို သွားလုပ်ခိုင်းမှာ။ ဒါပေမယ့် သူက ဗွာခိုကို အရင် စမ်းလုပ်ခိုင်းဖို့ ဆုံးဖြတ်တယ်။ ခင်ဗျား သိပါတယ်၊ တကယ်လို့ ဗွာခို အောင်မြင်



သွားရင်၊ ကျုပ် ဟော့ဂ်ဝပ်မှာ ပိုကြာကြာနေလို့ရမယ်။ သူလျှိုတစ်ယောက်ရဲ့ အခန်းကို နောက်ဆုံးထိ သရုပ်ဆောင်သွားနိုင်တယ်"

"တစ်မျိုးပြောရရင်၊ သူဟာ ဗွာခို သေသေရှင်ရှင် လုံးဝဂရုမစိုက်ဘူး"

"မှော်နက်သခင်ကြီး အလွန်စိတ်ဆိုးတယ်" စနိတ်ပ်က အသာလေး ထပ်ခါထပ်ပြောတယ်။ "သူ ကြိုဟောစကားကို မကြားရဘူး။ ခင်ဗျားလဲ ကျုပ်လိုပဲ နှင်းပါတယ်၊ နာဆစ်ဆာ၊ သူဟာ လူကို လွယ်လွယ်နဲ့ ခွင့်လွှတ်နိုင်တဲ့လူ မဟုတ်ဘူး"

သူမဟာ သူ့ခြေရင်းမှာ ပြိုလဲကျသွားတယ်။ ရှိုက်ငိုနေတယ်၊ ညည်းညူနေတယ်။

"ကျွန်မရဲ့ တစ်ဦးတည်းသောသား . . . . ကျွန်မတစ်ဦးတည်းသော သားလေး . . . ."

"နင် ဂုဏ်ယူသင့်တယ်" ဘဲလက်ထရစ်က ရက်စက်စွာ ပြောတယ်။ "အကယ်လို့ ငါ့မှာ သားရှိရင်၊ သူတို့ကို မှော်နက်သခင်ကြီးအတွက် အသက်စွန့်ခိုင်း ပေးအပ်မှာ"

နာဆစ်ဆာဟာ ကြေကွဲစွာ အော်လိုက်ပြီး မိမိရွှေရောင်ဆံပင်ကို ဆွဲထားတယ်။ စနိတ်ပ်က ခါးကုန်းပြီး သူမလက်မောင်းကို ဆွဲထူလိုက်တယ်။ သူမကို ဆိုဖာပေါ် ပြန်ထိုင်စေတယ်။ ဒီနောက် သူက သူမအတွက် ဝိုင်တစ်ခွက် ငှဲ့ပြီး ခွက်ကို သူမလက်ထဲ ထိုးထည့်တယ်။

"နာဆစ်ဆာ၊ တော်ပြီ။ ဒါကို သောက်လိုက်၊ ကျုပ်ပြောတာ နားထောင်"

သူမဟာ အနည်းငယ် တည်ငြိမ်လာတယ်၊ တုန်ယင်စွာနဲ့ တစ်ငုံ သောက်လိုက်တယ်။ အရက်တချို့ ကိုယ်ပေါ် ဖိတ်ကျသွားတယ်။

"ကျုပ် ဗွာခိုကို . . . . ကူညီနိုင်မယ်ထင်တယ်"

သူမဟာ ဆတ်ခနဲ ကိုယ်ကို မတ်လိုက်တယ်။ မျက်နှာဟာ စက္ကူဖြူလို ဖြူဖပ်ဖြူပြီး မျက်လုံးကြီး ဝိုင်းနေတယ်။

"ဆီးဗရတ်စ် — အိုး၊ ဆီးဗရတ်စ် — ရှင် သူ့ကို ကူညီမယ် ? သူ့ကို စောင့်ရှောက်အောင် တာဝန်ယူမယ် ?"

"ကျွန်တော် ကြိုးစားနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမဟာ ဖန်ခွက်ကို ပစ်ချလိုက်တယ်။ ဖန်ခွက်ဟာ စားပွဲဟိုဘက်သို့ လျှောသွားတယ်။ သူမဟာ ဆိုဖာပေါ်က လျှောဆင်းသွားပြီး စနိတ်ပ်ခြေရင်းမှာ ဒူးထောက်လိုက်တယ်။ လက်နှစ်ဘက်နဲ့ သူ့လက်ကို သွားဆွဲပြီး၊ ပါးစပ်နဲ့ ကပ်လိုက်တယ်။

"တကယ်လို့ ရှင် အဲဒီမှာ သူ့ကို ကာကွယ်မယ်ဆိုရင် . . . . ဆီးဗရတ်စ်၊ ရှင်ကတိပြုမလား။ ရှင်ဖြိုဖျက်လို့မရတဲ့ ကတိသစ္စာပြုမလား" စနိတ်ပ် မျက်နှာပေါ်က အမူအရာဟာ ဘာဆိုတာ ဝေခွဲမရဘူး။ ဘဲလက်ထရစ်ဟာ ကျေနပ်စွာ ရယ်သံတွေ ထွက်လာတယ်။

"နင် သေချာနားမလည်ဘူးလား၊ နာဆစ်ဆာ။ အိုး၊ သူက ကြိုးစားမယ်တဲ့၊ ငါ ယုံတယ် . . . . အလကားစကားတွေ လာပြန်ပြီ။ ရင်မဆိုင်ဘဲ ထွက်ပြေးတာပဲ . . . . အိုး၊ ဒါပေါ့လေ၊ မှော်နက်သခင်ကြီးအမိန့်ကို နာခံတာပဲပေါ့"

စနိတ်ပ်က ဘဲလက်ထရစ်ကို မကြည့်ဘူး။ မည်းနက်တဲ့ သူ့မျက်စိဟာ မျက်ရည်တွေနဲ့ စိုနေတဲ့ နာဆစ်ဆာရဲ့မျက်လုံးကို တင်းတင်းစိုက်ကြည့်နေတယ်။ သူမကတော့ သူ့လက်ကို တင်းကြပ်စွာ ဆွဲထားဆဲပဲ။

"ရတာပေါ့၊ နာဆစ်ဆာ၊ ကျုပ် ဖြိုဖျက်လို့မရတဲ့ ကတိသစ္စာပြုမယ်" သူက အသာလေးပြောတယ်။ "ခင်ဗျားအစ်မက ကျုပ်တို့ရဲ့သက်သေလုပ်ဖို့ သဘောတူချင်တူမှာ"

ဘဲလက်ထရစ်ဟာ အံ့ဩလို့ ပါးစပ်အဟောင်းသား ဖြစ်နေတယ်။ ဆီးဗရတ်စ်က ကိုယ်ကို နှိမ့်ပြီး နာဆစ်ဆာနဲ့ မျက်နှာချင်းဆိုင် ဒူးထောက်ထိုင်လိုက်တယ်။ ဘဲလက်ထရစ်ရဲ့ အံ့အားသင့်တဲ့ အကြည့်အောက်မှာ၊ သူတို့ဟာ ညာလက်ချင်း ဆုပ်ကိုင်ထားလိုက်တယ်။

"ခင်ဗျား မှော်ကြိမ်လုံး ကိုင်ထားမှ၊ ဘဲလက်ထရစ်" စနိတ်ပ်က အေးစက်စက်ပြောတယ်။

သူမက မှော်ကြိမ်လုံး ဆွဲထုတ်လိုက်တယ်၊ အံ့ဩတဲ့ အမူအရာ မပျောက်သေးဘူး။

"ခင်ဗျား နည်းနည်းရှေ့တိုးဖို့လိုတယ်" သူက ပြောတယ်။

သူမ ရှေ့တက်လာပြီး သူတို့နှစ်ယောက်အားမှာ ရပ်တယ်။ မှော်ကြိမ်လုံးထိပ်ဖျားကို သူတို့ဆုပ်ကိုင်ထားတဲ့ လက်နှစ်ခုပေါ် ထောက်ထားတယ်။



နာဆစ်ဆာက စကားပြောတယ်။

"ဆီးဗရတ်စ်၊ ကျွန်မသား ဒရာခို မှော်နက်သခင်ကြီးရဲ့ဆန္ဒကို ပြီးမြောက်အောင် ကြိုးစားတဲ့အခါမှာ၊ ရှင် သူ့ကို စောင့်ရှောက်မလား"

"စောင့်ရှောက်မယ်" စနိတ်ပ်က ပြောတယ်။

သေးပြီး မျက်စိစူးစေတဲ့ မီးညွှန့်ဟာ မှော်ကြိမ်လုံးဖျားကနေ ပန်းထွက်လာတယ်။ အလွန်နီရဲပူပြင်းတဲ့ သတ္တုကြိုးမျှင်တစ်ချောင်းလို သူတို့ ဆုပ်ကိုင်ထားတဲ့လက်ကို ရစ်ပတ်သွားတယ်။

"ရှင်ဟာ သူ့ကို ဒဏ်ရာမရအောင် ကာကွယ်ဖို့ အစွမ်းကုန် ကြိုးစားမလား"

"ကြိုးစားမယ်" စနိတ်ပ်က ပြောတယ်။

ဒုတိယမီးညွှန့်ဟာ မှော်ကြိမ်လုံးထဲက ပန်းထွက်လာပြီး ပထမတစ်ခုနဲ့ [illegible]သွားတယ်။ သေးငယ်ပြီး အနီရောင်လက်နေတဲ့ ချိန်းကြိုး ဖြစ်သွားတယ်။

"ပြီးတော့၊ လိုအပ်ခဲ့ရင် . . . . ဒရာခို ရှုံးနိမ့်တော့မယ့်အချိန် . . . ." နာဆစ်ဆာက တိုးတိုးပြောတယ် (စနိတ်ပ်လက်ဟာ သူမလက်ထဲမှာ တုန်လှုပ်နေတယ်၊ ဒါပေမယ့် သူက လက်ကို ဆွဲမထုတ်ဘူး)၊ "ရှင်ဟာ မှော်နက်သခင်ကြီး[illegible]တဲ့အလုပ်ကို ဆုံးခန်းတိုင်အောင် ဆက်လုပ်မလား"

ခဏတာ ငြိမ်သက်နေတယ်။ ဘဲလက်ထရစ်က သူတို့ကို ကြည့်နေတယ်၊ သူမမှော်ကြိမ်လုံးဟာ သူတို့ရဲ့ တင်းတင်းဆုပ်ကိုင်ထားတဲ့ လက်ပေါ်မှာ [illegible]နေတယ်၊ သူမ မျက်လုံးပြူးနေတယ်။

"ကျွန်တော် လုပ်မယ်" စနိတ်ပ်က ပြောတယ်။

ဘဲလက်ထရစ်ရဲ့မျက်နှာဟာ တတိယမီးညွှန့်အရောင်ထိုးလို့ နီရဲနေတယ်။ မီးညွှန့်ဟာ မှော်ကြိမ်လုံးထဲက ပန်းထွက်လာပြီး ရှေ့က နှစ်ခုနဲ့ [illegible]သွားတယ်၊ သူတို့ ဆုပ်ကိုင်ထားတဲ့ လက်နှစ်ဘက်ကို တင်းတင်း [illegible]သွားတယ်၊ ကြိုးတစ်ချောင်းလို၊ မီးပန်းတဲ့ မြွေတစ်ကောင်လို။

www.burmeseclassic.com

www.burmeseclassic.com



## ၃။ လုပ်မယ်၊ မလုပ်ဘူး

ဟယ်ရီ-ပေါ်တာဟာ ကျယ်ကျယ်ဟောက်နေတယ်။ သူဟာ အိမ်ခန်း ပြတင်းရှေ့က ထိုင်ခုံပေါ်မှာ ထိုင်နေတာ လေးနာရီလောက် ရှိပြီ။ အပြင်က မှောင်မည်းလာတဲ့လမ်းကိုပဲ စိုက်ကြည့်နေတယ်။ နောက်တော့ အိပ်ပျော်သွားတယ်။ သူ့ပါးတစ်ဖက်ဟာ အေးစက်တဲ့မှန်ပေါ် ကပ်ထားတယ်။ မျက်မှန်နဲ့ စောင်းပြီး ပါးစပ်ကြီး ပြနေတယ်။ သူ ပြတင်းပေါ် မှုတ်ထုတ်တဲ့ အငွေ့ဟာ အပြင်က လိမ္မော်ရောင်လမ်းမီးကြောင့် လက်နေတယ်။ ဒီလို သဘာဝမကျတဲ့ မီးရောင်အောက်မှာ၊ သူ့မျက်နှာ သွေးရောင်မရှိဘူး။ မည်းနက်တဲ့ဆံပင်တွေ ဆောင်းပွနေတယ်။ ကြည့်ရတာ ဝိညာဉ်နဲ့တူနေတယ်။

အခန်းထဲမှာ ပစ္စည်းအမျိုးမျိုး ပြန့်ကျဲနေတယ်။ အမှိုက်တွေလည်း အများကြီးပဲ။ ကြမ်းပေါ်မှာ ဇီးကွက်အမွေး၊ ပန်းသီးအစေ့နဲ့ သကြားလုံးစက္ကူတွေ ရှိတယ်။ ခုတင်ပေါ်မှာ မှော်စာအုပ်တချို့ ဝတ်ရုံနဲ့ရောပြီး ဖုံးထားတယ်။ စားပွဲပေါ်ရှိ စားပွဲတင်မီးအောက်မှာ သတင်းစာတစ်ထပ် ရှိတယ်။ ၎င်းအနက် တစ်စောင်ပါ ခေါင်းစီးဟာ သိပ်ပေါ်လွင်တယ်။



ဟယ်ရီပေါ်တာ၊ ရွေးချယ်ခံရသူလား ?

လူတွေဟာ မှော်ဝန်ကြီးဌာနမှာ ခုတလောဖြစ်ပွားတဲ့ ရှုန်းရင်းဆန်ခတ်ဖြစ်မှုကို ဆက်လက်ပြီး ပြောဆိုနေကြတယ်။ ၎င်းကိစ္စမှာ နာမည်တောင် မခေါ်ဝံ့တဲ့ မှော်နက်ဆရာကြီး ပြန်ပေါ်လာတယ်။

"ကျွန်တော်တို့ ဒီအကြောင်း ပြောခွင့်မရှိဘူး။ ကျွန်တော့်ကို ဘာမှ မမေးပါနဲ့" မိမိနာမည်ကို မဖော်ပြလိုတဲ့၊ ကြောင့်ကြနေတဲ့ မှတ်ဉာဏ်ပယ်ဖျက်ရေးလုပ်သားက မှော်ဝန်ကြီးဌာနက ထွက်ခွာခါနီး မနေ့ညက ပြောတယ်။

သို့ပေမယ့် မှော်ဝန်ကြီးဌာန သတင်းအချက်အလက် ပြည့်စုံတဲ့ ပုဂ္ဂိုလ်က အဲဒီ ရှုန်းရင်းဆန်ခတ်ဖြစ်မှုရဲ့ ဗဟိုနေရာဟာ ပြောဆိုနေကြတဲ့ ကြိုဟောခန်းမထဲမှာလို့ အတည်ပြုတယ်။

ခုချိန်ထိ မှော်ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူဟာ ဒီလိုနေရာမျိုး ရှိကြောင်း အတည်ပြုဖို့ ငြင်းဆန်နေပေမယ့်၊ မှော်လောကက လူတွေ ပိုပိုပြီး ယုံကြည်လာတာက၊ အဲဟို ကျူးကျော်ဝင်ရောက်ခြင်းနဲ့ ခိုးယူခြင်းကြောင့် အက်ဇခါဘန်မှာ ထောင်ကျနေတဲ့ ဒက်အီတာတွေဟာ၊ ထိုစဉ်က ကြိုဟောဖန်လုံးတစ်လုံးကို ခိုးယူဖို့ ကြိုးစားတယ်။ အဲဒီ ကြိုဟောဖန်လုံးထဲ ဘာပါတယ်ဆိုတာ မရှင်းဘူး။ ဒါပေမယ့် လူတွေဟာ ဟယ်ရီ-ပေါ်တာနဲ့ ဆိုင်တယ်လို့ ခန့်မှန်းနေကြတယ်။ သူဟာ လူတွေသိထားတဲ့ သတ်ဖြတ်ကျိန်စာထဲကနေ အသက်ရှင်ကျန်ရစ်သူ ဖြစ်တယ်။ ပြီးတော့ အခင်းဖြစ်ပွားတဲ့ညမှာ၊ သူလဲ မှော်ဝန်ကြီးဌာနမှာ ရှိတယ်လို့ ကြားရတယ်။ တချို့က သူ့ကို "ရွေးချယ်ခံရသူ" လို့တောင် ခေါ်တယ်။ အဲဟို ကြိုဟောစကားက ပေါ်တာသာလျှင် ကျွန်တော်တို့ကို နာမည်တောင် မခေါ်ဝံ့တဲ့ မှော်နက်ဆရာကြီး ဆီက လွတ်မြောက်အောင် လုပ်နိုင်မယ်လို့ ယုံကြည်ကြတယ်။

အဲဒီကြိုဟောဖန်လုံး တကယ်ရှိတယ်ပဲထား၊ အခု ဘယ်ရောက်နေမှန်း မသိဘူး။ ဒါပေမယ့် (စာမျက်နှာ ၂၊ ကော်လံ ၅ ကိုဆက်ကြည့်ပါရန်)

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယသတင်းစာဟာ ပထမသတင်းစာဘေးမှာ ထားတယ်၊ ခေါင်းစဉ်းက။

**စခရင်းမ်ဂျဲ ဖဒ်ဂ်ကို အစားထိုး**

မျက်နှာဖုံးနေရာ အများပိုင်းကို ယောကျ်ားတစ်ယောက်ရဲ့ အဖြူအမည်းဓာတ်ပုံတွေက နေရာယူထားတယ်။ သူ့မှာ ခြသေ့်အမွေးလို ထူထဲတဲ့ ဆံပင်နဲ့ ရိုင်းစိုင်းကြမ်းကြုတ်တဲ့ မျက်နှာရှိတယ်။ ဓာတ်ပုံက အရှင် —— အဲဒီလူဟာ မျက်နှာကြက်ဆီ လက်ယမ်းပြနေတယ်။

မှော်ဝန်ကြီးဌာန တရားဥပဒေလုပ်ဆောင်ရေးဌာနခွဲက ယခင်အောရာရုံးအုပ် ရူးဖူးစ်-စခရင်းမ်ဂျဲဟာ ကွန်နယ်လစ်-ဖဒ်ဂ်ရဲ့ မှော်ဝန်ကြီးဌာန ဝန်ကြီးနေရာကို အစားထိုးလိုက်တယ်။

ဒီလိုခန့်အပ်ခြင်းကို မှော်လောကက ကျယ်ကျယ်ပြန့်ပြန့် လှိုက်လှဲစွာ ကြိုဆိုလိုက်တယ်။ သို့ပေမယ့် ဝန်ကြီးသစ် စခရင်းမ်ဂျဲ ရာထူးတက်ပြီး နာရီအချို့အတွင်းမှာ၊ သူဟာ မကြာခင်ကမှ ဝစ်ဇန်ဂါမော့ ပထမအကြီးအကဲနေရာပြန်ရတဲ့ အောဘတ်စ်-ဒမ်ဘာလီဒိုးနဲ့ မသင့်မြတ်ကြောင်း သတင်းထွက်လာတယ်။

စခရင်းမ်ဂျဲရဲ့ ကိုယ်စားလှယ်က ဝန်ကြီးဟာ အမြင့်ဆုံးရာထူးနေရာ ခံယူပြီးတာနဲ့ ဒမ်ဘာလီဒိုးနဲ့ တွေ့ဆုံမယ်လို့ ဝန်ခံတယ်။ ဒါပေမယ့် သူတို့ ဆွေးနွေးမယ့် အကြောင်းအရာကို ပြောဖို့ ငြင်းဆန်တယ်။ သိရသလောက် အောဘတ်စ်-ဒမ်ဘာလီဒိုးဟာ (စာမျက်နှာ ၃၊ ဒုတိယ ပိုဒ်ကို ဆက်ဖတ်ပါရန်)။

အဲဒီသတင်းစာရဲ့ ဘယ်ဘက်မှာ ခေါက်ထားတဲ့ သတင်းစာတစ်စောင် ရှိသေးတယ်။ အထဲမှာပါတဲ့ "မှော်ဝန်ကြီးဌာနက ကျောင်းသားများ လုံခြုံရေးကို အာမခံတယ်" ဆောင်းပါးကို မြင်ရတယ်။



မှော်ဝန်ကြီးဌာန ဝန်ကြီးသစ် ရူးဖူးစ်-စခရင်းမ်ဂျဲ ဒီနေ့ မိန့်ခွန်းပြောတယ်။ မှော်ဝန်ကြီးဌာနဟာ တင်းမာတဲ့ လုပ်ဆောင်ချက်အသစ်နဲ့ ဟော့ဂ်ဝပ်မှော်ပညာသင်ကျောင်းက ကျောင်းသားတွေ ဒီနှစ်ဆောင်းဦးရာသီမှာ ကျောင်းကို လုံခြုံစွာ ပြန်ရောက်ဖို့ အာမခံတယ်။

"သိသာတဲ့အကြောင်းကြောင့်၊ မှော်ဝန်ကြီးဌာနဟာ တင်းကြပ်တဲ့ လုံခြုံရေးစီမံကိန်းသစ်ပါ အခိုင်အမာ အတွင်းသဘောကို ထုတ်ဖော်မှာ မဟုတ်ဘူး"လို့ ဝန်ကြီးက ပြောတယ်။ သို့ပေမယ့် အတွင်းပိုင်းပုဂ္ဂိုလ်တစ်ဦးက ဒီလုပ်ဆောင်ချက်တွေမှာ ခုခံကာကွယ်တဲ့ မှော်ပညာနဲ့ ဂါထာများ၊ ချေဖျက်ဂါထာတစ်စုံလုံးနဲ့ ဟော့ဂ်ဝပ်ကျောင်းကို ကာကွယ်ဖို့ အောရာအဖွဲ့ငယ်တစ်ဖွဲ့တို့ ပါဝင်တယ်လို့ အတည်ပြုတယ်။

ဝန်ကြီးသစ်က ကျောင်းသားလုံခြုံရေးကို ပြတ်သားစွာ အာမခံတဲ့ ရပ်တည်ချက်ကြောင့် လူအများစု သံသယ ကင်းရှင်းသွားတယ်။ မစ္စစ် [illegible]ဂုတ်စတာ-လွန်ဘော့တမ်က ပြောတယ်။ "ကျွန်မမြေး နီဗီး —— [illegible] ဟယ်ရီ-ပေါ်တာရဲ့ ချစ်သူငယ်ချင်းတစ်ယောက် ဖြစ်တယ်၊ ဇွန်လက ဝန်ကြီးဌာနထဲမှာ ဟယ်ရီနဲ့ အတူတကွ ဒက်အီတာတွေကို တိုက်ခိုက်ခဲ့တယ်။ ပြီးတော့ ——

ဒီသတင်းရဲ့ တခြားအပိုင်းတွေကို အပေါ်မှာ တင်ထားတဲ့ ငှက်[illegible] ကွယ်ထားတယ်။ ငှက်လှောင်အိမ်ထဲမှာ အလွန်သားနားတဲ့ [illegible]တစ်ကောင် ရှိတယ်။ ၎င်းရဲ့ပယင်းရောင်မျက်လုံးဟာ အခန်းကို [illegible] ကြည့်နေတယ်။ ခေါင်းကို မကြာခဏလှည့်ပြီး အိပ်မောကျနေတဲ့ [illegible] ကြည့်နေတယ်။ တစ်ကြိမ်နှစ်ကြိမ်မှာ သူဟာ စိတ်မရှည်ဘဲ ပါးစပ်ကို [illegible] မြည်အောင်လုပ်တယ်။ ဒါပေမယ့် ဟယ်ရီ အိပ်မောကျနေလို့ လုံးဝ [illegible]

[illegible] အလယ်မှာ သေတ္တာကြီးတစ်လုံး ချထားတယ်။ အဖုံးပွင့်နေ[illegible] မျှော်လင့်နေသလိုပဲ။ ဒါပေမယ့် အထဲမှာ ဗလာလောက် [illegible] အတွင်းအကျီဟောင်း၊ မင်ပုလင်းအလွတ်နဲ့ ငှက်မွေး [illegible] ရှိတယ်။ သေတ္တာဘေးက ကြမ်းပေါ်မှာ ခရမ်းရောင်စာအုပ် [illegible] ရှိတယ်၊ မြင်သာတဲ့စာလုံးတွေ ပုံနှိပ်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



## မှော်ဝန်ကြီးဌာနအမိန့်အရ ထုတ်ဝေတယ်

သင့်အိမ်နဲ့ သင့်မိသားစု မှော်နက်အင်အားကြောင့်
ဒုက္ခမရောက်အောင် ကာကွယ်တယ်

အခု မှော်လောကမှာ မိမိဖာသာ ဒက်အီတာလို့ခေါ်တဲ့ အဖွဲ့အစည်းရဲ့ အန္တရာယ် ကျရောက်နေတယ်။ အောက်ပါလွယ်ကူတဲ့ လုံခြုံရေးလမ်းညွှန်ချက်တွေကို လိုက်နာခြင်းဖြင့် သင်နဲ့ သင့်မိသားစု၊ သင့်နေအိမ်တို့ အတိုက်ခိုက် မခံရအောင် အထောက်အကူဖြစ်စေတယ်။

၁။ တစ်ဦးထဲ အိမ်က အပြင်မထွက်ပါနဲ့။

၂။ ညအချိန် အထူးသတိရှိပါ။ အပြင်ထွက်ရင် မိုးမချုပ်ခင် အရောက် ပြန်ပါ။

၃။ နေအိမ်ပတ်လည်ရှိ လုံခြုံရေးတပ်ဆင်မှုကို စစ်ဆေးပါ။ တစ်အိမ်သားလုံး အရေးပေါ် ဆောင်ရွက်ရန်များကို သိအောင် လုပ်ထားပါ။ ဥပမာ၊ သံချပ်ကာဂါထာ၊ ထင်ယောင်မှားဂါထာ စသည်။ မိသားစုတွင်း အရွယ်မရောက်သေးတဲ့ ကလေးတွေ ပူးတွဲရုပ်ပေါ်ခြင်း သင်ထားဖို့ လိုတယ်။

၄။ ဆွေမျိုး မိတ်သင်္ဂဟနဲ့ လုံခြုံရေးဝှက်စကားများ ညှိထားရမယ်။ ဒီနည်းနဲ့ ဒက်အီတာတွေ ပိုလီဆေးရည် အသုံးပြုပြီး တခြားလူ ဟန်ဆောင်ခြင်းကို သိအောင်လုပ်ရမယ် (စာမျက်နှာ ၂ ကို ကြည့်)။

၅။ တကယ်လို့ အိမ်သားတစ်ယောက်ယောက်၊ လုပ်ဖော်ကိုင်ဖက်၊ မိတ်ဆွေ ဒါမှမဟုတ် အိမ်နီးနားချင်းများ အပြုအမူ ပုံမှန်မရှိရင် မှော်ဝန်ကြီးဌာန တရားဥပဒေဖော်ဆောင်ရေးတပ်ဖွဲ့နဲ့ ဆက်သွယ်ပါ။ ၎င်းတို့ ဝိညာဉ်လုကျိန်စာ ချထားခံရနိုင်တယ်။ (စာမျက်နှာ ၄ ကို ကြည့်ပါ)။

၆။ အကယ်၍ မှော်နက်အမှတ်အသား နေအိမ် ဒါမှမဟုတ် အဆောက်အဦပေါ်မှာ ပေါ်လာခဲ့ရင်၊ လုံးဝအထဲမဝင်ပါနဲ့။ ချက်ချင်း အောရာရုံးနဲ့ ဆက်သွယ်ပါ။



၇။ အတည်မပြုရသေးတဲ့ သတင်းအရ ဒက်အီတာတွေဟာ အခု အလောင်းကောင်ကို အသုံးပြုနိုင်တယ် (စာမျက်နှာ ၁၀ ကို ကြည့်ပါ)။ အကယ်၍ အလောင်းကောင်ကို မြင်ရခြင်း၊ တွေ့ဆုံရခြင်း ရှိပါက၊ ချက်ချင်း မှော်ဝန်ကြီးဌာနကို အကြောင်းကြားပါ။

ဟယ်ရီက အိပ်ရင်း အသံထွက်လာတယ်။ ပါးပြင်ဟာ ပြတင်းပေါ်မှာ အောက်သို့ တစ်လက်မ နှစ်လက်မ လျှောကျလာတယ်။ မျက်မှန် ပိုစောင်းသွားတယ်၊ ဒါပေမယ့် သူ မနိုးဘူး။ လွန်ခဲ့တဲ့ နှစ်အချို့က ဟယ်ရီ ပြင်ထားတဲ့ နိုးစက်နာရီဟာ ပြတင်းခုံပေါ်မှာ ဒတ်ဒတ်ဒတ်နဲ့ သွားနေတယ်။ အချိန်က ဆယ့်တစ်နာရီထိုးဖို့ တစ်မိနစ်လို။ နာရီဘေးမှာ ဟယ်ရီရဲ့ ပွင့်နေတဲ့လက်ထဲမှာ သိုးရေစက္ကူတစ်ရွက် ရှိတယ်။ စာရွက်ပေါ်မှာ သေးသွယ်တဲ့ တစ်ဖက်ကို စောင်းနေတဲ့ လက်ရေးနဲ့ စာအချို့ ရေးထားတယ်။ ဒီစာ လွန်ခဲ့တဲ့ သုံးရက်က ရောက်လာပြီးနောက်၊ ဟယ်ရီ အမြဲထုတ်ထုတ်ကြည့်တယ်။ ရောက်ခါစက သိုးရေစက္ကူလိပ်နေတာပဲ။ အခု ပြန့်နေပြီ။

ချစ်လှစွာသော ဟယ်ရီ၊

မင်း အဆင်ပြေရင်၊ ကျုပ် ဒီအပတ် သောကြာနေ့ည ဆယ့်တစ်နာရီမှာ အမှတ် ၄၊ ရေဖယောင်းပင်လမ်းကို လာပြီး မင်းကို အညတာရဂေဟာ ခေါ်သွားမယ်။ သူတို့က မင်းကို ကျန်ရှိတဲ့ နွေကျောင်းပိတ်ရက်များအတွင်း အဲဒီမှာ နေဖို့ ဖိတ်ခေါ်တယ်။

ဒီပြင်၊ ကျုပ် အညတာရဂေဟာ သွားတဲ့လမ်းမှာ လုပ်စရာတစ်ခု ရှိတယ်။ မင်း အကူအညီရရင် ကျုပ် အလွန်ဝမ်းသာမှာ ဖြစ်တယ်။ အကြောင်းစုံကို တွေ့မှပြောမယ်။

ပြန်စာကို ဒီဇီးကွက်နဲ့ ပြန်ထည့်လိုက်စေလိုပါတယ်။ သောကြာနေ့ တွေ့ကြမယ်။

ဆင့် သစ္စာအရှိဆုံး
အောလတ်စ်-ဒမ်ဘယ်လီဒိုး

www.burmeseclassic.com

www.burmeseclassic.com



တထဲ ရေးတာတွေကို ဟယ်ရီ မှတ်နေအောင် အလွတ်ရနေပြီ။ ဒါပေမယ့် ည ခုနစ်နာရီကစ အိပ်ခန်းပြတင်းဘေး (ဒီကနေ ရေဖယောင်းပင်တန်းနဲ့ လမ်းဝနှစ်ခုစလုံးကို ရှင်းရှင်းမြင်နိုင်တယ်) ထိုင်နေပြီးနောက်၊ သူဟာ မိနစ်အနည်းငယ်ကြာတိုင်း စာကို အသာလေး ကြည့်ကြည့်နေတယ်။ ဒမ်ဘလီဒိုး စာကို အခါခါ ကြည့်နေစရာမလိုဘူးဆိုတာ သူ သိတယ်။ ဟယ်ရီဟာ သူလက်ခံတဲ့အကြောင်းကို စာလာပို့တဲ့ ဇီးကွက်နဲ့ ပြန်ပို့ခဲ့ပြီးပြီ။ သူ အခု လုပ်နိုင်တာက စောင့်ဖို့ပဲ ရှိတယ်။ ဒမ်ဘလီဒိုး လာလာ မလာလာ စောင့်ဖို့ပဲ။

ဒါပေမယ့် ဟယ်ရီ အထုပ်အပိုးတွေ မသိမ်းဆည်းဘူး။ ဒါစလီတို့အိမ်မှာ နှစ်ပတ်ပဲ နေရသေးတယ်၊ ကယ်တင်မယ့်လူ ပေါ်လာတယ်ဆိုတော့ သိပ်ကို အကောင်းလွန်နေတယ်။ အစစ်အမှန်နဲ့ မတူဘူး။ သူဟာ ရင်ထဲက ကြောင့်ကြမှုက ရှန်းမထွက်နိုင်ဘူး။ တစ်ခုခုတော့ လွဲမှားလိမ့်မယ်လို့ ထင်နေတယ် —— သူ ဒမ်ဘလီဒိုးကို ပေးတဲ့စာ တခြားရောက်သွားမလား။ ဒမ်ဘလီဒိုး အချိန်ကြန့်ကြာသွားပြီး သူ့ကို လာမကြိုနိုင်တာလား။ ဒါမှမဟုတ် အဲဒီစာဟာ ဒမ်ဘလီဒိုး ရေးတာကို မဟုတ်ဘူး၊ ပြက်ရယ်ပြုတဲ့ စာမျှသာ၊ တမင်ကျီစားတာ ဒါမှမဟုတ် ထောင်ချောက်မျှသာ။ တကယ်လို့ ပျော်ရွှင်စွာ အထုပ်အပိုး ပြင်ဆင်ပြီး နောက်ဆုံးမှာ သိပ်စိတ်ပျက်ရမယ်၊ ပစ္စည်းတွေ သေတ္တာထဲက ပြန်ထုတ်ရမယ်ဆိုရင်၊ ဟယ်ရီ ခံစားနိုင်မှာ မဟုတ်ဘူး။ ရောက်လာနိုင်တဲ့ ခရီးထွက်ရမယ့်ကိစ္စအတွက်၊ သူလုပ်ခဲ့တဲ့ တစ်ခုတည်းသော အလုပ်ကတော့ ဖြူဖွေးတဲ့ ဇီးကွက် ဟက်ဒဝစ်ကို လှောင်အိမ်ထဲ သေချာပိတ်ထားတာပဲ။

နှိုးစက်နာရီရဲ့ မိနစ်လက်တံဟာ ဆယ့်နှစ်ကို ညွှန်ပြပြီ။ တစ်ချိန်တည်းလောက်မှာပဲ၊ ပြတင်းအပြင်ဘက်က လမ်းမီးတွေ ရုတ်တရက် ငြိမ်းသွားတယ်။

အဲဒီလို ရုတ်တရက် မှောင်မည်းသွားခြင်းက ဟယ်ရီ့ကို နှိုးစက်က နှိုးလိုက်သလို လန့်နိုးလာစေတယ်။ သူဟာ မျက်မှန်ကို အမြန်တည့်မတ်လိုက်တယ်။ မှန်ပေါ်ကပ်ထားတဲ့ ပါးပြင်ကို ရွှေ့လိုက်ပြီး နှာခေါင်းနဲ့ ပြတင်းနဲ့ ကပ်လိုက်တယ်၊ မျက်စိမှေးပြီး အောက်ဘက် လူသွားလမ်းကို ကြည့်တယ်။ ခြုံထည်အရှည်ဝတ်ထားတဲ့ အရပ်မြင့်မြင့်ကိုယ်ရှိပ်ဟာ ပန်းခြံလမ်းကလေး တစ်လျှောက် လျှောက်လာနေတာ မြင်ရတယ်။



ဟယ်ရီဟာ ဓာတ်နဲ့ တို့ခံလိုက်ရသလို ခုန်ထတယ်။ ထိုင်ခုံ တိုက်မိပြီး လဲသွားတယ်။ သူဟာ ကြမ်းပေါ်က လက်လှမ်းမီရာ ပစ္စည်းတွေကို ဖြစ်သလိုဆွဲပြီး သေတ္တာထဲ ပစ်ထည့်တယ်။ ဝတ်ရုံရှည်တစ်စုံ၊ မှော်စာအုပ်နှစ်အုပ်နဲ့ မုန့်ကြွပ်တစ်ထုပ်ကို အခန်းတစ်ဖက်ကနေ လှမ်းပစ်လိုက်စဉ်မှာ တံခါးခေါင်းလောင်းမြည်လာတယ်။

အောက်ထပ် ဧည့်ခန်းထဲကနေ ဦးလေးဗားနွံရဲ့ အော်သံ ထွက်ပေါ်လာတယ်။ "ဒီအချိန်ကြီးမှ ဘယ်ကောင်တံခါးခေါက်တာလဲ"

ဟယ်ရီ ငိုင်သွားတယ်။ လက်တစ်ဘက်မှာ ကြေးဝါအဝေးကြည့်မှန်ပြောင်းကို ကိုင်ပြီး၊ ကျန်တစ်ဖက်မှာ အားကစားဖိနပ် ကိုင်ထားတယ်။ သူဟာ ဒါစလီမိသားစုကို ဒမ်ဘလီဒိုး လာမယ့်အကြောင်း ပြောပြဖို့ လုံးဝမေ့နေတယ်။ သူဟာ ထိတ်ပျာပြီး ရယ်လည်း ရယ်ချင်တယ်။ သေတ္တာကို ခွမ်းထိုးကျော်လိုက်ပြီး တံခါးကို အမြန်လှည့်ဖွင့်လိုက်တယ်။ အသံနိမ့်နိမ့်တစ်သံ စကားပြောတာ ကြားရတယ်။ "မင်္ဂလာညပါ။ ခင်ဗျားက မစ္စတာဒါစလီပဲ ထင်တယ်။ ဟယ်ရီက ကျွန်တော် သူ့လာကြိုမယ်လို့ ခင်ဗျားကို ပြောထားပြီ ထင်တယ်။ ဟုတ်လား"

ဟယ်ရီက လှေကားထစ်ကို ကျော်ချပြီး ခုန်ဆင်းလာတယ်။ လှေကားခြေရင်းနဲ့ အထစ်ရှစ်ထပ်မှာ ဆတ်ခနဲ တန့်ရပ်လိုက်တယ်။ ရေရှည်အတွေ့အကြုံက သူ့ကို သင်ကြားထားတာကတော့၊ ဘယ်လိုအချိန်မျိုးမှာပဲဖြစ်ဖြစ် ဦးလေးဗားနွံနဲ့ အကွာအဝေးတစ်ခုမှာ နေရမယ်၊ ဦးလေးဗားနွံရဲ့ လက်လှမ်းမမီတဲ့ နေရာမှာ နေရမယ်ဆိုတာပဲ။ တံခါးဝမှာ ပိန်ရှည်ရှည်ယောကျ်ားတစ်ယောက် ရပ်နေတယ်။ ငွေရောင်ဆံပင်နဲ့ မုတ်ဆိတ်ဟာ ခါးထိ တွဲကျနေတယ်။ သူ့ရဲ့ သိမ်းငှက်နှုတ်သီးသဏ္ဍာန် နှာခေါင်းပေါ်မှာ လခြမ်းသဏ္ဍာန် မျက်မှန် တပ်ထားတယ်၊ အနက်ရောင် ခရီးသွားခြုံထည် ခြုံထားပြီး ဦးထုပ်ချွန် ဆောင်းထားတယ်။ ဗားနွံ-ဒါစလီရဲ့ မုတ်ဆိတ်ဟာ ဒမ်ဘလီဒိုးလောက် ထူတယ်။ ဒါပေမယ့် အနက်ရောင်။ သူက ခရမ်းညိုရောင် ညဝတ်အကျီ ဝတ်ထားပြီး ဧည့်သည်ကို ငေးကြည့်နေတယ်။ သူ့မျက်နှာကလေးက မြင်တာကို မယုံနိုင်သလိုပါ။

"ခင်ဗျား ခုလို အံ့အားသင့်ပြီး မယုံနိုင်တဲ့ အမူအရာအရ ကျွန်တော် လာမယ်ဆိုတာ ဟယ်ရီ သင့်ကို ပြောမထားဘူးထင်တယ်" ဒမ်ဘလီဒိုး က ဆော်ရွှေ့စွာ ပြောတယ်။ "ဒါပေမယ့်၊ ကျုပ်တို့ ဒီလို ခင်ဗျားက ကျုပ်တို့

www.burmeseclassic.com



ထိုက်လှဲ့စွာ ခင်ဗျားအိမ်ထဲဝင်ဖို့ ဖိတ်ခေါ်တယ်လို့ မှတ်ယူရအောင်။ အခု အခြေအနေ မတည်ငြိမ်ဘူး၊ တံခါးဝမှာ ကြာကြာနေတာ အမြော်အမြင်ရှိရာ မကျဘူး"

သူဟာ တံခါးအောက်နင်းကို ကျင်လျင်စွာ ကျော်ဖြတ်လိုက်ပြီး တံခါးကို ပြန်ပိတ်လိုက်တယ်။

"ကျုပ် အရင်တစ်ခါ လာပြီးနောက်၊ အတော်ကြာသွားပြီ" ဒမ်ဘလီဒိုး ဟာ သိမ်းငှက်နှုတ်သီးသဏ္ဌာန် နှာခေါင်းပေါ်ကနေ ဦးလေးဗားနွန်ကို ကြည့်နေ တယ်။ "ခင်ဗျား အာဖရိက ကြာတွေ ပွင့်တာ သိပ်မြိုင်တာပဲ"

ဗားနွန်-ဒါစလီ ငြိမ်နေတယ်။ ဒါပေမယ့် သူ ချက်ချင်း သတိပြန်ရ လာပြီး စကားပြောမယ်လို့ ဟယ်ရီ သိတယ် —— ဦးလေးနားထင်က သွေးကြော တွေ ခုန်နေတာ ပေါက်ကွဲတော့မယ် —— ဒါပေမယ့် ဒမ်ဘလီဒိုး ကိုယ်ပေါ်က အရာတစ်ခုခုက သူ့ကို အသက်ကောင်းကောင်းမရှူနိုင် ဖြစ်နေစေတယ်။ ဒမ်ဘလီဒိုးမှာရှိတဲ့ ထင်ရှားတဲ့ မှော်ဆရာ အရည်အသွေးကြောင့်လည်း ဖြစ်မယ်၊ ဦးလေးဗားနွန်ကတောင် မြင်နေရတဲ့ ဒီလူ့ရှေ့မှာ ဟိတ်ဟန်ထုတ်လို့ မရဘူးဆိုတဲ့ အချက်ကြောင့်လည်း ဖြစ်မယ်။

"အား၊ မင်္ဂလာညပါ၊ ဟယ်ရီ" ဒမ်ဘလီဒိုးက လခြမ်းသဏ္ဌာန်မျက်မှန် နောက်ကနေ အလွန်ကျေနပ်တဲ့ အမူအရာနဲ့ ဟယ်ရီ့ကို ကြည့်နေတယ်။ "သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ်"

ဒီစကားက ဦးလေးဗားနွန်ကို နိုးလိုက်သလို ဖြစ်သွားတယ်။ သူ့အဖို့ ပြောရရင်၊ ဟယ်ရီ့ကို ကြည့်ပြီး "သိပ်ကောင်းတယ်" လို့ ပြောတဲ့လူဆိုရင်၊ အဲဒီလူနဲ့ ဘယ်တော့မှာ တူညီတဲ့အမြင် မရနိုင်ဘူးဆိုတာ ထင်ရှားတယ်။

"ကျုပ်က တမင်မယဉ်ကျေးတာ မဟုတ်ဘူး —— " သူက ပြောတယ်။ သူ့စကားသံစဉ်တိုင်းဟာ မယဉ်မကျေး ရှိနေတယ်။

" —— သို့ပေမယ့် ကျုပ်တို့ဟာ အမြဲလို မထင်မှတ်ဘဲ မယဉ်ကျေး တာနဲ့ ကြုံရတယ်" ဒမ်ဘလီဒိုးက တည်ကြည်စွာနဲ့ သူ့စကားကို ဆက်ပြော တယ်။ "ဘာမှမပြောတာ ကောင်းမယ်၊ ချစ်လှစွာသောသူ။ အား၊ ဒါက ဗီချူ နီယာ ဖြစ်မယ်"

မီးဖိုချောင်တံခါး ပွင့်သွားတယ်။ ဟယ်ရီ့အဒေါ် အဲဒီမှာ ရပ်နေ တယ်။ ရော်ဘာလက်အိတ် စွပ်ထားတယ်။ ညဝတ်ပေါ်မှာ အိမ်နေအဝတ်



ထပ်ဝတ်ထားတယ်။ သူမဟာ ခါတိုင်းလိုပဲ မအိပ်ခင်မှာ မီးဖိုတစ်ခုလုံးကို သုတ်သင်ဖို့ လုပ်နေပုံရတယ်။ သူမရဲ့မြင်းလိုမျက်နှာရှည်ရှည်ပေါ်မှာ ထိတ်လန့် အံ့ဩပုံ ပေါ်နေတယ်။

"အောဘတ်စ်-ဒမ်ဘလီဒိုး" ဒမ်ဘလီဒိုးက ဦးလေးဗားနွန် မိတ်ဆက် ပေးတာ မတွေ့တော့ ပြောတယ်။ "ကျုပ်တို့ စာဆက်သွယ်ဖူးတယ်" ဒီနည်းနဲ့ အဒေါ်ဗီချူနီယာကို အော်ဆူစာတစ်စောင် ပေးဖူးတာ၊ သတိပေးတာ ရယ် ရောကောင်းတယ်လို့ ဟယ်ရီ ထင်တယ်။ ဒါပေမယ့် အဒေါ်ဗီချူနီယာဟာ ဒီလိုပြောတာကို မဆန့်ကျင်ဘူး။ "ဒါက ခင်ဗျားတို့သား ဒါလီပဲ ထင်တယ်"

ဒီအချိန်မှာ ဒါလီဟာ ဧည့်ခန်းအဝကနေ ခေါင်းပြူလာတယ်။ သူ့ရဲ့ ဆံပင်ဝါဝါခေါင်းကြီးဟာ ညဝတ်အင်္ကျီအစင်း ကော်လာပေါ်က ထွက်နေတယ်။ ကြည့်ရတာ သူ့ကိုယ်ပေါ် ပေါက်နေပုံမရဘူး။ အံ့ဩကြောက်ရွံ့တာကြောင့် ပါးစပ်ကြီး ဟနေတယ်။ ဒမ်ဘလီဒိုးက ခဏစောင့်နေသလိုပဲ။ သူ့တို့ ဆက်ငြိမ်နေတော့ သူက ရယ်တယ်။

"ခင်ဗျားတို့ ကျုပ်ကို ဧည့်ခန်းထဲ ဖိတ်ခေါ်တယ်လို့ ကျုပ်တို့ ယူဆ ရမလား"

ဒမ်ဘလီဒိုး ဒါလီ့ဘေးက ဖြတ်သွားတော့၊ ဒါလီက အမြန်ရှောင် ထွက်လိုက်တယ်။ ဟယ်ရီက ကျန်လေ့ကားထစ်တွေက ခုန်ချပြီး ဒမ်ဘလီဒိုးနဲ့ အတူ ဧည့်ခန်းထဲ ဝင်ခဲ့တယ်။ သူ့လက်ထဲမှာ အဝေးကြည့်မှန်ပြောင်းနဲ့ အား ကစားဖိနပ် ကိုင်ထားတုန်းပဲ။ ဒမ်ဘလီဒိုးဟာ မီးလင်ဖိုနဲ့ အနီးဆုံးထိုင်ခုံမှာ ဆင်းထိုင်လိုက်တယ်။ ကောင်းသော စိတ်လှုပ်ရှားမှုနဲ့ အခန်းထဲကဟာ အားလုံး ကို ကြည့်ရှုနေတယ်။ သူ့ကို ကြည့်ရတာ ပတ်ဝန်းကျင်နဲ့ လုံးဝ သဟဇာတ မဖြစ်သလိုပဲ။

"ကျွန်တော်တို့ —— ကျွန်တော်တို့ သွားကြမလား၊ ဆရာ" ဟယ်ရီက စိုးရိမ်စွာ မေးတယ်။

"သွားမယ်၊ သွားမှာပေါ့။ ဒါပေမယ့် ကိစ္စတချို့ အရင်ဆွေးနွေးရမယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "ကျုပ် ထင်တယ်၊ ဒီကိစ္စကို အပြင်မှာ မပြောရင် ကောင်းမယ်။ ဒါကြောင့် မင်းဦးလေးနဲ့ အဒေါ်ကို အချိန်နည်းနည်း ထပ် အနှောင့်အယှက် ပေးရတော့မယ်"

"ဘာလဲ၊ ခင်ဗျားတို့ ?"

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဗာန့်လည်း ရေချိုးခန်းထဲ ဝင်လာတယ်။ ဖိချူနီယာက သူ့ဘေးမှာ ရပ်နေတယ်။ ဒါလီက ကြောက်ရွံ့စွာနဲ့ သူတို့နှစ်ယောက်နောက်မှာ ပုန်းနေတယ်။

"ဟုတ်တယ်" ဒမ်ဘလီဒိုးက တိုတိုပဲ ပြောတယ်။ "ဒီအတိုင်းပဲ"

သူက မော်ကြိမ်လုံးကို ဆတ်ခနဲ ဆွဲထုတ်တယ်။ မြန်တာမှ ဟယ်ရီတောင် သေချာမမြင်လိုက်ဘူး။ မော်ကြိမ်လုံး အသာယမ်းလိုက်တာနဲ့ ဆိုဖာ ရှူးခနဲ ရွေ့သွားပြီး ဒါစလီမိသားစုသုံးယောက် ဒူးသွားတိုက်တယ်။ သူတို့ မဟန်နိုင်ဘဲ ဆိုဖာပေါ် လဲကျကုန်တယ်။ လုံးထွေးသွားတယ်။ မော်ကြိမ်လုံး အသာယမ်းလိုက်ပြန်တယ်။ ဆိုဖာဟာ မူလနေရာ ပြန်ရောက်သွားတယ်။

"ကျုပ်တို့လဲ သက်သက်သာသာ ရှိတာပေါ့" ဒမ်ဘလီဒိုးက ပျော်ရွှင်စွာ ပြောတယ်။

သူက မော်ကြိမ်လုံးကို အိတ်ကပ်ထဲ ပြန်ထည့်လိုက်တယ်။ ဒီအချိန်မှာ သူ့အဲဒီလက်တစ်ဘက်ဟာ ခြောက်ပြီး မည်းနေတာ ဟယ်ရီ မြင်ရတယ်။ အပေါ်က အသားတွေ မီးလောင်လို့ ခြောက်ကပ်သွားသလိုပဲ။

"ဆရာ — ဒါ ဘယ်လိုဖြစ်တာလဲ —"

"နောက်မှပြော၊ ဟယ်ရီ" ဒမ်ဘလီဒိုးက ပြောတယ်။ "ထိုင်"

ဟယ်ရီက တခြားလက်တန်းကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်လိုက်တယ်။ ဒါစလီမိသားစုကို အတတ်နိုင်ဆုံး မကြည့်ဘဲနေတယ်။ သူတို့ဟာ လန့်ပြီး စကားတောင်မပြောနိုင်ကြသလိုပဲ။

"ကျုပ်က ခင်ဗျားတို့ ကျုပ်ကို တစ်ခုခုတိုက်မယ်ထင်နေတာ" ဒမ်ဘလီဒိုးက ဦးလေးဗာန့်ကို ပြောတယ်။ "အခုကြည့်ရတာ ဒီလိုမျှော်လင့်ခြင်းဟာ ရယ်စရာကောင်းအောင် အကောင်းမြင်တာ ဖြစ်နေတယ်"

မော်ကြိမ်လုံး တတိယအကြိမ် အသာယမ်းလိုက်တယ်။ မိုးပေါ်မှာ ညစ်ပတ်တဲ့ အရက်ပုလင်းနဲ့ ဖန်ခွက်ငါးလုံး ပေါ်လာတယ်။ ပုလင်းဟာ အလိုအလျောက် စောင်းပြီး ဖန်ခွက်တိုင်းကို ပျားရည်ရောင်အရည်တွေ ငှဲ့ထည့်တယ်။ ဒီနောက် ဖန်ခွက်တွေဟာ အခန်းထဲက လူအသီးသီးဆီ လွင့်သွားတယ်။

"မဒမ်ရို့စ်မာတာရဲ့ အကောင်းဆုံး ဝက်သစ်ချနဲ့ နှပ်ထားတဲ့ ပျားအရက်" ဒမ်ဘလီဒိုးက ပြောရင်း ဟယ်ရီ့ကို အရက်ခွက်မြှောက်ပြတယ်။ ဟယ်ရီက မိမိခွက်ကို ဖမ်းယူပြီး တစ်ငုံသောက်လိုက်တယ်။ သူ အရင်က



ဒါမျိုး မသောက်ဖူးဘူး။ ဒါပေမယ့် အလွန်နှစ်သက်တယ်။ ဒါစလီမိသားစုဟာ ထိတ်လန့်စွာနဲ့ အပြန်အလှန် ကြည့်လိုက်တယ်။ ဒီနောက် မိမိတို့ အရက်ခွက်တွေကို အတင်းတိမ်းရှောင်နေကြတယ်။ ဒါ သိပ်တော့မလွယ်ဘူး။ အကြောင်းက ခွက်တွေဟာ သူတို့ခေါင်းကို အဆက်မပြတ် အသာလေး လာလာတိုက်ပြီး သတိပေးနေလို့။ ဒမ်ဘလီဒိုးဟာ တမင်စနေတာလားလို့တောင် ဟယ်ရီ သံသယဖြစ်မိတယ်။

"ကောင်းပြီ၊ ဟယ်ရီ" ဒမ်ဘလီဒိုးက သူ့ဘက် လှည့်ပြီးပြောတယ်။ "အခု အခက်အခဲတစ်ခု ရှိတယ်။ မင်း ကျုပ်တို့ကို ကူညီဖြေရှင်းစေချင်တယ်။ ကျုပ်က 'ကျုပ်တို့' လို့ပြောတာ ဖီးနစ်အဖွဲ့ကို ပြောတာ။ ဒါပေမယ့်၊ ကျုပ် အရင်ဆုံး မင်းကို ပြောပြရမှာကတော့ ဆီးရီးအက်စ်ကြယ်ရဲ့ သေတမ်းစာ ကို လွန်ခဲ့တဲ့တစ်ပတ်က တွေ့ရပြီ။ သူက အားလုံး မင်းကို ပေးခဲ့တယ်"

ဆိုဖာပေါ်က ဦးလေးဗာန့် လှည့်ကြည့်တယ်။ ဒါပေမယ့် ဟယ်ရီက သူ့ကို မကြည့်ဘူး။ ဘာပြောရမှန်းလဲ မသိဘူး။ တစ်ခွန်းပဲ ပြန်ပြောတယ်။ "အို၊ ဟုတ်တယ်"

"ဒါ အဓိကအားဖြင့် ရှင်းပါတယ်" ဒမ်ဘလီဒိုးက ဆက်ပြောတယ်။ "မင်း ဂရင်းဂေါ့စ်က ဘဏ်စာရင်းမှာ ရွှေငွေတွေ အတော်များများ တိုးလာတယ်။ မင်းဟာ ဆီးရီးအက်စ်ကြယ်ရဲ့ တစ်ဦးချင်းပိုင် ဥစ္စာဓနတွေကိုပါ ရခဲ့တယ်၊ အမွေကိစ္စမှာ ပြဿနာနည်းနည်းရှိတာက —"

"သူ့ဂေါ့ဖားသား သေပြီ ?" ဦးလေးဗာန့်က ဆိုဖာပေါ်ကနေ အကျယ်ကြီး မေးတယ်။ ဒမ်ဘလီဒိုးနဲ့ ဟယ်ရီက သူ့ကို လှည့်ကြည့်တယ်။ အဲဒီ ပျားအရက်ခွက်ဟာ အခုဆိုရင် ဦးလေးဗာန့်ခေါင်းကို မဆုတ်မနစ် တိုက်တိုက်နေတယ်။ သူက အဲဒါကို တအားမောင်းပစ်တယ်။ "သူ သေပြီ ? သူ့ဂေါ့ဖားသား?"

"ဟုတ်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။ သူက ဟယ်ရီ့ကို ဘာကြောင့် ဒီအကြောင်း ပြောမပြသလဲလို့ မမေးဘူး။ "အခုပြဿနာက" သူက ဟယ်ရီ့ကို ဆက်ပြောတယ်။ "ဆီးရီးအက်စ်ကြယ်က အမှတ်ဆယ့်နှစ်၊ ဂရင်းမိုးလ်ဒ် နေရာကိုလည်း မင်းကို ပေးခဲ့တယ်"

"သူ့ကို အိမ်တစ်လုံး ပေးခဲ့တယ် ?" ဦးလေးဗာန့်က လောဘနဲ့ မေးတယ်။ မျက်လုံးသေးသေးလေး မှေးထားတယ်။ ဒါပေမယ့် ဘယ်သူမှ သူ့ကို အဖြေမပေးဘူး။

www.burmeseclassic.com

"သင်တို့ ငှင်းကို ဌာနချုပ်လုပ်ဖို့ ထားနိုင်တယ်" ဟယ်ရီက ပြောတယ်။ "ကျွန်တော် အရေးမကြီးဘူး။ သင်တို့ အိမ်ကို သုံးပါ။ ကျွန်တော် တကယ်တော့ ငှင်းကို မလိုပါဘူး" ဖြစ်နိုင်ခဲ့ရင်၊ ဟယ်ရီဟာ အမှတ်ဆယ့်နှစ်၊ ဂရင်းမ်မောဒ်ကို ပြန်မသွားချင်ဘူး။ ဆီးရီးအက်စ်ကြယ်ဟာ အဲဒီက မှောင်မှဲ့ပြီး မှိုတက်တဲ့ အခန်းထဲမှာ တစ်ဦးတည်း တဝဲလည်လည် ဖြစ်နေတာ၊ သူ နေ့ရော ညပါ ထွက်ခွာချင်တဲ့နေရာမှာ အပိတ်ခံထားရတာကို သူ တစ်သက်လုံး မမေ့နိုင်ဘူးလို့ ထင်တယ်။

"ဒါဆို သိပ်ရက်ရောလွန်းတယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "ဒါပေမယ့် ကျုပ်တို့ အဲဒီအိမ်က ယာယီထွက်ခွာသွားပြီ"

"ဘာဖြစ်လို့လဲ"

"ဒီလို" ဒမ်ဘလီဒိုးဟာ ဦးလေးဗာနွန် ရေရွတ်တာကို အရေးမလုပ်ဘဲ ဆက်ပြောတယ် —— ဒီအချိန်မှာ ဦးလေးဗာနွန်ခေါင်းဟာ ပျားအရက်ခွက်က ခေါက်လို့ တဒန်းဒန်း မြည်နေတယ်။ "ဘလက်မျိုးရိုး အစဉ်အလာက သတ်မှတ်တာက၊ အိမ်ကို မျိုးရိုးစဉ်ဆက် ဆက်ခံရမယ်။ နောက်မျိုးဆက် ဘလက်အမျိုးသားတစ်ယောက်ကို ဆက်ခံရမယ်။ ဆီးရီးအက်စ်ကြယ်ဟာ သူတို့မျိုးရိုးထဲက နောက်ဆုံးမျိုးဆက်။ အကြောင်းက သူညီ ရီဂူးလပ်စ်က အရင်သေဆုံးသွားပြီး သူတို့နှစ်ယောက်စလုံးမှာလဲ ကလေးမရှိကြဘူး။ သူ့သေတမ်းစာထဲမှာ အိမ်ကို မင်းကို ပေးမယ်လို့ အသေအချာ ပြောထားပေမယ့်၊ အဲဒီနေရာဟာ မှော်ပညာသို့မဟုတ် ဂါထာနဲ့ စီရင်ထားပြီး သွေးသန့်မျိုးရိုးမဟုတ်တဲ့ သူ မပိုင်ရအောင် လုပ်ထားပုံရတယ်"

ဟယ်ရီ့ခေါင်းထဲမှာ ရုပ်ပုံတစ်ခု ဖြတ်သွားတယ်။ အဲဒါ အမှတ်ဆယ့်နှစ် ဂရင်းမ်မောဒ်ကွင်း ခန်းမကြီးထဲက ဆီးရီးအက်စ်ကြယ်ရဲ့အမေ စူးစူးဝါးဝါး အော်ဆူဆဲတဲ့ ရုပ်ပုံ။ "ဒီလိုပဲ ဖြစ်လိမ့်မယ်" သူက ပြောတယ်။

"ဟုတ်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "တကယ်လို့ ဒီလိုဂါထာမျိုး စီရင်ထားရင်၊ ဒီအိမ်ရဲ့ ပိုင်ဆိုင်ခွင့်ဟာ ဘလက်မိသားစု အခု ရှိနေသေးတဲ့ အသက်အကြီးဆုံးလူက ရလိမ့်မယ်။ အဲဒါ ဆီးရီးအက်စ်ကြယ်ရဲ့ အစ်မဝမ်းကွဲ၊ ဘဲလက်ထရစ်-လက်စထရိန်းပဲ"

ဟယ်ရီဟာ မိမိဘာလုပ်နေမှန်း မသိခင်မှာပဲ ခုန်ထလိုက်တယ်၊ ပေါင်ပေါ်က အဝေးကြည့်မှန်ပြောင်းနဲ့ အားကစားဖိနပ် ကြမ်းပေါ် ကျသွား



တယ်၊ ဘဲလက်ထရစ်-လက်စထရိန်း၊ ဆီးရီးအက်စ်ကြယ်ကို သတ်တဲ့ တရားခံ၊ သူ့အိမ်ကို ဆက်ခံမယ် ?

"ဟင့်အင်း" သူက ပြောတယ်။

"ဟုတ်တယ်၊ ကျုပ်တို့ကလဲ သူမ မရစေချင်ပါဘူး" ဒမ်ဘလီဒိုးက အေးအေးဆေးဆေးစွာ ပြောတယ်။ "အခြေအနေက အလွန်ရှုပ်ထွေးတယ်။ အိမ်ရဲ့ ပိုင်ဆိုင်မှုဟာ ဆီးရီးအက်စ်ကြယ်နဲ့ မဆိုင်တော့ဘူးဆိုတော့၊ ကျုပ်တို့ အရင်က အဲဒါကို စီရင်ထားတဲ့ မှော်ပညာတွေ၊ ဥပမာ မြေပုံပေါ်မှာ ငှင်းကို ရေးဆွဲမရနိုင်တာမျိုးတွေ စွမ်းသေးလားဆိုတာ မသိရဘူး။ ဘဲလက်ထရစ်ဟာ အချိန်မရွေး တံခါးဝကို ရောက်လာနိုင်တယ်။ ဒါကြောင့် ကျုပ်တို့ အရင်ရွှေ့ပြောင်းထိုက်ရတယ်။ အခြေအနေရှင်းသွားမှပဲ ကြည့်တာပေါ့"

"ဒါပေမယ့် ငှင်းကို ပိုင်ဆိုင်နိုင်သလားဆိုတာ ဘယ်လိုလုပ်သိမလဲ"

"တော်သေးတာက" ဒမ်ဘလီဒိုးက ပြောတယ်။ "လွယ်ကူတဲ့ စမ်းသပ်နည်းတစ်ခု ရှိတယ်"

သူဟာ ဖန်ခွက်အလွတ်ကို ထိုင်ခုံအနားက စားပွဲလေးပေါ် တင်လိုက်တယ်။ သူ ဘာမှထပ်မလုပ်ရခင်မှာ ဦးလေးဗာနွန်က အော်ဟစ်တယ်။ "ဒီသေချင်းဆိုးဟာတွေကို ကျုပ်တို့အနားက ယူပစ်လို့ရမလား"

ဟယ်ရီ လှည့်ကြည့်လိုက်တယ်။ ဒါစလီမိသားစုသုံးယောက်စလုံး ဖန်ခွက်တွေ ခုန်ခုန်ပြီး သူတို့ကို တိုက်နေလို့ လက်မောင်းနဲ့ ဦးခေါင်းကို ကာထားကြတယ်။ အတွင်းက အရက်တွေ ဟိုဒီဖိတ်ကျနေတယ်။

"အို၊ ဝမ်းနည်းပါတယ်" ဒမ်ဘလီဒိုးက ယဉ်ကျေးစွာ ပြောပြီး မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။ ဖန်ခွက်သုံးလုံး ပျောက်သွားတယ်။ "ဒါပေမယ့် သင်သိတယ်၊ ငှင်းကို သောက်လိုက်မှ ပိုပြီးမိုက်တာပေါ့"

ဦးလေးဗာနွန်ဟာ စကားဆိုးဆိုးရွားရွားပြောပြီး ပြန်ထိုးနှက်ချင်တာ မအောင်နိုင်ဘူး။ ဒါပေမယ့် သူဟာ အဒေါ်ပီချူနီယာ၊ ဒါလီတို့နဲ့အတူ ဆိုဖာထဲ ကျုံ့နေရတယ်။ အသံမထွက်ဝံ့ဘူး။ မိမိရဲ့ ဝက်လိုမျက်လုံးလေးနဲ့ ဒမ်ဘလီဒိုး မှော်ကြိမ်လုံးကို စိုက်ကြည့်နေတယ်။

"ကြည့်ပါ" ဒမ်ဘလီဒိုးက ပြောရင်း ဟယ်ရီ့ဘက် လှည့်လိုက်တယ်၊ ဦးလေးဗာနွန် လုံးဝစကားမပြောခဲ့သလို ဆက်ပြောတယ်။ "တကယ်လို့ အဲဒီအိမ်ကို မင်း တကယ်ဆက်ခံခဲ့ရင်၊ တစ်ချိန်တည်းမှာ မင်းဆက်ခံရမှာက —"

www.burmeseclassic.com

www.burmeseclassic.com



သူဟာ ပဥ္စမအကြိမ် မော့်ကြိမ်လုံးကို ယမ်းလိုက်တယ်။ အလွန်မြည်တဲ့ ပေါက်ကွဲသံနဲ့အတူ အိမ်မွေးမှင်စာလေးတစ်ယောက် ပေါ်လာတယ်။ သူ့နှာခေါင်းဟာ အပေါ်ကို ထိုးထွက်ပြီး လင်းနို့နားရွက်အကြီးကြီးနဲ့ ကြေးကလိုင်လောက်ရှိတဲ့ သွေးကြောတွေ နီရဲတဲ့ မျက်လုံးလည်း ရှိတယ်။

သူဟာ ညစ်ပတ်တဲ့ အဝတ်စုတ်ကို ဝတ်ထားတယ်။ ဒါ့စလီတို့အိမ်က အမွေးဖွားကော်ဇောပေါ်မှာ ဆောင့်ကြောင့်ထိုင်နေတယ်။ အခေါ် ဖီချူနီယာက ကြက်သီးမွေးညင်းထစရာ အော်သံထွက်လာတယ်။ သူမ မှတ်မိနိုင်တဲ့ အရွယ်ကစပြီး၊ သူမအိမ်မှာ ဒီလောက်ညစ်ပတ်တဲ့အရာ မလာဖူးဘူး။ ဒါလီဟာ မိမိရဲ့ ပန်းရောင်သန်းတဲ့ ခြေထောက်ကို ကြမ်းပေါ်ကနေ မ,ထားတယ်။ ခေါင်းအထက်တောင် ရောက်တော့မယ်။ အဲဒီထူးဆန်းသတ္တဝါဟာ မိမိညဝတ်ဘောင်းဘီခြေထောက်ကနေ တွားတက်လာမှာ စိုးသလိုပဲ။ ဦးလေးဗာနွံက ဟိန်းဟောက်တယ်။ "အဲဒါ ဘာကြီးလဲ"

"ခရက်ချာ" ဒမ်ဘလီဒိုးက ခုနက ပြောလက်စစကားကို ဆက်ပြောတယ်။

"ခရက်ချာ မလိုချင်ဘူး၊ ခရက်ချာ မလိုချင်ဘူး၊ ခရက်ချာ မလိုချင်ဘူး ! " အိမ်မွေးမှင်စာလေးက အသံအအနဲ့ ပြောတယ်။ အသံက ဦးလေးဗာနွံအသံလိုပဲ မြင့်တယ်။ မိမိရဲ့ ရှည်ပြီး တွန့်ရှုံ့နေတဲ့ ခြေထောက်ကိုလည်း ဆောင့်နေတယ်။ မိမိရဲ့ နားရွက်ကြီးကို ဆွဲထားတယ်။ "ခရက်ချာက မစ်ဘဲလက်ထရစ် ပိုင်တယ်။ အိုး၊ ဟုတ်တယ်၊ ခရက်ချာကို ဘလက်မိသားစုက ပိုင်တယ်။ ခရက်ချာ ပိုင်ရှင်မအသစ် လိုချင်တယ်။ ခရက်ချာကို အဲဟိုကောင်လေးပေါ်တာ မပိုင်စေချင်ဘူး။ ခရက်ချာ မလိုချင်ဘူး၊ မလိုချင်ဘူး၊ မလိုချင်ဘူး —"

"မင်းလဲ မြင်ပါပြီ၊ ဟယ်ရီ" ဒမ်ဘလီဒိုးက အသံကျယ်ကျယ်နဲ့ ပြောတယ်။ အသံက ခရက်ချာရဲ့ မနားတမ်း ပြောနေတဲ့ "မလိုချင်ဘူး၊ မလိုချင်ဘူး၊ မလိုချင်ဘူး" ဆိုတဲ့ အာဖြဲအော်သံကို ဖုံးသွားတယ်။ "ခရက်ချာကို ခင်ဗျားပိုင်ဆိုင်တာ မကြိုက်ဘူး"

"ငါ ဂရုမစိုက်ဘူး" ဟယ်ရီဟာ အဆက်မပြတ် တွန့်လိမ်ပြီး ခြေဆောင့်နေတဲ့ အိမ်မွေးမှင်စာလေးကို ရွံမုန်းစွာ ကြည့်နေတယ်။ တစ်ခါ စကားဆင်ပြောတယ်။ "ကျွန်တော် သူ့ကို မလိုချင်ဘူး"



"မလိုချင်ဘူး၊ မလိုချင်ဘူး၊ မလိုချင်ဘူး၊ မလိုချင်ဘူး —"

"ဒါဆို မင်း သူ့ကို ဘဲလက်ထရစ်-လက်စထရိန်းလက်ထဲ ထည့်မလို့ [illegible] မင်း မမေ့နဲ့နော်၊ မနှစ်က တစ်နှစ်လုံး သူဟာ ဖီးနစ်အဖွဲ့ဌာနချုပ်မှာ နေခဲ့တာနော်"

"မလိုချင်ဘူး၊ မလိုချင်ဘူး၊ မလိုချင်ဘူး၊ မလိုချင်ဘူး —"

ဟယ်ရီဟာ ဒမ်ဘလီဒိုးကို ငိုင်ကြည့်နေတယ်။ ခရက်ချာကို ဘဲလက်[illegible]-သက်စထရိန်းနဲ့အတူ နေစေလို့ မဖြစ်ဘူးဆိုတာ သူသိတယ်။ ဒါပေမယ့် [illegible]ကို သူ ပိုင်ရင်၊ အဲဒီ ဆီးရီးအက်စ်ကြယ်ကို သစ္စာဖောက်ခဲ့တဲ့အကောင် [illegible] တာဝန်ယူရမယ်ဆိုတာ တွေးမိတာနဲ့ သူ သိပ်ရွံမုန်းမိတယ်။

"သူ့ကို အမိန့်တစ်ခု ချလိုက်ပါ" ဒမ်ဘလီဒိုးက ပြောတယ်။ "တကယ်[illegible] မင်း သူ့ကို ပိုင်ရင်၊ သူ မနာခံလို့မရဘူး။ တကယ်လို့ မင်း သူ့ကို [illegible]ဘူးဆိုရင်၊ သူ့ကို သူ့ရဲ့တရားဥပဒေအရ သတ်မှတ်တဲ့ သခင်မနဲ့အတူ [illegible] အခြားနည်းလမ်း ရှာရလိမ့်မယ်။

"မလိုချင်ဘူး၊ မလိုချင်ဘူး၊ မလိုချင်ဘူး၊ မလိုချင်ဘူး ! "

ခရက်ချာဟာ အသကုန်ဖြဲအော်နေပြီ။ ဟယ်ရီ ဘာပြောရမှန်း မသိ[illegible] အော်လိုက်တယ်။ "ခရက်ချာ၊ ပါးစပ်ပိတ်"

ချက်ချင်းပဲ၊ ခရက်ချာဟာ ဆို့သွားသလိုပဲ။ သူဟာ မိမိလည်မျိုကို [illegible]တယ်၊ ပါးစပ်က ဒေါသနဲ့ လှုပ်မြှုလှုပ်နေတယ်။ မျက်လုံးပြူးထွက်[illegible] သူဟာ အသက်ကို တအားရှူနေပြီးမှ ရုတ်တရက် ကော်ဇောပေါ်[illegible]လဲသွားတယ် (အခေါ် ဖီချူနီယာဟာ တဟင့်ဟင့်နဲ့ ငိုလာတယ်)၊ [illegible] ခြေတွေ ကြမ်းကို တအားထုရိုက်နေတယ်။ အလွန်ပြင်းထန်ပြီး လုံးဝ[illegible]တဲ့ ဒေါသပေါက်ကွဲမှုကြီး ဖြစ်ပေါ်နေတယ်။

"[illegible] ဒါဆို ပြဿနာမရှုပ်တော့ဘူး" ဒမ်ဘလီဒိုးက ဝမ်းသာစွာ [illegible] "ဆီးရီးအက်စ်ကြယ် အတွေးအလွန်ရှင်းတာပဲ။ မင်းဟာ အမှတ် [illegible]ကွင်းနဲ့ ခရက်ချာရဲ့ တရားဝင်ပိုင်ရှင် ဖြစ်ပြီ"

"[illegible] — ကျွန်တော် သူ့ကို အနားခေါ်ထားရမှာလား" [illegible] ပြောတယ်။ ခရက်ချာဟာ သူ့ခြေထောက်နားမှာ [illegible]

"မင်း ခေါ် မထားချင်ဘူးဆိုရင်၊ မထားနဲ့" ဒမ်ဘလီဒိုးက ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အကြံတစ်ခု ပေးလို့ရတယ်။ မင်း သူ့ကို ဟော့ဂ်ဝပ်ကို စေလွှတ်လိုက်၊ သူ့ကို မီးဖိုထဲမှာ အလုပ်လုပ်ပစေ။ ဒီလိုဆိုရင်၊ တခြားအိမ်မွေးမှင်စာလေးတွေက သူ့ကို စောင့်ကြည့်လို့လဲ ရတယ်"

"ကောင်းပြီ" ဟယ်ရီ အသက်ရှူချောင်သွားတယ်။ "ကောင်းပြီ၊ ဒီလိုပဲ လုပ်မယ်။ အင်း —— ခရက်ချာ —— ငါ မင်းကို ဟော့ဂ်ဝပ်သွားစေချင်တယ်။ အဲဒီက မီးဖိုချောင်ထဲမှာ တခြားအိမ်မွေးမှင်စာလေးတွေနဲ့အတူ အလုပ်လုပ်"

အခု ခရက်ချာဟာ ကြမ်းပေါ်မှာ ပက်လက်ကြီးဖြစ်ပြီး ခြေလက်တွေ မိုးပေါ် မြှောက်ထားတယ်။ အထက်က ဟယ်ရီ့ကို မျက်ဖြူလန်ပြီး မကျေနပ်မှုန်းတီးစွာ ကြည့်လိုက်တယ်။ ဒီနောက်၊ တစ်ခါ အလွန်ကျယ်တဲ့ ပေါက်ကွဲသံတစ်ခု ပေါ်လာတယ်။ သူ ကွယ်ပျောက်သွားတယ်။

"သိပ်ကောင်းတယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "နောက်ကိစ္စတစ်ခု ရှိသေးတယ်။ အဲဒါ ဟစ်ပိုဂရစ်ဖ်ဘတ်ခ်ဘိခ်ကိစ္စ။ ဆီးရီးအက်စ်ကြွယ် သေပြီးကတည်းက၊ ဟက်ဂရစ်ပဲ ၎င်းကို ပြုစုထားတယ်။ ဒါပေမယ့် အခု ဘတ်ခ်ဘိခ်ဟာ မင်းပိုင်သွားပြီ။ ဒါကြောင့် မင်း တစ်မျိုးစီစဉ်မယ်ဆိုရင် ——"

"ဟင့်အင်း" ဟယ်ရီက ချက်ချင်းပြောတယ်။ "သူ့ကို ဟက်ဂရစ်နဲ့ နေပါစေ။ ဘတ်ခ်ဘိခ်က ဒီလိုကြိုက်တယ်လို့ ကျွန်တော်ထင်တယ်"

"ဟက်ဂရစ် အလွန်ဝမ်းသာမှာ" ဒမ်ဘလီဒိုးက ပြုံးပြီးပြောတယ်။ "တစ်ခု ပြောထားရဦးမယ်၊ ဘတ်ခ်ဘိခ်ရဲ့ လုံခြုံရေးအတွက်၊ ကျုပ်တို့ ၎င်းကို ဝတ်သားဝင်းစ်လို့ ယာယီနာမည်ပြောင်းထားတယ်။ စင်စစ် မှော်ဝန်ကြီးဌာနက ၎င်းဟာ သေဒဏ်ပေးခံရဖူးတဲ့ ဟစ်ပိုဂရစ်ဖ်လို့ ခန့်မှန်းမယ်လို့ ကျုပ် မထင်ဘူး။ ကောင်းပြီ၊ ဟယ်ရီ၊ မင်းသေတ္တာပြင်ပြီးပလား"

"အင်း . . . ."

"ကျုပ် တကယ်လာမယ်လို့ မထင်ဘူး ?" ဒမ်ဘလီဒိုးက ဒွဲဒိုးပဲ ပြောတယ်။

"ကျွန်တော် ခုပဲသွား —— အင်း —— ပြင်ဆင်လိုက်မယ်" ဟယ်ရီက အမြန်ပြောပြီး ကြမ်းပေါ်ကျနေတဲ့ အဝေးကြည့်မှန်ပြောင်းနဲ့ အားကစားဖိနပ်ကို ကောက်ယူတယ်။

သူဟာ ဆယ်မိနစ်ကြာမှ သူလိုတဲ့ အရာအားလုံးကို ရှာတွေ့တယ်။ နောက်ဆုံး သူဟာ ခုတင်အောက်ကနေ သူ့ကိုယ်ပျောက်ဝတ်ရုံကို ဆွဲထုတ်



လိုက်တယ်၊ အရောင်ပြောင်းမင်ရည်ပုလင်းဖုံးကို ကျပ်လိုက်တယ်။ တစ်ခါ သေတ္တာအဖုံးကို ဆေးကျိုအိုးပေါ် တအားဖိချတယ်။ ဒီနောက် သူဟာ လက်တစ်ဘက်က သေတ္တာကို ဆွဲ၊ လက်တစ်ဘက်က ဟက်ဒဝစ်လှောင်အိမ်ကို ဆွဲပြီး အောက်ထပ်ဆင်းလာတယ်။

ဒမ်ဘလီဒိုးဟာ တံခါးခန်းထဲမှာ သူ့ကို စောင့်မနေတဲ့အတွက် သူ သိပ်စိတ်ပျက်သွားတယ်။ ဒါက သူ ဧည့်ခန်းထဲ ပြန်ဝင်ရဦးမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။

ဘယ်သူမှ စကားမပြောဘူး။ ဒမ်ဘလီဒိုးဟာ အသာလေး တေးဆိုနေတယ်၊ ကိုယ့်ဖာသာ ပျော်နေတဲ့ပုံပဲ။ ဒါပေမယ့် အခန်းထဲက လေထုဟာ ကြက်ဥနို့ပေါင်းအအေးထက်တောင် အေးခဲနေသေးတယ်။ ဟယ်ရီဟာ ဒါစလီမိသားစုကို မကြည့်ဝံ့ဘူး၊ "ပါမောက္ခ —— ကျွန်တော် ပြင်ဆင်ပြီးပြီ" လို့ပဲ ပြောလိုက်တယ်။

"သိပ်ကောင်းတယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "နောက်ဆုံးကိစ္စတစ်ခု ရှိသေးတယ်" သူဟာ လှည့်ပြီး ဒါစလီမိသားစုကို ပြောတယ်။ "ဟယ်ရီ နောက်တစ်နှစ်ကြာရင် အရွယ်ရောက်ပြီဆိုတာ ခင်ဗျားတို့လဲ သိမှာပါ ——"

"ဟင့်အင်း" အဒေါ်ဖီချူနီယာက ပြောတယ်။ ဒါဟာ ဒမ်ဘလီဒိုး ရောက်လာပြီးနောက် သူမ ပထမဆုံးစကား ပြောတာပဲ။

"ဝမ်းနည်းပါတယ်၊ ခင်ဗျား ဘာပြောသလဲ" ဒမ်ဘလီဒိုးက ယဉ်ကျေးစွာ မေးတယ်။

"ဟင့်အင်း၊ သူ အရွယ်မရောက်သေးဘူး။ သူ ဒါစလီထက် တစ်လ ငယ်တယ်၊ ဒါစလီက နောက်နှစ်နှစ်နေမှ ဆယ့်ရှစ်နှစ်ပြည့်မှာ"

"အား" ဒမ်ဘလီဒိုးက ဖော်ရွေစွာ ပြောတယ်။ "ဒါပေမယ့် မှော်လောကမှာတော့ အသက်ဆယ့်ခုနစ်နှစ်ပြည့်ရင် အရွယ်ရောက်ပြီ"

ဦးလေးဗာနွန်က "အဓိပ္ပာယ်မရှိတာ" လို့ ရေရွတ်လိုက်တယ်။ ဒါပေမယ့် ဒမ်ဘလီဒိုးက သူ့ကို အရေးမလုပ်ဘူး။

"အခု ဗိုလဒီမွန်လို့ခေါ်တဲ့ မှော်ဆရာဟာ ဒီနိုင်ငံကို ပြန်ရောက်လာပြီဆိုတာ ခင်ဗျားတို့ သိပြီးပြီ။ မှော်လောကမှာ အခု အတိအလင်း တိုက်ခိုက်တဲ့ အနေအထား ရောက်နေပြီ။ ဗိုလဒီမွန်ဟာ ဟယ်ရီ့ကို သတ်ဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့တယ်။ အခု ဟယ်ရီ့အခြေအနေဟာ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူ့ကို ခင်ဗျားတို့အိမ် လှေကားထစ်ပေါ် ထားခဲ့စဉ်ကထက် ပိုပြီး အန္တရာယ်ရှိတယ်။ ထိုစဉ်က ကျွန်တော် စာတစ်စောင်ရေးပြီး သူ့မိဘ အသတ် ခံရတဲ့အတွက်၊ ခင်ဗျားတို့ သူ့ကို မိမိသားလို စောင့်ရှောက်စေချင်တယ်လို့ ပြောခဲ့တယ်"

ဒမ်ဘလီဒိုး ရပ်သွားတယ်။ သူ့လေသံဟာ ဒီအတိုင်း ပေ့ါပါးတည်ငြိမ် ပြီး၊ မျက်နှာပေါ်မှာလဲ ဒေါသအမူအရာ လုံးဝမရှိပေမယ့်၊ ဟယ်ရီဟာ သူ့ ကိုယ်ပေါ်က အေးစိမ့်တဲ့သဘော ပေါ်လွင်နေတာ ဟယ်ရီ ခံစားရတယ်။ ဒါစလီမိသားစုဟာ အချင်းချင်း ပိုတင်းတင်းတိုးကပ်တာ သူ သတိထားမိတယ်။

"ခင်ဗျားတို့ဟာ ကျွန်တော်ပြောသလို မလုပ်ဘူး။ ခင်ဗျားတို့ဟာ ဘယ်တုန်းကမှ ဟယ်ရီ့ကို မိသားစုလို သဘောမထားဘူး။ သူ ခင်ဗျားတို့ လက်ထဲမှာ လျစ်လျူရှုခြင်းနဲ့ နှိပ်စက်ခြင်းပဲ ခံစားရတယ်။ အဆိုးထဲက အကောင်းကတော့ ခင်ဗျားတို့ဟာ ခင်ဗျားတို့ကြားမှာ ထိုင်နေတဲ့ ကံဆိုးတဲ့ ကောင်လေးကို ပေးတဲ့ ကြောက်စရာဒုက္ခက ထွက်ပြေးနိုင်ခဲ့တယ်"

အဒေါ် ဗီချူနီယာနဲ့ ဦးလေးဗာနွံတို့ဟာ အလိုအလျောက် အကြည့် ကို တစ်ဖက်လှည့်လိုက်တယ်။ သူတို့ကြားမှာ တိုးထိုင်နေတာ ဒါလီမဟုတ်ဘဲ တခြားတစ်ယောက်ယောက် ဖြစ်နေသလိုပဲ။

"ကျွန်တော်တို့ —— ဒါဒါကို နှိပ်စက်တယ် ?၊ ခင်ဗျား ဒါ —— ?" ဦးလေးဗာနွံဟာ ဒေါသနဲ့ ပြောတယ်။ ဒါပေမယ့် ဒမ်ဘလီဒိုးက လက်တစ်ဘက် မြှောက်ပြီး ငြိမ်သက်ဖို့ပြတယ်။ အခန်းထဲမှာ ချက်ချင်းငြိမ်သွားတယ်။ ဦးလေး ဗာနွံကို ချက်ချင်း အအ,ဖြစ်သွားစေသလိုပဲ။

"ကျွန်တော် လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က စီရင်ခဲ့တဲ့ မှော်ပညာဟာ၊ ဟယ်ရီ ဒီနေရာကို အိမ်အဖြစ် သဘောထားနိုင်ပြီး၊ သူဟာ အားကောင်းတဲ့ အစောင့်အရှောက်ရမယ်။ သူ ဒီမှာ ဘယ်လောက်သနားစရာ နေရနေရ၊ သူ့ကို ဘယ်လောက်ပဲ လက်မခံချင် မခံချင်၊ ဘယ်လောက်ပဲ နှိပ်စက်ခံရခံရ၊ ခင်ဗျား တို့ဟာ မတော့နုပ်ပေမယ့် သူ့ကို နေစရာတစ်နေရာတော့ ပေးခဲ့တယ်။ ဟယ်ရီ အသက်ဆယ့်ခုနစ်နှစ်ပြည့်ရင်၊ တစ်နည်းအားဖြင့် သူ ယောကျ်ားတစ်ယောက် ဖြစ်လာခဲ့ရင်၊ အဲဒီမှော်အစီအရင်တွေ ပျက်ပြယ်ကုန်လိမ့်မယ်။ ကျွန်တော် တစ်ခုပဲ တောင်းဆိုချင်ပါတယ်။ ဟယ်ရီ အသက်ဆယ့်ခုနစ်နှစ်မပြည့်ခင်မှာ



သူ့ကို ဒီအိမ်သို့ ပြန်လာခွင့်ပေးစေချင်တယ်။ ဒါက ကာကွယ်စောင့်ရှောက်တဲ့ အားဟာ အဲဒီအချိန်အထိ ရှိနေမယ်ဆိုတာကို အာမခံလိမ့်မယ်"

ဒါစလီမိသားစု တစ်ယောက်မှ အသံမထွက်ဘူး။ ဒါလီဟာ မျက်မှောင် အနည်းငယ် ကြုတ်ထားတယ်။ သူ ဘာအနှိပ်စက်ခံရတယ်ဆိုတာ တွေးနေ သလိုပဲ။ ဦးလေးဗာနွံဟာ လည်ချောင်းထဲ တစ်ခုခု ဆို့နေသလိုပဲ။ အဒေါ် ဗီချူနီယာကတော့ ဘာမှန်းမသိ မျက်နှာကြီးနီနေတယ်။

"ကောင်းပြီ၊ ဟယ်ရီ . . . . ကျုပ်တို့ သွားသင့်ပြီ" ဒမ်ဘလီဒိုးက နောက်ဆုံးမှာ ပြောတယ်။ သူ မတ်တတ်ရပ်လိုက်တယ်။ ခြုံထည်အနက်ရှည် ရှည်ကို အဆင်ပြေအောင် လုပ်လိုက်တယ်။ "နောက်မှ တွေ့မယ်" သူက ဒါစလီမိသားစုကို ပြောတယ်။ သူတို့အမူအရာကတော့ ဘယ်တော့မှ ပြန်မတွေ့ ချင် တောင်းမယ်ဆိုတဲ့သဘော။ ဒီနောက်၊ ဒမ်ဘလီဒိုး ဦးထုပ်ဆောင်းလိုက်ပြီး အခန်းထဲက သုတ်သုတ်ထွက်သွားတယ်။

"ဘိုင်" ဟယ်ရီက ဒါစလီမိသားစုကို ကမန်းကတန်း နှုတ်ဆက်ပြီး လိုက်ထွက်လာခဲ့တယ်။ ဒမ်ဘလီဒိုးက ဟယ်ရီ့သေတ္တာဘေးမှာ ရပ်လိုက်တယ်။ သေတ္တာပေါ်မှာ ဟက်ဒဝစ်ရဲ့ လှောင်အိမ်ရှိတယ်။

"အခု ဒါတွေပါ ယူသွားတာ ရှုပ်တယ်" သူက ပြောပြီး မှော်ကြိမ်လုံး ကို ဆွဲထုတ်တယ်။ "ကျုပ်တို့ ဒါတွေကို အညာတရဂေဟာ ပို့လိုက်မယ်။ ဟိုမှာ စောင့်နေပစေ။ ဒါပေမယ့် မင်း ကိုယ်ပျောက်ဝတ်ရုံ ယူခဲ့စေချင်တယ် . . . . ကြိုတင်ထားတာပေါ့"

ဟယ်ရီဟာ အတော်လေး ကြိုးပမ်းမှ ကိုယ်ပျောက်ဝတ်ရုံကို သေတ္တာ ထဲက ဆွဲထုတ်နိုင်တယ်။ အကြောင်းက သူဟာ သေတ္တာထဲမှာ ဘယ်လောက် ရှုပ်ပွနေတယ်ဆိုတာ ဒမ်ဘလီဒိုး မတွေ့စေချင်လို့။ သူ ကိုယ်ပျောက် ဝတ်ရုံကို ဂျက်ကင်အိတ်ကပ်ထဲ ထိုးထည့်လိုက်တာနဲ့၊ ဒမ်ဘလီဒိုးက မှော် ကြိမ်လုံးကို ယမ်းလိုက်တယ်။ သေတ္တာ၊ လှောင်အိမ်နဲ့ ဟက်ဒဝစ်တို့ တစ်ခါ တည်း ပျောက်သွားတယ်။ ဒီနောက်၊ ဒမ်ဘလီဒိုးက မှော်ကြိမ်လုံးကို ယမ်း လိုက်ပြန်တယ်၊ တံခါးမဟာ အေးစက်တဲ့၊ နှင်းဝေနေတဲ့ညဆီ ပွင့်သွားတယ်။

"ကောင်းပြီ၊ ဟယ်ရီ၊ ကျုပ်တို့ ညအမှောင်ထဲ ဝင်ရအောင်၊ စွန့်စား ခန်းဆိုတဲ့ ပြောင်းလဲတတ်ပြီး ဆွဲဆောင်အားကောင်းတဲ့ ဖြားယောင်းသူ အမျိုး သမီးဆီ လိုက်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



## ၄။ ဟိုရေ့စ် - စလပ်ဂ်ဟွန်း

လွန်ခဲ့တဲ့ရက်အချို့တုန်းက၊ ဟယ်ရီဟာ နိုးနေရင် ဒမ်ဘယ်လီဒိုး သူ့လာကြိုဖို့ကို လှိုက်လှဲစွာ မျှော်လင့်တောင့်တနေတယ်။ ဒါပေမယ့် သူတို့နှစ်ယောက် အတူတကွ ထွက်လာပြီး ရေဖယောင်းပင်လမ်းပေါ် လျှောက်လာတော့ သူ တစ်မျိုးကြီးလို့ ခံစားရတယ်။ အရင်ကဆိုရင်၊ သူဟာ ဟော့ဂ်ဝပ်အပြင်ဘက်မှာ ကျောင်းအုပ်ဆရာကြီးနဲ့ တည်ကြည်စွာ စကားမပြောဖူးဘူး။ သူတို့ကြားမှာ စားပွဲခုံတစ်လုံး ခြားနေတာများတယ်။ သူတို့ နောက်ဆုံးအကြိမ် တွေ့ကြတဲ့အကြောင်းကို သူ သွားတွေးမိတယ်။ ဒါက သူ့ကို ပိုပြီး အနေရကြပ်စေတယ်။ အဲဒီအကြိမ် တွေ့ကြတုန်းက၊ သူဟာ အော်ဆူတဲ့အပြင် ဘာမှမမှုဘဲ ဒမ်ဘယ်လီဒိုးရဲ့ တန်ဖိုးအရှိဆုံး ပစ္စည်းအချို့ကို ပစ်ခွဲပစ်ခဲ့သေးတယ်။

ဒမ်ဘယ်လီဒိုးကတော့ အလွန်လွတ်လပ်နေပုံရတယ်။

"မှော်ကြိမ်လုံးကို အသင့်လုပ်ထား၊ ဟယ်ရီ" သူက လေသံပေါ့ပါးစွာ ပြောတယ်။



"ဒါပေမယ့် ကျွန်တော် ကျောင်းပြင်ပမှာ မှော်ကြိမ်လုံး မသုံးရဘူးထင်တယ်၊ ဆရာ"

"တကယ်လို့ အတိုက်ခိုက်ခံရရင်" ဒမ်ဘယ်လီဒိုးက ပြောတယ်။ "မင်း သွေးလို့ရတဲ့ မှော်ပညာအားလုံးနဲ့ ဂါထာကို သုံးပြီး ပြန်တိုက်ခွင့် ကျုပ်ပေးမယ်။ ဒါပေမယ့်၊ မင်း ဒီည အတိုက်ခိုက်ခံရမှာ မပူနဲ့"

"ဘာဖြစ်လို့လဲ၊ ဆရာ"

"မင်း ငါနဲ့ရှိနေလို့" ဒမ်ဘယ်လီဒိုးက တိုတိုပဲ ပြောတယ်။ "ဒါဆို ပြဿနာမရှိတော့ဘူး၊ ဟယ်ရီ"

သူဟာ ရေဖယောင်းပင်လမ်း လမ်းဝမှာ ရပ်လိုက်တယ်။

"မင်း ရုပ်ရွှေ့ပြောင်းစာမေးပွဲ မအောင်သေးဘူးထင်တယ်" သူက ပြောတယ်။

"ဟင့်အင်း" ဟယ်ရီက ဖြေတယ်။ "အသက်ဆယ့်ခုနစ်နှစ်ပြည့်မှ ဖြေရမယ်လို့ ကျွန်တော် မှတ်မိတယ်"

"ဟုတ်တယ်" ဒမ်ဘယ်လီဒိုးက ပြောတယ်။ "ဒါဆိုရင် မင်း ကျုပ်လက်ကို တင်းတင်းဖက်ထားမှ။ မင်းအဖို့ အရေးမကြီးဘူးဆိုရင် ကျုပ် ဘယ်ဘက်လက်မောင်း —— မင်း သတိပြုမိမှာ သေချာတယ်။ ကျုပ် မှော်ကြိမ်လုံးကိုင်တဲ့လက် အခု သိပ်အဆင်မပြေဘူး"

ဟယ်ရီက ဒမ်ဘယ်လီဒိုး ကမ်းပေးတဲ့လက်ဖျံကို ဖမ်းကိုင်လိုက်တယ်။

"သိပ်ကောင်းတယ်" ဒမ်ဘယ်လီဒိုးက ပြောတယ်။ "ကောင်းပြီ၊ ကျုပ်တို့ သွားမယ်"

ဒမ်ဘယ်လီဒိုးလက် သူ့လက်ထဲက ရုန်းထွက်သွားတော့မယ်လို့ ဟယ်ရီ ခံစားရတယ်။ ဒါနဲ့ တအားခိုင်ခိုင်ကိုင်ထားလိုက်တယ်။ ဒီနောက် ဘေးပတ်ပတ်လည် မှောင်မည်းသွားတာ တွေ့ရတယ်။ သူဟာ ဘက်အသီးသီးက သူ့ကို အားအားဖိညှစ်တာ ခံရတယ်၊ အသက်တောင် မရှူနိုင်တော့ဘူး။ ရင်ဝကို သံကွင်းအချို့နဲ့ တင်းတင်းပတ်ထားခံရသလိုပဲ။ သူ့မျက်လုံး ခေါင်းထဲ ဖိသွင်းခံရတယ်။ နားစည်တာလည်း ဦးခေါင်းအတွင်းထဲ ဖိသွင်းခံရတယ်၊ ဒီနောက် ——

သူဟာ ညအချိန် အေးစက်တဲ့လေကို တအားရှူရှိုက်ရင်း မျက်ရည်စီးကျတဲ့မျက်လုံးကို ဖွင့်လိုက်တယ်။ သူဟာ ခုနက အလွန်သေးတဲ့ ရော်ဘာပိုက်ထဲက ညှစ်ထုတ်ခံလိုက်ရတယ်လို့ သူ ခံစားရတယ်။ [illegible]န့်အနည်းငယ်

www.burmeseclassic.com

www.burmeseclassic.com



ကြာမှ သူ သက်သာလာတယ်။ ရေဖယောင်းပင်လမ်း ကွယ်ပျောက်သွားတာ တွေ့ရတယ်။ သူနဲ့ ဒမ်ဘလီဒိုး အခုရပ်နေတဲ့နေရာဟာ စွန့်ပစ်ကျေးရွာထဲက ကွင်းတစ်ကွင်းလိုပဲ။ အလယ်မှာ ရှေးကျတဲ့ စစ်ပွဲမှတ်တိုင်တစ်တိုင် ရှိတယ်။ ခုံတန်းရှည်တချို့လည်း ရှိတယ်။ ဟယ်ရီ့နားလည်မှုဟာ မိမိခံစားချက်ကို မီလာတယ်။ ခုနက သူဟာ သူ့ဘဝမှာ ပထမဆုံးအကြိမ် ရုပ်ရွှေ့ပြောင်းတာကို ခံစားခဲ့ရတာပဲ။

"မင်း ဘာမှမဖြစ်ပါဘူးနော်" ဒမ်ဘလီဒိုးက ခေါင်းငုံ့ပြီး ဂရုတစိုက် သူ့ကို ကြည့်ပြီး မေးတယ်။ "ဒီလိုခံစားမှုကို တဖြည်းဖြည်း ကျင့်သားရအောင် လုပ်ရတယ်"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး" ဟယ်ရီက နားရွက်ကို ပွတ်ရင်း ပြောတယ်။ သူဟာ သူ့နားရွက်က ရေဖယောင်းပင်လမ်းက မထွက်ချင်ဘဲ ထွက်ခဲ့ရသလို ခံစားရတယ်။ "ဒါပေမယ့် ကျွန်တော် တံမြက်စည်းနဲ့ ပျံသန်းတာ ပိုနှစ်သက်တယ်"

ဒမ်ဘလီဒိုး ရယ်တယ်။ သူက ခရီးသွားခြုံထည်နဲ့ လည်ပင်းကို တင်းတင်းပတ်ထားပြီး ပြောတယ်။ "ဒီကလာ"

သူဟာ ပေ့ါပါးစွာ သွားနေတယ်၊ လူမရှိတဲ့ ထမင်းဆိုင်နဲ့ အိမ်အချို့ကို ဖြတ်ခဲ့တယ်။ အနီးရှိ ဘုရားရှိခိုးကျောင်းနာရီကို ကြည့်တော့ အချိန်က ညဉ့် နက်သန်းခေါင်လောက် ရောက်နေပြီ။

"ဒါဆို မင်း ကျုပ်ပြောပြ ဟယ်ရီ" ဒမ်ဘလီဒိုးက ပြောတယ်။ "မင်း အမာရွတ် . . . . တစ်လျှောက်လုံး နာနေလား"

ဟယ်ရီက လက်ကို နဖူးပေါ် သို့ စမ်းလိုက်တယ်။ လျှပ်စီးသဏ္ဍာန် အမာရွတ်ကို စမ်းလိုက်တယ်။

"ဟင့်အင်း" သူက ပြောတယ်။ "ကျွန်တော်လဲ ဘာမှန်းမသိ ဖြစ်နေတယ်။ အခု ဗိုလ်ဒီမွှန့် တစ်ခါပြန်လာပြီ၊ ကျွန်တော်က အမာရွတ် ပူစပ်နာကျင်နေမယ်ထင်တာ"

သူက ဒမ်ဘလီဒိုးကို မော့်ကြည့်တယ်။ သူ့မျက်နှာပေါ်မှာ ကျေနပ်တဲ့ အမူအရာကို တွေ့ရတယ်။

"ကျုပ်စဉ်းစားတာ မင်းနဲ့မတူဘူး" ဒမ်ဘလီဒိုးက ပြောတယ်။ "ဗိုလ်ဒီမွှန့်ဟာ မင်း သူ့အတွေးနဲ့ ခံစားချက်ထဲ ဝင်နိုင်တာ နောက်ဆုံး သိသွား



တယ်၊ သူက ဒါ သိပ်အန္တရာယ်ရှိတယ်လို့ ထင်တယ်။ သူ အခု မင်းကို ဦးနှောက်ပိတ်အတတ်ပညာသုံးပြီထင်တယ်"

"ဒါဆို ကောင်းတယ်။ ကျွန်တော်က ဒီလိုဖြစ်ချင်နေတာ" ဟယ်ရီက ပြောတယ်။ သူဟာ အဲဒီလူကို နှိပ်စက်တဲ့ အိပ်မက်ဆိုးတွေကို မတမ်းတဘူး။ ရုတ်တရက် ဗိုလ်ဒီမွှန့် စိတ်လှုပ်ရှားမှုကို သေချာသိတဲ့ ကြောက်စရာ အတွေ့အကြုံတွေကိုလည်း သတိမရချင်ဘူး။

သူတို့ လမ်းထောင့်တစ်ခုကို ချိုးလိုက်တယ်။ ဖုန်းရုံတစ်ခုနဲ့ ဘတ်စကားစောင့်ခိုသည်နားဖို့ အမိုးတစ်ခုကို ဖြတ်ခဲ့တယ်။ ဟယ်ရီက ဒမ်ဘလီဒိုးကို ဆောင်းငုံ့ကြည့်လိုက်ပြန်တယ်။

"ပါမောက္ခ"

"ဟယ်ရီ"

"အင်း —— ကျွန်တော်တို့ ဘယ်ရောက်နေလဲ"

"ဒီနေရာက စွဲမက်ဖွယ် ဘတ်လေး-ဘတ်ဘာတန်ရွာ၊ ဟယ်ရီ"

"ကျွန်တော်တို့ ဒီကို ဘာလုပ်ဖို့ လာတာလဲ"

"အား၊ ဟုတ်ပြီ၊ အမှန်ပဲ၊ ကျုပ် မင်းကို ပြောမပြရသေးဘူး" ဒမ်ဘလီဒိုးက ပြောတယ်။ "ကောင်းပြီ၊ ဒီနှစ်တွေမှာ ကျုပ် ဒီကိစ္စကို ဘယ်နှစ်ကြိမ် ပြောခဲ့တယ်ဆိုတာတောင် မမှတ်မိတော့ဘူး။ ဒါပေမယ့် မတတ်နိုင်ဘူး။ အခု ကျုပ်တို့ ဆရာတစ်ယောက် လိုနေတယ်။ ကျုပ်တို့က ကျုပ်ရဲ့ အနားယူသွားတဲ့ လုပ်ဖော်ကိုင်ဘက်တစ်ယောက်ကို ဟော့ဂ်ဝပ်ပြန်လုပ်ဖို့ လာနားချတာ"

"ကျွန်တော် ဘာအသုံးကျမလဲ၊ ဆရာ"

"အိုး ကျုပ်တို့ မင်းကို အခန်းဝင်အောင် လုပ်မှာပါ" ဒမ်ဘလီဒိုးက မှုန်ဝါးဝါးပြောတယ်။ "ဘယ်ဘက်ချိုး၊ ဟယ်ရီ"

သူတို့ဟာ မတ်စောက်ပြီး ကျဉ်းမြောင်းတဲ့လမ်းထဲ ဝင်ခဲ့တယ်။ ဘေးနှစ်ဘက်မှာက အိမ်တန်းတွေ၊ ရေဖယောင်းပင်လမ်းမှာ နှစ်ပတ်လုံးလုံး အအေးဓာတ်ရှိခဲ့တဲ့ အအေးဓာတ်ဟာ ဒီမှာလဲ မသွားဘဲ ရပ်နားနေတယ်။ ဟယ်ရီက ဒိမင်တာတွေအကြောင်းကို သတိရတယ်။ နောက်ကို လှည့်ကြည့်တယ်၊ အိတ်ကပ်ထဲက မှော်ကြိမ်လုံးကို ဆုပ်ကိုင်ပြီး အားတင်းတယ်။

"ပါမောက္ခ ကျွန်တော်တို့ ဘာဖြစ်လို့ သင့်လုပ်ဖော်ကိုင်ဘက်ဟောင်းဆီကို ရုပ်ရွှေ့ပြောင်းတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သူများအိမ်တံခါးကို ခြေနဲ့ ကန်ဖွင့်သလို ရိုင်းစိုင်းလို့" ဒမ်ဘလီဒိုးက ပြောတယ်။ "ယဉ်ကျေးမှုက ကျုပ်တို့ကို တခြားမှော်ဆရာအား ကျုပ်တို့ကို ငြင်းဆန်ဖို့ အခွင့်အရေးပေးဖို့ တောင်းဆိုတယ်။ ဒါပေမယ့်လဲ မှော်ဆရာအိမ်အများစုဟာ မှော်ပညာနဲ့ မကြိုဆိုချင်တဲ့ ရုပ်ရွှေ့ပြောင်းသူကို တားဆီးထားတယ်၊ ဥပမာ၊ ဟော့ဂ်ဝပ် —"

" — ရဲတိုက်နဲ့ တောလိုက်ကွင်းထဲမှာ ရုပ်ရွှေ့ပြောင်းလို့ မရဘူး" ဟယ်ရီက လှုပြောတယ်။ "ဟားမီး-ဂရန်ဂျာက ကျွန်တော့်ကို ပြောပြတယ်"

"သူမပြောတာ မှန်တယ်။ ကျုပ်တို့ ဘယ်ဘက်ကို ထပ်ချိုး"

သူတို့နောက်ဘက်မှာ ဘုရားရှိခိုးကျောင်းက သန်းခေါင်ခေါင်းလောင်းသံ ပေါ်ထွက်လာတယ်။ ဒမ်ဘလီဒိုးဟာ ဒီလောက်ညဉ့်နက်မှ လုပ်ဖော်ကိုင်ဘက်ဟောင်းကို သွားတွေ့တာ မယဉ်ကျေးဘူးလို့ မထင်ဘူးလားလို့ ဟယ်ရီ တွေးမိတယ်။ ဒါပေမယ့် အခုစကားပြောလာပြီဆိုတော့၊ သူ့မှာ ဒီထက်အရေးကြီးတဲ့ ပြဿနာ မေးဖို့ရှိသေးတယ်။

"ဆရာ၊ ကျွန်တော် 'ကြိုဟောဆရာများနေ့စဉ်' ထဲမှာ ဖဒ်ဂ် ရာထူးပြုတ်သွားပြီလို့ ဖတ်ရတယ် . . . ."

"ဟုတ်တယ်" ဒမ်ဘလီဒိုးက ပြောရင်း ဖြောင့်တန်းတဲ့လမ်းကလေး တစ်လမ်းထဲ ကွေ့ဝင်သွားတယ်။ "မင်းဖတ်ရမယ်လို့ ကျုပ် ယုံတယ်။ သူ့နေရာကို ဆက်ခံတဲ့လူက ရူးဖုးစ်-စခရင်းမ်ဂျို၊ သူ အရင်က အောရာရုံးအုပ်"

"သူ . . . . သူ့ကို သင် ဘယ်လိုထင်လဲ" ဟယ်ရီက မေးတယ်။

"ဒါ စိတ်ဝင်စားစရာမေးခွန်းပဲ" ဒမ်ဘလီဒိုးက ပြောတယ်။ "သူဟာ တော်တယ်၊ ဒါပြောဖို့မလိုဘူး။ ကွန်နယ်လစ်ထက် ပိုပြတ်သားတယ်၊ ပိုဆတ်မြက်တယ်"

"ဟုတ်တယ်၊ ဒါပေမယ့် ကျွန်တော်ပြောတာက —"

"မင်း ဘာပြောချင်တယ်ဆိုတာ ကျုပ်သိတယ်။ ရူးဖုးစ်ဟာ အလုပ်သိမ်းလုပ်တဲ့လူ၊ သူ အလုပ်ထဲရောက်ပြီးနောက် သူ့အလုပ်ဘဝကို မှော်နက်မှော်ဆရာတို့ တိုက်ရာမှာ မြှုပ်နှံခဲ့တယ်။ ဒါကြောင့် ဗိုလ်ဒီမွန့်ကို ဆန့်ကျင်တဲ့ အင်အားတို့ လျှော့တွက်လို့မရဘူး"

ဟယ်ရီ စောင့်ဆိုင်းနေတယ်။ ဒါပေမယ့် ဒမ်ဘလီဒိုးဟာ 'ကြိုဟောဆရာများနေ့စဉ်' ထဲက ပြောတဲ့ သူနဲ့ စခရင်းမ်ဂျိုတို့ အငြင်းအခုံဖြစ်တာကို



တစ်လုံးမှ မပြောဘူး။ ဟယ်ရီက ထပ်မမေးဝံ့ဘူး။ ဒါနဲ့ စကားကို တခြားလှည့်လိုက်တယ်။

"ရှိသေးတယ် . . . . ဆရာ . . . . ကျွန်တော် မဒမ်ဘုံးစ်အကြောင်း ဖတ်ရတယ်"

"ဟုတ်တယ်" ဒမ်ဘလီဒိုးက အသာလေးပြောတယ်။ "ကြီးမားတဲ့ ဆုံးရှုံးမှု။ သူမဟာ အလွန်ချီးကျူးစရာကောင်းတဲ့ မှော်ဆရာမ။ ဟိုအပေါ်ဘက် ရောလို့ ကျုပ်ထင်တယ် — အမလေး"

သူ လမ်းကို ညွှန်ပြတဲ့လက်က အဲဟိုဒဏ်ရာနဲ့လက်။

"ပါမောက္ခ၊ သင် ဒါ ဘယ်လိုဖြစ်တာလဲ —"

"အခု ရှင်းပြချိန် မရတော့ဘူး" ဒမ်ဘလီဒိုးက ပြောတယ်။ "ဒါဟာ စည်းထိတ်ရင်ဖိုပုံပြင်။ ကျုပ်က ဒါကို အကျယ်တဝင့်ပြောချင်တာ"

သူက ဟယ်ရီ့ကို ပြုံးကြည့်တယ်။ ဟယ်ရီက သူ အပြစ်ပြောမခံရဘူးဆိုတာ နားလည်တယ်၊ မေးခွန်းထပ်ထုတ်လို့ ရသေးတယ်။

"ဆရာ — ကျွန်တော် ဇီးကွက်လာပို့တဲ့ မှော်ဝန်ကြီးဌာနက လက်ကမ်းစာစောင်လေး ရတယ်၊ အထဲမှာ ဒက်အီတာတွေကို ရင်ဆိုင်ဖို့ လုံခြုံရေးအစီအမံချက်တွေ ရေးထားတယ် . . . ."

"ဟုတ်တယ်၊ ကျုပ်လဲ တစ်စောင်ရတယ်" ဒမ်ဘလီဒိုးက ပြုံးရယ်မြူးရယ်ပြီး ပြောတယ်။ "မင်း အသုံးကျတယ်ထင်လား"

"သိပ်အသုံးမကျဘူး"

"ဟုတ်တယ်၊ ကျုပ်လဲ အသုံးမကျဘူးလို့ ထင်တယ်။ ဥပမာ၊ မင်းက ကျုပ်ကို ဘယ်လိုယိုမျိုးကြိုက်သလဲလို့ မေးမထားဘူး။ ဒီနည်းနဲ့ ကျုပ်ကို စစ်ဆေးတာ ဒမ်ဘလီဒိုးအစစ်လားလို့ ခွဲခြားရမှာ၊ အတုမဟုတ်ဘူးလို့ သိရမှာ"

"ကျွန်တော် မ . . . ." ဟယ်ရီ စကားဆုံးအောင် မပြောဘူး။ သူဟာ အဆင်ပြေနစ်ခံရသလားဆိုတာ မဝေခွဲတတ်ဘူး။

"နောင်မှာ အသုံးကျအောင် ကျုပ် မင်းကို ပြောပြမယ်၊ ဟယ်ရီ၊ ကျုပ်အကြိုက်ဆုံးက ရတ်စ်ဘာရီယိုပဲ . . . . ဒါပေမယ့်၊ အမှန်ပဲ၊ ကျုပ်သာ ဒက်အီတာဖြစ်ခဲ့ရင် ကျုပ်ဟာ ကျုပ် ဘာကြိုက်တယ်ဆိုတာ သိအောင်လုပ်ပြီးမှ ကျုပ် ဟန်ဆောင်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . . ဒီအတိုင်းပဲ" ဟယ်ရီက ပြောတယ်။ "ဟုတ်ပြီ၊ စာစောင်လေးထဲမှာ အလောင်းကောင်ကို ပြောထားသေးတယ်။ ၎င်းတို့ဟာ ဘာတွေလဲ။ စာစောင်လေးထဲမှာ ရှင်းအောင်ပြောမထားဘူး"

"အဲဒါတွေက လူသေအလောင်းတွေ" ဒမ်ဘလီဒိုးက အေးဆေးစွာ ပြောတယ်။ "မှော်နက်မှော်ဆရာတွေကို အလုပ်ကျွေးပြုဖို့ ပြုစားခံထားရတဲ့ အလောင်းကောင်တွေ။ ဒါပေမယ့် အလောင်းကောင်တွေကို အတော်ကြာကြာ မတွေ့ရတော့ဘူး။ အရင်တစ်ခါ ဗိုလ်ဒီမွှန့် ရှုံးနိမ့်ပြီးနောက် ပျောက်ကုန်ကြပြီ . . . . သူတို့ ထိုစဉ်က လူအတော်များများ သတ်ပြီး အလောင်းကောင် လုပ်ကြတာပေါ့။ ကျုပ်တို့ ရောက်ပြီ၊ ဟယ်ရီ။ ဒီနေရာပဲ . . . ."

သူတို့ဟာ ပန်းခြံထဲမှာ သပ်သပ်ရပ်ရပ် ဆောက်ထားတဲ့ ကျောက်တုံးအိမ်ကလေးတစ်လုံးနား ရောက်သွားတယ်။ ဟယ်ရီဟာ အလောင်းကောင်နဲ့ ပတ်သက်တဲ့ ကြောက်စရာ ပြောဆိုတာတွေကိုပဲ တွေးနေလို့ ဘေးဘီက ကိစ္စကို သတိမထားမိဘူး။ သူတို့ ရှေ့တံခါးဆီ သွားတယ်။ ဒမ်ဘလီဒိုးက ရုတ်တရက် ရပ်လိုက်တယ်။ ဟယ်ရီက မထင်မှတ်ပဲ သူ့ကိုယ်ပေါ် ဝင်တိုက်တယ်။

"အိုး၊ အမလေး။ အိုး၊ အမလေး၊ အမလေး၊ အမလေး"

ဟယ်ရီက ဒမ်ဘလီဒိုးအကြည့်အတိုင်း လိုက်ပြီး ဂရုတစိုက် ပြုပြင်ထိန်းသိမ်းထားတဲ့ လမ်းကလေးကို ကြည့်လိုက်တယ်။ ရင်ထဲ နိမ့်ဆင်းသွားတယ်။ ရှေ့တံခါးဟာ တံခါးပတ္တာပေါ်မှာ တွဲလောင်းကြီး ဖြစ်နေတယ်။

ဒမ်ဘလီဒိုးက လှမ်းကြည့်လိုက်ပြီး လမ်းပေါ် ဆင်းလိုက်တယ်။ အိမ်က စွန့်ပစ်ထားသလိုပဲ။

"ဟယ်ရီ၊ မှော်ကြိမ်လုံးထုတ်၊ ကျုပ်နဲ့ လိုက်ခဲ့" သူက တိုးတိုးပြောတယ်။

သူဟာ ရှေ့ခြံတံခါးကို တွန်းဖွင့်ပြီး ပန်းခြံလမ်းကလေးပေါ် အမြန်လျှောက်သွားတယ်။ ဟယ်ရီက နောက်က ကပ်လိုက်တယ်၊ ဒီနောက် ဒမ်ဘလီဒိုးက တံခါးကို ဖြည်းဖြည်းတွန်းဖွင့်တယ်။ လက်ထဲမှာ မှော်ကြိမ်လုံးကို မြှောက်ထားတယ်၊ အချိန်မရွေး တိုက်ခိုက်ဖို့ ပြင်ထားတယ်။

"မီးရောင်လက်စေ"

ဒမ်ဘလီဒိုး မှော်ကြိမ်လုံးထိပ်ဖျား လင်းလာတယ်။ ကျဉ်းမြောင်းတဲ့ တံခါးအဝင်လမ်းကို လင်းသွားစေတယ်။ ဘယ်ဘက်မှာ ပွင့်နေတဲ့ တံခါးတစ်ခု



ရှိတယ်။ ဒမ်ဘလီဒိုးဟာ လင်းနေတဲ့ မှော်ကြိမ်လုံးကို အမြင့်ကြီး မြှောက်ပြီး ဧည့်ခန်းထဲ ဝင်လိုက်တယ်။ ဟယ်ရီက နောက်က ကပ်လိုက်တယ်။

သူတို့ဟာ ရစရာမရှိတဲ့ မြင်ကွင်းတစ်ခုကို တွေ့ရတယ်။ တိုင်ကပ်နာရီအောင်းကြီးတစ်လုံး သူတို့ခြေထောက်နားမှာ ကွဲနေတာ တွေ့ရတယ်။ နာရီမျက်နှာပြင် အက်ကွဲနေတယ်။ ချိန်သီးက ခပ်ဝေးဝေး ရောက်နေတယ်။ စွန့်ပစ်ထားတဲ့ ဓားတစ်လက်လိုပဲ။ စန္ဒရားတစ်လုံး လဲကျနေတယ်။ ခလုတ်တွေ ကြမ်းပြင်ပေါ်မှာ ပြန့်ကျဲနေတယ်။ အနီးမှာ ကျကွဲတဲ့ သစ်ကိုင်းပုံသဏ္ဍာန် မီးဆိုင်းအပိုင်းအစတွေ လက်နေတယ်။ ထိုင်ဖုံ့တွေ ဟိုဒီရောက်နေတယ်။ အားလုံး ပိပြားနေပြီး ငှက်မွေးတွေဟာ ပြတဲ့အပေါက်ကနေ ထွက်နေတယ်။ မှန်ကွဲစနဲ့ ကြွေထည်ကွဲစတွေဟာ အမှုန့်တွေလို ကြမ်းပေါ် ကြပြန့်နေတယ်။ ဒမ်ဘလီဒိုးက မှော်ကြိမ်လုံးကို ပိုမြင့်မြင့်မြှောက်ပြီး နံရံကို အလင်းရစေတယ်။ နံရံကပ်စက္ကူပေါ်မှာ နီပုပ်ပုပ် ကပ်စေးတဲ့အရာတွေ ပေနေတယ်။ ဟယ်ရီက တိုးတိုးလေး ရှိုက်လိုက်တယ်။ ဒမ်ဘလီဒိုးက ကြားပြီး ဟိုဒီကြည့်လိုက်တယ်။

"ကြည့်လို့မကောင်းဘူး၊ ဟုတ်လား" သူက လေးပင်စွာ ပြောတယ်။ "ဟုတ်တယ်၊ ဒီမှာ ကြောက်စရာကိစ္စ ဖြစ်ခဲ့တယ်"

ဒမ်ဘလီဒိုးဟာ သတိနဲ့ အခန်းအလယ်ကို လျှောက်သွားတယ်။ ခြေထောက်အနားက အကွဲအကြေတွေကို သေချာကြည့်တယ်။ ဟယ်ရီ လိုက်သွားတယ်။ ဘေးဘီကို ကြည့်တယ်၊ ဖျက်စီးနေတဲ့ စန္ဒရား ဒါမှမဟုတ် လဲနေတဲ့ ဆိုဖာနောက်မှာ ကြောက်စရာတစ်ခုခု တွေ့ရမလားလို့ စိုးရိမ်စိတ်သိမ့်သိမ့် ဖြစ်ပေါ်နေတယ်။ ဒါပေမယ့် အလောင်းအရိပ်ကို သူ မတွေ့ရဘူး။

"သတ်ပုတ်မှုတစ်ခု ဖြစ်ခဲ့တယ်ထင်တယ်။ နောက်တော့ — နောက်ပြီး သူ့ကို ဆွဲယူသွားတယ်၊ ဟုတ်လား၊ ပါမောက္ခ ?" ဟယ်ရီက ခန့်မှန်းတယ်။ သူဟာ လူတစ်ယောက် ပြင်းထန်စွာ ဒဏ်ရာရရလို့ နံရံပေါ် မြင့်မြင့် ပေါက်တွေ ပေနေတာလို့ သူ အတတ်နိုင်ဆုံး မတွေးဘူး။

"ကျုပ် ဒီလိုမထင်ဘူး" ဒမ်ဘလီဒိုးက အေးဆေးစွာ ပြောပြီး လဲကျနေတဲ့ ဆိုဖာအောင်း လက်တန်းကုလားထိုင်နောက်ကို ကြည့်လိုက်တယ်။

"ဆိုလို သူ့ကို — ?"

"ဒီမှာပဲ ရှိတယ်။ ဟုတ်တယ်"

www.burmeseclassic.com

ဘာမှသတိမပေးဘဲ၊ ဒမ်ဘလီဒိုးဟာ ရုတ်တရက် မှော်ကြိမ်လုံးနဲ့ ပွဖောင်းဖောင်း လက်တန်းကုလားထိုင်ရဲ့ ထိုင်ဖုံကို ထိုးလိုက်တယ်။ ထိုင်ခုံက အော်တယ်။ "အမလေး"

"မင်္ဂလာညချမ်းပါ၊ ဟိုရေ့စ်" ဒမ်ဘလီဒိုးက ပြောရင်း ကိုယ်ကို မတ်လိုက်တယ်။

ဟယ်ရီက အံ့အားသင့်လို့ ပါးစပ်အဟောင်းသား ဖြစ်နေတယ်။ ခုန ကပဲ လက်တန်းကုလားထိုင်၊ ခုချက်ချင်း ဝတုတ်တုတ် ထိပ်ပြောင်အဘိုးကြီး အဲဒီမှာ ဆောင့်ကြောင့်ထိုင်နေတာ ဖြစ်သွားတယ်။ ၎င်းဟာ ဗိုက်ကို ပွတ်ပြီး နာကျင်တဲ့မျက်ရည်တွေနဲ့ မျက်လုံးကို မှေးပြီး ဒမ်ဘလီဒိုးကို ကြည့်နေတယ်။

"ခင်ဗျား မှော်ကြိမ်လုံးနဲ့ ဒီလောက်ရက်ရက်စက်စက် ထိုးစရာ မလိုပါဘူး" သူက ဒေါသနဲ့ ပြောတယ်။ မနည်းကုန်းထရတယ်။ "နာလို့ သေတော့မယ်"

မှော်ကြိမ်လုံးက အလင်းရောင်ဟာ သူ့ရဲ့ထိပ်ပြောင်ကို လက်နေစေတယ်။ ပြူးနေတဲ့ မျက်လုံးအစုံ၊ အစွယ်ရှည် ဖျံကြီးလို ငွေရောင်နှုတ်ခမ်းမွေးကိုလည်း အလင်းရစေတယ်။ ၎င်းရဲ့ ခရမ်းဖျော့ ညဝတ်အင်္ကျီရှည် အပြင်ဘက်က ထပ်ဝတ်ထားတဲ့ ခရမ်းညိုရောင် စိန်ကတ္တီပါအင်္ကျီပေါ်က လက်နေတဲ့ ကြယ်သီးကိုလည်း လင်းနေစေတယ်။ သူ့ခေါင်းထိပ်နဲ့ ဒမ်ဘလီဒိုးမေးစေ့ပါ လင်းနေတယ်။

"ဘယ်လိုပေါ်သွားတာလဲ" သူက အသံကြမ်းကြမ်းနဲ့ မေးရင်း ကယိမ်းကယိုင် မတ်တတ်ထလိုက်တယ်။ ဗိုက်ကိုလည်း ပွတ်နေသေးတယ်။ သူ့ကြည့်ရတာ အရေအလွန်ထူပုံရတယ်၊ သိရမှာက သူဟာ ခုနက လက်တန်းကုလားထိုင်ယောင် ဆောင်နေတာ ပေါ်သွားတာ။

"ကျွန်ုပ်ရဲ့ ချစ်လှစွာသော ဟိုရေ့စ်" ဒမ်ဘလီဒိုးက ရယ်ချင်တယ်။ သူက ပြောတယ်။ "တကယ်လို့ ဒက်ဒီတာ တကယ်ပဲလာရင်၊ အိမ်အပေါ်ဘက်မှာ မှော်နက်အမှတ်အသား ထားရစ်ခဲ့မှာပေါ့"

မှော်ဆရာဟာ ဝတုတ်တုတ်လက်ကြီးနဲ့ နဖူးကို ရိုက်လိုက်တယ်။

"မှော်နက်အမှတ်အသား" သူက ရေရွတ်လိုက်တယ်။ "ကျုပ်က တစ်ခုခုလိုနေသေးတယ်ထင်တာ . . . . အား၊ ဟုတ်ပြီ။ ဒါပေမယ့်လဲ မမီတော့ဘူး။ ကျုပ် ထိုင်ခုံအစွပ်ကို ပြုပြင်ရုံရှိသေးတယ်၊ ခင်ဗျားတို့ ဝင်လာပြီ"



သူဟာ သက်ပြင်းကြီး ချလိုက်တယ်။ နှုတ်ခမ်းမွေး ထိပ်ဖျားနှစ်ခု စလုံး လေမှုတ်ခံရလို့ ကပျံ့သွားတယ်။

"ကျုပ် ခင်ဗျားကို ကူပြီး သိမ်းဆည်းရမလား" ဒမ်ဘလီဒိုးက ယဉ်ကျေးစွာ မေးတယ်။

"လုပ်လေ" တစ်ယောက်က ပြောတယ်။

သူတို့ ကျောချင်းကပ် ရပ်လိုက်ကြတယ်။ တစ်ယောက်က မြင့်မြင့် ပိန်ပိန်၊ တစ်ယောက်က ပုပုဝဝ။ နှစ်ယောက်သား အချက်ညီညီ မှော်ကြိမ်လုံး ကို ယမ်းနေကြတယ်။

ပရိဘောဂတွေဟာ မူလနေရာကို ပြန်ခုန်သွားတယ်။ အလှဆင်တဲ့ ပစ္စည်းတွေ မိုးပေါ်မှာ မူလအတိုင်း ပြန်ဖြစ်သွားတယ်။ ငှက်မွှေးတွေဟာ ထိုင်ခုံထဲ ပြန်ဝင်သွားတယ်။ ပျက်စီးသွားတဲ့စာအုပ်တွေ အလိုအလျောက် ပြန်ဆောင်းသွားပြီး စာအုပ်စင်ပေါ်မှာ ညီညာစွာ စီတန်းနေတယ်။ ဆီမီးဟာ ခုံဘေးက စားပွဲလေးပေါ် ပျံသွားပြီး မီးပြန်တောက်လာတယ်။ ကြေကွဲနေတဲ့ ငွေရောင်မှန်ဘောင်တွေ တစ်ပုံကြီးဟာ အခန်းဟိုဘက်ကို တလက်လက် ဖြာသွားတယ်။ စာရေးစားပွဲပေါ် ကျသွားပြီး အသစ်စက်စက် ပြန်ဖြစ်သွားတယ်။ အခန်းတွင်း ပျက်စီးသွားတဲ့နေရာ၊ စုတ်ပြဲ၊ ကွဲအက်တဲ့နေရာအားလုံး အစက အတိုင်း ပြန်ဖြစ်သွားတယ်။ နံရံပေါ်က အညစ်အကြေးတွေလည်း အလို အလျောက် သုတ်သင်ပြီးပြီ။

"စကားမစပ်၊ အဲဒါ ဘာသွေးတွေလဲ" ဒမ်ဘလီဒိုးက မေးတယ်။ အသံဟာ ခုတွင်ပြင်ပြီးတဲ့ ရှေးတိုင်ကပ်နာရီကြီးရဲ့ ချိန်သီးသံကို ဖုံးသွားတယ်။

"နံရံပေါ်က ? မီးနဂါးသွေး" အဲဒီဟိုရေ့စ်လို့ ခေါ်တဲ့ မှော်ဆရာ ကြီးက အကျယ်ကြီး ဖြေတယ်။ အခု အကိုင်းသဏ္ဍာန် မီးဆိုင်းကြီး မျက်နှာ ပြင်ပေါ်ကို အလိုအလျောက် ခုန်တက်သွားတယ်။ တခင်ခင် မြည်သံတွေ ဆူညံနေတော့တာပဲ။

နွေရာသီက နောက်ဆုံးအသံ ထွက်ပေါ်လာပြီး ငြိမ်သွားတယ်။

"ဟုတ်တယ်၊ မီးနဂါးသွေး" မှော်ဆရာက စကားပြောချင်စိတ် ပြင်းပြ စွာနဲ့ ပြောတယ်။ "ကျုပ် နောက်ဆုံးပုလင်း၊ အခု ဈေးအလွန်ကြီးတယ်၊ ဒါပေမယ့် သုံးလို့ရနိုင်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူဟာ ခြေလှမ်းလေးလေးနဲ့ ဗွန်းခက်ရင်းဗီရိုရှေ့ သွားတယ်။ ဗီရို အပေါ်က ခရစ်ဆယ်ပုလင်းလေးကို ယူလိုက်တယ်။ အလင်းမှာ မြှောက်ပြီး အတွင်းက ပျစ်စေးစေးအရာကို ကြည့်တယ်။

"အင်း၊ နည်းနည်းညစ်ပတ်တယ်"

သူဟာ ပုလင်းလေးကို ဗွန်းခက်ရင်းဗီရိုပေါ် ပြန်တင်လိုက်ပြီး သက် ပြင်းချလိုက်တယ်။ ဒီအချိန်ကျမှ သူ ဟယ်ရီ့အပေါ် အကြည့်ရောက်သွားတယ်။

"အိုဟိုး" သူက ပြောတယ်။ ဝိုင်းစက်တဲ့ မျက်လုံးကြီးဟာ ဟယ်ရီ့ နဖူးနဲ့ နဖူးပေါ်က လျှပ်စီးသဏ္ဌာန်အမာရွတ်ကို လှမ်းကြည့်တယ်။ "အိုဟိုး"

"သူက" ဒမ်ဘလီဒိုးက ရှေ့တက်ပြီး မိတ်ဆက်ပေးတယ်။ "ဟယ်ရီ-ပေါ်တာ။ ဟယ်ရီ၊ ဒါက ကျုပ်မိတ်ဆွေဟောင်း၊ လုပ်ဖော်ကိုင်ဘက်ဟောင်း၊ ဟိုရေ့စ်-စလပ်ဂ်ဟွန်း"

စလပ်ဂ်ဟွန်းက ဒမ်ဘလီဒိုးဘက် လှည့်တယ်။ အမူအရာက အလွန် လျှင်တဲ့ပုံ။

"ခင်ဗျားက ဒါနဲ့ ကျုပ်ကို နားချလို့ရမယ်ထင်တယ်၊ ဟုတ်လား။ ကျုပ် ပြောမယ်၊ အောဘတ်စ်၊ အဖြေက မရဘူး"

သူက ဟယ်ရီ့ကို တွန်းဖယ်ပြီး လျှောက်သွားတယ်။ ပြီးတော့ မျက်နှာ ကို တစ်ဖက်သို့ ပြတ်သားစွာ လှည့်ထားတယ်၊ သူ့ကို ဆွဲဆောင်တာတစ်ခုခုကို ခုခံနေသလိုပဲ။

"ကျုပ်တို့ တစ်ခွက်လောက်တော့ သောက်လို့ရမယ်ထင်တယ်" ဒမ် ဘလီဒိုးက မေးတယ်။ "လွန်ခဲ့တဲ့အချိန်တွေအတွက်"

စလပ်ဂ်ဟွန်းက တွေဝေနေတယ်။

"ကောင်းပြီ၊ ဒါဆို တစ်ခွက်သောက်မယ်" သူက မာကျောစွာ ပြော တယ်၊

ဒမ်ဘလီဒိုးက ဟယ်ရီ့ကို ရယ်ပြတယ်။ သူ့ကို ထိုင်ခုံတစ်လုံးဆီ ခေါ် သွားတယ်။ ဒီထိုင်ခုံဟာ ခုနက စလပ်ဂ်ဟွန်း အယောင်ဆောင်တဲ့ ခုံလိုပဲ၊ ထိုင်ခုံဘေးမှာက ခုတွင်မွေးလိုက်တဲ့ မီးဖိုမီးနဲ့ လင်းတဲ့ ဆီမီးတိုင်။

ဟယ်ရီက ထိုင်ခုံပေါ်မှာ ထိုင်လိုက်တယ်။ ဒမ်ဘလီဒိုးဟာ အကြောင်း တစ်ကြောင်းကြောင့် သူ့ကို မြင်သာတဲ့နေရာမှာ ထားတယ်လို့ သူ ခံစားရမှု တစ်ခု ရှိတယ်၊ တကယ်ပဲ၊ စလပ်ဂ်ဟွန်းဟာ ပုလင်းတွေ ခွက်တွေနဲ့ အလုပ်



[illegible]သွားတော့ လှည့်ကြည့်တဲ့အခါမှာ သူ့အကြည့်ဟာ အရင်ဆုံး ဟယ်ရီ့ပေါ် [illegible]ရောက်သွားတယ်။

"တင်း" သူက အကြည့်ကို အမြန်ရှောင်လိုက်တယ်။ မျက်စိဒဏ်ရာ [illegible]သလိုပဲ။ ရော့ —" သူက ထိုင်နေပြီဖြစ်တဲ့ ဒမ်ဘလီဒိုးကို တစ်ခွက် [illegible]တယ်။ တစ်ခါ လင်ဗန်းကို ဟယ်ရီ့ရှေ့ တွန်းလိုက်တယ်။ ဒီနောက် [illegible] ပြန်ပြင်ထားတဲ့ ဆိုဖာပေါ်က ထိုင်ဖုံပျော့တွေထဲ ထိုင်ချလိုက်တယ်။ [illegible]တင်းထားပြီး ငြိမ်နေတယ်။ သူ့ခြေထောက်က သိပ်တိုလို့ ကြမ်းပြင် [illegible]ဘူး။

"ဘယ်လိုလဲ၊ ဟိုရေ့စ်၊ ခုတလော နေထိုင်ကောင်းရဲ့လား" ဒမ်ဘလီဒိုး [illegible]တယ်

"သိပ်မကောင်းဘူး" စလပ်ဂ်ဟွန်းက ချက်ချင်းပြောတယ်။ "အသက် [illegible]တယ်၊ ပန်းနာ။ လေးဘက်နာလဲ ရှိသေးတယ်။ ခြေလက်တွေ အရင်က [illegible] မဖျတ်လတ်တော့ဘူး။ အင်း၊ ဒါလဲ မျှော်လင့်ထားသလိုပါပဲ။ အိုလာပြီ၊ [illegible]တော့ဘူး"

"ဒါပေမယ့်၊ ခင်ဗျားဟာ ဒီလောက်အချိန်နည်းနည်းလေးနဲ့ ဒီလို [illegible] အခင်းအကျင်း လုပ်ထားနိုင်တာ၊ သိပ်ကို ဖျတ်လတ်တာ သေချာ [illegible]" ဒမ်ဘလီဒိုးက ပြောတယ်။ "ခင်ဗျား အချက်ပေးတာ သိပြီး သုံးမိနစ် [illegible] မကြာဘူးထင်တယ်"

စလပ်ဂ်ဟွန်းဟာ ဒေါသတစ်ဝက် ကျေနပ်မှုတစ်ဝက်နဲ့ ပြောတယ်။ "[illegible] ကျုပ် ရေချိုးနေတာ။ ကျုပ်ရဲ့ ကျူးကျော်ဝင်ရောက်မှုတားဂါထာကို [illegible]တဲ့ အချက်ပြကို မကြားလိုက်ဘူး။ ဒါပေမယ့်" သူဟာ ပြန်ပြီး [illegible]သွားသလိုပဲ၊ မျက်နှာထားနဲ့ ပြောတယ်။ "အဖြစ်မှန်ကို ငြင်းပယ်လို့ [illegible] ကျုပ် အဘိုးကြီးဖြစ်ပြီ၊ အောဘတ်စ်။ ခြေကုန်လက်ပန်းကျနေတဲ့ [illegible] အေးဆေးသက်သာတဲ့ ဘဝတစ်ခုရဖို့ အခွင့်အရေးရှိတယ်၊ ရုပ် [illegible]တချို့လည်း ခံစားခွင့်ရှိတယ်"

[illegible]ကြည့်ရတာ ဘာရုပ်ဝတ္ထုမှ လိုပုံမရဘူး။ ဟယ်ရီက အခန်းထဲက [illegible]ကို ကြည့်လိုက်ပြီး တွေးတယ်။ အခန်းထဲမှာ ကျပ်သိပ်ပြီး ရှုပ် [illegible] ဒါပေမယ့် နေရတာ သက်သက်သာသာ မရှိဘူးလို့ ဘယ်သူမှ [illegible]ဘူး၊ ဒီမှာ ထိုင်ခုံပျော့၊ ခြေတင်ခုံ၊ သောက်စရာတွေနဲ့ စာအုပ်

www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိတယ်။ ချောကလက်ဘူးတွေနဲ့ ဖောင်းပွပွ ထိုင်ဖုံ မှိုဖုံတွေ တစ်ပုံကြီး ရှိတယ်။ တကယ်လို့ ဟယ်ရီဟာ ဒီမှာ ဘယ်သူနေမှန်းမသိရင်၊ ဒါဟာ အလွန်ချေးများတဲ့ သူဌေးမ နေတယ်လို့ ထင်မှာ။

"ခင်ဗျားအသက် ကျုပ်လောက်တောင် မကြီးသေးဘူး၊ ဟိုရေ့စ်" ဒမ်ဘလီဒိုးက ပြောတယ်။

"ဟုတ်တယ်၊ ခင်ဗျားလဲ အနားယူဖို့ စဉ်းစားသင့်ပြီ ထင်တယ်" စလပ်ဂ်ဟွန်းက ဒဲ့ဒိုးပဲ ပြောလိုက်တယ်။ ၎င်းရဲ့ အစိမ်းဖျော့ဖျော့မျက်လုံးဟာ ဒမ်ဘလီဒိုးရဲ့ ဒဏ်ရာရတဲ့ လက်ကို ကြည့်နေတယ်။ "အရင်ကလောက် မဖျတ်လတ်တော့ဘူးဆိုတာ သိသာတယ်"

"ခင်ဗျားပြောတာမှန်တယ်" ဒမ်ဘလီဒိုးက တည်ငြိမ်စွာ ပြောတယ်။ အကျီလက်ကို အပေါ်ပင့်လိုက်ပြီး မီးကျွမ်းနေတဲ့ လက်ချောင်းနဲ့ လက်ထိပ်ကို ပေါ်သွားစေတယ်။ ဟယ်ရီ မြင်ရပြီး ကုပ်ပေါ်မှာ တစ်မျိုးကြီးဖြစ်သလို ခံစားရတယ်။ "ကျုပ် အရင်ကထက် ထိုင်းသွားတာ သိသာတယ်။ ဒါပေမယ့် တစ်ဖက်မှာလဲ . . . ."

သူက ပခုံးတွန့်လိုက်ပြီး လက်နှစ်ဘက်ကို ဖြန့်လိုက်တယ်။ လူအိုမှာလည်း လူအိုကောင်းတဲ့နေရာ ရှိတယ်လို့ ပြောချင်သလိုပဲ။ ဒီအချိန်မှာ ဒမ်ဘလီဒိုးရဲ့ ဒဏ်ရာမရတဲ့ လက်မှာ လက်စွပ်တစ်ကွင်း စွပ်ထားတာ ဟယ်ရီ မြင်ရတယ်။ သူ အရင် ဘယ်တုန်းကမှ မမြင်ဖူးဘူး။

လက်စွပ်က အကြီးကြီးပဲ၊ ရွှေလက်စွပ်လိုပဲ။ လက်ရာကြမ်းတယ်။ အလယ်မှာ အက်ကြောင်းရှိတဲ့၊ လေးတဲ့ ကျောက်နက်တစ်လုံး ရှိတယ်။ စလပ်ဂ်ဟွန်းအကြည့်ဟာ လက်စွပ်ပေါ် ခဏရပ်တန့်နေပြီး။ သူ မျက်မှောင်ကြုတ်တာ ဟယ်ရီ မြင်ရတယ်။ နဖူးကျယ်ကျယ်ပေါ်မှာ အရေးအကြောင်းတချို့ ပေါ်လာတယ်။

"ဒါဆို ဟိုရေ့စ်၊ ဒီကျူးကျော်ဝင်ရောက်သူကို ခုခံတဲ့ လုံခြုံရေးအတားအဆီးတွေဟာ . . . . ဒက်အီတာတွေအတွက်လား၊ ကျုပ်အတွက်လား" ဒမ်ဘလီဒိုးက မေးတယ်။

"ဒက်အီတာက ကျုပ်လို အသုံးမကျတဲ့ လူအိုတစ်ယောက်ကို ဘာလုပ်မှာလဲ" စလပ်ဂ်ဟွန်းက ပြန်မေးတယ်။



"သူတို့က ခင်ဗျားရဲ့ ဉာဏ်ပညာကို ဖိနှိပ်ခြင်း၊ ရက်စက်တဲ့ လူသတ်ခြင်းမှာ သုံးစေချင်တယ်နဲ့တူတယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "သူတို့ ခင်ဗျားကို အဖွဲ့ဝင်ဖို့ လာမခေါ်ဘူး ပြောဝံ့လား"

စလပ်ဂ်ဟွန်းဟာ ဒမ်ဘလီဒိုးကို ခဏလောက် မျက်စောင်းထိုး ကြည့်နေတယ်၊ ဒီနောက် တိုးတိုးပြောတယ်။ "ကျုပ် သူတို့ကို အခွင့်အရေး မပေးဘူး။ ဒီတစ်နှစ်လုံးလုံး ကျုပ် အတည်တကျ မနေဘူး။ တစ်နေရာမှာ တနင်္ဂနွေ တစ်ပတ်ထက် ပိုမနေဘူး။ မတ်ဂေါ်နေအိမ်တစ်လုံးကနေ တခြားမတ်ဂေါ်နေအိမ်တစ်လုံးကို ပြောင်းတယ် —— ဒီအိမ်ပိုင်ရှင်ဟာ အခု ကာနာရီကျွန်းစုမှာ အနားယူနေတယ်။ ကျုပ် ဒီမှာနေရတာ သိပ်ဇိမ်ရှိတယ်။ ထွက်တောင် မထွက်ခွာချင်ဘူး။ ချက်သိရင် လွယ်လွယ်လေးရယ်။ သူတို့က စောင့်ကြည့်မှန်တို့ အသုံးမပြုဘဲ ရယ်စရာကောင်းတဲ့ သူခိုးအချက်ပြကိရိယာကို သုံးတယ်။ အချက်ပြကိရိယာကို ရေခဲဂါထာ ချထားလိုက်။ ပြီးတော့၊ စန္ဒရား သယ်လာရင် အိမ်နီးချင်းတွေ မမြင်အောင်လုပ်ရင် ပြီးတာပဲ"

"တယ်ပညာသား ပါပါလား" ဒမ်ဘလီဒိုးက ပြောတယ်။ "ဒါပေမယ့်၊ အေးအေးဆေးဆေး နေချင်တဲ့ အသုံးမကျတော့တဲ့ ပုဂ္ဂိုလ်တစ်ယောက်အဖို့ ဒီလိုနေရတာ သိပ်မပင်ပန်းဘူးလား။ တွေးကြည့်ပါ၊ တကယ်လို့ ခင်ဗျား ဟော့ဂ်ဝပ်ကို ပြန်သွားရင် ——"

"တကယ်လို့ ခင်ဗျားက အဲဒီမုန်းစရာကျောင်းမှာနေရင် ကျုပ် ပိုပြီး အေးအေးဆေးဆေးရှိမယ်လို့ ပြောမယ်ဆိုရင်၊ အောဘတ်စ်၊ လေကုန်ခံပြီး ဆက်မပြောမနေနဲ့တော့။ ဟုတ်တယ်၊ ကျုပ် ဟိုပုန်း ဒီပုန်း ပုန်းနေရတယ်။ ဒါပေမယ့် ဒိုလိုရိစ်-အမ်ဘရစ်ဂျ် ထွက်သွားပြီးနောက်၊ ကျုပ်လဲ ပြောတာတွေ ကြားရတယ်။ တကယ်လို့ ခင်ဗျားတို့ အခုလဲ ဆရာတွေကို ဒီလို ဆက်ဆံရင် ——"

"ပါမောက္ခ အမ်ဘရစ်ဂျ်ဟာ ကျုပ်တို့ရဲ့ မြင်းလူသားတွေနဲ့ ပဋိပက္ခဖြစ်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "ကျုပ်ထင်တယ်၊ ဟိုရေ့စ်၊ ခင်ဗျားဟာ အမှောင်သစ်တောထဲကို ဟန်ကြီးပန်ကြီးနဲ့ ဝင်သွားပြီး ဒေါသထွက်နေတဲ့ မြင်းလူသားတွေကို 'ညစ်ပတ်တဲ့ အမျိုးမစစ်တွေ' လို့ ခေါ်မယ်မထင်ပါဘူး"

"သူမက ဒါမျိုး သွားလုပ်သလား" စလပ်ဂ်ဟွန်းက ပြောတယ်။ "ငတုံးမကြီးပဲ၊ ကျုပ်တစ်လျှောက်လုံး သူမကို အမြင်ကတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက တိုးတိုးအသံထွက်ရယ်တယ်။ ဒမ်ဘာလီဒိုးနဲ့ စလပ်ဂ်ဟွန်းတို့ သူ့ကို လှည့်ကြည့်တယ်။

"ဝမ်းနည်းပါတယ်" ဟယ်ရီက အမြန်ပြောတယ်။ "အဲဒါ — ကျွန်တော်လဲ သူမကို မနှစ်သက်ဘူး"

ဒမ်ဘာလီဒိုးဟာ ရုတ်တရက် မတ်တတ်ရပ်လိုက်တယ်။

"ခင်ဗျားသွားတော့မလား" စလပ်ဂ်ဟွန်းက မျှော်လင့်စွာနဲ့ မေးတယ်။

"ဟင့်အင်း၊ ခင်ဗျား သန့်စင်ခန်းကို သုံးလို့ရမလားလို့ မေးချင်တာပါ" ဒမ်ဘာလီဒိုးက ပြောတယ်။

"အိုး" စလပ်ဂ်ဟွန်း အလွန်စိတ်ပျက်သွားသလိုပဲ။ သူက ပြောတယ်။ "တံခါးခန်းအတိုင်း သွား၊ ဘယ်ဘက် ဒုတိယတံခါး"

ဒမ်ဘာလီဒိုးက အိမ်ခန်းတစ်ဖက်ကို လျှောက်သွားတယ်။ တံခါး သူ့ကျောဘက်မှာ ပိတ်သွားပြီးနောက် အခန်းထဲ ငြိမ်သက်သွားတယ်။ ခဏနေတော့၊ စလပ်ဂ်ဟွန်း မတ်တတ်ရပ်လိုက်တယ်။ ဒါပေမယ့် ဘာလုပ်ရမှန်း မသိသလိုပဲ။ သူက ဟယ်ရီ့ကို ခိုးကြည့်လိုက်တယ်။ ဒီနောက် မီးလင်းဖိုရှေ့ သွားတယ်။ လှည့်ပြီး မီးကို ကျောပေးပြီး သူ့ဖင်ကို မီးကင်တယ်။

"သူ ဘာကြောင့် မင်းကို ခေါ်လာတယ်ဆိုတာ ကျုပ် မသိဘူး မထင်နဲ့" သူက ရုတ်တရက် ပြောတယ်။

ဟယ်ရီက စလပ်ဂ်ဟွန်းကိုပဲ ကြည့်နေတယ်။ စလပ်ဂ်ဟွန်းရဲ့ မျက်ရည်လည်နေတဲ့ မျက်လုံးက ဟယ်ရီ့အမာရွတ်ကို လှမ်းကြည့်နေတယ်။ ဒီတစ်ချီမှာတော့ သူ့မျက်နှာတစ်ခုလုံးကို သေချာမြင်ရတယ်။

"မင်းက မင်းအဖေနဲ့ သိပ်တူတယ်"

"ဟုတ်တယ်၊ တခြားလူတွေလဲ ဒီလိုပဲ ပြောတယ်" ဟယ်ရီက ပြောတယ်။

"မျက်စိပဲ မတူတာ၊ မင်းမျက်စိက —"

"ကျွန်တော့်အမေနဲ့တူတယ်၊ ဟုတ်လား" ဒီစကားကို ဟယ်ရီ ခဏခဏ ကြားရတယ်၊ သူ နည်းနည်းငြီးငွေ့နေပြီ။

"ဟင်း၊ ဟုတ်တယ်။ ဒါပေါ့လေ၊ ဆရာတစ်ယောက်အနေနဲ့ မျက်နှာမလိုက်သင့်ဘူး။ ဒါပေမယ့် ကျုပ်က သူမကိုပဲ နှစ်သက်တယ်။ မင်းအမေ" စလပ်ဂ်ဟွန်းက ဟယ်ရီရဲ့ မေးခွန်းထုတ်တဲ့ အကြည့်ကို မြင်တော့ ဖြည့်ပြော



တယ်။ "လီလီ-အီဗန်စ်ဟာ ကျုပ်သင်ဖူးတဲ့ထဲက ဉာဏ်အကောင်းဆုံး ကျောင်းသူတစ်ယောက်။ သွက်လက်ပြီး ချစ်စရာကောင်းတယ်။ စွဲလမ်းစရာကောင်းမလေး။ ကျုပ်က အမြဲတမ်း သူမကို ကျုပ် ဟောက်စ်ကျောင်းမှာ နေသင့်တယ်လို့ ပြောတယ်။ ကျုပ်လဲ သူမ အားမနာတမ်းပေးတဲ့အဖြေကို ရတယ်"

"သင် ဘယ်ဟောက်စ်မှာလဲ"

"ထိုစဉ်က ကျုပ်ဟာ စလေးသရင်း ဟောက်စ်ကျောင်းအုပ်" စလပ်ဂ်ဟွန်းက ပြောတယ်။ "အိုး၊ အခု" သူက ဟယ်ရီ့အမူအရာကို မြင်တော့ ချက်ချင်းပဲ သူ့ကို တိုတုတ်တဲ့ လက်ချောင်းတစ်ချောင်းခါပြီး ပြောတယ်။ "ဒါအတွက် ကျုပ်ကို ရန်ငြိုးမထားပါနဲ့။ မင်းလဲ သူမလိုပဲ ဂရစ်ဖင်းဒေါကလို့ ကျုပ် ထင်တယ်။ ဟုတ်တယ်၊ ယေဘုယျအားဖြင့် မျိုးရိုးဆက်ခံသွားတာပဲ။ သို့ပေမယ့်လဲ တွေ့တာလဲ ရှိတယ်။ ဆီးရီးအက်စ်ကြယ်-ဘလက်ဆိုတာ ကြားဖူးလား။ မင်း ကြားဖူးမှာပါ — လွန်ခဲ့တဲ့ နှစ်နှစ်က သတင်းစာထဲ အမြဲပါတယ် — ရက်သတ္တပတ်အချို့ မတိုင်ခင်က သေဆုံးသွားပြီ —"

မမြင်ရတဲ့ လက်တစ်ချောင်းက ဟယ်ရီရဲ့ အသည်းနှလုံးတွေကို ညှစ်ထားသလိုပဲ။

"ဟုတ်တယ်၊ ထိုစဉ်က သူဟာ မင်းအဖေရဲ့ ကျောင်းနေဘက် မိတ်ဆွေကောင်း။ ဘလက်မိသားစုတွေဟာ ကျုပ်တို့ ဟောက်စ်မှာချည်းပဲ။ ဆီးရီးအက်စ်ကြယ်ကျတော့ ဂရစ်ဖင်းဒေါ ရောက်သွားတာ မထင်မိဘူး။ သိပ်နှမြောစရာပဲ — သူဟာ သိပ်ပါရမီရှိတဲ့ ကောင်လေး။ သူ့အစ်ကို ရီဂူးလပ်စ်ကတော့၊ ကျုပ်တို့ ဟောက်စ်မှာ။ နှစ်ယောက်စလုံး [illegible]မှာဆိုရင် ကောင်းမှာ"

သူ့လေသံဟာ လိုက်လံ့တဲ့ စုဆောင်းသူတစ်ယောက် လေလံပွဲမှာ [illegible]ဘက်ကို အရှုံးပေးလိုက်ရသလို ဖြစ်နေတယ်။ သူဟာ အတိတ်ကို [illegible]ထဲ နစ်မြုပ်နေသလိုပဲ။ ရှေ့ဘက်ရှိနံရံကို စိုက်ကြည့်နေတယ်။ ကိုယ်[illegible] နေရာတင် ဟိုဒီလှည့်နေတယ်။ ကျောတစ်ခုလုံး အပူမျှတစွာရအောင် [illegible]

"[illegible] မင်းအမေဟာ မတ်ဂေါ်က လာတာ။ ကျုပ် ဒါကို သိရ[illegible]မယုံနိုင်ဘူး။ ကျုပ် အစက သူမ ဒီလောက်တော်တယ်ဆိုတော့ [illegible] ဖြစ်မယ်ထင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ အကောင်းဆုံးသူငယ်ချင်းတစ်ယောက် ရှိတယ်။ မတ်ဂေါ်ပါပဲ"။ ဟယ်ရီက ပြောတယ်။ "သူမဟာ တစ်နှစ်ထဲတွေထဲမှာ အတော်ဆုံးပဲ"

"တစ်ခါတလေ ဒီလိုဖြစ်တတ်တယ်။ သိပ်ထူးဆန်းတယ်။ ဟုတ်လား" စလပ်ဂ်ဟွန်းက ပြောတယ်။

"မထူးဆန်းဘူး" ဟယ်ရီက အေးစက်စွာ ပြောတယ်။

စလပ်ဂ်ဟွန်းဟာ အံ့သြစွာနဲ့ သူ့ကို ငုံ့ကြည့်တယ်။

"ကျုပ် တစ်ဖက်သတ်ကျတယ်လို့ မင်း မထင်နဲ့နော်" သူက ပြောတယ်။ "ဟင့်အင်း၊ ဟင့်အင်း၊ ဟင့်အင်း။ ကျုပ် ခုနကပဲ မင်းအမေက ကျုပ်အနှစ်သက်ဆုံးကျောင်းသားတွေထဲကတစ်ယောက်လို့ ပြောခဲ့သေးတယ် မဟုတ်လား။ ပြီးတော့ သူ့မထက် တစ်တန်းငယ်တဲ့ ဒစ်ခ်-ခရက်စ်ဝဲ — အခု သရဲသဘက် လိုင်စင်ရုံး ရုံးအုပ် — သူလဲ မတ်ဂေါ်က လာတာ။ ဉာဏ်ပါရမီထူးတဲ့ကျောင်းသား။ အခုလဲ ကျုပ်ကို ဂရင်းဂေါ့စ်က တန်ဖိုးရှိတဲ့ အတွင်းပိုင်းသတင်းကို အမြဲပေးတယ်"

သူ့မျက်နှာပေါ်မှာ ကျေနပ်တဲ့အပြုံးနဲ့။ သူဟာ အထက်ကို ခုန်လိုက်ပြီး ဗီရိုပေါ်က လက်နေတဲ့ မှန်ဘောင်တွေကို လက်ညှိုးထိုးပြတယ်။ မှန်ဘောင်တိုင်းမှာ လှုပ်ရှားနေတဲ့ လူလေးတွေ ရှိတယ်။

"ဒါတွေအားလုံး ကျုပ် အရင်က တပည့်တွေ၊ လက်မှတ်ထိုးပေးတဲ့ ဓာတ်ပုံ၊ မင်း ဘာနာဘတ်စ်-ကူဖီကို မြင်လိမ့်မယ်၊ 'ကြိုဟောဆရာများနေ့စဉ်' အယ်ဒီတာ။ သူဟာ ကျုပ် နေ့စဉ်သတင်းများအပေါ် သဘောထား ဖော်ပြတာကို အလွန်စိတ်ဝင်စားတယ်။ ပြီးတော့ ပျားရည်အမတ်ကြီး သကြားလုံးဆိုင်က အမ်ဘရိုရှပ်-ဖလူးမ် — နှစ်စဉ် ကျုပ်မွေးနေ့တိုင်းမှာ၊ လက်ဆောင်ခြင်းတစ်လုံး ပေးတယ်။ ထိုနှစ်က သူ့ကို စစ်ရှန်-ဟားခစ်နဲ့ ကျုပ်က မိတ်ဆက်ပေးလို့ သူ ပထမဆုံး အလုပ်ရခဲ့တာ။ ပြီးတော့ နောက်က — မင်း လည်ဆန့်ကြည့်ရင် မြင်ရမယ် — ဂွေးနော့-ဂျုံးစ်။ ဟိုလီဟက်ဒ်-ဟာပီစ်အသင်းခေါင်းဆောင် . . . . လူတွေက ကျုပ် ဘာဖြစ်လို့ ဟာပီစ်အသင်းက လူတွေနဲ့ သိပ်ခင်တာလဲလို့ အံ့သြကြတယ်။ ကျုပ်သာ လိုချင်ရင် လက်မှတ်အလကား ရတယ်"

ပြောရင်းနဲ့ သူ စိတ်ဓာတ်အလွန်တက်ကြွလာတယ်။



"ဒီလူတွေဟာ သင့်ကို ဘယ်မှာတွေ့နိုင်တယ်ဆိုတာ သိပြီး သင့်ကို ဆက်ဆောင်လာပေးနိုင်သလား" ဟယ်ရီက မေးတယ်။ သူဟာ သကြားလုံးအပြည့်နဲ့ လက်ဆောင်ခြင်း၊ ခွေဒစ်ပြိုင်ပွဲလက်မှတ်နဲ့ သူ့အမြင်နဲ့ အကြံကို ဆောင်းခံတဲ့လူတွေက စလပ်ဂ်ဟွန်းကို ရှာလို့တွေ့ပြီး၊ ဒက်အီတာကျတော့ သူ့ကို ရှာမရဘူးဆိုတာ သံသယဖြစ်မိတယ်။

စလပ်ဂ်ဟွန်းအပြုံးတွေ ရုတ်တရက် ပျောက်ကွယ်သွားတယ်။ ခုနက နံရံပေါ်က သွေးတွေလိုပဲ။

"ဘယ်ပေးနိုင်မလဲ" သူဟာ ဟယ်ရီ့ကို ငုံ့ကြည့်ပြီး ပြောတယ်။ "ကျုပ် သူများနဲ့ မဆက်သွယ်တာ တစ်နှစ်ရှိပြီ"

စလပ်ဂ်ဟွန်းဟာ မိမိစကားကြောင့် လန့်သွားတာ ဟယ်ရီ ခံစားရတယ်၊ ခဏတာအတွင်းမှာ သူ စိတ်မကောင်းဖြစ်သွားပြီး ပခုံးတွန့်လိုက်တယ်။

"ဒါပေမယ့် . . . . ဒီခေတ်မှာ သတိရှိတဲ့ မှော်ဆရာတွေဟာ တတ်နိုင်သလောက် ပေါ်ပေါ်လွင်လွင် မနေဘူး။ ဒမ်ဘယ်လ်ဒိုးပြောတာလဲ အကျိုးအကြောင်းရှိတယ်။ ဒါပေမယ့် ဒီအချိန်မှာ ဟော့ဂ်ဝပ်မှာ အလုပ်သွားလုပ်ရင်၊ ကျုပ် မီးနစ်အဖွဲ့ကို ထောက်ခံတယ်လို့ ကြောင်ကြေညာသလို ဖြစ်သွားတယ်။ ကျုပ်ဟာ ၎င်းတို့ ချီးမွမ်းအံ့သြဖွယ် ရဲရင့်တာ ယုံကြည်ပေမယ့်၊ ကျုပ်အနေနဲ့ လစာနှုန်းကို သိပ်မကြိုက်ဘူး —"

"သင် ဟော့ဂ်ဝပ်ကို လာသင်ကြားတာ မီးနစ်အဖွဲ့ထဲ ဝင်ဖို့မလိုပါဘူး" ဟယ်ရီက ပြောတယ်။ လေသံက အနည်းငယ် ကဲ့ရဲ့သံ ပါနေတယ်။ ဆီးရိုးအက်စ်ကြယ်တောင် လိုက်ခေါင်းထဲပုန်းပြီး ကြွက်စားပြီး အသက်ဆက်နေတာ စဉ်းစားမိတော့ စလပ်ဂ်ဟွန်းရဲ့ ဇိမ်ကျတဲ့ဘဝကို သူ့စာနာဖို့ အတော်ခက်တယ်။ "ဆရာအများစုဟာ မီးနစ်အဖွဲ့ဝင် မဟုတ်ဘူး။ ပြီးတော့ တစ်ယောက်မှလဲ အသတ်မခံရဘူး — ဒါပေါ့လေ၊ သင် ခွေရယ်ကိုပါ ထည့်တွက်ရင်တော့ တစ်မျိုးပေါ့။ ဒါပေမယ့် အဲဒါ သူ့ထိုက်နဲ့သူ့ကံပဲ။ သူက ဗိုလ်ဒီမွန်ကို အလုပ်အကျွေးပြုတာကိုး"

စလပ်ဂ်ဟွန်းဟာ တခြားမှော်ဆရာတွေလိုပဲ၊ သူ ဗိုလ်ဒီမွန်နဲ့နာမည်ကို အကျယ်ကြီးပြောတာ ကြားရင် လန့်လို့သေမလို ဖြစ်မယ်ဆိုတာ ဟယ်ရီ သိတယ်။ ထင်တဲ့အတိုင်းပဲ၊ စလပ်ဂ်ဟွန်းဟာ ကြက်သီးထ တုန်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ကန့်ကွက်စကားကို အကျယ်ကြီး ထုတ်ပြောတယ်။ ဒါပေမယ့် ဟယ်ရီ အရေး မလုပ်ဘူး။

"ဒမ်ဘယ်လီဒိုး ကျောင်းအုပ်လုပ်နေသမျှ ကျောင်းရှိ ဆရာလုပ်သား တွေဟာ ကျန်လူအများစုထက် လုံခြုံတယ်လို့ ကျွန်တော် ထင်တယ်။ ဗိုလ်ဒီမွန့် က သူတစ်ယောက်ကိုပဲ ကြောက်တာလို့ ကြားတယ်၊ ဟုတ်လား" ဟယ်ရီက ဆက်ပြောတယ်။

စလပ်ဂ်ဟွန်းဟာ ခဏငိုင်နေတယ်။ ဟယ်ရီ့စကားကို သေချာစဉ်းစား နေသလိုပဲ။

"ကောင်းပြီ၊ ဟုတ်တယ်။ အဲဟိုနာမည်တောင် မခေါ်ဝံ့တဲ့လူဟာ တကယ်ပဲ ဒမ်ဘယ်လီဒိုးနဲ့ တစ်ခါမှ မတိုက်ဝံ့ဘူး" သူက သိပ်မကျေနပ်ဘဲ ရေရွတ်ပြန်တယ်။ "ကျုပ် ဒက်အီတာထဲ မဝင်တော့ အဲဒီနာမည်တောင် မခေါ်ဝံ့သူဟာ ကျုပ်ကို မိတ်ဆွေလို့တောင် သဘောမထားဘူး . . . . ဒါဆိုရင် ကျုပ် အောဘတ်စ်အနားမှာနေတာ ပိုပြီးလုံခြုံလိမ့်မယ် . . . . ကျုပ်လဲ အမီလီယာ- ဘုံးစ် သေတာ ကျုပ်ကို ဘာမှဂယက်မရိုက်ဘူးလို့ ဟန်ဆောင် နေလို့ မဖြစ်ဘူး . . . . သူမဟာ ဝန်ကြီးဌာနထဲမှာ လူသိအများကြီး ရှိတယ်။ အကာအကွယ်တွေလဲ အများကြီးရှိတာတောင် . . . ."

ဒမ်ဘယ်လီဒိုး အခန်းထဲ ပြန်ဝင်လာတယ်။ စလပ်ဂ်ဟွန်း လန့်သွား တယ်။ ဒမ်ဘယ်လီဒိုး ဒီအိမ်က ထွက်ခွာမသွားသေးတာ သူ မေ့နေသလိုပဲ။

"အိုး၊ ခင်ဗျား ပြန်လာပြီ၊ အောဘတ်စ်" သူက ပြောတယ်။ "ခင်ဗျား တယ်ကြာပါလား၊ ဝမ်းပျက်နေသလား"

"ဟင့်အင်း၊ ကျုပ်က မတ်ဂေါ်မဂ္ဂဇင်းတွေ လှန်လှောကြည့်နေတာပါ" ဒမ်ဘယ်လီဒိုးက ပြောတယ်။ "သိုးမွေးထိုးဒီဇိုင်းတွေကို ကျုပ် သိပ်နှစ်သက်တယ်။ ကောင်းပြီ၊ ဟယ်ရီ၊ ကျုပ်တို့ ဟိုရေ့စ်ကို နှောင့်ယှက်တာ ကြာသွားပြီ။ ကျုပ်တို့ သွားဖို့သင့်ပြီထင်တယ်"

ဟယ်ရီက နာခံစွာ ချက်ချင်း ခုန်ထလိုက်တယ်။ စလပ်ဂ်ဟွန်း လန့် သွားတယ်။

"ခင်ဗျားတို့ သွားတော့မယ် ?"

"ဟုတ်တယ်။ အရှုံးနဲ့ ရင်ဆိုင်ရမှာ ကျုပ် မြင်ရပြီ ထင်တယ်"

"အရှုံး"



စလပ်ဂ်ဟွန်းကြည့်ရတာ မတည်မငြိမ် ဖြစ်နေတယ်။ သူဟာ လက်မ တုတ်တုတ်ကြီးနှစ်ချောင်းကို ကစားရင်း ဒမ်ဘယ်လီဒိုးခြုံထည်ကို ဆွဲစေ့တာနဲ့ ရဲ့ ဖျက်ကင်ဇစ်ဆွဲတင်တာကို ပူပင်စွာ ကြည့်နေတယ်။

"ခင်ဗျား ဒီအလုပ်ကို လက်မခံတာ ကျွန်တော် အလွန်ဝမ်းနည်းပါ ယ်၊ ဟိုရေ့စ်" ဒမ်ဘယ်လီဒိုးက ပြောရင်း ဒဏ်ရာမရတဲ့လက်ကို မြှောက်ပြီး ဆက်တဲ့ လက်ဟန်ပြလိုက်တယ်။ "ခင်ဗျားပြန်လာတယ်ဆိုရင်၊ ဟော့ဂ်ဝပ် သိပ်ဝမ်းသာမှာ။ ကျွန်တော်တို့ လုံခြုံရေးအကာအကွယ်တွေ အများကြီး ပြည့်ထားတယ်။ ခင်ဗျား လာမယ်ဆိုရင် အချိန်မရွေး လာကြည့်ဖို့ ဖိတ် ပါတယ်"

"ဟုတ်ကဲ့ . . . . ကောင်းပြီ . . . . သိပ်ရည်မွန်တယ် . . . . ကျုပ် ဘူးတယ် . . . ."

"ဒါဆို နောက်မှတွေ့မယ်"

"ဂွဒ်ဘိုင်" ဟယ်ရီက ပြောတယ်။

သူတို့ တံခါးရှေ့ ရောက်ရုံရှိသေးတယ်၊ ကျောဘက်က အော်သံ ရတယ်။

"ကောင်းပြီ၊ ကောင်းပြီ၊ ကျုပ် ဒီအလုပ်လုပ်မယ်"

ဒမ်ဘယ်လီဒိုး လှည့်ကြည့်လိုက်တော့၊ စလပ်ဂ်ဟွန်းဟာ ဧည့်ခန်းဝမှာ တ်ပြင်းပြင်းရှူရင်း ရပ်နေတာ တွေ့ရတယ်။

"ခင်ဗျား အလုပ်ပြန်လုပ်ဖို့ သဘောတူတယ် ?"

"ဟုတ်တယ်၊ ဟုတ်တယ်" စလပ်ဂ်ဟွန်းက စိတ်မရှည်ဘဲ ပြောတယ်။ "ပ် ရူးနေပြီထင်တယ်။ ဒါပေမယ့် မှန်တယ်၊ ကျုပ် သဘောတူတယ်"

"သိပ်ကောင်းတာပဲ" ဒမ်ဘယ်လီဒိုးဟာ ချက်ချင်း ဝမ်းသာပုံပေါ်လာ ယ်။ "ဒါဆို၊ ဟိုရေ့စ်၊ ကျုပ်တို့ တစ်ရက်၊ စက်တင်ဘာမှာ တွေ့မယ်"

"ကောင်းပြီ၊ ခင်ဗျားနဲ့ တွေ့မယ်လို့ ပြောဝံ့တယ်" စလပ်ဂ်ဟွန်းက ထွေး ပြောတယ်။

သူတို့ ပန်းခြံလမ်းကလေးပေါ် လျှောက်နေစဉ်၊ နောက်ဘက်က ပ်ဂ်ဟွန်းအသံ ပေါ်လာပြန်တယ်။

"ကျုပ် လခတိုးဖို့ တောင်းဆိုမှာ၊ ဒမ်ဘယ်လီဒိုး"

www.burmeseclassic.com

www.burmeseclassic.com



ဒမ်ဘယ်လီဒိုးက အသာလေး ရယ်တယ်။ ပန်းခြံတံခါးဟာ သူတို့နောက်မှာ အလိုအလျောက် ပိတ်သွားတယ်။ သူတို့ဟာ မှိုင်းဝေတဲ့နှင်းထုကို ဖြတ်ပြီး တောင်အောက်ကို ဆင်းခဲ့ကြတယ်။

"မင်းလုပ်တာ မဆိုးဘူး၊ ဟယ်ရီ" ဒမ်ဘယ်လီဒိုးက ပြောတယ်။

"ကျွန်တော် ဘာမှမလုပ်ဖူးလေ" ဟယ်ရီက အံ့ဩစွာ ပြောတယ်။

"အိုး၊ လုပ်တယ်၊ မင်းလုပ်တယ်။ မင်းက ဟိုရေ့စ်ကို သူ ဟော့ဂ်ဝပ် ပြန်လာရင် ကောင်းကျိုး ဘယ်လောက်ရမယ်ဆိုတာ သိစေတယ်။ မင်း သူ့ကို နှစ်သက်လား"

"အဲ . . . ."

ဟယ်ရီဟာ မိမိ စလပ်ဂ်ဟွန်းကို နှစ်သက်လားဆိုတာ မသေချာဘူး။ စလပ်ဂ်ဟွန်းဟာ တချို့နေရာတွေမှာ နှစ်သက်စရာပဲ။ ဒါပေမယ့် သူဟာ နည်းနည်းပကာသန ရှိသလိုပဲ။ ပြီးတော့ သူဟာ ပါးစပ်က တစ်မျိုးပြောပြီး၊ မတ်ဂေါ်ကလာတဲ့လူတွေ ထူးချွန်တဲ့မှော်ဆရာ ဖြစ်လာတာကို သိပ်အံ့ဩပုံ ဖော်ပြတယ်။

"ဟိုရေ့စ်က ရုပ်ဝတ္ထုခံစားမှုကို နှစ်သက်တယ်" ဒမ်ဘယ်လီဒိုးက ဆက်ပြောတယ်။ ဟယ်ရီလည်း စိတ်ထဲက ပြောချင်တဲ့စကားတွေ ပြောစရာမလိုတော့ဘူး။ "နာမည်ကျော်ကြားတဲ့၊ အောင်မြင်တဲ့၊ ရာထူးအာဏာရှိတဲ့ လူတွေနဲ့ ပေါင်းတာလဲ နှစ်သက်တယ်။ သူဟာ သူစိမ်သလိုခံတဲ့ ခံစားချက်မျိုးကို နှစ်သက်တယ်။ သူကိုယ်နှိုက်က အာဏာကို ဘယ်တုန်းကမှ မလိုချင်ဘူး။ လက်အောက်ခံအနေအထားမှာပဲ နေလိုတယ် —— ဒီလိုဆိုတော့ ပိုပြီးကျယ်ဝန်းလွတ်လပ်တာပေါ့။ သူ ဟော့ဂ်ဝပ်မှာတုန်းက၊ မိမိနှစ်သက်တဲ့ကျောင်းသားကို ရွေးချယ်တယ်။ တစ်ခါတလေ ၎င်းတို့ရဲ့ ရည်မှန်းချက်နဲ့ ဉာဏ်ပညာကြောင့်၊ တစ်ခါတလေ သူတို့ရဲ့ ဆွဲဆောင်နိုင်စွမ်းရှိတဲ့ အရည်အချင်းနဲ့ ပါရမီကြောင့်။ ပြီးတော့ သူ့မှာ ထူးခြားတဲ့ပညာတစ်ခု ရှိသေးတယ်။ နောင်မှာ လုပ်ငန်းဌာနအသီးသီးမှာ နာမည်ကြီးလာတဲ့ လူတွေကို ရွေးချယ်နိုင်တယ်။ ဟိုရေ့စ်ဟာ မိမိကိုယ်မိမိ ဗဟိုပြုပြီး ကလပ်တစ်ခု ဖွဲ့တယ်။ သူ့ရဲ့နှစ်သက်တဲ့ တပည့်တွေနဲ့ ဖွဲ့တာ။ သူက ၎င်းတို့ကို အချင်းချင်းသိအောင် လုပ်ပေးတယ်။ အသုံးကျတဲ့ ဆက်သွယ်မှု ပြုလုပ်ပေးတယ်။ နောက်ဆုံးမှာ အကျိုးရတာချည်းပဲ။ ဒါမှမဟုတ်



သူ့အနှစ်သက်ဆုံး နာနတ်သီးယို တစ်သေတ္တာ အခမဲ့ရတယ်။ ဒါမှမဟုတ် သရဲသဘက်လိုင်စင်ရုံးကို ရုံးလုပ်သားတစ်ယောက်ခန့်ဖို့ မိတ်ဆက်ပေးနိုင်တယ်"

ဟယ်ရီ့ခေါင်းထဲမှာ ဝတုတ်တုတ် ပင့်ကူကြီးတစ်ကောင် ချက်ချင်း ပေါ်လာတယ်။ ၎င်းဟာ ဟိုဟိုဒီဒီ ပင့်ကူမျှင် လိုက်ချတယ်။ မိမိကိုယ်ခန္ဓာ ဝတ်ဝန်းကျင်မှာ ပိုက်ကွန်တစ်ခု ချထားပြီး အရသာရှိ အဆီအနှစ်များတဲ့ ယင်ကောင်ကို မိမိအနား ဆွဲခေါ်တယ်။

"ကျုပ် မင်းကို ဒါတွေ ပြောပြတာ" ဒမ်ဘယ်လီဒိုးက ဆက်ပြောတယ်။ "မင်း ဟိုရေ့စ်ကို —— ကျုပ်တို့ အခု သူ့ကို ပါမောက္ခ စလပ်ဂ်ဟွန်းလို့ ခေါ်ရမယ် —— မကြိုက်တဲ့စိတ် ဖြစ်ပေါ်စေချင်လို့ မဟုတ်ဘူး။ မင်းကို သတိရှိနေစေချင်လို့၊ သူ မင်းကို လာဆွဲဆောင်မှာ သေချာတယ်၊ ဟယ်ရီ။ မင်းဟာ သူ့ရဲ့ စုဆောင်းပစ္စည်းထဲက ရတနာဖြစ်မှာ သေချာတယ်။ သေဘေးမှ လွတ်လာတဲ့ ကောင်လေး . . . . ဒါမှမဟုတ်၊ သူတို့ ခုတလော မင်းကို ခေါ်တဲ့ 'ရွေးချယ်ခံရသူ' "

ဒီစကားတွေကြားရပြီး ဟယ်ရီ ချမ်းသလို ဖြစ်သွားတယ်။ ဒီချမ်းအေးခြင်းဟာ ပတ်ဝန်းကျင်က နှင်းတွေကြောင့် မဟုတ်ဘူး။ လွန်ခဲ့တဲ့ ရက်သတ္တပတ် အချို့က သူ ကြားခဲ့တဲ့စကားကို တွေးမိလို့။ အဲဒီစကားဟာ သူ့အဖို့ ကြောက်စရာကောင်းတဲ့ ထူးခြားတဲ့သဘော ဆောင်နေတယ်။

နှစ်ယောက်စလုံး အတူအသက်ရှင်မနေရဘူး . . . .

ဒမ်ဘယ်လီဒိုးဟာ ခြေလှမ်းကို ရပ်တန့်လိုက်ပြီး၊ သူတို့ ခုနက ဖြတ်လာတဲ့ ဘုရားရှိခိုးကျောင်းနဲ့ ယှဉ်နေတဲ့နေရာမှာ ရပ်နေတယ်။

"ရပြီ၊ ဟယ်ရီ။ မင်း ကျုပ်လက်မောင်းကို တင်းတင်းသာ ဖက်ထား"

ဒီတစ်ကြိမ်မှာတော့၊ ဟယ်ရီဟာ ရုပ်ရွှေ့ပြောင်းခြင်းကို စိတ်ထဲမှာ ပြင်ဆင်မှုရှိနေပြီ။ ဒါပေမယ့် အလွန်နေလို့မကောင်းဘူးလို့ပဲ ခံစားရတယ်။ ဖိအားပြယ်ပျောက်ပြီး မိမိ ရှောရှောရှူရှူ အသက်ရှူနိုင်တဲ့အခါမှာ၊ သူဟာ ဒမ်ဘယ်လီဒိုးနဲ့အတူ ကျေးရွာလမ်းကလေးပေါ်မှာ ပခုံးချင်း ယှဉ်ရပ်နေတာ တွေ့ရတယ်။ သူ့ရှေ့က ရွှဲစောင်းစောင်း အရိပ်မည်းမည်းဟာ၊ ဒီကမ္ဘာပေါ်မှာ သူ အနှစ်သက်ဆုံး ဒုတိယနေရာ ဖြစ်တယ်။ အဲဒါ အညာရဂေဟာ။ ခုနက

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်မှုတစ်မျှင် သူ့ရင်ထဲ ဝင်ရောက်ခဲ့ပေမယ့်၊ အညာတရဂေဟာကို မြင်လိုက်ရတာနဲ့ သူ့စိတ်တွေ မထင်မှတ်ဘဲ ပျော်ရွှင်လာတယ်။ ရွှန် ဒီမှာရှိတယ် . . . . မစ္စစ် ဝယ်စလီလည်း ရှိသေးတယ်။ သူမချက်တဲ့ ထမင်းဟင်းဟာ သူသိတဲ့လူအားလုံးချက်တာထက် စားလို့ကောင်းတယ် . . . .

"မင်း မဆန့်ကျင်ဘူးဆိုရင်၊ ဟယ်ရီ" သူတို့ ဝန်းခြံတံခါးက ဖြတ်လာတော့ ဒမ်ဘာလီဒိုးက ပြောတယ်။ "မခွဲခွာခင် ကျုပ် မင်းနဲ့ စကားနည်းနည်း ပြောချင်တယ်။ သူများမကြားစေချင်ဘူး။ ဟိုနေရာမှာ ကောင်းမလား"

ဒမ်ဘာလီဒိုးက အိမ်အပြင်ဘက်ရှိ စုတ်ပြတ်တဲ့ ကျောက်တုံးအိမ်ကလေးကို လက်ညှိုးထိုးပြတယ်။ အဲဒါ ဝယ်စလီမိသားစု တံမြက်စည်းထားတဲ့နေရာ။ ဟယ်ရီဟာ ဘာများလဲဆိုတဲ့စိတ်နဲ့ ဒမ်ဘာလီဒိုးနောက် လိုက်ပြီး တကျွီကျွီမြည်နေတဲ့ တံခါးထဲ ဝင်ခဲ့တယ်။ ရိုးရိုးပန်းကန်ဗီရိုထက် အများကြီး မကြီးတဲ့နေရာကို ရောက်လာတယ်။ ဒမ်ဘာလီဒိုးက မှော်ကြိမ်လုံးကို မီးထွန်းလိုက်ပြီး မီးတုတ်လို လင်းနေစေတယ်။ ဒီနောက် သူက ဟယ်ရီ့ကို ပြုံးပြီး ကြည့်နေတယ်။

"ဟယ်ရီ၊ ကျုပ် ဒီအကြောင်းပြောတာ မင်း ခွင့်လွှတ်စေချင်တယ်။ ဒါပေမယ့် ဝန်ကြီးဌာနထဲမှာ ဟိုကိစ္စတွေဖြစ်ပြီးနောက်၊ မင်းရင်ဆိုင်တာ သိပ်မဆိုးဘူး။ ဒါအတွက် ကျုပ် အလွန်ဝမ်းသာတယ်။ ဂုဏ်လဲ နည်းနည်း ယူတယ်။ ကျုပ်ကို စကားတစ်ခွန်း ပြောခွင့်ပေးပါ။ ဆီးရီးအက်စ်ကြယ်လဲ မင်းအတွက် ဂုဏ်ယူလိမ့်မယ်လို့ ကျုပ်ထင်တယ်"

ဟယ်ရီ တံတွေးမျိုချလိုက်တယ်။ သူ့အသံက သူ့ကို စွန့်ပစ်သွားသလိုပဲ။ သူဟာ ဆီးရီးအက်စ်ကြယ်အကြောင်း ပြောတာ သူ မခံစားနိုင်ဘူးလို့ ထင်တယ်။ ဟိုနေ့က ဦးလေးဗာနွံက "သူ့ဂေါ်ဖားသာ သေပြီ ?" လို့ ပြောတာတောင် 'သူ အလွန်စိတ်ဒုက္ခရောက်ခဲ့ပြီ။ နောက်တစ်ခါ စလပ်ဂ်ဟွန်းက ဆီးရီးအက်စ်ကြယ်ရဲ့နာမည်ကို ပေါ့ပေါ့ပဲ ပြောထွက်တာကြောင့် သူ ပိုပြီး ဝမ်းနည်းမိတယ်။

"ဒါ အလွန်ရက်စက်တယ်" ဒမ်ဘာလီဒိုးက သိမ်မွေ့စွာ ပြောတယ်။ "မင်းနဲ့ ဆီးရီးအက်စ်ကြယ် အလွန်တိုတောင်းတဲ့ အချိန်လေးပဲ အတူနေရတယ်။ မင်းတို့ဟာ မူလက အလွန်ပျော်ရွှင်တဲ့အချိန်တွေ အတူနေသင့်တယ်။ ဒီလိုနိဂုံးဟာ တကယ်ပဲ စိတ်မကောင်းစရာပဲ"



ဟယ်ရီ ခေါင်းညိတ်လိုက်တယ်။ မျက်စိက ဒမ်ဘာလီဒိုးဦးထုပ်ပေါ် တက်နေတဲ့ ပင့်ကူကို စိုက်ကြည့်နေတယ်။

ဒမ်ဘာလီဒိုးဟာ သူ့ကို နားလည်တယ်လို့ သူ ခံစားရတယ်။ ဒမ်ဘာလီဒိုးဟာ ဟယ်ရီ သူ့စာကို မရခင်က ဒါစလီတို့အိမ်က ခုတင်ပေါ် တစ်နေကုန်လှဲနေပြီး မစားမသောက်ဘဲ ရေငွေ့ကြောင့် ဝေဝါးတဲ့ ပြတင်းပေါက်ကို စိုက်ကြည့်နေတယ်။ ရင်ထဲမှာ ဗီညာဉ်စုပ်ကောင်ပေးတဲ့ ဟာနေခြင်းနဲ့ အေးစက်ခြင်းတွေ ပြည့်နေတာကိုတောင် ဒမ်ဘာလီဒိုး ခန့်မှန်းနိုင်မယ်လို့ သူ ခံစားရတယ်။

"မယုံနိုင်စရာပဲ" ဟယ်ရီက အသံနိမ့်နိမ့်နဲ့ ပြောတယ်။ "သူ ကျွန်တော့်ကို စာရေးပေးမှာ မဟုတ်တော့ဘူး"

သူ့မျက်လုံးတွေ ရုတ်တရက် ပူစပ်လာတယ်။ အမြန်မျက်တောင်ခတ်လိုက်တယ်။ ဂေါ်ဖားသားနဲ့ တွေ့ပြီးနောက် အကောင်းမွန်ဆုံးကိစ္စကတော့ လူတစ်ယောက်ဟာ ဟော့ဂ်ဝပ်ပြင်ပမှာ မိဘသဖွယ် သူ့ကို ဂရုတစိုက် ရှိနေတာပဲဆိုတာ သူ ဝန်ခံဖို့ ရှက်နေတာပဲ . . . . အခုတော့ စာပို့တဲ့ ဇီးကွက်ဟာ သူ့ကို ဒီလိုနှစ်သိမ့်မှုပေးမှာ မဟုတ်တော့ဘူး . . . .

"မင်းအဖို့ပြောရရင်၊ ဆီးရီးအက်စ်ကြယ်ဟာ မင်းအရင်က မသိတဲ့ အရာအများအပြားကို ကိုယ်စားပြုတယ်" ဒမ်ဘာလီဒိုးက နွေးထွေးစွာ ပြောတယ်။ "သူ့ကို ဆုံးရှုံးရတာကြောင့် မင်း အလွန်နာကျင်မှာ သေချာတယ် . . . ."

"ဒါပေမယ့် ကျွန်တော် ဒါစလီတို့အိမ်မှာတုန်းက" ဟယ်ရီက ဖြတ်ပြောတယ်။ အသံလည်း အားရှိလာတယ်။ "ကျွန်တော် ကိုယ့်ကိုကိုယ် လှောင်ပိတ်ထားလို့ မဖြစ်ဘူး၊ ကိုယ့်ကိုကိုယ်လဲ — ဖြစ်ချင်ရာဖြစ် လုပ်လို့မရဘူးဆိုတာ သိတယ်၊ ဟုတ်လား။ ပြီးတော့ အသက်ဟာလဲ သိပ်ကို တိုတောင်းတယ် . . . . မဒမ်ဘုံးစ်ကို ကြည့်၊ အမီလင်း-ဗန့်စ်ကို ကြည့် . . . . နောက်တစ်ယောက်ဆိုရင် ကျွန်တော် ဖြစ်နိုင်တယ်၊ ဟုတ်လား ? တကယ်လို့ ကျွန်တော့်အလှည့် တကယ်ကျရောက်လာရင်" သူက ဒမ်ဘာလီဒိုးရဲ့ မှော်ကြိမ်လုံးအလင်းရောင်အောက်မှာ လက်နေတဲ့ မျက်လုံးပြာပြာကို တည့်တည့်ကြည့်ပြီး စိတ်လှုပ်ရှားစွာ ပြောတယ်။ "ကျွန်တော် အတတ်နိုင်ဆုံး ဒက်အီတာမှုန်းများ သုတ်သင်မယ်၊ ဖြစ်နိုင်ရင် ဗိုလ်ဒီမွန့်နဲ့အတူ သေမယ်"

"မင်းပြောတာ မင်းအမေ အဖေ့သားနဲ့ ဆီးရီးအက်စ်ကြယ်ရဲ့ ဂေါ်ဆန်းပီသပါပေတယ်" ဒမ်ဘာလီဒိုးက ပြောရင်း ချီးကျူးစွာနဲ့ ဟယ်ရီ့ကျောကို ပုတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ "ကျုပ် ဦးထုပ်ချွတ်ပြီး မင်းကို အလေးပြုမယ် —— ကျုပ် ဒီလို သိပ်လုပ်ချင်ပါတယ်။ ဒါပေမယ့် မင်းတစ်ကိုယ်လုံး ပင့်ကူမျှင်တွေချည်း ဖြစ်ကုန်မှာစိုးတယ်။

"ဒီပြင်၊ ဟယ်ရီ၊ ဒါနဲ့ အလွန်စပ်ဆိုင်တဲ့ စကားတစ်ခု ရှိသေးတယ် . . . . လွန်ခဲ့တဲ့ နှစ်ပတ်လုံးလုံး မင်း 'ကြိုဟောဆရာများနေ့စဉ်' မှာ ဖတ်တယ်လို့ ကျုပ် ထင်တယ်"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ နှလုံးက ပိုမြန်မြန်ခုန်လာတယ်။

"ဒါဆို မင်း ကြိုဟောခန်းမထဲက အတွေ့အကြုံဟာ ရေလှိုင်းလို ပေါက်ကြားကုန်ပြီ၊ ဟုတ်လား"

"ဟုတ်တယ်" ဟယ်ရီက ပြောပြန်တယ်။ "အခု အားလုံးက သိကြတယ်။ ကျွန်တော်ဟာ —— "

"ဟင့်အင်း၊ သူတို့မသိဘူး" ဒမ်ဘလီဒိုးက သူ့စကားကို ဖြတ်လိုက်တယ်။ "ကမ္ဘာပေါ်မှာ လူနှစ်ယောက်ထဲသာ မင်းနဲ့ ဗိုလ်ဒီမွှန့်ရဲ့ ကြိုဟောစကားထဲ ပါတာကို သိတယ်။ အဲဒီလူနှစ်ယောက်ဟာ အခု ဒီနံ့စော်တဲ့၊ ပင့်ကူအိမ်တွေ ပြည့်နေတဲ့ တံမြက်စည်းတဲထဲမှာ ရပ်နေတယ်။ ဟုတ်တယ်၊ လူအများအပြားဟာ ဗိုလ်ဒီမွှန့်က သူ့ဒက်အီတာတွေ လွှတ်ပြီး ကြိုဟောဖန်လုံးတစ်ခု ခိုးခိုင်းတာ၊ အဲဒီကြိုဟောစကားဟာ မင်းနဲ့ ပတ်သက်တယ်ဆိုတာ ခန့်မှန်းလို့ရကြတယ်။

"ဒါဆိုရင်၊ ကျုပ် ဒီလိုပြောလို့ရလား။ မင်းဟာ ကြိုဟောစကားကို ဘယ်သူ့မှ ပြောမပြဘူး ?"

"မပြဘူး" ဟယ်ရီက ပြောတယ်။

"ချုပ်ပြောရရင်၊ ဒီလိုလုပ်တာ အမြော်အမြင်ရှိတယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "ဒါပေမယ့် ကျုပ်ထင်တယ်၊ မင်းရဲ့သူငယ်ချင်း မစ္စတာ ရွန်-ဝယ်စလီနဲ့ မစ်ဟာမီး-ဂရန်ဂျာတို့ရှေ့မှာ ဖွင့်ပြောလို့ရမယ်၊ ဟုတ်တယ်" ဟယ်ရီ အံ့အားသင့်တဲ့အမူအရာမြင်တော့၊ သူက ပြောပြန်တယ်။ "သူတို့ကို အသိပေးသင့်တယ်လို့ ကျုပ်ထင်တယ်။ မင်းက ဒီလောက်အရေးကြီးတဲ့ကိစ္စကို ဖုံးထားရင် သူတို့ကို စိတ်ထိခိုက်စေလိမ့်မယ်"

"ကျွန်တော် သူတို့ကို —— "



" —— ပူပင်သောကရောက်တာ၊ ထိတ်လန့်တာ မဖြစ်စေချင်ဘူး" ဒမ်ဘလီဒိုးက မိမိရဲ့ လခြမ်းသဏ္ဌာန် မျက်မှန်အပေါ်ကနေ ဟယ်ရီ့ကို အကဲခတ်နေတယ်။ သူက ပြောတယ်။ "ဒါမှမဟုတ်၊ မင်းကိုယ်နှိုက်က ပူပင်သောကရောက်တာ၊ ထိတ်လန့်တာကို ဖွင့်ဝန်မခံချင်ဘူးလား။ ဟယ်ရီ၊ မင်းမှာ မိတ်ဆွေလိုတယ်။ မင်း ခုနက ပြောတာ မှန်တယ်။ ဆီးရီးအက်စ်ကြယ်ဟာ မင်းကိုယ်မင်း ပိတ်ဆို့ထားတာ မှချမလိုလားဘူး"

ဟယ်ရီ ဘာမှမပြောဘူး။ ဒါပေမယ့် ဒမ်ဘလီဒိုးက သူ့ကို အဖြေပေးစရာ မလိုဘူးလို့ ထင်သလိုပဲ။ သူက ဆက်ပြောတယ်။ "တခြား ဒါနဲ့ ပတ်သက်တာတစ်ခု ပြောမယ်။ ဒီကျောင်းပတ်ထဲမှာ ကျုပ် မင်းကို သီးခြား သင်ကြားပေးချင်တယ်"

"သီးခြားသင်ကြားမယ် —— သင်က ?" ဟယ်ရီ သိပ်ကို အံ့အားသင့်သွားတယ်။ အတွေးထဲကနေ ပြန်သတိရလာတယ်။

"ဟုတ်တယ်၊ အခု မင်းပညာရေးကို ပိုပြီးဂရုစိုက်ဖို့ လိုနေပြီလို့ ကျုပ် ထင်တယ်"

"သင် ကျွန်တော့်ကို ဘာတွေသင်မလဲ၊ ဆရာ"

"အိုး၊ ဒါလေးနည်းနည်း၊ ဟိုဟာလေးနည်းနည်းပေါ့" ဒမ်ဘလီဒိုးက ပေါ့ပေါ့ပဲ ပြောတယ်။

ဟယ်ရီက ဆက်နားထောင်ဖို့ လုပ်နေတုန်းပဲ၊ ဒါပေမယ့် ဒမ်ဘလီဒိုးက များများမပြောတော့ဘူး။ ဒါနဲ့ ဟယ်ရီက သူ့ကို တစ်လျှောက်လုံး အနှောင့်အယှက်ပေးနေတဲ့ကိစ္စကို မေးလိုက်တယ်။

"ကျွန်တော် သင့်ဆီမှာ ကျောင်းတက်ရင်၊ စနိတ်ပ်ဆီမှာ ဦးနှောက်ပိတ်အတတ်ပညာ သင်စရာမလိုတော့ဘူး၊ ဟုတ်လား"

"ပါမောက္ခ စနိတ်ပ်၊ ဟယ်ရီ —— ဟုတ်တယ်၊ မလိုတော့ဘူး"

"သိပ်ကောင်းတာပဲ" ဟယ်ရီ သက်ပြင်းချနိုင်သွားတယ်။ "အဲဒီ သင်တန်းတွေက သိပ်ပြီး —— "

သူ ရပ်လိုက်တယ်။ ရင်ထဲကအတွေးကို မပြောဘဲ အတင်းမျိုသိပ်လိုက်တယ်။

"ကျုပ်ထင်တယ်၊ 'လုံးဝရှုံးနိမ့်' ဆိုတဲ့စကားကို ဒီမှာသုံးရင် သိပ်သင့်တော်တယ်" ဒမ်ဘလီဒိုးက ခေါင်းညိတ်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ ရယ်တယ်။

"အင်း၊ ကျွန်တော် ခုကစ ပါမောက္ခ စနိတ်ပ်ကို သိပ်မတွေ့ရတော့ဘူးဆိုတဲ့သဘောပဲ" သူက ပြောတယ်။ "ကျွန်တော် OWL စာမေးပွဲမှာ 'ထူးချွန်' ရမှ၊ နို့မို့ရင် သူက ကျွန်တော့်ကို မှော်ဆေးပညာဘာသာကို ယူခွင့်ပေးမှာမဟုတ်ဘူး။ ကျွန်တော်ကလဲ 'ထူးချွန်' အမှတ် မရဘူးဆိုတာ သိတယ်"

"အမှတ်စာရင်း မရခင်မှာ ဘယ်ဘာသာရပ်ယူမယ်ဆိုတာ အရင်မပြောနဲ့ဦး" ဒမ်ဘလီဒိုးက သုန်မှုန်စွာ ပြောတယ်။ "ဒီနေ့ တစ်ချိန်ချိန်မှာ၊ အမှတ်စာရင်း ရလိမ့်မယ်။ ကောင်းပြီ၊ ဟယ်ရီ၊ မခွဲခွာခင်မှာ ကိစ္စနှစ်ခု ရှိသေးတယ်။

"ပထမတစ်ခုက၊ ခုကစပြီး မင်းရဲ့ကိုယ်ပျောက်ဝတ်ရုံကို အမြဲ ကိုယ်နဲ့ မကွာ ယူထားပါ။ ဟော့ဂ်ဝပ်ကျောင်းတွင်းမှာလဲ ဒီအတိုင်း လုပ်စေချင်တယ်။ တစ်ခုခု ဖြစ်လာခဲ့ရင်ပေါ့၊ နားလည်လား"

ဟယ်ရီ ခေါင်းညိတ်တယ်။

"နောက်ဆုံး၊ မင်း ဒီမှာနေတဲ့အခါမှာ၊ အညတရဂေဟာကို မှော်ဝန်ကြီးဌာနက ပေးနိုင်တဲ့ လုံခြုံရေး အကာအကွယ်အားလုံး ပေးထားတယ်။ ဒီလုပ်ဆောင်ချက်တွေဟာ အာသာနဲ့ မော်လီကို တစ်စုံတစ်ရာ အဆင်မပြေမှု ရှိနိုင်တယ် —— ဥပမာ၊ သူတို့စာအားလုံး ဝန်ကြီးဌာနက စစ်ဆေးပြီးမှ ပို့တာမျိုး။ ဒါပေမယ့် သူတို့ ဒါကို နည်းနည်းမှ စိတ်ထဲမထားဘူး။ မင်း လုံခြုံရေးကိုပဲ စိတ်စောနေတယ်။ တကယ်လို့ မင်း သူတို့နဲ့ နေတဲ့အခါမှာ အန္တရာယ်မမှုဘဲ လုပ်ချင်ရာလုပ်ရင်၊ သူတို့ကို သိပ်မင့်ညာရာ ကျတယ်"

"ကျွန်တော် နားလည်ပါတယ်" ဟယ်ရီက အမြန်ပြောတယ်။

"ဒါဆို ကောင်းပြီ" ဒမ်ဘလီဒိုးက ပြောပြီး တံမြက်စည်းတဲတံခါးကို တွန်းဖွင့်လိုက်တယ်။ အပြင်ဘက်ခြံဝန်းထဲ ထွက်ခဲ့တယ်။ "ကျုပ် မီးဖိုထဲ မီးလင်းနေတာ တွေ့တယ်။ ကျုပ်တို့ မော်လီကို မင်း သိပ်ပိန်တယ်လို့ ညည်းညူချိန် ပေးနိုင်တာပေါ့"



# ၅။ ချွဲသလိပ် သိပ်များတယ်

ဟယ်ရီနဲ့ ဒမ်ဘလီဒိုးတို့ အညတရဂေဟာ နောက်ဖေးတံခါးဆီ လျှောက်သွားတယ်။ အဲဒီနေရာဟာ အရင်ကလိုပဲ လည်ရှည်ဘွတ်ဖိနပ်ဟောင်းနဲ့ သံချေးတက်တဲ့ ဆေးကျိုအိုးတွေ ဖြစ်သလိုပုံထားတယ်။ အဝေးက တဲထဲကနေ ကြက်အိပ်ပျော်တဲ့ တဂူးဂူးအသံလေးကို ဟယ်ရီ ကြားရတယ်။ ဒမ်ဘလီဒိုးက တံခါးကို သုံးချက်ခေါက်လိုက်တယ်။ မီးဖိုချောင်ပြတင်းနောက်မှာ ရုတ်တရက် လှုပ်ရှားလာတာ ဟယ်ရီ မြင်ရတယ်။

"ဘယ်သူလဲ" အသံတစ်သံက စိုးရိမ်စွာ မေးတယ်။ ဟယ်ရီက မစ္စစ်ဝယ်စလီအသံမှန်း သိတယ်။ "သင့်နာမည်ပြောပါ"

"ကျွန်တော်ပါ၊ ဒမ်ဘလီဒိုး၊ ဟယ်ရီလဲ ပါတယ်"

တံခါး ချက်ချင်းပွင့်သွားတယ်။ အဝမှာ မစ္စစ်ဝယ်စလီ ရပ်နေတယ်။ ပုပုဝဝ၊ အစိမ်းရောင် နံနက်ဝတ်အင်္ကျီရှည် အဟောင်းတစ်ထည် ဝတ်ထားတယ်။

"ဟယ်ရီ၊ အချစ်လေး။ အမလေး၊ အောဘတ်စ်၊ လန့်သွားတာပဲ။ ရှင်က မနက်ဖြန်မနက်ကျမှ လာကြမယ်ပြောထားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ကံကောင်းတယ်" ဒမ်ဘလီဒိုးက ဟယ်ရီ့ကို အိမ်ထဲ ဝင်ခိုင်းပြီး ပြောတယ်။ "စလပ်ဂ်ဟွန်းကို လွယ်လွယ်နဲ့ နားချလို့ရသွားတယ်။ ကျုပ် အစကတွေးသလောက် မခက်ဘူး။ ဒါပေ့ါလေ၊ ဒါ ဟယ်ရီ့အစွမ်းပဲ။ အား၊ ဟဲလို၊ နီဖွာဒိုရာ"

ဟယ်ရီ ဘေးဘီကို ကြည့်လိုက်တယ်။ ညမိုးချုပ်နေပေမယ့် မစ္စစ် ဝယ်စလီတစ်ယောက်တည်းရှိတာ မဟုတ်ဘူး။ ငယ်ရွယ်တဲ့ မှော်ဆရာမတစ်ယောက် စားပွဲဘေးမှာ ထိုင်နေတယ်။ လက်နှစ်ဘက်နဲ့ လက်ဖက်ရည်ခွက်ကြီး တစ်လုံးကို ကိုင်ထားတယ်။ သူမရဲ့ အသဲသဏ္ဍာန်မျက်နှာဟာ အနည်းငယ် ဖြူရော်နေတယ်။ ဆံပင်က ညိုမွဲမွဲအရောင်။

"မင်္ဂလာပါ၊ ပါမောက္ခ" သူမက ပြောတယ်။ "မင်္ဂလာပါ၊ ဟယ်ရီ"

"မင်္ဂလာပါ၊ တန့်ခ်စ်"

သူမ ကြည့်ရတာ ညှိုးရော်နေတယ်၊ နေမကောင်းသလိုပဲလို့ ဟယ်ရီ ထင်တယ်။ အပြုံးကလဲ အနည်းငယ် စိတ်မပါ့တပါ ဖြစ်နေတယ်။ သူမဆံပင် ဟာ ချူးရင်းဂမ်းလို ပန်းရောင်မဟုတ်တော့ဘူး။ ဒါကြောင့် သူ့ပုံပန်းဟာ သိပ်မတောက်ပြောင်တော့ဘူး။

"ကျွန်မ သွားတော့မယ်" သူမက ကမန်းကတန်း ပြောရင်း မတ်တတ် ရပ်လိုက်ပြီး ခြုံထည်နဲ့ ပခုံးကို ပတ်လိုက်တယ်။ "လက်ဖက်ရည်တိုက်တာ ကျေးဇူးတင်တယ်။ ကျွန်မကို စာနာထောက်ထားတဲ့အတွက် ကျေးဇူးတင်ပါ တယ်၊ မော်လီ"

"ကျုပ်ကြောင့်တော့ မသွားပါနဲ့" ဒမ်ဘလီဒိုးက ယဉ်ယဉ်ကျေးကျေး ပြောတယ်။ "ကျုပ် ကြာကြာနေလို့ မရဘူး။ ကျုပ်မှာ အရေးကြီးကိစ္စတွေ ရူးဖုးစ်-စခရင်းမ်ဂျဲနဲ့ ဆွေးနွေးရဦးမယ်"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်မ တကယ်ပဲ သွားရတော့မယ်" တန့်ခ်စ် က ဒမ်ဘလီဒိုးအကြည့်ကို ရှောင်ရင်း ပြောတယ်။ "မင်္ဂလာညပါ —"

"အချစ်လေး၊ အပတ်ကုန်ရက် ထမင်းလာစားနော်၊ ရီးမတ်စ်နဲ့ အရှူး မျက်လုံးတို့လဲ လာမှာ —"

"ဟင့်အင်း၊ တကယ်ပါ မော်လီ .... အလွန်ကျေးဇူးတင်တယ် .... အားလုံး မင်္ဂလာညပါ"



တန့်ခ်စ်ဟာ ဒမ်ဘလီဒိုးနဲ့ ဟယ်ရီ့အနားက ဖြတ်ပြီး ခြံဝန်းထဲကို အမန်းကတန်း ထွက်သွားတယ်။ လှေကားထစ်တချို့ ဆင်းလိုက်ပြီး နေရာတွင် သူ့ညှိလိုက်တာနဲ့ ပျောက်သွားရော။ မစ္စစ်ဝယ်စလီ စိတ်သောက ရောက်နေ တာ ဟယ်ရီ သတိပြုမိတယ်။

"ကောင်းပြီ၊ ကျုပ်တို့ ဟော့ဂ်ဝပ်မှာ တွေ့မယ်၊ ဟယ်ရီ" ဒမ်ဘလီဒိုး က ပြောတယ်။ "ကိုယ့်ကိုကိုယ် ကောင်းကောင်းစောင့်ရှောက်။ မော်လီ၊ ကိစ္စ ရှိရင် ပြောသာပြော"

သူက မစ္စစ် ဝယ်ဝလီကို ဦးညွှတ်အလေးပြုတယ်။ တန့်ခ်စ်နောက်က လိုက်ပြီး တစ်နေရာတည်းမှာတွင် ကွယ်ပျောက်သွားတယ်။ ခြံဝန်းထဲမှာ လူ မရှိတော့ဘူး။ မစ္စစ်ဝယ်စလီက တံခါးကို ပိတ်လိုက်တယ်၊ ဟယ်ရီ့ပခုံးကို ဆွဲတယ်။ သူ့ကို စားပွဲပေါ်က မီးအိမ်မီးရောင်အောက် ခေါ်သွားပြီး သူ့ကို သေချာကြည့်ရှုတယ်။

"မင်း ရွှန်နဲ့အတူတူပဲ" သူမက သူ့ကို အထက်အောက် အကဲခတ် ကြည့်ပြီး ပြောတယ်။ "မင်းတို့နှစ်ယောက်စလုံး ဆန့်ထုတ်ဂါထာ မိထားသလိုပဲ။ ငါပြောဝံ့တယ်၊ အရင်တစ်ခါ ရွှန် ကျောင်းဝတ်ရုံဝတ်ပြီး ခုထိ၊ သူ လေးလက်မ တောင် အရပ်မြင့်လာတယ်။ မင်း ဆာပြီလား၊ ဟယ်ရီ"

"ဟုတ်တယ်၊ ကျွန်တော် ဆာပြီ" ခုမှပဲ သူ သိပ်ဆာနေတာ ဟယ်ရီ တွေ့ရှိတယ်။

"ထိုင်၊ အချစ်လေး။ ငါ အခုတင် မင်းကို ချက်ပေးမယ်"

ဟယ်ရီ ထိုင်လိုက်ရုံရှိသေးတယ်၊ မျက်နှာပြားပြား ဂျင်းဝါရောင် ကြောင်တစ်ကောင် သူ့ပေါင်ပေါ် ခုန်တက်လာတယ်။ သူ့ပေါင်ပေါ် ဝပ်ပြီး တဂူးဂူးမြည်နေတယ်။

"ဟာမီးလဲ ဒီမှာရှိတယ် ?" သူက ခရွတ်ရှန့်ရဲ့နားနောက်ကို ကုတ်ရင်း ဝမ်းသာစွာ မေးတယ်။

"ဟုတ်တယ်၊ သူမက တစ်နေ့ကလာတာ" မစ္စစ် ဝယ်စလီက ပြောရင်း မှော်ကြိမ်လုံးနဲ့ သံအိုးကြီးတစ်လုံးကို ခေါက်လိုက်တယ်။ သံအိုးဟာ ဒတ်ခနဲ မီးဖိုပေါ် ခုန်တက်သွားပြီး ချက်ချင်း ဆူပွက်အမြှုပ်ထလာတယ်။ "အခု အားလုံး အိပ်နေပြီလေ။ မင်း နောက်ထပ် နာရီအချို့ကြာမှ လာမယ်လို့ ငါတို့ထင်နေ တာ။ ရော့ —"

www.burmeseclassic.com

www.burmeseclassic.com



သူမဟာ သံအိုးကို ခေါက်လိုက်ပြန်တယ်။ သံအိုး မိုးပေါ် ပျံတက်ပြီး ဟယ်ရီ့ဆီ လာတယ်။ ဒီနောက် စောင်းသွားတယ်။ မစ္စစ်ဝယ်စလီက ပန်းကန်တစ်လုံးကို အောက်ထိုးလိုက်တယ်။ အတော်ပဲ အိုးထဲက စီးကျလာတဲ့ အငွေ့ထနေတဲ့ ကြက်သွန်နီဟင်းရည်ပျစ်ပျစ်ကို ခံယူလိုက်တယ်။

"ပေါင်မုန့်ယူမလား၊ အချစ်လေး"

"ကျေးဇူးပဲ၊ မစ္စစ်ဝယ်စလီ"

သူမဟာ မှော်ကြိမ်လုံးကို ပခုံးနောက် ယမ်းလိုက်တယ်။ ပေါင်မုန့်တစ်လုံးနဲ့ ဓားတစ်လက် စားပွဲပေါ်ကို လှပစွာ ပျံလာတယ်။ ပေါင်မုန့်ဟာ အလိုအလျောက် လှီးတယ်။ ဟင်းရည်အိုးလည်း မီးဖိုပေါ် ပျံသွားတယ်။ မစ္စစ်ဝယ်စလီဟာ ဟယ်ရီ့မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်တယ်။

"ဒီလိုဆိုတော့ မင်းက ဟိုရေ့စ်-စလပ်ဂ်ဟွန်းကို အဲဒီအလုပ် လက်ခံအောင် ပြောနိုင်တာပေါ့"

ဟယ်ရီက ခေါင်းညိတ်လိုက်တယ်။ သူ့ပါးစပ်ထဲမှာ ဟင်းရည်ပူပူတွေချည်းပဲ၊ စကားပြောလို့ မရဘူး။

"သူ အရင်က အာသာနဲ့ ငါ့ကို သင်ဖူးတယ်" မစ္စစ် ဝယ်စလီက ပြောတယ်။ "နှစ်ပေါင်းများစွာကတည်းက သူ ဟော့ဂ်ဝပ်မှာ။ သူနဲ့ ဒမ်ဘာလီဒိုး တစ်ချိန်တည်း ကျောင်းရောက်လာတယ်လို့ ငါ ထင်တယ်။ မင်း သူ့ကို နှစ်သက်လား"

ဟယ်ရီ့ပါးစပ်ထဲမှာ ပေါင်မုန့်တွေ ပြည့်နေတယ်။ ဒါကြောင့် ပခုံးပဲ တွန့်ပြလိုက်တယ်။ ဘာမှန်းမသိ ခေါင်းကို ယမ်းလိုက်တယ်။

"မင်းသဘောကို ငါ နားလည်တယ်" မစ္စစ် ဝယ်စလီက သဘောပေါက်တဲ့အနေနဲ့ ခေါင်းညိတ်တယ်။ "ဟုတ်တယ်၊ သူလုပ်ချင်ရင်၊ မိမိကိုယ်မိမိ ဆွဲဆောင်အားရှိအောင် လုပ်နိုင်တယ်။ ဒါပေမယ့် အာသာဟာ ဘယ်တုန်းကမှ သူ့ကို မနှစ်သက်ဘူး။ မှော်ဝန်ကြီးဌာနမှာ သူ့အရင်က နှစ်သက်တဲ့ တပည့်တွေ အများကြီးရှိတယ်။ သူက ကျောင်းသားတချို့ကို သပ်သပ်ပျိုးထောင်တယ်၊ ဒါပေမယ့် အာသာပေါ်မှာတော့ အချိန်ကုန်မခံဘူး —— သူက အာသာဟာ ဘာရည်မှန်းချက် ကြီးကြီးမားမားမှ မရှိဘူးလို့ ထင်တယ်။ ဟုတ်တယ်၊ ဒါက စလပ်ဂ်ဟွန်းတောင် အမြင်မှားသွားတယ်ဆိုတာ သက်သေ



ပြတာပဲ။ ရွန် မင်းကို စာရေးပြောပြီးပြီလား မသိဘူး ဒါ —— ခုတလောကိစ္စ —— အာသာ ရာထူးတက်ပြီ"

မစ္စစ် ဝယ်စလီဟာ ဒါကို သိပ်ပြောချင်နေတာ ထင်ရှားတယ်။ ဟယ်ရီက ဟင်းရည်ပူပူတစ်လုတ်ကို အမြန်မျိုချလိုက်တယ်။ အာခေါင်ထဲမှာ အဖုံးတောင်ပေါက်မယ်လို့ ထင်တယ်။

"သိပ်ကောင်းတာပဲ" သူက အသက်ပြင်းပြင်းရှူရင်း ပြောတယ်။

"မင်း တကယ်ချစ်ဖို့ကောင်းတယ်" မစ္စစ် ဝယ်စလီက ပြုံးစိစိနဲ့ ပြောတယ်။ ဟယ်ရီ မျက်ရည်လည်နေတာ ဒီသတင်းကောင်း ကြားရလို့ စိတ်လှုပ်ရှားပြီး လည်တာထင်နေတယ်။ "ဟုတ်တယ်၊ မျက်မှောက်အခြေအနေကို တုံ့ပြန်ဖို့အတွက်၊ ရူးဖူးစ်-စခရင်းမ်ဂျော် ဌာနတချို့ အသစ်ဖွဲ့တယ်။ အာသာ အခု 'ခုခံကာကွယ်မှော်ဂါထာအတုနဲ့ ကာကွယ်တဲ့ အသုံးဆောင်ပစ္စည်းအတု ဖော်ထုတ်သိမ်းဆည်းရေးရုံး' ကို ကိုင်တယ်။ ဒီအလုပ် သိပ်အရေးကြီးတယ်။ အခု သူ့လက်အောက်မှာ လူတစ်ဆယ်ကျော် ရှိတယ်"

"အဲဒါ အတိအကျက ဘာ ——"

"အိုး၊ ဒီလို၊ ဟိုလူကြောင့် လူတွေ ထိတ်လန့်ချောက်ချားနေတယ်။ နေရာတကာမှာ လူတွေက ထူးဆန်းတဲ့အရာတွေ လုပ်ပြီး ရောင်းစားနေတယ်။ ဟိုလူနဲ့ ဒက်အီတာတွေကို ခုခံကာကွယ်နိုင်တယ်လို့ ပြောတယ်။ မင်း အဲဒါတွေကို တွေးဝံ့ပါ့မလား —— ကာကွယ်တဲ့ဆေးဆိုတာ၊ စင်စစ်မှာ အသားမြှတ်ရည်ထဲ အကျိတ်ဖုပြည်နည်းနည်း ထည့်ထားတာ။ ပြီးတော့ ခုခံကာကွယ်တဲ့ မှော်ဂါထာကို လုပ်ဆောင်တဲ့ လမ်းညွှန်စာအုပ်။ စင်စစ်မှာ မင်းကို နားရွက်ပြုတ်သွားစေတာပဲ ရှိတယ် . . . . ဟင်း၊ ယေဘုယျအားဖြင့် ဒီလိုမဟုတ်တာ လုပ်တဲ့လူဟာ မန်ဒန်းဂတ်စ်-ဖလက်ချာလို လူစားမျိုးတွေပဲ။ သူတို့ဟာ တစ်သက်လုံး တစ်ရက်မှ အလုပ်ကောင်းကောင်း မလုပ်ဘူး။ အခု လူတွေရဲ့ ထိတ်လန့်ချောက်ချားတဲ့စိတ်ကို အသုံးချပြီး အခွင့်အရေးယူနေတာ။ ဒါပေမယ့် တစ်ခါတစ်ရံ တကယ်ဆိုးရွားတဲ့ အမှုနဲ့လဲ ကြုံရတယ်။ ဟိုနေ့က အာသာဟာ မှော်ကျိန်စာချထားတဲ့ စောင့်ကြည့်မှန် တစ်သေတ္တာ သိမ်းလိုက်တယ်။ ဘက်အီတာတစ်ယောက်ယောက်က အဲဒီမှာ ထားထားတာဆိုတာ သေချာသိလောက်ရှိတယ်။ ဒါကြောင့် မင်းကြည့်ပါ၊ ဒါဟာ အလွန်အရေးကြီးတဲ့ အလုပ်။ ငါက သူ့ကို ပြောတယ်၊ အခု မီးအဆို့တို့၊ ပေါင်မုန့်ဖုတ်မီးဖိုနဲ့ မှတ်ဒေါ် တွေရဲ့ တခြား

www.burmeseclassic.com

www.burmeseclassic.com



အစုတ်အပြတ်တွေကိုပဲ သတိရနေရင် သိပ်ရယ်စရာကောင်းတယ်" မစ္စစ် ဝယ်စလီပြောတာ ဆုံးတော့ အကြည့်က တည်ကြည်လာတယ်။ ဟယ်ရီက မီးအဆို့ကို သတိရနေမယ်လို့ ပြောလိုက်သလိုပဲ။

"မစ္စတာ ဝယ်စလီ ရုံးတက်နေတုန်းပဲလား" ဟယ်ရီက မေးတယ်။

"ဟုတ်တယ်၊ အမှန်ပြောရရင် နည်းနည်းနောက်ကျလှပြီ .... သူက ညဉ့်လယ်လောက်မှာ ပြန်လာမယ်ပြောတာ ...."

သူမဟာ အဲဟိုနာရီကြီးကို လှည့်ကြည့်တယ်။ အဲဒီနာရီကြီးဟာ စားပွဲဘေးက အဝတ်ဟောင်းခြင်းထဲက အိပ်ရာခင်းတစ်ပုံကြီးပေါ်မှာ တင်ထားတယ်။ အလွန်ပဲ လိုက်ဖက်မညီဘူး။ ဟယ်ရီ ချက်ချင်း မှတ်မိလိုက်တယ်။ ၎င်းမှာ လက်တံကိုးခု ရှိတယ်။ လက်တံတိုင်းမှာ အိမ်သားတစ်ယောက်စီရဲ့ နာမည် ထွင်းထားတယ်။ ခါတိုင်းဆိုရင် ဝယ်စလီတို့ အိမ်ဧည့်ခန်းနံရံမှာ ချိတ်ထားတယ်။ ၎င်းကို အခု ဒီမှာထားတယ်။ မစ္စစ်ဝယ်စလီဟာ သူမ သွားလေရာရာ ယူသွားတာ သေချာတယ်။ အခု၊ အဲဒီလက်တံကိုးခုစလုံး 'အသက်အန္တရာယ်' ကို ပြနေတယ်။

"၎င်း ဒီပုံစံဖြစ်နေတာ အတော်ကြာပြီ" မစ္စစ် ဝယ်စလီက တမင်လုပ်ပြောတဲ့ ပေါ့ပေါ့လေသံနဲ့ ပြောတယ်။ ဒါပေမယ့် ဟန်ဆောင်တာ မတူဘူး။ "ဟိုလူ အတိအလင်း ပြန်ပေါ်လာပြီးနောက်၊ ၎င်းက ဒီအတိုင်းဖြစ်နေတယ်။ လူတိုင်းဟာ အခုဆိုရင် အသက်အန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်လို့ ထင်တယ် .... ငါတို့မိသားစုတင် မဖြစ်နိုင်ဘူး .... ဒါပေမယ့် ဘယ်သူ့အိမ်မှာ ဒီလိုနာရီမျိုး ရှိသေးလဲဆိုတာ ငါ မသိဘူး။ ဒါကြောင့် တိုက်ကြည့်လို့မရဘူး၊ အိုး"

သူမဟာ ရုတ်တရက် အော်လိုက်တယ်။ နာရီကို လက်ညှိုးထိုးထားတယ်။ မစ္စတာ ဝယ်စလီရဲ့ လက်တံဟာ ရုတ်တရက် 'လမ်းမှာ' ကို ခုန်သွားတယ်။

"သူ ပြန်လာပြီ"

တကယ်ပဲ၊ ခဏနေတော့ နောက်ဖေးတံခါးက တံခါးခေါက်သံ ပေါ်လာတယ်။ မစ္စစ် ဝယ်စလီ ခုန်ထပြီး ကမန်းကတန်း တံခါးသွားဖွင့်တယ်။ သူမက လက်နဲ့ တံခါးလက်လှည့်ကို ကိုင်ပြီး မျက်နှာကို သစ်သားတံခါးပေါ် ကပ်ထားတယ်။ အသာအော်မေးတယ်။ "အာသာ၊ ရှင်လား"



"ဟုတ်တယ်" တံခါးအပြင်ကနေ မစ္စတာ ဝယ်စလီရဲ့ နွမ်းနယ်တဲ့ အသံ ပေါ်လာတယ်။ "ဒါပေမယ့် ကျုပ်ဟာ ဒက်အီတာတစ်ယောက်ဆိုရင် ဒီအတိုင်းပြောမှာပါပဲ၊ အချစ်၊ မေးခွန်းမြန်မြန်မေး"

"အိုး၊ အမှန်ပြောရရင် ...."

"မော်လီ ! "

"ကောင်းပြီ၊ ကောင်းပြီ .... ရှင့်အကြီးဆုံး ရည်မှန်းချက်က ဘာလဲ"

"လေယာဉ် ဘယ်လိုလုပ်ပြီး မိုးပေါ်မှာ သွားနိုင်လဲဆိုတာ သိဖို့"

မစ္စစ် ဝယ်စလီက ခေါင်းညိတ်လိုက်ပြီး လက်ကိုင်ကို လှည့်၊ တံခါးကို ဖွင့်တယ်။ ဒါပေမယ့် မစ္စတာ ဝယ်စလီက အပြင်ကနေ တံခါးလက်ကိုင်ကို တင်းတင်းဆုပ်ထားတာကြောင့် ထင်တယ်။ တံခါးက မလှုပ်ဘူး။

"မော်လီ၊ ငါ မင်းကို ဟိုမေးခွန်းမေးဦးမယ်"

"အာသာ၊ တကယ်ပဲ၊ ဒါ အဓိပ္ပာယ်မရှိပါဘူး ...."

"ငါတို့နှစ်ယောက်တည်းရှိရင်၊ ငါ မင်းကို ဘာလို့ခေါ်တာ ကြိုက်သလဲ"

မှောင်မဲ့တဲ့ စားပွဲမီးအောက်မှာတောင်၊ ဟယ်ရီဟာ မစ္စစ် ဝယ်စလီ မျက်နှာကြီး နီရဲသွားတာ မြင်ရတယ်။ သူကိုယ်နှိုက်လည်း နားရွက်ရော လည်ပင်းပါ ပူလာတာ ခံစားရတယ်။ ဒါနဲ့ ဟင်းရည်ကို အကြီးအကျယ် သောက်တယ်။ ဇွန်းနဲ့ ပန်းကန် ထိမိသံတွေ ထွက်အောင်လုပ်တယ်။

"မော်လီအိတုန်လေး" မစ္စစ်ဝယ်စလီက မနေတတ်ဘဲ တံခါးအဟလေးကနေ တိုးတိုးပြောတယ်။

"မှန်တယ်" မစ္စတာ ဝယ်စလီက ပြောတယ်။ "အခု မင်း ငါ့ကို ဝင်ခွင့်ပေးလို့ရပြီ"

မစ္စစ် ဝယ်စလီ တံခါးဖွင့်လိုက်တယ်။ သူ့ယောက်ျား ပေါ်လာတယ်။ ထိပ်ပြောင်တဲ့ ဆံပင်နီ မှော်ဆရာပိန်ပိန်။ ကွဲကော်မျက်မှန် တပ်ထားတယ်။ ဖုန်တက်တဲ့ ခရီးသွားခြုံထည်တစ်ထည် ဝတ်ထားတယ်။

"ရှင် အိမ်ပြန်လာတိုင်း ဒါမျိုးတွေလုပ်တာ ကျွန်မ ခုထိလဲ နားမလည်ဘူး" မစ္စစ် ဝယ်စလီက ပြောရင်း သူ့ခင်ပွန်းကို ခြုံထည်ကူချွတ်ပေးတယ်။ သူမမျက်နှာဟာ ပန်းရောင်သန်းနေတုန်းပဲ။ "ကျွန်မသဘောက၊ ဒက်အီတာဟာ ရှင့်ကို အရင်ဆုံး အဖြေပြောအောင် လုပ်မယ်၊ ပြီးတော့မှ ရှင့်ဟန်ဆောင်မှာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သိတယ်၊ အချစ်၊ ဒါပေမယ့် ဒါက မော်ဝန်ကြီးဌာနက ဆုံးဖြတ်တာ။ ကျုပ် စံနမူနာဖြစ်ရမှာပေါ့။ ဘာလဲကွ အနံ့တယ်ကောင်းပါလား — ကြက်သွန်နီဟင်းရည် ?"

မစ္စတာ ဝယ်စလီဟာ မျှော်လင့်စွာနဲ့ စားပွဲဆီ ကြည့်လိုက်တယ်။

"ဟယ်ရီ၊ ကျုပ်တို့က မင်း မနက်ဖြန်နံနက်မှ လာမယ်ထင်နေတာ"

သူတို့ လက်ဆွဲနှုတ်ဆက်တယ်။ မစ္စတာ ဝယ်စလီဟာ ဟယ်ရီ့ဘေးက ထိုင်ခုံမှာ ဝင်ထိုင်တယ်။ မစ္စစ် ဝယ်စလီက သူ့ကို ဟင်းရည်ပူပူတစ်ခွက် ချပေးတယ်။

"ကျေးဇူးတင်တယ်၊ မော်လီ။ ဒီည တယ်ဒုက္ခရောက်တယ်။ ငနုံးတစ်ကောင်က ရုပ်ပြောင်းဆုတံဆိပ် ရောင်းတယ်။ တံဆိပ်ကို လည်ပင်းမှာ ဆွဲထားရင်၊ ထင်သလို ရုပ်ပြောင်းနိုင်တယ်လို့ ပြောတယ်။ မျက်နှာထောင်သောင်းမက ပြောင်းနိုင်တယ်။ အဆုံးမရှိ ပြောင်းနိုင်တယ်၊ ဆယ်ဂါလုံးထဲ ရောင်းတယ်တဲ့"

"ဒါဆို ဆွဲလိုက်တော့ တကယ်ပဲ ဘာဖြစ်သလဲ"

"ယေဘုယျအားဖြင့် မျက်နှာကို အရုပ်ဆိုးတဲ့ လိမ္မော်ရောင် ဖြစ်သွားစေတယ်။ ဒါပေမယ့် လူနှစ်ယောက် လက်တံလို အကျိတ်တွေ ပေါက်တယ်။ စိန့်မန်ဂိုးဆေးရုံမှာ အလုပ်များ အလုပ်ရှုပ်တာ မလုံလောက်သေးသလိုပဲ"

"ဒါမျိုးတွေဟာ၊ ဖရက်နဲ့ ဂျော့တို့ စိတ်ဝင်စားတာတွေလိုပဲ" မစ္စစ် ဝယ်စလီက တွေဝေစွာ ပြောတယ်။ "ရှင်မဟုတ်ဘူးလို့ သေချာလား — "

"သေချာတာပေါ့" မစ္စတာ ဝယ်စလီက ပြောတယ်။ "အဲဒီကောင်နှစ်ကောင် အခု ဒါမျိုးတွေ မလုပ်ပါဘူး။ အခုလူတွေဟာ ဘာမှမစဉ်းစားဘဲ အတာအကွယ်ရှာနေတယ်"

"ဒါကြောင့် ရှင် အပြန် ဒီလောက်နောက်ကျတာ ရုပ်ပြောင်းဆုတံဆိပ် အတွက်ပေါ့"

"မဟုတ်ဘူး၊ ကျုပ်တို့ ဆင်ရဲတိုက်ဘက်မှာ အန္တရာယ်ရှိတဲ့ ပေါက်ကွဲကျိန်စာ အချခံရတယ်။ ကျုပ်တို့ အဲဒီကို လိုက်သွားတော့၊ မော်ဝန်ကြီးဌာန တရားဥပဒေဆောင်ရွက်ရေးအဖွဲ့က ပြဿနာ ဖြေရှင်းပြီးပြီ . . . . "

ဟယ်ရီက သမ်းဝေတာကို လက်နဲ့အုပ်လိုက်တယ်။

"သွားအိပ်တော့" အလိုက်သိတဲ့ မစ္စစ် ဝယ်စလီက ချက်ချင်းပြော



တယ်။ "ဖရက်နဲ့ ဂျော့အခန်းကို မင်းအတွက် ပြင်ဆင်ပေးထားတယ်။ မင်း တစ်ယောက်တည်းနေရမှာ"

"ဘာဖြစ်လို့လဲ၊ သူတို့နှစ်ယောက်ကော"

"အို၊ သူတို့ ထောင့်ဖြတ်လမ်းမှာ။ အခု အရောင်းအဝယ် သိပ်အလုပ်များတယ်။ သူတို့ ရယ်စရာကုန်ဆိုင် အပေါ်ထပ်က အခန်းတွဲမှာ အိပ်တယ်" မစ္စစ် ဝယ်စလီက ပြောတယ်။ "မပြောမဖြစ်လို့၊ အစက ငါ သဘောမတူဘူး။ ဒါပေမယ့် သူတို့ဟာ တကယ်ပဲ အရောင်းအဝယ် ဉာဏ်ရှိသလိုပဲ။ လာ၊ အချစ်လေး၊ မင်းသေတ္တာ အပေါ်ပို့ထားပြီးပြီ"

"မင်္ဂလာညပါ၊ မစ္စတာ ဝယ်စလီ" ဟယ်ရီက ပြောရင်း ထိုင်ခုံကို တွန်းပြီး မတ်တတ်ရပ်လိုက်တယ်။ ခရွတ်ရှန့်ဟာ သူ့ပေါင်ပေါ်ကနေ ဖျတ်လတ်စွာ ခုန်ဆင်းပြီး အခန်းထဲက ထွက်ပြေးသွားတယ်။

"မင်္ဂလာညပါ၊ ဟယ်ရီ" မစ္စတာ ဝယ်စလီက ပြောတယ်။

မီးဖိုချောင်က ထွက်တော့ မစ္စစ် ဝယ်စလီက အဝတ်ခြင်းထဲက နာရီကြီးကို လှမ်းကြည့်လိုက်တာ ဟယ်ရီ မြင်ရတယ်။ လက်တံအားလုံး အသက်အန္တရာယ်ကို ညွှန်ပြနေပြန်ပြီ။

ဖရက်နဲ့ ဂျော့တို့အခန်းက ဒုတိယထပ်မှာ။ မစ္စစ် ဝယ်စလီဟာ ခုတင်ခေါင်းရင်း ဗီရိုလေးပေါ်က မီးကို မှော်ကြိမ်လုံးနဲ့ ချိန်လိုက်တာနဲ့ မီးလင်းလာတယ်။ အခန်းထဲကို ညင်သာတဲ့ အလင်းရောင်ရစေတယ်။ ပြတင်းပေါက်လေးရှေ့က စားပွဲပေါ်မှာ လတ်ဆတ်တဲ့ ပန်းအိုးပြည့် ပန်းတွေရှိတယ်။ ဒါပေမယ့် ပန်းရနံ့ဟာ အခန်းထဲက အနံ့ကို ဖုံးလွှမ်းမသွားနိုင်ဘူး — ဟယ်ရီက ယမ်းနံ့လို့ ထင်တယ်။ ကြမ်းပေါ် နေရာအတော်များများမှာ ဘာလို့ ရေးမထားတဲ့ အလုံပိတ် စက္ကူသေတ္တာတွေ ပုံထားတယ်။ ဟယ်ရီ ကျောင်းမှာ သုံးမယ့် သေတ္တာလည်း အဲဒီထဲမှာ ရှိတယ်။ ဒီအခန်းဟာ ယာယီသိုလှောင်ခန်းနဲ့ တူနေတယ်။

ဟက်ဒဝစ်ဟာ အဝတ်ဗီရိုကြီးတစ်လုံးပေါ်ကနေ ဟယ်ရီ့ကို ဝမ်းသာစွာ အော်လိုက်တယ်။ ဒီနောက် ပြတင်းအပြင်ကို ပျံသွားတယ်။ ၎င်းဟာ ဟယ်ရီ့ကို တွေ့အောင် စောင့်ပြီးမှ အစာရှာထွက်တယ်ဆိုတာ ဟယ်ရီ သိတယ်။ ဟယ်ရီက မစ္စစ် ဝယ်စလီကို နှုတ်ဆက်ပြီး ညဝတ်အင်္ကျီလဲကာ ခုတင်တစ်လုံးပေါ် တက်လိုက်တယ်။ ခေါင်းအုံးထဲမှာ မာမာတစ်ခုရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ လက်နှိုက်စမ်းတယ်။ ကပ်စေးတဲ့ ခရမ်းရောင်တစ်ပိုင်း လိမ္မော်ရောင်တစ်ပိုင်း သကြားလုံးတစ်လုံး ရတယ်။ သူ မှတ်မိပြီ။ အဲဒါ အော့အန်သကြားလုံး။ သူ တိတ်တိတ်ရယ်တယ်။ တစ်ဖက်လှည့်လိုက်ပြီး ချက်ချင်း အိပ်ပျော်သွားတယ်။

စက္ကန့်အနည်းငယ်ကြာတော့၊ အနည်းဆုံးတော့ ဟယ်ရီက ဒီလို ထင်တယ်၊ အမြောက်သံလို အသံကြောင့် သူ လန့်နိုးသွားတယ်။ အခန်းတံခါး ရုတ်တရက် တွန်းဖွင့်ခံရတယ်။ သူ ဆတ်ခနဲ ထထိုင်တယ်။ ပြတင်းလိုက်ကာ ဆွဲဖွင့်တဲ့ အသံစူးစူးကို ကြားရတယ်။ လင်းလက်တဲ့နေရောင်ကြောင့် သူ မျက်လုံးတွေ စူးနာသွားတယ်။ သူဟာ လက်တစ်ဘက်နဲ့ မျက်လုံးကို ကွယ်ပြီး ကျန်တစ်ဘက်နဲ့ မျက်မှန်ကို စမ်းတယ်။

"ဘယ်လိုဖြစ်တာလဲ"

"မင်းရောက်နေတာ တို့မသိဘူး" အသံတစ်သံက စိတ်လှုပ်ရှားစွာ အကျယ်ကြီး ပြောတယ်။ ဒီနောက် ဟယ်ရီ့ခေါင်းပေါ် တစ်ချက်အရိုက်ခံရတယ်။

"ရွန်၊ သူ့ကို မရိုက်နဲ့" မိန်းကလေးတစ်ယောက်အသံက အပြစ်တင်ပြောတယ်။

ဟယ်ရီ မျက်မှန်စမ်းမိပြီး အမြန်တပ်လိုက်တယ်။ ဒါပေမယ့် အလင်းရောင်က သိပ်အားကောင်းလို့ သူ ဘာမှမမြင်ရဘူး။ ရှည်ရှည်လူရိပ်တစ်ခု သူ့ရှေ့မှာ ခဏလှုပ်နေတယ်။ သူ မျက်တောင်ခတ်လိုက်ပြီးမှ ရွန်-ဝယ်စလီမှန်း သိရတယ်။ ရွန်က သူ့ကို ပြုံးစိစိနဲ့ ငုံ့ကြည့်နေတယ်။

"အားလုံး အဆင်ပြေတယ်နော်"

"ဒီလောက်အဆင်ပြေတာ ဘယ်တုန်းကမှ မရှိဘူး" ဟယ်ရီက ပြောပြီး ထိပ်ကို ပွတ်လိုက်တယ်။ တစ်ခါ ခေါင်းအုံးပေါ် ပြန်လဲကျသွားတယ်။ "မင်းကော"

"မဆိုးဘူး" ရွန်က စက္ကူသေတ္တာတစ်လုံးဆွဲပြီး ထိုင်လိုက်တယ်။ "မင်း ဘယ်အချိန်ရောက်တာလဲ၊ အမေက ခုတင်ပဲ တို့ကို ပြောပြတယ်"

"နံနက်လင်းအားကြီး တစ်ချက်တီးလောက်က"

"အဲဟိုမတ်ဂေါ်တွေ ဘယ်လိုလဲ။ မင်းပေါ် ကောင်းရဲ့လား"

"ခါတိုင်းလိုပါပဲ" ဟယ်ရီက ပြောတယ်။ ဟာမီးက သူ့ခုတင်ဘေးမှာ



ဝင်ထိုင်တယ်။ "သူတို့ ငါနဲ့ သိပ်စကားမပြောဘူး။ ငါက ဒါကို ကြိုက်တယ်။ နင် ဘယ်လိုလဲ၊ ဟာမီး"

"အိုး၊ ငါကောင်းပါတယ်" ဟာမီးက ပြောတယ်။ သူမဟာ ဟယ်ရီ့ကို သေချာအကဲခတ်နေတယ်။ သူ့မှာ တစ်ခုခုဖြစ်နေသလိုပဲ။

ဟာမီး ဘာတွေးနေတယ်ဆိုတာ ဟယ်ရီ သိတယ်။ ဒါပေမယ့် သူ အခု ဆီးရီးအက်စ်ကြယ်သေတဲ့အကြောင်း မပြောချင်ဘူး။ စိတ်မကောင်းစရာ အကြောင်း ဘာမှမပြောချင်ဘူး။ ဒါနဲ့ သူက ပြောတယ်။ "ဘယ်အချိန်ရှိပလဲ။ မင်းတို့ နံနက်စာစောစော စားပြီးပြီထင်တယ်"

"မပူနဲ့၊ အမေ မင်းကို လာပို့မှာ။ သူမက မင်းကြည့်ရတာ အာဟာရ ချို့ယွင်းနေတယ်ထင်တာ" ရွန်က ပြောရင်း မျက်ဖြူလန်ပြတယ်။ "ကောင်းပြီ၊ မြန်မြန်ပြော၊ ဘာတွေဖြစ်ခဲ့သလဲ"

"ဘာမှမဖြစ်ဘူးလေ။ ငါ တစ်လျှောက်လုံး ငါ့အဒေါ်နဲ့ ဦးလေးအိမ်မှာပဲ လှောင်ပိတ်နေရတာ၊ မဟုတ်ဘူးလား"

"တော်စမ်းပါ၊ မင်း ဒမ်ဘယ်လီဒိုးနဲ့ အတူသွားတယ် မဟုတ်လား"

"ဒါလဲ ဘာမှစိတ်လှုပ်ရှားစရာ မရှိဘူး။ သူက ငါ့ကို အနားယူသွားတဲ့ ဆရာဟောင်းကြီးကို ပြန်အလုပ်လုပ်ဖို့ ကူပြောခိုင်းတာပဲ ရှိတယ်။ အဲဒီလူရဲ့နာမည်က ဟိုရေ့စ်-စလပ်ဂ်ဟွန်း"

"အိုး" ရွန်က စိတ်ပျက်ပုံ ဖော်ပြတယ်။ "ငါတို့က ထင်တာ —"

ဟာမီး ရွန့်ကို သတိပေးတဲ့သဘောနဲ့ မျက်စောင်းထိုးလိုက်တယ်။ ရွန်က တစ်မျိုးလှည့်ပြောတယ်။

" — ငါတို့က ဒါပဲဖြစ်မယ်ထင်တာပါ"

"ဟုတ်လား" ဟယ်ရီက ပျော်စရာကောင်းတယ်ထင်တယ်။

"ဟုတ်တယ် . . . . ဟုတ်တယ်၊ အခု အမ်ဘရစ်ဂျ် သွားပြီ။ ငါတို့ရဲ့ မှော်နက်ပညာခုခံကာကွယ်တဲ့အတတ်ဘာသာအတွက် ဆရာသစ်တစ်ယောက် လိုတာ အမှန်ပဲ၊ ဟုတ်လား။ ဒါဆို၊ အဲ၊ သူ ဘယ်လိုပုံပန်းရှိလဲ"

"သူ့ပုံပန်းက အစွယ်ရှိတဲ့ ပင်လယ်ဖျံကြီးနဲ့ နည်းနည်းတူတယ်။ အရင်က စလေးသရင်း ဟောက်စ်က ကျောင်းအုပ်လုပ်ဖူးတယ်" ဟယ်ရီက ပြောတယ်။ "ဘာများဖြစ်လို့လဲ၊ ဟာမီး"

www.burmeseclassic.com

www.burmeseclassic.com



ဟာမီးက သူ့ကို ကြည့်နေတယ်။ သူ အချိန်မရွေး ထူးဆန်းတဲ့ရောဂါလက္ခဏာ ဖော်ပြတော့မှာလိုပဲ။ အခု သူမဟာ မျက်နှာအမူအရာကို အမြန်ပြင်လိုက်ပြီး သဘာဝမကျတဲ့ အပြုံးတစ်ခု ပေါ်လာတယ်။

"ဘာမှမဖြစ်ဘူး၊ လုံးဝမဖြစ်ဘူး။ ဒါဆို၊ အင်း၊ စလပ်ဂ်ဟွန်းကြည့်ရတာ ဆရာကောင်းဖြစ်မလား"

"မသိဘူး" ဟယ်ရီက ပြောတယ်။ "အမ်ဘရစ်ဂျ်ထက်တော့ ဆိုးမယ်မထင်ဘူး"

"လူတစ်ယောက် အမ်ဘရစ်ဂျ်ထက် ဆိုးတာ ငါသိတယ်" တံခါးဝက အသံတစ်သံ ပေါ်လာတယ်။ ရွန့်ညီမလေးဟာ စိတ်ပျက်လက်ပျက်နဲ့ အခန်းထဲဝင်လာတယ်။ ဒေါသထွက်နေပုံရတယ်။ "ဟိုင်း၊ ဟယ်ရီ"

"နင် ဘာဖြစ်တာလဲ" ရွန်က မေးတယ်။

"သူမ" ဂျင်နီက ဟယ်ရီ့ခုတင်ပေါ် ထိုင်ချလိုက်တယ်။ "သူမကြောင့် ငါ ရူးတော့မယ်"

"သူမ ဒီတစ်ခါ ဘာဖြစ်ပြန်ပလဲ" ဟာမီးက စာနာစွာ မေးတယ်။

"သူမ ငါ့ကို စကားပြောပုံက —— ငါ့ကို သုံးနှစ်အရွယ်ကလေးများထင်နေသလား မသိဘူး"

"ငါ သိတယ်" ဟာမီးက အသံနှိမ့်ပြောတယ်။ "သူမစိတ်ထဲမှာ ကိုယ့်အတွက်ပဲ စဉ်းစားတာ"

ဟယ်ရီက ဟာမီး မစ္စစ် ဝယ်စလီကို ဒီလိုပြောဆိုတာ ကြားတော့ သိပ်အံ့အားသင့်သွားတယ်။ ဒါကြောင့် ရွန် စိတ်ဆိုးစွာ ပြောတာကို အပြစ်မတင်ဘူး။ "နင်တို့နှစ်ယောက် ငါးစက္ကန့်လောက် သူမအကြောင်း မပြောလို့ရမလား"

"အိုး၊ မှန်တယ်၊ နင် သူမဘက် လိုက်တယ်" ဂျင်နီက အားမနာဘဲ ပြန်ဝက်တယ်။ "နင် သူ့ကို ကြည့်လို့မဝတာ ငါတို့ သိတယ်"

ရွန့်အမေကို ဒီလိုပြောတာ တစ်မျိုးကြီးပဲ။ ခုမှ ဟယ်ရီဟာ မိမိနားလည်လွဲမှန်း သိတယ်။ ဒါနဲ့ မေးတယ်။ "မင်းတို့ ပြောနေတာက —— "

သူမေးခွန်းမေးလို့ မဆုံးခင်မှာ အဖြေရသွားတယ်။ အိပ်ခန်းတံခါးဒိုင်းခနဲ ဖွင့်ခံရပြန်တယ်။ ဟယ်ရီက အလိုအလျောက် ခုတင်ဖုံးကို မေးစေ့ထိ



ဆွဲတင်လိုက်တယ်။ သူ အားသိပ်များသွားလို့ ဟာမီးနဲ့ ဂျင်နီတို့ ကြမ်းပေါ်လျှောကျသွားတယ်။

မိန်းမပျိုတစ်ယောက် အဝမှာ ရပ်နေတယ်။ သူမဟာ တောက်ပစွာလှတယ်။ အခန်းထဲမှာ ချက်ချင်း အသက်ရှူအောင့်သွားတယ်။ သူမဟာ ကိုယ်လုံးကိုယ်ပေါက် သွယ်ပြီး လှတယ်။ ရွှေရောင်ဆံပင် ချထားတယ်။ တစ်ကိုယ်လုံး ငွေရောင်ရေးရေးလေး ထွက်နေသလိုပဲ။ ပြီးတော့ သူမလက်ထဲမှာ လင်ဗန်းနဲ့ ကြွယ်ဝတဲ့ နံနက်စာစာစာ ပါလာတယ်။ ဒါကြောင့် ရှုခင်းဟာ ပိုပြီးပြည့်စုံလှပသွားတယ်။

"အာရီ" သူမက လေသံအက်အက်နဲ့ ပြောတယ်။ "မတွေ့ရတာကြာပြီ"

သူမဟာ တံခါးအောက်နင်းကို ပေါ့ပါးစွာ ကျော်ပြီး ဟယ်ရီ့ဆီလျှောက်လာတယ်။ ဒီအချိန်ကျမှ သူမနောက်က ကပ်လိုက်လာတဲ့ မစ္စစ် ဝယ်စလီ ပေါ်လာတယ်။ သူမကြည့်ရတာ သိပ်စိတ်ဆိုးနေသလိုပဲ။

"မင်း လင်ဗန်းကို ယူလာစရာ မလိုပါဘူး၊ ငါကိုယ်တိုင် ယူလာမလို့ဟာ"

"ကိစ္စမရှိပါဘူး" ဖလောအာ-ဒယ်လာခေါ်က ပြောရင်း လင်ဗန်းကို ဟယ်ရီ့ပေါင်ပေါ် တင်လိုက်တယ်။ ငုံ့ပြီး သူ့ပါးနှစ်ဘက်ကို တစ်ချက်စီ နမ်းလိုက်တယ်။ သူမနှုတ်ခမ်းနဲ့ ထိတဲ့နေရာတွေ ပူစပ်စပ်ဖြစ်သွားတာ ဟယ်ရီခံစားရတယ်။ "ငါ မင်းကိုတွေ့ဖို့ တစ်လျှောက်လုံး မျှော်လင့်နေတာ။ မင်းငါ့ညီမလေး ဂါဘရီကို မှတ်မိသေးလား။ သူမက အာရီ-ပေါ်တာအကြောင်းချည်း ပြောနေတာ။ သူမ မင်းကို နောက်ထပ်တွေ့ရင် သိပ်ဝမ်းသာမှာပဲ"

"အိုး . . . . သူလဲ ဒီမှာပဲရှိလား" ဟယ်ရီက အသံအအနဲ့ မေးတယ်။

"ဟင့်အင်း၊ ဟင့်အင်း၊ မိုက်တဲ့ကလေး" ဖလောအာဟာ ငွေခေါင်းလောင်းသံလို ရယ်သံတွေ ဆက်ထွက်လာတယ်။ "ငါက နောင်နှစ်နွေကို ပြောတာ၊ ငါတို့ —— မင်း မသိသေးဘူးလား"

သူမရဲ့မျက်လုံးပြာပြာကြီး ပိုဝိုင်းစက်သွားတယ်။ မစ္စစ်ဝယ်စလီကို အပြစ်တင်စွာ ကြည့်နေတယ်။ မစ္စစ် ဝယ်စလီက ပြောတယ်။ "ငါတို့ သူ့ပြောချိန် မရသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဖလောအာက ဟယ်ရီဘက် လှည့်လိုက်တယ်။ ရေတံခွန်လို ငွေရောင်ဆံပင်ကို ခါလိုက်တာ ဆံဖျားက မစ္စစ် ဝယ်စလီပါးကို ခတ်သွားတယ်။

"ဘီးနဲ့ ငါ မင်္ဂလာဆောင်တော့မယ်"

"အိုး" ဟယ်ရီက ကြောင်တောင်တောင်ပြောတယ်။ သူဟာ အလိုအလျောက် မစ္စစ် ဝယ်စလီ၊ ဟာမီးနဲ့ ဂျင်နီတို့ အပြန်အလှန် အကြည့်ချင်းရှောင်နေတာ သတိထားမိတယ်။ "ဝိုး၊ အား . . . . ဂုဏ်ပြုပါတယ်"

သူမက ငုံ့ပြီး သူ့ကို နမ်းလိုက်ပြန်တယ်။

"အခု ဘီးအလုပ်များနေတယ်။ အလုပ်လဲ သိပ်ပင်ပန်းတယ်။ ငါက ဂရင်းဂေါ့စ်မှာ နေ့ဝက်ပဲ အလုပ်တက်ရတယ်။ အင်္ဂလိပ်စကားကျူရှင်ယူတယ်။ ဒါကြောင့် သူက ငါ့ကို ဒီမှာ ရက်အချို့နေဖို့ ခေါ်လာတာ။ သူ့မိသားစုကို ပိုနားလည်စေချင်လို့။ မင်းလာမယ်ကြားတော့ ငါ သိပ်ကိုပျော်တာပဲ — ဒီမှာ ဘာမှသိပ်လုပ်စရာမရှိဘူး။ ဟင်းချက်ဝါသနာပါရင်၊ ကြက်တို နှစ်သက်ရင်တော့ တစ်မျိုးပေါ့။ ကောင်းပြီ — မင်း နံနက်စာစားစာကို ဇိမ်နဲ့စားတော့၊ အာရီ"

ပြောပြီးတာနဲ့ သူမဟာ လှပစွာ ကိုယ်ကို လှည့်လိုက်တယ်။ လေတိုက်သွားသလို အခန်းက ထွက်သွားပြီး တံခါးကို အသာလေး ပိတ်သွားတယ်။

မစ္စစ် ဝယ်စလီ အသံတစ်သံ ထွက်လာတယ်။ 'သွား' လို့ ပြောတာနဲ့ တူတယ်။

"အမေက သူမကို မုန်းတယ်" ဂျင်နီက တိုးတိုးပြောတယ်။

"ငါ သူမကို မမုန်းဘူး" မစ္စစ် ဝယ်စလီက စိတ်ဆိုးစွာနဲ့ အသံနှိမ့်ပြောတယ်။ "ငါက သူတို့စေ့စပ်ကြောင်းလမ်းတာ သိပ်လောသွားတယ်ထင်တာ၊ ဒါပဲ"

"သူတို့သိတာ တစ်နှစ်ရှိပြီ" ရွန်က ပြောတယ်။ သူ့ကြည့်ရတာ တွေဝေနေပြီး ပိတ်သွားတဲ့တံခါးကို ငိုင်ကြည့်နေတယ်။

"ဟုတ်တယ်၊ အဲဒါ ဘယ်လောက်မှမကြာဘူး။ အမှန်ပဲ၊ ဘာကြောင့် ဒီလိုဖြစ်တယ်ဆိုတာ ငါလဲ နားလည်ပါတယ်။ ဟိုလူ ပြန်လာလို့ အားလုံး ထိတ်လန့်နေကြတယ်။ နေ့လား ညလားနဲ့ စိုးရိမ်ကြောင့်ကြတဲ့ ခံစားချက်နဲ့မို့ အစက အချိန်ယူပြီး သေချာစဉ်းစားရမယ့်ကိစ္စကို အားလုံး ကမန်းကတန်း



ဆုံးဖြတ်ကြတယ်။ အရင်တစ်ခါ ဟိုလူ အားသာချိန်မှာလဲ ဒီအတိုင်းပဲ၊ နေရာတကာမှာ ခိုးပြေး လိုက်ပြေးတာတွေ ရှိတယ် —"

"အမေနဲ့ အဖေအပါအဝင်" ဂျင်နီက ပြောင်ချော်ချော်ပြောတယ်။

"ဟုတ်တယ်၊ မှန်တယ်၊ ဒါပေမယ့် မင်းတို့အဖေနဲ့ ငါက အလွန်လိုက်တယ်။ ဒါ ဘာစောင့်နေစရာလိုသေးလဲ" မစ္စစ် ဝယ်စလီက ပြောတယ်။ "ဒါပေမယ့် ဘီးနဲ့ ဖလောအာ . . . . ကောင်းပြီ . . . . သူတို့မှာ ဘာများတူညီတာ ရှိလို့လဲ။ ဘီးက ကြိုးစားပြီး ဆုပ်ဆုပ်ကိုင်ကိုင် အလုပ်လုပ်တဲ့လူ။ ဖလောအာကတော့ —"

"မိန်းမပျင်း" ဂျင်နီက ခေါင်းညိတ်ပြီး လုပြောတယ်။ "ဒါပေမယ့် ဘီးကလဲ ဒီလောက်တော့ ဆုပ်ဆုပ်ကိုင်ကိုင် မဟုတ်ပါဘူး။ သူက ကျိန်စာဖြေတဲ့လူ၊ ဟုတ်လား။ သူက စွန့်စားတာလဲ ဝါသနာပါတယ်၊ ထူးချွန်ချင်တယ် . . . . ဒါကြောင့် သူက ချွဲသလိပ်ကို ကြိုက်တာ"

"သူမကို ဒီလိုမခေါ်နဲ့၊ ဂျင်နီ" မစ္စစ် ဝယ်စလီက တင်းမာစွာ ပြောတယ်။ ဟယ်ရီနဲ့ ဟာမီးကတော့ ရယ်သံတောင် ထွက်လာတယ်။ "ကောင်းပြီ၊ ငါလဲ မြန်မြန် . . . . ကြက်ဥကို ပူတုန်းစားလိုက်၊ ဟယ်ရီ"

သူမဟာ ပြောပြီးတာနဲ့ အခန်းက ထွက်သွားတယ်။ သူမကြည့်ရတာ သောကတွေ များနေသလိုပဲ။ ရွန်ဟာ ခုထိလည်း အာရုံတွေဝေနေသလိုပဲ။ သူက စမ်းပြီး ခေါင်းခါလိုက်တယ်။ နားရွက်ပေါ်က ရေပေါက်တွေကို ခါပစ်သလိုပဲ။

"သူမနဲ့ မင်းနဲ့ တစ်အိမ်တည်းနေတာ၊ မင်း သူမကို အကျင့်မရသေးဘူးလား" ဟယ်ရီက မေးတယ်။

"အင်း၊ ရတော့ရတယ်" ရွန်က ပြောတယ်။ "ဒါပေမယ့် မင်း သတိမထားတဲ့အချိန်မှာ ရုတ်တရက်ပေါ်လာရင်၊ ခုနကလို . . . ."

"ကောင်းတယ်" ဟာမီးက ဒေါသနဲ့ ပြောတယ်။ သူမဟာ ရွန့်နားက ခြေလှမ်းကျဲကျဲနဲ့ ထွက်သွားပြီး အခန်းတစ်ဘက် နံရံဘေးရောက်မှ လှည့်ပြီး သူ့ကို လက်ပိုက်ကြည့်နေတယ်။

"နင် သူ့ကို ဒီမှာအမြဲမနေစေချင်ပါဘူးနော်" ဂျင်နီက ရွန့်ကို မယုံနိုင်ဘဲ မေးတယ်။ ရွန် ပခုံးတွန့်ပြတာမြင်တော့ သူမက ပြောပြန်တယ်။ "ဟေး၊ အမေက ဒီကိစ္စကို တားမှာ။ ယုံချင်ယုံ မယုံချင်နေ"

www.burmeseclassic.com

www.burmeseclassic.com



"သူမ ဘယ်လိုလုပ်လို့ရမှာလဲ" ဟယ်ရီက မေးတယ်။

"သူမက တန့်ခ်စ်ကို ခဏခဏ ထမင်းဖိတ်ကျွေးတယ်။ သူမက ဘီး တန့်ခ်စ်ကို ကြိုက်သွားစေချင်တာလို့ ငါထင်တယ်။ ငါလဲ ဒီလိုဖြစ်စေချင်တယ်။ ငါက တန့်ခ်စ် ငါတို့မိသားစုဝင် ဖြစ်စေချင်သေးတယ်"

"ဟုတ်တယ်၊ ဖြစ်လိမ့်မယ် စောင့်နေ" ရွန်က သရော်ပြောတယ်။ "နားထောင်၊ ဖလောအာရှိနေရင်၊ ပုံမှန်ရှိတဲ့လူ ဘယ်သူကမှ တန့်ခ်စ်ကို ကြိုက်မှာ မဟုတ်ဘူး။ ငါဆိုလိုတာက၊ တကယ်လို့ တန့်ခ်စ်ဟာ မိမိရဲ့ ဆံပင်နဲ့ နှာခေါင်းကို ဖြစ်သလိုလုပ်မထားရင်၊ သူမပုံပန်းက အရုပ်မဆိုးပါဘူး၊ ဒါပေမယ့် —"

"သူမက ချွဲသလိပ်ထက် အများကြီး ကြည့်ကောင်းတယ်" ဂျင်နီက ပြောတယ်။

"ပြီးတော့ သူမက ပိုပြီး ဉာဏ်ပညာရှိတယ်။ သူမက အောရာ" ဟာမီးက နံရံဘေးကနေ ပြောတယ်။

"ဖလောအာလဲ မအပါဘူး။ သူမ သိပ်ထူးချွန်ပါတယ်။ ဗိုလ်သုံးဗိုလ် ယှဉ်ပြိုင်ပွဲတောင် ပါတယ်" ဟယ်ရီက ပြောတယ်။

"နင်လဲ ဒီလိုဆိုတာ မထင်မိဘူး" ဟာမီးက စူးစူးပြောတယ်။

"နင်က ချွဲသလိပ်က နင့်ကို အာရီလို့ခေါ်တဲ့အသံကို ကြိုက်လို့ ထင်တယ်၊ ဟုတ်လား" ဂျင်နီက အထင်သေးစွာ ပြောတယ်။

"မဟုတ်ဘူး" ဟယ်ရီက မိမိစကားမပြောသင့်ဘူးလို့ နောင်တရ တယ်။ "ငါပြောတာက၊ ချွဲသလိပ် — ငါက ဖလောအာ —"

"ငါက တန့်ခ်စ်ကို ငါတို့အိမ် လာစေချင်သေးတယ်" ဂျင်နီက ပြော တယ်။ "သူမဟာ အနည်းဆုံး ပျော်အောင်လုပ်တတ်သေးတယ်"

"သူမ ခုတလော ပျော်အောင်သိပ်မလုပ်တော့ဘူး" ရွန်က ပြောတယ်။ "ငါ သူမကို မြင်တိုင်း၊ ငိုကြွေးတဲ့ မားထော်နဲ့ ပိုတူနေတယ်လို့ ထင်တယ်"

"ဒီလိုပြောတာ မတရားဘူး" ဟာမီးက မာမာပြောတယ်။ "သူမဟာ အဲဒီတိုက်ခိုက်မှုထဲကနေ ကျော်မထွက်နိုင်သေးဘူး . . . . နင် သိပါတယ် . . . . ငါပြောချင်တာက၊ သူက သူမဆွေမျိုးပဲဟာ"

ဟယ်ရီ့ရင် လေးသွားတယ်။ သူတို့ ဆီးရီးအက်စ်ကြယ်အကြောင်း ရောက်လာပြီ။ သူ ခက်ရင်းကို ကိုင်ပြီး ကြက်ဥကြော်ကို အငမ်းမရ စားတယ်။ ဒီစကားထဲကို သူ့ကို ဝင်ပြောဖို့ မခေါ်စေချင်ဘူး။



တန့်ခ်စ်နဲ့ ဆီးရီးအက်စ်ကြယ်တို့ သိတယ်လို့တောင် ပြောလို့မရဘူး" ရွန်က ပြောတယ်။ "တန့်ခ်စ် မွေးပြီး အချိန်တစ်ဝက်လောက်မှာ ဆီးရီးအက်စ် ကြယ် အက်ဇခါဘန်မှာ နေရတယ်။ ပြီးတော့ ဒီအရင်က သူတို့နှစ်အိမ်ထောင် မတွေ့ဆုံဖူးဘူး —"

"ပြဿနာက ဒီမှာမဟုတ်ဘူး" ဟာမီးက ပြောတယ်။ "တန့်ခ်စ်ဟာ ဆီးရီးအက်စ်ကြယ်သေတာ သူ့ကြောင့်လို့ ထင်နေတာ"

"သူမက ဘာဖြစ်လို့ ဒီလိုကောက်ချက်ချရတာလဲ" ဟယ်ရီက မအောင့်နိုင်ဘဲ မေးတယ်။

"ဒီလို၊ ထိုစဉ်က သူမနဲ့ ဘဲလက်ထရစ်-လက်စထရိန်းနဲ့ တိုက်နေ တာ၊ ဟုတ်တယ်နော်။ တကယ်လို့ သူမက ဘဲလက်ထရစ်ကို သတ်နိုင်ရင်၊ ဘဲလက်ထရစ်က ဆီးရီးအက်စ်ကြယ်ကို မသတ်နိုင်တော့ဘူးလို့ သူမက ထင်ပုံ ရတယ်"

"ဒါ သိပ်ကိုအဓိပ္ပာယ်မရှိတာ" ရွန်က ပြောတယ်။

"အဲဒါက ကျန်ရစ်သူရဲ့ အပြစ်ရှိတဲ့ ခံစားချက်" ဟာမီးက ပြောတယ်။ "လူပင်က သူမကို နားချဖို့လုပ်တာ ငါသိတယ်။ ဒါပေမယ့် သူမက စိတ်ဓာတ် ကျနေတုန်းပဲ။ သူမ အခု ရုပ်ရည်ပြောင်းတဲ့ပညာကိုတောင် လိုသလို မလုပ် နိုင်တော့ဘူး"

"သူမရဲ့ ဘာ ?"

"သူမ အရင်ကလို သူမရုပ်ရည်ကို ပြောင်းလဲလို့မရတော့ဘူး" ဟာမီး က ရှင်းပြတယ်။ "လန့်သွားလို့ဘာလို့ ဖြစ်မယ်ထင်တယ်၊ သူမ ပညာလျော့ သွားတာ"

"ဒါမျိုး ရှိမယ်တောင် မထင်ဘူး" ဟယ်ရီက ပြောတယ်။

"ငါလဲ မထင်ဘူး" ဟာမီးက ပြောတယ်။ "ဒါပေမယ့် ငါမှန်းကြည့် တယ်၊ တကယ်လို့ စိတ်အခြေအနေ သိပ်ဆိုးရင် . . . ."

တံခါးတွန်းဖွင့်ခံရပြန်တယ်။ မစ္စစ်ဝယ်စလီ ခေါင်းပြူဝင်လာတယ်။

"ဂျင်နီ" သူမက တိုးတိုးပြောတယ်။ "အောက်ဆင်းပြီး နေ့လယ်စာ သာကူချက်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အများနဲ့ စကားပြောနေတယ်" ဂျင်နီက စိတ်ဆိုးစွာ ပြောတယ်။

"မြန်မြန်လာ" မစ္စစ် ဝယ်စလီက ပြောပြီးတာနဲ့ တံခါးပိတ်သွားတယ်။

"သူမက ချွဲသလိပ်နဲ့ အတူမနေချင်လို့ပါ။ ဒါကြောင့် ငါ့ကို ခေါ်တာ" ဂျင်နီက စိတ်ဆိုးစွာ ပြောတယ်။ သူမဟာ ဆံပင်ရှည်ရှည်နီနီကို နောက်သို့ ခါလိုက်တယ်။ အဲဒီပုံပန်းက ဖလောအာလိုပဲ။ ဒီနောက် ဘဲလေးကချေသည်လို လက်နှစ်ဘက်ကို မြှောက်ပြီး အခန်းထဲက လွင့်ထွက်သွားတယ်။

"နင်တို့ အားလုံး မြန်မြန်ဆင်းခဲ့ရင် ကောင်းမယ်" အဝရောက်တော့ ပြောသွားသေးတယ်။

ဟယ်ရီက ခဏတာငြိမ်သက်ခြင်းကို အခွင့်ယူပြီး သူ့နံနက်စာကို အမြန်စားတယ်။ ဟာမီးက ဖရက်နဲ့ ဂျော့ရဲ့သေတ္တာတွေကို စစ်ဆေးကြည့်နေတယ်။ တစ်ခါတလေလည်း ဟယ်ရီ့ဘက် လှမ်းကြည့်တယ်။ ရွန်က ဟယ်ရီ့ ပေါင်မုန့်ကို စားရင်း တံခါးဝဆီကို စိတ်လွင့်စွာနဲ့ ငေးကြည့်နေတုန်းပဲ။

"ဒါ ဘာလဲ" ဟာမီးက အဝေးကြည့်မှန်ပြောင်းနဲ့တူတဲ့ အရာတစ်ခုကို မြှောက်ပြမေးတယ်။

"မသိဘူး" ရွန်က ပြောတယ်။ "ဒါပေမယ့် ဖရက်နဲ့ ဂျော့က ဒီမှာ ထားခဲ့တယ်ဆိုရင်၊ ရယ်စရာကုန်ဆိုင်မှာ တင်ရောင်းလို့ မရသေးဘူးထင်တယ်။ နင် သတိတော့ထား"

"မင်းအမေက ဆိုင်ကလေးအရောင်းအဝယ် မဆိုးဘူး ပြောတယ်" ဟယ်ရီက ပြောတယ်။ "ဖရက်နဲ့ ဂျော့တို့ စီးပွားရေးခေါင်းရှိတယ်လို့လဲ ပြောသေးတယ်"

"ဒီလိုပြောတာ သိပ်ကိုလျှော့ပေါ့ပြောတာ" ရွန်က ပြောတယ်။ "သူတို့ အခုငွေကို အထပ်လိုက်ရတာ။ ငါ အဲဒီနေရာကို သွားကြည့်ချင်လိုက်တာ။ ငါတို့ ထောင့်ဖြတ်လမ်းကို မသွားရသေးဘူး။ အမေက ပြောတယ် လုံခြုံရေးအတွက် အဖေလဲ လိုက်ရမယ်တဲ့။ ဒါပေမယ့် အဖေ အခု အလုပ်သိပ်များနေတယ်။ ဒါပေမယ့် ဒီအစီအစဉ်က သိပ်ကောင်းသလိုပဲ"

"ဖတ်စီ ဘယ်လိုလဲ" ဟယ်ရီက မေးတယ်။ ဝယ်စလီမိသားစုက ဒီတတိယသားဟာ အိမ်သားတွေနဲ့ မတည့်ဖြစ်ခဲ့တယ်။ "သူ မင်းအဖေအမေနဲ့ စကားပြောပြီးလား"



"ဟင့်အင်း" ရွန်က ပြောတယ်။

"ဒါပေမယ့် သူ အခု မင်းအဖေက ဗိုလ်ဒီမွန်နဲ့ ပြန်လာမယ်လို့ ပြောတာ မှန်နေတာ တွေ့ပြီလေ —"

"ဒမ်ဘလီဒိုးက ပြောတယ်။ လူတွေဟာ သူများအမှားကို ခွင့်လွှတ်ဖို့ ဝန်မလေးဘူး၊ ဒါပေမယ့် သူများမှန်နေတာကို ခွင့်လွှတ်ဖို့ ခက်တယ်လို့ ပြောတယ်" ဟာမီးက ပြောတယ်။ "သူ နင့်အမေကို ပြောနေတာ ငါကြားတယ်၊ ရွန်"

"ဒါကိုကြားရတာ ဒမ်ဘလီဒိုးရဲ့ ပြောင်မြောက်တဲ့စကားနဲ့ တူတယ်" ရွန်က ပြောတယ်။

"သူ ဒီနှစ် ငါ့ကို သီးသန့်သင်မယ်" ဟယ်ရီက စကားစလိုက်တယ်။

ရွန်ဟာ ပါးစပ်ထဲက ပေါင်မုန့်နဲ့ နင်သွားတယ်။ ဟာမီးက အံ့ဩလို့ အသက်ရှူအောင့်သွားတယ်။

"မင်း ငါတို့ကို ဖုံးထားတယ် ! " ရွန်က ပြောတယ်။

"ငါ ခုမှတွေးမိတာ" ဟယ်ရီက အမှန်အတိုင်း ပြောတယ်။ "သူ ညက မင်းတို့ တံမြက်စည်းတဲထဲမှာ ငါ့ကို ပြောပြတာ"

"ဘုရားသခင် . . . . ဒမ်ဘလီဒိုးက မင်းကို သီးသန့်သင်ကြားမယ်!" ရွန်က အလွန်လေးစားတဲ့ပုံနဲ့ ပြောတယ်။ "သူ ဘာကြောင့်များ —"

ရွန့်အသံ နိမ့်သွားတယ်။ သူနဲ့ ဟာမီး အကြည့်ချင်း ဖလှယ်လိုက်တာ ဟယ်ရီ မြင်ရတယ်။ ဟယ်ရီ ဓားနဲ့၊ ခက်ရင်း ချထားလိုက်တယ်။ ရင်ခုန်မြန်လာတယ်။ အခု သူဟာ ခုတင်ပေါ် ထိုင်နေပြီး ဘာမှလဲ မလုပ်ဘူး။ ဒမ်ဘလီဒိုးက သူတို့ကို ပြောပြလို့ ရတယ်လို့ ပြောတယ် . . . . ဘာဖြစ်လို့ အခု မပြောတာလဲ။ သူ ခက်ရင်းကို ကြည့်နေတယ်။ နေရောင် သူ့ပေါင်ပေါ် ကျနေတယ်၊ ခက်ရင်းလက်နေတယ်။ သူက ပြောတယ်။ "သူ ဘာဖြစ်လို့ ငါ့ကို သီးသန့်သင်ပေးမယ်ဆိုတာ ငါ မသိဘူး။ ဒါပေမယ့် အဲဟို ကြိုဟောဖန်လုံးကြောင့်လို့ ငါ ထင်တယ်"

ရွန်နဲ့ ဟာမီး စကားမပြောဘူး။ သူတို့ လန့်ပြီး ငိုင်နေတာ ဟယ်ရီ သိတယ်။ သူက ခက်ရင်းကို ကြည့်ရင်း ဆက်ပြောတယ်။ "မင်းတို့ သိတယ်၊ သူတို့ မှော်ဝန်ကြီးဌာနက ခိုးယူချင်တဲ့ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဘယ်သူမှ အဲ့ဒါ ဘာပြောလဲဆိုတာ မသိဘူး" ဟာမီးက ချက်ချင်းပြောတယ်။ "ငင်း ကွဲသွားပြီ"

"ဒါပေမယ့် 'ကြိုဟောဆရာများနေ့စဉ်' က ပြောတယ် ——" ရွှန် စကားမဆုံးခင် ဟာမီးက သူ့ကို တားလိုက်တယ်။ "ရှူး"

" 'ကြိုဟောဆရာများနေ့စဉ်' က ပြောတာ မှန်တယ်" ဟယ်ရီက ပြောရင်း သူတို့ကို ကြိုးစားပြီး မော့ကြည့်တယ်။ ဟာမီးက သိပ်ထိတ်လန့်နေသလိုပဲ။ ရွှန်ကတော့ အံ့အားသင့်နေပုံပေါက်တယ်။ "အဲဒီကွဲသွားတဲ့ ကြိုဟောဖန်လုံးဟာ ဟောစကားကို မှတ်တမ်းတင်တဲ့ တစ်ခုတည်းသောအရာ မဟုတ်ဘူး။ ငါ ဒမ်ဘယ်လီဒိုးရုံးခန်းထဲမှာ ဖြစ်ပျက်တဲ့အကြောင်းအားလုံးကို ကြားသိရပြီ။ အဲဒီကြိုဟောစကားက သူ့ကို ပြောပြတာ။ ဒါကြောင့် သူက ငါ့ကို ပြောပြနိုင်တာပေါ့။ အဲဒီကြိုဟောစကားအရ ပြောရရင်" ဟယ်ရီက အသက်ပြင်းပြင်း ရှူလိုက်တယ်။ "ဗိုလ်ဒီမွန့်ကို သတ်မယ့်လူက ငါလိုဖြစ်နေတယ် .... အနည်းဆုံးတော့ ငင်းက သူတို့နှစ်ယောက် တစ်ပြိုင်နက် အသက်ရှင်မနေနိုင်ဘူးလို့ ပြောတယ်"

သုံးယောက်သား ကြောင်ကြည့်နေကြတယ်။ ရုတ်တရက်၊ ဗိုင်းဆိုတဲ့အသံကြီး ပေါ်ထွက်လာပြီး ဟာမီးဟာ မီးခိုးမည်းမည်းတွေနောက်မှာ ပျောက်သွားတယ်။

"ဟာမီး" ဟယ်ရီနဲ့ ရွှန်တို့ တစ်ပြိုင်နက် ထအော်တယ်။ နံနက်စာစားစားပွဲ ကြမ်းပေါ် ဂွမ်ခနဲ ကျသွားတယ်။

ဟာမီး မီးခိုးမည်းမည်းထဲက ပေါ်လာတယ်။ အဆက်မပြတ် ချောင်းဆိုးနေတယ်။ လက်ထဲမှာ အဝေးကြည့်မှန်ပြောင်းကို ကိုင်ထားဆဲပဲ။ မျက်လုံးတစ်ဘက် ညိုမည်းနေတယ်။

"ငါ ညှစ်လိုက်တာနဲ့၊ ငင်းက —— ငင်းက ငါ့ကို တစ်ချက်တွယ်လိုက်တယ်" သူမက အသက်ပြင်းပြင်းရှူရင်း ပြောတယ်။

တကယ်ပဲ၊ သူတို့လဲ ခုမှ မှန်ပြောင်းထိပ်မှာ စပရိန်ရှည်ရှည်တစ်ချောင်း ထွက်လာတာ တွေ့ရတယ်။ စပရိန်ထိပ်မှာ လက်သီးသေးသေးတစ်လုံးရှိတယ်။

"မစိုးရိမ်နဲ့" ရွှန်က ပြောတယ်။ သူဟာ မရယ်မိအောင် မနည်းထိန်း



နေတယ်။ "အမေက နင့်ကို ကုပေးမှာပါ။ သူမ ဒဏ်ရာအသေးအဖွဲကုတာ သိပ်ပိုင်တယ် ——"

"အိုး၊ ကိစ္စမရှိဘူး၊ အခု အဲဒါအသာထားလိုက်" ဟာမီးက အမြန်ပြောတယ်။ "ဟယ်ရီ၊ အိုး၊ ဟယ်ရီ ...."

သူမဟာ ဟယ်ရီ့ခုတင်အစွန်း ဝင်ထိုင်ပြန်တယ်။

"မှော်ဝန်ကြီးဌာနက ပြန်လာပြီးကတည်းက၊ ငါတို့ စိတ်ထဲ တွေးနေတယ် .... အင်း၊ ငါတို့ နင့်ကို ဘာမှမပြောချင်ဘူး။ ဒါပေမယ့် လူးရှပ်စ်-မော်ဖိုင်ပြောတဲ့ ကြိုဟောစကား၊ နင်နဲ့ ဗိုလ်ဒီမွန့်အကြောင်း စကားကြားပြီးနောက်၊ အင်း၊ ငါတို့ ဒီလိုဖြစ်လိမ့်မယ်လို့ ခန့်မှန်းတယ် .... အိုး၊ ဟယ်ရီ ...." သူမက သူ့ကို ကြည့်နေတယ်။ တစ်ခါ အသံနိမ့်နိမ့်ပြောတယ်။ "နင်ကြောက်လား"

"ထိုအချိန်ကလောက် မကြောက်တော့ဘူး" ဟယ်ရီက ပြောတယ်။ "ငါ ပထမဆုံးကြားရတုန်းက၊ တကယ်ပဲ .... ဒါပေမယ့် အခု၊ ငါ နောက်ဆုံးမှာ သူနဲ့ ရင်ဆိုင်ယှဉ်ပြိုင်ရမယ်ဆိုတာ အစောကြီးကတည်းက သိနေသလို ခံစားရတယ် ...."

"ဒမ်ဘယ်လီဒိုးက နင့်ကို ကိုယ်တိုင်သွားခေါ်မယ်ဆိုတာ ကြားတော့ သူ နင့်ကို ကြိုဟောစကားနဲ့ ပတ်သက်တာတစ်ခုခု နင့်ကို ပြောမယ် ဒါမှမဟုတ် ပြမယ်လို့ ငါတို့က ခန့်မှန်းထားတယ်" ရွှန်က လောလောပြောတယ်။ "ငါတို့ ခန့်မှန်းမမှားဘူး မဟုတ်လား။ တကယ်လို့ သူက မင်း မုချသေဖို့ အကြောင်းရှိတယ်ဆိုရင် မင်းကို သီးသန့်သင်မှာ မဟုတ်ဘူး။ သူ့အချိန်ကို ဖြုန်းမှာ မဟုတ်ဘူး —— မင်းနိုင်ဖို့ အလားအလာရှိတယ်လို့ သူထင်တာ သေချာတယ်"

"ဟုတ်တယ်" ဟာမီးက ပြောတယ်။ "သူ နင့်ကို ဘာသင်ပေးမလဲ မသိဘူး၊ ဟယ်ရီ။ အလွန့်အလွန် ရှေ့တန်းရောက်တဲ့ ခုခံကာကွယ်တဲ့ မှော်ပညာဖြစ်မယ် .... အထူးစွမ်းတဲ့ ကျိန်စာတန်ပြန်ဂါထာ .... ဆိုးဝါးဆန့်ကျင်ဂါထာ ...."

ဟယ်ရီက သေချာနားမထောင်ဘူး။ သူ့တစ်ကိုယ်လုံး နွေးထွေးနေသလို ခံစားရတယ်။ ပြီးတော့လည်း ဒီအနွေးဓာတ်ဟာ နေရောင်နဲ့ ဘာမှမဆိုင်ဘူး။ သူ့ရင်ဝမှာ ဆို့နေတဲ့ အရာဟာ တဖြည်းဖြည်း ပျော်ကျသွားသလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရွှန်နဲ့ ဟာမီးတို့ဟာ သူတို့ရင်ထဲက ထိတ်လန့်မှုကို အကုန်ဖွင့်မထုတ်ဘူးဆိုတာ သူ သိတယ်။ ဒါပေမယ့် သူတို့ဟာ သူနဲ့အတူ ရပ်တည်နေတာ။ နှစ်သိမ့်တဲ့စကား၊ အားပေးတဲ့စကားတွေ ပြောတယ်။ ပြီးတော့ သူ့ကို လူတစ်မျိုး ဒါမှမဟုတ် အန္တရာယ်ရှိသူလို့ သဘောထားပြီး ဝေးဝေးရှောင်မသွားတာ မြင်ရတော့ ဒီတန်ဖိုးဟာ စကားနဲ့ သူတို့ကို ပြောပြလို့မရတဲ့ တန်ဖိုးလို့ သူ ထင်တယ်။

" . . . . ပြီးတော့ တခြားနက်ရှိုင်းတဲ့ မှော်ပညာရှိသေးတယ်။ ဟာမီး ပြောပြီးသွားပြီ။ "ကောင်းပြီ၊ နင် ဒီနှစ်ယူရမယ့်ဘာသာတစ်ခုတော့ သိရပြီပေါ့။ ရွှန်နဲ့ ငါတို့ထက် တစ်ဘာသာ ပိုတယ်။ ငါတို့ရဲ့ OWL အမှတ်စာရင်း ဘယ်တော့ပို့လာမလဲ မသိဘူး"

"သိပ်မကြာတော့ဘူးထင်တယ်၊ တစ်လတောင် ရှိပြီ" ရွှန်က ပြောတယ်။

"ခဏနေဦး" ဟယ်ရီက မနေ့ညကအကြောင်း ရုတ်တရက် သတိရတယ်၊ ဒါနဲ့ ပြောတယ်။ "ဒမ်ဘာလီဒိုးက ငါတို့ OWL အောင်စာရင်း ဒီနေ့ ရောက်မယ်လို့ ပြောသလိုပဲ"

"ဒီနေ့ ?" ဟာမီးက ထအော်တယ်။ "ဒီနေ့ ? ဒါဆို နင် ဘာဖြစ်လို့ စောစောမပြောတာလဲ —— အိုး၊ ဘုရား၊ ဘုရား —— နင် စောစောပြောသင့်တယ် —— "

သူမ ခုန်ထလိုက်တယ်။

"ဇီးကွက်ပျံလာသလားလို့ ငါ သွားကြည့်မယ် . . . . "

ဒါပေမယ့် ဆယ်မိနစ်ကြာတော့၊ ဟယ်ရီ ဝတ်စားပြီး လင်ဗန်းအလွတ်ကို ကိုင်ကာ လှေကားက ဆင်းလာတော့၊ ဟာမီးဟာ မတည်မငြိမ်နဲ့ စားပွဲမှာ ထိုင်နေပြီး၊ မစ္စစ် ဝယ်စလီက သူမကို ကူသဖို့ ကြိုးစားနေတာ တွေ့ရတယ်။ သူမရဲ့မျက်လုံးကို ပန်းဒါမျက်လုံးနဲ့ မတူအောင် လုပ်နေတယ်။

"ငုင်းက အလျှော့မပေးဘူး" မစ္စစ် ဝယ်စလီက စိတ်ညစ်စွာ ပြောတယ်။ သူမက ဟာမီးရှေ့မှာ ရပ်နေတယ်။ လက်တစ်ဘက်က မှော်ကြိမ်လုံး ထိုင်ပြီး လက်တစ်ဘက်က 'ဒဏ်ရာကုလမ်းညွှန်' ကို ကိုင်ထားတယ်။ "ထိခိုက်ခြင်း၊ ထွဲ့ရှခြင်း၊ ပွတ်တိုက်ခြင်း" ဆိုတဲ့ စာမျက်နှာကို လှန်ထားတယ်။ "အရင်က ရတယ်၊ ငါလဲ နားမလည်တော့ဘူး"



"ဒါပဲလေ ဒါက ဖရက်နဲ့ ဂျော့တို့ရဲ့ ကျီစားဖို့ လုပ်တဲ့အကြံ၊ အရောင်မပြောင်အောင် လုပ်ထားတာ" ဂျင်နီက ပြောတယ်။

"ဘယ့်နှယ်အရောင်မပြောင်ရတာလဲ" ဟာမီးက ထအော်တယ်။ "ကျွန်မ ဒီပုံနဲ့ လူထဲဝင်လို့ မရတော့ဘူး"

"မဖြစ်ပါဘူး၊ အချစ်လေး၊ ဖြေဆေးတွေ့မှာပါ၊ မပူပါနဲ့" မစ္စစ်ဝယ်စလီက နှစ်သိမ့်ပြောတယ်။

"ဘီးက ကျွန်မကို ပြောပြတယ်၊ ဖရက်နဲ့ ဂျော့က သိပ်ပျော်စရာကောင်းတယ်တဲ့" ဖလောအာက လှပစွာပြုံးပြီး ပြောတယ်။

"ဟုတ်တယ်၊ ကျွန်မ ရယ်ရတာ အသက်တောင် မရှူနိုင်တော့ဘူး" ဟာမီးက စိတ်ပေါက်ပေါက်နဲ့ ပြောတယ်။

သူမဟာ ခုန်ထပြီး မီးဖိုထဲမှာ ပတ်လျှောက်နေတယ်။ လက်နှစ်ဘက် အချင်းချင်း လိမ်နေတယ်။

"မစ္စစ် ဝယ်စလီ၊ ဒီနေ့နံနက် ဇီးကွက်ပျံမလာဘူးဆိုတာ ရှင် တကယ်သေချာလား"

"ဟုတ်တယ်၊ အချစ်လေး၊ လာရင် ငါ သတိပြုမိမှာပါ" မစ္စစ် ဝယ်စလီက စိတ်ရှည်စွာ ပြောတယ်။ "အခု ကိုးနာရီတောင် မထိုးသေးဘူး၊ အချိန်တွေ အများကြီးရှိသေးတယ် . . . . "

ကျွန်မ ရှေးမှော်စာ မဖြေနိုင်ဘူးဆိုတာ သိတယ်" ဟာမီးက စိတ်ရှုပ်စွာ ပွစိပွစိ ပြောတယ်။ "အနည်းဆုံး တစ်နေရာမှာ လုံးဝဘာသာပြန်မှားသွားတယ်။ ပြီးတော့ မှော်နက်ပညာခုခံကာကွယ်တဲ့အတတ်ရဲ့လက်တွေ့၊ ဒါလဲ ရစရာမရှိဘူး။ ထိုစဉ်က ရုပ်ပြောင်းပညာ ဖြေတာ မဆိုးဘူးလို့ထင်တယ်။ ဒါပေမယ့် အခု ပြန်တွေးကြည့်တော့ —— "

"ဟာမီး၊ နင် ပါးစပ်ပိတ်ထားလို့ ရမလား။ နင်တစ်ယောက်တည်း စိတ်လှုပ်ရှားနေတာ မဟုတ်ဘူး" ရွှန်က အော်ဟောက်တယ်။ "OWLs 'ထူးချွန်' ဆယ့်တစ်ခု ရတော့မှ . . . . "

"ဟင့်အင်း၊ ဟင့်အင်း၊ မပြောနဲ့တော့" ဟာမီးက စိတ်မထိန်းနိုင်တဲ့ လက်ခုပ်တီးပြီး ပြောတယ်။ "ငါ ဘာသာတိုင်းကျမှာ ငါ သိတယ်"

"တကယ်လို့ မအောင်ရင် ဘယ်လိုလုပ်မလဲ" ဟယ်ရီက အများကို မေးတယ်၊ ဒါပေမယ့် ဟာမီးကပဲ လုဖြေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောက်စ်ကျောင်းအုပ်နဲ့ ဘာဘာသာရပ် ယူရမယ်ဆိုတာ ဆွေးနွေး၊ ငါ လွန်ခဲ့တဲ့ ကျောင်းပတ်ကုန်ဆုံးတုန်းက ပါမောက္ခ မက်ဂေါ်နာဂေါ်ကို မေးပြီးပြီ"

ဟယ်ရီ့အစာအိမ်ထဲမှာ ပြောင်းဆန်လာတယ်။ နံနက်စောစောစာ ဒီလောက်များများ စားမိတာ နောင်တရနေတယ်။

"ငါတို့ ဗျူ့စ်ဘာတန်စ်မှာတော့" ဖလောအာက အားရစွာနဲ့ ပြောတယ်။ "အခြေအနေက လုံးဝတစ်မျိုး။ အဲဒီလို ပိုကောင်းတယ်လို့ ငါထင်တယ်။ ငါတို့က ပဥ္စမနှစ်မှာ စာမေးပွဲမစစ်ဘူး။ ခြောက်နှစ်ပြည့်မှ စစ်တာ၊ ပြီးရင်—"

ဖလောအာရဲ့စကားလုံး စူးစူးအော်သံက ဖုံးလွှမ်းသွားတယ်။ ဟာမီးက မီးဖိုချောင်ပြတင်းပေါက် အပြင်ဘက်ကို လက်ညှိုးထိုးပြတယ်။ ကောင်းကင်မှာ ထင်ရှားတဲ့ အမည်းစက်လေး သုံးစက် ပေါ်လာတယ်။ ပြီးတော့ ကြာလေကြီးလာလေပဲ။

"ဇီးကွက်ပဲ ဖြစ်ရမယ်" ရွန်က အသံအအနဲ့ ပြောတယ်။ ခုန်ပြီး ဟာမီးနဲ့အတူ ပြတင်းပေါက်မှာ သွားရပ်တယ်။

"အားလုံး သုံးကောင်" ဟယ်ရီက ပြောရင်း ပြေးပြီး ဟာမီးရဲ့ တခြားတစ်ဖက်မှာ ရပ်လိုက်တယ်။

"ငါတို့ တစ်ယောက်တစ်ကောင်" ဟာမီးက တုန်လှုပ်စွာနဲ့ တိုးတိုးပြောတယ်။ "အိုး၊ ဟင့်အင်း . . . . အိုး၊ ဟင့်အင်း . . . . အိုး၊ ဟင့်အင်း . . . ."

သူမက ရွန်နဲ့ ဟယ်ရီ့လက်မောင်းကို အတင်းဆွဲထားတယ်။

ဇီးကွက်ဟာ အညတရဂေဟာဆီ တန်းပျံလာတယ်။ လှပတဲ့ ညိုဝါဝါ ဇီးကွက်သုံးကောင်။ ၎င်းတို့ နိမ့်ဆင်းပြီး အိမ်ဆီပေါက်တဲ့ လမ်းကလေးအထက်က ပျံလာတော့၊ ဇီးကွက်တိုင်း လေးထောင့်စာအိတ်ကြီးတစ်လုံးစီ ကုပ်ချီလာတာ သူတို့ မြင်ရတယ်။

"အိုး၊ ဟင့်အင်း" ဟာမီးက အော်တယ်။

မစ္စစ် ဝယ်စလီက သူတို့နား တိုးလာပြီး၊ မီးဖိုချောင်ပြတင်းပေါက်ကို ဖွင့်လိုက်တယ်။ ဇီးကွက်၊ တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင် ပြတင်းပေါက်က ပျံဝင်လာတယ်။ စားပွဲပေါ် သက်ဆင်းပြီး ညီညီညာညာ တန်းစီရပ်ကာ၊ အချက်ညီညီ ညာခြေကို မြှောက်လိုက်ကြတယ်။



ဟယ်ရီ ရှေ့တိုးသွားတယ်။ အလယ်က ဇီးကွက်ခြေထောက်မှာ ချည်ထားတဲ့ စာအိတ်ပေါ်မှာ သူ့နာမည် ရေးထားတယ်။ သူက တုန်နေတဲ့ လက်ချောင်းနဲ့ စာအိတ်ကို ဖြုတ်ယူလိုက်တယ်။ သူ့ဘယ်ဘက်မှာ ရွန်ဟာလည်း ခြေမကိုင်မိ လက်မကိုင်မိနဲ့ သူ့အမှတ်စာရင်းကို ဖြုတ်ယူတယ်။ သူ့ညာဘက်မှာ ဟာမီးလက် တအားတုန်နေတယ်၊ သူမဆီက ကူးစက်ပြီး အဲဒီဇီးကွက်လည်း တစ်ကိုယ်လုံး တုန်နေတယ်။

မီးဖိုချောင်ထဲမှာ ဘယ်သူမှ စကားမပြောဘူး။ နောက်ဆုံးမှာ ဟယ်ရီ စာအိတ်ကို ဖြေလို့ရသွားတယ်။ သူက စာအိတ်ကို အမြန်ဖောက်ပြီး အတွင်းက သိုးရေစက္ကူကို ဖြန့်လိုက်တယ်။

ရိုးရိုးမှော်ဆရာအဆင့် စာမေးပွဲရမှတ်

| | | | | |
|---|---|---|---|---|
| အောင်မှတ် ။ | ထူးချွန် | (O) | ကျမှတ်။ ညံ့ | (P) |
| | ကောင်းမွန် | (E) | သိပ်ညံ့ | (D) |
| | အောင် | (A) | အလွန်ညံ့ | (T) |

ဟယ်ရီ-ဂျိမ်း-ပေါ်တာရဲ့ ရမှတ်များ

| | |
|---|---|
| နက္ခတ္တဗေဒဘာသာ | A |
| ထူးဆန်းသတ္တဝါကာကွယ်တဲ့အတတ် | E |
| မှော်ဂါထာဘာသာ | E |
| မှော်နက်ပညာခုခံကာကွယ်တဲ့အတတ် | O |
| ဗေဒင်ပညာ | P |
| မှော်ဆေးပင်ဘာသာ | E |
| မှော်သမိုင်း | D |
| မှော်ဆေးဘာသာ | E |
| ရုပ်ပြောင်းဘာသာ | E |

ဟယ်ရီက သိုးရေစက္ကူကို ကိုင်ပြီး အမြန်မြန်အလှန်လှန် လေးငါးခေါက် ကြည့်တယ်။ တော်သေးတယ်။ မိမိ ဗေဒင်ဘာသာ မအောင်နိုင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သူ အစောကြီးကတည်းက သိပြီးသား။ ပြီးတော့ မှော်သမိုင်းဘာသာ စာမေးပွဲစစ်နေတုန်း သူ ဖျားနာသွားတယ်။ အောင်ဖို့ မျှော်လင့်ချက်မရှိတာ သေချာတယ်။ ကျန်ဘာသာတွေအားလုံး အောင်သွားတယ်။ သူ့လက်ချောင်းက အမှတ်စာရင်းပေါ် ပွတ်သွားတယ် . . . . ရုပ်ပြောင်းနဲ့ မှော်ဆေးပင် အမှတ် မဆိုးဘူး၊ မှော်ဆေးပညာတောင် ကောင်းမွန်ရတယ်။ အတော်ဆုံးက မှော်နက် ပညာခုခံကာကွယ်တဲ့အတတ်၊ ထူးချွန်တောင် ရတယ်။

သူ လှည့်ကြည့်တယ်။ ဟာမီးက သူ့ဘက် ကျောပေးထားပြီး၊ ခေါင်းငုံ့ နေတယ်။ ရွန်ကတော့ ဝမ်းသာပုံပေါ်နေတယ်။

"ပေဒင်နဲ့ မှော်သမိုင်းပဲ မအောင်တာ၊ အဲဒါတွေ ဘယ်သူအရေး လုပ်မှာလဲ" သူက ဝမ်းသာစွာနဲ့ ဟယ်ရီ့ကို ပြောတယ်။ "ရော့ —— လဲကြည့် ——"

ဟယ်ရီက ရွန့်အမှတ်စာရင်းကို ငုံ့ကြည့်လိုက်တယ်။ 'ထူးချွန်' တစ်ခုမှ မပါဘူး . . . .

"မင်း မှော်နက်ပညာ ခုခံကာကွယ်တဲ့အတတ်မှာ မင်း ထူးချွန်မယ် ဆိုတာ ငါသိတာပေါ့" ရွန်က ဟယ်ရီ့ပခုံးကို ထုလိုက်ပြီး ပြောတယ်၊ "ငါတို့ အားလုံး မဆိုးဘူး၊ ဟုတ်လား"

"သိပ်ကောင်းတယ်" မစ္စစ် ဝယ်စလီက ဂုဏ်ယူစွာ ပြောပြီး ခေါင်းကို ပွတ်လိုက်တယ်။ "OWLs ခုနစ်ဘာသာ အောင်တယ်။ ဖရက်နဲ့ ဂျော့တို့ ပေါင်းတာထက်တောင် များသေးတယ်"

"ဟာမီး ?" ဂျင်နီက စမ်းခေါ်ကြည့်တယ်။ ဟာမီး မလှည့်ဘဲနေနေ လို့၊ "နင့်အမှတ် ဘယ်လိုလဲ"

"ငါ —— တော်သေးတယ်" ဟာမီးက တိုးတိုးပြောတယ်။

"အိုး၊ တော်စမ်းပါ" ရွန်က သူမရှေ့ ပြေးသွားပြီး သူမလက်ထဲကနေ အမှတ်စာရင်းကို လုယူတယ်။ "အင်း —— 'ထူးချွန်' က ဆယ်ခု၊ 'ကောင်းမွန်' က တစ်ခု —— မှော်နက်ပညာခုခံကာကွယ်တဲ့အတတ်" သူဟာ ရယ်လည်း ရယ်ချင်၊ စိတ်လည်းစိတ်ဆိုးစွာနဲ့ သူမကို ငုံ့ကြည့်နေတယ်။ "နင်က စိတ်ပျက် သေးတယ်တဲ့၊ ဟုတ်လား"

ဟာမီး ခေါင်းခါတယ်၊ ဟယ်ရီက ရယ်တယ်။



"သိပ်ကောင်းတာပဲ၊ ငါတို့ အခု NEWT ကျောင်းသားတွေ ဖြစ်ကုန် ပြီ" ရွန်က ရယ်ပြီးပြောတယ်။ "အမေ၊ ဝက်အူချောင်းရှိသေးလား"

ဟယ်ရီက မိမိအမှတ်စာရင်းကို ငုံ့ကြည့်နေပြန်တယ်။ သူမြော်တာ မဆိုးဘူး၊ သူ ကြိုတွက်ထားသလိုပဲ။ သူ နည်းနည်းတော့ စိတ်မကောင်းဘူး . . . . သူ အော်ရာတစ်ယောက်ဖြစ်ချင်တဲ့ ရည်မှန်းချက်စိတ်ဆန္ဒ ပျောက်ဆုံး သွားပြီ။ သူ့မှော်ဆေးပညာဘာသာအမှတ် လိုအပ်သလောက် မရဘူး။ ဒီလို ဖြစ်မယ်ဆိုတာ သူ အစောကြီးကတည်းက သိပြီးသား။ ဒါပေမယ့် အခု အဲဒီ "E" စာလုံးလေးကို ကြည့်ပြီး ရင်ထဲမှာ လေးနေတယ်။

တကယ်ပဲ ထူးဆန်းတယ်။ ဟယ်ရီ့ကို ထူးချွန်တဲ့အော်ရာဖြစ်မယ်လို့ အရင်ဆုံးပြောတဲ့လူဟာ၊ အယောင်ဆောင်တဲ့ ဒက်အီတာ။ ဒါပေမယ့် ဘာ ကြောင့်မှန်း မသိဘူး၊ အဲဒီအတွေးဟာ ဟယ်ရီ့ရင်ထဲမှာ အမြစ်တွယ်လာတယ်။ ဒါ့အပြင် သူ ဘာလုပ်ချင်သေးသလဲဆိုတာ သူ မတွေးတတ်ဘူး။ ပြီးတော့၊ လွန်ခဲ့တဲ့တစ်လက အဲဟိုကြိုဟောစကားကို ကြားရပြီးနောက်၊ အဲဒါ သူ့ကံ ကြမ္မာလို ဖြစ်နေတယ် . . . . နှစ်ယောက်စလုံး အတူရှင်နေလို့ မရဘူး . . . . တကယ်လို့ သူသာ အဲဒီအဆင့်မြင့်လေ့ကျင့်ထားတဲ့၊ ဗိုလ်ဒီမွန့်ကို ရှာဖွေ သတ်ဖြတ်မယ့်အလုပ်ကို ထမ်းဆောင်နေတဲ့ တပ်ဖွဲ့ထဲ ဝင်နိုင်ခဲ့ရင်၊ မိမိအတွက် အသက်ရှင်ဖို့ အကောင်းဆုံး အခွင့်အရေး ရမယ်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



# ၆။ မော်ဖိုင်ရဲ့လှည့်ပတ်ခြင်း

ဆက်လာတဲ့ ရက်သတ္တပတ်တချို့မှာ၊ ဟယ်ရီဟာ အညတရဂေဟာ ပန်းခြံအဝန်းအဝိုင်းက မထွက်ဘူး။ သူဟာ အချိန်အများပိုင်းကို ဝယ်စလီတို့ သစ်သီးခြံထဲမှာ နှစ်ယောက်ချင်း ခွေဒစ်ကစားတယ် (သူနဲ့ ဟာမီးက တစ်ဖက်၊ ရွန်နဲ့ ဂျင်နီက တစ်ဖက်။ ဟာမီး ကစားတာ အလွန်ညံ့တယ်။ ဂျင်နီကတော့ တော်တယ်။ ဒါကြောင့် ဒီလိုခွဲတာ အတော်ပဲ)။ ညကျတော့ မစ္စစ် ဝယ်စလီ သူတို့ရှေ့ချပေးတာဟူသမျှ သုံးခွက်စီစားတယ်။

တကယ်လို့ 'ကြိုဟောဆရာများနေ့စဉ်' က နေ့တိုင်း လူပျောက်တာ၊ ဒီထက် လူသေတဲ့သတင်း၊ ဒိမြင် ထူးထူးဆန်းဆန်း အဖြစ်အပျက်တွေသာ မထည့်ရင်၊ ဒီနှစ် နွေကျောင်းပိတ်ရက် သိပ်ပျော်ပြီး အေးချမ်းမှာ။ တစ်ခါ တလေ ဘီးနဲ့ မစ္စတာ ဝယ်စလီတို့က သတင်းစာထဲ မထည့်ရသေးတဲ့ သတင်းတွေ ယူဆောင်လာတယ်။ ဟယ်ရီ အသက်ဆယ့်ခြောက်နှစ်မွေးနေ့ပွဲဟာ ရီးမတ်စ်-လူပင်က ကြောက်စရာသတင်းတွေ ယူလာလို့ စိတ်ပျက်စရာ ဖြစ်သွားတယ်။ မစ္စစ် ဝယ်စလီက အလွန် မပျော်မရွှင် ဖြစ်တယ်။ လူပင့်ကြည့်ရတာ



ခိန်သွားပြီး ညှိုးရော်နေတယ်။ အမူအရာက လေးနက်နေတယ်။ အညိုရင့်ရင့် ဆံပင်တွေထဲမှာ ဆံပင်ဖြူ အများကြီးပေါ်နေတယ်။ အကျီဟာ အရင်ကထက် စုတ်ပြီး အဖာအထေး ပိုများလာတယ်။

"ဝိညာဉ်စုပ်ကောင် တိုက်ခိုက်တဲ့ အမှုနှစ်မှု ဖြစ်ပွားပြန်ပြီ" သူက ကြေညာတယ်။ မစ္စစ် ဝယ်စလီက သူ့ကို မွေးနေ့ကိတ်တစ်တုံးကြီး ကမ်းပေးတယ်။ "သူတို့ဟာ မြောက်ဘက်က သစ်သားအိမ်ကလေးတစ်လုံးထဲမှာ အီဂေါ်-ခါခါရော့ဖ်အလောင်းကို တွေ့တယ်။ မှော်နက်အမှတ်သား မိုးပေါ်မှာ ပေါ်နေတယ် —— တကယ်ပဲ၊ အမှန်အတိုင်း ပြောရရင်၊ သူ ဒက်ဒ်ီတာအဖွဲ့က ထွက်ပြီး တစ်နှစ်တောင် အသက်ရှင်နေနိုင်တာ အံ့သြစရာပဲ။ ကျုပ် မှတ်မိ တယ်၊ ဆီးရီးအက်စ်ကြယ်ရဲ့အစ်ကို ရီဂူးလပ်စ်တုန်းက ရက်ပိုင်းအတွင်းမှာပဲ သွားရော"

"ဟုတ်တယ်" မစ္စစ် ဝယ်စလီက မျက်မှောင်ကြုတ်ပြီး ပြောတယ်။ "ကောင်းပြီ၊ ကျွန်မတို့ တခြားဟာလေးတွေ ပြောသင့်တယ်ထင်တယ် ——"

"ဖလိုရီးအန်-ဖို့စ်ခ်ူးအကြောင်း ခင်ဗျား ကြားပြီးပြီလား၊ ရီးမတ်စ်" မေးသူက ဘီး။ ဖလောအာက သူ့ကို အရက်တစ်ခွက်ပြီးတစ်ခွက် ငှဲ့ပေးနေ တယ်။ "အဲဟို ——"

" —— ထောင့်ဖြတ်လမ်းမှာ ရေခဲမုန့်ဆိုင်ဖွင့်တဲ့လူ ?" ဟယ်ရီက ဝင်မေးတယ်။ ရင်ထဲမှာ အလွန်အနေရခက်တဲ့ ဟာသွားတဲ့ ခံစားချက် ဖြစ် လာတယ်။ "သူ အရင်က ကျွန်တော့်ကို ရေခဲမုန့် အလကားကျွေးတယ်။ သူ ဘယ်လိုလဲ"

"ဆိုင်ကလေးအခြေအနေအရဆိုရင်၊ သူ့ကို ဖမ်းသွားပြီ"

"ဘာဖြစ်လို့လဲ" ရွန်က မေးတယ်။ မစ္စစ် ဝယ်စလီကတော့ ဘီးကို တင်းတင်းကြည့်နေတယ်။

"ဘယ်သိမှာလဲ။ သူတို့ သူ့ကို တစ်ခုခုမကျေနပ်တာရှိလို့ ဖြစ်မှာပေါ့။ အဲဒီ ဖလိုရီးအန်ဟာ၊ တကယ့်လူကောင်း"

"ထောင့်ဖြတ်လမ်းပြောတော့" မစ္စတာ ဝယ်စလီက ပြောတယ်။ "အော်လီဗန်ဒါလဲ ပျောက်သွားသလိုပဲ"

"မှော်ကြိမ်လုံးလုပ်တဲ့လူလား" ဂျင်နီက အလွန်အံ့အားသင့်သွား တယ်။

www.burmeseclassic.com

www.burmeseclassic.com



"သူပဲ။ ဆိုင်ထဲမှာ တစ်ယောက်မှမရှိဘူး။ သတ်ပုတ်တဲ့ အစအနလဲ မတွေ့ရဘူး။ သူ့ဖာသာ ထွက်သွားတာလား၊ အဆွဲခံရတာလားဆိုတာ ဘယ်သူမှ မသိဘူး"

"ဒါပေမယ့် မော်ကြိမ်လုံး —— လူတွေ မော်ကြိမ်လုံး ဝယ်ချင်ရင် ဘယ်လိုလုပ်မလဲ"

"တခြား မော်ကြိမ်လုံးလုပ်ရောင်းတဲ့ဆိုင် သွားရမှာပေါ့" လူပင်က ပြောတယ်။ "ဒါပေမယ့် အော်လီဗန်ဒါက အတော်ဆုံးပဲ။ တကယ်လို့ တခြား တစ်ဖက်က သူ့ကို ခေါ်သွားရင်၊ ကျုပ်တို့အဖို့ အလွန်အန္တရာယ်ရှိတယ်"

အဲဒီ အလွန်လေးပင်တဲ့ မွေးနေ့လက်ဖက်ရည်ပွဲ နောက်နေ့မှာ၊ ဟော့ဂ်ဝပ်က သူတို့ကို စာနဲ့ စာအုပ်စာရင်း ပို့လိုက်တယ်။ ဟယ်ရီ့စာအိတ်ထဲမှာ ကောင်းသတင်းတစ်ခု ပါလာသေးတယ်။ အဲဒါ သူ့ကို ခွေဒစ်အသင်း ခေါင်းဆောင် ရွေးလိုက်တဲ့သတင်း။

"ဒါဆို နင့်အဆင့်က အတန်းခေါင်းဆောင်နဲ့အတူတူပဲ" ဟာမီးက ဝမ်းသာစွာနဲ့ အကျယ်ကြီး ပြောတယ်။ "အခု နင်လဲ ငါတို့အတွက် အထူးထားတဲ့ သန့်စင်ခန်း၊ ပြီးတော့ တခြားအရာအားလုံးကို သုံးနိုင်ပြီ"

"ဝိုး၊ ချာလီ ဒါမျိုးတပ်ဖူးတာ ငါ မှတ်မိတယ်" ရွန်က ပျော်တပြုံးပြုံးနဲ့ ရင်ထိုးတံဆိပ်ကို ကြည့်နေရင်း ပြောတယ်။ "ဟယ်ရီ၊ မင်းတယ်တော်တယ်။ မင်းက ငါ့အသင်းခေါင်းဆောင်ဖြစ်ပြီ —— တကယ်လို့ မင်း ငါ့ကို အသင်းထဲ ပြန်ထည့်ရင်တော့၊ ဟား ဟား . . . ."

"ငါ ပြောမယ်၊ အခု မင်းတို့ ဒါတွေရောက်လာပြီ" မစ္စစ် ဝယ်စလီက ရွန့်စာအုပ်စာရင်းကို ငုံ့ကြည့်ပြီး သက်ပြင်းချရင်း ပြောတယ်။ "ငါတို့အချိန်ဆွဲလို့ မရတော့ဘူး။ ထောင့်ဖြတ်လမ်းကို အချိန်လုသွားမှ၊ မင်းတို့အဖေ အချိန်ပို မဆင်းရဘူးဆိုရင်၊ ငါတို့ စနေနေ့မှာ သွားမယ်။ သူမပါရင် ငါ အဲဒီကို မသွားဘူး"

"အမေ၊ သင် တကယ်ပဲ ဟိုလူဟာ အောင်မြင်ခြင်းနဲ့ အမည်းကွက် စာအုပ်ဆိုင်ရဲ့ စာအုပ်စင်တွေနောက်မှာ ပုန်းနေမယ်များ ထင်နေသလား" ရွန်က ခပ်ဆိုးဆိုး ရယ်ပြောတယ်။

"ဖို့စ်ခူးနဲ့ အော်လီဗန်ဒါတို့က အနားယူထွက်နေလို့လား" မစ္စစ် ဝယ်စလီက ချက်ချင်း ဒေါသထွက်ပြီး ပြန်ပက်တယ်။ "တကယ်လို့ လုံခြုံရေး



ပြဿနာဟာ ကလေးကစားစရာလို့ ထင်ရင်၊ မင်း အိမ်မှာနေခဲ့၊ ငါ မင်းတို့ အစား သွားဝယ်မယ် —— "

"ဟင့်အင်း၊ ကျွန်တော် သွားမယ်။ ကျွန်တော် ဖရက်နဲ့ ဂျော့တို့ရဲ့ ဆိုင်ကိုလဲ ကြည့်ချင်သေးတယ်" ရွန်က အမြန်ပြောတယ်။

"ဒါဆို မင်းအသိကို မြန်မြန်မြှင့်တင်၊ လူငယ်။ တော်ကြာ ငါက မင်းမရင့်ကျက်လို့ ငါတို့နဲ့ မလိုက်ရဘူး ထင်နေဦးမယ်" မစ္စစ် ဝယ်စလီက စိတ်ဆိုးဆိုးနဲ့ ပြောရင်း သူမရဲ့ နာရီကြီးကို ဖမ်းကိုင်တယ်။ နာရီကို ခုတွင် လျှော်ဖွပ်ထားတဲ့ တဘက်ပုံပေါ် တင်လိုက်တယ်။ နာရီပေါ်က လက်တံ ကိုးခုဟာ အသက်အန္တရာယ်မှာပဲ ညွှန်ပြထားတယ်။ "ဟော့ဂ်ဝပ် ပြန်ကျောင်းတက်မယ့်ကိစ္စလဲ ဒီအတိုင်းပဲ"

ရွန်က လှည့်ပြီး ဟယ်ရီ့ကို မယုံနိုင်တဲ့အကြည့်နဲ့ ကြည့်နေတယ်။ သူ့အမေက အဝတ်ခြင်းကို ဆွဲပြီး ဒေါသနဲ့ အခန်းက ထွက်သွားတယ်။ နာရီကြီးဟာ ခြင်းထဲမှာ လှုပ်ယိုင်နေတယ်။

"အမလေး . . . . ဒီအိမ်မှာ ရယ်စရာတောင် ပြောလို့မရတော့ဘူး . . . ."

သို့ပေမယ့် နောက်ရက်တွေမှာ ရွန် အလွန်သတိထားနေတယ်။ ဗိုလ်ဒီမွန့်အကြောင်းကို လျှောက်မပြောဝံ့တော့ဘူး။ စနေနေ့နံနက်အထိ၊ မစ္စစ် ဝယ်စလီ နောက်ထပ် ဒေါသမထွက်တော့ဘူး။ ဒါပေမယ့် နံနက်စောစောစားတော့ သူ တထင့်ထင့်ဖြစ်နေပုံရတယ်။ ဘီးက အိမ်မှာ ဖလောအာနဲ့ အတူနေရစ်မယ် (ဒါကြောင့် ဟာမီးနဲ့ ဂျင်နီ အလွန်ဝမ်းသာတယ်)။ သူက စားပွဲ ဟိုဘက်ကနေ ဟယ်ရီ့ကို ငွေအိတ်အပြည့်တစ်အိတ် ကမ်းပေးတယ်။

"ကျွန်တော့်အတွက်ကော" ရွန်က ချက်ချင်းမေးတယ်။ မျက်လုံးကြီး မှေးထားတယ်။

"ဒါတွေက ဟယ်ရီ့ဟာ၊ ငအ" ဘီးက ပြောတယ်။ "ဟယ်ရီ၊ ငါ မင်းအစား မြေအောက်ဘဏ်ခန်းက ထုတ်ခဲ့တာ။ အခု သရဲသဘက်တွေဟာ လုံခြုံရေး ပိုလုပ်တယ်။ အလွန်တင်းကြပ်တယ်။ ရိုးရိုးလူတွေ ငွေထုတ်ရင် ငါးနာရီကြာတယ်။ လွန်ခဲ့တဲ့နှစ်ရက်က အာကီ-ဖီးဖော့ဟာ ရိုးသားခြင်း စစ်ဆေးတဲ့ကိရိယာကို ၎င်းရဲ့ . . . . ထိုးထားတယ် . . . . အင်း၊ ငါ့ကို ယုံ၊ ဒီနည်းက ပိုလွယ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်တယ်၊ ဘီး" ဟယ်ရီက ပြောရင်း ငွေကို အိတ်ထဲ ထည့်လိုက်တယ်။

"သူက ဒီလိုပဲ သူများအတွက် တွေးပေးတယ်" ဖလောအာက ချစ်ခင်စွာနဲ့ တိုးတိုးပြောတယ်။ ဘီးရဲ့နှာခေါင်းကို ပွတ်နေတယ်။ သူမကျောဘက်က ဂျင်နီက ကွေကာအုတ်ပန်းကန်ရှေ့မှာ အန်ချင်ယောင်ဆောင်ပြနေတယ်။ ဟယ်ရီဟာ ပြောင်းဖူးမုန့်ကလေးတွေ သီးသွားတယ်။ ရွန်က သူ့ကျောကို တအား ထုပေးနေတယ်။

ဒီနေ့ဟာ မှောင်မှဲ့တဲ့ တိမ်မည်းတွေ ဆိုင်းနေတဲ့နေ့။ သူတို့ ခြံထည်ခြံပြီး အခန်းထဲက ထွက်လာတော့၊ မှော်ဝန်ကြီးဌာနသုံး ကားတစ်စီး ရှေ့ခြံဝန်းထဲမှ သူတို့ကို စောင့်နေပြီ။ အဲဒီကားကို ဟယ်ရီ တစ်ကြိမ်စီးဖူးတယ်။

"အဖေက တို့ကို ကားလွှတ်ပေးနိုင်လို့ တော်သေးတယ်" ရွန်က ကျေးဇူးတင်စွာ ပြောတယ်။ အညတရဂေဟာကနေ ကားက သွက်လက်စွာ ထွက်လာတော့၊ ဘီးနဲ့ ဖလောအာက မီးဖိုချောင်ပြတင်းပေါက်ကနေ သူတို့ကို လက်ယမ်းပြတယ်။ ရွန်၊ ဟယ်ရီ၊ ဟာမီးနဲ့ ဂျင်နီတို့ဟာ ကျယ်ဝန်းပြီး ဇိမ်ရှိတဲ့ ကားနောက်ခန်းထဲမှာ ထိုင်လိုက်ကြတယ်။

"မင်း အကျင့်လုပ်မနေနဲ့၊ ဒါ ဟယ်ရီ့အတွက်နော်" မစ္စတာ ဝယ်စလီက လှည့်ပြောတယ်။ သူနဲ့ မစ္စစ် ဝယ်စလီ၊ ဒီပြင် မှော်ဝန်ကြီးဌာနက ယာဉ်မောင်းတို့ ရှေ့မှာထိုင်တယ်။ ယာဉ်မောင်းဘေးက လူစီးထိုင်ခုံဟာ အကူအညီပေးစွာနဲ့ နှစ်ယောက်ထိုင်ဆိုဖာလို ကျယ်လာတယ်။ "သူ့ကို အခု ထိပ်တန်းလုံခြုံရေးအကာအကွယ် ပေးထားတယ်။ ခွက်စုတ်ဘားကျရင် ကျုပ်တို့ကို လုံခြုံရေး တိုးမြှင့်ပေးဦးမှာ"

ဟယ်ရီ ဘာမှမပြောဘူး။ သူ ဝယ်ခြမ်းတဲ့အခါမှာ အော်ရာတွေ တစ်ပုံကြီးလိုက်နေတာ မကြိုက်ဘူး။ သူက ကိုယ်ပျောက်ဝတ်ရုံကို ကျောပိုးအိတ်ထဲ ထိုးထည့်ခဲ့ပြီ။ သူ တွေးဖူးတယ်။ ဒမ်ဘယ်လီဒိုးက မဆန့်ကျင်ဘူးဆိုရင်၊ မှော်ဝန်ကြီးဌာနကလည်း ဆန့်ကျင်မှာမဟုတ်ဘူး။ ဒါပေမယ့် အခု သေချာစဉ်းစားတော့၊ မှော်ဝန်ကြီးဌာနက သူ့မှာ ကိုယ်ပျောက်ဝတ်ရုံတစ်ထည်ရှိတာ သိလားဆိုတာ သူ မသေချာဘူး။

"ခင်ဗျားတို့ ရောက်ပြီ" သိပ်မကြာဘူး ယာဉ်မောင်းက ပြောတယ်။ ဒါ သူ ပထမဆုံးပြောတဲ့ စကားတစ်ခွန်း။ သူက အရှိန်လျှော့လိုက်ပြီး ချာရင်



ခရော့စ်လမ်းထဲ ဝင်ခဲ့တယ်။ ခွက်စုတ်ဘားရှေ့မှာ ရပ်လိုက်တယ်။ "ကျွန်တော် ခင်ဗျားတို့အပြန်ကို စောင့်မယ်။ အချိန်ဘယ်လောက်ကြာမယ်ဆိုတာ သိလား"

"နှစ်နာရီလောက်ကြာမယ် ထင်တယ်" မစ္စတာ ဝယ်စလီက ပြောတယ်။ "အား၊ ကောင်းပြီ၊ သူ ရောက်နေပြီ"

ဟယ်ရီကလည်း မစ္စတာ ဝယ်စလီလိုပဲ၊ ကားမှန်ကနေ အပြင်ကို ကြည့်လိုက်တယ်။ သူ့ရင်တွေ ဝမ်းသာလို့ ခုန်သွားတယ်။ ဘားအပြင်ဘက်မှာ ဘာအော်ရာမှ စောင့်မနေဘူး။ ရပ်နေသူက အကောင်ကြီးကြီး၊ မုတ်ဆိတ်မည်းမည်း ရူဘတ်စ်-ဟက်ဂရစ်။ ဟော့ဂ်ဝပ် တောလိုက်ကွင်း ကွင်းစောင့်။ သူဟာ ပင်လယ်ဖျံအရေ ကုတ်ရှည်ရှည်ကြီးကို ဝတ်ဆင်ထားတယ်။ ဟယ်ရီ့ မျက်နှာမြင်ရတာနဲ့ ဝမ်းသာတဲ့အပြုံး ပေါ်လာတယ်။ လမ်းပေါ်က မတ်ဂေါ်တွေ အံ့ဩတဲ့အကြည့်ကို ဂရုမစိုက်ဘူး။

"ဟယ်ရီ" သူက အသံကြမ်းကြမ်းနဲ့ ပြောတယ်။ ဟယ်ရီ ကားပေါ်က ဆင်းတာနဲ့ ဟက်ဂရစ်က သူ့ကို အတင်းဖက်ထားတယ်။ သူ့အရိုးတွေတောင် ကျိုးတော့မယ်။ "ဘတ်ခ်ဘိခ် —— ကျုပ်က ဝတ်သားဝင်းစ်လို့ ပြောတာ —— မင်း ရင်းကို ကြည့်စေချင်တယ်၊ ဟယ်ရီ၊ သူ အပြင်ပြန်ရောက်တော့ သိပ်ဝမ်းသာနေတာ ——"

"သူ ဝမ်းသာရင် ပြီးရော" ဟယ်ရီက နံရိုးကို ပွတ်ရင်း ရယ်ပြီး ပြောတယ်။ " 'လုံခြုံရေး' လို့ ပြောတာ ခင်ဗျားဆိုတာ မထင်မိဘူး"

"ကျုပ် သိတယ်၊ အရင်ကလိုပဲ၊ ဟုတ်လား။ မင်းကြည့်၊ မှော်ဝန်ကြီးဌာနက အစက အော်ရာတစ်စု လွှတ်ချင်တာ။ ဒါပေမယ့် ဒမ်ဘလီဒိုးက ကျုပ်လာရင် ပြီးတယ်လို့ ပြောတယ်" ဟက်ဂရစ်က ကျေနပ်စွာ ပြောတယ်။ သူက ရင်ကော့ပြီး လက်မကြီးနှစ်ချောင်းကို အိတ်ကပ်ထဲ ထိုးလိုက်တယ်။ "ကောင်းပြီ၊ ကျုပ်တို့ ဝင်သွားရအောင် —— ခင်ဗျားတို့ အရင်ဝင်၊ မော်လီ၊ အာသာ ——"

ဟယ်ရီ့မှတ်ဉာဏ်ထဲမှာ၊ ခွက်စုတ်ဘားဟာ လူတစ်ယောက်မှ မရှိဖြစ်နေတာ ပထမဆုံးအကြိမ်ပဲ။ အရင်က ဆူညံနေတဲ့ လူအုပ်တွေ မတွေ့ရတော့ဘူး။ အရေတွန့်ရှုံ့ပြီး သွားတွေ တစ်ချောင်းမှ မရှိတော့တဲ့ ဆိုင်ရှင် တွမ်ပဲ ရှိတယ်။ သူတို့ဝင်သွားတာနဲ့၊ တွမ်ဟာ မျှော်လင့်ချက်နဲ့ ခေါင်းထောက်လာ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါပေမယ့် သူ ဘာမှမပြောရသေးခင်မှာ၊ ဟက်ဂရစ်က အရေးကြီးတဲ့ လေသံနဲ့ ပြောတယ်။ "ဒီနေ့က ဖြတ်သွားရုံပဲ၊ တွမ်။ ခင်ဗျား နားလည်မှာပါ။ ဟော့ဂ်ဝပ်က ရုံးကိစ္စ။ ခင်ဗျား သိပါတယ်"

တွမ်က မပျော်မရွှင် ခေါင်းညိတ်ပြတယ်။ ဖန်ခွက်ကို ဆက်သုတ်နေတယ်။ ဟယ်ရီ၊ ဟာမီး၊ ဟက်ဂရစ်နဲ့ ဝယ်စလီမိသားစုတို့ ဘားကို ဖြတ်ပြီး နောက်ဘက် အမှိုက်ပုံးရှိတဲ့ အေးစိမ့်တဲ့ခြံဝန်းထဲ ရောက်လာတယ်။ ဟက်ဂရစ်က လက်ထဲရှိ ပန်းရောင်ထီးကို မြှောက်ပြီး နံရံပေါ်က အုတ်ခဲတစ်ခဲကို ခေါက်လိုက်တယ်။ အဲဒီနေရာမှာ ခုံးတံခါးပေါက်တစ်ခု ချက်ချင်း ပေါ်လာတယ်။ ကွေ့ကောက်တဲ့ ကျောက်စလစ်ခဲလမ်းလေးတစ်လမ်းဆီ ပေါက်တယ်။ သူတို့ အပေါက်က ဝင်လိုက်တယ်။ ရပ်ပြီး ဟိုဒီကြည့်တယ်။

ထောင့်ဖြတ်လမ်းဟာ လုံးဝပြောင်းသွားပြီ။ မှန်ပြတင်းထဲမှ အစက ဂါထာစာအုပ်တွေ၊ မှော်ဆေးကုန်ကြမ်းနဲ့ ဆေးကျိုအိုးတွေ ရောင်စုံစွာ ပြထားတာ အခု မတွေ့ရတော့ဘူး။ မှော်ဝန်ကြီးဌာနက ကြော်ငြာကြီးတွေက ကွယ်သွားပြီ။ လူတွေကို ကြောက်ရွံ့စေတဲ့ ခရမ်းရောင်ကြော်ငြာတွေဟာ အများအားဖြင့် မှော်ဝန်ကြီးဌာနက နွေကျောင်းပိတ်ရက်တုန်းက ဝေတဲ့ လုံခြုံရေး သတိပေးချက်စာအုပ်ထဲကဟာတွေကို ချဲ့ထားတာ ဖြစ်တယ်။ ပြီးတော့ ကြေညာချက်တချို့ဟာ ဖမ်းဝရမ်းထုတ်ထားတဲ့ ဒက်အီတာတွေရဲ့ အဖြူအမည်း လှုပ်ရှားဓာတ်ပုံတွေ။ ဘဲလက်ထရစ်-လက်စထရိန်းဟာ ဘေးက ဆေးဆိုင်အဝမှာ ရှုံ့မဲ့ပြီး သရော်ရယ် ရယ်နေတယ်။ ပြတင်းတချို့ သစ်သားနဲ့ အသေရိုက်ထားတယ်။ ဖလိုရီးအန်-ဖို့စ်ခူးရဲ့ ရေခဲမုန့်ဆိုင်လည်း ပါတယ်။ တစ်ခါ လမ်းဘေးနှစ်ဘက်မှာ လမ်းဘေးဆိုင် စုတ်စုတ်ပြတ်ပြတ်လေးတွေ ပေါ်လာတယ်။ သူတို့နဲ့ အနီးဆုံး လမ်းဘေးဆိုင်တစ်ဆိုင်ဟာ အောင်မြင်ခြင်းနဲ့ အမည်းကွက်စာအုပ်ဆိုင် အပြင်ဘက်က ညစ်ပေတဲ့ မိုးကာအစင်းအောက်မှာ ရှိတယ်။ ဆိုင်ရှေ့မှာ ကတ်ထူနဲ့ ကြော်ငြာတစ်ခု ရေးထားတယ်။

လက်ဖွဲ့အဆောင်၊ ဝံပုလွေလူသား၊ ဝိညာဉ်စုပ်ကောင်နဲ့
အလောင်းကောင်ကို ခုခံကာကွယ်နိုင်တယ်။



ညစ်ပတ်ပတ်မှော်ဆရာပုပုတစ်ယောက်ဟာ လမ်းသွားလမ်းလာတွေကို ချိန်းကြိုးပါတဲ့ ငွေအဆောင်တွေ လက်မောင်းအပြည့် ချိတ်ပြီး တချွင်ချွင်နဲ့ လိုက်ရောင်းနေတယ်။

"ကတော်၊ သမီးလေးကို တစ်ခုဝယ်ပေးပါလား" သူတို့ဖြတ်သွားတော့ သူက မစ္စစ် ဝယ်စလီကို အော်ပြောတယ်။ တစ်ချိန်တည်းမှာ ဂျင်နီကို မတော်တရော် ကြည့်လိုက်သေးတယ်။ "သူမရဲ့ လှပတဲ့လည်တိုင်ကို ကာကွယ်ပါ"

"ကျုပ်သာ တာဝန်ကျတယ်ဆိုရင် ...." မစ္စတာ ဝယ်စလီက ပြောရင်း အဲဒီအဆောင်ရောင်းတဲ့လူကို ဒေါသနဲ့ ကြည့်နေတယ်။

"ဟုတ်တယ်၊ ဒါပေမယ့် အခု လူတွေ လျှောက်ဖမ်းမနေနဲ့ဦး၊ အချစ်၊ ကျွန်မတို့ အချိန်သိပ်မရှိဘူး" မစ္စစ် ဝယ်စလီက ပြောပြီး ပူပင်စွာနဲ့ ပစ္စည်းဝယ်ဖို့စာရင်းကို ကြည့်တယ်။ "ကျွန်မတို့ မဒမ်မော်ကင်ဝတ်ရုံရှည်ဆိုင်ကို အရင်သွားမှ၊ ဟာမီးက ဝတ်ရုံရှည် အသစ်တစ်ထည် လိုတယ်။ ရွန့်ကျောင်းဝတ်စုံ တိုနေပြီ၊ လက်ကောက်ဝတ်တောင် ပေါ်နေပြီ။ ပြီးတော့ ဟယ်ရီ မင်းလဲ အကျီသစ် ဝယ်ဖို့လိုမှာပဲ၊ မင်း အများကြီးရှည်လာတယ် —— ကောင်းပြီ၊ အားလုံးမြန်မြန်သွား —— "

မော်လီ၊ ကျုပ်တို့အားလုံး မဒမ်မော်ကင်ဆိုင်သွားတာ မသင့်တော်ဘူး" မစ္စတာ ဝယ်စလီက ပြောတယ်။ "သူတို့သုံးယောက် ဟက်ဂရစ်နဲ့ သွားစေ၊ ကျုပ်တို့ အောင်မြင်ခြင်းနဲ့ အမည်းကွက်စာအုပ်ဆိုင်သွားပြီး အားလုံးအတွက် စာအုပ်ဝယ်မယ်၊ ကောင်းလား"

"ဘယ်လိုလုပ်ရင် ကောင်းမလဲမသိဘူး" မစ္စစ် ဝယ်စလီက စိတ်ရှုပ်စွာ ပြောတယ်။ သူမ ကြည့်ရတာ ပစ္စည်းလည်း မြန်မြန်ဝယ်ပြီးချင်တယ်၊ အားလုံးလည်း ခွဲမသွားချင်ပုံ ရတယ်။ ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေတယ်။ "ဟက်ဂရစ်၊ ရှင် ဘယ်လိုထင်သလဲ —— "

"မပူပါနဲ့၊ သူတို့ ကျုပ်နဲ့ သွားရင် ဘာပြဿနာမှ မရှိဘူး၊ မော်လီ" ဟက်ဂရစ်က နှစ်သိမ့်ပြောတယ်။ သူ့ရဲ့ အမှိုက်ပုံးလောက်ကြီးတဲ့ လက်ကိုလည်း သွက်လက်စွာ ယမ်းပြတယ်။ မစ္စစ် ဝယ်စလီဟာ လုံးဝစိတ်ချပုံ မရဘူး။ ဒါပေမယ့် ခွဲခွင့်ပေးလိုက်တယ်။ သူမကတော့ ခင်ပွန်းသည်နဲ့ ဂျင်နီတို့နောက် လိုက်ပြီး စာအုပ်ဆိုင်ကို အမြန်သွားတယ်။ ဟယ်ရီ၊ ရွန်၊ ဟာမီးနဲ့ ဟက်ဂရစ်တို့ကတော့ မဒမ်မော်ကင်ဝတ်ရုံရှည်ဆိုင်ကို သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းသွားလမ်းလာအများအပြားမျက်နှာပေါ်မှာ မစွစ် ဝယ်စလီလို စိုးရိမ်သောကရောက်နေတဲ့ အမူအရာရှိတာ ဟယ်ရီ သတိထားမိတယ်။ ရပ်ပြီး စကားပြောတဲ့လူ မရှိတော့ဘူး။ ပစ္စည်းဝယ်တဲ့လူတွေဟာ သုံးလေးယောက် တစ်စု ကပ်ပြီး သူတို့ဝယ်လိုတဲ့ ပစ္စည်းရှိရာကို တန်းသွားတယ်။ တစ်ယောက် ထီးတည်း ပစ္စည်းလာဝယ်တဲ့လူ မရှိသလောက်ပဲ။

"ကျုပ်တို့အားလုံး ဝင်သွားရင် နည်းနည်းကြပ်နေလိမ့်မယ်" ဟက်ဂရစ်က ပြောတယ်။ သူဟာ မဒမ်မော်ကင်ဝတ်ရုံရှည်ဆိုင်ရှေ့မှာ ရပ်လိုက်ပြီး ပြတင်းကနေ အထဲကို ငုံ့ကြည့်လိုက်တယ်။ "ကျုပ် အပြင်မှာ ကင်းစောင့် နေမယ်၊ ကောင်းလား"

ဒါနဲ့ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ ဆိုင်ထဲ အတူဝင်သွားတယ်။ စစချင်း ဆိုင်ထဲမှာ လူတစ်ယောက်မှ မတွေ့ဘူး။ ဒါပေမယ့် တံခါး သူတို့ကျောဘက်မှာ ပြန်ပိတ်သွားတာနဲ့၊ အစိမ်းရောင်နဲ့ အပြာရောင် ပွဲဝင်ဝတ်ရုံရှည်နောက်ကနေ ကျက်မိတဲ့ အသံတစ်သံ ပေါ်လာတယ်။

" . . . . ကလေးမဟုတ်တော့ဘူး၊ သတိမပြုမိဘူးထင်တယ်၊ အမေ။ ကျွန်တော်တစ်ယောက်တည်း ပစ္စည်းလာဝယ်နိုင်တဲ့ အရည်အချင်း ရှိပါတယ်"

ဆက်ပြီး ကြက်မကြီး ကြက်ဥဝပ်တဲ့ ဂုဂုသံ ပေါ်လာတယ်။ ဒီနောက် တစ်ယောက်က စကားပြောတယ်။ အဲဒါ မဒမ်မော်ကင်အသံမှန်း ဟယ်ရီ သိတယ်။ "ဟုတ်တယ်၊ အချစ်လေး၊ မင်းအမေပြောတာ မှန်တယ်။ အခု ဘယ်သူမှ တစ်ယောက်တည်း လျှောက်မသွားသင့်ဘူး၊ ဒါ ကလေးဟုတ်တယ် မဟုတ်ဘူးဆိုတာနဲ့ မဆိုင်ဘူး —— "

"ခင်ဗျားအပ်က ဘယ်ကို ထိုးတာလဲ၊ သတိထားပါဦး"

မျက်နှာဖြူရော်ပြီး ဆံပင်ဝါဖျော့ဖျော့နဲ့ မျက်နှာချွန်ချွန် လူငယ် တစ်ယောက် အကျီချိတ်စင်နောက်က ပေါ်လာတယ်။ သူဟာ လှပတဲ့ ရေညှိစိမ်းရောင် ဝတ်ရုံရှည် ဝတ်ထားတယ်။ အနားကွပ်နဲ့ လက်ဝမှာ လက်နေတဲ့ တွယ်အပ်တွေ ချိတ်ထားတယ်။ သူဟာ မှန်ရှေ့တန်းသွားပြီး မိမိကိုယ်မိမိ အကဲခတ်ကြည့်နေတယ်။ ခဏနေမှ၊ သူဟာ မှန်ထဲကနေ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ သူ့ကျောဘက်မှာ ရပ်နေတာ သတိပြုမိသွားတယ်။ ၎င်းရဲ့ မီးခိုးဖျော့ဖျော့ မျက်လုံး မှေးသွားတယ်။



"အမေ၊ ဒါ ဘာအနံ့လဲဆိုတာ မသိရင်၊ ကျွန်တော် ပြောပြမယ်။ နွံသွေးတစ်ယောက် ဝင်လာလို့" ဒြာခို-မော်ဖိုင်က ပြောတယ်။

"ဒီလိုပြောစရာမလိုဘူးလို့ ကိုယ်ထင်တယ်" မဒမ်မော်ကင်က ပြောရင်း အကျီစင်နောက်ကနေ ကမန်းကတန်း ထွက်လာတယ်။ လက်ထဲမှာ ပေကြိုး ပျော့နဲ့ မှော်ကြိမ်လုံး ကိုင်ထားတယ်။ "ပြီးတော့၊ ကိုယ့်ဆိုင်ထဲမှာ မှော်ကြိမ်လုံး ထုတ်တာလဲ မကြိုက်ဘူး" သူမဟာ တံခါးဝဆီ ကြည့်လိုက်တယ်၊ ဟယ်ရီနဲ့ ရွန်တို့ မှော်ကြိမ်လုံးထုတ်ပြီး မော်ဖိုင်ကို ချိန်ထားတာ တွေ့ရတယ်။ ဒါနဲ့ အမြန် ထပ်ပြောတယ်။

ဟာမီးဟာ သူတို့နောက်နားမှာ ရပ်နေတယ်၊ တိုးတိုးပြောတယ်။ "မင့်အင်း၊ မလုပ်နဲ့၊ အမှန်ပြောရရင်၊ မတန်ဘူး . . . ."

"ဟုတ်တယ်၊ မင်းတို့ ကျောင်းပြင်ပမှာ မှော်ပညာသုံးဖို့တဲ့ပုံပဲ" မော်ဖိုင် က ကဲ့ရယ်ပြောတယ်။ "ဘယ်သူက နင့်မျက်လုံးကို အညိုအမည်းစွဲအောင် ထုပ်တာလဲ ဂရန်ဂျာ။ ငါ အဲဒီလူတွေကို ပန်းဆက်မယ်"

"တော်တော့" မဒမ်မော်ကင်က မာမာပြောတယ်။ လှည့်ပြီး အကူ အညီရှာတယ်။ "မဒမ် —— ကျေးဇူးပြုပြီး —— "

နာဆစ်ဆာ-မော်ဖိုင်ဟာ အကျီချိတ်စင်နောက်ကနေ ဖြည်းဖြည်း ထွက်လာတယ်။

"အဲဒါတွေ သိမ်းလိုက်" သူမက ဟယ်ရီနဲ့ ရွန်ကို အေးစက်စက် ပြောတယ်။ "ငါ့သားကို နောက်ထပ်လုပ်ရင်၊ ငါက မင်းတို့ကို မလှုပ်နိုင်အောင် ထုပ်ပစ်မယ်"

"ဟုတ်လား" ဟယ်ရီက ပြောရင်း ရှေ့တစ်လှမ်းတိုးလိုက်တယ်။ အဲဒီ ပြောင်ချော်ပြီး မာန်နဲ့မျက်နှာကို စိုက်ကြည့်နေတယ်။ အဲဒီမျက်နှာဟာ အသား အရေ ဖြူဖွေးနေပေမယ့် သူ့အစ်မမျက်နှာနဲ့ တူတဲ့နေရာ ရှိတယ်။ အခု ဟယ်ရီ့ အရပ်ဟာ သူမနဲ့ တူနေပြီ။ "ဒက်အီတာ လူရင်းတချို့ခေါ်ပြီး ငါတို့ကို သတ်ချင် သို့လား"

မဒမ်မော်ကင်က အော်လိုက်ပြီး ရင်ဝကို ဆုပ်ကိုင်ထားတယ်။

"အမှန်ပြောရရင်၊ မင်းအပြစ်မတင်သင့်ဘူး —— ဒီလိုစကားမျိုး ပြောတာ သိပ်အန္တရာယ်ရှိတယ် —— မှော်ကြိမ်လုံးကို မြန်မြန်သိမ်းလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဟယ်ရီက မှော်ကြိမ်လုံးကို မချဘူး။ နာဆစ်ဆာ-မော်ဖိုင့် မျက်နှာပေါ်မှာ အရုပ်ဆိုးတဲ့အပြုံး ပေါ်လာတယ်။

"ထင်ရှားတယ်၊ မင်းက ဒမ်ဘာလီဒိုးရဲ့ အချစ်တော်ဖြစ်လို့၊ မိမိကိုယ်မိမိ လုံခြုံပြီလို့ အထင်လွဲနေတယ် ထင်တယ်၊ ဟယ်ရီ-ပေါ်တာ။ ဒါပေမယ့် ဒမ်ဘာလီဒိုးက အမြဲတမ်း မင်းအနားမှာ ကာကွယ်နေမှာ မဟုတ်ဘူး"

ဟယ်ရီက ဆိုင်ကို အကဲခတ်ဟန် ဆောင်လိုက်တယ်။

"ဝိုး . . . . ကြည့်ပါ . . . . အခု သူ ဒီမှာမရှိဘူး။ ဒါဆိုရင် ခင်ဗျား ဘာကြောင့်စမ်းမကြည့်တာလဲ။ မပြောနိုင်ဘူးနော်၊ သူတို့က ခင်ဗျားကို အက်ဇခါဘန်မှာ နှစ်ယောက်နေ ထောင်ခန်းတစ်ခုရှာပြီး ခင်ဗျားရဲ့ ရှုံးနိမ့်တဲ့ ယောကျ်ားနဲ့အတူ ထားချင်ထားမှာ"

မော်ဖိုင်က ဒေါသထွက်ပြီး ဟယ်ရီ့ဆီ ကပ်လာတယ်။ ဒါပေမယ့် သူဝတ်ထားတဲ့ အရှည်လွန်တဲ့ဝတ်ရုံနဲ့ ခလုတ်တိုက်မိသွားတယ်။ ရွန်က အော်ရယ်တယ်။

"မင်းက ငါ့အမေကို ဒီလိုစကားပြောသလား၊ ပေါ်တာ" မော်ဖိုင်က ဟောက်တယ်။

"ကိစ္စမရှိပါဘူး၊ ဂျာခို" နာဆစ်ဆာက ဖြူရော်သေးသွယ်တဲ့ လက်နဲ့ သူ့ပခုံးကို ဖိပြီး တားလိုက်တယ်။ "ငါထင်တယ်၊ ငါ လူးရှပ်စ်နဲ့ ပြန်မဆုံခင်မှာ ပေါ်တာက ချစ်လှစွာသော ဆီးရီးအက်စ်ကြယ်နဲ့ ပြန်ဆုံလိမ့်မယ်"

ဟယ်ရီက မှော်ကြိမ်လုံးကို ပိုမြင့်မြင့်မြှောက်လိုက်တယ်။

"ဟယ်ရီ၊ ဟင့်အင်း" ဟာမီးက တိုးတိုးပြောတယ်။ သူ့လက်မောင်းကို ဖမ်းဆွဲတယ်။ အားနဲ့ အောက်ကို ဖိချတယ်။ "စဉ်းစားဦး . . . . မလုပ်နဲ့ . . . . နင် ပြဿနာပေါ်လိမ့်မယ် . . . ."

မဒမ်မော်ကင်ဟာ နေရာတွင် တုန်နေပြီး၊ ဘာကိစ္စမှ မဖြစ်သလို ဟန်ဆောင်မယ့်ပုံနဲ့၊ ပြီးတော့ ဘာမှလဲ မဖြစ်စေချင်ဘူး။ သူမဟာ ဟယ်ရီ့ကို စိုက်ကြည့်နေတဲ့ မော်ဖိုင်ဆီ ခါးကုန်းလိုက်တယ်။

"ဘယ်ဘက်က လက် အထက်ကို နည်းနည်းသိမ်းလို့ ရသေးတယ်လို့ ကိုယ်ထင်တယ်။ အချစ်လေး၊ ကိုယ်လုပ် —"

"အမလေး" မော်ဖိုင်က ထအော်တယ်။ ဘတ်ခနဲ သူမလက်ကို



ပုတ်ချလိုက်တယ်။ "သေချာလုပ်ပါ၊ ခင်ဗျားအပ် ဘယ်မှာထိုးမိတယ်ဆိုတာလဲ ကြည့်ဦး၊ မိန်းမကြီး။ အမေ — ဒီအကျႌ ကျွန်တော် မလိုချင်တော့ဘူး —"

သူက ဝတ်ရုံရှည်ကို ခေါင်းပေါ်ကနေ ချွတ်ချပြီး မဒမ်မော်ကင်ရဲ့ ခြေထောက်နား ပစ်ချလိုက်တယ်။

"မင်းပြောတာမှန်တယ်၊ ဂျာခို" နာဆစ်ဆာက ပြောတယ်။ ဟာမီးကို အထင်သေးစွာ ကြည့်လိုက်တယ်။ "အခု ဘယ်လိုလူအမှိုက်သရိုက်တွေ ဒီမှာ အကျႌဝယ်တယ်ဆိုတာ ငါ သိရပြီ . . . . ငါတို့ ထဝတ်ဖစ်နဲ့ တက်တင်းမှာ သွားဝယ်ရင် ပိုကောင်းမယ်"

ပြောပြီးတာနဲ့ သူတို့နှစ်ယောက် ဆိုင်က အမြန်ထွက်သွားတယ်။ မော်ဖိုင်က တံခါးက မထွက်ခင် ရွန့်ကို တမင်တိုက်သွားတယ်။

"အင်း၊ တကယ်ပါပဲ" မဒမ်မော်ကင်က ပြောတယ်။ ကြမ်းပေါ်က အကျႌကို ကောက်ပြီး မှော်ကြိမ်လုံးဖျားနဲ့ ခတ်လိုက်တယ်။ ဖုန်တွေဟာ ဖုန်စုတ်စက်နဲ့ စုတ်လိုက်သလို မရှိတော့ဘူး။

သူမဟာ ရွန်နဲ့ ဟယ်ရီ့ကို ဝတ်ရုံအသစ် ကိုက်မကိုက် တိုင်းပြီး မှုပြင်ပေးတဲ့အခါမှာ စိတ်မပါဘူး။ ဟာမီးကိုလည်း ယောကျ်ားဝတ်ရုံ ရောင်းပေးသေးတယ်။ နောက်ဆုံး သူတို့ ဆိုင်က ထွက်ခွာခါနီး သူမ ဦးညွတ်တဲ့အခါမှာ ကြည့်ရတာ သူတို့ ထွက်သွားလို့ ကျေကောင်းသွားတယ် ထင်နေသလိုပဲ။

"ပစ္စည်းအားလုံး စုံပြီလား" သူတို့ ထွက်လာတာ မြင်တော့ ဟက်ဂရစ်က ဝမ်းသာစွာ မေးတယ်။

"စုံလောက်ပြီ" ဟယ်ရီက ပြောတယ်။ "မော်ဖိုင်နဲ့ သူ့အမေကို မြင်လား"

"မြင်တယ်" ဟက်ဂရစ်က သိပ်အရေးမထားဘဲ ပြောတယ်။ "ဒါပေမယ့် ထောင့်ဖြတ်လမ်းမှာ သူတို့ အတင့်မရဲဝံ့ပါဘူး၊ ဟယ်ရီ၊ သူတို့ကို မစိုးရိမ်နဲ့"

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ အကြည့်ချင်း ဖလှယ်လိုက်တယ်။ ဟက်ဂရစ်နဲ့ မှားယွင်းတဲ့ တွေးခေါ်ပုံကို မပြုပြင်ရသေးခင်မှာပဲ မစ္စစ် ဝယ်စလီနဲ့ ဂျင်နီတို့ ရောက်လာတယ်။ နှစ်ယောက်စလုံး စာအုပ်တွေ တစ်ပုံကြီး ပွေ့လာတယ်။

"အားလုံး ဘာမှမဖြစ်ဘူး မဟုတ်လား" မစ္စစ် ဝယ်စလီက ပြောတယ်။ "ဝတ်ရုံဝယ်ပြီးပြီ ? ကောင်းပြီ၊ ငါတို့ ဖရက်နဲ့ ဂျော့ဂ့်ဆိုင်ကို သွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ၊ ဆေးဆိုင်နဲ့ အီးလော့ပ်စ်ဇီးကွက်ဆိုင်ကို ဝင်လိုက်မယ် —— သွားစို့၊ ကပ်လိုက်ကြ . . . . ”

ဟယ်ရီနဲ့ ရွန်က သူတို့မှော်ဆေးပညာတက်ရမှာ မဟုတ်တော့ဘူး ဆိုတာ သိတယ်၊ ဒါကြောင့် ဆေးဆိုင်ထဲမှာ ဘာမှမဝယ်ဘူး။ ဒါပေမယ့် နှစ်ယောက်စလုံး အီးလော့ပ်စ်ဇီးကွက်ဆိုင်မှာ ဟက်ဒဝစ်နဲ့ ဝက်ကလေးအတွက် ဇီးကွက်စာ သစ်စေ့ နှစ်ဘူးကြီး ဝယ်လိုက်တယ်။ ဒီနောက် သူတို့လမ်းပေါ်မှာ ဆက်သွားရင်း ဖရက်နဲ့ ဂျော့တို့ရဲ့ ဟာသကုန်ဆိုင် —— ဝယ်စလီ မှော်ပဥ္စလက်ဆိုင်ကို ရှာတယ်။ မစ္စစ် ဝယ်စလီဟာ တစ်မိနစ်တစ်ကြိမ် နာရီကြည့်တယ်။

“ငါတို့ တကယ်ပဲ အကြာကြီးနေလို့မဖြစ်ဘူး” မစ္စစ် ဝယ်စလီက ပြောတယ်။ “အချိန်လုပြီး ဆိုင်ထဲမှာ ကြည့်ရုံပဲ၊ ပြီးတာနဲ့ ကားပေါ်တက်။ အားလုံး ကပ်လိုက်ကြ၊ ဒါက အမှတ် ကိုးဆယ့်နှစ် . . . . အမှတ် ကိုးဆယ့်လေး —— ”

“ဝိုး” ရွန် ရုတ်တရက် ရပ်သွားတယ်၊ ထအော်တယ်။

ဘေးပတ်လည်က ဆိုင်တွေ အရောင်မှိန်မှိန်ပဲ။ ကြေညာစာတွေနဲ့ ဖုံးကုန်တယ်။ ဖရက်နဲ့ ဂျော့တို့ အလှပြမှန်ပြတင်းတွေကတော့ မီးရှူးမီးပန်းပြပွဲလို လူတွေမျက်လုံးကို ဆွဲဆောင်ထားတယ်။ ရိုးရိုးလူသွားလူလာတွေဟာ အဲဒီမှန်ပြတင်းကို လှည့်မကြည့်ဘဲ မနေနိုင်ဘူး။ လူတချို့ဟာ အလွန်တုန်လှုပ်နေတယ်။ ရပ်ပြီး စွဲစွဲလမ်းလမ်း ကြည့်နေတယ်။ ဘယ်ဘက်က မှန်ပြတင်းထဲမှာ လည်ပတ်နေတဲ့၊ ဆွဲငင်နေတဲ့၊ လက်နေတဲ့၊ ခုန်နေတဲ့၊ အော်နေတဲ့ ကုန်ပစ္စည်းမျိုးစုံရှိတယ်။ ဟယ်ရီဟာ ကြည့်ရင်းနဲ့ မျက်ရည်တောင် ထွက်လာတယ်။ ညာဘက်က မှန်ပြတင်းပေါ်မှာ ခရာမကြော်ငြာပိုစတာတစ်ခု ကပ်ထားတယ်။ မှော်ဝန်ကြီးဌာနက ကြော်ငြာတွေလိုပဲ ခရမ်းရောင်၊ ဒါပေမယ့် အဝါရောင် စာလုံးကြီးတွေ ထင်ပေါ်စွာ ရိုက်နှိပ်ထားတယ်။

သင် ဘာကြောင့် ဟိုလူ့ကို ကြောက်နေတာလဲ ?
သင် ဝမ်းချုပ်တာကို ဂရုစိုက်သင့်တယ် ——
ဝမ်းချုပ်တဲ့ခံစားချက်က နိုင်ငံသားတွေကို ဒုက္ခပေးနေတယ် !



ဟယ်ရီ ရယ်တယ်။ သူ့အနားမှာ အားနည်းစွာ ညည်းညူလိုက်သံ ကြားရတယ်။ လှည့်ကြည့်လိုက်တော့ မစ္စစ် ဝယ်စလီဟာ အဲဒီကြော်ငြာကို ငိုင်ကြည့်နေတာ တွေ့ရတယ်။ သူမနှုတ်ခမ်းတွေဟာ အားမရှိဘဲ လှုပ်နေတယ်၊ အဲဒီစာလုံးတွေကို အသံမထွက်ဘဲ ရွတ်နေတယ် —— ဝမ်းချုပ်တာ။

“သူတို့ အိပ်ရာထဲမှာ အသတ်ခံရလိမ့်မယ်” သူမက တိုးတိုးပြောတယ်။

“မဖြစ်ပါဘူး” ရွန်က ပြောတယ်။ သူလည်း ဟယ်ရီ့လိုပဲ ရယ်ထွက်သွားတယ်။ “ဒါ သိပ်ကို ပြောင်မြောက်တယ်”

သူနဲ့ ဟယ်ရီ ဦးဆောင်ပြီး ဆိုင်ထဲ ဝင်ကြတယ်။ အတွင်းမှာ ဈေးဝယ်တွေချည်းပဲ။ ဟယ်ရီဟာ ကုန်တင်စင်နားတောင် တိုးလို့မရဘူး။ သူ ဟိုဒီကြည့်တယ်။ စက္ကူပုံးတွေ မျက်နှာကြက်ထိ စီထားတာ တွေ့ရတယ်။ ဒါတွေဟာ အမြွာညီအစ်ကို ကျောင်းမအောင်ခင် နောက်ဆုံးတစ်နှစ်မှာ သုတေသနပြုတွင်လုပ်လိုက်တဲ့ သက်ရောက်မြန်ကျောင်းပြေးသကြားလုံး။ လူကြိုက်အများဆုံးက နှာခေါင်းသွေးသစ်စေ့သကြားလုံးဆိုတာ ဟယ်ရီ သတိပြုမိတယ်။ စင်ပေါ်မှာ ဖိမိလို့ ပြားနေတဲ့ တစ်ဘူးပဲ ကျန်တော့တယ်။ ပဥ္စလက် မှော်ကြိမ်လုံးသေတ္တာတွေလည်း ရှိသေးတယ်။ ဈေးအပေါဆုံးဟာဆိုရင် ယမ်းလိုက်တာနဲ့ ရော်ဘာကြက် ဒါမှမဟုတ် ဘောင်းဘီဖြစ်သွားတယ်။ ဈေးအကြီးဆုံးကတော့ အသုံးပြုတဲ့လူ သတိမထားရင် လည်ပင်းနဲ့ ခေါင်းကို အရိုက်ခံရမယ်။ ဘော်မွေးကလောင်ဘူးတွေလည်း ရှိသေးတယ်။ အလိုအလျောက် မင်ပန်းတာ၊ စာလုံးပေါင်း စစ်ဆေးတာ၊ လျင်စွာ လုဖြေတာ စတာတွေ ရှိတယ်။ ဒီအချိန်မှာ လူနည်းနည်းကျဲသွားတယ်။ ဟယ်ရီက ကောင်တာဆီ တိုးသွားတယ်။ ဆယ်နှစ်အရွယ်ကလေးတွေဟာ သစ်သားလူလေး လှေကားထစ်ကို ဖြည်းဖြည်းတက်နေတာကို စိတ်လှုပ်ရှားစွာ ကြည့်နေတယ်။ အဲဒီသစ်သားလူလေးဟာ အစစ်နဲ့တူတဲ့ ကြိုးစင်ကို တက်သွားနေတယ်။ ဒီနှစ်ခုစလုံး သေတ္တာအပေါ်မှာ ရှိတယ်။ သေတ္တာပေါ်မှာ၊ အပြန်ပြန်အလှန်လှန် အသုံးပြုလို့ရတဲ့ လူသတ်သမား —— “စာလုံးမပေါင်းတတ်ရင် ကြိုးပေးမယ်”

“ ‘မှုပိုင်နေ့ အိပ်မက်ဂါထာ . . . .’ ”

ဟာမီးဟာ ကောင်တာဘေးက ကုန်ပစ္စည်းပြ ဗီရိုကြီးရှေ့ မနည်းတိုးသွားပြီး သေတ္တာတစ်လုံးကျောဘက်က စာကို ဖတ်တယ်။ သေတ္တာပေါ်မှာ အရောင်တောက်တောက် အရုပ်ကားတစ်ခု ရိုက်နှိပ်ထားတယ်။ ရုပ်ရည်

www.burmeseclassic.com

www.burmeseclassic.com



သားနားတဲ့ လူငယ်နဲ့ ရီဝေယစ်မူးနေတဲ့ ကောင်မလေးတို့ ပင်လယ်ဓားမြ သင်္ဘောကုန်းပတ်ပေါ် ရပ်နေကြတဲ့ပုံ။

"'ဂါထာတစ်ခု ရွတ်လိုက်တာနဲ့ သင်ဟာ အရည်အချင်း မြင့်မားပြီး အဆုံးစွန် အစစ်နဲ့တူတဲ့ နေ့အိပ်မက် မိနစ်သုံးဆယ်ထဲ ဝင်ရောက်နိုင်မယ်။ အသက်လွန်ကျောင်းတွင် သင်ကြားရန်နဲ့ တကယ်မစူးစမ်းနိုင်သူ (ဘေးထွက် အကျိုးသက်ရောက်မှုမှာ၊ အမူအရာ ထိုင်းမှိုင်းခြင်းနဲ့ အနည်းငယ် သွားရည်ယိုခြင်း ပါဝင်တယ်) အတွက် သင့်တော်တယ်။ အသက်ဆယ့်ခြောက်နှစ်အောက်လူငယ်များအား မရောင်းပါ ' နင်သိတယ်" ဟာမီးက ဟယ်ရီ့ကို မော့ကြည့်ပြီး ပြောတယ်။ "ဒီလိုမှော်ပညာဟာ သိပ်ထူးခြားတာပဲ"

"ဒီပစ္စည်း၊ ဟာမီး" အသံတစ်သံက သူတို့ကျောဘက်က ပြောတယ်။ "နင် တစ်ခု အခမဲ့ယူသွားလို့ရတယ်"

ပြုံးနေတဲ့ ဖရက်က သူတို့နောက်မှာ ရပ်နေတယ်။ သူ့ကိုယ်ပေါ်မှာ ကြက်သွေးရောင်ဝတ်ရုံရှည်တစ်စုံ ဝတ်ထားတယ်။ သူ့ရဲ့ နီရဲတဲ့ဆံပင်နဲ့ အလွန်မလိုက်မဖက်ဖြစ်ပြီး မျက်စိစူးစေတယ်။

"နေကောင်းလား၊ ဟယ်ရီ" သူက လက်ဆွဲနှုတ်ဆက်တယ်။ "ဟာမီး၊ နင့်မျက်လုံး ဘာဖြစ်တာလဲ"

"နင့်လက်သီးအဝေးကြည့်မှန်ပြောင်းကြောင့်ပေါ့" ဟာမီးက စိတ်ဆိုးစွာ ပြောတယ်။

"အိုး၊ အမလေး၊ ငါတောင် မေ့နေပြီ" ဖရက်က ပြောတယ်။ "ရော့ —— "

သူက အိတ်ကပ်ထဲကနေ ပလပ်စတစ်ပုလင်းလေး ထုတ်ပြီး ဟာမီးကို ပေးတယ်။ ဟာမီးက သတိနဲ့ အဖုံးကို လှည့်ဖွင့်တယ်။ အတွင်းမှာ ပျစ်ခဲတဲ့ အဝါရောင်ဆေး ရှိတယ်။

"လိမ်းလိုက်၊ တစ်နာရီအတွင်းမှာ အညိုအမည်း ပြယ်သွားမယ်" ဖရက်က ပြောတယ်။ "ငါတို့ အာနိသင်ကောင်းတဲ့ အညိုအမည်းပျောက်ဆေးတစ်မျိုး ရှာတွေ့မှ ဖြစ်မယ်။ အများစုကို ငါတို့ကိုယ်ပေါ်မှာပဲ စမ်းသပ်တာ"

ဟာမီးက နည်းနည်းစိုးရိမ်မကင်း ဖြစ်နေတယ်။ "ဒါ အန္တရာယ်ကင်းရဲ့လား"



"သေချာတာပေါ့" ဖရက်က သူမကို နှစ်သိမ့်တယ်။ "ဟယ်ရီ၊ သွားမယ်၊ မင်းကို လှည့်ပြမယ်"

ဟာမီးက မျက်စိညိုမည်းနေတဲ့နေရာကို ဆေးလိမ်းနေတယ်။ ဟယ်ရီက သူမကို ထားခဲ့ပြီး ဖရက်နဲ့အတူ ဆိုင်နောက်ဘက်ကို လိုက်သွားတယ်။ အဲဒီမှာ ဖဲချပ်နဲ့ ကြိုးပဥ္စလက်ကို ခင်းပြထားတယ်။

"မတ်ဂေါ်မျက်လှည့်" ဖရက်က ဝမ်းသာစွာနဲ့ တစ်ခုပြီးတစ်ခု သူ့ကို ညွှန်ပြတယ်။ "ငါ့အဖေလို မတ်ဂေါ်ပစ္စည်းတွေ နှစ်သက်တဲ့လူတွေအတွက် ထားတာ . . . . အိုး၊ ဂျော့ လာပြီ . . . . "

ဖရက်ရဲ့အမြွှာညီအစ်ကိုက ဟယ်ရီနဲ့ လှိုက်လှဲစွာ လက်ဆွဲနှုတ်ဆက်တယ်။

"သူ့ကို လှည့်ပြလိုက်ရမလား။ နောက်ဘက်ကို လာ၊ ဟယ်ရီ၊ အဲဒီနေရာကမှ ငါတို့ တကယ့်ငွေရတဲ့နေရာ —— ပစ္စည်းခိုးဝှံတဲ့လူ ခိုးကြည့်၊ အချိန်တန်ရင် ပေးဆပ်ရမှာ ဂါလိုးချည်း မဟုတ်တော့ဘူး" သူက ကောင်လေးတစ်ယောက်ကို ရုတ်တရက် သတိပေးလိုက်တယ်။ အဲဒီကောင်လေးဟာ "စားလို့ရတဲ့ မှော်နက်အမှတ်အသား —— စားတဲ့လူ အန်ချင်မယ်" ဆိုတဲ့ ပလပ်စတစ်ဗူးလင်းပေါ်ကနေ လက်ကို ပြန်ရုတ်လိုက်တယ်။

ဂျော့က မတ်ဂေါ် မျက်လှည့်ပစ္စည်းဘေးက ကန့်လန့်ကာကို လှန်လိုက်တယ်။ ပိုပြီးမှောင်ပေမယ့် သိပ်မကြပ်တဲ့ အခန်းတစ်ခန်းကို ဟယ်ရီ မြင်ရတယ်။ စင်ပေါ်မှာ စီထားတဲ့ ပစ္စည်းတွေရဲ့ အထုပ်အပိုးတွေဟာ နည်းနည်းရိုးတယ်။

"ငါတို့ မကြာခင်ကမှ ဒီလိုပိုပြီးတည်ကြည်တဲ့ ပစ္စည်းတွေ သုတေသနလုပ် ထုတ်လုပ်လိုက်တယ်" ဖရက်က ပြောတယ်။ "ပြောရရင် အတော်စိတ်ဝင်စားစရာကောင်းတယ် . . . . "

"မင်းယုံနိုင်စရာမရှိဘူး၊ လူတွေ အများကြီးပဲ၊ မှော်ဝန်ကြီးဌာနက လုပ်သားတွေ အပါအဝင် သံချပ်ကာဂါထာတစ်ခုတောင် တူတူတန်တန် မရွတ်ဆိုနိုင်ကြဘူး" ဂျော့က ပြောတယ်။ "ဒါပေါ့လေ၊ သူတို့က မင်းလိုဆရာတောင်နဲ့မှ မတွေ့ရတာ၊ ဟယ်ရီ"

"ဒါမှန်တယ် . . . . အင်း၊ ငါတို့အစက ကျိန်စာကာကွယ်တဲ့ ဦးထုပ်ဟာ ဟာသလောက် သဘောထားတာ။ မင်း သိပါတယ်။ အဲဒီလို ဦးထုပ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပြီး မင်းအဖော်ကို မှော်ကျိန်စာဆိုး ချခိုင်းမယ်။ ပြီးတော့ မင်းက သူ့ မျက်နှာကို ကြည့်နေရင် ကျိန်စာက ပြန်ကန်သွားမယ်။ မထင်မှတ်ဘဲ မှော်ဝန်ကြီးဌာနက သူတို့လုပ်သားအားလုံးအတွက် အလုံး ငါးရာ ဝယ်တယ်။ အခု ငါတို့ အမှာစာအများကြီး ရထားတယ်"

"ဒါကြောင့် ငါတို့လဲ ဆက်ပြီး ကျိန်စာကာကွယ်တဲ့ ခြုံထည်၊ ကျိန်စာကာကွယ်တဲ့ လက်အိတ်တွေ တီထွင်လိုက်တယ် . . . ."

" . . . . ငါပြောချင်တာက၊ ၎င်းတို့ဟာ ခွင့်မလွှတ်ကျိန်စာကို ဘာမှ သိပ်အသုံးမကျပေမယ့်၊ မှော်ပညာအသေးအဖွဲ၊ ဆိုးရွားကျိန်စာ သေးတာတွေကိုတော့ . . . ."

"ငါတို့ မှော်နက်ပညာခုခံကာကွယ်တဲ့နယ်ပယ်ကို ဘက်စုံဝင်ဖို့ လုပ်နေတယ်။ အကြောင်းက အဲဒါ ငွေပဒေသာပင်ပဲလေ" ဂျော့က တက်ကြွစွာ ဆက်ပြောတယ်။

"သိပ်မိုက်တာပဲ။ မင်းကြည့်၊ ယာယီမှောင်မည်းမှုန့်၊ ပီရူးက သွင်းတာ။ မင်း အလျှင်အမြန် ထွက်ပြေးချင်ရင် သိပ်အသုံးကျတယ်"

"ပြီးတော့ ငါတို့ရဲ့ တယ်ကြွက်စနက်တံ၊ ခုတွင် စင်ပေါ်က ချထားတာ၊ ကြည့်" ဖရက်က ပုံစံထူးဆန်းတဲ့ အနက်ရောင်ဟွန်းကြီးနဲ့တူတဲ့အရာကို ပြတယ်။ ၎င်းဟာ အချိန်မရွေး ထွက်ပြေးမယ့်ပုံ ပေါက်နေတယ်။ "မင်း တစ်ခုကို တိတ်တိတ်ပစ်လွှတ်လိုက်တာနဲ့ ၎င်းက အလျှင်အမြန် ထွက်ပြေးပြီး အသံအကျယ်ကြီး ထွက်လာမယ်။ မင်းလိုအပ်တဲ့အခါမှာ သူများအာရုံကို ပြောင်းပစ်နိုင်တယ်"

"ဟန်ကျတယ်" ဟယ်ရီက ချီးကျူးတယ်။

"ရော့" ဂျော့က ပြောရင်း နှစ်ခုကောက်ပြီး ဟယ်ရီ့ကို ပစ်ပေးတယ်။

ရွှေရောင်ဆံပင်တိုနဲ့ မှော်ဆရာမငယ်တစ်ယောက် ကန့်လန့်ကာနောက်က ခေါင်းပြူလာတယ်၊ သူမလည်း ကြက်သွေးရောင်ဆိုင်ဝတ်ရုံ ဝတ်ထားတာ ဟယ်ရီ မြင်ရတယ်။

"အပြင်မှာ ဈေးဝယ်တစ်ယောက် ဟာသဆေးကျိုအိုး လိုချင်တယ်၊ မစ္စတာ ဝယ်စလီနဲ့ မစ္စတာ ဝယ်စလီ" သူမက ပြောတယ်။

ဖရက်နဲ့ ဂျော့ကို မစ္စတာ ဝယ်စလီလို့ ခေါ်တာ ကြားတော့ ဟယ်ရီ



က ရယ်စရာကောင်းတယ်လို့ ထင်တယ်။ သူတို့ကတော့ ဒီလိုခေါ်တာကို အလိုက်သင့် လက်ခံလိုက်တယ်။

"ကောင်းပြီ၊ ဗီရစ်ထီ၊ ငါ အခုပဲ လာမယ်" ဂျော့က ချက်ချင်း ပြောတယ်။ "ဟယ်ရီ မင်းလိုချင်တာရှိရင် ကြိုက်သလိုယူ၊ ကောင်းလား၊ ငွေပေးစရာ မလိုဘူး"

"ဒါ ဘယ်ဖြစ်မလဲ" ဟယ်ရီက ပြောတယ်။ သူ ပိုက်ဆံအိတ် ထုတ်ပြီးပြီ၊ တယ်ကြွက်စနက်တံအတွက် ငွေချေမလို့။

"ဒီမှာ မင်း ငွေကုန်စရာမလိုဘူး" ဖရက်က ပြတ်သားစွာ ပြောတယ်။ ဟယ်ရီ့ရွှေဒင်္ဂါးကို လက်နဲ့ ကာလိုက်တယ်။

"ဒါပေမယ့် —"

"ငါတို့ရဲ့ မတည်အရင်းအနှီးဟာ မင်း ငါတို့ကို ချေးပေးတာ။ ဒါ ငါတို့ မမေ့ဘူး" ဂျော့က တည်ကြည်စွာ ပြောတယ်။ "မင် ကြိုက်တာ ယူသွား၊ တကယ်လို့ မေးတဲ့လူရှိရင်၊ ဒီက ဝယ်တာဆိုတာ ပြောဖို့မမေ့နဲ့"

ဂျော့ဟာ ကန့်လန့်ကာကို ဖြတ်ပြီး ဈေးဝယ်ကို ပစ္စည်းရွေးပေးဖို့ သွားပြီ။ ဖရက်က ဟယ်ရီ့ကို ခေါ်ပြီး အပြင်ဆိုင်ထဲ ပြန်လာတယ်။ ဟာမီးနဲ့ ဂျင်နီတို့ဟာ နေ့အိပ်မက်မှော်ဂါထာ မူပိုင်ကုန်ပစ္စည်းကို အတွေးနဲ့ စိုက်ကြည့်နေသေးတာ တွေ့ရတယ်။

"ဒီကောင်မလေးနှစ်ယောက်၊ ငါတို့ အထူးပြုလုပ်ထားတဲ့ 'ထူးဆန်းမှော်ဆရာမ' ကုန်ပစ္စည်းကို မမြင်ရသေးဘူးနော်" ဖရက်က မေးတယ်။ "ငါနဲ့ လိုက်ခဲ့ကြ၊ ကောင်မလေးတွေ . . . ."

ပြတင်းပေါက်နဲ့ကပ်လျက် တောက်ပတဲ့ ပန်းရောင်ပစ္စည်းတစ်တန်း ချထားတယ်။ ဘေးမှာ စိတ်လှုပ်ရှားတဲ့ ကောင်မလေးတွေ ဝိုင်းနေတယ်။ တကျိကျိနဲ့ ရယ်နေကြတယ်။ ဟာမီးနဲ့ ဂျင်နီတို့ ရှေ့မတက်ဘဲ တွေဝေနေတယ်။ အလွန်သတိရှိနေပုံ ရတယ်။

"သွားကြည့်လေ" ဖရက်က ကျေနပ်စွာနဲ့ ပြောတယ်။ "အဆင့်အမြင့်ဆုံး အချစ်ဆေးရည်၊ တခြားမှာ ရှာလို့မရဘူး"

ဂျင်နီက သံသယနဲ့ မျက်ခုံးပင့်လိုက်တယ်။ "အသုံးကျလို့လား"

"အသုံးကျတာပေါ့။ တစ်ကြိမ်ကို နှစ်ဆယ့်လေးနာရီ ခံတယ်။ အဲဒါ အဲဒီကောင်လေးရဲ့ ကိုယ်အလေးချိန်နဲ့ ဆိုင်တယ် —"

www.burmeseclassic.com

www.burmeseclassic.com



" —— ပြီးတော့ အဲဒီကောင်မလေးရဲ့ ဖွဲ့လမ်းစရာကောင်းတဲ့ အခြေအနေပေါ် မူတည်တယ်" ဂျော့ဟာ သူမတို့အနားမှာ ရုတ်တရက် ပေါ်လာပြန်တယ်။ "ဒါပေမယ့် ငါတို့က ၎င်းကို ငါတို့ ညီမလေးအရင်းကို ရောင်းလို့မဖြစ်ဘူး" သူက ဖြည့်ပြောတယ်။ အမူအရာက ရုတ်တရက် တည်ကြည်သွားတယ်။ "အထူးသဖြင့် သူမဟာ အခုချားရဟတ်လို ကောင်လေးငါးယောက်နဲ့ ရင်းနှီးနေတယ်၊ ဒါ ငါတို့ —— "

"အဲဒါ နင်တို့ ရွှန့်ဆီကကြားတဲ့ လုပ်ကြံပြောတဲ့စကား" ဂျင်နီက အေးဆေးစွာ ပြောတယ်။ ကုန်းပြီး စင်ပေါ်ကနေ ပန်းရောင်ဘူးလေးကို ယူလိုက်တယ်။ "ဒါ ဘာလဲ"

"ဆယ်မိနစ် ပြည့်ဖုံပျောက်အထူးဆေး" ဖရက်က ပြောတယ်၊ "အနာစိမ်းနဲ့ အဆံနဲ့ ဝက်ခြံတို့ ဘာတို့ကို အထူးပျောက်စေတယ်။ ဒါပေမယ့် နင် စကားလှည့်မပစ်နဲ့။ နင် အခု ဒင်း-သောမတ်စ်ဆိုတဲ့ ကောင်လေးနဲ့ ရည်းစားထားနေလား"

"ဟုတ်တယ်၊ မှန်တယ်" ဂျင်နီက ပြောတယ်။ "ဒါပေမယ့် ငါ အရင်တစ်ခါ သူနဲ့တွေ့တော့ သူဟာ ကောင်လေးတစ်ယောက်တည်း၊ ကောင်လေးငါးယောက် မဟုတ်ဘူးဆိုတာ သံသယရှိစရာ မလိုဘူး။ အဲဒါတွေက ဘာလဲ"

သူမက ပန်းရောင်နဲ့ ခရမ်းရောင် သိုးမွေးဖွားအလုံးလေးတွေကို ညွှန်ပြတယ်။ အလုံးလေးတွေဟာ လှောင်အိမ်အောက်ဘက်မှာ လိမ့်နေတယ်၊ စူးစူးအော်မြည်နေတယ်။

"လူပုလုံး" ဂျော့က ပြောတယ်။ "အသေးစား အမွေးဖွားလုံး။ ငါတို့က ၎င်းတို့ကို အမြန်ပွားစေတယ်။ ဒါဖြင့်ရင် မစ်ချယ်-ကော်နာကကော ဘာလဲ"

"ငါ သူ့ကို ပစ်လိုက်ပြီ။ သူက ရှက်စရာ ရှုံးနိမ့်သူ" ဂျင်နီက ပြောရင်း လက်တစ်ချောင်းကို လှောင်အိမ်ထဲ ထိုးလိုက်တယ်။ အဲဒီလူပုလုံးလေးတွေ အကုန်ဝိုင်းတက်လာတာ ကြည့်နေတယ်။ "၎င်းတို့ သိပ်ချစ်စရာကောင်းတယ်"

"ဟုတ်တယ်၊ သိပ်ကို ချစ်စရာပဲ" ဖရက်က မှန်ကြောင်း ဝန်ခံတယ်။ "ဒါပေမယ့် နင် ရည်းစားလဲတာလဲ သိပ်မမြန်လွန်းဘူးလား"

ဂျင်နီက သူ့ကို လှည့်ပြီးကြည့်နေတယ်။ လက်နှစ်ဘက်ကို ခါးနောက်ဘက်မှာ ထောက်ထားတယ်။ သူမရဲ့ ဒေါသထွက်တဲ့ အမူအရာဟာ မစ္စစ် ဝယ်စလီနဲ့ သိပ်တူတယ်။ ဖရက် ရှုံ့မသွားတာ ဟယ်ရီ အလွန်အံ့သြမိတယ်။



"ငါ့ကိစ္စ ဝင်မပါနဲ့။ ပြီးတော့" ဒီအချိန်မှာ ရွှန်က ကုန်ပစ္စည်းတစ်ပုံ ပိုက်ပြီး ရုတ်တရက် ဂျော့ဘေးမှာ ပေါ်လာတယ်။ သူမက ဒေါသထွက်ပြီး ရွှန့်ကို အော်ပြောတယ်။ "သူတို့နှစ်ယောက်ရှေ့မှာ ငါ့ကို မဟုတ်တရုတ် မပြောနဲ့"

"အားလုံး သုံးဂါလုံး၊ ကိုးစစ်ခေါ် တနယ်" ဖရက်က ရွှန့်ရင်ဘတ်ထဲက ဘူးကြီးဘူးသေးတွေကို သေချာကြည့်ပြီး ပြောတယ်။ "ငွေချေ"

"ငါက မင်းညီပဲ"

"မင်းယူတာ ငါ့ပစ္စည်း၊ သုံးဂါလုံး ကိုးစစ်ခေါ် တနယ်တော့ ရှိပစေတော့"

"ဒါပေမယ့် ငါ့မှာ သုံးဂါလုံး ကိုးစစ်ခေါ် မရှိဘူး"

"ဒါဆို ပစ္စည်းကို ပြန်ထားရင် ကောင်းမယ်၊ စင်မှားမထားဖို့ သတိထား"

ရွှန်က ဘူးတချို့ လွှင့်ပစ်လိုက်တယ်၊ ဆဲဆိုရင်း ဖရက်ကို ကြမ်းတမ်းတဲ့ လက်ဟန် လုပ်ပြတယ်။ ကံမကောင်းစွာဘဲ၊ ဒီအချိန်မှာ ရောက်လာတဲ့ မစ္စစ် ဝယ်စလီ မြင်သွားတယ်။

"မင်း ဒါမျိုးလုပ်တာ နောက်ထပ်မြင်ရရင်၊ ဆိုးရွားကျိန်စာနဲ့ မင်း လက်ချောင်းတွေကို ခွဲမရအောင် ကပ်ထားမယ်" သူမက တင်းမာစွာ ပြောတယ်။

"အမေ ကျွန်မ လူပုလုံးလေးတစ်ခု ဝယ်လို့ရမလား" ဂျင်နီက ချက်ချင်း လှမ်းမေးတယ်။

"ဘာတစ်ခု ?" မစ္စစ် ဝယ်စလီက သတိနဲ့ မေးတယ်။

"ကြည့်၊ သိပ်ချစ်စရာကောင်းတာပဲ . . . . "

မစ္စစ် ဝယ်စလီ လူပုလုံးလေးတွေ သွားကြည့်တယ်။ ဟယ်ရီ၊ ရွှန်နဲ့ ဟာမီးတို့ဟာ ပြတင်းအပြင်ဘက်ကို ရှင်းရှင်းမြင်ရတယ်။ မော်ဖိုင်တစ်ယောက်တည်း လမ်းပေါ်မှာ ကမန်းကတန်း သွားနေတာ မြင်ရတယ်။ သူ ဝယ်စလီ မော့်ပဒ္ဒလက်ဆိုင်ရှေ့က ဖြတ်သွားတော့၊ လှည့်ကြည့်လိုက်သေးတယ်။ စက္ကန့်အနည်းငယ်ကြာတော့ သူ ပြတင်းကို ဖြတ်သွားတယ်။ သူတို့ သူ့ကို မမြင်ရတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



"သူ့အမေ ဘယ်ရောက်သွားလဲ မသိဘူး" ဟယ်ရီက မျက်မှောင်ကြုတ် ပြောတယ်။

"သူ့အမေကို ခေါက်ထားခဲ့ပြီ ထင်တယ်" ရွန်က ပြောတယ်။

"ဒါ ဘာ့ကြောင့်လဲ" ဟာမီးက မေးတယ်။

ဟယ်ရီ ဘာမှမပြောဘူး၊ သူ အလျင်အမြန် စဉ်းစားနေတယ်။ နာဆစ်ဆာ-မော်ဖိုင်ဟာ သူ့မရဲ့သားကို မျက်စိအောက်က အပျောက်ခံချင်မှာ မဟုတ်ဘူး။ မော်ဖိုင်ဟာ သူ့မ ချုပ်ထိန်းမှုမှ လွတ်အောင် တမင်လုပ်ခဲ့တာ ဖြစ်မယ်။ ဟယ်ရီဟာ မော်ဖိုင်ကို သိပ်နားလည်တယ်၊ ရွံလည်း ရွံမုန်းတယ်။ ဒီထဲမှာ ကောင်းတာတော့ မဖြစ်နိုင်ဘူးလို့ သူ သိတယ်။

သူ လှည့်ကြည့်တယ်၊ မစ္စစ် ဝယ်စလီနဲ့ ဂျင်နီတို့ လူပုလုံးလေးတွေကို ငုံ့ကြည့်နေကြတာ တွေ့ရတယ်။ မစ္စတာ ဝယ်စလီက ဝမ်းသာအားရနဲ့ မတ်ဂေါ်ဖဲတစ်ထုပ်ကို လေ့လာနေတယ်။ ဖရက်နဲ့ ဂျော့တို့က ဈေးရောင်းတာ အလုပ်ရှုပ်နေတယ်။ မှန်ပြတင်းအပြင်ဘက်မှာ၊ ဟက်ဂရစ်က သူတို့ကို ကျောပေးပြီး ရပ်နေတယ်၊ လမ်းပေါ်က အခြေအနေကို စောင့်ကြည့်နေတယ်။

"မြန်မြန်၊ မြန်မြန်ဝင်ခဲ့ကြ" ဟယ်ရီက အိတ်ထဲက ကိုယ်ပျောက်ဝတ်ရုံကို ဆွဲထုတ်ပြီး ပြောတယ်။

"အိုး —— ဒါ ကောင်းပါ့မလား၊ ဟယ်ရီ" ဟာမီးက တုံ့ဆိုင်းစွာနဲ့ မစ္စစ် ဝယ်စလီဘက်ကို ကြည့်ပြီး မေးတယ်။

"မြန်မြန်" ရွန်က ပြောတယ်။

သူမဟာ တစ်စက္ကန့် တွေဝေနေပြီးမှ ဟယ်ရီ၊ ရွန်နဲ့အတူ ကိုယ်ပျောက်ဝတ်ရုံထဲ ဝင်လိုက်တယ်။ သူတို့ပျောက်သွားတာ ဘယ်သူမှ သတိမထားမိဘူး။ အားလုံး ဖရက်နဲ့ ဂျော့ရဲ့ ကုန်တွေထဲ စိတ်ဝင်စားနေတယ်။ ဟယ်ရီ ရွန်နဲ့ ဟာမီးတို့ အမြန်ဆုံး အပြင်ရောက်အောင် ထွက်ခဲ့ကြတယ်။ ဒါပေမယ့် သူတို့ လမ်းပေါ်ရောက်တော့ မော်ဖိုင်ဟာ သူတို့လိုပဲ အောင်မြင်စွာ ပျောက်ကွယ်သွားပြီ။

"သူ ဟိုဘက်သွားတာ" ဟယ်ရီက အသံကို အတတ်နိုင်ဆုံး နှိမ့်ပြောတယ်။ သီချင်းလေးညည်းနေတဲ့ ဟက်ဂရစ် ကြားမှာစိုးလို့။ "မြန်မြန်သွား"

သူတို့ရှေ့ကို သုတ်သုတ်လိုက်သွားတယ်။ လမ်းဘေးနှစ်ဘက်က



ပြတင်းနဲ့ ဆိုင်တံခါးတွေဆီလည်း သတိထား ကြည့်သွားတယ်။ နောက်ဆုံးမှာ ဟာမီးက ရှေ့ကို လက်ညှိုးထိုးပြတယ်။

"သူ ဟိုမှာ၊ ဟုတ်လား" သူမ တိုးတိုးပြောတယ်။ "ဘယ်ဘက်ချိုးသွားပြီ"

"အံ့ဩစရာ တကယ်ကောင်းတယ်" ရွန်က တိုးတိုးပြောတယ်။

မော်ဖိုင်ဟာ ဘေးဘီကြည့်လိုက်ကာ ကျွမ်းပြန်လမ်းထဲ ဝင်သွားပြီး ပျောက်သွားတယ်။

"မြန်မြန်၊ သူ့ကို မျက်ခြည်ပြတ်သွားမယ်" ဟယ်ရီက ပြောရင်း ခြေလှမ်းမြန်လိုက်တယ်။

"ငါတို့ခြေထောက်တွေ သူများမြင်လိမ့်မယ်" ဟာမီးက စိုးရိမ်စွာ ပြောတယ်။ အကြောင်းက ကိုယ်ပျောက်ဝတ်ရုံရဲ့ အောက်စဟာ သူမ ခြေမျက်စိနားမှာ လှုပ်နေလို့။ အခု၊ သူတို့သုံးယောက် ဝင်ပုန်းတာ အရင်ကထက် ခက်လာတယ်။

"ကိစ္စမရှိဘူး" ဟယ်ရီက စိတ်မရှည်ဘဲ ပြောတယ်။ "မြန်မြန်လျှောက်"

သို့ပေမယ့် ကျွမ်းပြန်လမ်းဆိုတဲ့ မှော်နက်ပညာနဲ့ နီးကပ်စွာ ပတ်သက်နေတဲ့ လမ်းကလေးထဲမှာ လူတစ်ယောက်မှ မရှိဘူး။ သူတို့ဟာ လမ်းသွားရင်း ပြတင်းတွေထဲကို ကြည့်တယ်။ ဆိုင်တိုင်းမှာ ဈေးဝယ်မရှိသလိုပဲ။ ဟယ်ရီက ခန့်မှန်းတယ်၊ ဒီလိုအန္တရာယ်ရှိပြီး သံသယများတဲ့အချိန်မှာ မှော်နက်ပစ္စည်းကို ဝယ်မယ်၊ ဒါမှမဟုတ် ဝယ်တာ လူတွေ့သွားမယ်ဆိုရင်၊ ဘယ်သူဘယ်ဝါဆိုတာ ပေါ်သွားနိုင်တယ်။

ဟာမီးက သူ့လက်မောင်းကို တအားလိမ်လိုက်တယ်။

"အမလေး"

"ရှူး၊ မြန်မြန်ကြည့်၊ သူ ဟိုထဲမှာ" သူမက ဟယ်ရီ့နားနားကပ်ပြီး တိုးတိုးပြောတယ်။

အခု သူတို့အနားက ဆိုင်ဟာ ဟယ်ရီ ကျွမ်းပြန်လမ်းမှာ ရောက်ဖူးတဲ့ တစ်ခုတည်းသော ဆိုင်ဖြစ်တယ်။ ဘော်ဂင်နဲ့ ဘတ်ခ်စ်ကုန်ဆိုင်။ ဆိုးရွား[illegible]တ်မရှိတဲ့အရာကိုချည်း သီးသန့်ရောင်းတဲ့ ဆိုင်။ တကယ်ပဲ၊ အရိုးစုနဲ့ [illegible]ဆောင်းတွေ ထည့်ထားတဲ့ သေတ္တာတွေကြားမှာ၊ မော်ဖိုင်က သူတို့ကို ကျောပေးပြီး ရပ်နေတယ်။ အမည်းရောင်ဗီရိုကြီးနောက်မှာ။ ထို[illegible] ဟယ်ရီဟာ

www.burmeseclassic.com

www.burmeseclassic.com



မော်ဖိုင်နဲ့ သူ့အဖေကို ရှောင်ပုန်းဖို့အတွက် အဲဒီဗီရိုကြီးထဲမှာ ဝင်ပုန်းခဲ့သေးတယ်။ မော်ဖိုင့်လက်ဟန်အရ သူဟာ စိတ်ဓာတ်တက်ကြွစွာ စကားပြောနေမှန်း သိရတယ်။ ဆိုင်ရှင် ဘော်ဂင်ဟာ ဆံပင်ဆီရွှဲပြီး ခါးကုန်းတဲ့လူ ဖြစ်တယ်။ သူဟာ မော်ဖိုင်နဲ့ မျက်နှာချင်းဆိုင် ရပ်နေတယ်။ သူ့အမူအရာက တစ်မျိုးကြီးပဲ၊ မှန်းတီးခြင်းနဲ့ ကြောက်ရွံ့ခြင်း ရောနှောနေတယ်။

"သူတို့ပြောတာ ကြားရရင် ကောင်းမှာပဲ" ဟာမီးက ပြောတယ်။

"ရတာပေါ့" ရွန်က ပြောတယ်။ "ခဏနေဦး —— သေပါတော့ ——"

သူက အကြီးဆုံးဘူးကို စမ်းတယ်၊ လက်ထဲမှာ ကိုင်ထားတဲ့ ဘူးနှစ်ခု လွှတ်ကျသွားတယ်။

"ဆန့်ထုတ်နား၊ ကြည့်"

"သိပ်ကောင်းတာပဲ" ဟာမီးက ပြောတယ်။ ရွန်က အသားရောင်ကြိုးရှည်ရှည်ကို ဆန့်လိုက်တယ်။ ၎င်းကို တံခါးကြားက ထည့်လိုက်တယ်။ "အိုး၊ ဒီတံခါး အနှောင့်အယှက်တား ——"

"ချမထားဘူး" ရွန်က ဝမ်းသာစွာ ပြောတယ်။ "နားထောင်"

သူတို့ ခေါင်းချင်းကပ်ပြီး ကြိုးသေးသေးလေးအဖျားကို ကပ်ကာ သေချာနားထောင်တယ်။ မော်ဖိုင့်အသံဟာ လွင်လွင်ရှင်းရှင်း ထွက်လာတယ်၊ ရေဒီယိုကို ဖွင့်လိုက်သလိုပဲ။

" . . . . ၎င်းကို ဘယ်လိုပြင်ရမလဲဆိုတာ ခင်ဗျား သိလား"

"ဖြစ်မယ်ထင်တယ်" ဘော်ဂင်က ပြောတယ်။ သူ့လေသံကို ကြည့်ရတာ၊ သူ အတိအကျ မပြောချင်သလိုပဲ။ "ဒါပေမယ့် ကျုပ် အရင်ကြည့်ဦးမှ၊ မင်း ဘာကြောင့် ဒီကို ယူမလာတာလဲ"

"ယူလို့မရဘူး" မော်ဖိုင်က ပြောတယ်။ "၎င်းကို မူလနေရာမှာပဲ ထားမှ၊ ကျွန်တော့်ကို ဘယ်လိုပြင်ရမယ်ဆိုတာ ပြောပြရင် ပြီးတာပဲ"

ဘော်ဂင်ဟာ စိတ်လှုပ်ရှားစွာ ပါးစပ်ကို လျှာနဲ့ ပွတ်လိုက်တာ ဟယ်ရီ မြင်ရတယ်၊

"ကျုပ် မမြင်ရတော့ ဘယ်လိုဆိုတာ မပြောတတ်ဘူး။ လုံးဝမတတ်နိုင်လောက်တာလဲ ဖြစ်မယ်။ ကျုပ် ဘာမှ အာမမခံနိုင်ဘူး"

"မခံနိုင်ဘူး ?" မော်ဖိုင်က ပြောတယ်။ ဟယ်ရီ သူ့လေသံကြားတာနဲ့



ကဲ့ရယ်နေမှန်း သိတယ်။ "ဒါ ခင်ဗျားကို ပိုပြီး ယုံကြည်စိတ် ဖြစ်လာစေမယ် ထင်တယ်"

သူက ဘော်ဂင်နား တိုးသွားတယ်။ ဗီရိုကြီးက သူ့ကိုယ်ကို ကွယ်ထားတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ ဘေးကို အမြန်ရွှေ့လိုက်တယ်။ သူတို့ကို မြင်ကွင်းက မပျောက်အောင် လုပ်တယ်။ ဒါပေမယ့် သူတို့ ဘော်ဂင်ကိုပဲ မြင်ရတယ်၊ သူ့အမူအရာက အလွန်ထိတ်လန့်နေတယ်။

"သူများကို ပြောဝံ့ရင်" မော်ဖိုင်က ပြောတယ်။ "ခင်ဗျား ထိုက်တန်တဲ့ အပြစ်ဒဏ် ခံရမယ်။ ခင်ဗျား ဖင်းရီအာ-ဂရေးဘက်ခ်ကို သိတယ်မဟုတ်လား။ သူက ကျွန်တော်တို့မိသားစုရဲ့မိတ်ဆွေ၊ ခင်ဗျား ဒီပြဿနာကို သေချာ ဖြေရှင်းနေသလားဆိုတာ သူ မကြာမကြာ လာကြည့်လိမ့်မယ်"

"မလိုအပ်ပါဘူး —— "

"ဒါ ကျွန်တော် ဆုံးဖြတ်မယ်" မော်ဖိုင်က ပြောတယ်။ "ကောင်းပြီ၊ ကျွန်တော် သွားရတော့မယ်။ ကျွန်တော့် အဲဒီအရာကို သေချာသိမ်းထားပေးဖို့ မမေ့နဲ့၊ ကျွန်တော် အသုံးကျမှာပါ"

"မင်း အခုယူမသွားချင်ဘူးလား"

"ဟင့်အင်း၊ ဘယ်ယူချင်မလဲ။ တယ်လဲထိုင်းတဲ့ လူပု၊ ကျွန်တော် ၎င်းကို လမ်းမှာ ဘယ်လိုလုပ်မလဲ။ ခင်ဗျား ရောင်းမပစ်ရင် ပြီးတာပဲ"

"ဘယ်ရောင်းမှာလဲ . . . . ဆရာ"

ဘော်ဂင်က ခါးကို ညွတ်ပြီး အလေးပြုလိုက်တယ်။ သူ လူးရှပ်စ်-မော်ဖိုင်ကိုလဲ ဒီလိုပဲ အလေးပြုတာ ဟယ်ရီ မြင်ဖူးတယ်။

"ဘယ်သူ့မှ မပြောရဘူး၊ ဘော်ဂင်၊ ကျွန်တော့်အမေ အပါအဝင်၊ နားလည်လား"

"ဒါပေါ့၊ ဒါပေါ့" ဘော်ဂင်က ဗလုံးဗထွေး ပြောတယ်။ တစ်ခါ ဦးညွှတ်အလေးပြုလိုက်ပြန်တယ်။

ဒီနောက်၊ ဆိုင်တံခါးပေါ်က ကလိုင်မြည်သွားတယ်။ မော်ဖိုင် ဆိုင်ထဲက ထွက်လာတယ်။ သူ့ကိုယ်သူ သိပ်ကျေနပ်နေတဲ့ပုံပဲ။ သူဟာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးနား ကပ်ပြီး လျှောက်သွားတယ်။ ကိုယ်ပျောက်ဝတ်ရုံ သူတို့ဒူးထိ မိုက်ခတ်နေတယ်လို့ ခံစားရတယ်။ ဆိုင်ထဲမှာတော့၊ ဘော်ဂင်ဟာ နေရာတွင်

www.burmeseclassic.com

www.burmeseclassic.com



မလှုပ်နိုင်ဘဲ ရှိနေသေးတယ်။ မျက်နှာပေါ်က လုပ်ပြုံးပျောက်သွားပြီ။ အမူအရာက အလွန်ပူပန်နေသလိုပဲ။

"ဒါ ဘာများလဲ" ရွှန်က တိုးတိုးမေးတယ်။ တစ်ဖက်ကလည်း ဆန့်ထုတ်နားကြီးလေးကို ပြန်သိမ်းတယ်။

"မသိဘူး" ဟယ်ရီက ကြိုးစားတွေးရင်း ပြောတယ်။ "သူ ပစ္စည်းတစ်ခု ပြင်ချင်တယ် . . . . နောက်ပစ္စည်းတစ်ခုကို ဆိုင်မှာ သူ့အတွက် သိမ်းထားစေချင်တယ် . . . . သူ 'အဲဒီအရာ' ကို ပြောတော့ သူ ဘာကို ညွှန်တယ်ဆိုတာ မင်းတို့ သိလား"

"ဟင့်အင်း၊ သူ ဗိရိုနဲ့ ကွယ်နေတယ် —— "

"နင်တို့နှစ်ယောက် ငြိမ်ငြိမ်နေခဲ့" ဟာမီးက တိုးတိုးပြောတယ်။

"နင် ဘာလုပ်မလို့လဲ —— "

ဒါပေမယ့် ဟာမီးဟာ ကိုယ်ပျောက်ဝတ်ရုံအောက်က ထွက်သွားပြီ။ သူမဟာ မှန်ထဲမှာ သူ့ဆံပင်ကို ကြည့်လိုက်ပြီး ဆိုင်ထဲကို တန်းဝင်သွားတယ်။ ကလိုင် တဒေါင်ဒေါင် မြည်လာပြန်တယ်။ ရွှန်က ဆန့်ထုတ်နားကို တံခါးအဟထဲ တစ်ခါထိုးထည့်ပြန်တယ်။ ကြိုးသေးလေးတစ်ချောင်းကို ဟယ်ရီ့ပေးလိုက်တယ်။

"ဟဲလို၊ ရာသီဥတု သိပ်ဆိုးတယ်နော်" ဟာမီးက ဘော်ဂင်ကို ပျော်ရွှင်စွာ ပြောတယ်။ ဘော်ဂင်က သူမကို သံသယနဲ့ ကြည့်လိုက်တယ်၊ မဖြေဘူး။ ဟာမီးက ပျော်ရွှင်စွာနဲ့ သီချင်းလေးညည်းရင်း ဆိုင်ထဲမှာ ခင်းထားတဲ့ ရှုပ်ယှက်ခတ်နေတဲ့ ကုန်ပစ္စည်းတွေကြားထဲ ဟိုဒီသွားနေတယ်။

"ဒီဆွဲကြိုး ရောင်းမလား" သူမက မှန်ဗီရိုတစ်ခုရှေ့မှာ ရပ်လိုက်ပြီး မေးတယ်။

"မင်း ဂါလုံး ထောင့်ငါးရာပေးရင်၊ ရောင်းမယ်" ဘော်ဂင်က အေးစက်စက်ပြောတယ်။

"အိုး —— အဲ —— ဟင့်အင်း၊ ကျွန်မမှာ ပိုက်ဆံ ဒီလောက်များများ မရှိဘူး" ဟာမီးက ပြောရင်း ရှေ့ကို ဆက်သွားတယ်။ "ဒါဆို . . . . ဒီချစ်စရာ . . . . အင်း . . . . အရိုးစုကကော"

"ဆယ့်ခြောက်ဂါလုံး"



"ဒါဆို ၎င်းကို ရောင်းလို့ရတာပေါ့၊ တစ်ယောက်ယောက် —— တစ်ယောက်ယောက်အတွက် ချန်ထားတာများလား"

ဘော်ဂင်က သူမကို မျက်စိမှေးကြည့်နေတယ်။ ဟယ်ရီ့မှာ မဟန်တဲ့ ခံစားချက် ရှိတယ်။ ဟာမီး ဘာလုပ်ချင်တယ်ဆိုတာ ဘော်ဂင် ရှင်းပုံရတယ်။ ဟာမီးကလည်း မိမိကို သိသွားမှန်း သိပြီး၊ သူမက ရုတ်တရက် စွန့်လိုက်တယ်။

"ဒီလိုပါ —— အဲ —— ခုနက ဝင်လာတဲ့ကောင်လေး၊ ဒြာခို-မော်ဖိုင်၊ သူက ကျွန်မမိတ်ဆွေပါ၊ ကျွန်မ သူ့ကို မွေးနေ့လက်ဆောင် ပေးချင်လို့၊ ဒါပေမယ့် သူ ကြိုမှာထားတာရှိရင်၊ ကျွန်မ တူနေတာ ဝယ်မိမှာစိုးလို့ ဒါကြောင့် . . . . အင်း . . . . "

ဟယ်ရီ့အဖို့ ဒီပုံပြင် သိပ်ခေလွန်းတယ်လို့ ထင်တယ်။ ဘော်ဂင်ကလည်း ဒီလိုပဲ ထင်တယ်။

"ထွက်သွား" သူက မာမာအော်ဟောက်တယ်။ "ထွက်သွား"

ဟာမီးဟာ သူ နောက်ထပ် မပြောရခင်မှာ ကမန်းကတန်း ထွက်ပြေးလာတယ်။ ဘော်ဂင်က တံခါးဝထိ လိုက်လာတယ်။ ကလိုင်သံ ရုတ်ရုတ်ရက်ရက် မြည်သွားတယ်။ ဘော်ဂင်က သူမနောက်က တံခါးကို ပိတ်လိုက်ပြီး 'ဆိုင်ပိတ်သည်' ဆိုတဲ့ ဆိုင်းဘုတ် ချိတ်လိုက်တယ်။

"အား ကောင်းတယ်" ရွှန်က ပြောရင်း ကိုယ်ပျောက်ဝတ်ရုံကို ဟာမီးကိုယ်ပေါ် ခြုံလိုက်တယ်။ "စမ်းကြည့်သင့်တယ်၊ ဒါပေမယ့် နင်လုပ်တာ သိပ်ပေါ်တင်ကြီး ဖြစ်နေတယ် —— "

"ကောင်းပြီ၊ နောက်တစ်ခါ နင် ငါ့ကို လုပ်ပြ၊ လျှို့ဝှက်ဆန်းကြယ်ဆရာကြီး" သူမက ပြောတယ်။

အပြန်လမ်းမှာ၊ ရွှန်နဲ့ ဟာမီး ပါးစပ်စစ်ထိုးလာတယ်။ ဒါပေမယ့် ဝယ်စလီ ပဥ္စလက်ဆိုင် ရောက်တာနဲ့ ပါးစပ်မပိတ်လို့ မရတော့ဘူး။ ဒါမှ သူမသိ သူမသိနဲ့ ထိတ်ပျာနေတဲ့ မစ္စစ် ဝယ်စလီကို ရှောင်ပုန်းလို့ရမှာ။ သူတို့ ပျောက်သွားတာ တွေ့ရှိတဲ့ ဟက်ဂရစ်ကို ရှောင်ပုန်းလို့ရမှာ။ ဆိုင်ထဲ ရောက်တာနဲ့ ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကို ချွတ်ပြီး အိတ်ထဲ ထည့်လိုက်တယ်။ ဒီနောက်မှ မစ္စစ် ဝယ်စလီ မေးတာကို ရင်ဆိုင်တယ်။ သူနဲ့ အဖော်နှစ်ယောက်လုံးက နောက်ဘက်အခန်းလေးထဲမှာပဲ နေနေတာ၊ သူမ သေချာမရှာလို့ဆို့ တညီတည်း ပြောကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၇။ ပက်ကျိကလပ်

နွေကျောင်းပိတ်ရက် နောက်ဆုံး ရက်သတ္တပတ်အချို့မှာ ဟယ်ရီဟာ အများအားဖြင့် မော်ဖိုင် ကျွမ်းပြန်လမ်းမှာ လုပ်တာတွေကို တွေးတောနေတယ်။ သူ့ကို စိတ်အနှောင့်အယှက်ဖြစ်စေတာက မော်ဖိုင် ဆိုင်က ထွက်လာစဉ် ကျေနပ်တဲ့ အမူအရာပဲ။ မော်ဖိုင့်ကို ဒီလောက်ဝမ်းသာစေတဲ့ကိစ္စက အကောင်းတော့ မဟုတ်ဘူး။ ဒါပေမယ့် သူ့ကို အနည်းငယ် ဒေါသထွက်စေတာက၊ ရွန်နဲ့ ဟာမီးတို့ဟာ မော်ဖိုင်ရဲ့ အပြုအမူကို သူ့လောက် သိချင်ပုံမရတာပဲ။ အနည်းဆုံး ရက်အနည်းငယ်ကြာတော့ သူတို့ ငြီးငွေ့သွားတယ်။ ဒီအကြောင်းကို မပြောချင်တော့ဘူး။

"ဟုတ်တယ်၊ ဟယ်ရီ၊ ဒါ သံသယဖြစ်စရာပဲလို့ ငါ ဝန်ခံပြီးပြီပဲ" ဟာမီးက စိတ်မရှည်ဘဲ ပြောတယ်။ သူမဟာ ဖရက်နဲ့ ဂျော့ အခန်းက ပြတင်းခုံပေါ်မှာ ထိုင်နေတယ်။ ခြေနှစ်ဘက်က စက္ကူသေတ္တာပေါ် နင်းထားတယ်။ သူမရဲ့ စာအုပ်သစ် 'အဆင့်မြင့် မှော်စာဘာသာပြန်' ပေါ်ကနေ မကျေမနပ်



မော့်ကြည့်တယ်။ "ဒါပေမယ့် ဒီကိစ္စကို အမျိုးမျိုး အဓိပ္ပာယ်ကောက်လို့ရတယ်လို့ ငါတို့ထင်တယ်မဟုတ်လား"

"သူ့ဂုဏ်ရောင်ပြောင်တဲ့လက် ပျက်စီးသွားလို့လဲ ဖြစ်မှာပေါ့" ရွန်က သူ့တံမြက်စည်းပေါ်က ကွေးနေတဲ့ တံမြက်စည်းတံကို ဆန့်ပေးရင်း မရှင်းမလင်း ပြောနေတယ်။ "မော်ဖိုင်ရဲ့ လက်ချောက်ကို မှတ်မိသေးလား"

"ဒါပေမယ့် သူက 'အဲဟိုအရာကို ကျွန်တော့်အတွက် သေချာသိမ်းထားပေး' လို့ ပြောတယ်၊ ဒါကကော ဘာအဓိပ္ပာယ်လဲ" ဒီမေးခွန်းကို ဟယ်ရီ မေးတာ အကြိမ်ပေါင်း မရေတွက်နိုင်တော့ဘူး။ "ငါ့အထင်တော့၊ အဲဒီပျက်သွားတဲ့အရာ၊ ဘော်ဂင်မှာလဲ တစ်ခုရှိသေးတယ်။ မော်ဖိုင်က နှစ်ခုစလုံး လိုချင်တယ်"

"မင်းက ဒီလိုတွေးတယ် ?" ရွန်က ပြောရင်း တံမြက်စည်းလက်ကိုင်ပေါ်က ဖုန်ကို သုတ်ပစ်တယ်။

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ ရွန်နဲ့ ဟာမီးတို့ ပြန်မဖြေတာ တွေ့တော့၊ သူက ပြောပြန်တယ်။ "မော်ဖိုင့်အဖေ အကျဉ်းထောင်ကျ နေတယ်။ မင်းတို့ ပြောစမ်း၊ မော်ဖိုင် ကလဲ့စားချေချင်နေသလား"

ရွန်က ခေါင်းမော့ပြီး ပေကလပ် ပေကလပ် လုပ်နေတယ်။

"မော်ဖိုင် ? ကလဲ့စားချေမယ်။ သူ ဘာလုပ်နိုင်လို့လဲ"

"ငါ ဒီလိုတွေးတာပဲ ရှိတယ်၊ ငါလဲ မသိဘူး" ဟယ်ရီက စိတ်မာတ်ကျစွာ ပြောတယ်။ "ဒါပေမယ့် သူ တစ်ခုခုတော့ လုပ်ဖို့ရှိမယ်။ ငါတို့ အလေးအနက် သဘောထားဖို့ လိုတယ်။ သူ့အဖေက ဒက်အီတာ၊ ပြီးတော့ —"

ဟယ်ရီ စကားရပ်သွားပြီး ဟာမီးနောက်ဘက်က ပြတင်းပေါက်ကို စိုက်ကြည့်နေတယ်။ ပါးစပ်ကြီးဟထားတယ်။ သူ့ခေါင်းထဲမှာ အတွေးတစ်ခု ရလိုက်တယ်။

"ဟယ်ရီ ?" ဟာမီးက စိုးရိမ်တဲ့ လေသံနဲ့ ပြောတယ်။ "နင် ဘာဖြစ်လဲ"

"မင်း အမာရွတ် နာပြန်ပလား" ရွန်ကလဲ စိတ်လှုပ်ရှားစွာ ပြောတယ်။

"သူ ဒက်အီတာဖြစ်တယ်" ဟယ်ရီက ဖြည်းဖြည်းပြောတယ်၊ "သူ သူ့အဖေအစား ဒက်အီတာ လုပ်လိုက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ခဏတာ ငြိမ်သက်သွားပြီး၊ ရွှန်က တဟားဟား ရယ်တယ်။

"မော်ဖိုင် ? သူ ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်လေ၊ ဟယ်ရီ။ ဟိုလူက မော်ဖိုင်ကို ဝင်ခွင့်ပေးမယ် ထင်လို့လား"

"တကယ်ပဲ မဖြစ်နိုင်ဘူး၊ ဟယ်ရီ" ဟာမီးက စိတ်ရှည်ရှည်ထားတဲ့ လေသံနဲ့ ပြောတယ်။ "နင် ဘာဖြစ်လို့ ထင်တာလဲ —"

"မဒမ်မော်ကင်ဝတ်ရုံရှည်ဆိုင်မှာတုန်းက။ မဒမ်မော်ကင်က သူ့ကို အင်္ကျီလက်ပင့်လိပ်ပေးဖို့ လုပ်တော့ သူ့ကိုတောင် လုံးဝမထိရသေးဘဲ သူက ထအော်တယ်။ လက်ကို ဆတ်ခနဲ ပြန်ဆွဲယူတယ်။ အဲဒါ သူ့ဘယ်လက်။ သူ့ကို မှော်နက်အမှတ်အသား ခပ်ထားပေးပြီးပြီ"

ရွှန်နဲ့ ဟာမီးတို့ အပြန်အလှန် ကြည့်လိုက်တယ်။

"ဒါကတော့ . . . ." ရွှန့်လေသံက လုံးဝမယုံတဲ့လေသံ။

"ထိုစဉ်က သူ အဲဒီက ထွက်သွားချင်တာလို့ ငါ ထင်တယ်၊ ဟယ်ရီ" ဟာမီးက ပြောတယ်။

"သူ ဘော်ဂင်ကို ဘာပြသလဲဆိုတာ ငါတို့ မမြင်ရဘူး" ဟယ်ရီက ခေါင်းမာစွာ ဆက်ပြောတယ်။ "အဲဒီဥစ္စာက ဘော်ဂင်ကို အထိတ်တလန့် ဖြစ်စေတယ်။ အဲဒါမှော်နက်အမှတ်အသားပဲဖြစ်မယ်ဆိုတာ ငါ သိတယ် — သူက ဘော်ဂင်ကို ဘယ်သူနဲ့ ဆက်ဆံနေတယ်ဆိုတာ သိအောင် ပြတာ။ ဘော်ဂင်က သူ့ကို ဘယ်လောက်အလေးထားတယ်ဆိုတာ မင်းတို့လဲ မြင်တာပဲ"

ရွှန်နဲ့ ဟာမီးတို့ အကြည့်ချင်း ဖလှယ်လိုက်ပြန်တယ်။

"ငါ သေချာမပြောနိုင်ဘူး၊ ဟယ်ရီ . . . ."

"ဟုတ်တယ်၊ ဟိုလူက မော်ဖိုင်ကို ထည့်ဦးမှာမဟုတ်ဘူးလို့ပဲ ငါ ထင်တယ် . . . ."

ဟယ်ရီ အတော်စိတ်ဆိုးတယ်၊ ဒါပေမယ့် မိမိ မှန်တယ်လို့ ယုံကြည်တယ်၊ သူဟာ ညစ်ပေနေတဲ့ ခွေဒစ်ဝတ်ရုံကို ဆွဲယူပြီး အခန်းက ထွက်သွားတယ်၊ ဒီရက်တွေမှာ မစ္စစ် ဝယ်စလီက သူတို့ကို အချိန်လုပြီး အဝတ်လျှော်ဖို့၊ အထုပ်အပိုးပြင်ဖို့၊ နီးမှ ခြေမကိုင်မိ လက်မကိုင်မိ မဖြစ်ဖို့ ဆော်ဩနေတယ်။ လျှော်ထားပြီးနေရာမှာ သူနဲ့ ဂျင်နီ ဝင်တိုက်မိတယ်။ ဂျင်နီက သူမအခန်းကို ပြန်မလို့ လျှော်ဖွပ်ပြီးတဲ့ အဝတ်တွေ ပိုက်ထားတယ်။



"ငါသာဆိုရင်၊ အခု မီးဖိုချောင်မသွားဘူး" သူမက သူ့ကို သတိပေးတယ်။ "အဲဒီမှာ ချွဲသလိပ် တစ်ပုံကြီး ရှိတယ်"

"ငါ နင်းမိပြီး လိမ့်မကျအောင် သတိထားမှာပါ" ဟယ်ရီက ပြုံးပြီး ပြောတယ်။

တကယ်ပဲ၊ သူ မီးဖိုချောင်ထဲ ဝင်လိုက်တာနဲ့၊ ဖလေအာ စားပွဲဘေးထိုင်ပြီး သူမနဲ့ ဘီး မင်္ဂလာဆောင် ဘယ်လိုစီစဉ်မယ့်အကြောင်း ပြောနေတယ်။ မစ္စစ် ဝယ်စလီဟာ အလိုအလျောက် အခွံလှီးတဲ့ နို့ဂိုဥနားရပ်ပြီး မတတ်သာတဲ့ အမူအရာ ပေါ်နေတယ်။

" . . . . ဘီးနဲ့ ကျွန်မ အမျိုးသမီး အရံနှစ်ယောက်ပဲ ခေါ်ဖို့ ဆုံးဖြတ်ခဲ့ လုပ်တယ်။ ဂျင်နီနဲ့ ဂါဘရီတို့ အတူရပ်နေရင် သိပ်ချစ်စရာကောင်းမှာ။ သူတို့ကို ရွှေရောင်ဖျော့ဖျော့ ဝတ်ခိုင်းမယ်လို့ စဉ်းစားတယ် — ပန်းရောင်နဲ့ ဂျင်နီ့ဆံပင်မလိုက်ဘဲ အရုပ်ဆိုးမယ် —"

"အား၊ ဟယ်ရီ" မစ္စစ် ဝယ်စလီက အကျယ်ကြီး ပြောတယ်။ ဖလေအာရဲ့ တစ်ဦးတည်း ပြောဆိုခြင်းကို ပြတ်သွားစေတယ်။ "သိပ်ကောင်းတာပဲ၊ ငါ မင်းကို မနက်ဖြန် ဟော့ဂ်ဝပ်သွားတဲ့ခရီးမှာ လုံခြုံရေးလုပ်တဲ့အကြောင်း ပြောမလို့။ ငါတို့ မှော်ဝန်ကြီးဌာနက ကားငှားလို့ ရပြန်ပြီ။ အချိန်ရောက်ရင် ဘူတာမှာ အော်ရာတွေ စောင့်နေလိမ့်မယ် —"

"တန့်ခ်စ်လဲ လာမှာလား" ဟယ်ရီက ခွေဒစ်ဝတ်ရုံကို ကမ်းပေးလိုက်ပြီး မေးတယ်။

"ဟင့်အင်း၊ မလာဘူးထင်တယ်၊ အာသာပြောပြတာက သူမကို တခြားမှာ တာဝန်ပေးထားတယ်တဲ့"

"အဲဒီတန့်ခ်စ်ဟာ အခု ဘိုသီဘတ်သီ ဖြစ်နေတယ်" ဖလေအာက တွေးရင်း ပြောတယ်။ ဇွန်းကြီး ဖင်ဘက်ကို ထောင်ပြီး သူမရဲ့ လှပတဲ့ မျက်နှာလေးကို ကြည့်လိုက်တယ်။ "ဒါ အမှားကြီးပဲလို့ ငါ ပြောချင်တယ် —"

"ဟုတ်တယ်၊ မင်းကို အများကြီး ကျေးဇူးတင်တယ်" မစ္စစ် ဝယ်စလီက စူးစူးပြောတယ်။ ဖလေအာစကားကို တစ်ခါပြတ်သွားစေတယ်။ "မင်း အချိန်လုပြီး အမြန်သိမ်းဆည်း၊ ဟယ်ရီ။ ဖြစ်နိုင်ရင်၊ ဒီည သေတ္တာကို အပြီး သိမ်းဆည်းထား။ အရင်ကလို သွားခါနီးမှ ရှုပ်ယှက်ခတ်နေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ၊ နောက်နေ့နံနက် သူတို့ထွက်ခွာတော့ အများကြီး အဆင်ပြေတယ်။ မော်ဝန်ကြီးဌာနက မော်တော်ကား အညာတရဂေဟာရှေ့ ရောက်လာတော့၊ သူတို့အားလုံး အဲဒီမှာ စောင့်နေကြပြီ။ သေတ္တာတွေ သိမ်းဆည်းပြီးပြီ။ ဟာမီးကြောင့် ခရွတ်ရှန်ဟာ မိမိရဲ့ ခရီးသွားခြင်းထဲမှာ ကောင်းမွန်စွာ ရှိနေတယ်။ ဟက်ဒဝစ်၊ ရွန့်ဇီးကွက် ဝက်ကလေးနဲ့ ဂျင်နီ နောက်ဆုံး ဝယ်ထားတဲ့ ခရမ်းရောင် လူပုလုံးလေး အာနိုးတို့လဲ လှောင်အိမ်ထဲမှာ ကောင်းမွန်စွာ ရှိနေတယ်။

"ပြန်တွေ့မယ်၊ အာရီ" ဖလောအာက အသံအက်အက်နဲ့ ပြောတယ်။ ဟယ်ရီ့ကိုလည်း နမ်းလိုက်တယ်။ ရွန်က အမြန်ရှေ့တက်လာတယ်။ မျက်နှာပေါ်မှာ မျှော်လင့်တဲ့ အမူအရာနဲ့၊ ဒါပေမယ့် ဂျင်နီက ခြေတစ်ဘက်ထုတ်ပြီး ရွန့်ကို ခြေကလိမ်ချိုးချလိုက်တာ၊ ဖလောအာ ခြေထောက်ဘေးက မြေကြီးပေါ် လဲကျသွားတယ်။ သူဟာ ဒေါ်ပွလို့ မျက်နှာကြီး နီလာတယ်၊ ကိုယ်ပေါ်မှာလည်း ဖုန်တွေချည်းပဲ။ ဂွတ်ဘိုင်လို့တောင် မပြောနိုင်တော့ဘဲ ကားထဲ ကမန်းကတန်း ဝင်သွားတယ်။

မင်း ကြက်ခြေဘူတာမှာ သူတို့ကို စောင့်နေသူဟာ ဝမ်းသာအားရနဲ့ ဟက်ဂရစ် မဟုတ်ဘူး။ ကားရပ်သွားတာနဲ့ မတ်ဂေါ်အကျီ အနက်ရောင် ဝတ်ပြီး၊ အမူအရာတင်းတင်းနဲ့ မုတ်ဆိတ်ကြီးတွေရှိတဲ့ အောရာနှစ်ယောက် ရှေ့တက်လာတယ်။ စကားတစ်ခွန်းမှ မပြောဘူး။ ဝဲယာကနေ သူတို့ကို စောင့်ရှောက်ပြီး ဘူတာထဲ ဝင်လာတယ်။

"မြန်မြန်၊ မြန်မြန်၊ အကာနံရံကို မြန်မြန်ဖြတ်ကြ" မစ္စစ် ဝယ်စလီက ပြောတယ်။ ဒီလို စည်းကမ်းကြီးစွာ လုပ်တာကြောင့် သူမ နည်းနည်းပျာနေတယ်၊ "ဟယ်ရီ့ကို အရင်သွားခိုင်းရင် ကောင်းမယ် —"

သူမက အော်ရာတစ်ယောက်ကို သဘောမေးတဲ့အနေနဲ့ ကြည့်နေတယ်၊ အဲဒီလူက အသာလေး ခေါင်းညိတ်လိုက်တယ်။ ဟယ်ရီ့ပခုံးကို ကိုင်လိုက်ပြီး အမှတ်ကိုးနဲ့ အမှတ်တစ်ဆယ် စင်္ကြံကြားက အကာနံရံဆီ လျှောက်သွားတယ်။

"ကျွန်တော့်ဟာသာ သွားနိုင်တယ်၊ ကျေးဇူးပဲ" ဟယ်ရီက စိတ်ဆိုးစွာ ပြောတယ်။ လက်ကို အောရာလက်ထဲက ရုန်းထွက်လိုက်တယ်။ သူဟာ လက်တွန်းလှည်းကို တွန်းပြီး ခိုင်မာတဲ့ အကာနံရံဆီ တည့်တည့်ပြေးဝင်သွား



တယ်၊ စကားမပြောတဲ့ အဖော်လုပ်သူကို လုံးဝအရေးမလုပ်ဘူး။ တစ်စက္ကန့်ကြာတော့၊ မိမိ ၉ ¾ စင်္ကြံပေါ် ရောက်နေတာ တွေ့ရှိရတယ်။ တိုးကျပ်နေတဲ့ လူအုပ်တွေဘက်မှာ၊ ခရမ်းနီရောင် ဟော့ဂ်ဝပ် အထူးအမြန်ရထားကြီး ရေငွေ့တွေ မှုတ်ထုတ်နေတယ်။

စက္ကန့်အနည်းငယ်ကြာတော့၊ ဟာမီးနဲ့ ဝယ်စလီမိသားစုလည်း ရောက်လာပြီ။ ဟယ်ရီဟာ အမူအရာသုန်မှုန်တဲ့ အောရာရဲ့သဘောကို မေးဘဲ၊ ရွန်နဲ့ ဟာမီးကို သူနဲ့အတူ စင်္ကြံအတိုင်း ရှေ့ဆက်လျှောက်ပြီး လူလွတ်တဲ့ တွဲကို လိုက်ရှာဖို့ အမူအရာပြတယ်။

"ငါတို့ အတူသွားလို့မရဘူး၊ ဟယ်ရီ" ဟာမီးက အားနာစွာ ပြောတယ်။ "ငါနဲ့ ရွန် အတန်းခေါင်းဆောင်တွဲကို အရင်သွားရမယ်။ ဒီနောက် စင်္ကြံထဲမှာ ခဏကင်းလှည့်ရဦးမယ်"

"အိုး၊ ဟုတ်တယ်၊ ငါ မေ့နေလို့" ဟယ်ရီက ပြောတယ်။

"မင်းတို့ အမြန်ရထားပေါ်တက်ရင် ကောင်းမယ်၊ မိနစ်အနည်းငယ်ပဲ ကျန်တော့တယ်" မစ္စစ် ဝယ်စလီက နာရီကြည့်လိုက်ပြီး ပြောတယ်။ "ကောင်းပြီ ဒီကျောင်းပတ်မှာ ပျော်ပါစေ၊ ရွန် . . . ."

"မစ္စတာ ဝယ်စလီ၊ ကျွန်တော် သင်နဲ့ စကားနည်းနည်းပြောလို့ရမလား" ဟယ်ရီဟာ ရုတ်တရက် စိတ်ပေါက်လာပြီး တစ်ခုဆုံးဖြတ်လိုက်တယ်။

"ပြဿနာမရှိဘူး" မစ္စတာ ဝယ်စလီက ပြောတယ်။ သူကြည့်ရတာ နည်းနည်းအံ့ဩနေတယ်။ ဒါပေမယ့် ဟယ်ရီနဲ့အတူ သူတို့ စကားပြောတာ သူများ မကြားရတဲ့နေရာကို လိုက်သွားတယ်။

သူတို့နှစ်ယောက် တစ်ဖက်သို့ သွားတော့၊ မစ္စစ် ဝယ်စလီနဲ့ အမူအရာ သုန်မှုန်တဲ့ အောရာတို့ သံသယနဲ့ လှမ်းကြည့်တာ သူ မြင်ရတယ်။

"ကျွန်တော်တို့ ထောင့်ဖြတ်လမ်းမှာတုန်းက —" ဟယ်ရီ စပြောတယ်၊ ဒါပေမယ့် မစ္စတာ ဝယ်စလီ အမူအရာပြောင်းပြီး သူ့ကို တားလိုက်တယ်။

"ကျုပ်က မင်း၊ ရွန်နဲ့ ဟာမီးတို့ ဘယ်ရောက်သွားလဲဆိုတာ သိချင်နေတာ၊ မင်းတို့က ဖရက်နဲ့ ဂျော့တို့ဆိုင်ရဲ့ နောက်ဘက်က အခန်းလေးမှာလို့ ထင်ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သင် ဘယ်လိုလုပ် ——"

"ဟယ်ရီ၊ ကျုပ်ကို လှည့်ပတ်မနေနဲ့။ မင်း ဘယ်သူနဲ့ စကားပြောနေတယ်ဆိုတာ သိလား။ ဖရက်နဲ့ ဂျော့ကို ကျုပ် ကြီးအောင် မွေးလာတာ"

"အင်း —— ဟုတ်တယ်၊ မှန်တယ်။ ကျွန်တော်တို့ နောက်ဘက်က အခန်းလေးမှာ တကယ်ပဲ မရှိဘူး"

"ကောင်းတယ်၊ ဒါဆိုရင် အဆိုးဆုံး နားထောင်ရအောင်"

"ဒီလိုပါ၊ ကျွန်တော်တို့ ဂွာခို-မော်ဖိုင်ကို နောက်ယောင်ခံလိုက်တာ။ ကျွန်တော်တို့ ကျွန်တော့်ကိုယ်ပျောက်ဝတ်ရုံကို ခြုံထားတယ်"

"မင်းတို့ ဒီလိုလုပ်တာ ဘာအထူးအကျိုးအကြောင်းရှိလို့ ဒီလိုလုပ်တာလဲ၊ ဒါမှမဟုတ် ရုတ်တရက် စိတ်ဖောက်လို့လား"

"ကျွန်တော်က မော်ဖိုင် အကြံတစ်ခုခု ရှိနေတယ်ထင်လို့" ဟယ်ရီက မစ္စတာ ဝယ်စလီ ဒေါသထွက်နေတာနဲ့ ရယ်စရာကောင်းတဲ့ပုံကို အရေးမလုပ်ဘဲ ဆက်ပြောတယ်။ "သူက သူ့အမေကို ခေါက်ထားခဲ့လို့ ကျွန်တော်က ဘာဆိုတာ သိချင်လို့"

"မင်း တွေးတာ မှန်တယ်" မစ္စတာ ဝယ်စလီက အလိုလိုက်တဲ့လေသံနဲ့ ပြောတယ်၊ "နောက်တော့ကော၊ မင်း ဘာဆိုတာ သိပြီလား"

"သူ ဘော်ဂင်နဲ့ ဘတ်ခ်စ်ဆိုင်ထဲ ဝင်သွားတယ်" ဟယ်ရီက ပြောတယ်၊ "ဆိုင်ထဲက ဟိုလူ ဘော်ဂင်ကို တစ်ခုခုပြင်ပေးဖို့ အတင်းအမိန့် ပေးနေတယ်၊ တစ်စုံလိုပဲ၊ နောက်တော့ ...."

ဟယ်ရီ အသက်ပြင်းပြင်းရှူလိုက်တယ်။

"တခြားလဲ ရှိသေးတယ်၊ မဒမ်မော်ကင်က မော်ဖိုင့်ဘယ်လက်ကို သွားကိုင်မယ်လုပ်တော့၊ သူ တစ်ခါတည်း တစ်မိုင်လောက် ခုန်ပြေးသွားတယ်။ ကျွန်တော်ကတော့ သူ့ကို မှော်နက်အမှတ်အသားထိုးပေးထားပြီ ထင်တာပဲ။ သူ့အဖေကို အစားထိုးပြီး ဒက်ဒ်အီတာလုပ်ပြီထင်တယ်"

မစ္စတာ ဝယ်စလီ လန့်သွားသလိုပဲ၊ သူ ခဏရပ်နေပြီး ပြောတယ်။

"ဟယ်ရီ ဟိုလူက အသက်ဆယ့်ခြောက်နှစ်ပဲ ရှိသေးတဲ့ —— ကျုပ် မယုံဘူး"

"ဟိုလူ ဘာလုပ်မယ်၊ မလုပ်ဘူးဆိုတာ ဘယ်သူသေချာသိမှာလဲ" ဟယ်ရီက စိတ်ဆိုးစွာ မေးတယ်။ "မစ္စတာ ဝယ်စလီ၊ ကျွန်တော် ဝမ်းနည်းပါတယ်။ ဒါပေမယ့် ဒီကိစ္စကို မစုံစမ်း မစစ်ဆေးသင့်ဘူးလား။ တကယ်လို့



မော်ဖိုင်မှာ ပြင်စရာပစ္စည်းတစ်ခုရှိတယ်ဆိုရင်၊ ပြီးတော့ ဘော်ဂင်ကို ပေးဖို့ ခြိမ်းခြောက်တယ်ဆိုရင်၊ အဲဒီအရာဟာ မှော်နက်နဲ့ ပတ်သက်မှာပဲ၊ အန္တရာယ်ရှိတယ်၊ ဟုတ်လား"

"အမှန်ပြောရရင်၊ ကျုပ် သေချာမပြောနိုင်ဘူး၊ ဟယ်ရီ" မစ္စတာ ဝယ်စလီက ဖြည်းဖြည်းပြောတယ်။ "မင်း သိပါတယ်၊ လူးရှပ်စ်-မော်ဖိုင် အဖမ်းခံပြီးနောက်၊ ကျုပ်တို့ သူ့အိမ်ကို ရှာဖွေတယ်၊ အန္တရာယ်ဖြစ်နိုင်တဲ့ အရာအားလုံး သိမ်းယူလိုက်တယ်"

"သင်တို့ တစ်ခုခုကျန်နေမယ်ထင်တယ်" ဟယ်ရီက ခေါင်းမာစွာ ပြောတယ်။

"ဟုတ်တယ်၊ ဒါလဲ မပြောနိုင်ဘူး" မစ္စတာ ဝယ်စလီက ပြောတယ်။ ဒါပေမယ့် မစ္စတာ ဝယ်စလီက သူ့ကို အလိုက်သင့်ပြောနေတယ်ဆိုတာ ဟယ်ရီ ခံစားရတယ်။

ကျောဘက်ကနေ ဝီစီသံ ပေါ်ထွက်လာတယ်။ လူတိုင်းလိုလို ရထားပေါ် တက်ကြပြီ၊ တွဲတံခါးပိတ်တော့မယ်။

"မင်း မြန်မြန်လုပ်မှ" မစ္စတာ ဝယ်စလီက ပြောတယ်။ ဒီအချိန်မှာ မစ္စစ် ဝယ်စလီက အော်ပြောတယ်။ "ဟယ်ရီ၊ မြန်မြန်လုပ်"

ဟယ်ရီ အပြေးအလွှား သွားတယ်။ မစ္စစ် ဝယ်စလီက သူ့ကို ကူပြီး သေတ္တာကို ရထားပေါ် တင်ပေးတယ်။

"ကောင်းပြီ၊ အချစ်လေး၊ မင်း တို့ဆီလာပြီး ခရစ္စမတ်စ် လုပ်၊ ဒါကို ဒမ်ဘလီဒိုးနဲ့ ပြောပြီးပြီ၊ ဒါကြောင့် တို့ မကြာခင် ပြန်တွေ့မှာ" မစ္စစ် ဝယ်စလီက ပြတင်းအပြင်က ပြောတယ်။ ဒီအချိန်မှာ ဟယ်ရီက တံခါးကို တွန်းပိတ်လိုက်တယ်။ ရထားစထွက်ပြီ။ "ကိုယ့်ကိုကိုယ် သေချာဂရုစိုက် —— "

ရထားအရှိန်မြင့်လိုက်တယ်။

" —— လိမ်လိမ်မာမာနေ —— "

သူမက ရထားနောက် အပြေးလေးလိုက်တယ်။

" —— အန္တရာယ်မဖြစ်စေနဲ့"

ဟယ်ရီက မနားတမ်း လက်ပြတယ်၊ ရထားကွေ့ချိုးသွားပြီး မစ္စစ် ဝယ်စလီကို မတွေ့ရတဲ့ထိ လက်ပြနေတယ်။ ဒီနောက် သူ ကိုယ်ကို လှည့်လိုက်ပြီး တခြားလူတွေ ဘယ်သွားလဲ ကြည့်ကြည့်တယ်။ ရွန်နဲ့ ဟာမီးတို့

www.burmeseclassic.com

www.burmeseclassic.com



အတန်းခေါင်းဆောင်တွဲထဲမှာ ရှိမယ်လို့ သူ ခန့်မှန်းတယ်။ တော်သေးတယ်၊ ဂျင်နီက ဟိုဘက်က စကြီထဲမှာ မိတ်ဆွေအချို့နဲ့ စကားပြောနေတယ်။ ဒါနဲ့ သူဟာ သေတ္တာကို ဆွဲပြီး သူမဆီ လျှောက်သွားတယ်။

သူ ကပ်သွားတော့ လူတွေဟာ သူ့ကို ပေါ်တင်ကြီး စိုက်ကြည့်ကြတယ်။ တချို့က သူ့ကို ကြည့်ဖို့အတွက်၊ မျက်နှာကို တွဲမှန်တံခါးပေါ် ကပ်ထားတယ်။ 'ကြိုဟောဆရာများနေ့စဉ်' မှာ 'ရွေးချယ်ခံရသူ' နဲ့ ပတ်သက်တဲ့ ကောလာဟလတွေ ထည့်ပြီးကတည်းက၊ ဒီကျောင်းပတ်မှာ လူတွေ သူ့ကို ပိုတိုးပြီး စိုက်ကြည့်တာ၊ ဝိုင်းကြည့်တာ ခံရမယ်ဆိုတာ သူ သိပြီးသား။ ဒါပေမယ့် သူဟာ ဒီလိုမျက်စိစူးစေတဲ့ မီးသီးကြီးအောက်မှာ နေရတဲ့ခံစားချက်ကို မကြိုက်ဘူး။ သူက ဂျင်နီ့ကျောကို ပုတ်လိုက်တယ်။

"တွဲတစ်တွဲ သွားရှာမလား"

"မဖြစ်ဘူး၊ ဟယ်ရီ၊ ငါ ဒင်းကို စောင့်မယ်လို့ ပြောထားတယ်" ဂျင်နီက ပျော်ရွှင်စွာ ပြောတယ်။ "တော်ကြာတွေ့မယ်"

"ကောင်းပြီ" ဟယ်ရီက ပြောတယ်။ သူဟာ သူမ လှည့်သွားစဉ် ဆံပင်နီနီရှည်ရှည်ဟာ သူမကျောဘက်မှာ လွင့်ပျံ့သွားတာ မြင်ရတော့ ရင်ထဲမှာ တစ်မျိုးကြီး ဟာသွားသလိုပဲ။ နွေကျောင်းပိတ်ရက်ထဲမှာ သူဟာ ဂျင်နီနဲ့ တွေ့ကြတာ ရိုးနေပြီ၊ သူမ ကျောင်းမှာ သူရယ်၊ ရွန်နဲ့ ဟာမီးတို့နဲ့ တစ်ဖွဲ့နေတာ မဟုတ်ဘူးဆိုတာတောင် မေ့နေပြီ။ ဒီနောက် သူ မျက်တောင်ခတ်လိုက်ပြီး ဘေးဘီကို ကြည့်လိုက်တယ်။ သူ့အနားဝိုင်းနေသူတွေဟာ သူ့ကို စွဲလမ်းတဲ့ ကောင်မလေးတွေချည်းပဲ။

"ဟိုင်း၊ ဟယ်ရီ" ရင်းနှီးတဲ့အသံတစ်သံက ကျောဘက်က ခေါ်တယ်။

"နီဗီး" ဟယ်ရီ အသက်ရှူချောင်သွားတယ်။ လှည့်ကြည့်လိုက်တော့ မျက်နှာဝိုင်းဝိုင်းနဲ့ ကောင်လေးတစ်ယောက် ဒီဘက်ကို မနည်းတိုးဝင်လာတယ်။

"ဟဲလို၊ ဟယ်ရီ" နီဗီးနောက်က ဆံပင်ရှည်ရှည် ကောင်မလေးက ပြောတယ်၊ သူမရဲ့ မျက်လုံးကြီးဟာ ဝေဝါးနေတယ်။

"လူနာ၊ ဟိုင်း၊ နေကောင်းလား"

"သိပ်ကောင်းတယ်၊ ကျေးဇူးတင်ပါတယ်" လူနာက ပြောတယ်။ သူမ ဟာ မဂ္ဂဇင်းတစ်အုပ်ကို ရင်ဝမှာ ဖိထားတယ်။ မျက်နှာဖုံးပေါ်မှာ မြင်သာတဲ့



စာလုံးကြီးနဲ့ အတွင်းမှာ အခမဲ့ တစ္ဆေကြည့် မျက်မှန်တစ်ခု လက်ဆောင်ပေးမယ်လို့ ကြော်ငြာထားတယ်။

"'ခွစ်ဘလာ' တအားရောင်းကောင်းတယ်နော်" ဟယ်ရီက မေးတယ်။ သူဟာ ဒီမဂ္ဂဇင်းကို တစ်စုံတစ်ရာ ခံစားချက်ကောင်းတယ်၊ အကြောင်းက အရင်နှစ်တုန်းက ၄င်းလာဗျူးတာ သူ လက်ခံခဲ့ရဖူးလို့။

"ဟုတ်တယ်၊ စောင်ရေမှန်မှန်တက်နေတယ်" လူနာက ဝမ်းသာစွာ ပြောတယ်။

"ငါတို့ နေရာသွားရှာရအောင်" ဟယ်ရီက ပြောတယ်။ ဒါနဲ့ သုံးယောက်သား ငိုင်ကြည့်နေတဲ့ ကျောင်းသားတွေကို တိုးပြီး စကြီအတိုင်း ရှေ့ကို သွားတယ်။ နောက်ဆုံးမှာ တွဲလွတ်တစ်ခုကို ရှာတွေ့သွားတယ်။ ဟယ်ရီက စိတ်ချမ်းသာသွားပြီး အမြန် အထဲဝင်လိုက်တယ်။

"သူတို့က ငါတို့ကိုတောင် စိုက်ကြည့်တယ်" နီဗီးက ပြောတယ်။ သူပြောတာ လူနာနဲ့ သူ့ကို။ "ငါတို့ မင်းနဲ့အတူရှိလို့"

"သူတို့ မင်းတို့ကို စိုက်ကြည့်တာ၊ ထိုအချိန်က မင်းတို့လဲ မှော်ဝန်ကြီးဌာနမှာ ရှိနေလို့" ဟယ်ရီက ပြောရင်း သေတ္တာကို မပြီး ပစ္စည်းတင်စင်ပေါ် တင်လိုက်တယ်။ "ငါတို့ရဲ့ ထူးဆန်းတဲ့ အတွေ့အကြုံလေးကို 'ကြိုဟောဆရာများနေ့စဉ်' ထဲ ထည့်ထားတယ်လေ၊ မင်းတို့ ဖတ်ပြီးရောပေါ့"

"ဟုတ်တယ်၊ အစကတော့ ဒီလို လူသိရှင်ကြားဖြစ်သွားရင် အဘွားစိတ်ဆိုးမယ်ထင်တာ" နီဗီးက ပြောတယ်။ "မထင်မှတ်ပဲ သူမက အလွန်ဝမ်းသာတယ်။ ငါ့ကို အဖေ့သားအစစ် ဖြစ်သွားပြီလို့ ပြောတယ်၊ သူမက ငါ့ကို မှော်ကြိမ်လုံးအသစ် ဝယ်ပေးသေးတယ်။ ကြည့်"

သူက မှော်ကြိမ်လုံးကို ဆွဲထုတ်ပြီး ဟယ်ရီ့ကို ကမ်းပေးတယ်။

"ချယ်ရီသား၊ ဂျိုတဂျိုတီရစ္ဆာန်အမွေး" သူက ကျေနပ်နှစ်သိမ့်စွာ ပြောတယ်။ "ဒါ အော်လီဗန်ဒါရောင်းတဲ့ နောက်ဆုံးမှော်ကြိမ်လုံးလို့ ငါတို့ ထင်တယ်။ သူ နောက်နေ့မှာပဲ ပျောက်သွားတယ် —— ဟေး၊ မြန်မြန်ပြန်လာ၊ ဒွိတာ"

သူဟာ ထိုင်ခုံအောက်ကို ဝင်ပြီး သူ့ဖားပြုပ်ကို ဖမ်းတယ်။ ၄င်းဟာ အမြဲထွက်ပြေးပြီး လွတ်လပ်မှုရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဒီနှစ် DA တွေ့ဆုံတာ လုပ်ဦးမလား၊ ဟယ်ရီ" လူနာက မေးတယ်။ သူမဟာ အရောင်တောက်တဲ့ မျက်မှန်တစ်လက်ကို 'ခွစ်ဘလာ' ထဲက ဖြုတ်ယူနေတယ်။

"အခု အမ်ဘရစ်ဂျ်နဲ့ ကင်းသွားပြီ၊ ထပ်လုပ်စရာ မလိုတော့ဘူး ဟုတ်လား" ဟယ်ရီက ပြောရင်း ထိုင်လိုက်တယ်။ နီဗီး ထိုင်ခုံအောက်က အထွက်မှာ ခုံနဲ့ ဆောင့်မိသွားတယ်။ သူ အလွန်စိတ်ပျက်မိတယ်။

"ငါ DA တွေ့ဆုံတာ ကြိုက်တယ်" ငါ နင့်ရှိတာ အများကြီး သင်ယူရရှိတယ်"

"ငါလဲ အဲဒီတွေ့ဆုံတာကို သိပ်ကြိုက်တယ်" လူနာက အေးအေးဆေးဆေး ပြောတယ်။ "ဒါ မိတ်ဆွေတိုးတာပေါ့"

လူနာဟာ ဒီလိုအဆင်မပြေတဲ့ စကားမျိုး အမြဲလို ပြောတတ်တယ်။ ဟယ်ရီ့မှာ စာလည်း စာနာ၊ အနေရလည်း ကျပ်တဲ့ ရှုပ်ထွေးတဲ့ ခံစားချက် ဖြစ်စေတယ်။ သို့ပေမယ့် သူ မဖြေရသေးခင်မှာပဲ တွဲအပြင်ဘက်မှာ လှုပ်လှုပ်ရှရှ ဖြစ်သွားတယ်။ စတုတ္ထတန်းကျောင်းသူတစ်အုပ်ဟာ မှန်ပြတင်းအပြင်ဘက်မှာ တိုးတိုးပြောဆိုနေကြတယ်၊ တခစ်ခစ် ရယ်နေကြတယ်။

"နင် သူ့ကို သွားမေး"

"ဟင့်အင်း၊ နင်သွား"

ရင်းတို့ထဲက ရဲပုံပေါက်တဲ့ကောင်မလေးဟာ တံခါးတွန်းပြီး ဝင်လာတယ်။ သူမမှာ မျက်လုံးမည်းမည်းကြီးကြီးနဲ့ စွန်းထွက်တဲ့ မေး၊ နက်မှောင်တဲ့ ဆံပင်ရှိတယ်။

"ဟိုင်း၊ ဟယ်ရီ။ ကျွန်မက ရိုမီဒါ, ရိုမီဒါ-ဗိန်း" သူမက ကိုယ့်ကိုယ်ကိုယ် ယုံကြည်စွာနဲ့ အကျယ်ကြီး ပြောတယ်။ "နင် ဘာလို့ ငါတို့တွဲမှာ မထိုင်တာလဲ၊ နင် သူတို့နဲ့ အတူနေစရာမလိုဘူး" သူမက အသံနှိမ့်ပြောတယ် ဆင်လည်း ဘေးလူကြားအောင် ပြောတယ်၊ တစ်ခါ ထိုင်ခုံအောက်ကို နောက်ဆင်ပြီး ချိုဘာကို ဖမ်းနေတဲ့ နီဗီးရဲ့ အပြင်မှာ ကျန်နေတဲ့ဖင်ကို လက်ညှိုးထိုးပြတယ်၊ ပြီးတော့ လူနာ။ သူမ အခု အခမဲ့ရတဲ့ မျက်မှန်ကို တပ်ထားပြီး ပွဲမန်းတ အာရုံရှုပ်ထွေးတဲ့၊ ရောင်စုံဇီးကွက်ကြီးနဲ့ တူနေတယ်။

"သူတို့က ကျွန်တော့်သူငယ်ချင်းတွေ" ဟယ်ရီက အေးစက်စက် ပြောတယ်။



"အိုး" အဲဒီကောင်မလေးဟာ အလွန်အံ့ဩသွားသလိုပဲ။ သူမက ပြောတယ်။ "အိုး၊ ကောင်းပြီ"

ဒီနောက် သူမ ထွက်သွားတယ်၊ လျှောတံခါးကို ဆွဲပိတ်သွားတယ်။

"လူတွေက နင့်မှာ ငါတို့ထက်မိုက်တဲ့ မိတ်ဆွေရှိရမယ်လို့ ထင်တယ်" လူနာက ပြောတယ်။ သူမဟာ နောက်တစ်ကြိမ် အချက်ကျကျ ပြောဆိုတတ်တဲ့ စိတ်အနှောင့်အယှက်ဖြစ်စရာ ရိုးဖြောင့်မှုကို ဖော်ပြလိုက်တယ်။

"မင်းတို့ မိုက်တာပဲ" ဟယ်ရီက တိုတိုပဲ ပြောတယ်။ "ထိုစဉ်က သူတို့ ဘယ်သူမှ ဝန်ကြီးဌာနထဲမှာ မရှိဘူး၊ သူတို့ ငါနဲ့အတူ တိုက်ပွဲမဝင်ခဲ့ဘူး"

"ဒီလိုပြောတာ သိပ်ကောင်းတယ်" လူနာဟာ ချက်ချင်းပြုံးရွှင်သွားတယ်၊ တစ္ဆေကြည့်မျက်မှန်ကို နှာခေါင်းပေါ် တွန်းတင်လိုက်ပြီး 'ခွစ်ဘလာ' ကို ပြန်ငုံ့ဖတ်နေတယ်။

"ဒါပေမယ့် ငါတို့ သူနဲ့ ရင်မဆိုင်ရဘူး" နီဗီးက ပြောရင်း ထိုင်ခုံအောက်က တိုးထွက်လာတယ်။ သူ့ဆံပင်ပေါ်မှာ ဖုန်နဲ့ အမျှင်တွေ ပေနေတယ်၊ လက်ထဲမှာ ငြိမ်သွားတဲ့ ချိုဘာကို ကိုင်ထားတယ်။ "သူနဲ့ ရင်ဆိုင်တာက မင်း၊ ငါ့အဘွား ဘယ်လိုပြောတယ်ဆိုတာ မင်း နားထောင်ကြည့်သင့်တယ်။ 'အဲဒီ ဟယ်ရီ-ပေါ်တာဟာ မှော်ဝန်ကြီးဌာနတစ်ခုလုံးက လူတွေပေါင်းတာထက် အရိုးမာတယ်'၊ မင်း သူ့မြေးလုပ်ရင်၊ သူ ဘာနဲ့မဆို လဲမှာ ...."

ဟယ်ရီဟာ မနေတတ်ဘဲ ရယ်တယ်။ စကားစကို OWL စာမေးပွဲရမှတ်ပေါ် ဆွဲခေါ်လိုက်တယ်။ နီဗီးက သူ့ရမှတ်ကို ပြောပြတယ်၊ ဒီနောက် စိတ်ထဲက သောကကို ပြောတယ်၊ သူ့ရုပ်ပြောင်းဘာသာမှာ "အောင်" မှတ်ပဲ ရတယ်၊ NEWT ဘာသာရပ်တွေ ယူလို့ရမလား မသိဘူး။ ဟယ်ရီက သေချာနားမထောင်ဘဲ သူ့ကို ကြည့်နေတယ်။

ဟယ်ရီ့လိုပဲ၊ နီဗီး ကလေးဘဝဟာ ဗိုလ်ဒီမွန့်ဖျက်ဆီးတာ ခံရတယ်၊ ဒါပေမယ့် နီဗီးဟာ သူလည်း ဟယ်ရီ့ကံကြမ္မာမျိုး ကြုံရဖို့ နည်းနည်းပဲ လိုတယ်ဆိုတာ မသိဘူး။ ကြိုဟောစကားညွှန်တာက သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်။ သို့ပေမယ့်၊ နားမလည်နိုင်တဲ့ အကြောင်းတချို့ကြောင့် ဗိုလ်ဒီမွန့်က ကြိုဟောစကားက ညွှန်တာ ဟယ်ရီလို့ ယုံကြည်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ ဗိုလဒီမွန့်က နီဗီးကို ရွေးချယ်တယ်ဆိုရင်၊ နဖူးမှာ လျှပ်စီးသဏ္ဌာန် အမာရွတ်နဲ့ အဲဒီကြိုးဟောစကားရဲ့ ဝန်ထုပ်ဝန်ပိုးကို ပိုးထားရသူဟာ ဟယ်ရီ့ရှေ့က နီဗီး . . . . ဟုတ်လား။ နီဗီးအမေဟာ သူ့ကို ကယ်တင်ဖို့အတွက် သေမလား။ လီလီက ဟယ်ရီကို ကယ်ဖို့အတွက် သေသွားသလိုပေါ့။ ဒါ သေချာတယ် . . . . ဒါပေမယ့် တကယ်လို့ သူမဟာ ဗိုလဒီမွန့်နဲ့ သူ့သားကို ဒုက္ခပေးရာမှာ မရပ်ခံနိုင်ခဲ့ရင်၊ "ရွေးချယ်ခံရသူ" ဆိုတာ လုံးဝ မရှိနိုင်ဘူးလား။ ဒီလိုဆိုရင်၊ အခု နီဗီး ထိုင်နေတဲ့နေရာမှာ လူမရှိတော့ဘူး။ ခုနက ဟယ်ရီ့ကို နမ်းရှုံ့နှုတ်ဆက်သူဟာ ဟယ်ရီ့အမေပဲ ဖြစ်မယ်၊ ရွန့်အမေ မဖြစ်တော့ဘူး။ ဟုတ်လား။

"ဘာမှမဖြစ်ပါဘူးနော်၊ ဟယ်ရီ။ မင်းကြည့်ရတာ တစ်မျိုးကြီးပဲ" နီဗီးက ပြောတယ်။

ဟယ်ရီ ရုတ်တရက် လန့်နိုးလာတယ်။

"ဝမ်းနည်းပါတယ် — ငါ — "

"နှောင့်ယှက်ပိုးတွယ်ခံရပြီ?" လူနာက စာနာစွာ ပြောတယ်။ ရောင်စုံ မျက်မှန်ကြီးနောက်ကနေ ဟယ်ရီ့ကို ကြည့်နေတယ်။

"ငါ — နင် ဘာပြောတာလဲ"

"အနှောင့်အယှက်ပိုး . . . . ၎င်းက ရုပ်ပျောက်၊ နင့်နားထဲ ဝင်လာတတ်တယ်၊ နင့်ခေါင်းကို ရှုပ်အောင်လုပ်တယ်" သူမက ပြောတယ်။ "ခုနက တစ်ကောင် ဒီနားမှာ တအုန်းအုန်း ပျံနေတာ ငါ ခံစားရတယ်"

သူမဟာ လက်နှစ်ဘက်နဲ့ လေကို ခတ်နေတယ်။ မမြင်ရတဲ့ ပိုးဖလံကြီးကို မောင်းပစ်နေသလိုပဲ။ ဟယ်ရီနဲ့ နီဗီးတို့ အပြန်အလှန် ကြည့်လိုက်ကြပြီး ချေ့ခစ်အကြောင်း အမြန်စကားစလိုက်ကြတယ်။

တွဲအပြင်က ရှုခင်းဟာ လင်းလိုက် မှောင်လိုက် ဖြစ်နေတယ်။ အနောက်တဲ့ နှင်းမှုန်မှုန်ကို ဖြတ်သွားပြီးတာနဲ့ ကြည်လင်ပြီး နေရောင်ဖျော့ဖျော့ကို မြင်ရပြန်တယ်။ ပြတင်းအပြင်က နေရောင် မိုးလယ်ရောက်ခါနီးကျမှ ရွန်နဲ့ ဟာမိုင်းတို့ ဝင်လာတယ်။

"နေ့လယ်စာ တွန်းလှည်း မြန်မြန်လာစေချင်တယ်၊ ငါ ဆာလှပြီ" ရွန်က တောင့်တောင့်ရင်း ပြောတယ်။ ဟယ်ရီ့ဘေး ဝင်ထိုင်ပြီး ဗိုက်ကို ပွတ်နေတယ်။ "ဟိုင်း နီဗီး ဟိုင်း လူနာ၊ ဘာဆိုတာ မှန်းကြည့်စမ်း" သူက ဟယ်ရီ့ဘက်



လှည့်ပြီး ပြောတယ်။ "မော်ဖိုင်ဟာ အတန်းခေါင်းဆောင်လုပ်ပြီး တာဝန်ကို အပြည့်အဝ မထမ်းဆောင်ဘူး။ သူက စလေးသရင်းကျောင်းသားတချို့နဲ့ တွဲထဲမှာပဲ ထိုင်နေတယ်။ ငါတို့ ဖြတ်သွားတုန်း မြင်ရတာ"

ဟယ်ရီက ဆတ်ခနဲ မတ်မတ်ထိုင်လိုက်တယ်။ ချက်ချင်းစိတ်ဝင်စားသွားတယ်။ အတန်းခေါင်းဆောင်ဆိုတဲ့ ကြွားဝါဖို့ အခွင့်အရေးကို စွန့်လွှတ်တာ မော်ဖိုင့်လုပ်ဟန် မဟုတ်ဘူး။ လွန်ခဲ့တဲ့ ကျောင်းပတ်က သူ အလွန် ဆောင်လွှားတယ်။

"သူ မင်းတို့ကို မြင်တုန်းက ဘာလုပ်နေလဲ"

"ခါတိုင်းလိုပဲ" ရွန်က အလေးမထားဘဲ ပြောတယ်။ ကြမ်းတမ်းတဲ့ လက်ဟန်တစ်ခု လုပ်ပြတယ်။ "ဒါ သူ့စရိုက်နဲ့ မတူဘူး။ ဟုတ်လား။ အင်း — ဒါကတော့၊ သူ့စရိုက်နဲ့တူတယ် — " သူက အဲဒီလက်ဟန်လုပ်ပြပြန်တယ်။ "သူ ဘာဖြစ်လို့ ပထမနှစ်ကျောင်းသားတွေကို လာတာဝန်မယူတော့တာလဲ"

"မသိဘူး" ဟယ်ရီက ဒီလိုပြောနေပေမယ့် ခေါင်းထဲမှာတော့ အလျင်အမြန် စဉ်းစားနေတယ်။ ဒါဟာ မော်ဖိုင့်စိတ်ထဲမှာ ပထမနှစ်ကျောင်းသားလေးတွေကို အနိုင်ကျင့်တာထက် ပိုအရေးကြီးတဲ့ကိစ္စရှိနေလို့လား။

"သူက မေးမြန်းစစ်ဆေးရေးလှုပ်ရှားမှုအဖွဲ့ထဲ ပိုပါချင်လို့ ဖြစ်မှာပေါ့" ဟာမိုင်းက ပြောတယ်။ "အတန်းခေါင်းဆောင်ဖြစ်တော့ နည်းနည်းလိမ္မာနေမယ်ထင်တယ်"

"ငါ ဒီလိုမထင်ဘူး" ဟယ်ရီက ပြောတယ်။ "ငါထင်တာက — "

သူ့အမြင်ကို မပြောရသေးခင်မှာပဲ၊ တွဲတံခါး ဆွဲဖွင့်ခံရပြန်တယ်။ အဟောဟောမောနေတဲ့ တတိယနှစ်ကျောင်းသူတစ်ယောက် ဝင်လာတယ်။

"ကျွန်မ ဒါတွေကို နီဗီး-လွန်ဘော့တမ်နဲ့ ဟယ်ရီ-ပေါ်တာကို လာပေးတာ" သူမက အ,ထစ်အ,ထစ်နဲ့ ပြောတယ်။ ဟယ်ရီနဲ့ အကြည့်ချင်း ဆုံမိတာနဲ့ မျက်နှာကြီး နီသွားတယ်။ သူမက ခရမ်းရောင် ဖဲကြိုးနဲ့ ချည်ထားတဲ့ သိုးရေစက္ကူလိပ်နှစ်ခု ကမ်းပေးတယ်။ ဟယ်ရီနဲ့ နီဗီးဟာ မိမိတို့နာမည် ရေးထားတဲ့ စက္ကူလိပ်ကို အသီးသီး သံသယနဲ့ ယူလိုက်တာနဲ့ ကျောင်းသူဟာ ယိမ်းယိုင်နဲ့ တွဲထဲက ပြေးထွက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြီးလဲ" ရွန်က ဟယ်ရီ စက္ကူလိပ်ကို ဖြည်လိုက်တာ ကြည့်ပြီး မေးတယ်။

"ဖိတ်စာတစ်စောင်" ဟယ်ရီက ပြောတယ်။

ဟယ်ရီ၊

တကယ်လို့ မင်း ကျုပ်နဲ့အတူ C တွဲမှာ နေ့လယ်စာ စားနိုင်မယ်ဆိုရင်၊ ကျုပ် သိပ်ဝမ်းသာမှာပဲ။ သစ္စာရှိတဲ့ ပါမောက္ခ H.E.F. စလပ်ဂ်ဟွန်း

"ပါမောက္ခ စလပ်ဂ်ဟွန်းဆိုတာ ဘယ်သူလဲ" နီဗီးက နဝေတိမ်တောင်နဲ့ သူ့ဖိတ်စာကို ကြည့်နေတယ်။ သူက မေးတယ်။

"ဆရာသစ်" ဟယ်ရီက ပြောတယ်။ "ငါတို့ သွားမှဖြစ်မယ်ထင်တယ်၊ ဟုတ်လား"

"ဒါပေမယ့် သူ ဘာကြောင့် ငါ့ကို ဖိတ်တာလဲ" နီဗီးက စိုးရိမ်စွာနဲ့ ပြောတယ်။ သူ့ကို ကျောင်းပိတ်မယ်လို့ ထင်သလိုပဲ။

"မရှင်းဘူး" ဟယ်ရီက ပြောတယ်။ ဒါ အမှန်တော့ မဟုတ်ဘူး။ ဒါပေမယ့် သူ ကြိုသိနေတာမှန်ကြောင်း သက်သေမပြနိုင်သေးဘူး။ "ငါပြောမယ်" သူ နည်းကောင်းတစ်ခု ရုတ်တရက် တွေးမိလိုက်တယ်။ ဒါနဲ့ ပြောတယ်။ "ငါတို့ ကိုယ်ပျောက်ဝတ်ရုံ ဝတ်သွားမယ်။ လမ်းမှာ မော်ဖိုင်ကို သေချာအကဲခတ်ရအောင်၊ သူ ဘာလုပ်တယ်ဆိုတာ ကြည့်ရအောင်"

သို့ပေမယ့်၊ ဒီနည်း မအောင်မြင်ဘူး။ စင်္ကြံထဲမှာ အစားအသောက်လာပို့တာကို စောင့်နေတဲ့လူတွေနဲ့ ပြည့်နေတယ်။ ကိုယ်ပျောက်ဝတ်ရုံနဲ့ လုံးဝဖြတ်သွားလို့ မရဘူး။ ဟယ်ရီက စိတ်မကောင်းစွာနဲ့ ကိုယ်ပျောက်ဝတ်ရုံကို အိတ်ထဲ ပြန်ထည့်လိုက်တယ်။ ၎င်းကို ဝတ်ပြီး လူတွေရဲ့ မျက်စိကို ရှောင်ရရင် နည်းလမ်းကောင်းတစ်ခုပဲလို့ စိတ်ထဲ တွေးတယ်။ လွန်ခဲ့တဲ့ ကျောင်းပတ်က ရထားထဲ ဆင်းခဲ့ပြီးနောက်၊ ဒီလို စိုက်ကြည့်ခံရတာ သူ့ကို ပိုပြီးမနေတတ် မထိုင်တတ် အခံရခက်နေတယ်။ တစ်ခါတလေ၊ ကျောင်းသားတွေဟာ တွဲထဲက တမင်တကာန်း ပြေးထွက်လာကြတာ သူ့ကို ကြည့်ချင်လို့ဖြစ်တယ်။ ချို-ချန်းတစ်ယောက်ပဲ ဒါနဲ့ ဆန့်ကျင်စွာ ဟယ်ရီလာတာမြင်တာနဲ့ သူမ တွဲထဲ



ပြေးဝင်သွားတယ်။ ဟယ်ရီ သူမပြတင်းနားက ဖြတ်သွားတော့၊ သူမဟာ သူမရဲ့ သူငယ်ချင်း မာရီအားထာနဲ့ စကားလက်ဆုံကျနေပုံ လုပ်နေတယ်။ မာရီအားထာဟာ မိတ်ကပ်အထူကြီး လိမ်းထားတယ်။ ဒါပေမယ့် သူမမျက်နှာပေါ်မှာ နက်ရှိုင်းစွာ ရှိနေတဲ့ အဖုတွေကို လုံးဝဖုံးထားလို့ မရဘူး။ ဟယ်ရီက တိတ်တိတ်ရယ်လိုက်ပြီး ရှေ့ဆက်သွားတယ်။

သူတို့ C တွဲ ရောက်တော့မှ စလပ်ဂ်ဟွန်းဖိတ်ထားတာ သူတို့နှစ်ယောက်တင် မကဘူးဆိုတာ သိရတယ်။ ဒါပေမယ့် စလပ်ဂ်ဟွန်းရဲ့ လှိုက်လှဲတဲ့ ကြိုဆိုပုံအရ ဟယ်ရီဟာ သူ မြင်တွေ့ချင်ဆုံးလူဆိုတာ သိရတယ်။

"ဟယ်ရီ၊ ကျုပ်ကောင်လေး" စလပ်ဂ်ဟွန်းက ဟယ်ရီ့ကို မြင်တာနဲ့ ခုန်ထလိုက်တယ်။ စိန်ကတ္တီပါ ဝတ်ထားတဲ့ ဗိုက်ကြီးဟာ တွဲထဲက ကျန်ကွက်လပ်တွေကို ပြည့်သွားစေသလိုပဲ။ ၎င်းရဲ့ခေါင်းပြောင်ပြောင်ကြီးနဲ့ ငွေရောင်မုတ်ဆိတ်တွေဟာ ၎င်းရဲ့ကိုယ်ကျပ်အကျႌပေါ်က ရွှေကြယ်သီးတွေလိုပဲ နေရောင်အောက်မှာ လက်နေတယ်။ "မင်းကို တွေ့ရတာ သိပ်ကောင်းတယ်။ မင်းကို တွေ့ရတာ သိပ်ကောင်းတယ်။ ဒါဆိုရင်၊ မင်းက မစ္စတာ လွန်ဘော့တမ်ပဲပေါ့"

နီဗီးက ခေါင်းညိတ်လိုက်တယ်။ လန့်နေသလိုပဲ။ စလပ်ဂ်ဟွန်းက သက်ဟန်တစ်ခု ပြလိုက်တယ်။ သူတို့နှစ်ယောက်ဟာ တံခါးနားက ကျန်ရှိနေသေးတဲ့ ထိုင်ခုံနှစ်ခုမှာ ထိုင်လိုက်ကြတယ်။ ကျန်ဖိတ်ခေါ်ထားတဲ့ လူတွေကို ဟယ်ရီ လှမ်းကြည့်လိုက်တယ်။ သူနဲ့ နှစ်တူ စလေးသရင်းကျောင်းသားတစ်ယောက်ကို သူ မှတ်မိတယ်။ အဲဒါ အရပ်မြင့်တဲ့ လူမည်းယောကျ်ားလေး၊ ပါးရိုးမြင့်မြင့်၊ မျက်လုံးရှည်ရှည်၊ မျက်စိထောင့်က အပေါ်ကို လန်တယ်။ တခြား ဟယ်ရီ မသိတဲ့ သတ္တမတန်းကျောင်းသားနှစ်ယောက်လည်း ရှိတယ်။ စလပ်ဂ်ဟွန်းဘေးက ထောင့်မှာ ကပ်နေပြီး၊ မိမိ ဘာကြောင့် ဒီကို လာရမှန်းမသိဖြစ်နေပြီး ကြောင်နေတဲ့လူကတော့ ဂျင်နီ ဖြစ်နေတယ်။

"ကောင်းပြီ၊ ဒီလူတွေ မင်းတို့ သိတယ်မဟုတ်လား" စလပ်ဂ်ဟွန်းက ဟယ်ရီနဲ့ နီဗီးကို မေးတယ်။ "ဘလေ့စ်-ဇာဘီနီ၊ မင်းတို့နဲ့ တစ်နှစ်တည်း မင်းတို့ သိမှာပါ —"

ဇာဘီနီဟာ သိတယ်လို့လည်း မဖော်ပြဘူး၊ နှုတ်လည်း မဆက်ဘူး၊ ဟယ်ရီနဲ့ နီဗီးတို့ဘက်ကလည်း ဘာမှမတုံ့ပြန်ဘူး။ ယေဘုယျအားဖြင့် ပြော

www.burmeseclassic.com

www.burmeseclassic.com



ရရင်၊ ဂရစ်ဖင်းဒေါ်နဲ့ စလေးသရင်းကျောင်းသားတွေဟာ အပြန်အလှန် ရန်ငြိုးထားကြတယ်။

"သူက ကော်မက်-မက်လက်ဂင်၊ မင်းတို့ အရင်က တွေ့ဖူးချင်တွေ့ဖူးမှာ —? မတွေ့ဖူးဘူး ?"

မက်လက်ဂင်ဟာ ဆံပင်မာတောင့်တဲ့ အကောင်ကြီးကြီးကောင်လေး။ သူက လက်တစ်ဘက်မြှောက်လိုက်တယ်။ ဟယ်ရီနဲ့ နီဗီးက သူ့ကို ခေါင်းညိတ်ပြတယ်။

" — သူက မားကပ်စ်-ဘဲဘီ၊ မင်းတို့များ — "

ဘဲဘီက ပိန်တယ်၊ အမူအရာပျာနေတယ်၊ သူက သဘာဝမကျစွာ ရယ်လိုက်တယ်။

" — ဒီစွဲလမ်းစရာကောင်မလေးက သူ မင်းကို သိတယ်လို့ ကျုပ်ကို ပြောပြတယ်" စလပ်ဂ်ဟွန်း ပြောပြီးသွားတယ်။

ဂျင်နီက စလပ်ဂ်ဟွန်းနောက်ကနေ ဟယ်ရီနဲ့ နီဗီးကို ပြောင်ပြတယ်။

"ကောင်းပြီ၊ သိပ်ကို ပျော်စရာပဲ" စလပ်ဂ်ဟွန်းက ကျေနပ်စွာ ပြောတယ်။ "မင်းတို့အားလုံးကို ပိုပြီးသိနားလည်ဖို့ အခွင့်အရေးတစ်ခုပဲ။ ရော့၊ လက်သုတ်ပဝါတစ်ထည်ယူ။ ကျုပ် နေ့လယ်စာက ကိုယ့်ဟာသာ ယူလာတာ။ အစားအသောက်ပို့တဲ့ တွန်းလှည်းပေါ်က အစားအစာဟာ နွယ်ချိုမှော်ကြိမ်လုံးနဲ့ သိပ်ပြင်းတယ်လို့ မှတ်မိတယ်။ သနားစရာ အသက်ကြီးတဲ့လူ၊ သူ့အစာအိမ်လမ်းကြောင်းက ဒါတွေကို မခံနိုင်ဘူး . . . . ငုံးသား နည်းနည်းစားမလား၊ ဘဲဘီ"

ဘဲဘီ လန့်သွားတယ်။ ဒီနောက် ငုံးအအေးအကောင်တစ်ဝက်နဲ့ တူတဲ့အရာကို လက်ခံလိုက်တယ်။

"ကျုပ် ခုနက ဒီလူငယ်မားကပ်စ်ကို ပြောနေတယ်၊ ကျုပ် ထိုစဉ်က သူ့ဦးလေး ဒါမိုခေါ်စ်ကို သင်ခဲ့ရဘူးတယ်" စလပ်ဂ်ဟွန်းက ပေါင်မုန့်လိပ်ခြင်းတောင်းကို လက်ဆင့်ကမ်းပေးနေတဲ့ ဟယ်ရီနဲ့ နီဗီးကို ပြောတယ်။ "သိပ်ထူးချွန်တဲ့ မှော်ဆရာ၊ အလွန်နာမည်ကြီးတယ်။ သူ မာလင်ဆုတံဆိပ်ရတာ ထိုက်တန်တယ်။ မင်းဦးလေးကို အမြဲတွေ့ရလား၊ မားကပ်စ်"

ထိုမကောင်းစွာပဲ၊ မားကပ်စ်ဟာ ခုတွင် ငုံးသားတစ်လုတ်ကြီး စားထားတယ်။ သူက စလပ်ဂ်ဟွန်းမေးခွန်းကို အမြန်ပြန်ဖြေချင်လို့ ကမန်းကတန်းမျိုချလိုက်တာ မျက်နှာကြီး နီရဲပြီး နင်လို့ စကားမပြောနိုင်ဘူး။



"အာနက်နီယို" စလပ်ဂ်ဟွန်းက မှော်ကြိမ်လုံးနဲ့ ဘဲဘီကို ချိန်ပြီး အေးဆေးစွာ ပြောတယ်။ ဘဲဘီရဲ့ လေပြွန်ဟာ ချက်ချင်း မဆို့တော့ဘူး။

"ဟင့်အင်း . . . . သူ့ကို သိပ်မတွေ့ရဘူး" ဘဲဘီက အသက်ပြင်းပြင်း ရှူရင်း ပြောတယ်။ သူ နင်လို့ မျက်ရည်တောင်ထွက်တော့မယ်။

"ဟုတ်တယ်၊ ဒါပေါ့၊ သူ သိပ်အလုပ်များတယ်လို့ ကျုပ် ပြောဝံ့တယ်" စလပ်ဂ်ဟွန်းက မေးတဲ့သဘောနဲ့ ဘဲဘီကို ကြည့်ပြီးပြောတယ်။ "သူ အတော်အားထုတ်ပြီး ဝံပုလွေအဆိပ်ဆေးရည်ကို တီထွင်တယ်ထင်တယ်"

"ဟုတ်တယ်ထင်တယ် . . . ." ဘဲဘီက ပြောတယ်။ စလပ်ဂ်ဟွန်း သူ့ကို စစ်မေးတာ ပြီးဆုံးပြီလို့ မယုံကြည်သေးခင်မှာ သူ ငုံးသားကို ထပ်မစားဝံ့တော့ဘူး။ "အင်း . . . . ဒီလိုပါ၊ သူနဲ့ ကျွန်တော့်အဖေ သိပ်အဆင်မပြေဘူး၊ ဒါကြောင့် ကျွန်တော် စင်စစ်မှာ သိပ်မသိဘူး . . . ."

သူ့အသံ နိမ့်ဆင်းသွားတယ်။ အကြောင်းက စလပ်ဂ်ဟွန်းဟာ သူ့ကို သရော်ရယ် ရယ်လိုက်ပြီး မက်လက်ဂင်ဘက် လှည့်သွားလို့။

"မင်းကော၊ ကော်မက်" စလပ်ဂ်ဟွန်းက ပြောတယ်။ "ကျုပ် ကံအားလျော်စွာနဲ့ မင်းဟာ မင်းဦးလေး တစ်ဘီရီးအပ်စ်ကို အမြဲတွေ့ရတာ သိတယ်။ အကြောင်းက သူ့ဆီမှာ မင်းတို့နှစ်ယောက် . . . . ကျုပ် စဉ်းစားလိုက်ဦးမယ်၊ နော်ဖော့ခ်မှာ နော့တေးတိရစ္ဆာန် အမဲလိုက်တဲ့ ပြောင်မြောက်တဲ့ ဓာတ်ပုံတစ်ပုံ ရှိလို့၊ ဟုတ်လား"

"အိုး၊ ဟုတ်တယ်၊ အဲဒါ သိပ်ပျော်စရာကောင်းတယ်" မက်လက်ဂင်က ပြောတယ်။ "ကျွန်တော်တို့နဲ့အတူ သွားတာ ဘာတစ်-ဟစ်ဂ်နဲ့ ရူးဖူး-စခရင်းမ်ဂျီလဲ ပါတယ် — အဲဒါ သူ ဝန်ကြီးမဖြစ်ခင်ကပဲပေါ့ — "

"အား၊ မင်း ဘာတစ်နဲ့ ရူးဖူးစ်ကို သိသေးတယ် ?" စလပ်ဂ်ဟွန်း ချက်ချင်းပြုံးရွှင်သွားတယ်။ အဆာသွတ်မုန့်ပန်းကန်ပြားလေးတစ်ခုကို ကိုင်ပြီး အားလုံးကို ဝေပေးတယ်။ ဘာကြောင့်မှန်းမသိဘူး၊ ဘဲဘီတစ်ယောက်တည်း ကျန်သွားတယ်။ "ဒါဆို မင်း ကျုပ်ကို ပြောစမ်း . . . ."

ဟယ်ရီ အစောကြီးကတည်းက သံသယဖြစ်မိသလိုပဲ၊ ဒီမှာရှိတဲ့ လူတိုင်းဟာ သြဇာရှိတဲ့ အကောင်တစ်ယောက်ယောက်နဲ့ ပတ်သက်မှုရှိလို့

www.burmeseclassic.com



အဖိတ်ခံရတာချည်းပဲ —— ဂျင်နီကလွဲလို့။ မက်လက်ဂင် ပြီးတော့ ဆက်ပြီး စစ်မေးခံရသူက ဇာဘီနီ။ သူ့အမေဟာ ချောမောလှပတဲ့ နာမည်ကြီး မော်ဆရာမ ဖြစ်နေတာ မထင်မိဘူး (ဟယ်ရီ ကောက်ချက်အရ၊ သူမဟာ အိမ်ထောင်ခုနစ်ကြိမ် ပြုဖူးတယ်၊ လင်ယောကျ်ားတိုင်းဟာ မရှင်းမရှင်း သေသွားကြတယ်၊ သူမကိုလည်း အမွေတွေ တစ်ပုံကြီး ထားခဲ့တယ်)။ ဆက်ပြီး နီဗီး အလှည့် ရောက်ပြီ။ ဒါဟာ အလွန်စိတ်ပျက်စရာ ဆယ်မိနစ်ပဲ။ နီဗီးမိဘဟာ နာမည်ကြီး အောရာတွေဖြစ်ပြီး၊ ဘဲလက်ထရစ်-လက်စထရိန်းနဲ့ ဒက်အီတာ နှစ်ယောက်က နှိပ်စက်လို့ ရူးသွားတာကြောင့် ဖြစ်တယ်။ နီဗီးကို မေးမြန်းစကားပြောပြီးနောက်၊ စလပ်ဂ်ဟွန်းဟာ နီဗီး သူ့မိဘရဲ့ အရည်အသွေးကို ဆက်ခံရဲ့လားဆိုတာ သံသယဖြစ်နေတယ်ဆိုတဲ့သဘော ဟယ်ရီ ခံစားရတယ်။

"အခု" စလပ်ဂ်ဟွန်းက ပြောတယ်။ သူဟာ ထိုင်ခုံပေါ်မှာ သားနားစွာ ရွေ့လျားလိုက်တယ်။ အစီစဉ်မှူးတစ်ယောက်က နာမည်ကြီးစတားတစ်ယောက်ကို လေးနက်စွာ ပွဲထုတ်လိုက်သလိုပဲ။ "ဟယ်ရီ-ပေါ်တာ။ ဘယ်က စပြောရမလဲ။ ကျုပ်တို့ နွေကျောင်းပိတ်ရက်မှာ ဆုံတွေ့ကြခြင်းဟာ၊ ကျုပ်အပေါ်ယံသာ ထိတွေ့ရတယ်လို့ ထင်တယ်"

သူဟာ ဟယ်ရီ့ကို အတွေးနဲ့ သေချာကြည့်နေတယ်။ ဟယ်ရီကို ဝမ်းပြီး အရသာရှိတဲ့ ငုံးတစ်ကောင်လို ကြည့်နေတယ်။ ဒီနောက် သူက ပြောတယ်။ အရွေးချယ်ခံရသူ၊ သူတို့ အခု မင်းကို ဒီလိုခေါ်ကြတယ်"

ဟယ်ရီ တစ်လုံးမှမပြောဘူး။ ဘဲဘီ၊ မက်လက်ဂင်နဲ့ ဇာဘီနီတို့က သူ့ကို ကြည့်နေတယ်။

"အမှန်ပဲ" စလပ်ဂ်ဟွန်းက ဟယ်ရီ့ကို သေချာကြည့်ပြီး ပြောတယ်။ "နှစ်ပေါင်းမနည်း ကောလာဟလ မပြတ်ဘူး . . . . ကျုပ် မှတ်မိတယ် —— အင်း —— အဲဒီကြောက်စရာညပြီးတော့ —— လီလီ —— ဂျိမ်းစ် —— မင်းက တော့ အသက်ရှင်ကျန်ရစ်ခဲ့တယ် —— ပြောကြတာကတော့ မင်းဟာ ပုံမှန်ထက် သာလွန်တဲ့ အင်အားရှိလိမ့်မယ်လို့ ဆိုတယ်"

ဇာဘီနီက အသာလေး ချောင်းဆိုးလိုက်တယ်။ သူက ဒါကို သံသယနဲ့ ရယ်စရာလို့ထင်ကြောင်း ပြတာပဲ။ စလပ်ဂ်ဟွန်းကျောဘက်ကနေ ရုတ်တရက် ဒေါသနဲ့ အသံတစ်သံ ထွက်ပေါ်လာတယ်။



"ဟုတ်တယ်၊ ဇာဘီနီ၊ နင့်မှာ ပါရမီနဲ့ ပြည့်ဝတယ် . . . . ဟိတ်ဟန်ထုတ်တဲ့ဘက်မှာ . . . ."

"အိုး၊ အမလေး" စလပ်ဂ်ဟွန်း ပျော်ရွှင်ကျေနပ်စွာနဲ့ အသာရယ်လိုက်တယ်။ ဂျင်နီ့ကို လှည့်ကြည့်တယ် —— ဂျင်နီဟာ စလပ်ဂ်ဟွန်းရဲ့ ဗိုက်ကြီးခြားပြီး ဇာဘီနီကို ဒေါသနဲ့ ကြည့်နေတယ်။ "မင်း သတိထားနေတော့၊ ဘလေ့စ်။ ကျုပ် ဒီမိန်းကလေးတွဲက ဖြတ်သွားတော့၊ သူမဟာ အလွန်ပြောင်မြောက်တဲ့ လင်းနို့သဘက် မှော်ကျိန်စာချနေတာ တွေ့ရတယ်။ ကျုပ်တော့ သူမကို မထိဝံ့ဘူး"

ဇာဘီနီကတော့ အထင်သေးတဲ့ အမူအရာနဲ့။

"ဘယ်လိုပဲဖြစ်ဖြစ်" စလပ်ဂ်ဟွန်းက ဟယ်ရီ့ဘက် ပြန်လှည့်ပြီး ပြောတယ်။ "ဒီနှစ်နွေမှာ ကောလာဟလတွေ အများကြီးပဲ။ အင်းပေါ့လေ၊ ဘာကို ယုံရမယ်ဆိုတာ ဘယ်သူမှ မသိဘူး။ 'ကြိုဟောဆရာများနေ့စဉ်' ဟာ အမြဲတမ်း မတိကျတဲ့ သတင်းများထည့်တယ်ဆိုတာ လူတိုင်း သိတယ် —— ဒါပေမယ့် သက်သေတွေ အများကြီးရှိတာကြောင့်၊ သံသယရှိနေစရာ မလိုတော့ဘူး။ မှော်ဝန်ကြီးဌာနမှာ တကယ်ပဲ ရှုန်းရင်းဆန်ခတ်မှု ဖြစ်ခဲ့တယ်။ မင်းကလဲ တိုက်ပွဲ အပြင်းထန်ဆုံးနေရာမှာ ရှိတယ်"

လိမ်ပြောတာကလွဲပြီး၊ ဘယ်လိုလုပ် ထွက်ပြေးလို့ရမယ်ဆိုတာ ဟယ်ရီ မသိတော့ဘူး။ ဒါနဲ့ ခေါင်းညိတ်လိုက်တယ်။ ဒါပေမယ့် ဘာမှတော့ မပြောဘူး။ စလပ်ဂ်ဟွန်းက သူ့ကို ပြုံးစိစိနဲ့ ကြည့်နေတယ်။

"သိပ်ကို နှိမ့်ချတယ်၊ သိပ်ကို နှိမ့်ချတယ်။ ဒါကြောင့် ဒမ်ဘလီဒိုးက ဒီလောက် သဘောကျတာ —— ဒီလိုဆိုတော့၊ မင်း ထိုစဉ်က အဲဒီမှာ ရှိတယ်? ဒါပေမယ့် တခြားဇာတ်လမ်းတွေက —— အမလေး သိပ်ကို စိတ်ဝင်စားစရာပဲ။ တကယ်ပဲ လူကို ဘာယုံရမှန်းတောင် မသိအောင် ဖြစ်စေတယ် —— ဥပမာ၊ အဲဒီပုံပြင်ထဲက ကြိုဟောဖန်လုံး —— "

"ကျွန်တော်တို့ ဘာကြိုဟောဖန်လုံးမှ မကြားဖူးဘူး" နီဗီးက ပြောတယ်။ မျက်နှာကြီး နီနေတယ်။

"ဟုတ်တယ်" ဂျင်နီက ရှင်းလင်းစွာ ပြောတယ်။ "ထိုစဉ်က ကျွန်မနဲ့ နီဗီးလဲ အဲဒီမှာ ရှိတယ်။ အဲဒီ 'အရွေးချယ်ခံရသူ' ဆိုတဲ့ မဟုတ်စကားအားလုံးဟာ ခါတိုင်းလိုပဲ 'ကြိုဟောဆရာများနေ့စဉ်' က လျှောက်ရေးထားတာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှစ်ယောက်လဲ အခင်းဖြစ်တဲ့နေရာမှာ ရှိတယ်၊ ဟုတ်လား" စလပ်ဂ်ဟွန်းက အတော်စိတ်ဝင်စားစွာ မေးတယ်။ ဂျင်နီကို ကြည့်လိုက်၊ နီဗီးကို ကြည့်လိုက် လုပ်တယ်။ ဒါပေမယ့် သူတို့နှစ်ယောက်ဟာ သူ့ရဲ့အားပေးတဲ့ အပြုံးကို ကြည့်ပြီး ပါးစပ်ကို လုံအောင်ပိတ်ထားကြတယ်။ "ဟုတ်တယ် . . . . ကောင်းတယ် . . . . ဒါမှန်တယ်။ 'ကြိုပေါဆရာများနေ့စဉ်' ဟာ အမြဲလို ချဲ့ကားတတ်တယ် . . . ." စလပ်ဂ်ဟွန်းက ဆက်ပြောတယ်။ လေသံက နည်းနည်းစိတ်ပျက်သလိုပဲ။ "ချစ်လှစွာသော ကွေးနေ့-ဂျုံးစ်က ကျုပ်ကို ပြောပြတာ မှတ်မိတယ် —— အမှန်ပဲပေါ့။ ကျုပ်ပြောတာက ကွေးနေ့-ဂျုံးစ်၊ ဟိုလီဟက်ဒ်-ဟာပီစ်အသင်းက အသင်းခေါင်းဆောင် —— "

သူဟာ ရောက်တတ်ရာရာ လျှောက်ပြောနေတယ်။ အတိတ်အကြောင်းတွေကို ပြန်ကောက်ပြီး ရှည်ဝေးစွာ ပြောနေတယ်။ ဒါပေမယ့် ဟယ်ရီ့မှာ ခံစားသိရှိတယ်။ စလပ်ဂ်ဟွန်းဟာ သူ့ကို ဒါနဲ့ ပြီးဦးမှာမဟုတ်ဘူး။ ပြီးတော့ ငင်းဟာလည်း နီဗီးနဲ့ ဂျင်နီ့စကားကို ယုံပုံမရဘူး။

တစ်ညနေလုံး၊ စလပ်ဂ်ဟွန်းဟာ သူ ထိုနှစ်တွေက သင်ကြားခဲ့တဲ့ ထူးချွန်တဲ့ မှော်ဆရာတွေရဲ့ ကောင်းနိုးရာရာအကြောင်းတွေကို ပြောနေတယ်။ အဲဒီလူတွေဟာ ဟော့ဂ်ဝပ်မှာတုန်းက သူက 'ပက်ကျိကလပ်' လို့ ခေါ်တဲ့ ကလပ်အသင်းထဲ ပါဝင်ကြတယ်။ ဟယ်ရီက ထွက်သွားချင်လှပြီ၊ ဘယ်လို ထွက်ခွာမှ ရိုင်းရာမကျသလဲဆိုတာ မသိဘဲ ဖြစ်နေတယ်။ နောက်ဆုံး၊ မီးရထားဟာ ရှည်လျားတဲ့ နှင်းထူတဲ့ လမ်းပိုင်းတစ်ခုကို ဖြတ်ပြီး၊ နီရဲတဲ့ ညနေဆည်းဆာထဲ ရောက်သွားတယ်။ စလပ်ဂ်ဟွန်းက ဘေးဘီကို လှည့်ကြည့်တယ်၊ ညနေဆောင်း နေရောင်ထဲမှာ မျက်တောင်ခတ်လိုက်တယ်။

"အမလေး၊ မိုးချုပ်တော့မယ်။ မီးထွန်းလိုက်တာတောင် သတိမထားမိဘူး။ မင်းတို့ အမြန်ပြန်ပြီး ကျောင်းဝတ်စုံလဲလိုက်ရင် ကောင်းမယ်။ မက်ထက်ဝင်၊ မင်းအားရင်၊ အဲဟို နေ့တေးစာအုပ်ကို လာငှားဖို့ မမေ့နဲ့။ ဟယ်ရီ၊ ဘလေးစ် —— မင်းတို့ အချိန်မရွေး လာလည်တာ ကြိုဆိုပါတယ်။ မင်းလဲ ဒီအတိုင်းပဲ မစ်" သူက ဂျင်နီဘက်လှည့်ပြီး မျက်တောင်ခတ်လိုက်တယ်။ "ကောင်းပြီ သွားကြတော့၊ သွားကြတော့"

ဇာဘီနီဟာ ဟယ်ရီ့ဘေးကနေ မှောင်မည်းတဲ့ စင်္ကြံထဲ တိုးထွက်စဉ် ဟယ်ရီ့ကို မျက်စောင်းထိုးသွားတယ်။ ဟယ်ရီကတော့ သူ့ကို စိတ်ဝင်စားစွာနဲ့



ကြည့်နေတယ်။ ဟယ်ရီ၊ နီဗီးနဲ့ ဂျင်နီတို့လည်း ဇာဘီနီနောက်ကနေ စင်္ကြံအတိုင်း ပြန်သွားကြတယ်။

"ပြီးသွားလို့ ဝမ်းသာလိုက်တာ" နီဗီးက တိုးတိုးပြောတယ်။ "လူထူးဆန်း၊ ဟုတ်လား"

"ဟုတ်တယ်၊ နည်းနည်းတော့ဖြစ်တယ်" ဟယ်ရီက ပြောရင်း ဇာဘီနီကို ကြည့်နေတယ်။ "နင် ဘာကြောင့် အဲဒီရောက်နေတာလဲ၊ ဂျင်နီ"

"ငါ ဇာချာရိုက်စ်-စမစ်ကို ဆိုးရွားကျိန်စာချတာ မြင်လို့" ဂျင်နီက ပြောတယ်။ "ဟို DA တွေ့ဆုံတဲ့ထဲ ပါတဲ့ ဟာ့ဖ်ဖတ်ပ်တုံးကို နင် မှတ်မိသေးလား။ သူက ငါ့ကို အတင်းကပ်ပြီး ဝန်ကြီးဌာနမှာဖြစ်တဲ့ ကိစ္စကို မနားတမ်း မေးတယ်။ ငါ သိပ်ကို စိတ်ရှုပ်လာတယ်။ ဒါနဲ့ သူ့ကို ကျိန်စာချလိုက်တယ် —— စလပ်ဂ်ဟွန်း ဝင်လာတော့ ငါ့ကို ကျောင်းပိတ်မယ်ထင်တာ။ သူက အဲဒီ ဆိုးရွားကျိန်စာချတာ သိပ်တော်တယ်လို့ ထင်သွားတာ ငါ မထင်မိဘူး။ ပြီးတော့ ငါ့ကို နေ့လယ်စာစားဖို့ ဖိတ်တယ်။ သိပ်ကို တစ်မျိုးကြီးပဲ၊ ဟုတ်လား"

"ဒါကြောင့် အဖိတ်ခံရတာဟာ သူတို့အမေ နာမည်ကြီးလို့ ဒါမှမဟုတ်" ဟယ်ရီက ဇာဘီနီနောက်စေ့ကို ကြည့်ပြီး ပြောတယ်။ "သူတို့ဦးလေး —— "

သူ ရုတ်တရက် တန့်သွားတယ်။ အကြံတစ်ခု သူ့ခေါင်းထဲ လှစ်ခနဲ ပေါ်လာတယ်။ အကျိုးသက်ရောက်မှုကို မမှုတဲ့၊ သို့ပေမယ့် အလွန်ကောင်းတဲ့ အကြံလည်း ဖြစ်ချင်ဖြစ်နိုင်တယ် . . . . နောက်တစ်မိနစ်ဆိုရင် ဇာဘီနီဟာ ဆလေးသရင်း ဆဋ္ဌမနှစ်ကျောင်းသားတွဲထဲ ပြန်ရောက်တော့မယ်။ မော်ဖိုင်အဲဒီမှာ ထိုင်နေမှာ သေချာတယ်။ သူက သူတို့ စလေးသရင်းကျောင်းသားတွေသာ သူ့စကားကို ကြားမယ်လို့ ထင်လိမ့်မယ် . . . . တကယ်လို့ ဟယ်ရီက ဇာဘီနီနောက်က လိုက်သွားပြီး ဘယ်သူမှ မသိဘဲ လစ်ဝင်နိုင်ရင်၊ သူ ဘာမြင်ရမလဲ၊ ဘာကြားရမလဲ။ မှန်တယ်၊ မီးရထား မကြာခင် ဘူတာဆိုက်တော့မယ် —— ပြတင်းအပြင်က လှစ်ခနဲ ပြေးသွားတဲ့ တောရှုခင်းကို ကြည့်ရင်၊ ဟော့ဂ်စ်မိဒ်ဘူတာရောက်ဖို့ နာရီဝက်လောက် လိုသေးတယ် —— ဒါပေမယ့် ဘယ်သူကမှ ဟယ်ရီ သံသယဖြစ်တာကို တကယ်လို့ မထင်တဲ့အတွက် သူသာ သက်သေပြဖို့ လုပ်ရတော့မယ်။

www.burmeseclassic.com



"ငါ ခဏနေမှ မင်းတို့ဆီ လာခဲ့မယ်" ဟယ်ရီက အသံနှိမ့်ပြီး ပြောတယ်၊ ဒီနောက် သူ့ကိုယ်ပျောက်ဝတ်ရုံကို ထုတ်ပြီး ကိုယ်ပေါ်ခြုံလိုက်တယ်။

"ဒါ မင်း ဘာလုပ်မလို့လဲ ——" နီဗီးက မေးတယ်။

"တော်ကြာ တွေ့မယ်" ဟယ်ရီက အသံနှိမ့်ပြောပြီးတာနဲ့ ဇာဘီနီကို အမီလိုက်သွားတယ်။ အတတ်နိုင်ဆုံး အသံမထွက်အောင် သွားတယ်။ စင်စစ် မီးရထားက ကျိမ်းကျိမ်းမောင်းနေလို့ သူ ဒီလောက်သတိထားစရာ မလိုဘူး။

အခု စင်္ကြံထဲမှာ လူမရှိသလောက်ပဲ။ လူတိုင်းလိုလို တွဲထဲပြန်ပြီး ကျောင်းဝတ်စုံ လဲကြတယ်။ အထုပ်အပိုးတွေ သိမ်းကြတယ်။ ဟယ်ရီဟာ ဇာဘီနီနဲ့ မထိမိအောင် လုပ်ပြီး သူနဲ့ ကပ်သွားတယ်။ ဒါပေမယ့် ဇာဘီနီ တွဲတံခါးကို ဆွဲဖွင့်ပြီးနောက်မှာ၊ ဟယ်ရီ လစ်ဝင်တာ လိုအပ်သလောက် မမြန်ဘူး။ ဇာဘီနီ တံခါးပြန်ပိတ်မယ်အလုပ်မှာ ဟယ်ရီက ခြေတစ်ဘက်နဲ့ ခံထားလိုက်တယ်။

"ဒီဟာ ဘာဖြစ်နေတာလဲ" ဇာဘီနီက ဒေါသနဲ့ ပြောတယ်။ ထိုးတံခါးကို ဟယ်ရီ့ခြေထောက်ပေါ် တစ်ကြိမ်ပြီးတစ်ကြိမ် ဆွဲဆောင့်တယ်။

ဟယ်ရီက တံခါးကို ကိုင်ပြီး တံခါးကို အတင်းတွန်းဖွင့်တယ်။ တံခါးလက်ကိုင်ကို ကိုင်ထားနေသေးတဲ့ ဇာဘီနီ တစ်ဖက်တွန်းပစ်သလိုဖြစ်ပြီး ဂရီဂိုရီ-ဂိုး ပေါင်ပေါ် ကျသွားတယ်။ ရှုတ်ရှုတ်သဲသဲ ဖြစ်သွားတုန်းမှာ ဟယ်ရီ တွဲထဲ ပြေးဝင်တယ်၊ ဇာဘီနီ ခဏလွတ်ထားတဲ့နေရာပေါ် ခုန်တက်ပြီး ပစ္စည်းတင်စင်ပေါ် ကိုယ်ကို ဆွဲတက်သွားတယ်။ ဂိုးနဲ့ ဇာဘီနီတို့နှစ်ယောက် အပြန်အလှန် ဆူအော်နေကြလို့ အများအကြည့်ကို ဆွဲခေါ်သွားလို့ တော်သေးတယ်။ ခုနက ကိုယ်ပျောက်ဝတ်ရုံ လန်သွားပြီး သူ့ခြေထောက် ခြေမျက်စိထိ ပေါ်သွားတာ ဟယ်ရီ သိတယ်၊ တကယ်ပဲ၊ အဲဒီကြောက်စရာအချိန်လေးမှာ၊ မော်ဖိုင့်မျက်လုံးဟာ သူ့အားကစားဖိနပ်နောက် လိုက်လာတာ ဟယ်ရီ မြင်ရသလိုပဲ။ [illegible]ဆောက်ကို အပေါ်ဆွဲတင်လိုက်ပြီး ပျောက်သွားတာ သူ ကြည့်နေသလိုပဲ။ [illegible]မှာပဲ ဂိုးက တံခါးကို တအားပိတ်လိုက်တယ်၊ ဇာဘီနီကို သူ့ကိုယ်ပေါ် [illegible]လိုက်တယ်။ ဇာဘီနီဟာ မိမိထိုင်ခုံပေါ် လဲကျပြီး ဒေါကန်နေပုံ [illegible] ဗင်းဆင့်-ခရပ်က ရုပ်ပြကို ဆက်ဖတ်နေတယ်၊ မော်ဖိုင်က အံ့သြ[illegible] ထိုင်ခုံနှစ်နေရာပေါ် ကန့်လန့်လှဲအိပ်နေပြန်တယ်။ သူ့ခေါင်းက [illegible] ပေါင်ပေါ် ခေါင်းအုံးထားတယ်။ ဟယ်ရီဟာ အနေရကျပ်



[illegible]မှာ ကိုယ်ပျောက်ဝတ်ရုံထဲ ကွေးနေတယ်။ ဒါမှ တစ်ကိုယ်လုံး လုံနေမှာမို့ပဲ။ သူဟာ ဖန်စီက မော်ဖိုင့်နဖူးပေါ် ကျနေတဲ့ ရွှေရောင်ဆံပင်ကို အသာဖယ်ပစ်နေး ကြောင်တောင်တောင်ရယ်နေတာကို ကြည့်နေတယ်။ လူတိုင်းက အခုသူ့ ရနေတဲ့နေရာကို လိုချင်နေသလိုပုံမျိုးနဲ့။ မျက်နှာကြက်ပေါ်က မီးအိမ်ဟာ [illegible]သာ ယိမ်းခါနေတယ်။ တွဲထဲက အရာအားလုံးကို လင်းစေတယ်။ ဟယ်ရီဟာ အောက်ဘက် ခရပ် ရုပ်ပြထဲက စာတွေကို ရှင်းရှင်းမြင်ရတယ်။

"ဘယ်လိုလဲ၊ ဇာဘီနီ" မော်ဖိုင်က ပြောတယ်။ "စလပ်ဂ်ဟွန်း ဘာ[illegible]ချင်လဲ"

"နာမည်ကျော်ကြားတဲ့လူတွေနဲ့ ဆွေမျိုးနီးစပ်တွေကို ဆက်သွယ်တာ" [illegible]ဘီနီက ဂိုးကို ဒေါသနဲ့ ကြည့်နေဆဲပဲ။ "ဒါပေမယ့် သူ ဘယ်လောက်မှ [illegible]ရဘူး"

ဒီသတင်းအချက်အလက်က ႉ ိင့်ကို သိပ်မကြိုက်သလို ဖြစ်စေ[illegible]ယ်။

"သူ ဘယ်သူ့ကို ဖိတ်သေးလဲ" သူက မေးတယ်။

"ဂရစ်ဖင်းဒေါက မက်လက်ဂင်" ဇာဘီနီက ပြောတယ်။

"အိုး၊ ဟုတ်ပြီ၊ သူ့ဦးလေးက ဝန်ကြီးဌာနက အရာရှိကြီး" မော်ဖိုင်က ပြောတယ်။

"ပြီးတော့ ဘဲဘီဆိုတာ ရှိသေးတယ်၊ ရေဗင်ခလောက ——"

"သူ့အကြောင်းမပြောနဲ့၊ သူက ငတုံး" ဖန်စီက ပြောတယ်။

"——ပြီးတော့ လွန်ဘော့တမ်၊ ပေါ်တာနဲ့ ဝယ်စလီအိမ်က ကောင်[illegible]လေး" ဇာဘီနီ အစီရင်ခံပြီးသွားပြီ။

မော်ဖိုင်က ဆတ်ခနဲ ထထိုင်တယ်၊ ဖန်စီ့လက်တစ်ဘက် တိုက်ကျသွားတယ်။

"သူက လွန်ဘော့တမ်ကို ဖိတ်သေးတယ် ?"

"ဟုတ်တယ်၊ ဟုတ်တယ်ထင်တယ်၊ လွန်ဘော့တမ်လဲ သွားတယ်" [illegible]ဘီနီက သိပ်အရေးမထားဘဲ ပြောတယ်။

"လွန်ဘော့တမ်ကို စလပ်ဂ်ဟွန်းက ဘာများစိတ်ဝင်စားနေတာလဲ" ဇာဘီနီက ပခုံးတွန့်ပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပေါ်တာ၊ ရှားပါးတဲ့ ပေါ်တာ။ သူက 'အရွေးချယ်ခံရသူ' ကို ကိုယ်တိုင်မြင်ချင်လို့ ဖြစ်မယ်။ "မော်ဖိုင်က ကဲ့ရဲ့ပြောတယ်။ "ဒါပေမယ့် ဝယ်စလီတို့အိမ်က ဟိုကောင်မလေး၊ သူမမှာ ဘာထူးခြားတာ ရှိလို့လဲ"

"ကောင်လေးအတော်များများ သူမကို ကြိုက်တယ်" ဖန်စီက ပြောရင်း မော်ဖိုင့်တုံ့ပြန်မှုကို မျက်စိထောင့်ကပ် ကြည့်နေတယ်။ "မင်းကတောင် သူမ သိပ်လှတယ်ထင်တယ်၊ ဟုတ်လား။ ဘလေ့စ်။ ငါတို့အားလုံးက မင်း သိပ်ချေးများတယ်လို့ သိထားတယ်"

"ငါက သူမလို ညစ်ပတ်တဲ့ အမျိုးယုတ်ကို သွားမထိချင်ပါဘူး၊ သူမ ပုံပန်း ဘယ်လိုပဲဖြစ်နေနေ" ဇာဘီနီက အေးစက်စက်ပြောတယ်။ ဖန်စီက ချက်ချင်း ဝမ်းသာတဲ့ပုံ ပေါ်လာတယ်။ မော်ဖိုင်က သူမပေါင်ပေါ် ပြန်လှဲပြီး သူမက သူ့ဆံပင်ကို ဆက်သပ်တာ ခံနေတယ်။

"ကောင်းပြီ၊ ငါက စလပ်ဂ်ဟွန်းရဲ့အကြိုက်ကို သနားမိတယ်။ သူ နည်းနည်းအသက်ကြီးလို့ ကြောင်နေပြီထင်တယ်။ ငါ့အဖေက သူဟာ ထိုစဉ်က ထူးချွန်တဲ့ မှော်ဆရာလို့ ပြောတယ်။ ငါ့အဖေကို သူ အရင်က သိပ်ချစ်တာ။ ငါ ရထားပေါ် ပါလာတာ စလပ်ဂ်ဟွန်း မသိလို့နေမယ်၊ နို့မို့ရင် ——"

"မင်းကို ဖိတ်ဖို့ သိပ်မဖြစ်နိုင်ဘူးလို့ ငါထင်တယ်" ဇာဘီနီက ပြောတယ်။ "ငါ စရောက်တော့ သူက ငါ့ဆီက နော့အဖေအကြောင်း မေးတယ်။ သူတို့မိတ်ဆွေဟောင်းတွေ ထင်တယ်။ နော့အဖေကို ဝန်ကြီးဌာနက ဖမ်းထားတယ် ကြားတော့ မျက်နှာကြီးမည်းသွားတယ်။ နောက်တော့ နော့ကို မဖိတ်ဘူး မဟုတ်ဘူးလား။ စလပ်ဂ်ဟွန်းက ဒက်အီတာကို စိတ်မဝင်စားဘူးလို့ ငါ ထင်တယ်"

မော်ဖိုင် သိပ်စိတ်ဆိုးနေသလိုပဲ။ ဒါပေမယ့် ခတ်ခြောက်ခြောက် ရယ်သံတစ်မျိုးကြီး အတင်းညှစ်ထုတ်လိုက်တယ်။

"ဟင်း၊ သူ ဘာစိတ်ဝင်စားတယ်ဆိုတာ ဘယ်သူအရေးလုပ်မှာလဲ။ ပြီးတော့လဲ သူကတော ဘာကောင်မို့လဲ။ တုံးဆရာပဲဟာ" မော်ဖိုင်က တမင်သုံးပြီး သမ်းလိုက်တယ်။ "ငါပြောချင်တာက၊ နောင်နှစ်ခါ ငါ ဟော့ဂ်ဝပ်မှာ ရှိချင်မှရှိမှာ၊ ဝတုတ်အဘိုးကြီးတစ်ယောက်က ငါ့ကို ကြိုက် မကြိုက်ဆိုတာ ဘာများအရေးကြီးလို့လဲ"



"နင် ဘာပြောတယ်။ နင် နောင်နှစ်ခါ ဟော့ဂ်ဝပ်မှာ ရှိချင်မှရှိမှာ?" ဖန်စီက မခံမရပ်နိုင်ဘဲ ဒေါသနဲ့ ပြောတယ်။ မော်ဖိုင့်ကို ဆံပင်သပ်နေတာ ချက်ချင်း ရပ်လိုက်တယ်။

"ဟုတ်တယ်၊ မင်းတို့ ဘယ်တော့မှသိမှာမဟုတ်ဘူး" မော်ဖိုင်က ဘျှနပ်တဲ့အပြုံးတစ်စနဲ့ ပြောတယ်။ "ငါ အဆင့်မြင့်သွားတာလဲ ဖြစ်မယ်။ ပိုပြီးအရေးကြီးတဲ့ —— အင်း —— ပိုထွန်းပြောင်တဲ့ကိစ္စ သွားလုပ်မှာ"

ဟယ်ရီဟာ ကိုယ်ပျောက်ဝတ်ရုံခြုံပြီး ပစ္စည်းတင်စင်ပေါ်မှာ ကွေးနေရင်း ရင်တဒိန်းဒိန်းခုန်လာတယ်။ ရွန်နဲ့ ဟာမီး ဒီစကားကြားရင် ဘယ်လိုပြောမလဲ။ ခရပ်နဲ့ ဂိုးတို့ မော်ဖိုင့်ကို ကြောင်တောင်တောင်ကြည့်နေတယ်။ သူတို့ဟာ ပိုပြီးအရေးကြီးတဲ့၊ ပိုထွန်းပြောင်တဲ့ကိစ္စ သွားလုပ်မယ့် စီမံကိန်းကို ဘာမှမသိတာ သေချာတယ်။ ဇာဘီနီရဲ့ မာနနဲ့ မျက်နှာပေါ်မှာတောင် သိလိုစိတ် အနည်းငယ် ဖော်ပြလာတယ်။ ဖန်စီကတော့ မှင်တက်မိနေတဲ့ အမူအရာနဲ့ မော်ဖိုင့်ဆံပင်ကို ပြန်ပြီး ဖြည်းဖြည်းချင်း သပ်ပေးနေပြန်တယ်။

"နင်ပြောတာက —— သူ ?"

မော်ဖိုင် ပခုံးတွန့်လိုက်တယ်။

"အမေက ငါ့ကို ကျောင်းပြီးစေချင်တယ်၊ ဒါပေမယ့် ငါ့အနေနဲ့ ခုနေ့ အဲဒါ ဒီလောက်အရေးမကြီးတော့ဘူးလို့ ထင်တယ်။ တွေးကြည့်ပါ . . . . မှော်နက်သခင်ကြီး ပြန်အနိုင်ရလာပြီးနောက် OWLs ဒါမှမဟုတ် NEWTs ဘယ်နှစ်ဘာသာအောင်တယ်ဆိုတာကို သူ အရေးလုပ်ဦးမှာလား . . . . သူက သူ့ကို ဘယ်လိုအလုပ်အကျွေးပြုတယ်ဆိုတာပဲ စိတ်ဝင်စားတယ်။ သူ့ကို ဘယ်လိုသစ္စာရှိတယ်ဆိုတာပဲ စိတ်ဝင်စားတယ်"

"မင်းက မင်း သူ့အတွက် အလုပ်လုပ်ပေးနိုင်မယ် ထင်သလား" ဇာဘီနီက ပြန်လှန်မေးတယ်။ "မင်း အသက်ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်။ အရည်အသွေး ပြည့်ဝမှုတောင် မရှိသေးဘူး"

"ငါ ခုနက ပြောပြီးပြီပဲ။ သူက ငါ့မှာ အရည်အချင်း ပြည့်ဝသလား ဆိုတာ သိပ်အရေးထားချင်မှ ထားမှာ။ သူ ငါ့ကို လုပ်ခိုင်းချင်တဲ့အလုပ်က အဲဒီအရည်အချင်း မလိုဘူးထင်တယ်" မော်ဖိုင်က အသာပဲ ပြောတယ်။

ခရပ်နဲ့ ဂိုးတို့နေရာတွင် ငိုင်ထိုင်နေတယ်။ ပါးစပ်ကြီးဖြဲနေတယ်။ ဆူဆန်းတိရစ္ဆာန်ပါးစပ်ပုံ ရေပြွန်ဝနှစ်ခုနဲ့ တူနေတယ်။ ဖန်စီက မော်ဖိုင့်ကို

www.burmeseclassic.com



ငုံ့ပြီး ငေးကြည့်နေတယ်။ ဒီလောက်ကြောက်ရ ရှိသေရတဲ့အရာကို တစ်ခါမှ မမြင်ဖူးသလိုပဲ။

"ငါ ပောဂ်ဝင်ကို မြင်ရပြီ" မော်ဖိုင်ဟာ သူပြုလုပ်တဲ့ ဒီလိုအကျိုး သက်ရောက်မှုကို သိပ်ကျေနပ်နေသလိုပဲ။ သူက မှောင်မည်းတဲ့ ပြတင်းအပြင်ဘက်ကို လက်ညှိုးထိုးပြီး ပြောတယ်။ "ငါတို့ ကျောင်းဝတ်စုံ အမြန်လဲရင် ကောင်းမယ်"

ဟယ်ရီက မော်ဖိုင်ကိုပဲ ကြည့်နေလို့ ဂိုး မတ်တတ်ရပ်ပြီး သူ့သေတ္တာကို ယူတာ သတိမထားမိဘူး။ ဂိုးက သေတ္တာကို ဆွဲချတဲ့အခါမှာ၊ သေတ္တာက ဟယ်ရီ့ခေါင်းကို ဆောင့်သွားတယ်။ နာလွန်းလို့ သူ ရှိုက်လိုက်တယ်။ မော်ဖိုင်က ပစ္စည်းတင်စင်ကို မော့ကြည့်ပြီး မျက်မှောင်ကြုတ်သွားတယ်။

ဟယ်ရီက မော်ဖိုင်ကိုတော့ မကြောက်ဘူး။ ဒါပေမယ့် ခင်မင်မှု မရှိတဲ့ စလေးသရင်းတွေ သူ ကိုယ်ပျောက်ဝတ်ရုံထဲ ပုန်းနေတာ မတွေ့စေချင်ဘူး။ သူ မျက်ရည်လည်နေတယ်၊ ခေါင်းလည်း တဒိတ်ဒိတ် ခုန်နာနေတယ်။ ဒါပေမယ့် သူ မော့်ကြိမ်လုံးကို ဆွဲထုတ်ထားတယ်။ ပြီးတော့ ကိုယ်ပျောက်ဝတ်ရုံကို သတိနဲ့ ပုံမပျက်အောင် လုပ်တယ်။ ဒီနောက် အသက်အောင့်ပြီး စောင့်နေတယ်။ သူ့စိတ်သက်သာသွားတာက၊ မော်ဖိုင်ဟာ ခုနက ကြားတာဟာ သူ ထင်ယောင်မှားတာလို့ ထင်သလိုပဲ။ သူဟာ တခြားလူတွေလိုပဲ ကျောင်းဝတ်စုံ ဝတ်လိုက်တယ်။ သေတ္တာကို သော့ခတ်လိုက်တယ်။ မီးရထားကြီး တဖြည်းဖြည်း အရှိန်လျော့လာပြီး ရှေ့သို့ ဖြည်းဖြည်းလျှောသွားတော့ သူဟာ ခရီးသွားခြုံထည် အထူတစ်ထည်ကို လည်ပင်းမှာ ခြုံလိုက်တယ်။

စင်္ကြံထဲမှာ လူတွေ ပြည့်နေတာ ဟယ်ရီ မြင်ရတယ်။ ဟာမီးနဲ့ ရွန်တို့ သူ့အထုပ်အပိုးတွေကို ပလက်ဖောင်းပေါ် သယ်သွားစေချင်တယ်။ သူ ဒီမှာ ပိတ်မိနေလို့ တွဲထဲ လူရှင်းသွားမှ ထွက်လို့ရမယ်။ နောက်ဆုံး ဂျုန်းခနဲ မြည်ပြီး ရထားကြီး ရပ်သွားတယ်။ ဂိုးက တံခါးကို ဆတ်ခနဲ တွန်းဖွင့်တယ်။ ဒုတိယ နှစ်ကျောင်းသားတွေကြားကို အတင်းတိုးဝင်တယ်။ ရင်းတို့ကို တွန်းထိုးပြီး [illegible]တယ်။ ခရပ်နဲ့ ဇာဘီနီလည်း လိုက်သွားတယ်။

"ခင်း အရင်သွား" မော်ဖိုင်က ပန်စီကို ပြောတယ်၊ ပန်စီက လက် [illegible] သူ့ကို စောင့်နေတယ်။ သူမလက်ကို ဆွဲစေချင်သလိုပဲ။ "ငါ့ပစ္စည်း တစ်ခုကို စစ်ဆေးကြည့်ရဦးမယ်"



ပန်စီ ထွက်သွားတယ်။ အခု တွဲထဲမှာ ဟယ်ရီနဲ့ မော်ဖိုင် နှစ်ယောက်ပဲ ကျန်တယ်။ လူတွေ အလျှိုအလျှို ဖြတ်သွားတယ်။ မှောင်မည်းတဲ့ ပလက်ဖောင်းပေါ် ဆင်းသွားကြတယ်။ မော်ဖိုင်က တွဲဝသွားပြီး လိုက်ကာကို ချလိုက်တယ်။ ဒီလိုဆိုတော့ အပြင်ဘက်စင်္ကြံထဲကလူတွေ အတွင်းကို ကြည့်လို့မရတော့ဘူး။ ဒီနောက် သူ ခါးကုန်းပြီး သေတ္တာကို ဖွင့်ပြန်တယ်။

ဟယ်ရီက ပစ္စည်းတင်စင်ဘေးကနေ အောက်ကို ငုံ့ကြည့်တယ်။ ရင်ခုန်ပိုမြန်လာတယ်။ မော်ဖိုင်က ပန်စီကို ဘာများဖုံးထားပါလိမ့်။ သူဟာ ဖွက်စီးနေတဲ့၊ ပြင်ဖို့လိုတဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့အရာကို မြင်ရတော့မှာလား။

"အားလုံး ကျောက်ဖြစ်"

အချက်မပြဘဲ မော်ဖိုင်က မှော်ကြိမ်လုံးကို ယမ်းလိုက်ပြီး ဟယ်ရီ့ကို ချိန်ထားတယ်။ ဟယ်ရီ ချက်ချင်း မာတောင့်သွားတယ်။ ရုပ်ရှင်အနှေးပြသလိုပဲ၊ သူဟာ ပစ္စည်းတင်စင်ပေါ်ကနေ အောက်သို့စောင်းပြီး ပြင်းထန်စွာ နာကျင်စွာနဲ့ တွဲကြမ်းပေါ် ဒိုင်းခနဲ ပြုတ်ကျပြီး မော်ဖိုင့်ခြေထောက်နား လဲကျသွားတယ်။ ကိုယ်ပျောက်ဝတ်ရုံ ကိုယ်အောက် ပိနေတယ်။ သူ့တစ်ကိုယ်လုံး ပေါ်သွားတယ်။ ခြေနှစ်ဘက်ဟာ ရယ်စရာ ကွေးနေတုံန်းပဲ။ မာတောင့်စွာ ဒူးထောက်နေတဲ့ ပုံသဏ္ဌာန်။ သူ လုံးဝမလှုပ်နိုင်ဘူး။ မော်ဖိုင့်ကို မော့ပဲကြည့်နေနိုင်တယ်။ မော်ဖိုင်က ကျေနပ်စွာ ရယ်နေတယ်။

"ငါ ဒါပဲဖြစ်မယ်လို့ ထင်တာ" သူက ဝမ်းသာစွာ ပြောတယ်။ "ဂိုး သေတ္တာ မင်းကို ထိတာ ငါကြားတယ်။ ပြီးတော့၊ ဇာဘီနီ ပြန်လာပြီးနောက် အဖြူရောင်အရာတစ်ခု လှစ်ခနဲ မြင်လိုက်တယ် ...." သူ့အကြည့်ဟာ ဟယ်ရီ့အားကစားဖိနပ်ပေါ် ခဏရပ်သွားတယ်။ "ငါ ထင်တယ်၊ ဇာဘီနီ ဝင်လာတုန်းက မင်း တံခါးကို ဆွဲထားတာ ဖြစ်မယ် ?"

သူက ဟယ်ရီ့ကို ခဏကြည့်နေတယ်။

"မင်း ဘာကြားကြား ငါ ဂရုမစိုက်ဘူး၊ ပေါ်တာ။ ဒါပေမယ့် ငါ မင်းကို ဖမ်းမိပြီဆိုတော့ ...."

သူက ဟယ်ရီ့မျက်နှာကို ခြေနဲ့ တအားကန်လိုက်တယ်။ ဟယ်ရီက နှာခေါင်းကွဲသွားတယ်လို့ ခံစားရတယ်။ သွေးတွေ နေရာတကာ စဉ်ကုန်တယ်။

"ဒီတစ်ချက်က ငါ့အဖေအတွက်။ အခု၊ အခု ငါ ကြည့်ရအောင် ...."

www.burmeseclassic.com

www.burmeseclassic.com



မော်ဖိုင်က ကိုယ်ပျောက်ဝတ်ရုံကို ဟယ်ရီရဲ့ မလှုပ်နိုင်တဲ့ ကိုယ်အောက်က ဆွဲထုတ်ပြီး ဟယ်ရီ့ကိုယ်ပေါ် ခြုံလိုက်တယ်။

"ငါထင်တယ်၊ သူတို့က ရထား လန်ဒန်ပြန်ရောက်မှ မင်းကို တွေ့လိမ့်မယ်" သူက ပြောတယ်။ "နောက် တွေ့သေးတာပေါ့၊ ပေါ်တာ . . . . နောက်လဲ တွေ့ချင်မှ တွေ့တော့မှာ"

မော်ဖိုင်က ဟယ်ရီ့လက်ကို တမင်နင်းပြီး တွဲထဲက ထွက်သွားတယ်။



# ၈။ စနိတ်ပ်ရဲ့အောင်ပွဲ

ဟယ်ရီ့တစ်ကိုယ်လုံး နည်းနည်းမှ လှုပ်လို့မရဘူး။ သူဟာ ကိုယ်ပျောက်ဝတ်ရုံအောက်မှာ လဲနေပြီး သွေးပူပူတွေ နှာခေါင်းထဲက စီးကျပြီး မျက်နှာပေါ် ပေနေတာပဲ ခံစားရတယ်။ အပြင်ဘက် စင်္ကြံပေါ်က ခြေသံနဲ့ စကားပြောသံကို သူ နားစွင့်နေတယ်။ အရင်ဆုံး တွေးတာက၊ ရထား နောက်ထပ် မထွက်ခင်မှာ တွဲတိုင်းကို လိုက်စစ်သူရှိမယ် ထင်တယ်။ ဒါပေမယ့် ဆက်လက်ပြီး သူဟာ စိတ်ပျက်စွာ သိလာတာက၊ တွဲထဲ လှမ်းကြည့်တဲ့လူ ရှိထားဦး၊ သူ့ကို မြင်ရမှာ၊ သူ့အသံကို ကြားရမှာမဟုတ်ဘူး။ သူ့မှ တစ်ယောက်ယောက် ဝင်လာပြီး သူ့ကို တက်နင်းဖို့ပဲ မျှော်လင့်ရတော့တယ်။

ဟယ်ရီ နေရာတွင် လဲနေပြီး၊ ရယ်စရာကောင်းတဲ့၊ ပက်လက်လန်နေတဲ့ လိပ်တစ်ကောင်လို ဖြစ်နေတယ်။ နှာခေါင်းသွေးဟာ သူ့ပါးစပ်ထဲ စီးဝင်နေတယ်။ ဒါကြောင့် သူ အန်ချင်တယ်။ သူဟာ ခုချိန်တော့ ဆော်ဒိုင့်ကို မုန်းတာ မရှိဘူး။ သူ အခုအခြေအနေ သိပ်ကို ပိုဆိုးပက်စက်ပြနေတယ် . . . . ဒီအချိန်မှာ နောက်ဆုံး ခြေသံတစ်သုတ် ပျောက်ကွယ်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အားလုံး ပင်ပန်းတဲ့ခြေလှမ်းနဲ့ အပြင်က မှောင်မည်းတဲ့ ပလက်ဖောင်းပေါ် ဆင်းသွားကြပြီ။ သေတ္တာဆွဲတဲ့အသံနဲ့ ကျောင်းသားတွေ စကားအကျယ်ကြီး ပြောတဲ့အသံကို သူ ကြားရတယ်။ ရွန်နဲ့ ဟာမီးက သူတစ်ယောက် သူတို့ကို ပစ်ထားပြီး ရထားပေါ်က ဆင်းသွားပြီလို့ ထင်မှာပဲ။ သူတို့ ဟော့ဂ်ဝပ်ရောက်လို့ ခန်းမကြီးထဲ ဝင်ထိုင်၊ ဂရစ်ဖင်းဒေါစားပွဲကို သုံးလေးခေါက်ကြည့်ပြီးတော့မှ သူ အဲဒီမှာမရှိတာ တွေ့ကြလိမ့်မယ်။ အဲဒီအချိန်မှာ သူကတော့ လန်ဒန်ကို ပြန်တဲ့ လမ်းခွတ်လတ် ရောက်နေပြီ။

သူဟာ အသံတစ်ခုခုထွက်အောင် ကြိုးစားတယ်။ ညည်းသံပဲဖြစ်ဖြစ်ပေါ့။ ဒါပေမယ့် ဘယ်လိုမှ အသံမထွက်ဘူး။ ဒီနောက် မှော်ဆရာတချို့ ဥပမာ ဒမ်ဘလီဒိုးဟာ အသံမထွက်ဘဲ ဂါထာရွတ်နိုင်တာ သူ သတိရတယ်။ ဒါနဲ့ စိတ်ထဲမှာ "မှော်ကြိမ်လုံး ပျံခဲ့၊ မှော်ကြိမ်လုံး ပျံခဲ့" လို့ စမ်းပြီး ရွတ်ကြည့်တယ်။ သူ့လက်ထဲက လွတ်ကျသွားတဲ့ မှော်ကြိမ်လုံးကို ဆင့်ခေါ်လိုတယ်။ သို့ပေမယ့် ဘာမှတုံ့ပြန်တာ မတွေ့ရဘူး။

ကန်ဘေးက သစ်ရွက်တွေ တရှပ်ရှပ်မြည်သံနဲ့ အဝေးဆီက ဇီးကွက်အော်သံကို သူ ကြားရသလိုပဲ။ ဒါပေမယ့် ရထားတွဲကို ဘယ်သူမှ လာမစစ်ဆေးဘူး။ ဒီထက် (သူဟာ မိမိ ဒီလိုတွေးတာကို နည်းနည်းအထင်သေးမိတယ်) ဟယ်ရီ-ပေါ်တာ ဘယ်ပျောက်နေလဲလို့ မေးတဲ့လူလည်း မရှိဘူး။ သူဟာ သီးစ်ထရယ်တွေဆွဲတဲ့ လှည်းတစ် ကျောင်းဆီသို့ ဖြည်းဖြည်းရွေ့လျားသွားတာ၊ မော်ဖိုင်က လှည်းထဲ ထိုင်ပြီး စူးစူးဝါးဝါး အော်ရယ်တာကို တွေးမြင်မိတယ်။ မော်ဖိုင်ဟာ စလေးသရင်းကျောင်းသားတွေကို သူ ဟယ်ရီ-ပေါ်တာကို ဘယ်လိုဆုံးမခဲ့တယ်ဆိုတာ ပြောပြနေလိမ့်မယ် .... ဒီထိတွေးမိတော့၊ မှော်သင့်ချက်ကုန်ဆုံးတဲ့ ခံစားချက်ဟာ သူ့ရင်ထဲ တိုးပွားလာတယ်။

ရထားကြီး တစ်ချက်ဆောင့်လှုပ်သွားတယ်။ ဟယ်ရီ့ကို လိမ့်သွားစေတယ်။ ဘေးစောင်းဖြစ်သွားတယ်။ အခု သူဟာ မျက်နှာကြက်ကို ကြည့်မနေတော့ဘူး။ မှောင်မည်းတဲ့ ထိုင်ခုံအောက်ကိုပဲ ကြည့်နေတယ်။ ရထားစက် [illegible] ကြမ်းပြင် အနည်းငယ် တုန်ခါလာတယ်။ အထူးအမြန်ရထားတာ [illegible] ထွက်ခဲ့ပြီ၊ ဒါပေမယ့် ဟယ်ရီ တွဲပေါ်မှာပဲဆိုတာ ဘယ်သူမှ မသိဘူး....



ရုတ်တရက် ကိုယ်ပျောက်ဝတ်ရုံကို ဆွဲလှန်ခံရတာ သူ သိလိုက်တယ်။ ခေါင်းအထက်က အသံတစ်သံက ပြောတယ်။ "ဟေး၊ ပေါ်တာ"

မီးနီရောင် လက်သွားပြီး ဟယ်ရီ့ကိုယ်ပေါ်က ကျိန်စာပြယ်သွားတယ်။ သူ ထထိုင်လိုက်တယ်။ မိမိကိုယ်မိမိ အတတ်နိုင်ဆုံး ဣန္ဒြေရအောင် ကြိုးစားတယ်။ ဒဏ်ရာရတဲ့ မျက်နှာပေါ်က သွေးကို လက်ဖမိုးနဲ့ အမြန်သုတ်ပစ်ပြီး တန့်ခ်စ်ကို မော့်ကြည့်နေတယ်။ တန့်ခ်စ်လက်ထဲမှာ သူမ ခုနက ဖယ်ပစ်တဲ့ ကိုယ်ပျောက်ဝတ်ရုံကို ကိုင်ထားတယ်။

"ငါတို့ ဒီက အမြန်သွားမှ" သူမက ပြောတယ်။ အခု ရထားပြတင်းတို ရေနွေးငွေ့တွေ ဖုံးလာပြီ။ ဝေဝါးနေတယ်။ ရထားဟာ ဘူတာက စထွက်ပြီ။ "မြန်မြန်၊ ခုန်ချရအောင်"

ဟယ်ရီက သူမနောက်က ကမန်းကတန်းလိုက်ပြီး စင်္ကြံထဲ ရောက်လာတယ်။ တန့်ခ်စ်က တွဲတံခါးဆွဲဖွင့်ပြီး ပလက်ဖောင်းပေါ် ခုန်ချလိုက်တယ်။ ရထား အရှိန်တိုးလာတာနဲ့ ပလက်ဖောင်းက နောက်ကို ရွေ့သွားနေသလိုပဲ။ ဟယ်ရီက တန့်ခ်စ် နောက်ကနေ လိုက်ခုန်ချတယ်။ အောက်ကျတော့ လိမ့်ကျဖို့ နည်းနည်းလိုတယ်။ သူ ကိုယ်ကို မတ်လိုက်တယ်။ နီရဲတဲ့ ရေနွေးငွေ့ ရထားကြီး အရှိန်မြှင့်ကာ ကွေ့တစ်ခုကို ချိုးပြီး ပျောက်သွားတာ မြင်ရတယ်။

ညလေအေး မျက်နှာကိုတိုက်လာတဲ့အတွက်၊ ဟယ်ရီရဲ့ တဒုတ်ဒုတ်နာနေတဲ့ နှာခေါင်း နေရသက်သာလာတယ်။ တန့်ခ်စ်က သူ့ကို ကြည့်နေတယ်။ သူဟာ ဒေါသလည်းထွက်၊ အနေရလည်း ကျပ်နေတယ်။ ဒီလို အရုပ်ဆိုးတဲ့ အခြေအနေမှာ လူတွေ့ခံရတယ်။ တန့်ခ်စ်က ဘာမှမပြောဘဲ ကိုယ်ပျောက်ဝတ်ရုံကို သူ့ဆီ ကမ်းပေးလိုက်တယ်။

"ဘယ်သူလုပ်တာလဲ"

"ဂျာခို-မော်ဖိုင်" ဟယ်ရီက ခါးသီးစွာ ပြောတယ်။ "ကျေးဇူးတင်တယ် .... အင်း ...."

"ကိစ္စမရှိဘူး" တန့်ခ်စ်က မပြုံးဘဲ ပြောတယ်။ ဟယ်ရီက ညအလင်းရောင်ထဲမှာ သူမကို ကြည့်လိုက်တယ်။ သူမဟာ သူ အရင်တစ်ခါ အညာအရောဟာမှာ တွေ့တုန်းကလိုပဲ ဆံပင်က ညိုမွဲမွဲနဲ့ မျက်နှာက ညှိုးရော်နေတယ်။ "မင်း ငြိမ်ငြိမ်ရပ်နေ၊ ငါ မင်းနှာခေါင်းကို ကုပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက ဒီလိုလုပ်ပေးတာ သိပ်သဘောမတူဘူး။ အစက သူ ကျောင်းဆရာဝန် မဒမ်ဖွမ်ဖရေဆီ သွားပြဖို့ စဉ်းစားထားတယ်။ ဂါထာသုံးတဲ့နေရာမှာ သူဟာ မဒမ်ဖွမ်ဖရေကို ပိုပြီး ယုံကြည်တယ်။ ဒါပေမယ့် ဒီလိုပြောရင် သိပ်ရိုင်းရာကျတယ်။ ဒါကြောင့် သူ မလှုပ်မယှက် ရပ်နေပြီး မျက်စိမှိတ်ထားလိုက်တယ်။

"အပစ်စကီ" တန့်ခ်စ်က ပြောတယ်။

ဟယ်ရီဟာ သူ့နှာခေါင်း ပူစပ်လာတာ ခံစားရတယ်။ ဆက်လက်ပြီး အေးစက်သွားတယ်။ သူက လက်နဲ့ အသာလေး စမ်းကြည့်တယ်။ နှာခေါင်းက အနာကျက်သွားသလိုပဲ။

"သိပ်ကျေးဇူးတင်တာပဲ"

"မင်း ကိုယ်ပျောက်ဝတ်ရုံကို ခြုံထားရင် ကောင်းမယ်။ ငါတို့ကျောင်းကို လမ်းလျှောက်သွားမယ်" တန့်ခ်စ်က ပြောတယ်။ မျက်နှာပေါ်မှာ အပြုံးမရှိဘူး။

ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကို ခြုံလိုက်တယ်။ တန့်ခ်စ်က မှော်ကြိမ်လုံးကို ယမ်းလိုက်တယ်။ အလွန်ကြီးမားတဲ့ ငွေရောင် ခြေလေးချောင်းသတ္တဝါတစ်ကောင် မှော်ကြိမ်လုံးထဲက ထွက်လာပြီး၊ ညအမှောင်ထဲကို အလျှင်အမြန် ပြေးဝင်သွားတယ်။

"အဲဒါ ကိုယ်စောင့်နတ်လား" ဟယ်ရီက မေးတယ်။ ဒမ်ဘလီဒိုးက ဒီနည်းနဲ့ သတင်းပို့တာ သူမြင်ဖူးတယ်။

"ဟုတ်တယ်၊ ငါ ကျောင်းကို မင်း ရှာတွေ့ပြီဆိုတာ အကြောင်းကြားတာ။ သူတို့ စိတ်ပူနေမှာစိုးလို့။ သွားစို့၊ နောက်ထပ် ကြန့်ကြာမနေရင် ကောင်းမယ်"

သူတို့ဟာ ကျောင်းသို့ပေါက်တဲ့ လမ်းကလေးဆီ လျှောက်သွားတယ်။

"ခင်ဗျား ကျွန်တော့်ကို ဘယ်လိုတွေ့တာလဲ"

"မင်း ရထားပေါ်က ဆင်းမလာတာ ငါ သတိပြုမိတယ်၊ မင်းမှာ ကိုယ်ပျောက်ဝတ်ရုံရှိတာလဲ သိတယ်။ ဒါနဲ့ မင်း ဘာကြောင့်ပုန်းနေမှန်းမသိဘူး ဆိုတာ သိတယ်။ နောက်တော့ အဲဒီတွဲခန်းမှာ လိုက်ကာချထားတာ မြင်တယ်။ ဒါကြောင့် ပေါ်ပြီးစစ်ဆေးရမယ်လို့ ထင်တယ်"



"ဒါပေမယ့်၊ ခင်ဗျား ဒီကို ဘာလာလုပ်တာလဲ" ဟယ်ရီက မေးတယ်။

"ငါ အခု ဟော့ဂ်စ်မိဒ်မှာ နေပြီး ကျောင်းကို အကာအကွယ်ဖြည့်ပေးနေတယ်" တန့်ခ်စ်က ပြောတယ်။

"ဒီမှာစောင့်နေတာ ခင်ဗျားတစ်ယောက်တည်းလား၊ ဒါမှမဟုတ် —?

"ဟင့်အင်း၊ ပရောက်ဖူး ဆာဗေ့၊ ဒေါလစ်တို့လဲ ဒီမှာရှိတယ်"

"ဒေါလစ်ဆိုတာ အရင်တစ်ခါ ဒမ်ဘလီဒိုး တိုက်ခိုက်တဲ့ အောရာလား"

"ဟုတ်တယ်"

သူတို့ဟာ မြင်းလှည်းတွေ ခုတွင်မောင်းသွားတဲ့ ဘီးရာအတိုင်း မှောင်မည်းပြီး လူခြည်တိတ်တဲ့ လမ်းကလေးပေါ်မှာ ခက်ခဲစွာ လျှောက်သွားကြတယ်။ ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံထဲကနေ တန့်ခ်စ်ကို ငဲ့စောင်းကြည့်နေတယ်။ မနှစ်တုန်းကဆိုရင်၊ သူမဟာ သူများအကြောင်းကို သိပ်စပ်စုတာ (တစ်ခါတလေဆိုရင်၊ အမြင်ကတ်စရာတောင် ကောင်းတယ်)၊ သိပ်လည်း ရယ်ချင်တယ်၊ ရယ်စရာလည်း သိပ်ပြောချင်တယ်။ အခု သူမဟာ ချက်ချင်းကြီး အိုသွားပြီး တည်ကြည်ပြီး ကြံ့ခိုင်ပုံ ပေါက်နေတယ်။ ဒါဟာ ဝန်ကြီးဌာနမှာ ဖြစ်ပွားတဲ့ကိစ္စရဲ့ အကျိုးဆက်ပဲလား။ သူဟာ စိုးရိမ်စွာနဲ့ တွေးနေတယ်။ ဟာမီးဟာ သူ့ကို တန့်ခ်စ်ကို နှစ်သိမ့်စကားပြောဖို့ အကြံပေးလိမ့်မယ်။ ဆီးရီးအက်စ်ကြယ် သေရတာဟာ သူမကြောင့် လုံးဝမဟုတ်ဘူးလို့ ပြောခိုင်းလိမ့်မယ်။ ဒါပေမယ့် သူ့မှာ ပြောဖို့သတ္တိ မရှိဘူး။ ဆီးရီးအက်စ်ကြယ် သေဆုံးရတာ တန့်ခ်စ်ကြောင့်လို့ သူ လုံးဝမထင်ဘူး။ သူမအမှားဟာ ဘယ်သူထက်မှ (သူ့ထက် ပိုလို့တောင် မကြီးဘူး) မကြီးဘူး။ ဒါပေမယ့် သူ ဆီးရီးအက်စ်ကြယ် အကြောင်း တကယ်ပဲ မပြောချင်ဘူး၊ ရှောင်လို့ရရင် အတတ်နိုင်ဆုံး ရှောင်မယ်။ ဒါနဲ့ သူတို့ဟာ အေးချမ်းတဲ့ ညအမှောင်ထဲမှာ တိတ်တိတ်လျှောက်လာကြတယ်။ တန့်ခ်စ်ရဲ့ ခြုံထည်ဟာ သူမနောက်ဘက် မြေကြီးပေါ် ရှပ်တိုက်လို့ တရှပ်ရှပ်သံ ထွက်နေတယ်။

ဟယ်ရီ အရင်က မြင်းလှည်းပဲ စီးလို့ ဟော့ဂ်ဝပ်နဲ့ ဟော့ဂ်စ်မိဒ် အကြား ဘယ်လောက်ဝေးတယ်ဆိုတာ မသိဘူး။ ကျောင်းမုခ်ဦး သေး

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဘက်က အပေါ်မှာ တောင်ပံနဲ့ တောဝက်ပုံပါတဲ့ တိုင်မြင့်မြင့်ကြီးတွေကို မြင်ရတော့ သက်ပြင်းချနိုင်သွားတယ်။

သူဟာ အေးလည်း အေး၊ ဆာလည်း ဆာနေတယ်။ ပြီးတော့ ဒီစိမ်းနေတဲ့၊ အမူအရာ လေးပင်တဲ့ တန့်ခ်စ်ကိုလည်း အမြန်ခွဲခွာသွားချင်နေတယ်။ ဒါပေမယ့် သူလက် မုခ်ဝတံခါးကို တွန်းဖွင့်ဖို့ လုပ်တော့ မုခ်တံခါးကို သံချိန်းကြိုးနဲ့ ခတ်ထားတာ တွေ့ရတယ်။

"အလာဟိုမိုးရာ" သူက မှော်ကြိမ်လုံးနဲ့ သော့ကို ချိန်ပြီး ပိုင်နိုင်စွာ အော်လိုက်တယ်။ ဒါပေမယ့် မုခ်တံခါးက ဘာမှတုံ့ပြန်မလာဘူး။

"ဒါနဲ့မရဘူး" တန့်ခ်စ်က ပြောတယ်။ "ဒမ်ဘလီဒိုးကိုယ်တိုင် မုခ်ကို ဂါထာနဲ့ စီရင်ထားတယ်"

ဟယ်ရီ လှည့်ကြည့်တယ်။

"ကျွန်တော် ဖက်တက်လို့ရတယ်" သူက အကြံပေးတယ်။

"မရဘူး၊ လုံးဝမရဘူး" တန့်ခ်စ်က အမူအရာ မပြဘဲ ပြောတယ်။ "မုခ်တစ်ခုလုံးကို ကျူးကျော်ဝင်ခြင်း ဆန့်ကျင်တဲ့ဂါထာ ချထားတယ်။ ဒီနှစ်နွေမှာ လုံခြုံရေး အဆတစ်ရာ ပိုလုပ်ထားတယ်"

"ဒါဆို ကောင်းပြီ" ဟယ်ရီက သူမ ဘေးရပ်ပြီး ကြည့်နေတာကို နည်းနည်းစိတ်တိုမိတယ်၊ သူက ပြောတယ်။ "ကျွန်တော် အပြင်မှာပဲ အိပ်ရတော့မယ်နဲ့ တူတယ်။ မနက်ဖြန်မိုးလင်းမှပဲ ကြည့်တာပေါ့"

"မင်းကို လာကြိုနေပြီ" တန့်ခ်စ်က ပြောတယ်။ "ကြည့်"

အဝေးက ရဲတိုက်ခြေရင်းမှာ လှုပ်ယိုင်တဲ့ မီးအိမ်တစ်ခု ပေါ်လာတယ်။ ဟယ်ရီ သိပ်ဝမ်းသာတယ်။ သူဟာ ဖစ်ချ်က ဟောဟဲဟောဟဲနဲ့ သူ နောက်ကျရမလားလို့ ဝေဖန်တာ၊ ပြီးတော့ သူ့ကို အချိန်မှန်မှန် ဒဏ်ခတ်အပြစ်ပေးရင်၊ သူ့ အချိန်ကို လေးစားလာလိမ့်မယ်လို့ အော်ဟစ်တာတောင် သည်းခံနိုင်လိမ့်မယ်။ လက်နေတဲ့ လိမ္မော်ရောင်မီးဟာ သူနဲ့ ဆယ်လှမ်းလောက်ပဲ ကွာတော့တယ်၊ ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကို ချွတ်ပစ်ပြီး လာသူ သူ့ကို မြင်စေအောင် လုပ်တယ်။ ဒီတော့မှ သူဟာ စနိတ်ပ်ရဲ့ အောက်က မီးရောင် ချောင်းကြည့်နေတဲ့ သိမ်းငှက်နှုတ်သီးနှာခေါင်းနဲ့ မည်းနက်လက်ပြောင်နေတဲ့ ဆံပင်ရှည်ကို မြင်ရတော့တယ်။ သူ့မှာ ပြင်းထန်စွာ ရွံမုန်းစိတ် ဖြစ်ပေါ်လာတယ်။



"သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ်" စနိတ်ပ်က ကဲ့ရဲ့ရယ်ရင်း မှော်ကြိမ်လုံး ဆွဲထုတ်ပြီး သော့ပေါ်ကို ခေါက်လိုက်တယ်။ သံချိန်းကြိုးဟာ မြွေတစ်ကောင်လိုပဲ တွန့်ဆုတ်သွားတယ်။ မုခ်တံခါး တကျွီကျွီနဲ့ ပွင့်သွားတယ်။ "မင်း ပေါ်တာ လာပြီးကိုး၊ ပေါ်တာ။ ဒါပေမယ့် ကျောင်းဝတ်စုံ ဝတ်တာ မင်းရုပ်ရည်ကို ထိခိုက်တယ်လို့ ထင်ပုံရတယ်"

"ကျွန်တော် အဝတ်လဲလို့ မရဘူး၊ ကျွန်တော့်သေတ္တာ —" ဟယ်ရီ စကားမဆုံးခင်မှာပဲ စနိတ်ပ်က ဖြတ်လိုက်တယ်။

"စောင့်နေစရာ မလိုတော့ဘူး၊ နီဖွာဒိုရာ။ ပေါ်တာ ကျုပ်လက်ထဲမှာ အလွန် — အင်း — လုံခြုံတယ်"

"ကျွန်မက ဟက်ဂရစ်ဆီ သတင်းပို့တာ" တန့်ခ်စ်က မျက်မှောင်ကြုတ်ပြောတယ်။

"ဟက်ဂရစ်လဲ ပေါ်တာလိုပဲ၊ ကျောင်းဖွင့်ညစာစားပွဲကို အချိန်မီ မရောက်ဘူး။ ဒါကြောင့် ကျုပ်က သူ့အစား လက်ခံလိုက်တယ်။ ကြုံတုန်း ပြောရဦးမယ်" စနိတ်ပ်က နောက်တစ်လှမ်းဆုတ်ပြီး ဟယ်ရီ့ကို ဝင်ဖို့ ဖယ်ပေးတယ်။ "ခင်ဗျားရဲ့ ကိုယ်စောင့်နတ်အသစ်ကို ကျုပ် သိပ်စိတ်ဝင်စားတယ်"

သူဟာ တန့်ခ်စ်ရှေ့မှာပဲ မုခ်တံခါးကို အကျယ်ကြီး ဆွဲပိတ်လိုက်တယ်။ မှော်ကြိမ်လုံးနဲ့ သံချိန်းကြိုးကို ခေါက်လိုက်ပြန်တယ်။ သတ္တုထိခိုက်သံ ထွက်ပေါ်လာပြီး ချိန်းကြိုးဟာ မြွေလိုပဲ မူလနေရာကို ပြန်ရောက်သွားတယ်။

"အရင်ကဟာပဲ ပိုကောင်းတယ်လို့ ကျုပ်ထင်တယ်" စနိတ်ပ်က ပြောတယ်။ အသံက စိတ်ပုပ်တဲ့သဘော ဆောင်နေတာ သံသယရှိစရာ မလိုဘူး။ "အသစ်က ဘာအားမှမရှိသလိုပဲ"

စနိတ်ပ်က မီးအိမ်ကို လှုပ်လိုက်တယ်။ တန့်ခ်စ်မျက်နှာပေါ်မှာ ဒေါသရိပ် သန်းသွားတာ ဟယ်ရီ မြင်တွေ့ရတယ်။ ဒါပေမယ့် ဆက်လက်ပြီး သူမကို အမှောင်က ဖုံးလွှမ်းသွားတယ်။

"မင်္ဂလာညပါ" ဟယ်ရီက စနိတ်ပ်နဲ့အတူ ကျောင်းဆီ လျှောက်သွားစဉ် တန့်ခ်စ်ဘက် လှည့်အော်ပြောတယ်။ "အရာအားလုံးအတွက် ကျေးဇူးတင်ပါတယ်"

"နောက်တွေ့မယ်၊ ဟယ်ရီ"

စနိတ်ပ်ဟာ ခဏတာ စကားမပြောဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီဟာ မိမိကိုယ်တွင်းမှ အလွန်ပြင်းထန်တဲ့ မုန်းတီးစိတ်တွေ ထုတ်လွှတ်နေတယ်လို့ ခံစားရတယ်၊ စနိတ်ပ်ဟာ အဲဒီမုန်းတီးမှုတွေ သူ့ကို လောင်ကျွမ်းနေတာ မခံစားရတာ၊ သူ သိပ်အံ့ဩမိတယ်။ သူတို့ဟာ ပထမဆုံး တွေ့ဆုံတဲ့အချိန်ကစပြီး၊ သူက စနိတ်ပ်ကို မုန်းတယ်၊ စနိတ်ပ်က ဆီးရီးအက်စ်ကြယ်ပေါ် ထားတဲ့သဘောထားကြောင့်၊ ဟယ်ရီက သူ့ကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး။ ဒမ်ဘာလီဒိုး ဘယ်လိုပဲပြောပြော၊ ဟယ်ရီဟာ နွေကျောင်းပိတ်ရက်အတွင်း တွေးတောစဉ်းစားပြီး ဒီလိုကောက်ချက်ချရလိုက်တယ်၊ စနိတ်ပ်ဟာ သဘောဆိုးနဲ့ ဆီးရီးအက်စ်ကြယ်ကို ကဲ့ရယ်ရှုံ့ချတယ်။ ဖီးနစ်အဖွဲ့က ကျန်အဖွဲ့ဝင်တွေ ဗိုလ်ဒီမွန်ကို တိုက်နေတယ်၊ သူကတော့ လုံခြုံတဲ့နေရာမှာ ပုန်းနေတယ်လို့ ပြောတယ်။ နောက်တော့ စနိတ်ပ်ရဲ့ အဲဒီစကားကြောင့် ဆီးရီးအက်စ်ကြယ်ဟာ ဟိုနေ့ညမှာ မှော်ဝန်ကြီးဌာနထဲ ဝင်လို့ အသက်ဆုံးရှုံးရတယ်။ ဟယ်ရီက ဒီအတွေးကို မြဲမြဲဆုပ်ကိုင်ထားတယ်။ သူ ဒီလိုတွေးတာ အပြစ်ကို စနိတ်ပ်ကိုယ်ပေါ် ဖို့ချလို့ရတယ်။ ဒါကြောင့် သူ ကျေနပ်မှုရတယ်။ ပြီးတော့ ဆီးရီးအက်စ်ကြယ် သေဆုံးခြင်းကို ဝမ်းမနည်းတဲ့သူ ရှိတယ်ဆိုရင်၊ အဲဒါ အခု အမှောင်ထဲမှာ သူ့ဘေးက လျှောက်လာတဲ့ ယောကျ်ားပဲ။

"နောက်ကျတဲ့အတွက်၊ ဂရစ်ဖင်းဒေါ်ကို အမှတ်ငါးဆယ် လျှော့တယ်" စနိတ်ပ်က ပြောတယ်။ "ပြီးတော့၊ ကျုပ် တွေးကြည့်ဦးမယ်၊ မင်း မတ်ဂေါ်အကျီ ဝတ်လာတဲ့အတွက် နောက်ထပ် အမှတ်နှစ်ဆယ် လျှော့တယ်။ ကျုပ်ထင်တယ်၊ ကျောင်းဖွင့်စ ရှိသေးတယ်၊ ဘယ်ဟောက်စ်ကျောင်းကမှ —— အမှတ်လျှော့ခံရတယ်ဆိုတာ ရှိမှာမဟုတ်ဘူး။ မင်းကတော့ စံချိန်ချိုးတာပဲ၊ ပေါ်တာ"

ဟယ်ရီ့ရင်ထဲက ဒေါသနဲ့ ရန်ငြိုးဟာ မီးပွင့်တော့မယ်။ သူဟာ အစ်ကိုယ်လုံး မာတောင့်ပြီး လန်ဒန်ပြန်ရောက်ချင် ရောက်ပစေ၊ စနိတ်ပ်ကို သူ နောက်ကျရတဲ့အကြောင်း ပြောမပြချင်ဘူး။

"မင်းက လူအများရှေ့မှာ လူကြည့်ခံချင်လို့ ထင်တယ်" စနိတ်ပ်က ဆက်ပြောတယ်၊ "မင်း ပျံတတ်တဲ့ကား မရှိတော့၊ ညစာစားပွဲတစ်ဝက်မှာ ခန်းမထဲ ဝင်ရင် ပြဇာတ်ဆန်ဆန် အကျိုးသက်ရောက်လိမ့်မယ် ထင်နေတယ်"

ဟယ်ရီဟာ သူ့ရင်တွေ ပေါက်ကွဲမတတ် ဖြစ်နေပေမယ့် ငြိမ်မြဲငြိမ် နေတယ်။ စနိတ်ပ် သူ့ကို လာကြိုတာ ဒါအတွက်ဆိုတာ သူ သိတယ်၊ သူ့မှာ



ဟယ်ရီ့ကို ဒေါသထွက်အောင် မိနစ်အချို့ နှိပ်စက်နိုင်တယ်။ ပြီးတော့ ဘယ်သူမှလည်း မကြားရဘူး။

သူတို့ ရဲတိုက်လှေကားထစ်ပေါ် ရောက်လာပြီ။ ဝက်သစ်ချတံခါးကြီးနှစ်ချပ် ပွင့်သွားပြီး ကျောက်ပြားခင်းထားတဲ့ ကျယ်ပြောတဲ့ တံခါးခန်းပေါ်လာတော့၊ ရယ်ကြမောကြတဲ့အသံ၊ ဖန်ခွက်၊ ငွန်းခက်ရင်းသံတွေ ခန်းမကြီးရဲ့ ပွင့်နေတဲ့တံခါးကနေ သူတို့နားထဲ ရောက်လာတယ်၊ ဟယ်ရီက သူ့ခတ်တိတ်လေး ကိုယ်ပျောက်ဝတ်ရုံ ဝတ်ပြီး ဘယ်သူမှ မသိလိုက်ဘဲ ဂရစ်ဖင်းဒေါ် စားပွဲဘေး သွားထိုင်လို့ ရမလားလို့ တွေးတယ်။ အလွန်ခက်တာက ဂရစ်ဖင်းဒေါ်စားပွဲဟာ ခန်းမကြီးရဲ့ အတွင်းဆုံးမှာ ဖြစ်နေတယ်။

သို့ပေမယ့် စနိတ်ပ်က ဟယ်ရီ့သဘောကို ခန့်မှန်းနိုင်သလိုပဲ။ သူက ပြောတယ်၊ "ကိုယ်ပျောက်ဝတ်ရုံ မဝတ်ရဘူး။ မင်း ဒီတိုင်းဝင်သွား၊ အားလုံး မင်းကို မြင်ပစေ၊ မင်းလိုချင်တာ ဒါပဲမဟုတ်လား"

ဟယ်ရီက နေရာတင် လှည့်လိုက်ပြီး ပွင့်နေတဲ့ တံခါးကြီးကို ခြေလှမ်းအဲ့တဲ့ ဖြတ်ဝင်သွားတယ်။ စနိတ်ပ်အနားက ခွဲခွာရရင် ပြီးရော။ ခန်းမကြီးထဲမှာ တောက်စ်ကျောင်းလေးကျောင်းရဲ့ စားပွဲလေးခု ရှိတယ်။ ထိပ်ဆုံးမှာ ဆရာလုပ်သားစားပွဲတစ်ခု ရှိတယ်။ မိုးပေါ်မှာ ခါတိုင်းလိုပဲ လွင့်နေတဲ့ ဖယောင်းတိုင်တွေ ထွန်းထားတယ်။ အောက်ဘက်က ပန်းကန်တွေ ဖယောင်းတိုင်မီးရောင်မှာ လက်နေတယ်။ သို့ပေမယ့် အဲဒါတွေအားလုံး ဟယ်ရီ့မျက်စိထဲမှာ လက်နေတဲ့ ဝေဝါးတဲ့အရာတွေ ဖြစ်တယ်။ သူ အလွန်လျင်မြန်စွာ သွားတယ်၊ လူတွေ သူ့ကို စတင်ကြည့်ရှုကြချိန်မှာ သူ ဟာ့ဖ်ဖတ်စားပွဲကို ဖြတ်လာနေပြီ။ လူတွေ မတ်တတ်ရပ်ပြီး သူ့ကို အတဲ့ခတ်တဲ့အချိန်မှာ သူဟာ ရွန်နဲ့ ဟာမီးကို မြင်ရပြီ၊ သူဟာ ခုံတန်းရှည်တွေဘေးက အပြေးသွားတယ်၊ သူတို့နှစ်ယောက်ကြား ဝင်ထိုင်လိုက်တယ်။

"မင်း ဘယ်သွားနေလဲ —— ဘုရား၊ ဘုရား။ မင်းမျက်နှာ ဘယ်လိုဖြစ်လဲ" ရွန်က ပြောတယ်။ သူနဲ့ အနီးရှိလူတွေ ဟယ်ရီ့ကို ပြူးကြည့်နေတယ်။

"ဘယ်လိုလဲ၊ ဘာများမှားနေလို့လဲ" ဟယ်ရီက ပြောရင်း ဇွန်းကို ကောက်ကိုင်တယ်။ မျက်စိမှေးပြီး ငွန်းပေါ် ပေါ်နေတဲ့မျက်နှာကို ကြည့်တယ်။

"နင့်မျက်နှာမှာ သွေးချည်းပဲ" ဟာမီးက ပြောတယ်။ "လာ ——"

www.burmeseclassic.com

www.burmeseclassic.com



သူမက မော့်ကြိမ်လုံးကို မြှောက်ပြီး ရွတ်တယ်။ "တာဂျီအို" အဲဒီ ခဲနေတဲ့ သွေးစသွေးနတွေ စုပ်ယူသွားတယ်။

"ကျေးဇူးပဲ" ဟယ်ရီက သန့်ရှင်းတဲ့မျက်နှာကို သပ်ရင်း ပြောတယ်။ "ငါ့နှာခေါင်း ဘယ်လိုနေလဲ"

"ပုံမှန်ပဲ" ဟာမီးက စိုးရိမ်စွာ ပြောတယ်။ "နင့်နှာခေါင်း ဘာဖြစ်လဲ ဟယ်ရီ။ ဘာဖြစ်လာသလဲ၊ ငါတို့ လန့်လိုက်တာ"

"ခဏနေမှ ပြောပြမယ်" ဟယ်ရီက တိုတိုပဲ ပြောတယ်၊ ဂျင်နီ၊ နီဗီး ဒင်းနဲ့ စီးမတ်တို့ အားလုံးနားထောင်နေတာ သူ သတိရှိရှိနဲ့ တွေ့ရှိတယ်။ ဂရစ်ဖင်းဒေါ်ဝီညာဉ် —— ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတဲ့ နစ်ခ်တော် ခုံတန်းလျားအတိုင်း လွင့်လာပြီး ဒိုးနားထောင်ဖို့ လုပ်တယ်။

"ဒါပေမယ့် —— " ဟာမီးက ပြောတယ်။

"မပြောနဲ့ဦး၊ ဟာမီး" ဟယ်ရီက လျှို့ဝှက်တဲ့၊ အဓိပ္ပာယ်ပါတဲ့ လေသံ ဆွဲပြီး ပြောတယ်။ သူတို့အားလုံး သူဟာ ရဲရင့်တဲ့ကိစ္စ သွားလုပ်တယ်လို့ ထင် စေချင်တယ်၊ အကောင်းဆုံးက ဒက်အီတာနစ်ယောက်နဲ့ ဝိညာဉ်စုပ်ကောင် တစ်ကောင်။ အမှန်ပဲ၊ မော်ဖိုင်ကတော့ လူတွေ့တိုင်း ဒီဇာတ်ကြောင်းကို ပြောမှာ သေချာတယ်။ ဒါပေမယ့် ဂရစ်ဖင်းဒေါ်ကျောင်းသားအများစု နားထဲ ရောက်ချင်မှရောက်မှာ။

သူဟာ ရွှန့်ကို ကျော်ပြီး ကြက်ပေါင်နှစ်ခုနဲ့ အာလူးချောင်းကြော် တစ်ဆုပ် ယူတယ်။ ဒါပေမယ့် မရသေးခင်မှာ အားလုံးပျောက်ကုန်တယ်။ အစားဝင်လာတာက အချိုစာ။

"နင် အမျိုးအစားခွဲ အခမ်းအနား မမီလိုက်ဘူး" ဟာမီးက ပြော တယ်၊ ရွှန့်က ချော့ကလက်ကိတ်မုန့်အတုံးကြီးကို သွားဆွဲတယ်။

"ဦးထုပ်က စိတ်ဝင်စားစရာ ဘာပြောသလဲ" ဟယ်ရီက မေးရင်း ဖျော်ရည်အဆာသွတ်မုန့်တစ်ခုကို ယူလိုက်တယ်။

"အရင်ကနဲ့ သိပ်မကွာပါဘူး . . . . ငါတို့ကို စည်းလုံးပြီး ရန်သူကို အတူရင်ဆိုင်ဖို့ ပြောတယ်၊ နင်သိပါတယ်"

"ဒမ်ဘယ်လီဒိုးက ဗိုလ်ဒီမွန့်အကြောင်း ပြောလား"

"မပြောသေးဘူး၊ ဒါပေမယ့် သူဟာ စားပွဲပြီးဆုံးတော့မှ သေချာ ပြောတာ၊ ဟုတ်လား၊ ပြောတော့မှာပါ"



"ဟက်ဂရစ်လဲ အချိန်မီ ညစာစားပွဲ မလာဘူးလို့ စနိတ်ပ်က ပြော တယ် —— "

"မင်း စနိတ်ပ်ကို မြင်တယ် ? ဘယ်လိုလုပ်မြင်လဲ" ရွှန့်က ကိတ်ကို အငမ်းမရ စားရင်း မေးတယ်။

"သူနဲ့ တိုးမိလို့" ဟယ်ရီက ဗလုံးဗထွေး ပြောတယ်။

"ဟက်ဂရစ် မိနစ်အနည်းငယ်ပဲ နောက်ကျတာ" ဟာမီးက ပြော တယ်။ "ကြည့်၊ ဟယ်ရီ၊ သူ နင့်ကို လက်ပြနေတယ်"

ဟယ်ရီက ဆရာလုပ်သားစားပွဲကို ကြည့်တယ်။ ဟက်ဂရစ်က သူ့ကို လက်ပြနေတယ်။ သူလည်း ဟက်ဂရစ်ကို ပြုံးပြတယ်။ ဟက်ဂရစ်နဲ့ ပါမောက္ခ မက်ဂေါ်နာဂေါဟာ သိပ်စပ်ဟပ်ပုံ မပေါ်ဘူး။ ပါမောက္ခ မက်ဂေါ်နာဂေါဟာ ဂရစ်ဖင်းဒေါ် ဟောက်စ်ကျောင်း ကျောင်းအုပ်။ သူတို့ အတူထိုင်နေရင် သူမရဲ့ ခေါင်းဟာ ဟက်ဂရစ်ရဲ့ လက်မောင်းနဲ့ ပခုံးကြားလောက်ပဲ ရှိတယ်။ အခု သူမဟာ ဟက်ဂရစ်က ဒီလို လှိုက်လှဲစွာ နှုတ်ဆက်တာတွေ့လို့ သိပ်ကျေနပ်ပုံ မရဘူး။

ဟယ်ရီ အံ့သြစွာ တွေ့ရှိတာကတော့ ဟက်ဂရစ်ရဲ့ တခြားတစ်ဖက် မှာ ထိုင်နေသူဟာ ဗေဒင်ဘာသာဆရာမ ပါမောက္ခ ထရီလောနီ ဖြစ်နေလို့ပဲ။ သူမဟာ ခါတိုင်း သူမနေတဲ့ အိမ်ချွန်ပေါ်က အခန်းက သိပ်ထွက်လေ့ မရှိဘူး။ အရင်က ကျောင်းဖွင့်ပွဲမှာ သူမကို ဟယ်ရီ မတွေ့ဖူးဘူး။

သူမရုပ်သွင်ဟာ အရင်ကလိုပဲ တစ်မျိုးကြီးပဲ။ လက်နေတဲ့ ပုလဲလုံး တွေ ဆွဲထားပြီး ရှည်လျားတဲ့ ခြုံပဝါ ခြုံထားတယ်။ မျက်လုံးအစုံဟာ မျက်မှန် ကြောင့် အဆမျှားစွာ ချဲ့ထားတယ်။ ဟယ်ရီ အရင်က သူမကို အရူးလို့ အမြဲ မြင်တယ်၊ မထင်မှတ်ဘဲ လွန်ခဲ့တဲ့ ကျောင်းပတ်ကုန်ဆုံးခါနီးမှာ သူမက အဲဒီ ပြိဟောစကားကို ပြောခဲ့တာလို့ သူ သိရတယ်။ ဒါကြောင့် ဗိုလ်ဒီမွန့်က ဟယ်ရီ့မိဘကို သတ်တာ ဖြစ်လာတယ်။ တစ်ခါ ဟယ်ရီ့ကိုပါ သတ်ဖို့ လုပ် တယ်။ ဒီအကြောင်း သိရပြီးနောက်၊ ဟယ်ရီဟာ သူမနဲ့အတူ မနေချင်တော့ ဘူး တော်သေးတာက၊ သူ ဒီနှစ် ဗေဒင်ဘာသာရပ်ကို မယူတော့ဘူး။ သူမရဲ့ ကြီးလွန်းလို့ ကြောက်စရာကောင်းတဲ့၊ ဖန်သီးလို မျက်လုံးကြီး သူ့ဘက် လှမ်းကြည့်တာ မြင်ရလို့ ဟယ်ရီက အကြည့်ကို စလေးသရင်းစားပွဲဘက် လှည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဂွာခို-မော်ဖိုင်ဟာ သူ ဘယ်လို နှာခေါင်းတစ်ခုကို ချိုးပစ်တယ် ဆိုတာ ပြောပြနေလို့ နားစူးစရာ ရယ်သံနဲ့ လက်ခုပ်သံတွေ ပေါ်လာတယ်။ ဟယ်ရီက ငုံ့ပြီး ပျားရည်ကိတ်မုန့်ကို ကြည့်နေတယ်။ ရင်ထဲမှာ ဒေါသမီး တောက်လာပြန်တယ်။ သူဟာ မော်ဖိုင်နဲ့ မျက်နှာချင်းဆိုင် တချီတမောင်း တိုက်လိုက်ချင်တယ် . . . .

"ဒါဆို ပါမောက္ခ စလပ်ဂဟွန်း ဘာလိုချင်လဲ" ဟာမီးက မေးတယ်။

"ပန်ကြီးဌာနထဲမှာ ဘာဖြစ်လဲဆိုတာ သိချင်တယ်" ဟယ်ရီက ပြောတယ်။

"သူတင်မကဘူး၊ ဒီကလူတိုင်း သိချင်ကြတယ်" ဟာမီးက အထင် သေးစွာ ပြောတယ်။ "ရထားပေါ်မှာ ငါတို့ကို မေးတဲ့လူချည်းပဲ၊ ဟုတ်တယ် နော်၊ ရွန်"

"ဟုတ်တယ်" ရွန်က ပြောတယ်။ "အားလုံးက မင်းဟာ အရွေးချယ် ခံရသူ တကယ်ဟုတ်မဟုတ် သိလိုကြတယ် —"

"ဝိညာဉ်တွေတောင် ဒီအကြောင်းကို အများကြီး ပြောဆိုကြတယ်" ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတဲ့ နစ်ခ်က ဝင်ပြောတယ်။ ရင်းရဲ့ အရေ ပြား အနည်းငယ်သာ ဆက်နေတဲ့ ခေါင်းဟာ ဟယ်ရီ့ဘက်ကို စောင်းလာ တယ်။ ဘီးသဏ္ဌာန် ကော်လာတွန့်ပေါ်မှာ အန္တရာယ်ရှိစွာ လှုပ်ယိုင်နေတယ်။ "ကျုပ်ကို ပေါ်တာ ကျွမ်းကျင်သူလို့တောင် ထင်နေတော့မလို့၊ အားလုံးက ကျုပ်တို့ဆက်ဆံရေးကောင်းတယ်ဆိုတာ သိတယ်။ ဒါပေမယ့် ကျုပ်က ဝိညာဉ် တွေကို အာမခံတယ်၊ ကျုပ် သူ့ကို အတင်းကပ်ပြီး အကြောင်းမမေးဘူးလို့ 'ဟယ်ရီ-ပေါ်တာက သူ ကျုပ်ကို လုံးဝယုံကြည်လို့ရမှန်း သိတယ်၊ ကျုပ်တို့ ရင်းထဲက စကားပြောတယ်' ကျုပ်က သူတို့ကို ပြောတယ်။ 'ကျုပ် သေတာ တောင် သူ့ယုံကြည်မှုကို သစ္စာမဖောက်ဘူး'"

"အဲဒါ ဘာမှမရေးရာဘူး။ ခင်ဗျား သေပြီးသွားပြီမို့ပဲ" ရွန်က ဖဲ့နိုး ထောက်ပြတယ်။

"လာပြန်ပြီ၊ မင်းက အမြဲပဲ ရဲခင်းထက်ထက်လို လူကို နာအောင် ထိုးတယ်" ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတဲ့ နစ်ခ်က မခံနိုင်ဘဲ ပြောပြီး ထွက်သွားတယ်။ ဒါနဲ့ မိုးပေါ် လွင့်တက်ပြီး ဂရစ်ဖင်းဒေါ်စားပွဲရဲ့ ဟိုတစ်ဖက်ထိပ် ထိုင်သွားတယ်။ ဒီအချိန်မှာပဲ ဒမ်ဘာလီဒိုးဟာ ဆရာလုပ်သားစားပွဲနောက်ကနေ



မတ်တတ်ရပ်လိုက်တယ်။ ခန်းမထဲ လွင့်ပျံ့နေတဲ့ စကားသံ ရယ်သံတွေ ချက်ချင်း ငြိမ်ကျသွားတယ်။

"အလွန်ကောင်းမွန်တဲ့ ညနေခင်းပါ" သူက နွေးထွေးသိမ်မွေ့စွာနဲ့ ပြုံးပြီး ပြောတယ်။ လက်နှစ်ဘက်ကို ဆန့်ကားပြီး ခန်းမကြီးတစ်ခုလုံးကို ပွေ့ဖက်မလိုပဲ။

"သူ့လက် ဘာဖြစ်လဲ" ဟာမီးက အံ့အားသင့်စွာ မေးတယ်။

ဒါကို သတိပြုမိသူဟာ သူမတစ်ယောက်တည်း မဟုတ်ဘူး။ ဒမ် ဘာလီဒိုးရဲ့ အဲဒီလက်တစ်ဘက်ဟာ ဟိုညက ဒါစလီတို့အိမ်ကနေ ဟယ်ရီ့ကို ခေါ်ကြိုတုန်းကလိုပဲ မည်းခြောက်ပြီး အသားတွေ သေနေသလိုပဲ။ ခန်းမထဲမှာ တီးတိုး ပြောဆိုသံတွေ ပေါ်လာတယ်။ ဒမ်ဘာလီဒိုးက အများပြောဆိုနေ တာ ဘာဆိုတာ သိတယ်။ သူက ရယ်ပဲရယ်လိုက်တယ်၊ ခရမ်းရောင်နဲ့ ရွှေရောင်ကျားတဲ့ အကျီလက်မောင်းကို ခါလိုက်ပြီး ဒဏ်ရာရတဲ့လက်ကို ဖုံး အုပ်လိုက်တယ်။

"မစိုးရိမ်ပါနဲ့" သူက ပေါ့ပေါ့ပဲ ပြောတယ်။ "ကောင်းပြီ . . . . ကျောင်းသားသစ်တွေ၊ ကျောင်းက ကြိုဆိုပါတယ်။ ကျောင်းသားဟောင်းတွေ ကျောင်းပြန်လာတာ ကြိုဆိုပါတယ်။ မင်းတို့ကို ကျောင်းနှစ်သစ်ရဲ့ မှော် ပညာရေးက စောင့်နေပါတယ် . . . ."

"ငါ နွေကျောင်းပိတ်ရက် သူ့ကို တွေ့တုန်းကတည်းက သူ့လက် ဒီအတိုင်းပဲ" ဟယ်ရီက ဟာမီးကို တိုးတိုးပြောတယ်။ "ငါက သူ ပျောက်သွားပြီ ထင်နေတာ . . . . ဒါမှမဟုတ် မဒမ်ဖွမ်ဖရေက ကုပေးလို့ ကောင်းသွားပြီ ထင်နေတာ"

"အဲဒီလက် ကြည့်ရတာ သေသွားပြီနဲ့တူတယ်" ဟာမီးက စိတ်ဒုက္ခ ရောက်တဲ့ အမူအရာနဲ့ ပြောတယ်။ "တချို့ဒဏ်ရာတွေဟာ ဘယ်တော့မှ မပျောက်ကောင်းဘူး . . . . ရှေးကျတဲ့ကျိန်စာ . . . . ပြီးတော့ မှော်ဆေးတချို့မှာ ဖြေဆေးမရှိဘူး . . . ."

". . . . ကျောင်းစောင့် ဖစ်ချ်က ကျုပ်ကို အကြောင်းကြားခိုင်းပြော တယ်၊ ဒီနှစ် ဝယ်စလီ မှော်ပဋ္ဌလက်ဆိုင်က ဝယ်တဲ့ ဘယ်လိုဟာသအုန်ပစ္စည်း မှ ယူဆောင်လာခွင့် မရှိဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ဟောက်စ်ကျောင်း ခွေဒစ်အသင်းထဲ ဝင်ချင်တဲ့ ကျောင်းသားတွေဟာ အရင်ကလိုပဲ ဟောက်စ်ကျောင်း ကျောင်းအုပ်ဆီ နာမည်ပေးသွင်းရမယ်။ ကျုပ်တို့ ခွေဒစ်ဘောပွဲ ကြေညာသူအသစ် ရှာနေတယ်၊ လုပ်ချင်သူရှိရင် ဟောက်စ်ကျောင်း ကျောင်းအုပ်ဆီမှာ နာမည်ပေးသွင်းကြပါ။

"ဒီနှစ်မှာ ကျုပ်တို့ အလွန်ဝမ်းမြောက်စွာနဲ့ ဆရာအသစ်တစ်ယောက်ကို ကြိုဆိုကြရတယ်။ ပါမောက္ခ စလပ်ဂဟွန်း" စလပ်ဂဟွန်း မတ်တတ်ရပ်လိုက်တယ်။ ၎င်းရဲ့ ပြောင်နေတဲ့ခေါင်းဟာ ဖယောင်းတိုင်မီးအောက်မှာ လက်နေတယ်။ ကိုယ်ကျပ် လက်ပြတ်အင်္ကျီ ဝတ်ထားတဲ့ ဗိုက်ကြီးဟာ စားပွဲပေါ် အရိပ်ကျနေတယ်၊ "သူက ကျုပ်ရဲ့ အရင်က လုပ်ဖော်ကိုင်ဘက်တစ်ယောက်ပါ။ သူ အလုပ်ဟောင်းကို ပြန်လုပ်ဖို့ သဘောတူပြီး မှော်ဆေးပညာဘာသာရပ် ဆရာအဖြစ် တာဝန်ယူမှာ ဖြစ်တယ်"

"မှော်ဆေးပညာဘာသာ ?"

"မှော်ဆေးပညာဘာသာ ?"

ဒီစကားဟာ ခန်းမထဲ ပဲ့တင်ထပ်သွားတယ်။ အားလုံး နားကြားလွဲတယ် ထင်နေကြတယ်။

"မှော်ဆေးပညာဘာသာ ?" ရွန်နဲ့ ဟာမီးက တစ်ပြိုင်နက် ပြောတယ်။ ခေါင်းစောင်းပြီးတော့လည်း ဟယ်ရီ့ကို ကြည့်နေတယ်။ "ဒါပေမယ့် မင်း အစက ပြောတာက —"

"တစ်ချိန်တည်းမှာ၊ ပါမောက္ခ စနိတ်ပ်" ဒမ်ဘာလီဒိုးက အသံမြှင့်ပြီး လူတွေ ပြောဆိုသံကို ဖုံးလွှမ်းအောင် ပြောတယ်။ "မှော်နက်ပညာ ခုခံကာကွယ်တဲ့ အတတ်ဆရာအဖြစ် ထမ်းဆောင်လိမ့်မယ်"

"ဟင့်အင်း" ဟယ်ရီ့အသံ သိပ်ကျယ်လို့ ခေါင်းတွေ သူ့ဘက် လှည့်လာကြတယ်။ ဒါပေမယ့် သူက အရေးမလုပ်ဘူး၊ ဒေါသနဲ့ ဆရာလုပ်သားစားပွဲကို စိုက်ကြည့်နေတယ်။ ဘာကြောင့် နောက်ဆုံးမှာ မှော်နက်ပညာ ခုခံကာကွယ်တဲ့အတတ် သင်ကြားတဲ့အလုပ်ကို စနိတ်ပ်ကို ပေးရတာလဲ။ ဒီနှစ်တွေမှာ ဒမ်ဘာလီဒိုးက သူ ဒီအလုပ်နဲ့ ကိုက်မယ်လို့ မထင်ဘူးဆိုတာ အားလုံးလည်း သိတာပဲ မဟုတ်လား။

"ဒါပေမယ့်၊ ဟယ်ရီ၊ နင်က မှော်နက်ပညာခုခံကာကွယ်တဲ့အတတ်ကို စလပ်ဂဟွန်း သင်မယ်လို့ ပြောဖူးတယ်" ဟာမီးက ပြောတယ်။



"ငါက သူလို့ ထင်တာ" ဟယ်ရီက ပြောတယ်။ သူဟာ ဒမ်ဘာလီဒိုး ဘယ်တုန်းက သူ့ကို ပြောဖူးသလဲဆိုတာ တအားတွေးကြည့်တယ်။ သို့ပေမယ့် အခု သေချာစဉ်းစားကြည့်တော့၊ စလပ်ဂဟွန်းက အဲဒီဘာသာကို သင်မယ်လို့ ဒမ်ဘာလီဒိုးပြောတာ လုံးဝ သတိမရတော့ဘူး။

စနိတ်ပ်ဟာ ဒမ်ဘာလီဒိုး ညာဘက်မှာ ထိုင်နေတယ်၊ ဒမ်ဘာလီဒိုးက မိမိနာမည်ကို ပြောတဲ့အခါမှာ သူ မတ်တတ်မရပ်ဘူး၊ ပျင်းရိစွာ လက်တစ်ဘက်ကိုပဲ မြှောက်ပြတယ်။ စလေးသရင်းစားပွဲက ဩဘာပေးသံကို ကြားတဲ့သဘောပြတာ။ ဒါပေမယ့် ဟယ်ရီဟာ သူမုန်းတီးတဲ့ အဲဒီမျက်နှာပေါ်မှာ ကျေနပ်ဝမ်းသာတဲ့ အရိပ်အယောင်ကို သူ ရှင်းလင်းစွာ တွေ့ရတယ်။

"ကောင်းတာပဲ၊ ဒီကိစ္စ နည်းနည်းတော့ ကောင်းတယ်" ဟယ်ရီက အကြိတ်ပြောတယ်။ "စနိတ်ပ်ဟာ တစ်နှစ်မပြည့်ခင်မှာ သွားရလိမ့်မယ်"

"မင်း ဒါ ဘာအဓိပ္ပာယ်လဲ" ရွန်က မေးတယ်။

"အဲဒီအလုပ်ဟာ ကျိန်စာဆိုးဆိုး အချခံထားရတာ။ ဘယ်သူမှ တစ်နှစ်ထက် ပိုမလုပ်ရဘူး . . . . ခွေရယ်ဆိုရင် အသက်တောင် ပါသွားတယ်။ ငါကတော့ နောက်ထပ် လူသေမှုတစ်မှုဖြစ်ဖို့ တကယ့်ကို မျှော်လင့်တယ် . . . ."

"ဟယ်ရီ" ဟာမီးက ထိတ်လန့်စွာ ဟန့်လိုက်တယ်။

"ကျောင်းပတ်ကုန်ခါနီးရင် သူ မှော်ဆေးပညာဘာသာ ပြန်သင်မယ် ထင်တယ်" ရွန်က အသိရှိရှိ ပြောတယ်။ "စလပ်ဂဟွန်းလို့ခေါ်တဲ့ ပုဂ္ဂိုလ်ဟာ ဒီမှာ ရေရှည်နေချင်ပုံ မရဘူး၊ မူးဒီလဲ ဒီလိုပဲ"

ဒမ်ဘာလီဒိုးက ချောင်းဟန့်လိုက်တယ်။

အောက်မှာ စကားပြောနေတာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတင်မကဘူး၊ ခန်းမကြီးထဲက လူတိုင်း စနိတ်ပ် လိုအင်ဆန္ဒနဲ့ ပြည့်ဝသွားတာ ကြားတော့ အားလုံး ပြောဆိုနေကြတယ်။ ဒမ်ဘာလီဒိုးဟာ သူ ခုနက ကြေညာတဲ့သတင်းကြောင့် ဘယ်လောက်လှုပ်ရှားသွားတယ်ဆိုတာ မသိသလိုပဲ၊ သူဟာ ဆရာ တာဝန်ကိစ္စကို မပြောတော့ဘဲ၊ အားလုံး ငြိမ်သက်သွားတာ သေချာမှ ဆက် ပြောတယ်။

"ဒီခန်းမကြီးထဲကလူတိုင်း သိကြတယ်၊ မှော်နက်ဆရာကြီး ဗိုလ်ဒီမွန်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ သူနောက်လိုက်တွေ ပြန်ထလာကြပြန်ပြီ။ ပြီးတော့ အင်အားလဲ အဆက်မပြတ် ကြီးထွားလာနေတယ်"

ဒမ်ဘလီဒိုး စကားပြောစဉ်၊ ခန်းမထဲမှာ တထိတ်ထိတ်နဲ့ ရင်ကို ဆွဲဆုပ်ထားခံရသလို ငြိမ်သက်နေတယ်။ ဟယ်ရီက မော်ဖိုင်ကို တစ်ချက်ကြည့်လိုက်တယ်။ မော်ဖိုင်က ဒမ်ဘလီဒိုးကို မကြည့်ဘူး၊ မှော်ကြိမ်လုံးနဲ့ သူ့ခက်ရင်းကို မိုးပေါ် လွှင့်နေစေတယ်။ ကျောင်းအုပ်ကြီးစကားဟာ နားထောင်နေစရာ မလိုတဲ့သဘော ပြနေတယ်။

"ကျုပ် အထူးအလေးတင်း ပြောလိုတာက မျက်မှောက်အခြေအနေက အလွန်အန္တရာယ်ရှိတယ်။ ကျုပ်တို့ ဟော့ဂ်ဝပ်က လူတိုင်းဟာ အလွန်အလွန် သတိရှိမှ မိမိလုံခြုံရေးကို အာမခံနိုင်မယ်။ ရဲတိုက်ရဲ့ ခုခံကာကွယ်တဲ့ မှော်ပညာကတုတ်ကို နွေကျောင်းပိတ်ရက်အတွင်းမှာ ထပ်ဖြည့်ထားတယ်။ ကျုပ်တို့ဟာ အသစ်ဖြစ်တဲ့၊ ပိုပြီးထိရောက်တဲ့ အကာအကွယ် ရလာတယ်။ ဒါပေမယ့် ကျုပ်တို့ ဆရာတပည့်အားလုံး သတိရှိဖို့ လိုမြဲလိုတယ်၊ နည်းနည်းမှ မပေါ့လျော့ပါနဲ့။ ဒါကြောင့်၊ သင်တို့ဟာ ဆရာများ ချမှတ်ထားတဲ့ လုံခြုံရေး သတ်မှတ်ချက်တိုင်းကို တိကျစွာ လိုက်နာရမယ်။ အဲဒီစည်းကမ်းကလနားတွေ ဘယ်လောက်ပဲ စိတ်ရှုပ်စရာကောင်းပါစေ လိုက်နာရမယ် —— အထူးသဖြင့် မီးမှိတ်ချိန်ရောက်ပြီးနောက် အိပ်ရာက ထပြီး အပြင်မထွက်ရတဲ့ စည်းကမ်းကို လိုက်နာရမယ်။ ကျောင်းတွင်းကျောင်းပြင်မှာ ထူးခြားတဲ့ ဒါမှမဟုတ် သံသယဖြစ်စရာ အခြေအနေ တွေ့ရှိရင်၊ ချက်ချင်း ဆရာလုပ်သားများထံ အစီရင်ခံဖို့ ကျုပ် မေတ္တာရပ်ခံပါတယ်။ သင်တို့ဟာ မိမိနဲ့ တခြားသူတွေရဲ့ လုံခြုံရေးအတွက် မိမိအပြုအမူကို ချုပ်ထိန်းလိမ့်မယ်လို့ ကျုပ် ယုံကြည်ပါတယ်"

ဒမ်ဘလီဒိုးရဲ့ မျက်လုံးပြာပြာဟာ ကျောင်းသားအားလုံးကို ဝေ့ကြည့်လိုက်ပြီး ပြုံးရိပ်ပေါ်လာတယ်။

"ကောင်းပြီ၊ မင်းတို့အိပ်ရာက မင်းတို့ကို စောင့်နေတယ်။ မင်းတို့ မျှော်လင့်သလို နွေးထွေးငြိမ်ရှိမယ်။ မင်းတို့ အခု အရေးကြီးဆုံးက ကောင်းကောင်းအနားယူပြီး နက်ဖြန် ကျောင်းတက်ဖို့ဆိုတာ ကျုပ် သိတယ်။ ဒါကြောင့် ကျုပ်တို့ "မင်္ဂလာညပါ" လို့ ပြောကြစို့၊ ဖစ်ဖစ်"



ခါတိုင်းလိုပဲ၊ ထိုင်ခုံတွေ နောက်သို့ တွန်းပစ်တဲ့ နားစူးတဲ့ ပွတ်တိုက်သံတွေ ပေါ်လာတယ်၊ ကျောင်းသားရာအချို့ ခန်းမကြီးထဲက အလျှိုအလျှို ထွက်သွားပြီး အိပ်ဆောင်ဆီ သွားကြတယ်။

ဟယ်ရီက ထွက်ဖို့ စိတ်မစောဘူး။ သူဟာ မျက်လုံးကြီးပြူးပြီး သူ့ကို ကြည့်မယ့် ကျောင်းသားတွေနဲ့ တိုးဝှေ့မသွားချင်ဘူး။ မော်ဖိုင်အနားလည်း ကပ်ချင်ဘူး၊ သူ့ကို နှာခေါင်းနင်းချိုးတဲ့ပုံပြင် ထပ်ပြောခွင့် မပေးချင်ဘူး။ ဒါကြောင့် သူဟာ ဖိနပ်ကြိုးချည်ဟန်ဆောင်ပြီး တမင် နောက်ချန်နေတယ်၊ ဂရစ်ဖင်ဒေါကျောင်းသားအများစုကို သူ့ရှေ့က သွားစေတယ်။ ဟာမီးဟာ သူမရဲ့ အတန်းခေါင်းဆောင်တာဝန် သွားထမ်းဆောင်နှင့်ပြီ၊ ပထမနှစ် ကျောင်းသားတွေကို သွားကူညီတယ်။ ရွန်တစ်ယောက်ပဲ ဟယ်ရီ့ကို အဖော်လုပ်နေတယ်။

"မင်းနှာခေါင်း ဘာဖြစ်တာလဲ" ခန်းမထဲက တိုးထွက်တဲ့ လူတွေ ဝေးသွားပြီး သူတို့ပြောတာ မကြားရတဲ့အချိန်ကျမှ ရွန်က မေးတယ်။

ဟယ်ရီက အဖြစ်အပျက်ကို ပြောပြလိုက်တယ်။ ရွန်က မရယ်ဘူး၊ ဒါဟာ သူတို့ချစ်ခင်မှု ဘယ်လောက်ခိုင်မာတယ်ဆိုတာ ပြတယ်။

"မော်ဖိုင် ဟိုမှာ နှာခေါင်းတစ်ခုကို လုပ်ပြနေတာ ငါ တွေ့တယ်" ရွန်က မကျေမနပ် ပြောတယ်။

"ဟုတ်တယ်၊ ကောင်းပြီ၊ အဲဒါထားလိုက်" ဟယ်ရီက စိတ်ဆိုးဆိုး ပြောတယ်။ "သူ ငါ့ကို မတွေ့ခင် ပြောတဲ့စကားကို မင်း နားထောင်ကြည့်စမ်း ....."

ဟယ်ရီက မော်ဖိုင် လေထွားတဲ့စကားတွေ ရွန် ကြားရပြီး သိပ် အံ့ဩသွားလိမ့်မယ်ထင်တာ။ ဒါပေမယ့် ရွန်က ဘာမှမဖြစ်ဘူး။ ဟယ်ရီက ရွန်ခေါင်း မာတောင့်နေပြီလို့ ထင်တယ်။

"ဟေ့၊ ဟယ်ရီ၊ သူက ဖတ်ကင်ဆန်ရှေ့မှာ ကိုယ့်ကိုကိုယ် ကြွားတာ ....ဟိုလူက သူ့ကို ဘာတာဝန်ပေးမှာလဲ"

"ဗိုလ်ဒီမွန့်က ဟော့ဂ်ဝပ်မှာ တစ်ယောက်ယောက် ထည့်ထားချင်တယ်ဆိုဘူးလို့ မင်း ဘယ်လိုလုပ် သိမှာလဲ။ ဒါ ပထမအကြိမ် မဟုတ်ဘူးနော် ——

www.burmeseclassic.com

www.burmeseclassic.com



"မင်း အဲဒီနာမည်ကို ထပ်မပြောစေချင်ဘူး၊ ဟယ်ရီ" သူတို့ကျောဘက်မှာ အပြစ်တင်တဲ့အသံ ပေါ်လာတယ်။ ဟယ်ရီ လှည့်ကြည့်တော့ ဟက်ဂရစ်က ရပ်ပြီး ခေါင်းခါနေတယ်။

"ဒမ်ဘလီဒိုးဟာ သူ့နာမည်ကို ဒီတိုင်းခေါ်တယ်" ဟယ်ရီက ခေါင်းမာစွာ ပြောတယ်။

"ဟုတ်တယ်၊ ဒါပေမယ့် အဲဒါ ဒမ်ဘလီဒိုးလေ၊ ဟုတ်လား" ဟက်ဂရစ်က လျှို့လျှို့ဝှက်ဝှက်နဲ့ ပြောတယ်။ "မင်း ဘာကြောင့်နောက်ကျနေတာလဲ၊ ဟယ်ရီ။ ကျုပ် သိပ်စိတ်ပူနေတာ"

"ရထားပေါ်မှာ ကြန့်ကြာသွားတယ်" ဟယ်ရီက ပြောတယ်။ "ခင်ဗျား ဘာလို့နောက်ကျတာလဲ"

"ကျုပ် ဂရပ်ဖ်နဲ့ အတူရှိနေတာ" ဟက်ဂရစ်က ဝမ်းသာစွာ ပြောတယ်။ "အချိန်ကို မေ့နေပြီ။ အခု သူ တောထဲမှာ အိမ်သစ်ရနေပြီ၊ ဒမ်ဘလီဒိုး စီစဉ်ပေးတာ —— လှပတဲ့ တောင်ခေါင်းကြီး။ သူ တားမြစ်သစ်တောထဲမှာ နေတာထက် အများကြီး ပျော်တယ်။ ကျုပ်တို့ ကောင်းကောင်းစကားပြောကြသေးတယ်"

"တကယ် ?" ဟယ်ရီက ပြောတယ်။ သူဟာ ရွန့်မျက်လုံးကို မကြည့်ဘဲ နေတယ်။ ရွန် အရင်တစ်ခါ ဟက်ဂရစ်ရဲ့ မအေတူ ဖအေကွဲ ညီလေးကို တွေ့တော့ —— သစ်ပင်ကြီးတွေကို အမြစ်ကနေ ဆွဲနုတ်တဲ့ ဧရာမလူသားသူ့ဝေါဟာရက စကားလုံး ငါးခုပဲ ရှိတယ်။ ၎င်းအနက် နှစ်လုံးက အသံမှန်ဘူး။

"ဟုတ်တယ်၊ သူတိုးတက်တာ သိပ်မြန်တယ်" ဟက်ဂရစ်က ဂုဏ်ယူစွာ ပြောတယ်။ "မင်း အံ့ဩသွားလိမ့်မယ်။ ကျုပ် သူ့ကို ကျုပ်လက်ထောက်အဖြစ် မွေးဖို့ စဉ်းစားနေတယ်"

ရွန်က အသံကျယ်ကျယ် ဟင်းလုပ်လိုက်တယ်။ ဒါပေမယ့် ၎င်းကို အချိန်မီ နှာချေသံကျယ်ကျယ်ဖြစ်အောင် လုပ်လိုက်တယ်။ အခု သူတို့ တံခါးကြီးနား ရောက်လာပြီ။

"ကောင်းပြီ၊ ကျုပ်တို့ မနက်ဖြန် တွေ့မယ်၊ နေ့လယ်စာစားပြီး ပထမအချိန်။ စောစောလာနော်၊ ဘတ်ခ်နဲ့ —— ကျုပ်ပြောတာက ဝတ်သားဝင်းစ်နဲ့ နှုတ်ဆက်ရအောင်ပေါ့"



သူဟာ ပျော်တပြုံးပြုံးနဲ့ လက်တစ်ဘက်ကို မြှောက်ပြီး သူတို့ကို နှုတ်ဆက်တယ်။ ဒီနောက် တံခါးမကြီးက ထွက်သွားပြီး ညအမှောင်ထဲ ဝင်သွားတယ်။

ဟယ်ရီနဲ့ ရွန်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ကျန်ရစ်တယ်။ ရွန့်စိတ်ဟာ သူ့လိုပဲ အခြေအနေဆိုးတယ်ဆိုတာ ဟယ်ရီ သိတယ်။

"မင်း ထူးဆန်းသတ္တဝါကာကွယ်တဲ့အတတ်ဘာသာ မယူတော့ဘူး၊ ဟုတ်လား"

ရွန် ခေါင်းခါတယ်။

"မင်းလဲ မယူတော့ဘူး၊ ဟုတ်လား"

ဟယ်ရီလည်း ခေါင်းခါတယ်။

"ဟာမီးကော" ရွန်က ပြောတယ်။ "သူမလဲ မယူတော့ဘူး ?"

ဟယ်ရီ ခေါင်းခါပြန်တယ်။ ဟက်ဂရစ်ဟာ သူ နှစ်သက်တဲ့ ကျောင်းသား သုံးယောက် သူ့အတန်း လာမတက်တာ တွေ့ရင်၊ သူ ဘာပြောလိမ့်မလဲ။ ဒါကို ဟယ်ရီ မတွေးချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



# ၉။ သွေးနှောမင်းသား

နောက်နေ့မနက်စောစောစာ မစားခင်မှာ ဟယ်ရီ၊ ရွန်နဲ့ ဟာမိုင်ယ အများနားနေခန်းထဲမှာ တွေ့ဆုံကြတယ်။ ဟယ်ရီက သူ့အတွေးကို ထောက် ခေချင်တယ်။ ဒါကြောင့် သူ ဟော့ဂ်ဝပ် အမြန်ရထားပေါ်မှာ ခိုးနားထောင် ထားတဲ့ မော်ဖွိုင့်စကားကို ဟာမီး ပြောပြလိုက်တယ်။

"သူက ဖတ်ကင်ဆန်ရှေ့မှာ ကြွားနေတာ၊ ဟုတ်လား" ဟာမီး စကား မပြောရသေးခင်မှာ ရွန်က လုပြောတယ်။

"အင်း" ဟာမီး တွေဝေစွာ ပြောတယ် "ငါလဲ မရှင်းဘူး .... မော်ဖွိုင်က တမင်လေလုံးထွားတာလဲ ဖြစ်မယ်၊ မိမိ သိပ်တော်ကြောင်း ပြချင် လို့ .... ဒါပေမယ့် ဒီလို လိမ်ညာစကား လုပ်ကြံပြောတာလဲ သိပ်ပြီး ...."

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ ဒါပေမယ့် သူ့အမြင်ကို ဆက်ဆွေးလို့ ရှင်းမပြနိုင်ဘူး။ အကြောင်းက ကျောင်းသားအများအပြား သူ့ကို အံ့ဩစွာ ကြည့်နေပြီး၊ လက်နဲ့ ပါးစပ်ကို အုပ်ကာ တိတ်တခိုး စကား ပြောနေတဲ့အပြင် သူ စကားပြောတာကို နားစွင့်နေသေးတယ်။



"လက်ညှိုးတထိုးထိုးနဲ့ ရိုင်းလိုက်တာ" သူတို့ တန်းစီပြီး အရုပ်ကား အပေါက်ဝကို ဖြတ်စဉ် ရွန်က အလွန်ပုတဲ့ ပထမနှစ် ကျောင်းသားကို ဟောက် လိုက်တယ်။ အဲဒီကောင်လေးဟာ လက်နဲ့ ပါးစပ်ကို ကာပြီး ဟယ်ရီနဲ့ ပတ် သက်တာ တစ်ခုခု သူ့သူငယ်ချင်းကို ပြောနေတယ်။ ရွန် ဟောက်လိုက်တာနဲ့ မျက်နှာကြီး နီရဲပြီး အပေါက်ဝကနေ ခြေမကိုင်မိ လက်မကိုင်မိ လိမ့်ထွက် သွားတယ်။ ရွန်က ကျေနပ်စွာ ရယ်သံ ထွက်လာတယ်။

"ငါ တကယ် ဆဋ္ဌမနှစ်ကို ကြိုက်သွားပြီ။ ပြီးတော့ ငါတို့ ဒီနှစ်မှာ လွတ်လပ်ချိန် အများကြီးရှိမယ်။ ကျောင်းတစ်ချိန်လုံးလုံးတောင် ဒီမှာထိုင်ပြီး ဘာမှမလုပ်ဘဲ နေလို့ရတယ်"

"ငါတို့ အဲဒီအချိန်တွေမှာ လေ့လာရမယ်၊ ရွန်" ဟာမီးက ပြောတယ်။ ဒီအချိန်မှာ သူတို့ဟာ စင်္ကြံအတိုင်း ရှေ့ဆက်သွားနေတယ်။

"သိပါပြီ၊ ဒါပေမယ့် ဒီနေ့တော့ မဟုတ်ဘူး" ရွန်က ပြောတယ်။ "ဒီနေ့ အားရပါးရ အိပ်ပစ်လိုက်ဦးမယ်"

"ရပ်စမ်း" ဟာမီးက ပြောရင်း စတုတ္ထတန်းကျောင်းသားတစ်ယောက် ကို ဖမ်းထားတယ်။ အဲဒီကျောင်းသားလက်ထဲမှာ အစိမ်းရင့်ရောင် အပြားဝိုင်း တစ်ခု ကိုင်ထားတယ်။ သူမဘေးက တိုးဖြတ်သွားဖို့ လုပ်နေတုန်းရှိသေးတယ်။ "အစွယ်ပန်းကန်ပြားပျံက တားမြစ်ပစ္စည်း၊ မြန်မြန်အပ်" ဟာမီးက ပြင်းထန်စွာ ပြောတယ်။ မျက်နှာရှုံ့မဲ့နေတဲ့ ကောင်လေးဟာ အသံမြည်နေတဲ့ ပန်းကန်ပြား ပျံကို ထုတ်ပေးတယ်။ ကုန်းပြီး ဟာမီးချိုင်းအောက်က ဖြတ်ကာ သူ့သူငယ်ချင်း တွေဆီ လိုက်သွားတယ်။ ရွန်က ငုံးဝေးသွားအောင် စောင့်ပြီးနောက် ဟာမီး လက်ထဲကနေ ပန်းကန်ပြားပျံကို လုယူလိုက်တယ်။

"သိပ်ကောင်းတာပဲ၊ ငါ ဒါမျိုးတစ်ခု လိုချင်နေတာ ကြာလှပြီ"

ဟာမီး ကန့်ကွက်သံကို တခစ်ခစ်ရယ်သံတွေက ဖုံးလွှမ်းသွားတယ်။ လာဗင်ဒါ-ဘရောင်းဟာ ရွန့်စကား အလွန်ရယ်စရာကောင်းတယ်လို့ ထင် ပုံရပဲ၊ သူမတို့ သူတို့အနားက ဖြတ်သွားစဉ် ရွန့်ကို လှည့်ပြီး ကြည့်ကြည့် သွားတယ်။ ရွန်က အလွန်ကျေနပ်နေတယ်။

ခန်းမကြီးရဲ့ မျက်နှာကြက်ဟာ ပြာလဲ့နေတယ်။ တိမ်ပါးပါးလေးတွေ လွင့်နေတယ်။ ပြတင်းပေါက်မြင့်မြင့် ဒေါင်လိုက်ပြတင်းတံခါးခိုက အိမ်အပြင် ဘက်က မိုးကောင်းကင်လိုပဲ။ ဟယ်ရီနဲ့ ရွန်ဟာ ဆန်ပြုတ်ကို အလုအယက်

www.burmeseclassic.com

www.burmeseclassic.com



သောက်ရင်း ကြက်ဥနဲ့ ဝက်ပေါင်ခြောက် စားနေတယ်။ ရှေ့ညက ဟက်ဂရစ်နဲ့ စိတ်ကြပ်စရာစကား ပြောဆိုကြတာကိုလည်း ဟာမီးကို ပြောပြနေတယ်။

"ငါတို့ ထူးဆန်းသတ္တဝါကာကွယ်တဲ့အတတ်ဘာသာကို ဆက်တက်လိမ့်မယ်လို့ သူ တကယ်မထင်နိုင်ပါဘူး" ဟာမီးက အလွန်စိတ်ဒုက္ခရောက်ပုံနဲ့ ပြောတယ်။ "ငါပြောတာက၊ စင်စစ်မှာ ငါတို့ဘယ်သူမှ မဖော်ပြဘူး . . . . နင်တို့ သိပါတယ် . . . . ဘယ်လိုလိုက်လုပ်မှုမှ မဖော်ပြတာ"

"ဒီအတိုင်းပါပဲ၊ ဟုတ်လား" ရွန်က ပြောရင်း ကြက်ဥကြော်ကို တစ်လုံးလုံး မျိုချလိုက်တယ်။ "ငါတို့ ဟက်ဂရစ်ကို နှစ်သက်လို့ သူ့အချိန်မှာ သိပ်ကြိုးစားတာ။ ဒါပေမယ့် သူက ငါတို့ အဲဒီညံ့ဖျင်းတဲ့ဘာသာကို ကြိုက်တယ်ထင်နေသေးတယ်။ ဘယ်သူများ သူ့အဆင့်မြင့်အတန်းကို သွားတက်မှာတဲ့လဲ၊ မင်းတို့ ပြောစမ်း"

ဟယ်ရီနဲ့ ဟာမီးတို့ မဖြေဘူး။ ဒီမေးခွန်း ဖြေစရာမလိုဘူး။ သူတို့သိပ်ရှင်းတာက၊ သူတို့နှစ် ကျောင်းသားထဲမှာ တစ်ယောက်မှ ထူးဆန်းသတ္တဝါကာကွယ်စောင့်ရှောက်တဲ့အတန်းကို မတက်ချင်ကြဘူး။ ဆယ်မိနစ်ကြာတော့ ဟက်ဂရစ် ဆရာလုပ်သားစားပွဲက ထွက်ခွာတဲ့အခါမှာ၊ သူတို့ကို ဝမ်းသာအားရ လက်ပြနှုတ်ဆက်တော့၊ သူတို့က သူ့အကြည့်ကို ရှောင်ရင်း သူ့ကို ဖြစ်သလို လက်ယမ်းပြလိုက်ကြတယ်။

နံနက်စာစောစော စားပြီးနောက်၊ သူတို့နေရာမှာပဲ ထိုင်နေသေးတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ် ဆရာလုပ်သားစားပွဲက ထွက်လာတာကို စောင့်နေကြတယ်။ ဒီကျောင်းပတ် ကျောင်းအချိန်ဇယားပေးတဲ့အလုပ်ဟာ အရင်ကထက် ရှုပ်ထွေးတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ ကျောင်းသားတိုင်းရဲ့ OWL အမှတ် တောင်းဆိုချက်မီဖို့ သေချာအောင် လုပ်ရတယ်၊ ဒါမှ ကျောင်းသားရွေးချယ်တဲ့ NEWTs ဘာသာရပ်ကို ဆက်တက်ခွင့် ပေးနိုင်မှာ။

ဟာမီးရဲ့ ဘာသာရပ်က ချက်ချင်း အတည်ပြုနိုင်လိုက်တယ်။ သူမဟာ မှော်ဝါသာ၊ မှော်နက်ပညာ ခုခံကာကွယ်တဲ့ အတတ်ဘာသာ၊ ရုပ်ပြောင်းဘာသာ၊ မှော်ဆေးပင်ပညာ၊ ဂဏန်းဗေဒင်၊ ရှေးမှော်စာနဲ့ မှော်ဆေးပညာဘာသာတို့ကို ဆက်တက်ရမယ်။ သူမဟာ ကြန့်ကြာမနေဘဲ ချက်ချင်းပဲ ပထမအချိန် ရှေးမှော်စာအတန်းကို သွားတက်တယ်။ နီဗီးအခြေအနေက နည်းနည်းသက်ဝင်တယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်က သူ့လျှောက်လွှာကို ငုံ့ကြည့်ရင်း



သူ့ရဲ့ OWL ရမှတ်ကို တိုက်ကြည့်နေတယ်။ နီဗီးရဲ့ မျက်နှာဝိုင်းဝိုင်းပေါ်မှာ စိုးရိမ်ပူပန်မှုနဲ့။

"မှော်ဆေးပင်ပညာ၊ သိပ်ကောင်းတယ်" သူမက ပြောတယ်။ "OWL ရမှတ်က 'ထူးချွန်'၊ မဒမ်ဖွမ်ဖရေဟာ မင်းပြန်လာတာကို သိပ်ဝမ်းသာမှာ။ မှော်နက်ပညာ ခုခံကာကွယ်တဲ့အတတ်က 'ကောင်းမွန်' ဆက်ယူဖို့ အရည်အချင်းမီတယ်။ ခက်တာက ရုပ်ပြောင်းဘာသာ။ ဝမ်းနည်းပါတယ်၊ လွန်ဘော့တမ်၊ 'အောင်' မှတ်က သိပ်မကောင်းဘူး။ ရုပ်ပြောင်းဘာသာ NEWTs အဆင့်ကို တက်လို့မရဘူး။ မင်းမလိုက်နိုင်မှာ စိုးရိမ်တယ်"

နီဗီး ခေါင်းငိုက်စိုက် ဖြစ်သွားတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်က မျက်မှန်လေးထောင့်ကတစ်ဆင့် သူ့ကို ကြည့်နေတယ်။

"မင်း ဘာဖြစ်လို့ ရုပ်ပြောင်းဘာသာကို ဆက်တက်ချင်တာလဲ။ မင်း ဒါကို သိပ်နှစ်သက်ပုံမရဘူး"

နီဗီးကြည့်ရတာ သိပ်စိတ်မကောင်းဖြစ်နေသလိုပဲ။ ပါးစပ်က ဗလုံးဗထွေး စကားတစ်ခွန်း ထွက်လာတယ်။ "ကျွန်တော့်အဘွားက ယူခိုင်းတာ" လို့ပဲ။

"ဟမ်း" ပါမောက္ခ မက်ဂေါ်နာဂေါ်က နှာခေါင်းက အသံထွက်ပြီး ပြောတယ်။ "မင်းအဘွားဟာ မိမိမြေးကို ဂုဏ်ယူစရာမှန်း သိသွားပြီ။ သူမ မြေးလေး ပိုထူးချွန်ရမယ်လို့ချည်း မထင်တော့ဘူး — အထူးသဖြင့် မှော်ဝန်ကြီးဌာနထဲမှာ ဖြစ်တဲ့ကိစ္စပြီးနောက်"

နီဗီးမျက်နှာ နီရဲသွားတယ်။ မျက်လုံးက ဘာမှန်းမသိဘဲ မျက်တောင်ခတ်နေတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ အရင်က သူ့ကို တစ်ခါမှ ချီးမွမ်းဖူးဘူး။

"ဝမ်းနည်းပါတယ်၊ လွန်ဘော့တမ်၊ မင်းကို NEWT အတန်းတက်ခွင့် မပေးနိုင်ဘူး။ ဒါပေမယ့် မင်းမှော်ဂါထာဘာသာအမှတ်က 'ကောင်းမွန်' ရတာတွေ့ရတယ်။ မင်း ဘာဖြစ်လို့ မှော်ဂါထာ NEWT အတန်းတက်ဖို့ မလျှောက်တာလဲ"

"ကျွန်တော့်အဘွားက မှော်ဂါထာကို ရွေးတာ သက်သာအောင် ရွေးတာလို့ ထင်တယ်" နီဗီးက ဗလုံးဗထွေး ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မှော်ဂါထာကို ရွေးပါ" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ "ငါ ဩဂုတ်စတာဆီ စာရေးပြီး သူမကို သတိပေးလိုက်မယ်။ သူမ မှော်ဂါထာ OWL မအောင်တာနဲ့ ဒီဘာသာရပ် လေ့လာစရာမလိုဘူးလို့ ထင်လို့မဖြစ်ဘူး" နီဗီးမျက်နှာပေါ်က မယုံနိုင်တဲ့ ဝမ်းသာအားရတဲ့အပြုံးကို မြင်တော့၊ ပါမောက္ခ မက်ဂေါ်နာဂေါက မှော်ကြိမ်လုံးနဲ့ အချိန်ဇယား အလွတ်တစ်ခုကို ခေါက်လိုက်တယ်။ ဒီနောက် နီဗီးကို ကမ်းပေးလိုက်တယ်။ ဇယားထဲမှာ သူ ဒီကျောင်းပတ်တက်ရမယ့် ကျောင်းချိန်အားလုံး သေချာဖြည့်ထားပြီးပြီ။

ဆက်ပြီး၊ ပါမောက္ခ မက်ဂေါ်နာဂေါက ပါဗာထီ-ပါထီးကို မေးတယ်။ ပါထီးရဲ့ ပထမမေးခွန်းက အဲဟို လှပတဲ့ မြင်းလူသား ဖရင်ဇယ် ဒီနှစ် ဗေဒင်ဘာသာရပ် သင်ဦးမှာလားတဲ့။

"သူနဲ့ ပါမောက္ခ ထရီလောနီ ဒီနှစ် ဗေဒင်ဘာသာကို အတူတကွ တာဝန်ယူလိမ့်မယ်" ပါမောက္ခ မက်ဂေါ်နာဂေါ်လေသံက သိပ်မကြိုက်ပုံရတယ်။ သူမဟာ ဗေဒင်ဘာသာကို အမြဲအထင်သေးတယ်ဆိုတာ အားလုံးသိတယ်။ "ဆဋ္ဌမနှစ်ကို သင်မယ့်သူက ပါမောက္ခ ထရီလောနီ"

ငါးမိနစ်ကြာတော့ ပါဗာထီဟာ စိတ်ပျက်လက်ပျက်နဲ့ ဗေဒင်အတန်း သွားတက်တယ်။

"ပေါ်တာ။ ပေါ်တာ . . . ." ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ မိမိ မှတ်တမ်းကို ကြည့်ရင်း ဟယ်ရီ့ဘက် လှည့်လိုက်တယ်။ "မှော်ဂါထာ၊ မှော်နက်ပညာခုခံကာကွယ်တဲ့အတတ်၊ မှော်ဆေးပင်ပညာ၊ ရုပ်ပြောင်းအတတ် . . . . အားလုံးရတယ်။ မင်း ရုပ်ပြောင်းအတတ်အမှတ်ကို သိပ်ကျေနပ်ကြောင်း ပြောချင်တယ်၊ ပေါ်တာ။ အလွန်ကျေနပ်တယ်။ ဒါပေမယ့်၊ မင်း ဘာဖြစ်လို့ မှော်ဆေးပညာကို ဆက်ယူဖို့ မလျှောက်တာလဲ။ မင်းရည်မှန်းချက်က နောင်မှာ အောရာလုပ်မယ်လို့ ကိုယ် မှတ်မိတယ်"

"ဟုတ်တယ်၊ ဒါပေမယ့် သင် ကျွန်တော့်ကို OWL မှော်ဆေးပညာ 'ထူးချွန်' ရမှလို့ ပြောထားတယ်၊ ပါမောက္ခ"

"ပါမောက္ခ စနိတ်ပ် ဒီဘာသာရပ်ကို သင်ကြားတုန်းကတော့ ဒီအတိုင်းပဲ။ ပါမောက္ခ စလပ်ဂဟွန်းက OWL ရမှတ် 'ကောင်းမွန်' ဖြစ်ရင် NEWT အတန်းတက်ဖို့ လက်ခံချင်တယ်။ မင်း မှော်ဆေးပညာဘာသာကို ဆက်လေ့လာချင်လား"



"လေ့လာချင်ပါတယ်" ဟယ်ရီက ပြောတယ်။ "ဒါပေမယ့် ကျွန်တော် သင်ရိုးစာအုပ်နဲ့ ဆေးတို့ ဘာတို့ ဝယ်မထားဘူး —"

"ပါမောက္ခ စလပ်ဂဟွန်းက မင်းကို နည်းနည်းငှားပေးလိမ့်မယ်လို့ ကိုယ်ယုံတယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ "သိပ်ကောင်းတယ်၊ ပေါ်တာ၊ ဒါက မင်းအချိန်ဇယား။ ဟုတ်ပြီ၊ ကြုံတုန်းပြောရဦးမယ်၊ ခွေဒစ်အသင်းထဲ ပါဝင်ဖို့ ကျောင်းသားနှစ်ဆယ် စာရင်းပေးထားပြီ။ အချိန်ကျရင် ကိုယ် မင်းကို စာရင်းပေးမယ်၊ မင်း အချိန်ယူပြီး ရွေးချယ်ပွဲလုပ်ဖို့ စီစဉ်ပါ"

မိနစ်အနည်းငယ်ကြာတော့၊ ရွန့်အချိန်ဇယားလည်း ရပြီ။ သူ ဘက်ရမှာ ဟယ်ရီနဲ့ အတူတူပဲ။ သူတို့နှစ်ယောက် ထမင်းစားပွဲကနေ အတူ အကွ ထွက်သွားကြတယ်။

"ကြည့်" ရွန်က သူ့အချိန်ဇယားကို ကြည့်ပြီး ဝမ်းသာစွာ ပြောတယ်။ "ငါတို့ အခု ကျောင်းချိန်အားတယ် . . . . နားချိန်ပြီးတော့လဲ မရှိဘူး . . . . နေ့လယ်စာ စားပြီးတော့လဲ . . . . သိပ်မိုက်တာပဲ"

သူတို့ အများနားနေခန်းထဲ ပြန်ရောက်လာတယ်။ အခန်းထဲမှာ သတ္တမနှစ်ကျောင်းသား ခြောက်ယောက် ခုနစ်ယောက် ရှိတယ်။ ခက်ထီ- ဘဲလည်း ရှိတယ်။ သူမဟာ ဟယ်ရီ ပထမနှစ်တုန်းက ခွေဒစ်အသင်းထဲ ဝင်စဉ်ကတည်းက ကျန်ရှိနေတဲ့ တစ်ဦးတည်းသော ကစားသမား ဖြစ်တယ်။

"နင် ရမယ်ဆိုတာ ငါ ခန့်မှန်းထားတာ၊ တကယ့်ကို မဆိုးဘူး" သူမက ဟယ်ရီ့ရင်ဘတ်ပေါ်က အသင်းခေါင်းဆောင် တံဆိပ်ကို လက်ညှိုးထိုးပြီး သူ့ကို ပြောတယ်။ "ရွေးချယ်ပွဲလုပ်ရင် ငါ့ကို ပြောဦး"

"မအေ့စမ်းပါနဲ့" ဟယ်ရီက ပြောတယ်။ "နင် ရွေးချယ်ပွဲ ဝင်ပြိုင်စရာ မလိုပါဘူး၊ နင်နဲ့ ဘောကစားတာ ငါးနှစ်တောင် ရှိပါပြီ . . . ."

"နင် စစချင်းကတည်းက ဒီလိုမလုပ်နဲ့" သူမက သတိပေးတယ်။ "အချို့ဘောပညာ ငါ့ထက်သာတာ နင်တို့ သိပါတယ်။ အရင်က သိပ်မဆိုးတဲ့ အသင်းတချို့ ရှိတယ်၊ အသင်းခေါင်းဆောင်က သိကျွမ်းသူကိုပဲ ကစားခွင့်ပေးတယ်၊ မိမိမိတ်ဆွေကိုပဲ အသင်းထဲ ထည့်လို့ နောက်ဆုံး အသင်းရှုံးတာပဲ . . . ."

ရွန်က အနေရကျပ်သွားတယ်။ ဟာမီး စတုတ္ထတန်းကျောင်းသားတစ်ဦး သိမ်းထားတဲ့ အစွယ်ပန်းကန်ပြားပျံကို ငုံ့ဆော့နေတယ်။ ပန်းကန်ပြားပျံ

www.burmeseclassic.com

www.burmeseclassic.com



ထဲ အများနားနေခန်းထဲ လျှောက်ပျံပြီး နံရံပေါ်က အလှချိတ်ကော်ဇောကို ထိုးတိုက်တယ်။ ခရွတ်ရှန်ရဲ့ မျက်လုံးဝါဝါက ၎င်းကို လိုက်ကြည့်နေတယ်။ ၎င်းပုံလာတာတွေ့တိုင်း တရှုံးရှုံး အော်နေတယ်။

တစ်နာရီကြာတော့ သူတို့ဟာ နေရောင်လင်းလက်တဲ့ အများနားနေခန်းကနေ မခွာချင်ဘဲ ထွက်ခွာခဲ့ကြပြီး အောက်ထပ်မှာ မှော်နက်ပညာခုခံတာတွယ်တဲ့အတတ် သွားတက်ကြတယ်။ ဟာမီးဟာ ကျောင်းခန်းအပြင်ဘက်မှာ တန်းစီနေပြီ။ သူမဟာ လေးပင်တဲ့စာအုပ်တွေကို ဖွင့်ဖက်ထားတယ်၊ အနှိပ်စက်ခံရတဲ့ အမူအရာ ပေါ်နေတယ်။

"မှော် အိမ်စာက တစ်ပုံကြီးပဲ" သူမက ပူပန်စွာ ပြောတယ်။ ဒီအချိန်မှာ ဟယ်ရီနဲ့ ရွန်တို့ သူမနဲ့အတူ ဝင်တန်းစီကြတယ်။ "ဆယ့်ငါးပေရှည်တဲ့ ဆောင်းပါးတစ်ပုဒ်၊ ဘာသာပြန်နှစ်ပုဒ်။ ဗုဒ္ဓဟူးနေ့မတိုင်ခင်မှာလဲ ဒီစာအုပ်တွေ ပြီးအောင်ဖတ်ရဦးမယ်"

"ဒုက္ခပဲ" ရွန်က သမ်းဝေရင်း ပြောတယ်။

"နင် ကြည့်နေ" ဟာမီးက စိတ်ဆိုးဆိုး ပြောတယ်။ "စနိတ်ပ်ကလဲ ငါတို့ကို အိမ်စာတစ်ပုံကြီးပေးမှာ သေချာတယ်"

သူမ စကားပြောနေစဉ်မှာပဲ၊ ကျောင်းခန်းတံခါး ပွင့်သွားတယ်။ စနိတ်ပ် စင်္ကြံထဲ ဝင်လာတယ်။ သူဟာ အရင်ကလိုပဲ ဆီပြောင်နေတဲ့ ဆံပင်တွေ ဘေးနှစ်ဘက်မှာ ကျနေတယ်၊ မိမိရဲ့ ဖယောင်းဝါရောင်မျက်နှာကို ဘောင်ခတ်ထားသလိုပဲ။ တန်းစီတဲ့ထဲက လူတွေ ချက်ချင်းငြိမ်သက်သွားတယ်။

"ဝင်ခဲ့ကြ" သူက ပြောတယ်။

ကျောင်းခန်းထဲ ဝင်လိုက်တော့ ဟယ်ရီ ဟိုဒီကြည့်လိုက်တယ်။ စနိတ်ပ်ဟာ ဒီကျောင်းခန်းကို မိမိရဲ့ စိတ်နေစိတ်ထား အမှတ်အသား လုပ်ထားပြီ၊ ပြတင်းလိုက်ကာကို စေ့နေအောင် ချထားတယ်။ ဖယောင်းတိုင်ကမီးရောင်ဖျော့ဖျော့ပဲ ရှိတယ်။ အလင်းရောင်ဟာ ခါတိုင်းထက် မှဲ့မှောင်နေတယ်၊ နံရံပေါ်မှာ အရင်က မရှိတဲ့ အရုပ်ကားတွေ ကပ်ထားတယ်။ အရုပ်ထား အများအပြားပေါ်မှာ ဒုက္ခခံရတဲ့လူတွေ၊ ကွဲပြတဲ့ဒဏ်ရာနဲ့ ထူးဆန်းစွာ တွန့်လိမ်နေတဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေချည်းပဲ။ ကျောင်းသားတွေ ထိုင်ကြပြီး ဘယ်သူမှ စကားမပြောဘူး။ အားလုံး နံရံပေါ်က ချောက်ချားစရာ အရုပ်ထား တွေကို လှည့်ကြည့်နေကြတယ်။



"မင်းတို့ကို စာအုပ်ထုတ်လို့ ကျုပ် မပြောသေးဘူး" စနိတ်ပ်က ပြောရင်း ကျောင်းခန်းတံခါးကို ပိတ်လိုက်တယ်။ စာသင်စင်ပေါ် သွားပြီး ကျောင်းသားအားလုံးနဲ့ မျက်နှာချင်းဆိုင်လိုက်တယ်။ ဟာမီးက မိမိရဲ့ 'မျက်နှာမဲ့သရဲနဲ့ တွေ့ဆုံခြင်း' စာအုပ်ကို လွယ်အိတ်ထဲ အမြန်ပြန်ထည့်လိုက်ပြီး၊ ထိုင်ခုံအောက် ထိုးထည့်ထားလိုက်တယ်။ "မင်းတို့ကို ပြောစရာရှိတယ်။ မင်းတို့ သေချာအာရုံစူးစိုက် နားထောင်စေချင်တယ်"

၎င်းရဲ့မျက်လုံးနက်နက်ဟာ မော်ကြည့်နေတဲ့ မျက်နှာတွေကို တစ်သုတ်စီ ကြည့်သွားတယ်။ ဟယ်ရီ့မျက်နှာပေါ်မှာ ရပ်နေတဲ့အချိန်ဟာ သူများထက် နည်းနည်းပိုကြာတယ်။

"ဒီနေ့ထိဆိုရင်၊ ဒီဘာသာရပ်မှာ မင်းတို့ ဆရာငါးယောက် ပြောင်းပြီး ထင်တယ်"

ထင်တယ် . . . . ၎င်းတို့ တစ်ယောက်ပြီးတစ်ယောက် လာလိုက်သွားလိုက် ဖြစ်ခဲ့တာ မမြင်ခဲ့ရသလိုပဲလား။ စနိတ်ပ်၊ နောက်တစ်ယောက်ပဲ ဖြစ်စေချင်တယ်။ ဟယ်ရီက နာကြည်းစွာ တွေးတယ်။

"ဒီဆရာတွေဟာ မိမိတို့ရဲ့ သင်ကြားနည်းနာရှိတယ်၊ သင်ကြားရေးအလေးထားချက်ရှိတယ်ဆိုတာ ပြောစရာမလိုဘူး။ ဒီလိုရှုပ်ထွေးတဲ့ အခြေအနေမှာ၊ မင်းတို့လူအများစုဟာ ဒီဘာသာရဲ့ OWL အဆင့်စာမေးပွဲကို ကြံဖန်အောင်သွားတာ ကျုပ် အံ့သြမိတယ်။ တကယ်လို့ မင်းတို့ NEWT အဆင့်ကို လိုက်နိုင်ရင်၊ ကျုပ် ပိုပြီးအံ့သြလိမ့်မယ်။ ပိုပြီးခက်လာမှာဖြစ်လို့"

စနိတ်ဟာ စာသင်စင်ကနေ လျှောက်ထွက်လာပြီး၊ ကျောင်းခန်းကို ပတ်လျှောက်ရင်း စကားပြောသံ နှိမ့်လိုက်တယ်။ သူ့ကို မြင်ရဖို့အတွက် ကျောင်းသားတွေ လည်ဆန့်ထားကြတယ်။

"မှော်နက်ပညာဟာ" စနိတ်ပ်က ပြောတယ်။ "များပြားပြီး မျိုးစုံတယ်၊ အမြဲလို ပြောင်းလဲတတ်တယ်။ ၎င်းတို့ကို တိုက်ခိုက်ရတာဟာ ခေါင်းအများဘီလူးနဲ့ တိုက်ရသလိုပဲ။ ခေါင်းတစ်လုံး ခုတ်ပစ်လိုက်တာနဲ့ နောက်ထပ်ခေါင်းသစ်တစ်လုံး ပြန်ပေါက်လာတယ်။ မူလကဟာထက် ပိုကြောက်စရာကောင်းတယ်၊ ပိုလျှင်တယ်။ မင်းတို့ ရင်ဆိုင်ရမှာ ခန့်မှန်းလို့မရတဲ့၊ ဖျက်ဆီးလို့မရတဲ့အရာပဲ"

www.burmeseclassic.com



ဟယ်ရီက စနိတ်ပ်ကို စိုက်ကြည့်နေတယ်။ မှော်နက်ပညာကို အန္တရာယ်ရှိတဲ့ ရန်သူအဖြစ် အလေးထားတာက တစ်ခု၊ အခု စနိတ်ပ်လို နှစ်သက်တဲ့၊ ကြည်ညိုတဲ့ လေသံနဲ့ ၎င်းတို့ကို ပြောဆိုတာကတော့ တစ်မျိုး ဖြစ်သွားပြီ။

"ဒါကြောင့်၊ မင်းတို့ ခုခံကာကွယ်တာ" စနိတ်ပ်က အသံကို အနည်းငယ် မြှင့်ပြီး ပြောတယ်။ "မင်းတို့ ရင်ဆိုင်ရမယ့် မှော်နက်ပညာလို ဖျတ်လတ်ပြီး အပြောင်းအလဲ များရမယ်။ အသစ်တီထွင်မှု ရှိရမယ်။ ဒီအရုပ်ကားတွေ" သူက လျှောက်နေရင်း ကားတချို့ကို လက်ညှိုးထိုးပြတယ်။ "ဒုက္ခခံရသူတွေရဲ့ အခြေအနေကို ပေါ်လွင်အောင် ပြထားတယ်။ ဥပမာပြောရရင်၊ သဲခိုက် နာကျင်ကျိန်စာထိသူ" (သူက နာကျင်စွာ အော်ဟစ်နေတဲ့ မှော်ဆရာမပုံကို လက်ယမ်းပြလိုက်တယ်) "ဝိညာဉ်စုပ်ကောင်ရဲ့ အနမ်းကို ခံစားရတယ်" (မှော် ဆရာတစ်ယောက် နံရံခြေရင်းမှာ ကွေးနေတယ်၊ မျက်စိက ကြောင်နေတယ်) "ဒါမှမဟုတ် အလောင်းကောင် ဒုက္ခပေးတာကို ခံရတာ" (မြေကြီးပေါ်မှာ သွေးအိုင်နဲ့)။

"ဒါဆိုရင်၊ လူတွေ အလောင်းကောင်ကို တကယ်မြင်ဖူးသလား" ပါဗာထိ-ပါထီးက အသံသေးသေးချွန်ချွန်နဲ့ ပြောတယ်။ "သူ တကယ်ပဲ အလောင်းကောင်ကို အသုံးချနေလား"

"မှော်နက်သခင်ကြီးဟာ အရင်က အလောင်းကောင်ကို အသုံးချ ဖူးတယ်" စနိတ်ပ်က ပြောတယ်။ "ဒါက ကျုပ်တို့ဟာ သူ ဒါကို ထပ်သုံးမယ် လို့ ခန့်မှန်းထားရမယ်လို့ ဆိုလိုတယ်။ ကောင်းပြီ . . . ."

သူဟာ ကျောင်းခန်းဟိုတစ်ဖက်က ပတ်ပြီး စာသင်စင်ဆီ လျှောက် သွားတယ်။ အနက်ရောင်ဝတ်ရုံရှည်ဟာ သူ့နောက်ဘက်မှာ လှုပ်ခါနေတယ်။ ကျောင်းသားအားလုံးရဲ့ အကြည့်ဟာ သူ့နောက်ကို လိုက်ကြပြန်တယ်။

" . . . . ကျုပ် ထင်တယ်၊ မင်းတို့ဟာ အသံမဲ့ဂါထာ အသုံးပြုတဲ့ အပိုင်းမှာ အလွန်စိမ်းနေသေးတယ်။ အသံမဲ့ဂါထာဆိုတာ ဘာကောင်းကျိုး ရှိသလဲ"

ဟာမီးက ချက်ချင်း လက်ထောင်လိုက်တယ်။ စနိတ်ပ်က ကျောင်း [illegible]ကို အချိန်ယူပြီး ကြည့်လိုက်တယ်။ တခြား ရွေးချယ်စရာ မရှိတာ [illegible] အကျော့စွာ ပြောတယ်။ "သိပ်ကောင်းတယ် . . . . မစ်ဂရန်ဂျာ"



"တစ်ဖက်က သင် ဘာမှော်ပညာသုံးမယ်ဆိုတာ မသိဘူး" ဟာမီးက ပြောတယ်။ "ဒါကြောင့် လျှပ်တစ်ပြက်အတွင်းမှာ သင့်အဖို့ လက်ဦးမှုရတယ်"

"ဒီအဖြေဟာ 'စံဂါထာ၊ အဆင့်ခြောက်' ထဲက ကူးချထားတာ" စနိတ်ပ်က အထင်သေးစွာ ပြောတယ် (မော်ဖိုင်က ထောင့်ထဲကနေ သရော် ရယ် ရယ်တယ်)။ "ဒါပေမယ့်၊ အခြေခံအားဖြင့် မှန်တယ်။ ဟုတ်တယ်၊ မှော် ဂါထာသုံးစဉ် အကျယ်ကြီး အော်မရွတ်တာ၊ မထင်မှတ်တဲ့ အကျိုးသက်ရောက်မှု ရတယ်။ မှော်ဆရာအားလုံး ဒါကို လုပ်နိုင်တာတော့ မဟုတ်ဘူးပေါ့။ ဒါ အလွန် အားကောင်းတဲ့ အာရုံစုစည်းမှုနဲ့ ဖွဲ့သတ္တိ ရှိရမယ်။ ဒါပေမယ့် လူတချို့တော့" သူ့အကြည့်ဟာ ဟယ်ရီ့ကိုယ်ပေါ်မှာ ရပ်သွားပြန်တယ်။ "မရှိပါဘူး"

စနိတ်ပ်ဟာ လွန်ခဲ့တဲ့နှစ်က ဒုက္ခရောက်တဲ့ ဦးနှောက်ပိတ်အတတ် ပညာသင်တန်း အချိန်တချို့ကို ပြောတာလို့ ဟယ်ရီ သိတယ်။ ဟယ်ရီက အကြည့်ကို အောက်မချချင်ဘူး။ ဒေါသနဲ့ စနိတ်ပ်ကို ကြည့်နေတယ်။ နောက်ဆုံးမှာ စနိတ်ပ်ကို အကြည့်ရှောင်လိုက်တယ်။

"အခု မင်းတို့ နှစ်ယောက်တစ်တွဲ တွဲ" စနိတ်ပ်က ဆက်ပြောတယ်။ "တစ်ယောက်က ကျန်တစ်ယောက်ကို စကားမပြောဘဲ ကျိန်စာချ၊ ကျန်တစ် ယောက်ကလဲ အဲဒီကျိန်စာကို ဒီအတိုင်း အသံမထွက်ဘဲ ပယ်ရှား၊ စကြတော့"

လွန်ခဲ့တဲ့နှစ်က ဟယ်ရီဟာ အတန်းထဲက ကျောင်းသားတစ်ဝက် ယောက်ကို သံချပ်ဂါထာသုံးနည်း ,သင်ကြားခဲ့တယ်ဆိုတာ စနိတ်ပ် မသိဘူး (DA အဖွဲ့ဝင်ဖြစ်ခဲ့တဲ့ ကျောင်းသားတွေ)။ ဒါပေမယ့် ဒီဂါထာကို အသံမထွက် ဘဲ ဘယ်သူမှ မရွတ်ဆိုခဲ့ဖူးဘူး။ တွေးသိနိုင်တာက၊ အတော်များများဟာ ခိုးမသား လုပ်ကြတဲ့ယ်။ ကျောင်းသားအများအပြားဟာ ဂါထာကို တိုးတိုး ရွတ်ဆိုကြတယ်၊ အသံကျယ်ကျယ် မဆိုတာသာ ဖြစ်တယ်။ ထင်တဲ့အတိုင်းပဲ၊ ဟာမီးဟာ ဆယ်မိနစ်ကြာပြီးနောက် စကားတစ်လုံးမှ မပြောဘဲ နီဗီး တိုးတိုး ရွတ်လိုက်တဲ့ ခြေပျော့ကျိန်စာကို ခုခံတိုက်ထုတ်လိုက်တယ်။ ဘယ်လိုအကျိုး အကြောင်းရှိတဲ့ ဆရာမဆို ဂရစ်ဖင်းဒေါ်ကို အမှတ်နှစ်ဆယ်ပေးမှာ သေချာ တယ်လို့ ဟယ်ရီက ခါးသီးစွာ တွေးတယ်။ ဒါပေမယ့် စနိတ်ပ်ကတော့ မကြား ချင်ယောင်ဆောင်တယ်။ ကျောင်းသားတွေ လေ့ကျင့်တဲ့အခါမှာ သူဟာ ဝတ်ရုံ ရှည် ဒရွတ်တိုက် ဆွဲရင်း သူတို့ကြားမှာ လိုက်ကြည့်နေတယ်။ အရင်ကလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



နေရာမလင်းနိုင်ကြီးနဲ့ တူနေတယ်။ ပြီးတော့ ဟယ်ရီနဲ့ ရွန်တို့ ခက်ခဲစွာ လေ့ကျင့်နေတာကို တမင်ရပ်ကြည့်နေတယ်။

ရွန်က ဟယ်ရီ့ကို ကျိန်စာချချင်တယ်၊ မျက်နှာကြီး နီရဲပြီး ပါးစပ်ကို ပြောချင်စိတ် မတားနိုင်ဘဲ အသံထွက်သွားမှာစိုးလို့ တင်းတင်းစေ့ထားတယ်။ ဟယ်ရီက မှော်ကြိမ်လုံးကို မြှောက်ပြီး ဘယ်တော့မှ ထွက်ပေါ်လာမယ် မထင်တဲ့ ကျိန်စာကို ပြန်တိုက်ထုတ်ဖို့ စိုးရိမ်တကြီးနဲ့ စောင့်နေတယ်။

"တယ်ညံ့တာပဲ၊ ဝယ်စလီ" စနိတ်ပ်က ခဏကြည့်နေပြီး ပြောတယ်။ "လာ —— ကျုပ် လုပ်ပြမယ် —— "

သူဟာ မှော်ကြိမ်လုံးကို ဟယ်ရီ့ဘက် လှည့်တာ သိပ်မြန်လို့ ဟယ်ရီက အလိုအလျောက် တုံ့ပြန်လိုက်တယ်။ အသံမဲ့ဂါထာကိစ္စကို လုံးဝမေ့သွားပြီး "ပရိုတီဂို" လို့ တအားအော်လိုက်တယ်။

သူ့သံချပ်ဂါထာ အားသိပ်ပြင်းလို့ စနိတ်ပ် ဟန်ချက်မညီ ဖြစ်သွားပြီး စားပွဲတစ်လုံးနဲ့ ဝင်ဆောင့်မိတယ်။ ကျောင်းသားအားလုံး လှည့်ကြည့်ကြတယ်။ စနိတ်ပ် ကိုယ်ကို မတ်အောင်လုပ်ပြီး ဒေါသထနေတဲ့ပုံကို ကြည့်နေကြတယ်။

"မင်းကို ကျုပ်တို့အသံမဲ့ကျိန်စာ လေ့ကျင့်နေတယ်လို့ ပြောထားတာ မှတ်မိသေးလား၊ ပေါ်တာ"

"မှတ်မိတယ်" ဟယ်ရီက အသံမာမာနဲ့ ပြောတယ်။

"မှတ်မိတယ်၊ ဆရာ"

"ကျွန်တော့်ကို 'ဆရာ'လို့ ခေါ်စရာမလိုဘူး၊ ပါမောက္ခ"

သူ ဘာပြောနေမှန်း မသိခင် စကားက ပါးစပ်က ထွက်သွားနှင့်ပြီ။ ကျောင်းသားတချို့ အံ့အားသင့်စွာ လန့်သွားတယ်။ ဟာမီး အပါအဝင်ပဲ။ သို့ပေမယ့် စနိတ်ပ်ကျောဘက်က ရွန်၊ ဒင်းနဲ့ စီးမတ်တို့ မျက်နှာပေါ်မှာ ခိုးရာတူတဲ့အပြုံးတွေ ကိုယ်စီနဲ့။

"ကျောင်းပိတ်မယ်၊ စနေနေ့ည၊ ကျုပ်ရုံးခန်းမှာ" စနိတ်ပ်က ပြောတယ်၊ "ဘယ်သူမှ ကျုပ်ကို မယဉ်ကျေးတာ ခွင့်မပြုဘူး။ ပေါ်တာ .... အရွေးချယ်ခံရသူပဲဖြစ်ဖြစ်"

"သိပ်ပြောင်မြောက်တာပဲ၊ ပေါ်တာ" ခဏနေတော့ သူတို့ ကျောင်းနားချိန် အပြင်ထွက်လာတော့ ရွန်က ဝမ်းသာစွာ တဂတ်ဂတ် ရယ်ရင်း ပြောတယ်။



"နင် တကယ်ပဲ အဲဒီလို မပြောသင့်ဘူး" ဟာမီးက ရွန့်ကို မျက်မှောင်ကြုတ်ပြရင်း ပြောတယ်။ "နင် ထိုစဉ်က ဘာဖြစ်တာလဲ"

"သူက ငါ့ကို ကျိန်စာဆိုးချမလို့၊ နင် သတိမထားမိဘူးထင်တယ်" ဟယ်ရီက ဒေါသနဲ့ ပြောတယ်။ "ငါ ဟိုဦးနှောက်ပိတ်သင်တန်းမှာ ဒါတွေ ခံရပေါင်းများပြီ။ သူ ဘာဖြစ်လို့ တခြားလူကို သူ စမ်းသပ်ဖို့ မခေါ်တာလဲ။ ဒမ်ဘလီဒိုး ဘာများတွေးနေလဲ မသိဘူး၊ သူ့ကို ခုခံကာကွယ်တဲ့အတတ် သင်ခိုင်းတယ်တဲ့။ သူ မှော်ပညာအကြောင်းပြောတဲ့ လေသံကို နင် ကြားသလား၊ သူက ဒင်းတို့ကို နှစ်သက်တယ်၊ အပြောင်းအလဲများပြီး ဖျက်ဆီးလို့ရတဲ့ဟာ အားလုံး —— "

"ဟုတ်တယ်" ဟာမီးက ပြောတယ်။ "သူ့လေသံက နင်နဲ့ နည်းနည်း တူတယ်လို့ ငါ ထင်တယ်"

"ငါနဲ့ တူတယ် ?"

"ဟုတ်တယ်၊ နင်က ငါတို့ကို ဗိုလဒီမွန့်နဲ့ ရင်ဆိုင်ရတဲ့ ခံစားချက် ပြောပြတာ ဒီအတိုင်းပဲ။ နင်က ပြောတယ်၊ ဂါထာတွေ တစ်ပုံကြီး ကျက်မှတ်ထားနဲ့ မရဘူး၊ လူတစ်ကိုယ်လုံး၊ ခေါင်းနဲ့ သတ္တိပါ လိုတယ် —— ဟေး၊ ဒါ စနိတ်ပ်ပြောတဲ့ဟာပဲ မဟုတ်လား။ သူကလဲ ဒါဟာ သတ္တိနဲ့ တွေးခေါ်မှု ဆုံးဖြတ်ရမယ်လို့ ပြောတယ်မဟုတ်ဘူးလား"

ဟယ်ရီဟာ သူ့စကားကို 'စံဂါထာ' လိုပဲ မြဲမြဲမှတ်ထားရမယ်လို့ ဟာမီးက ထင်နေတာ လုံးဝမထင်မှတ်ခဲ့ဘူး။ သူ ချက်ချင်း စိတ်ပြေသွားပြီး ဘာမှမပြောတော့ဘူး။

"ဟယ်ရီ၊ ဟေး၊ ဟယ်ရီ"

ဟယ်ရီ လှည့်ကြည့်လိုက်တော့၊ ဂျက်-စလိုပါ —— မနှစ်က ဂရစ်ဖင်ဒေါ ခွဲဒစ်အသင်းက ဘောရိုက်သမား —— ဟာ သူ့ဆီ သုတ်သုတ်ပြေးလာတာ မြင်ရတယ်။ လက်ထဲမှာ သိုးရေစက္ကူလိပ်တစ်လိပ် ပါလာတယ်။

"မင်းဖို့" စလိုပါက ဟောဟဲလိုက်ကာ ပြောတယ်။ "နားထောင်စမ်း အသင်းခေါင်းဆောင် ဖြစ်သွားပြီလို့ ငါ ကြားတယ်။ ဘယ်တော့ရွေးချယ်ပွဲ လုပ်မှာလဲ"

"မဆုံးဖြတ်ရသေးဘူး" ဟယ်ရီက ပြောတယ်။ စလိုပါ အသင်းထဲ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပါဖို့ဆိုတာ သိပ်ကို ကံထူးမှလို့ သူက တိတ်တိတ်တွေးတယ်။ "အချိန်ကျရင် မင်းကို အကြောင်းကြားမယ်"

"အိုး၊ ကောင်းပြီ၊ ငါက ဒီအပတ်ကုန်မှာလို့ အစက မျှော်လင့်တာ —"

ဒါပေမယ့် ဟယ်ရီက သူပြောတာ နားထောင်မနေတော့ဘူး။ သူဟာ သိုးရေစက္ကူပေါ်က သေးသွယ်ပြီး စောင်းနေတဲ့ လက်ရေးကို မှတ်မိတယ်။ စလိုပါစကားမဆုံးခင်မှာပဲ၊ သူဟာ ရွန်၊ ဟာမီးနဲ့ အမြန်ထွက်ခွာသွားတယ်။ သွားရင်း သိုးရေစက္ကူကို ဖြန့်လိုက်တယ်။

ချစ်လှစွာသော ဟယ်ရီ၊
ဒီအပတ်ကုန် စနေနေ့က စပြီး မင်းကို သီးသန့်သင်ကြားပေးဖို့ ကျုပ် လုပ်ချင်တယ်။ ည ရှစ်နာရီမှာ ကျုပ်ရုံးခန်းကို လာခဲ့ပါ။ ကျောင်းဖွင့်တဲ့ ပထမရက်မှာ မင်း ပျော်ရွှင်ပါစေ။
သင့် သစ္စာရှိသော
အော်ဘတ်စ်-ဒမ်ဘလီဒိုး
P.S. ကျုပ် ချဉ်တဲ့ ဘီလပ်ရည် ကြိုက်တယ်။

"သူ ချဉ်တဲ့ဘီလပ်ရည် ကြိုက်တယ် ?" ရွန်က ပြောတယ်။ သူက ဟယ်ရီ့ပခုံးပေါ်ကနေ စာတိုကို တစ်ခေါက်ဖတ်လိုက်တယ်။ ဘာမှန်းမသိဖြစ်နေတယ်။

"ဒါက သူ့ရုံးခန်းရှေ့က ကျောက်တိရစ္ဆာန်ကို ဖြတ်ဖို့ စကားဝှက်" ဟယ်ရီက အသံနှိမ့်ပြောတယ်။ "ဟား၊ စနိတ်ပ်တော့ ကြိုက်မှာမဟုတ်ဘူး . . . . ငါ သူ့ဆီ ကျောင်းပိတ်ခံဖို့ မသွားနိုင်တော့ဘူး"

ကျောင်းနားချိန်တစ်ခုလုံး၊ ဟယ်ရီ ရွန်နဲ့ ဟာမီးတို့ဟာ ဒမ်ဘလီဒိုးက ဟယ်ရီ့ကို ဘာများသင်ပေးမလဲဆိုတာ ခန့်မှန်းနေကြတယ်။ ရွန်ကတော့ ဒက်သီတာတွေ မသိသေးတဲ့ ထူးခြားတဲ့ ဂါထာနဲ့ မှော်ပညာသင်ပေးမယ်လို့ ထင်တယ်။ ဟာမီးကတော့ ဒါတွေဟာ တရားမဝင်တဲ့ဟာတွေလို့ ပြောတယ်။ ဒမ်ဘလီဒိုးက ဟယ်ရီ့ကို နက်နဲတဲ့ မှော်ပညာခုခံကာကွယ်တဲ့အတတ်ကို သင်ပေးဖို့ ဖြစ်နိုင်တယ်လို့ သူမက ထင်တယ်။ ကျောင်းနားချိန်ပြီးတော့



သူမဟာ ဂဏန်းဗေဒင် သွားတက်တယ်။ ဟယ်ရီနဲ့ ရွန်က အများနားနေခန်းကို ပြန်သွားကြပြီး နည်းနည်းမှ မလုပ်ချင်ဘဲ စနိတ်ပ်က ပေးတဲ့အိမ်စာကို လုပ်ကြတယ်။ အိမ်စာက သိပ်ခက်တယ်။ နေ့လယ်စာ စားပြီးနောက် ကျောင်းနားချိန်မှာ ဟာမီးလည်း အိမ်စာ လာလုပ်တယ်။ သူတို့အိမ်စာက လုပ်လို့ မပြီးသေးဘူး (ဒါပေမယ့် ဟာမီးလာတာနဲ့ အများကြီး မြန်သွားတယ်)။ အိမ်စာ လုပ်ပြီးတာနဲ့ မွန်းလွဲပိုင်း မှော်ဆေးပညာ အချိန်နှစ်ချိန်တက်ဖို့ ခေါင်းလောင်းသံ ပေါ်ထွက်လာပြီ။ သူတို့ဟာ ရင်းနှီးပြီးသား လမ်းအတိုင်း မြေအောက်ကျောင်းခန်းဆီ သွားကြတယ်။ အဲဒီနေရာဟာ အချိန်ကြာမြင့်စွာ စနိတ်ပ်က ပိုင်ထားခဲ့တယ်။

သူတို့ဟာ ကျောင်းခန်းအပြင်က စင်္ကြံထဲ ရောက်လာတယ်။ ကျောင်းသား တစ်ဒါဇင်လောက်ပဲ NEWT အဆင့်အတန်း လာတက်တာ တွေ့ရတယ်။ ခရပ်နဲ့ ဂိုးရဲ့ OWL အမှတ်က မမီတာ ထင်ရှားတယ်။ ဒါပေမယ့် စလေးသရင်းကျောင်းသားလေးယောက် အောင်တယ်၊ ၎င်းအနက် ဧော်ဖိုင်လည်း ပါတယ်။ ဒီမြင် ရေဗင်ခလောကျောင်းသားလေးယောက်နဲ့ ဟာ့ဖ်ဖတ်ကျောင်းသားတစ်ယောက်လည်း ပါတယ် — အာနီ-မက်မီလန်။ သူဟာ နည်းနည်းမာနကြီးပေမယ့် ဟယ်ရီက သူ့ကို သိပ်နှစ်သက်တယ်။

"ဟယ်ရီ" အာနီက ဟယ်ရီလာတာတွေ့တော့ လက်တစ်ဘက် ဆန့်ထုတ်ပြီး ဟိတ်ဟန်နဲ့ ပြောတယ်။ "မနက်က မှော်နက်ပညာ ခုခံကာကွယ်တဲ့အတတ်အတန်းမှာ မင်းနဲ့ စကားပြောချိန် မရလိုက်ဘူး။ အတန်းက မဆိုးပါဘူး၊ ဒါပေမယ့် ငါတို့လို DA အဟောင်းတွေအဖို့က သံချပ်ဂါထာဟာ သိပ်ခေတ်မမီတော့ပါဘူး . . . . မင်းတို့ဘယ်လိုလဲ၊ ရွန် — ဟာမီး"

သူတို့ဟာ "မဆိုးပါဘူး" လို့ပဲ ပြောချိန်ရလိုက်တယ်၊ မြေအောက်ကျောင်းခန်းတံခါး ပွင့်သွားတယ်။ ပါမောက္ခ စလပ်ဂဟွန်းဟာ လူမတွေ့ရသေးဘဲ ဗိုက်ကြီးက အရင်ထွက်လာတယ်။ ကျောင်းသားတွေ အလျှိုအလျှိုကျောင်းခန်းထဲ ဝင်ကြတယ်။ ၎င်းရဲ့ ပင်လယ်ဖျံအစွယ်လို နှုတ်ခမ်းမွေးဟာ ဖြိုးရယ်နေတဲ့ ပါးစပ်ပေါ်မှာ လှုပ်နေတယ်။ သူဟာ ဟယ်ရီနဲ့ ဇာဘီနီကို နှုတ်ဆက်တာ သိပ်လိုက်လှဲတယ်။

ခါတိုင်းနဲ့ မတူတာက၊ မြေအောက်ကျောင်းခန်းထဲမှာ ရေငွေ့တွေ ခိုးသွင့်နေပြီ၊ ထူးဆန်းတဲ့ အနံ့မျိုးစုံနဲ့ ပြည့်နေတယ်။ ဟယ်ရီ ရွန်နဲ့ ဟာမီး

www.burmeseclassic.com

www.burmeseclassic.com



တို့ဟာ အမြုပ်ထနေတဲ့၊ ဆေးကျိုအိုးတွေကို ဖြတ်ရင်း စိတ်ဝင်စားစွာ နမ်းရှူနေတယ်။ စလေးသရင်း ကျောင်းသားလေးယောက် စားပွဲတစ်လုံးမှာ ထိုင်တယ်။ ရေဗင်ခလော ကျောင်းသားလေးယောက်လည်း ဒီအတိုင်းပဲ။ ဒီလိုဆိုတော့ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ အာနီနဲ့ပဲ အတူထိုင်ကြရတယ်။ သူတို့ဟာ ရွှေရောင်ဆေးကျိုအိုးတစ်လုံးနဲ့ အနီးဆုံးစားပွဲကို ရွေးထိုင်တယ်။ ဆေးကျိုအိုးထဲကနေ မွှေးရနံ့တွေ ထွက်နေတယ်။

ဟယ်ရီဟာ ဒီလိုစွဲလမ်းစရာအနံ့ကို မရှူခဲ့ဖူးဘူး။ ၎င်းက သူ့ကို ပျားရည်အဆာသွတ်မုန့်နဲ့ မိုးပျံတံမြက်စည်းရဲ့ သစ်သားမွှေးရနံ့ကို တစ်ပြိုင်နက် သတိရစေတယ်။ အညတရဂေဟာမှာတုန်းက ရှူရှိုက်ခဲ့ရဖူးတာဖြစ်တဲ့ ပန်းရနံ့လည်း ရတယ်။ သူဟာ ဖြည်းဖြည်းချင်း၊ ပြင်းပြင်းရှူသွင်းနေတာ မိမိဖာသာ တွေ့ရှိတယ်။ ဆေးရည်ရဲ့ အနံ့ဟာ အရက်ပြန်လို သူ့ကိုထဲ ပြည့်လာတယ်။ ရောမကျေနပ်နှစ်သိမ့်မှုဟာ သူ့ကို စိုးမိုးလာတယ်။ သူက ရွန့်ကို ရယ်ပြတယ်။ ရွန်ကလဲ ပျင်းရိစွာနဲ့ သူ့ကို ကြည့်ပြီး ရယ်နေတယ်။

"ကောင်းပြီ၊ ကောင်းပြီ၊ ကောင်းပြီ" စလပ်ဂဟွန်းက ပြောတယ်။ ပူဆူတဲ့ အငွေ့ကြားက လှမ်းကြည့်လိုက်တော့ သူ့အကောင်ကြီးကြီး ကိုယ်သဏ္ဍာန်ဟာ လှုပ်ယိုင်နေတယ်။ "အားလုံး၊ ချိန်ခွင်၊ ဆေးထုပ်တွေ ထုတ်ပါ။ ပြီးတော့၊ မင်းတို့ရဲ့ 'အဆင့်မြင့် မှော်ဆေးဖော်စပ်ခြင်း' သင်ရိုးကိုလဲ မမေ့နဲ့ . . . ."

"ဆရာ" ဟယ်ရီက လက်ထောင်ပြတယ်။

"ဘယ်လိုလဲ၊ ဟယ်ရီ"

"ကျွန်တော့်မှာ စာအုပ်မရှိဘူး၊ ချိန်ခွင်မရှိဘူး၊ ဘာမှမရှိဘူး — ရွန်လဲပဲ — ကျွန်တော်တို့ NEWT အဆင့်တက်နိုင်မယ် မထင်လို့ပါ —"

"အား၊ ဟုတ်ပြီ၊ ပါမောက္ခ မက်ဂေါ်နာဂေါက ဒီကိစ္စပြောထားတယ် . . . . မပူနဲ့၊ ကောင်လေး၊ နည်းနည်းမှ မပူနဲ့၊ မင်းတို့ ဒီနေ့ သိုလှောင်ခန်းထဲက ဆေးတွေကို အရင်သုံး။ ချိန်ခွင်လဲ ငှားပေးမယ်။ ဒီမှာ သင်ရိုးစာအုပ်အဟောင်းတွေ ရှိတယ်၊ မင်းတို့ အရင်သုံးထား၊ နောက်မှ မင်းတို့ အောင်မြင်ခြင်းနဲ့ အမည်းကွက်စာအုပ်ဆိုင်ကို စာရေး . . . ."

စလပ်ဂဟွန်းဟာ ထောင့်ထဲက သိုလှောင်ဗီရိုကြီးတစ်ခုရှေ့ အမြန်သွားပြီး အထဲမှာ ခဏနှိုက်နေပြီးနောက်၊ စုတ်နေတဲ့ လစ်ဘာရှပ်စ်-ဘိုရာ



ရေးတဲ့ 'အဆင့်မြင့် မှော်ဆေးဖော်စပ်နည်း' စာအုပ်နှစ်အုပ်နဲ့ အရောင်မှိန်မွဲတဲ့ ချိန်ခွင်နှစ်စုံကို ဟယ်ရီနဲ့ ရွန့်အား ပေးတယ်။

"ကောင်းပြီ" စလပ်ဂဟွန်းက ပြောရင်း ကျောင်းခန်းရှေ့ဘက် ပြန်သွားတယ်။ သူဟာ အလွန်ဖုနေတဲ့ ရင်ဘတ်ကို ရှေ့သို့ ကော့လိုက်တယ်။ တိုယ်ကြပ်လက်ပြတ်အင်္ကျီပေါ်က ကြယ်သီးတွေ ပြုတ်ထွက်တော့မယ်။ "မင်းတို့ မြင်ဖူးအောင်လို့ ဆေးရည်အချို့ အသင့်ပြင်ထားတယ်။ ဝါသနာကြောင့်ခဲ့ပေါ့။ မင်းတို့ NEWT အဆင့် သင်ရိုးတွေပြီးရင် ဒီလိုအရာတွေ ဖော်စပ်နိုင်လိမ့်မယ်။ မင်းတို့ကိုယ်တိုင် မလုပ်ဖူးပေမယ့် ကြားတော့ ကြားဖူးလိမ့်မယ်။ ဒါက ဘာဆိုတာ ဘယ်သူ ပြောပြနိုင်သလဲ"

သူက စလေးသရင်းစားပွဲနဲ့ အနီးဆုံး ဆေးကျိုအိုးကို လက်ညှိုးထိုးပြတယ်။ ဟယ်ရီက နေရာကနေ အနည်းငယ် ကိုယ်ကို ကြွလိုက်တယ်။ အိုးထဲမှာ ရေကြည်တွေ ဆူပွက်နေသလို မြင်တွေ့ရတယ်။

ဟာမီးရဲ့ သေချာလေ့ကျင့်ထားတဲ့ လက်ဟာ အားလုံးအရင် မိုးပေါ်ထောင်လိုက်တယ်။ စလပ်ဂဟွန်းက သူမကို လက်ညှိုးထိုးလိုက်တယ်။

"အမှန်ပြောဆေးပါ၊ အရောင်မရှိ၊ အရသာမရှိတဲ့ ဆေးတစ်မျိုး၊ ငုံးကို သောက်တဲ့လူကို အမှန်ဖွင့်ပြောဖို့ အတင်းခိုင်းတယ်" ဟာမီးက ပြောတယ်။

"သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ်" စလပ်ဂဟွန်းက ဝမ်းသာစွာ ပြောတယ်။ "အခု" သူဟာ ရေဗင်ခလောစားပွဲနဲ့ အနီးဆုံး ဆေးကျိုအိုးကို လက်ညှိုးထိုးပြီး ဆက်ပြောတယ်။ "ဒါမျိုးက ပိုပြီးနာမည်ကြီးတယ် . . . . ခုလော ဝန်ကြီးဌာနက ဝေတဲ့ စာအုပ်လေးတွေထဲမှာလဲ အလေးထား ဖော်ပြထားတယ် . . . . ဘယ်သူပြောနိုင်လဲ —"

ဟာမီးလက်ဟာ တစ်ချီ စောသွားပြန်ပြီ။

"ပိုလီဆေးရည်၊ ဆရာ" သူမက ပြောတယ်။

"ဟယ်ရီလဲ ဒုတိယဆေးကျိုအိုးထဲက ပွစိဖောင်းတွေ ဖြည်းဖြည်းချင်း ထွက်နေတဲ့ ရွံ့လိုအရာကို မှတ်မိသွားတယ်။ ဒါပေမယ့် ဟာမီး ဒီမေးခွန်းကို ပြောတာ သူ မနာလိုမဖြစ်ဘူး။ သူတို့ ဒုတိယနှစ်တုန်းက၊ သူမဟာ ဒီလိုဆေးမျိုး ကို အောင်မြင်စွာ ဖော်စပ်နိုင်ခဲ့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ်။ ပြီးတော့ ဒီက ဒါမျိုး . . . . မင်းပြော အချစ်လေး" စလပ်ဂဟွန်းက ပြောတယ်။ သူဟာ ဟာမီး လက်တစ်ကြိမ် မြှောက်ပြန်တာကို မြင်တော့ နည်းနည်းအံ့ဩနေတယ်။

"အဲဒါ စိတ်ညှို့ဆေး"

"ဒါ အမှန်ပဲ။ မေးစရာတောင် မလိုဘူး" စလပ်ဂဟွန်းဟာ အခုရင်ထဲက ချီးကျူးမိတယ်၊ သူက ပြောတယ်။ "ဒါ ဘာလုပ်ဖို့လဲဆိုတာ မင်းသိမယ်လို့ ထင်တယ်"

"၎င်းဟာ ကမ္ဘာပေါ်မှာ အကျိုးသက်ရောက်မှု အကောင်းဆုံး အချစ်ဆေးရည်" ဟာမီးက ပြောတယ်။

"သိပ်မှန်တယ်။ မင်းက ၎င်းမှာ အထူးပေါ်လွင်တဲ့ ပုလဲရောင်ကြောင့်သိတယ်လို့ ကျုပ် တွေးတယ်"

"ပြီးတော့ ၎င်းမှာ အထူးရှိတဲ့ ခရုပတ်လို တက်သွားတဲ့ အငွေ့ကြောင့်" ဟာမီးက စိတ်ဝင်တစား ပြောတယ်။ "ပြီးတော့ ၎င်းရဲ့အနံ့ဟာ လူတိုင်းရဲ့ နှစ်သက်မှုအရ ပြောင်းလဲတယ်။ ခုတွင်ရိတ်ထားတဲ့ မြက်ခင်းရနံ့ သိုးရေစက္ကူအသစ်စက်စက်၊ အနံ့ကို ကျွန်မ ရတယ်၊ ပြီးတော့ —— "

သူမဟာ ရုတ်တရက် မျက်နှာကြီး နီသွားပြီး ဆက်မပြောတော့ဘူး။

"အချစ်လေး၊ မင်းနာမည်ကို ပြောပြနိုင်မလား" စလပ်ဂဟွန်းက မေးတယ်။ ဟာမီး အနေရကျပ်နေတာကို သတိမထားမိသလိုပဲ။

"ဟာမီး-ဂရန်ဂျာပါ၊ ဆရာ"

"ဂရန်ဂျာ ? ဂရန်ဂျာ ? မင်းဟာ အလွန်ထူးခြားတဲ့ ဆေးဖော်ဆရာအသင်းကြီးကို တည်ထောင်တဲ့ ဟက်တာ-ဒတ်ဝပ်-ဂရန်ဂျာနဲ့ ဆွေမျိုးများတော်သလား"

"ဟင့်အင်း၊ မဖြစ်နိုင်ဘူး၊ ဆရာ။ ကျွန်မက မတ်ဂေါ်က လာတာပါ"

မော်ဖိုင်ဟာ နေ့ဘ်နားကပ်ကာ တစ်ခုခုပြောပြီး နှစ်ယောက်သား ရယ်နေတာ ဟယ်ရီ မြင်ရတယ်။ ဒါပေမယ့် စလပ်ဂဟွန်းက စိတ်ပျက်ပုံမဖော်ပြဘူး။ ဆန့်ကျင်စွာပဲ၊ သူဟာ ပြုံးရွှင်စွာနဲ့ ဟာမီးကို ကြည့်တယ်၊ တစ်ခါ သူမဘေးမှာ ထိုင်နေတဲ့ ဟယ်ရီကို ကြည့်တယ်။

"အိုးဟို၊ 'ကျုပ်သူငယ်ချင်းတစ်ယောက်ဟာ မတ်ဂေါ်က လာ တာ



သူဟာ တစ်တန်းလုံးမှာ အထူးချွန်ဆုံးပဲ' ဒါ မင်းပြောတဲ့ အဲဒီ သူငယ်ချင်းပဲဆိုတာ ကျုပ် ပြောဝံ့တယ်၊ ဟယ်ရီ"

"ဟုတ်တယ်၊ ဆရာ" ဟယ်ရီက ပြောတယ်။

"သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ဂရစ်ဖင်းဒေါက မစ်ဂရန်ဂျာကို ထိုက်ထိုက်တန်တန် အမှတ်နှစ်ဆယ် ပေးတယ်" စလပ်ဂဟွန်းက နွေးထွေးစွာ ပြောတယ်။

မော်ဖိုင့်အမူအရာဟာ အရင်တစ်ခါ ဟာမီးက လက်သီးနဲ့ တည့်တည့်ထိုးခံလိုက်ရတာနဲ့ အတူတူပဲ။ ဟာမီးက ပျော်တပြုံးပြုံးနဲ့ ဟယ်ရီ့ဘက်လှည့်လိုက်ပြီး တိုးတိုးမေးတယ်။ "နင် တကယ်ပဲ သူ့ကို ငါက တစ်တန်းလုံး အထူးချွန်ဆုံးလို့ ပြောတယ် ? အိုး၊ ဟယ်ရီ"

"အင်း။ ဒါ ဘာများထူးဆန်းလို့လဲ" ရွန်က တိုးတိုးပြောတယ်။ သူဟာ ဘာကြောင့်မှန်းမသိဘူး ဒေါသထွက်နေသလိုပဲ။ "နင် မူလကတည်းက တစ်တန်းလုံး အထူးချွန်ဆုံးပဲဟာ၊ သူ ငါ့မေးရင် ငါလဲ ဒီအတိုင်း ပြောမှာပဲ"

ဟာမီး ရယ်တယ်၊ ဒါပေမယ့် 'ရှူး' သံပေး လက်ပြလိုက်ပြန်တယ်။ ဒါမှ စလပ်ဂ်ဟွန်းပြောတာ ကြားရမှာ။ ရွန့်ကြည့်ရတာ သိပ်မပျော်သလိုပဲ။

"အမှန်ပဲ။ စိတ်ညှို့ဆေးဟာ အချစ်ကို တကယ်မဖန်တီးနိုင်ဘူး။ အချစ်ဆိုတာ ပြုလုပ်လို့၊ ပုံတူလုပ်လို့ ရတာမဟုတ်ဘူး။ ဟင့်အင်း၊ ဒီလိုဆေးရည်ဟာ အရူးအမူး စွဲလမ်းခြင်း၊ အချစ်မွှန်ခြင်းသာ ဖြစ်နိုင်တယ်။ ဒါဟာ ဒီကျောင်းခန်းထဲမှာ အန္တရာယ်အရှိဆုံး၊ အားအပြင်းဆုံး ဆေးပဲ ဖြစ်မယ် —— ဟုတ်ပြီ" သူက မော်ဖိုင်နဲ့ နော့ထ်ကို တည်ကြည်စွာ ခေါင်းညိတ်ပြတယ်။ သူတို့နှစ်ယောက်ဟာ နေရာမှာ သံသယနဲ့ ကဲ့ရယ်နေတယ်။ "မင်းတို့ လူ့ဘဝအတွေ့အကြုံ ကျုပ်လောက် ကြွယ်ဝလာရင်၊ စွဲလမ်းချစ်ရဲ့ အင်အားကို လျှော့မတွက်တော့ဘူးပေါ့ . . . ."

"အခု" စလပ်ဂ်ဟွန်းက ဆက်ပြောတယ်။ "ကျုပ်တို့ စကြစို့"

"ဆရာ၊ ဒီထဲကဟာ ဘာဆိုတာ သင် ပြောမပြသေးဘူး" အာနီ-မက်မီလန်က စလပ်ဂ်ဟွန်း စာသင်စားပွဲပေါ်က အနက်ရောင်ဆေးကျိုအိုးကို ညွှန်ပြပြောတယ်။ အဲဒီဆေးကျိုအိုးလေးထဲက ဆေးရည်တွေဟာ ပျော်ရွှင်စွာ ခုန်ပေါက်စင်နေတယ်။ ၎င်းရဲ့အရောင်ဟာ ပျော်ဝင်နေတဲ့ ရွှေလိုပဲ၊ မျက်နှာပြင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ခုန်နေတဲ့ အစက်ကြီးကြီးအရည်ဟာ ရွှေငါးတွေလိုပဲ။ ဒါပေမယ့် တစ်စက်မှ အပြင်ကို လွင့်ကျမလာဘူး။

"အိုဟိုး" စလပ်ဂဟွန်းက ဒီအသံထွက်လာပြန်တယ်။ စလပ်ဂဟွန်းဟာ အဲဒီဆေးကို လုံးဝမေ့သွားတာ မဟုတ်ဘူး၊ သူများအမေးကို စောင့်နေတာ၊ ဒါမှ ပြဇာတ်ဆန်ဆန် အကျိုးသက်ရောက်မှုရဖို့ လုပ်တာလို့ ဟယ်ရီ ယုံကြည်တယ်။ "ဟုတ်ပြီ၊ အဲဒီဆေးမျိုးကို မပြောရသေးဘူး။ အမျိုးသမီးများ၊ လူကြီးမင်းများ ခင်ဗျား၊ အဲဒါဟာ သိပ်ကိုထူးခြားတဲ့ မှော်ဆေးလေး ဖြစ်တယ်။ ဖီလစ် ဖီလစ်စစ်လို့ ခေါ်တယ်။ ကျုပ် ထင်တယ်" သူက ပြုံးချိုစွာနဲ့ တစ်ချက်အော်လိုက်တဲ့ ဟာမီးကို လှည့်ပြီး ကြည့်တယ်။ "ဖီလစ် ဖီလစ်စစ် ဘာအသုံးဝင်တယ်ဆိုတာ မင်း သိမှာ သေချာတယ်၊ မစ်ဂရန်ဂျာ"

"အဲဒါ ကံကောင်းဆေး" ဟာမီးက စိတ်လှုပ်ရှားစွာ ပြောတယ်။ "ဗင်းက သင့်ကို ကံကောင်းစေတယ်"

ကျောင်းသားအားလုံး ချက်ချင်း ခါးဆန့်သွားတယ်။ ဟယ်ရီဟာ မော်ဖိုင်ရဲ့ ဆီပြောင်ပြောင် ဆံပင်ဝါဝါရှိတဲ့ နောက်စေ့ကိုပဲ မြင်ရတယ်။ အကြောင်းက မော်ဖိုင်ဟာ အခု စလပ်ဂ်ဟွန်း သင်ကြားတာကို အာရုံစူးစိုက်နေလို့ပဲ။

"သိပ်မှန်တယ်၊ ဂရစ်ဖင်းဒေါကို ဆယ်မှတ် ထပ်ပေးတယ်။ ဟုတ်တယ်၊ ဒါဟာ ရယ်စွှင်ဖွယ်ရာ ဆေးရည်လေးပဲ၊ ဖီလစ် ဖီလစ်စစ်" စလပ်ဂ်ဟွန်းက ပြောတယ်။ "ဖော်စပ်ရတာ အလွန့်ကို ရှုပ်ထွေးတယ်၊ မှားသွားခဲ့ရင်လဲ အကျိုးဆက်က မတွေးဝံ့စရာပဲ။ သို့ပေမယ့်၊ မှန်ကန်စွာ ဖော်စပ်နိုင်ရင်၊ ဒီဆေးကျိုးအိုးထဲကလိုပဲ၊ မင်း ဘာလုပ်လုပ် အောင်မြင်မယ်ဆိုတာ တွေ့ရှိလိမ့်မယ် . . . . ဆေးအာနိသင်မကုန်ခင်မှာပေါ့"

"ဒါဆို လူတွေ ဘာကြောင့် ဗင်းကို တစ်နေ့လုံး သောက်မနေတာလဲ ဆရာ" တယ်ရီ-ဘုတ်က ခပ်လောလောမေးတယ်။

"အကြောင်းက၊ တကယ်လို့ သောက်တာ လွန်သွားရင် မူးမယ်၊ မဆင်မခြင်ဖြစ်မယ်၊ ကြောက်စရာ ကိုယ့်ကိုကိုယ် အထင်ကြီးမယ်" စလပ်ဂ်ဟွန်းက ပြောတယ်။ "အရာအများအပြားဟာ များရင် အကျိုးယုတ်တာ မင်းတို့ သိပါတယ် . . . . ဆေးသိပ်လွန်သွားရင် ပြင်းထန်တဲ့ အဆိပ်ဖြစ်မှု ရှိမယ်၊



ဒါပေမယ့် တစ်ခါတစ်ရံ သတိရှိရှိနဲ့၊ အကန့်အသတ်ရှိရှိ နည်းနည်းသောက်နိုင်ရင် . . . ."

"သင် သောက်ဖူးလား၊ ဆရာ" မစ်ချယ်-ကော်နာက သိပ်စိတ်ဝင်စားပြီး မေးတယ်။

"ကျုပ်တစ်သက်မှာ နှစ်ကြိမ်သောက်ဖူးတယ်" စလပ်ဂဟွန်းက ပြောတယ်။ "တစ်ကြိမ်က နှစ်ဆယ့်လေးနှစ်မှာ၊ တစ်ကြိမ်က ငါးဆယ့်ခုနစ်နှစ်မှာ။ နံနက်စာစားစဉ် နှစ်ဇွန်းသောက်တယ်။ အဲဒီရက်နှစ်ရက်ဟာ ပြည့်စုံတဲ့ ရက်တွေပဲ"

သူဟာ အိပ်မက်ဆန်ဆန် ရီဝေစွာနဲ့ အဝေးကို ကြည့်နေတယ်။ သူ သရုပ်ဆောင်နေတာ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ အဲဒီ အကျိုးသက်ရောက်မှုက သူတို့ သိပ်ဆွဲဆောင်မှုရှိတယ်လို့ ဟယ်ရီ ထင်တယ်။

"ဒါ" စလပ်ဂဟွန်းဟာ လက်တွေ့ထဲ ပြန်ရောက်လာသလိုပဲ။ သူက ပြောတယ်။ "ဒီအချိန်အတွက် ဆုအဖြစ် ကျုပ်ပေးမယ်"

ကျောင်းခန်းထဲမှာ ငြိမ်သက်နေတယ်။ ဘေးက ဆေးရည်တွေရဲ့ တည်းစီသံ၊ ဆူပွက်သံတွေဟာ ဆယ်ဆခွဲ့လိုက်သလိုပဲ။

"ဖီလစ် ဖီလစ်စစ် ကလေးတစ်ပုလင်း" စလပ်ဂ်ဟွန်းက အိတ်ကပ်ထဲကနေ ဖော့ဆို့ဆို့ထားတဲ့ ဖန်ပုလင်းလေးတစ်လုံးကို ဆွဲထုတ်လိုက်ပြီး ကျောင်းသားအားလုံးကို မြှောက်ပြတယ်။ "ဆယ့်နှစ်နာရီကြာကြာ ကံကောင်းစေမယ်။ မိုးလင်းကစ မိုးချုပ်တဲ့ထိ၊ မင်း ဘာလုပ်လုပ် ကံကောင်းလိမ့်မယ်။

"ဒါပေမယ့်၊ ကျုပ် မင်းတို့ကို သတိပေးရဦးမယ်၊ ဖီလစ် ဖီလစ်စစ်ဟာ စည်းရုံးမှုရှိတဲ့ ပြိုင်ပွဲတွေထဲမှာ တားမြစ်ခံထားရတယ် . . . . ဥပမာ၊ အားကစားပြိုင်ပွဲ၊ စာမေးပွဲ ဒါမှမဟုတ် ရွေးကောက်ပွဲ။ ဒါကြောင့် ဆုရတဲ့သူဟာ ခါတိုင်းနေ့တွေမှာပဲ သုံးလို့ရမယ် . . . . ပြီးနောက် အဲဒီခါတိုင်းရက်မှာ ဘယ်လိုထူးခြားမှု ရှိလာမလဲဆိုတာ စောင့်ကြည့်၊

"ဒါဆိုရင်" စလပ်ဂ်ဟွန်းက ပြောတယ်။ ရုတ်တရက် စိတ်ဓာတ်တက်ကြွလာတယ်။ "ကျုပ်ရဲ့ ဒီဆန်းကြယ်တဲ့ဆုကို ဘယ်လိုရယူရမလဲ။ ကောင်းပြီ၊ 'အဆင့်မြင့် မှော်ဆေးဖော်စပ်ခြင်း' ကို စာမျက်နှာ တစ်ဆယ်လှန်လိုက်ပါ။ ကျုပ်တို့ အချိန်တစ်နာရီကျော် ရှိသေးတယ်။ မင်းတို့ ဒီအချိန်ကို သေချာအသုံးချပြီး အသက်ရှင်ရက် သေခြင်းစီးကြောင်းဆေးရည်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖော်စပ်ပါ။ ဒါဟာ မင်းတို့အရင်က ဖော်စပ်ခဲ့သမျှထက် ရှပ်ထွေးတာ ကျုပ်သိတယ်။ ပြည့်စုံတဲ့ဆေးရည်ကို တစ်ယောက်ယောက်ဖော်စပ်နိုင်လိမ့်မယ်လို့လဲ ကျုပ် မမျှော်လင့်ဘူး။ ဒါပေမယ့်၊ ဖော်စပ်တာ အကောင်းဆုံးဖြစ်တဲ့လူဟာ ဒီဖီလစ် ဖီလစ်စစ်ပုလင်းသေးသေးလေးကို ရမယ်။ ကောင်းပြီ၊ စကြတော့"

လူတိုင်း ဆေးကျိုအိုးတွေ ဆွဲယူလို့ ပွတ်တိုက်သံစူးစူး ထွက်လာတယ်။ ဒီနောက် ချိန်ခွင်ထဲ အလေးထည့်တဲ့ ဂလန်ဂလန်အသံတွေ ပေါ်ထွက်လာတယ်။ ဒါပေမယ့် ဘယ်သူမှ စကားမပြောဘူး။ ကျောင်းသားတွေ အာရုံစုစည်းမှုဟာ ဆုပ်ဆုပ်ကိုင်ကိုင်ပဲ။ ဟယ်ရီဟာ မော်ဖိုင်က 'အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်း' စာအုပ်ကို အပြင်းအထန် လှန်လှောနေတာ မြင်ရတယ်။ မော်ဖိုင်ဟာ ကံကောင်းတဲ့ တစ်နေ့တာကို သိပ်ရလိုပုံ ပေါ်တယ်၊ ဒါဟာ သိပ်ထင်ရှားပါတယ်။ ဟယ်ရီက စလပ်ဂဟွန်း သူ့ကို ငှားပေးထားတဲ့ သင်ရိုးစာအုပ် အဟောင်းစုတ်စုတ်ကို လှန်နေတယ်။

သူ့ကို စိတ်ဆိုးစေတာက၊ စာအုပ်ရဲ့ ယခင်ပိုင်ရှင်ဟာ ၎င်းပေါ်မှာ နေရာတကာ လျှောက်စာရေးထားတာပဲ။ ဒါကြောင့် စာမျက်နှာတိုင်းရဲ့ လွတ်နေတဲ့ နေရာအားလုံးဟာ ဆေးရည်အကြောင်း ပုံနှိပ်ထားတဲ့နေရာလိုပဲ မည်းနေတယ်။ ဟယ်ရီဟာ ဆေးရည်ထဲ ပါဝင်တဲ့ အရာတွေကို ငုံ့ပြီး ကြည့်ရင်း (ယခင်က စာအုပ်ပိုင်ရှင်ဟာ ဒီအပိုင်းမှာလဲ မှတ်ချက်အများကြီး ရေးထားတယ်။ ဆေးအမျိုးတချို့ကိုတောင် ခြစ်ပစ်ထားတယ်)။ သိုလှောင်ဗီရိုဆီ အပြေးလေး သွားလိုက်တယ်။ သူလိုတဲ့အရာကို ရှာဖွေတယ်။ သူဟာ မိမိ ဆေးကျိုအိုးဆီ ပြန်ပြေးလာတော့ မော်ဖိုင်ဟာ ဗယ်လာရိုယင်အမြစ်တွေ အလျင်အမြန် လှီးနေတာ တွေ့ရတယ်။

လူတိုင်းပဲ ကျန်သူတွေ ဘာလုပ်နေလဲဆိုတာ အဆက်မပြတ် ကြည့်ကြတယ်၊ ဒါဟာ မှော်ဆေးပညာအတန်းရဲ့ သာလွန်ချက်လည်း ဖြစ်တယ်၊ ချို့ယွင်းချက်လည်း ဖြစ်တယ်။ သင် ပြုလုပ်နေတာကို သူများမတွေ့အောင် ထုပ်ဖို့ခက်တယ်။ ဆယ်မိနစ်ကြာတော့ ကျောင်းခန်းတစ်ခုလုံး အပြာနုရောင် အငွေ့တွေ ဖုံးလွှမ်းနေတယ်။ သေချာတာကတော့ ဟာမီးဟာ ရှေ့ဆုံးရောက်နေတာပဲ။ သူမဆေးရည်ဟာ 'သမအောင် ရောမွှေထားတဲ့ လက်ဖက်ခြောက်



ညိုရောင်' အရည်နဲ့ အလွန်နီးစပ်နေပြီ။ စာအုပ်ထဲမှာ ပါတာက ဒီအခြေအနေဟာ ဆေးကျိုလို့ တစ်ဝက်ရောက်တဲ့အချိန်မှာ ရှိသင့်တဲ့အခြေအနေကောင်းပဲ။

ဟယ်ရီဟာ ဆေးမြစ်ကို လှီးပြီးနောက်၊ စာအုပ်ကို ငုံ့ဖတ်ပြန်တယ်။ အတယ့်ကို သိပ်ဒေါသထွက်စရာပဲ။ သူဟာ သင်ရိုးစာအုပ်ရဲ့ မူလပိုင်ရှင် လျှောက်ရေးခြစ်ထားတဲ့ စာထဲကနေ ဖော်စပ်နည်း လမ်းညွှန်ကို မနည်း ဖတ်ယူရတယ်။ အဲဒီလူဟာ ဘာကြောင့်မှန်း မသိဘူး၊ စာအုပ်ထဲမှာပါတဲ့ အတိုင်း အိပ်ပိုက်ပဲကို လှီးထည့်တာ သဘောမတူဘူး။ မှတ်ချက်တစ်ခု သပ်သပ်ရေးထားတယ်။

ငွေဓားမြှောင်ဘေးဘက်နဲ့ ဖိတာဟာ လှီးတာထက် အရည်ပိုထွက်လွယ်တယ်။

"ဆရာ၊ သင် ကျွန်တော့်အဘိုး အဘရာဆက်စ်-မော်ဖိုင်ကို သိမယ်ထင်တယ်"

ဟယ်ရီ မော့ကြည့်တယ်။ စလပ်ဂ်ဟွန်းဟာ စလေးသရင်းစားပွဲကို ဖြတ်သွားနေတယ်။

"ဟုတ်တယ်" စလပ်ဂ်ဟွန်းက မော်ဖိုင့်ကို မကြည့်ဘဲ ပြောတယ်။ "ဒါပေမယ့် သူ သေသွားပြီ။ ကျုပ် သိပ်ဝမ်းနည်းတယ်။ ဒါပေမယ့် ဒါလဲ ခန့်မှန်းထားပြီးသားပါ၊ အသက် ဒီလောက်ကြီးတာတောင် ကြောက်မက်ဖွယ် ကောင်းတဲ့ ကာလသားရောဂါ ရသေးတာကိုး . . . ."

ပြောရင်း သူ ထွက်ခွာသွားတယ်။ ဟယ်ရီက သူ့ဆေးကျိုအိုးပေါ် ငုံ့ပြီး လုပ်ကိုင်ရင်း ပြုံးဖြီးဖြီးဖြစ်သွားတယ်။ မော်ဖိုင်ဟာ ဟယ်ရီနဲ့ ဇာဘီနီ တို့လို စလပ်ဂ်ဟွန်းက ပါ့ခါးပေးစေချင်တယ်။ ဒီထက် ထိုနှစ်တွေက စနိတ်ပ် သူ့ကို အထူးအခွင့်အရေးပေးသလို ပေးစေချင်တယ်ဆိုတာ ဟယ်ရီ သဘောပေါက်တယ်။ ဒါပေမယ့် အခုတော့ မော်ဖိုင် ဖီလစ် ဖီလစ်စစ် ဆေးပုလင်းလေးကို ရချင်ရင် မိမိ ဉာဏ်ပညာကို အားကိုးရလိမ့်မယ်။

အိပ်ပိုက်ပဲဟာ သိပ်လှီးရခက်တာ ဟယ်ရီ တွေ့ရှိတယ်။ သူက ဟာမီးဘက် လှည့်လိုက်တယ်။

"နင့်ငွေဓားလေး ခဏသုံးလို့ ရမလား"

ဟာမီးက စိတ်မရှည်ဘဲ ခေါင်းညိတ်ပြတယ်၊ မျက်စိကတော့ သူမ ဆေးရည်က မခွာဘူး။ စာအုပ်ထဲက ပြောတယ်၊ ဆေးရည်ဟာ အခု ခရမ်း

www.burmeseclassic.com

ရောင်ဖျော့ဖျော့ ဖြစ်ရမယ်၊ ဒါပေမယ့် သူမအိုးထဲမှာက ခရမ်းရင့်ရောင် ဖြစ်နေတယ်၊

ဟယ်ရီက မားမြှောင်ရဲ့ ဘေးဘက်နဲ့ အိပ်ငိုက်ပဲကို ဖိတယ်။ မထင်မှတ်ပဲ ပဲက အရည်တွေ အများကြီး ထွက်လာတယ်၊ အဲဒီခြောက်ကပ်နေတဲ့ ပဲထဲမှာ ဒီလောက်အရည်များများရှိတာ ဟယ်ရီ မယုံနိုင်သလို ဖြစ်သွားတယ်၊ သူက အရည်ကို သူ့ဆေးကျိုအိုးထဲ အမြန်ထည့်လိုက်တယ်၊ ဆေးရည်ဟာ စာအုပ်ထဲမှာ ပါသလို ခရမ်းဖျော့ဖျော့အရောင် ဖြစ်သွားတယ်၊ သူ သိပ်အံ့ဩမိတယ်၊

ဟယ်ရီဟာ မူလက စာအုပ်ပိုင်ရှင်ကို ဒေါသထွက်တာ ချက်ချင်းပဲ ပျောက်သွားတယ်၊ သူဟာ မျက်စိမှေးပြီးနောက် မှတ်ချက်တစ်ခုကို ဖတ်တယ်၊ စာအုပ်ထဲမှာက ဆေးရည်ကို ရေလိုကြည်သွားတဲ့အထိ နာရီလက်တံနဲ့ ဆန့်ကျင်စွာ မွှေရမယ်လို့ ရေးထားတယ်၊ ဒါပေမယ့် မူလပိုင်ရှင်ရဲ့ မှတ်ချက်မှာက၊ နာရီလက်တံနဲ့ ဆန့်ကျင်စွာ ခုနစ်ချက်မွှေပြီး တစ်ခါ နာရီလက်တံအလိုက် တစ်ချက်မွှေရမယ်လို့ ရေးထားတယ်။ အဲဒီလူ နှစ်ကြိမ်စလုံး မှန်မလား။

ဟယ်ရီဟာ အသက်အောင့်ပြီး နာရီလက်တံနဲ့ ဆန့်ကျင်ဘက်ကို ခုနစ်ချက် မွှေလိုက်တယ်။ တစ်ခါ လက်တံအလိုက် တစ်ကြိမ်မွှေလိုက်တယ်။ ချက်ချင်း အကျိုးသက်ရောက်မှုရတယ်။ ဆေးရည်ဟာ ပန်းရောင်ဖျော့ဖျော့လေးသို့ ချက်ချင်းပြောင်းသွားတယ်။

"နင် ဘယ်လိုလုပ်တာလဲ" ဟာမီးက မေးတယ်။ သူမ ဆေးကျိုအိုးထဲက ထွက်လာတဲ့ ရေနွေးငွေ့တွေကြောင့် သူမမျက်နှာ နီရဲနေတယ်။ ဆံပင်လည်း ကြာလေ ရှုပ်ပွလေပဲ။ သူမဆေးရည်ဟာ ခရမ်းရောင်ပဲ ဖြစ်နေသေးတယ်၊ နည်းနည်းမှ မပြောင်းလဲချင်ဘူး၊

"နာရီလက်တံအလိုက် တစ်ချက်မွှေဦး —"

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ စာအုပ်ထဲမှာ ရေးထားတာက နာရီလက်တံနဲ့ ဆန့်ကျင်ဘက်ကို" သူမက တယူသန်စွာ ပြောတယ်။

ဟယ်ရီက ပခုံးတွန့်ပြတယ်။ သူ့ဆေးရည်ကို ဆက်လုပ်တယ်။ နာရီလက်တံနဲ့ ဆန့်ကျင်တဲ့ဘက်ကို ခုနစ်ချက်မွှေ၊ နာရီလက်တံအလိုက် တစ်ချက်မွှေ၊ ခဏရပ်၊ တစ်ခါ နာရီလက်တံနဲ့ ဆန့်ကျင်ဘက်ကို ခုနစ်ချက်မွှေ၊ နာရီလက်တံအလိုက် တစ်ချက်မွှေ . . . .



စားပွဲတစ်ဖက်က ရွန်ဟာ မနားတမ်း ဆဲရေးနေတယ်၊ သူ့ဆေးရည်ဟာ နွယ်ချိုသကြားရည်ကျဲကျဲနဲ့ တူနေတယ်၊ ဟယ်ရီက ကျောင်းခန်းထဲ အစ်ချက်ဝေ့ကြည့်လိုက်တယ်၊ ဘယ်ကျောင်းသားကျိုတဲ့ဆေးရည်မှ သူ့ဆေးရည်လို အရောင်မဖျော့ဘူးဆိုတာ တွေ့ရတယ်။ သူ စိတ်အားတက်ကြွလာတယ်၊ ဒါဟာ ဒီမြေအောက်ကျောင်းခန်းထဲမှာ အရင်က မရှိဘူးတဲ့ ဖြစ်ရပ်။

"ကောင်းပြီ၊ အချိန် . . . . ရောက်ပြီ" စလပ်ဂဟွန်းက အကျယ်ကြီး ပြောတယ်၊ "အမွှေရပ်တော့"

စလပ်ဂ်ဟွန်းဟာ စားပွဲကြားမှာ ဖြည်းဖြည်းလျှောက်နေတယ်၊ ဆေးကျိုအိုးတိုင်းကို တစ်လှည့်စီ စစ်ဆေးတယ်၊ သူဟာ ဟယ်ရီ၊ ရွန်၊ ဟာမီးနဲ့ အာနီတို့ စားပွဲဘေး ရောက်လာတယ်။ သူဟာ ရွန့်ဆေးကျိုအိုးထဲက ကတ္တရာဆေးလိုအရာကို မချိပြုံး ပြုံးပြတယ်။ အာနီ ကျိုထားတဲ့ အပြာရောင် ရောနှောဆော်စပ်တဲ့ ဆေးကျိုအိုးဘေးက လျှောက်သွားတယ်၊ ဟာမီး ဆေးရည်ကို မြင်တော့ အသိမှတ်ပြုစွာ ခေါင်းညိတ်တယ်။ ဒါပေမယ့် ဟယ်ရီ့ဆေးကျိုအိုးထဲက အရာကိုမြင်တော့ မျက်နှာပေါ်မှာ ယုံရခက်တဲ့ ဝမ်းသာအားရတဲ့ အမူအရာ ပေါ်လာတယ်။

"အောင်နိုင်သူဆိုတာ ရှင်းနေတယ်" သူက မြေအောက်ကျောင်းခန်းထဲက ကျောင်းသားအားလုံးကို အကျယ်ကြီး ပြောတယ်။ "ထူးချွန်တယ်၊ အဲဒီကို ထူးချွန်တယ်၊ ဟယ်ရီ။ ဘုရားသခင်။ မင်းဟာ မင်းအမေရဲ့ ဉာဏ်ပညာကို ဆက်ခံတယ်ဆိုတာ သေချာတယ်၊ ထိုစဉ်က လီလီဟာ မှော်ဆေးပညာအတန်းမှာ ဒီအတိုင်းပဲ သိပ်လက်စောင်းထက်တာ။ ရော့၊ ယူစေ — ငါ့ကတိက ပြောရင်ပြောသလို လုပ်တယ်၊ မင်းကို ဖီလစ် ဖီလစ်စစ် တစ်ပုလင်း ပေးတယ်။ ကောင်းကောင်းအသုံးချ"

ဟယ်ရီက အဲဒီရွှေရောင်ပုလင်းလေးကို ဝတ်ရုံအတွင်းထဲက အိတ်ထဲ ထည့်လိုက်တယ်။ စိတ်ထဲမှာ ရှုပ်ထွေးနေတယ်၊ စလေးသရင်းတချို့ရဲ့ ဒေါမနပ်တဲ့ အမူအရာကို မြင်ရလို့ အလွန်အားရတယ်၊ ဟာမီးရဲ့ စိတ်ပျက်တဲ့ အမူအရာ မြင်ရပြန်တော့လည်း စိတ်မကောင်းဘူး။ ရွန်ကတော့ ကြောင်နေတယ်၊

"မင်း ဘယ်လိုလုပ်တာလဲ" သူတို့ မြေအောက်ကျောင်းခန်းက ထွက်လာတော့ သူက ဟယ်ရီ့ကို မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကံကောင်းလို့ထင်တယ်" ဟယ်ရီက ပြောတယ်။ မော်ဖိုင်က အနီးမှာ နားထောင်နေလို့။

သူတို့တစ်တွေ ဂရစ်ဖင်းဒေါ ထမင်းစားစားပွဲမှာ ထမင်းစားဖို့ ထိုင်ကြတော့ သူက လုံခြုံပြီထင်တာနဲ့ အမှန်အတိုင်း သူတို့ကို ပြောပြလိုက်တယ်။ ဟာမီးက သူပြောပြတာ နားထောင်ရင်း မျက်နှာကြီး ပိုပိုညိုလာတယ်။

"နင်က ငါ့ကို ခိုးချတယ်ထင်တယ်နဲ့ တူတယ်" သူမအမူအရာကြောင့် ဟယ်ရီ သိပ်ဒေါသထွက်တယ်၊ ပြောပြပြီးတာနဲ့ သူမကို တစ်ခွန်းမေးလိုက်တယ်။

"ဟုတ်တယ်၊ နင့်ဖာသာ အမှိုဒိုကင်းကင်း လုပ်နိုင်တာ မဟုတ်ဘူးဟုတ်လား" သူမက မာကျောစွာ ပြောတုံ့ယ်။

"သူက ငါတို့နဲ့ မတူတဲ့နည်းနဲ့ လုပ်ကိုင်တာပဲဟာ" ရွန်က ပြောတယ်။ "အန္တရာယ်နဲ့လဲ တွေ့နိုင်တယ်၊ မဟုတ်ဘူးလား။ သူ စွန့်စားတယ်ဒါကြောင့် ပြန်အကျိုးခံစားရတယ်" သူက သတ်ပြင်းချလိုက်တယ်။ "စလင်ဂဟွန်းဟာ အဲဒီစာအုပ်ကို ငါ့ကိုလဲ ပေးနိုင်တာပဲ။ ဒါပေမယ့်၊ အင်း၊ ငါ့စာအုပ်ပေါ်မှာ ဘယ်သူမှ စာရေးမထားဘူး။ စာမျက်နှာ ငါးဆယ့်နှစ်အချေအနေအရဆိုရင် အဲဒီပေါ်မှာ အန်ဖူးတယ်၊ ဒါပေမယ့် —"

"ခဏနေဦး" ဟယ်ရီ့ဘယ်နားနားမှာ အသံတစ်သံက ပြောတယ်။ သူဟာ စလပ်ဂဟွန်းကျောင်းခန်းမှာ ရတဲ့ ပန်းရနံ့မျိုး ရပြန်ပြီ။ ဂျင်နီလည်း သူတို့စကားဝိုင်းထဲ ဝင်လာတာ သူ လှည့်ကြည့်လို့ တွေ့ရတယ်။ "ငါ နားကြားလွဲပါဘူးနော်၊ ဟယ်ရီ။ နင်ဟာ စာအုပ်တစ်အုပ်ထဲမှာ တခြားလူ ရေးထားတဲ့ ညွှန်ကြားချက်အတိုင်း အလုပ်လုပ်တယ် ?"

သူမဟာ ထိတ်လန့်ပြီး ဒေါသထွက်နေတယ်။ သူမ ဘာတွေးနေတယ်ဆိုတာ ဟယ်ရီ ချက်ချင်းမှန်းလို့ ရတယ်။

"ဒါ ဘာမှမဟုတ်ပါဘူး" ဟယ်ရီက သူမကို နှစ်သိမ့်လိုက်တယ်။ "နင်သိပါတယ်၊ ဒါ ရစ်ဒေါ် နေ့စဉ်မှတ်တမ်းနဲ့ မတူဘူး။ ဘာမှ သံသယရှိစရာမရှိပါဘူး —"

"ဂျင်နီပြောတာ အကျိုးအကြောင်းရှိတယ်" ဟာမီးဟာ ချက်ချင်းစိတ်ဝင်စား ထတ်ကြွလာတယ်။ သူမက ပြောတယ်။ "ဒင်းမှာ မူမမှန်တာများ



ရှိ ခရို စစ်ဆေးကြည့်သင့်တယ်။ ငါ ဆိုလိုတာက၊ အဲဒီထူးဆန်းတဲ့ မှတ်ချက်အားလုံး၊ ဘာဆိုတာ ဘယ်သူသိမလဲ"

"ဟေ့" ဟယ်ရီက စိတ်ဆိုးစွာ ကန့်ကွက်တယ်။ ဟာမီးက ဟယ်ရီ့လွယ်အိတ်ထဲက 'အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်း' ကို ဆတ်ခနဲ ဆွဲထုတ်ပြီး မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။

"ရုပ်မှန်ပေါ်စေ" သူမက ပြတ်သားချက်ချာစွာ စာအုပ်အဖုံးကို ခေါက်လိုက်ပြီး ရွတ်ဆိုလိုက်တယ်။

ဘာမှဖြစ်မလာဘူး။ စာအုပ်က စာအုပ်ပဲ၊ စုတ်ပြီး ဟောင်းတယ်။ ညစ်ပတ်ပြီး စာရွက်ထောင့်တွေ လိပ်နေတယ်။

"ပြီးပြီလား" ဟယ်ရီက စိတ်ဆိုးစွာ မေးတယ်။ "နင်က ဒင်းကို နောက်ပြန်ကျွမ်းထိုးမလား စောင့်ကြည့်ချင်သေးလား"

"ကြည့်ရတာ ပြဿနာမရှိဘူး" ဟာမီးက စာအုပ်ကို သံသယနဲ့ ကြည့်နေတုန်းပဲ။ သူမက ပြောတယ်။ "ငါပြောတာက၊ ဒင်းကို ကြည့်ရတာ ...တယ်ပဲ . . . . စာအုပ်တစ်အုပ်ပါပဲ"


"ကောင်းတယ်၊ ဒါဆို ငါ ပြန်ယူတော့မယ်" ဟယ်ရီက ပြောရင်း စာအုပ်ကို စားပွဲပေါ်က လှယူသွားတယ်။ ဒါပေမယ့် စာအုပ်ဟာ သူ့လက်ထဲက ...ကျပြီး ကြမ်းပေါ်မှာ ပွင့်ကျသွားတယ်။

ဘယ်သူမှ သတိမပြုမိဘူး။ ဟယ်ရီက ခါးကုန်းပြီး စာအုပ်ကို ...ကောက်မယ်လုပ်တော့ စာအုပ်နောက်ဖုံးအတွင်း အောက်ဘက်မှာ တစ်ခုခု ...ရေးထားတာ သူ တွေ့ရတယ်။ သေးသေးစိပ်စိပ်လက်ရေး၊ သူ့ကို ဗီလစ် ...စစ်ကိုရအောင် ကူညီတဲ့ လက်ရေးနဲ့ အတူတူပဲ။ အဲဟို ဗီလစ် ဗီလစ်စစ် ...လေးဟာ အခုဆိုရင် အပေါ်ထပ်က သူ့သေတ္တာထဲရှိ ခြေစွပ်တစ်ခုထဲမှာ ...စွာ သိမ်းဆည်းထားပြီးပြီ။

ဒီစာအုပ်ကို သွေးနှောမင်းသား ပိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၀။ ဂေါင့်တို့ရဲ့ အိမ်

ဒီအပတ် နောက်ထပ်မှော်ဆေးအတန်းတွေ တက်တော့၊ သွေးနှော မင်းသားနဲ့ လစ်ဘာရှပ်စ်-ဘိုရာ ကွဲလွဲတာရှိရင်၊ ဟယ်ရီက သွေးနှောမင်းသား ပြောတဲ့အတိုင်း လုပ်တယ်။ သူတို့ စတုတ္ထအကြိမ် မှော်ဆေးပညာသင်တန်း တက်တော့၊ စလပ်ဂ်ဟွန်းက ဟယ်ရီ့အရည်အချင်းကို ချီးကျူးလို့ မဆုံးဘူး ဒီလောက် ထူးချွန်တဲ့ကျောင်းသားကို သူ သင်ရခဲ့တယ်လို့ ပြောတယ်။ ရွန်နဲ့ ဟာမီးဟာ ဒီအတွက် သိပ်မကြည်ကြဘူး။ သူက စာအုပ်ကို သူတို့နှစ်ယောက်နဲ့ အတူ မျှဝေခံစားပေမယ့်၊ ရွန်က ဟယ်ရီ့လို အဲဒီလက်ရေးကို ကျွမ်းကျင်စွာ မဖတ်တတ်ဘူး၊ ဟယ်ရီ့ကို အမြဲလို အသံထွက် ဖတ်ပြခိုင်းလို့လည်း မဖြစ်ဘူး သူများ သံသယဖြစ်လိမ့်မယ်။ ဟာမီးကျတော့၊ သူမပြောတဲ့ 'တရားဝင်နည်း' အတိုင်း ခေါင်းမာမာနဲ့ လုပ်ကိုင်ဆောင်ရွက်တယ်။ ဒါပေမယ့် ဒီနည်းနဲ့ ဖော်စပ်တဲ့ ဆေးရည်ဟာ မင်းသားပြောတဲ့နည်းလောက် ကျေနပ်စရာမရှိဘူး။ ဒါကြောင့် သူမ စိတ်ပိုဆိုးလာတယ်။



ဒီသွေးနှောမင်းသားဟာ ဘယ်သူများဖြစ်မလဲလို့ ဟယ်ရီက တိတ်တိတ်ခန့်မှန်းတယ်။ အိမ်စာတွေ သိပ်များလို့၊ သူဟာ အဲဒီ 'အဆင့်မြင့် မှော်ဆေးဖော်စပ်ခြင်း' စာအုပ်ကို အစအဆုံး ဖတ်မကြည့်ရသေးဘူး။ ဒါပေမယ့် အစက အဆုံး တစ်ခေါက်တော့ လှန်လှောကြည့်ပြီးပြီ။ မင်းသားဟာ စာမျက်နှာတိုင်းမှာ မှတ်ချက်ရေးထားတာ တွေ့ရတယ်။ ပြီးတော့ အဲဒီ မှတ်ချက်တွေဟာ မှော်ဆေးပညာနဲ့ချည်း သက်ဆိုင်တာတော့ မဟုတ်ဘူး။ တချို့ဆိုရင် မင်းသား ကိုယ်တိုင်ဖန်တီးပုံရတဲ့ ကျိန်စာလိုပဲ။

"အဲဒါ မိန်းမဖြစ်ချင်ဖြစ်မှာ" စနေတစ်ညမှာ ဟာမီးဟာ အများ နားနေခန်းထဲမှာ ဟယ်ရီက အဲဒီကျိန်စာတွေကို ရွန့်ပြောပြနေတာ ကြားတော့ စိတ်မရှည်ဘဲ ပြောတယ်။ "ကျောင်းသူလဲ ဖြစ်နိုင်တယ်။ အဲဒီလက်ရေးတွေဟာ ယောကျ်ားလေးလက်ရေးနဲ့ မတူဘူး။ မိန်းကလေးလက်ရေးနဲ့ ပိုတူတယ်"

"သူ့နာမည်က 'သွေးနှောမင်းသား' တဲ့" ဟယ်ရီက ပြောတယ်။ "မိန်းကလေး ဘယ်လောက်များများက မိမိကိုယ်မိမိ မင်းသားလို့ ခေါ်သလဲ"

ဟာမီးက ပြန်ပြောစရာ စကားမရှိသလိုပဲ။ သူမဟာ မျက်မှောင်ပဲ ကြုတ်နေတယ်။ ရွန်က ဖောက်ထိုးဖတ်နေတဲ့ သူမရေးတဲ့ 'ဝိညာဉ်ရုပ်ပေါ်တဲ့ သဘောတရား' စာတမ်းကို ဆွဲယူလိုက်တယ်။

ဟယ်ရီက နာရီကြည့်လိုက်ပြီး 'အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်း' စာအုပ်ဟောင်းကို လွယ်အိတ်ထဲ ထည့်လိုက်တယ်။

ရှစ်နာရီ ငါးမိနစ်ရှိပြီ၊ ငါ မြန်မြန်သွားမှ၊ ဒမ်ဘာလီဒိုးဆီထိဆို နောက်ကျတော့မယ်။

"အော" ဟာမီးက လန့်သွားတယ်။ ချက်ချင်း ခေါင်းထောင်လိုက်တယ်၊ "ကံကောင်းပါစေ၊ ငါတို့ နင်ပြန်လာတဲ့အထိ စောင့်နေမယ်။ သူ နင့်ကို ဘာသင်တယ်ဆိုတာ ငါတို့ သိချင်တယ်"

"အားလုံးအဆင်ပြေဖို့ မျှော်လင့်တယ်" ရွန်က ပြောတယ်။ ဒီနောက် သူတို့နှစ်ယောက်ဟာ ဟယ်ရီ အရုပ်ကားအပေါက်ဝက ထွက်သွားတာကို ကြည့်နေတယ်။

ဟယ်ရီဟာ လူမရှိတဲ့စင်္ကြံကို အလျင်အမြန် ဖြတ်လာတယ်။ ရုတ်တရက်၊ ပါမောက္ခ ထရီလောနီ ထောင့်ကို ချိုးသွားတာ မြင်ရတယ်။ သူမ လက်ထဲမှာ ဖဲတစ်ထုပ်ကို ကလဖန်ထိုးရင်း ဖဲပေါ်က အမှတ်ကို ဖတ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း တဖွဖွလည်း ပြောနေတယ်။ ဟယ်ရီက ရုပ်ထုတစ်ခုနောက် ဝင်ပုန်းတယ်။

"စပေ့နှစ်၊ အတိုက်အခံ" သူမဟာ ဟယ်ရီ ပုန်းနေတဲ့နေရာကို ဖြတ်သွားတယ်။ ပါးစပ်ကလည်း တဖွဖွ ပြောသွားတယ်။ "စပေ့ခုနစ်၊ အန္တရာယ်။ စပေ့တစ်ဆယ်၊ အကြမ်းဖက်ခြင်း၊ စပေ့ဂျက်ကုလား၊ ဆံပင်အနက်နဲ့လူငယ်။ သိပ်စိတ်ရှုပ်ထွေးနေတာ ဖြစ်မယ်၊ သူများစစ်ဆေးတာ မကြိုက်ဘူး —"

သူမ ရပ်လိုက်တယ်။ ဟယ်ရီပုန်းနေတဲ့ ရုပ်ထုရဲ့ တခြားတစ်ဖက်မှာပဲ ရပ်နေတယ်။

"အင်း၊ ဒါ မမှန်တာ သေချာတယ်" သူက စိတ်ညစ်ညစ်နဲ့ ပြော တယ်။ သူမဟာ ဖဲကို ကလဖန် ပြင်းပြင်းထိုးရင်း ရှေ့ဆက်သွားတာ ဟယ်ရီ ကြားရတယ်။ ရှယ်ရီအရက်နံ့ကိုပဲ ထားရစ်ခဲ့တယ်။ ဟယ်ရီဟာ သူမ ဝေးသွား တာ သေချာတဲ့အထိ စောင့်နေပြီးမှ ရုပ်ထုကနေ အမြန်ထွက်ပြီး ရှစ်လွှာ ကျောက်တီရဗ္ဗာန်ဆန်း တစ်ကောင်တည်းရှိတဲ့နေရာကို သွားတယ်။

"ချဉ်တဲ့ ဘီလပ်ရည်" ဟယ်ရီက ပြောတယ်။ ကျောက်တီရစ္ဆာန် ဘေး ခုန်ထွက်သွားတယ်။ ၎င်းကျောဘက်ရှိ နံရံ နှစ်ခြမ်းကွဲသွားပြီး ခရုတ်ပတ် သဏ္ဌာန် လှေကားရှင်တစ်ခု ပေါ်လာတယ်။ ဟယ်ရီ တက်လိုက်တယ်။ လှေကား တစ်ပတ်ပြီးတစ်ပတ် လည်သွားတာနဲ့အတူ ကြာလေမြင့်လေဖြစ်ပြီး၊ နောက်ဆုံး မှာ ကြေးဝါ တံခါးလက်ကိုင်ကွင်းရှိတဲ့ ဒမ်ဘယ်လီဒိုးရုံခန်းရှေ့ ရောက်လာတယ်။

ဟယ်ရီ တံခါးခေါက်လိုက်တယ်။

"ဝင်ခဲ့ပါ" ဒမ်ဘယ်လီဒိုးအသံ။

"မင်္ဂလာညချမ်းပါ၊ ဆရာ" ဟယ်ရီက ပြောရင်း ကျောင်းအုပ်ဆရာ ကြီးရုံးခန်းထဲ ဝင်ခဲ့တယ်။

"အား မင်္ဂလာညချမ်းပါ၊ ဟယ်ရီ။ ထိုင်ပါ" ဒမ်ဘယ်လီဒိုးက ပြုံးပြီး ပြောတယ်။ "ကျောင်းပြန်ရောက်ပြီး ပထမအပတ် မင်းပျော်မယ်လို့ ထင် ပါတယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ ဆရာ" ဟယ်ရီက ပြောတယ်။

"မင်း အလုပ်သိပ်များမှာပဲ၊ ကျောင်းပိတ်တာ တစ်ကြိမ်ခံရပြန်ပြီ"

"အဲ . . . ." ဟယ်ရီက ဘာပြောရမှန်းမသိဘူး၊ ဒါပေမယ့် ဒမ် ဘယ်လီဒိုး အမူအရာက သိပ်မတင်းမာဘူး။



"ကျုပ် ပါမောက္ခ စနိတ်ပ်ကို ပြောပြီးပြီ၊ မင်းလာမယ့် စနေနေ့ကျမှ ကျောင်းပိတ်တာ သွားခံ"

"ကောင်းပြီ" ဟယ်ရီက ပြောတယ်။ သူ့ခေါင်းထဲမှာ ပိုအရေးကြီးတဲ့ ကိစ္စ ရှိနေတယ်။ စနိတ်ပ် ကျောင်းပိတ်တဲ့ကိစ္စ စဉ်းစားဖို့ အချိန်မရဘူး။ သူဟာ ဘေးဘီကို တိတ်တိတ်ခိုးကြည့်တယ်၊ ဒီည ဒမ်ဘယ်လီဒိုး သူ့ကို ဘာလုပ်ဖို့ ခေါ်တာလဲဆိုတာ ခန့်မှန်းကြည့်ချင်တယ်။ ဒီရုံးခန်းအပိုင်းဟာ အရင်ကလိုပဲ၊ ခြေတံသေးသွယ်တဲ့ စားပွဲပေါ်မှာ အလွန်အသေးစိတ်ကျကျ ပြုလုပ်ထားတဲ့ ငွေထည်တွေ တင်ထားတယ်။ ၎င်းတို့ လည်ပတ်နေပြီး အငွေ့တွေ မှုတ်ထုတ်တာ မြည်နေတယ်။ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးတွေရဲ့ ရုပ်ပုံတွေဟာ အသီးသီး မှန်ဘောင်ထဲမှာ အိပ်နေကြတယ်။ ဒမ်ဘယ်လီဒိုးရဲ့ ခမ်းနားတဲ့ ဖီးနစ် ငှက်ခ်စ်ဟာ တံခါးနောက်က ငှက်နားကိုင်းပေါ် ရပ်နေတယ်။ ဟယ်ရီ့ကို စိတ်ဝင်တစား ကြည့်နေတယ်။ ကြည့်ရတာ တိုက်ခိုက်ဖို့ နေရာတစ်ခု ဒမ် ဘယ်လီဒိုး ပြင်ဆင်မထားဘူး။

"ဒါဆို၊ ဟယ်ရီ" ဒမ်ဘယ်လီဒိုးက အတည်ပေါက်လေသံနဲ့ ပြောတယ်။ "မင်းစိတ်ထဲ သိချင်နေမယ်၊ ကျုပ် မင်းကို ဘယ်လို —ပိုပြီး ကောင်းတဲ့ ပြောနည်း မရှိတော့ဘူး — သင်ကြားမလဲ"

"ဟုတ်တယ်၊ ဆရာ"

"ဒီလိုပါ၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က ဗိုလ်ဒီမော့ဟာ မင်းကို ဘယ်လို သတ်ဖို့ ကြိုးစားတယ်ဆိုတာ မင်း သိပြီးပြီဆိုတော့၊ အခု မင်းကို အခြေအနေ တချို့ အသိပေးဖို့လိုပြီလို့ ကျုပ် ထင်တယ်"

ခဏတာ ရပ်တန့်ခြင်း။

"လွန်ခဲ့တဲ့ ကျောင်းပတ်အကုန်မှာ၊ အားလုံးပြောပြမယ်လို့ ကျွန်တော့် ကို ပြောခဲ့တာပဲ" ဟယ်ရီက ပြောတယ်။ သူဟာ မိမိစကားထဲက အပြစ်တင်တဲ့ အသံကို ပယ်ရှားဖို့ အလွန်ခက်တယ်။ "ဆရာ" သူက ဖြည့်ပြောတယ်။

"ကျုပ် ဒီအတိုင်းလုပ်ခဲ့တယ်" ဒမ်ဘယ်လီဒိုးက စိတ်အေးတည်ငြိမ်စွာ ပြောတယ်။ "ကျုပ်က ကျုပ်သိတာအားလုံးကို မင်းကို ပြောပြခဲ့တယ်၊ အခုက စပြီး ကျုပ်တို့ဟာ ခိုင်ခံ့တဲ့အဖြစ်မှန် အခြေခံက ထွက်ခွာပြီး၊ မှုန်မှိုင်းဝေဝါးတဲ့ မှတ်ဉာဏ်နွံတောကို အတူတကွ ဖြတ်ကျော်ပြီး ရှုပ်ထွေးပွေလီတဲ့ အတောင့်ရဲ့တဲ့ ခန့်မှန်းခြင်းသို့ ဝင်ရောက်ကြရမယ်။ ဒီအချက်ပေါ်မှာ၊ ဟယ်ရီ၊ ကျုပ်တာ

www.burmeseclassic.com

www.burmeseclassic.com



တန်ခရေ-ဘဲချာလို ကြေကွဲစရာအမှား ပြုမိချင်ပြုမိမှာ။ သူဟာ ဒိန်ခဲနဲ့ ဆေးထိုးဖို့လိုလို့ ရတယ်လို့ ယုံကြည်ခဲ့တယ်"

"ဒါပေမယ့် သင်ဟာ သင်မှန်တယ်လို့ ထင်သလား" ဟယ်ရီက ပြောတယ်။

"ကျုပ် ဒီလိုပဲ ထင်တာပေါ့။ ဒါပေမယ့်၊ ကျုပ် မင်းကို သက်သေပြခဲ့သလို၊ ကျုပ်လဲ လူသာမန်တွေလိုပဲ မှားတတ်တယ်။ စင်စစ်မှာ၊ ကျုပ်ဟာ —— ခွင့်လွှတ်ပါ —— ကျုပ်ဟာ လူအများစုထက် ဉာဏ်ကောင်းတဲ့အတွက် ကျုပ်အမှားဟာလဲ နှိုင်းယှဉ်ချက်အားဖြင့် ပိုဆိုးတယ်"

"ဆရာ" ဟယ်ရီက စမ်းပြောတယ်။ "သင် ကျွန်တော့်ကိုပြောမယ့် ကိစ္စဟာ ဟိုကြိုဟောစကားနဲ့ ပတ်သက်လား။ ကျွန်တော့်ကို အသက်ရှင်ဖို့ . . . . အကူအညီပေးမှာလား"

"၎င်းဟာ အဲဒီကြိုဟောစကားနဲ့ အလွန်သက်ဆိုင်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။ လေသံက အလွန်ပေါ့ပေါ့ပဲ။ ဟယ်ရီက သူ့ကို မနက်ဖြန် ရာသီဥတု ဘယ်လိုလဲလို့ မေးနေသလိုပဲ။ "မင်း အသက်ရှင်အောင် ၎င်းက ကူညီနိုင်ဖို့ ကျုပ် မျှော်လင့်တာပေါ့"

ဒမ်ဘလီဒိုး မတ်တတ်ရပ်လိုက်တယ်။ စားပွဲကိုပတ်ပြီး ဟယ်ရီ့ဘေးက လျှောက်သွားတယ်။ ဟယ်ရီက ထိုင်ခုံပေါ်ကနေ စိတ်အားထက်သန်စွာနဲ့ လှည့်ပြီး တံခါးဘေးက ဗီဒိုရှေ့ကို ဒမ်ဘလီဒိုး ကုန်းလိုက်တာကို ကြည့်နေတယ်။ ဒမ်ဘလီဒိုး ကိုယ်ကို မတ်လိုက်တော့ လက်ထဲမှာ ဟယ်ရီ ရင်းနှီးပြီးသား ကျောက်ဇလုံတိမ်တိမ် ကိုင်ထားတာ တွေ့ရတယ်။ ဇလုံနှုတ်ခမ်းမှာ ထူးဆန်းတဲ့ အမှတ်အသားတွေ ရှိတယ်။ သူက အတွေးဇလုံကို ဟယ်ရီ့ရှေ့က စားပွဲပေါ် တင်လိုက်တယ်။

"မင်းကြည့်ရတာ သိပ်စိတ်ပူနေတယ်"

အမှန်ပဲ၊ ဟယ်ရီဟာ စိုးရိမ်ကြောင့်ကြတဲ့အကြည့်နဲ့ အတွေးဇလုံကို ကြည့်နေတာ။ အဲဒီအတွေးအခေါ်နဲ့ မှတ်ဉာဏ်ကို သိမ်းဆည်းထားပြီး၊ ဖော်ပြတတ်တဲ့ ဆန်းကြယ်တဲ့ အရာဝတ္ထုနဲ့ ပတ်သက်ပြီး သူ့ အရင်က အတွေ့အကြုံ အကြိမ်အချို့ရှိလို့ သိနားလည်မှု ရရှိခဲ့ပေမယ့် အားလုံးအခံရခက်ပါတယ်။ ဥပမာ၊ သူ့ အရင်တစ်ခါ ကိုယ့်ဖာသာ စွတ်ရွတ်ဝင်သွားတုန်းက၊ သူ မမြင်လိုတဲ့အရာတွေကို မြင်ခဲ့ရတယ်။ သို့ပေမယ့်၊ ဒမ်ဘလီဒိုးက ပြုံးနေတယ်။



"ဒီအကြိမ်မှာ၊ မင်း ကျုပ်နဲ့အတူ အတွေးဇလုံထဲ ဝင်ရမယ် . . . . ပြီးတော့၊ ခါတိုင်းနဲ့မတူတာက၊ မင်းဟာ ခွင့်ပြုလို့ ဝင်ရတာ"

"ကျွန်တော်တို့ ဘယ်သွားမှာလဲ၊ ဆရာ"

"ဘော့ဘ်အော့ဂ်ဒန်ရဲ့ မှတ်ဉာဏ်လမ်းကလေးကို တစ်ခေါက်လောက် သွားရအောင်" ဒမ်ဘလီဒိုးက ပြောရင်း အိတ်ကပ်ထဲကနေ ခရစ်ဆယ် ပုလင်းလေးတစ်လုံး ထုတ်လိုက်တယ်။ ပုလင်းထဲမှာ လည်ပတ်လွင့်ပေါ်နေတဲ့ ငွေရောင်အရာတစ်မျိုး ထည့်ထားတယ်။

"ဘော့ဘ်အော့ဂ်ဒန်ဆိုတာ ဘယ်သူလဲ"

"ထိုစဉ်က သူဟာ မှော်တရားဥပဒေ လိုက်နာဆောင်ရွက်ရေးဌာနခွဲမှာ အလုပ်လုပ်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "သူသေတာ အချိန်အချို့ ရှိသွားပြီ။ ဒါပေမယ့် သူ မသေခင်မှာ၊ ကျုပ်က သူ့ကို တွေ့အောင်ရှာပြီး၊ ဒီမှတ်ဉာဏ်တွေကို ကျုပ်ကို ပြောပြဖို့ နားချနိုင်ခဲ့တယ်။ အခု၊ ကျုပ်တို့ သူနဲ့အတူ သူ တာဝန်ထမ်းဆောင်ခဲ့တဲ့နေရာတစ်ခုကို သွားမယ်။ ဟယ်ရီ၊ မင်း မတ်တတ်ရပ်ပါ . . . ."

ဒါပေမယ့် ဒမ်ဘလီဒိုးဟာ ခရစ်ဆယ်ပုလင်းရဲ့အဆို့ကို ဆွဲထုတ်လို့ မရဘူး။ သူ့ရဲ့ဒဏ်ရာရထားတဲ့ လက်ဟာ မာတောင့်ပြီး သိပ်နာနေသလိုပဲ။

"ကျွန်တော် —— ကျွန်တော် လုပ်ရမလား၊ ဆရာ"

ကိစ္စမရှိဘူး၊ ဟယ်ရီ ——"

ဒမ်ဘလီဒိုးက မှော်ကြိမ်လုံးနဲ့ ပုလင်းကို ညွှန်လိုက်တယ်။ အဆို့ဟာ ချက်ချင်း ခုန်ထွက်လာတယ်။

"ဆရာ —— သင့်လက် ဘယ်လိုဒဏ်ရာရတာလဲ" ဟယ်ရီက မေးပြန်တယ်။ မည်းခြောက်နေတဲ့ လက်ချောင်းတွေကို ရွံမုန်းပြီး စာနာတဲ့စိတ် ရောပြွန်းစွာနဲ့ ကြည့်နေတယ်။

"အခုက ဒီအကြောင်း ပြောရမယ့်အချိန် မဟုတ်ဘူး၊ ဟယ်ရီ။ အချိန်ရောက်သေးဘူး။ ကျုပ်တို့ ဘော့ဘ်အော့ဂ်ဒန်နဲ့ ချိန်းထားတယ်လေ"

ဒမ်ဘလီဒိုးက ပုလင်းထဲက ငွေရောင်အရာတွေကို အတွေးဇလုံထဲ သွန်းထည့်တယ်။ ၎င်းတို့ဟာ ဇလုံထဲမှာ တဖြည်းဖြည်း လည်ပတ်လာတယ်။ ငွေရောင်ဖျော့ဖျော့လေး ထွက်လာတယ်။ အရည်နဲ့လည်း မတူဘူး၊ အငွေ့နဲ့လည်း မတူဘူး။

www.burmeseclassic.com

www.burmeseclassic.com



"မင်း အရင်ဝင်" ဒမ်ဘလီဒိုးက အတွေးဇလုံကို ညွှန်ပြပြောတယ်။

ဟယ်ရီက ရှေ့ကို ကိုင်းပြီး အသက်ပြင်းပြင်းရှူလိုက်ကာ ငွေရောင်အရာဝတ္ထုထဲသို့ မျက်နှာကို နှစ်လိုက်တယ်။ မိမိခြေနှစ်ဘက် ရုံးခန်းကြမ်းခင်းက လွတ်သွားတာ သူ ခံစားရတယ်။ သူဟာ အဆက်မပြတ် လည်ပတ်နေတဲ့ အမှောင်ကို ဖြတ်ပြီး အောက်သို့ ကျဆင်းနေတယ်၊ ဆက်ကျဆင်းနေတယ်။ ရုတ်တရက်ကြီးပဲ၊ ပြင်းထန်တဲ့ နေရောင်ထိုးခံရလို့ သူ မျက်စိမှိတ်ထားတယ်။ သူ့မျက်စိ ကျင့်သားမရခင်မှာပဲ၊ ဒမ်ဘလီဒိုး သူ့အနား သက်ဆင်းလာတယ်။

သူတို့ဟာ ကျေးရွာလမ်းကလေးတစ်ခုပေါ်မှာ ရပ်နေတယ်၊ ဘေးနှစ်ဘက်မှာက မြင့်ပြီး သစ်ကိုင်းသစ်ခက်တွေ ယှက်လိမ်နေတဲ့ သစ်ပင်ခြံစည်းရိုးတွေ။ နွေရာသီရဲ့ ကောင်းကင်ဟာလည်း ဖော်ဂက်-မီ-နော့ပန်းလို တောက်ပြီး ပြာလဲ့နေတယ်။ သူတို့ရှေ့ ဆယ်လှမ်းအကွာမှာ၊ ပုပုဝဝယောကျ်ားတစ်ယောက် ရပ်နေတယ်။ သူဟာ မှန်ထူထူမျက်မှန်တစ်လက် တပ်ဆင်ထားတယ်။ မျက်လုံးနှစ်လုံးဟာ ပွေးမျက်စိလို အစက်ကလေးတွေ ဖြစ်နေတယ်။ သူဟာ လမ်းကလေး ဘယ်ဘက်ရှိ ချုံပုတ်ထဲက ထိုးထွက်နေတဲ့ သစ်သားလမ်းညွှန်ဆိုင်းဘုတ်ကို ဖတ်နေတယ်။ ဒါ အော့ဂ်ဒန်ပဲ ဖြစ်မယ်ဆိုတာ ဟယ်ရီ သိတယ်။ အကြောင်းက ဘေးဘီမှာ တခြားလူမရှိတော့လို့။ ပြီးတော့ သူဟာ မတ်ဂေါ်ထိုဝတ်စားချင်ပြီး အတွေ့အကြုံ မပြည့်ဝတဲ့ မှော်ဆရာတွေလိုပဲ ဝတ်ဆင်ပုံကထူးဆန်းနေတယ်။ အစင်းနဲ့ ရေချိုးပြီးဝတ်တဲ့ အကျီအစင်း အပြင်ဘက်မှာ အပေါ်ကုတ်အရှည် ဝတ်ထားတယ်။ ခြေထောက်မှာလည်း ဖိနပ် သရေ‌ရှုံးစွပ်ထားသေးတယ်။ ဟယ်ရီ သူ့ကို အကဲခတ်ကြည့်ပြီးရုံရှိသေးတယ်၊ အော့ဂ်ဒန်ဟာ လမ်းကလေးအတိုင်း အမြန်လျှောက်သွားတယ်။

ဒမ်ဘလီဒိုးနဲ့ ဟယ်ရီတို့ နောက်က လိုက်သွားတယ်။ သစ်သားလမ်းပြဆိုင်းဘုတ်ကို ဖြတ်သွားစဉ် ဟယ်ရီက ၎င်းရဲ့မြားဦးပြနှစ်ခုကို ကြည့်လိုက်တယ်၊ သူတို့လာရာလမ်းကို ပြထားတဲ့ဟာက၊ ဟင်ဂယ်တန်ကြီး၊ ငါးမိုင်လို့ ရေးထားတယ်။ အော့ဂ်ဒန်သွားတဲ့ဘက်ကို ညွှန်ပြတဲ့ဟာက၊ ဟင်ဂယ်တန်လေး တစ်မိုင်လို့ ရေးထားတယ်။

သူတို့ အတန်ကြာလျှောက်လာတယ်။ ချုံပုတ်ခြံစည်းရိုးရယ်၊ ခေါင်းပေါ်က အပြေယှဉ်တဲ့ အပြာရောင်မိုးကောင်းကင်ရယ်နဲ့ ရှေ့က ကုတ်အင်္ကျီရှည်ရဲ့ ဆွမ်းရှမ်းသွားနေတဲ့ ကိုယ်ရောင်ကိုပဲ မြင်ရတယ်။ ဒီနောက်



လမ်းကလေးဟာ ဘယ်ဘက်ကို ကွေ့ချိုးသွားတယ်။ တောင်ကုန်းအတိုင်း မတ်စောက်စွာ ဆင်းသွားတယ်။ ဒါကြောင့် သူတို့ဟာ လျှိုတစ်ခုလုံး သူတို့ ရှေ့စိအောက် ရောက်လာတာ မမျှော်လင့်ဘဲ ရုတ်တရက် တွေ့ရှိရတယ်။ ဟယ်ရီက ရွာတစ်ရွာကို မြင်ရတယ်။ အဲဒါ ဟင်ဂယ်တန်လေးရွာဆိုတာ သံသယရှိစရာ မလိုဘူး။ မတ်စောက်တဲ့ တောင်ကုန်းနှစ်ခုကြားမှာ ရှိပြီး ဘုရားရှိခိုးကျောင်းနဲ့ သင်္ချိုင်းတို့ကို ရှင်းလင်းစွာ မြင်ရတယ်။ တောင်ကုန်းမျက်နှာချင်းဆိုင်ဘက်က တောင်ကုန်းပေါ်မှာ၊ အလွန်ခမ်းနားတဲ့ အိမ်ကြီးတစ်ဆောင် ရှိတယ်။ ဘေးပတ်လည်မှာက စိမ်းစိုတဲ့ မြက်ခင်းရှိတယ်။

ကုန်းဆင်းလမ်းက သိပ်မတ်စောက်လို့ အော့ဂ်ဒန်ဟာ မထိန်းနိုင်ဘဲ အပြေးလေး ဆင်းသွားတယ်။ ဒမ်ဘလီဒိုးက ပိုပြီး ခြေလှမ်းကျဲကျဲ သွားတယ်။ ဟယ်ရီလည်း သူ့နောက်က သုတ်သုတ်လိုက်တယ်။ သူဟာ သူတို့ နောက်ဆုံးသွားမယ့်နေရာဟာ ဟင်ဂယ်တန်လေးလို့ ထင်တယ်။ ဒါကြောင့် သူဟာ သူတို့စလပ်ဂ်ဟွန်းဆီ သွားတဲ့ညကလိုပဲ ဘာဖြစ်လို့ ဒီလောက်ဝေးတဲ့နေရာအထိ လမ်းလျှောက်သွားတာလဲလို့ စိတ်ထဲ သံသယဖြစ်နေတယ်။ မကြာခင်မှာပဲ မိမိမှားနေမှန်း သူ တွေ့ရှိရတယ်။ သူတို့ဟာ အဲဒီရွာကို သွားတာ မဟုတ်ဘူး။ လမ်းကလေးဟာ ညာဘက်ကို ကွေ့ချိုးသွားတယ်။ သူတို့ အဲဒီကွေ့ချိုးကို ချိုးလာတော့ အော့ဂ်ဒန်ရဲ့ ကုတ်ရှည်ကြီး လှစ်ခနဲ ခါသွားပြီး ခြံစည်းရိုးကြားက အပေါက်တစ်ခုမှာ ပျောက်သွားတာ တွေ့ရတယ်။

ဒမ်ဘလီဒိုးနဲ့ ဟယ်ရီတို့ သူ့နောက်က လိုက်ပြီး ကျဉ်းမြောင်းတဲ့ မြေလမ်းပေါ် ရောက်လာတယ်။ ဘေးနှစ်ဘက်က ချုံခြံစည်းရိုးတွေဟာ ခုနက ဖြတ်ခဲ့တာထက် ပိုပြီးမြင့် ပိုပြီးထူတယ်။ မြေလမ်းဟာ ကွေ့ကောက်ပြီး ချောက်တုံးတွေ များတယ်။ ချိုင့်တွေလည်း ပြည့်လို့၊ ခုနက လမ်းကလေးလိုပဲ အောက်သို့ မတ်စောက်စွာ ဆင်းသွားတယ်။ အောက်ဘက်က မှောင်မည်းတဲ့ တောအုပ်ကလေးသို့ ပေါက်သလိုပဲ။ တကယ်ပဲ၊ သိပ်မသွားရသေးခင်မှာပဲ မြေလမ်းဟာ သစ်အုပ်ပုပုနဲ့ ဆက်သွားတယ်။ အော့ဂ်ဒန် ရပ်သွားတယ်။ မှော်ကြိမ်လုံး ဆွဲထုတ်လိုက်တယ်။ ဟယ်ရီလည်း သူ့နောက်မှာ ရပ်လိုက်တယ်။

မိုးကောင်းကင်ဟာ သာယာကြည်လင်နေပေမယ့်၊ ခေါင်းပေါ်က ရှေ့သစ်ပင်ကြီးတွေဟာ အေးစက်တဲ့ မှောင်မည်းထုထဲတဲ့အရိပ် ထိုးချထားတယ်။ စက္ကန့်အနည်းငယ် ကြာတော့မှ၊ သစ်ကိုင်းတွေ ယှက်နွယ်နေတဲ့ကြားက

www.burmeseclassic.com

www.burmeseclassic.com



ဖုံးတစ်ဝက်အိမ်တစ်လုံးကို ဟယ်ရီ မြင်ရတော့တယ်။ ဒီလို နေရာမျိုး လာပြီး အိမ်ဆောက်ထားတာ နည်းနည်းတစ်မျိုးကြီးပဲလို့ သူ ထင်တယ်။ ဒါမှမဟုတ် အဲဒီသစ်ပင်ကြီးတွေကို အိမ်ဘေးမှာ ပေါက်နေစေတာဟာ ထူးဆန်းတဲ့ ဆုံးဖြတ်ချက်ပဲ။ သစ်ပင်တွေဟာ အလင်းရောင်အားလုံးကို ကာထားတယ်။ အောက်ဘက်က လျှိုကိုလည်း ကွယ်ထားတယ်။ ဒီနေရာမှာ လူနေသလားလို့ သူ တွေးကြည့်နေတယ်။ နံရံပေါ်မှာ ရေညှိတွေ ပြည့်နေတယ်။ အိမ်ခေါင်မိုးပေါ်က အုတ်ကြွပ်အတော်များများ မရှိတော့ဘူး။ ဟိုဟိုဒီဒီအတွင်းက ထုပ်တန်းတွေ ပေါ်နေပြီ။ အိမ်ပတ်လည်မှာ ဖက်ယားပင်တွေ ပေါက်နေတယ်။ ဖက်ယားပင်ထိပ်ဖျားဟာ ပြတင်းပေါက်ထိ မြင့်တယ်။ အဲဒီပြတင်းပေါက်တွေဟာ အလွန်သေးတယ်။ အနှစ်နှစ် အလလက အညစ်အကြေးတွေနဲ့ ပြည့်နေတယ်။ အထဲမှာ လူနေမှာမဟုတ်ဘူးလို့ ဟယ်ရီ ကောက်ချက်ချမယ်လုပ်တုန်းမှာပဲ၊ ပြတင်းပေါက်တစ်ပေါက် ဒတ်ခနဲ ပွင့်လာတယ်။ အတွင်းကနေ ရေနွေးငွေ့တန်းသေးသေး ဒါမှမဟုတ် မီးခိုးထွက်လာတယ်။ ထမင်းချက်နေသလိုပဲ။

အော့ဂ်ဒန်ဟာ ရှေ့သို့ တိတ်တိတ်လျှောက်သွားတယ်။ သူ့လှုပ်ရှားမှုဟာ အလွန်သတိထားတယ်လို့ ဟယ်ရီ ထင်တယ်။ မှောင်မိုက်တဲ့ သစ်ရိပ် သူ့ကိုယ်ပေါ်က ကျဆင်းသွားတော့၊ သူလည်း ရပ်လိုက်ပြန်တယ်။ မျက်စိက အိမ်ရဲ့ရှေ့ကို စိုက်ကြည့်နေတယ်။ တစ်ယောက်ယောက်က မြွေတစ်ကောင်ကို တံခါးပေါ်မှာ သံနဲ့ ရိုက်ထားတယ်။

ဒီအချိန်မှာပဲ၊ တရှပ်ရှပ်သံ ပေါ်လာတယ်၊ ဒီနောက် ဒိတ်ခနဲ အသံထွက်လာပြီး အဝတ်စုတ်စုတ်နဲ့ လူတစ်ယောက် အနီးရှိ သစ်ပင်တစ်ပင်ပေါ်က ခုန်ချလာတယ်။ အော့ဂ်ဒန်ရှေ့ ကျလာတယ်။ အော့ဂ်ဒန်က အမြန် နောက်သို့ ဆုတ်လိုက်တယ်။ မိမိကုတ်ရှည်အောက်စကို နင်းမိပြီး လိမ့်ကျမလို ဖြစ်သွားတယ်။

"ခင်ဗျားလာတာ မကြိုက်ဘူး"

သူတို့ရှေ့မှာ ရပ်နေတဲ့ အဲဒီယောကျ်ားဟာ ၎င်းရဲ့ထူထဲတဲ့ ဆံပင်ထဲမှာ အညစ်အကြေးတွေနဲ့ ပြည့်နေတယ်။ မူလဆံပင်အရောင် ဘာမှန်းတောင် မခွဲခြားနိုင်တော့ဘူး။ သွားတချို့လည်း ကျိုးနေတယ်။ မျက်လုံးနက်နက်နှစ်လုံးဟာ တွေ့တဲ့ဘက်နှစ်ဘက်ကို ကြည့်နေတယ်။ သူ့ကို ကြည့်ရတာ သိပ်ရယ်ရမှာ ဒါပေမယ့် တကယ်က ဒီလိုမဟုတ်ဘူး။ သူ့ပုံပန်းက သိပ်



ထန့်စရာပဲ။ ဟယ်ရီက စိတ်ထဲမှာ တွေးတယ်။ ဒါကြောင့် အော့ဂ်ဒန်ဟာ နောက်ကို သုံးလေးလှမ်း ဆုတ်ပြီးမှ စကားစပြောတယ်။

"အဲ — မင်္ဂလာနံနက်ခင်းပါ၊ ကျွန်တော်က မှော်ဝန်ကြီးဌာနကပါ —"

"ခင်ဗျားလာတာ မကြိုက်ဘူး"

"အဲ — ဝမ်းနည်းပါတယ် — ကျွန်တော် ခင်ဗျားပြောတာ နားမလည်ဘူး" အော့ဂ်ဒန်က စိုးရိမ်စွာ ပြောတယ်။

ဟယ်ရီက အော့ဂ်ဒန် သိပ်ထိုင်းတာပဲလို့ ထင်တယ်။ ဟယ်ရီ့အနေနဲ့ သူစိမ်းပြောတာ ရှင်းနေပြီလို့ ထင်တယ်။ အထူးသဖြင့် သူ့လက်တစ်ဘက်က မှော်ကြိမ်လုံးယမ်းပြီး ကျန်လက်တစ်ဘက်က ကြည့်ရတာ သွေးတွေနဲ့ဓားမြှောင်တို ကိုင်ထားလို့။

"မင်း သူ့စကားကို နားလည်မှာပဲလို့ ကျုပ် ထင်တယ်၊ ဟယ်ရီ" ဒမ်ဘလီဒိုးက အသာလေးမေးတယ်။

"ဟုတ်တယ်၊ နားလည်တာပေါ့" ဟယ်ရီက သိပ်နားမလည်ဘဲ ပြောတယ်။ "အော့ဂ်ဒန် ဘာဖြစ်လို့ —"

ဒီနောက်၊ သူ တံခါးပေါ်က မြွေသေကို မြင်ရတယ်၊ သူ ရုတ်တရက် နားလည်သွားတယ်။

"သူပြောတာ မြွေဘာသာစကား"

"သိပ်ကောင်းတယ်" ဒမ်ဘလီဒိုးက ခေါင်းညိတ်ပြတယ်၊ ပြုံးပြီး ပြောတယ်။

ဒီအချိန်မှာ၊ အဲဒီအဝတ်အစား စုတ်စုတ်ပြတ်ပြတ်နဲ့လူဟာ လက်တစ်ဘက်က ဓားကိုင်ပြီး ကျန်လက်တစ်ဘက်က မှော်ကြိမ်လုံးကို ယမ်းကာ အော့ဂ်ဒန်ဆီ တစ်လှမ်းချင်း တိုးကပ်သွားနေတယ်။

"အခု၊ ကြည့် —" အော့ဂ်ဒန်က စကားပြောမယ်လုပ်ပေမယ့် နောက်ကျသွားပြီ။ ဒိုင်းခနဲ အသံထွက်ပေါ်လာပြီးနောက်၊ အော့ဂ်ဒန် မြေပေါ် လဲကျသွားတယ်။ လက်နဲ့ နှာခေါင်းကို ညှစ်ထားတယ်။ ရွံစရာကောင်းတဲ့ အဝါရောင် ပျစ်ချွဲချွဲအရာတွေ သူ့လက်ချောင်းကြားက စီးထွက်လာတယ်။

မော်ဖင်" အသံတစ်သံက တအားအော်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးတဲ့ ယောကျ်ားတစ်ယောက် သစ်သားအိမ်ထဲကနေ တမန်းကတမ်း ပြေးထွက်လာတယ်။ တံခါးကို တအားပြန်ပိတ်ခဲ့တယ်။ အဲဟိုမြွေသေဟာ စိတ်မချမ်းသာဘွယ် ဝဲယာလှုပ်ယိုင်နေတယ်။ ဒီယောကျ်ားဟာ ခုနက ယောကျ်ားထက် နည်းနည်းပုတယ်။ ကိုယ်နေကိုယ်ထားက တစ်မျိုးကြီးပဲ၊ အချိုးမကျဘူး။ ပခုံးက သိပ်ကျယ်တယ်။ လက်တံ သိပ်ရှည်တယ်။ ပြီးတော့ လက်နေတဲ့ မျက်လုံးညိုညိုရယ်၊ တိုပြီးမာတဲ့ ဆံပင်ရယ်နဲ့ ရှုံ့တွနေတဲ့ မျက်နှာရယ်တို့ကြောင့်၊ အလွန်ဆိုးတဲ့ မျောက်ကြီးတစ်ကောင်နဲ့ တူနေတယ်။ သူဟာ ဓားကိုင်ထားတဲ့ ယောကျ်ားဘေး သွားရပ်တယ်။ ဓားကိုင်တဲ့ယောကျ်ားဟာ အော့ဂ်ဒန် မြေကြီးပေါ် လဲကျတာမြင်တော့၊ ဝမ်းသာလို့ တဂဟ်ဂဟ် ရယ်နေတယ်။

"ဝန်ကြီးဌာနကလား၊ ဟင် ?" အသက်နည်းနည်းကြီးတဲ့ ယောကျ်ားက အော့ဂ်ဒန်ကို ငုံ့ပြီး မေးတယ်။

"မှန်တယ်" အော့ဂ်ဒန်ဟာ မျက်နှာကို သုတ်ရင်း စိတ်ဆိုးစွာ ပြောတယ်။ "ခင်ဗျား မစ္စတာဂေါင့်ပဲ ထင်တယ်"

"မှန်တယ်" ဂေါင့်က ပြောတယ်။ "သူ ခင်ဗျားမျက်နှာကို ရိုက်လိုက်တယ်၊ ဟုတ်လား"

"ဟုတ်တယ်" အော့ဂ်ဒန်က မကျေမနပ် ပြောတယ်။

"ခင်ဗျား ဒီကိုလာရင် ကျုပ်တို့ကို အရင်အကြောင်းကြားရမယ် ဟုတ်လား" ဂေါင့်က ဖိစီးပြောတယ်။ "ဒါက ပုဂ္ဂလိကပိုင်နက်၊ ခင်ဗျား ဒီလို ဝင်လာတာ၊ ကျုပ်သား ကိုယ့်ကိုကိုယ် ကာကွယ်တာကို မျှော်လင့်မထားဘူးပေါ့"

"ဘာကို ကိုယ့်ကိုကိုယ် ကာကွယ်တာလဲ၊ ပြောစမ်းပါ" အော့ဂ်ဒန်က ရှုံ့းဆဲပြီး ပြောတယ်။

"စပ်စုတဲ့လူတွေ၊ ငွတ်အတင်းကျူးကျော်ဝင်ရောက်သူ၊ မတ်ဂေါ်နဲ့ အမှိုက်သရိုက်တွေ"

အော့ဂ်ဒန်ရဲ့နှာခေါင်းဟာ ပြည်ဝါဝါတွေလိုဟာမျိုးတွေ စီးထွက် နေတုန်းပဲ။ သူဟာ မော့်ကြိမ်လုံးနဲ့ မိမိကိုယ်မိမိ ညွှန်လိုက်တယ်။ ချက်ချင်း အစီရင်သွားတယ်။ မစ္စတာဂေါင့်က ပါးစပ်ထောင့်ကနေ မော်ဖင်ကို ပြောတယ်။

"အိမ်ထဲဝင်၊ ဆင်ခြေမတက်နဲ့"



ဒီတစ်ခါတော့ ဟယ်ရီပြင်ဆင်မှုရှိပြီး သူပြောတဲ့ မြွေမာဂစကို နားလည်တယ်။ သူဟာ စကားအဓိပ္ပာယ်ကို နားလည်တယ်။ တစ်ချိန်တည်းမှာ အော့ဂ်ဒန်ကြားရတဲ့ တရှီရှီသံကိုလည်း ခွဲခြားလို့ရတယ်။ မော်ဖင်က သိပ်သဘောမတူသလိုပဲ။ ဒါပေမယ့် သူ့အဖေက သူ့ကို မျက်စောင်းထိုးကြည့် လိုက်တော့ သူ့သဘောပြောင်းသွားပြီး ထူးဆန်းတဲ့ လှုပ်ယိုင်တဲ့ ခြေလှမ်းနဲ့၊ သစ်သားအိမ်ဆီသို့ ဖြည်းနှေးစွာ လျှောက်သွားတယ်။ ဝင်သွားပြီး တံခါးကို ဆောင့်ပိတ်သွားတယ်။ အဲဟိုမြွေဟာ စိတ်မချမ်းသာဖွယ် လှုပ်ခါသွားပြန်တယ်။

"ကျွန်တော် ဒီကိုလာတာ ခင်ဗျားသားနဲ့ တွေ့ချင်လို့ပါ၊ မစ္စတာ ဂေါင့်" အော့ဂ်ဒန်က ပြောတယ်။ အင်္ကျီရင်ဘတ်ပေါ်က နောက်ဆုံး ပြည်ဝါ နည်းနည်းကို သုတ်ပစ်တယ်။ "ခုနလူက မော်ဖင်ပဲလား"

"အား၊ အဲဒါ မော်ဖင်ပဲ" အဖိုးကြီးကပဲ ပြောတယ်။ "ခင်ဗျားက သွေးသန့်လား" သူက မေးတယ်။ ရုတ်တရက်ကြီး ဖိစီးတဲ့သဘော ဆောင် သွားတယ်။

"နှစ်ဘက်စလုံး မဟုတ်ဘူး" အော့ဂ်ဒန်က အေးစက်စက် ပြောတယ်။ ဟယ်ရီက သူ့ကို ချက်ချင်းရိုသေမိတယ်။

ဒါပေမယ့် ဂေါင့်က ဒါကို ဟုတ်တယ်မထင်ဘူး။ သူက မျက်စိမှေးပြီး အော့ဂ်ဒန်မျက်နှာကို ကြည့်တယ်။ တမင်စော်ကားတဲ့ လေသံမျိုးနဲ့ ရေရွတ် တယ်။ "အခု ကျုပ် ပြန်လှည့်ကြည့်တော့၊ ရွာထဲမှာ ခင်ဗျားလို နှာခေါင်းမျိုး တွေ့တယ်မြင်ဖူးတယ်"

"ဒါကို ကျုပ် ဘာမှသံသယမရှိဘူး။ ခင်ဗျားသားက ဒီလိုနှာခေါင်း တွေကို ထင်သလို တိုက်ခိုက်နေမှတော့" အော့ဂ်ဒန်က ပြောတယ်။ "ကျွန်တော် တို့ အိမ်ထဲဝင်ပြီး စကားပြောလို့ ရမလား"

"အိမ်ထဲဝင် ?"

"ဟုတ်တယ်၊ မစ္စတာဂေါင့်။ ကျွန်တော် ခင်ဗျားကို ပြောပြီးပြီပဲ၊ ကျွန်တော် မော်ဖင့်ကိစ္စနဲ့ လာတာ။ ကျွန်တော်တို့ ဇီးကွက်တစ်ကောင် လွှတ် လိုက်တယ် —"

"ဇီးကွက်က ကျုပ်အဖို့ အသုံးမကျဘူး" ဂေါင့်က ပြောတယ်။ "ကျုပ် သယ်တော့မှ စာဆို မဖတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လာမယ့်လူက အကြောင်းမကြားဘူးလို့ ပြောလို့ ဘယ်ဖြစ်မလဲ" အော့ဂ်ဒန်က ခတ်ချဉ်ချဉ် ပြောလိုက်တယ်။ "ကျွန်တော် ဒီကိုလာတာ ဒီနေ့ လင်းအားကြီးမှာ ဖြစ်ပွားတဲ့ မှော်ဆရာတရားဥပဒေကို ဆက်တိုက် ချိုးဖောက်တဲ့ကိစ္စကို ကိုင်တွယ်ဖို့လာတာ —"

"ကောင်းပြီ၊ ကောင်းပြီ၊ ကောင်းပြီ" ဂေါင့်က အော်ဟစ်တယ်။ "ဒါဆို ဒီသေချင်းဆိုး အိမ်ထဲ ဝင်ပါ၊ ဒါမှ ခင်ဗျား နေရထိုင်ရကောင်းမှာ"

ဒီအိမ်မှာ အခန်းလေး သုံးခန်း ရှိသလိုပဲ၊ ခန်းမကနေ တခြားအခန်းသို့ တံခါးနှစ်ခု ရှိတယ်။ အလယ်က အခန်းဟာ မီးဖိုချောင်နဲ့ ဧည့်ခန်းနှစ်မျိုးသုံး ဖြစ်တယ်။ မော်ဖင်ဟာ မီးခိုးထွက်နေတဲ့ မီးဖိုနားက ညစ်ပေတဲ့ လက်တန်းကုလားထိုင်မှာ ထိုင်နေတယ်။ လက်ချောင်းတုတ်တုတ်တွေနဲ့ အဆိပ်ရှိတဲ့ မြွေတစ်ကောင်ကို ဆော့ကစားနေတယ်။ မြွေမာဂစေကားနဲ့ သီချင်းလေး ညည်းနေတယ်။

"ရှီးရှီး ရှီးရှီး၊ မြွေကလေး၊
ကြမ်းပေါ်မှာ လျှောသွားနေ၊
မင်း မော်ဖင့်ပေါ်မှာ ကောင်းမှနေ၁်၊
နို့မို့ရင် တံခါးပေါ်မှာ သံနဲ့ ရိုက်ခံထိမယ်"

ပွင့်နေတဲ့ ပြတင်းပေါက်နားက နံရံထောင့်ကနေ ဖြည်းနှေးတဲ့ ခြေသံပေါ်လာတယ်။ ဒီတော့မှ အိမ်ထဲမှာ လူတစ်ယောက် ရှိသေးတယ်ဆိုတာ ဟယ်ရီ တွေ့ရတယ်။ အဲဒါ ကောင်မလေးတစ်ယောက်။ သူမ ဝတ်ထားတဲ့ မီးခိုးရောင်အဝတ်အစားစုတ်စုတ်ဟာ သူမနောက်ဘက်က ညစ်ပေတဲ့ ကျောက်နံရံနဲ့ တစ်ရောင်တည်း ဖြစ်နေတယ်။ သူမဟာ ပြာတွေနဲ့ ပြည့်နေတဲ့ မီးဖိုပေါ်က အငွေ့ထွက်နေတဲ့ ဟင်းအိုးဘေးမှာ ရပ်ပြီး၊ မီးဖိုအပေါ်ဘက် စင်ပေါ်က ညစ်ပေတဲ့ အိုးခွက်တွေထဲမှာ ဘာရှာနေမှန်း မသိဘူး။ သူမရဲ့ ဆံပင်ချောင့်ချောင့်ဟာ အရောင်အဆင်း မရှိဘူး။ မျက်နှာဖြူရော်ပြီး ရုပ်ရည်အာခန့်မှုသာ ရှိတယ်။ သောကရောက်နေပုံရတယ်။ သူမမျက်လုံးတွေဟာ ဆောင်လေးလိုပဲ မတူတဲ့ ဘက်နှစ်ဘက်ကို ကြည့်နေတယ်။ သူမဟာ အဲဒီ



ယောက်ျားနှစ်ယောက်ထက် သန့်ရှင်းသလိုပဲ၊ ဟယ်ရီကတော့ သူမထက် စိတ်ကုန်နေတဲ့လူ မတွေ့ဖူးဘူးလို့ ထင်တယ်။

"ကျုပ်သမီး၊ မီရုပ်" အော့ဂ်ဒန်ဟာ မေးတဲ့သဘောနဲ့ အဲဒီမိန်းကလေးကို ကြည့်နေတာ မြင်တော့၊ ဂေါင့်က မပြောချင်ဘဲ ပြောလိုက်တယ်။

"မင်္ဂလာနံနက်ခင်းပါ" အော့ဂ်ဒန်က ပြောတယ်။

ကောင်မလေးက မဖြေဘူး။ သူမအဖေကို ထိတ်လန့်စွာ ကြည့်လိုက်ပြီး အမြန် တစ်ဖက်လှည့်ကာ စင်ပေါ်က အိုးခွက်တွေကို ကိုင်တွယ်နေပြန်တယ်။

"ကောင်းပြီ မစ္စတာဂေါင့်" အော့ဂ်ဒန်က ပြောတယ်။ "ကျွန်တော်တို့ လိုရင်းကိုပဲ ပြောရအောင်။ ခင်ဗျားသား မော်ဖင်ဟာ မနေ့ညနှောင်းပိုင်းက မတ်ဂေါ်တစ်ယောက်ရှေ့မှာ မှော်ပညာသုံးတယ်လို့ ယုံကြည်ဖို့ အကျိုးအကြောင်း ရှိတယ်"

ဝှမ်ခနဲ နားကွဲမတတ် အသံပေါ်ထွက်လာတယ်။ မီရုပ်ဟာ အိုးတစ်လုံး လွှတ်ကျသွားတယ်။

"ကောက်လိုက်" ဂေါင့်က သူမကို ဟောက်တယ်။ "ဘယ်လိုလဲ၊ ညစ်ပတ်တဲ့ မတ်ဂေါ်လိုပဲ မြေကြီးပေါ် ဝပ်ပြီး သွားရှာတယ် ? မင်း မှော်ကြိမ်လုံး ဘာလုပ်ဖို့လဲ၊ အသုံးမကျတဲ့ ချေးထုပ်"

"မစ္စတာဂေါင့်၊ ဒီလိုမလုပ်ပါနဲ့" အော့ဂ်ဒန်က တုန်လှုပ်အံ့ဩတဲ့ အသံနဲ့ ပြောတယ်။ အခု မီရုပ်က အိုးကို ကောက်ယူလိုက်ပြီ၊ ဒါပေမယ့် သူမမျက်နှာဟာ ရုတ်တရက် အနီတစ်ကွက် အဖြူတစ်ကွက် ဖြစ်သွားတယ်။ သူမ လက်လျှော့သွားပြီး အိုးအောက်ကျသွားပြန်တယ်။ သူမဟာ တုန်တုန်ယင်ယင်နဲ့ မှော်ကြိမ်လုံးထုတ်ပြီး အိုးကို ချိန်လိုက်တယ်။ ပျာယီးပျာယာနဲ့ အာဝါထာ တိုးတိုးရွတ်လိုက်မှန်း မသိဘူး၊ အိုးဟာ သူမခြေရင်းကနေ မြေကြီးပေါ် တပ်ပြီး ပျံထွက်သွားကာ မျက်နှာချင်းဆိုင်က နံရံကို သွားတိုက်တယ်၊ နှစ်ခြမ်းကွဲသွားတယ်။

မော်ဖင်ဟာ တဝတ်ဝတ်နဲ့ အရူးအမူး ရယ်ပါတော့တယ်။ ဂေါင့်က ရူးသွပ်ဝါး အော်တယ်။ "ပြန်ပြုပြင်၊ အသုံးမကျတဲ့ဟာ၊ ပြန်ပြင်ထား"

မီရုပ်ဟာ အခန်းဟိုတစ်ဖက်ကို ဂယိမ်းဂယိုင် သွားတယ်၊ သူမ မှော်ကြိမ်လုံး မမြှောက်ရသေးခင်မှာပဲ အော့ဂ်ဒန်ဟာ မိမိမှော်ကြိမ်လုံးနဲ့

www.burmeseclassic.com

www.burmeseclassic.com



နှိန်လိုက်ပြီး၊ ခတ်လေးလေးပြောတယ်။ "မူလအတိုင်း ပြန်ဖြစ်စေ"။ အိုးဟာ အလိုအလျောက် ပြန်ကောင်းသွားတယ်။

ခဏတာအတွင်းမှာ၊ ဂေါင့်ဟာ အောင့်ဒန်ကို အော်ဟစ်ဆူပူချင်တယ်။ ဒါပေမယ့် သဘောပြောင်းသွားသလိုပဲ။ သူက သူ့သမီးကို ကဲ့ရဲ့ပြောတယ်။ "မော်ဝန်ကြီးဌာနက လူကောင်းကြီး ဒီမှာရောက်နေလို့ ဟုတ်တယ်မဟုတ်လား။ သူက နင့်ကို ကျုပ်လက်ထဲက ခေါ်သွားချင် ခေါ်သွားမှာ၊ သူက ညစ်ပတ်တဲ့ ပိတ်တုံးကို မုန်းချင်မှ မုန်းမှာ ...."

မိရှပ်က ဘယ်သူ့ကိုမှ မကြည့်ဘူး။ အောင့်ဒန်ကို ကျေးဇူးတင်ကြောင်းလည်း မပြောဘူး။ အိုးကို ကောက်ပြီး တုန်နေတဲ့ လက်နှစ်ဘက်နဲ့ စင်ပေါ် ပြန်တင်ထားလိုက်တယ်။ ပြီးနောက်၊ သူမဟာ မလှုပ်မယှက် ရပ်နေတယ်။ ကျောကို ညစ်ပတ်တဲ့ ပြတင်းပေါက်နဲ့ မီးဖိုကြားက နံရံပေါ် ကပ်ထားတယ်။ မိမိကိုယ်မိမိ ကျောက်နံရံထဲ ဝင်သွားပြီး လုံးဝပျောက်ဆုံးသွားစေချင်သလိုပဲ။

"မစ္စတာဂေါင့်" မစ္စတာ အောင့်ဒန်က ပြောပြန်တယ်။ "ကျွန်တော် ခုနက ပြောသလိုပဲ၊ ကျွန်တော် ဒီကို လာရတဲ့အကြောင်းက —— "

"ကျုပ် ပထမအကြိမ်တည်းက နားလည်ပြီ" ဂေါင့်က ဒေါသတကြီးပြောတယ်။ "ဒါ ဘာဖြစ်လဲ။ မော်ဖင်က မတ်ဂေါ်တစ်ယောက်ကို အလျှဉ်းသင့်သလို ဆုံးမလိုက်တာ —— ဒါ ဘာဖြစ်သလဲ"

"မော်ဖင်ဟာ မှော်ဆရာတရားဥပဒေ ချိုးဖောက်တယ်" အောင့်ဒန်က တည်ကြည်စွာ ပြောတယ်။

"မော်ဖင် မှော်ဆရာတရားဥပဒေ ချိုးဖောက်တယ်" ဂေါင့်က အောင့်ဒန်ရဲ့အသံကို တုပြောတယ်။ ပြီးတော့ တမင်တကာ ဟိတ်ဟန်ထုတ်ပြီး ဆွဲဆွဲငင်ငင်နဲ့ ပြောတယ်။ မော်ဖင်က တဂတ်ဂတ် အော်ရယ်ပြန်တယ်။ "သူက ညစ်ပတ်တဲ့ မတ်ဂေါ်ကို အကြောင်းနည်းနည်း ပြလိုက်တယ်။ ဘယ်လိုလဲ အခု ဒါလဲ တရားဥပဒေချိုးဖောက်တယ်တဲ့လား"

"ဟုတ်တယ်" အောင့်ဒန်က ပြောတယ်။ "ဟုတ်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်"

သူဟာ ကုတ်အင်္ကျီရှည် အတွင်းအိတ်ကပ်ထဲကနေ သိုးရေစက္ကူလိပ်တလေး ယူထုတ်ပြီး ဖြန့်လိုက်တယ်။



"ဒါ ဘာလဲ၊ သူ့စီရင်ချက်လား" ဂေါင့်က ဒေါသနဲ့ အသံမြှင့်ပြောတယ်။

"သူ့ကို မှော်ဝန်ကြီးဌာနမှာ ကြားနာစစ်ဆေးဖို့ ဆင့်ခေါ်တာ ——"

"ဆင့်ခေါ်တယ် ? ဆင့်ခေါ်တယ် ? မင်းက မင်းကိုယ်မင်း ဘာထင်နေသလဲ၊ ကျုပ်သားကို ဆင့်ခေါ်တယ်တဲ့"

"ကျွန်တော်က မှော်တရားဥပဒေ လိုက်နာဆောင်ရွက်ရေးဌာနခွဲကဌာနမှူး" အောင့်ဒန်က ပြောတယ်။

"မင်းက ကျုပ်တို့ကို အမှိုက်သရိုက် ထင်နေသလား" ဂေါင့်က စူးစူးအော်ပြောတယ်၊ အောင့်ဒန်နားလည်း ကပ်သွားတယ်၊ ဝါနေတဲ့ ညစ်ပေတဲ့ သတ်နဲ့ သူ့ရင်ဝကို လက်ညှိုးနဲ့ ထိုးတယ်။ "မှော်ဝန်ကြီးဌာနက ခေါ်တာနဲ့ အပြေးသွားရမှာလား။ မင်း ဘယ်သူနဲ့ စကားပြောနေတယ်ဆိုတာ မင်းသိလား။ ညစ်ပတ်တဲ့ ရွှံ့သွေးလေး၊ ဟင် ?"

"ကျွန်တော် မစ္စတာဂေါင့်နဲ့ စကားပြောနေတယ်လို့ မှတ်တယ်" အောင့်ဒန်က အလွန်သတိထားနေပုံရတယ်။ ဒါပေမယ့် နည်းနည်းမှ မတွန့်ဆုတ်ဘူး။

"ဒါ မှန်တယ်" ဂေါင့်က ဟောက်ပြောတယ်။ ဂေါင့်ဟာ ညစ်ပတ်တဲ့ လက်ဟန် လုပ်ပြတယ်လို့ ဟယ်ရီ ခဏတာအတွင်း ထင်မိတယ်။ ဒီနောက်မှ ဂေါင့်က အောင့်ဒန်ကို သူ့လက်ခလယ်မှာ စွပ်ထားတဲ့ အရုပ်ဆိုးတဲ့ ကျောက်နက်လက်စွပ်ကို ပြနေတာ တွေ့ရတယ်။ သူဟာ လက်စွပ်ကို အောင့်ဒန်မျက်နှာရှေ့မှာ ယမ်းပြနေတယ်။ "ဒါကို မြင်သလား။ ဒါကို မြင်သလား။ ဒါ ဘာဆိုတာ သိလား။ ဒါ ဘယ်ကရတယ်ဆိုတာ သိလား။ ၎င်းဟာ ကျုပ်တို့အိမ်မှာ ရာစုနှစ်မနည်း ရှိပြီ။ ကျုပ်တို့မျိုးရိုးသမိုင်းဟာ ဒီလောက် ဆောင် ရှည်ကြာတယ်။ ပြီးတော့ တစ်လျှောက်လုံး သွေးသန့်ချည်းပဲ။ ၎င်းကို ဘယ်လောက်ပေးပြီး ကျုပ်ဆီက ဝယ်ချင်ကြတယ်ဆိုတာ သိသလား။ ကျောက်ပေါ်မှာ ပီဗဲရဲလ် အမှတ်တံဆိပ် ထွင်းထုထားတယ်"

"ကျွန်တော် တကယ်ပဲ မသိဘူး" အောင့်ဒန်က ပြောတယ်။ အဲဒီ လက်စွပ်ဟာ သူ့နှာခေါင်းနဲ့ တစ်လက်မအကွာမှာ ဖြတ်သွားတယ်။ သူက မျက်တောင်ခတ်လိုက်တယ်။ "ပြီးတော့ လက်စွပ်နဲ့ ဒီကိစ္စ ဘာမှမဆိုင်ဘူး မစ္စတာဂေါင့်။ သင့်သားဟာ —— "

www.burmeseclassic.com

www.burmeseclassic.com



ဂေါင့်ဟာ ဒေါသနဲ့ တအားအော်လိုက်ပြီး သူ့သမီးဆီ ပြေးသွားတယ်။ စက္ကန့်ဝက်အတွင်းမှာ ဟယ်ရီက သူဟာ သူ့သမီးလည်မျိုကို သွားညှစ်မယ်လို့ ထင်တာ။ နောက်တော့ သူဟာ သူမကို အော့ဂ်ဒန်ရှေ့သို့ သူမလည်ပင်းက ဆွဲကြိုးကို ဆွဲပြီး ခေါ်လာတယ်။

"ဒါကို မြင်လား" သူက အော့ဂ်ဒန်ကို ဟိန်းဟောက်တယ်။ ဆွဲကြိုး ပေါ်က ရွှေလော့ကက်သီးလေးလေးကို အော့ဂ်ဒန်ကို ခါပြနေတယ်။ မီရုပ်ဟာ အသက်ရှူအောင့်လို့ ချောင်းတွေ ဆိုးနေတယ်၊ အသက်တောင် မရှူနိုင်ဘူး။

"ကျွန်တော် မြင်တယ်၊ ကျွန်တော် မြင်တယ်" အော့ဂ်ဒန်က အမြန် ပြောတယ်။

"စလေးသရင်းဥစ္စာ" ဂေါင့်က အော်ဟစ်တယ်။ "စလာဇာ-စလေး သရင်းဥစ္စာ။ ကျုပ်တို့ဟာ ၎င်းရဲ့နောက်ဆုံးအသက်ရှင်နေတဲ့ အမွေခံတွေ၊ ဒါကို မင်း ဘာပြောစရာရှိလဲ၊ ဟင် ?"

"မစ္စတာဂေါင့်၊ သင့်သမီး" အော့ဂ်ဒန်က ထိတ်လန့်စွာ ပြောတယ်။ ဒါပေမယ့် ဂေါင့်ဟာ မီရုပ်ကို လွှတ်လိုက်ပြီ။ သူမဟာ ဂယိမ်းဂယိုင်နဲ့ သူ့ဆီက ထွက်သွားပြီး မူလက ထောင့်ထဲ ပြန်သွားတယ်။ လည်ပင်းကို ပွတ်ရင်း၊ ဟောဟဲ ဟောဟဲ ဖြစ်နေတယ်။

"ဘယ်လိုလဲ" ဂေါင့်က ကျေနပ်အားရစွာ ပြောတယ်။ ရှုပ်ထွေးတဲ့ ပြဿနာတစ်ခုကို ရှင်းနေအောင် သက်သေပြနိုင်လိုက်တဲ့အတွက် ဘာမှ အငြင်းပွားစရာ မလိုတော့သလိုပဲ။ "ဒါကြောင့်၊ အဲဒီလေသံနဲ့ ကျုပ်တို့ကို စကားမပြောနဲ့။ ကျုပ်တို့ကို မင်းဖိနပ်အောက်က မြေကြီးလို့ မထင်နဲ့။ ကျုပ်တို့ဟာ ဘိုးစဉ်ဘောင်ဆက် သွေးသန့်တွေ၊ အားလုံး မှော်ဆရာချည်းပဲ — မင်းမှာ ဒါမျိုးကြွားစရာမရှိဘူးလို့ ကျုပ် ယုံကြည်တယ်"

သူဟာ အော့ဂ်ဒန်ခြေထောက်နားကို တံတွေးထွေးချလိုက်တယ်။ မော်ဖင်ဟာ တဂဝ်ဂဝ် အော်ရယ်ပြန်တယ်။ မီရုပ်ဟာ ပြတင်းပေါက်ဘေးမှာ ခွေနေတယ်။ ခေါင်းငိုက်စိုက်ကျပြီး အသံမထွက်ဘူး။ ဆံပင်ဖြောင့်ဖြောင့်တွေ ဟာ သူမမျက်နှာကို အုပ်ထားတယ်။

"မစ္စတာဂေါင့်" အော့ဂ်ဒန်က ခေါင်းမာစွာ ပြောတယ်။ "သင်နဲ့ ကျွန်တော့်ဘိုးဘွားတွေဟာ အခု ဒီကိစ္စနဲ့ ဆိုင်မယ်မထင်ဘူး။ ကျွန်တော် ဒီကို လာတာ မော်ဖင့်အတွက်၊ ပြီးတော့ မနေ့ညက သူ သွားဒုက္ခပေးတဲ့ မတ်ဂေါ်



အတွက်၊ ကျွန်တော်တို့ သတင်းရတယ်" သူက သိုးရေစက္ကူကို ငုံ့ကြည့်လိုက် တယ်။ "မော်ဖင်က အဲဒီမတ်ဂေါ်ကို ကျိန်စာဆိုးတစ်ခု ချလိုက်တယ်၊ ဒါမှ မဟုတ် မှော်ပညာတစ်ခုနဲ့ စီရင်လိုက်တယ်။ ဒါကြောင့် သူ့တစ်ကိုယ်လုံးမှာ အလွန့်အလွန် နာကျင်တဲ့အင်ပျဉ်တွေ ပေါက်လာတယ်"

မော်ဖင်က တခစ်ခစ် ရယ်တယ်။

"တိတ်တိတ်နေ၊ ကောင်လေး" ဂေါင့်က မြွေဘာသာနဲ့ ဟောက်တယ်။ မော်ဖင် ချက်ချင်းတိတ်သွားတယ်။

"သူ ဒီလိုလုပ်တယ်ပဲ ထားဦး၊ ဒါ ဘာဖြစ်သေးလဲ" ဂေါင့်က အော့ဂ်ဒန် ကို ရန်စစွာ ပြောတယ်။ "မင်းတို့ဟာ အဲဒီမတ်ဂေါ်ရဲ့ ညစ်ပတ်တဲ့မျက်နှာကို သုတ်သင်ပေးလိုက်တယ်လို့ ကျုပ် ထင်တယ်။ သူ့မှတ်ဉာဏ်ကိုလဲ —"

"ပြဿနာက ဒါမဟုတ်ပါဘူး၊ ဟုတ်လား၊ မစ္စတာဂေါင့်" အော့ဂ်ဒန် က ပြောတယ်။ "ဒါဟာ ဘာမှ ကာကွယ်မှုမရှိတဲ့ လူကို အကျိုးအကြောင်း မရှိ တိုက်ခိုက်တဲ့ —"

"အား၊ ခုနက မင်းကို မြင်ကတည်းက မင်းဟာ မတ်ဂေါ်ကို ကြိုက် တဲ့သက်တဲ့လူလို့ သိတယ်" ဂေါင့်က ကဲ့ရဲ့ပြောဆိုတယ်၊ တံတွေးလည်း တစ်ချက်ထွေးလိုက်ပြန်တယ်။

"ဒီလိုစကားပြောတာ ဘာအဖြေမှ ရမှာမဟုတ်ဘူး" အော့ဂ်ဒန်က အကျိုးအကြောင်းရှိရှိ ပြောတယ်။ "ခင်ဗျားသားရဲ့ သဘောထားအရ၊ သူဟာ ပြုခဲ့သမျှကို နည်းနည်းမှ နောက်တရပုံ မပေါ်ဘူး" သူဟာ အဲဟို သိုးရေ စက္ကူကို ကြည့်လိုက်ပြန်တယ်။ "မော်ဖင်ဟာ စက်တင်ဘာလ၊ ဆယ့်လေးရက် မှာ ကြားနာစစ်ဆေးခံရမယ်။ မတ်ဂေါ်တစ်ယောက်ရှေ့မှာ မှော်ပညာ သုံးတာ၊ ပြီးတော့ အဲဒီမတ်ဂေါ်ကို ထိခိုက်နာကျင်စေတဲ့ စွဲဆိုချက်ကို ဖြေကြား ရမယ် —"

အော့ဂ်ဒန်ဟာ ရုတ်တရက် ရပ်သွားတယ်။ တချွင်ချွင်ချွံသံ၊ မြင်းခွာ သံ ဒက်ဒက်နဲ့ ကျယ်လောင်တဲ့ ရယ်မောပြောဆိုသံဟာ ပွင့်နေတဲ့ ပြတင်း ပေါက်က လွင့်လာတယ်။ ရွာဆီပေါက်တဲ့ လမ်းကျဉ်းကလေးဟာ ဒီအိမ်ရှိတဲ့ ချုံပင်နဲ့ အလွန်နီးတာ သေချာတယ်။ ဂေါင့် ငိုင်သွားတယ်၊ နားစွင့်နေတယ်၊ မျက်လုံးကြီးပြူးနေတယ်။ မော်ဖင့်ပါးစပ်က တရှုံးရှုံးသံ ထွက်နေတယ်၊ သူဟာ အစားအသောက်ရာကို အငမ်းမရတဲ့ အမူအရာနဲ့ ကြည့်နေတယ်။ မီရုပ် ခေါင်းမော့

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ သူမမျက်နှာ ကြောက်စရာ ဖြူဖပ်ဖြူရော်ဖြစ်တာ ဟယ်ရီ မြင်ရတယ်။

"ဘုရားသခင်၊ အမြင်ကတ်စရာပဲ" ကောင်မလေးတစ်ယောက်ရဲ့ အသံလွင်လွင်ဟာ ပွင့်နေတဲ့ ပြတင်းက လွင့်ဝင်လာတယ်။ သူတို့ ရှင်းရှင်း ကြားရတယ်။ သူမအိမ်ထဲ ရပ်နေသလို၊ သူတို့အနား ရပ်နေသလိုပဲ။ "တွမ် ရှင့်အဖေက အဲဒီတဲလေးကို ဖျက်မပစ်နိုင်ဘူးလား"

"အဲဒါ ငါတို့ဟာ မဟုတ်ဘူး" လူငယ်တစ်ယောက်အသံက ပြော တယ်၊ "လျှိုဟိုဘက်ကဟာတွေက ငါတို့ ပိုင်တယ်။ ဒါပေမယ့် အဲဒီသစ်သား အိမ်လေးဟာ ဂေါင့်လို့ခေါ်တဲ့ အခြေအနေမဲ့ အဖိုးကြီးနဲ့ သူ့သားသမီးတွေ ပိုင်တယ်။ အဲဒီသားဖြစ်သူက ရူးကြောင်ကြောင်နဲ့၊ ရွာထဲက လူတွေ သူ့ ဘယ်လိုပြောတယ်ဆိုတာ မင်း နားထောင်ကြည့်သင့်တယ် ——"

မိန်းကလေးက ရယ်တယ်။ တချွင်ချွင် မြင်းချူသံနဲ့ မြင်းခွာသံ တဒေါက် ဒေါက် ပိုကျယ်လာတယ်။ မော်ဖင်က လက်တန်းကုလားထိုင်ထဲက ခုန်ထ လုပ်တယ်။

"ထိုင်နေ" သူ့အဖေက မြွေမာဂဓနဲ့ သတိပေးတယ်။

"တွမ်" မိန်းကလေးအသံ ပေါ်လာပြန်တယ်။ အခု ပိုနီးလာပြီ ရင်းတို့ အိမ်ဘေးရောက်နေပြီ။ "ငါ အကြည့်မမှားပါဘူးနော် —— ဟိုတံခါး ပေါ်မှာ မြွေကို သံနဲ့ ရိုက်ထားသလား"

"မှန်တယ်၊ မင်း အကြည့်မမှားပါဘူး" အဲဒီယောကျ်ားသံက ပြော တယ်။ "ဟို သားဖြစ်သူလုပ်တာပဲ ဖြစ်မယ်၊ ငါ မင်းကို ပြောတယ်မဟုတ်လား သူ ခေါင်းသိပ်မမှန်ဘူး။ အဲဒါကို မကြည့်နဲ့တော့၊ စီစစ်လီယာ၊ အချစ်လေး"

တချွင်ချွင်ချူသံ၊ မြင်းခွာသံ တဒေါက်ဒေါက် ဝေးဝေးသွားတယ်။

" 'အချစ်လေး' " မော်ဖင်က သူ့အစ်မကို ကြည့်နေတယ်။ မြွေ မာဂဓနဲ့ တိုးတိုးပြောတယ်။ "သူက သူမကို 'အချစ်လေး' လို့ ခေါ်တယ်။ ဒီ နှင့်ကို မယူဘူးထင်တယ်"

မီရှုပ်မျက်နှာ ဖြူဖပ်နေတယ်။ သူမ မေ့လဲတော့မယ်လို့ ဟယ်ရီ ထင်တယ်။

"ဘာကိစ္စလဲ" ဂေါင့်က မာမာမေးတယ်။ မြွေမာဂဓနဲ့ပဲ ပြောတယ်



သားကို ကြည့်လိုက်၊ သမီးကို ကြည့်လိုက် ကြည့်တယ်။ "မင်း ဘာပြောလဲ၊ မော်ဖင်"

"သူမက အဲဒီမတ်ဂေါ်ကို ကြည့်ချင်တယ်" မော်ဖင်က ပြောရင်း သူ့အစ်မကို ကြည့်တယ်။ မျက်နှာပေါ်မှာ ဆိုးယုတ်တဲ့ အမူအရာ ရှိတယ်။ မီရှုပ်ကတော့ သိပ်ကြောက်လန့်ပုံပေါက်တယ်၊ "အဲဒီမတ်ဂေါ် ဖြတ်သွားတိုင်း၊ သူမက ပန်းခြံထဲကနေ ခြံစည်းရိုးဒီဘက်က ကြည့်တယ်၊ ဟုတ်လား။ မနေ့ ညတုန်းက ——"

မီရှုပ်ဟာ တောင်းပန်စွာနဲ့ ခေါင်းကို တအားခါနေတယ်။ ဒါပေမယ့် မော်ဖင်က မညှာမတာ ဆက်ပြောတယ်။ "သူမဟာ ပြတင်းအပြင်ဘက်မှာ တဝဲလည်လည် လုပ်၊ အဲဒီမတ်ဂေါ် မြင်းစီးပြီး အိမ်ပြန်တာကို စောင့်ကြည့် တယ်၊ ဟုတ်လား"

"ပြတင်းပေါက်အပြင်ဘက်မှာ တဝဲလည်လည်လုပ်ပြီး မတ်ဂေါ် တစ်ယောက်ကို စောင့်ကြည့်တယ် ?" ဂေါင့်က တိုးတိုးမေးတယ်။

ဂေါင့်တို့မိသားစုသုံးယောက်ဟာ အော့ဂ်ဒန်ရှိနေတာကို မေ့နေ သလိုပဲ။ အော့ဂ်ဒန်ဟာ ဒီအသစ်တစ်ဖန် ပေါ်ပေါက်လာတဲ့ တရှုံရှုံသံနဲ့ ကြမ်းကြမ်းအော်ဟစ်သံကို နဝေတိမ်တောင်လည်း ဖြစ်၊ ဒေါသလည်း ဖြစ် မိတယ်။

"ဒါ အမှန်ပဲလား" ဂေါင့်က အသံလေးလေးနဲ့ မေးတယ်။ ထိတ်လန့် နောက်ချားနေတဲ့ မိန်းကလေးဆီကို နှစ်လှမ်းပိုးသွားတယ်။ "ကျုပ်သမီး —— သောဇာ-စလေးသရင်းရဲ့ သွေးသန့်မျိုးရိုး —— ညစ်ပတ်တဲ့၊ အောက်တန်းစား မတ်ဂေါ်ကိုမှ စွဲလမ်းနေတယ် ?"

မီရှုပ်ဟာ အရူးအမူး ခေါင်းခါနေတယ်။ ကိုယ်ကို နံရံထောင့်ထဲ အတင်းဖိကပ်တယ်။ စကားတစ်ခွန်းမှ ပြောမထွက်တဲ့ပုံပဲ။

"ဒါပေမယ့် အဲဒီငနဲကို ကျွန်တော် ဆုံးမလိုက်တယ်၊ အဖေ" မော်ဖင် က တဂတ်ဂတ် ရယ်နေတယ်။ "သူ ဖြတ်သွားစဉ်၊ ကျွန်တော် ဆုံးမလိုက်တယ်။ သူ့မှာ တစ်မျက်နှာလုံး အင်ပျဉ်အဖုအပိမ့်တွေနဲ့ ဘယ်ကြည့်လို့ကောင်းတော့ မှာလဲ၊ ဟုတ်လား၊ မီရှုပ်"

"မုန်းစရာ ပိတ်တုံးမ၊ ညစ်ပတ်တဲ့ အမျိုးဖျက်" ဂေါင့်က ထောင်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူဟာ မချုပ်ထိန်းနိုင်တော့ဘဲ သမီးလည်မျိုကို လက်နှစ်ဘက်နဲ့ ညှစ်လိုက်တယ်။

"ဟင့်အင်း" ဟယ်ရီနဲ့ အော့ဂ်ဒန် တစ်ပြိုင်နက် အော်လိုက်တယ်။ အော့ဂ်ဒန်က မှော်ကြိမ်လုံးကို မြှောက်ပြီး အော်လိုက်တယ်။ "လျှော့ပြယ်စေ" ဝေါင့်ဟာ နောက်ကို ဂယိမ်းဂယိုင် ဆုတ်သွားတယ်၊ သမီးကို ပစ်ထားခဲ့တယ်။ သူဟာ ထိုင်ခုံနဲ့ ခလုတ်တိုက်မိပြီး မြေကြီးပေါ်ကို ပက်လက်လန် လဲသွားတယ်။ မော်ဖင်ဟာ ဒေါသနဲ့ ထအော်ပြီး၊ ထိုင်ခုံပေါ်ကနေ ခုန်ထကာ အော့ဂ်ဒန်ဆီ ပြေးသွားတယ်။ လက်ထဲမှာ သွေးစွန်းတဲ့ဓားကိုလည်း လှုပ်ယမ်းနေတယ်။ မှော်ကြိမ်လုံးထဲကနေပြီးလဲ ကျိန်စာဆိုးသောင်းပြောင်းတွေ တစ်ပုံကြီး ပစ်ထုတ်တယ်။

အော့ဂ်ဒန် အသက်လု ထွက်ပြေးတယ်။ ဒမ်ဘာလီဒိုးက သူတို့လည်း လိုက်သွားဖို့ ပြတယ်။ ဟယ်ရီ လိုက်ထွက်သွားတယ်။ မီရုပ်ရဲ့ အော်ဟစ်သံဟာ သူ့နားနားမှာ ကြားယောင်နေသေးတယ်။

အော့ဂ်ဒန်ဟာ လက်မောင်းနဲ့ ခေါင်းကို ကာပြီး လမ်းပေါ် ပြေးတက်သွားတယ်။ တစ်ခါ အဓိကလမ်းပေါ် အလျင်အမြန် ချိုးဝင်လိုက်တော့ ပြောင်လက်လက် နီညိုရောင်မြင်းနဲ့ သွားတိုက်မိတယ်။ မြင်းစီးသူဟာ အလွန်ချောမောတဲ့ ဆံပင်နက်နဲ့ လူငယ်။ သူ့ဘေးက မီးခိုးရောင်မြင်းကို စီးတဲ့ လှပတဲ့ မိန်းကလေးတို့နှစ်ယောက်ဟာ အော့ဂ်ဒန့်ပုံပန်းကို မြင်ရတော့ တဟားဟားရယ်ကြတယ်။ အော့ဂ်ဒန်ဟာ နီညိုရောင်မြင်း ဆောင့်ထွက်သွားတာနဲ့ ချက်ချင်း တအားပြေးပြန်တယ်။ လမ်းကလေးအတိုင်း ပြေးထွက်သွားတယ်။ သူ့အပေါ် ဝတ် ကုတ်ရှည်ဟာ နောက်မှာ လွင့်နေတယ်။ ခြေဆုံးခေါင်းဆုံး ဖုန်တွေ ဆောက်နေတယ်။

"ဒါလောက်ဆို ရပြီလို့ထင်တယ်၊ ဟယ်ရီ" ဒမ်ဘာလီဒိုးက ပြောတယ်။ သူဟာ ဟယ်ရီ့တံတောင်ဆစ်ကို ကိုင်ပြီး အသာလေး ဆွဲလိုက်တယ်။ မျက်စိအမှိုက်အတွင်းမှာ သူတို့နှစ်ယောက် အလေးချိန်မဲ့စွာ အမှောင်ထဲမှာ ပျံတက်သွားတယ်၊ နောက်ဆုံး ဒမ်ဘာလီဒိုးရုံးခန်းထဲကို ခြေနှစ်ဘက်နဲ့ ခိုင်ခိုင်ပြန်ကျရောက်လာတယ်။ အခု ပြတင်းအပြင်ဘက်မှာ ညအမှောင် ကျရောက်လာပြီ။

"သစ်သားအိမ်လေးထဲက ဟိုမိန်းကလေး ဘယ်လိုဖြစ်သွားလဲ"



ဟယ်ရီက ချက်ချင်းမေးတယ်။ ဒမ်ဘာလီဒိုးက မှော်ကြိမ်လုံးကို ယမ်းလိုက်ပြီး မီးအချို့ကို ထွန်းလိုက်တယ်။ "အဲဟို မီရုပ်လား ခေါ်တဲ့သူလား"

"အိုး၊ သူမ အသက်ရှင်ကျန်ရစ်တယ်" ဒမ်ဘာလီဒိုးက ပြောရင်း စားပွဲနောက်မှာ ထိုင်လိုက်တယ်။ ဟယ်ရီ့ကိုလည်း ထိုင်ခိုင်းတယ်။ "အော့ဂ်ဒန်ဟာ မှော်ရွှေ့ပြောင်းပြီး ဝန်ကြီးဌာန ပြန်ခဲ့တယ်။ ဆယ့်ငါးမိနစ်ကြာတော့ အကူခေါ်ပြီး ပြန်လာတယ်။ မော်ဖင်နဲ့ သူ့အဖေတို့ ပြန်တိုက်ကြတယ်။ ဒါပေမယ့် နှစ်ယောက်စလုံး အဖမ်းခံရပြီး သစ်သားအိမ်လေးက ဆွဲထုတ်သွားတယ်။ နောက်တော့ ဝစ်ဇန်ဂါမော့က သူတို့ကို အပြစ်ချမှတ်တယ်။ မော်ဖင်ဟာ မတ်ဂေါ်ကို တိုက်ခိုက်တဲ့အပြစ် ရှိခဲ့ဖူးတယ်၊ အက်ဇခါဘန်မှာ ထောင်သုံးနှစ်ကျသွားတယ်။ မာဗိုလိုကတော့ အော့ဂ်ဒန်ကို ထိခိုက်စေတဲ့အပြင် မှော်ဝန်ကြီးဌာနက တခြားအရာရှိတွေကို ထိခိုက်အောင်လုပ်တဲ့အတွက်၊ ထောင် ခြောက်လကျသွားတယ်"

"မာဗိုလို ?" ဟယ်ရီက ဘာမှန်းမသိဘဲ လိုက်ပြောတယ်။

"မှန်တယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ ချီးမွမ်းတဲ့အပြုံး ပေါ်လာတယ်။ "ကျုပ် အတွေးလမ်းကို မင်းလိုက်လာတာ ကျုပ် သိပ်ဝမ်းသာတယ်"

"အဲဒီအဘိုးကြီးပဲလား —"

"ဗိုလ်ဒီမွန့်ရဲ့အဘိုး၊ ဟုတ်တယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ "မာဗိုလို၊ သူ့သား မော်ဖင်၊ သမီး မီရုပ်တို့ဟာ ဂေါင့်မိသားစုရဲ့ နောက်ဆုံး ဆက်ခံသူတွေပဲ။ အဲဒီမိသားစုဟာ အလွန်ရှေးကျတဲ့ မှော်မိသားစုပဲ။ တည်ငြိမ်မှု မရှိခြင်းနဲ့ အကြမ်းဖက်ခြင်းတို့ကြောင့် နာမည်ကြီးတယ်။ ၎င်းတို့ဟာ ဆွေမျိုးချင်း ဆက်ထပ်တဲ့ဓလေ့ရှိတဲ့အတွက်၊ ဒီလိုစိတ်နေစိတ်ထား ထူးခြားချက်ဟာ မျိုးဆက်တစ်ခုထက်တစ်ခု ပိုပေါ်လွင်လာတယ်။ ၎င်းတို့ဟာ အသိဉာဏ်နည်းတယ်၊ ခမ်းနားကြီးကျယ်တဲ့ ကြွားဝါမှုကို အထူးနှစ်သက်ကြတဲ့အတွက်၊ မာဗိုလိုအပေါ်က မျိုးဆက်အတော်များများကတည်းက၊ မိသားစု ဥစ္စာနေတွေ ဖြုန်းတီးလို့ ကုန်ခဲ့ပြီ။ မင်း ခုနကလဲ မြင်ရပြီ။ မာဗိုလိုဟာ နောက်ဆုံးမှာ ဆင်းရဲမွဲတေပြီး ဒေါသလဲ ကြောက်စရာကောင်းအောင် ကြီးတယ်။ ပြီးတော့လဲ မောင်လွှားတယ်၊ အကျိုးအကြောင်းမရှိ မာနကြီးတယ်။ သူ့လက်ထဲမှာ ဆိုးဘွားအမွေပစ္စည်း နှစ်ခုရှိသေးတယ်။ သူက ၎င်းတို့ကို သားလို တန်ဖိုးထားတယ်။ သူ့သမီးထက် တန်ဖိုးအများကြီး ထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို၊ မီရုပ်" ဟယ်ရီက ထိုင်ခုံပေါ်ကနေ ရှေ့ကို ကိုင်းလိုက်တယ်။ ဒမ်ဘလီဒိုးကို စိုက်ကြည့်ပြီး ပြောတယ်။ "မီရုပ်ဟာ . . . . ဆရာ၊ ဒါ ဒီလို သဘောလား၊ သူမဟာ . . . . ဗိုလ်ဒီမွန့်အမေ ?"

"ဟုတ်တယ်" ဒမ်ဘလီဒိုးက ပြောတယ်၊ "ကျုပ်တို့ ကြုံလို့ ဗိုလ်ဒီမွန့် အမေကို မြင်လိုက်ရသေးတယ်။ မင်းသတိထားမိသလား မသိဘူး"

"မော်ဖင်တိုက်ခိုက်တဲ့ မတ်ဂေါ်လား။ မြင်းစီးလာတဲ့ ယောကျ်ား ?"

"သိပ်မှန်တယ်" ဒမ်ဘလီဒိုးက ပြုံးပြီး ပြောတယ်။ "ဟုတ်တယ် အဲဒါ တွမ်-ရစ်ဒေါ် အကြီး၊ ရုပ်ရည်ချောမောတဲ့ မတ်ဂေါ်။ ဂေါင့်တို့ သစ်သား အိမ်လေးကို အမြဲတမ်း မြင်းစီးပြီး ဖြတ်ဖြတ်သွားတယ်၊ မီရုပ်-ဂေါင့်ဟာ သူ့ကို တိတ်တိတ်လေး တစ်ဖက်သတ် ချစ်နေတာ"

"သူတို့ နောင်မှာ တကယ်ပဲ လက်ထပ်လိုက်လား" ဟယ်ရီက မယုံ နိုင်ဘဲ မေးတယ်။ ဘာမှမဆိုင်တဲ့ ဒီလူနှစ်ယောက် ချစ်ကြမယ်ဆိုတာ သူ မတွေးဝံ့ဘူး။

"မင်း မေ့သွားတယ်လို့ ကျုပ် ထင်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "မီရုပ်က မှော်ဆရာမ။ ကျုပ်အထင်တော့၊ သူမဟာ သူမအဖေရဲ့ အတင်း ဖိနှိပ်အုပ်ချုပ်ထားတုန်းက သူမမှော်အင်အားဟာ အကုန်ထွက်ပေါ်အောင် လုပ်လို့မရဘူး။ မာဗိုလိုနဲ့ မော်ဖင်တို့ အက်ဇကာဘန် ရောက်သွားပြီး၊ သူမဟာ ပထမဆုံးအကြိမ် တစ်ယောက်တည်း ကြိုက်သလို လုပ်လို့ရတဲ့အခါမှာ၊ သူမ ဟာ သူမ ဉာဏ်ပညာကို အပြည့်အဝ ဖော်ထုတ်နိုင်ပြီး၊ ဆယ့်ရှစ်နှစ်တိုင်တိုင် တွေ့ရောက်ခဲ့တဲ့ ဒုက္ခပင်လယ်က ရုန်းထွက်ဖို့ ကြံစည်မယ်လို့ ကျုပ် ယုံကြည် တယ်။

"မင်း မှန်းကြည့်လို့ရမလား။ မီရုပ်ဟာ တွမ်-ရစ်ဒေါ်ကို သူ့မတ်ဝေါ် ချစ်သူကို မေ့သွားပြီး သူမကို ချစ်သွားအောင် ဘယ်လိုလုပ်တယ် ထင်သလဲ"

"ဝိညာဉ်လုကျိန်စာ" ဟယ်ရီက ခန့်မှန်းကြည့်တယ်။ "ဒါမှမဟုတ် အချစ်ဆေးရည်"

"သိပ်ကောင်းတယ်" ကျုပ်ကတော့ သူမ အချစ်ဆေးရည် သုံးတယ် လို့ ထင်တယ်၊ ဒီလိုလုပ်တာ ပိုပြီးရိုမန်းတစ်ဆန်တယ်လို့ သူမ ထင်လိမ့်မယ် ပြီးတော့ လုပ်ရတာလဲ သိပ်မခက်ဘူး။ ပူပြင်းတဲ့နေ့တစ်နေ့မှာ၊ ရစ်ဒေါ် မြင်းစီး လာတော့ မီရုပ်က သူ့ကို ရေတစ်ခွက်တိုက်တယ်၊ ဘာပဲဖြစ်ဖြစ်၊ ခုနက



ကျုပ်တို့မြင်ရတဲ့ အဖြစ်အပျက်ဖြစ်ပြီး လအချို့ကြာတော့၊ ဟင်ဂင်တန်လေးရွာ မှာ အလွန်တုန်လှုပ်စရာ သတင်းတစ်ခု ပေါ်ထွက်လာတယ်။ မြေရှင်ကြီးသား နဲ့ အခြေမဲ့သမီး မီရုပ်တို့ လိုက်ပြေးကြပြီဆိုတာ ကြားရတော့၊ လူတွေ ဘယ်လို ပြောကြဆိုကြမယ်ဆိုတာ မင်းတွေးကြည့်လို့ရတယ်။

"ဒါပေမယ့် မာဗိုလို တုန်လှုပ်တာနဲ့စာရင်၊ ရွာသားတွေ တုန်လှုပ် တာဟာ ဘာမှမပြောပလောက်တော့ဘူး။ မာဗိုလို အက်ဇကာဘန်က ပြန်လာ တော့၊ သမီးဖြစ်သူ သူ့ကို ကောင်းကောင်းမွန်မွန် စောင့်နေပြီး ထမင်းပူ ဟင်းပူ နဲ့ ကြိုမယ် ထင်နေတာ။ အိမ်ထဲမှာ ဖုန်တွေ တစ်လက်မ ထူနေပြီး၊ သမီးက စာတစ်စောင် ထားရစ်ခဲ့တယ်။ စာထဲမှာ သူမလုပ်သမျှကို ရေးထားတယ်။

"ကျုပ် ရှာလို့ရတဲ့ အခြေအနေအရ၊ အဲဒီအချိန်ကစပြီး၊ သူဟာ သမီးနာမည်ကို မပြောတော့ဘူး။ ဒါမှမဟုတ် သမီး ရှိနေတာကို မပြောတော့ ဘူး၊ သမီး အိမ်ကထွက်သွားလို့ သူတုန်လှုပ်ရခြင်းက၊ သေလျင်စွာ သူသေ ရခြင်းရဲ့ အကြောင်းရင်းတစ်ခု ဖြစ်မယ်ထင်တယ်။ ဒါမှမဟုတ်၊ သူဟာ ဘယ်လိုချက်ပြုတ်စားရမယ်ဆိုတာ မတတ်လို့။ အက်ဇကာဘန်က မာဗိုလိုရဲ့ ကျန်းမာရေးကို ဖျက်ဆီးလိုက်တယ်။ သူဟာ မော်ဖင် ဒီသစ်သားအိမ်လေး ပြန်လာတဲ့အထိ မစောင့်နိုင်ခဲ့ဘူး"

"ဒါဆို၊ မီရုပ်ကော၊ သူမ . . . . သူမ သေသွားတယ် ? ဗိုလ်ဒီမွန့် ဟာ မိဘမဲ့ ကလေးထိန်းဌာနမှာ ကြီးပြင်းတာ မဟုတ်လား"

"ဟုတ်တယ်၊ မှန်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "ဒီမှာ ကျုပ်တို့ ခန့်မှန်းရမှာတချို့ ရှိတယ်၊ ဒါပေမယ့် နောင်မှာ ဖြစ်ပွားတာကို မှန်းကြည့်ဖို့ မခက်ဘူးလို့ ကျုပ် ထင်တယ်၊ ဒီလိုပါ။ သူတို့ လိုက်ပြေးပြီးနောက် လအချို့ ကြာတော့၊ တွမ်-ရစ်ဒေါ်ဟာ ဟင်ဂင်တန်လေးရွာက အိမ်ကြီးကို ပြန်လာ တယ်၊ ဒါပေမယ့် သူ့မိန်းမတော့ ပါမလာဘူး၊ အိမ်နီးနားချင်းတွေ တစ်ယောက် နားက တစ်ယောက်နားနဲ့ ပြောတာက၊ သူဟာ 'လှည့်ဖြား' ခံရတာ၊ 'သိမ်းပိုက်' ခံရတာတဲ့။ သူ ဆိုလိုတာက သူ မှော်ပညာနဲ့ စီရင်ခံရတာ၊ အခု မှော်စီရင်တာ ပြယ်သွားပြီလို့ ပြောချင်တယ်ထင်တယ်။ ဒါပေမယ့် သူ ဒီလိုစကားလုံးမျိုး မသုံးဝံ့ဘူးလို့ ကျုပ် ပြောဝံ့တယ်။ သူ့ကို အရူးလို့ ထင်မှာစိုးတယ်။ ဒါပေမယ့် ရွာသားတွေ သူ့စကားကြားရပြီးနောက်၊ မီရုပ်ဟာ တွမ်-ရစ်ဒေါ်ကို သူ့ကလေး ကိုယ်ဝန်ရှိနေပြီလို့ လိမ်ပြောတယ်၊ မယူမဖြစ် ယူလိုက်ရတာလို့ ခန့်မှန်းကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သူမ တကယ်ပဲ သူ့ကလေး မွေးတယ်လေ"

"ဟုတ်တယ်၊ ဒါပေမယ့် အဲဒါ သူတို့ညားပြီး တစ်နှစ်ကြာမှ မွေးတာ။ တွမ်-ရစ်ဒေါ် သူမကို ခွဲသွားတော့ သူမမှာ ကိုယ်ဝန်နဲ့ ကျန်ရစ်တာ"

"ဘာများဖြစ်လို့လဲ" ဟယ်ရီက မေးတယ်။ "အချစ်ဆေးရည် မစွမ်း တော့လို့လား"

"ဒါလဲ မှန်းကြည့်ရတော့မှာပဲ" ဒမ်ဘယ်ဒိုးက ပြောတယ်။ "မီရို ဟာ သူ့ယောကျ်ားကို သိပ်ချစ်တယ်။ သူမဟာ မှော်နည်းနဲ့ ဆက်ပြီး သူ့ကို ချုပ်ကိုင်ထားတာ မခံစားနိုင်တော့ဘူးလို့ ကျုပ် ထင်တယ်။ သူမဟာ ဆုံးဖြတ် ချက်တစ်ခု ချလိုက်တယ်ထင်တယ်။ သူ့ကို အချစ်ဆေးရည် ဆက်မတိုက်တော့ ဘူး။ သူမဟာ သိပ်ကို နှစ်နှစ်ကာကာ ချစ်လို့၊ ခင်ပွန်းသည်ကလဲ သူမကို ဒီအတိုင်း ပြန်ချစ်မယ်လို့ ထင်ပုံရတယ်။ တကယ်လို့သာ ဒီအတိုင်းဖြစ်မယ် ဆိုရင်၊ သူမ တွက်တာ နှစ်ခုစလုံး မှားသွားပြီ။ တွမ်-ရစ်ဒေါ်က သူမကို ခွဲ သွားတယ်။ နောက်ထပ်လဲ သူမနဲ့ မတွေ့ကြတော့ဘူး။ သူ့သား ဘယ်လိုနေလဲ ဆိုတာလဲ သိဖို့ မကြိုးစားတော့ဘူး"

အပြင်က မိုးကောင်းကင်ဟာ မှင်လို မည်းနက်နေပြီ။ ဒမ်ဘယ်ဒိုး ရုံးခန်းက မီးရောင်ဟာ အရင်ကထက် ပိုလင်းနေသလိုပဲ။

"ဟယ်ရီ၊ ဒီညတော့ ဒီထိပဲ ကောင်းမယ်" ခဏနေတော့ ဒမ်ဘယ်ဒိုး က ပြောတယ်။

"ကောင်းပြီ ဆရာ" ဟယ်ရီက ပြောတယ်။

သူ မတ်တတ်ရပ်လိုက်တယ်။ ဒါပေမယ့် ချက်ချင်း ထွက်မသွား သေးဘူး။

"ဆရာ . . . . ဗိုလဒီမွှန့်ရဲ့ အတိတ်အကြောင်းတွေကို သိအောင် လုပ်တာ အလွန်အရေးကြီးလား"

"သိပ်အရေးကြီးတယ်လို့ ကျုပ် ထင်တယ်" ဒမ်ဘယ်ဒိုးက ပြော တယ်၊

"ဒါဆို . . . . ၎င်းနဲ့ ပိုကြိုဟောစကားနဲ့ ပတ်သက်သလား"

"ပို ကြိုဟောစကားနဲ့ သိပ်ပတ်သက်တယ်"

"ကောင်းပြီ" ဟယ်ရီက ပြောတယ်။ မသိတာရှိနေသေးပေမယ့် ချင်းဆဲက သံသယတွေ ပျောက်သွားတယ်။



သူဟာ လှည့်ပြီး ထွက်သွားမယ်လုပ်တယ်၊ ရုတ်တရက် တခြား အခွန်းတစ်ခုကို သတိရလိုက်လို့ ပြန်လှည့်လိုက်တယ်။

"ဆရာ၊ သင် ကျွန်တော့်ကို ပြောတာတွေ ရွန်နဲ့ ဟာမီးကို ပြောပြလို့ ရလား"

ဒမ်ဘယ်ဒိုးက သူ့ကို ခဏအကဲခတ်နေတယ်။ ဒီနောက် ပြောတယ်။ "ရတယ်၊ မစ္စတာ ဝေးစလီနဲ့ မစ်ဂရန်ဂျာတို့ဟာ မိမိတို့ကို ယုံရတယ်ဆိုတာ သက်သေပြပြီးပြီလို့ ကျုပ်ထင်တယ်။ ဒါပေမယ့်၊ ဟယ်ရီ၊ သူတို့ ဒီကိစ္စကို တခြား ဘယ်သူ့ကိုမှ မပြောဖို့ မင်း သူတို့ကို တားမြစ်စေချင်တယ်။ တကယ် လို့ သတင်းပေါက်ကြားသွားရင်၊ ကျုပ်တို့ ဗိုလဒီမွှန့်ရဲ့ လျှို့ဝှက်ချက်ကို သိတယ်ဆိုတာ လူသိသွားရင်၊ မကောင်းတော့ဘူး"

"မဖြစ်ပါဘူး၊ ဆရာ။ ရွန်နဲ့ ဟာမီးတို့နှစ်ယောက်ပဲ သိခွင့်ပေးမှာ အာမခံပါတယ်။ မင်္ဂလာညပါ"

သူထွက်သွားဖို့ လှည့်လိုက်ပြန်တယ်၊ တံခါးနားရောက်ခါနီးမှာ သူ အရာတစ်ခုကို မြင်လိုက်တယ်။ အနုစိတ် ငွေထည်တွေ တင်ထားတဲ့ ခြေတံ သွယ်သွယ် စားပွဲလေးပေါ်မှာ၊ အရုပ်ဆိုးတဲ့ ရွှေလက်စွပ်တစ်ကွင်း ရှိတယ်၊ ကြီးပြီး အက်ကြောင်းပါတဲ့ အနက်ရောင် ကျောက်ရတနာကို ကွင်းထားတယ်။

"ဆရာ" ဟယ်ရီက ၎င်းကို ကြည့်ရင်း မေးတယ်။ "အဲဟို လက်စွပ် —"

"ဘာလဲ" ဒမ်ဘယ်ဒိုးက ပြောတယ်။

"ဟိုညက ကျွန်တော်တို့ ပါမောက္ခ စလပ်ဂဟွန်းဆီ သွားတုန်းက၊ သင် ၎င်းကို စွပ်ထားတယ်"

"ဟုတ်တယ်" ဒမ်ဘယ်ဒိုးက ဝန်ခံတယ်။

"ဒါပေမယ့်၊ အဲဒါ . . . . ဆရာ၊ အဲဒါ မာဗိုလို-ဂေါင့်က အောက်ဒန်ကို ပြတဲ့ လက်စွပ်မဟုတ်လား"

ဒမ်ဘယ်ဒိုးက အသာလေး ခေါင်းညိတ်တယ်။

"အဲဒီလက်စွပ်ပဲ"

"ဒါပေမယ့် ဘယ်လိုလုပ်ပြီး —? ၎င်း သင့်ဆီမှာ ရှိနေသလား"

"ဟင့်အင်း၊ ကျုပ် ခုတလောမှရတာ" ဒမ်ဘယ်ဒိုးက ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဝင်စစ်၊ ကျူပ် မင်းကို မင်းအဒေါ်နဲ့ ဦးလေးတို့အိမ် သွားမကြိုခင် ရက်အနည်းငယ်ကမှ ရတာ"

"သင့်လက်ဟာ အဲဒီတုန်းက ဒဏ်ရာရတာလား၊ ဆရာ"

"အဲဒီအချိန်လောက်မှာပဲ၊ ဟုတ်တယ်၊ ဟယ်ရီ"

ဟယ်ရီက တွန့်ဆိုင်းနေတယ်။ ဒမ်ဘာလီဒိုးက ပြုံးနေတယ်။

"ဆရာ၊ ဘယ်လိုဖြစ်တာလဲ —"

"သိပ်နောက်ကျနေပြီ၊ ဟယ်ရီ။ နောက်မှ မင်းကို ဒီဇာတ်ကြောင်း ပြောပြမယ်၊ မင်္ဂလာညပါ"

"မင်္ဂလာညပါ၊ ဆရာ"



# ၁၁။ ဟာမီး ကူညီလိုက်ခြင်း

ဟာမီး ကြိုပြောထားသလိုပဲ၊ ဆဌမနှစ်အတန်းမှာ အတန်းမတက်ရတဲ့ အချိန်တွေဟာ ရွှန် မျှော်လင့်ထားသလို လွတ်လွတ်ကျွတ်ကျွတ် နားလို့မရဘူး။ ဆရာတွေပေးတဲ့ အိမ်စာအများအပြားကို ကြိုးစားပြီး ပြီးအောင်လုပ်ကြရတယ်။ သူတို့ဟာ နေ့စဉ်စာမေးပွဲဖြေရသလို တအား ကြိုးစားရတဲ့အပြင်၊ စာတွေလည်း အရင်ကထက် များလာတယ်။ ဒီရက်တွေမှာ ပါမောက္ခ မက်ဂေါ်နာဂေါ် သင်ကြားတဲ့အရာတွေကို ဟယ်ရီဟာ တစ်ဝက်လောက် နားမလည်ဘူး။ ဟာမီးတောင်မှ ပါမောက္ခ မက်ဂေါ်နာဂေါ် သင်တာကို တစ်ကြိမ် နှစ်ကြိမ် ထပ်ပြောဖို့ တောင်းဆိုပြီးမှ နားလည်တော့တယ်။ မယုံနိုင်စရာဖြစ်ရပ်ကတော့၊ ဟယ်ရီ အပိုင်ဆုံးဘာသာရပ်ဟာ မှော်ဆေးပညာ ဖြစ်သွားတာပဲ။ အဲဒါ ဟိုသွေးနှောမင်းသား အကျိုးကျေးဇူးကြောင့်။ ဟာမီးကိုလည်း ကြာလေ မကျေနပ်လေ ဖြစ်စေတယ်။

အခု သူတို့ကို အသံမဲ့ဂါထာ သုံးဖို့ တောင်းဆိုလာပြီ။ မှော်နက်ပညာ ကာကွယ်တဲ့ အတတ်ဘာသာတင် မကဘူး၊ မှော်ဂါထာဘာသာနဲ့ မှော်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းဘာသာမှာလည်း ဒီအတိုင်း တောင်းဆိုတယ်။ ဟယ်ရီဟာ အများနား နေခန်းမှာ ဒါမှမဟုတ် ထမင်းစားတဲ့အခါမှာ၊ သူ့အတန်းတူ သူငယ်ချင်းတွေ မျက်နှာကြီး နီဖောင်းနေပြီး တိတ်တိတ်လေး မိမိကိုယ်မိမိ စိန်ခေါ်နေတာ တွေ့ရတယ်။ ဝမ်းနုတ်ဆေး အလွန်အကျွံ သောက်မိသလိုပဲ။ ဒါပေမယ့် သူ သိတယ်။ စင်စစ်မှာ၊ သူတို့ဟာ ဂါထာကို အသံထွက်မရွတ်ဘဲ မှော်ပညာကို အကျိုးသက်ရောက်စေတဲ့ အတတ်ပညာကို အပင်ပန်းခံ လေ့ကျင့်နေတာ။ အပြင်ဘက်က အနွေးခန်းကို ရောက်မှ အားလုံး အသက်ရှူချောင်သွားတယ်။ အခု၊ မှော်ဆေးပင်ပညာအတန်းမှာ ကိုင်တွယ်ရတဲ့ အပင်တွေဟာ အရင်က ထက် အန္တရာယ်ကြီးတယ်။ ဒါပေမယ့်၊ အဆိပ်လက်တံအပင်ဟာ မထင်မှတ်ဘဲ နောက်ကနေ သူတို့ကို ဖမ်းကိုင်တဲ့အခါမှာ၊ သူတို့ဟာ အကျယ်ကြီး ဂါထာ ရွတ်ဆိုခွင့်တော့ ရသေးတယ်။

ကျောင်းစာတွေက သိပ်များ၊ နေ့ရောညပါ အသံမဲ့ ဂါထာရွတ်နည်း လေ့ကျင့်ရလို့၊ ဟယ်ရီ၊ ရွန်နဲ့၊ ဟာမီးတို့ဟာ ဟက်ဂရစ်ကို သွားတွေ့ဖို့ အချိန် မရကြဘူး။ ဟက်ဂရစ်ဟာ ဆရာလုပ်သားစားပွဲကို ထမင်းလာမစားတော့ဘူး။ ဒါဟာ မကောင်းတဲ့ နိမိတ်ပဲ။ ပြီးတော့ အကြိမ်တချို့ သူတို့ဟာ စင်္ကြံထဲ ဒါမှမဟုတ် အပြင်က ကွင်းထဲမှာ သူနဲ့ တိုးမိတုန်းက သူဟာ သူတို့ကို မမြင် ချင်ယောင် ဆောင်သွားတယ်။ သူတို့နှုတ်ဆက်တာကိုလည်း မကြားဘူး။ ဒါ သိပ်ကို ထူးဆန်းတယ်။

"ငါတို့သွားပြီး ရှင်းပြမှဖြစ်မယ်" စနေနေ့ နံနက်စောစောစာ စား တော့၊ ဟာမီးဟာ ဆရာလုပ်သားစားပွဲက ဟက်ဂရစ်ရဲ့ လူမရှိတဲ့ ထိုင်ခုံကြီးကို ကြည့်ပြီး ပြောတယ်။

"ဒီနေ့မနက်ပိုင်း ခွေဒစ်လူရွေးပွဲ ရှိတယ်" ရွန်က ပြောတယ်။ "ပြီး တော့ ဖလစ်ဝစ်ပေးထားတဲ့ အက္ခမင်တီဂါထာလဲ လေ့ကျင့်ရမယ်။ ပြီးတော့လဲ ဘာများရှင်းပြစရာရှိလို့လဲ။ ငါတို့က သူ့ကို အဲဒီညံ့ဖျင်းတဲ့ အတန်းကို မုန်းတယ် လို့ သွားပြောရမှာလား"

"ငါတို့ ရင်းကို မမုန်းဘူး" ဟာမီးက ပြောတယ်။

"အဲဒါ နင့်ဖာသာပြောတာ၊ ငါကတော့ ဟိုမီးပန်းပိုးကောင်တွေကို မမေ့သေးဘူး" ရွန်က မျက်နှာကြီးရှုံ့ပြီး ပြောတယ်။ "အခု ငါပြောပြမယ် ဒါနဲ့ အလွတ်ရုန်းနိုင်တာ သိပ်ကံကောင်းတယ်။ သူ့ငတိုင်းညီလေးအကြောင်း



သူပြောတာ နင် မကြားဘူးလား — တကယ်လို့ ငါတို့ ဆက်တက်ရင်၊ အခု ဂရော့ဖ်ကို ဖိနပ်ကြိုး ဘယ်လိုချည်ရတယ်ဆိုတာ သင်နေရမှာ"

"ငါ ဟက်ဂရစ်နဲ့ စကားမပြောတာ မကြိုက်ဘူး" ဟာမီးက ပြော တယ်။ သိပ်စိတ်မကောင်းပုံရတယ်။

"ဒါဆို ငါတို့ ခွေဒစ်ရွေးချယ်ပွဲပြီးမှ သွားမယ်" ဟယ်ရီက သူမကို နှစ်သိမ့်ပြောတယ်။ သူလည်း ဟက်ဂရစ်ကို သိပ်သတိရတယ်။ ဒါပေမယ့် သူလည်း ရွန့်လိုပဲ။ အကောင်းဆုံး ဂရော့ဖ်နဲ့ တစ်သက်လုံး မဆက်ဆံရင် ကောင်းမယ်လို့ ထင်တယ်။ "လျှောက်တဲ့လူ အများကြီးမို့ ရွေးချယ်ပွဲကို တစ် နေ့လုံး လုပ်ရမယ်ထင်တယ်" သူ အသင်းခေါင်းဆောင်လုပ်ပြီးနောက် ပထမ ဆုံး အတားအဆီးကို တွေးမိတော့ စိတ်ထဲမှာ နည်းနည်းစိုးရိမ်သွားတယ်။ "ဘာကြောင့်မှန်းမသိဘူး၊ ဒီအသင်းကို ရုတ်တရက် သိပ်ကြိုက်ကြတာပဲ"

"အိုး၊ တော်စမ်းပါ၊ ဟယ်ရီ" ဟာမီးဟာ ရုတ်တရက် စိတ်မရှည် တော့ဘူး။ သူမက ပြောတယ်။ "ကြိုဆိုခံရတာ ခွေဒစ်မဟုတ်ဘူး၊ နင့်ကို။ နင့်ကို ဘယ်တုန်းကမှ ဒီလောက်စိတ်ဝင်စားတာ မရှိဘူး။ ရှင်းရှင်းပြောရရင်၊ နင်ဟာ ဘယ်တုန်းကမှ ဒီလောက် လူတွေကြိုက်တာ မရှိဘူး"

ရွန်ဟာ ပါးစပ်ထဲက ကျပ်တင်ငါးခြောက်တုံးကြီးနဲ့ ဆို့သွားတယ်။ ဟာမီးဟာ သူ့ကို အထင်သေးစွာ ကြည့်လိုက်ပြီး ဟယ်ရီ့ဘက် လှည့်လိုက် ပြန်တယ်။

"အခု၊ အားလုံးက နင်ပြောတာ အမှန်တွေဆိုတာ သိပြီ။ ဟုတ်လား။ မှော်လောကတစ်ခုလုံးဟာ နင်ပြောတဲ့ ဗိုလ်ဒီမော့ ပြန်နာလန်ထူလာမယ်ဆိုတဲ့ အကြောင်း မှန်တာ အသိအမှတ် မပြုလို့မရဘူး။ ပြီးတော့ နင်ဟာ လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းမှာ တကယ်ပဲ သူနဲ့ နှစ်ကြိမ်ယှဉ်ပြိုင်ခဲ့တယ်။ နှစ်ကြိမ်လုံး အသေဘေးက လွတ်ခဲ့တယ်။ အခု သူတို့က နင့်ကို 'အရွေးချယ်ခံရသူ' လို့ ခေါ်တယ် — ဘယ့်နှယ်လဲ၊ နင် အခုတောင် လူတွေ နင့်ကို ဘာကြောင့် ကြိုက်တယ်ဆိုတာ မသိသေးဘူးလား"

မျက်နှာကြက်က မိုးစွေပုံရပေမယ့် ခန်းမထဲမှာ အနေရကျပ်အောင် ပူလာတယ်လို့ ဟယ်ရီ ရုတ်တရက် ထင်လာတယ်။

"ရှိသေးတယ်၊ နင်ဟာ မှော်ဝန်ကြီးဌာနက နင့်ကို ဒုက္ခပေးတာ ခံခဲ့ ရတယ်။ သူတို့က နင့်ကို ပုံမှန်မရှိတဲ့ လူ၊ လိမ်ပြောတဲ့လူဖြစ်အောင် အထင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာ။ အဲဟို ဆိုးယုတ်တဲ့ မိန်းမဟာ နင့်ကို သွေးနဲ့ အရာကျန်အောင် ရေးခိုင်းတယ်၊ အခုတောင် အရာကျန်သေးတယ်။ ဒါပေမယ့် နင်ကတော့ မိမိသဘောအတိုင်း ရပ်ခံတယ် . . . .

"ဝန်ကြီးဌာနထဲမှာ ဟိုကောင်တွေ ငါ့ကို ဖမ်းတုန်းကရတဲ့ ဦးနှောက် အရာတွေ ခုထိ မြင်နိုင်တယ်၊ နင်ကြည့်" ရွှန်က ပြောရင်း အင်္ကျီလက်မောင်းကို အပေါ်ပင့်လိုက်တယ်။

"ပြီးတော့၊ နင် နွေကျောင်းပိတ်ရက်မှာ တစ်လက်မလောက် အရှ မြင့်လာတယ်။ ဒါလဲ ထူးခြားတာပဲ" ဟာမီးက ရွှန့်ကို အရေးမလုပ်ဘဲ စကားဆုံးအောင် ပြောတယ်။

"ငါလဲ အရပ်ရှည်လာပြီ" ရွှန်က ဘာမှန်းမသိ စကားတစ်ခွန်း ပြောလိုက်တယ်။

စာပို့တဲ့ဇီးကွက်တွေ လာပြီ၊ မိုးရေတွေနဲ့ ပြတင်းကို ထိုးဆင်းဖြတ်ဝင် လာတယ်၊ မိုးစက်တွေကို ခန်းမထဲရှိ လူအားလုံးရဲ့ ခေါင်းပေါ် ကိုယ်ပေါ် ကျသွားစေတယ်။ လူအများစုရတဲ့ စာတွေအထုပ်တွေ ခါတိုင်းထက် များတယ် ပူပင်နေတဲ့ မိဘတွေဟာ မိမိကလေးတွေ အခြေအနေကို သိချင်နေကြတယ် တစ်ခါ သူတို့အိမ်က အခြေအနေအားလုံးကိုလည်း ကလေးကို ပြောပြတယ် ဟယ်ရီဟာ ကျောင်းဖွင့်ကတည်းက စာမရသေးဘူး။ သူ့ကို စာအမြဲရေးပေး လူတစ်ယောက်တည်းရှိတာ သေသွားပြီ။ သူဟာ လူပင်ကို တစ်ခါတစ် သူ့ဆီ စာရေးပေးဖို့ တိတ်တိတ်မျှော်လင့်ဖူးတယ်။ ဒါပေမယ့် အဲဒီမျှော်လ ခြင်းလည်း ဘာမှဖြစ်မလာဘူး။ ဒါကြောင့်၊ ညိုညိုမွဲမွဲ ဇီးကွက်တွေကြား တက်ဒဝစ်ရဲ့ ဖြူဖွေးတဲ့ အရိပ်ကို မြင်တော့၊ သိပ်ကို အံ့ဩသွားတယ်။ ဟ ဒဝစ်ဟာ လေးထောင့်အထုပ်ကြီးတစ်ထုပ်ကို ဟယ်ရီ့ရှေ့ လာချတယ်။ ခ နေတော့၊ ရွှန့်ရှေ့မှာလည်း တစ်ပုံစံတည်းတူတဲ့ အထုပ်တစ်ထုပ် ရောက်လ တယ်။ သူ့ရဲ့ သေးငယ်တဲ့ ဇီးကွက်ကလေး ဝက်ကလေး အောက်မှာ ပိနေတ မောလွန်းလို့ အသက်တောင် မရှုနိုင်ဘူး။

"ဟား" ဟယ်ရီက ပြောရင်း အထုပ်ကို ဖောက်လိုက်တယ်။ အ က 'အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်း' စာအုပ် ပေါ်လာတယ်။ အဲဒါ အောင် ခြင်းနဲ့ အညွှန်းကွက်ဆိုင်က ပို့လိုက်တာ။



"အိုး၊ သိပ်ကောင်းတယ်" ဟာမီးက ဝမ်းသာစွာ ပြောတယ်။ "အခု နင် ဟိုလျှောက်ရေးခြစ်ထားတဲ့ စာအုပ်ကို ပြန်ပေးလိုက်တော့"

"နင် ရူးနေလား" ဟယ်ရီက ပြောတယ်။ "ငါ ၎င်းကို ယူထားမယ်။ ကြည့်၊ ငါ အစောကြီးကတည်းက စဉ်းစားပြီးပြီ —"

သူဟာ လွယ်အိတ်ထဲကနေ 'အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်း' စာအုပ် ဟောင်းကို ဆွဲထုတ်ပြီး မှော်ကြိမ်လုံးနဲ့ မျက်နှာဖုံးကို ခေါက်လိုက်တယ်။ "တကွဲတပြားဖြစ်စေ" လို့ ပြောလိုက်တယ်။ စာအုပ်ဖုံး ကျွတ်ကျလာတယ်။ သူဟာ စအုပ်သစ်ကိုလည်း ဒီအတိုင်း လုပ်တယ် (ဟာမီးက ထိတ်လန့်ပုံ ပေါ်နေတယ်)။ ပြီးတော့ ဟယ်ရီက အဖုံးနှစ်ခုကို လဲလိုက်တယ်။ တစ်ခါ တစ်ခုပြီးတစ်ခု ခေါက်ကာ "မူလအတိုင်း ပြန်ဖြစ်စေ"လို့ ပြောလိုက်တယ်။

ဒီလိုနဲ့ မင်းသားစာအုပ်ကို အဖုံးသစ်နဲ့ စာအုပ်သစ်ပုံ လုပ်လိုက်ပြီး၊ အောင်မြင်ခြင်းနဲ့ အမည်းကွက်က ပို့လိုက်တဲ့ စာအုပ်သစ်ကတော့ စုတ်နေပြီး တစ်ပတ်ရစ်ပုံပေါ်သွားတယ်။

"ငါ စာအုပ်သစ်ကို စလပ်ဂ်ဟွန်း ပြန်ပေးလိုက်မယ်။ သူ မကျေနပ် ရော မရှိဘူး။ ဒါ ငါ ကိုးဂါလုံးနဲ့ ဝယ်ရတာ"

ဟာမီးဟာ ပါးစပ်ကို စေ့ပြီး ဒေါသနဲ့ မကျေနပ်ပုံ ပေါက်နေတယ်။ ဒီအချိန်မှာ တတိယဇီးကွက်ဟာ ဒီနေ့ 'ကြိုဟောဆရာများနေ့စဉ်' သတင်းစာ နဲ့ သူမရှေ့ ရောက်လာတယ်။ ဒါကြောင့် သူမ အာရုံပြောင်းသွားတယ်။ သူမ ဟာ သတင်းစာကို အမြန်ထုတ်ပြီး ပထမစာမျက်နှာကို ဟိုဒီကြည့်လိုက်တယ်။

"ငါတို့သိတဲ့လူ သေလား" ရွှန်က ပေါ့ပေါ့ပဲ မေးတဲ့ပုံလုပ်ပြီး မေး တယ်။ ဟာမီး သတင်းစာ ဖတ်တိုင်း၊ သူက ဒီမေးခွန်း မေးတယ်။

"မရှိဘူး၊ ဒါပေမယ့် ဝိညာဉ်စုပ်ကောင် တိုက်ခိုက်တဲ့သတင်း ပါပြန်ပြီ" ဟာမီးက ပြောတယ်။ "လူတစ်ယောက် အဖမ်းခံရပြန်ပြီ"

"သိပ်ကောင်းတာပဲ၊ ဘယ်သူလဲ" ဟယ်ရီက ပြောတယ်။ စိတ်ထဲမှာ ဘဲလက်ထရစ်-လက်စထရိန်းကို တွေးမိတယ်။

"စတန်း-ဆန်ဖိုက်" ဟာမီးက ပြောတယ်။

"စတန်း-ဆန်ဖိုက်ဟာ မှော်လောကမှာ နာမည်ကြီးတဲ့ မြင်းစီးသူရဲ့ ဆတ်စကား လက်မှတ်ရောင်းဖြစ်တယ်။ ဒက်အီတာလှုပ်ရှားမှုနဲ့ ပတ်သက်ပြီး အဖမ်းခံရတယ်။ မစ္စတာဆန်ဖိုက်ရဲ့ လက်ရှိအသက်မှာ နှစ်ဆယ့်တစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။ မနေ့ညက ၄င်းရဲ့ ကလက်ပဟမ်းရှိ နေအိမ်တွင် ရဲများ ဝင်ရောက်ရှာဖွေပြီး ဖမ်းဆီးလိုက်တယ် . . . ."

"စတန်း-ဆန်ဖိုက်က ဒက်အီတာ ? " လွန်ခဲ့တဲ့ သုံးနှစ်က တွေ့ဆုံရတဲ့ မျက်နှာပေါ်မှာ ဝက်ခြံတွေနဲ့ ကောင်လေးကို ဟယ်ရီ သတိရတယ်။ "မဖြစ်နိုင်ဘူး"

"သူ့ ဝိညာဉ်လုကျိန်စာ မိတယ်ထင်တယ်" ရွန်က အကျိုးအကြောင်း ရှိရှိ ထင်ကြေးပေးတယ်။ "ဒါပြောလို့ မရဘူးနော်"

"ဓာတော့မတူဘူး" ဟာမီးက သတင်းစာ ဆက်ဖတ်နေရင်း ပြောတယ်။ "ဒီမှာ ပြောထားတာက၊ သူ အရက်ဆိုင်တစ်ဆိုင်မှာ ဒက်အီတာတွေရဲ့ လျှို့ဝှက်စီမံကိန်းအကြောင်း ပြောပြီးနောက် သူ့ကို ဖမ်းတာလို့ ပြောတယ်" သူမ ခေါင်းမော့လိုက်တယ်။ အမှုအရာက စိတ်ညစ်တဲ့ အမူအရာနဲ့။ "တကယ်လို့ သူ ဝိညာဉ်လုကျိန်စာ ချခံရရင်၊ နေရာတကာသွားပြီး ၄င်းတို့ရဲ့စီမံကိန်း အကြောင်း ပြောလို့မရဘူး။ ဟုတ်တယ်မဟုတ်လား"

"ကြည့်ရတာ သူက မိမိဘယ်လောက် သိတယ်ဆိုတာ ကြွားချင်လို့နဲ့ တူတယ်" ရွန်က ပြောတယ်။ "ထိုနှစ်က သူဟာ ဖို ဗီးလာတွေနဲ့ ရင်းနှီးချင်တုန်းက မှော်ဝန်ကြီးဖြစ်တော့မယ်လို့ ကြွားခဲ့ဖူးတယ်"

"ဟုတ်တယ်၊ သူပဲ" ဟယ်ရီက ပြောတယ်။ "သူတို့ ဘာလုပ်နေမှန်းကို မသိဘူး၊ စတန်းစကားကိုများ အတည်ထင်နေတယ်"

"အများကို သူတို့ အလုပ်လုပ်နေတယ်ဆိုတာ ပြချင်လို့နဲ့တူတယ်" ဟာမီးက မျက်မှောင်ကြုတ်ရင်း ပြောတယ်။ "အခု လူတွေ ချောက်ချားနေတယ် —— နင် သိလား။ အမြွာညီအစ်မ ပါတီးရဲ့မိဘက သူမတို့ကို ပြန်ခေါ်သွားမလို့တဲ့။ အလွိုင်းစီ-မစ်ဒဂျင် ကျောင်းထွက်သွားပြီ။ သူ့အဖေ မနေ့ညက သူ့ကို လာခေါ်သွားတယ်"

"ဘာ ! " ရွန်က မျက်လုံးကြီးပြူးပြီး ဟာမီးကို ကြည့်ရင်း ပြောတယ်။ "ဒါပေမယ့် ဟော့ဂ်ဝပ်က သူတို့အိမ်ထက် လုံခြုံတယ်လေ။ ဒါ သံသယရှိစရာ မလိုဘူး၊ ငါတို့မှာ အောရာတွေ ရှိတယ်၊ ကာကွယ်စောင့်ရှောက်တဲ့ဂါထာတွေ အများကြီးလဲ ထပ်ချထားတယ်။ ဒမ်ဘယ်လီဒိုးလဲ ရှိသေးတယ်"

"တကယ်တော့ သူဟာ ငါတို့အနားမှာ အမြဲရှိတာ မဟုတ်ဘူးလို့ ငါ ထင်တယ်" ဟာမီးက အသံနှိမ့်ပြောတယ်။ သူမအကြည့်ဟာ 'ကြိုဆော



ဆရာများနေ့စဉ်' ပေါ်ကနေ ဆရာလုပ်သားစားပွဲကို ကြည့်လိုက်တယ်။ "နင်တို့ သတိမထားမိဘူးလား။ ခု ဒီအပတ်မှာ သူ့နေရာ ဟက်ဂရစ်လိုပဲ အမြဲလွတ်နေတယ်"

ဟယ်ရီနဲ့ ရွန်တို့ ဆရာလုပ်သားစားပွဲကို မော့ကြည့်တယ်။ တကယ်ပဲ၊ ကျောင်းအုပ်ဆရာကြီးထိုင်ခုံမှာ လူမရှိဘူး။ ဟယ်ရီ သေချာတွေးကြည့်တော့၊ လွန်ခဲ့တဲ့တစ်ပတ်အရင်ကတည်းက ဒမ်ဘယ်လီဒိုး သူ့ကို ခေါ်သင်ကြားပြီးနောက်၊ သူဟာ သူ့ကို မတွေ့ရတော့ဘူး။

"သူ ကျောင်းက ထွက်ခွာသွားတာ ဖီးနစ်အဖွဲ့နဲ့ ပတ်သက်တာ သွားလုပ်တာလို့ ငါထင်တယ်" ဟာမီးက တိုးတိုးပြောတယ်။ "ငါ ဆိုလိုတာက . . . . အခုအခြေအနေက သိပ်ဆိုးလာတယ်၊ ဟုတ်လား"

ဟယ်ရီနဲ့ ရွန် မဖြေဘူး။ ဒါပေမယ့် သူတို့အားလုံး ကိစ္စတစ်ခုတည်းကို တွေးနေမှန်း ဟယ်ရီ သိတယ်။ တစ်နေ့က ကြောက်စရာတစ်ခု ဖြစ်ခဲ့တယ်။ ဟန်နာ-အဘော့ဟာ မှော်ဆေးပညာအတန်းထဲမှာ လာခေါ်သွားခံရတယ်။ သူ့အမေ အသတ်ခံရကြောင်း ပြောပြတယ်။ အဲဒီအချိန်ကစပြီး ဟန်နာကို သူတို့ နောက်ထပ်မတွေ့ရတော့ဘူး။

ငါးမိနစ်ကြာတော့၊ သူတို့ ဂရစ်ဖင်းဒေါစားပွဲက ထွက်ပြီး ခွေခစ်ကွင်းကို သွားစဉ်၊ လာဗင်ဒါ-ဘရောင်းနဲ့ ပါဗာတီ-ပါတီးတို့နဲ့ မျက်နှာချင်းဆိုင်ဆုံတယ်။ ပါတီးအမြွာညီအစ်မရဲ့မိဘက သူမတို့ကို ဟော့ဂ်ဝပ်က ထွက်စေချင်တဲ့အကြောင်း ဟာမီး ပြောပြတာ ဟယ်ရီ သတိရတယ်။ ဒါကြောင့်၊ အဲဒီ သူငယ်ချင်းနှစ်ယောက် တိတ်တခိုး ပြောဆိုကြတာ၊ ဝမ်းနည်းပုံပေါက်နေတာ မြင်ရတော့ သူ မအံ့သြတော့ဘူး။ သူ ထိတ်လန့်မိတာက၊ ရွန် သူမတို့အနားက ဖြတ်သွားတော့၊ ပါဗာတီက လာဗင်ဒါကို တံတောင်နဲ့ တွက်လိုက်တယ်။ လာဗင်ဒါက လှည့်ပြီး ရွန့်ကို တောက်ပစွာ ပြုံးပြတယ်။ ရွန်က သူမကို မျက်တောင်ခတ်ပြပြီး တွန့်ဆိုင်းစွာနဲ့ ပြန်ရယ်ပြတယ်။ သူ လမ်းလျှောက်တဲ့ပုံဟာ ချက်ချင်း ဟိတ်နဲ့ဟန်နဲ့ ဖြစ်သွားတယ်။ ဟယ်ရီက မြင်တော့ ရယ်ချင်တယ်၊ ဒါပေမယ့် အမြန်အောင့်လိုက်တယ်။ မော်ဖိုင် မိမိနှာခေါင်းကို ကွဲအောင် ထိုးစဉ်တုန်းက ရွန်က သူ့ကို မကဲ့ရယ်တာ သတိရလိုက်တယ်။ ဟာမီးကတော့ အေးစက်စက် ဖြစ်နေတယ်။ သူမဟာ နှင်းဝေတဲ့ မိုးဖွဲဖွဲထဲ ဖြတ်ပြီး အောက်ဘက် ဘောကွင်းကို လျှောက်သွားတယ်။ ဒီနောက်၊ ရွန့်ကို တံတောင်

www.burmeseclassic.com

www.burmeseclassic.com



ပါစေလို့ ဆုမတောင်းဘဲ သူမဖာသာ အထက်က ပွဲကြည့်စင်ပေါ်မှာ နေရာ ဝင်ယူတယ်။

ဟယ်ရီ ကြိုတင်ခန့်မှန်းထားသလိုပဲ၊ ရွေးချယ်ပွဲကို တစ်မနက်လုံး ပြုလုပ်ရတယ်။ ဂရစ်ဖင်းဒေါဟောက်စ်ကျောင်းက ပထမနှစ်ကနေ သတ္တမနှစ်ထိ ကျောင်းသားတစ်ဝက်လောက် လာကြတယ်။ ပထမနှစ် ကျောင်းသားတွေဟာ ကျောင်းဂိုထောင်ထဲက ရွေးယူလာတဲ့ တံမြက်စည်း စုတ်စုတ်ပြတ်ပြတ်တွေကို စိတ်လှုပ်ရှားစွာ ကိုင်ထားကြတယ်။ သတ္တမနှစ် ကျောင်းသားတွေကတော့ အရပ်မြင့်ပြီး ပေါ်လွင်တယ်၊ ပုံပန်းက အလွန်မိုက်တယ်။ သတ္တမနှစ်ကျောင်းသားထဲမှာ ဆံပင်ထူထူမာမာနဲ့ အရပ်မြင့်မြင့် လူတစ်ယောက် ပါတယ်။ သူဟာ ဟော့ဂ်ဝပ် အထူးအမြန်ရထားထဲက ကျောင်းသားဆိုတာ ဟယ်ရီ ချက်ချင်း မှတ်မိတယ်။

"ငါတို့ ရထားပေါ်မှာ တွေ့ဖူးတယ်။ ပက်ကျိုကြီးရဲ့ တွဲခန်းထဲမှာ" သူက ယုံကြည်စွာ ပြောရင်း လူအုပ်ထဲက လျှောက်ထွက်လာပြီး ဟယ်ရီနဲ့ လက်ဆွဲနှုတ်ဆက်ဖို့ လုပ်တယ်၊ "ကော်မက်-မက်လက်ဂင်၊ ဂိုးစောင့်"

"ခင်ဗျား မနှစ်က ရွေးချယ်ပွဲ မဝင်ဘူး၊ ဟုတ်လား" မက်လက်ဂင်ရဲ့ ရင်ဘတ်ကျယ်ကျယ်ကို မြင်တော့၊ သူ ရပ်နေတောင် ဂိုးတိုင် သုံးခုကို ပိတ်ဆို့ထားနိုင်မှာပဲလို့ ဟယ်ရီက တွေးတယ်။

"မနှစ်က ရွေးချယ်ပွဲလုပ်တုန်းက ကျွန်တော် ဆေးရုံတက်နေရတယ်" မက်လက်ဂင်ဟာ အကြွားလေးနဲ့ ပြောတယ်။ "ကျွန်တော် သူများနဲ့ လောင်းပြီး ဒေါ်စီဥ တစ်ပေါင် စားလိုက်တယ်"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ "ကောင်းပြီ . . . . ခင်ဗျား အဲဒီမှာပဲ စောင့်နေ . . . ."

သူက ဘောကွင်းအစပ်က ဟာမီး ထိုင်နေတဲ့နေရာကို လက်ညှိုးထိုးပြတယ်၊ သူဟာ မက်လက်ဂင်မျက်နှာပေါ် ဖြတ်သွားတဲ့ စိတ်အနှောင့်အယှက်ဖြစ်တဲ့ အမူအရာတစ်စကို မြင်လိုက်ရသလိုပဲ။ မက်လက်ဂင်ဟာ သူတို့နှစ်ယောက်စလုံး ပက်ကျိုကြီးရဲ့ အချစ်တော်လို့ ထင်ပြီး သူ့ အထူးအခွင့်အရေးမျှော်မှန်းများ ထင်နေသလားလို့ ဟယ်ရီ တွေးမိတယ်။

ဟယ်ရီက အခြေခံစမ်းသပ်မှုတစ်ခု အရင်လုပ်မယ်လို့ ဆုံးဖြတ်တယ်။ သူက ဘောသင်းထဲဝင်ဖို့ လျှောက်တဲ့လူတွေကို ဆယ်ယောက်တစ်စု



စီ ဘောကွင်းကို တစ်ပတ် ပတ်ပျံခိုင်းတယ်။ ဒါဟာ တကယ်ပဲ အမြော်အမြင်ရှိတဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်။ ပထမအုပ်စုက လူဆယ်ယောက်ဟာ အားလုံး ပထမနှစ်ကျောင်းသားတွေချည်းပဲ။ သူတို့ အရင်က မပျံသန်းဖူးဘူးဆိုတာ ထင်ရှားတယ်။ ကောင်လေးတစ်ယောက်ပဲ မိုးပေါ်မှာ စက္ကန့်အနည်းငယ် နေနိုင်တယ်။ သူ့ကိုယ်သူတောင် အလွန်အံ့သြတယ်။ နောက်ဆုံးတော့ ဂိုးတိုင်နဲ့ ဝင်ဆောင့်မိသွားတယ်။

ဒုတိယအုပ်စုက မိန်းကလေးဆယ်ယောက်။ ဒီလောက်ညံ့တဲ့ ကောင်မလေးတွေ ဟယ်ရီ တစ်ခါမှ မမြင်ဖူးဘူး။ ဝီစီမှုတ်လိုက်တာနဲ့ သူမတို့ဟာ အခစ်ခစ်ရယ်ပြီး အပြန်အလှန် ဖက်ထားကြတယ်။ ရိုမီဒါ-ဗိန်းလည်း ဒီထဲမှာ ပါတယ်။ ဟယ်ရီက သူမတို့ကို ဘောကွင်းက ထွက်သွားဖို့ပြောတော့၊ သူမတို့ဟာ ပျော်ရွှင်စွာ ထွက်သွားတယ်။ ဒီနောက် ပွဲကြည့်စင်မှာ ထိုင်ပြီး အပြန်အလှန် အပြစ်ပြောနေကြတယ်။

တတိယအုပ်စုဟာ ကွင်းပတ်ပျံစဉ် တပြုံကြီး ပြုတ်ကျလာတယ်။ စတုတ္ထအုပ်စုက လူအများစုဟာ တံမြက်စည်း ပါမလာဘူး။ ပဉ္စမအုပ်စုက ဟပ်ဖ်ဖတ်ကျောင်းသားတွေ ဖြစ်နေတယ်။

"ဒီမှာ ဂရစ်ဖင်းဒေါဟောက်စ်ကျောင်းက မဟုတ်သူ ရှိသေးလား" ဟယ်ရီက အော်ဟစ်တယ်။ သူ တကယ်ပဲ ဒေါသဖြစ်မိတယ်။ "ချက်ချင်း ထွက်သွားပါ"

ခဏနေပြီးနောက်၊ ရေဗင်ခလော နှစ်ငယ်ကျောင်းသားနှစ်ယောက် ဟီးခနဲ ရယ်ပြီး ဘောကွင်းက ပြေးထွက်သွားတယ်။

နှစ်နာရီကြာတော့၊ မကျေနပ်သံတွေ နားထဲ ပြည့်နေပြီး၊ သူများဆိုတာနတာ အကြိမ်အချို့ မြင်ရတယ်၊ ၎င်းအနက် တစ်ယောက်ဟာ ကောမက် နှင်ရှာခြောက်ဆယ်ကို ဖျက်ဆီးပစ်တယ်၊ တစ်ယောက်က သွားတချို့ ကျိုးသွားတယ်။ နောက်ဆုံးမှာ ဟယ်ရီဟာ မိမိအသင်းအတွက် ဘောလိုက်သမား သုံးယောက် ရွေးချယ်နိုင်လိုက်တယ်။ ခက်တီ-ဘဲ၊ သူမ ဖော်ပြချက် ထူးချွန်တယ်၊ အသင်း ပြန်လာရတယ်။ အသစ်တွေ့ရှိသူတစ်ယောက်က ဒီမဲလာ-ရိုဘင်စ်၊ သူဟာ ဘလဒ်ဂါကို ရှောင်တိမ်းရာမှာ အထူးဖျတ်လတ်တယ်၊ ပြီးတော့ ဂျင်နီ-ဝယ်စလီ။ သူမဟာ ကျန်လက်ရွေးစင်များထက် ပိုသာ မြန်တယ်၊ ပြီးတော့ ဘော ဆယ့်ခုနစ်လုံး သွင်းနိုင်တယ်။ ဟယ်ရီက သူရွေးလိုက်

www.burmeseclassic.com

တဲ့ ဒီလူတွေကို အလွန်ကျေနပ်တယ်။ ဒါပေမယ့် မကျေမနပ်ဖြစ်နေတဲ့ လူ အများအပြားကို အော်ဟစ်ပြောဆိုရလို့ သူ အသံတောင် ဝင်နေပြီ။ အခု တစ်ခါ အရွေးမခံရတဲ့ ဘောရိုက်သမားတွေ မကျေနပ်တာကို ရင်ဆိုင်ရပြန်ပြီ။

"ဒီအတိုင်း ဆုံးဖြတ်ပြီးပြီ၊ မင်းတို့ ဂိုးစောင့်အတွက် လမ်းဖယ်မပေး ရင်၊ ငါ မင်းတို့ကို ကျိန်စာချမယ်" သူက အော်ဟစ်တယ်။

သူ ရွေးချယ်တဲ့ ဘောရိုက်သမားနှစ်ယောက်စလုံး ဖရက်နဲ့ ဂျော့ လောက်တော့ မထူးချွန်ဘူး။ ဒါပေမယ့် ကျေနပ်စရာတော့ ကောင်းပါသေး တယ်။ ဂျင်မီ-ဖီးခ်စ်ဆိုတဲ့ ရင်ဘတ်ကျယ်ကျယ်၊ အရပ်ပုပု တတိယနှစ်ကျောင်း သား၊ သူ တအားရိုက်ထုတ်တဲ့ ဘလဒ်ဂါဟာ ဟယ်ရီ့နောက်စေ့ကို ကြက်ဥ လောက်ကြီးတဲ့အဖု ထွက်လာစေတယ်။ ရစ်ချီ-ခွတ်ဟာ ချည့်နဲ့ပုံရပေမယ့် သိပ်လက်တည့်တယ်။ သူတို့နှစ်ယောက်ဟာ အခု ခက်ထီ၊ ဒီမဲဗာနဲ့ ဂျင်နီတို့နဲ့ အတူ ပွဲကြည့်စင်မှာ ထိုင်နေတယ်။ နောက်ဆုံး ဘောသင်းဝင်တစ်ယောက်ကို ဟယ်ရီ ရွေးချယ်တာ ကြည့်နေကြတယ်။

ဟယ်ရီက ဂိုးစောင့်ရွေးတာကို တမင်နောက်ဆုံးမှာ ထားတယ်။ ဒီအချိန်မှာ ကွင်းထဲ လူနည်းသွားစေချင်တယ်။ ဒီလိုဆိုရင် ဝင်ပြိုင်တဲ့လူအချို့ ဖိအားနည်းသွားမယ်။ ကံမကောင်းစွာပဲ၊ အရွေးမခံရတဲ့လူတွေ၊ တဖင့်နွေးနွေး နဲ့ ခုတင်မှ နံနက်စောစောစာ စားပြီးတဲ့လူတွေလည်း ပွဲကြည့်ပရိသတ်အဖြစ် ရောက်လာကြလို့ ပွဲကြည့်စင်ပေါ်ကလူတွေ ခုနကထက် ပိုများလာတယ်။ ဂိုးစောင့်တိုင်း ဂိုးတိုင်ဆီ ပျံသွားတဲ့အခါတိုင်းမှာ၊ ပွဲကြည့်ပရိသတ်ဟာ လိုက်လံ တဲ့ ဩဘာသံနဲ့ ကဲ့ရဲ့သံတွေ ပေးကြတယ်။ ဟယ်ရီက ရွန့်ကို ကြည့်လိုက် တယ်၊ ရွန်ဟာ အမြဲပဲ ပွဲကြောက်တဲ့ အားနည်းချက်ရှိတယ်။ လွန်ခဲ့တဲ့ ကျောင်းပတ်က နောက်ဆုံးပြိုင်ပွဲမှာ အနိုင်ကြီးနိုင်ခဲ့တာကြောင့် ရွန့် ဒီရောဂါ ကို ကုသနိုင်မယ်လို့ ဟယ်ရီ ထင်ခဲ့တယ်။ ဒါပေမယ့် ကြည့်ရတာ မဟုတ်ဘူး ရွန့်မျက်နှာ အနည်းငယ် စိမ်းရောင်သန်းနေတယ်။

ရှေ့က ဝင်ပြိုင်သူ ငါးယောက်စလုံး ဘောနှစ်လုံးစီပဲ ကယ်နိုင်ကြ တယ်။ ဟယ်ရီ သိပ်စိတ်ပျက်မိတာက၊ ကော်မက်-မက်လက်ဂင်ဟာ ဘော ငါးလုံးမှာ လေးလုံး ကယ်နိုင်တယ်။ ဒါပေမယ့် နောက်ဆုံးဘောကို ဖမ်းတော့ သူဟာ ဆန့်တွင်တဲ့ဘက်ကို ပြေးအုပ်လို့ ပရိသတ်က ဝေါခနဲ ကဲ့ရဲ့ ခံရတယ်၊ မက်လက်ဂင်ဟာ အံ့ကြိတ်ပြီး မြေပေါ် ဆင်းခဲ့တယ်။



ရွန်ဟာ မီမီရဲ့ အကုန်သုတ်သင်ဆယ့်တစ်ကို စီးလိုက်တော့၊ အချိန် မရွေး မေ့လဲမယ့်ပုံ ပေါက်နေတယ်။

"ကံကောင်းပါစေ" ပွဲကြည့်စင်ပေါ်က အသံတစ်သံက အော်ပြော တယ်။ ဟယ်ရီ လှည့်ကြည့်တယ်။ ဟာမီးကို တွေ့မယ်ထင်တာ၊ လာဗင်ဒါ- ဘရောင်း ဖြစ်နေတာ မထင်မိဘူး။ ခဏနေတော့၊ ဟယ်ရီလည်း သူမလိုပဲ မျက်နှာကို လက်နဲ့ အုပ်ထားချင်တယ်၊ ဒါပေမယ့် မီမီဟာ အသင်းခေါင်း ဆောင်ဖြစ်တဲ့အတွက် ပိုပြီးသတ္တိပြရမယ်လို့ ထင်တာနဲ့ ရွန့်ကို လှည့်ကြည့် နေတယ်။

စင်စစ်မှာ သူ ပူပင်စရာ မလိုဘူး။ ရွန်ဟာ ပြစ်ဒဏ်ဘောတစ်လုံး၊ နှစ်လုံး၊ သုံးလုံး၊ လေးလုံး၊ ငါးလုံးစလုံး ဆက်တိုက်ကယ်နိုင်ခဲ့တယ်။ ဟယ်ရီက ဝမ်းသာလွန်းလို့ ပျော်နေတယ်။ သူဟာ မိမိကိုယ်မိမိ တအားချုပ်တည်းပြီး ပရိသတ်နဲ့ အတူလိုက်မအော်ဘူး။ သူက မက်လက်ဂင်ဘက် လှည့်လိုက်တယ်၊ ကံမကောင်းစွာပဲ ရွန်က သူ့ကို အနိုင်ယူသွားပြီလို့ ပြောမယ်လုပ်တယ်။ ထင်မှတ်ဘူး၊ သူ ခေါင်းလှည့်လိုက်တာနဲ့ မက်လက်ဂင်ရဲ့ နီရဲနေတဲ့ မျက်နှာ ဟာ သူ့အနား ရောက်နေတယ်။ ဟယ်ရီက နောက်ကို ခြေလှမ်းအနည်းငယ် ဆုတ်လိုက်တယ်။

"သူ့ညီမလေးဟာ ဘောကို သေချာမှ မပို့တာ" မက်လက်ဂင်က စိတ်ဆိုးဆိုးနဲ့ ပြောတယ်။ ၎င်းရဲ့ နားထင်က သွေးကြောတစ်ခု တဒိတ်ဒိတ် ခုန်နေတယ်။ ဒီအခြင်းအရာဟာ ဦးလေးဗာနွံဆီမှာ ဟယ်ရီ အမြဲလို တွေ့ရ တယ်။ ပြီးတော့ အံ့ဩစရာကောင်းတယ်လို့ သူ့ဖာသာ တွေးမိတယ်။ "သူမ သူ့ကိုပေးတဲ့ ဘောက လွယ်လွယ်နဲ့ ကယ်နိုင်တယ်"

"လျှောက်မပြောနဲ့" ဟယ်ရီက အေးစက်စက် ပြောတယ်။ "အဲဒီ ဘော သူလွတ်သွားဖို့ နည်းနည်းလိုတယ်"

မက်လက်ဂင်က ဟယ်ရီ့နား တစ်လှမ်းတိုးလိုက်တယ်၊ ဒီတစ်ခါမှာ ဟယ်ရီ နောက်မဆုတ်ဘူး။

"ငါ့ကို နောက်တစ်ကြိမ် စမ်းခွင့်ပေး"

"မဖြစ်ဘူး" ဟယ်ရီက ပြောတယ်။ "မင်း စမ်းပြီးပြီ၊ မင်းဘောလေး လုံး ကယ်နိုင်တယ်။ ရွန်က ငါးလုံး ကယ်တယ်။ ရွန်က ဂိုးစောင့်၊ သူ တရားစွာ နိုင်တာ။ မင်း မြန်မြန်ထွက်သွား"

www.burmeseclassic.com



အဲဒီခဏလေးမှာ မက်လက်ဂင်က သူ့ကို ထိုးလိမ့်မယ်ထင်တာ၊ ဒါပေမယ့် မက်လက်ဂင်က အရုပ်ဆိုးစွာ ပြောင်ပြပြီး ဒုံး ဒုံး ဒုံး နဲ့ ထွက်သွားတယ်။ တစ်ယောက်တည်း ခြိမ်းခြောက်တဲ့စကားတွေ အော်ဟစ်သွားတယ်။

ဟယ်ရီ လှည့်လိုက်တယ်။ မိမိရဲ့ ဘောသင်းဝင်အသစ်တွေ သူ့ကို ပြုံးပြီး ကြည့်နေတာ တွေ့ရတယ်။

"သိပ်ကောင်းတယ်" သူက အသံအအနဲ့ ပြောတယ်။ "မင်းတို့ပုံတော့ သိပ်ကောင်းတယ် —"

"နင် သိပ်တော်တာပဲ၊ ရွန်"

ဒီတစ်ချိန်မှာတော့ ဟာမီးက ပွဲကြည့်စင်ကနေ သူတို့ဆီ ပြေးလာတယ်။ လာဗင်ဒါနဲ့ ပါဗာထီတို့ လက်ချင်းချိတ်ပြီး ဘောကွင်းက ထွက်သွားတာ ဟယ်ရီ မြင်ရတယ်၊ သိပ်စိတ်ဆိုးနေသလိုပဲ။ ရွန်ဟာ မိမိကိုယ်မိမိ သိပ်ကျေနပ်သလိုပဲ။ သူဟာ အသင်းဝင်တွေနဲ့ ဟာမီးကို ကြည့်ပြီး ကြောင်တောင်တောင်နဲ့ ရယ်နေတယ်။ ခါတိုင်းထက် အရပ်မြင့်သွားတယ်လို့ ထင်ရတယ်။

ပထမအကြိမ် တစ်သင်းလုံး လေ့ကျင့်ဖို့အချိန်ကို လာမယ့်အင်္ဂါနေ့လို့ သတ်မှတ်လိုက်တယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ ကျန်ဘောသမားတွေကို နှုတ်ဆက်ပြီး ဟက်ဂရစ်အိမ်လေးဆီ လျှောက်သွားတယ်။ ဖျော့တော့တော့ နေလုံးဟာ တိမ်ထဲကနေ တအားတိုးထွက်နေတယ်။ မိုးဖွဲဖွဲလည်း စဲသွားပြီ။ ဟယ်ရီ [illegible]လာတယ်။ ဟက်ဂရစ်အိမ်လေးထဲမှာ စားစရာ နည်းနည်း ရှိ[illegible]တယ်။

"နံပါတ်လေး ဘောလုံးကို ငါ မကယ်နိုင်တော့ဘူးထင်တာ" ရွန်က အားပါးတရ ပြောတယ်။ "ဒီမဲဇာရဲ့ ဘောက သိပ်လှည့်စားတာ၊ လည်[illegible] တာ —"

"ဟုတ်တယ်၊ ဟုတ်တယ်၊ နင် သိပ်တော်တာ" ဟာမီးဟာ စိတ်ဝင်စား[illegible] ရတယ်။

"ဘာပဲဖြစ်ဖြစ် ငါ အဲဒီမက်လက်ဂင်ထက် သာတယ်" ရွန်က အလွန် ကျေနပ်တဲ့ လေသံနဲ့ ပြောတယ်။ "သူ ပဥ္စမဘောကို ကယ်တုန်းက အ[illegible] [illegible]နဲ့ [illegible]တဲ့ဘက် မှားသွားတာ နင် မြင်လား။ ရှုပ်ထွေးကျိန်စာမိ[illegible] [illegible] ...."



ဒီစကားတွေ ကြားပြီးနောက်၊ ဟာမီးမျက်နှာကြီး နီရဲသွားတယ်။ ဟယ်ရီမြင်တော့ အလွန်အံ့အားသင့်တယ်။ ရွန်က ဘာမှသတိမထားမိဘူး။ သူကတော့ ကျန်တာတွေကို သူ ဘယ်လိုကယ်လိုက်တယ်ဆိုတာပဲ အရသာရှိရှိ ပြောနေတယ်။

ဘတ်ခ်ဘိခ်၊ ဧရာမ၊ မီးခိုးရောင် ဟစ်ပိုဂရစ်ဖ်ကို ဟက်ဂရစ်အိမ် လေးရှေ့မှာ ချည်ထားတယ်။ သူတို့ နီးလာတာမြင်တော့ ၎င်းက ဓားသွားလို ချွန်မြတဲ့ ပါးစပ်ကို ဂတ်ဂတ်နဲ့ လုပ်တယ်။ ခေါင်းကြီးကို သူတို့ဘက် လှည့်လိုက်တယ်။

"အိုး၊ အမ်လေး" ဟာမီးက စိတ်လှုပ်ရှားစွာ ပြောတယ်။ "၎င်း နည်းနည်းတော့ ကြောက်စရာကောင်းတုန်းပဲ၊ ဟုတ်လား"

"တော်စမ်းပါ။ နင် သူ့ကို စီးဖူးတာပဲ၊ မဟုတ်ဘူးလား" ရွန်က ပြောတယ်။

ဟယ်ရီက ရှေ့တိုးပြီး ဟစ်ပိုဂရစ်ဖ်နဲ့ အကြည့်ချင်း ဆုံလိုက်တယ်။ မျက်တောင်မခတ်ဘဲ ၎င်းကို ဦးညွှတ်အလေးပြုလိုက်တယ်။ စက္ကန့်အနည်းငယ်ကြာတော့၊ ဘတ်ခ်ဘိခ်လည်း ကုန်းလိုက်တယ်။

"နေကောင်းလား" ဟယ်ရီက တိုးတိုးမေးတယ်။ ရှေ့တက်ပြီးလည်း ၎င်းရဲ့အမွေးနဲ့ ခေါင်းကို အသာပွတ်သပ်ပေးတယ်။ "သူ့ကို သတိရတယ် ? ဒါပေမယ့် မင်း ဟက်ဂရစ်ဆီမှာ နေတာလဲ ပျော်ပါတယ်၊ ဟုတ်လား"

"အိုး" အသံကျယ်ကျယ်တစ်သံက ပြောတယ်။

ဟက်ဂရစ်က အိမ်ကလေးနောက်ကနေ ပတ်ထွက်လာတယ်။ သူ့မှာ ပန်းခိုက်ရင်ဖုံးတစ်ခု ပတ်ထားတယ်။ အာလူးတစ်အိတ် ဆွဲလာတယ်။ ၎င်းရဲ့ နောက်လိုက်ခွေးကြီး အစွယ်ကြီးက သူ့ခြေထောက်နားမှာ ပါလာတယ်။ အစွယ်ကြီးဟာ အသံနိမ့်နိမ့်နဲ့ ဟောင်လိုက်ပြီး ဟယ်ရီတို့ဆီ ပြေးလာတယ်။

"၎င်းကို မစနဲ့၊ မင်းတို့လက်ချောင်းတွေကို ကိုက်ပစ်လိမ့်မယ် — အိုး မင်းတို့ကိုး"

အစွယ်ကြီးက ဟာမီးနဲ့ ရွန့်အနားမှာ ခုန်ပေါက်နေတယ်။ သူတို့ နားရွက်ကို လျက်ချင်တယ်။ ဟက်ဂရစ် ရပ်လိုက်ပြီး သူတို့သုံးယောက်ကို ခဏချက်ကြည့်လိုက်တယ်။ ဒီနောက် အိမ်ကလေးထဲ လှည့်ဝင်သွားပြီး တံခါးကို ဆောင့်ပိတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အိုး၊ အမလေး" ဟာမီးက ပြောတယ်၊ သိပ်စိတ်မကောင်းဖြစ်နေတယ်၊

"မစိုးရိမ်ပါနဲ့" ဟယ်ရီက မျက်နှာထားတင်းတင်းနဲ့ ပြောတယ်။ သူက အိမ်ကလေးရှေ့သွားပြီး တံခါးကို တအားခေါက်တယ်။

"ဟက်ဂရစ်၊ တံခါးမြန်မြန်ဖွင့်၊ ကျွန်တော်တို့ ခင်ဗျားနဲ့ စကားပြောချင်တယ်"

အတွင်းက အသံမရှိဘူး။

"ခင်ဗျား တံခါးမဖွင့်ရင်၊ ကျွန်တော်တို့ တံခါးကို ဖောက်ခွဲပစ်မယ်" ဟယ်ရီက ပြောရင်း မှော်ကြိမ်လုံးကို ဆွဲထုတ်တယ်။

"ဟယ်ရီ" ဟာမီးက ထိတ်လန့်တဲ့အသံနဲ့ ပြောတယ်။ "နင် မလုပ်နဲ့ ——"

"ဘာလို့မလုပ်ရမှာလဲ" ဟယ်ရီက ပြောတယ်။ "နောက်ဆုတ်——"

သို့ပေမယ့် သူ ဘာမှထပ်မပြောခင်မှာ အိမ်ကလေး တံခါး ရုတ်တရက် ပွင့်သွားတယ် —— ဒါ ဟယ်ရီ စောစောကတည်းက ခန့်မှန်းပြီးသား ဟက်ဂရစ်ဟာ အဝမှာ ရပ်ပြီး သူ့ကို ဒေါသနဲ့ ကြည့်နေတယ်။ သူ့မှာ ပန်းရိုက် ရင်ဖုံး ချည်ထားပေမယ့် ပုံပန်းကတော့ ကြောက်စရာပဲ။

"ကျုပ်က ဆရာ" သူက ဟယ်ရီ့ကို ဟောက်တယ်။ "ဆရာလေ ပေါ်တာ။ မင်းက ကျုပ်ကို တံခါးဖောက်ခွဲပစ်မယ်လို့ ခြိမ်းခြောက်ရလား"

"ဝမ်းနည်းပါတယ်၊ ဆရာ" ဟယ်ရီက ပြောတယ်။ နောက်ဆုံးစကား နှစ်လုံးကို တမင်လေးလေး ပြောတယ်။ မှော်ကြိမ်လုံးကိုလည်း ဝတ်ရုံထဲ ပြန်ထည့်တယ်။

ဟက်ဂရစ်က လန့်ပြီး ငိုင်သွားသလိုပဲ။

"မင်း ဘယ်အချိန်ကစပြီး ကျုပ်ကို 'ဆရာ' လို့ ခေါ်တာလဲ"

"ခင်ဗျား ဘယ်အချိန်ကစပြီး ကျွန်တော့်ကို 'ပေါ်တာ' လို့ ခေါ်တာလဲ"

"အိုး တယ်ပါးနပ်ပါလား" ဟက်ဂရစ်က အော်ဟစ်တယ်။ "သိပ်စိတ်ဝင်စားစရာပဲ၊ ကျုပ်ကို ပြန်ပတ်နေသေးတယ်။ ဟုတ်တယ်မဟုတ်လား ကောင်းပြီ ဝင်ခဲ့ကြ၊ ကျေးဇူးကန်းတဲ့ . . . ."

သူဟာ စိတ်ဆိုးဆိုးနဲ့ ရေရွတ်နေတယ်။ နောက်ကို ဖယ်ပေးပြီး သူတို့



ကို ဝင်လမ်းပေးတယ်။ ဟာမီးက ဟယ်ရီ့နောက် ကပ်လိုက်ပြီး အိမ်လေးထဲ ဝင်လိုက်တယ်။ အလွန်ကြောက်နေပုံ ရတယ်။

"ဘယ်လိုလဲ" ဟက်ဂရစ်က ပြောတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ ဟာ ဟက်ဂရစ်ရဲ့ သစ်သားစားပွဲကြီးမှာ ဝင်ထိုင်ကြပြီ။ အစွယ်ကြီးက ခေါင်းကို ဟယ်ရီ့ပေါင်ပေါ် ချက်ချင်း သွားတင်တယ်၊ သွားရည်တွေ ဟယ်ရီ့ဝတ်ရုံပေါ် စက်ကျနေတယ်။ "ဒါ ဘယ်လိုဖြစ်တာလဲ။ ကျုပ်ကို သနားစရာကောင်းတယ်ထင်တယ် ? ကျုပ် သိပ်အထီးကျန် ဘာညာဖြစ်နေ တယ်ထင်တယ်?"

"မဟုတ်ဘူး" ဟယ်ရီက ချက်ချင်းပြောတယ်။ "ကျွန်တော်တို့ ခင်ဗျားကို တွေ့ချင်လို့ပါ။"

"ကျွန်မတို့ ရှင့်ကို သိပ်သတိရတယ်" ဟာမီးက ကြောက်ရွံ့စွာ ပြောတယ်။

"ကျုပ်ကို သတိရတယ် ? ဟုတ်လား" ဟက်ဂရစ်က အထင်သေးစွာ ဟန်းလုပ်လိုက်တယ်။ "ဟုတ်တယ်၊ မှန်တယ်"

သူဟာ ခြေဆောင့်ပြီး ဟိုဒီလျှောက်နေတယ်။ ရောမကြေးလက်ဖက်ရည်အိုးနဲ့ လက်ဖက်ရည်ဖျော်တယ်။ ပါးစပ်ကလည်း အဆက်မပြတ် ရေရွတ်နေတယ်။ နောက်ဆုံးမှာ သူက ပုံးကလေးလောက်ကြီးတဲ့ လက်ဖက်ရည်ခွက် သုံးလုံးကို သူတို့ရှေ့ ချလိုက်တယ်။ ခွက်ထဲက လက်ဖက်ရည်အရောင်ဟာ မီးသွေးမှ သစ်နီလိုပဲ။ သူဖာသာလုပ်တဲ့ မုန့်ကျောက်ခဲလည်း တစ်ပန်းကန် ယူလာတယ်။ ဟယ်ရီ သိပ်ဆာနေပြီ၊ ဟက်ဂရစ် လက်ရာကောင်းတယ် မကောင်းဘူး လုပ်မနေနိုင်တော့ဘဲ ချက်ချင်း တစ်တုံးဆွဲယူလိုက်တယ်။

"ဟက်ဂရစ်" ဟာမီးက တထိတ်ထိတ်နဲ့ ပြောတယ်။ အခု ဟက်ဂရစ်ဟာ သူတို့နဲ့အတူ စားပွဲဘေး ဝင်ထိုင်ပြီး အာလူးအခွံသင်နေတယ်။ သူဟာ အာလူးတွေ သူနဲ့ ရန်ငြိုးရှိသလို တအားလှီးနေတယ်။ "စင်စစ်မှာ ကျွန်မတို့ ဆက်ဆန်းသတ္တဝါစောင့်ရှောက်တဲ့အတတ်အတန်းကို ဆက်တက်ချင်တာ"

ဟက်ဂရစ်က နှာခေါင်းနဲ့ ဟင်းသံ တအားလုပ်လိုက်တယ်။ ဟယ်ရီ ထင်တာ ငင်းရဲ့နှာရည်တချို့ အာလူးထဲ ကျသွားလိမ့်မယ်လို့ ထင်တယ်။ သူတို့ တွေးမိတယ်၊ ဒီမှာမစားတာ ကောင်းတယ်လို့ တိတ်တိတ်ဝမ်းသာနေတယ်။

"တကယ်" ဟာမီးက ပြောတယ်။ "ဒါပေမယ့် ကျွန်မတို့ အချိန်ဇယားတွေ ပြည့်ကြပ်နေပြီ"

www.burmeseclassic.com



"ဟုတ်တယ်၊ မှန်တယ်" ဟက်ဂရစ်က ဒီလိုပြောပြန်တယ်။

ဒီအချိန်မှာ ရုတ်တရက် ထူးဆန်းတဲ့ စွတ်ခနဲ မြည်သံ ပေါ်ထွက်လာ တယ်။ သူတို့ လှည့်ကြည့်တယ်။ ဟာမီးက အသာလေး အော်လိုက်တယ် ရွန်က ထိုင်ခုံပေါ်ကနေ ဆတ်ခနဲ ခုန်ထပြီး စားပွဲဟိုဘက်ကို ပတ်သွားတယ် သူတို့ ခုနက သတိပြုမိတဲ့ နံရံထောင့်က ပုံးကြီးကို ရှောင်သွားတယ်။ ပုံးထဲ တစ်ပေလောက်ရှည်တဲ့ လောက်လိုအရာတွေ အပြည့်ရှိတယ်၊ ဖြူဖွေးချွဲကျိ မနားတမ်း တွန့်လိမ်နေတယ်။

"ဒါ ဘာတွေလဲ၊ ဟက်ဂရစ်" ဟယ်ရီက မေးတယ်။ မိမိအသံ သိလိုဇောဖြစ်အောင်၊ ရွံမုန်းသံ မပါအောင် ကြိုးစားတယ်။ ဒါပေမယ့် လက်ထဲက မုန့်ကျောက်ခဲကို အမြန်ချထားလိုက်တယ်။

"ရောမပိုးလောက်လန်းပါ" ဟက်ဂရစ်က ပြောတယ်။

"ငင်းတို့ကြီးလာရင် ဘာဖြစ်မယ် . . . . " ရွန်က စိုးရိမ်စွာ မေးတယ်

"ဘာမှမဖြစ်ပါဘူး" ဟက်ဂရစ်က ပြောတယ်။ "ကျုပ် ငင်းတို့ မွေးတာ အရာဂေါ့ကို ကျွေးဖို့"

ဘာအကြောင်းမှ မရှိဘဲ၊ သူ ရုတ်တရက် ငိုပါတော့တယ်။

"ဟက်ဂရစ်" ဟာမီးက ခေါ်လိုက်ပြီး ခုန်ထကာ စားပွဲကို ပတ်သွား တယ် —— ဟို ရောမပိုးလောက်လန်းကိုရှောင်ဖို့ သူမဟာ ဝေးတဲ့ဘက် ပတ်သွားတယ်။ သူမက ဟက်ဂရစ်ရဲ့ တုန်လှုပ်နေတဲ့ ပခုံးကို လက်နဲ့ ထားတယ်။ "ဘယ်လိုဖြစ်တာလဲ"

"သူ . . . . သူလေ . . . . " ဟက်ဂရစ်က ရှိုက်ရင်းပြောတယ် မျက်ရည်တွေဟာ ငင်းရဲ့မည်းနက်တဲ့ မျက်လုံးလေးထဲက စီးကျလာတယ် သူက ရင်ဖုံးစနဲ့ မျက်နှာကို သုတ်နေတယ်။ "အဲဒါ . . . . အရာဂေါ့ . . . သူ သေတော့မယ်လို့ ကျုပ် ထင်တယ် . . . . သူ တစ်နွေလုံး ဖျားနေတာ နာလန်ကို မထူဘူး . . . . ကျုပ် မသိဘူး၊ တကယ်လို့ သူ . . . . တကယ် သူ . . . . ကျုပ် ဘယ်လိုလုပ်ရမလဲ . . . . ကျုပ်တို့အတူနေတာ ဒီလောက် ကြာခဲ့ပြီ . . . . "

ဟာမီးဟာ ဟက်ဂရစ်ပခုံးကို ပုတ်နေတယ်၊ ဘာပြောရမှန်း မသိဘူး။ ဟယ်ရီက သူမခံစားမှုကို နားလည်တယ်။ ဟက်ဂရစ်ဟာ ကစား တစ်ချပ်တစ်ရှပ်ကို အလွန်ဆိုးတဲ့ မီးနဂါးလေးတစ်ကောင်ကို လက်ဆော



ပေးဖူးတာ ဟယ်ရီ သိတယ်။ ဟက်ဂရစ်ဟာ စုပ်ခွက်နဲ့ စူးပါတဲ့ ကင်းမီး ကောက်ကြီးကို သီချင်းညည်းပြတာလည်း သူ မြင်ဖူးတယ်။ ဒီပြင် ငင်းရဲ့ အဖေတူ ဖအေကွဲ ညီလေးဖြစ်တဲ့ ကြမ်းကြုတ်တဲ့ ရောမလူသားနဲ့ အကျိုး အကြောင်းပြောဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် ဟက်ဂရစ် ကြိုက်နှစ်သက်တဲ့ အဲဒီရောမအကောင်ကြီးတွေထဲမှာ၊ ဒါကတော့ နားလည်ဖို့ အခက်ဆုံးပဲ။ အရာဂေါ့ စကားပြောတတ်တဲ့ ရောမပင့်ကူကြီး။ တားမြစ်သစ်တော တောနက် ထဲမှာ နေတယ်။ လွန်ခဲ့တဲ့ လေးနှစ်က၊ ဟယ်ရီနဲ့ ရွန်ဟာ ငင်းဆီမှာ အသက် လွတ်ဖို့ နည်းနည်းပဲ လိုတယ်။

"ကျွန်မတို့ —— ကျွန်မတို့ ဘာလုပ်ပေးနိုင်မလဲ" ဟာမီးဟာ မိမိကို မဲ့ပြုလိုက် ခေါင်းခါလိုက် လုပ်နေတဲ့ ရွန့်ကို အရေးမလုပ်ဘဲ မေးတယ်။

"နည်းနာမရှိတော့ဘူး ထင်တယ်၊ ဟာမီး" ဟက်ဂရစ်က ရှိုက်ငိုရင်း ပြောတယ်။ အတားအဆီးမရှိ စီးကျလာတဲ့မျက်ရည်ကို တအားအောင့်ထား တယ်။ "သိလား၊ အုပ်စုထဲမှာ . . . . ချုပ်ထိန်းလို့ သိပ်မရတော့ဘူး . . . . "

"ဟုတ်တယ်၊ ထိုစဉ်ကတည်းက ငင်းတို့ ဒီလိုဖြစ်မယ်ဆိုတာ ကျွန် တော်တို့ နည်းနည်းမြင်တယ်" ရွန်က တိုးတိုးပြောတယ်။

" . . . . အခု ကျုပ်ကလွဲပြီး၊ ဘယ်သူမဆို အဲဒီနေရာနား ကပ်သွား တာနဲ့ မလုံခြုံတော့ဘူး" ဟက်ဂရစ် ပြောပြီးသွားပြီ။ ရင်ဖုံးနဲ့ နှပ်ချေးညှစ် လိုက်ပြီး ခေါင်းမော့လိုက်တယ်။ "ဒါပေမယ့် မင်း ဒီလိုပြောတာ ကျေးဇူးတင် ပါတယ်၊ ဟာမီး . . . . ဒါ ကျုပ်အဖို့ သိပ်အရေးကြီးတယ် . . . . "

အဲဒီနောက်မှာတော့ လေထုက ပေါ့ပါးလာတယ်။ ဟယ်ရီနဲ့ ရွန်တို့ ဟာ ရောမ ပိုးလောက်လန်းကို ယူပြီး ဆိုးရွားကြမ်းကြုတ်တဲ့၊ ကိုယ်ခန္ဓာ ကြီးမားတဲ့ ပင့်ကူကို သွားကျွေးမယ်လို့ မဖော်ပြပေမယ့်၊ ဟက်ဂရစ်ဟာ သူတို့ မှာလည်း ဒီသဘောရှိတယ်လို့ အလိုအလျောက် ထင်မှတ်တယ်နဲ့ တူတယ်။ ဒါကြောင့် သူဟာ ပုံမှန်အတိုင်း ပြန်ဖြစ်သွားတယ်။

"အား၊ မင်းတို့ဟာ ကျုပ်ကို မင်းတို့ရဲ့ ကျောင်းအချိန်ဇယားထဲ ထည့်ဖို့ ခက်တယ်ဆိုတာ ကျုပ် အစောကြီးကတည်းက သိတယ်" သူက အသံကြမ်း ကြမ်းနဲ့ ပြောတယ်။ သူတို့ကို လက်ဖက်ရည် ထပ်ထည့်ပေးတယ်။ "မင်းတို့ အချိန်ပြောင်းကြိုးယာပဲ သုံးသုံး —— "

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ သုံးလို့မရတော့ဘူး" ဟာမီးက ပြောတယ်။ "နွေတုန်းက ကျွန်မတို့ မှော်ဝန်ကြီးဌာနထဲမှာတုန်းက၊ ဝန်ကြီးဌာနမှာ လက်ကျန်ရှိတဲ့ အချိန်ပြောင်းကိရိယာအားလုံး ကျိုးပျက်ကုန်ပြီ။ "ကြိုပေါဆရာများနေ့စဉ်" မှာ ရေးထားတယ်"

"အား၊ ဒါကြောင့်ကိုး" ဟက်ဂရစ်က ပြောတယ်။ "မင်းတို့ မတတ်နိုင်တော့ဘူး . . . . ဝမ်းနည်းပါတယ်၊ ကျုပ် ခုနက — မင်းတို့ သိတယ် — ကျုပ်က အရာဂေါ့အတွက် စိတ်ပူနေတာ . . . . ဒါပေမယ့် ကျုပ် တကယ်ပဲ သံသယရှိတယ်၊ ပါမောက္ခ ဂရပ်ဘလီ-ဖရန့် မင်းတို့ကို သင်ဖူးတယ် ဆိုတော့ —"

သူတို့သုံးယောက် ဒီစကားကြားရပြီး၊ ချက်ချင်းပဲ စိတ်ထဲမရှိဘဲ ဟက်ဂရစ်နေရာမှာ အချိန်တချို့ အစားထိုးသင်ဖူးတဲ့ ပါမောက္ခ ဂရပ်ဘလီ-ဖရန့်ကို ရှုံ့ချကြတယ်။ သူမဟာ အလွန်ညံ့တဲ့ ဆရာလို့ အတည်ပေါက် ပြောကြတယ်။ နောက်ဆုံး ညနေစောင်းလာတော့၊ ဟက်ဂရစ်ဟာ အိမ်အပြင်မှာ ရပ်ပြီး သူတို့ကို လက်ယမ်းနှုတ်ဆက်တော့ စိတ်ဓာတ်တက်ကြွပုံ ရနေတယ်။

"ငါ ဆာလို့သေတော့မယ်" အိမ်ကလေးတံခါး ပိတ်သွားတာနဲ့ သူတို့ဟာ မှောင်မဲ့တဲ့၊ လူမရှိတဲ့ ကွင်းထဲမှာ ခပ်သွက်သွက်သွားနေစဉ် ဟယ်ရီက ပြောတယ်။ ခုနက သူ မုန့်ကျောက်ခဲစားတုန်းက သူ့အံသွားတစ်ချောင်း နိမိတ်မကောင်းစွာ ဂတ်ခနဲ မြည်သွားတယ်။ ဒါကြောင့် သူ မုန့်ကို ချက်ချင်း ချထားလိုက်တယ်။ "ငါ ဒီည စနိတ်ပ်ဆီ ကျောင်းပိတ်ခံဖို့ သွားရဦးမယ်။ ထမင်းစားဖို့ အချိန်သိပ်မရှိတော့ဘူး . . . ."

သူတို့ ရဲတိုက်ထဲ ဝင်ကြတယ်။ ကော်မက်-မက်လက်ဂင်ခန်းမကြီးထဲ ဝင်သွားတာ တွေ့ရတယ်။ သူ နှစ်ကြိမ်သွားမှ အဲဒီတံခါးကို ဖြတ်လို့ရတယ်။ ထေမအကြိမ်က တံခါးဘောင်နဲ့ ဝင်ဆောင့်ပြီး ပြန်ကန်ထွက်သွားတယ်။ ရွန်က သူ့နားဒုက္ခရောက်လို့ ပျော်စွာနဲ့ ရယ်တယ်။ သူ့နောက်ကနေ ခန်းမကြီးထဲကို ထန်နွဲ့ခန်းနဲ့ လိုက်ဝင်သွားတယ်။ ဟယ်ရီက ဟာမီးလက်ကို ဖမ်းဆွဲပြီး ပြန်ဆွဲခေါ်တယ်။

"ဘာဖြစ်လဲ" ဟာမီးက သတိနဲ့ မေးတယ်။

"ဒါ့အထင်တော့" ဟယ်ရီက တိုးတိုးပြောတယ်။ "မက်လက်ဂင် ရှုပ်ထွေးကျိန်စာ မိနေသလိုပဲ၊ ထိုစဉ်က သူ နင့်ထိုင်ခုံရှေ့မှာ ရပ်နေတာ"



ဟာမီးမျက်နှာ နီသွားတယ်။

"အိုး၊ ကောင်းပြီလေ၊ ငါလုပ်တာ" သူမက တိုးတိုးပြောတယ်။ "ဒါပေမယ့် သူ ရွန်နဲ့ ဂျင်နီကို ဘယ်လိုပြောတယ်ဆိုတာ နင် ကြားစေချင်တယ်။ ပြီးတော့ သူ သိပ်ဒေါသကြီးတယ်။ သူ အရွှေးမခံရတော့ ဘယ်လိုဆိုတာ နင် မြင်တယ် — နင့်ဘောသင်းထဲမှာ ဒီလိုငနဲမျိုး မပါစေချင်မှာ သေချာတယ်"

"မှန်တယ်" ဟယ်ရီက ပြောတယ်။ "မှန်တယ်၊ ဒီအတိုင်းပဲလို့ ငါ ထင်တယ်။ ဒါပေမယ့် အဲဒါ မရိုးဖြောင့်တာပဲ၊ ဟာမီး။ ငါဆိုလိုတာက၊ နင်ဟာ အတန်းခေါင်းဆောင်လဲဖြစ်တယ်၊ ဟုတ်လား"

"အိုး၊ နင် တိုးတိုးလုပ်ပါ" ဟာမီး အပြစ်ပေါက်တယ်။ ဟယ်ရီက ထိတ်တိတ်ရယ်တယ်။

"နင်တို့နှစ်ယောက် ဘာလုပ်နေလဲ" ရွန်က မေးတယ်။ သူ ခန်းမ အဝ ပြန်ရောက်လာတယ်။ သံသယဖြစ်ပုံ ပေါက်နေတယ်။

"ဘာမှမဟုတ်ဘူး" ဟယ်ရီနဲ့ ဟာမီး တစ်ပြိုင်နက် ပြောတယ်။ ဒီနောက် ရွန့်နောက်ကနေ မြန်မြန်ဝင်သွားတယ်။ အမဲသားကင်အနံ့က ဟယ်ရီကို မခံမရပ်နိုင်အောင် ဆာလာစေတယ်။ ဒါပေမယ့် သူတို့ ဂရစ်ဖင်းဒေါစားပွဲဆီ တစ်လှမ်းနှစ်လှမ်း လျှောက်ရသေးတယ်၊ ပါမောက္ခ စလပ်ဂ်ဟွန်းဟာ သူတို့ရှေ့မှာ ပေါ်လာတယ်၊ သူတို့လမ်းကို ကာထားတယ်။

"ဟယ်ရီ၊ ဟယ်ရီ၊ ကျုပ်တွေ့ချင်နေတဲ့လူပဲ" သူက လှိုက်လှဲစွာ အကျယ်ကြီး ပြောတယ်။ လက်က ပင်လယ်ဖျံအစွယ်လို မုတ်ဆိတ်ကို ကစားနေတယ်။ ဗိုက်ကြီး ရှေ့ပစ်ထားတယ်။ "ကျုပ်က ထမင်းမစားခင် မင်းကို အရဖမ်းချင်တာ။ ဒီည ကျုပ်ဆီမှာ ထမင်းသွားစားပါလား။ ကျုပ်တို့ပါတီပွဲလေးတစ်ခု ရှိတယ်။ ထွန်းတောက်လာနေတဲ့ ကြယ်ပွင့်သစ်တချို့ပဲ ဖိတ်တယ်။ ကျုပ် မက်လက်ဂင်၊ ဇာဘီနီ၊ ပြီးတော့ ချွဲမက်ဖွယ် မက်လင်ဒါ-ဘောဘင် — မင်း သူမကို သိလားမသိဘူး။ သူမအိမ်က ကွင်းဆက်ဆေးဆိုင် အကြီးစားကြီးတွေ ဖွင့်ထားတယ် — ပြီးတော့၊ မစ်ဂရန်ဂျာလဲ ကျုပ်ကို မျက်နှာသာ ပေးတဲ့အနေနဲ့ ပါဝင်စေချင်တာ အမှန်ပဲ"

စလပ်ဂ်ဟွန်းက ပြောပြီး ဟာမီးကို အနည်းငယ် ဦးညွတ်အလေးပြုလိုက်တယ်။ ရွန်တစ်ယောက် လုံးဝမရှိသလိုပဲ၊ သူ့ကို ကြည့်တောင်မကြည့်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော် မလာနိုင်ဘူး၊ ပါမောက္ခ” ဟယ်ရီက အမြန်ပြောတယ်။ “ကျွန်တော် ပါမောက္ခ စနိတ်ပ်ဆီမှာ ကျောင်းပိတ်ခံဖို့ သွားရမယ်”

“အိုး၊ အချစ်လေး” စလပ်ဂ်ဟွန်းက ပြောပြီးတာနဲ့ မျက်နှာကြီး အိုသွားတယ်။ ရယ်စရာဖြစ်နေတယ်။ “အချစ်လေး၊ အချစ်လေး၊ ကျုပ်က မင်းကို မျှော်နေတာ၊ ဟယ်ရီ၊ ကောင်းပြီ၊ ကျုပ် ခုပဲ ဆီးဗရတ်စ်ဆီ သွားပြီး ရှင်းပြမယ်။ မင်းကို ကျောင်းပိတ်တာ နောက်ဆုတ်အောင် ကျုပ် ပြောနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ ကောင်းပြီ၊ ခဏနေရင် တွေ့မယ်။ မင်းတို့ နှစ်ယောက်”

သူဟာ ခန်းမကနေ ကမန်းကတန်း ထွက်သွားတယ်။

“သူ စနိတ်ပ်ကို ပြောလို့ရမှာမဟုတ်ဘူး” ဟယ်ရီက စလပ်ဂ်ဟွန်း မကြားအောင် စောင့်ပြီး ပြောတယ်။ “ဒီကျောင်းပိတ်တာ တစ်ခါ နောက်ဆုတ်ပြီးပြီ၊ အရင်တစ်ခါက စနိတ်ပ်ဟာ ဒမ်ဘာလီဒိုးမျက်နှာထောက်လို့၊ သူ ဘယ်သူ့ကြောင့်ပဲ ဖြစ်ဖြစ် နောက်ဆုတ်မှာ မဟုတ်တော့ဘူး”

“အိုး၊ ငါ နင့်ကို သိပ်လာစေချင်တာပဲ။ ငါတစ်ယောက်တည်း မသွားချင်ဘူး” ဟာမီးက ပူပင်စွာ ပြောတယ်။ သူမ မက်လက်ဂင်ကို သတိရတယ်ဆိုတာ ဟယ်ရီ သိတယ်။

“နင်တစ်ယောက်တည်းသွားရမှာ မဟုတ်ဘူးထင်တယ်။ ဂျင်နီလဲ အဖိတ်ခံရတယ်ထင်တယ်” ရွန်က စိတ်ဆိုးဆိုးပြောတယ်။

စလပ်ဂ်ဟွန်း သူ့ကို လျစ်လျူရှုတာ သူ မကျေမနပ် ဖြစ်နေတယ်။

ညစာစားပြီးနောက်၊ သူတို့ ဂရစ်ဖင်းဒေါအိမ်ချွန်ကို ပြန်လာကြတယ်။ ဒီအချိန်မှာ ကျောင်းသားအများစုဟာ ညစာစားပြီးပြီ၊ အများနားနေခန်းထဲမှာ လူတွေ ပြည့်ကျပ်နေတယ်။ ဒါပေမယ့် သူတို့ စားပွဲအလွတ်တစ်လုံး ရှာလို့ရပြီး ဝင်ထိုင်ကြတယ်။ သူတို့ စလပ်ဂ်ဟွန်းနဲ့ တွေ့ကြပြီးနောက်၊ ရွန်ဟာ မပျော်ရွှင် ဖြစ်နေတယ်။ သူဟာ လက်ပိုက်ပြီး မျက်မှောင်ကြုတ်ထားတယ်။ မျက်နှာကြက်ကိုပဲ ကြည့်နေတယ်။ ဟာမီးက တစ်ယောက်ယောက် ထိုင်ခုံပေါ် ထားခဲ့တဲ့ ‘ကြိုဟောဆရာများနေ့စဉ်’ ကို ကောက်ယူလိုက်တယ်။

“ဘာသတင်းသစ်ပါလဲ” ဟယ်ရီက မေးတယ်။

“ဘာမှ မပါဘူး . . . .” ဟာမီးက သတင်းစာကို ဖြန့်ပြီး လှန်ကြည့်နေတယ်။ “အိုး၊ ရွန်၊ မြန်မြန်ကြည့်၊ ဒီမှာ နင့်အဖေ ပါတယ် — သူ



ဘာမှမဖြစ်ဘူး” ရွန်က ထိတ်လန့်စွာ လှည့်ကြည့်တယ်၊ ဟာမီးက တစ်ခွန်း မြန်မြန်ထပ်ဖြည့်ပြောလိုက်တယ်။ “သတင်းစာထဲမှာ သူ မော်ဖိုင်တို့အိမ် သွားတယ်ပဲ ပါတယ်။ ‘ဒီ ဒက်အီတာနေအိမ်ကို ဒုတိယအကြိမ် ရှာဖွေခြင်းမှာ ဘာမှရရှိပုံ မပေါ်ဘူး။ ခုခံကာကွယ်တဲ့ ဂါထာအတုအပနဲ့ ကာကွယ်တဲ့ပစ္စည်း အတုအပကို သိမ်းယူတဲ့ ရုံးဌာနက အာသာ-ဝယ်စလီက ပြောတယ်၊ သူ့အဖွဲ့ဟာ တစ်ယောက်ယောက်က တိတ်တိတ်သတင်းပေးလို့ ရှာဖွေတာဖြစ်တယ်လို့ ပြောတယ်’ ”

“ဟုတ်တယ်၊ ငါပဲ” ဟယ်ရီက ပြောတယ်။ “ငါ မင်းကြက်ခြေ သူတာမှာ သူ့ကို မော်ဖိုင့်အကြောင်း ပြောပြတယ်၊ ပြီးတော့ မော်ဖိုင်က ဘော်ဂင်ကို ပြင်ခိုင်းတဲ့အရာ။ အင်း၊ သူတို့အိမ်မှာ မရှိဘူးဆိုရင်၊ သူ အဲဒါကို ဟော့ဂ်ဝပ် ယူလာမှာပဲ — ”

“သူ ဘယ်လိုလုပ်ယူလာမလဲ၊ ဟယ်ရီ” ဟာမီးက ပြောရင်း သတင်းစာကို ချလိုက်တယ်။ မျက်နှာပေါ်မှာ အံ့ဩတဲ့ အမူအရာ ဖြစ်နေတယ်။ “ငါတို့ ကျောင်းဝင်တော့ အစစ်ဆေးခံရတယ်”

“ဘာလဲ ?” ဟယ်ရီက အံ့ဩစွာ ပြောတယ်။ “ငါတော့ မခံရဘူး”

“အိုး၊ ဟုတ်တယ်။ နင် ဘယ်ခံရမလဲ။ နင် နောက်ကျနေတာ ငါ မေ့နေတယ် . . . . ဟုတ်ပြီ၊ ငါတို့ တံခါးခန်းထဲ ဝင်တော့ ဖစ်ချ်က လျှို့ဝှက်အရာ စစ်ဆေးကိရိယာနဲ့ ငါတို့တစ်ကိုယ်လုံး ထက်အောက်မကျန် စစ်တယ်။ မှော်နက်ပစ္စည်းအားလုံး ရှာထုတ်တယ်။ ခရပ်မှာ လူခေါင်းခြောက်တစ်လုံး အသိမ်းခံရတာ ငါ သိတယ်။ ဒါကြောင့် နင် ကြည့်ပါ၊ မော်ဖိုင်ဟာ အန္တရာယ်ရှိတဲ့ပစ္စည်းကို ယူသွင်းလို့မရဘူး”

ဟယ်ရီဟာ ယာယီအားဖြင့် ပြောစရာစကား မရှိဘူး။ သူက ဂျင်နီ-ဝယ်စလီ ကစားနေတဲ့ ဖီဂမီလေးကို ကြည့်နေတယ်။ ခဏနေမှ ချေပဖို့ စကား တစ်ခွန်း ရတယ်။

“တစ်ယောက်ယောက်က သူ့ကို ဇီးကွက်နဲ့ ပစ္စည်း ပို့လို့ရတယ်” သူက ပြောတယ်။ “သူ့အမေ၊ ဒါမှမဟုတ် တခြားတစ်ယောက်ယောက်က”

“ဇီးကွက်အားလုံးလဲ အစစ်ဆေးခံရတယ်” ဟာမီးက ပြောတယ်၊ “ဖစ်ချ်က လျှို့ဝှက်အရာ စစ်ဆေးတဲ့ ကိရိယာနဲ့ လျှောက်ယမ်းစဉ်ပြောပြတာ”

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ချီမှာတော့ ဟယ်ရီ ရှုံးသွားပြီ။ လုံးဝ ပြန်ပြောစရာ မရှိတော့ဘူး ကြည့်ရတာ အန္တရာယ်ရှိပစ္စည်း ဒါမှမဟုတ် မှော်နက်ပစ္စည်းကို မော်ဖိုင် ကောင်းယူလာလို့ မရဘူးထင်တယ်။ သူက ရွန့်ကို မျှော်လင့်စွာနဲ့ ကြည့်လိုက် တယ်။ ဒါပေမယ့် ရွန်က လက်ပိုက်ပြီး ထိုင်နေတယ်၊ ဟိုဘက်က လာဗင်ဒါ ဘရောင်းကို ကြည့်နေတယ်။

"မော်ဖိုင် ဘယ်နည်းနဲ့ဆိုတာ မင်း စဉ်းစားလို့ရသလား —"

"အိုး၊ ဒီအကြောင်း မပြောနဲ့တော့၊ ဟယ်ရီ" ရွန်က ပြောတယ်။

"နားထောင်၊ စလပ်ဂ်ဟွန်းက ငါနဲ့ ဟာမီးကို ၎င်းရဲ့ညစ်ဖျင်းတဲ့ ပါတီပွဲ ဖိတ်တာ ငါ့အမှား မဟုတ်ဘူး။ ငါတို့နှစ်ယောက်စလုံး မသွားချင်ဘူး။ မင်း သိပါတယ်" ဟယ်ရီ ဒေါသထလာပြီး ပါးစပ်က ပြောထွက်သွားတယ်။

"ကောင်းပြီလေ၊ ငါ့ကို ပါတီပွဲဖိတ်တဲ့လူ မရှိမှတော့" ရွန်က ပြောရင်း မတ်တတ်ရပ်လိုက်တယ်။ "ငါတက်အိပ်တာပဲ ကောင်းတယ်"

သူဟာ ကျောင်းသားအိပ်ဆောင်တံခါးဆီ တဒုံးဒုံးနဲ့ လျှောက်သွား တယ်။ ဟယ်ရီနဲ့ ဟာမီးက သူ့ကျောဘက်ကို ငိုင်ကြည့်နေတယ်။

"ဟယ်ရီ" ဘောလိုက်သမားအသစ် ဒီမဲဇာ-ရိုဘင်စ်တစ်ယောက် သူ့အနား ရုတ်တရက် ရောက်လာတယ်။ "မင်းကို ပါးစပ်သတင်း လာပို့တာ"

"ပါမောက္ခ စလပ်ဂ်ဟွန်းဆီက ?" ဟယ်ရီက မျှော်လင့်စွာနဲ့ မ မတ်ထိုင်လိုက်တယ်။

"ဟင့်အင်း . . . . ပါမောက္ခစနိတ်ဆီက" ဒီမဲဇာက ပြောတယ် ဟယ်ရီ ရင်လေးသွားတယ်။ "မင်း ဒီည ရှစ်နာရီ သူ့ရုံးခန်းမှာ ကျောင်းပိတ် လာခံရမယ်တဲ့ — အင်း — လူ ဘယ်လောက်များများက မင်းကို ညပါတီပွဲ ဖိတ်ဖို့ ဖိတ်လဲ အလကားပဲ။ သူက ငါ့ကို ပြောခိုင်းသေးတယ်။ မင်းတာဝန် ရှင်နေတဲ့ ဖလောဘာပိုးကောင်ကို ကောင်းတဲ့အထဲက ရွေးထုတ်ရမယ်တဲ့ ဆေးပညာအတန်းမှာ သုံးဖို့တဲ့ — မင်းကို လက်အိတ်ယူမလာနဲ့လို့ ပြောသေးတယ်"

"ကောင်းပြီ" ဟယ်ရီက သုန်မှုန်စွာ ပြောတယ်။ "သိပ်ကျေးဇူးတင် တယ် ဒီမဲဇာ"



# ၁၂။ ငွေထည်နဲ့ ကြောင်ကျောက်

ဒမ်ဘာလီဒိုး ဘယ်သွားလဲ၊ သူ ဘာလုပ်နေလဲ။ ဆက်လာတဲ့ ရက် သတ္တပတ်အချို့မှာ ဟယ်ရီဟာ ကျောင်းအုပ်ကြီးကို နှစ်ကြိမ်ပဲ မြင်တွေ့ရတယ်။ သူတို့ ထမင်းစားချိန်မှာ တယ်မတွေ့ရဘူး။ ဟာမီးပြောတဲ့ ကျောင်းအုပ်ဆရာ ကြီး တစ်ကြိမ်ကို ရက်အချို့ ထွက်ခွာသွားတယ်ဆိုတာ မှန်ပုံရတယ်။ ဟယ်ရီ ကို တစ်ဦးတည်း သင်ကြားပေးရမှာ ဒမ်ဘာလီဒိုး မေ့များနေရော့လား။ ဒမ် ဘာလီဒိုးက ပြောဖူးတယ်၊ အဲဒီသင်ကြားချက်တွေဟာ နောက်ဆုံးမှာ အဲဟို ပြိုဟောစကားနဲ့ သက်ဆိုင်တယ်တဲ့။ ဟယ်ရီဟာ အတော်အားဖြစ်လာခဲ့သေး တယ်။ ရင်ထဲမှာ တည်ငြိမ်နေတယ်။ အခုတော့ စွန့်ပစ်ခံရတဲ့ ခံစားချက် ဖြစ်နေတယ်။

အောက်တိုဘာလအလယ်မှာ၊ သူတို့ ဟော့ဂ်စ်မိဒ်ရွာကို ပထမဆုံး အကြိမ် သွားကြတယ်။ ကျောင်းပတ်ဝန်းကျင်မှာ ကာကွယ်တဲ့ လုပ်ဆောင်မှု တွေ ကြာလေ တင်းကျပ်လေမို့၊ အစက သူတို့ကို ဟော့ဂ်စ်မိဒ်ရွာကို သွားခွင့် ပြုမှာ မဟုတ်ဘူးလို့ ဟယ်ရီ ထင်မိတယ်။ အခု 'သွားလို့ရမှန်း သိတော့ သူ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ သိပ်ဝမ်းသာတယ်။ ရဲတိုက်က ထွက်ခွာပြီး စိတ်ပြေလက်ပျောက် နာ
အချို့ပဲဖြစ်ဖြစ် သွားရမှာ ပျော်ပါတယ်။

ဟော့ဂ်စ်မိဒ်ရွာကိုသွားတဲ့ နံနက်မှာ၊ လေပြင်းတိုက်တယ်။ ဟယ်
အစောကြီး နိုးလာတယ်။ သူဟာ 'အဆင့်မြင့်မှော်ဆေး ဖော်စပ်ခြင်း' စာအု
ကို လှန်ဖတ်ရင်း နံနက်စောစောစာ မတိုင်ခင် အချိန်ကို ဖြုန်းနေတယ်
အမြဲတမ်းတော့ သူဟာ ခုတင်ပေါ် လှဲပြီး သင်ရိုးစာအုပ်ကို မဖတ်ဘူး။ ရွ
ပြောတာမှန်တယ်။ ဟာမီးကလွဲပြီး ဒီလိုအပြုအမူဟာ ဘယ်သူပဲလုပ်လု
ကြည့်လို့ မကောင်းဘူး။ ဟာမီးကျတော့ နည်းနည်းတစ်မျိုးကြီးဖြစ်တာ
ရှိတယ်။ ဒါပေမယ့် သွေးနှောမင်းသားရဲ့ အဲဒီ 'အဆင့်မြင့်မှော်ဆေးဖော်
ခြင်း' စာအုပ်ဟာ သင်ရိုးစာအုပ်လို့ ပြောမရဘူးလို့ ဟယ်ရီ ထင်တယ်
ဟယ်ရီဟာ အဲဒီစာအုပ်ကို ပိုပြီး သေချာလေ့လာဖတ်ရှုလေ၊ အတွင်းမှာ ပါဝင်
ကြွယ်ဝလေဆိုတာ တွေ့ရှိတယ်။ လွယ်ကူစွာ ပြုလုပ်နိုင်တဲ့နည်းနဲ့ မြန်ဆန်
နည်းတွေ ဖော်ပြထားတဲ့အပြင် —— ဒါတွေကြောင့် ဟယ်ရီဟာ စလပ်ဂ်ဟွ
ဆီက လိုက်လှဲစွာ ချီးမွမ်းမှု ရရှိခဲ့တယ်။ ပြီးတော့ စာအုပ်ရဲ့လွတ်နေတဲ့နေရာ
တွေမှာ အလွန်ထူးခြားတဲ့ ကျိန်စာဆိုးလေးတွေ၊ မှော်ပညာလေးတွေ
ရေးမှတ်ထားတယ်။ ရေးလိုက်ဖျက်လိုက် လုပ်ထားတဲ့ လက်ရေးအရ ဒါတွေ
မင်းသားဖာသာ တီထွင်တာလို့ ဟယ်ရီ ကောက်ချက်ချတယ်။

ဟယ်ရီဟာ မင်းသားတီထွင်တဲ့ဂါထာတချို့ကို စမ်းကြည့်ပြီးပြီ
ကျိန်စာဆိုးတစ်ခုက၊ ခြေချောင်းလေးတွေကို အရှူးအမူး ရှည်လာစေတယ်
(သူဟာ စင်္ကြံထဲမှာ ခရပ်ကိုယ်ပေါ်မှာ စမ်းသပ်လိုက်တယ်၊ အကျိုးသက်ရော
ရှာ သိပ်စိတ်ဝင်စားစရာပဲ)။ နောက်ဂါထာတစ်ခု ရှိသေးတယ်၊ အဲဒါ လ
ရွာတို့ အာခေါင်မှာ ကပ်နေစေတာ (သူ အားဂတ်စ်-ဖုစ်ချ်ကို နှစ်ကြိမ်သုံး
တယ် အများ လိုက်လှဲစွာ ဩဘာပေးတာ ခံရတယ်၊ ဖစ်ချ်ကတော့ ဘာမှ
သောင် သေးဘူး)။ အသုံးအကျဆုံးကတော့ နားဆို့ကျိန်စာပဲ၊ အဲဒီကျိန်စာဟာ
တော်ဝန်းကျင်က လူတွေ ဘာရယ်လို့ ပြောမရတဲ့ တဖုံးဖုံးသံ ကြားနေ
ရတယ်။ ချောင်းတက်နေစဉ် ထင်သလို စကားပြောလို့ရတယ်၊ သူများသိမှာ
မကြောက်ဘူး ဒီမှော်ဂါထာတွေ ပျော်စရာမဟုတ်ဘူးလို့ထင်သူ တစ်ယောက်တည်း
သာ ဟာမီးပဲ။ သူမဟာ မျက်နှာကြီးတင်းထားပြီး အလကားပါဆိုတဲ့ အမူ



အရာနဲ့။ တကယ်လို့ ဟယ်ရီဟာ အနားရှိ တစ်ယောက်ယောက်ကို နားဆို့
ကျိန်စာ ချလိုက်ရင်၊ သူမက စကားတစ်ခွန်းမှ မပြောတော့ဘူး။

ဟယ်ရီဟာ ခုတင်ပေါ် ထိုင်ရင်း စာအုပ်ကို စောင်းပြီး ခပ်သော့သော့
ရေးထားတဲ့ ဂါထာတစ်ခုကို သေချာလေ့လာဖတ်ရှုတယ်။ မင်းသားဟာ
ဒီဂါထာပေါ်မှာ အတော်အားထုတ်ထားပုံရတယ်။ အကြိမ်ပေါင်းများစွာ
ရေးလိုက်၊ ပြင်လိုက်လုပ်ပြီး နောက်ဆုံးမှာ အဲဒီစာမျက်နှာရဲ့ထောင့်မှာ ပွတ်သိပ်
ပြီး အောက်ပါစာကို ရေးထားတယ်။

လီဗစ်ကော်ပတ်စ် (အသံမဲ့)

လေပြင်းထဲမှာ ဆီးနှင်းပါလာတယ်၊ ပြတင်းကို အကြင်နာမဲ့စွာ
ရိုက်ခတ်နေတယ်။ နီဗီးဟာ အသံကျယ်လောင်စွာ ဟောက်နေတယ်။ ဟယ်ရီက
ကွင်းထဲက စာနှစ်လုံးကို စိုက်ကြည့်နေတယ်။ အသံမဲ့ . . . . ဒါ အသံမဲ့ဂါထာ
ကို ပြောတာ သေချာတယ်။ ဒီထူးခြားတဲ့ဂါထာကို လေ့ကျင့်အောင်မြင်နိုင်
သလားဆိုတာ ဟယ်ရီ မသိဘူး။ သူဟာ အသံမဲ့ဂါထာကို ခုထိ မပိုင်နိုင်သေး
ဘူး၊ စနိတ်ပ်ဟာ မှော်နက်ပညာခုခံကာကွယ်တဲ့အတတ်အတန်းမှာ ဒီကိစ္စကို
အောခေ ပြဿနာလုပ်တယ်။ စင်စစ်မှာ၊ မင်းသား သင်ပေးတဲ့ဟာတွေက
စနိတ်ပ်ထက်တောင် များသေးတယ်

ဟယ်ရီက မှော်ကြိမ်လုံးနဲ့ တစ်နေရာကို လျှောက်ချိန်ပြီး အသာလေး
အထက်ကို ခါလိုက်တယ်။ ခေါင်းထဲမှာ တိတ်တိတ်ရွတ်တယ် လီဗစ်ကော်ပတ်စ်။

"အား၊ အား၊ အား၊ အား၊ အား"

မီးရောင်လက်သွားပြီး အခန်းထဲ ရှုပ်ကုန်တယ်။ ရွန် တအားအော်
လိုက်လို့ အခန်းထဲက လူအားလုံး လန့်နိုးကုန်တယ်။ ဟယ်ရီက လန့်ပြီး
'အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်း' ကို လွှင့်ပစ်လိုက်တယ်။ ရွန်ဟာ ခေါင်း
အောက်ထိုးနဲ့ မိုးပေါ်မှာ လွင့်နေတယ်။ မမြင်ရတဲ့ ချိတ်တစ်ချောင်းက သူ့
ခြေမျက်စိကို ချိတ်ထားပြီး ဇောက်ထိုးလုပ်ထားသလိုပဲ။

"ဝမ်းနည်းပါတယ်" ဟယ်ရီက အော်ပြောတယ်။ ဒင်းနဲ့ စီးမတ်က
အော်ရယ်တယ်။ နီဗီးဟာ ခုနက ကြမ်းပေါ် ကျသွားတယ်၊ အခု ဖြည်းဖြည်း
ပြန်ထနေတယ်။ "ခဏလေး —— ငါ ခုပဲ မင်းကို ပြန်ချပေးမယ် ——"

သူဟာ မှော်ဆေးစာအုပ်ကို စမ်းပြီး ထိတ်ပျာစွာ အဲဒီစာမျက်နှာကို
ရှာတယ်။ နောက်ဆုံး ရှာတွေ့သွားတယ်။ သူဟာ အဲဒီကျိန်စာအောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



မြွတ်သိပ်ရေးထားတဲ့ စာတချို့ကို တွေ့တယ်။ ဟယ်ရီက ဒါဖြေဂါထာ ဖြစ်ပါစေလို့ တိတ်တိတ်ဆုတောင်းနေတယ်။ ဒီနောက် အာရုံစုစည်းပြီး ခေါင်းထဲမှာ ရွတ်တယ်။ လွတ်လပ်သွားစေ၊

အလင်းရောင်လက်သွားပြီး ရွှန် ခုတင်ပေါ် ပုံလျက်သား ကျလာတယ်၊

"ဝမ်းနည်းပါတယ်" ဟယ်ရီက အသာလေး ပြောလိုက်ပြန်တယ်။ ဒင်းနဲ့ စီးမတ်ဟာ အာဖြဲရယ်နေတုန်းပဲ။

"မင်း မနက်ဖြန် နိုးစက်ပေးထားတာပဲ ကောင်းတယ်" ရွှန်က အသံအအနဲ့ ပြောတယ်၊

သူတို့ အင်္ကျီလဲပြီး မစွစ်ဝယ်စလီ ထိုးပေးတဲ့ သိုးမွေး တစ်ထည်နှစ်ထည် ထပ်ဝတ်လို့ ဖောင်းပွနေတယ်။ မြုံထည်၊ လည်စည်းနဲ့ လက်အိတ်ယူကြတယ်။ ရွှန်ဟာ ခုနက ထိတ်လန့်မှု ပြယ်လာတယ်။ ဟယ်ရီ့ကျိန်စာအသစ်က သိပ်ပျော်စရာကောင်းတယ်လို့ ထင်တယ်။ စင်စစ်မှာ၊ ဒီကျိန်စာ သိပ်ပျော်စရာကောင်းတယ်လို့ သူ ထင်တယ်။ သူတို့ ထမင်းစားဖို့ ထိုင်မှ ရှိသေးတယ်၊ သူဟာ ဒီအကြောင်းကို ဟာမီးကို အလောတကြီး ပြောပြတယ်။

" . . . . ဒီနောက် အလင်းရောင်လက်သွားပြီး ငါ ခုတင်ပေါ် ပြန်ကျလာတယ်" ရွှန်က ရယ်ကျဲကျဲနဲ့ ပြောတယ်။ တစ်ဖက်ကလဲ ဝက်အူချောင်းသွားယူတယ်။

ဟာမီးဟာ နားထောင်နေတယ်၊ ပြုံးရိပ်လုံးဝမရှိဘူး။ သူမဟာ မျက်နှာထား အေးစက်စွာနဲ့ ဟယ်ရီ့ဘက်ကို မကျေမနပ် လှည့်လိုက်တယ်။

"ဒါလဲ၊ ဒီကျိန်စာဟာ နင့်မှော်ဆေးစာအုပ်ထဲကပဲ ထင်တယ်" သူမက မေးတယ်။

ဟယ်ရီက သူမကို မျက်မှောင်ကြုတ်ပြတယ်။

"နင်က အမြဲပဲ အဆိုးဆုံး ကောက်ချက်ချတယ်၊ ဟုတ်လား"

"ဟုတ်လား မဟုတ်ဘူးလား"

"ကောင်းပြီ . . . . မှန်တယ်၊ ဟုတ်တော့ကော ဘာဖြစ်လဲ"

"နင်ဟာ လက်ရေးနဲ့ မသိတဲ့ကျိန်စာကို စမ်းသပ်ဝံ့တယ်၊ ဘာများဖြစ်မယ်ဆိုတာ သိချင်တာနဲ့ ?"



"လက်ရေးနဲ့ကော ဘာဖြစ်လဲ" ဟယ်ရီက ပြောတယ်။ တမင်ရှောင်ပြောတယ်၊ ကျန်မေးခွန်းတွေကို မဖြေဘူး။

"အကြောင်းက ဒါဟာ မှော်ဝန်ကြီးဌာနက တားမြစ်ထားတာ ဖြစ်ချင်ဖြစ်မှာ" ဟာမီးက ပြောတယ်။ "ပြီးတော့" သူမဟာ ဟယ်ရီနဲ့ ရွှန် မျက်ဖြူလန်ပြတာ မြင်တော့ ပြောပြန်တယ်၊ "အကြောင်းက အဲဒီမင်းသားလို့ ခေါ်တဲ့ကောင်ဟာ မယုံရဘူးလို့ ငါထင်လာလို့"

ဟယ်ရီနဲ့ ရွှန်က သူမကို မပြောဖို့ အတူအော်ကြတယ်။

"အဲဒါကျီစားတာ" ရွှန်က ခရမ်းချဉ်သီးဆော့စ်ကို မိမိဝက်အူချောင်းပေါ် လောင်းချတယ်။ "ကစားတာပါ၊ ဟာမီး ဘာမှသိပ်အရေးမကြီးပါဘူး"

"ခြေမျက်စိကို ချိတ်ပြီး လူကို ဇောက်ထိုးဆွဲတယ် ?" ဟာမီးက မေးတယ်၊ "ဘယ်သူကများ အချိန်ကုန်ခံ အပင်ပန်းခံပြီး ဒီလိုကျိန်စာကို ဖွဲ့ဘာလဲ"

"ဖရက်နဲ့ ဂျော့" ရွှန်က ပခုံးတွန့်ပြီး ပြောတယ်။ "သူတို့က ဒါမျိုးတွေ လုပ်တတ်တယ်၊ ပြီးတော့၊ အင်း —— "

"ငါ့အဖေ" ဟယ်ရီက ပြောတယ်၊ သူ ခုမှ သတိရတာ။

"ဘာလဲ" ရွှန်နဲ့ ဟာမီးက တစ်ပြိုင်နက်ပြောတယ်၊

"ငါ့အဖေ အဲဒီကျိန်စာ သုံးဖူးတယ်" ဟယ်ရီက ပြောတယ်၊ "ငါ —— လူပင်ပြောပြတာ"

နောက်ဆုံးစကားက အမှန်မဟုတ်ဘူး။ စင်စစ်၊ ဟယ်ရီဟာ သူ့အဖေ ဒါးတ်ပ်ကို ဒီမှော်ပညာချတာ ကိုယ်တိုင်မြင်ရတာ။ ဒါပေမယ့် သူဟာ အဲဒီ အတွေးဇလုံထဲက အတွေ့အကြုံကို ရွှန်နဲ့ ဟာမီးကို ပြောမပြခဲ့ဘူး။ ဒါပေမယ့် အခု သူ ဆန်းကြယ်တဲ့ ဖြစ်နိုင်ချေတစ်ခုကို ရုတ်တရက် တွေးမိတယ်၊ သွေးနှောမင်းသားဆိုတာ —— ဖြစ်များဖြစ်နေမလား ——၊

"နင့်အဖေ ဒင်းကို အသုံးပြုချင် ပြုဖူးလိမ့်မယ်၊ ဟယ်ရီ" ဟာမီးက ပြောတယ်။ "ဒါပေမယ့် ဒင်းကို အသုံးပြုတာ နင့်အဖေတစ်ယောက်တည်း မဟုတ်ဘူး။ လူတစ်ပုံကြီး ဒင်းကို အသုံးပြုနေတာ ငါမြင်ဖူးတယ်။ နင်ကတော့ သတိမမူမိချင် မမူမိနေလိမ့်မယ်။ လူကို မိုးပေါ်မှာ လွင့်နေစေပြီး၊ ဒင်းတို့ကို မူးမေ့မေ့ ဖြစ်စေတယ်။ ဘာမှမတတ်နိုင်ဘဲ အပေါ်မှာ လွင့်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက သူမကို ငိုင်ကြည့်နေတယ်။ သူလဲ ဒက်အီတာတွေ ခွေခစ် ဘဏ္ဍာဖလားပွဲတုန်းက လုပ်သမျှကို သတိရလာတယ်။ ရင်ထဲ လေးဆင်းသွားတယ်။ ရွန်က သူ့ကို အကျဉ်းအကျပ်က ကယ်လိုက်တယ်။

"အဲဒါ မတူပါဘူး" သူက ပြောတယ်။ "သူတို့က အဲဒီမှော်ပညာကို အလွဲသုံးစားလုပ်တာ။ ဟယ်ရီနဲ့ သူ့အဖေက အပျော်အပြက်မျှသာပါ။ ဟာမီး နင်က မင်းသားကို မနှစ်သက်ဘူး" သူက လေးနက်စွာနဲ့ ဝက်အူချောင်းနဲ့ ဟာမီးကို ညွှန်ပြီး ပြောတယ်။ "သူ့မှော်ဆေးပညာ နင့်ထက်သာလို့ —"

"အဲဒါနဲ့ ဘာမှမဆိုင်ဘူး" ဟာမီးက ပြောတယ်။ ပါးပြင်က ချက်ချင်း နီလာတယ်။ "ငါက မှော်ပညာတစ်ခုကို ဘာမှန်းမသိသေးဘဲ ယူသုံးတာဟာ တာဝန်ယူစိတ် မရှိဘူးလို့ ထင်တာပါ။ ပြီးတော့ မင်းသား၊ မင်းသား လုပ်မနေပါနဲ့။ အဲဒါ သူ့ဘွဲ့လိုလိုနဲ့။ အဲဒါ ညံ့ဖျင်းတဲ့ အခေါ်တစ်ခုလို့ ငါ ပြောခဲ့တယ်။ ပြီးတော့ ၎င်းက ငါ့ကိုပေးတဲ့ ခံစားချက်က သူဟာ သိပ်ကောင်းတဲ့လူတော့ မဟုတ်ဘူး"

"နင့်ဒီခံစားချက်က ဘယ်ကရတာလဲဆိုတာ ငါ မသိဘူး" ဟယ်ရီက စိတ်လှုပ်ရှားစွာ ပြောတယ်။ "တကယ်လို့ ၎င်းဟာ အရွယ်မရောက်သေးတဲ့ ဒက်အီတာဆိုရင်၊ သူဟာ မိမိက 'သွေးနှော'လို့ ပြောပြောနေမှာ မဟုတ်ဘူး ဟုတ်လား"

ဟယ်ရီပါးစပ်က ဒီလိုပြောပေမယ့် ရင်ထဲမှာတော့ သူ့အဖေဟာ သွေးသန့်လို့ တွေးတယ်။ ဒါပေမယ့် သူက ဒီအတွေးကို ခေါင်းထဲက ထုတ်ပစ်တယ်၊ နောက်မှ စဉ်းစားမယ် . . . .

"ဒက်အီတာအားလုံး သွေးသန့်မဖြစ်နိုင်ဘူး။ အခု သွေးသန့်မှော်ဆရာ ဘယ်လောက်မှ မရှိတော့ဘူး" ဟာမီးက ခေါင်းမာစွာ ပြောတယ်။ "သူတို့အများစုဟာ သွေးနှောတွေချည်းပဲ၊ သွေးသန့်လို့ ဟန်ဆောင်နေကြတာ ဖြစ်တယ်လို့ ငါ ထင်တယ်။ သူ မုန်းတီးတာက မတ်ဂေါ်ကလာတဲ့လူတွေ၊ သူတို့က နင်နဲ့ ရွန်ကို လက်ခံချင်မှာ သေချာတယ်"

"သူတို့က ငါ့ကို ဒက်အီတာဖြစ်အောင် လုပ်လို့မရဘူး" ရွန်က စိတ်ဆိုးစွာ ပြောတယ်။ သူက ဟာမီးကို လက်ထဲက ခက်ရင်းနဲ့ ယမ်းပြနေတယ်။ ခက်ရင်းပေါ်က ဝက်အူချောင်းဖတ်လေး ပျံထွက်သွားပြီး အာနီ



မက်မီလန်ခေါင်း သွားမှန်တယ်။ "ငါတို့တစ်အိမ်လုံး ကိုယ့်မျိုးရိုးကို သစ္စာဖောက်ခဲ့ပြီ။ ဒက်အီတာအဖို့ ပြောရရင် ဒါဟာ မတ်ဂေါ်မျိုးရိုးလို ဆိုးတယ်"

"သူတို့ကတော့ ငါ့ကို သိပ်လိုချင်တယ်" ဟယ်ရီက သရော်ပြီး ပြောတယ်။ "သူတို့ ငါ့ကို သတ်ပစ်ချင်နေတာ မဟုတ်ရင် ငါ သူတို့နဲ့ ဘော်ဒါတွေ ဖြစ်ချင်ဖြစ်နေမှာ"

ရွန်က ရယ်တယ်။ ဟာမီးကတောင် မပြုံးချင်ဘဲ ပြုံးပြတယ်။ ဂျင်နီ ပေါ်လာတယ်၊ သူတို့ အာရုံပြောင်းသွားတယ်။

"ဟေး၊ ဟယ်ရီ၊ ဒါ နင့်ကို ပေးမယ်"

သိုးရေစက္ကူလိပ်တစ်ခု၊ လက်ရေးက သေးသွယ်ပြီး တစ်ဖက်ကို စောင်းစွေသွားတဲ့ လက်ရေး။ ဟယ်ရီ့နာမည် ရေးထားတယ်။

"ကျေးဇူးတင်တယ်၊ ဂျင်နီ . . . . ဒမ်ဘလီဒိုး ငါ့ကို သင်ကြားဦးတော့မယ်" ဟယ်ရီက ရွန်နဲ့ ဟာမီးကို ပြောပြန်တယ်။ သိုးရေစက္ကူကိုလည်း ဖြန့်လိုက်တယ်။ အတွင်းကစာကို အလျင်အမြန် တစ်ခေါက်ဖတ်လိုက်တယ်။ "တနင်္လာနေ့ည" စိတ်ထဲမှာ ချက်ချင်း ပေါ့ပါးပြီး ပျော်လာတယ်လို့ သူ ထင်တယ်။ "နင် ငါတို့နဲ့ ဟော့ဂ်စ်မိဒ်ကို သွားမလား၊ ဂျင်နီ" သူက မေးတယ်။

"ငါနဲ့ ဒင်း အတူသွားမယ် — အဲဒီမှာ နင်တို့နဲ့ ဆုံချင်ဆုံမှာ" သူမဟာ ပြောပြီး လက်ယမ်းပြကာ ထွက်သွားတယ်။

ဖစ်ချ်ဟာ ခါတိုင်းလိုပဲ ဝက်သစ်ချတံခါးမှာ ရပ်ပြီး၊ ဟော့ဂ်စ်မိဒ်ကို သွားခွင့်ရတဲ့ ကျောင်းသားတွေနာမည်ကို တစ်ယောက်ချင်း စစ်ဆေးနေတယ်။ ဒီအချိန်ဟာ အရင်ကထက် အများကြီးကြာတယ်။ အကြောင်းက ဖစ်ချ်ဟာ ၎င်းရဲ့လျှို့ဝှက်အရာ ရှာဖွေကိရိယာနဲ့ လူတိုင်းကိုယ်ပေါ်မှာ အပြန်ပြန် အလှန်လှန် စစ်ဆေးနေလို့။

"ငါတို့မှော်နက်ပစ္စည်းကို ခိုးထုတ်သွားတယ်ထားဦး၊ ဒါ ဘာအရေးလဲ" ရွန်က အဲဒီသေးသေးရှည်ရှည် လျှို့ဝှက်အရာ ရှာဖွေကိရိယာကို ရင်ထိတ်ထိတ်နဲ့ ကြည့်နေတယ်။ သူက မေးတယ်။ "သင်ရှာဖွေရမှာက ဗွန်တော်တို့ ယူသွင်းလာတဲ့အရာ မဟုတ်ဘူးလား"

သူ လျှာရှည်လို့ ကိရိယာနဲ့ လေးငါးချက် ပိုထိုးခံရတယ်။ သူတို့ အပြင်ဘက် လေပြင်းနဲ့ ဆီးနှင်းမိုးထဲ ရောက်တော့ သူဟာ နာလို့ ပါးစပ်မဲ့သွားပြီ ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟော့ဂ်စ်မိဒ်ရွာကို လမ်းလျှောက်သွားရတာ သိပ်နေလို့မကောင်းဘူး။ ဟယ်ရီကလည်း လည်စည်းနဲ့ မျက်နှာအောက်ပိုင်းကို ပတ်ထားတယ်။ အပြင်ဘက် ပေါ်နေတဲ့နေရာတွေဟာ မကြာခင်မှာပဲ အေးစပ်လာတယ်၊ ဒီနောက်မှာ ထုံသွားတယ်။ ရွာအဝင်လမ်းမှာ ခါးကုန်းပြီး လေကို ဆန်တက်နေတဲ့ ကျောင်းသားတွေ နေရာတိုင်းမှာ တွေ့ရတယ်။ သူတို့ နွေးထွေးတဲ့ အများနားနေခန်းထဲမှာနေရင် ဒီ့ထက် ပိုပျော်လိမ့်မယ်လို့ ဟယ်ရီက တစ်ကြိမ်မက တွေးတယ်။ သူတို့ ဟော့ဂ်စ်မိဒ်ရွာ ရောက်လာတော့ ဇွန်ခိုဟာသဆိုင်ကို ပျဉ်ပြားနဲ့ အသေရိုက်ထားတာ တွေ့ရတယ်။ ဒါက ဒီတစ်ခါ အလည်ထွက်လာတာ ဘာမှ ပျော်စရာ မကောင်းဘူးဆိုတာ ပိုပြီး သက်သေပြနေတယ်လို့ ဟယ်ရီက ထင့်တယ်။ ရွန်က လက်အိတ်စွပ်ထားတဲ့လက်နဲ့ ပျားရည်အမတ်ကြီး သကြားလုံးဆိုင်ကို ညွှန်ပြနေတယ်။ တော်ပါသေးတယ်၊ အဲဒီဆိုင် ဖွင့်ထားသေးတယ်။ ဟယ်ရီနဲ့ ဟာမီးဟာ ရွန့်နောက်က လိုက်ပြီး လူကျပ်နေတဲ့ ဆိုင်လေးထဲ ဂယိမ်းဂယိုင် ဝင်သွားကြတယ်။

“ဘုရားသခင်ကို ကျေးဇူးတင်တယ်” တော်ဖီနဲ့သကြားလုံးနံ့ပါတဲ့ နွေးထွေးတဲ့လေထုထဲ ရောက်လာတော့ ရွန်က တုန်ယင်စွာနဲ့ ပြောတယ်။ “ငါတို့ ဒီမှာပဲ တစ်ညနေ နေရအောင်”

“ဟယ်ရီ၊ ကောင်လေး” သူတို့ကျောဘက်က ခေါင်းလောင်းသံလို အသံတစ်ခုက ပြောတယ်။

“အိုး၊ ဟင့်အင်း” ဟယ်ရီက ရေရွတ်တယ်။ သူတို့သုံးယောက် လှည့်ကြည့်တော့ ပါမောက္ခ စလက်ဂ်ဟွန်းကို မြင်ရတယ်။ သူဟာ အလွန်ကြီးတဲ့ အမွေးဖွားဦးထုပ် ဆောင်းထားတယ်။ ဦးထုပ်နဲ့တူတဲ့ အမွေးဖွားကော်လာပါတဲ့ အပေါ်ကုတ်လည်း ဝတ်ထားတယ်။ လက်ထဲမှာ နာနတ်ယိုအတုံး တစ်အိတ်ကြီး ကိုင်ထားတယ်။ သူဟာ ဒီဆိုင်လေးရဲ့ နေရာလေးပုံတစ်ပုံလောက် အနည်းဆုံး ယူထားတယ်။

“ဟယ်ရီ မင်း ကျုပ် ညပါတီပွဲလေး သုံးကြိမ်နဲ့ လွဲခဲ့ရပြီနော်” စလပ်ဂဟွန်းက ဟယ်ရီ့ရင်ဘတ်ကို ရင်းနှီးစွာ ပုတ်လိုက်တယ်။ “ဒါ မဖြစ်ဘူး ကောင်လေး၊ ကျုပ်က မင်းကို ရအောင်ဖိတ်ဖို့ စိတ်ဆုံးဖြတ်ချက် ချထားတယ်။ မစ်ကလဂ်ဂါက ဒီညပါတီပွဲတွေကို သိပ်ကြိုက်တယ်၊ ဟုတ်လား”



“ဟုတ်တယ်” ဟာမီးက မတတ်သာဘဲ ပြောတယ်။ “ဧည့်ပွဲတွေဟာ အတယ်ပဲ —”

“ဒါဆို မင်း ဘာကြောင့်မလာတာလဲ၊ ဟယ်ရီ” စလပ်ဂဟွန်းက မြစ်တင်မေးတယ်။

“ဟုတ်ကဲ့၊ ကျွန်တော် ခွေဒစ်လေ့ကျင့်ရေး ရှိလို့ပါ၊ ပါမောက္ခ” ဟယ်ရီက ပြောတယ်။ အမှန်ပဲ၊ စလပ်ဂဟွန်းက ဟယ်ရီ့ကို ခရမ်းရောင်ဖဲကြိုးလေးနဲ့ ချည်ထားတဲ့ ဖိတ်စာသေးသေးလေး ပို့လိုက်တိုင်း၊ ဟယ်ရီက ခွေဒစ်လေ့ကျင့်ခန်း စီစဉ်တယ်။ ဒီမဟာဗျူဟာက ရွန့်ကို တစ်ယောက်တည်း ပစ်မထားအောင် အာမခံတယ်။ သူတို့ဟာ ဂျင်နီနဲ့အတူ ဟာမီးနဲ့ မက်လက်ဂင်၊ ဇာဘီနီတို့ အတူရှိနေတဲ့ အခြေအနေကို တွေးထင်ကြည့်ကြပြီး၊ တဟားဟား ရယ်ကြတယ်။

“ကောင်းတယ်၊ ဒီလောက်ကြိုးစားတော့ မင်းတို့ ပထမဆုံးပြိုင်ပွဲ အောင်နိုင်လိမ့်မယ်လို့ ကျုပ် တကယ်ပဲ မျှော်လင့်တယ်” စလပ်ဂဟွန်းက ပြောတယ်။ “ဒါပေမယ့် တစ်ခါတစ်ရံ ပျော်ပွဲရွှင်ပွဲလေးရှိတာ အကျိုးမယုတ်ပါဘူး၊ ဒါဆိုရင်၊ တနင်္လာနေ့ညဆို ဘယ့်နှယ်လဲ။ ဒီလို ရာသီဥတုမျိုးမှာ မင်းတို့ လေ့ကျင့်တာ မဖြစ်နိုင်ဘူး . . . .”

“မဖြစ်ဘူး၊ ပါမောက္ခ၊ ကျွန် — ကျွန်တော် — ကျွန်တော် အဲဒီညမှာ ပါမောက္ခ ဒမ်ဘယ်လီဒိုးနဲ့ ချိန်းထားပြီးပြီ”

“ကံမကောင်းပြန်ဘူး” စလပ်ဂဟွန်းက တမင်အကျယ်ကြီး အော်ဆိုတ်တယ်။ “အား၊ ကောင်းပြီ . . . . မင်း ကျုပ်ကို အမြဲတမ်း ရှောင်နေလို့ မရဘူး၊ ဟယ်ရီ”

သူဟာ ဟိတ်ဟန်ပြ လက်ယမ်းလိုက်ပြီး ကားယားကားယားနဲ့ ဆိုင်က ထွက်သွားတယ်။ ရွန့်ကို သတိတောင်မထားမိသလောက်ပဲ၊ ရွန်ဟာ ဆိုင်ထဲမှာ အလှထားတဲ့ ပိုးဟပ်ပုံလိုပဲ။

“မယုံနိုင်စရာပဲ၊ နင်ရှောင်လိုက်နိုင်ပြန်ပြီ” ဟာမီးက ခေါင်းခါပြီး ပြောတယ်။ “တကယ်မှာတော့ ဒီလောက်မဆိုးပါဘူး . . . . တစ်ခါတလေလဲ ပျော်စရာပါပဲ . . . .” သူမဟာ ရွန့်အမူအရာကို ရုတ်တရက် မြင်လိုက်တယ်။ “အိုး ကြည့် — သူတို့မှာ အဆင့်မြင့် တုတ်ချောင်းသကြားလုံးတွေ့က်မွှေးအလောင် ရှိတယ် — နာရီအတော်များများ စုပ်လို့ရတယ်”

www.burmeseclassic.com

www.burmeseclassic.com



ဟာမီး စကားစ ပြောင်းပစ်တဲ့အတွက် ဟယ်ရီ ဝမ်းသာမိတယ်။ သူဟာ အဲဒီအလွန်ကြီးတဲ့ အချောင်းသဏ္ဍာန် သကြားလုံးမျိုးကို အလွန် စိတ်ဝင်စားဟန်ဆောင်နေတယ်။ ဒါပေမယ့် ရွန်ကတော့ မပျော်ဘူး၊ ဟာမီးက သူ့ကို ဘယ်ဆက်သွားချင်လဲ မေးတော့ သူက ပခုံးပဲ တွန့်ပြတယ်။

"ငါတို့ တံမြက်စည်းသုံးလက်ကို သွားရအောင်" ဟယ်ရီက ပြောတယ်၊ "အဲဒီမှာ နွေးမှာ သေချာတယ်"

သူတို့ဟာ လည်စည်းနဲ့ မျက်နှာကို ပြန်ပတ်ပြီး သကြားလုံးဆိုင်က ထွက်ခဲ့တယ်။ နွေးထွေးချိုမြတဲ့ ပျားရည်အမတ်ကြီး ဆိုင်က ထွက်လာခါ ရှိသေးတယ်၊ ပြင်းထန်တဲ့ လေအေးဟာ သူတို့မျက်နှာကို လာခြစ်တယ်၊ ဓားနဲ့ ခြစ်သလိုပဲ။ လမ်းပေါ်မှာ လူကျဲတယ်။ ဘယ်သူမှ ရပ်ပြီး စကားမပြောဘူး။ အားလုံး မြန်မြန်သွားနေတယ်။ သူတို့ သွားလိုရာကို တန်းသွားကြတယ်။ ထူးခြားတာက တော့ သူတို့ရှေ့က လူနှစ်ယောက်။ သူတို့ဟာ တံမြက်စည်းသုံးလက်ရှေ့မှာ ရပ်နေတယ်။ ၎င်းအနက် တစ်ယောက်က မြင့်မြင့်ပိန်ပိန်၊ ဟယ်ရီ မျက်စိမှေးပြီး မိုးရေစိုရွဲနေတဲ့ မျက်မှန်ကတစ်ဆင့် အဲဒီလူဟာ ဟော့ဂ်စ်မိဒ်ရွာက တခြားဘားတစ်ခု —— ဝက်ခေါင်းဘားထဲက စားပွဲထိုးအမျိုးသားဆိုတာ မြင်ရတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ နီးလာတော့၊ အဲဒီ စားပွဲထိုးဟာ ခြုံထည်နဲ့ လည်ပင်းကို တင်းတင်းပတ်ပြီး လှည့်ထွက်သွားတယ်။ ပုတဲ့လူတစ်ယောက်တည်း ကျန်ရစ်တယ်၊ ၎င်းဟာ ရင်ဘတ်ထဲမှာ တစ်ခုခုကို စမ်းနေတယ်။ အဲဒီ ယောက်ျားနဲ့ သူတို့ တစ်လှမ်းလောက်ပဲ လိုတော့တယ်၊ ဟယ်ရီက ရုတ်တရက် သူ့ကို မှတ်မိလိုက်တယ်။

"မန်ဒန်းဂတ်စ်"

အဲဒီ အပြင်ကား ဘဲသွားသွားတဲ့၊ ဂျင်းဝါရောင် ဆံပင်ရှည်ရှည်ရှိတဲ့ ယောက်ျားက လန့်သွားတယ်။ ရင်ဘတ်ထဲက ရွှေပုံစံ လက်ဆွဲအိတ်ကလေး [illegible] မြေကြီးပေါ်မှာ ပွင့်သွားတယ်။ အထဲမှာ ပစ္စည်းအမျိုးစုံနေတယ်။ [illegible]ဆိုင်တစ်ဆိုင်ရဲ့ အလှပြ ပြတင်းထဲက ဟာတွေလိုပဲ။

"အိုး ဟဲလို၊ ဟယ်ရီ" မန်ဒန်းဂတ်စ်-ဖလက်ချာက ပြောတယ်။ [illegible]ဆောင်နေတယ်။ ဒါပေမယ့် နည်းနည်းမှ မတူဘူး။ "ကျွန် [illegible] အချိန်နောက်ကျသွားဦးမယ်"



သူဟာ မြေကြီးပေါ် ဆောင့်ကြောင့်ထိုင်ပြီး သေတ္တာထဲက ပစ္စည်းတွေကို စမ်းတယ်။ ချက်ချင်း ထွက်သွားချင်တဲ့ပုံ ပေါက်နေတယ်။

"ခင်ဗျား ဒါတွေ ရောင်းနေသလား" ဟယ်ရီက မန်ဒန်းဂတ်စ် မြေကြီးပေါ်ကနေ စုတ်စုတ်ပြတ်ပြတ် အရာမျိုးစုံတစ်စုကို ကောက်ယူတာမြင်တော့ မေးတယ်။

"အိုး၊ အင်း၊ ဝမ်းရေးအတွက်ပေါ့" မန်ဒန်းဂတ်စ်က ပြောတယ်။ "တိုဟာကို ကျွပ်ပေး"

ရွန်က ထိုင်ပြီး ငွေထည်တစ်ခုကို ကောက်ယူနေတယ်။

"နေဦး" ရွန်က ဖြည်းနှေးစွာ ပြောတယ်။ "ဒါကို မြင်ဖူးသလိုပဲ ——"

"ကျေးဇူးတင်တယ်" မန်ဒန်းဂတ်စ်က ပြောပြီး ရွန့်လက်ထဲက ခြေတံရှည် အရက်ခွက်ကို ဆတ်ခနဲ ဆွဲယူပြီး သေတ္တာထဲ ထိုးထည့်လိုက်တယ်။ "ကောင်းပြီ၊ ကျုပ်တို့ နောက်တွေ့မယ် —— အမလေး"

ဟယ်ရီက မန်ဒန်းဂတ်စ်ရဲ့ လည်မျိုကို ညှစ်ထားတယ်၊ ၎င်းကို ဘားဆိုင်ရှေ့က နံရံမှာ ဖိကပ်ထားတယ်။ သူဟာ လက်တစ်ဘက်နဲ့ သူ့ကို တင်းတင်း ညှစ်ထားပြီး ကျန်လက်နဲ့ မှော်ကြိမ်လုံးကို ဆွဲထုတ်တယ်။

"ဟယ်ရီ" ဟာမီးက ထိတ်လန့်စွာ အော်တယ်။

"ဒီပစ္စည်းက ခင်ဗျား ဆီးရီးအက်စ်ကြယ်အိမ်က ခိုးလာတာ" ဟယ်ရီက ပြောတယ်။ သူနဲ့ မန်ဒန်းဂတ်စ်ဟာ နှာခေါင်းချင်း ထိတော့မယ်။ နံစော်တဲ့ ဆေးရွက်ကြီးနဲ့ အရက်နံ့ပြင်းပြင်းကို ရတယ်။ "ဒီပေါ်မှာ ဘလက်မိသားစု အမှတ်တံဆိပ် ရှိတယ်"

"ကျုပ် —— ဟင့်အင်း —— ဘာလဲ ?" မန်ဒန်းဂတ်စ်က အ,ထစ်စွာ ပြောတယ်။ မျက်နှာကြီး ဝက်သည်းအရောင် ဖြစ်လာတယ်။

"ခင်ဗျား ဘာလုပ်ခဲ့သလဲ။ သူသေတဲ့ညက ခင်ဗျား အဲဒီအိမ်မှာ ပြောင်အောင် ခိုးယူသွားတယ် ?" ဟယ်ရီက အော်ဟစ်တယ်။

"ကျုပ် —— ဟင့်အင်း —— "

"အဲဒါ ကျွန်တော့်ပေး"

"ဟယ်ရီ၊ နင် မလုပ်နဲ့" ဟာမီးက စူးစူးအော်နေတယ်။ မန်ဒန်းဂတ်စ် မျက်နှာကြီး စိမ်းလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းခနဲ မြည်သွားပြီး၊ မိမိလက်နှစ်ဘက် မန်ဒန်းဂတ်စ်လည်ပင်းပေါ် ထနေ ကန်ထွက်လာတယ်လို့ ဟယ်ရီ ခံစားရတယ်။ မန်ဒန်းဂတ်စ်ဟာ ဟောဟဲ ဟောဟဲနဲ့ အသက်ပြင်းပြင်း ရှူနေတယ်။ မြေကြီးပေါ် ကျနေတဲ့ သေတ္တာကို ဆွဲယူလိုက်တယ်။ ဒိနောက် —— ဘတ် —— သူ ရုပ်ရွေ့ပြောင်းသွားပြီ။

ဟယ်ရီက ကုန်းဆဲတယ်။ နေရာတွင် လှည့်ပြီး မန်ဒန်းဂတ်စ် ဘယ် ရောက်သွားလဲဆိုတာ ကြည့်တယ်။

"ပြန်လာခဲ့၊ သူခိုးကြီး ——"

"အလကားပဲ၊ ဟယ်ရီ"

တန့်ခ်စ် ဘယ်ကရောက်လာမှန်းမသိဘူး။ သူမရဲ့ ညိုမွဲမွဲဆံပင်ဟာ မိုးရေစိုလို့ ရွှဲနေတယ်။

"မန်ဒန်းဂတ်စ် အခုဆိုရင် လန်လန်ရောက်လောက်ပြီ။ အော်နေလဲ အလကားပဲ"

"သူ ဆီးရီးအက်စ်ကြယ်ရဲ့ပစ္စည်းကို ခိုးတယ်။ သူ ပစ္စည်းခိုးသွားတယ်"

"ဟုတ်တယ်၊ ဒါပေမယ့်" တန့်ခ်စ်က ပြောတယ်။ သူမဟာ ဒီသတင်း ကို ဘာမှစိတ်မဝင်စားဘူး။ "မင်းတို့ ဒီမှာ အအေးခံမနေသင့်ဘူး"

သူမဟာ သူတို့ တံမြက်စည်းသုံးလက်ထဲ ဝင်သွားတာ ကြည့်နေ တယ်။ ဟယ်ရီ ဘားထဲရောက်တာနဲ့ အော်ပြန်ရော။ "သူ ဆီးရီးအက်စ်ကြယ်ရဲ့ ပစ္စည်းတွေ ခိုးနေတယ်"

"ငါသိတယ်၊ ဟယ်ရီ။ ဒါပေမယ့် နင် မအော်ပါနဲ့တော့။ သူများတွေ နင့်ကို ကြည့်နေတယ်" ဟာမီးက တိုးတိုးပြောတယ်။ "သွားထိုင်ချေ၊ ငါ သောက် စရာ ယူခဲ့မယ်"

မိနစ်အချို့ကြာတော့၊ ဟာမီးဟာ ဗတာပတ်ဘီယာ သုံးပုလင်း ယူပြီး [illegible] ပြန်လာတယ်။ ဟယ်ရီက ဒေါကန်နေတုန်းပဲ။

"အဖွဲ့ထဲက မန်ဒန်းဂတ်စ်ကို မကိုင်နိုင်ဘူးလား" ဟယ်ရီက ဒေါသနဲ့ [illegible]ကို မေးတယ်။ "သူတို့ ဌာနချုပ်မှာတုန်းက၊ သူတို့က သူ့ကို [illegible]။ သယ်လို့ရတဲ့ ပစ္စည်းအားလုံး ခိုးယူတာတော့ တားရမှာပေါ့"

"[illegible]" ဟာမီးက စိုးရိမ်စွာ ပြောတယ်။ ဘေးဘီမှာ ခိုးနားထောင်သူ ရှိ [illegible] ကြည့်တယ်။ အနီးမှာ ထိုင်နေတဲ့ မှော်ဆရာနှစ်ယောက်ဟာ [illegible] ဟယ်ရီ့ကို ကြည့်နေတယ်။ ဇာဘီနီဟာ မလှမ်းမကမ်းက



တိုင်တစ်လုံးကို ပျင်းရိစွာ မှီနေတယ်။ "ဟယ်ရီ၊ ငါဆိုလဲ သိပ်စိတ်ဆိုးမှာ၊ သူ ခိုးတာ နင့်ပစ္စည်းဆိုတာ ငါ သိတယ် ——"

ဟယ်ရီဟာ ဗတာပတ်ဘီယာ သီးသွားတယ်။ သူဟာ မိမိ အခု ဂရင်း မော်ကွင်း အမှတ်ဆယ့်နှစ်က သခင်ဖြစ်နေပြီဆိုတာ မေ့နေတယ်။

"မှန်တယ်၊ ငါ့ပစ္စည်းတွေ" သူက ပြောတယ်။ "ဒါကြောင့် သူ ငါ့ မြင်တာနဲ့ လန့်နေတာ။ ဟင်း၊ ငါ ဒီကိစ္စကို ဒမ်ဘာလီဒိုး ပြောပြမယ်။ မန်ဒန်း ဂတ်စ်ဟာ သူတစ်ယောက်ကိုပဲ ကြောက်တာ"

"အကြံကောင်းတယ်" ဟာမီးက တိုးတိုးပြောတယ်။ ဟယ်ရီ အေးဆေး လာတာကို သူမ မြင်ရလို့ ဝမ်းသာတယ်။ "ရွန်၊ နင် ဘာကို ကြည့်နေတာလဲ"

"ဘာမှမဟုတ်ဘူး" ရွန်က ပြောရင်း အကြည့်ကို ဘားခုံဆီကနေ ခွာလိုက်တယ်။ ဒါပေမယ့် ရွန်ဟာ ချောမောပြီး ဆွဲဆောင်အားရှိတဲ့ ဆိုင်ရှင် —— မဒမ်ရိုစ်မာတာ သတိပြုစေချင်တယ်ဆိုတာ ဟယ်ရီ သိတယ်။ ရွန်က သူမကို တိတ်တိတ်ကြိုက်နေတာ ကြာပြီ။

"ငါ ထင်တယ်၊ နင့် 'ဘာမှမဟုတ်ဘူး'ဟာ နောက်ဘက်မှာ မီးဝီစကီ ပိုများများ သွားယူနေတယ်" ဟာမီးက အပေါက်ဆိုးဆိုးနဲ့ ပြောလိုက်တယ်။

ရွန်က အဲဒီသရော်စကားကို အရေးမလုပ်ဘူး။ တစ်ခွန်းမှ မပြောဘဲ ဗတာပတ်ဘီယာကို ဖြည်းဖြည်းချင်း သောက်နေတယ်။ မိမိပုံပန်းက သိပ် အဆင့်မြင့်တယ်၊ သိပ်နက်ရှိုင်းတယ် ထင်နေပုံရတယ်။ ဟယ်ရီက ဆီးရီးအက်စ် ကြယ်ကို တွေးနေတယ်။ ထိုစဉ်က ဆီးရီးအက်စ်ကြယ်ဟာ ငွေခြေတံရှည် အရက်ခွက်ကို ဘယ်လောက်မုန်းတီးတယ်ဆိုတာ တွေးနေတယ်။ ဟာမီးက လက်ချောင်းနဲ့ စားပွဲကို ခေါက်နေတယ်။ မျက်စိက ရွန့်ကြည့်လိုက် ဘားခုံကို ကြည့်လိုက် လုပ်နေတယ်။

ဟယ်ရီဟာ ပုလင်းထဲက ဘီယာကို သောက်လို့ ကုန်ရုံရှိသေးတယ်၊ ဟာမီးက ပြောတယ်။ "ဒီနေ့ ဒီထိပဲ၊ ငါတို့ ကျောင်းပြန်ကြမယ်"

ကျန်နှစ်ယောက်က ခေါင်းညိတ်တယ်။ ဒီခရီးဟာ ဘာမှမပျော်ရဘူး။ ဆက်နေလည်း ရာသီဥတုက ကြာလေ ဆိုးလေ ဖြစ်မယ်။ ဒါနဲ့ သူတို့ဟာ ချွဲထည်ကို တင်းနေအောင် ဆွဲပြီး လည်စည်းနဲ့ မျက်နှာကို ကာထားတာ ဆက်အိတ်စွပ်ကြတယ်။ ခက်ထီ-ဘဲနဲ့ မိတ်ဆွေတစ်ယောက်နောက်က လိုက်ပြီး ဘားက ထွက်ခဲ့တယ်။ လမ်းမကြီးအတိုင်း ပြန်ခဲ့ကြတယ်။ သူတို့ဟာ ခဲနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



နှင်းခွဲမာမာတွေကို ခက်ခဲစွာ နင်းပြီး ဟော့ဂ်ဝပ်ဘက် ဦးတည်လျှောက်ကြ တယ်။ ဟယ်ရီဟာ အကျိုးအကြောင်းမရှိ ဂျင်နီကို သွားသတိရတယ်။ သူတို့ သူမနဲ့ မတွေ့ဘူး။ ဟယ်ရီက တွေးတယ်၊ သူမဟာ ဒင်းနဲ့အတူ မဒမ်ဖတ်ဒီး လက်ဖက်ရည်ဆိုင်ထဲမှာ ဇိမ်ရှိရှိ နေနေလိမ့်မယ်။ အဲဒီနေရာဟာ ပျော်ရွှင်တဲ့ ချစ်သူတွေ သိပ်သွားချင်တဲ့ နေရာဖြစ်တယ်။ ဟယ်ရီဟာ မျက်မှောင်ကြုတ်ပြီး ခေါင်းငုံ့ကာ လေနဲ့ ပါလာတဲ့ မိုးနှင်းတွေကို ခုခံရင်း ခက်ခဲစွာနဲ့ ရှေ့ကို ဆက် လျှောက်လာတယ်။

ခဏနေမှ၊ လေနဲ့ ပါလာတဲ့ ခက်ထီ-ဘဲနဲ့ သူမ သူငယ်ချင်းရဲ့အသံ ဟာ ကြာလေ ကျယ်လေ၊ ကြာလေ စူးစူးဝါးဝါး ဖြစ်လေဆိုတာ သိလာတယ်။ ဟယ်ရီဟာ မျက်စိမှေးပြီး သူမတို့ရဲ့ ဝေဝါးတဲ့ ကိုယ်ရိပ်ကို အကဲခတ်နေတယ်။ မိန်းကလေးနှစ်ယောက်ဟာ ခက်ထီလက်ထဲက အရာတစ်ခုအတွက် ရန်ဖြစ် နေတယ်။

"ဒါ နင်နဲ့မဆိုင်ဘူး၊ လီနီ" ဟယ်ရီက ခက်ထီပြောတာ ကြားတယ်။

သူတို့ဟာ လမ်းကလေးမှာ ကွေ့ချိုးတစ်ခုကို ချိုးလိုက်တယ်။ မိုးတွေ ဆီးနှင်းတွေ ပိုသည်းလာတယ်၊ ဟယ်ရီ့မျက်မှန် ဝေဝါးနေတယ်။ သူဟာ လက်အိတ်စွပ်ထားတဲ့လက်နဲ့ မှန်ကို သုတ်တယ်။ ဒီအချိန်မှာပဲ လီနီဟာ ခက်ထီလက်ထဲက အထုပ်ကို သွားလုတယ်၊ ခက်ထီက နောက်ကို တအား ပြန်ဆွဲလိုက်တာ အဲဒီအထုပ် မြေကြီးပေါ် ကျသွားတယ်။

ချက်ချင်းပဲ၊ ခက်ထီ မိုးပေါ် လွင့်တက်သွားတယ်။ သူမဟာ ရွှန်းတို့ ခြေမျက်စိချိတ်ခံရပြီး ဇောက်ထိုးကြီး မဟုတ်ဘူး။ သူမပုံသဏ္ဌာန်က အလှ လှတယ်။ လက်နှစ်ဘက် ဆန့်တန်းထားတယ်၊ ပျံတော့မယ့်ပုံ။ သို့ပေမယ့် သူမ ကိုယ်ပေါ်မှာ တစ်မျိုးကြီး ဖြစ်လာတယ်၊ မှုမမှန်တာ ဖြစ်လာတယ် . . . . သူမ ဆံပင်ဟာ လေပြင်းတိုက်လို့ ဟိုဒီလွင့်ပျံနေတယ်။ ဒါပေမယ့် သူမ မျက်လုံး တင်းတင်းမှိတ်ထားတယ်။ ဘာအမူအရာမှလည်း မရှိဘူး။ ဟယ်ရီ၊ ရွှန်၊ ဟာမိုင် နီနီတို့အားလုံး ရပ်နေကြတယ်။ သူမကို ငိုင်ကြည့်နေတယ်။

ဒီနောက်၊ မြေပြင်နဲ့ ခြောက်ပေအကွာမှာ၊ ခက်ထီဟာ အလန့်တကြား စူးစူးအော်လိုက်တယ်။ သူမမျက်လုံး ဆတ်ခနဲ ပွင့်လာတယ်။ သူမ မြင်နိုင်တဲ့ ဒါမှမဟုတ် ခံစားရတဲ့အရာဟာ သူမကို ကြောက်မက်ဖွယ် နာကျင်မှုပေးထား သေချာတယ်။ သူမဟာ တစ်ခွန်းပြီးတစ်ခွန်း စူးစူးအော်ဟစ်တယ်။ လီနီလည်း



ထိုက်အော်လာတယ်။ သူမဟာ ခက်ထီရဲ့ခြေမျက်စိကို ဆွဲတယ်၊ သူမကို မြေကြီးပေါ် အတင်းပြန်ဆွဲချင်တယ်။ ဟယ်ရီ၊ ရွှန်နဲ့ ဟာမိုင်းတို့လည်း ပြေးပြီး ကူညီတယ်။ သူတို့ ခက်ထီရဲ့ခြေနှစ်ချောင်းကို ဆွဲထားစဉ်မှာပဲ၊ သူမဟာ ရုတ်တရက် သူတို့ကိုယ်ပေါ် ကျလာတယ်။ ဟယ်ရီနဲ့ ရွှန်ဟာ သူမကို ဆီးဖမ်း အားနိုင်လိုက်တယ်။ ဒါပေမယ့် သူမက သိပ်ပြီးတွန့်လိမ်နေလို့ သူတို့ဟာ သူမ ကို မနိုင်တော့ဘူး။ ဒါနဲ့၊ သူတို့ဟာ သူမကို မြေကြီးပေါ် ချလိုက်တယ်၊ သူမ ဟာ ပြင်းထန်စွာ တွန့်လိမ်နေတယ်။ နာကျင်စွာ အော်ဟစ်နေတယ်။ သူတို့ ကို တစ်ယောက်မှ မမှတ်မိဘူး။

ဟယ်ရီက ဘေးဘီကို ကြည့်တယ်။ တစ်ယောက်မှ မရှိဘူး။

"နင်တို့ ဒီမှာနေ" သူဟာ လေပြင်းတိုက်နေတဲ့ထဲက ကျန်လူတွေကို အော်ပြောတယ်။ "ငါ အကူသွားခေါ်မယ်"

ဟယ်ရီဟာ ကျောင်းဘက်ကို တအားပြေးတယ်။ သူ အရင်က ခက်ထီဖြစ်သလိုဖြစ်တာ မကြုံဖူးဘူး။ ဒါ ဘယ်လိုဖြစ်တယ်ဆိုတာ တွေးလို့ ရဘူး။ သူဟာ နောက်ထပ်ကွေ့တစ်ခုကို အလျင်အမြန် ချိုးလိုက်တယ်။ ရောမအရာကြီးတစ်ခုနဲ့ ဝင်ဆောင့်တယ်။ အဲဒီအကောင်ကြီးဟာ နောက်ခြေနဲ့ ရပ်နေတဲ့ ဝက်ဝံကြီးနဲ့ တူတယ်။

"ဟက်ဂရစ်" ဟယ်ရီဟာ သစ်ပင်ခြံစည်းရိုးထဲ လွင့်ကျသွားတယ်။ သူဟာ မောဟိုက်ရင်း အတင်းရုန်းထွက်ပြီး အော်ခေါ်တယ်။

"ဟယ်ရီ" ဟက်ဂရစ်က ပြောတယ်။ သူ့မျက်ခုံးမွေးတွေ မုတ်ဆိတ် တွေမှာ ဆီးနှင်းတွေနဲ့။ ရောမပင်လယ်ဖျံရေ ကုတ်အင်္ကျီရှည် ညစ်ညစ်ပတ် ပတ်ကြီး ဝတ်ထားတယ်။ "ကျုပ် ဂရော့ဖ်ကို သွားကြည့်တယ်။ သူ သိပ်တိုးတက် တယ်၊ မင်းတောင် —"

"ဟက်ဂရစ်၊ ဟိုဘက်မှာ ဒဏ်ရာရတဲ့လူ ရှိတယ်၊ မှော်ကျိန်စာထိတာ ဘာတာလဲ ဖြစ်မယ် —"

"ဘာ ?" ဟက်ဂရစ်က ဟယ်ရီ ပြောတာကို ကုန်းနားထောင်တယ်။ လေပြင်းတိုက်သံက သိပ်ကျယ်တယ်။

"မှော်ကျိန်စာမိသူရှိတယ်" ဟယ်ရီက ကုန်းအော်ပြောတယ်။

"ကျိန်စာထိတယ် ? ဘယ်သူထိတာလဲ — ရွှန်မဟုတ်ဘူး ? ဟာမိုင်း ?"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ သူတို့မဟုတ်ဘူး၊ ခက်ထီ-ဘဲ —— ဒီဘက်မှာ . . . ."

သူတို့ အတူတကွ လမ်းကလေးအတိုင်း ပြန်ပြေးကြတယ်။ မကြာခင်မှာပဲ လူတချို့ ခက်ထီဘေး ဝိုင်းနေတာ မြင်ရတယ်။ ခက်ထီဟာ မြေကြီးပေါ်လဲပြီး တွန့်လိမ်နေတုန်းပဲ၊ အော်ဟစ်နေတုန်းပဲ။ ရွန်၊ ဟာမီးနဲ့ လီနီတို့ဟာ သူမကို ငြိမ်ငြိမ်နေဖို့ ကြိုးစားနေတယ်။

"ဘေးဖယ်" ဟက်ဂရစ်က အော်တယ်။ "ကျုပ်ကြည့်ရအောင်"

"သူမ တစ်ခုခုဖြစ်တယ်" လီနီက ငိုပြောတယ်။ "ကျွန်မ ဘာကြောင့်မှန်း မသိဘူး —— "

ဟက်ဂရစ်က ခက်ထီကို တစ်စက္ကန့်လောက် ကြည့်နေပြီး ဘာမှမပြောဘဲ သူမကို ကုန်းပြီး ပွေ့ယူလိုက်တယ်။ လှည့်ပြီး ရဲတိုက်ဘက် ပြေးသွားတယ်။ စက္ကန့်အနည်းငယ်ကြာတော့၊ ခက်ထီအော်သံ မကြားရတော့ဘူး၊ လေပြင်းတိုက်တဲ့အသံ တဝူးဝူးပဲ ကြားရတော့တယ်။

ဟာမီးဟာ ခက်ထီရဲ့ ချုံးမဲ့ငိုနေတဲ့ သူငယ်ချင်းအနား အမြန်သွားပြီး သူမကို ဖက်ထားတယ်။

"နင်က လီနီလား"

အဲဒီမိန်းကလေးက ခေါင်းညိတ်ပြတယ်။

"ဒီကိစ္စက ရုတ်တရက်ဖြစ်တာလား၊ ဒါမှမဟုတ် —— "

"အဲဟိုအထုပ်ပြဲသွားတာနဲ့ ပြဿနာပေါ်တာပဲ" လီနီက ရှိုက်ငိုရင်းပြောတယ်။ မြေကြီးပေါ်က စိုနေပြီဖြစ်တဲ့ စက္ကူညိုဝါဝါအထုပ်ကို လက်ညှိုးထိုးပြတယ်။ စက္ကူထုပ်ကွဲနေတယ်။ အတွင်းက အရာတစ်ခုက စိမ်းဖန့်ဖန့်အရောင် ထွက်နေတယ်။ ရွန်က ကုန်းကောက်မယ်လုပ်တယ်။ ဟယ်ရီက သူ့လက်ကို ဆွဲပြီး သူ့ကို ပြန်ဆွဲခေါ်တယ်။

"မထိနဲ့"

ဟယ်ရီ ကုန်းလိုက်တယ်။ စက္ကူထုပ်ထဲမှာ လှပတဲ့ ကြောင်ကျောက်လည်ဆွဲတစ်ကုံးကို မြင်ရတယ်။

"ငါ အရင်က ၎င်းကို မြင်ဖူးတယ်" ဟယ်ရီက အဲဒီအရာကို ကြည့်ရင်းပြောတယ်။ "၎င်း ဟိုးအရင်တုန်းက ဘော်ဂင်နဲ့ ဘတ်ခ်စ်ဆိုင်မှာ ပြထားတာ။ ဈေးနှုန်းစာရင်းမှာ ၎င်းမှာ မှော်ကျိန်စာပါတယ်လို့ ပြောထားတယ်။ ခက်ထီဟာ ၎င်းနဲ့ ထိမိသွားဖြစ်မယ်" သူက လီနီကို မော့်ကြည့်တယ်။ အခု လီနီဟာ



တစ်ကိုယ်လုံး တုန်နေတာ ထိန်းလို့မရတော့ဘူး။ "ခက်ထီ ဒါကို ဘယ်လိုရတာလဲ"

"ဟုတ်တယ်၊ ငါတို့ ခုနက ဒါအတွက် ရန်ဖြစ်နေတာ။ သူမ တံမြက်စည်းသုံးလက်ထဲက အိမ်သာက ထွက်လာတော့ လက်ထဲမှာ အဲဒါကို ကိုင်ထားတယ်။ အဲဒါ ဟော့ဂ်ဝပ်က ဘယ်သူ့ကိုပေးဖို့ လက်ဆောင်လို့ ပြောတယ်။ သူမကတစ်ဆင့် ပေးရမှာ။ သူမစကားပြောတာ အမူအရာက တစ်မျိုးကြီးပဲ . . . . အိုး၊ ဟင့်အင်း၊ အိုး၊ ဟင့်အင်း။ သူမဟာ ဝိညာဉ်လုပ်ကျိန်စာ အချခံရတာ သေချာတယ်။ ငါ ထိုစဉ်က သတိမထားမိဘူး"

လီနီဟာ ငိုတာ တစ်ကိုယ်လုံး တုန်နေပြန်တယ်။ ဟာမီးက သူမပခုံးကို အသာလေး ပုတ်ပေးနေတယ်။

"သူမကို ဘယ်သူပေးတယ်လို့ မပြောဘူးလား၊ လီနီ"

"ဟင့်အင်း . . . . သူမက ငါ့ကို မပြောချင်ဘူး . . . . ငါက သူမ မှားနေပြီ၊ ဒီအရာကို ကျောင်းယူမသွားရဘူးလို့ ပြောတယ်။ ဒါပေမယ့် သူမက နားကိုမထောင်ဘူး။ နောက်တော့ . . . . နောက်တော့ ငါက သူမလက်ထဲက အဲဒါကို လုယူချင်တယ် . . . . နောက်တော့ —— နောက်တော့ —— " လီနီက အားငယ်စွာ တအားအော်တယ်။

"ငါတို့ ကျောင်းကို မြန်မြန်ပြန်ရင် ကောင်းမယ်" ဟာမီးက လီနီကို ဖက်ထားရင်း ပြောတယ်။ "ဒါမှ သူမ အခု ဘယ်လိုရှိတယ်ဆိုတာ သိမှာ၊ သွားစို့ . . . ."

ဟယ်ရီက ခဏတွေဝေနေပြီး မျက်နှာပေါ် ပတ်ထားတဲ့ လည်စည်းကို ဖြည်ယူလိုက်တယ်။ ရွန် လန့်အော်တာကို အရေးမလုပ်ဘဲ၊ အဲဟိုပုတီးကုံးကို လည်စည်းနဲ့ အသာလေးထုပ်ပြီး ကောက်ယူလိုက်တယ်။

"ငါတို့ ဒါကို မဒမ်ဖွမ်ဖရေကို ပြဖို့လိုတယ်" သူက ပြောတယ်။

သူတို့ဟာ ဟာမီးနဲ့ လီနီနောက်က လိုက်ခဲ့တယ်။ ဟယ်ရီ့ရင်ထဲမှာ စိတ်လှုပ်ရှားစွာ တွေးတောလာတယ်။ သူတို့ ကျောင်းဝန်းထဲ ဝင်ရုံရှိသေးတယ်၊ သူဟာ မိမိအတွေးကို မအောင့်နိုင်ဘဲ ဖွင့်ပြောတယ်။

"မော်ဖိုင် ဒီပုတီးကုံးကို သိတယ်။ ၎င်းဟာ လွန်ခဲ့တဲ့လေးနှစ်ကတည်းက ဘော်ဂင်နဲ့ ဘတ်ခ်စ်ဆိုင်က ဘူးတစ်လုံးထဲမှာ ရှိတယ်။ ထိုစဉ်က ငါ ဆိုင်ထဲ ပုန်းနေပြီး မော်ဖိုင်နဲ့ သူ့အဖေ မမြင်အောင် ရှောင်နေတာ။ မော်ဖိုင်က ၎င်းကို

www.burmeseclassic.com

www.burmeseclassic.com



သေချာကြည့်နေတာ ငါမြင်တယ်။ ငါတို့ သူ့ကို နောက်ယောင်ခံလိုက်တဲ့နေ့က သူဝယ်ချင်တာ အဲဒီပစ္စည်းပဲ။ သူက ၎င်းကို မမေ့ဘူး။ လှည့်ပြန်ပြီး ၎င်းကို ဝယ်ချင်တယ်"

"ငါ — ငါ မပြောတတ်ဘူး၊ ဟယ်ရီ" ရွန်က တွေဝေစွာ ပြောတယ်။ "ဘော်ဂင်နဲ့ ဘတ်ခ်စ်ဆိုင်ကိုသွားတဲ့လူ အများကြီးပဲ . . . . ပြီးတော့၊ အဲဒီ ကျောင်းသူက ခက်ထီဟာ အိမ်သာထဲမှာ ဒီပုတီးကုံးကို ရတယ်လို့ ပြောတယ် မဟုတ်လား"

"သူမပြောတာက ခက်ထီ အိမ်သာက ပြန်လာတော့ လက်ထဲမှာ အဲဒီပုတီးကုံး ယူလာတယ်တဲ့၊ အိမ်သာထဲက ရတယ်လို့ မပြောဘူး —"

"မက်ဂေါ်နာဂေါ !" ရွန်က သတိပေးပြောတယ်။

ဟယ်ရီ မော့ကြည့်လိုက်တော့ တကယ်ပဲ၊ ပါမောက္ခ မက်ဂေါ်နာဂေါ ဟာ လေထဲမှာ ဝဲပျံနေတဲ့ ဆီးနှင်းကို ရင်ဆိုင်ပြီး ကျောက်လှေကားထစ်က ဆင်းလာကာ သူတို့ကို လာကြိုတယ်။

"ဟက်ဂရစ်က ပြောတယ်၊ မင်းတို့လေးယောက် ခက်ထီ-ဘဲ ဖြစ်တာ မြင်တယ်လို့ ပြောတယ် — အပေါ်ထပ် ကိုယ့်ရုံးခန်းကို ချက်ချင်းလာခဲ့။ မင်းလက်ထဲ ကဟာ ဘာလဲ၊ ပေါ်တာ"

"ခက်ထီ ထိမိတဲ့အရာလေ" ဟယ်ရီက ပြောတယ်။

"ဘုရားသခင်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောရင်း ဟယ်ရီ့ လက်ထဲကနေ ချောက်ချားစွာနဲ့ ပုတီးကုံးကို ယူလိုက်တယ်။ "ဟင့်အင်း ဟင့်အင်း၊ ဖစ်ချ်။ သူတို့က ကိုယ်နဲ့အတူလာတာ" သူမဟာ ဖစ်ချ်က လျှို့ဝှက် အရာ ရှာဖွေကိရိယာကို မြှောက်ကိုင်ရင်း တံခါးခန်းကနေ စိတ်အားထက်သန် စွာနဲ့ တဒေါက်ဒေါက် လျှောက်လာတာ မြင်တော့ သူ့ကို အမြန်ပြောတယ်။ "ဒီပုတီးကုံးကို ချက်ချင်း ပါမောက္ခ စနိတ်ပ်ကို သွားပေး။ ၎င်းကို လုံးဝမထိမိ အောင် စည်းထဲပဲ ထုပ်ယူသွား"

ဟယ်ရီနဲ့ ကျန်လူအချို့ ပါမောက္ခ မက်ဂေါ်နာဂေါနောက် လိုက်ပြီး အပေါ်ထပ် သူမရုံးခန်းကို လာကြတယ်။ ဆီးနှင်းမိုးရေ စိုနေတဲ့ ပြတင်းမှန်က ပြတင်းပေါင်ထဲမှာ တဂတ်ဂတ် မြည်နေတယ်။ မီးလင်းဖိုထဲမှာ မီးတောက် တောက်နေပေမယ့် အခန်းထဲမှာ အလွှန်အေးနေသေးတယ်။



ပါမောက္ခ မက်ဂေါ်နာဂေါက တံခါးကို ပိတ်လိုက်တယ်။ စားပွဲနောက်ကို အမြန် သွားလိုက်ပြီး၊ ဟယ်ရီ၊ ရွန်၊ ဟာမီးနဲ့ မနားတမ်း ငိုနေတဲ့ လီနီကို ကြည့်နေတယ်။

"ပြော" သူမက တင်းမာစွာ ပြောတယ်။ "ဘယ်လိုဖြစ်တာလဲ"

လီနီဟာ အ,ထစ်အ,ထစ်နဲ့ စပြောတယ်။ ငိုတာထိန်းမရတဲ့အတွက် ခဏခဏ ရပ်ရပ်သွားတယ်။ သူမက ပါမောက္ခ မက်ဂေါ်နာဂေါကို ပြောပြ တယ်၊ ခက်ထီဟာ တံမြက်စည်းသုံးလက်မှာ အိမ်သာ တစ်ခေါက်သွားလိုက် တယ်။ ပြန်လာတော့ တစ်မျိုးကြီးဖြစ်နေတယ်၊ လက်ထဲမှာ ဘာအမှတ်အသား မှ မရှိတဲ့အထုပ် ကိုင်လာတယ်။ သူမတို့ ဘယ်လိုရန်ဖြစ်တယ်၊ အကြောင်းက ခက်ထီဟာ နာမည်မသိတဲ့အရာတစ်ခုကို တစ်ဆင့် မပေးသင့်ဘူးလို့ သူ ထောင်လို့။ ရန်ဖြစ်တာ သိပ်ပြင်းထန်လာတော့ နှစ်ယောက်သား အဲဒီအထုပ် ကို လုယက်ကြတယ်။ နောက်ဆုံး အထုပ်ပြဲသွားတယ်။ ဒီအထိ ပြောပြီး လီနီ ဟာ စိတ်မာတ်ပြိုကျသွားပြီး တစ်ခွန်းမှ ထပ်မပြောနိုင်တော့ဘူး။

"ကောင်းပြီ" ပါမောက္ခ မက်ဂေါ်နာဂေါက နွေးထွေးစွာ ပြောတယ်။ "လီနီ၊ မင်း ကျောင်းဆေးရုံကို သွား။ မဒမ် ဖွမ်ဖရေဆီက ဆေးနည်းနည်းယူပြီး စည်ငြိမ်အောင် လုပ်"

လီနီ သွားပြီးနောက်၊ ပါမောက္ခ မက်ဂေါ်နာဂေါက ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဘက် လှည့်လိုက်တယ်။

"ခက်ထီ ဟိုပုတီးကုံးကို ထိပြီးနောက် ဘာဖြစ်သလဲ"

"သူမ မိုးပေါ်လွှင့်တက်သွားတယ်" ဟယ်ရီက ရွန်နဲ့ ဟာမီးရှေ့က ပြောတယ်။ "ဒီနောက် အော်ဟစ်တယ်၊ ဒီနောက် ပြုတ်ကျလာတယ်။ ပါမောက္ခ၊ ကျွန်တော် ပါမောက္ခ ဒမ်ဘယ်လီဒိုးနဲ့ တွေ့လို့ရမလား"

"ကျောင်းအုပ်ကြီး ထွက်သွားတယ်။ တနင်္လာနေ့မှ ပြန်လာမယ်၊ ပေါ်တာ" ပါမောက္ခ မက်ဂေါ်နာဂေါဟာ သိပ်အံ့ဩပုံရတယ်။ သူမက ပြော တယ်။

"ထွက်သွားပြီ ?" ဟယ်ရီက စိတ်ဆိုးစွာနဲ့ တစ်ခေါက်လိုက်ပြော တယ်။

"ဟုတ်တယ်၊ ပေါ်တာ၊ ထွက်သွားပြီ" ပါမောက္ခ မက်ဂေါ်နာဂေါက ပြင်းပြင်းပြောတယ်။ "ဒါပေမယ့် ဒီကြောက်စရာကောင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မင်း ပြောစရာရှိရင် ကိုယ့်ကို အားလုံးပြောလို့ရတယ်လို့ ကိုယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏတာအတွင်းမှာ ဟယ်ရီ နည်းနည်းတွေဝေနေတယ်။ သူဟာ ပါမောက္ခ မက်ဂေါ်နာဂေါကို ရင်ထဲကစကား ပြောဖို့ခက်တယ်လို့ ထင်တယ်။ ဒမ်ဘယ်လီဒိုးကတော့ နေရာအတော်များများမှာ ကြောက်ရွံ့စရာဖြစ်ပေမယ့် အတွေးတစ်ခုခုကို ရှုတ်ချတယ်ဆိုတာ သိပ်မဖြစ်နိုင်ဘူး။ အဲဒီအတွေးဟာ ဘယ်လောက်အကျိုးအကြောင်းမဲ့ပြီး ထူးဆန်းနေပါစေ မရှုတ်ချဘူး၊ သို့ပေမယ့် ဒါဟာ သေရေးရှင်ရေးပြဿနာ၊ ရှုတ်ချခံရမလားဆိုတာ တွေးနေဖို့ အချိန်မရှိဘူး၊

"ဂျာခို-မော်ဖိုင်က ခက်ထီကို အဲဒီပုတီးကုံးပေးတယ်လို့ ကျွန်တော်ထင်တယ်၊ ပါမောက္ခ"

သူ့ဘေးတစ်ဖက်မှာ ရပ်နေတဲ့ရွန်ဟာ အနေရကျပ်စွာ နှာခေါင်းကို ပွတ်နေတယ်။ သူ့ကျန်တစ်ဖက်မှာ ရပ်နေတဲ့ ဟာမီးက ခြေထောက်ကို ကြမ်းပေါ်မှာ ဟိုဒီပွတ်နေတယ်၊ ဟယ်ရီနဲ့ အကွာအဝေးတစ်ခု ရှိနေချင်သလိုပဲ၊

"ဒါဟာ အလွန်ကြီးလေးတဲ့ စွပ်စွဲချက်၊ ဟယ်ရီ" ပါမောက္ခ မက်ဂေါ်နာဂေါက ထိတ်လန့်စွာ ခဏရပ်နေတယ်။ သူမက ပြောတယ်၊ "မင်းမှာ သက်သေပြစရာရှိလား"

"မရှိဘူး" ဟယ်ရီက ပြောတယ်၊ "ဒါပေမယ့် . . . . " သူက သူက မော်ဖိုင်ကို နောက်ယောင်ခံပြီး ဘော်ဂင်နဲ့ ဘတ်ခ်စ် ဆိုင်ထိ လိုက်တဲ့အကြောင်း သူနဲ့ ဘော်ဂင်အကြား စကားပြောတာ ခိုးနားထောင်မိတာတွေကို ပါမောက္ခ မက်ဂေါ်နာဂေါကို ပြောပြတယ်၊

သူ ပြောပြီးတော့၊ ပါမောက္ခ မက်ဂေါ်နာဂေါဟာ နည်းနည်းဝေခွဲရ[illegible] ဖြစ်နေတယ်၊

"မော်ဖိုင်က အရာတစ်ခုကို ဘော်ဂင်နဲ့ ဘတ်ခ်စ် ဆိုင်ယူသွားပြီး ပြင်နိုင်းတယ် ?"

"ဟင့်အင်း၊ ပါမောက္ခ၊ သူက ဘော့ဂင်ကို အရာတစ်ခုကို ဘယ်လို ပြင်ရမလဲဆိုတာ သူ့ကို ပြောပြခိုင်းတာ၊ အဲဒီအရာကို ယူမသွားဘူး။ ဒါပေမယ့် [illegible] ဒီမှာမရှိဘူး၊ ပြဿနာက သူဟာ တစ်ချိန်တည်းမှ အရာတစ်ခုကို [illegible] အဲဒီပုတီးကုံးပဲလို့ ကျွန်တော်ထင်တယ် —— "

"မော်ဖိုင် ဆိုင်ကထွက်တော့ အဲဒီလိုအထုပ်တစ်ခု ယူသွားတာ မင်း [illegible] ?"



"ဟင့်အင်း၊ ပါမောက္ခ၊ သူက ဘော်ဂင်ကို သူ့အစား ဆိုင်ထဲမှာ သိမ်းထားခိုင်းတယ် —— "

"ဒါပေမယ့်၊ ဟယ်ရီ" ဟာမီးက သူ့စကားကို ဖြတ်ပြောတယ်။ "ဘော်ဂင်က သူ့ကို ပစ္စည်းယူသွားမလားလို့ မေးတယ်၊ မော်ဖိုင်က 'ဟင့်အင်း' လို့ ပြောတယ် —— "

"သူ အဲဒီအရာကို မထိချင်လို့၊ ဒါပြောစရာလိုသေးလား" ဟယ်ရီက စိတ်ဆိုးဆိုးနဲ့ ပြောတယ်။

"သူ့မူရင်းစကားက၊ 'ကျွန်တော် ရင်းကို ယူပြီး လမ်းပေါ်လျှောက်သွားရင် ဘာနဲ့တူမလဲ' " ဟာမီးက ပြောတယ်။

"ဟုတ်တယ်၊ သူ ပုတီးကုံးတစ်ကုံးကို ကိုင်ထားတာ တကယ်ပဲ သိပ်အုံ့ပုံပေါက်တယ်" ရွန်က ဝင်ပြောတယ်။

"အိုး၊ ရွန်" ဟာမီးက စိတ်ကုန်စွာ ပြောတယ်။ "ပုတီးကုံးကို ထုပ်ထားမှာပေါ့၊ သူ ထိစရာမလိုပါဘူး၊ ပြီးတော့ ခြုံထည်ထဲက အိတ်ကပ်ထဲ ထည့်ထားလို့လဲ လွယ်ပါတယ်။ ဘယ်သူမှ မမြင်ပါဘူး၊ သူ ဘော်ဂင်နဲ့ ဘတ်ခ်စ် မှာထားတဲ့ပစ္စည်းဟာ ထုထည်ကြီးမားတာ ဖြစ်ရင်ဖြစ် ဒါမှမဟုတ်ရင် အသံ အကျယ်ကြီး ထွက်တတ်တာပဲ ဖြစ်မယ်။ ဒီပစ္စည်းကို လမ်းပေါ်ယူသွားရင် လူများသတိပြုမိမယ်ဆိုတာ သူ သိတယ် —— ပြီးတော့" သူမဟာ ဟယ်ရီ ဖြတ်ပြောတာမခံရအောင် အကျယ်ကြီး ဆက်ပြောသွားတယ်။ "ငါ ဘော်ဂင်ကို အဲဒီပုတီးကုံးအကြောင်း မေးကြည့်တယ်၊ မှတ်မိလား၊ ထိုစဉ်က ငါ ဆိုင်ထဲ ဝင်သွားပြီး မော်ဖိုင် ဘာသိမ်းထားခိုင်းလဲဆိုတာ သိချင်တယ်။ ပုတီးကုံး သူ့နေရာမှာပဲ ရှိနေတာ ငါတွေ့တယ်၊ ဘော်ဂင်က ငါ့ကို ပုတီးကုံးဈေးနှုန်းကို ပြောပြတယ်၊ အဲဒီပုတီးကုံး ရောင်းလိုက်ပြီလို့ သူ မပြောဘူး —— "

"ဟုတ်တယ်၊ နင့်လုပ်ပုံက သိပ်ပေါ်တင်ကြီးမို့ ငါးမိနစ်အတွင်းမှာပဲ နင် ဘာလုပ်ချင်တယ်ဆိုတာ သူ သိသွားတယ်၊ နင့်ကို ဘယ်ပြောပြတော့မှာလဲ —— ပြီးတော့၊ မော်ဖိုင်ကလဲ တကိုက်ကတစ်ဆင့် မှာဝယ်လို့ —— "

"တော်တော့" ဟာမီးက ပြန်ချေပဖို့ လုပ်ရုံရှိသေးတယ်၊ ပါမောက္ခ မက်ဂေါ်နာဂေါက ဒေါသနဲ့ ပြောတယ်။ "ပေါ်တာ၊ မင်း ဒါတွေပြောပြတာ ကျေးဇူးတင်တယ်။ ဒါပေမယ့် မစ္စတာမော်ဖိုင်က ဒီပုတီးကုံးကို ရောင်းပေးနိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကို သွားဖူးတာနဲ့ သူ့ကို လှောက်စွပ်စွဲလို့ မဖြစ်ဘူး။ အဲဒီဆိုင်ကို သွားဖူးတဲ့
လူဟာ ရာပေါင်းများစွာ ရှိနိုင်တယ် —"

" — ကျွန်တော်ကလဲ ဒီလိုပဲ ပြောတာပါ —" ရွှန်က ပွစိပွစိ
ပြောတယ်။

" — ပြီးတော့၊ ဒီနှစ်မှာ တင်းကျပ်တဲ့လုံခြုံရေး အကာအကွယ်တွေ
လုပ်ထားတယ်၊ အဲဒီပုတီးကုံးဟာ ကိုယ်တို့မသိဘဲ ဒီကျောင်းထဲ ရောက်လာမယ်
ဆိုတာ မယုံဘူး —"

"ဒါပေမယ့် —"

" — နောက်တစ်ချက် ရှိသေးတယ်" ပါမောက္ခ မက်ဂေါ်နာဂေါ
ပြတ်ပြတ်ပြောတယ်။ "မစ္စတာမော်ဖိုင် ဒီနေ့ ဟော့ဂ်စ်မိဒ်ကို မသွားဘူး"

ဟယ်ရီဟာ သူမကို ငိုင်ကြည့်နေတယ်။ လေလျော့သွားတဲ့ ပူဖောင်း
လို ဖြစ်သွားတယ်။

"သင် ဘယ်လိုလုပ်သိတာလဲ၊ ပါမောက္ခ"

"သူ ကိုယ့်ဆီမှာ ကျောင်းပိတ်ခံနေရလို့။ သူ နှစ်ကြိမ်တောင် ဆင
တိုက် ရုပ်ပြောင်းအိမ်စာတွေ မပြီးဘူး။ ကောင်းပြီ၊ ပေါ်တာ၊ မင်း သံသယ
ဖြစ်တာ ပြောပြလို့ ကျေးဇူးတင်တယ်" သူမဟာ သူတို့နားကနေ ခြေလှမ်းကျဲကျဲ
နဲ့ ဖြတ်သွားတယ်။ "ဒါပေမယ့် ကိုယ် အခု ဆေးရုံမှာ ခက်ထီ-ဘဲကို သွားကြည့်
မယ်၊ ကောင်းသောနေ့ပါ"

သူမဟာ ရုံးတံခါးကို ဖွင့်လိုက်တယ်။ သူတို့ ရွေးချယ်စရာ မရှိတော့
ဘူး တစ်ခွန်းမှ မပြောတော့ဘဲ တစ်ယောက်ပြီးတစ်ယောက် သူမဘေးက ဖြတ်
ထွက်သွားကြတယ်။

ဟယ်ရီက ရွှန်နဲ့ ဟာမီးကို အလွန်စိတ်ဆိုးတယ်။ အကြောင်းက
သူတို့ဟာ မက်ဂေါ်နာဂေါဘက်ရပ်လို့။ ဒါပေမယ့် သူတို့ ခုနက ဖြစ်တာတွေ
ကို ဆွေးနွေးတော့ သူဟာ မသိလိုက်ဘဲ ဝင်ပြောဆိုတယ်။

"ဒါဆို၊ ခက်ထီက အဲဒီပုတီးကုံးကို ဘယ်သူ့ပေးမယ်လို့ နင်တို့ ထင်
သလဲ" သူတို့ အပေါ်ထပ် အများနားနေခန်းကို တက်သွားတော့ ရွှန်က
မေးတယ်။

"အဲဒါ ဘုရားသခင်မှ သိမှာ" ဟာမီးက ပြောတယ်။ "ဒါပေမယ့်



ဒီလူ ဘယ်သူပဲဖြစ်ဖြစ် ပြေးမလွတ်ဘူး။ အဲဒီအထုပ်ကို ဖွင့်လိုက်တာနဲ့
ပုတီးကုံးကို ထိမှာပဲ"

"လူအများကြီး ဖြစ်နိုင်တာချည်းပဲ" ဟယ်ရီက ပြောတယ်။ "ဒမ်
ဘယ်ဒိုး — ခက်အီတာဟာ သူ့ကို ရှင်းထွက်ချင်နေတာ။ သူဟာ ၎င်းတို့ရဲ့
ထိပ်ဆုံးရွေးချယ်မယ့်လူပဲ။ ဒါမှမဟုတ် စလပ်ဂ်ဟွန်း — ဒမ်ဘလီဒိုးက စလပ်ဂ်
ဟွန်းကို ဗိုလ်ဒီမွန်က သိပ်လိုချင်တယ်လို့ ထင်တယ်။ အခု သူ ဒမ်ဘလီဒိုး
ဘက်မှာ ရပ်တည်နေတော့ သိပ်စိတ်ဆိုးမှာ သေချာတယ်"

"ဒါမှမဟုတ် နင်" ဟာမီးက အလွန်စိတ်ပူစွာ ပြောတယ်။

"မဖြစ်နိုင်ဘူး" ဟယ်ရီက ပြောတယ်။ "ဒီလိုဆိုရင်၊ ခက်ထီဟာ
လမ်းမှာ နောက်လှည့်ပြီး ငါ့ကို တိုက်ရိုက်ပေးလိုက်ရုံပဲ၊ မဟုတ်ဘူးလား။ တံမြက်
စည်းသုံးလက်က ထွက်လာကတည်းက ငါ သူမနောက်က လိုက်လာတာ။ ဖစ်ချ်
က ဟော့ဂ်ဝပ်ထဲ ဝင်ထွက်တဲ့လူတိုင်းကို စစ်ဆေးတယ်၊ ခက်ထီဟာ ကျောင်း
အပြင်ဘက်မှာ အထုပ်ကို ငါ့ပေးဖို့ အမြော်အမြင် မရှိဘူးလား။ မော်ဖိုင်က
ဘာဖြစ်လို့ ပုတီးကုံး ရဲတိုက်ထဲယူသွားဖို့ ခိုင်းတာလဲဆိုတာ ငါ နားမလည်ဘူး"

"ဟယ်ရီ၊ မော်ဖိုင် ဟော့ဂ်စ်မိဒ်မှာ မရှိဘူး" ဟာမီးက ပြောတယ်။
သူမဟာ မတတ်နိုင်ဘဲ ခြေဆောင့်နေတယ်။

"ဒါဆို သူ့မှာ ကြံရာပါတစ်ယောက် ရှိလိမ့်မယ်" ဟယ်ရီက ပြော
တယ်။ "ခရပ် ဒါမှမဟုတ် ဂိုး — ဟုတ်ပြီ၊ တခြားဒက်အီတာလဲ ဖြစ်နိုင်တယ်။
အခု သူ့မှာ ခရပ်နဲ့ ဂိုးထက် ပိုပြီးပုံလာတဲ့အဖော်တွေ အများကြီး ရှိမှာပေါ့၊
အကြောင်းက သူ — ဝင်လိုက်ပြီ —"

ရွှန်နဲ့ ဟာမီး အကြည့်ချင်း ဖလှယ်လိုက်တယ်။ "သူနဲ့ ငြင်းနေရင်
အလကားပဲ" ဆိုတဲ့ အဓိပ္ပာယ်။

"စမုံစပါးကွေကာအုတ်" ဟာမီးက ပြတ်ပြတ်ပြောတယ်။ အခု သူတို့
ဝတ္ထုဝဝကြီးရှေ့ ရောက်လာပြီ။

အရုပ်ကား ရှေ့ကို လည်ပွင့်သွားတယ်။ သူတို့ကို အများနားနေခန်း
ထဲ ဝင်ခွင့်ပေးလိုက်တယ်။ နားနေခန်းထဲမှာ လူပြည့်နေတယ်၊ အဝတ်စိုအနံ့
တွေ ထွက်နေတယ်။ ရာသီဥတု ဆိုးရွားလို့ လူအများအပြား ဟော့ဂ်စ်မိဒ်က
စောပြန်လာကြတယ်ထင်တယ်။ ဒါပေမယ့်၊ လူတွေဟာ ထိတ်လန့်စွာ တိုးတိုး

www.burmeseclassic.com

www.burmeseclassic.com




တခိုး ပြောဆိုနေတာ၊ ထင်ကြေးအမျိုးမျိုး ပေးနေတာ မတွေ့ရဘူး။ ခက်ထီ ဘဲ ဒုက္ခရောက်တဲ့သတင်း မပျံ့သေးဘူးနဲ့တူတယ်။

"သေချာစဉ်းစားလိုက်တော့ ဒီတစ်ခါလုပ်တာ တကယ်တော့ သိ မပါးနပ်ပါဘူး" ရွှန်က ပထမနှစ်ကျောင်းသားတစ်ယောက်ကို ဟာမီးဒေ ကုလားထိုင်ပေါ်ကနေ ဖြစ်သလိုမောင်းပစ်ပြီး ဝင်ထိုင်တယ်။ "အဲဒီမှော်ကျိန် ဟာ ရဲတိုက်ထဲတောင် ဝင်လို့မရဘူး။ ဒီလိုစီစဉ်တာ ဘာမှအာမခံချက် မရှိ

"နင်ပြောတာ မှန်တယ်" ဟာမီးက ပြောရင်း ခြေထောက်နဲ့ ရွှန် ခုံပေါ်က မောင်းထုတ်ပြီး ပထမနှစ်ကျောင်းသားကို ပြန်ထိုင်ခိုင်းတယ်။ " တကယ်ပဲ သေချာစီစဉ်ထားတဲ့ စီမံကိန်းတော့ မဟုတ်ဘူး"

"မော်ဖိုင် ဘယ်တုန်းက ကမ္ဘာ့ပထမတန်း အတွေးအခေါ်ရှင် ဖြ သွားတာလဲ" ဟယ်ရီက မေးတယ်။

ရွှန်နဲ့ ဟာမီးက သူ့ကို အရေးမလုပ်ဘူး။



# ၁၃။ လျှို့ဝှက်တဲ့ ရစ်ဒေါ်

ခက်ထီကို နောက်နေ့မှာပဲ စိန့်မန်ဂိုးဆေးရုံကို ပို့လိုက်တယ်။ အဲဒီ အချိန်မှာ သူမ မှော်ကျိန်စာထိတဲ့သတင်း ကျောင်းမှာ ပျံ့သွားပြီ။ ဒါပေမယ့် အသေးစိတ်တော့ မသိကြဘူး၊ ဟယ်ရီ၊ ရွှန်၊ ဟာမီးနဲ့ လီနီကလွဲပြီး ခက်ထီဟာ ဒီပုတီးကုံးက တိုက်ခိုက်မယ့် ပစ်မှတ်မဟုတ်တာ ဘယ်သူမှ မသိဘူး။

"အိုး၊ မော်ဖိုင်ကတော့ သိမှာပါ" ဟယ်ရီက ရွှန်နဲ့ ဟာမီးကို ပြော တယ်။ သူတို့နှစ်ယောက်ဟာ ဟယ်ရီက "မော်ဖိုင်ဟာ ဒက်အီတာ"လို့ တွေးတာ ပြောတိုင်း မကြားချင်ယောင်ဆောင်နေရတယ်။

ဒမ်ဘလီဒိုး ဘယ်သွားနေမှန်း မသိဘူး။ တနင်္လာနေ့ည သူ့ကို သင်ကြားဖို့ ပြန်မှလာနိုင်ပါ့မလားလို့ ဟယ်ရီ သံသယဖြစ်မိတယ်။ ဒါပေမယ့် ကျောင်းတက်တာ ဖျက်လိုက်တယ်လို့ အကြောင်းကြားတာ မရှိတဲ့အတွက် ညရှစ်နာရီ အချိန်မှန် ဒမ်ဘလီဒိုးရုံးခန်းကို သွားလိုက်တယ်။ တံခါးကို အသာခေါက်လိုက်တယ်။ အတွင်းက ဝင်ဖို့ပြောတာ ကြားရတယ်။ ဒမ်ဘလီဒိုးဟာ ထိုင်နေတယ်၊ အလွန်ပင်ပန်းနွမ်းနယ်ပုံရတယ်။ အဲ လက်ဟာ

www.burmeseclassic.com

www.burmeseclassic.com



အရင်ကလိုပဲ ခြောက်ကပ်မည်းနက်နေတယ်။ ဒါပေမယ့် သူ့မျက်နှာမှာ အပြုံ
ဟယ်ရီ့ကို ထိုင်ဖို့ပြတယ်၊ အတွေးဇလုံကို စားပွဲပေါ် တင်ထားပြန်တ
ငွေရောင်အလင်း အစက်အပြောက်တွေ မျက်နှာကြက်မှာ ကျရောက်နေတ

"ကျုပ်ထွက်သွားတဲ့ အချိန်အတွင်းမှာ မင်း အလုပ်အလွန်များတ
ပေါ့" ဒမ်ဘလီဒိုးက ပြောတယ်။ "ခက်ထီ ရှောင်တခင်ဖြစ်တာကို မင်း မြင်တ
လို့ ကျုပ် ယုံတယ်"

"ဟုတ်တဲ့ယ်၊ ဆရာ၊ သူမ ဘယ့်နှယ့်နေလဲ"

"အခြေအနေက သိပ်တော့မကောင်းဘူး။ ဒါပေမယ့် သူမ ကံကော
တယ်လို့ ဆိုရမယ်။ သူမဟာ အသားနဲ့ နည်းနည်းလေးပဲ ထိသလိုပဲ။ သူ
လက်အိတ်မှာ အပေါက်လေးတစ်ခု ရှိတယ်။ တကယ်လို့ သူမဟာ ပုတီးကုံ
လည်ပင်းမှာ ဆွဲမယ်၊ ဒါမှမဟုတ် လက်အိတ်မပါတဲ့ လက်နဲ့ ကောက်ကိုင်
ဆိုရင်၊ သူမ သေမှာ။ ပွဲချင်းပြီး သေသွားနိုင်တယ်။ တော်သေးတာက ပါမော
စနိတ်ပ်ဟာ မှော်ကျိန်စာကို အလျင်အမြန် မပြန့်ပွားအောင် တားနိုင်လို
လို့ —"

"ဘာဖြစ်လို့ သူလဲ" ဟယ်ရီက ချက်ချင်း မေးတယ်။ "ဘာဖြစ်
မဒမ်ဖွမ်ဖရေ မဟုတ်တာလဲ"

"ပမာမခန့်" နံရံပေါ်က ရုပ်ပုံကားချပ်ထဲကနေ အသံတိုးတိုး
ထွက်လာတယ်။ ဖီနီအားစ်-နိုက်ဂဲလပ်စ်-ဘလက် —— ဆီးရီးအက်စ်ကြ
ဘေရဲ့ဘေး။ ခုနက လက်မောင်းပေါ်မှောက် အိပ်ပျော်နေတာ။ အခု မေ
မော့်လာတယ်။ "ထိုစဉ်က ကျောင်းသားတစ်ယောက်က ဟော့ဂ်ဝပ်ရဲ့ အုပ်
ရေး နည်းနာကို မေးခွန်းထုတ်တာ ကျုပ် ခွင့်မပြုဘူး"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ ဖီနီအားစ်" ဒမ်ဘလီဒိုးက အေးအေ
အသံနဲ့ ပြောတယ်။ "ဟယ်ရီ၊ ပါမောက္ခ စနိတ်ပ်ဟာ မှော်နက်ပညာဘာ
ဆော်ခွန်အရေထက် ဗဟုသုတ ကြွယ်ဝတယ်။ ပြီးတော့ စိန့်မန်ဂိုးဆေး
ရုံဝန်ထမ်းတွေ တစ်နာရီကို တစ်ကြိမ် ကျုပ်ကို အစီရင်ခံတယ်၊ ခတ်
မကြာခင်မှာပဲ လုံးဝပြန်ကောင်းလာမယ်လို့ ကျုပ် ယုံကြည်တယ်"

"သင် ဒီအပတ်ကုန်မှာ ဘယ်သွားလဲ၊ ဆရာ" ဟယ်ရီက မေးတ
သူဟာ ရှုံးသေလိုလေ ဖြစ်နေတာ ကိုယ့်ဖာသာ သိတယ်။ ဒါပေမယ့် သူ



လိုက်တယ်။ ဖီနီအားစ်-နိုက်ဂဲလပ်စ်ဟာလည်း ဟယ်ရီ လွန်လွန်းတယ်လို့
ထင်ပုံရတယ်၊ ရှူးသံသေးသေး ထွက်လာတယ်။

"အခု ကျုပ် မပြောချင်သေးဘူး" ဒမ်ဘလီဒိုးက ပြောတယ်။ "ဒါပေ
မယ့်၊ နောင်မှာ သင့်တော်တဲ့အချိန်ကျရင် မင်းကို ပြောပြမှာပါ"

"တကယ်လား" ဟယ်ရီက အံ့ဩစွာ မေးတယ်။

"တကယ်၊ ကျုပ် ဒီလိုပဲ မျှော်လင့်တယ်" ဒမ်ဘလီဒိုးက ပြောရင်း
ဝတ်ရုံရှည်ထဲကနေ ငွေရောင်မှတ်ဉာဏ်တွေ ထည့်ထားတဲ့ ပုလင်းသစ်တစ်လုံး
ကို ယူထုတ်လိုက်တယ်။ မှော်ကြိမ်လုံးနဲ့ တို့လိုက်ပြီး ဖော့ဆို့ကို ထုတ်လိုက်
တယ်။

"ဆရာ" ဟယ်ရီက တွေဝေစွာ ပြောတယ်။ "ကျွန်တော် ဟော့ဂ်စ်မိဒ်
မှာ မန်ဒန်းဂတ်စ်ကို မြင်ရတယ်"

"အား၊ ဟုတ်တယ်။ မန်ဒန်းဂတ်စ်ဟာ မင်း အမွေရတဲ့ ပစ္စည်းတွေကို
အရေးမထားဘဲ၊ ကြံ့သလို တိုနေတာ ကျုပ် တွေ့ရှိတယ်" ဒမ်ဘလီဒိုးက
မျက်မှောင်အနည်းငယ် ကြုတ်ပြီး ပြောတယ်။ "မင်း တံမြက်စည်းသုံးလက်
ရေမှာ သူနဲ့ စကားပြောပြီးကတည်းက၊ သူ ပုန်းနေတယ်။ သူ ကျုပ်ကို မတွေ့ဝံ့
လို့နဲ့ တူတယ်။ ဒါပေမယ့် မင်း စိတ်ချပါ၊ ဆီးရီးအက်စ်ကြွယ် ထားရစ်တဲ့
ပစ္စည်းကို သူ ထပ်မခိုးတော့ပါဘူး"

"အဲဒီယုတ်မာတဲ့ သွေးနှောကောင်က ဘလက်မိသားစု ဘိုးဘွားပိုင်
ပစ္စည်းတွေကို ခိုးတယ်တဲ့" ဖီနီအားစ်-နိုက်ဂဲလပ်စ်က စိတ်ဆိုးစွာ ပြောတယ်။
ပြီးနောက် မှန်ဘောင်ထဲကနေ ခြေလှမ်းကြဲကြဲနဲ့ ထွက်သွားတယ်။ အမှတ်
ဆယ့်နှစ် ဂရင်းမောဒ်ကွင်းက အရုပ်ကားဆီ သွားမှာ သေချာတယ်။

"ပါမောက္ခ" ဟယ်ရီက ခဏတာ ရပ်နေပြီး ပြောတယ်။ "ပါမောက္ခ
မက်ဂေါ်နာဂေါက ခက်ထီ ဒဏ်ရာရပြီး ကျွန်တော် သူမကို ပြောတဲ့စကား
တွေကို ပြောပြသလား။ ဒရာခို-မော်ဖိုင်နဲ့ ပတ်သက်တာ ?"

"ဟုတ်တယ်၊ သူမ ကျုပ်ကို မင်း သံသယဖြစ်တာ ပြောပြတယ်"
ဒမ်ဘလီဒိုးက ပြောတယ်။

"ဒါဆို သင် — ?"

"ခက်ထီ ရှောင်တခင်ကိစ္စမှာ သံသယရှိတဲ့လူအားလုံးကို သေချာ

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းစစ်ဆေးမှာပါ" ဒမ်ဘလီဒိုးက ပြောတယ်။ "ဒါပေမယ့်၊ ဟယ်ရီ၊ ကျုပ် အခု စိတ်ဝင်စားတာက ကျုပ်တို့ရဲ့ သင်တန်း"

ဒီစကားကြားရပြီး ဟယ်ရီ နည်းနည်းစိတ်ဆိုးမိတယ်။ သူတို့ သင်တန်း ဒီလောက်အရေးကြီးတယ်ဆိုရင်၊ ပထမသင်တန်းနဲ့ ဒုတိယသင်တန်း ဘာကြောင့် ဒီလောက်ခြားရတာလဲ။ ဒါပေမယ့် သူဟာ ဂျာခို-မော်ဖိုင့်ကိစ္စနဲ့ ပတ်သက်ပြီး ထပ်မပြောတော့ဘဲ ဒမ်ဘလီဒိုးက မှတ်ဉာဏ်အသစ်တွေကို အတွေးဇလုံထဲ သွန်ချနေတာကိုပဲ ကြည့်နေတယ်။ ပြီးတော့ ဒမ်ဘလီဒိုးဟာ သေးသွယ်တဲ့လက်နဲ့ အတွေးဇလုံကို မပြီး အသာလေး လှည့်နေတယ်။

"ဗိုလဒီမွန့်ရဲ့ စောစောပိုင်းအမှုတွေကို မင်း မှတ်မိလိမ့်ဦးမယ် ထင်တယ်။ ကျုပ်တို့ အရင်တစ်ခါက လှပသားနားတဲ့ မတ်ဂေါ် တွမ်-ရစ်ဒေါ် က ၎င်းရဲ့ မှော်ဆရာမ ဇနီးမီရုပ်ကို ပစ်ပြီး ဟင်ဂယ်တန်လေးရွာက သူ့ မိသားစုအိမ်ကို ပြန်လာတဲ့အထိ ပြောခဲ့ပြီလို့ ကျုပ် မှတ်မိတယ်။ မီရုပ်ဟာ တစ်ယောက်တည်း လန်ဒန်မှာ နေခဲ့တယ်။ နောင်မှာ ဗိုလဒီမွန့်ဖြစ်မယ့် ကလေးကို ကိုယ်ဝန်လွယ်ထားတယ်"

"သူမ လန်ဒန်မှာဆိုတာ သင် ဘယ်လိုလုပ်သိတာလဲ၊ ဆရာ"

"ခရပ်တာကပ်စ်-ဘတ်ခ်ရဲ့ သက်သေရှိလို့" ဒမ်ဘလီဒိုးက ပြောတယ်။ "တိုက်ဆိုင်တာက၊ သူ ထိုစဉ်က ကူညီတည်ထောင်တဲ့ ကုန်ဆိုင်တစ်ဆိုင်ဟာ ကျုပ်တို့ပြောနေတဲ့ အဲဒီဆွဲကြိုးကို ရောင်းတဲ့ဆိုင် ဖြစ်နေတယ်"

သူဟာ အတွေးဇလုံထဲကအရာကို လှုပ်ပေးနေတယ်၊ ရွှေကျင်နေ သလိုပဲ၊ သူ ဒီလိုလုပ်တာ ဟယ်ရီ အရင်က မြင်ဖူးတယ်။ အဲဒီအဆက်မပြတ် လည်ပတ်နေတဲ့ ငွေရောင်အရာဝတ္ထုတွေထဲကနေ အဘိုးကြီးလေးတစ်ယောက် နဲ့ တိုယ်ရိပ် ပေါ်လာတယ်။ ၎င်းဟာ အတွေးဇလုံထဲမှာ ဖြည်းဖြည်းချင်း လည်ပတ်နေတယ်၊ ဖြူရော်တာမှ နာနာဘာဝ ကျနေတာပဲ။ ဒါပေမယ့် နာနာ ဘာဝထက် ပိုပြီး ဆုပ်ဆုပ်ကိုင်ကိုင် ရှိတယ်။ ၎င်းရဲ့ ဆံပင်ဟာ အလွန်ထူထဲ တယ် မျက်လုံးကို အကုန်ဖုံးတယ်။

"ဟုတ်တယ်၊ ကျုပ်တို့ဟာ အလွန်ထူးခြားတဲ့ အခြေအနေမှာ ၎င်းတို့ ရှားပါး သယ်ရှယ်တဲ့ မှော်ဆရာမတစ်ယောက် ခရစ္စမတ်စ်ပွဲ မတိုင်ခင်မှာ ဆုံတာ ဒါ နှစ်ပေါင်းများစွာ ကြာခဲ့တဲ့ကိစ္စပါ။ သူမက ပြောတယ်။ သူမ ရှေ့ အီးထိုင်နေတယ်တဲ့။ ဒါ ရှင်းနေပါတယ်။ သူမဟာ အဝတ်အစား စုတ်ပြတ်



ပြီး ညှိုးငယ်ပုံရတယ် . . . . ကိုယ်ဝန်လဲ ရှိနေတယ်။ အဲဒီလော့ကက်သီးဟာ လေးသရင်း ဥစ္စာလို့ သူမက ပြောတယ်။ အင်း၊ ကျုပ်တို့ ဒီလိုပုံပြင်မျိုးကို နေ့စဉ်ကြားနေရတယ်။ 'အိုး၊ ဒါ မာလင့်ပစ္စည်း၊ တကယ်ပါ။ ဒါ သူ အနှစ်သက် ဆုံး လက်ဖက်ရည်ခရား' ဒါပေမယ့် ကျုပ် သေချာကြည့်လိုက်တော့ လော့ ကတ်သီးပေါ်မှာ စလေးသရင်းရဲ့ အမှတ်အသား တကယ်ပဲ ရှိနေတယ်။ ကျုပ်က ဂါထာလွယ်လွယ်တချို့ ရွတ်ကြည့်လိုက်တာနဲ့ ရှင်းသွားတယ်။ တကယ်ပဲ၊ အဲဒီအရာဟာ အဖိုးအနဂ္ဃတန်တယ်။ အဲဒီမိန်းမဟာ ဒီပစ္စည်း ဘယ်လောက်တန်တယ်ဆိုတာ လုံးဝမသိဘူး။ ဆယ်ဂါလုံးရတာနဲ့ ကျေနပ် သွားတယ်။ အဲဒါ ကျုပ်တို့အဖို့ အတန်ဆုံး အရောင်းအဝယ်ပဲ"

ဒမ်ဘလီဒိုးက အထူးအားထုတ်ပြီး အတွေးဇလုံကို လှုပ်လိုက်တယ်။ ခရပ်တာကပ်စ်ဟာ ခုနက သူ ထွက်ပေါ်လာတဲ့နေရာကို ပြန်သွားပြီး လည်ပတ် နေတဲ့ မှတ်ဉာဏ်ထဲ နစ်မြုပ်သွားတယ်။

"သူက သူမကို ဆယ်ဂါလုံးပဲ ပေးတယ် ?" ဟယ်ရီက မကျေမနပ် ပြောတယ်။

"ခရပ်တာကပ်စ်-ဘတ်ခ်ဟာ ရက်ရောတဲ့လူမဟုတ်ဘူး" ဒမ်ဘလီဒိုး က ပြောတယ်။ "ဆိုတော့၊ မီရုပ်ဟာ ကိုယ်ဝန်ရင့်မာလာတဲ့အချိန်မှာ၊ တစ် ယောက်တည်း လန်ဒန်မှာ နေတယ်၊ ငွေလဲ သိပ်လိုနေလို့ သူမမှာရှိတဲ့ တန်ဖိုး ရှိတဲ့ တစ်ခုတည်းသောအရာကို ရောင်းပစ်ရတယ်ဆိုတာ ကျုပ်တို့ သိရတယ်။ အဲဒီလော့ကက်သီးဟာ မာဗိုလို အလွန်တန်ဖိုးထားတဲ့ မိသားစုအစဉ်အလာ ပစ္စည်း ဖြစ်တယ်"

"ဒါပေမယ့် သူမ မှော်ပညာတတ်တာပဲ" ဟယ်ရီက စိတ်စောစွာ ပြောတယ်။ "သူမဟာ မှော်ပညာနဲ့ မိမိအတွက် အစားအစာနဲ့ အရာအားလုံး ကို ရယူနိုင်တယ်၊ မဟုတ်ဘူးလား"

"အား" ဒမ်ဘလီဒိုးက ပြောတယ်။ "သူမ လုပ်လို့ရချင်ရမယ်။ ဒါပေမယ့်၊ ကျုပ်အထင်တော့ —— ကျုပ် ဒါလဲ ခန့်မှန်းတာပါပဲ၊ ဒါပေမယ့် ကျုပ် မှန်တယ်လို့ ထင်တယ် ——မီရုပ်ဟာ ယောကျ်ားက ပစ်ထားခဲ့ပြီးနောက် မှော်ပညာ မသုံးတော့ဘူး။ သူမဟာ မှော်ဆရာမ မလုပ်ချင်တော့ဘူးနဲ့တူတယ်။ အနေနဲ့ပဲ၊ တခြားဖြစ်နိုင်ချေတစ်ခုလဲ ရှိတယ်။ ချစ်မေတ္တာ တုံ့ပြန်မှုမရတာနဲ့ အကြောင့်ဖြစ်ပေါ်လာတဲ့ စိတ်ပျက်အားငယ်မှုက သူမကို အင်အားအများကြီး

www.burmeseclassic.com

www.burmeseclassic.com



ယုတ်သွားစေတယ်။ ဒီလိုအဖြစ်မျိုး ဖြစ်တတ်ပါတယ်။ ဘာပဲဖြစ်ဖြစ်၊ မင်း ... တော်ကြာ တွေ့ရလိမ့်မယ်၊ မီရုပ်ဟာ မိမိအသက်ကို ကယ်ဖို့ မှော်ကြိမ်လုံး... မြှောက်ဖို့တောင် မလုပ်ချင်တော့ဘူး"

"သူမဟာ သူမသားအတွက်တောင် အသက်မရှင်ချင်တော့ဘူးလား"

ဒမ်ဘာလီဒိုးက မျက်ခုံးပင့်လိုက်တယ်။

"မင်းက မှော်နက်ဆရာကြီး ဗိုလဒီမွန့်ကို စာနာမိလို့များလား"

"ဟင့်အင်း" ဟယ်ရီက အမြန်ပြောတယ်။ "ဒါပေမယ့် မီရု... ရွေးချယ်လို့ ရပါတယ်၊ မဟုတ်ဘူးလား၊ ကျွန်တော့်အမေလို မဟုတ်ဘူး —"

"မင်းအမေလဲ ရွေးချယ်လို့ရပါတယ်" ဒမ်ဘာလီဒိုးက နွေးထွေး... ပြောတယ်။ "ဟုတ်တယ်၊ မီရုပ်-ရစ်ဒေါ ဟာ သူမကို လိုအပ်နေတဲ့ သား... ယောက် ရှိနေပေမယ့် သေခြင်းကို ရွေးချယ်လိုက်တယ်။ ဒါပေမယ့် သူမ... တင်းတင်းကြပ်ကြပ် မတောင်းဆိုပါနဲ့၊ ဟယ်ရီ။ ရေရှည်စိတ်ဆင်းရဲမှုဒဏ်... ကြောင့် သူမဟာ အလွန်ချည့်နဲ့နေပြီ။ ပြီးတော့ သူမဟာလဲ မင်းအမေ... သတ္တိမျိုး တစ်လျှောက်လုံး မရှိခဲ့ဘူး။ ကောင်းပြီ၊ အခု မင်း မတ်တတ်... လိုက်ပါ . . . .

"ကျွန်တော်တို့ ဘယ်သွားမလို့လဲ" ဟယ်ရီက မေးတယ်။ အ... ဒမ်ဘာလီဒိုးဟာ လျှောက်လာပြီး ဟယ်ရီနဲ့အတူ စားပွဲရှေ့မှာ ရပ်လိုက်တယ်...

"ဒီတစ်ကြိမ်" ဒမ်ဘာလီဒိုးက ပြောတယ်။ "ကျုပ်တို့ ကျုပ်မှတ်ဉာဏ်... ထဲ ဝင်မယ်။ ၎င်းဟာ အသေးစိတ်အားဖြင့် စိတ်ဝင်စားစရာကောင်းပြီး တိ... တာ မင်း တွေ့ရလိမ့်မယ်။ မင်းအရင်၊ ဟယ်ရီ . . . . "

ဟယ်ရီက အတွေးဇလုံပေါ် ကုန်းလိုက်တယ်။ သူ့မျက်နှာကို အအေ... ဇလုံထဲက အေးစက်တဲ့ မှတ်ဉာဏ်ထဲ ထိုးထည့်လိုက်တယ်။ ဒီနောက်၊ သူဟာ... အမှောင်ထဲမှာ ကျဆင်းသွားပြန်တယ် . . . . စက္ကန့်အနည်းငယ်ကြာတော့... သူ့ခြေအစုံဟာ မာကျောတဲ့ မြေပြင်ကို နင်းမိတယ်။ သူ မျက်စိဖွင့်လိုက်တော့... သူနဲ့ ဒမ်ဘာလီဒိုးတို့ လန်ဒန်က လူစည်ကားတဲ့ ရှေးပုံစံလမ်းထဲ ရောက်နေ... နေရတယ်။

"အဲဒါ ကျုပ်ပဲ" ဒမ်ဘာလီဒိုးက ရှေ့ဘက်က အရပ်မြင့်မြင့်လူရိပ်... ...ရင်း ပျော်ရွှင်စွာ ပြောတယ်။ အဲဒီလူဟာ မြင်းဆွဲတဲ့ နွားနို့လှည်းရှေ့... ...ကို ဖြတ်သွားနေတယ်။



အဲဒီငယ်ရွယ်တဲ့ အော်ဘတ်စ်-ဒမ်ဘာလီဒိုးရဲ့ ဆံပင်ရှည်ရှည်နဲ့ ...ဆိတ်ရှည်ရှည်တွေဟာ နီညိုရောင်ချည်းပဲ။ သူဟာ လမ်းဒီဘက်ကို ...ောက်လာတယ်။ လူသွားလမ်းအတိုင်း ခြေလှမ်းကျဲကျဲ ရှေ့ကို သွားတယ်။ ...ဝတ်ထားတဲ့ သေချာချုပ်လုပ်ထားတဲ့ ခရမ်းနီရောင် စိန်ကတ္တီပါ အနောက် ...တ်စုံကြောင့် လူတွေရဲ့ စောကြောတဲ့အကြည့်တွေ ရောက်ရှိလာတယ်။

"တယ်လှတဲ့အကျႌပါလား၊ ဆရာ" ဟယ်ရီက တွေးမနေဘဲ ပြော... ...တ်သွားတယ်။ ဒမ်ဘာလီဒိုးက အသာလေးပဲ ရယ်လိုက်တယ်။ သူတို့ဟာ ...ယ်ရွယ်တဲ့ ဒမ်ဘာလီဒိုးနဲ့ မနီးမဝေး လိုက်သွားတယ်။ နောက်ဆုံး သံခြံစည်းရိုး ...ံခါးကို ဖြတ်ပြီး ဘာမှမရှိတဲ့ ခြံဝန်းထဲ ဝင်လိုက်တယ်။

ခြံဝန်းနောက်မှာက လေးထောင့်စပ်စပ်၊ ခက်ထန်ပုံရတဲ့ တိုက်အိမ် ...ိုး လေးဘက်လေးတန် ခြံစည်းရိုးမြင့်မြင့် ခတ်ထားတယ်။ သူဟာ ရှေ့တံခါး ...ပေါက်တဲ့ လှေကားထစ်တချို့ကို တက်သွားပြီး တံခါးကို ခေါက်လိုက်တယ်။ ...ာနေတော့ ရှေ့ဖုံးခါးစည်း ပတ်ထားတဲ့ ညစ်ပေတဲ့ ကောင်မလေးတစ်ယောက် ...ံခါးလာဖွင့်တယ်။

"မင်္ဂလာညနေခင်းပါ။ ကျွန်တော် မစ္စစ်ကိုးဆိုသူနဲ့ ချိန်းထားပါတယ်။ ...မက ဒီက အုပ်ချုပ်သူလို့ ထင်ပါတယ်"

"အိုး" အဲဒီမိန်းကလေးဟာ ဘာမှန်းမသိတဲ့ အမူအရာနဲ့ ပြောတယ်။ ...မ်ဘာလီဒိုးရဲ့ ထူးဆန်းတဲ့ ဝတ်ဆင်မှုကိုလဲ စူးရှစွာ အကဲခတ် ကြည့်နေတယ်။ ...င်း . . . . ခဏစောင့်ပါ . . . . မစ္စစ်ကိုး ! " သူမက လှည့်ပြီး အကျယ်ကြီး ...ော်ခေါ်တယ်။

အဝေးက အသံတစ်ခု အကျယ်ကြီးအော်ပြီး သူမကို ထူးလိုက်တာ ...ယ်ရီ ကြားရတယ်။ အဲဒီကောင်မလေးက ဒမ်ဘာလီဒိုးဘက် လှည့်လိုက် ...ြန်တယ်။

"ဝင်ခဲ့ပါ၊ သူမ ခုတင် လာလိမ့်မယ်"

ဒမ်ဘာလီဒိုးဟာ ဖြူမည်းကြွေပြားခင်းထားတဲ့ တံခါးခန်းထဲ ဝင်လိုက် ...တယ်။ အခန်းတစ်ခုလုံး အလွန်ဟောင်းစုတ်နေပုံရတယ်။ ဒါပေမယ့် အလွန် ...ပ်ရပ်သန့်ရှင်းတယ်။ ဟယ်ရီနဲ့ ဒမ်ဘာလီဒိုးအကြီးတို့ လိုက်ဝင်သွားတယ်။ ...ံခါးပြန်မပိတ်ခင်မှာပဲ၊ အရိုးပေါ် အရေတင်တဲ့၊ ပင်ပန်းနွမ်းနယ်တဲ့ မိန်းမ ...စ်ယောက် သူတို့ဆီ အမြန်လျှောက်လာတယ်။ သူမရဲ့ မျက်နှာပုံသဏ္ဌာန်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းတယ်။ ဆိုးရွားတဲ့ပုံလို့ ပြောမယ့်အစား စိုးရိမ်ပူပန်ပုံ ပေါက်တယ်လို့ ဆိုရမယ်။ သူမဟာ ဒမ်ဘလီဒိုးဆီ လျှောက်လာရင်း တခြားရွှေဖုံးခါးစည်း ပတ်ထားတဲ့ အကူတစ်ယောက်ကို လှည့်မှာကြားတယ်။

" . . . . တင်ချာကို အပေါ်ထပ် မာသာ-ဘီလီစတပ်ဘ်စ်ကို ...သူ အနာဖေးတွေ ပဲ့ကုန်ပြီ။ အဲရစ်-ဝေါလီရဲ့သွေးတွေ အိပ်ရာခင်းတော... ပေကုန်ပြီ —— ဒုက္ခပဲ၊ ပဲသီတာပေါက်ကုန်ပြီ" သူမဟာ ဦးတည်ချက်မဲ့... ပြောနေပြီး၊ အကြည့်ဟာ ဒမ်ဘလီဒိုးဆီ ရောက်သွားတယ်။ သူမဟာ ဆတ်... ရပ်လိုက်တယ်၊ အံ့ဩဘနန်း ဖြစ်နေတယ်။ သစ်ကုလားအုပ်တစ်ကောင် သူ... တံခါးနင်းတုံးကို ကျော်ဝင်လာတာ မြင်လိုက်ရသလိုပဲ။

"မင်္ဂလာညနေခင်းပါ" ဒမ်ဘလီဒိုးက ပြောရင်း လက်ကမ်းလိုက်... တယ်။

မစ္စစ်ကိုးက သူ့ကို ငိုင်ကြည့်နေတယ်။

"ကျွန်တော့်နာမည်က အောဘတ်စ်-ဒမ်ဘလီဒိုးပါ။ ကျွန်တော်... ခင်ဗျားဆီ စာတစ်စောင်ရေးပြီး ကျွန်တော့်ကို တွေ့ဖို့ချိန်းရန် အခွင့်တော... ခဲ့ပါတယ်။ ခင်ဗျားဟာ အလွန်စိတ်ကောင်းစေတနာနဲ့ ကျွန်တော့်ကို ဒီ... လာဖို့ ဖိတ်ခေါ်ထားပါတယ်"

မစ္စစ်ကိုးက မျက်တောင်ခတ်လိုက်တယ်။ အခုမှ ဒမ်ဘလီဒိုး... သူမ ထင်ယောင်မှားပြီး မြင်ရတာ မဟုတ်တာ သေချာသွားသလိုပဲ။ ... ချည့်နဲ့စွာ ပြောတယ်။ "အိုး၊ ဟုတ်ပြီ။ ကောင်း —— ကောင်းပြီ —— ... ကျွန်မအခန်းကိုလာရင် ကောင်းမယ်၊ ဟုတ်တယ်"

သူမဟာ ဒမ်ဘလီဒိုးကို ခေါ်ပြီး ဧည့်ခန်းတစ်ဝက်၊ ရုံးခန်းတစ်ဝ... လို့ အခန်းလေးထဲ ဝင်ခဲ့တယ်။ ဒီနေရာဟာ တံခါးခန်းလိုပဲ စုတ်ချာတ... ပရိဘောဂတွေလည်း အလွန်ဟောင်းနေပြီး အစုံလိုက် မရှိဘူး။ သူမ... ဒမ်ဘလီဒိုးကို လှုပ်နေတဲ့ ထိုင်ခုံတစ်ခုံမှာ ထိုင်ခိုင်းတယ်။ သူမကတော့ ရှုပ်... နေတဲ့ စားပွဲနောက် သွားထိုင်တယ်။ သူ့ကို စိတ်တင်းကြပ်စွာ အကဲခ... နေတယ်။

"ကျွန်တော် စာထဲမှာ ခင်ဗျားကို ပြောပြီးပြီ၊ ကျွန်တော် ဒီကိုလာ... ခင်ဗျားနဲ့ တွမ်-ရစ်ဒေါ်ကီစွ ဆွေးနွေးချင်လို့၊ သူ့ကို ရှေ့ရေးစီစဉ်ချင်လို့" ဒမ်ဘလီဒိုးက ပြောတယ်။



"ရှင်က သူ့ဆွေမျိုးလား" မစ္စစ်ကိုးက မေးတယ်။

"ဟင့်အင်း၊ ကျွန်တော်က ဆရာတစ်ယောက်ပါ" ဒမ်ဘလီဒိုးက ...ပြောတယ်။ "ကျွန်တော်က တွမ်ကို ကျွန်တော်တို့ကျောင်းမှာ စာသင်ဖို့ လာ...ခေါ်တာပါ"

"ဒါဆိုရင်၊ အဲဒါ ဘယ်လိုကျောင်းလဲ"

"ကျောင်းနာမည်က ဟော့ဂ်ဝပ်လို့ ခေါ်တယ်" ဒမ်ဘလီဒိုးက ပြော...တယ်။

"ရှင်တို့ ဘာဖြစ်လို့ တွမ်ကို စိတ်ဝင်စားတာလဲ"

"သူ့မှာ ကျွန်တော်တို့ ရှာဖွေနေတဲ့ အရည်အသွေးတချို့ ရှိတယ်လို့ ...ကျွန်တော်တို့ထင်လို့"

"ရှင်ပြောတာက သူ ပညာသင်ဆုတစ်ခု ရတယ်? ဒါ ဘယ်ဖြစ်...လဲ၊ သူ ဘယ်တုန်းကမှ လျှောက်တာ မရှိဘူး"

"အိုး၊ သူ့မွေးကတည်းက ကျွန်တော်တို့ကျောင်းမှာ သူ့နာမည်ကို ...တမ်းတင်ထားတယ် ——"

"ဘယ်သူက သူ့ကို နာမည်သွင်းထားတာလဲ၊ သူ့မိဘလား"

သံသယဖြစ်စရာမလိုဘူး၊ မစ္စစ်ကိုးဟာ အလွန်ချက်ချာပြီး ခေါင်းခဲ...ကောင်းတဲ့မိန်းမ။ ဒမ်ဘလီဒိုးဟာလည်း ဒီအတိုင်း ထင်ပုံရတယ်။ သူဟာ ...တတ္တိပါ အနောက်ဝတ်စုံ အိတ်ကပ်ထဲကနေ မှော်ကြိမ်လုံးဆွဲထုတ်တာ ...ယ်ရီ မြင်ရတယ်။ တစ်ချိန်တည်းမှာ မစ္စစ်ကိုးရဲ့စားပွဲပေါ်က ဗလာသက်...တ် စက္ကူတစ်ရွက်ကို ကောက်ယူလိုက်တယ်။

"ရော့" ဒမ်ဘလီဒိုးက ပြောရင်း အဲဒီစက္ကူကို သူမအား ပေးလိုက်...တယ်။ မှော်ကြိမ်လုံးကိုလည်း ယမ်းလိုက်တယ်။ "ကျွန်တော် ထင်တယ်၊ ခင်ဗျား ...တို ကြည့်လိုက်ရင် ရှင်းသွားမှာပါ"

မစ္စစ်ကိုးရဲ့မျက်လုံးဟာ ဝေ့လည်သွားပြီး တစ်ခါစူးစိုက်လာပြန်တယ်။ ...ဟာ အဲဒီစက္ကူအလွတ်ကို ခဏသေချာကြည့်လိုက်တယ်။

"လုံးဝစနစ်တကျဖြစ်ပုံ ရတယ်" သူမက တည်ငြိမ်စွာ ပြောတယ်။ ...ကို ဒမ်ဘလီဒိုး ပြန်ပေးလိုက်တယ်။ ဒီနောက် သူမအကြည့်ဟာ ...တ်ပုလင်းနဲ့ ဖန်ခွက်နှစ်လုံးပေါ် ရောက်သွားတယ်။ အဲဒီအရာတွေ စက္ကန့် ...ည်းငယ်မတိုင်ခင်က အဲဒီနေရာမှာ မရှိတာ သေချာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဲ — ကျွန်မ ရှင့်ကို ဂျင်အရက်တစ်ခွက် တိုက်လို့ရမလား" သူမက အသံကို တမင်မြှုပြင်ပြီး ပြောတယ်။

"သိပ်ကျေးဇူးတင်ပါတယ်" ဒမ်ဘာလီဒိုးက ပြုံးပြီးပြောတယ်။

ထင်ရှားတာက မစွစ်ကိုးဟာ ဂျင်အရက်သောက်တဲ့နေရာမှာ အ့ုနိုး တော့ မဟုတ်ဘူး။ သူမဟာ နှစ်ယောက်စလုံးရဲ့ အရက်ခွက်ကို ပြည့်နေအောင် ထည့်တယ်။ တစ်ချက်တည်းနဲ့ မိမိခွက်ကို အပြောင်မော့ပစ်လိုက်တယ်။ သူမဟာ ဟန်မလုပ်ဘဲ ပါးစပ်ကို ဗျတ်ဗျတ်လုပ်တယ်။ ဒမ်ဘာလီဒိုးကို ပထမဆုံး အပြုံး ပြုံးပြတယ်၊ ဒမ်ဘာလီဒိုးက နှောင့်နှေးမနေဘဲ အခွင့်ကောင်းကို အရ ယူလိုက်တယ်။

"ခင်ဗျား ကျွန်တော့်ကို တွမ်-ရစ်ဒေါ် ဘဝအကြောင်း ပြောပြနိုင် မလား။ သူဟာ မိဘမဲ့ကျောင်းမှာ မွေးလာတာလိုပဲ"

"ဟုတ်တယ်" မစွစ်ကိုးဟာ ပြောရင်း မိမိဖန်ခွက်ထဲ ဂျင်အရက် တချို့ ထည့်လိုက်တယ်။ အဲဒီကိစ္စ ကျွန်မ သေချာမှတ်မိတယ်၊ အဲဒီတုန်းက ကျွန်မ ဒီကိုလာ့အလုပ်လုပ်ခါစ ရှိသေးလို့၊ အဲဒီနေ့ဟာ နှစ်သစ်အကြိုနေ့ သိပ်အေးတာ၊ အပြင်မှာ ဆီးနှင်းတွေ ကျနေတယ်။ ရာသီဥတု ဆိုးရွားတဲ့ ညတစ်ည။ အဲဒီမိန်းကလေးဟာ၊ အသက်က ကျွန်မ ထိုစဉ်ကထက် ဘာမှ သိပ်မကြီးဘူး။ သူမဟာ ဂယိမ်းဂယိုင်နဲ့ ရှေ့တံခါး လှေကားထစ်ပေါ် တက် လာတယ်။ အင်း၊ ဒါမျိုးတွေ တွေ့တာများပြီ။ ကျွန်မတို့ သူမကို တွဲသွင်းလိုက် တယ်။ တစ်နာရီတောင် မကြာဘူး၊ သူမဟာ ကလေးမွေးတယ်။ နောက်တစ် နာရီကြာတော့ သူမ သေသွားတယ်"

မစွစ်ကိုးဟာ အဓိပ္ပာယ်ပါပါနဲ့ ခေါင်းညိတ်လိုက်တယ်၊ တစ်ခါ ဂျင် အရက် တစ်လုတ်ကြီး သောက်လိုက်ပြန်တယ်။

"သူမ မသေခင် ဘာများပြောသေးလဲ" ဒမ်ဘာလီဒိုးက မေးတယ်။ "ဥပမာ-အဲဒီကောင်လေးရဲ့ ဖခင်အကြောင်း"

"ဟုတ်တယ်၊ သူမ ပြောဖူးတယ်" မစွစ်ကိုးဟာ လက်မှာ ဂျင်အရက် ကိုင်ပြီး ရှေ့က လိုက်လှဲတဲ့ နားကြားလိုသူမို့ သူမ သိပ်တက်ကြွသွားတယ်။

"သူမ ကျွန်မကို ပြောတာ မှတ်မိသေးတယ်။ 'သူ့ကို သူ့အဖေနဲ့ တူစေချင်တယ်' အမှန်ပြောရရင်၊ သူမ ဒီလိုမျှော်လင့်တာ မှန်တယ်။ အကြောင်း က သူမကိုယ်နှိုက်က ရုပ်ရည်ဘာမှမရှိဘူး — ဒီနောက်တော့ သူမက



ကျွန်မကို ပြောတယ်၊ ကလေးကို သူ့ဖခင်အမည်အရ တွမ်လို့ခေါ်မယ်၊ အလယ် နာမည်ကို သူမဖခင် နာမည်အရ မာဗိုလိုလို့ ခေါ်ပါတဲ့ — ဟုတ်တယ်၊ ကျွန်မသိတယ်၊ ဒီနာမည် တစ်မျိုးကြီးပဲ၊ ဟုတ်လား။ ကျွန်မတို့က သူမ ဆက်ကပ်အဖွဲ့က လူလို့တောင် ထင်မိတယ် — သူမက အဲဒီကောင်လေးရဲ့ အမျိုးက ရစ်ဒေါ်လို့ ပြောပြန်တယ်။ ဒီနောက် ဘာမှထပ်မပြောဘူး၊ မကြာဘူး သေသွားရော။

"နောက်တော့ ကျွန်မတို့လဲ သူမ ပြောထားတဲ့အတိုင်း ကလေးကို နာမည်ပေးလိုက်တယ်။ အဲဒီသနားစရာ မိန်းကလေးဟာ ဒါကို သိပ်အလေး ထားသလိုပဲ။ ဒါပေမယ့် ဘယ်တုန်းကမှ တွမ်၊ မာဗိုလို ဒါမှမဟုတ် ရစ်ဒေါ်တို့ မိသားစုထဲက သူ့ကို လာတွေ့သူ မရှိဘူး။ သူ့မှာလဲ ဘယ်ဆွေမျိုးမှ ရှိတာ မတွေ့ရဘူး။ ဒါကြောင့် သူ့ကို မိဘမဲ့ကျောင်းမှာပဲ ထားရတယ်။ ဒီနေ့ထက် ထိပဲ"

မစွစ်ကိုးဟာ စိတ်မပါသလိုနဲ့ မိမိခွက်ထဲကို ဂျင်အရက် အပြည့်နှံ့ ထည့်လိုက်ပြန်တယ်။ သူမ ပါးရိုးပေါ်မှာ အနီရောင်နှစ်ကွက် သန်းလာတယ်။ ဒီနောက် သူမက ပြောတယ်။ "သူဟာ ထူးဆန်းတဲ့ကလေး"

"ဟုတ်တယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ "ကျွန်တော်လဲ မှန်းမိ ပါတယ်"

"သူ ကလေးငယ်ဘဝထဲက ထူးဆန်းတယ်၊ ဘယ်တုန်းကမှ သိပ် မငိုဘူး။ နောက်တော့၊ သူ နည်းနည်းကြီးလာတယ်၊ ပိုပြီးလဲ . . . . တစ်မျိုးကြီး ဖြစ်လာတယ်"

"တစ်မျိုးကြီး၊ ဘယ်ဘက်မှာ တစ်မျိုးကြီးဖြစ်တာလဲ" ဒမ်ဘာလီဒိုးက သိမ်မွေ့စွာ မေးတယ်။

"ဒီလိုလေ၊ သူ — "

မစွစ်ကိုးဟာ ရုတ်တရက် ရပ်လိုက်တယ်။ သူမဟာ ဂျင်အရက်ခွက် ကို ကျော်ပြီး ဒမ်ဘာလီဒိုးကို မေးလိုတဲ့အကြည့်နဲ့ ကြည့်လိုက်တယ်၊ အဲဒီ အကြည့်ဟာ နည်းနည်းမှ ရီဝေခြင်း၊ မကြည်မလင်ဖြစ်ခြင်း မရှိဘူး။

"သူ ရှင်တို့ကျောင်းမှာ ကျောင်းနေရမှာ သေချာတယ်၊ ဟုတ်လား"

"သေချာတယ်" ဒမ်ဘာလီဒိုးက ပြောတယ်။

"ကျွန်မ ဘာပြောပြော ဒါ မပြောင်းလဲနိုင်ဘူး ?"

www.burmeseclassic.com

www.burmeseclassic.com



"မပြောင်းလဲနိုင်ဘူး" ဒမ်ဘာလီဒိုးက ပြောတယ်။

"ဘာပဲဖြစ်ဖြစ်၊ ရှင် သူ့ကို ခေါ်သွားမယ် ?"

"ဘာပဲဖြစ်ဖြစ် ခေါ်မယ်" ဒမ်ဘာလီဒိုးက တည်ကြည်စွာ ထပ်ပြောတယ်။

မစ္စစ်ကိုးဟာ မျက်လုံးမှေးပြီး သူ့ကို ကြည့်နေတယ်။ သူ့ကို ယုံရမလားဆိုတာ ဝေခွဲနေသလိုပဲ။ နောက်ဆုံးမှာ သူ့ကို ယုံရတယ်လို့ သူမ ထင်လာသလိုပဲ၊ စကားပြောလာတယ်။ "သူဟာ တခြားကလေးတွေကို ကြောက်စေတယ်"

"ခင်ဗျားဆိုလိုတာက သူ သူများကို အနိုင်ကျင့်တတ်တယ်?" ဒမ်ဘာလီဒိုးက မေးတယ်။

"သူ ဒီလိုလုပ်တာ သေချာတယ်" မစ္စစ်ကိုးက မျက်မှောင်အနည်းငယ် ကြုတ်လိုက်တယ်။ "ဒါပေမယ် သူ့ကို လက်ပူးလက်ကြပ်မိဖို့ ခက်တယ်။ ပြဿနာတချို့ ဖြစ်ဖူးတယ် . . . . ဆိုးရွားတဲ့ပြဿနာတချို့ . . . ."

ဒမ်ဘာလီဒိုးက သူမကို မလောဆော်ဘူး။ ဒါပေမယ့် သူ အလွန်စိတ်ဝင်စားတာ ဟယ်ရီ တွေ့ရတယ်။ မစ္စစ်ကိုးက ဂျင်အရက် တစ်လုတ်ကြီး မော့လိုက်ပြန်တယ်။ ပါးပြင်ပေါ်က အနီရောင် ပိုရင့်လာတယ်။

"ဘီလီ-စတပ်ဘ်စ်ရဲ့ယုန် . . . . ဟုတ်တယ်၊ တွမ်က သူလုပ်တာ မဟုတ်ဘူးလို့ ပြောတယ်၊ ကျွန်မကလဲ သူ လုပ်နိုင်လိမ့်မယ်လို့ မထင်ဘူး။ ဒါပေမယ့် ပြောလို့သာ ပြောတာ၊ အဲဒီယုန်ဟာ ကိုယ့်ဖာသာ ထုပ်တန်းမှာ ကြိုးချမှာတော့ မဟုတ်ဘူး"

"ဟုတ်တယ်၊ ကျွန်တော်လဲ မဟုတ်ဘူးထင်တယ်" ဒမ်ဘာလီဒိုးက အသာလေး ပြောတယ်။

"ဒါပေမယ့် သူ အဲဒီအပေါ်ကို ဘယ်လိုလုပ်တက်ပြီး ဒါသွားလုပ်သလဲဆိုတာ ကျွန်မဖြင့် အံ့ဩမိတယ်။ သူနဲ့ ဘီလီတို့ ရှေ့ရက်က ရန်ဖြစ်တာပဲ ကျွန်မ သိတယ်။ ပြီးတော့ နောက်မှာ —" မစ္စစ်ကိုးဟာ ဂျင်အရက်ကို တစ်ခါကျိုက်ချလိုက်တယ်၊ ဒီတစ်ကြိမ်မှာ အရက်အနည်းငယ် မေးစေ့ပေါ် စီးကျသွားတယ်၊ "နွေရာသီ တောလည်ထွက်တယ် — ရှင် သိပါတယ် တစ်နှစ်ကို တစ်ကြိမ်၊ ကျွန်မတို့ဟာ သူတို့ကို မြို့ပြင် ဒါမှမဟုတ် ပင်လယ်ကမ်းခြေကို ခေါ်သွားတယ် — အဲဒီအချိန်ကစပြီး အေမီဘင်ဆင်နဲ့ ဒင်းနစ်-



ဘစ်ရှော့ဖ်တို့ဟာ မှုမမှန်တော့ဘူး၊ သူတို့ကို မေးကြည့်တော့၊ တွမ်-ရစ်ဒဲလ်နဲ့ အတူ တောင်ခေါင်းတစ်ခုထဲ ဝင်ခဲ့တယ်လို့ ပြောတယ်။ တွမ်က သူတို့ရွှန်းစားမှုလေးတစ်ခု လုပ်တာလို့ ကျိန်ပြောတယ်။ ဒါပေမယ့် အဲဒီအထဲမှာ တစ်ခုခုတော့ ဖြစ်မှာ သေချာတယ်၊ ကျွန်မ သေချာပြောနိုင်တယ်၊ ဒီပြင်ပြဿနာတွေ အများကြီး ရှိသေးတယ်။ ထူးဆန်းတဲ့ ကိစ္စတွေ . . . ."

သူမဟာ ဒမ်ဘာလီဒိုးကို ကြည့်ပြန်တယ်၊ သူမဟာ ပါးပြင်နီရဲနေပေမယ့် အကြည့်က တည်ငြိမ်နေတယ်။

"လူအများဟာ သူ ဒီက ထွက်ခွာသွားတာ မြင်ရင် ဝမ်းနည်းမှာ မဟုတ်ဘူးလို့ ကျွန်မ ထင်တယ်"

"ခင်ဗျားသိမှာ သေချာတယ်လို့ ကျွန်တော် ထင်တယ်။ ကျွန်တော်တို့ သူ့ကို ကျောင်းမှာချည်း တစ်လျှောက်လုံးထားမှာ မဟုတ်ဘူး" ဒမ်ဘာလီဒိုးက ပြောတယ်။ "အနည်းဆုံး နှစ်စဉ် နွေကျောင်းပိတ်ရက်မှာ သူ ဒီကို ပြန်လာမှာပါ"

"အိုး၊ ပြဿနာမရှိပါဘူး။ အဲဒါလဲ သံချေးတက်တဲ့ မီးဆွတုတ်နဲ့ နှာခေါင်းကို ရိုက်တာထက်တော့ သာသေးတာပဲ" မစ္စစ်ကိုးဟာ အသာလေး အရက်ရှုတ်ထိုးရင်း ပြောတယ်။ သူမ မတ်တတ်ရပ်လိုက်တယ်၊ ပုလင်းထဲက ဂျင်အရက် သုံးပုံနှစ်ပုံ လျော့ကျသွားပေမယ့်၊ သူမဟာ တည်ငြိမ်နေသေးတာကို ဟယ်ရီ သေချာတွေ့ရှိရတယ်။ "ရှင် သူ့ကို တွေ့ချင်လိမ့်မယ်လို့ ကျွန်မ ထင်တယ်"

"တကယ်ပဲ တွေ့ချင်ပါတယ်" ဒမ်ဘာလီဒိုးက ပြောရင်း မတ်တတ်ရပ်လိုက်တယ်။

မစ္စစ်ကိုးဟာ သူ့ကိုခေါ်ပြီး ရုံးခန်းက ထွက်သွားတယ်။ ကျောက်လှေကားပေါ် တက်လိုက်တယ်။ သူမဟာ သွားရင်း သူမရဲ့ လက်ထောက်နဲ့ ကလေးတွေကို အကျယ်ကြီး ပြစ်တင်ပြောဆိုတယ်။ အဲဒီက မိဘမဲ့ကလေးတွေဟာ မီးခိုးရောင် ခါးစည်းထားတဲ့ဝတ်ရုံ ဝတ်ထားတာ ဟယ်ရီ တွေ့ရတယ်။ သူတို့ကြည့်ရတာ သင့်တော်စွာ သေချာပြုစုမှု ခံရပုံရတယ်။ ဒါပေမယ့် ဒီလို နေရာမှာ ကြီးပြင်းရတာကြောင့် လေထုကတော့ ထိုင်းမှိုင်းမွန်းကျပ်တယ်ဆိုတာ သံသယရှိစရာ မလိုဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ရောက်ပြီ" မစ္စစ်ကိုးက ပြောတယ်။ သူတို့ဟာ ဒုတိယထပ် လှေကားပြန့်ကနေ ကော့ရိုးတစ်ခုကို ချိုးလိုက်တယ်။ ရှည်လျားတဲ့ စင်္ကြံထဲက ပထမအခန်းတံခါးဝမှာ ရပ်သွားတယ်။ သူမဟာ တံခါးကို နှစ်ချက်ခေါက်ပြီး ဝင်လိုက်တယ်။

"တွမ်၊ မင်းကို လာတွေ့တဲ့လူ ရှိတယ်။ သူက မစ္စတာဒန်ဘာတန် — ဝမ်းနည်းပါတယ်၊ မစ္စတာ ဒန်ဒါဘိုး။ သူ မင်းကို ပြောပြလိမ့်မယ် — အင်း၊ သူမှာသာ မင်းကို ပြောပြတာပဲ ကောင်းတယ်"

ဟယ်ရီနဲ့ ဒမ်ဘာလီဒိုးနှစ်ယောက် အခန်းထဲကို အတူတကွ ဝင်လိုက်ကြတယ်။ မစ္စစ်ကိုးဟာ သူတို့နောက်ဘက်မှာ တံခါးကို ပိတ်လိုက်တယ်။ ဒါဟာ ဘာမှမရှိတဲ့၊ ဘာမှအလှဆင်မှု မရှိတဲ့ အခန်းလေး။ အဝတ်ဗီရိုအဟောင်းနဲ့ သံခုတင်တစ်လုံးပဲ ရှိတယ်။ ကောင်လေးတစ်ယောက်ဟာ မီးခိုးရောင် သက္ကလပ်စောင်ပေါ် ထိုင်နေတယ်။ ခြေထောက်ရှည်ရှည်နှစ်ချောင်းကို ရှေ့ဆန့်ထားတယ်။ စာအုပ်တစ်အုပ်ကို ကိုင်ဖတ်နေတယ်။

တွမ်-ရစ်ဒေါ်မျက်နှာပေါ်မှာ ဂေါင့်မိသားစုရဲ့ အရိပ်အယောင်စိုးစဉ်းမျှ မတွေ့ရဘူး။ မီရုပ်ပြောခဲ့တဲ့စကားဟာ လက်တွေ့ဖြစ်လာတယ်။ သူဟာ ၎င်းရဲ့ လှပသားနားတဲ့ ဖခင်အသေးစားလေးပဲ။ ဆယ့်တစ်နှစ်အရွယ်ကလေးတစ်ယောက်အဖို့ အရပ်မြင့်တယ်လို့ ဆိုရမယ်။ ဆံပင်က နက်နက်၊ မျက်နှာက ဖြူဖပ်ဖြူရော်။ သူဟာ မျက်စိ အနည်းငယ် မှေးပြီး ဒမ်ဘာလီဒိုးရဲ့ ထူးခြားတဲ့ ဝတ်ဆင်ပုံကို အကဲခတ်နေတယ်။ ခဏတာအတွင်း စကားမပြောကြဘူး။

"နေကောင်းတယ်နော်၊ တွမ်" ဒမ်ဘာလီဒိုးက ပြောရင်း ရှေ့တက်လာပြီး လက်တမ်းလိုက်တယ်။

မောင်လေးက ခဏတုံ့ဆိုင်းနေပြီးနောက် လက်လှမ်းကိုင်လိုက်တယ်။ ဒမ်ဘာလီဒိုးဟာ သစ်သားခုံမာမာတစ်လုံးကို ရစ်ဒေါ်အနား ဆွဲယူလိုက်တယ်၊ ဒီလိုဆိုတော့ သူတို့နှစ်ယောက်ဟာ ဆေးရုံတက်သူနဲ့ လူနာမေးသူနဲ့ တူနေတယ်။

"ကျုပ်က ပါမောက္ခ ဒမ်ဘာလီဒိုးပါ"

"ပါမောက္ခ ?" ရစ်ဒေါ်က လိုက်ပြောတယ်။ သူ့ပုံက အလွန်သတိ



ရှိနေပုံ ပေါ်တယ်။ " 'ဆရာဝန်' လိုပဲလား။ သင် ဒီကို ဘာလာလုပ်တာလဲ။ သူမက သင့်ကို ကျွန်တော့်ကို လာစစ်ဆေးခိုင်းတာလား"

သူက ခုနက မစ္စစ်ကိုး ထွက်သွားတဲ့တံခါးကို လက်ညှိုးထိုးပြတယ်။

"ဟင့်အင်း၊ မဟုတ်ဘူး" ဒမ်ဘာလီဒိုးက ပြုံးပြီး ပြောတယ်။

"ကျွန်တော် သင့်ကို မယုံဘူး" ရစ်ဒေါ်က ပြောတယ်။ "သူမက ကျွန်တော့်ကို လာဆေးကုစေချင်တယ်၊ ဟုတ်လား။ အမှန်ကို ပြောပါ"

နောက်ဆုံးစကားကို သူဟာ အသံစူးစူးနဲ့ ပြင်းထန်တုန်ခါစွာ ပြောတယ်။ ဒါဟာ အမိန့်ချတာ၊ သူ အရင်ကလည်း ဒီလိုအမိန့်မျိုး အကြိမ်များစွာ ချခဲ့ဖူးပုံပဲ။ သူဟာ ရုတ်တရက် မျက်လုံးကြီးပြူးပြီး ဒမ်ဘာလီဒိုးကို သဲသဲမဲမဲ ကြည့်နေတယ်။ ဒမ်ဘာလီဒိုးကတော့ မဖြေဘူး၊ ဆက်ပြီး ခင်မင်စွာ ပြုံးနေတယ်။ စက္ကန့်အနည်းငယ်ကြာတော့ ရစ်ဒေါ်ရဲ့အကြည့်ဟာ လျော့ကျသွားတယ်။ ဒါပေမယ့် သူ့ကြည့်ရတာ ပိုပြီး သတိရှိလာသလိုပဲ။

"သင် ဘယ်သူလဲ"

"ကျုပ် မင်းကို ပြောပြပြီးပြီပဲ။ ကျုပ်က ပါမောက္ခ ဒမ်ဘာလီဒိုး။ ဟော့ဂ်ဝပ်လို့ခေါ်တဲ့ ကျောင်းတစ်ကျောင်းမှာ အလုပ်လုပ်တယ်။ မင်းကို ကျောင်းမှာနေဖို့ လာဖိတ်ခေါ်တာ။ ဒါ မင်းရဲ့ကျောင်းအသစ်မှာ ကျောင်းနေဖို့လေ၊ မင်း သဘောတူမယ်ဆိုရင်ပေါ့"

ဒီစကားကြားရပြီးနောက်၊ ရစ်ဒေါ်ရဲ့တုံ့ပြန်မှုဟာ လုံးဝမထင်မှတ်ရာပဲ။ သူဟာ ဆတ်ခနဲ ခုတင်ပေါ်ကနေ ခုန်ထပြီး နောက်ဆုတ်ရင်း ဒမ်ဘာလီဒိုးဆီက ထွက်ခွာသွားတယ်။ အလွန်ဒေါသထွက်နေပုံရတယ်။

"သင် ကျွန်တော့်ကို လိမ်လို့မရဘူး။ ခင်ဗျားက အရူးထောင်က လာတာ ဟုတ်လား။ 'ပါမောက္ခ'၊ ဟင်း၊ ဟုတ်ပြီ — သင့်ကို ပြောလိုက်မယ်၊ ကျွန်တော် မသွားဘူး။ နားလည်လား။ အဲဟို သေချင်းဆိုး စုန်းမကြီးကမှ အရူးထောင်ကို သွားသင့်တာ။ ကျွန်တော်က အေမီ-ဘင်ဆင်နဲ့ ဒင်းနစ်-ဘစ်ရှော့ဖ်ကို ဘာမှမှ မလုပ်တာ။ သင့်ဖာသာ သူတို့ကို သွားမေးလို့ရတယ်။ သူတို့ သင့်ကို ပြောပြမှာပါ"

"ကျုပ်က အရူးထောင်က လာတာမဟုတ်ဘူး" ဒမ်ဘာလီဒိုးက စိတ်ရှည်စွာ ပြောတယ်။ "ကျုပ်က ဆရာ၊ တကယ်လို့ မင်း စိတ်အေးအေးနဲ့ ထိုင်ရင်

www.burmeseclassic.com

www.burmeseclassic.com



ဟော့ဂ်ဝပ်အကြောင်းကို မင်းကို ပြောပြမယ်။ အမှန်ပဲ၊ မင်း အဲဒီကျောင်းကို မသွားချင်ဘူးဆိုရင် ဘယ်သူမှ မင်းကို အတင်းအကျပ် မလုပ်ပါဘူး —"

"ဘယ်သူလုပ်ဝံ့တယ်ဆိုတာ ကျွန်တော်က ကြည့်ချင်သေးတယ်" ရစ်ဒေါ်က အထင်သေးစွာ ပြောတယ်။

"ဟော့ဂ်ဝပ်ကျောင်းက" ဒမ်ဘလီဒိုးက ဆက်ပြောတယ်။ ရစ်ဒေါ် နောက်ဆုံးပြောတာကို မကြားသလိုပဲ။ "ထူးခြားတဲ့ အရည်အသွေးရှိသူတွေ အတွက် တည်ထောင်ထားတဲ့ ကျောင်းဖြစ်တယ် —"

"ကျွန်တော် မရူးဘူး"

"မင်း မရူးဘူးဆိုတာ ကျုပ် သိတယ်။ ဟော့ဂ်ဝပ်ဟာ အရူးတွေရဲ့ ကျောင်း မဟုတ်ဘူး၊ မှော်ပညာသင်ကျောင်း ဖြစ်တယ်"

ငြိမ်သက်ခြင်း။ ရစ်ဒေါ် ငိုင်သွားတယ်၊ ဘာအမူအရာမှ မပြဘူး။ ဒါပေမယ့် သူ့မျက်လုံးဟာ ဒမ်ဘလီဒိုးရဲ့ မျက်လုံးအစုံကို တစ်လှည့်စီ ကြည့်နေတယ်။ ၎င်းတို့အနက် တစ်လုံးထဲကလိမ်ပြောတာကို သိမြင်ချင်နေသလိုပဲ။

"မှော်ပညာ ? သူက အသာလေး လိုက်ပြောတယ်။

"ဟုတ်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။

"ကျွန်တော် အဲဒီလိုလုပ်နိုင်တာတွေဟာ၊ မှော် . . . . မှော်ပညာ ?"

"မင်း ဘာတွေလုပ်နိုင်လို့လဲ"

"အမျိုးမျိုးပဲ" ရစ်ဒေါ်က အသံနိမ့်နိမ့် ပြောတယ်။ စိတ်လှုပ်ရှားတဲ့ သွေးရောင်ဟာ ၎င်းရဲ့လည်ပင်းကနေ ချိုင့်နေတဲ့ ပါးပြင်အစုံဆီ ကူးဆက် သွားတယ်။ သူ့ကြည့်ရတာ သိပ်ပြီးလှုပ်လှုပ်ရှားရှား ဖြစ်နေပုံရတယ်။ "ကျွန်တော် လက်နဲ့မထိဘဲနဲ့ အရာဝတ္ထုကို လှုပ်စေနိုင်တယ်။ ကျွန်တော် လေ့ကျင့်မပေးရဘဲ တိရစ္ဆာန်ကို ကျွန်တော့်စကား နားထောင်စေနိုင်တယ်။ ကျွန်တော့်ကို စိတ်ဆိုးအောင်လုပ်တဲ့လူကို ဒုက္ခရောက်အောင် လုပ်နိုင်တယ်။ ကျွန်တော် လုပ်ချင်ရင် သူတို့ကို ဒဏ်ရာရစေနိုင်တယ်"

သူ့ခြေအစုံဟာ တုန်ခါနေတယ်။ သူဟာ ဂယိမ်းဂယိုင်နဲ့ ရှေ့တိုးလာပြီး ခုတင်ပေါ် ပြန်ထိုင်တယ်။ ခေါင်းငုံ့ပြီး မိမိလက်နှစ်ဘက်ကို စိုက်ကြည့်နေတယ်၊ ဆုတောင်းနေသလိုပဲ။

"ကျွန်တော်ဟာ အများနဲ့ မတူဘူးဆိုတာ ကျွန်တော် သိတယ်" သူက



မိမိ တုန်ယင်နေတဲ့ လက်နှစ်ဘက်ကို ကြည့်ရင်း ပြောတယ်။ "ကျွန်တော်ဟာ ထူးခြားတယ်။ အမြဲလိုပဲ တစ်ခုခုတော့ ဖြစ်မယ်လို့ ကျွန်တော် သိတယ်"

"ဟုတ်တယ်။ မင်းတွေးတာ မှန်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။ သူဟာ အပြုံးကို သိမ်းလိုက်ပြီး ရစ်ဒေါ်ကို စူးစိုက်ကြည့်နေတယ်။ "မင်းဟာ မှော်ဆရာ ဖြစ်တယ်"

ရစ်ဒေါ် ခေါင်းမော့လိုက်တယ်။ သူ့မျက်နှာဟာ ချက်ချင်းပြောင်းသွားတယ်။ အရူးအမူး ဝမ်းသာမှုပြနေတယ်။ သို့ပေမယ့် ဘာကြောင့်မှန်းမသိဘူး၊ ဒါဟာ သူ့ကို ပိုပြီးကြည့်ကောင်းမလာစေဘဲ သေသပ်တဲ့ ဒွါရတွေဟာ ရုတ်တရက်ကြီး ကြမ်းတမ်းသွားတယ်။ အဲဒီအမူအရာဟာ တိရစ္ဆာန်နဲ့ တူနေတယ်။

"သင်လဲ မှော်ဆရာလား"

"ဟုတ်တယ်"

"ကျွန်တော့်ကို သက်သေပြပါ" ရစ်ဒေါ်က ချက်ချင်းပြောတယ်။ လေသံက ခုနက "အမှန်ကို ပြောပါ" လိုပဲ စီးစီးပိုးပိုး ရှိနေတယ်။

ဒမ်ဘလီဒိုး မျက်ခုံးပင့်တယ်။

"တကယ်လို့ ကျုပ်နားလည်သလို မင်း ဟော့ဂ်ဝပ်မှာ ကျောင်းနေဖို့ သဘောတူတယ်ဆိုရင် —"

"ကျွန်တော် သဘောတူတာပေါ့"

"ဒါဆို မင်း ကျုပ်ကို 'ပါမောက္ခ' ဒါမှမဟုတ် 'ဆရာ' လို့ ခေါ်ရမယ်"

ရစ်ဒေါ်ရဲ့အမူအရာဟာ လှစ်ခနဲ တောင့်သွားတယ်။ ဆက်ပြီး သူဟာ လူနှစ်ယောက်လို ကွဲပြားတဲ့ အလွန်ယဉ်ကျေးတဲ့ လေသံနဲ့ ပြောတယ်။ "ဝမ်းနည်းပါတယ်၊ ဆရာ။ ကျွန်တော်ပြောတာက — ပါမောက္ခ၊ သင် ကျွန်တော့်ကို ပြလို့ရမလား —"

ဒမ်ဘလီဒိုးက ငြင်းဆန်လိမ့်မယ်လို့ ဟယ်ရီ ထင်တယ်။ ဒမ်ဘလီဒိုးက ရစ်ဒေါ်ကို နောင် ဟော့ဂ်ဝပ်မှာ အခိုင်အမာ ပြသဖို့ အချိန်ရှိတယ်၊ ပြီးတော့ သူတို့ဟာ မတ်ဂေါ်တွေနဲ့ ပြည့်နေတဲ့ အိမ်ထဲမှာမို့ သတိထားရမယ်လို့ ပြောလိမ့်မယ် သူထင်တာ။ သို့ပေမယ့် သူ အလွန်အံ့အားသင့်သွားတာက၊ ဒမ်ဘလီဒိုးဟာ အပေါ်အင်္ကျီအိတ်ကပ်ထဲကနေ မှော်ကြိမ်လုံးကို ဆွဲထုတ်ပြီး နံရံဆောင့်က ဟောင်းစုတ်တဲ့ အဝတ်ဗီရိုကို ချိန်ပြီး မသိမသာ ယမ်းလိုက်တယ်။

အဝတ်ဗီရို ချက်ချင်း မီးထလောင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရစ်ဒေါ် ခုန်ထလိုက်တယ်၊ သူ ထိတ်လန့်ပြီး ဒေါသနဲ့ အော်ဟစ်တာကို ဟယ်ရီ အပြစ်တင်လို့ မရဘူး။ သူ့ဥစ္စာဓနအားလုံး ဒီအဝတ်ဗီရိုထဲမှာ ရှိနိုင်တယ်။ ဒါပေမယ့် ရစ်ဒေါ်ဟာ ဒမ်ဘယ်လ်ဒိုးကို အပြစ်တင်မယ်လုပ်တုန်းမှာပဲ မီးတောက် ရုတ်တရက် ပျောက်သွားတယ်။ အဝတ်ဗီရို အကောင်းပကတိ ကျန်ရှိနေတယ်။

ရစ်ဒေါ်က အဝတ်ဗီရိုကို ကြည့်လိုက်၊ ဒမ်ဘယ်လ်ဒိုးကို ကြည့်လိုက် လုပ်တယ်။ ဒီနောက်မှာ သူက အဲဒီမှော်ကြိမ်လုံးကို လက်ညှိုးထိုးပြပြီး အမူအရာက သိပ်မကျေမနပ်ပြနေတယ်။

"ကျွန်တော် ဘယ်ကနေ တစ်ချောင်းလောက်ရမလဲ"

"အချိန်တန်ရင် ရမှာပါ" ဒမ်ဘယ်လ်ဒိုးက ပြောတယ်။ "မင်းအဝတ်ဗီရိုထဲမှာ တစ်ခုခုတိုးထွက်ချင်နေတယ်"

တကယ်ပဲ၊ အဝတ်ဗီရိုထဲကနေ ရတ်ရတ်သံ သေးသေးလေး ထွက်လာတယ်။ ရစ်ဒေါ်ဟာ ပထမဆုံးအကြိမ် ကြောက်လန့်ပုံပေါက်သွားတယ်။

"တံခါးကိုဖွင့်လိုက်" ဒမ်ဘယ်လ်ဒိုးက ပြောတယ်။

ရစ်ဒေါ် ခဏတုံ့ဆိုင်းနေပြီးနောက် လျှောက်သွားပြီး အဝတ်ဗီရို တံခါးကို တအားဆွဲဖွင့်လိုက်တယ်။ အဝတ်ချိတ်တန်းပေါ်မှာ အင်္ကျီအဟောင်းအနွမ်းတချို့ ချိတ်ထားတယ်။ အပေါ်ဘက် အမြင့်ဆုံး စင်ပေါ်မှာ ဝက္ကူသေတ္တာ သေးသေးတစ်လုံး ရှိတယ်။ အဆက်မပြတ် လှုပ်ယိုင်နေတယ်။ ရတ်ရတ်နဲ့ အသံထွက်နေတယ်။ ကြွက်အရှင်အမူးတချို့ ထည့်ထားသလိုပဲ။

"ဂင်းကို ထုတ်ယူလိုက်" ဒမ်ဘယ်လ်ဒိုးက ပြောတယ်။

ရစ်ဒေါ်က လှုပ်နေတဲ့သေတ္တာကို ယူချလိုက်တယ်။ ဘာလုပ်ရမှန်း မသိသလို ဖြစ်နေတယ်။

"အဲဒီသေတ္တာထဲမှာ မင်းမှာ မရှိသင့်တဲ့ အရာတချို့ ရှိနေသလား" ဒမ်ဘယ်လ်ဒိုးက မေးတယ်။

ရစ်ဒေါ်က ကြည်လင်ပြီး တွက်ချက်တဲ့အကြည့်နဲ့ ဒမ်ဘယ်လ်ဒိုးကို သေချာကြည့်လိုက်တယ်။

"ဟုတ်ကဲ့၊ ဟုတ်တယ်လို့ ကျွန်တော်ထင်တယ်၊ ဆရာ" သူဟာ နောက်ဆုံးမှာ ခြောက်ကပ်ကပ်အသံနဲ့ ပြောလိုက်တယ်။

"ဖွင့်လိုက်" ဒမ်ဘယ်လ်ဒိုးက ပြောတယ်။



ရစ်ဒေါ်က အဖုံးကို ဖွင့်လိုက်တယ်။ ကြည့်တောင်မကြည့်ဘဲ အတွင်းက ပစ္စည်းတွေကို သူ့ခုတင်ပေါ် သွန်ချလိုက်တယ်။ ဟယ်ရီဟာ အတွင်းမှာ ဘာတွေ စိတ်လှုပ်ရှားစရာ မြင်ရမယ်မှတ်တာ၊ ဒါပေမယ့် အားလုံး နေ့စဉ် တွေ့နေကျအရာလေးတွေချည်းပဲ။ ရိုးရိုးကြိုးဘောလုံး၊ ငွေအပ်ထောက်တစ်ခု၊ အရောင်မှိန်နေပြီဖြစ်တဲ့ ဘာဂျာတစ်ခု၊ ဂင်းတို့ဟာ သေတ္တာထဲက အပြင်ထွက်တာနဲ့ မတုန်လှုပ်တော့ဘူး။ စောင်ပါးပါးပေါ်မှာ ငြိမ်သက်စွာ ရှိနေကြတယ်။

"ဒါတွေကို ဂင်းတို့ပိုင်ရှင်ကို ပြန်ပေးရမယ်၊ ပြီးတော့ သူတို့ကို တောင်းပန်ရမယ်" ဒမ်ဘယ်လ်ဒိုးက အေးဆေးစွာ ပြောရင်း မှော်ကြိမ်လုံးကို အပေါ်အင်္ကျီအိတ်ထဲ ထိုးထည့်လိုက်တယ်။ "မင်း လုပ်သလား မလုပ်ဖူးလား ဆိုတာ ကျုပ် သိမှာ။ မင်းကို သတိပေးရဦးမယ်၊ ဟော့ဂ်ဝပ်က ခိုးဝှက်တဲ့ အပြုအမူကို သည်းမခံဘူး"

ရစ်ဒေါ်မျက်နှာပေါ်မှာ ရှက်တဲ့အရိပ်အယောင် စိုးစဉ်းမျှ မတွေ့ဘူး။ သူဟာ ဒမ်ဘယ်လ်ဒိုးကို အေးစက်စက် ကြည့်မြဲကြည့်နေတယ်။ ဒမ်ဘယ်လ်ဒိုးကို အကဲဖြတ်နေသလိုပဲ။ နောက်ဆုံးကျမှ သူက ခြောက်ကပ်ကပ်အသံနဲ့ ပြောတယ်၊ "သိပါပြီ၊ ဆရာ"

"ဟော့ဂ်ဝပ်မှာ" ဒမ်ဘယ်လ်ဒိုးက ဆက်ပြောတယ်။ "ကျုပ်တို့ဟာ မင်းကို မှော်ပညာ သင်ပေးတဲ့အပြင်၊ မှော်ပညာကို ချုပ်ထိန်းဖို့လဲ သင်ပေးတယ်။ မင်း အရင်က အဲဒီနည်းနဲ့ မင်းရဲ့မှော်ပညာကို အသုံးပြုတာဟာ အသိမရှိဘဲ သုံးတာလို့ ကျုပ် ယုံတယ်။ ဒါပေမယ့် ဒါမျိုးကို ကျုပ်တို့ကျောင်းက ဘယ်တော့မှ မသင်ဘူး၊ သည်းမခံနိုင်ဘူး။ မိမိမှော်ပညာကို ချုပ်ထိန်းမှုမဲ့ဖြစ်တာ မင်းဟာ ပထမတစ်ယောက်မဟုတ်သလို နောက်ဆုံးတစ်ယောက်လဲ မဟုတ်ဘူး။ ဒါပေမယ့် မင်း သိသင့်တာက ဟော့ဂ်ဝပ်ဟာ ကျောင်းသားကို ကျောင်းထုတ်နိုင်တယ်။ ပြီးတော့ မှော်ဝန်ကြီးဌာန — ဟုတ်တယ်၊ မှော်ဝန်ကြီးဌာနတစ်ခု ရှိတယ် — ပိုပြီး တင်းကြပ်တဲ့နည်းနဲ့ တရားဥပဒေ ချိုးဖောက်သူကို အရေးယူလိမ့်မယ်။ အသစ်ရောက်ရှိလာတဲ့ မှော်ဆရာတိုင်းဟာ လက်ခံရမှာ ဖြစ်တယ်။ အဲဒါကတော့ ကျုပ်တို့ကမ္ဘာထဲ ဝင်လာတာနဲ့ ကျုပ်တို့တရားဥပဒေကို လိုက်နာရမယ်"

"သိပါပြီ၊ ဆရာ" ရစ်ဒေါ်က ပြောပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူခေါင်းထဲ ဘာတွေ တွေးနေတယ်ဆိုတာ သိဖို့ ခက်ခဲတယ်။ သူထ
နီးယူထားတဲ့ ပစ္စည်းပုံလေးကို စက္ကူသေတ္တာထဲ ပြန်ထည့်တော့ မျက်နှာပေါ်
ဒီအတိုင်းပဲ ဘာအမူအရာမှ မဖော်ပြဘူး။ သိမ်းဆည်းပြီးတာနဲ့ ဒမ်ဘလီဒိုး
လုံးဝ အားမနာဘဲ ပြောတယ်။ "ကျွန်တော့်မှာ ပိုက်ဆံမရှိဘူး"

"ဒါ လွယ်ပါတယ်" ဒမ်ဘလီဒိုးဟာ ပြောရင်းနဲ့ အိတ်ကပ်ထဲက
သားရေပိုက်ဆံအိတ်တစ်အိတ် ယူထုတ်လိုက်တယ်။ "ဟော့ဂ်ဝပ်မှာ ရန်ပုံ
တစ်ခု ရှိတယ်၊ ကျောင်းစာအုပ်နဲ့ ကျောင်းဝတ်ရုံဝယ်ဖို့ လိုအပ်နေတဲ့လူ
ပေးတာ။ မင်းရဲ့ မှော်စာအုပ်တချို့ တပတ်ရစ်ပဲ ဝယ်ရလိမ့်မယ်၊ ဒါပေမဲ့
—"

"မှော်စာအုပ်ကို ဘယ်မှာဝယ်ရမလဲ" ရစ်ဒေါ်က ဒမ်ဘလီဒိုးစကား
ကို ဖြတ်ပြောတယ်။ ကျေးဇူးတင်စကား တစ်ခွန်းမှ မပြောဘဲ ပိုက်ဆံအိတ်
ယူလိုက်တယ်။ ရွှေဂါလုံးထူထူတွေကို သေချာကြည့်နေတယ်၊

"ထောင့်ဖြတ်လမ်းမှာ" ဒမ်ဘလီဒိုးက ပြောတယ်။ "မင်း စာအု
စာရင်းနဲ့ ကျောင်းသုံးပစ္စည်းစာရင်း ကျုပ် ယူလာတယ်။ မင်းအစား ပစ္စည်း
တွေ စုံအောင် ကျုပ် ဝယ်ပေးနိုင်တယ် —"

"သင် ကျွန်တော်နဲ့အတူ သွားမှာ ?" ရစ်ဒေါ်က ခေါင်းမော့ပြီး
မေးတယ်။

"ဒါပေါ့၊ တကယ်လို့ မင်း —"

"သင့်ကို မလိုပါဘူး" ရစ်ဒေါ်က ပြောတယ်။ "ကျွန်တော် ကိုယ့်
ဖာသာ လုပ်လေ့ရှိတယ်။ ကျွန်တော်တစ်ယောက်တည်း လန်ဒန်မှာ ဟိုဟို
လျှောက်သွားနေတာ။ ဒါဆို၊ အဲဒီထောင့်ဖြတ်လမ်းကို ဘယ်လိုသွားမလဲ —
ဆရာ" သူဟာ ဒမ်ဘလီဒိုးအကြည့်နဲ့ တွေ့ထိသွားတယ်၊ ဒါနဲ့ ဖြည့်ပြောတယ်

ဟယ်ရီက ဒမ်ဘလီဒိုးဟာ ရစ်ဒေါ်နဲ့အတူ သွားမယ်လို့ ပြော
ထင်တာ။ ဒါပေမယ့် သူထင်တာနဲ့ တခြားစီ ဖြစ်သွားတယ်။ ဒမ်ဘလီဒိုး
ပစ္စည်းဝယ်ဖို့ စာရင်းပါတဲ့ စာအိတ်ကို ရစ်ဒေါ်ကို ပေးလိုက်တယ်။ တ
မိဘမဲ့ကလေးကျောင်းကနေ ခွက်စုတ်ဘားကိုသွားတဲ့ အတိအကျလမ်းကြော
တို့ ပြောပြတယ်။ ပြီးတော့ ပြောတယ်။ "မင်း ၎င်းကို မြင်မှာပါ။ မင်း
ထဲလည်မှာရှိတဲ့ မတ်ဂေါ်တွေ — မှော်ပညာနားမလည်တဲ့လူတွေ —



တော့ မမြင်ရဘူး။ ဘားဆိုင်ပိုင်ရှင် တွမ်လို့ မေးကြည့် — မှတ်ဖို့ လွယ်
ပါတယ်၊ နာမည်က မင်းနဲ့အတူတူပဲ —"

ရစ်ဒေါ်ဟာ မခံမရပ်နိုင်ဘဲ တွန့်လိမ်လိုက်တယ်။ မုန်းစရာ ယင်
ကောင်တစ်ကောင်ကို မောင်းပစ်ချင်သလိုပဲ။

"မင်း 'တွမ်' ဆိုတဲ့နာမည်ကို မကြိုက်ဘူးလား"

"'တွမ်' လို့ခေါ်တဲ့လူတွေ သိပ်များတယ်။ ရစ်ဒေါ်က ဗလုံးဗထွေး
ပြောတယ်။ သူဟာ ဒီစကားကို မပြောရရင် နေလို့မရသလို၊ တစ်ခါ လှစ်ခနဲ
ထွက်သွားသလို ပြောလိုက်တယ်။ "ကျွန်တော့်အဖေက မှော်ဆရာလား။
သူ့လဲ တွမ်-ရစ်ဒေါ်လို့ ခေါ်တယ်ဆိုတာ သူတို့ ကျွန်တော့်ကို ပြောပြတယ်"

"ကျုပ် မသိပါဘူး" ဒမ်ဘလီဒိုးက ပြောတယ်။ အသံက အလွန်
နူးညံ့တယ်။

"ကျွန်တော့်အမေ မှော်ပညာတတ်မှာ မဟုတ်ဘူး၊ နို့မို့ရင် သူမ
သေမှာ မဟုတ်ဘူး" ရစ်ဒေါ်ဟာ ဒမ်ဘလီဒိုးကို ပြောနေတာနဲ့ မတူဘူး၊
ကိုယ့်ဘာသာပြောနေတာနဲ့ ပိုတူတယ်။ "ကျွန်တော့်အဖေပဲ ဖြစ်ရမယ်။ ဒါဆို
— ကျွန်တော် ပစ္စည်းတွေ စုံအောင်ဝယ်ပြီးရင် — ဘယ်တော့ အဲဒီ ဟော့ဂ်ဝပ်
ကျောင်းကို သွားရမလဲ"

"အသေးစိတ်အားလုံးကို စာအိတ်ထဲက ဒုတိယ သိုးရေစက္ကူပေါ်မှာ
ရေးထားတယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "မင်း စက်တင်ဘာလ၊ တစ်ရက်
နေ့မှာ မင်းကြက်ခြေဘူတာက ထွက်။ စာအိတ်ထဲမှာ ရထားလက်မှတ် တစ်
စောင်လဲ ပါတယ်"

ရစ်ဒေါ် ခေါင်းညိတ်ပြတယ်။ ဒမ်ဘလီဒိုးက မတ်တတ်ရပ်လိုက်
တယ်။ တစ်ခါ လက်ကမ်းပေးလိုက်ပြန်တယ်။ ရစ်ဒေါ်က လက်ဆွဲနှုတ်ဆက်ရင်း
ပြောတယ်။ "ကျွန်တော် မြွေနဲ့ စကားပြောလို့ရတယ်။ ကျွန်တော်တို့ မြို့ပြင်ကို
သွားလည်တုန်းက ကျွန်တော် တွေ့ရှိတာ — ၎င်းတို့က ကျွန်တော့်ကို လာ
ရှာပြီး တိုးတိုးစကားပြောတယ်။ အဲဒါ မှော်ဆရာတစ်ယောက်အဖို့ ပုံမှန်
လား"

သူဟာ တမင်တကာ နောက်ဆုံးကျမှ ဒီလိုထူးဆန်းတဲ့ အရည်အသွေး
ကို ပြောပြခြင်းဖြင့် ဒမ်ဘလီဒိုးကို အထင်ကြီးစေချင်ပုံရတယ်ဆိုတာ ဟယ်ရီ
မြင်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရခဲ့တယ်" ဒမ်ဘလီဒိုးက ခဏတွေဝေနေပြီး ပြောတယ်။ "ဒါပေမယ့် မကြားဘူးတာတော့ မဟုတ်ဘူး"

သူ့လေသံက ပေါ့ပေါ့ပဲ၊ ဒါပေမယ့် သူ့အကြည့်ကတော့ ရစ်ခေါ် မျက်နှာကို သိလိုစိတ်နဲ့ အကဲခတ်နေတယ်။ နှစ်ယောက်သား ခဏရပ် တယ်။ ယောက်ျားကြီးနဲ့ ကောင်လေးတို့ အပြန်အလှန် ကြည့်နေတယ် ဒီနောက် နှစ်ယောက်စလုံး လက်ဖြည်လိုက်တယ်။ ဒမ်ဘလီဒိုးက တံခါးန သွားတယ်။

"ဂွဒ်ဘိုင်၊ တွမ်၊ မင်းကို ဟော့ဂ်ဝပ်မှာ တွေ့မယ်"

"တော်လောက်ပြီထင်တယ်" ဟယ်ရီ့ဘေးက ခေါင်းမွေးဖြူဖြူ ဒမ် ဘလီဒိုးက ပြောတယ်။ စက္ကန့်အနည်းငယ်ကြာတော့ သူတို့ဟာ အမှောင်ထဲ ပေါ့ပါးစွာ ပျံသန်းနေတယ်။ ဒီနောက် လက်တွေ့ဘဝထဲက ရုံးခန်းထဲ ခိုင်ခိုင်မာမာ ကျဆင်းသွားတယ်။

"ထိုင်ပါ" ဒမ်ဘလီဒိုးက ဟယ်ရီ့ဘေးမှာ ကျလာပြီး ပြောတယ်။

ဟယ်ရီ ထိုင်လိုက်တယ်၊ ခုနကမြင်တာတွေကို ခေါင်းထဲတွေး တုန်းပဲ။

"သူ ဒီကိစ္စကို ယုံကြည်တာ ကျွန်တော့်ထက် အများကြီး မြန်တယ် —— ကျွန်တော်ပြောတာက၊ သင် သူ့ကို မင်း မှော်ဆရာလို့ ပြောတုန်းက" ဟယ်ရီက ပြောတယ်။ "ဟက်ဂရစ်က အရင်ဆုံးပြောပြတော့ ကျွန်တော် မယုံဘူး"

"ဟုတ်တယ်၊ ရစ်ဒေါက သူ့ကိုယ်သူ —— သူ့စကားနဲ့ဆိုရင် —— 'အများနဲ့မတူတဲ့' ဟာလို့ ယုံချင်နေတာ" ဒမ်ဘလီဒိုးက ပြောတယ်။

"ထိုစဉ်ကတည်းက —— သင် သိထားပြီလား" ဟယ်ရီက မေးတယ်။

"ကျွပ် ခုနက မြင်တွေ့ရတဲ့လူဟာ သမိုင်းမှာ အန္တရာယ်အရှိဆုံး မှော်နက်ဆရာကြီးလို့ ကျွပ် သိနေတယ် ?" ဒမ်ဘလီဒိုးက ပြောတယ်။ "ဟင့်အင်း၊ သူ အခုလိုလူမျိုး ဖြစ်လာလိမ့်မယ်လို့ ကျွပ် လုံးဝမသိဘူး ဒါပေမယ့် ကျွပ် သူ့ကို တကယ်ပဲ သိပ်စိတ်ဝင်စားတယ်။ ကျွပ် ဟော့ဂ်ဝ ပြန်ရောက်ပြီးနောက် သူ့ကို နီးနီးကပ်ကပ် သတိထားကြည့်ဖို့ လုပ်တယ် စင်စစ်မှာ ကျွပ် အစကတည်းက ဒီလိုလုပ်သင့်တယ်။ အကြောင်းက သူဟာ



တစ်ယောက်တည်း၊ မိတ်ဆွေ မရှိဘူး။ ဒါပေမယ့် ထိုစဉ်က ကျွပ် ဒီလိုလုပ်တာ သူ့အတွက်တင်မကဘဲ တခြားလူတွေအတွက်လဲ ဖြစ်တယ်လို့ ထင်တယ်။

"မင်း ခုနကလဲ ကြားရပြီ၊ ဒီလိုလူငယ် မှော်ဆရာတစ်ယောက်အဖို့ ပြောရရင်၊ သူ့စွမ်းအားဟာ အံ့ဩဖွယ်ပြည့်စုံပြီး ရင့်ကျက်တယ် —— သိပ် စိတ်ဝင်စားစရာကောင်းတာက၊ သိပ်လဲ နိမိတ်မရှိဖြစ်တာက —— သူဟာ အဲဒီ စွမ်းအားတွေကို အဆင့်တစ်စုံတစ်ရာအားဖြင့် ချုပ်ကိုင်နိုင်တာ တွေ့ရှိပြီး ၎င်းတို့ကို အသိရှိရှိ စတင်အသုံးပြုခြင်းပဲ။ မင်း တွေ့ခဲ့ရသလိုပဲ၊ သူဟာ သဘာဝလူငယ်မှော်ဆရာတွေလို ဘာစည်းစနစ်မှ မရှိဘဲ လျှောက်စမ်းသပ် တာ မဟုတ်ဘူး။ သူဟာ မှော်ပညာနဲ့ သူများကို ပြုစားတတ်ပြီ။ မှော်ပညာနဲ့ ခြိမ်းခြောက်တယ်၊ ဒဏ်ခတ်တယ်၊ သူများကို ချုပ်ကိုင်တယ်။ အဲဟို ဇွဲကြိုးချ သတ်ခံရတဲ့ ယုန်၊ ပြီးတော့ တောင်ခေါင်းထဲက လိမ်ခေါ်ခံရတဲ့ ကျားမကလေး နှစ်ယောက်ရဲ့ပုံပြင်က ဒီပြဿနာကို အဖြေပေးနိုင်တယ် . . . . ကျွန်တော် သုံးချင်ရင် သူတို့ကို ဒဏ်ရာရအောင် လုပ်နိုင်တယ် . . . ."

"သူဟာ မြွေမာဂစကား ပြောတတ်တယ်" ဟယ်ရီက ဝင်ပြောတယ်။

"ဟုတ်တယ်၊ ရှားပါးတဲ့ စွမ်းရည်တစ်မျိုး၊ မှော်နက်ပညာနဲ့ဆိုင်တယ် လို့ ဆိုတယ်။ ဒါပေမယ့် ကြီးမြတ်ပြီး စိတ်ကောင်းရှိတဲ့ မှော်ဆရာထဲမှာလဲ မြွေမာဂစကားတတ်သူရှိတာ ကျွပ်တို့ သိတယ်။ စင်စစ်မှာ သူ မြွေနဲ့ စကား ပြောနိုင်တဲ့အစွမ်းကြောင့် ကျွပ် စိုးရိမ်မှု မဖြစ်ပါဘူး။ ကျွပ် စိုးရိမ်တာက သူ ထင်ရှားစွာ ဖော်ပြတဲ့ ရက်စက်မှု၊ လျှို့ဝှက်မှုနဲ့ ဗိုလ်ကျမှုညှဉ်ပဲ။

"အချိန်က ကျွပ်တို့ကို လှည့်စားပြန်ပြီ" ဒမ်ဘလီဒိုးက ပြတင်း အပြင်ဘက်က မှောင်မည်းတဲ့ မိုးကောင်းကင်းကို ညွှန်ပြပြီး ပြောတယ်။ "သို့ပေမယ့် ကျွပ်တို့ မခွဲခွာခင်မှာ၊ ကျွပ်တို့ ခုနက မြင်တွေ့ရတဲ့ထဲက အရာ အချို့ကို မင်း သတိပြုမိစေချင်တယ်။ ၎င်းတို့ဟာ ကျွပ်တို့ နောင်မှာ အတူ တူ ဆွေးနွေးရမယ့် ပြဿနာနဲ့ သိပ်သက်ဆိုင်နေတယ်။

"အရင်ဆုံး၊ မင်းလဲ သတိပြုမိတယ်လို့ ကျွပ် ထင်တယ်။ သူနဲ့ နာမည် တူတဲ့လူအကြောင်း ပြောမိတော့၊ 'တွမ်'လို့ပဲ ခေါ်တယ်လို့ ပြောတော့၊ ရစ်ဒေါ ဘယ်လိုတုံ့ပြန်သလဲ"

ဟယ်ရီ ခေါင်းညိတ်ပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဖော်ပြတာဟာ၊ သူဟာ သူ့ကို တခြားသူနဲ့ တွဲထားပြီး သူ့ကိုယ်သာမန်လူဖြစ်စေတာမှန်သမျှ စက်ဆုတ်တယ်ဆိုတာပဲ။ အဲဒီအချိန်တုန်းကတည်းက၊ သူဟာ ထူးခြားချင်တယ်၊ ကွဲပြားချင်တယ်၊ နာမည်ကြီးချင်တယ်ဆိုတာ မင်းလဲ သိပါတယ်။ အဲဒီအကြိမ် စကားပြောပြီး နောက် နှစ်အနည်းငယ်အတွင်းမှာပဲ၊ သူဟာ မိမိနာမည်ကို စွန့်ပစ်ပြီး 'အရှင်သခင် ဗိုလဒီမွန့်' ဆိုတဲ့ မျက်နှာဖုံးကို ဖန်တီးလိုက်တယ်။ အဲဒီမျက်နှာဖုံးနောက်ကွယ်မှာ အချိန်ကြာရှည်စွာ ပုန်းအောင်းနေခဲ့တယ်။

"တွမ်-ရစ်ဒေါ်ဟာ ထိုစဉ်ကတည်းက အလွန့်ကို ကိုယ့်ကိုကိုယ် ယုံကြည်လွန်းတာ၊ လျှို့ဝှက်တာ၊ ပေါ်လွင်ထင်ရှားချင်တာနဲ့ မိတ်ဆွေမဲ့တာတွေ မင်းလဲ သတိပြုမိမယ်လို့ ကျုပ် ယုံတယ်။ သူ့ဖာသာ ထောင့်ဖြတ်လမ်းကို သွားတယ်၊ သူများအကူအညီနဲ့ လိုက်ပါမှုကို မလိုလားဘူး။ သူ ဘာမဆို ကိုယ့်ဖာသာ လုပ်ချင်တယ်။ အရွယ်ရောက်ပြီးတဲ့ ဗိုလဒီမွန့်ဟာ ဒီအတိုင်းပဲ။ ဒက်အီတာ အများအပြားဟာ သူ့ယုံကြည်မှုကို ရတယ်လို့ ပြောကြတာ၊ ပြီးတော့ သူတို့မှသာလျှင် သူ့အနားကပ်နိုင်ပြီး သူ့ကို နားလည်တာလို့ ပြောတဲ့အသံတွေ မင်း ကြားလိမ့်မယ်။ စင်စစ်မှာတော့ သူတို့အားလုံး အလိမ်ခံရတာ။ ဗိုလဒီမွန့်ဟာ ဘယ်တုန်းကမှ မိတ်ဆွေမရှိဘူး၊ ပြီးတော့ သူ ဘယ်တုန်းကမှ မိတ်ဆွေ မလိုအပ်ဘူးလို့ ကျုပ် ထင်တယ်။

"နောက်ဆုံး —— မင်း အိပ်ချင်တာနဲ့ ဒီအချက်ကို လျစ်လျူရှုထားတာ ကျုပ် မဖြစ်စေချင်ဘူး၊ ဟယ်ရီ —— ငယ်ရွယ်တဲ့ တွမ်-ရစ်ဒေါ်ဟာ အောင်နိုင်ခဲ့ရ အထိမ်းအမှတ်ပစ္စည်းလေးတွေကို စုဆောင်းလေ့ရှိတယ်။ သူ အခန်းထဲ ဝှက်ထားတဲ့ ခိုးရာပါပစ္စည်း တစ်သေတ္တာကို မင်း မြင်တယ်မဟုတ်လား။ အဲဒါတွေအားလုံး သူ့အနိုင်ကျင့်ခံရတဲ့ ကလေးတွေဆီက ယူလာတာ၊ ၎င်းတို့ဟာ အလွန်စက်ဆုတ်စရာကောင်းတဲ့ မှော်ပညာတချို့ရဲ့ အမှတ်တရပစ္စည်းတွေလို့ ပြောနိုင်တယ်။ ၎င်းရဲ့အသေးအဖွဲပစ္စည်း ခိုးတတ်တဲ့အကျင့်ကို မင်း မှတ်ထားပါ၊ ဒါ နောင်မှာ အလွန်အရေးကြီးလိမ့်မယ်။

"ကောင်းပြီ၊ ဟယ်ရီ၊ တကယ်ပဲ သွားအိပ်သင့်ပြီ"

ဟယ်ရီ မတ်တတ်ထလိုက်တယ်။ သူ တံခါးဝကို လျှောက်သွားတယ်။ အကြည့်ဟာ အရင်တစ်ခါ မာဗိုလို-ဂေါင့်ရဲ့ လက်စွပ်တင်တဲ့ စားပွဲပေါ် ရောက်သွားတယ်၊ ဒါပေမယ့် လက်စွပ် အဲဒီမှာ မရှိတော့ဘူး။



"ဘာဖြစ်လဲ၊ ဟယ်ရီ" ဒမ်ဘာလီဒိုးက ဟယ်ရီ ရပ်နေတာ မြင်တော့ မေးတယ်။

"လက်စွပ် မတွေ့တော့ဘူး" ဟယ်ရီက ဘယ်ညာလှည့်ကြည့်ပြီး ပြောတယ်။ "ဒါပေမယ့် သင့်ဆီမှာ ဘာဂျာတစ်လက်များ ရှိဦးမယ် ထင်လို့"

ဒမ်ဘာလီဒိုးက ရယ်တယ်။ မျက်လုံးက လခြမ်းသဏ္ဍာန်မျက်မှန် အထက်ကနေ သူ့ကို ကြည့်နေတယ်။

"အမြင်စူးရှတယ်၊ ဟယ်ရီ၊ ဒါပေမယ့် ဘာဂျာဟာ ဘာဂျာတစ်လက်သာ ဖြစ်တယ်"

နားလည်ရခက်တဲ့ ဒီစကားကို ပြောပြီးနောက်၊ သူက ဟယ်ရီ့ကို လက်ယမ်းပြလိုက်တယ်။ ဟယ်ရီက မိမိသွားသင့်ပြီဆိုတာ နားလည်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၄။ ဖီလစ် ဖီလစ်စစ်

နောက်နေ့နံနက်မှာ ဟယ်ရီတက်ရမယ့် ပထမအချိန်က ဆေးဖော် ဆေးပင် ပညာအတန်း။ နံနက်စောစောစာ စားတဲ့အခါမှာ၊ သူများ ကြား သွားမှာစိုးလို့ ဒမ်ဘလီဒိုး သူ့ကို သင်ကြားတာနဲ့ ပတ်သက်ပြီး ရွန်နဲ့ ဟာမီးယို့ ပြောမပြနိုင်ခဲ့ဘူး။ သူတို့ ဟင်းရွက်ခင်း တစ်ခင်းပြီးတစ်ခင်းဖြတ်ပြီး အနွေး ခန်းဆီ လျှောက်သွားတော့မှ၊ သူက အကြောင်းစုံကို အသေအချာ သူတို့ကို ပြောပြလိုက်တယ်။ ရက်သတ္တပတ်ကုန်ရက်က ဆိုးရွားတဲ့ လေပြင်းဟာ ငြိမ်သက် သွားပြီ။ ဒါပေမယ့် ထူးဆန်းတဲ့ နှင်းထူထူတွေ ပြန်ရောက်လာပြန်တယ်။ သူတို့ဟာ ခါတိုင်းထက် အချိန်ပိုများများ အကုန်ခံပြီးမှ ကျောင်းတက်ရမယ့် အနွေးခန်းကို ရှာလို့ တွေ့တော့တယ်။

"ဝိုး၊ ကြောက်စရာအတွေး၊ ငယ်ရွယ်စဉ်က ဟိုလူ" ရွန်က အသာ လေး ပြောတယ်။ အခု သူတို့ဟာ အဖုအထစ်တွေ ပြည့်နေတဲ့ ဖုထစ်နွယ်ရဲ့ အမြှုပ်ခြောက်ဘေးမှာ ဝိုင်းရပ်နေကြပြီး စတင်ပြီး ကာကွယ်တဲ့ လက်အိတ် စွပ်နေကြတယ်။ ဖုထစ်နွယ်ဟာ သူတို့ ဒီကျောင်းပတ်မှာ သင်ရမယ့် သင်ခန်းစာ



နဲ့ တစ်စိတ်တစ်ဒေသ ဖြစ်တယ်။ "ဒါပေမယ့် ငါ ခုထိ နားမလည်တာက၊ ဒမ်ဘလီဒိုးဟာ မင်းကို ဘာဖြစ်လို့ ဒါတွေ ပြတယ်ဆိုတာပဲ။ ငါပြောချင်တာက၊ စိတ်ဝင်စားဖို့ကတော့ အကောင်းသား၊ ဒါပေမယ့် ဘာအသုံးကျမှာမို့လဲ"

"မသိဘူး" ဟယ်ရီက သစ်စေးကို ကာကွယ်တဲ့ မျက်နှာဖုံးကို တပ် လိုက်တယ်။ "ဒါပေမယ့် သူက သိပ်အရေးကြီးတယ်လို့ ပြောတယ်၊ ငါ့ကို အသက်ရှင်အောင် အထောက်အကူ ပေးနိုင်တယ်တဲ့"

"ဒါ သိပ်ဆွဲဆောင်မှု ရှိတယ်လို့ ငါထင်တယ်" ဟာမီးက တည်ကြည် စွာ ပြောတယ်။ "ဗိုလဒီမွန့်အကြောင်းကို အတတ်နိုင်ဆုံး သိအောင်လုပ်တာ ဟာ လုံးဝအဓိပ္ပာယ် ရှိတယ်။ နို့မို့ရင် သူ့အားနည်းချက်ကို နင် ဘယ်လိုလုပ် သိရှိမှာလဲ"

"ဟုတ်ပြီ၊ စလပ်ဂ်ဟွန်း နောက်ဆုံးလုပ်သွားတဲ့ ညပါတီပွဲ ဘယ့်နှယ် နေလဲ" ဟယ်ရီက သစ်စေးကာကွယ်တဲ့ မျက်နှာဖုံးထဲကနေ အသံအ,အနဲ့ ဟာမီးကို မေးတယ်။

"အိုး၊ တကယ်တော့ ပျော်စရာကောင်းပါတယ်" ဟာမီးက ကာကွယ် တဲ့ မျက်မှန်တပ်ရင်း ပြောတယ်။ "ငါပြောချင်တာက၊ သူဟာ သူ့အရင်တုန်းက တပည့်တွေ ဘယ်လောက်နာမည်ကျော်ကြားကြောင်း တဖွဖွ ပြောနေပေမယ့်၊ မက်လက်ဂင်ကို ဖားနေတာ ရှင်းနေပါတယ်။ အကြောင်းက မက်လက်ဂင်ဟာ မျက်နှာဖုံးလူကြီးတွေ အများကြီးကို သိလို့။ ဒါပေမယ့် သူ ငါတို့ကို အလွန် စားကောင်းတဲ့ အစားအစာတွေ ကျွေးတယ်၊ ငါတို့ကို ဂဝင်းနော့ဂ်-ဂျုံးစ်နဲ့လဲ မိတ်ဆက်ပေးတယ်"

"ဂဝင်းနော့ဂ်-ဂျုံးစ် ?" ရွန်က ပြောတယ်၊ ကာကွယ်တဲ့ မျက်မှန် နောက်က မျက်လုံးဟာ တစ်ခါတည်း ပြူးသွားတယ်။ "အဲဒီ ဂဝင်းနော့ဂ်- ဂျုံးစ်လား။ ဟိုလီဟက်ဒ်-ဟာပီစ်အသင်းက အသင်းခေါင်းဆောင် ?"

"ဟုတ်တယ်" ဟာမီးက ပြောတယ်။ "ငါ့အနေနဲ့ ထင်တာက၊ သူမ ဟာ မိမိကိုယ်မိမိ ဗဟိုပြုတာလေး ရှိတယ်၊ ဒါပေမယ့် —"

"ဒီမှာ စကားပြောမနေနဲ့တော့" ပါမောက္ခ စပရောက်က တင်းမာစွာ ပြောတယ်။ သူမဟာ အမြန်လျှောက်လာတယ်။ အမူအရာက သိပ်တင်းတယ်။ "မင်းတို့ နောက်ကျနေပြီ။ တခြားကျောင်းသားတွေ စလုပ်နေပြီ၊ နဗီးလ်တောင် သစ်ဥတစ်ဥ ရနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ လှည့်ကြည့်ကြတယ်၊ တကယ်ပဲ နီဗီးဟာ ပါးစပ်က သွေးစတွေ ကျနေတယ်၊ မျက်နှာတစ်ခြမ်းမှာ ကုတ်ဖဲ့ခံရတဲ့ သွေးရာတွေနဲ့ ထိုင်နေတာ တွေ့ရတယ်။ ဒါပေမယ့် သူ့လက်ထဲမှာ တဆတ်ဆတ် ခုန်နေတဲ့ ရွှံ့စရာအရာ တစ်ခုကို ကိုင်ထားတယ်၊ ကျွဲကောသီးလောက် ကြီးတယ်။

"ကောင်းပါပြီ၊ ပါမောက္ခ၊ ကျွန်တော်တို့ ခုတင်လုပ်မှာပါ" ရွှန်က ဆရာတစ်ဖက်လှည့်သွားတာ မြင်တာနဲ့ တစ်ခါ အသံနှိမ့်ပြီး ပြောပြန်တယ်။ "ငါတို့ နားပိတ်ဆို့ရောဂါ သုံးသင့်တယ်၊ ဟယ်ရီ"

"ဟင့်အင်း၊ မလုပ်ရဘူး" ဟာမီးက ချက်ချင်းဆန့်ကျင်တယ်။ သူမဟာ ခါတိုင်းလိုပဲ သွေးနှောမင်းသားနဲ့ ၎င်းရဲ့ကျိန်စာတွေကို သတိရတိုင်း ဒေါသထွက်ထွက်လာတယ်။ "ကောင်းပြီ၊ မြန်မြန်လုပ် . . . . ငါတို့ မြန်မြန်လုပ်မှ . . . ."

သူမဟာ စိုးရိမ်စွာနဲ့ အဖော်နှစ်ယောက်ကို ကြည့်လိုက်တယ်။ သူတို့ဟာ အသက်ပြင်းပြင်း ရှူလိုက်ပြီး သူတို့အလယ်မှာရှိတဲ့ အဖုအထစ်တွေနဲ့ သစ်ငုတ်တိုကို ရင်ဆိုင်လိုက်တယ်။

သစ်ငုတ်တိုဟာ ချက်ချင်း ရှင်လာတယ်၊ စူးကိုင်းရှည်ရှည်တွေ ထိပ်ဖျားက ထိုးထွက်လာတယ်။ လေထဲမှာ လှုပ်ယမ်းနေတယ်။ တစ်ကိုင်းဟာ ဟာမီးဆံပင်နဲ့ သွားငြိနေတယ်။ ရွှန်က သစ်ပင်ညှိကတ်ကြေးနဲ့ ၎င်းကို အမြန် ရိုက်လွှတ်လိုက်တယ်။ ဟယ်ရီဟာ အကိုင်းနှစ်ခုကို မနည်းဖမ်းလို့ ရသွားပြီး ၎င်းတို့ကို ထုံးထားလိုက်တယ်။ အဲဒီလက်တံလို အကိုင်းတွေအလယ်မှာ အပေါက်ကလေးတစ်ပေါက် ပေါ်လာတယ်။ ဟာမီးဟာ သတ္တိရှိရှိနဲ့ လက်ကို အပေါက်ထဲ နှိုက်လိုက်တယ်။ အပေါက်ဟာ ချက်ချင်းပဲ ကြွက်ထောင်ချောက်လို သူမ တံတောင်ဆစ်ကို ကိုက်ထားတယ်။ ဟယ်ရီနဲ့ ရွှန်ဟာ အဲဒီသစ်ခက်တွေကို တအားဆွဲ တအားလှုပ်တော့မှ အပေါက်က ပြန်ပွင့်လာတယ်။ ဟာမီး ဆတ် ရုန်းထွက်လာတယ်။ လက်ထဲမှာ နီဗီးရထားတဲ့ သစ်ဥမျိုး ပါလာတယ်။ ချက်ချင်းပဲ ဆူးကိုင်းတွေ အကုန်ပြန်ဝင်သွားတယ်၊ အဖုအထစ်တွေနဲ့ သစ်ငုတ်တိုဟာ ငြိမ်သက်စွာ ရှိနေပြန်တယ်။ အသက်မရှိတဲ့ သစ်ငုတ်တို ပြန်ဖြစ်သွားတယ်။

"သိတယ်နော်၊ နောင် ငါ့မှာ အိမ်ရှိရင်၊ ငါ့ပန်းခြံထဲမှာ ဒါမျိုးတွေ



စိုက်ချင်ဘူး" ရွှန်က ပြောရင်း ကာကွယ်တဲ့ မျက်မှန်ကို နဖူးပေါ် တွန်းတင်ပြီး ချွေးကို သုတ်လိုက်တယ်။

"ငါ့ကို ပန်းကန်ပေး" ဟာမီးက ပြောတယ်။ သူမဟာ လက်ထဲက တဆတ်ဆတ်ခုန်နေတဲ့ သစ်ဥကို ဝေးဝေးမြှောက်ထားတယ်။ ဟယ်ရီက ပန်းကန်တစ်လုံး ကမ်းပေးလိုက်တယ်။ ဟာမီးက သစ်ဥကို ပန်းကန်ထဲ ပစ်ထည့်လိုက်တယ်။ အမူအရာက ရွံ့မုန်းပုံရနေတယ်။

"တွန့်ဆုတ်မနေကြနဲ့၊ အရည်မြန်မြန် ညှစ်ထုတ်၊ လတ်ဆတ်တုန်းထုပ်၊ အရည်အသွေး အကောင်းဆုံးပဲ" ပါမောက္ခ စပရောက်က အော်ပြောတယ်။

"ဘာပဲဖြစ်ဖြစ်" ဟာမီးက ခုနက ပြတ်သွားတဲ့ စကားစကို ပြန်ဆက်တယ်။ သစ်ငုတ်တို အတိုက်မခံလိုက်ရသလိုပဲ။ "ပါမောက္ခ စလပ်ဂ်ဟွန်းဟာ ခရစ္စမတ်ညပါတီပွဲတစ်ပွဲ ကျင်းပဦးမယ်။ ဟယ်ရီ၊ ဒီတစ်ချီတော့ နင် ပြေးလို့မရတော့ဘူး။ သူက ငါ့ကို နင်အားတဲ့ညကို ကြည့်ခိုင်းထားတယ်။ ဒီတော့ နင်လာနိုင်တဲ့ညမှာ ပါတီပွဲကို သူ စီစဉ်မှာ"

ဟယ်ရီက ညည်းတယ်။ ရွှန်ဟာ လက်နှစ်ဘက်နဲ့ သစ်ဥကို ဖိထားပြီး အရည်တွေ ပန်းကန်ထဲ ညှစ်ချဖို့ လုပ်နေတယ်။ ဒီစကားကြားတာနဲ့ ဆတ်ခနဲ မော်တတ်ရပ်လိုက်တယ်၊ အားအသားကုန်ထုတ်ပြီး သစ်ဥကို ညှစ်တယ်။ ဒေါသနဲ့လည်း ပြောတယ်။ "ဒီ ညပါတီပွဲဟာလဲ စလပ်ဂ်ဟွန်းရဲ့ အချစ်တော်တွေ အတွက်သက်သက်ပဲ ထင်တယ်"

"ဟုတ်တယ်၊ ပက်ကျိကလပ်အတွက် သက်သက်လုပ်မှာ" ဟာမီးက ပြောတယ်။

သစ်ဥဟာ ရွှန့်လက်ထဲကနေ ပျံထွက်သွားတယ်၊ အနွေးခန်းမှန်ကို ဝင်ဆောင့်ပြီး ပြန်ကန်လာတယ်။ ပါမောက္ခ စပရောက်ရဲ့ နောက်စေ့ကို သွားမှန်တယ်။ သူမရဲ့အဖာအထေးနဲ့ ဦးထုပ်အဟောင်းကို လွင့်သွားစေတယ်။ ဟယ်ရီက သစ်ဥကို သွားကောက်တယ်။ ပြန်လာတော့ ဟာမီး ပြောနေတာ ကြားရတယ်။ "ကြည့်ပါ၊ 'ပက်ကျိကလပ်' ဆိုတာ ငါ တီထွင်တာမဟုတ်ဘူး —"

"'ပက်ကျိကလပ်'" ရွှန်က မော်ဖိုင်ပြောလေ့ရှိတဲ့ ကဲ့ရဲ့တဲ့ လေသံနဲ့ ပြောတယ်။ "နားကြားပြင်းကတ်တယ်။ ကောင်းပြီ၊ နင် ညပါတီပွဲမှာ ပျော်

www.burmeseclassic.com

www.burmeseclassic.com



ပါစေ၊ နင် ဘာဖြစ်လို့ မက်လက်ဂင်နဲ့ မိတ်ခွေမဖွဲ့တာလဲ၊ ဒါဆိုရင် စလပ်ဝ်ဟွန်းက နင်တို့ကို ပက်ကျိဘုရင်နဲ့ မိဖုရားမြှောက်လို့ ရတာပေါ့ —"

"ငါတို့ ချေသည်ခေါ်သွားလို့ရတယ်။ နင်က ပါတီပွဲ အစီပွာယ် မရှိဘူး ထင်တယ်ဆိုတော့ ငါလဲ ဒုက္ခမခံတော့ပါဘူး"

ဟယ်ရီဟာ ခုနက သစ်ဥ ပိုဝေးဝေးရောက်သွားရင် ကောင်းမယ်လို့ ထင်တယ်။ ဒီလိုဆိုရင် သူတို့နဲ့ ထိုင်မနေရတော့ဘူး။ ရွန်နဲ့ ဟာမီးဟာ သူတို့ သတိမထားမိကြဘူး၊ သူက သစ်ဥထည့်တဲ့ပန်းကန်ကို ယူပြီး သူ တွေးလို့ရတဲ့ အကျယ်ဆုံးအသံနဲ့ အသားကုန် ကြိုးစားတဲ့နည်းနဲ့ ပဲတောင့်ကို ညှစ်နေတယ်။ ကံမကောင်းစွာဘဲ သူဟာ သူတို့ပြောတဲ့ စကားလုံးတိုင်းကို ကြားနေရတယ်။

"နင် အစက ငါ့ကို ဖိတ်ခေါ်ချင်တာ ?" ရွန်က မေးတယ်။ သူ့အသံ လုံးဝပြောင်းသွားတယ်။

"ဟုတ်တယ်" ဟာမီးက စိတ်ဆိုးဆိုးနဲ့ ပြောတယ်။ "ဒါပေမယ့် တကယ်လို့ နင်က ငါ့ကို မက်လက်ဂင်နဲ့ သွားစေချင်ရင် . . . ."

ရပ်တန့်နေတယ်။ ဟယ်ရီက ဂေါ်ပြားလေးနဲ့ ပြန်ကန်အားရှိတဲ့ ပဲတောင့်ကို ဆက်ပြီး ခေါက်နေတယ်။

"ဟင့်အင်း၊ ငါ မသွားစေချင်ဘူး" ရွန်က အလွန်တိုးတဲ့အသံနဲ့ ပြောတယ်။

ဟယ်ရီ ခေါက်ချလိုက်တာ သစ်ဥကို မခေါက်မိဘဲ ပန်းကန်ကို ခေါက်မိလို့ ကွဲသွားတယ်။

"နဂိုအတိုင်းဖြစ်စေ" သူဟာ မှော်ကြိမ်လုံးနဲ့ အကွဲစကို ကမန်းကတန်း တို့လိုက်တယ်၊ ဂါထာတစ်ခု ရွတ်လိုက်တယ်။ ပန်းကန်ဟာ ချက်ချင်း ပြန်ဆက်ပြီး နဂိုအတိုင်း ပြန်ဖြစ်သွားတယ်။ ဒါပေမယ့် ပန်းကန်ကွဲသွားတဲ့ အသံက ရွန်နဲ့ ဟာမီးကို လန့်နိုးသွားစေတယ်၊ သူတို့ဟာ ဒီတော့မှ ဟယ်ရီ ရှိနေတာကို သတိရတယ်။ ဟာမီးက ပျာသွားသလိုပဲ၊ ချက်ချင်းပဲ မိမိရဲ့ 'အသားစား သစ်ပင်စွယ်စုံ' ထဲမှာ ဖုထစ်နွယ်ရဲ့ သစ်ဥကို အရည်ညှစ်တဲ့ နည်းနာကို လိုက်ရှာနေတယ်။ ရွန်က နည်းနည်းမနေတတ်သလို ဖြစ်နေတယ်။ ဒါပေမယ့် စိတ်ထဲမှာ ချိုမြိန်နေသလိုပဲ။

"ဟိုဟာပေးစမ်း၊ ဟယ်ရီ" ဟာမီးက လောလောနဲ့ ပြောတယ်။ "ဒီထဲမှာ ပြောတာက ချွန်တဲ့အရာနဲ့ ဖုင်းကို ထိုးဖောက်ရမယ် . . . ."



ဟယ်ရီက ပန်းကန်ထဲက သစ်ဖုကို သူမဆီ ကမ်းပေးလိုက်တယ်။ သူနဲ့ ရွန်တို့ ကာကွယ်တဲ့ မျက်မှန်ကို ပြန်တပ်ပြီး အဲဟို ဖုထစ်နွယ်ကို ရင်ဆိုင်ကြပြန်တယ်။

စင်စစ်မှာ သူ သိပ်လည်း မအံ့ဩပါဘူး၊ ဟယ်ရီဟာ သူ့လည်မျိုကို ညှစ်တဲ့ ဆူးနွယ်နဲ့ ပုတ်သတ်ရင်း အတွေးနယ်ချဲ့လိုက်တယ်။ ဒီကိစ္စ အနှေးနဲ့ အမြန် ဖြစ်ပွားမယ်ဆိုတာ သူ အစောကြီးကတည်းက ဝိုးတဝါး သိနေပြီးသားပါ။ ဒါပေမယ့် ဒါနဲ့ ပတ်သက်ပြီး မိမိ ဘယ်လိုခံစားရမလဲဆိုတာ သူ မရှင်းဘူး . . . . အခု သူနဲ့ ချို-ချမ်းတို့ဟာ အပြန်အလှန်ကြည့်ဖို့တောင် ရှိန်းနေကြတယ်၊ စကားပြောဖို့တော့ ဝေးရော။ တကယ်လို့ ရွန်နဲ့ ဟာမီးတို့ ချစ်သူတွေ ဖြစ်သွားကြမယ်၊ ဒီနောက် ခွဲကြမယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ သူတို့ချစ်ကြည်မှုဟာ ဒါတွေ ခံနိုင်ပါ့မလား။ တတိယနှစ်တုန်းက ရွန်နဲ့ ဟာမီးတို့ ရက်သတ္တပတ်တချို့ စကားမပြောကြတာကို ဟယ်ရီ တွေးမိတယ်။ သူဟာ နှစ်ယောက်ကြားမှာ ဗျာများနေရတယ်။ သူတို့ကို စေ့စပ်ပေးရတယ်။ ပြီးတော့ပဲ တကယ်လို့ သူတို့ နောက်ဆုံးမှာ ကွဲမသွားကြဘူးဆိုရင်ကော။ သူတို့ဟာ ဘီးနဲ့ ဖလောအာလိုဖြစ်ပြီး၊ အနားက လူတွေ တစ်မျိုးကြီး အနေရခက်ပြီး သူ့ကို ထာဝရ ဝိုင်းပယ်တာခံရရင်ကော။

"မိပြီ" ရွန်က တအားအော်တယ်။ သစ်ငုတ်တိုထဲကနေ ဒုတိယ သစ်ဥကို ဆွဲထုတ်တယ်။ အခု ဟာမီးဟာ ပထမတစ်ဥကို ခွဲပြီးပြီ။ ချက်ချင်းပဲ ပန်းကန်လုံးထဲမှာ တွန့်လိမ်နေတဲ့ စိမ်းဖျော့ဖျော့ ခူကောင်လေးတွေလို အဖုထုံးလေးတွေနဲ့ ပြည့်သွားတယ်။

ဒီကျောင်းချိန် ကျန်ရှိနေသေးတဲ့အချိန်မှာ၊ သူတို့ဟာ စလပ်ဂ်ဟွန်းရဲ့ ညပါတီပွဲအကြောင်း မပြောတော့ဘူး။ ဒီနောက် ရက်အချို့မှာ၊ ဟယ်ရီဟာ သူ့သူငယ်ချင်းနှစ်ယောက်ကို ပိုပြီးသတိထားကြည့်နေတယ်။ ဒါပေမယ့် ရွန်နဲ့ ဟာမီးဟာ ဘာမှမဖြစ်သလိုပဲ၊ အပြန်အလှန်အားဖြင့် အရင်ကထက် ပိုပြီး ယဉ်ကျေးစွာ ဆက်ဆံသလိုပဲ။ ဟယ်ရီက တွေးတယ်၊ သူ ညပါတီပွဲ ကျင်းပတဲ့ အချိန်ထိ စောင့်ကြည့်ရတော့မယ်။ စလပ်ဂ်ဟွန်းအခန်းက မှုန်မှိုင်းတဲ့ မီးရောင်အောက်မှာ၊ ထောပတ်ဘီယာရဲ့ သတ္တိအားနဲ့ ဘာများဖြစ်မလဲဆိုတာ ကြည့်ရမယ်။ အခုအချိန်မှာတော့ သူ့မှာ ပိုပြီးအရေးကြီးတဲ့ ကိစ္စကို စဉ်းစားရဦးမယ်။

ခက်ထီ-ဘဲဟာ စိန့်မန်ဂိုးရောဂါနဲ့ အနာတရကုဆေးရုံမှာ ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။ ယာယီအားဖြင့် ဆေးရုံက ဆင်းဦးမှာ မဟုတ်ဘူး။ ဒါက စက်တင်ဘာလကတည်းက ဟယ်ရီ သေချာလေ့ကျင့်ထားတဲ့ ဂရစ်ဖင်းဒေါ ခွေဒမ်အသင်းမှာ ဘောလိုက်သမားတစ်ယောက် လိုနေတယ်ဆိုတဲ့ သဘောပဲ။ သူဟာ ခက်ထိကို အစားထိုးဖို့ လူရှာဖို့ ဖင့်နွှေးနေတယ်။ သူမကို ပြန်လာစေချင်တယ်။ ဒါပေမယ့် သူတို့နဲ့ စလေးသရင်း ယှဉ်ပြိုင်ရမယ့် ပထမပွဲ နီးကပ်လာပြီ၊ သူဟာ ခက်ထိ ပြိုင်ပွဲအမီ ပြန်မလာနိုင်တော့ဘူးဆိုတာ ဝန်မခံလို့ မရတော့ဘူး၊

နောက်ထပ် ဟောက်စ်ကျောင်းတစ်ကျောင်းလုံးမှာ ရွေးချယ်ပွဲလုပ်ရမှာကို သူ သည်းမခံနိုင်တော့ဘူးလို့ ဟယ်ရီ ထင်တယ်။ ရုတ်တရက် ရုပ်ပြောင်းအချိန်ပြီးနောက် သူက ဒင်း-သောမတ်စ်ကို တားလိုက်တယ်။ သူ ရင်ထဲမှာ ခွေဒစ်နဲ့ မဆိုင်တဲ့ လေးပင်တဲ့ ခံစားချက် ဖြစ်နေတယ်။ အတန်းထဲက ကျောင်းသားအများစု သွားကုန်ကြပြီ၊ တကျီကျီ ပျံဝဲနေတဲ့ ငှက်ဝါလေးတွေပဲ ရှိတယ်။ ၎င်းတို့ဟာ ဟာမီးရဲ့လက်ရာတွေ ဖြစ်တယ်။ ကျန်ကျောင်းသားတွေဟာ ငှက်မွှေးတစ်ပင်တောင် ဖန်ဆင်းလို့ မရဘူး။

"မင်း ဘောလိုက်သမားလုပ်ဖို့ စိတ်ဝင်စားသေးလား"

"ဘာ —? ဝင်စားတယ်၊ ဝင်စားတာပေါ့" ဒင်းက တက်ကြွစွာ ပြောတယ်။ ဒင်းနောက်က စီးမတ်-ဖင်နစ်ဂင်ဟာ ဖတ်စာအုပ်ကို လွယ်အိတ်ထဲ တအား သွတ်ထည့်တာ ဟယ်ရီ မြင်ရတယ်။ မျက်နှာလည်း မကောင်းဘူး။ ဟယ်ရီက ဒင်းကို ပြိုင်ပွဲထဲ မထည့်ချင်တာ စီးမတ် စိတ်ဆိုးမှာ သေချာပါ့။ သို့ပေမယ့် သူဟာ ဘောသင်းရဲ့ အကျိုးစီးပွားကို ပထမနေရာမှာ ထားရမယ်။ ဒင်းဟာလည်း ရွေးချယ်ပွဲတုန်းက စီးမတ်ထက် ပျံတာ မြန်တယ်။

"ကောင်းပြီ၊ မင်း အသင်းဝင်ဖြစ်ပြီ" ဟယ်ရီက ပြောတယ်။ "ဒီည လေ့ကျင့်မယ်။ ခုနစ်နာရီ"

"ကောင်းပြီ" ဒင်းက ပြောတယ်။ "အောင်ပြီ၊ ဟယ်ရီ။ အမလေး ငါ ဂျင်နီ့ကို ပြေးပြောဦးမှ"

သူ အလျင်အမြန် ပြေးသွားတယ်။ ကျောင်းခန်းထဲမှာ ဟယ်ရီနဲ့ စီးမတ် နှစ်ယောက်ပဲ ကျန်တယ်။ ဒါဟာ အနေရကြပ်တဲ့ အချိန်ပဲ၊ ဟာမီးရဲ့ ငှက်ဝါငှက်တစ်ကောင် သူတို့ခေါင်းပေါ်က ဖြတ်ပျံသွားစဉ် စီးမတ်ခေါင်းပေါ် ချေးပါချသွားတယ်၊ လေထုဟာ ပိုအနေရကျပ်သွားတယ်၊



ဟယ်ရီက ခက်ထိအစား ဒင်းကို ရွေးချယ်တာကို မကျေနပ်သူဟာ စီးမတ်တစ်ယောက်တည်း မဟုတ်ဘူး။ အများနားနေခန်းထဲမှာ ဟယ်ရီက အတန်းထဲနေ ကျောင်းသားနှစ်ယောက်ကို အသင်းထဲ ထည့်တာနဲ့ ပတ်သက်ပြီး ပြောဆိုနေကြတယ်။ ဟယ်ရီ ကျောင်းရောက်ကတည်းက ဒီထက်ဆိုးတဲ့ အပြောအဆို ခံရဖူးတယ်၊ ဒါကြောင့် သိပ်တော့ စိတ်ထဲမထားဘူး။ ဒါပေမယ့် ဒင်းတို့ပေးတဲ့ ဖိအားက ကြာလေကြီးလေပဲ၊ မကြာခင် ယှဉ်ပြိုင်ရမယ့် စလေးသရင်းနဲ့ ပြိုင်ပွဲမှာ နိုင်မှဖြစ်မယ်။ တကယ်လို့ ဂရစ်ဖင်းဒေါ နိုင်ခဲ့ရင်၊ ဟောက်စ်ကျောင်းတစ်ခုလုံးက လူတွေဟာ သူတို့ ဟယ်ရီ့ကို ဝေဖန်ခဲ့ဖူးတာ မေ့သွားလိမ့်မယ်။ ပြီးတော့ ဒီအသင်းဟာ သိပ်တော်တဲ့အသင်းဆိုတာ သူတို့ အစောကြီးကတည်းက သိပြီးသားလို့လဲ ပြောကြလိမ့်မယ်။ ဒါပေမယ့် ရှုံးများရှုံးသွားခဲ့ရင် . . . . ဘာပဲဖြစ်ဖြစ် ရှိပစေ၊ ဟယ်ရီက မချည့်ပြုံး ပြုံးရင်း တွေးတယ်၊ ဒါ့ထက် ပိုဆိုးတဲ့ ပြောဆိုတာ သူ သည်းခံပြီပဲ . . . .

အဲဒီနေ့ ညမှာ၊ ဒင်းပျံတက်တာ မြင်တာနဲ့ ဟယ်ရီဟာ မိမိ ရွေးချယ်မှုကို နောင်တရစရာအကြောင်းမရှိဘူးလို့ ခံစားရတယ်။ ဒင်းနဲ့ ဂျင်နီ၊ ဒီမဲဇာတို့ တစ်ယောက်နဲ့ တစ်ယောက် အထာသိသိ ကစားနိုင်တယ်။ ဘောရိုက်သမား ဖိခ်စ်နဲ့ ခွတ်တို့လဲ ပိုပိုကောင်းလာတယ်။ ပြဿနာရှိသူ တစ်ယောက်ပဲ ရှိတယ်၊ အဲဒါ ရွန်ပဲ။

ရွန့်အခြေအနေ မတည်ငြိမ်တာ ဟယ်ရီ တစ်လျှောက်လုံး သိတယ်။ သူ ပွဲကြောက်တတ်တယ်၊ ကိုယ့်ကိုကိုယ် ယုံကြည်စိတ်နည်းတယ်။ ကံမကောင်းစွာပဲ၊ ဒီဘောရာသီရဲ့ ပထမပြိုင်ပွဲဟာ သူ့ရဲ့ဒီလိုစိတ်ပြဿနာတွေ အားလုံး ပြန်ပေါ်လာစေတာပဲ။ သူဟာ ဘောလုံးဒါဇင်ဝက်လောက် ဆက်တိုက်လွတ်သွားတယ်၊ အများစုက ဂျင်နီ သွင်းယူတာ ဖြစ်တယ်။ ဒီနောက်မှာ သူ့အတတ်ပညာဟာ ကြာလေဆိုးလေပဲ၊ ရှေ့က ပျံလာတဲ့ ဒီမဲဇာ-ရော် ဘင်စ် ပါးစပ်ကို ထိုးမိတယ်။

"ငါ သတိမထားလို့ပါ၊ ဝမ်းနည်းပါတယ်၊ ဒီမဲဇာ၊ သိပ်ကို ဝမ်းနည်းပါတယ်" ရွန်က သူ့ကျောဘက်က အော်ပြောတယ်။ ဒီမဲဇာဟာ ယိမ်းယိုင်စွာနဲ့ မြေပြင်ကို ပျံဆင်းသွားတယ်။ သွေးတွေ နေရာတကာ စင်ကုန်တယ်၊ "ငါက—"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပျာလွန်းတယ်" ဂျင်နီက စိတ်ဆိုးဆိုးနဲ့ ပြောတယ်။ သူမဟာ ဒီမဲဇာဘေး ဆင်းလာပြီး ဖူးရောင်နေတဲ့ သူမပါးစပ်ကို စစ်ဆေးတယ်။ "ငတုံး ရွှန်၊ သူမ အခု ဘာဖြစ်သွားတယ်ဆိုတာ ကြည့်စမ်း"

"ငါကောင်းအောင် လုပ်ပေးနိုင်တယ်" ဟယ်ရီက မိန်းကလေး နှစ်ယောက်အနား ဆင်းလာပြီး ပြောတယ်။ သူဟာ မှော်ကြိမ်လုံးနဲ့ ဒီမဲဇာရဲ့ ပါးစပ်ကို ချိန်ပြီး "အနာကျက်စေ" လို့ ပြောလိုက်တယ်။ "ပြီးတော့၊ ဂျင်နီ နင် ရွှန့်ကို ငတုံးလို့ မခေါ်ရဘူး၊ ဒီဘောသင်းအသင်းခေါင်းဆောင်က နင် မဟုတ်ဘူး ——"

"အိုး၊ နင် သိပ်အလုပ်များနေသလိုပဲ၊ သူ့ကို ငတုံးလို့ခေါ်ဖို့ အခွင့် မရဘူး၊ ငါက ခေါ်ဖို့ လူရှိရမယ်လို့ထင်တယ် ——"

ဟယ်ရီဟာ မရယ်မိအောင် အတင်းအောင့်ထားတယ်။

"အားလုံး၊ မိုးပေါ်တက်၊ ပြန်စရအောင် . . . ."

ချုပ်ပြောရရင်၊ ဒါဟာ ဒီကျောင်းပတ်ထဲမှာ အညံ့ဆုံး လေ့ကျင့်ခြင်း ပြိုင်ပွဲ နီးကပ်လာလေ၊ အမှန်ကို အမှန်အတိုင်းပြောတာ အကောင်းဆုံး ပေါ်လစီလို့ သူ မထင်ဘူး။

"အားလုံးကစားတာ မဆိုးဘူး။ ငါတို့ စလေးသရင်းကို အပြတ်ချနိုင် မယ်လို့ ငါ ထင်တယ်" သူက အားလုံးကို အားပေးတယ်။ ဒါကြောင့် ဘောလိုက် သမားနဲ့ ဘောရိုက်သမားတွေ အဝတ်လဲခန်းက ထွက်သွားတော့ စိတ်ဓာတ် သိပ်မဆိုးကြဘူး။

"ငါ့ဖော်ပြချက်က ခွေးပုံကြီးလိုပဲ" ဂျင်နီ့နောက်ကျောဘက်မှာ တံခါးပိတ်သွားတော့ ရွှန်က အသံဟာဟာနဲ့ ပြောတယ်။

"ဟင့်အင်း၊ မဟုတ်ဘူး" ဟယ်ရီက ပြတ်ပြတ်ပဲ ပြောလိုက်တယ်။ "မင်းဟာ ငါ ရွေးချယ်ထားတဲ့ အတော်ဆုံး ဂိုးစောင့်၊ ရွှန်။ မင်းမှာရှိတဲ့ အခက် အခဲတစ်ခုတည်းကတော့ သိပ်စိတ်လှုပ်ရှားတာပဲ"

သူတို့ ရဲတိုက်ကို ပြန်တဲ့လမ်းမှာ၊ ဟယ်ရီက အားပေးစကားမပြတ် ပြောလာတယ်။ နောက်ဆုံး သူတို့ ဒုတိယထပ် ရောက်တော့ ရွှန့်စိတ်အခြေ အနေ နည်းနည်းလေး ကောင်းလာတယ်။ ဟယ်ရီက အလှချိတ်ကော်ဇော် ထွန်းနှင့်ပြီး သူတို့ ခါတိုင်းသွားတဲ့ ဖြတ်လမ်းအတိုင်း ဂရစ်ဖင်းဒေါအိမ်ခွန်း



သွားဖို့ လုပ်တယ်။ အဲဒီမှာ ဒင်းနဲ့ ဂျင်နီတို့ သူတို့ရှေ့မှာ ဖက်ပြီး ပူးကပ်နမ်းရှုပ် နေတာ တွေ့ရတယ်။

တစ်ကိုယ်လုံး အကြေးခွံပေါက်နေတဲ့ အကောင်ကြီးတစ်ကောင် ဟယ်ရီ့ရင်ထဲမှာ ရုတ်တရက် ရှင်သန်လာသလိုပဲ၊ လက်သည်းနဲ့လဲ သူ့ကလီစာ တွေကို ကုတ်ဖဲ့နေတယ်။ ချက်ချင်းပဲ သူ့ခေါင်းထဲ သွေးရောက်သွားတယ်။ အသိတရားအားလုံးကို ဖုံးလွှမ်းသွားတယ်၊ ပြင်းထန်တဲ့စိတ်ဆန္ဒက အစားထိုး ဝင်လာပြီး ဒင်းကို ကျိန်စာနဲ့ ဂျယ်လီဖြစ်သွားအောင် လုပ်လိုက်ချင်တယ်။ သူဟာ ဒီလို ရုတ်တရက် ဖြစ်ပေါ်လာတဲ့ အရူးအမူးအတွေးနဲ့ သတ်ပုတ်နေ တယ်။ ရွှန့်အသံ ဟိုးအဝေးကြီးကနေ ရောက်လာသလို ကြားရတယ်။

"ဟေး"

ဒင်းနဲ့ ဂျင်နီ ချက်ချင်း ခွာလိုက်ကြတယ်။ လှည့်ကြည့်နေကြတယ်။

"ဘာဖြစ်တာလဲ" ဂျင်နီက ပြောတယ်။

"ငါ့ညီမလေး လူရှေ့သူရှေ့မှာ ဖက်လား နမ်းလား လုပ်နေတာ မမြင်ချင်ဘူး"

"ဒီစင်္ကြံက လူမှမရှိတာ၊ နင်တို့နှစ်ယောက် လာမှ လူရှိတာ" ဂျင်နီ က ပြောတယ်။

ဒင်းက အနေရကျပ်နေတယ်။ သူဟာ ပုန်းလျှိုးကွယ်လျှိုးနဲ့ ဟယ်ရီ့ ကို ရယ်ပြတယ်၊ ဟယ်ရီက အရေးမလုပ်ဘူး။ အကြောင်းက သူ့ရင်ထဲမှာ ခုတင်မွေးဖွားလာတဲ့ အကောင်က ဒင်းကို ဘောသင်းက ချက်ချင်း ထုတ်ပစ်ဖို့ အော်ဟစ်နေလို့။

"အဲ . . . . သွားစို့၊ ဂျင်နီ" ဒင်းက ပြောတယ်။ "ငါတို့ အများနားနေ ခန်း သွားရအောင် . . . ."

"နင့်ဟာနင်သွား" ဂျင်နီက ပြောတယ်။ "ငါ ငါ့ချစ်လှစွာသော အစ်ကိုနဲ့ စကားနည်းနည်း ပြောဦးမယ်"

ဒင်း ထွက်သွားတယ်၊ သူကြည့်ရတာ ဒီနေရာက အမြန်ထွက်သွား ချင်နေသလိုပဲ။

"ကောင်းပြီ" ဂျင်နီက ပြောရင်း မျက်နှာပေါ်က ဆံပင်နီနီရှည်ရှည် တို့ ခါပစ်လိုက်တယ်။ ဒေါသနဲ့ ရွှန့်ကို စိုက်ကြည့်နေတယ်။ "ငါတို့ ခုတင် ရှင်းရှင်းပြောရအောင်၊ ရွှန်၊ ငါ ဘယ်သူနဲ့တွဲတွဲ နင်နဲ့ မဆိုင်ဘူး ——"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မှန်တယ်" ရွန်ကလည်း ဒေါသနဲ့ပဲ ပြောတယ်။ "နင်က သူများ ငါ့ညီမလေးကို —— ပြောတာ ကြိုက်တယ်ထင်သလား"

"ဘာလို့ ပြောသလဲ" ဂျင်နီက အကျယ်ကြီး အော်ပြောတယ်၊ မှော်ကြိမ်လုံး ဆွဲထုတ်လိုက်တယ်။ "ဘာလို့ပြောလဲ၊ ရှင်းအောင်ပြော"

"သူ သဘောပြောတာပါ၊ ဂျင်နီ —— " ဟယ်ရီက တမင်ပြောတယ်။ ဒါပေမယ့် သူ့ရင်ထဲက အကောင်ကတော့ အော်ဟစ်ပြီး ရွန့်ကို ထောက်ခံနေတယ်။

"ဟင်း၊ သူ ဒီလိုပဲ တွေးတာ" သူမဟာ ဟယ်ရီ့ကို ရုတ်တရက် ဒေါကန်လာတယ်။ "အဲဒါ သူ တစ်ခါမှ သူများနဲ့ ဖက်တာ နမ်းတာ မလုပ်ရလို့ သူ ငယ်ငယ်ကနေ ကြီးတဲ့အထိ ငါတို့ရဲ့အဒေါ် မူရီး နမ်းတာပဲ ခံရဖူးလို့ —— "

"ပါးစပ်ပိတ်ထား" ရွန်က အော်ဟစ်တယ်၊ မျက်နှာအရောင်ဟာ နီရာကနေ ညိုမည်းလာတယ်။

"ဟင့်အင်း၊ ငါ ပါးစပ်မပိတ်နိုင်ဘူး" ဂျင်နီက တအားအော်တယ်။ "နင် ဖ္လဲသလိပ်နဲ့အတူ ရှိတုန်းက ငါ တွေ့ဖူးတယ်၊ နင် သူမကို တွေ့တိုင်း နင့်ပါးကို နမ်းစေချင်လို့ မျှော်နေတယ်၊ တကယ် သနားစရာကောင်းတယ်။ နင့်ဟာသာ သူများနဲ့ ဖက်လား နမ်းလားလုပ်ရင်၊ သူများ ဘာလုပ်နေတယ်ဆိုတာ နင် အရေးလုပ်မှာ မဟုတ်တော့ဘူး"

ရွန်လည်း မှော်ကြိမ်လုံးကို ဆွဲထုတ်လိုက်တယ်။ ဟယ်ရီက သူတို့ နှစ်ယောက်ကြား ဝင်တားတယ်။

"နင် ဘာတွေ လျှောက်ပြောနေတယ်ဆိုတာ နင် သိလား" ရွန်က အော်ပြောတယ်။ ဟယ်ရီက လက်ကားပြီး ဂျင်နီ့ရှေ့မှာ ကာထားတယ်။ ရွန်က ဟယ်ရီ့ကို ကွေ့ပတ်ပြီး ဂျင်နီ့ကို ရေရေလည်လည် တွယ်လိုက်ချင်တယ်။ "ငါက လူရှေ့သူရှေ့မှာ —— မလုပ်လို့လား"

ဂျင်နီက စူးစူးဝါးဝါး ကဲ့ရယ်သံ ထွက်လာတယ်၊ ဟယ်ရီ့ကို တအား တွန်းသစ်ချင်တယ်။

"နင် ဝက်ကလေးကို နမ်းနေတာလား၊ ဒါမှမဟုတ် ခေါင်းအုံးအောက်မှာ အဒေါ် မူရီးဓာတ်ပုံ ဝှက်ထားတာလား"

"နင် —— "



ဟယ်ရီ့ဘယ်လက်မောင်းအောက်ကနေ လိမ္မော်ရောင်အလင်း ပစ်ထွက်လိုက်တယ်။ ဂျင်နီ့ကိုထိဖို့ လက်မအနည်းငယ်ပဲ လိုတော့တယ်။ ဟယ်ရီက ရွန့်ကို နံရံပေါ် ဖိထားတယ်။

"စိတ်ငြိမ်ငြိမ်ထားပါ —— "

"ဟယ်ရီနဲ့ ချို-ချမ်း ဖက်တာ နမ်းတာ လုပ်ဖူးတယ်" ဂျင်နီက အော်နေသေးတယ်၊ အသံက ငိုသံပါလာတယ်။ "ဟာမီးနဲ့ ဗစ်ခတာ-ခရွမ်းတို့ ဖက်တာ နမ်းတာ လုပ်ဖူးတယ်။ နင်တစ်ယောက်ပဲ၊ ရွန်၊ ဒါကို ရွံစရာလို့ ထင်နေတာ၊ အဲဒါ နင့်အတွေ့အကြုံဟာ ဆယ့်နှစ်နှစ်အရွယ် ကလေးလေးလောက်တောင် မရှိလို့"

ပြောပြီးတာနဲ့ သူမဟာ ဒေါသနဲ့ ထွက်သွားတယ်။ ဟယ်ရီက ရွန့်ကို အမြန်လွှတ်လိုက်တယ်။ ရွန့်အမူအရာက လူသတ်ချင်နေသလိုပဲ။ သူတို့ နှစ်ယောက် ရပ်နေကြတယ်၊ အသက်ပြင်းပြင်း ရှူနေကြတယ်။ နောက်တော့ စ်ချ်ရဲ့ ကြောင်မစွစ်နော်ရီးစ် နံရံထောင့်မှာ ပေါ်လာတော့မှ အဲဒီတင်းမာတဲ့ အထု ပြိုကွဲသွားတယ်။

"သွားစို့" ဟယ်ရီက ပြောတယ်။ သူတို့ဟာ ဖစ်ချ် ဒက်ဒက်ဒက်နဲ့ လာတဲ့ခြေသံကို ကြားရပြီ။

သူတို့ ကမန်းကတန်း အပေါ်ထပ်တက်တယ်၊ သတ္တမထပ်က စင်္ကြံ တစ်ခုအတိုင်း လျှောက်သွားတယ်။ "ဟေး၊ သွားစမ်း" ရွန်က ကျောင်းသူလေး တစ်ယောက်ကို အော်ဟစ်တယ်။ အဲဒီကျောင်းသူ လန့်သွားပြီး လက်ထဲက အားဖြုပ်ဥတွေ ကြမ်းပေါ် ကျသွားတယ်။

ဟယ်ရီဟာ ဖန်ပစ္စည်းကျကွဲသံတောင် မကြားလိုက်သလိုပဲ၊ သူ့ ခေါင်းတွေ မူးဝေနေတယ်၊ ဦးတည်ချက် ရှာမတွေ့ဘူး။ မိုးကြိုးပစ်ခံရတဲ့ ခံစားချက်ဟာ ဒါမျိုးပဲ ဖြစ်မယ်။ ဒါ သူမဟာ ရွန့်ညီမလေးမို့ပါ။ သူက မိမိကိုယ် မိမိ ပြောတယ်။ သူမက ရွန့်ညီမလေးမို့ မင်းဟာ သူမနဲ့ ဒင်း နမ်းနေတာကို မမြင်ချင်တာပါ ....

ဒါပေမယ့် သူ့ခေါင်းထဲမှာ ရုပ်ပုံကားချပ်တစ်ခု အလိုအလျောက် ပေါ်လာတယ်။ လူမရှိတဲ့ စင်္ကြံထဲမှာ သူကိုယ်တိုင် ဂျင်နီကို နမ်းနေတာ .... သူ့ရင်ထဲက အကောင်က ပျော်ရွှင်လွန်းလို့ တအင်းအင်း ဖြစ်နေတယ် .... ဒါပေမယ့် ဆက်ပြီး ရွန်က အလှချိတ်လိုက်ကာကို မပြီး မှော်ကြိမ်လုံး ထုတ်တာ

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ့ကို ချိန်လိုက်တယ်၊ ပါးစပ်ထဲမှာ စကားတချို့ ဟစ်အော်နေတယ်။ "သစ္စာမရှိဘူး" . . . . "ငါ့သူငယ်ချင်းလို့ ပြောသေးတယ်" . . . .

"မင်းပြောစမ်း၊ ဟာမီး တကယ်ပဲ ခရွှန်းမ်နဲ့ ဖက်တာ နမ်းတာ ရှိဖူးလား" ရွှန်က ရုတ်တရက် မေးတယ်။ အခု သူတို့ မိန်းမဝဝကြီး အရှေ့ ကားနား ရောက်တော့မယ်။ ဟယ်ရီဟာ လူမိခံရသလို လန့်သွားတယ်။ သူ အတွေးကို အဲဟိုစကြိုကနေ ပြန်ဆွဲခေါ်လိုက်တယ်။ စင်္ကြံထဲမှာ ရုတ်တရက် ဝင်လာတဲ့ ရွှန် မရှိဘူး။ သူနဲ့ ဂျင်နီပဲ ရှိတယ် ——

"ဘာလဲ" သူက ဟျာဟျာသလဲ ပြောတယ်။ "အိုး . . . . အင်း . . . ."

တကယ်လို့ အမှန်အတိုင်း ဖြေရင်း "ဟုတ်တယ်" လို့ ဖြေရမှာ ဒါပေမယ့် ဟယ်ရီက ဒီလိုမပြောချင်ဘူး။ ဒါပေမယ့် ရွှန်ဟာ ဟယ်ရီ့မျက်နှာ ပေါ်ကနေ အဆိုးဆုံး ကောက်ချက်ရသွားသလိုပဲ။

"စမုံစပါးကွေကာအုတ်" သူက မျက်နှာကြီးမည်းပြီး မိန်းမဝဝကြီးကို ပြောတယ်။ နှစ်ယောက်သား အရုပ်ကားအပေါက်ဝက တွားဝင်ပြီး အများ နားနေခန်းထဲ ဝင်ခဲ့တယ်။

သူတို့ဟာ ဂျင်နီနဲ့ ဟာမီးအကြောင်း ဘယ်သူမှ ထပ်မပြောတော့ဘူး စင်စစ်မှာ ထိုညက သူတို့ ဘာမှထပ်မပြောတော့ဘူး၊ ကိုယ့်ဖာသာ တွေးနေ ကြတယ်၊ တိတ်တိတ်လေး အိပ်ရာဝင်ခဲ့တယ်။

ဟယ်ရီ အတော်ကြာကြာ အိပ်မပျော်ဘူး။ သူဟာ ခုတင်တိုင် လေးတိုင်ရှိ ခြင်ထောင်အမိုးကို ကြည့်နေတယ်။ ဂျင်နီ့အပေါ် ထားတဲ့ စိတ်ဟာ အစ်ကိုတစ်ယောက်စိတ် ဖြစ်တယ်ဆိုတာ မိမိကိုယ်မိမိ အတင်းယုံခိုင်းနေတယ် တစ်နွေလုံး သူတို့ဟာ မောင်နှမလို အတူနေကြတယ်၊ အတူခွေဒစ်ကစားကြ တယ်၊ ရွှန့်ကို အတူကဲ့ရယ်ကြတယ်၊ ဘီးနဲ့ ချွဲသလိပ်ကို အတူသရော်ကြတယ် မဟုတ်လား။ သူ ဂျင်နီ့ကို သိတာ နှစ်အချို့ရှိပြီ . . . . သူ့မှာ သူမကို စောင့် ရှောက်ဖို့ တာဝန်ရှိတယ်လို့ ထင်တာ သဘာဝပဲ . . . . သူမကို ဂရုစိုက်ရမှာ ပေါ့ . . . . ဒင်းကို ဆွဲဖြဲချင်တယ်။ သူက သူမကို နမ်းလို့ . . . . ဟင့်အင်း . . . . သူဟာ ဒီလိုထူးခြားတဲ့ အစ်ကိုကြီးမေတ္တာကို ချုပ်ထိန်းရမယ် . . . .

ရွှန့်ဆီက တဂူးဂူးနဲ့ ဟောက်သံ ပေါ်ထွက်လာတယ်။

သူမဟာ ရွှန့်ညီမလေး။ ဟယ်ရီက မိမိကိုယ်မိမိ ပြတ်သားစွာ ပြော တယ်။ ရွှန့်ညီမလေး၊ ငါ သူမပေါ်မှာ မအပ်မရာ မတွေးရဘူး။ ဘယ်လိုမှ



ဖြစ်ဖြစ် သူနဲ့ ရွှန့်ချစ်ကြည်မှုကို စွန့်စားပစ်လို့ မရဘူး။ သူဟာ ခေါင်းအုံးကို ပိုသက်သာတဲ့ အနေအထားဖြစ်အောင် ရိုက်ပုတ်လိုက်တယ်။ အိပ်ပျော်ဖို့ စောင့်နေတယ်။ သူဟာ ရှိသမျှ အင်အားနဲ့ မိမိကိုယ်မိမိ ချုပ်ထိန်းထားတယ်၊ ဂျင်နီဆီ အတွေးရောက်မသွားစေဘူး။

နောက်နေ့နံနက်မှာ ဟယ်ရီ နိုးလာတော့ ခေါင်းနည်းနည်း မူးတယ်၊ ရှုပ်မှုံမှိုက်မှိုက် ဖြစ်နေတယ်။ သူ ညက အိပ်မက်တောက်လျှောက် မက်နေ တယ်၊ ရွှန်က ဘောလိုက်သမားရဲ့ တုတ်ကို ကိုင်ပြီး သူ့ကို လိုက်နေတာချည်း မက်တယ်။ ဒါပေမယ့် နေ့လယ်ရောက်တော့ သူဟာ အိပ်မက်ထဲက ရွှန်နဲ့ အတကယ့်ရွှန်ကို အစားထိုးစေချင်နေတယ်။ ရွှန်ဟာ ဂျင်နီနဲ့ ဒင်းကို မျက်နှာ [illegible]အားနဲ့နေတဲ့အပြင်၊ ဟာမီးကိုလည်း မျက်နှာပုပ်ထားတယ်။ ငေါ့ပြောတယ်။ ဒါကြောင့် ဟာမီးဟာ မကျေလည်း မကျေနပ်၊ ဘာမှန်းလည်း မသိ ဖြစ်နေ တယ်။ ပိုဆိုးတာက၊ ရွှန်ဟာ တစ်ညတာအတွင်းမှာ မီးပန်းပိုးကောင်လို ဒေါသ ထွက်လွယ်တယ်၊ ထိတာနဲ့ ပေါက်ကွဲတော့တာပဲ။ ဟယ်ရီဟာ တစ်နေကုန် ရွှန်နဲ့ ဟာမီးကြားမှာ စေ့စပ်ပေးတာတောင် မအောင်မြင်ဘူး။ နောက်ဆုံးတော့ ဟာမီးဟာ အလွန်ဒေါကန်ပြီး သွားအိပ်တယ်။ ရွှန်က သူ့ကို စိုက်ကြည့်နေတဲ့ ထမနှစ်ကျောင်းသားတချို့ကို ဒေါနဲ့မောနဲ့ ဆူဆဲလိုက်လို့ သူတို့ သိပ်လန့် သွားတယ်။ ဒီနောက် သူဖာသာ ကျောင်းသားအိပ်ဆောင်ကို အလှမ်းကျဲကျဲနဲ့ ပြန်သွားတယ်။

နောက်နေ့အချို့မှာ ရွှန်ရဲ့ဒေါသမီးဟာ လျော့မသွားဘူး။ ဒါကြောင့် ဟယ်ရီ အလွန်စိတ်ပျက်မိတယ်။ ပိုဆိုးတာက၊ ရွှန့်ဂိုးစောင့်အတတ်ပညာ အားကျဆင်းသွားတာပဲ။ ဒါကြောင့် သူ ပိုပြီးစိတ်ဆိုးလွယ်လာတယ်။ စနေ နေ့ ပြိုင်ပွဲမစမီ နောက်ဆုံးလေ့ကျင့်တဲ့အခါမှာ၊ ဘောလိုက်သမား ပစ်လွှတ် လိုက်တဲ့ ဘောတစ်လုံးမှ မကာယ်နိုင်တဲ့အပြင် လူတိုင်းကို အော်ဆူနေတယ်။ ဒီမဲလာ-ရော်ဘင်စ်တောင် သူ့ကြောင့် ငိုသွားတယ်။

"မင်း ပါးစပ်ပိတ်၊ သူမကို ထားလိုက်" ဖိခ်စ်က ပြောတယ်။ သူ့လက် ထဲမှာ လေးပင်တဲ့ ဘောရိုက်တုတ် ရှိနေပေမယ့် အရပ်က ရွှန့်ရဲ့ သုံးပုံနှစ်ပုံပဲ ရှိတယ်။

"တော်ကြတော့" ဟယ်ရီက အော်ဟစ်တယ်။ ဂျင်နီဟာ ဒေါသနဲ့ ရွှန့်ဘက် ကြည့်နေတာ မြင်တော့၊ သူမ လင်းနို့ကျိန်စာဘက်မှာ၊ အများအသိ

www.burmeseclassic.com

www.burmeseclassic.com



အမှတ်ပြုခံရတဲ့သူဆိုတာ သတိရလို့ အမြန်ပျံသွားပြီး ပြဿနာမပြီးခင်မှာ အချိန်မီ ဖျန်ဖြေပေးလိုက်တယ်။ "ဖိခ်စ်၊ ဘလဒ်ဂါကို သွားသိမ်းထားလိုက်။ ဒီမဲဇာ၊ စိတ်တင်းထား၊ မင်း ဒီနေ့ဖော်ပြတာ တကယ်မဆိုးဘူး။ ရှန် . . . ." တခြားလူတွေ ဝေးသွားပြီး မကြားနိုင်တော့မှ သူက ပြောတယ်။ "မင်းက ငါ့ အကောင်းဆုံးသူငယ်ချင်း၊ မင်း ဒီလိုဆက်ပြီး သူများတွေနဲ့ ဆက်ဆံရင် ငါ မင်းကို အသင်းက ထုတ်ပစ်မယ်"

သူဟာ ရှန်က သူ့ကို ပြေးထိုးမယ်ထင်တာ၊ မထင်မှတ်ဘဲ ဆက်ဖြစ်လာတဲ့ အခြေအနေက ပိုဆိုးသွားတယ်။ တံမြက်စည်းပေါ်က ရှန်ဟာ လုံးဝ စိတ်ကုန်သွားတယ်။ တိုက်အား လုံးဝမရှိတော့ဘူး။ သူက ပြောတယ်။ "ငါ ထွက်တယ်။ ငါ အလကားကောင်"

"မင်း အလကားမဟုတ်ပါဘူး၊ မင်း မထွက်ရဘူး" ဟယ်ရီက ရှန့် ဝတ်ရုံရှည်ရှေ့စကို ဆွဲပြီး ပြင်းထန်စွာ ပြောတယ်။ "မင်းအခြေအနေကောင်းတဲ့ အခါမှာ ဘာဘောမဆို ကယ်လို့ရတယ်၊ မင်းက စိတ်ပြဿနာပါ"

"မင်းက ငါ့ကို စိတ်ပြဿနာရှိတယ်လို့ ပြောတာလား"

"ဟုတ်တယ်၊ ငါ ဒီအစီပွာယ်ပဲ ဖြစ်နိုင်တယ်"

သူတို့ အပြန်အလှန် ဒေါသနဲ့ ကြည့်နေတယ်၊ သို့ပေမယ့် ရှန်က နွမ်းနယ်စွာ ခေါင်းခါလိုက်တယ်။

"မင်းမှာ နောက်ထပ်ဂိုးစောင့်ရှာဖို့ အချိန်မရတော့ဘူးဆိုတာ ငါ သိတယ်၊ ဒါကြောင့် ငါ မနက်ဖြန်ပြိုင်ပွဲကို လာကစားမှာပါ။ ဒါပေမယ့် ငါတို့ ရှုံးခဲ့ရင် —— ငါတို့ ရှုံးမှာ သေချာတယ်၊ ငါ အသင်းက ကိုယ့်သဘောနဲ့ ထွက်မယ်"

ဟယ်ရီ နောက်ထပ် ဘာပြောပြော အလကားပဲ။ ထမင်းစားတဲ့ အချိန်မှာ သူဟာ ရှန့်ကို တစ်ချိန်လုံး အားပေးနေတယ်။ ဒါပေမယ့် ရှန်က ဟာမီးကိုပဲ မျက်နှာကြောတင်းတင်းနဲ့ ဒေါသထွက်နေတယ်၊ သူပြောတာ လုံး နားမထောင်ဘူး။ အဲဒီနေ့ညက အများနားနေခန်းထဲမှာ ဟယ်ရီက သူ့ ဆက် အားပေးတယ်။ ရှန်ထွက်သွားရင် ဘောသင်းတစ်သင်းလုံး ဒုက္ခရောက် ဆိုမယ်လို့ အလေးထားပြောတယ်။ ဒါပေမယ့် တခြားအသင်းသားတွေဟာ နံရံဒေါင့်မှာ စုပြီး တိတ်တိတ်ပြောဆိုနေကြတယ်။ ရှန့်ဘက်ကို မကျေနပ်တဲ့ အကြည့်နဲ့လည်း လှမ်းကြည့်လိုက်သေးတယ်။ ဒါကြောင့် ဟယ်ရီ နားချရတာ



သိပ်ခရီးမရောက်တော့ဘူး။ ဟယ်ရီက ထပ်စိတ်ဆိုးချင်တယ်။ ထိုးဆွတဲ့နည်းနဲ့ ရှန့်ကို အရှုံးမပေးဘဲ အဆက်မပြတ် ဘောကို ကယ်ထုတ်တဲ့ အခြေအနေ ရောက်သွားစေချင်တယ်။ ဒါပေမယ့် ကြည့်ရတာ ဒီပေါ်လစီဟာ သူ့ကို အားပေးတာလိုပဲ ဘာမှအသုံးမကျဘူး။ ရှန် အိပ်ရာဝင်တော့ စိတ်ဓာတ်ကျပြီး ဘူနေတယ်၊ မျှော်လင့်ချက်မဲ့နေတယ်။

ဟယ်ရီဟာ အမှောင်ထဲမှာ အကြာကြီး လှဲနေတယ်။ သူဟာ လာမယ့် ပြိုင်ပွဲကို မရှုံးချင်ဘူး။ ဒါဟာ သူ အသင်းခေါင်းဆောင်ဖြစ်ပြီးနောက် ပထမဆုံးပြိုင်ပွဲ။ ပြီးတော့၊ သူဟာ ဒရာခို-မော်ဖိုင်ကို သံသယဖြစ်တာ သက်သေ မပြနိုင်သေးပေမယ့်၊ ခွေဒစ်ပြိုင်ပွဲမှာ သူ့ကို အနိုင်တိုက်ချင်တယ်။ ဒါပေမယ့် ဒီတယ်လို့ ရှန့်ဖော်ပြချက်ဟာ ခုတလော လေ့ကျင့်သလိုပဲ ဖြစ်နေရင်၊ သူတို့ နိုင်ဖို့အရေးဟာ သိပ်ကို အလားအလာ နည်းနေတယ် . . . .

ရှန့်ကို တက်ကြွလာစေမယ့်နည်းတစ်နည်း ရချင်တယ် . . . . သူ့ကို အကောင်းဆုံး အနေအထားနဲ့ ပြိုင်ပွဲဝင်စေချင်တယ် . . . . နည်းတစ်နည်း နည်း ရှာပြီး ဟိုနေ့မှာ ရှန့်ကို အားလုံး အဆင်ပြေအောင် လုပ်ရမယ် . . . .

ရုတ်တရက်၊ ဟယ်ရီ့ခေါင်းထဲ လှစ်ခနဲ အဖြေပေါ်လာတယ်။

နောက်နေ့နံနက်၊ နံနက်စာအချိန်မှာ ခါတိုင်းလိုပဲ စည်ကားနေတယ်။ ဂရစ်ဖင်းဒေါ ဘောသမားတိုင်းဟာ ခန်းမထဲ ဝင်လာကြတယ်။ စလေးသရင်းတွေက သူတို့ကို ဟေးလေးဟားလား လုပ်တယ်၊ ရှူးတိုက်တယ်။ ဟယ်ရီက မျက်နှာကြက်ကို ကြည့်လိုက်တယ်၊ ကြည်လင်သာယာတဲ့ မိုးကောင်းကင်ကို မြင်ရတယ်။ ဒါ နိမိတ်ကောင်းပဲ။

ဂရစ်ဖင်းဒေါစားပွဲဟာ အနီရောင် ရွှေရောင် တောက်နေတယ်။ ဟယ်ရီနဲ့ ရှန်တို့ လျှောက်လာတော့ ကျောင်းသားတွေက လှိုက်လှဲစွာ ကြိုဆို ပေးတယ်။ ဟယ်ရီက ရယ်ပြီး လက်ယမ်းပြတယ်၊ ရှန်က မလုပ်ချင်ဘဲ ပြောင်မြ ညိတ်တယ်၊ ခေါင်းခါလိုက်တယ်။

"စိတ်တင်းထား၊ ရှန်" လာဗင်ဒါက အော်ပြောတယ်။ "နင် မုချ နိုင်တော်မှာ ငါ သိတယ်"

ရှန်က သူမကို အရေးမလုပ်ဘူး။

"လက်ဖက်ရည် ?" ဟယ်ရီက ရှန့်ကို မေးတယ်။ "ကော်ဖီ ? ရွှေ ဖရုံသီးရည် ?"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်" ရွန်က မျက်နှာမသာမယာနဲ့ ပြောတယ်။ စိတ်တွင်းကျပ်စွာ ပေါင်မုန့်ကို ကိုက်လိုက်တယ်။

မိနစ်အနည်းငယ် ကြာတော့ ဟာမီး ရောက်လာတယ်။ သူမဟာ ခုတလော ရွန်ရဲ့လုပ်ရပ်တွေကို စိတ်ကုန်နေလို့ သူတို့နဲ့အတူ အောက်ဆင်းထမင်းမစားဘူး။ သူမ စားပွဲနားရောက်ခါနီးမှာ ခြေလှမ်းရပ်သွားတယ်။

"နင်တို့နှစ်ယောက် ဘယ်လိုနေလဲ" သူမက စမ်းမေးကြည့်တယ်။ မျက်စိက ရွန့်နောက်စေ့ကို ကြည့်နေတယ်။

"မဆိုးဘူး" ဟယ်ရီက ပြောတယ်။ သူဟာ ရွှေဖရုံသီးရည်ခွက်ကို ရွန့် ကမ်းပေးနေတယ်။ "ရော့၊ ရွန်၊ သောက်လိုက်ပါ"

ရွန်ဟာ ဖန်ခွက်ကို ပါးစပ်နား မြှောက်လိုက်ရုံရှိသေးတယ်။ ဟာမီးက ဟောက်ပြောတယ်။

"မသောက်နဲ့၊ ရွန်"

ဟယ်ရီနဲ့ ရွန်တို့ သူမကို မော့ကြည့်ကြတယ်။

"ဘာဖြစ်လို့လဲ" ရွန်က မေးတယ်။

ဟာမီးဟာ ဟယ်ရီ့ကို ငိုင်ကြည့်နေတယ်၊ မိမိမျက်လုံးကို မယုံနိုင်သလို ဖြစ်နေတယ်။

"နင် ခုနက အဲဒီအရည်ထဲ တစ်ခုခုထည့်တယ်"

"နင် ဘာပြောတာလဲ" ဟယ်ရီက ပြောတယ်။

"ငါပြောတာ နင်ကြားတယ်။ ငါ မြင်တယ်။ နင် ခုနက ရွန့်ဖျော်ရည်ထဲ တစ်ခုထည့်လိုက်တယ်။ အခု အဲဒီပုလင်း နင့်လက်ထဲမှာ ရှိနေသေးတယ်"

"နင် ဘာပြောနေတယ်ဆိုတာ ငါ နားမလည်ဘူး" ဟယ်ရီက ပြောရင်း ပုလင်းလေးတစ်လုံးကို အိတ်ကပ်ထဲ ထည့်လိုက်တယ်။

"ရွန်၊ ငါ နင့်ကို သတိပေးတယ်၊ မသောက်နဲ့" ဟာမီးဟာ တုန်လှုပ်စွာနဲ့ ပြောပြန်တယ်။ ဒါပေမယ့် ရွန်က ဖန်ခွက်ကို မပြီး မော့ချလိုက်တယ်။ ဒီနောက် ပြောတယ်။ "နင် ငါ့ကို မညွှန်ကြားနဲ့၊ ဟာမီး"

ဟာမီးဟာ တုန်လှုပ်ပြီး ဒေါသထွက်နေတယ်။ သူမဟာ ခါးကိုင်းပြီး သူများမကြားအောင် အသံနှိမ့်ပြောတယ်။ "နင် ဒါအတွက် အထုတ်ခံရလိမ့်မယ်။ နင် ဒါမျိုးလုပ်မယ်ဆိုတာ ငါ တကယ်မယုံဝံ့ဘူး၊ ဟယ်ရီ"



"ဘယ်သူပြောနေတာလဲ" ဟယ်ရီက တိုးတိုးပြန်ပြောတယ်။ "ခုတလော ဘယ်သူက ရှုပ်ထွေးကျိန်စာ ချခဲ့တာလဲ"

ဟာမီးဟာ ဒေါသနဲ့ စားပွဲတစ်ဖက်စွန်းကို သွားလိုက်တယ်။ ဟယ်ရီက သူမကျောဘက်ကို ကြည့်ပြီး ရင်ထဲမှာ နောင်တမရဘူး။ ဟာမီးဟာ ခွေဒစ်ဆိုတာ ဘယ်လောက်အရေးကြီးတဲ့ကိစ္စဆိုတာ ခုထိ နားမလည်သေးဘူး။ ဟယ်ရီက ရွန့်ကို လှည့်ကြည့်တယ်။ ရွန်က နှုတ်ခမ်းကို စုပ်နေတယ်။

"အချိန်ရောက်တော့မယ်" ဟယ်ရီ ရွှင်လန်းစွာ ပြောတယ်။

သူတို့ အားကစားကွင်းဆီ ခြေလှမ်းကျဲကျဲနဲ့ သွားကြတယ်။ နှင်းခဲတဲ့မြက်တွေကို နင်းသွားရတာ တဂျွပ်ဂျွပ် မြည်နေတယ်။

"ရာသီဥတု သိပ်ကောင်းတာ ကံကောင်းတာပဲ၊ ဟုတ်လား" ဟယ်ရီက ရွန့်ကို မေးတယ်။

"ဟုတ်တယ်" ရွန့်မျက်နှာဖြူရော်နေတယ်။ ချည့်နဲ့နေသလိုပဲ။

ဂျင်နီနဲ့ ဒီမဲဇာတို့ ခွေဒစ်ဝတ်စုံ လဲပြီးပြီ၊ အဝတ်လဲခန်းမှာ စောင့်နေကြတယ်။

"အခြေအနေက ကျေနပ်စရာပဲ" ဂျင်နီက ပြောတယ်။ ရွန့်ကို အရေးမစိုက်ဘူး။ "နင် မှန်းစမ်း။ စလေးသရင်းဘောလိုက်သမား ဗာဆေး — သူခေါင်းက လေ့ကျင့်တုန်းက ဘလဒ်ဂါခေါင်းမှန်လို့ နာတာ ပြိုင်ပွဲမဝင်နိုင်တော့ဘူး။ ပိုဟန်ကျတာက — မော်ဖိုင်လဲ ဖျားနာခွင့် တိုင်ထားတယ်"

"ဘာ ?" ဟယ်ရီ သူမကို လှည့်ပြီး စိုက်ကြည့်နေတယ်။ "သူ ဖျားတယ် ? ဘာရောဂါလဲ"

"မသိဘူး၊ ဒါပေမယ့် တို့အဖို့တော့ သိပ်ဟန်ကျတယ်" ဂျင်နီက ဝမ်းသာအားရ ပြောတယ်။ "အခု သူတို့ ဟာပါနဲ့ အစားထိုးတယ်။ သူ ငါနဲ့ အစ်တန်းတည်း။ ငတုံးကြီးပဲ"

ဟယ်ရီက ရေးရေးလေး ပြုံးလိုက်တယ်။ ဒါပေမယ့် သူ နီညိုရောင် အားကစားဝတ်စုံကို စွပ်လိုက်တော့ သူ့အတွေးဟာ ခွေဒစ်အပြင်က ကိစ္စဆီ ရောက်သွားတယ်။ မော်ဖိုင်ဟာ အရင်ကလည်း မိမိ ဒဏ်ရာရတယ်လို့ ပြောပြီး ပြိုင်ပွဲ မဆင်နိုင်ဘူး လုပ်တယ်။ ဒါပေမယ့် အဲဒီအကြိမ်က သူဟာ ပြိုင်ပွဲနေ့ကို အဆင်ခုလုံးကို ပြောင်းပစ်ချင်လို့၊ စလေးသရင်းအတွက် ပိုအကျိုးရှိတဲ့ ရက်အဆင်ရက်ကို လဲချင်လို့။ သူ ဒီတစ်ကြိမ်မှာ ဘယ်နှယ့်အရန်ကစားသမားကို

www.burmeseclassic.com



လွယ်လွယ်နဲ့ ထည့်ကစားတာလဲ။ သူ တကယ်ဖျားတာလား၊ ဖျားချင်ယောင်ဆောင်တာလား။

"သံသယဖြစ်စရာပဲ၊ ဟုတ်လား" သူက ရွှန်ကို အသံနှိမ့်ပြောတယ်။ "မော်ဖိုင် ပြိုင်ပွဲမဝင်ဘူး"

"ဒါ ငါတို့ ကံကောင်းတာ" ရွှန်က ပြောတယ်၊ အားတက်လာသလိုပဲ။ "တဆေးလဲ မလာတော့ဘူး၊ သူဟာ သူတို့အသင်းက အကောင်းဆုံး အမှတ်ယူတဲ့လူ၊ တကယ်ပဲ မထင်မိဘူး —— ဟေး" သူဟာ ရုတ်တရက် အော်လိုက်တယ်၊ ဟယ်ရီ့ကို ငိုင်ကြည့်နေတယ်၊ ဂိုးစောင့်လက်အိတ်စွပ်ရင်း တန်းလန်းကြီး ရပ်သွားတယ်။

"ဘာဖြစ်တာလဲ"

"ငါ . . . . မင်း . . . . " ရွှန်က အသံနှိမ့်ပြောတယ်။ ကြောက်လည်းကြောက်၊ တက်လည်းတက်ကြွနေတယ်။ "ငါ့ဖျော်ရည် . . . . ငါ့ရွှေဖရုံသီးရည် . . . . မင်းမထည့် . . . . ?"

ဟယ်ရီက မျက်ခုံးပင့်လိုက်ပြီး တစ်ခွန်းပဲ ပြောတယ်။ "ငါးမိနစ်ကြာရင် ပြိုင်ပွဲ စတော့မယ်၊ မင်း ဖိနပ်မြန်မြန်ဝတ်ရင် ကောင်းမယ်"

သူတို့ဟာ အပြင်ဘက် လူသံဆူညံနေတဲ့ ဘောကွင်းထဲ ရောက်လာတယ်။ ပွဲကြည့်စင်တစ်ဖက်မှာက နီရဲပြီး ရွှေရောင်တောက်တဲ့ လူပင်လယ်ကြီး၊ တခြားတစ်ဖက်မှာတော့၊ အစိမ်းနဲ့ ငွေရောင်ပင်လယ်။ ဟပ်ဖဲလ်ပဖ်နဲ့ ရေဗင်ခလောတွေမှာလည်း အသီးသီးအားပေးတဲ့ ဘောသင်း ရှိကြတယ်။ ရှိရှိသမျှ အော်ဟစ်သံ၊ လက်ခုပ်သံတွေထဲမှာ၊ လူနာ-လဗ်ဂွဒ်ရဲ့ ခြင်္သေ့ဦးထုပ် ဟိန်းဟောက်သံကို ဟယ်ရီ သေချာကြားရတယ်။

ဟယ်ရီက ဒိုင်လူကြီး မဒမ်ဟူးချ်ဆီ သွားတယ်။ မဒမ်ဟူးချ်ဟာ သေတ္တာထဲက ဘောလုံးတွေကို လွှတ်ဖို့ လုပ်နေတယ်။

"အသင်းခေါင်းဆောင်တွေ လက်ဆွဲနှုတ်ဆက်" သူမက ပြောတယ်။ ဟယ်ရီ့လက်ဟာ စလေးသရင်းအသင်းခေါင်းဆောင်သစ် အော်ခွပ် ညှစ်တာ ခံလိုက်ရတော့မယ်။ "တံမြက်စည်းပေါ် တက်။ ဝီစီသံ နားထောင် . . . . သုံး . . . . နှစ် . . . . တစ် . . . . "

ဝီစီသံ မြည်တာနဲ့ ဟယ်ရီနဲ့ ကျန်ဘောသမားတွေ မာခဲနေတဲ့ မြေပြင်ကို အားကောင်းကောင်းဆောင့်ကန်ပြီး မိုးပေါ် တက်သွားကြတယ်။



ဟယ်ရီက ဘောကွင်းကို ပတ်ပျံပြီး ရွှေဘောလုံးပျံလေးကို ရှာတယ်။ တစ်ချိန်တည်းမှာ သူ့အောက်ဘက်က ဟာပါကိုလည်း သတိထားနေတယ်။ ဒီအချိန်မှာ အရင်က အစီအစဉ် ကြေညာသူနဲ့ လုံးဝမတူတဲ့အသံ ပေါ်ထွက်လာတယ်။

"ကောင်းပြီ၊ အခု သူတို့ စတင်ကြပြီ။ ကျွန်တော်ထင်တယ်၊ ဒီကျောင်းသက်မှာ ပေါ်တာဖွဲ့စည်းထားတဲ့အသင်းကို မြင်ရတာ အားလုံး အံ့ဩလိမ့်မယ်။ တချို့စောင့် ရွှန်-ဝယ်စလီဟာ လွန်ခဲ့တဲ့ ကျောင်းပတ်မှာ ဖော်ပြတာ ကောင်းလိုက်သည့်လိုက် ဖြစ်နေလို့ ဘောသင်းမှာ ဆက်မနေရတော့ဘူးလို့ အများက ထင်ကြတယ်။ ဒါပေမယ့် သူနဲ့အသင်းခေါင်းဆောင်တို့ ပုဂ္ဂလိကဆက်ဆံရေး ရင်းနှီးတာကြောင့် သူ အကူအညီ ရသွားတယ် . . . . "

ဒီစကားတွေဟာ ဘောကွင်းဟိုတစ်ဖက်က စလေးသရင်းတွေရဲ့ ဟဲ့ရယ်သံနဲ့ အားပေးသံကို ရရှိသွားတယ်။ ဟယ်ရီဟာ တံမြက်စည်းပေါ်ကနေ အစီအစဉ် ကြေညာသူစားပွဲကို လည်ဆန့်ကြည့်လိုက်တယ်။ အရပ်မြင့်မြင့် ပိန်ပိန်၊ ဆံပင်ဝါဝါ၊ နှာခေါင်းပြူးပြူး ကျောင်းသားတစ်ယောက် အဲဒီမှာ ထိုင်နေတယ်၊ အရင်က လီ-ဂျော်ဒန် ပိုင်ခဲ့တဲ့ မိုက်ခွက်ရှေ့မှာ ပြောနေတယ်။ ဟယ်ရီ မှတ်မိပြီ၊ သူက ဇာချာရိုက်စ်-စမစ် —— သူ အလွန်မုန်းတဲ့ ဟပ်ဖဲလ်ပဖ် ဘောသမား။

"အိုး၊ စလေးသရင်းဟာ ပထမဆုံး ထိုးစစ်ဆင်ပြီ၊ အဲဒါ အော်ခွပ်က အလျင်အမြန် ဘောကွင်းကို ဖြတ်ပျံ —— "

ဟယ်ရီ့နှလုံးသား အညှစ်ခံရသလို ဖြစ်သွားတယ်။

" —— ဝယ်စလီက ဘောကို ကယ်လိုက်တယ်။ ဟုတ်တယ်၊ သူ တစ်ခါတလေလဲ ကံကယ်တာ ရှိတယ် . . . . "

"ဟုတ်တယ်၊ စမစ်ပြောတာ မှန်တယ်" ဟယ်ရီက တိုးတိုးရေရွတ်ရင်း ပြုံးတိတ်တိတ်ရယ်တယ်။ သူဟာ ဘောလိုက်သမားတစ်စုကြားက ထိုးဆင်းသွားတယ်၊ မျက်စိက ဝေခွဲရန် ခက်ခဲတဲ့ ရွှေဘောလုံးပျံလေးရဲ့ အရိပ်အယောင်ကို လိုက်ရှာဖွေတယ်။

ပြိုင်ပွဲ နာရီဝက် ကြာသွားပြီ၊ ဂရစ်ဖင်းဒေါက ခြောက်ဆယ်သုညနဲ့ ရှေ့က ပြေးနေတယ်။ ရွှန်ဟာ အန္တရာယ်ဘောလုံးတချို့ကို လှလှပပ ကယ်ခဲ့တယ်။ ဘောလုံးတချို့ဆိုရင် သူဟာ လက်အိတ်ဖျားနဲ့ ပုတ်ထုတ်လိုက်

www.burmeseclassic.com



ရတာ။ ဂရစ်ဖင်းဒေါ် သွင်းလိုက်တဲ့ ဘောခြောက်လုံးထဲမှာ ဂျင်နီက လေး
သွင်းခဲ့တယ်၊ ဒီတော့မှ ဇာချာရိုက်စ်လည်း အများကြီး ထိန်းထိန်းသိမ်းသိမ်း
ဖြစ်သွားတယ်၊ ဝယ်စလီမောင်နှမနှစ်ယောက်ဟာ ဟယ်ရီ မျက်နှာလိုက်
ဘောသင်းထဲ ပါတာလို့ အော်ကြီးဟစ်ကျယ် မလုပ်တော့ဘူး။ သူဟာ ဦးတည်
ချက်ပြောင်းပြီး ဖိခ်စ်နဲ့ ခွတ်ဘက် လှည့်သွားတယ်။

"တကယ်ပဲ၊ ခွတ်ဟာ ယေဘုယျ ဘောရိုက်သမားမှာ ရှိသင့်တဲ့ တိုက်
ခန္ဓာမျိုး မရှိဘူး" ဇာချာရိုက်စ်က မော်ကြွားစွာ ပြောတယ်။ "ဘောရိုက်သ
ဆိုတာ အများအားဖြင့် ကြွက်သားတွေ ဖွံ့ဖြိုးတယ် ——"

"သူ့ကို ဘလဒ်ဂါတစ်လုံး ပေးလိုက်" ဟယ်ရီဟာ ခွတ်ဘေးက ဖြ
ပျံစဉ် သူ့ကို အော်ပြောတယ်။ ခွတ် မျက်နှာပေါ်မှာ အပြုံးဝေသွားတယ်၊ ဘလဒ်
ကိုတော့ ဟယ်ရီ့ဆီ တည့်တည့်ပျံလာတဲ့ ဟာပါဆီ ရိုက်လွှတ်လိုက်တ
ဒိုင်းခနဲ အသံကြားရပြီး၊ အဲဒီဘောလုံးပစ်မှတ် ထိသွားပြီဆိုတာ ဟယ်ရီ သိ
ရင်ထဲ ဝမ်းသာသွားတယ်။

ဂရစ်ဖင်းဒေါ်အသင်းဟာ ဘယ်လိုကစားကစား အဆင်ပြေ
သလိုပဲ။ သူတို့ဟာ ထပ်ခါထပ်ခါ ဘောသွင်းပြီး အမှတ်ရတယ်။ ဘောကွင်း
တစ်ဖက်မှာရှိတဲ့ ရွှန်ကတော့ ဘောတစ်လုံးပြီးတစ်လုံး ပေါ့ပါးစွာ ကယ်ထု
နိုင်လိုက်တယ်။ သူဟာ အခု ရယ်နိုင်ပြီ။ သူဟာ အလွန်လှပစွာ အန္တရာယ်
ဘောတစ်လုံးကို ကယ်နိုင်လိုက်တော့ ပရိသတ်ဟာ အလွန်ကြိုက်တဲ့ သီချင်း
ဟောင်း "ဝယ်စလီဟာ ငါတို့ဘုရင်" ကို အကျယ်ကြီး သီဆိုကြတယ်၊ သူ
အဝေးကနေ သူတို့ကို အချက်ပြဟန် လုပ်ပြနေသေးတယ်။

"သူက သူ့ကိုယ်သူ ဒီနေ့ သိပ်ထူးတယ်လို့ ထင်နေတယ်၊ ဟုတ်လား"
အသံဆိုးဆိုးတစ်သံက ပြောတယ်။ ဒီနောက် ဟာပါဟာ တမင် တအား
တိုက်တယ်။ ဟယ်ရီဟာ အတိုက်ခံရလို့ တံမြက်စည်းပေါ်က လိမ့်
နည်းနည်းလိုတယ်။ "မင်းရဲ့အမျိုးယုတ်အဖွဲ့တွေ . . . ."

မဒမ်ဟူးချ်ဟာ သူတို့ကို ကျောပေးထားတယ်။ အောက်က
ဖင်းဒေါ်တွေ ဒေါသထွက်ပြီး တအားအော်တယ်။ ဒါပေမယ့် သူမ လှည့်ကြ
တော့ ဟာပါဟာ အလျင်အမြန် ပျံပြေးသွားပြီ၊ ဟယ်ရီ ပခုံးနာလာတယ်
ချက်ချင်း သူ့နောက်လိုက်သွားတယ်။ သူ့ကိုလည်း ပြန်တိုက်မယ်လို့ လုပ်တယ်
. . . .



"စလေးသရင်းက ဟာပါ ရွှေဘောလုံးပျံလေးကို မြင်ပြီလို့ ကျွန်တော်
ထင်တယ်" ဇာချာရိုက်စ်-စမစ်ဟာ မှော်မိုက်ခွက်ရှေ့မှာ ပြောတယ်။ "ဟုတ်
တယ်၊ တစ်ခုခုတွေ့လို့ ဖြစ်မယ်၊ ဟယ်ရီ မတွေ့ဘူး"

စမစ်ဟာ ငကြောင်ပဲ၊ ဟယ်ရီက တွေးတယ်။ ဟိုကောင် ငါ့ကို
ဝင်တိုက်တာ သူ မမြင်ဘူးလား။ ဆက်ပြီး ဟယ်ရီ့ရင် လှုပ်သွားတယ်၊ မိုးပေါ်
ကနေ မြေပြင်ထိ မြုပ်ဆင်းသွားတော့မလိုပဲ —— စမစ်ပြောတာ မှန်တယ်၊
ဟယ်ရီ ခန့်မှန်းမှားသွားတာ။ ဟာပါ ခုနက ရုတ်တရက် အထက်တက်လာတာ
အကြောင်းမဲ့ မဟုတ်ဘူး၊ သူဟာ ဟယ်ရီမမြင်တဲ့အရာကို တကယ်ပဲမြင်လို့။
ရွှေဘောလုံးပျံလေးဟာ သူတို့အထက်ဘက်မှာ အလျင်အမြန် ပျံသန်းနေတယ်။
ကြည်လင်တဲ့ မိုးကောင်းကင်ပြာပြာနောက်ခံမှာ လင်းလက်နေတယ်။

ဟယ်ရီ ချက်ချင်း အရှိန်မြှင့်လိုက်တယ်။ လေသံဟာ သူ့နားထဲ
တိုးဝင်လာတယ်။ စမစ် ကြေညာသံ၊ ပရိသတ်ဆူညံသံအားလုံး မကြားတော့
ဘူး။ ဒါပေမယ့် ဟာပါဟာ သူ့ရှေ့မှာပဲ ရှိတယ်။ ဂရစ်ဖင်းဒေါ်ဟာ အမှတ်
တစ်ရာပဲ သာနေတာ၊ တကယ်လို့ ဟာပါ အရင်ရောက်သွားရင်၊ ဂရစ်ဖင်းဒေါ်
ရှုံးမှာ . . . . အခု ဟာပါ ရွှေဘောလုံးပျံလေးနဲ့ ပေအချို့ပဲ ကွာတော့တယ်။
သူလက် ရှေ့ကို ဆန့်ထုတ်ထားတယ် . . . .

"ဟေး၊ ဟာပါ" ဟယ်ရီက စွန့်ပြီး ခေါ်လိုက်တယ်။ "မော်ဖိုင်က
မင်းကို ငွေဘယ်လောက်ပေးပြီး မင်းကို သူ့အစား လာကစားခိုင်းတာလဲ"

သူ ဘာကြောင့် ဒီစကားပြောရလဲဆိုတာ သူ မသိဘူး။ ဒါပေမယ့်
ဟာပါ လန့်သွားတယ်။ ရွှေဘောလုံးပျံလေးကို မမိလိုက်ဘဲ သူ့လက်ချောင်း
ကြားကနေ လျှောထွက်သွားတယ်။ သူ ရှူးခနဲ ပျံထွက်သွားတယ်၊ ဟယ်ရီက
တောင်ပံခတ်နေတဲ့ ဘောလုံးလေးဆီ ပြေးအုပ်ပြီး ရင်းကို ဖမ်းထားလိုက်တယ်။

"ဟုတ်ပြီ" ဟယ်ရီက အော်ပြောတယ်။ သူ ကိုယ်ကို ပတ်လှည့်ပြီး
မြေပြင်ကို ထိုးဆင်းသွားတယ်။ လက်ထဲမှာ ရွှေဘောလုံးပျံလေးကို အမြင့်ကြီး
မြှောက်ထားတယ်။ ပရိသတ်တွေ ဘာရယ်လို့ သိတော့ ချက်ချင်း နားကွဲမတတ်
ဆူညံသံ ပေါ်ထွက်လာတယ်။ ပြိုင်ပွဲပြီးဆုံးတဲ့ ဝီစီသံကိုတောင် ဖုံးလွှမ်း
သွားတယ်။

"ဂျင်နီ၊ နင် ဘယ်လဲ" ဟယ်ရီက တအားအော်တယ်။ ဘောသမား
တွေ မိုးပေါ်မှာ လှိုက်လှဲစွာ ဖက်ကြတယ်။ သူ့ကို အလယ်မှာ ဝိုင်းဖိထားတာ

www.burmeseclassic.com

www.burmeseclassic.com



သူ တွေ့ရှိရတယ်။ ဒါပေမယ့် ဂျင်နီဟာ သူတို့နားက ဖြတ်ပျံသွားတယ် ဒီနောက် ဝေါခနဲအသံနဲ့အတူ ကြေညာသူ စင်ကလေးကို ဝင်တိုက်တယ် ပရိသတ်ရဲ့ အော်သံရယ်သံကြားမှာ ဂရစ်ဖင်းဒေါ အသင်းသားတွေ ကွဲဖူ နေတဲ့ သစ်သားတွေဘေးမှာ သက်ဆင်းလာကြတယ်။ ဇာချာရိုက်စ်ဟာ သစ်သားစတွေအောက်မှာ အားနည်းစွာ ရုန်းကန်နေတယ်။ ဂျင်နီက ပေါ့ သွက်လက်စွာနဲ့ ဒေါသထွက်နေတဲ့ ပါမောက္ခ မက်ဂေါ်နာဂေါကို "ဘရိုက် အုပ်ဖို့ မေ့သွားတယ်၊ ပါမောက္ခ၊ ဝမ်းနည်းပါတယ်"လို့ ပြောတာ ဟယ် ကြားရတယ်။

ဟယ်ရီက တဟားဟားရယ်ရင်း တခြားအသင်းသားကြားက ရုန်း ထွက်ပြီး ဂျင်နီ့ကို ပြေးဖက်တယ်။ ဒါပေမယ့် ချက်ချင်း လွှတ်လိုက်တယ် သူဟာ ဂျင်နီ့အကြည့်ကို ရှောင်နေတယ်၊ လှည့်ပြီး ပျော်မြူးနေတဲ့ ရွန့်ကျော သွားပုတ်တယ်၊ ဂရစ်ဖင်းဒေါ အသင်းသားတွေ အရင်က အယိအခိုက်တွေ မေ့သွားပြီး လက်တွဲကာ အားကွင်းက ထွက်ခဲ့ကြတယ်။ မိုးပေါ်ကို လက်သီး ယမ်းရင်း သူတို့ကို ထောက်ခံတဲ့ ပရိသတ်ကို လက်ပြနှုတ်ဆက်တယ်။

အဝတ်လဲခန်းထဲမှာ ပျော်မြူးနေတယ်။

"အပေါ်ထပ် အများနားနေခန်းထဲမှာ ပါတီပွဲ ကျင်းပနေတယ် စီးမတ်ပြောတာ" ဒင်းက စမ်းသာအားရ အော်ပြောတယ်။ "မြန်မြန်သွား အောင်၊ ဂျင်နီ၊ ဒီမဲဇာ"

အဝတ်လဲခန်းထဲမှာ ဟယ်ရီနဲ့ ရွန်ပဲ ကျန်တော့တယ်။ သူတို့ ထွ သွားမယ်အလုပ်မှာ ဟာမီး ရုတ်တရက် ပြေးဝင်လာတယ်။ သူမလက်နှစ်ဘ နဲ့ ဂရစ်ဖင်းဒေါလည်စည်းကို ကိုင်ထားတယ်။ အလွန်စိတ်ရှုပ်နေပေမယ့် ဆုံးဖြတ်ပြီးပြီဆိုတဲ့ပုံပဲ။

"ငါ နင်နဲ့ စကားပြောချင်တယ်၊ ဟယ်ရီ" သူမဟာ အသက်ပြင်းပြင်း ရှူလိုက်တယ်။ "နင် ဒီလို မလုပ်သင့်ဘူး။ စလပ်ဂ်ဟွန်း ဘယ်လိုပြောတယ် ဆိုတာ နင် ကြားတယ်။ ဒါ တရားမဝင်ဘူး"

"နင် ဘယ်လိုလုပ်မလို့လဲ၊ ငါတို့ကို ဖွင့်ချမယ် ?" ရွန်က မေးတယ်

"နင်တို့နှစ်ယောက် ဘာပြောနေတာလဲ" ဟယ်ရီက မေးတယ်။ လှည့် ပြီး သူ့အဝတ်ရုံကို ချိတ်တယ်။ ဒီလိုဆိုတော့ သူတို့နှစ်ယောက်ဟာ ချင်းမှာပေါ်တဲ့ ကျေနပ်တဲ့အပြုံးကို မမြင်ရတော့ဘူးပေါ့။



"ငါတို့ ဘာပြောနေတယ်ဆိုတာ နင် သေချာသိတယ်" ဟာမီးက အသံစူးစူးနဲ့ ပြောတယ်။ "နင် နံနက်စောစောစာ စားတုန်းက ရွန့်ရွှေဖရုံသီး ရည်ထဲ ကံကောင်းဆေးရည် ထည့်တယ်။ ဖီလစ် ဖီလစ်စစ်"

"ဟင့်အင်း၊ ငါ မထည့်ဘူး" ဟယ်ရီက ပြောရင်း သူတို့နဲ့ ရင်ဆိုင် လိုက်တယ်။

"နင် ထည့်ကိုထည့်တယ်၊ ဟယ်ရီ ဒါကြောင့် အားလုံး ဒီလောက် အဆင်ပြေတာ။ စလေးသရင်း ဘယ်လိုသွင်းသွင်း မဝင်ဘူး၊ ရွန်လဲ ဘောတိုင်း ကယ်ထုတ်နိုင်တယ်"

"ငါ မထည့်ပါဘူး" ဟယ်ရီက ပြောရင်း ပြုံးရယ်လာတယ်။ သူဟာ အပေါ်အင်္ကျီအိတ်ထဲ လက်နှိုက်ပြီး မနက်က သူ့လက်ထဲမှာ ဟာမီးတွေ့တဲ့ ပုလင်းလေးကို ထုတ်လိုက်တယ်။ ရွှေဝါရောင်ဆေးရည်ပုလင်းအပြည့်၊ အဆို့ကို ဖယောင်းနဲ့ အသေပိတ်ထားဆဲပဲ။ "ငါက ရွန့်ကို ငါ ဆေးထည့်တယ်လို့ ထင် စေချင်တာ၊ ဒါကြောင့် နင် ဘေးမှာကြည့်နေတာ သိလို့ ဒီလိုလုပ်ဟန်ဆောင် တာ" သူက ရွန့်ကို ကြည့်နေတယ်။ "မင်း ဘောတိုင်း ကယ်နိုင်တာဟာ မင်းဟာသာ ကံကောင်းတယ်လို့ ထင်လို့။ မင်းက မင်းစွမ်းရည်နဲ့ လုပ်နိုင်ခဲ့တာ"

သူက ဆေးရည်ကို အိတ်ကပ်ထဲ ပြန်ထည့်လိုက်တယ်။

"ငါ့ရွှေဖရုံသီးရည်ထဲမှာ တကယ် ဘာမှမရှိဘူး ?" ရွန်က အလွန် အံ့လှုပ်စွာနဲ့ မေးတယ်။ "ဒါပေမယ့် ရာသီဥတုက သိပ်ကောင်းပြီး . . . . ဘေး လာမကစားနိုင်ဘူး . . . . မင်း တကယ် ငါ့ကို ကံကောင်းဆေး မတိုက် ဘူးနော်"

ဟယ်ရီ ခေါင်းခါလိုက်တယ်။ ရွန်က သူ့ကို ခဏငိုင်ကြည့်နေတယ်။ ဒီနောက် ဆတ်ခနဲ ဟာမီးဘက်လှည့်ပြီး သူမအသံကို အတုခိုးပြောလိုက်တယ်။

"နင် ဒီနေ့မနက် ရွန့်ရွှေဖရုံသီးရည်ထဲမှာ ဖီလစ် ဖီလစ်စစ် ထည့် တယ်၊ ဒါကြောင့် သူ ဘောတွေ ဒီလောက်များများ ကယ်ထုတ်နိုင်တာ။ မြင်ပြီလား၊ ငါ အကူအညီ မပါဘဲ ဘောကယ်နိုင်တယ်၊ ဟာမီး"

"နင် မကယ်နိုင်ဘူးလို့ ငါ ဘယ်တုန်းကမှ မပြောဘူး —— ရွန်၊ နင့် ကိုယ်နင်လဲ ဆေးသောက်တယ်ထင်နေတာ"

ဒါပေမယ့် ရွန်က တံမြက်စည်းထမ်းပြီး ဟာမီးဘေးကနေ ပခုံးဟန်နဲ့ အဝတ်လဲခန်းက ထွက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဲ" ဟယ်ရီက ရုတ်တရက် ငြိမ်သက်သွားတာကို ဖြိုခွဲလိုက်တယ်။ သူ့စိမ်ကိန်းဟာ ဒီလိုမှန်းချက်နဲ့ နှမ်းထွက် မကိုက်တာ သူ မတွေးမိခဲ့ဘူး။ "ငါတို့ . . . . ငါတို့ အပေါ်တက်ပြီး ညပါတီပွဲ ပါရအောင်"

"နင့်ဟာနင်သွား" ဟာမီးက ပြောတယ်။ သူမဟာ မျက်တောင် ခတ်ပြီး မျက်ရည်ကို ဆည်ထားတယ်။ "အခု ငါ ရွန့်ကို စိတ်ကုန်နေပြီ၊ ငါ ဘာမှားလဲဆိုတာ နားကိုမလည်ဘူး . . . ."

ပြောပြီးတာနဲ့ သူမလည်း အဝတ်လဲခန်းက ပြေးထွက်သွားတယ်။

ဟယ်ရီဟာ ပွတ်ကျပ်နေတဲ့ လူအုပ်ကို ဖြတ်ကာ ကွင်းကိုဖြတ်ခဲ့ပြီး ရဲတိုက်ကို ပြန်ခဲ့တယ်။ လူတွေဟာ အော်ဟစ်ပြီး သူ့ကို ဂုဏ်ပြုကြတယ်။ ဒါပေမယ့် သူ့ရင်ထဲမှာတော့ အလွန်စိတ်ဆင်းရဲနေတယ်။ အစကတော့ ရွန်သာ ဒီပွဲမှာ အနိုင်ရခဲ့ရင်၊ ရွန်နဲ့ ဟာမီးတို့ ပြန်သင့်မြတ်သွားမယ်လို့ ထင်တာ။ သူ ဟာမီးကို ဘယ်လိုလုပ်ပြီး ရှင်းပြရမှန်း မသိဘူး။ သူမက ဗစ်ခတာ-ခရွန်းမ်တို့ နမ်းလို့ ရွန်က မကျေနပ်တာလို့ ဘယ်လိုလုပ်ပြောမလဲ။ ကိစ္စက ကြာလှပြီ သူ ဘယ်လိုလုပ်ပြောရမလဲ။

ဟယ်ရီဟာ ဂရစ်ဖင်းဒေါ ဂုဏ်ပြုညပါတီပွဲမှာ ဟာမီးကို မတွေ့ဘူး။ သူ ရောက်သွားတော့ ညပါတီပွဲ စည်ကားစွာ ကျင်းပနေတယ်။ လူတွေက သူ ဝင်လာတာ မြင်တော့ လက်ခုပ်သံနဲ့ ဩဘာသံတွေ ပေါက်ကွဲထွက်လာပြီး တယ်။ ဂုဏ်ပြုတဲ့လူအုပ်ဟာ သူ့ကို ဝိုင်းပတ်သွားတယ်။ သူ ရွန့်ကို ချက်ချင်း လိုက်မရှာနိုင်ဘူး။ ခရီးဗီးညီအစ်ကိုနှစ်ယောက်က အလွန်အသေးစိတ်ကျကျ ပြိုင်ပွဲအကြောင်း ခွဲခြမ်းစိတ်ဖြာချက် ရေးချင်ကြတယ်၊ သူဟာ သူတို့ဆီက မနည်းရုန်းထွက်ရတယ်။ ဒီနောက် ကျောင်းသူတစ်အုပ်ကြီး သူ့ကို ဝိုင်းပတ် ကြပြန်တယ်။ သူ ဘယ်လိုပျော်စရာမကောင်းဆုံးစကားပဲပြောပြော သူမတို့က ဟားတိုက်ရယ်ကြတယ်။ တစ်ယောက်ကလည်း သူ့ကို မျက်ခုံးမျက်စ ပစ် တယ်၊ သူ အတော်ကြီးကြာမှ လွတ်လာတော့တယ်။ နောက်ဆုံးမှာ သူ ရိုမီဒါ-ဗာနီကို မနည်းခါချခဲ့ရတယ် —— သူမက ဟယ်ရီနဲ့အတူ စလပ်ဂ်တွန်ရဲ့ ခရစ္စမတ်စ်ညပါတီပွဲ တက်ချင်ကြောင်း ပြင်းထန်စွာ အရိပ်အကဲပြတယ်။ ဟယ်ရီက ရှောင်တိမ်းရင်း အဖျော်ယမကာတင် စားပွဲဆီ လျှောက်သွားတယ်။ ဂျင်နီနဲ့ မျက်နှာချင်းဆိုင် တိုးကြတယ်။ ဖီဂမီ လူပုလုံးလေးဟာ သူမပခုံးပေါ်



ထိုင် နေတယ်။ ခရွတ်ရှန်ဟာ သူမခြေထောက်ဘေးက လိုက်ပြီး ငေးကြည့်ကာ အမြောင်မြောင် အော်နေတယ်။

"ရွန့်ကို ရှာနေလား" သူမက မေးတယ်။ ဒီနောက် ကဲ့ရယ်စွာ ပြော တယ်။ "သူ ဟိုမှာလေ၊ ယုတ်မာတဲ့ ဟန်ဆောင်ကြီး"

ဟယ်ရီက သူမလက်ညှိုးထိုးပြတဲ့ နံရံထောင့်ကို ကြည့်လိုက်တယ်။ တတယ်ပဲ၊ ရွန်နဲ့ လာဗင်ဒါ-ဘရောင်းဟာ နားနေခန်းထဲက လူအားလုံးရှေ့မှာ ဖက်ထားကြတယ်။ ပူးကပ်နေတာ ဘယ်လက်က ဘယ်သူ့လက်လည်းဆိုတာ တောင် ခွဲမရဘူး။

"သူက သူမမျက်နှာကို ကိုက်နေသလိုပဲ၊ ဟုတ်လား" ဂျင်နီက တည် ငြိမ်စွာ ပြောတယ်။ "သူ အတတ်ပညာ မြှင့်တင်ဖို့ လိုမယ်လို့ ငါ ထင်တယ်။ ပြိုင်ပွဲမဆိုးဘူး၊ ဟယ်ရီ"

သူမက သူ့ပခုံးကို ပုတ်လိုက်တယ်။ ဟယ်ရီက သူ့ရင်တွေ နိမ့်ဆင်း သွားတယ်လို့ ခံစားရတယ်။ ဒီနောက်တော့ သူမဟာ ထောပတ်ဘီယာ ငှဲ့ သောက်ဖို့ သွားလိုက်တယ်။ ခရွတ်ရှန်ဟာ တလိမ့်လိမ့်နဲ့ သူမနောက် လိုက် သွားတယ်၊ မျက်လုံးဝါဝါတွေဟာ ဖီဂမီ လူပုလုံးလေးကို အသေစိုက်ကြည့် နေတယ်။

ကြည့်ရတာ ရွန် ခဏတာအတွင်း ခေါင်းရှင်းလိမ့်မယ် မထင်ဘူး၊ ဒါနဲ့ ဟယ်ရီဟာ ကိုယ်ကို လှည့်လိုက်တယ်။ အတော်ပဲ အရုပ်ကားအပေါက်ဝ ပိတ်သွားတာ မြင်လိုက်ရတယ်။ သူ့စိတ်ထဲ ထိတ်သွားတယ်။ အကြောင်းက သူဟာ ရှုပ်ပွပွ ဆံပင်ညိုညို အဲဒီမှာ လှစ်ခနဲ တွေ့လိုက်ရလို့။

သူက ရိုမီဒါ-ဗာနီကို ထပ်ရှောင်ပြီး ပြေးသွားတယ်။ မိန်းမဝဝကြီး အရုပ်ကားကို တွန်းဖွင့်လိုက်တယ်။ အပြင်က စင်္ကြံထဲမှာ လူတစ်ယောက်မှ မရှိသလိုပဲ။

"ဟာမီး ?"

သူဟာ ပထမဆုံး သော့ခတ်မထားတဲ့ ကျောင်းခန်းကို တွန်းဖွင့် ကြည့်တယ်။ ဟာမီးကို တွေ့ရတယ်။ သူမဟာ တစ်ယောက်တည်း စားသင်စင် ပေါ် ထိုင်နေတယ်။ တကျိုကျိုမြည်နေတဲ့ ငှက်ဝါလေးတွေ သူမခေါင်းပေါ်မှာ ဝဲပျံနေတယ်။ သူမ ခုနက အသားလွတ် ဖန်စင်းလိုက်တာ ဖြစ်မယ်။ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



အချိန်မျိုးမှာတောင်၊ ဟယ်ရီဟာ သူမရဲ့ မှော်ပညာ တကယ်ပဲ ထူးချွန်တာကို နှိုက်ချီးမိတယ်။

"အိုး၊ ဟဲလို၊ ဟယ်ရီ" သူမက အေးစက်စက် လေသံနဲ့ ပြောတယ်။ "ငါ လေ့ကျင့်နေတယ်"

"ဟုတ်တယ် . . . . ၎င်းတို့ — အင်း . . . . တကယ်မဆိုးဘူး . . . ." ဟယ်ရီက ပြောတယ်။

သူဟာ သူမကို ဘာပြောရမှန်း မသိဘူး။ သူဟာ သူမ ရွန်နဲ့ကို သတိ မထားမိဘူးလားလို့ မှန်းကြည့်တယ်။ သူမဟာ ညပါတီပွဲ ဆူလွန်းလို့ နားနေ ခန်းက ထွက်လာတာလား။ ဒါပေမယ့် ဆက်လက်ပြီး သူမက သဘာဝမကျတဲ့ အသံစူးစူးနဲ့ ပြောတယ်။ "ရွန်ဟာ ဂုဏ်ပြုပါတီပွဲမှာ သိပ်ပျော်နေသလိုပဲ"

"အင်း . . . . ဟုတ်လား" ဟယ်ရီက ပြောတယ်။

"နင် သူ့ကို မမြင်ချင်ယောင်မဆောင်နဲ့" ဟာမီးက ပြောတယ်၊ "သူ တမင်ပုန်းမနေဘူး၊ မဟုတ်ဘူးလား —"

သူတို့ကျောဘက်က တံခါး တွန်းဖွင့်ခံရတယ်။ ရွန်က လာဗင်ဒါ လက်ကို ဆွဲပြီး ဟီးဟီးဟားဟားနဲ့ ဝင်လာတာ ဟယ်ရီ ထိတ်လန့်စွာ မြင် ရတယ်။

"အိုး" သူဟာ ဟယ်ရီနဲ့ ဟာမီးကို မြင်တော့ ချက်ချင်း ရပ်သွားတယ်။

"အမလေး" လာဗင်ဒါက တခစ်ခစ်ရယ်ရင်း ကျောင်းခန်းက ထွက် သွားတယ်။ သူမနောက်မှာ တံခါးပိတ်သွားတယ်။

ကျောင်းခန်းထဲမှာ ကြောက်မက်ဖွယ်ရာ လှိုင်းလေထန်တော့မယ့် ငြိမ်သက်ခြင်း။ ဟာမီးက ရွန်နဲ့ကို ကြည့်နေတယ်။ ရွန်က သူမကို မကြည့်ဘဲ ရှိန်နေတဲ့ တမင်လုပ်ပြောတဲ့ လေသံနဲ့ ပြောတယ်။ "ဟေး၊ ဟယ်ရီ၊ မင်း ဘယ်ရောက်သွားလဲလို့ ငါတွေးနေတာ"

ဟာမီးဟာ စားသင်စင်ပေါ်ကနေ လျှောဆင်းလာတယ်။ ရွှေဝါငှက် ကလေးတွေ သူမခေါင်းပေါ်မှာ တကျီကျီနဲ့ ဆက်ဝဲနေတယ်။ ဒါကြောင့် သူမ ကြည့်ရတာ ထူးဆန်းတဲ့ အမွေးပေါက်နေတဲ့ နေအဖွဲ့အစည်းနဲ့ တူနေတယ်။

"နင် လာဗင်ဒါကို အပြင်မှာ စောင့်မနေခိုင်းသင့်ဘူး" သူမက အေးအေးဆေးဆေး ပြောတယ်။ "နင် ဘယ်ရောက်သွားလဲလို့ တွေးနေလိမ့်မယ်"



သူမဟာ ခေါင်းမော့ပြီး အလွန်ဖြည်းနှေးစွာ တံခါးဝဆီ လျှောက် သွားတယ်။ ဟယ်ရီက ရွန်နဲ့ကို ကြည့်လိုက်တယ်၊ ရွန်က ပိုဆိုးတဲ့အခြေအနေ မဖြစ်လို့ အသက်ရှူချောင်သွားသလိုပဲ။

"တိုက်ခိုက်စေ" တံခါးဝကနေ စူးရှစွာ အော်သံ ထွက်လာတယ်။

ဟယ်ရီ ဆတ်ခနဲ လှည့်လိုက်တယ်။ ဟာမီးဟာ မှော်ကြိမ်လုံးနဲ့ ရွန်နဲ့ ကို ချိန်ထားတာ တွေ့ရတယ်။ မျက်နှာပေါ်က အမူအရာဟာ သိပ်ပြင်းထန် တယ်။ ငှက်အုပ်ကလေးဟာ လေးပင်တဲ့ ရွှေကျည်ဆန်လေးတွေလို ရွန်နဲ့ဆီ ပစ်ဝင်သွားတယ်။ ရွန်က အော်ဟစ်ရင်း မျက်နှာကို လက်နဲ့ ကာထားတယ်။ ဒါပေမယ့် ငှက်ကလေးတွေဟာ သူ့ကို တိုက်ခိုက်တယ်။ ၎င်းတို့ ထိနိုင်တဲ့ အသားပေါ်မှာ ဆိတ်ကြ၊ ကုတ်ခြစ်ကြတယ်။

"ထွက်သွားကြ" သူက တအားအော်တယ်။ ဒါပေမယ့် ဟာမီးဟာ နောက်ဆုံး ကလဲ့စားချေတဲ့ ရန်ငြိုးအကြည့်နဲ့ ကြည့်လိုက်ပြီး တံခါးကို တအား ဆွဲဖွင့်ပြီး လျှောက်ထွက်သွားတယ်။ တံခါး ဒိုင်းခနဲ ပိတ်သွားတော့ ဟယ်ရီ ဟာ ရှိုက်ငိုသံတစ်ချက်ကို ကြားလိုက်ရသလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



# ၁၅။ ချေဖျက်မရတဲ့ ကတိသစ္စာ

ဆီးနှင်းတွေ ပြတင်းအပြင်မှာ လွင့်ပျံနေပြန်ပြီ၊ ရေခဲနေတဲ့ ပြတင်း တွေကို လာရိုက်ခတ်နေတယ်။ ခရစ္စမတ်စ်ပွဲ နီးလာနေပြီ။ ဟက်ဂရစ်ဟာ သူတစ်ယောက်တည်း နှစ်စဉ် မရှိမဖြစ်တဲ့ ခရစ္စမတ်စ်သစ်ပင်တွေကို ခန်းမ ကြီးထဲ သယ်လာပြီးပြီ။ လှေကားလက်တန်းတွေပေါ်မှာ ဆောက်ကုလားခတ်ရဲ့ ရွှေချည်ငွေချည်တွေ ရစ်ပတ်ထားပြီးပြီ။ သံကိုယ်ချပ်အကျီ သံခမောက်ထဲမှာ အမြဲလင်းဖယောင်းတိုင် မီးလက်နေတယ်။ စင်္ကြံထဲမှာ နည်းနည်းခွာခွာပြီး မစ်ဆိုးထိုအစည်းကြီးတွေ ချိတ်ချိတ်ထားတယ်။ ဟယ်ရီ စင်္ကြံထဲက ဖြတ် သွားတိုင်း မိန်းကလေးတွေ မစ်ဆိုးထိုအောက်မှာ စုနေလို့ လမ်းပိတ်ဆို့ ဖြစ်ဖြစ်နေတယ်။ တော်သေးတာက ဟယ်ရီ အမြဲလို ညည လျှောက်သွား တာက ခဲတိုက်ထဲက လျှို့ဝှက်ဖြတ်လမ်းတွေကို ကျက်မိနေပြီ။ သိပ်အခက်အခဲ မရှိဘဲ ကျောင်းနားချိန်မှာ မစ်ဆိုးထိုရှိတဲ့ လမ်းကြောင်းကို ကွေ့ပတ်သွား နိုင်တယ်။

ဒီလို ကွေ့ပတ်သွားတာ အရင်က ရွန့်ကို ပျော်ရွှင်စေတာ မဟုတ်ဘဲ



နောလို ဖြစ်စေတယ်။ အခုတော့ သူဟာ တဟားဟားပဲ ရယ်နေတယ်။ ဒီ တဟားဟားဖြစ်နေတဲ့ ရွန်ဟာ လွန်ခဲ့တဲ့ အပတ်အချို့က မှုန်တေရန်လိုတဲ့ ရွန်ထက် အများကြီး ကောင်းတယ်လို့ ဟယ်ရီ ထင်ပေမယ့်၊ ဒီလို ပြောင်းလဲ တာ တန်ဖိုးအများကြီး ပေးရတယ်။ ပထမဆုံးက၊ ဟယ်ရီဟာ အမြဲလိုပဲ လာဗင်ဒါ-ဘရောင်းကို တွေ့တွေ့နေရတယ်။ ဒီမိန်းကလေးဟာ ရွန့်ကို မနမ်း ရတဲ့ မိနစ်တိုင်းကို ဖြုန်းတီးမှုလို့ ထင်နေတယ်။ ဒုတိယက၊ ဟယ်ရီဟာ ဘယ် တော့မှ စကားမပြောတော့သလို ဖြစ်နေတဲ့ လူနှစ်ယောက်ရဲ့ ချစ်သူငယ်ချင်း ဖြစ်နေလို့ပဲ။

ရွန့်လက်နဲ့ လက်ဖျံတွေပေါ်မှာ ဟာမီးရဲ့ ငှက်ဝါလေးတွေ တိုက် ခိုက်တဲ့ အနာတွေ ရှိနေတုန်းပဲ။ သူဟာ ကိုယ့်ကိုကိုယ် ကာကွယ်ပြောတယ်၊ ခံမရပ်နိုင်ပြောတယ်။

"သူမ ဘာမှမကျေနပ်စရာ မရှိဘူး" သူက ဟယ်ရီ့ကို ပြောတယ်။ "သူမ ခရွန်းမ်ကို နမ်းတယ်၊ နောက်ဆုံးတော့ ငါ့ကို နမ်းချင်တဲ့လူလည်း ရှိတယ် ဆိုတာ တွေ့သွားတယ်။ ဟုတ်တယ်လေ၊ ဒါ လွတ်လပ်တဲ့နိုင်ငံ၊ ငါ ဘာမှ အမှားမရှိဘူး"

ဟယ်ရီ မဖြေဘူး၊ မနက်ဖြန်မနက် တက်ရမည့် မော်ဂါထာအတန်း အတွက် ကြိုဖတ်ရမယ့် စာအုပ် (စိန့်မူနာ-ရှာဖွေခြင်းတစ်ခု)ကို စိတ်ဝင်တစား ဖတ်ရှုဟန်ဆောင်နေတယ်။ သူဟာ ဒီလူနှစ်ယောက်ရဲ့ ချစ်သူငယ်ချင်း ဆက် ဖြစ်ဖို့ ဆုံးဖြတ်ထားပေမယ့်၊ အခု အချိန်အများစုမှာ သူ ပါးစပ်ပိတ်နေတယ်။

"ငါ ဟာမီးကို ဘာမှ ကတိပေးမထားဘူး" ရွန်က တတွတ်တွတ် ဆိုနေတယ်။ "ငါက သူမနဲ့အတူ စလပ်ဂ်ဟွန်းရဲ့ ခရစ္စမတ်စ် ညပါတီပွဲ သွားမလို့၊ ဒါပေမယ့် သူမဟာ ဘယ်တုန်းကမှ မပြောဘူး . . . . မိတ်ဆွေပဲ ဟာ . . . . ငါက လွတ်လပ်တဲ့လူပဲ . . . ."

ဟယ်ရီက 'စိန့်မူနာ-ရှာဖွေခြင်းတစ်ခု' ကို တစ်ရွက်လှန်လိုက်တယ်။ ရွန် သူ့ကို ကြည့်နေမှန်း သိတယ်။ ရွန့်အသံ နိမ့်ကျသွားတယ်။ မီးဖိုမီး တဖျစ် ဖျစ် အသံထဲမှာ မကြားရသလောက် ဖြစ်သွားပြီ၊ ဒါပေမယ့် ဟယ်ရီဟာ "ခရွန်းမ်"နဲ့ "ဘာမှမကျေနပ်စရာ မရှိဘူး" လို စကားမျိုး ကြားရသလိုပဲ။

ဟာမီး အချိန်ဇယား သိပ်ပြည့်နေလို့ ဟယ်ရီဟာ ညနက်ကျမှ သူမနဲ့ ကောင်းကောင်းစကားပြောရတယ်။ ဒီအချိန်မှာ ရွန်နဲ့ လာဗင်ဒါတို့

www.burmeseclassic.com

www.burmeseclassic.com



ဖူးတပ်နေကြလို့ ဟယ်ရီ ဘာလုပ်နေတယ်ဆိုတာ ဂရုစိုက်ချိန် မရဘူး။ ရွှ မှိုနေရင် ဟာမီးဟာ အများနားနေခန်းကို မထိုင်ဘူး။ ဒါကြောင့် ဟယ်ရီဟာ အများအားဖြင့် စာကြည့်တိုက်မှာ သူမကို သွားတွေ့ရတယ်။ ဒါက စကား ပြောတာ တိတ်တိတ်လုပ်ရမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။

"သူ နမ်းချင်တဲ့လူကို နမ်းပစေ" ဟာမီးက ပြောတယ်။ စာကြည့် တိုက်မှူး မဒမ်ပင့်စ်ဟာ နောက်ဘက်စာအုပ်စင်ကြားမှာ လိုက်ကြည့်နေတယ် "ငါ အရေးမလုပ်ပါဘူး"

သူမဟာ ငန်းမွေးကလောင်ကို မြှောက်ပြီး ရေးနေတဲ့ ! ပေါ်မှာ အစက်ကို တအားတင်လိုက်တာ သိုးရေစက္ကူ အပေါက်ဖြစ်သွားတယ်။ ဟယ် အသံမထွက်ဘူး။ သူလည်းချောင်း မသုံးတာကြာလို့ အသံပျောက်နေပြီ ထင် မိတယ်။ သူဟာ ခေါင်းကို 'အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်း' ပေါ် ငိုနိမ့် ငုံ့မိုးပြီး 'အသက်ရှည်ဆေး' အပိုဒ်မှာ မှတ်စုရေးနေတယ်။ တစ်ခါတစ်ရံ ရပ် လီဘာရှုပ်စ်-ဘိုရာဂီနဲ့ ပတ်သက်တဲ့ အသုံးဝင်တဲ့ မင်းသားရဲ့ ဖြည့်စွက်ချက် ကို သေချာဖတ်ကြည့်တယ်။

"ကြဲ့လို့ ပြောမယ်" ခဏနေတော့ ဟာမီးက ပြောတယ်။ "နင် သတိ ထားနေ"

"နင့်ကို နောက်ဆုံးတစ်ခါ ပြောမယ်" ဟယ်ရီ တထိတ်ထိတ် ပြော တယ်။ ဒါဟာ သူ လေးဆယ့်ငါးမိနစ် ငြိမ်နေပြီး ပထမဆုံး စကားပြောတာ "ဒီစာအုပ် ငါ ပြန်မပေးတော့ဘူး။ ငါ သွေးနှောမင်းသားဆီက သင်ယူ ရတာဟာ စနိတ်ပ်နဲ့ စလပ်ဂ်ဟွန်းထက် —"

"ငါက နင့်ရဲ့ငတုံးမင်းသားဆိုတဲ့ဟာကို ပြောတာမဟုတ်ဘူး" ဟာမီး က သူ့စာအုပ်ကို ဒေါသနဲ့ ကြည့်လိုက်တယ်။ စာအုပ်က သူမကို ရန်စလို သလိုပဲ။ "ငါပြောတာက ခုနက၊ ငါ ဒီမလာခင်မှာ မိန်းကလေး သန့်စင်ခန်း သွားတယ်။ အဲဒီမှာ မိန်းကလေး တစ်ဒါဇင်လောက် ရှိတယ်။ ရိုမီဒါ-ဗာ အပါအဝင် နင့်ကို အချစ်ဆေးရည် ဘယ်လိုတိုက်ရမယ်ဆိုတာ ဆွေးနွေး ကြတယ်။ သူမတို့ဟာ စလပ်ဂ်ဟွန်းရဲ့ ညပါတီပွဲကို နင် ခေါ်သွားစေချင်တယ် ပြီးတော့ ဖရက်နဲ့ ဂျော့ရဲ့ အချစ်ဆေးရည်တွေ ဝယ်ထားကြသလိုပဲ —"

"နင် ဘာဖြစ်လို့ အဲဒါတွေကို သိမ်းမပစ်တာလဲ" ဟယ်ရီက မေးတယ်



ဟာမီးရဲ့ စည်းကမ်းထိန်းသိမ်းတဲ့ဝါသနာ ချက်ကျတဲ့အချိန်မှာ ပေါ့လျော့သွား တာကို နားမလည် ဖြစ်သွားတယ်။

"သူမတို့ဟာ ဆေးရည်ကို သန့်စင်ခန်းထဲ ယူမလာဘူး" ဟာမီးက အထင်သေးစွာ ပြောတယ်။ "စီမံကိန်းပဲ ဆွေးနွေးနေတာ။ ငါ ထင်တယ် သွေးနှောမင်းသားတောင်မှ" သူမဟာ အဲဒီစာအုပ်ကို ဒေါသနဲ့ ကြည့်လိုက် ပြန်တယ်။ "တစ်ချိန်တည်းမှာ တစ်ဒါဇင်လောက်ရှိတဲ့ မတူတဲ့ အချစ်ဆေးရည် ကို ဖြေဖို့ ဆေးမဖော်စပ်နိုင်ဘူး ထင်တယ်။ ငါသာဆိုရင် တစ်ယောက်ယောက် ကို အမြန်ဖိတ်ခေါ်လိုက်မှာ — ဒါမှ ကျန်လူတွေ အခွင့်အရေး ရှိသေးတယ်လို့ ထင်မှာ။ မနက်ဖြန်ညဆိုတော့ သူမတို့ သိပ်အရေးတကြီး ဖြစ်နေတယ်"

"ငါ ဖိတ်ချင်တာ တစ်ယောက်မှမရှိဘူး" ဟယ်ရီက ရေရွတ်တယ်။ သူဟာ ဂျင်နီကို တတ်နိုင်သလောက် မတွေးဘဲ နေတယ်။ သူမဟာ သူ့အိပ်မက် ထဲမှာ အမြဲထွက်ပေါ်လာပြီး၊ ထွက်ပေါ်တဲ့ပုံစံကလည်း သူ့ကို ရွန် အာရုံဖတ် ညာမတတ်တာကို ကံကောင်းတယ်လို့ ထင်တဲ့ပုံစံ ဖြစ်နေတယ်။

"ကောင်းပြီ၊ တစ်ခုခုသောက်ရင် နင် သတိနဲ့ သောက်။ ရိုမီဒါ- ဗာနီကို ကြည့်ရတာ အတည်ပေါက်ပဲ" ဟာမီးက သုန်မှုန်စွာ ပြောတယ်။

သူမဟာ ရှည်လျားတဲ့ သိုးရေစက္ကူကို အပေါ်ကို ဆွဲလိုက်တယ်၊ အရှုပ်ရှုပ်နဲ့ မိမိရဲ့ ဂဏန်းဗေဒင်စာတမ်းကို ဆက်ရေးတယ်။ ဟယ်ရီက သူမ ကို ကြည့်နေတယ်။ အတွေးကတော့ ဟိုးအဝေးကြီးမှာ။

"နေဦး" သူက ဖြည်းနှေးစွာ ပြောတယ်။ "ဖစ်ချ်က ဝယ်စလီပဥ္စလက် ဆိုင်က ဝယ်တာ အားလုံးကို တားထားတယ်မဟုတ်လား"

"ဖစ်ချ် ဘာတားတယ်ဆိုတာ ဘယ်သူ အရေးလုပ်မှာလဲ" ဟာမီးက ပြန်မေးတယ်။ သူမ စာတမ်းကို အာရုံစိုက် ဆက်ရေးနေတယ်။

"ဇီးကွက်အားလုံး အစစ်ဆေးခံရတယ် မဟုတ်လား။ အဲဒီမိန်းကလေး တွေ အချစ်ဆေးရည်ကို ဘယ်လိုလုပ် ကျောင်းယူလာမလဲ"

"ဖရက်နဲ့ ဂျော့က ဆေးကို ရေမွှေးနဲ့ ချောင်းဆိုးဆေးရည်လုပ် ပို့လာတာ။ ဒါ ဇီးကွက်နဲ့ ကုန်မှာတဲ့ အစိတ်အပိုင်းတစ်ခု"

"နင် သိတာ တယ်များပါလား"

ဟာမီးက ဒေါသနဲ့ သူ့ကို ကြည့်လိုက်တယ်။ 'အဆင့်မြင့်မှော်ဆေး ဖော်စပ်ခြင်း' ကို ကြည့်သလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေအားလုံး နွေကျောင်းပိတ်ရက်က သူတို့ ငါနဲ့ ဂျင်နီကို ပြတဲ့ ပုလင်းကျောဘက်မှာ ရေးထားတာလေ" သူမက အေးစက်စက် ပြောတယ်။ "ငါ သူများသောက်တဲ့ အရည်ထဲမှာ ဆေးမထည့်ဘူး . . . . ဒါမှမဟုတ် ဆေး ထည့်ဖို့ဟန်မဆောင်ဘူး။ ဒါကလည်း သိပ်ဆိုးယုတ်တာပဲ . . . ."

"ဟုတ်တယ်၊ တော်ပြီ၊ စိတ်မရှိပါနဲ့" ဟယ်ရီက အမြန်ပြောတယ်။ "ချက်ကျတာက၊ ဖစ်ချ် အလိမ်ခံရပြီ၊ ဟုတ်လား။ ဒီကောင်မလေးတွေ ပစ္စည်း ကို အယောင်ဆောင်လိုက်တာနဲ့ ကျောင်းထဲ ယူသွင်းနိုင်တယ်။ ဒါဆို မော်ဖိုင် ဘာဖြစ်လို့ ပုတီးကုံးကို — ? "

"အိုး၊ ဟယ်ရီ . . . . အဲဒါကို ထပ်မပြောပါနဲ့တော့ . . . ."

"နေပါဦး၊ ဘာဖြစ်လို့လဲ" ဟယ်ရီက ရအောင် မေးတယ်။

"နင် ကြည့်" ဟာမီးက သက်ပြင်းချလိုက်ပြီး ပြောတယ်။ "လျှို့ဝှက် အရာ စစ်ဆေးကိရိယာဟာ လာဘ်တိတ်ကျိန်စာနဲ့ ကွယ်ဝှက်ကျိန်စာတွေကို တွေ့ရှိနိုင်တယ်၊ ဟုတ်တယ်မဟုတ်လား။ ၎င်းဟာ မှော်နက်ပညာနဲ့ မှော်နက်ပစ္စည်း စစ်ဆေးဖို့ဖြစ်တယ်။ စက္ကန့်အနည်းငယ်အတွင်းမှာ အင်အားကြီးမားတဲ့ ကျိန်စာ ကို စမ်းသပ်တွေ့ရှိနိုင်တယ်။ ဥပမာ ပုတီးကုံးပေါ်ကဟာလို။ ဒါပေမယ့် ပုလင်း မှား ထည့်ထားတဲ့အရာကိုတော့ စစ်ဆေးလို့ မရဘူး — ပြီးတော့လဲ၊ အချစ် ဆေးရည်က မှော်နက်ပစ္စည်း မဟုတ်ဘူး၊ အန္တရာယ်လဲ မရှိဘူး —"

"နင် ပြောတာတော့ လွယ်လွယ်လေးရယ်" ဟယ်ရီက ရေရွတ်တယ်။ ရိုမီဒါ-ဗာနီကိုလည်း တွေးမိတယ်။

" — ဒါကြောင့် ဖစ်ချ်က အဲဒါ ချောင်းဆိုးဆေးရည်မဟုတ်တာ တွေ့ဖို့ပဲ မျှော်လင့်ရမှာပဲ။ ဒါပေမယ့် သူဟာ သိပ်တော်တဲ့ မှော်ဆရာ မဟုတ် ဘူး သူ ခွဲခြားနိုင်သလားဆိုတာ ငါ သံသယရှိတယ် — "

ဟာမီး ရုတ်တရက် ရပ်သွားတယ်။ ဟယ်ရီလည်း ကြားတယ်၊ တော့ အတ်တာ မှောင်နေတဲ့ စာအုပ်စင်ကြားမှာ ခြေသံနီးလာတာ ကြားရတယ်။ သူတို့ ခဏစောင့်နေတယ်၊ မဒမ်ဖင့်စ်ရဲ့ လင်းတလို မျက်နှာကြီး ကွေ့ချိုးကနေ ပေါ်လာတယ်၊ ချိုင့်နေတဲ့ ပါးပြင်၊ သိုးရေစက္ကူလို အရည်ပြားနဲ့ ရှည်လျားတဲ့ ချိတ်ကောက်နှုတ်သီး နှာခေါင်းတွေဟာ သူမလက်ထဲက မီးအိမ်ကြောင့် ရှင်းရှင်း လင်းလင်း မြင်ရတယ်။



"စာကြည့်တိုက် ပိတ်ချိန်ရောက်ပြီ" သူမက ပြောတယ်။ "ငှားထားတဲ့ စာအုပ်ကို နေရာရောက်အောင် ပြန်ထား — မင်း အဲဒီစာအုပ်ကို ဘာလုပ် ထိုက်သလဲ၊ အကျင့်မကောင်းတဲ့ ကောင်လေး"

"ဒါ စာကြည့်တိုက်ကဟာ မဟုတ်ဘူး၊ ကျွန်တော့်ဟာ" ဟယ်ရီက အမြန်ပြောတယ်။ စားပွဲပေါ်က 'အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်း' စာအုပ် ကိုလည်း ဆွဲယူတယ်၊ ဒါပေမယ့် မဒမ်ဖင့်စ်ရဲ့ သိမ်းငှက်လက်သည်းလို လက်က ဆွဲယူသွားပြီ။

"ဖားပြတိုက်တာ" သူမက ဟစ်အော်တယ်၊ "မထေမဲ့မြင် ပြုတာ၊ ညစ်ညမ်းတဲ့လုပ်ရပ်"

"စာအုပ်ပေါ် စာနည်းနည်းရေးတာပဲဟာ" ဟယ်ရီက ချေပ,ရင်း သူမလက်ထဲကနေ စာအုပ်ကို ပြန်ဆွဲယူလိုက်တယ်။

သူမကြည့်ရတာ နှလုံးရောဂါထတော့မလိုပဲ၊ ဟာမီးဟာ ကမန်း ကတန်း ပစ္စည်းတွေ သိမ်းပြီး ဟယ်ရီ့ကို လက်မောင်းက ဆွဲခေါ်သွားတယ်။

"နင် သတိမထားရင်၊ နင့်ကို စာကြည့်တိုက်ထဲ ဝင်ခွင့် တားမြစ် ထိမ့်မယ်၊ နင် ဘာဖြစ်လို့ အဲဒီငတုံးစာအုပ်ကို ယူလာရတာလဲ"

သူမ လျှောက်အော်ဟစ်နေတာ ငါ့အမှားမှ မဟုတ်တာ၊ ဟာမီး။ နင် ဖစ်ချ် မကောင်းကြောင်းပြောတာ သူမ ကြားမလား ပြောစမ်း။ သူတို့ နှစ်ယောက် တစ်ခုခုတော့ တစ်ခုခုလို့ ငါ ထင်နေတယ် . . . ."

"အိုး၊ ဟား ဟား . . . ."

သူတို့ ပုံမှန်အတိုင်း စကားပြောရလို့ ပျော်သွားကြတယ်။ ဒါနဲ့ သူတို့ ဟာ မီးလင်းနေတဲ့ လူမရှိတဲ့ စင်္ကြံအတိုင်း အများနားနေခန်းဆီ လျှောက်သွား ကြတယ်၊ ဖစ်ချ်နဲ့ မဒမ်ဖင့်စ်တို့ တိတ်တိတ်ချစ်ကြိုက်နေတာ ရှိ မရှိ ငြင်းခုံ သွားကြတယ်။

"တစ်ပြားမှ မတန်ဘူး" ဟယ်ရီက မိန်းမဝဝကြီးကို ပြောတယ်၊ ဒါက ပွဲနေ့စကားဝှက်အသစ်။

"မင်းလဲ အတူတူပဲ" မိန်းမဝဝကြီးက နောက်တောက်တောက် ပြော တယ်၊ ရှေ့ကို လှည့်ပေးပြီး သူတို့ကို ဝင်ခိုင်းတယ်။

"ဟိုင်း၊ ဟယ်ရီ" ဟယ်ရီ အရှပ်ကားအပေါက်ဝက တိုးဝင်လိုက် တာနဲ့ ရိုမီဒါ-ဗာနီက ပြောတယ်။ "ဂီလီရေသောက်မလား"

www.burmeseclassic.com

www.burmeseclassic.com



ဟာမီးက လှည့်ပြီး သူ့ကို "ငါပြောတာ မှတ်မိလား" ဆိုတဲ့ အကြည့်နဲ့ ကြည့်လိုက်တယ်။

"ဟင့်အင်း၊ ကျေးဇူးပဲ" ဟယ်ရီက အမြန်ပြောတယ်။ "ဒါကို ငါ သိပ်မကြိုက်ဘူး"

"ဒါဆို၊ ဒါတွေ ယူသွား" ရိုမီဒါက ပြောတယ်။ ဘူးတစ်ဘူးကို သူ့ လက်ထဲ ထည့်လိုက်တယ်။ "ချော့ကလက်ဒယ်အိုး၊ အထဲမှာ မီးဝီစကီ ပါတယ်။ ငါ့အဖွား ပို့လာတာ၊ ဒါပေမယ့် ငါ မကြိုက်ဘူး . . . ."

"ဒါ —— ကောင်းပြီ —— ကျေးဇူးပဲ" ဟယ်ရီက ပြောတယ်၊ တခြား စကားပြောဖို့လည်း သူ စဉ်းစားမရတော့ဘူး။ "အိုး —— ငါက . . . ."

သူက ဟာမီးနောက် အမြန်လိုက်သွားလိုက်တယ်။ အသံလည်း တဖြည်းဖြည်း အားပျော့သွားတယ်။

"နင့်ကို ပြောပြီးပြီ" ဟာမီးက တိုတိုပဲ ပြောတယ်၊ "စောစောစီးစီး တစ်ယောက်ကို ဖိတ်ထား၊ ဒါဆို သူမတို့ လာမရှုပ်တော့ဘူး ——"

သူမဟာ ရုတ်တရက် ငိုင်သွားတယ်။ အကြောင်းက ရွန်နဲ့ လာဗင်ဒါ တို့ ပူးကပ်ပြီး လက်တန်းကုလားထိုင်တစ်လုံးထဲ တိုးထိုင်နေတာ မြင်ရလို့။

"မင်္ဂလာညပါ၊ ဟယ်ရီ" ဟာမီးက ပြောတယ်။ စင်စစ်မှာ ခုမှ ခုနစ် နာရီပဲ ရှိသေးတယ်။ သူမ ဘာမှထပ်မပြောတော့ဘူး၊ ကျောင်းသူအိပ်ဆောင် ကို တန်းပြန်သွားတယ်။

ဟယ်ရီ အိပ်ရာဝင်တော့၊ မိမိကိုယ်မိမိ နှစ်သိမ့်တယ်။ နောက်ထပ် ကျောင်းတစ်ရက် တက်ရမှာရယ်၊ စလပ်ဂ်ဟွန်း ညပါတီပွဲကို ရင်ဆိုင်ရမှာ ရယ်ပဲ ရှိတော့တယ်။ ပြီးရင် ရွန်နဲ့အတူ အညာတရဂေဟာကို သွားလို့ရပြီ ကြည့်ရတာ ရွန်နဲ့ ဟာမီးတို့ ပွဲရက်မတိုင်မီ ပြန်သင့်မြတ်ဖို့ မဖြစ်နိုင်တော့ဘူး ဒါပေမယ့် ကျောင်းပိတ်ရက်ထဲမှာ နှစ်ယောက်စလုံး စိတ်ငြိမ်ငြိမ်နဲ့ မိမိတို့ အပြုအမူကို ပြန်ဆန်းစစ်နိုင်ချင် ဆန်းစစ်နိုင်လိမ့်မယ်၊

ဒါပေမယ့် မျှော်လင့်ချက်တော့ သိပ်မရှိဘူး။ နောက်နေ့ သူတို့ နှစ်ယောက် ရုပ်ပြောင်းအတန်းကို အတူတက်ကြပြီးနောက် မျှော်လင့်ချက် ပိုလေးသွားတယ်လို့ ခံစားရတယ်။ လူခန္ဓာကိုယ် ရုပ်ပြောင်းတဲ့ အထူးခက်ခဲ အကြောင်းအရာ ဖြစ်တယ်၊ ဒီအချိန်မှာ မှန်ကို ကြည့်ပြီး၊ မိမိမျက်ခုံးမွေးတို့ အရောင်ပြောင်းရတယ်။ ဟာမီးက ရွန်ရဲ့ပထမဆုံးအကြိမ် စမ်းလုပ်ခြင်း ——



သူဟာ မိမိကိုယ်မိမိ အရုပ်ဆိုးတဲ့ နှုတ်ခမ်းမွေးနှစ်စု ပေါက်လာစေတာကို နှစ်သက်စွာ ပြက်ရယ်ပြုတယ်။ ရွန်ကလည်း ပြန်ကလဲ့စားချေတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ် မေးခွန်းမေးတိုင်းမှာ သူဟာ ဟာမီး ထိုင်ခုံပေါ်ကနေ ခုန်ထလိုက် ထိုင်ချလိုက် လုပ်ပုံကို တူအောင် တုလုပ်ပြတယ်၊ လာဗင်ဒါနဲ့ ပါဗာတီတို့ သိပ်ရယ်စရာကောင်းတယ်လို့ ထင်ကြတယ်။ ဟာမီးဟာ ငိုဖို့ နည်း နည်းလိုတယ်။ ကျောင်းဆင်းကလိုင်သံ ကြားတာနဲ့ သူမဟာ ကျောင်းခန်းက ပြေးထွက်သွားတယ်။ ပစ္စည်းတစ်ဝက်လောက် ကျန်နေရစ်တယ်၊ အခုအချိန်မှာ သူမဟာ ရွန်ထက် ပိုပြီး စာနာဖို့လိုတယ်လို့ ဟယ်ရီထင်တာနဲ့ သူမပစ္စည်း တွေကို သိမ်းဆည်းပြီး လိုက်သွားတယ်။

သူမကို မီပြီ၊ ဟာမီးဟာ အောက်ထပ် သန့်စင်ခန်းက ထွက်လာရုံ ရှိသေးတယ်။ သူမဘေးမှာ လူနာ-လတ်ဗွဒ်က ကျောကို လျှောက်ထုပေးနေတယ်။

"အိုး၊ မင်္ဂလာပါ၊ ဟယ်ရီ" လူနာက ပြောတယ်။ "နင့်မျက်ခုံးမွေး တစ်ပင်က ရွှေရောင်ဆိုတာ နင်သိလား"

"ဟိုင်း၊ လူနာ၊ ဟာမီး၊ နင့်ပစ္စည်းတွေ ကျန်နေတယ်"

ဟယ်ရီက သူမစာအုပ်တွေကို ကမ်းပေးလိုက်တယ်။

"အိုး၊ ဟုတ်ပြီ" ဟာမီးက ရှိုက်ရင်း ပြောတယ်။ သူမပစ္စည်းတွေကို အမြန် ယူလိုက်တယ်။ တစ်ခါ အလျှင်အမြန် လှည့်သွားပြီး စာရေးကိရိယာ အိတ်နဲ့ ဖုံးကွယ်စွာ မျက်ရည်သုတ်လိုက်တယ်၊ "ကျေးဇူးတင်တယ်၊ ဟယ်ရီ၊ ငါ သွားတော့မယ် . . . ."

သူမဟာ ကမန်းကတန်း ထွက်သွားတယ်။ ဟယ်ရီ နှစ်သိမ့်စကား ပြောဖို့ အခွင့်အရေး မရလိုက်ဘူး။ သူမှာလည်း တကယ်တော့ သင့်တော်တဲ့ စကား ဘာမှတွေးလို့ မရပါဘူး။

"သူမ သိပ်စိတ်မပျော်ဘူး" လူနာက ပြောတယ်၊ "အစက ငိုကြွေး တဲ့ မားထော်လို့ ငါ ထင်နေတာ၊ လက်စသတ်တော့ ဟာမီးဖြစ်နေတယ်။ သူမက ရွန်-ဝယ်စလီအကြောင်း ပြောတယ် . . . ."

"ဟုတ်တယ်၊ သူတို့ စကားများတယ်"

"ရွန်ဟာ တစ်ခါတလေ စကားပြောတာ သိပ်ပျော်ဖို့ကောင်းတာပဲ၊ မဟုတ်လား" နှစ်ယောက်သား စင်္ကြံထဲ သွားနေကြစဉ် လူနာက ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သူ နည်းနည်းနှစ်သက်စရာကောင်းတယ်။ ငါ မနှစ်တုန်းကတည်းက တွေ့တယ်"

"ဟုတ်မယ်" ဟယ်ရီက ပြောတယ်။ လူနာဟာ သူမရဲ့ ထူးခြားတဲ့ စွမ်းရည်ကို ပြပြန်ပြီ၊ အဲဒါ မပျော်ရွှင်စရာ အဖြစ်မှန်ကို ဒဲ့ဒိုးပြောချလိုက်တာပဲ။ သူမလိုလူမျိုးကို သူ တကယ်ပဲ မတွေ့ဖူးဘူး။ "နင် ဒီကျောင်းပတ် အဆင်ပြေရဲ့လား"

"အိုး၊ ရပါတယ်။ DA မရှိတော့ဘူး၊ နည်းနည်းအထီးကျန်တယ်။ ဒါပေမယ့် ဂျင်နီက သိပ်ကောင်းတယ်။ ဟိုနေ့က ရုပ်ပြောင်းအတန်းမှာ သူမက ကျောင်းသားနှစ်ယောက် ငါ့ကို 'အရူးမ' လို့ ခေါ်တာ တားလိုက်တယ် —"

"နင် ဒီည ငါနဲ့ စလပ်ဂ်ဟွန်းရဲ့ ညပါတီပွဲ သွားမလား"

ဒီစကား ပါးစပ်ထဲက ထွက်သွားတယ်။ ဟယ်ရီ တားဖို့ မမီတော့ဘူး။ သူစိမ်းတစ်ယောက် စကားပြောနေတယ်လို့ သူ့ကိုယ်သူ ထင်တယ်။

လူနာရဲ့ အပြင်ဘက်သို့ ပြူးနေတဲ့ မျက်လုံးတွေဟာ အံ့သြစွာ သူ့ဘက် လှည့်လိုက်တယ်။

"စလပ်ဂ်ဟွန်းရဲ့ ညပါတီပွဲ ? နင်နဲ့ ? "

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ "ငါတို့အားလုံး ဧည့်သည် ခေါ်ရမယ်၊ ဒါကြောင့် နင်များ . . . . ငါ ဆိုလိုတာက . . . . " သူဟာ သူ့ သဘောကို ရှင်းအောင်ပြောဖို့ လောနေမိတယ်။ "ငါ့သဘောက၊ သူငယ်ချင်း အနေနဲ့၊ နင်နားလည်ပါတယ်။ ဒါပေမယ့် နင် မသွားချင် . . . . "

သူဟာ သူမ မသွားဖို့ နည်းနည်းမျှော်လင့်မိတယ်။

"အား၊ ဟင့်အင်း၊ ငါ သူငယ်ချင်းအနေနဲ့ နင်နဲ့ သွားမယ်" လူနာက ပြုံးရွှင်နေတယ်။ သူမ ဒီလိုတောက်ပစွာ ပြုံးတာ ဟယ်ရီ မမြင်ဖူးဘူး။ "ငါ့ကို ညပါတီပွဲဝင်ဖို့ ဘယ်သူမှမဖိတ်ဖူးဘူး၊ သူငယ်ချင်းအနေနဲ့။ နင် ဒါကြောင့် မျက်ခုံးမွေးဆိုးထားတာလား၊ ငါလဲ ဆိုးရမလား"

"မလိုဘူး" ဟယ်ရီက ပြတ်သားစွာ ပြောတယ်။ "အဲဒါ အမှားတစ်ခု ငါ ဟာမီးကို ပြန်နဂိုအတိုင်းဖြစ်အောင် လုပ်ခိုင်းရမယ်။ ဒါဆို၊ ငါ ရှစ်နာရီ ထိုးခါနီးမှာ စောင့်နေမယ်"

"အားဟား" ခေါင်းပေါ်က အသံတစ်သံက အော်ပြောတယ်။ နှစ်ယောက်စလုံး လန့်သွားတယ်။ ခုနက သူတို့ သတိမထားမိဘူး၊ သခဲ့ဖီး



အောက်က ခုနက ဖြတ်လာတာ၊ သူဟာ အကိုင်းပုံသဏ္ဌာန် မီးဆိုင်းမှာ အောက်ထိုးကြီး ချိတ်ပြီး သူတို့ကို သွားဖြဲပြီး ခပ်ဆိုးဆိုး ရယ်နေတယ်။

"အရူးလေးက အရူးမလေးကို ညပါတီပွဲ ဖိတ်တယ်။ အရူးလေးက အရူးမလေးကို ကြိုက်နေတယ်။ အရူးလေးက —— အရူးမလေးကို —— ကြိုက်နေတယ်" သူဟာ ရှူးခနဲ ပျံသွားတယ်၊ တခစ်ခစ်လည်း ရယ်သွားတယ်။ ရူးရူး ပါးပါးလည်း အော်သွားတယ်။ "အရူးလေးက အရူးမလေးကို ကြိုက်နေတယ်"

"ဒီကိစ္စတွေ လျှောက်မပြောနဲ့" ဟယ်ရီက ပြောတယ်။ တကယ်ပဲ၊ ခဏလေးနဲ့ တစ်ကျောင်းလုံး သိကုန်ပြီ။ ဟယ်ရီ-ပေါ်တာက လူနာ-လဗ်ဂွဒ်ကို စလပ်ဂ်ဟွန်းညပါတီပွဲ လိုက်ဖို့ ဖိတ်တယ်။

"မင်း ဘယ်သူ့ခေါ်ခေါ် ရတယ်" ညစာစားတော့ ရွန်က မယုံနိုင်ဘဲ ပြောတယ်။ "ဘယ်သူဖြစ်ဖြစ်၊ ဒါပေမယ့် မင်းက အရူးမ လဗ်ဂွဒ်ကို ရွေးလိုက်တယ် ? "

"သူမကို ဒီလိုမပြောနဲ့၊ ရွန်" ဂျင်နီက အပြစ်တင်တယ်။ သူမဟာ ဟယ်ရီ့ကျောဘက်က ဖြတ်သွားနေတယ်။ သူမသူငယ်ချင်းတွေဆီ သွားတာ။ "နင် သူမကို ခေါ်သွားမယ်ဆိုလို့ ငါ သိပ်ဝမ်းသာတာပဲ၊ ဟယ်ရီ၊ သူ သိပ်ကို ဝမ်းသာနေတယ်"

သူမဟာ ဒင်းနဲ့ သွားထိုင်တယ်။ ဟယ်ရီဟာ ဂျင်နီက သူ လူနာကို ညပါတီပွဲခေါ်တာ သဘောတူလို့ ဝမ်းသာမယ်လုပ်တယ်။ ဒါပေမယ့် သူ ဝမ်းမသာနိုင်ဘူး။ ဟာမီးတစ်ယောက်တည်း အဝေးကြီး သွားထိုင်နေတယ်။ သူမရဲ့ အသားနှပ်ဟင်းကို မွှေဆွနေတယ်။ ရွန်က သူမကို ချောင်းကြည့်နေတာ ဟယ်ရီ သတိပြုမိတယ်။

"မင်း သွားတောင်းပန်လို့ ရတာပဲ" ဟယ်ရီက ပွင့်လင်းစွာ အကြံပေးတယ်။

"ဘာလဲ ? ငှက်ကလေးတစ်အုပ် ငါ့ကို ထပ်ဆိတ်စေချင်လို့လား" ရွန်က ဗလုံးဗထွေး ပြောတယ်။

"မင်း ဘာဖြစ်လို့ သူမကို အတုခိုးလုပ်ပြတာလဲ"

"သူမက ငါ့နှုတ်ခမ်းမွေးကို ကဲ့ရဲ့လို့"

"ငါလဲ ရယ်တာပဲ၊ ဒါဟာ ငါကြုံဖူးတဲ့ အညံ့ဆုံးကိစ္စ"

ဒါပေမယ့် ရွန်ဟာ မကြားရသလိုပဲ။ လာဗင်ဒါနဲ့ ပါဗာထီတို့ ခုထင်

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာကြတယ်။ လာဗင်ဒါက ရွန်နဲ့ ဟယ်ရီကြား တိုးဝင်ပြီး ရွန့်လည်ပင်းကို လက်နဲ့ ရစ်ဖက်ထားလိုက်တယ်။

"ဟိုင်း၊ ဟယ်ရီ" ပါဗာတီက ပြောတယ်။ သူမဟာ ဟယ်ရီ့လိုပဲ သူငယ်ချင်းနှစ်ယောက်ရဲ့ အပြုအမူကို နည်းနည်းအနေရကြပ်ပြီး ငြီးငွေ့နေတယ်။

"ဟိုင်း" ဟယ်ရီက ပြောတယ်။ "နင် နေကောင်းရဲ့လား၊ နင် ဟော့ဂ်ဝပ်မှာ နေခဲ့မှာလား။ နင့်မိဘက နင့်ကို ပြန်စေချင်တယ်လို့ ကြားတယ်"

"ငါ ယာယီအားဖြင့် သူတို့ကို နားချထားတယ်။ ခက်ထိကိစ္စကြောင့် သူတို့ သိပ်တုန်လှုပ်နေတယ်။ ဒါပေမယ့် နောက်တော့ ဘာမှမဖြစ်တော့တာနဲ့ . . . . အိုး။ ဟိုင်း၊ ဟာမီး"

ပါဗာတီ ပြုံးနေတယ်။ သူမဟာ ရုပ်ပြောင်းအတန်းတုန်းက ဟာမီး ရယ်တဲ့အတွက် စိတ်မကောင်းလို့ဆိုတာ ဟယ်ရီ သိတယ်။ သူ လှည့်ကြည့်လိုက်တော့ ဟာမီးဟာလည်း ပြုံးနေတယ်။ ဖြစ်နိုင်ရင် တောက်ပတဲ့ အပြုံး တောင် ပြောနိုင်တယ်။ မိန်းကလေးတွေဟာ တစ်ခါတလေ သိပ်ထူးဆန်းတာပဲ

"ဟိုင်း၊ ပါဗာတီ" ဟာမီးက ပြောတယ်။ ရွန်နဲ့ လာဗင်ဒါကို လုံး အရေးမလုပ်ဘူး။ "နင် ဒီည စလပ်ဂ်ဟွန်းပါတီပွဲ သွားမလား"

"ငါ့ကိုဖိတ်တဲ့လူ မရှိဘူး" ပါဗာတီက စိတ်ပျက်စွာ ပြောတယ်။ "ဒါပေမယ့် ငါ သိပ်သွားချင်တယ်။ ကြားရတာ သိပ်မိုက်သလိုပဲ . . . . နင် သွားမယ် မဟုတ်လား"

"အင်း၊ ငါ ရှစ်နာရီမှာ ကော်မက်နဲ့ ဆုံမယ်၊ ငါတို့ —"

ပိတ်ဆို့နေတဲ့ ရေကန်ထဲကနေ ပွန်ကြပ်ကို ဆွဲထုတ်လိုက်တဲ့ အသံ လို၊ ရွန် ရေပေါ် ပေါ်လာတယ်။ ဟာမီးဟာ ဘာမှမကြားသလို၊ ဘာမှမမြင် သလိုပဲ။

" — ငါတို့အတူသွားမှာ"

"ကော်မက် ? " ပါဗာတီက မေးတယ်။ "နင်က ကော်မက်- ဆ သတ်ဝင်ကို ပြောတာလား"

"ဟုတ်တယ်" ဟာမီးက ချိုချိုလေး ပြောတယ်။ "ဂရစ်ဖင်းဒေါ် ဖြ ဆောင်ဖြစ်ဖို့ နည်းနည်းလေး — သူမက ဒီဝေါဟာရကို အထူးအလေး ပြောတယ် — လိုတဲ့လူလေ"



"ဒါဆို နင် သူနဲ့ ချိန်းတွေ့နေလား" ပါဗာတီက မျက်လုံးကြီး ပြူးပြီး မေးတယ်။

"အိုး — ဟုတ်တယ် — နင် မသိဘူးလား" ဟာမီးက ပြောရင်း ဟာမီးနဲ့ နည်းနည်းမှ မတူဘဲ တခစ်ခစ်ရယ်လာတယ်။

"မဟုတ်ဘူးထင်တယ်" ပါဗာတီဟာ ဒီသတင်းကြောင့် အလွန် အာရုံကြွနေသလိုပဲ။ "ဝိုး၊ နင်ကတော့ ခွေဒစ်ဘောသမားကို တကယ်ကြိုက် တာပဲ၊ မဟုတ်ဘူးလား။ အရင်ဆုံး ခရွန်းမ်၊ ဒီနောက် မက်လက်ဂင် . . . ."

"ငါက တကယ်တော်တဲ့ ခွေဒစ်ဘောသမားကိုမှ ကြိုက်တာ" ဟာမီး က သူမကို ပြင်ပြောတယ်။ ပြုံးမြဲပြုံးနေတယ်။ "တော်ပြီ၊ နောက်မှ ပြောကြ မယ် . . . . ပါတီပွဲဝင်ဖို့ သွားပြင်ရတော့မယ် . . . ."

သူမ သွားလိုက်ပြီ။ လာဗင်ဒါနဲ့ ပါဗာတီတို့ ချက်ချင်း ခေါင်းချင်း ဆိုင်ပြီး ဒီအခြေအနေသစ်ကို ပြောဆိုနေကြတယ်။ သူမတို့ မက်လက်ဂင်နဲ့ ပတ်သက်တဲ့ ကြားထားတာတွေ၊ ဟာမီးအပေါ် ခန့်မှန်းချက်တွေ အပါအဝင် ပြောဆိုနေကြတယ်။ ရွန့်အမူအရာဟာ အလွန်ထုံထိုင်းနေတယ်၊ စကားတစ် ခွန်းမှ မပြောဘူး။ ဟယ်ရီဟာ အဲဒီမှာနေပြီး မိန်းကလေးတွေဟာ ကလဲစား ချေဖို့အတွက် ဘယ်လောက်ထိ နစ်မွန်းခံသလဲဆိုတာ တွေးနေတယ်။

ည ရှစ်နာရီမှာ သူတို့တံခါးခန်းကို လာကြတယ်။ အလွန်များတဲ့ ဆောင်မလေးတွေ အဲဒီမှာ ဝေ့လည်ဝေ့လည် လုပ်နေတာ တွေ့ရတယ်။ သူ လူနာဆီ သွားတော့ သူမတို့ဟာ သူ့ကို ပြစ်တင်စွာနဲ့ ကြည့်နေတာ တွေ့ရတယ်။ လူနာဟာ ငွေရောင်လက်တဲ့အပြားလေးတွေပါတဲ့ ဝတ်ရုံကို ဝတ်ဆင်ထား တယ်။ ဒါကို ခိုးရယ်တာ ခံရတယ်။ ဒါပေမယ့် တခြားဘက်မှာတော့၊ သူမဟာ ဆိုးပါဘူး။ သူမ ခါကြက်ဥနားဆွဲ၊ ထောပတ်ဘီယာ ပုလင်းဆို့လည်ဆွဲနဲ့ သူမရဲ့ သရဲသဘက်မြင် မျက်မှန်ကို ဝတ်ဆင်မလာတာ သိပ်ကံကောင်းတယ် လို့ ဟယ်ရီ ထင်တယ်။

"ဟိုင်း၊ တို့သွားလို့ ရပြီလား"

"အိုး၊ ကောင်းပြီ" သူမက ပျော်ရွှင်စွာ ပြောတယ်။ "ညပါတီပွဲ ဘယ်မှာလုပ်မှာလဲ"

"စလပ်ဂ်ဟွန်းရဲ့ ရုံးခန်းမှာ" ဟယ်ရီက သူမကို ခေါ်ပြီး မာဘော်

www.burmeseclassic.com

www.burmeseclassic.com



ဘောှာတ်လှေကားက တက်ကာ အဲဟိုအကြည့်တွေနဲ့ မကြားတကြား ပြောဆို သံတွေကို ခွဲခွာခဲ့တယ်။ "နင် ကြားပြီလား၊ သွေးစုပ်ကောင်လဲ သွားမှာတဲ့"

"ရှူးဖူးစ်-စခရင်းမ်ဂျဲ ?" လူနာက မေးတယ်။

"ငါ —— ဘာ ?" ဟယ်ရီ အလန့်တကြား မေးလိုက်တယ်။ "နင် ပြောတာ မှော်ဝန်ကြီးလား"

"ဟုတ်တယ်၊ သူက သွေးစုပ်ကောင်" လူနာက အလွန်သဘောကျစွာ ပြောတယ်။ "စခရင်းမ်ဂျဲဟာ ကွန်နယ်လစ်-ဖပ်ဂ်ကို အစားထိုးခါစက၊ ငါ့အစေ အလွန်ရှည်တဲ့ ဆောင်းပါးတစ်ပုဒ် ရေးဖူးတယ်။ ဒါပေမယ့် ဝန်ကြီးဌာနက သူ့ကို ထုတ်ပြန်ခွင့်မပေးဘူး။ သူတို့ဟာ အဖြစ်မှန်ကို လူသိမှာစိုးတာ သေချာ တယ်"

ရှူးဖူးစ်-စခရင်းမ်ဂျဲကို သွေးစုပ်ကောင်လို့ ပြောတာ အဓိပ္ပာယ် မရှိဘူး လို့ ဟယ်ရီ ထင်တယ်။ ဒါပေမယ့် လူနာက သူ့အဖေရဲ့ ထူးဆန်းတဲ့ အတွေးတွေ ကို တကယ့်ဖြစ်ရပ်လို့ ပြောတာကို သူ အကျင့်ရနေပြီ။ ဒါနဲ့ ဘာမှမပြောဘူး သူတို့ စလပ်ဂ်ဟွန်းရုံးခန်းနဲ့ နီးလာပြီ။ ရယ်သံ၊ ဂီတသံနဲ့ အသံကျယ်ကျယ် ပြောဆိုသံတွေဟာ သူတို့ခြေလှမ်းနဲ့အတူ ပိုကျယ်လာတယ်။

အစကတည်းက ဒီလိုပဲလား၊ ဒါမှမဟုတ် မှော်ပညာ စီရင်ထားလို့ လား မသိဘူး။ စလပ်ဂ်ဟွန်းရဲ့ ရုံးခန်းဟာ ရိုးရိုးဆရာတွေရဲ့ ရုံးခန်းထက် အများကြီး ကြီးတယ်။ မျက်နှာကြက်နဲ့ နံရံပေါ်မှာ အစိမ်းတောက်တောက် အနီရင့်ရင့်နဲ့ ရွှေရောင်လိုက်ကာတွေ ချိတ်ဆွဲထားတယ်။ ရွက်ထည်တဲကြီး တစ်လုံးထဲမှာလို ထင်ရတယ်။ အခန်းထဲမှာ ပြည့်ကြပ်အိုက်စပ်နေတယ်။ မျက်နှာကြက်အလယ်ဗဟိုမှာ ချိတ်ဆွဲထားတဲ့ ရွှေရောင်မီးရောင်ကြောင့် နီ နေတယ်။ မီးထဲမှာ မှင်စာလေးအစစ်တွေ လက်နေတယ်။ မှင်စာလေးတိုင်းဟာ လက်နေတဲ့ အလင်းစက်ပဲ။ အဝေးရှိ ထောင့်တစ်ထောင့်ကနေ အသံကျယ်ကျယ် မယ်ဒလင်နဲ့ သီဆိုနေတဲ့ သီချင်းသံ ပေါ်လာတယ်။ စကားလက်ဆုံကျနေတဲ့ မှော်ဆရာအိုကြီးတချို့ရဲ့ ခေါင်းပေါ်မှာ ဆေးတံမီးခိုးတွေ ဖုံးအုပ်နေတယ်။ အိမ်စေ့မှင်စာလေးတချို့ဟာ ခြေသလုံးတောအုပ်ထဲမှာ ပွတ်ကာသီကာ ဖြတ်သန်းသွားလာပြီး လေးပင်တဲ့ ငွေလင်ဗန်းတွေကို ပင့်ထားတယ်။ ၎င်းတို့ရဲ့ ကိုယ်ကိုတောင် ဖုံးသွားတယ်။ လျှောက်သွားနေတဲ့ စားပွဲခုံကလေးတွေလို ထင်နေတယ်။



"ဟယ်ရီ၊ ကျုပ်ကောင်လေး" ဟယ်ရီနဲ့ လူနာ တံခါးက တိုးဝင်လိုက် တာနဲ့ စလပ်ဂ်ဟွန်းဟာ အသံဝါကြီးနဲ့ အော်ပြောတယ်။ "ဝင်ခဲ့၊ ဝင်ခဲ့။ လူတွေ အများကြီး၊ မင်းနဲ့ တွေ့ပေးရမယ်"

စလပ်ဂ်ဟွန်းဟာ ပန်းပွားပါတဲ့ စိန်ကတ္တီပါ ဦးထုပ်တစ်လုံး ဆောင်း ထားတယ်။ ၎င်းရဲ့ ဆေးလိပ်သောက် ဂျက်ကက်နဲ့ အလွန်လိုက်ဖက်တယ်။ သူဟာ ဘာမှပြောမနေဘဲ ဟယ်ရီ့ကို ခေါ်ပြီး လူအုပ်ထဲ ဝင်ခဲ့တယ်။ ဟယ်ရီ့ လက်မောင်းကို တင်းတင်းဆုပ်ကိုင်ထားတယ်။ သူ့ကိုခေါ်ပြီး ရုပ်ရှေ့ပြောင်း တော့မလိုပဲ။ ဟယ်ရီက လူနာ့လက်ကို ဆွဲပြီး သူမကိုပါ ဆွဲခေါ်တယ်။

"ဟယ်ရီ၊ မင်းကို အဲဒရက်ဒ်-ဝေါဖော်နဲ့ တွေ့စေချင်တယ်၊ ကျုပ် အရင်က တပည့် 'သွေးရင်းညီအစ်ကို —— သွေးစုပ်ကောင်များအလယ်မှာ နေခြင်း' ရဲ့ စာရေးဆရာ —— အမှန်ပဲ၊ သူ့မိတ်ဆွေ ဆန်ဂွီနီလဲ ရှိသေးတယ်" ဝေါဖော်ဟာ မျက်မှန်နဲ့ အရပ်ပုတဲ့ ယောက်ျားတစ်ယောက်။ သူဟာ ဟယ်ရီ့ လက်ကို ရင်းနှီးစွာ ဆွဲကိုင်ထားတယ်။ သွေးစုပ်ကောင် ဆန်ဂွီနီဟာ အရပ် မြင့်ပြီး ပိန်တယ်။ မျက်လုံးအောက်မှာ မည်းနေတယ်၊ စိတ်ပျက်တဲ့ပုံ ပေါက် နေတယ်။ မိန်းကလေးတစ်အုပ်ဟာ သူ့ဘေးရပ်နေတယ်၊ သိလိုဇောနဲ့ တက်ကြွ နေတယ်။

"ဟယ်ရီ-ပေါ်တာ၊ ကျွန်တော် သိပ်ဝမ်းသာတာပဲ" ဝေါဖော်က ပြော တယ်။ အဝေးမှန်မျက်စိကို ပြူးပြီး ဟယ်ရီ့မျက်နှာကို မော့ကြည့်နေတယ်။ "ကျွန်တော် ဟိုနေ့က ပါမောက္ခ စလပ်ဂ်ဟွန်းကို ပြောတယ်၊ ကျွန်တော်တို့ မျှော်နေတဲ့ ဟယ်ရီ-ပေါ်တာ့ အတ္ထုပ္ပတ္တိ ဘယ်မှာလဲလို့"

"အဲ" ဟယ်ရီက ပြောတယ်။ "ဟုတ်လား"

"တကယ်ပဲ စလပ်ဂ်ဟွန်း ပြောသလို သိပ်နှိမ်ချတာပဲ" ဝေါဖော်က ပြောတယ်။ "ဒါပေမယ့် အမှန်ပြောရရင် ——" သူဟာ သဘောထားပြောင်း သွားပြီး ရုတ်တရက် စီးပွားရေးဆန်ဆန် ပြောလာတယ်။ "ကျွန်တော် ဒီစာအုပ် ကို သိပ်ရေးချင်တယ် —— လူတွေဟာ ခင်ဗျားကို ပိုပြီးသိချင်ကြတယ်၊ ချစ်လှ စွာသော ကောင်လေး၊ သိပ်တမ်းတတာ။ တကယ်လို့ ခင်ဗျား ကျွန်တော် မေးတာ အကြိမ်တချို့ လက်ခံမယ်ဆိုရင်၊ တစ်ကြိမ်ကို လေးငါးနာရီ၊ ဒါဆို လအနည်း အတွင်း စာအုပ်ဖြစ်သွားတယ်။ ခင်ဗျား ဘာမှအလုပ်မရှုပ်ပါဘူး၊ ကျွန်တော် အာမခံတယ် —— ဆန်ဂွီနီကို ဟုတ်မဟုတ် မေးကြည့် —— ဆန်ဂွီနီ၊ ဒီမှာနေ"

www.burmeseclassic.com

www.burmeseclassic.com



ဝေါ်ဖော်ဟာ ရုတ်တရက် အမူအရာ တင်းမာလာတယ်။ အကြောင်းက သွေး တောင်ဟာ ဘေးက မိန်းကလေးအုပ်ဆီ ကပ်သွားပြီး မျက်လုံးထဲမှာ လောင်တဲ့ အရောင်လက်နေတယ်။ "ရော့၊ အဆာသွတ်မုန့်တစ်ခုစား" ဝေါ်ဖေ က ပြောရင်း လင်ဗန်းကို ကိုင်ထားတဲ့ မှင်စာလေးတွေဆီကနေ တစ်ခု ဆွဲယူ ဆန်ဂွီနီလက်ထဲ ထည့်လိုက်တယ်။ ဒီနောက် ဟယ်ရီ့ပေါ် အာရုံပြန်ရော လာတယ်။

"ချစ်လှစွာသောကောင်လေး၊ မင်း ငွေ ဘယ်လောက်ရမလဲဆိုတာ မင်း တွေးကြည့်လို့တောင် မရဘူး —"

"ကျွန်တော် တကယ်ပဲ စိတ်မဝင်စားဘူး" ဟယ်ရီက ပြတ်သား ပြောတယ်။ "ကျွန်တော် မိတ်ဆွေတစ်ယောက်ကို မြင်တယ်၊ ဝမ်းနည်းပါတယ်"

သူဟာ လူနာကို ဆွဲပြီး လူအုပ်ထဲ တိုးဝင်လိုက်တယ်။ သူဟာ အ ရောင် ဆံပင်ရှည်ရှည်ကို တကယ်ပဲ မြင်လိုက်တယ်။ ထူးဆန်းညီအစ်မ အ အဖွဲ့ကြားမှာ ပျောက်သွားသလိုပဲ။

"ဟာမီး၊ ဟာမီး"

"ဟယ်ရီ၊ နင် ဒီမှာ၊ သိပ်ကောင်းတာပဲ။ ဟိုင်း၊ လူနာ"

"နင် ဘယ်လိုဖြစ်သလဲ" ဟယ်ရီက မေးတယ်။ ဟာမီးကြည့်ရ ရှုပ်ပွနေတယ်၊ ခုတင်ပဲ ဘီလူးပိုက်ကွန်ထဲက ရုန်းထွက်လာသလိုပဲ။

"အိုး၊ ငါ ခုတင်ထွက်ပြေးလာတာ — ငါဆိုလိုတာက၊ ငါ ခု ကော်မက်ဆီက ထွက်လာတာ" သူမက ပြောတယ်။ ဟယ်ရီက သူမကို စူး တဲ့ အကြည့်နဲ့ ကြည့်နေတာ မြင်တော့၊ ရှင်းပြသလို ထပ်ပြောတယ်။ "မစ် ထိုအောက်မှာ"

"နင့်ကို ဘယ်သူ သူနဲ့လာခိုင်းလို့လဲ" ဟယ်ရီက တင်းတင်းပြောတ

"ငါထင်တာ သူက ရွှန့်ကို စိတ်ဆိုးအောင် အလုပ်နိုင်ဆုံးပဲ" ဟာ က တည်ငြိမ်စွာ ပြောတယ်။ "ငါ ဇာချာရိုက်စ်-စမစ်ကို စဉ်းစားသေးတ ဒါပေမယ့် ငါတွေးတယ်၊ တစ်ခုလုံးအနေနဲ့ —"

"နင် စမစ်ကို စဉ်းစားသေးတယ် ?" ဟယ်ရီက စက်ဆုပ်စွာ တယ်။

"ဟုတ်တယ်၊ ငါ အခု သူ့ကို ရွေးချယ်ချင်တာ။ မက်လက်ဝ ကြည့်တော့ ဂရော့ဖ်ကတောင် လူကြီးလူကောင်းဆန်သေးတယ်။



ဘက်သွားရအောင်။ သူလာတာ မြင်နိုင်တယ်၊ သူ အရပ် ဒီလောက် မြင့် တာ . . . .

သုံးယောက်သား အခန်းဟိုဘက်ကို တိုးသွားတယ်၊ ပျားအရက်ထည့် ထားတဲ့ ခြေတံရှည် အရက်ခွက်တချို့ကို ဆွဲယူတယ်။ ပါမောက္ခ ထရီလောနီ တစ်ယောက်တည်း ရပ်နေတာ တွေ့ရတော့ သိပ်အချိန်နှောင်းသွားပြီ။

"ဟဲလို" လူနာက ယဉ်ကျေးစွာ ပြောတယ်။

"မင်္ဂလာညပါ၊ အချစ်လေး" ပါမောက္ခ ထရီလောနီဟာ နည်းနည်း အားထုတ်မှ လူနာမှန်း မြင်တယ်။ ဟယ်ရီဟာ ရှယ်လီအရက်နံ့ ရပြန်တယ်။ "ခုတလော ကိုယ့်အတန်းမှာ မင်းကို မတွေ့ရဘူး . . . ."

"ဟင့်အင်း၊ ကျွန်မ ဒီနှစ် ဖရင်ဇယ့်အတန်းတက်တယ်" လူနာက ပြောတယ်။

"အိုး၊ ဒါပေါ့" ပါမောက္ခ ထရီလောနီဟာ ဒေါသပါပါ အရက်မူးမူးနဲ့ ကြောက်ကပ်ကပ် ရယ်လိုက်ပြီး ပြောတယ်။ "ကိုယ်က ဝင်းကို ခိုင်းမြင်းလို့ ခေါ်ချင်တယ်။ ကိုယ်ပြန်လာရင် ဒမ်ဘလီဒိုးက အဲဒီမြင်းကို ပြန်သွားခိုင်းမယ် မင်းတို့ ထင်ချင်ထင်မယ်။ ဒါပေမယ့် မဟုတ်ဘူး . . . . ကိုယ်က မျှဝေပြီး ရတယ် . . . . ဒါ စော်ကားတာ၊ အမှန်ပြောရရင် စော်ကားတာ၊ မင်း သိပါတယ် . . . ."

ပါမောက္ခ ထရီလောနီဟာ မူးတာမှ ဟယ်ရီ့ကိုတောင် မမှတ်မိတော့ သလိုပဲ။ သူမ ဖရင်ဇယ်ကို ပြင်းထန်စွာ ထိုးနှက်နေတဲ့ အခွင့်အရေးကို ယူပြီး ဟယ်ရီက ဟာမီးနား ကပ်ပြောတယ်။ "ငါတို့ အခု ရှင်းအောင်ပြော၊ နင် တို့ ဂိုးစောင့်ရွေးချယ်ပွဲမှာ နင် ဝင်စွက်ဖက်တာ ပြောပြမှာလား"

ဟာမီးက မျက်ခုံးပင့်လိုက်တယ်။

"နင်က ငါ ဒါမျိုးလုပ်မယ်လို့ ထင်သလား"

ဟယ်ရီက သူမကို ကျင်လျင်စွာ ကြည့်နေတယ်။

"ဟာမီး၊ တကယ်လို့ နင် မက်လက်ဂင်ကို ဖိတ်နိုင်တယ်ဆိုရင် —"

"အဲဒါ မတူဘူး" ဟာမီးက မာနနဲ့ ပြောတယ်။

"ဂိုးစောင့်ရွေးချယ်ပွဲမှာ မူလက ဘာဖြစ်မယ်ဆိုတာ ဒါမှမဟုတ် ဖြစ်လိမ့်မယ်ဆိုတာ ငါ ရွှန့်ကို ပြောဖို့ မစဉ်းစားဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကောင်းတယ်" ဟယ်ရီက လိုက်လျှောစွာ ပြောတယ်။ "နှီမှီရှင် သူပြိုလဲသွားလိမ့်ဦးမယ်။ ငါတို့ နောက်ပွဲမှာ ရှုံးလိမ့်မယ် —"

"ခွေးစ" ဟာမီးက ဒေါသနဲ့ ပြောတယ်။ "ယောကျ်ားလေးတွေဟာ ဒါပဲ စိတ်ဝင်စားလား။ ကော်မက်ဟာ ငါနဲ့ပတ်သက်တဲ့မေးခွန်း တစ်ခုမှ မမေးဘူး။ ကော်မက်-မက်လက်ဂင်ရဲ့ အန္တရာယ်ဘောတစ်ရာ ကယ်ခဲ့တဲ့ အကြောင်းပဲ စွတ်ပြောနေတယ် — အမလေး၊ သူလာပြီ"

သူမ မြန်တာမှ ရုပ်ရှေ့ပြောင်းသွားသလိုပဲ၊ ပထမတစ်စက္ကန့်က ဒီမှာပဲ ရှိသေးတယ်၊ နောက်တစ်စက္ကန့်မှာတော့ တဟားဟားရယ်နေတဲ့ မှော်ဆရာမတွေကြား ဖြတ်ဝင်ပြီး ပျောက်သွားရော။

"ဟာမီးကို တွေ့လား" တစ်မိနစ်ကြာတော့ မက်လက်ဂင်ဟာ လူအုပ် ထဲက တိုးထွက်လာပြီး မေးတယ်။

"မတွေ့ဘူး၊ ဝမ်းနည်းပါတယ်" ဟယ်ရီ ပြောပြီးတာနဲ့ လှည့်ပြီး လူနာရဲ့ စကားဝိုင်းထဲ ဝင်လိုက်တယ်။ သူမရှေ့ကလူ ဘယ်သူဆိုတာတောင် မေ့နေတယ်။

"ဟယ်ရီ-ပေါ်တာ" ပါမောက္ခ ထရီလောနီက ပဲ့တင်သံပါတဲ့ နက်ရှိုင်းတဲ့ အသံနဲ့ ခေါ်လိုက်တယ်။ ပထမဆုံးအကြိမ်အားဖြင့် ဟယ်ရီ့ကို သတိ ပြုမိသွားတယ်။

"အား၊ မင်္ဂလာပါ" ဟယ်ရီက အေးစက်စွာ ပြောတယ်။

"ကိုယ့်ချစ်လှစွာသော ကောင်လေး" သူမက ပြောတယ်။ အသံက သေးပြီး အဝေးကြီးထိ ရောက်တယ်။ "အဲဟိုကောလာဟလတွေ၊ အဲဟိုပုံပြင် တွေ၊ အရွေးချယ်ခံရသူ၊ ဒါပေါ့၊ ကိုယ် အစောကြီးကတည်းက သိပြီးပြီ . . . နိမိတ်က ဘယ်တော့မှ မကောင်းဘူး၊ ဟယ်ရီ . . . ဒါပေမယ့် မင်း ဘာဖြစ်လို့ ဗေဒင်အတန်း လာမတက်တာလဲ၊ မင်းအဖို့ ဒီဘာသာရပ်က အထူးအရေး ကြီးတယ်"

"အား၊ စီဘီး၊ တို့အားလုံး ကိုယ့်ဘာသာရပ် အရေးကြီးတယ်လို့ ထင်ကြတယ်" အသံဝါဝါတစ်သံက ပြောတယ်။ ပါမောက္ခ ထရီလောနီရဲ့ ဘေးတစ်ဖက်မှာ စလပ်ဂ်ဟွန်း ထွက်ပေါ်လာတယ်။ သူဟာ မျက်နှာကြီးနီပြီး ဆီး ထုပ်ကြီးပေါ် ဦးထုပ် နည်းနည်းရွဲ့နေတယ်။ လက်တစ်ဖက်က ပျားအရက်ခွက် ကိုင်ပြီး ကျန်တစ်ဖက်မှာ ရောမသီးစုံအဆာသွတ်မုန့်ကြီးကို မြှောက်ထား



တယ်။ "ဒါပေမယ့် မှော်ဆေးပညာဘက်မှာ ဒီလိုပါရမီရှင်မျိုး ကျွန်တော် တွေ့ဖူးဘူး" သူက ချစ်နှစ်သက်တဲ့၊ သွေးကြောတွေနဲ့ နီနေတဲ့ မျက်လုံးနဲ့ ဟယ်ရီ့ကို ကြည့်နေတယ်။ "ဉာဏ်ကောင်းတယ်၊ သူ့အမေလိုပဲ၊ ဒီလိုဉာဏ် သိပ်ကောင်းတဲ့ ကျောင်းသား အနည်းငယ်ပဲ ကျုပ် သင်ဖူးတယ်။ ကျွန်တော် ခင်ဗျားကို ပြောပြနိုင်တယ်၊ စီဘီး — ဆီးဗရတ်စ်တောင် —"

ဟယ်ရီ ထိတ်လန့်စွာနဲ့ မြင်ရတာကတော့၊ စလပ်ဂ်ဟွန်းက လက် တစ်ဘက်ကို ဆန့်ပြီး လေထဲကနေ စနိတ်ပ်ကို ချိတ်ဆွဲယူလိုက်သလိုပဲ။

"ပုန်းလျှိုးကွယ်လျှိုး လုပ်မနေနဲ့၊ ကျုပ်တို့နဲ့ လာစကားပြော၊ ဆီး ဗရတ်စ်" စလပ်ဂ်ဟွန်းဟာ ပျော်ရွှင်စွာ ကြို့ထိုးနေတယ်။ "ကျုပ် ဟယ်ရီ့ မှော်ဆေးပညာမှာ ဖော်ပြတဲ့ ထူးခြားတဲ့စွမ်းရည်အကြောင်း ပြောနေတယ်။ ခင်ဗျားအကျိုးကြောင့်လဲ ပါတာပေါ့။ ခင်ဗျား သူ့ကို ငါးနှစ် သင်ခဲ့ပြီးပြီ"

စနိတ်ပ်ဟာ စလပ်ဂ်ဟွန်းလက်နဲ့ ညှပ်ထားလို့ မလှုပ်နိုင်ဘူး။ သူ့ အကြည့်ဟာ သိမ်းငှက်နွတ်သီးနှာခေါင်းပေါ်ကနေ ဖြတ်ပြီး ဟယ်ရီ့ကိုယ်ပေါ် ဆိုကျလာတယ်။ မျက်လုံးနက်နက် မှေးထားတယ်။

"စိတ်ဝင်စားစရာပဲ၊ ဟယ်ရီ့ကို တတ်အောင်သင်နိုင်ခဲ့တယ်ဆိုတာ ကျွန်တော် မမှတ်မိဘူး"

"အိုး၊ ဒါဆိုရင် ပါရမီရှင်ပဲ" စလပ်ဂ်ဟွန်းက အော်ပြောတယ်။ "သူ ပထမ စာသင်ချိန်ကတည်းက ကျုပ်ကို အသက်ရှင်၍သေခြင်းဆေးရည် ဖော်စပ်ပေးတယ် — ဘယ်ကျောင်းသားမှ ပထမအကြိမ်နဲ့ သူ့ထက်ကောင်း အောင် မလုပ်နိုင်ဘူး၊ ကျုပ်ထင်တယ် ခင်ဗျားတောင်မှ — ဆီးဗရတ်စ် —"

"ဟုတ်လား" စနိတ်ပ်က တည်ငြိမ်စွာ ပြောတယ်။ မျက်လုံးက ထွန်ပွလို ဟယ်ရီ့ကို ကြည့်နေတယ်။ ဟယ်ရီက နည်းနည်းအနေရကျပ်နေ တယ်။ သူ့မှော်ဆေးပညာဘက်က စွမ်းရည်အသစ် ဘယ်ကရလဲဆိုတာ စစ်ဆေးမှာ စိုးနေတယ်။

"ကျုပ်ကို သတိပေးဦး၊ မင်း ဘာဘာသာတွေ ယူသေးလဲ၊ ဟယ်ရီ" စလပ်ဂ်ဟွန်းက မေးတယ်။

"မှော်နက်ပညာ ခုခံကာကွယ်တဲ့အတတ်၊ မှော်ဂါထာ၊ ရုပ်ပြောင်း ဂါထာ၊ မှော်ဆေးပင်ဘာသာ . . . "

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခွန်းတည်းပြောရရင်၊ အောရာလုပ်ဖို့ သင်ရမယ့်အရာအားလုံး" နေ့ီတ်ပ်က ပြောတယ်၊ အနည်းငယ် ခပ်ဆိုးဆိုး ပြုံးထားတယ်။

"ဟုတ်တယ်၊ ကျွန်တော်က အောရာပဲ လုပ်ချင်တာ" ဟယ်ရီက စိန်ခေါ်စွာ ပြောတယ်။

"မင်း ထူးချွန်တဲ့အောရာ ဖြစ်မှာပါ" စလပ်ဂ်ဟွန်းက အသံဝါဝါနဲ့ ပြောတယ်။

"နင် အောရာ မလုပ်သင့်ဘူးလို့ ငါ ထင်တယ်၊ ဟယ်ရီ" လူနာက မထင်မှတ်ဘဲ ပြောတယ်။ အားလုံး သူမကို ကြည့်နေတယ်။ "အောရာဆိုတာ ရော့လန်းပူးပေါင်းကြံစည်မှုရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်တယ်။ ကျွန်မက အားလုံး သိနေပြီ ထင်တာ။ ၎င်းတို့ဟာ မှော်နက်ပညာနဲ့ သွားဖုံးရောဂါကို အသုံးပြုကာ အတွင်းပိုင်းကနေ မှော်ဝန်ကြီးဌာနကို ဖြိုဖျက်မှာ"

ဟယ်ရီက ဟီခနဲ ရယ်လိုက်လို့ ပျားအရက်တစ်ဝက်လောက်ထိုး နှာခေါင်းထဲ ရှိုက်သွင်းမိတယ်။ တကယ်ပါပဲ၊ ဒါအတွက်နဲ့တင် လူနာတို့ ခေါ်လာတာ တန်နေပါပြီ။ သူက ဖန်ခွက်ပေါ်ကနေ ခေါင်းမော့လိုက်တယ်။ ချောင်းဆိုးနေတယ်။ မျက်နှာပေါ်မှာ စိုးနေတယ်၊ ပြုံးရယ်နေတယ်။ တစ်ခါ သူ့ကို တမင်တကာ ပိုပြီးစိတ်ဝင်စားစေမယ့် ကိစ္စတစ်ခုကို မြင်ရပြန်တယ်။ ဗွာခို-မော်ဖိုင်ကို ဖစ်ချ်က နားရွက်ဆွဲပြီး ဒီဘက်လျှောက်လာနေတယ်။

"ပါမောက္ခ စလပ်ဂ်ဟွန်း" ဖစ်ချ်က ဟောဟဲ ဟောဟဲနဲ့ ပြောတယ်။ မေးပေါ်က အသားစိုင် လှုပ်နေတယ်။ ရွှေငါး မျက်စိထဲမှာ ကဲတဲ့ကျောင်းသားတို့ ဖမ်းမိတဲ့ အရူးအမူး အရောင်လက်နေတယ်။ "ဒီကောင်လေး လှေကားထြိုဲထဲမှာ ပုန်းနေတာ တွေ့တယ်။ သင် သူ့ကို ဖိတ်လို့လား"

မော်ဖိုင်က ဖစ်ချ်လက်က ရုန်းထွက်တယ်၊ သိပ်ဒေါသကန်နေသလိုပဲ။

"တော်ပြီ၊ ကျွန်တော့်ကို မဖိတ်ဘူး" သူက စိတ်ဆိုးဆိုး ပြောတယ်။ "ကျွန်တော် အတင်းဝင်ချင်တာ၊ ကျေနပ်ပြီ မဟုတ်လား"

"ဟင့်အင်း၊ ကျုပ် မကျေနပ်ဘူး" ဖစ်ချ်က ပြောတယ်။ ဒီစကားဟာ သူ့မျက်နှာပေါ်က ကျေနပ်တဲ့အမူအရာနဲ့ လုံးဝမကိုက်ဘူး။ "မင်း ပြဿနာ တက်ပြီ၊ ကျောင်းအုပ်ကြီးက ညကို ခွင့်ပြုချက်မရဘဲ လျှောက်မသွားရဘူးလို့ ပြောထားတယ် မဟုတ်လား၊ ဟင် ?"



"ကိစ္စမရှိဘူး၊ အားဂတ်စ်၊ ကိစ္စမရှိဘူး" စလပ်ဂ်ဟွန်းက လက်ခါပြ ပြောတယ်။ "ခရစ္စမတ်စ်ပွဲပဲဟာ၊ ညပါတီပွဲလာချင်တာ အပြစ်မှ မဟုတ်တာ။ ဒီတစ်ကြိမ်တော့ ထားလိုက်တော့၊ နောင်တော့ မရဘူး။ ဗွာခို၊ မင်း နေခဲ့လို့ ရတယ်"

ဖစ်ချ်ရဲ့ ဒေါသနဲ့ စိတ်ကုန်တဲ့ အမူအရာဟာ မျှော်လင့်ထားပြီးသားပဲ၊ ဒါပေမယ့် ဟယ်ရီ့ကို နားမလည်နိုင်အောင် ဖြစ်စေတာကတော့၊ မော်ဖိုင်ဟာလဲ ဘာဖြစ်လို့ ဒီအတိုင်းပဲ ဝမ်းမသာတာလဲ။ စနိတ်ပ်ဟာ မော်ဖိုင့် အကြည့်ကို ကြည့်ပြီး ဘာဖြစ်လို့ ဒေါသလဲ ဖြစ်၊ တစ်ခါ . . . . ဒါ ဖြစ်နိုင်လား . . . . နည်းနည်း ကြောက်တယ် ?

ဒါပေမယ့် ဟယ်ရီဟာ မျက်စိရှေ့မှာ ဖြစ်ပွားတာကို မှတ်မထားရသေးခင်မှာပဲ၊ ဖစ်ချ်ဟာ လှည့်သွားပြီး ခြေဒရွတ်ဆွဲကာ တတွတ်တွတ် တိုးတိုး ပြောရင်း ထွက်သွားပြီ။ မော်ဖိုင်ဟာ အပြုံးမျက်နှာတစ်ခု လုပ်ပြီး စလပ်ဂ်ဟွန်းနဲ့ ရက်ရောမှုကို ကျေးဇူးတင်လိုက်တယ်။ စနိတ်ပ် အမူအရာဟာ တည်ငြိမ်သာမှ အတိမ်အနက် မသိရအောင် ဖြစ်သွားပြန်တယ်။

"ကိစ္စမရှိဘူး၊ ကိစ္စမရှိဘူး" စလပ်ဂ်ဟွန်းက လက်ခါပြပြီး ပြောတယ်။ "ဘာပဲဖြစ်ဖြစ်၊ ကျုပ် မင်းအဘိုးနဲ့ သိတာပဲ . . . ."

"သူက တစ်လျှောက်လုံး သင့်ကို သိပ်ချီးမွမ်းတာပဲ၊ ဆရာ" မော်ဖိုင်က ချက်ချင်းပြောတယ်။ "သင်ဟာ သူသိရတဲ့ အကောင်းဆုံး မှော်ဆေးပါရဂူတဲ့ . . . ."

ဟယ်ရီက မော်ဖိုင်ကို ကြည့်နေတယ်။ ဒီလိုမျက်နှာလို မျက်နှာရထုပ်လို့ မဟုတ်ဘူး (မော်ဖိုင် စနိတ်ပ်ကို ဒီလိုလုပ်ခဲ့တာ သူ မြင်တာ များပြီ)၊ မော်ဖိုင့်ကြည့်ရတာ တကယ်ပဲ ဖျားပုံပေါက်နေလို့။ သူ ဒီလောက် နီးနီးကပ်ကပ် မော်ဖိုင့်ကို မကြည့်ရှုရတာ ကြာလှပြီ။ မော်ဖိုင့်မျက်လုံးအောက်မှာ ညိုနေတာ သူ မြင်ရတယ်၊ အသားအရေက နည်းနည်းပြာနှမ်းနေတယ်။

"မင်းကို ပြောစရာရှိတယ်၊ ဗွာခို" စနိတ်ပ်က ရုတ်တရက်ပြောတယ်။

"အမလေး၊ ဆီးဗရတ်စ်" စလပ်ဂ်ဟွန်းက ပြောတယ်။ ကြို့ထိုးပြန်တယ်။ "ခရစ္စမတ်စ်၊ သိပ်တင်းကြပ်မနေပါနဲ့ —"

"ကျွန်တော်က သူ့ကျောင်းအုပ်၊ တင်းကြပ်မလား၊ မတင်းကြပ်ဘူးလား

www.burmeseclassic.com



ဆိုတာ ကျွန်တော် ဆုံးဖြတ်မယ်" စနိတ်ပ်က တိုတိုပဲ ပြောတယ်။ "ငါနဲ့ လိုက်ခဲ့ ဒြာခို"

နှစ်ယောက်သား သွားကြပြီ။ စနိတ်ပ်က ရှေ့မှာ၊ မော်ဖိုင်က မကျေ မနပ်နဲ့ နောက်က လိုက်တယ်။ ဟယ်ရီဟာ တွေဝေစွာ ခဏရပ်နေတယ်။ ဒီနောက် ပြောတယ်။ "ငါ ခုတင်ပြန်လာမယ်၊ လူနာ — အိုး — အိမ်သာ သွားမလို့"

"ကောင်းပြီ" လူနာက ပျော်ရွှင်စွာ ပြောတယ်။ ဟယ်ရီ ကမန်း ကတန်း လူ့အုပ်ထဲ တိုးဝင်တော့ သူမဟာ ပါမောက္ခ ထရီလောနီကို ရှေ့လန် ပူးပေါင်းကြံစည်မှုအကြောင်း ပြောနေပြန်တာ ကြားရသလိုပဲ။ ပါမောက္ခ ထရီလောနီဟာ တကယ်ပဲ စိတ်ဝင်စားပုံရတယ်။

ထွက်လာပြီးနောက် ဟယ်ရီက အိတ်ကပ်ထဲကနေ ကိုယ်ပျောက် ဝတ်ရုံ ထုတ်ပြီး ကိုယ်ပေါ် ခြုံလိုက်တယ်။ ဒီလိုလုပ်ရတာ လွယ်တယ်။ စင်္ကြံ ပေါ်မှာ လူမရှိလို့။ ခက်တာက စနိတ်ပ်နဲ့ မော်ဖိုင်ကို ရှာတွေ့ဖို့ပဲ။ ဟယ် စပြေးတယ်၊ စလပ်ဂ်ဟွန်းရုံးခန်းက ထွက်ပေါ်လာနေတဲ့ ဂီတသံနဲ့ စကား ပြောသံတွေဟာ သူ့ခြေသံကို ဖုံးသွားတယ်။ စနိတ်ပ်ဟာ မော်ဖိုင်ကို သူ့ မြေအောက်ရုံးခန်း ခေါ်သွားချင် သွားမှာ . . . . သူ့ကို စလေးသရင်း အမှု နားနေခန်း ပြန်ပို့ချင်ပို့မှာ . . . . ဟယ်ရီက နားနဲ့ တံခါးတွေပေါ် ကပ်နား ထောင်တယ်။ စင်္ကြံထဲက နောက်ဆုံးကျောင်းခန်း သော့ပေါက်နား ကပ်သွား တော့ သူဟာ ရုတ်တရက် တအားဝမ်းသာသွားတယ်။ သူ စကားပြော ကြားရတယ်။

" . . . . နောက်ထပ် အမှားဖြစ်မခံနိုင်တော့ဘူး၊ ဒြာခို၊ မင်း ကျောင်း ထုတ်ခံရရင် —"

"အဲဒီကိစ္စ ကျွန်တော်နဲ့ မဆိုင်ဘူး၊ သိလား"

"မင်းပြောတာ အမှန်ဖြစ်ဖို့ မျှော်လင့်တယ်။ အကြောင်းက အဲဒီကိ ဟာ ညံ့ဖျင်းပြီး အသုံးမကျဘူး။ မင်းကို သံသယဖြစ်နေပြီ"

"ကျွန်တော့်ကို ဘယ်သူသံသယဖြစ်လဲ" မော်ဖိုင်က စိတ်ဆိုးဆိုး မေးတယ်။ "နောက်ဆုံးတစ်ခေါက် ထပ်ပြောမယ်၊ ကျွန်တော်လုပ်တာ မဟုတ် ဘူး သိလား၊ အဲဒီ ခက်ထီလို့ခေါ်တဲ့ တောင်မလေးမှာ လူမသိတဲ့ ရန် မှိုင်တိုက်နေမှာပေါ့ — ကျွန်တော့်ကို ဒီလိုမကြည့်နဲ့။ သင် ဘာလုပ်နေတာ



ဆိုတာ ကျွန်တော် သိတယ်။ ကျွန်တော် အ,မှ မအ,တာ။ ဒါပေမယ့် အဲဒါ အသုံးမကျဘူး — ကျွန်တော် သင့်ကို တားနိုင်တယ်"

ခဏရပ်နေပြီး စနိတ်ပ် တိုးတိုးပြောတယ်။ "အား . . . . အဒေါ် ဘဲလက်ထရစ်က မင်းကို ဦးနှောက်ပိတ်အတတ်ပညာ သင်ပေးဖူးတယ်။ မင်းမှာ မင်းသခင်ကို ဖုံးထားချင်တာ ဘာရှိလဲ၊ ဒြာခို"

"ကျွန်တော် သူ့ကို မဖုံးချင်ဘူး။ ကျွန်တော်က သင် ကြားဝင်တာ မလိုချင်ဘူး"

ဟယ်ရီက နားနဲ့ ပိုဖိကပ်ထားတယ် . . . . ဘာက မော်ဖိုင့်ကို ဒီလို စနိတ်ပ်ကို စကားပြောစေတာလဲ။ စနိတ်ပ်၊ အရင်က မော်ဖိုင် သိပ်ရှိသေသလိုပဲ၊ ဒီထက် သူ့ကို သိပ်နှစ်သက်တာပဲဟာ။

"ဒါကြောင့် မင်း ဒီကျောင်းပတ်မှာ ကျုပ်ကို ရှောင်နေတာပေါ့။ မင်းက ငါစွက်ဖက်မှာစိုးတယ် ? သိထားရမှာက၊ ဒြာခို၊ တခြားလူဆိုရင်၊ အတယ်လို့ ကျုပ်ရုံးခန်းကို လာဖို့ အကြိမ်ကြိမ် ခေါ်လို့ မလာရင် —"

"ကျောင်းပိတ်မယ်၊ ဒမ်ဘလီဒိုးကို တိုင်မယ်" မော်ဖိုင့်က ကဲ့ရယ် ပြောတယ်။

တစ်ခါ ရပ်တန့်သွားပြန်တယ်။ စနိတ်ပ်က ပြောတယ်။ "ကျုပ် ဒါတွေ မလုပ်ချင်ဘူးဆိုတာ မင်း ရှင်းပါတယ်"

"ဒါဆို သင် ကျွန်တော့်ကို သင့်ရုံးခန်း နောက်ထပ် မခေါ်နဲ့တော့"

"ကျုပ်ပြောတာ နားထောင်" စနိတ်ပ် အသံသိပ်တိုးတိုး ပြောတယ်။ ဟယ်ရီက သော့ပေါက်မှာ နားကို တအားဖိကပ်မှ ကြားရတယ်။ "ကျုပ် မင်းကို ကူညီချင်တယ်။ ကျုပ် မင်းကို ကာကွယ်မယ်လို့ မင်းအမေကို ကတိသစ္စာ ပြုထားတယ်။ ကျုပ် ချေဖျက်မရတဲ့ ကတိသစ္စာပြုထားတယ်၊ ဒြာခို —"

"ကြည့်ရတာ သင် ချေဖျက်ရတော့မယ်။ အကြောင်းက ကျွန်တော် သင့်အကာအကွယ် မလိုလို့။ ဒါ ကျွန်တော့်အလုပ်၊ သူပေးထားတာ၊ ကျွန်တော် လုပ်နေတယ်။ ကျွန်တော့်မှာ စီမံကိန်းတစ်ခု ရှိတယ်၊ အောင်မြင်မှာပါ။ ကျွန်တော် ကြိုတင်ခန့်မှန်းတာထက် အချိန်ပိုကြာမှာပဲ ရှိတယ်"

"မင်း စီမံကိန်းက ဘာလဲ"

"သင်နဲ့ မဆိုင်ဘူး"

"မင်း ကျုပ်ကို ပြောပြရင်၊ ကျုပ် မင်းကို ကူညီနိုင်တယ် —"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ ကူတဲ့လူ အလုံအလောက်ရှိတယ်။ ကျေးဇူးပဲ၊ ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူး"

"မင်း ဒီည တစ်ယောက်တည်းဆိုတာ ယုံမှားစရာ မရှိဘူး၊ ဒါ သိပ်တို ညှိဖျင်းတာပဲ၊ စကြိုထဲ လျှောက်သွားနေတယ်၊ ကင်းလဲ မရှိဘူး၊ နောက် အကူလဲ မရှိဘူး၊ ဒါတွေဟာ အဆင့်နိမ့်အမှားတွေ —"

"အစက ခရပ်နဲ့ ဂိုး ကျွန်တော်နဲ့ ရှိတယ်၊ ဒါပေမယ့် သင် သူတို့ကို ကျောင်းပိတ်ထားတယ်"

"တိုးတိုးပြော" စနိတ်ပ်က သတိပေးတယ်၊ မော်ဖိုင်ဟာ အခု စိတ်လှုပ်ရှားပြီး အသံမြင့်လာလို့၊ "မင်းသူငယ်ချင်း ခရပ်နဲ့ ဂိုး ဒီတစ်ခါ မှော်နက်ပညာ ခုခံကာကွယ်တဲ့အတတ် OWL စာမေးပွဲ အောင်ချင်ရင်၊ များများ ကြိုးစားဦးမှ —"

"မအောင်တော့ကော ဘာဖြစ်သေးလဲ၊ မှော်နက်ပညာခုခံကာကွယ်တဲ့အတတ် — ရယ်စရာတစ်ခုပါပဲ၊ သရုပ်ဆောင်မှုတစ်ခုပါပဲ၊ မဟုတ်ဘူးလား၊ ကျွန်တော်တို့ထဲမှာ မှော်နက်ပညာခုခံကာကွယ်တဲ့အတတ်ကို လိုချင်နေတဲ့လူ ရှိနေတာကျနေတာပဲ —"

"ဒါဟာ အောင်မြင်ရေးအတွက် အလွန်ချက်ကျတဲ့ သရုပ်ဆောင်မှု ဒြာဒို" စနိတ်ပ်က ပြောတယ်၊ "တကယ်လို့ ကျုပ် သရုပ်မဆောင်တတ်ရင် ဒီနှစ်တွေမှာ ကျုပ် ဘယ်ရောက်နေမယ်လို့ မင်း ထင်သလဲ၊ ကျုပ်ပြောတာ နားထောင်၊ မင်း အခု သတိမထားဘူး၊ ညအချိန် သွားလာတယ်၊ လူမိခံရတယ်၊ ပြီးတော့၊ တကယ်လို့ ခရပ်နဲ့ ဂိုးလို လက်ထောက်တွေကို မင်း အားကိုးရင် —"

"သူတို့တင်မကဘူး၊ ကျွန်တော့်အနားမှာ တခြားလူ ရှိသေးတယ် ပိုသာတဲ့လူ"

"ဘာဖြစ်လို့ ကျုပ်ကို မပြောနိုင်တာလဲ၊ ကျုပ်က —"

"သင် ဘာကြံနေတယ်ဆိုတာ ကျွန်တော် သိတယ်၊ သင်က ကျွန်တော့်အောင်မြင်မှုကို ခိုးယူချင်လို့"

တစ်ခါ ရပ်သွားပြန်တယ်၊ စနိတ်ပ်က အေးစက်စက် ပြောတယ်၊ "မင်းပြောတာ ကလေးလေးလိုပဲ၊ မင်းအဖေ ထောင်ကျလို့ မင်း သိပ်စိတ်ဆင်းရဲနေတာ ကျုပ် နားလည်ပါတယ်၊ ဒါပေမယ့် —"



ဟယ်ရီဟာ တစ်စက္ကန့်တောင် ပြင်ဆင်ဖို့ အချိန်မရလိုက်ဘူး၊ မော်ဖိုင့် ခြေသံ တံခါး ဟိုဘက်က ပေါ်လာတာ ကြားရတယ်၊ သူဟာ ဘေးကို အမြန် ရှောင်လိုက်တယ်၊ တံခါး ဒိုင်းခနဲ ပွင့်သွားတယ်၊ မော်ဖိုင်ဟာ စကြိုရဲ့ ဟိုအစဖက်ဆီကို ခြေလှမ်းကျဲကျဲနဲ့ လျှောက်သွားတယ်၊ စလပ်ဂ်ဟွန်းရဲ့ ပွင့်နေတဲ့ ရုံးခန်းအဝကို ဖြတ်ပြီး ကွေ့ချိုးကာ ပျောက်ကွယ်သွားတယ်၊

ဟယ်ရီဟာ အသက်တောင် ပြင်းပြင်းမရှူဝံ့ဘူး၊ ဆက်ပြီး ဝပ်နေတယ်၊ စနိတ်ပ်ဟာ ကျောင်းခန်းထဲကနေ ဖြည်းဖြည်းထွက်လာတယ်၊ သူ့အမူအရာဟာ ဘာရယ်လို့ ဝေခွဲမရဘူး၊ ညပါတီပွဲကို ပြန်သွားလိုက်တယ်၊ ဟယ်ရီဟာ ကိုယ်ပျောက်ဝတ်ရုံအောက်မှာ ဆောင့်ကြောင့်ထိုင်နေရင်း ဦးနှောက်က အလျင်အမြန် လည်ပတ်နေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



# ၁၆။ နှင်းထန်တဲ့ ခရစ္စမတ်စ်ပွဲတော်

"စနိတ်ပ်က သူ့ကို ကူမယ်လို့ပြောတယ် ? သူ တကယ်ပဲ သူ့
ကူမယ်လို့ ပြောတယ် ?"

"မင်း နောက်ထပ်တစ်ခါ မေးရင်" ဟယ်ရီက ပြောတယ်။ "ငါ
နီဂိုဥနဲ့ မင်းကို —"

"ငါက သေချာအောင်မေးတာပါ" ရွန်က ပြောတယ်။ သူတို့
အညတရဂေဟာ မီးဖိုချောင်ရေကန်ရှေ့ ရပ်ကာ မစ္စစ်ဝယ်စလီကို
တောင်လေးလိုပုံနေတဲ့ နီဂိုဥတွေကို သင်နေတယ်။ ဆီးနှင်းဟာ သူ
ပြတင်းအပြင်မှာ တဖွဲဖွဲကျ လွင့်ပျံနေတယ်။

"ဟုတ်တယ်၊ စနိတ်ပ် သူ့ကို ကူမယ်လို့ ပြောတယ်" ဟယ်ရီ
ပြောတယ်။ "သူ မော်ဖိုင့်အမေကို သူ့ကို ကာကွယ်မယ်လို့ ကတိပေးဖူး
လို့ ပြောတယ်။ ပြီးတော့ ချေဖျက်လို့ မရတဲ့ ကတိသစ္စာ ဆိုထား
ဆိုလား —"



"ချေဖျက်လို့မရတဲ့ ကတိသစ္စာ ?" ရွန်က ပါးစပ်အဟောင်းသား
သွားတယ်။ "ဟင့်အင်း၊ သူ မလုပ်နိုင်ဘူး . . . . မင်း သေချာလား"

"ဟုတ်တယ်၊ သေချာတယ်" ဟယ်ရီက ပြောတယ်။ "ဒါပေမယ့်
ဘာကို ဆိုလိုတာလဲ"

"အင်း၊ ချေဖျက်လို့မရတဲ့ ကတိသစ္စာဆိုတာ ချိုးဖောက်လို့ မရဘူး
. . . ."

"ဒါ ငါလဲ မှန်းလို့ရတယ်၊ သိပ်စိတ်ဝင်စားစရာပဲ။ ဒါဖြင့်ရင်၊ တကယ်
ချိုးဖောက်ခဲ့ရင် ဘယ်လိုဖြစ်မလဲ"

"သေမှာ" ရွန်က တိုတိုပဲ ပြောတယ်။ ငါ ငါးနှစ်တုန်းက၊ ဖရက်နဲ့
တ ငါ့ကို တစ်ခု ကတိသစ္စာ ဆိုခိုင်းတယ်။ ငါဆိုဖို့ နည်းနည်းပဲ လိုတယ်။
က်နဲ့ လက်ဆွဲထားတာ ဘာတာ လုပ်နေပြီ၊ အဖေ တွေ့သွားလို့ အသေ
သတွက်တာ" ရွန့်မျက်လုံးထဲမှာ ပြန်လည်သတိရတဲ့အရောင် လက်နေ
ယ်။ "အဲဒါ အဖေက အမေ့လို ဒေါသထွက်တာ ငါ ဒီတစ်ချီပဲ မြင်ဖူး
တယ်။ ဖရက်က ပြောတယ်၊ သူ့ဘယ်ဘက်ခြမ်းက ဖင် အဲဒီကတည်းက
မျိုးကြီး ဖြစ်သွားတယ်လို့ ပြောတယ်"

"ကောင်းပြီ၊ ဖရက်ရဲ့ ဘယ်ဘက်ခြမ်းဖင်အကြောင်း မပြောနဲ့ဦး —"

"ဘာပြောနေတာလဲ" ဖရက်အသံက ပြောတယ်။ အမွှာညီအစ်ကို
ဆဲ ဝင်လာတယ်။

"အား၊ ဂျော့၊ ကြည့်စမ်း၊ သူတို့ ဓားမြှောင်သုံးနေတယ်။ ဘုရားသခင်
ကို မစပါစေ"

"ငါ နောက်ထပ် နှစ်လကျော်ကျော်ဆိုရင် အသက်ဆယ့်ခုနစ်နှစ်
ပြီ" ရွန်က ဒေါသကြီးစွာ ပြောတယ်။ "အချိန်ကျရင် မှော်ပညာသုံးလို့

"ဒါပေမယ့် ဒီမတိုင်ခင်မှာ" ဂျော့က ပြောရင်း စားပွဲရှေ့ ဝင်ထိုင်
ခြေထောက်ကို စားပွဲပေါ် တင်လိုက်တယ်။ "မင်း ဘယ်လိုမှန်မှန်ကန်ကန်
ပြတယ်ဆိုတာ ငါတို့ ခံစားကြည့်ရ — အမလေး"

"မင်းကြောင့်" ရွန်က စိတ်ဆိုးစွာပြောရင်း ဓားထိတဲ့ လက်မကို
နေတယ်။ "မင်း စောင့်နေ၊ ငါ ဆယ့်ခုနစ်နှစ်ပြည့်ရင် —"

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ ခုထိ ဘယ်သူမှ မသုံးတဲ့ မှော်ပညာနဲ့ ငါတို့ကို တုန်လှုပ်အောင် လုပ်မယ်ဆိုတာ ငါ ယုံတယ်" ဖရက်က သမ်းဝေရင်း ပြောတယ်။

"ခုထိ ဘယ်သူမှ မသိသေးတဲ့ မှော်ပညာဆိုတော့၊ ရွန်" ဂျော့က ပြောတယ်။ "ငါတို့ ဂျင်နီပြောတာ ကြားတယ်၊ မင်းနဲ့ ကောင်မလေးတစ်ယောက်အကြောင်း။ ငါတို့ သတင်းမမှားဘူးဆိုရင်၊ အဲဒီကောင်မလေးက လာဗင်ဒါ-ဘရောင်းလို့ ခေါ်တယ်။ ဒါ ဘယ်လိုဖြစ်တာလဲ"

ရွန်မျက်နှာ နည်းနည်းနီတယ်၊ လှည့်ပြီး နိုဂိုဥ လိုးနေတယ်။ ဒါပေမယ့် စိတ်တော့မဆိုးဘူး။

"မဆိုင်တာ ဝင်မပါနဲ့"

"တယ်လပြတ်တဲ့အဖြေပါလား" ဖရက်က ပြောတယ်။ "မင်း ဘယ်လိုတွေးတယ်ဆိုတာ ငါ တကယ်မသိဘူး၊ ငါတို့သိချင်တာက .... ဘယ့်နှယ်ဖြစ်နိုင်မှာလဲ"

"ဘာအဓိပ္ပာယ်လဲ"

"ဟိုကောင်မလေး ယာဉ်တိုက်မှုများ ဖြစ်လို့လား"

"ဘာ ?"

"သူမ ဘယ့်နှယ် ဒီလောက်ဇရိယာများများ ဦးနှောက်ထိခိုက်တာလဲ သတိရှိနေဘ်"

မစ္စစ်ဝယ်စလီ ဝင်လာတော့ ရွန်က နိုဂိုဥ လိုးတဲ့ဓားနဲ့ ဖရက်ရဲ့ပေါက်တာ မြင်သွားတယ်။ ဖရက်က ပျင်းရိရိနဲ့ မှော်ကြိမ်လုံးကို ယမ်းလိုက်တော့ ဓားမြှောင်လေးဟာ စက္ကူလေယာဉ်ပျံ ဖြစ်သွားတယ်။

"ရွန်" သူမက ဒေါသထွက်တယ်။ "မင်း ဓားနဲ့ပစ်တာ ငါထပ်မမြင်ချင်ဘူး"

"မလုပ်ပါဘူး" ရွန်က ပြောရင်း နိုဂိုဥတောင်ပုံလေးဘက် လှည့်လိုက်တော့ တိုးတိုးဖြည့်ပြောတယ်။ " —— သင် မြင်သွားတယ်"

"ဖရက်၊ ဂျော့၊ ဝမ်းနည်းပါတယ်၊ အချစ်လေးတွေ၊ ဒါပေမယ့် ရီမပ်စ် ဒီညလာမယ်၊ ဘီးလ် မင်းတို့နှစ်ယောက်နဲ့ပဲ တိုးအိပ်ရတော့မယ်"

"ပြဿနာ မရှိဘူး" ဂျော့က ပြောတယ်။

"ချာလီ ပြန်မလာဘူး၊ ဒါကြောင့် ဟယ်ရီနဲ့ ရွန်တို့ အတော်ခေါ်ထဲမှာ နေလို့ရတယ်၊ တကယ်လို့ ဖလောအာနဲ့ ဂျင်နီ အတူနေရင် ——"



" —— ဒါဆို ဂျင်နီ့ခရစ္စမတ်စ်ပွဲတော့ ——" ဖရက်က ပွစိပွစိ ပြောတယ်။

" —— လူတိုင်း သက်သောင့်သက်သာ နေရမှာပါ၊ အနည်းဆုံး ခုတင်တစ်လုံးစီတော့ ရှိမှာ" မစ္စစ်ဝယ်စလီလေသံဟာ နည်းနည်းစိတ်ရှုပ်ပုံရတယ်။

"ဖတ်စီရဲ့ အရုပ်ဆိုးတဲ့မျက်နှာ ပေါ်မလာပါဘူးနော်" ဖရက်က မေးတယ်။

မစ္စစ်ဝယ်စလီ တစ်ဖက်လှည့်သွားတယ်၊ ဒီနောက် ဖြေတယ်။

"မလာဘူး၊ သူ အလုပ်များတယ်ထင်တယ်၊ ဝန်ကြီးဌာနမှာ"

"ဒါမှမဟုတ်ရင် သူဟာ ကမ္ဘာပေါ်က အတုံးဆုံးကောင်ပဲ" မစ္စစ်ဝယ်စလီ မီးဖိုချောင်က ထွက်ခွာစဉ် ဖရက်က ပြောတယ်။ "တစ်ခုခုတော့ ရွေးမယ်။ ငါတို့ သွားကြစို့၊ ဂျော့"

"မင်းတို့ ဘာသွားလုပ်မလို့လဲ" ရွန်က မေးတယ်။ "ငါတို့ကို ကူပြီး ဦးဥအခွံနွာလို့ မရဘူးလား။ မင်းတို့ မှော်ကြိမ်လုံး သုံးလိုက်လို့ရတယ်၊ ဒါဆို ငါတို့ လွတ်မြောက်သွားပြီ"

"မဖြစ်ဖူးလို့ ငါ ထင်တယ်" ဖရက်က အတည်ပေါက် ပြောတယ်။ "ဒါဟာ လူ့သည်းခံစိတ်ကို သေချာလေ့ကျင့်နိုင်တယ်။ မှော်ပညာမသုံးဘဲ ဦးဥအခွံနွာတာ လေ့လာတာဟာ မင်းကို မတ်ဂေါ်နဲ့ ဖိတ်တုံးတွေ ဘယ်လောက်ခက်ခက်ခဲခဲလုပ်ရတယ်ဆိုတာ ခံစားရစေတယ် —— "

" —— မင်း အကူလိုရင်၊ ရွန်" စက္ကူလေယာဉ်ကို သူ့ဆီ ပြန်ပေါက်ရင်း ဂျော့က ဆက်ပြောတယ်။ "မင်း သူ့ကို ဓားနဲ့ပစ်မှာမဟုတ်ဘူးလို့ ပြောတာပါ။ ငါတို့ ရွာထဲသွားမယ်၊ အဲဒီက စက္ကူဆိုင်မှာ အလွန်လှတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်။ သူမက ငါ့ဖဲပဥ္စလက် သိပ်ထူးဆန်းတယ်လို့ ထင်တယ် .... တကယ့်မှော်ပညာကျနေတာပဲ ...."

"အီးပေါ်သော" ရွန်က သုန်မှုန်စွာ ပြောတယ်။ ဖရက်နဲ့ ဂျော့ ဆီးနှင်းတွေနဲ့ ပြည့်နေတဲ့ ခြံဝန်းထဲက ထွက်သွားတာ ကြည့်နေတယ်။ "သူတို့ ဆယ်မိနစ်လောက် အချိန်ပေးရင်၊ ငါတို့နှစ်ယောက်လဲ သွားလို့ရတယ်"

"ငါ မဖြစ်ဘူး" ဟယ်ရီက ပြောတယ်။ "ငါ ဒမ်ဘယ်ဒိုးကို ဒီမှာ ထွက်မသွားဘူးလို့ ကတိပေးထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အိုး၊ ဟုတ်တယ်" ရွှန်က နိုင်ဂိုဥတချို့ အခွံသင်လိုက်ပြန်တယ်၊ ဒီနောက် ပြောတယ်။ "မင်း စနိတ်ပ်နဲ့ မော်ဖိုင်တို့ ပြောဆိုတာ ဒမ်ဘယ်လီ ပြောပြမလား"

"အင်း၊ သူတို့ကို တားနိုင်တဲ့ လူအားလုံးကို ငါ ပြောပြမယ်၊ ဒမ်ဘယ်လီ တ ပထမဆုံးလူ၊ မင်းအဖေနဲ့လဲ ပြောချင်ပြောမယ်"

"မင်း မော်ဖိုင် ဘာလုပ်နေတယ်ဆိုတာ မကြားတာ နာတာပဲ"

"ငါ မကြားနိုင်ဘူး၊ ဟုတ်တယ်နော်၊ ဒါ ချက်ကျတဲ့နေရာပဲ၊ သူ စနိတ်ပ်ကိုတောင် ပြောမပြဘူး"

ခဏငြိမ်နေကြတယ်။ ရွှန်က ပြောတယ်၊ "အမှန်ပဲ၊ သူတို့ ဘယ် ပြောမယ်ဆိုတာ မင်း သိတယ်၊ ငါ့အဖေ၊ ဒမ်ဘလီဒိုးနဲ့ လူအားလုံး၊ သူတို့ ပြောလိမ့်မယ်၊ စနိတ်ပ်ဟာ မော်ဖိုင်ကို တကယ်ကူညီချင်တာ မဟုတ်ဘူး၊ သူ မော်ဖိုင် ဘာလုပ်နေတယ်ဆိုတာ သိချင်လို့"

"သူတို့ သူ့လေသံကို မကြားဘူး" ဟယ်ရီက အပြတ်ပြောတယ်၊ "ဘယ်သူမှ ဒီလောက်တူအောင် သရုပ်မဆောင်နိုင်ဘူး၊ စနိတ်ပ်ကိုယ်တိုင် တောင် မရဘူး"

"ဟုတ်တယ် . . . . ငါက ပြောပြတာပါ" ရွှန်က ပြောတယ်၊

ဟယ်ရီက သူ့ကို လှည့်ကြည့်နေတယ်၊ မျက်မှောင်ကြုတ်ထားတယ်

"မင်း ငါ့ကို ယုံပါတယ်နော်"

"ငါ ယုံတယ်" ရွှန်က အမြန်ပြောတယ်၊ "တကယ်၊ ငါ ယုံတယ်၊ ဒါပေမယ့် သူတို့အားလုံး စနိတ်ပ်ကို ဖီးနစ်အဖွဲ့ကလို့ ယုံတယ်၊ ဟုတ်လား"

ဟယ်ရီ စကားမပြောဘူး၊ ဒါဟာ သူ့ရဲ့သက်သေအသစ်ကို ငြင်းနိုင်တဲ့ အကြောင်းပြချက်ပဲလို့ သူ တွေးမိနေပြီ၊ သူဟာ ဟာမီးပြောနေတာ တောင် ကြားနေရတယ်၊

"အမှန်ပဲ၊ ဟယ်ရီ၊ သူက ကူညီဟန်ဆောင်တာ၊ မော်ဖိုင့်ကို အမှု ထုတ်ပြောအောင် လိမ်နေတာ . . . ."

ဒါပေမယ့် ဒါဟာ တွေးထင်တာပဲ ရှိတယ်။ အကြောင်းက သူ ချိုကြားရတဲ့ တိစ္စကို ဟာမီး ပြောပြဖို့ အခွင့်မရသေးဘူး။ သူ မပြန်ခင် သူမဟာ လေပ်ဂ်ဟွန်းရဲ့ ညပါတီပွဲကနေ ပျောက်သွားနှင့်ပြီ၊ စိတ်ဆိုးနေ ပြီးသတ်စင်တတော့ ဒီအတိုင်း ပြောတယ်၊ သူ အများနားနေခန်း ပြန်



တော့ သူမ သွားအိပ်ပြီ၊ နောက်နေ့ အစောကြီး သူနဲ့ ရွှန် အညာတရဲဂေဟာကို ထွက်လာကြတယ်၊ သူမကို ခရစ္စမတ်စ်ပွဲ ပျော်ပါစေလို့ပဲ ပြောလိုက်ရတယ်၊ ကျောင်းပိတ်ရက် ကုန်ဆုံးလို့ ပြန်လာရင် အလွန်အရေးကြီးတဲ့ သတင်း သူမကို ပြောပြမယ်လို့ပဲ ပြောလိုက်တယ်။ ဒါပေမယ့် ဟာမီး ကြားသလားဆိုတာ သူ သိပ်မသေချာဘူး၊ ရွှန်နဲ့ လာဗင်ဒါဟာ သူ့ကျောဘက်မှာ စကားမပြောတဲ့ နည်းနဲ့ နှုတ်ဆက်နေကြတယ်၊

ဒါပေမယ့် ဟာမီးကတောင် ငြင်းလို့မရတဲ့ အဖြစ်မှန်တစ်ခု ရှိတယ်၊ အဲဒါက၊ မော်ဖိုင် တစ်ခုခုလုပ်နေတယ်၊ ပြီးတော့ စနိတ်ပ် သိတယ်ဆိုတာပဲ၊ ဒါကြောင့် ဟယ်ရီက သူ့မှာ အကျိုးအကြောင်း ခိုင်လုံစွာ ပြောနိုင်တယ်လို့ ထင်တယ်၊ "ငါ မင်းကို ပြောပြဖူးတယ်" ဒီစကားကို သူဟာ ရွှန့်ကို အကြိမ် ပေါင်းများစွာ ပြောခဲ့ပြီ၊

ဟယ်ရီဟာ မစ္စတာ ဝယ်စလီနဲ့ ပြောဖို့ အခွင့်မရသေးဘူး၊ သူဟာ ခရစ္စမတ်စ်ပွဲအကြိုညအထိ နေ့စဉ် ဝန်ကြီးဌာနမှာ နာရီပေါင်းများစွာ အလုပ် လုပ်တယ်၊ ဝယ်စလီမိသားစုနဲ့ ဧည့်သည်တွေ ဧည့်ခန်းမှာ ထိုင်နေတယ်၊ ဒီအခန်းကို ဂျင်နီက အစွမ်းကုန် အလှဆင်ထားလို့ ပန်းစက္ကူပေါက်ကွဲထား သလိုပဲ၊ ဖရက်၊ ဂျော့နဲ့ ဟယ်ရီ၊ ရွှန်တို့ကသာ ခရစ္စမတ်စ် သစ်ပင်ထိပ်ဖျားက အိန်ဂျယ်တမန်တော်လေးဟာ ပန်းခြံထဲက မြေထဲနေ နာနာဘာဝလေးတစ် ကောင်ဆိုတာ သိကြတယ်။ ဖရက်ဟာ ခရစ္စမတ်စ် ညစာစားပွဲအတွက် မုန်လာဥ နုတ်တဲ့အခါမှာ အဲဒီမြေထဲနေ နာနာဘာဝလေးက ခြေချောင်းကို ကိုက်တာ ခံရတဲ့အတွက်၊ မူးမေ့ကျိန်စာချပြီး ရွှေရောင်ဆိုးပေးတယ်။ ဘဲလေး အက အင်္ကျီထဲ ထိုးထည့်ပြီး ကျောပေါ်မှာ တောင်ပံလေးနှစ်ခု ကပ်ပေးလိုက် တယ်။ ၎င်းက သစ်ပင်ထိပ်ဖျားမှာ သူတို့ကို ဒေါသနဲ့ ကြည့်နေတယ်၊ ဒါဟာ ဟယ်ရီ တွေ့ဖူးတဲ့ အရုပ်အဆိုးဆုံး အိန်ဂျယ်လေးပဲ၊ အာလူးနဲ့တူတဲ့ ခေါင်းကြီး နဲ့ ခြေထောက်မှာ အမွေးပေါက်နေသေးတယ်၊

သူတို့အားလုံး မစ္စစ်ဝယ်စလီ အလွန်နှစ်သက်တဲ့ စယ်လီစတီးနာ-ဝါးဘက်ခ်ရဲ့ ခရစ္စမတ်စ် အသံလွှင့်တာကို နားထောင်ရတယ်။ သူမအသံဟာ သစ်သားရေဒီယိုကြီးထဲကနေ တွေ့တောက်စီးထွက်လာတယ်။ ဖလေအာဟာ စယ်လီစတီးနာ သိပ်ပျင်းစရာကောင်းတယ်လို့ ထင်ပုံရတယ်၊ သူမဟာ ထောင့် ထဲမှာ အကျယ်ကြီး စကားပြောနေတယ်၊ မစ္စစ် ဝယ်စလီဟာ မျက်မှောင်

www.burmeseclassic.com

www.burmeseclassic.com



ကြုတ်ပြီး အသံအဝိုးအကျယ်ကို မှော်ကြိမ်လုံးနဲ့ ညှိညှိပေးနေတယ်။ ဒါကြောင့် စယ်လီစတီးနာဟာ ဆိုလေ အသံကျယ်လေ ဖြစ်လာတယ်။ ဂျက်ဇ်ဆန်ဆန် သီချင်းဖြစ်တဲ့ 'မီးပွင့်တဲ့ အချစ်တစ်ဖိုး' သီချင်းရဲ့ အကာအကွယ်အောက်မှာ ခရက်၊ ဂျော့နဲ့ ဂျင်နီတို့ တဖျပ်ဖျပ် ပေါက်ကွဲဖဲ ကစားနေကြတယ်။ ရွှန့်မျက်စိဟာ ဘီးနဲ့ ဖလောအာကိုပဲ ခိုးခိုးကြည့်နေတယ်။ အတတ်ပညာတစ်ခုခု သင်ယူချင်နေသလိုပဲ။ လူပင့်ကြည့်ရတာ အလွန်ညှိုးရော်နေတယ်။ သူဟာ မီးလင်းဖိုဘေးထိုင်နေပြီး မီးဖိုအတွင်းထဲကို ကြည့်နေတယ်။ စယ်လီစတီးနာ သီချင်းသံကို မကြားသလိုပဲ။

'အိုး၊ ကိုယ့်ဟင်းရည်အိုးကို လာမွှေပေးပါ၊
မင်း မှန်အောင်လုပ်နိုင်ခဲ့ရင်၊
ကိုယ်က မင်းကို အားကောင်းတဲ့ အချစ်ပူပူလေးဖြစ်အောင်
ကျိုလိုက်မယ်၊
ဒီည မင်းကို နွေးအောင်ထားမှာ သေချာ'

"တို့အသက် ဆယ့်ရှစ်နှစ်တုန်းက ဒီသီချင်းနဲ့ ကခဲ့ဖူးတယ်" မစ္စစ်ဝယ်စလီက လက်ထဲ ထိုးနေတဲ့ သိုးမွေးနဲ့ မျက်စိကို သုတ်လိုက်တယ်။ "ရှင် မှတ်မိသေးလား၊ အာသာ"

"ဟင် ?" ပျားလိမ္မော်သီးသေးသေး အခွံနွှာရင်း အိပ်ငိုက်နေတဲ့ မစ္စတာ ဝယ်စလီက ပြောတယ်။ "အိုး၊ ဟုတ်တယ် . . . . သိပ်ကောင်းတဲ့ သီချင်းသွား . . . ."

သူဟာ ကြိုးစားပြီး နည်းနည်းမတ်အောင် ထိုင်လိုက်တယ်၊ ဘေးမှာထိုင်နေတဲ့ ဟယ်ရီကို လှည့်ကြည့်တယ်။

"ဝမ်းနည်းပါတယ်" သူက ခေါင်းကို ရေဒီယိုဘက် စောင်းငဲ့လိုက်တယ်။ စယ်လီစတီးနာဟာ ထပ်ဆင့်ဝါကျတွေ ဆိုနေပြီ၊ "ပြီးတော့မှာပါ"

"ကိစ္စမရှိပါဘူး" ဟယ်ရီက ရယ်ပြီး ပြောတယ်။ "ဝန်ကြီးဌာနမှာ အလုပ်များလား"

"သိပ်များတယ်၊ တိုးတက်မှုရှိတယ်ဆိုရင်လဲ ပြီးတာပဲ။ ဒါပေမယ့် [illegible] ခဲ့တဲ့ လူသုံးယောက်ထဲမှာ တကယ့်ဒက်အီတာ တစ်ယောက်



မှ မပါဘူးလို့ ကျုပ် ထင်တယ် —— ဒါပေမယ့် တခြားမပြောနဲ့၊ ဟယ်ရီ" သူက ချက်ချင်း တစ်ခွန်းထပ်ဖြည့်ပြောတယ်။ ခေါင်းကြည်လာပုံရတယ်။

"သူတို့ စတန်းဆန်ဖိုက်ကို ဖမ်းမထားတော့ပါဘူးနော်၊ ဟုတ်လား" ဟယ်ရီက မေးတယ်။

"ဖမ်းထားသေးတယ် ထင်တယ်။ ဒမ်ဘလီဒိုးဟာ ဆန်ဖိုက်အတွက် စခရင်းမ်ဂျော်ဆီ တိုက်ရိုက်တင်ဖို့ လုပ်သေးတာ ကျုပ် သိတယ် . . . . သူနဲ့စကားပြောဖူးသူတိုင်းက၊ သူဟာ ပျားလိမ္မော်လေးလိုပဲ ဒက်အီတာ မဖြစ်နိုင်ဘူးလို့ ပြောကြတယ် . . . . ဒါပေမယ့် အထက်က တိုးတက်မှုရှိကြောင်း ပြချင်တယ်။ 'လူသုံးယောက် ဖမ်းထားတယ်' လို့ ပြောတာ၊ 'လူသုံးယောက် မှားဖမ်းမိပြီး ပြန်လွှတ်လိုက်တယ်' ဆိုတာထက် နားထောင်လို့ကောင်းတယ် . . . . ဒါပေမယ့်၊ ဒါတွေအားလုံး ထိပ်တန်းလျှို့ဝှက်ချက်တွေ"

"ကျွန်တော် မပြောပါဘူး" ဟယ်ရီက ပြောတယ်။ သူ တွေဝေနေတယ်။ သူ့ကို ပြောချင်တဲ့စကား ဘယ်ကစဝင်ရမလဲဆိုတာ မသိဘူး။ သူ အတွေးကို စီစဉ်နေချိန်မှာ စယ်လီစတီးနာ-ဝါးဘက်ဟာ 'ရှင့် မှော်ပညာနဲ့ ကျွန်မအသဲကို ဆွဲယူသွားတယ်' ဆိုတဲ့ မော်ကွန်းတေးကို စဆိုနေပြီ။

"မစ္စတာ ဝယ်စလီ၊ ကျွန်တော် ကျောင်းမသွားခင် ဘူတာမှာ သင့်ကို ပြောပြတဲ့ကိစ္စ မှတ်မိသေးလား"

"ကျုပ် စစ်ဆေးပြီးပြီ၊ ဟယ်ရီ" မစ္စတာ ဝယ်စလီက ချက်ချင်း ပြောတယ်။ "ကျုပ် မော်ဖိုင့်အိမ်ကို သွားရှာတယ်၊ မရှိသင့်တဲ့အရာ မတွေ့ဘူး၊ အကွဲပဲဖြစ်ဖြစ်၊ တစ်ခုလုံးပဲဖြစ်ဖြစ် မတွေ့ဘူး"

"အင်း၊ ကျွန်တော် သိတယ်။ ကျွန်တော် 'ကြိုပေါ်ာဆရာများနေ့စဉ်' ထဲမှာ သင် သွားရှာတာ ဖတ်ရတယ် . . . . ဒါပေမယ့် ဒီတစ်ခါ မတူဘူး . . . . ပိုပြီး . . . ."

သူဟာ မော်ဖိုင်နဲ့ စနိတ်ပ်တို့ တိတ်တိတ်စကားပြောတဲ့ အခြေအနေကို ပြောပြတယ်။ သူတို့ စကားပြောနေကြစဉ်မှာ လူပင့်ခေါင်းဟာ သူတို့ဘက် အနည်းငယ် ညွှတ်လာတာ သူ တွေ့ရတယ်။ ပြောစကားတွေကို နားစွင့်နေတယ်။ သူ ပြောပြီးနောက် ငြိမ်သွားကြတယ်။ စယ်လီစတီးနာ တိုးတိုးဆိုသံကိုပဲ ကြားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အိုး၊ ကျွန်မ သနားစရာ နှလုံးသား ဘယ်ရောက်သွားလဲ၊
မှော်ပညာကြောင့်မို့ ကျွန်မကို ခွဲခွာသွားပြီ . . . .'

"မင်း စဉ်းစားဖူးလား၊ ဟယ်ရီ" မစ္စတာ ဝယ်စလီက ပြောတယ်။ "စနိတ်ပ်က ဟန်ဆောင်တာမျှသာ —"

"ကူညီမယ်လို့ ဟန်ဆောင်ပြီး မော်ဖိုင် ဘာလုပ်တယ်ဆိုတာ သိချင်လို့ ?" ဟယ်ရီက ချက်ချင်းပြောတယ်။ "ဟုတ်တယ်၊ သင် ဒီလိုပြောမယ်လို့ ကျွန်တော် တွေးတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဘယ်လိုလုပ် သိမလဲ"

"ဒါ ကျုပ်တို့အလုပ် မဟုတ်ဘူး" လူပင်က မထင်မှတ်ပဲ ပြောတယ်။ သူ အခု မီးဖိုကို ကျောပေးထားတယ်၊ မစ္စတာ ဝယ်စလီ ခြားပြီး ဟယ်ရီကို မျက်နှာချင်းဆိုင်ထားတယ်။ "ဒမ်ဘာလီဒိုးကိစ္စ၊ ဒမ်ဘာလီဒိုးက ဆီးဗရတ်စ်ကို ယုံတယ်၊ ကျုပ်တို့အဖို့ ပြောရရင် ဒါဆို လုံလောက်ပါပြီ"

"ဒါပေမယ့်" ဟယ်ရီက ပြောတယ်။ "တကယ်လို့ — တကယ်လို့ ဒမ်ဘာလီဒိုးက စနိတ်ပ်ကို အကြည့်မှားခဲ့ရင် —"

"ဒီလိုပြောတဲ့လူ ရှိဖူးတယ်၊ အကြိမ်မနည်းဘူး။ ပြောရရင် ဒမ်ဘာလီဒိုး ဆုံးဖြတ်ချက်ကို ယုံလား မယုံဘူးလားဆိုတာပဲ။ ကျုပ် ယုံတယ်၊ ဒါကြောင့် ကျုပ် ဆီးဗရတ်စ်ကို ယုံတယ်"

"ဒါပေမယ့် ဒမ်ဘာလီဒိုးလဲ မှားတတ်တယ်" ဟယ်ရီက ငြင်းခုံတယ်။ "သူကိုယ်တိုင် ပြောဖူးတယ်။ သင် —" သူက လူပင့်မျက်လုံးကို စိုက်ကြည့်နေတယ်။

" — သင် တကယ်ပဲ စနိတ်ပ်ကို နှစ်သက်တယ် ?"

"ကျုပ် စနိတ်ပ်ကို နှစ်လဲမနှစ်သက်ဘူး၊ မုန်းလဲမမုန်းဘူး" လူပင်က ပြောတယ်၊ ဟယ်ရီ သံသယရှိတဲ့အမူအရာကို မြင်ရတော့ သူက ပြောပြန်တယ်။ "ဟယ်ရီ ကျုပ်ပြောတာ အမှန်၊ ကျုပ်တို့ဟာ ဘယ်တော့မှ စိတ်ချင်းသိတဲ့ မိတ်ဆွေကောင်းဖြစ်မှာ မဟုတ်ဘူး၊ ဂျိမ်း၊ ဆီးရီးအက်စ်ကြယ်နဲ့ ဆီးဗရတ်စ် ကြားမှာ ဖြစ်တဲ့ကိစ္စတွေကြောင့် ရန်ငြိုး သိပ်ကြီးတယ်။ ဒါပေမယ့် ကျုပ် ဟော့ဂ်ဝပ်မှာ ဆရာလုပ်တဲ့နှစ်က စနိတ်ပ်ဟာ လစဉ် ဝံပုလွေအဆိပ်ဆေးရည် ဖော်စပ်ပေးတာကို မေ့မှာမဟုတ်ဘူး၊ ဖော်စပ်တာ အလွန်ကောင်းတယ်၊ ဒါကြောင့် ထပ်ဖြည့်ရက်မှာ သိပ်နာကျင်တာ မဖြစ်တော့ဘူး"



"ဒါပေမယ့် သူ 'မထင်မှတ်ပဲ' သင် ဝံပုလွေလူသားဆိုတဲ့သတင်း ပေါက်ကြားသွားတယ်၊ ဒီအတွက်ကြောင့် သင် ထွက်သွားရတယ်" ဟယ်ရီက ဒေါသနဲ့ ပြောတယ်။

လူပင်က ပခုံးတွန့်လိုက်တယ်။

"ဒီအကြောင်း တစ်နေ့နေ့ ပေါ်မှာပါ၊ သူ ကျုပ်နေရာ ရချင်တာ ကျုပ်တို့အားလုံး သိတယ်။ ဒါပေမယ့် သူ ဆေးထဲမှာ တစ်ခုခု လုပ်လိုက်တာနဲ့ ကျုပ်ကို ပိုဒုက္ခရောက်အောင် လုပ်နိုင်တယ်။ သူက ကျုပ်ကို ကျန်းမာအောင် လုပ်တယ်၊ ကျုပ် သူ့ကို ကျေးဇူးတင်ရမယ်"

"ဒမ်ဘာလီဒိုး စောင့်ကြည့်နေလို့ သူ ဆေးထဲမှာ တစ်ခုခု မလုပ်ဝံ့တာလဲ ဖြစ်ချင်ဖြစ်မှာပေါ့"

"မင်းက သူ့ကို မုန်းဖို့ စိတ်ဆုံးဖြတ်ထားတာ၊ ဟယ်ရီ" လူပင်က ချည့်နဲ့စွာ ရယ်လိုက်တယ်။ "ကျုပ် နားလည်တယ်။ ဂျိမ်းက မင်းအဖေ၊ ဆီးရီးအက်စ်ကြယ်က မင်းဂေါ်ဖားသား၊ မင်းဟာ ရှိပြီးသားအမြင်တစ်မျိုးကို ဆက်ခံထားတယ်။ မင်းဟာ မင်း အာသာနဲ့ ကျုပ်ကို ပြောတဲ့ စကားကို ဒမ်ဘာလီဒိုးကို ပြောပြလို့ရတယ်၊ ဒါပေမယ့် မင်းနဲ့အမြင်တူဖို့တော့ မမျှော်လင့်နဲ့၊ သူ အံ့အား သင့်လိမ့်မယ်လို့တောင် မမျှော်လင့်နဲ့၊ ဆီးဗရတ်စ်ဟာ ဒမ်ဘာလီဒိုးအမိန့်နဲ့ ဒြာခိုကို သွားမေးတာလဲ ဖြစ်ချင်ဖြစ်မယ်"

'. . . . ခုတော့ ငင်းကို စုတ်ဖြဲပစ်ပြီမို့၊
ကျွန်မ နှလုံးသားကို ပြန်ပေးပါ'

စယ်လီစတီးနာဟာ ရှည်လျားတဲ့ သံစဉ်မြင့်နဲ့ ဘဲ့မ သီဆိုမှုကို အဆုံးသတ်လိုက်တယ်။ ရေဒီယိုထဲကနေ လက်ခုပ်သံတွေ အကျယ်ကြီး ပေါ်ထွက်လာတယ်။ မစ္စစ်ဝယ်စလီဟာလဲ စိတ်လှုပ်ရှားစွာ လက်ခုပ်တီးနေတယ်။

"ပြီးပြီ ?" ဖလောအာက အကျယ်ကြီး ပြော[illegible]တော်ပါသေးတယ်၊ နားထောင်ရခက်လိုက်တာ —"

"မအိပ်ခင် ဖျော်ရည်နည်းနည်းသောက်ရင် [illegible]ကောင်းမလား" မစ္စတာ ဝယ်စလီဟာ ခုန်ထပြီး အကျယ်ကြီး မေးတယ်။ "ဘယ်သူ ကြက်ဥအရက် သောက်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သင် ခုတလော ဘာလုပ်နေလဲ" ဟယ်ရီက လူပင်ကို မေးတယ်။ မှေ့တာ ဝယ်စလီ ကြက်ဥအရက် သွားယူတယ်။ ကျန်လူတွေ ကိုယ်လက်ဆန့်ပြီး စကားစမြည် ပြောနေတယ်။

"အိုး၊ ကျုပ် မြေအောက်လုပ်ငန်း လုပ်တယ်" လူပင်က ပြောတယ်။ "တကယ်တိတိကျကျလို့ ဆိုရမယ်။ ဒါကြောင့် ကျုပ် စာမရေးနိုင်ဘူး၊ ဟယ်ရီ၊ မင်းကို စာပို့ရင် ပေါ်သွားမှာ"

"သင် ဘာပြောတယ် ?"

"ကျုပ် ကျုပ်တို့လူတွေကြားမှာ သွားနေတယ်။ ကျုပ်ရဲ့အမျိုးတူတွေ" လူပင်က ပြောတယ်။ "ဝံပုလွေလူသား" ဟယ်ရီ သိပ်နားမလည်တာတွေ့တော့ သူက ဖြည့်ပြောတယ်။ "သူတို့အားလုံးလောက်ဟာ ဗိုလ်ဒီမွန့်ဘက်ကချည်းပဲ။ ဒမ်ဘယ်လ်ဒိုးက သူလျှိုတစ်ယောက် လိုတယ်၊ ကျုပ်ပဲပေါ့ . . . . အဆင်သင့်"

ကြားရတာ သူ နည်းနည်းညည်းညူနေသလိုပဲ၊ သူ့ဟာသာလည်း သိသွားသလိုပဲ။ ဒါနဲ့ ပိုပြီးလိုက်လျှော့စွာ ရယ်နေတယ်၊ သူက ပြောတယ်။ "ကျုပ်က အပြစ်တင်တာ မဟုတ်ဘူး၊ ဒါဟာ လိုအပ်တဲ့အလုပ်ပဲ။ ကျုပ်ထက် ပိုပြီး ဒီအလုပ်မှာ စိတ်ချရတာ ဘယ်သူရှိမှာလဲ။ တစ်ခုရှိတာက သူတို့ယုံကြည်အောင်လုပ်ဖို့ သိပ်ခက်တယ်။ ကျုပ် မှော်ဆရာတွေထဲမှာ နေခဲ့တဲ့ ထင်ရှားတဲ့ အမှတ်အသား ပါတယ်။ သူတို့ကျတော့ ပုံမှန်လူ့အဖွဲ့အစည်းကို တစ်လျှောက်လုံး ရှောင်လာပြီး အစွန်အဖျားမှာ နေကြတယ်၊ အစာခိုးစားတယ် —— တစ်ခါတလေ လူသတ်တယ် —— စားဖို့"

"သူတို့ ဘယ်လိုလုပ်ပြီး ဗိုလ်ဒီမွန့်ကို နှစ်သက်တာလဲ"

"သူ့အုပ်ချုပ်မှုအောက်မှာ သူတို့ ပိုပြီး ကောင်းကောင်းနေနိုင်မယ်ထင်လို့နဲ့ တူတယ်။ ဂရေးဘက်နဲ့ ဆွေးနွေးရတာ အလွန်ခက်ခဲတဲ့ . . . ."

"ဂရေးဘက်ဆိုတာ ဘယ်သူလဲ"

"မင်း သူ့ကို မကြားဖူးဘူးလား" လူပင့်လက်နှစ်ဘက်ဟာ ပေါင်ပေါ်မှာ အကြောဆွဲသလို တင်းတင်းဆုပ်ထားတယ်။ "ဖင်ရီအာ-ဂရေးဘက်ဟာ ဒီနေ့ခေတ်မှာ ဆိုးရွားရက်စက်ဆုံး ဝံပုလွေလူသား ဖြစ်နိုင်တယ်။ သူဟာ ဖြစ်နိုင်သလောက် လူများများကို ဒဏ်ရာရအောင် ကိုက်တာနဲ့ ကူးစက်အောင် လုပ်ဖို့ သူ့တာဝန်လို သဘောထားတယ်။ ဝံပုလွေလူသားတွေ အများကြီး မွေးထုတ်ပြီး မှော်ဆရာတွေကို အနိုင်တိုက်ပစ်ချင်တယ်။ ဗိုလ်ဒီမွန့်က သူ့ကို



အပြန်အလှန်အားဖြင့် သားကောင်တချို့ပေးဖို့ ကတိပြုထားတယ်။ ဂရေးဘက်ဟာ ကလေးတွေကိုချည်း တိုက်ခိုက်တယ် . . . . သူက ပြောတယ်၊ ငယ်တုန်းကိုက်ထား၊ ပြီးတော့ ၎င်းတို့ကို သူတို့မိဘတွေဆီကနေ ခေါ်သွား၊ မှော်ဆရာကို မုန်းတီးအောင် မွေးမြူရမယ်တဲ့။ ဗိုလ်ဒီမွန့်က ဂရေးဘက်ကို လွှတ်ပြီး ကလေးတွေကို ကိုက်ခိုင်းမယ်လို့ ခြိမ်းခြောက်တယ်၊ ဒီလိုခြိမ်းခြောက်တာ သိပ်အကျိုးသက်ရောက်မှုကောင်းတယ်"

လူပင် ခဏရပ်နေပြီး ပြောပြန်တယ်။ "ကျုပ်ကို ကိုက်တာ ဂရေးဘက်ပဲ"

"ဘာလဲ ?" ဟယ်ရီ လန့်သွားတယ်။ "သင်ပြောတာက —— သင်ငယ်ငယ်တုန်းက ?"

"ဟုတ်တယ်၊ ကျုပ်အဖေက သူ့ကို စိတ်ဆိုးအောင် လုပ်မိလို့။ အချိန်အကြာကြီး ကျုပ်ကို တိုက်ခိုက်သူ ဘယ်သူဆိုတာ မသိခဲ့ဘူး။ ကျုပ်ဟာ သူ့ကို သနားတောင် သနားသေးတယ်၊ သူ ချုပ်တည်းမရလို့ လုပ်တာလို့ ထင်တာ၊ ထိုစဉ်က ဝံပုလွေလူသား ဖြစ်ရတာ ဘယ်လိုခံစားရတယ်ဆိုတာ ကျုပ် သိပြီးပြီ။ ဒါပေမယ့် ဂရေးဘက်က ဒီလိုမဟုတ်ဘူး။ လပြည့်တဲ့အချိန်မှာ သူက သားကောင်နား ကပ်သွားတယ်၊ တိုက်ခိုက်ရင် မလွဲအောင် လုပ်တယ်။ သူဟာ ကြိုတင်ကြံစည်ထားတာ။ သူဟာ ဗိုလ်ဒီမွန့်က ဝံပုလွေလူသားကို စုစည်းတဲ့နေရာမှာ သုံးတဲ့လူပဲ။ ကျုပ်တို့ ဝံပုလွေလူသားတွေ သွေးစုပ်ရမယ်၊ ပုံမှန်လူတွေကို ကလဲ့စားချေရမယ်လို့ ဂရေးဘက်က ဖြတ်သားစွာ ခံယူတယ်။ ကျုပ်ရဲ့ အသိရှိတဲ့ ချေပပြောဆိုမှုဟာ သူ့အဖို့ ဘယ်လိုအကျိုးသက်ရောက်မယ်ဆိုတာ ကျုပ် မပြောဝံ့ဘူး"

"ဒါပေမယ့် သင်က ပုံမှန်ပါတယ်" ဟယ်ရီက ပြင်းထန်စွာ ပြောတယ်။ "သင့်မှာ တစ်ခု —— ပြဿနာတစ်ခုပဲ ရှိတယ် ——"

လူပင်က ရယ်တယ်။

"တစ်ခါတလေမှာ မင်းက ကျုပ်ကို ဂျိမ်းအကြောင်း အတော်များများ သွားမိစေတယ်။ သူက လူရှေ့သူရှေ့မှာ ဒါ ကျုပ်ရဲ့ 'အမွေးဖွားဖွား ပြဿနာလေး'လို့ ပြောတယ်။ လူအတော်များများက ကျုပ်မှာ ထိန်းသိမ်းမရတဲ့ ယုန်ကလေးတစ်ကောင် မွေးထားတယ် ထင်တာ"

www.burmeseclassic.com

www.burmeseclassic.com



သူဟာ မစ္စတာ ဝယ်စလီဆီကနေ ကြက်ဥအရက်တစ်ခွက် ယူလိုက်တယ်။ ဈေးနှုန်းတင်ကြောင်း ပြောတယ်။ သူ့ကြည့်ရတာ နည်းနည်းပျော်လာသလိုပဲ။ လူပင်က သူ့အဖေအကြောင်း ပြောတာ ကြားရတော့ ဟယ်ရီ စိတ်လှုပ်ရှားသွားတယ်။ လူပင်ကို မေးချင်နေတဲ့ ကိစ္စတစ်ခုကို သတိရလိုက်တယ်။

"သွေးနှောမင်းသားလို့ခေါ်တဲ့ လူတစ်ယောက် ကြားဖူးလား"

"သွေးနှော ဘာ ?"

"မင်းသား" ဟယ်ရီက သူ့ကို တွေးမိပုံ ရ မရ သေချာကြည့်နေတယ်။

"မှော်ဆရာမှာ မင်းသား မရှိဘူး" လူပင်က ပြုံးပြီး ပြောတယ်။ "မင်း ဒီအခေါ်အဝေါ် သုံးချင်လို့လား။ 'အရွေးချယ်ခံရသူ' ဆိုရင်ပဲ လုံလောက်ပါပြီလို့ ကျုပ် ထင်တယ်"

"ဒါ ကျွန်တော်နဲ့ မဆိုင်ဘူး" ဟယ်ရီက ကန့်ကွက်ပြောဆိုတယ်။ "သွေးနှောမင်းသားဆိုတာ အရင်က ဟော့ဂ်ဝပ်မှာ နေခဲ့ဖူးတဲ့လူ၊ ကျွန်တော် သူ့မှော်ဆေးပညာ ဖတ်စာအုပ်ကို ယူထားတယ်။ သူ အဲဒီပေါ်မှာ ဂါထာတွေ အပြည့်ရေးထားတယ်။ သူတီထွင်တဲ့ ဂါထာကျိန်စာတွေ၊ တစ်ခုရှိတာက လီဗိုက်ကော်ပတ်စ် —"

"အိုး၊ ဒီကျိန်စာဟာ ကျုပ် ဟော့ဂ်ဝပ်မှာ ကျောင်းနေတုန်းက သိပ်ခေတ်စားတာ" လူပင်က ပြန်လည်သတိရစွာ ပြောတယ်။ "ကျုပ် ပဉ္စမနှစ်တုန်းက လအချို့အတွင်းမှာ၊ ခြေမျက်စိက ဆွဲပြီး မိုးပေါ်မှာ ဇောက်ထိုးအထားခံရတဲ့လူ မကြာမကြာ ရှိတယ်။ လှုပ်လို့မရဘူး"

"ကျွန်တော့်အဖေ အဲဒီကျိန်စာ သုံးဖူးတယ်" ဟယ်ရီက ပြောတယ်။ "ကျွန်တော် အတွေးဇလုံထဲမှာ မြင်ရတာ။ သူ စနိတ်ပ်ကို သုံးဖူးတယ်"

သူဟာ ပေါ့ပေါ့ပဲပြောတဲ့လေသံနဲ့ ကြုံလို့ ပြောလိုက်သလို ပြောတယ်။ ဒါပေမယ့် ဘယ်လိုအကျိုးသက်ရောက်မှု ရှိ မရှိ ဆိုတာတော့ သူ မသိဘူး။ လူပင့်အပြုံးထဲမှာ နားလည်ပေးမှု အလွန်များတယ်။

"ဟုတ်တယ်" သူက ပြောတယ်။ "ဒါပေမယ့် သူတစ်ယောက်တည်း [illegible]တော့ မဟုတ်ဘူး။ ကျုပ် ပြောသလိုပဲ၊ ၎င်း အလွန်ခေတ်စားခဲ့တယ် ..... ဒီမှော်ဂါထာ၊ ကျိန်စာတွေဟာ ပေါ်လိုက်ပျောက်လိုက်ပဲ ...."

"ဒါပေမယ့် ကြည့်ရတာ သင်ကျောင်းနေတဲ့ကာလမှာ တီထွင်တာ ထင်တယ်" ဟယ်ရီက ရုန်းခံပြောတယ်။



"မသေချာဘူး။ မှော်ဂါထာ၊ ကျိန်စာတွေဟာ တခြားအရာတွေလိုပဲ။ ခေတ်စားလိုက် ခေတ်မစားလိုက် ဖြစ်တယ်" သူက ဟယ်ရီ့မျက်နှာကို စိုက်ကြည့်နေတယ်။ ဒီနောက် တည်ငြိမ်စွာ ပြောတယ်။ "ဂျိမ်းဟာ သွေးသန့်တယ်ရီ။ ကျုပ် အာမခံတယ်။ သူ ဘယ်တုန်းကမှ သူ့ကို 'မင်းသား' လို့ အခေါ်မခိုင်းဘူး"

ဟယ်ရီဟာ ဖုံးကွယ်တာကို စွန့်လွှတ်လိုက်တယ်။ သူက မေးတယ်။ "ဆီးရီးအက်စ်ကြယ်လဲ မဟုတ်ဘူး ? ဒါမှမဟုတ် သင် ?"

"မဟုတ်တာ သေချာတယ်"

"အိုး" ဟယ်ရီက မီးဖိုမီးကို ကြည့်နေတယ်။ "ကျွန်တော်က — သူ မှော်ဆေးပညာအတန်းမှာ ကျွန်တော့်ကို အများကြီး ကူညီတယ်လို့ ထင်နေတာ၊ အဲဒီမင်းသား"

"အဲဒီစာအုပ်က ဘယ်တုန်းကဟာလဲ၊ ဟယ်ရီ"

"မသိဘူး၊ ကျွန်တော် တစ်ခါမှ မစစ်ဆေးဘူး"

"ဒါက မင်းကို မင်းသား ဟော့ဂ်ဝပ်မှာ ရှိစဉ်အကြောင်းကို သိဖို့ အထောက်အကူ ရချင်ရမှာပေါ့" လူပင်က ပြောတယ်။

သိပ်မကြာဘူး၊ ဖလောအာဟာ ဝယ်လီစတီးနာကို တုပြီး 'ပူနွေးတဲ့အချစ်တစ်အိုး' ဆိုဖို့ ဆုံးဖြတ်တယ်။ မစ္စစ် ဝယ်စလီ့အမူအရာ တွေ့ကြပြီးနောက်၊ အားလုံးက ဒါကို အိပ်ရာဝင်ဖို့ အချက်ပေးတာလို့ သဘောထားကြတယ်။ ဟယ်ရီနဲ့ ရွန်ဟာ ထပ်ခိုးထိ တန်းတက်ပြီး ရွန့်အိပ်ခန်းကို လာကြတယ်။ အဲဒီမှာ ဟယ်ရီ့အတွက် ခရီးဆောင် ခုတင်တစ်လုံး ထားထားတယ်။

ရွန်ဟာ ခေါင်းအုံးနဲ့ ထိတာနဲ့ အိပ်ပျော်သွားသလိုပဲ။ ဟယ်ရီ အိပ်ရာမဝင်ခင် သေတ္တာထဲကနေ 'အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်း' ကို ထုတ်ပြီး လှန်လှောတယ်။ ရှေ့ဆုံးမှာ ထုတ်ဝေတဲ့အချိန်ကို တွေ့ရတယ်။ အနှစ် ငါးဆယ်နီးပါး ရှိပြီ။ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်က သူ့အဖေနဲ့ သူငယ်ချင်းတွေ ဟော့ဂ်ဝပ်မှာ မရှိဘူး။ ဟယ်ရီက စိတ်ပျက်စွာနဲ့ စာအုပ်ကို သေတ္တာထဲ ပြန်ပစ်ထည့်လိုက်တယ်။ မီးမှိတ်ပြီး တစ်ဖက်လှည့်လိုက်တယ်။ ဝံပုလွေလူသားနဲ့ စနိတ်ပ်၊ စတန်းရှန်ဖိုက်နဲ့ သွေးနှောမင်းသားကို တွေးရင်း မသက်မသာ အိပ်ပျော်သွားတယ်။ အိပ်မက်ထဲမှာ သရဲတွေရဲ့ အရိပ်တွေနဲ့ အကိုက်ခံရတဲ့ ကလေးတွေရဲ့ ငိုသံချည်းပဲ ....

www.burmeseclassic.com

www.burmeseclassic.com



"သူမ ရယ်စရာလုပ်တာပဲ ဖြစ်မယ် . . . ."

ဟယ်ရီ လန့်နိုးသွားတယ်။ ခုတင်ခြေရင်းမှာ ဖောင်းပြည့်နေတဲ့ ခြေစွပ်တစ်ခုကို တွေ့ရတယ်။ သူ မျက်မှန်တပ်ပြီး ဘေးဘီကို ကြည့်တယ်။ ပြတင်းပေါက်လေးဟာ အကုန်လုံး ဆီးနှင်းဖုံးခါနီးနေပြီ။ ရွန်ဟာ ပြတင်းရှေ့က ခုတင်ပေါ်မှာ မတ်မတ်ကြီး ထိုင်နေတယ်။ အရာတစ်ခုကို ကြည့်နေတယ်၊ အလွန်တုတ်တဲ့ ရွှေဆွဲကြိုးလိုပဲ။

"အဲဒါ ဘာလဲ" ဟယ်ရီက မေးတယ်။

"လာဗင်ဒါပေးတာ" ရွန်က ရွံမုန်းစွာ ပြောတယ်။ "ငါ တကယ်ပဲ ဒါကို ဆွဲမယ်လို့ သူမ မထင်ပါဘူးနော် . . . ."

ဟယ်ရီ ကပ်သွားကြည့်လိုက်တော့ ရယ်ထွက်သွားတယ်။ ဆွဲကြိုးပေါ်မှာ ရွှေစာလုံးကြီးတချို့ ချိတ်ထားတယ်။ "ကိုယ့်ချစ်သဲ"

"မဆိုးဘူး" သူက ပြောတယ်။ "မိုက်တယ်။ မင်း ဖရက်နဲ့ ဂျော့ရှေ့မှာ ဆွဲရမယ်"

"မင်း သူတို့ကို ပြောပြရင်" ရွန်က ပြောရင်း ဆွဲကြိုးကို ခေါင်းအုံးအောက် ထိုးထည့်တယ်။ "ငါ — ငါ — ငါ မင်းကို — "

"ငါ့ကို ထစ်ပြနေလား" ဟယ်ရီက ရယ်ပြီး ပြောတယ်။ "တော်ပါ တော့၊ ငါ ပြောမလား"

"သူ ဘာကြောင့် ငါ ဒါမျိုးကြိုက်တယ် ထင်တာလဲ" ရွန်က လေထဲ မေးတယ်၊ သိပ်တုန်လှုပ်နေသလိုပဲ။

"ပြန်စဉ်းစားကြည့်" ဟယ်ရီက ပြောတယ်။ "မင်းက လည်ပင်းမှာ 'ကိုယ့်ချစ်သဲ' ဆွဲပြီး လူရှေ့ ကြွားချင်တာ မဖော်ပြဖူးဘူးလား"

"အင်း . . . . ငါတို့ သိပ်စကားမပြောဘူး" ရွန်က ပြောတယ်။ "အဓိကအားဖြင့် . . . ."

"နမ်းတာ"

"ဟုတ်တယ်" ရွန်က ခဏတွေဝေနေပြီး ပြောပြန်တယ်။ "ဟားမီ အားတယ်ပဲ မော်လက်ဂင်နဲ့ ကြိုက်သွားလား"

"မသိဘူး။ စလပ်ဂ်ဟွန်း ပါတီပွဲမှာ သူတို့အတူလာကြတယ်။ ဒါပေမယ့် ဒီလောက် မရင်းနှီးဘူးလို့ ငါ ထင်တယ်"



ရွန့်စိတ်အခြေအနေ နည်းနည်းကောင်းသွားပြီး ခြေစွပ်ထဲမှာ ပစ္စည်းနှိုက်နေပြန်တယ်။

ဟယ်ရီရတဲ့လက်ဆောင်ကတော့ ရွှေဘောလုံးပျံလေး ရင်ဘတ်ပေါ် ထိုးထားတဲ့ သိုးမွေးအင်္ကျီ၊ အဲဒါ မစ္စစ်ဝယ်စလီကိုယ်တိုင် ထိုးပေးတာ။ အမြွာညီအစ်ကိုပေးတဲ့ ဝယ်စလီမှော်ပဒ္ဒလက်အလုပ်ရုံက ထွက်တဲ့ပစ္စည်း တစ်ဘူးကြီး၊ ဒါ့အပြင် အနည်းငယ် စိုစွတ်ပြီး မှိုနံ့ထွက်နေတဲ့ အထုပ်၊ လေဘယ်ပေါ်မှာ ရေးထားတာက — "သခင့်အတွက်၊ ခရက်ချာ"

ဟယ်ရီက အထုပ်ကို ကြည့်နေတယ်။ "ဒါကို ဖွင့်ရင် လုံခြုံပါ့မလား"

"အန္တရာယ်ပစ္စည်းတော့ မဖြစ်နိုင်ဘူး၊ ငါတို့အထုပ်တွေ မှော်ဝန်ကြီးဌာန စစ်ဆေးတာ ခံရတယ်" ရွန်ဟာ သံသယနဲ့ အဲဒီအထုပ်ကို ကြည့်နေပေမယ့် ဖြေလိုက်တယ်။

"ငါ ခရက်ချာကို လက်ဆောင်ပေးဖို့ သတိမရဘူး။ လူတွေ အိမ်မွေးမှင်စာလေးတွေကို လက်ဆောင်ပေးလေ့ ရှိလား" ဟယ်ရီက မေးတယ်၊ လက်နဲ့လည်း အထုပ်ကို ထိုးကြည့်နေတယ်။

"ဟားမီး ပို့တယ်။ ဘာဆိုတာ ကြည့်ပြီးမှ ပြောပါ"

ခဏနေတော့၊ ဟယ်ရီ တအားအော်လိုက်တယ်။ ခရီးဆောင် ခုတင်ပေါ်ကနေ ခုန်ချလိုက်တယ်။ အထုပ်ထဲမှာက လောက်တွေ တစ်ပုံကြီး။

"မဆိုးဘူး" ရွန်က တဟားဟား ရယ်ပြီး အော်ပြောတယ်။ "တော်တော်တွေးတတ်တာပဲ"

"ငါ ဒါကို ယူရချင် ယူရပစေ၊ ဟိုဆွဲကြိုးကို မလိုချင်ဘူး" ဟယ်ရီက ပြောတယ်။ ရွန် ချက်ချင်း ငြိမ်သွားတယ်။

ခရစ္စမတ်စ်နေ့လယ်စာ စားကြတော့၊ လူတိုင်း သိုးမွေးအင်္ကျီအသစ် ဝတ်ထားတယ်၊ ဖလောအာ ( မစ္စစ်ဝယ်စလီဟာ သူမအတွက် တစ်ထည် မြှုန်းတီးချင်ဘူး ) နဲ့ မစ္စစ် ဝယ်စလီကိုယ်နှိုက်ကလွဲလို့၊ မစ္စစ် ဝယ်စလီဟာ မှော်ဆရာမ ဦးထုပ်အသစ်စက်စက် ဆောင်းထားတယ်။ ညမိုးကောင်းကင်လို အပြာရင့်ရောင်ပေါ်မှာ ကြယ်ကလေးတွေလို စိန်လေးတွေ လက်နေတယ်။ ပြီးတော့ မျက်စိစူးစေတဲ့ ရွှေဆွဲကြိုးလည်း ရှိသေးတယ်။

"ဖရက်နဲ့ ဂျော့ ငါ့ကို ပေးတာ၊ လှတယ်နော်"

www.burmeseclassic.com



"ကျွန်တော်တို့ ကြာလေ အမေ့ကို ကျေးဇူးတင်တယ်၊ အမေ။ အခု ကျွန်တော့်ဖာသာ ခြေစွပ်လျှော်တယ်" ဂျော့က ပြောတယ်၊ လက်ကိုလည်း လှုပ်ယမ်းတယ်။ "ရွက်စားမုန်လာ စားမလား၊ ရိုးမတ်စ်"

"ဟယ်ရီ့ခေါင်းပေါ်မှာ လောက်တစ်ကောင်ရှိတယ်" ဂျင်နီက ပျော်ရွှင်စွာ ပြောတယ်။ စားပွဲဟိုဘက်ကနေ သူ့အစား လှမ်းယူပစ်လိုက်တယ်။ ဟယ်ရီဟာ လည်ပင်းပေါ်မှာ ကြက်သီးထသွားတယ်။ ဒါပေမယ့် အဲဟိုလောက်ကောင်နဲ့ မဆိုင်ဘူး။

"အိုး၊ ရွံစရာကြီး" ဖလောအာက ပြောတယ်။ ချဲ့ကားပြီး ကြက်သီးထပြတယ်။

"ဟုတ်သားပဲ" ရွန်က ပြောတယ်။ "အသားဟင်းအရည် ယူမလား ဖလောအာ"

သူဟာ မျက်နှာလို မျက်နှာရ သိပ်လုပ်ချင်လို့ အသားဟင်းအရည်ကို ထိမိပြီး လွင့်သွားစေတယ်။ ဘီးက မှော်ကြိမ်လုံးနဲ့ ယမ်းလိုက်တာနဲ့ အသားဟင်းရည် မိုးပေါ် မြောက်သွားပြီး၊ နာခံစွာနဲ့ ပန်းကန်ထဲ ပြန်ကျလာတယ်။

"နင်က ဟိုတန့်ခ်စ်လိုပဲ ထိုင်းတယ်" ဖလောအာက ဘီးကို နမ်းလိုက်ပြီး ရွန့်ကို ပြောတယ်။ "သူမဟာ အမြဲလို မှောက်ပစ် —"

"ကိုယ် ချစ်လှစွာသော တန့်ခ်စ်ကို ဖိတ်ထားတယ်" မစ္စစ် ဝယ်စလီက ခါကြက်ဥကို လေးလေးချလိုက်ပြီး ဖလောအာကို ကြည့်ပြောတယ်။ "ဒါပေမယ့် သူမက မလာချင်ဘူး။ ရှင် ခုတလော သူမနဲ့ ဆွေးနွေးသေးလား၊ ရိုးမတ်စ်"

"ဟင့်အင်း၊ ကျွန်တော် ဘယ်သူနဲ့မှ သိပ်မဆက်သွယ်ဘူး။ ဒါပေမယ့် တန့်ခ်စ်က သူမအိမ်ပြန်မယ် မဟုတ်လား"

"အင်း" မစ္စစ် ဝယ်စလီက ပြောတယ်။ "ဖြစ်ချင်ဖြစ်မယ်၊ ခရစ္စမတ်စ်ပွဲမှာ သူမက တစ်ယောက်တည်း နေမယ်လို့ ကျွန်မ ခံစားရတယ်"

သူမဟာ စိတ်ဆိုးစွာနဲ့ လူပင်ကို ကြည့်လိုက်တယ်။ သူမ တန့်ခ်စ်နဲ့ ချွေးမ မတော်ရဘဲ ဖလောအာနဲ့ တော်ရတာ လူပင့်အမှားလို ဘာလိုနဲ့။ ဟယ်ရီက သူမ ခက်ရင်းခွနဲ့ ဘီးကို ကြက်ဆင်သားခွံ့ပေးနေတဲ့ ဖလောအာကို ကြည့်လိုက်တယ်၊ မစ္စစ် ဝယ်စလီ အစောကြီးကတည်းက ရှုံးဖို့ သေချာနေပြီဆိုတာ သူ သိတယ်။ ဒါပေမယ့် တန့်ခ်စ်နဲ့ ပတ်သက်တဲ့ ပြဿနာတစ်ခု သူ တွေး



တယ်။ လူပင်ကို မေးတာ အသင့်တော်ဆုံးပဲ မဟုတ်လား။ သူဟာ ကိုယ်စောင့်နတ်နဲ့ ပတ်သက်ပြီး မသိတာ မရှိဘူး။

"တန့်ခ်စ်ရဲ့ ကိုယ်စောင့်နတ် ပြောင်းသွားပြီ၊ စနိတ်ပ် ပြောတာ။ ဒီလိုဖြစ်တာမျိုးရှိတာ ကျွန်တော် မသိဘူး။ ကိုယ်စောင့်နတ် ဘာကြောင့်ပြောင်းတာလဲ"

လူပင်က ကြက်ဆင်သားကို အေးအေးဝါးနေတယ်၊ မျိုချပြီးနောက် ဖြည်းဖြည်းလေး ပြောတယ်။ "တစ်ခါတလေ . . . . ကြီးမားတဲ့ ထိုးနှက်ခံရမှု . . . . စိတ်ခံစားမှု ကြီးမားစွာ ပြောင်းလဲမှု . . . ."

"ဝုင်းကိုကြည့်ရတာ အလွန်ကြီးတယ်၊ ခြေလေးချောင်း ရှိတယ်" ဟယ်ရီက ပြောတယ်။ ရုတ်တရက်ကြီး သူ့ အတွေးတစ်ခု ဝင်လာတယ်။ အသံနိမ့်ပြောတယ်။ "ဟေး . . . . မျှားလား —"

"အာသာ" မစ္စစ် ဝယ်စလီက ရုတ်တရက် အော်လိုက်တယ်။ သူမဟာ ထိုင်နေရင်းက ထရပ်လိုက်တယ်၊ လက်နဲ့ ရင်ဘတ်ကို အုပ်ထားတယ်၊ မီးဖိုချောင်အပြင်ဘက်ကို ကြည့်နေတယ်။ "အာသာ — ဖတ်စီလေ"

"ဘာလဲ ?"

မစ္စတာဝယ်စလီ လှည့်ကြည့်တယ်။ အားလုံး ပြတင်းဘက် ချက်ချင်းကြည့်ကြတယ်၊ ဂျင်နီက မတ်တတ်ထပြီး အပြင်ဘက်ကို ကြည့်နေတယ်။ အတယ်ပဲ အဲဒါ ဖတ်စီ-ဝယ်စလီ၊ သူဟာ ခြံထဲက ဆီးနှင်းတွေကို နင်းပြီး ခြေလှမ်းကျဲကျဲနဲ့ လာနေတယ်၊ ကွဲကော်ကိုင်းမျက်မှန်ဟာ နေရောင်အောက်မှာ တလက်လက်။ သို့ပေမယ့် သူတစ်ယောက်တည်းတော့ မဟုတ်ဘူး။

"အာသာ၊ သူ — သူ ဝန်ကြီးနဲ့ အတူလာတာ"

တကယ်ပါပဲ၊ ဟယ်ရီ 'ကြို့ဟောဆရာများနေ့စဉ်' ထဲမှာ မြင်ရတဲ့ သူဟာ ဖတ်စီနောက်က လိုက်လာနေတယ်။ ၎င်း နည်းနည်းခြေထော့နေတယ်၊ ဆံပင်ဖြူ ဆံပင်ထူထူ ရှိတယ်၊ ခြုံထည်အနက်ပေါ်မှာ ဆီးနှင်းဖြူဖြူတွေ ထင်နေတယ်။ အားလုံး ဘယ်သူမှ စကားပြောချိန် မရလိုက်ဘူး။ ဝယ်စလီ မောင်နှံဟာ အံ့အားသင့်တဲ့ အကြည့်ချင်း ဖလှယ်လိုက်ရုံ ရှိသေးတယ်၊ နောက်ဖေးတံခါး ပွင့်သွားပြီး ဖတ်စီဟာ တံခါးဝမှာ ရပ်နေတယ်။

အနေရကျပ်တဲ့ ငြိမ်သက်မှု။ ဖတ်စီက မာတောင့်တောင့်အသံနဲ့ ပြောတယ်။ "ခရစ္စမတ်စ် ပျော်ပါစေ၊ အမေ"

www.burmeseclassic.com

www.burmeseclassic.com



"အိုး၊ ဖတ်စီ" မစ္စစ် ဝယ်စလီက ပြောရင်း သူ့ရင်ခွင်ထဲ ပြေး လိုက်တယ်။

ရှုဖူးစ်-စခရင်းမ်ဂျဲဟာ အပေါက်ဝမှာ ရပ်သွားတယ်။ သူဟာ တု ကောက်ထောက်ထားတယ်။ ဒီစိတ်လှုပ်ရှားဖွယ်မြင်ကွင်းကို ပြုံးပြီး ကြ နေတယ်။

"အနှောင့်ယှက် ဖြစ်သွားပြီ၊ ခွင့်လွှတ်ပါ" သူက ပြောတယ်။ ဒီအ မှာ မစ္စစ် ဝယ်စလီက သူ့ဘက် လှည့်လိုက်ပြီ။ ပြုံးပြီး မျက်စိသုတ်နေတ "ဖတ်စီနဲ့ ကျွန်တော် ဒီအနီးအနားမှာ —— အလုပ်ရှိလို့၊ သင် သိပါတ —— သူက ခင်ဗျားတို့ကို လာမတွေ့ဘဲ မနေနိုင်လို့ လာတာ"

ဒါပေမယ့် ဖတ်စီဟာ ကျန်လူများနဲ့ နှုတ်ဆက်ဖို့ သဘောထား ဘူး။ သူဟာ နေရာတွင် တောင့်တောင့်ကြီး ရပ်နေတယ်။ မနေတတ်သ ဖြစ်နေတယ်။ မျက်စိက အားလုံးခေါင်းပေါ် ကျော်ကြည့်နေတယ်။ မစ္စ ဝယ်စလီ၊ ဖရက်နဲ့ ဂျော့တို့ဟာ မျက်နှာထားတင်းတင်းနဲ့ သူ့ကို ကြည့်နေတ

"ဝင်ပါ၊ ထိုင်ပါ၊ ဝန်ကြီး" မစ္စစ် ဝယ်စလီက ပျာပျာသလဲ ပြော မိမိဦးထုပ်ကို တည့်မတ်လိုက်တယ်။ "ကြက်ဆင် ဒါမှမဟုတ် ပူတင်းနည်းန စားပါဦး . . . . ကျွန်မ ပြောချင်တာက ——" မစ္စစ် ဝယ်စလီဟာ စိတ်လှုပ် လို့ မပီမသ ဖြစ်နေတယ်။

"မလိုဘူး၊ မလိုဘူး၊ ချစ်လှစွာသော မော်လီ" စခရင်းမ်ဂျဲက ပြေ တယ်။ သူဟာ အိမ်ထဲမဝင်ခင် ဖတ်စီဆီမှာ သူမ နာမည် မေးထားတာဖြစ် လို့ ဟယ်ရီက မှန်းတယ်။ "ကျွန်တော် အနှောင့်အယှက် မဖြစ်ချင်ဘူး၊ ဖတ်စ ခင်ဗျားတို့ကို သိပ်တွေ့ချင်နေလို့သာ။ နို့မို့ရင် ကျွန်တော်တို့ မလာပါ . . . ."

"အိုး၊ ဖတ်စီ" မစ္စစ် ဝယ်စလီက မျက်ရည်လည်ရင်း ခေါ်တ ခြေဖျားထောက်ပြီး သူ့ကို သွားနမ်းတယ်။

" . . . . ကျွန်တော်တို့ ငါးမိနစ်လောက်ပါပဲ၊ ကျွန်တော် ခြံထဲလျှော ဦးမယ်၊ ခင်ဗျားတို့ ဖတ်စီနဲ့ စကားပြောကြဦး။ ဟင့်အင်း၊ ဟင့်အင်း၊ ကျွန်တေ တယ်ပဲ ခင်ဗျားတို့ကို အနှောင့်အယှက် မပေးချင်ဘူး။ အင်း၊ တကယ်လို့ တော့်ကို ခေါ်ပြီး ခင်ဗျားတို့ရဲ့ ချစ်စရာပန်းခြံကို လိုက်ပြမယ့်သူ



. . . . အား၊ ဟိုလူငယ်လေး စားပြီးနေပြီ၊ မင်း ကျုပ်ကို အဖော်ပြုပြီး လမ်း သွားလျှောက်နိုင်မလား"

ထမင်းစားပွဲအနီးက လေထု ထင်ရှားစွာ ပြောင်းလဲသွားတယ်။ အများ ကြည့်ဟာ စခရင်းမ်ဂျဲဆီကနေ ဟယ်ရီ့ဆီ ရောက်သွားတယ်။ စခရင်းမ်ဂျဲ ာ ဟယ်ရီ့နာမည် မသိဘူးဆိုတာ ဘယ်သူမှ မယုံဘူး။ ဝန်ကြီးကို အဖော် ပြီး ပန်းခြံထဲ လမ်းလျှောက်ဖို့ အရွေးခံရတာ သွေးရိုးသားရိုးလို့လည်း ယ်သူမှ မထင်ဘူး။ အကြောင်းက၊ ဂျင်နီ၊ ဖလောအာနဲ့ ဂျော့ရဲ့ ပန်းကန်ပြား တွေထဲမှာလည်း ဘာမှမရှိတော့ဘူး။

"ကောင်းပြီ" ဟယ်ရီက ငြိမ်သက်ခြင်းကို ဖြိုခွဲပြီး ပြောလိုက်တယ်။

သူ အညာမခံဘူး။ စခရင်းမ်ဂျဲက အနီးအနားမှာ အလုပ်ရှိလို့၊ ဖတ်စီ မိသားစုကို တွေ့ချင်လို့ ပြောပေမယ့်၊ စခရင်းမ်ဂျဲနဲ့ ဟယ်ရီနှစ်ယောက် ည်း စကားပြောနိုင်ဖို့ကမှ သူတို့ ဒီကိုလာတဲ့ အကြောင်းရင်းအစစ်။

"ကိစ္စမရှိဘူး" လူပင့်အနားက ဖြတ်သွားတော့ သူက တိုးတိုးပြော ယ်။ အကြောင်းက လူပင် ထိုင်ရာက မတ်တတ်ရပ်လိုက်တာ သူ မြင်လို့။ စ္စမရှိဘူး" မစ္စတာ ဝယ်စလီ စကားပြောမယ်လုပ်တာမြင်လို့ သူက ထပ် ပြောလိုက်တယ်။

"သိပ်ကောင်းတာပဲ" စခရင်းမ်ဂျဲ နောက်ဆုတ်သွားတယ်။ ဟယ်ရီ့ ို အရင် အပြင်ထွက်စေတယ်။ "ကျွန်တော်တို့ ပန်းခြံထဲမှာ လျှောက်လိုက် မယ်၊ ပြီးရင် ဖတ်စီနဲ့ ကျွန်တော် ပြန်မယ်။ ဆက်လုပ်ကြပါ၊ အားလုံး"

ဟယ်ရီက ခြံဝန်းကို ဖြတ်ကာ မြက်တွေပေါက်နေပြီး ဆီးနှင်းဖုံးနေတဲ့ ယ်စလီတို့အိမ်က ပန်းခြံထဲ လျှောက်သွားတယ်။ စခရင်းမ်ဂျဲဟာ ထော့နဲ့ ော့နဲ့နဲ့ ဘေးက လိုက်တယ်။ သူဟာ အရင်က အောရာရုံးအုပ် လုပ်ဖူးတာ ယ်ရီ သိတယ်။ သူကြည့်ရတာ အလွန်သန်မာတယ်၊ တိုက်ပွဲ ဒဏ်ရာတွေ နေတယ်။ ထိပ်ဝိုင်းမင်္ဂလာဦးထုပ် ဆောင်းပြီး ဗိုက်ပြဲကြီးနဲ့ဖဲဒ်ဂ်နဲ့ အလွန် ခြားတယ်။

"သိပ်လှတယ်" စခရင်းမ်ဂျဲက ပြောတယ်။ သူဟာ ပန်းခြံ ခြံစည်းရိုး မှာ ရပ်လိုက်တယ်။ ဆီးနှင်းတွေ ပြည့်ဖုံးနေတဲ့ မြက်ခင်းနဲ့ ဘာရယ်လို့ တဲ့ သစ်ပင်တွေကို ကြည့်နေတယ်။ "သိပ်လှတယ်"

www.burmeseclassic.com



ဟယ်ရီ စကားမပြောဘူး။ ခေါင်းမ်ဂျဲ သူ့ကို ဆန်းစစ်စွာ ကြည့်နေ တာ သူ ခံစားရတယ်။

"ကျုပ် အစောကြီးကတည်းက မင်းကို တွေ့ချင်နေတာ" ခဏ တော့ ခေါင်းမ်ဂျဲက ပြောတယ်၊ "မင်း သိလား"

"မသိဘူး" ဟယ်ရီက နိုးသားစွာ ပြောတယ်။

"အိုး၊ ဟုတ်တယ်၊ အစောကြီးကတည်းက တွေ့ချင်တာ။ ဒါပေမယ့် ဒမ်ဘာလီဒိုးက မင်းကို အလွန်ကာကွယ်ထားသလိုပဲ" ခေါင်းမ်ဂျဲက ပြောတယ် "ဒါပေါ့လေ၊ ဒါ သိပ်သဘာဝကျပါတယ်၊ မင်း ဟိုဟာတွေ တွေ့ကြုံပြီးနောက် .... အထူးသဖြင့် ဝန်ကြီးဌာနထဲမှာ ဖြစ်ပွားတဲ့ကိစ္စ ...."

သူက ဟယ်ရီ တစ်ခုခုပြောတာ စောင့်ချင်တယ်၊ ဒါပေမယ့် ဟယ် က အရေးမလုပ်ဘူး။ ဒါနဲ့ သူက ပြောပြန်တယ်၊ "ကျုပ် ရုံးတာဝန်ယူပြီးနောက် မင်းနဲ့ စကားပြောဖို့ အခွင့်အရေးကို မျှော်လင့်ခဲ့တယ်၊ ဒါပေမယ့် ဒမ်ဘာလီ က တားထားတယ်။ ကျုပ် ပြောဖူးတယ် —— ဒါ လုံးဝနားလည်ပေးလို့ရတယ်

ခုထိလည်း ဟယ်ရီ ဘာမှမပြောဘူး၊ စောင့်နေတယ်။

"ကောလာဟလတွေကတော့ အစုံပဲ" ခေါင်းမ်ဂျဲက ပြောတယ် "ဒီဇာတ်လမ်းတွေ ဘယ်လောက်အဖြစ်မှန်နဲ့ လွဲနေတယ်ဆိုတာ ကျုပ် အားလုံး သိတယ် .... ကြိုဟောစကားတစ်ခု ရှိတယ်လို့ ပြောနေတယ် .... မင်းကို 'အရွေးချယ်ခံရသူ' လို့ ပြောတယ် ...."

စကားက ခေါင်းမ်ဂျဲ ဆိုလိုရင်းကို ရောက်လာပြီလို့ ဟယ်ရီ တွေး တယ်။

" ....ဒမ်ဘာလီဒိုး ဒီကိစ္စတွေ မင်းနဲ့ ဆွေးနွေးပြီးပြီလို့ ကျုပ် ထင်တယ်"

ဟယ်ရီ တွေဝေနေတယ်။ လိမ်ပြောသင့်လား မသင့်ဘူးလားဆိုတာ တွေးနေတယ်။ သူဟာ ပန်းခင်းဘေးပတ်လည်က မြေထဲနေ နာနာဘာဝလေး တွေရဲ့ ခြေရာကို ကြည့်နေတယ်။ ပြီးတော့ မြေပေါက်ထားတဲ့ အကွက်၊ အဲ ဒီ ဘဲလေးဂါဝန်ဝတ်ပြီး ခရစ္စမတ်စ် သစ်ပင်ထိပ်မှာ ရှိနေတဲ့ မြေထဲနေ နာနာဘာဝလေးကို ဖမ်းမိတဲ့နေရာ၊ နောက်ဆုံးမှာ သူ အမှန်အတိုင်း ပြောမယ် .... ဒါမှမဟုတ် အမှန် နည်းနည်းပြောမယ်လို့ ဆုံးဖြတ်လိုက်တယ်။

"ဟုတ်တယ်၊ ကျွန်တော်တို့ ဆွေးနွေးဖူးတယ်"



"မင်းတို့များ၊ မင်းတို့များ ...." ဟယ်ရီက မျက်စိထောင့်က အရောင်နဲ့ ခေါင်းမ်ဂျဲ သူ့ကို စိုက်ကြည့်နေတာ မြင်ရတယ်။ ဒါနဲ့ နှင်းခဲ နေတဲ့ ဇလပ်ပန်းရုံအောက်က ခေါင်းပြူနေတဲ့ မြေထဲနေ နာနာဘာဝလေးကို သိပ်စိတ်ဝင်စားဟန် ဆောင်နေလိုက်တယ်။ "ဒမ်ဘာလီဒိုးက မင်းကို ဘာပြော သလဲ၊ ဟယ်ရီ"

"ဝမ်းနည်းပါတယ်၊ ဒါ ကျွန်တော်တို့ကြားက ကိစ္စပါ" ဟယ်ရီက ပြောတယ်။

သူဟာ အသံကို အလွန်ပျော့ရွှင်သယောင်ဆောင် ပြောတယ်။ ခေါင်းမ်ဂျဲရဲ့ အသံဟာလည်း ပေါ့ပါးပြီး ချစ်ခင်တယ်။ "အိုး၊ အမှန်ပဲ၊ တကယ် လို့ လျှို့ဝှက်ရေးဆိုရင် ကျုပ် မင်းပေါက်ကြားတာ မလိုလားဘူး .... ဟင့်အင်း၊ ဟင့်အင်း .... ပြီးတော့လဲ၊ မင်း အရွေးချယ်ခံရသူ ဟုတ်လား မဟုတ်ဘူးလားဆိုတာ တကယ်အရေးကြီးလား"

ဟယ်ရီက စက္ကန့်အချို့ စဉ်းစားပြီး ဖြေလိုက်တယ်။

"ကျွန်တော် သင်ပြောတဲ့ အဓိပ္ပာယ် သိပ်နားမလည်ဘူး၊ ဝန်ကြီး"

"ဒါပေါ့လေ၊ မင်းအဖို့ အရေးကြီးတယ်" ခေါင်းမ်ဂျဲက ပြောရင်း ရယ်တယ်။ "သို့ပေမယ့် မှော်လောကအဖို့တော့ .... ဒါ အားလုံး အယူအဆ ပါပဲ၊ မဟုတ်ဘူးလား။ ဒါဟာ လူတွေက ဘာကို အရေးကြီးတယ်လို့ ယုံသလဲ ဆိုတာပဲ"

ဟယ်ရီက မဖြေဘူး။ စကားပြောတာဟာ ဘယ်ကိုရောက်မယ်ဆိုတာ သူ ရေးရေးမြင်ရသလိုပဲ။ ဒါပေမယ့် သူဟာ ခေါင်းမ်ဂျဲအကြံ အထမြောက် အောင် မကူညီချင်ဘူး။ ဇလပ်ပန်းရုံအောက်က မြေထဲနေ နာနာဘာဝလေး ဟာ သစ်မြစ်အနားမှာ ပိုးကောင်တူးနေတယ်။ ဟယ်ရီက ၎င်းကိုပဲ စိုက်ကြည့် နေတယ်။

"လူတွေက မင်းကို အရွေးချယ်ခံရသူလို့ ယုံတယ်။ မင်း သိပါတယ်" ခေါင်းမ်ဂျဲက ပြောတယ်။ "သူတို့က မင်းကို သူရဲကောင်းလို့ ထင်တယ် —— မင်း ဟုတ်တယ်၊ ဟယ်ရီ၊ အရွေးချယ်ခံရသူ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ မင်းဟာ အဲဒီနာမည်တောင် မခေါ်ဝံ့တဲ့သူကို အကြိမ်ဘယ်လောက် ရင်ဆိုင်ခဲ့ပြီလဲ၊ ဘာပဲဖြစ်ဖြစ်" သူက ဟယ်ရီ့အဖြေကို မစောင့်ဘဲ ဆက်ပြောသွားတယ်။ "အရေးကြီးတာက၊ မင်းဟာ လူအများရဲ့ စိတ်ထဲမှာ မျှော်လင့်ချက်ရဲ့ အမှတ်

www.burmeseclassic.com

www.burmeseclassic.com



အသား ဖြစ်နေတာ၊ ဟယ်ရီ။ အဲဒီနာမည်တောင် မခေါ်ဝံ့တဲ့လူကို ချေမှုန်းနိုင်မယ်၊ ဒီထက် ချေမှုန်းဖို့ ကံကြမ္မာက ဖန်တီးတယ်လို့ သိနေကြတယ် —— ဒါက လူတွေကို စိတ်အားတက်စေတာ သဘာဝပါပဲ။ မင်း ဒါကို သိနားလည်ခဲ့ရင်၊ မင်းဟာ မှော်ဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ပြီး၊ အများကို ယုံကြည်ချက် ပေးဖို့ ဝတ္တရားရှိတယ်ဆိုတာ မင်း ခံစားရလိမ့်မယ်လို့ ကျုပ် မခံစားရဘဲ မနေနိုင်ဘူး"

မြေထဲနေ နာနာဘာဝလေးဟာ ခုတွင် ပိုးကောင်တစ်ကောင် ဖမ်းတယ်။ အတင်းဆွဲထုတ်နေတယ်။ ပိုးကောင်ကို မာခဲနေတဲ့ မြေကြီးထဲကနေ ဆွဲထုတ်ချင်တယ်။ ဟယ်ရီက အကြာကြီး ငြိမ်နေတယ်။ စခရင်းမ်ဂျဲဟာ သူ့ကို ကြည့်လိုက်၊ မြေထဲနေ နာနာဘာဝလေးကို ကြည့်လိုက် လုပ်ပြီး ပြောတယ်။ "စိတ်ဝင်စားစရာ အကောင်လေး။ ဟုတ်လား။ ဒါပေမယ့် မင်း ဘယ်လိုစဉ်းစားသလဲ၊ ဟယ်ရီ"

"သင် ဘာကိုဆိုလိုချင်သလဲဆိုတာ ကျွန်တော် အတိအကျ မသိဘူး" ဟယ်ရီက ဖြည်းနှေးစွာ ပြောတယ်။ " 'မှော်ဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်' . . . . အဲဒါ ဘာအဓိပ္ပာယ်လဲ"

"အိုး၊ နည်းနည်းမှ မခက်ဘူး။ ကျုပ် အာမခံတယ်။ ဥပမာ၊ မင်း ရံဖန်ရံခါ မှော်ဝန်ကြီးဌာနကို ဝင်ထွက်ရင်၊ မှန်ကန်တဲ့ ထင်မှတ်ချက် လူတွေကို ပေးနိုင်တယ်။ တကယ်ပဲ၊ မင်း ဟိုကိုရောက်တဲ့အခါ၊ ကျုပ်နေရာမှာ အစားဝင်လာတဲ့ ရုံးအုပ်ဖြစ်တဲ့ ဂါဝိန်း-ရိုဘတ်စ်နဲ့ ဆွေးနွေးနိုင်တယ်။ မင်း အော်ရာဖြစ်ချင်တယ်လို့ ဒိုလိုရိစ်-အမ်ဘရစ်ဂျ်က ကျုပ်ကို ပြောဖူးတယ်။ ဒါ စီစဉ်လို့ လွယ်ပါတယ် . . . ."

ဟယ်ရီ ဒေါသထွက်လာတယ်လို့ ခံစားရတယ်။ ဒါဆိုရင် အမ်ဘရစ်ဂျ် ဝန်ကြီးဌာနမှာ ရှိနေသေးတာပေါ့။

"ဒါကြောင့် အခြေခံအားဖြင့်" သူက ပြောတယ်၊ သူဟာ အချက်အချို့ကို ရှင်းအောင် ပြောချင်တာပဲ ရှိတယ်။ "သင်က ကျွန်တော့်ကို မှော်ဝန်ကြီးဌာနအတွက် အလုပ်လုပ်နေတဲ့ ထင်မှတ်ချက် ဖြစ်စေချင်တာပေါ့"

"မင်း ပိုပြီးပါဝင်လာတာ မြင်ရင်၊ အားလုံး ပိုအားရှိလာမယ်၊ ဟယ်ရီ" စခရင်းမ်ဂျဲက ပြောတယ်။ သူဟာ ဟယ်ရီက ဒီလောက်မြန်မြန် သဘောပေါက်သွားတဲ့အတွက် ဝမ်းသာနေသလိုပဲ။ "အရွေးချယ်ခံရသူ၊ မင်း သိတယ်



. . . . အဲဒါ လူတွေကို မျှော်လင့်ချက်ပေးရမယ်၊ စိတ်လှုပ်ရှားဖွယ်ကိစ္စတွေ ဖြစ်ပွားနေတယ်လို့ လူတွေကို ခံစားစေရမယ် . . . ."

"ဒါပေမယ့် ကျွန်တော် မှော်ဝန်ကြီးဌာနထဲ ဝင်ထွက်နေရင်" ဟယ်ရီက ပြောတယ်၊ ချစ်ကြည်တဲ့ လေသံကိုပဲ ထိန်းသိမ်းထားတယ်။ "ဝန်ကြီးဌာနက လုပ်သမျှကို ကျွန်တော် သဘောတူတယ်လို့ လူတွေ ထင်မသွားဘူးလား"

"အင်း" စခရင်းမ်ဂျဲက ပြောတယ်။ မျက်မှောင်အနည်းငယ်ကြုတ်လိုက်တယ်။ "ဟုတ်တယ်၊ ဒီအတွက်ကြောင့်ပဲ၊ ကျုပ်တို့မျှော်လင့် ——"

"ဟင့်အင်း၊ မဖြစ်ဘူးလို့ ကျွန်တော် ထင်တယ်" ဟယ်ရီက ယဉ်ယဉ်ကျေးကျေး ပြောတယ်။ "သင်သိတယ်၊ မှော်ဝန်ကြီးဌာနက လုပ်တဲ့ တချို့ကိစ္စတွေ ကျွန်တော် သဘောမတူဘူး၊ ဥပမာ၊ စတန်းရှန်ဖိုက်"

စခရင်းမ်ဂျဲ ခဏလောက် စကားမပြောဘူး၊ ဒါပေမယ့် ချက်ချင်း မျက်နှာကြီး မည်းသွားတယ်။

"မင်းနားလည်ပေးဖို့ ကျုပ် မမျှော်လင့်ဘူး" သူက ပြောတယ်။ ဒါပေမယ့် ဟယ်ရီ့လို စကားသံထဲမှာ ဒေါသမပေါ်အောင် မလုပ်နိုင်ဘူး။ "အခုအခြေအနေ အန္တရာယ် သိပ်ရှိတယ်၊ အစီအမံတချို့ လိုအပ်တယ်။ မင်း အသက်ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ် —— "

"ဒမ်ဘလီဒိုးဟာ ဆယ့်ခြောက်နှစ်ထက် အများကြီး ကြီးတယ်၊ သူလဲ စတန်း-ရှန်ဖိုက်ကို အက်ဇ္ဇခါဘန်မှာ ထားတာ သဘောမတူဘူး" ဟယ်ရီက ပြောတယ်။ "သင်က စတန်းကို မားစာခံလုပ်တာ၊ သင်က ကျွန်တော့်ကို လာဘ်ကောင်လုပ်ချင်တာနဲ့ အတူတူပဲ"

နှစ်ယောက်သား အပြန်အလှန် အကြာကြီး စိုက်ကြည့်နေတယ်။ နောက်ဆုံးမှာ စခရင်းမ်ဂျဲဟာ ချစ်ခင်ဟန် မဆောင်တော့ဘူး။ သူက ပြောတယ်။ "ကျုပ် မြင်ပါတယ်၊ မင်းက —— မင်းစိတ်ထဲက သူရဲကောင်း ဒမ်ဘလီဒိုးလို —— မှော်ဝန်ကြီးဌာနနဲ့ ကင်းကွာချင်တယ် မဟုတ်လား"

"ကျွန်တော် အသုံးချမခံချင်ဘူး"

"မှော်ဝန်ကြီးဌာနက သုံးတာ ခံရတာ မင်း ဝတ္တရားလို့ ပြောသူက ပြောတယ်"

"ဟုတ်တယ်၊ လူကို ထောင်မချခင်၊ ၎င်းဟာ ဒက်အီးတာ ဟုတ်မဟုတ် သိအောင် စစ်ဆေးတာ သင့်တာဝန်လို့ ပြောသူက ပြောမှာ" ဟယ်ရီက

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်၊ သူ ဒေါသထလာပြီ။ "သင်လုပ်တာတွေဟာ ဘာသိ-ခရောက် လုပ်တာနဲ့ အတူတူပဲ။ သင်တို့ ဘယ်တုန်းကမှ မှန်အောင်မလုပ်ခဲ့ဘူး ဟုတ်လား။ ဒါမှမဟုတ်ရင် ဖဒ်ဂ်၊ သူမျက်စိအောက်မှာ လူအသတ်ခံရတာ တောင် အားလုံး အဆင်ပြေနေသယောင် ဆောင်တယ်၊ ဒါမှမဟုတ်ရင် သင်ဟာ အပြစ်မဲ့သူကို ထောင်ချတယ်။ အရွေးချယ်ခံရသူ သင့်အတွက် အလုပ်လုပ် နေဟန် ဆောင်နေတယ်"

"မင်းက အရွေးချယ်ခံရသူ မဟုတ်ဘူးလား" စခရင်းမ်ဂျဲက မေးတယ်။

"ဒါအရေးမကြီးဘူးလို့ သင်ပြောတယ်မဟုတ်လား" ဟယ်ရီက ပြောတယ်၊ ကဲ့ရယ်စွာ ရယ်လိုက်တယ်။ "အနည်းဆုံးတော့ သင့်အဖို့ အရေး မကြီးဘူး"

"ကျုပ် ဒီလိုမပြောသင့်ဘူး" စခရင်းမ်ဂျဲက ချက်ချင်း ပြောတယ်။ "အသုံးနှုန်းမှားတာ ——"

"ဟင့်အင်း၊ ဒါ အလွန်ရိုးဖြောင့်ပါတယ်" ဟယ်ရီက ပြောတယ်။ "သင် ကျွန်တော့်ကိုပြောတဲ့ အနည်းစု စကားအမှန်တစ်ခုပဲ။ သင်ဟာ ကျွန် တော် သေတာ ရှင်တာကို အရေးမစိုက်ဘူး။ ဒါပေမယ့် သင်ဟာ ကျွန်တော့် ကို သင့်အား ကူညီပြီး အားလုံးက သင် ဗိုလ်ဒီမွန့်ကို အောင်နိုင်နေတယ် ဆိုတာ ယုံကြည်ဖို့ သိပ်အရေးထားတယ်။ ကျွန်တော် မမေ့ပါဘူး၊ ဝန်ကြီး . . . . "

သူ ညာလက်ကို မြှောက်လိုက်တယ်၊ အေးစက်နေတဲ့ လက်ဖမိုးပေါ် က အမာရွတ်ဟာ အဖြူရောင် လက်နေတယ်။ အဲဒါ အမ်ဘရစ်ဂျ်က သူ့ကို ကျွန်တော် လိမ်မပြောရဘူးဆိုတဲ့ စာကို အတင်းအကြပ် အထွင်းခံခဲ့ရတာ

"ကျွန်တော်က အားလုံးကို ဗိုလ်ဒီမွန့် ပြန်လာပြီလို့ ပြောပြနေ သင် ကျွန်တော့်ကို ပြေးထွက်ကူညီတာ မမြင်ရပါဘူး။ မနှစ်က မှော်ဝန်ကြီး ဌာနဟာ ဒီလောက်လိုက်လှဲစွာ မိတ်ဆွေဖွဲ့တာ မရှိဘူး"

နှစ်ယောက်သား ငြိမ်သက်စွာ ရပ်နေတယ်။ သူတို့ခြေထောက် အောက်က မြေကြီးလို အေးစက်နေတယ်။ မြေထဲနေ နာနာဘာဝလေးတွေ မြေကောင်ကို ဆွဲထုတ်လို့ ရသွားပြီ၊ ဇလပ်ပန်းရုံရဲ့ အနိမ့်ဆုံးအကိုင်းမှာ မြီး ဆိတ်စွာ ရှုပ်နေတယ်။



"ဒမ်ဘာလီဒိုး ဘာလုပ်နေလဲ" စခရင်းမ်ဂျဲက ခပ်ကြမ်းကြမ်း မေး တယ်။ "သူ ဟော့ဂ်ဝပ်မှာ မရှိတဲ့အခါ ဘယ်သွားတာတဲ့လဲ"

"မသိဘူး"

"သိရင်လဲ မင်း ကျုပ်ကို ပြောမှာမဟုတ်ဘူး၊ ဟုတ်လား"

"ဟုတ်တယ်၊ မပြောဘူး"

"ကောင်းပြီ၊ ကျုပ် တခြားနည်းနဲ့ သိအောင် လုပ်လို့ ရ မရ ကြည့် ရမှာပဲ ကျုန်တော့တယ်"

"သင် စမ်းကြည့်လို့ ရပါတယ်" ဟယ်ရီက အေးစက်စက် ပြောတယ်။ "ဒါပေမယ့် သင်ဟာ ဖဒ်ဂ်ထက် ဉာဏ်ကောင်းပုံရတယ်၊ ဒါကြောင့် သင် သူ့သင်ခန်းစာကို ယူလိမ့်မယ်လို့ ကျွန်တော် ထင်တယ်။ သူက ဟော့ဂ်ဝပ်ကို နှုတ်ဖက်ဖို့ လုပ်တယ်၊ သူ ဝန်ကြီးမဟုတ်တော့တာ သင် သတိထားမိလိမ့်မယ်။ ဒါပေမယ့် ဒမ်ဘာလီဒိုးကတော့ ကျောင်းအုပ်ကြီးပါပဲ။ ကျွန်တော်သာ သင် ဖြစ်ခဲ့ရင်၊ ဒမ်ဘာလီဒိုးကို သွားမစွက်ဖက်ဘူး"

ရှည်ကြာစွာ ငြိမ်သက်နေတယ်။

"သူ မင်းကိုယ်ပေါ်မှာ အလွန်အောင်မြင်စွာ လုပ်နိုင်တာ ကျုပ် မြင်ရတယ်" စခရင်းမ်ဂျဲက ပြောတယ်။ ရွှေကိုင်းမျက်မှန်နောက်က မျက်စိဟာ အေးစက်ပြီး တင်းမာတယ်။ "ဒမ်ဘာလီဒိုးလူ စစ်မှစစ်စစ်ပဲ၊ ဟုတ်လား၊ ပေါ်တာ"

"ဟုတ်တယ်၊ မှန်တယ်" ဟယ်ရီက ပြောတယ်။ "ဒီအချက်ကို ရှင်းအောင်ပြောရတာ သိပ်ဝမ်းသာတယ်"

သူဟာ မှော်ဝန်ကြီးကို ထားခဲ့ပြီး လှည့်ထွက်သွားတယ်၊ အိမ်ရှိရာသို့ ခြေလှမ်းကျဲကျဲ သွားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



# ၁၇။ ထုံထိုင်းတဲ့မှတ်ဉာဏ်

နှစ်သစ်ကူးပြီး ရက်အချို့ရဲ့ တစ်ညနေမှာ၊ ဟယ်ရီ၊ ရွန်တို့ဟာ
နားမှာ တန်းစီပြီး ဟော့ဂ်ဝပ်ကို ပြန်ဖို့ လုပ်ကြတယ်။ မှော်ဝန်ကြီးဌာန
တစ်ကြိမ်သုံး ဖလူးကွန်ယက် ဆက်သွယ်မှု လုပ်ပေးပြီး ကျောင်းသား
ကျောင်းကို အလျင်အမြန် ပြန်ရောက်ဖို့ စီစဉ်တယ်။ မစ္စစ် ဝယ်စလီ
ယောက်ပဲ သူတို့ကို လိုက်ပို့နှုတ်ဆက်တယ်။ မစ္စတာ ဝယ်စလီ၊ ဖရက်၊
ဘီးနဲ့ ဖလောအာတို့ အလုပ်သွားကြပြီ။ မစ္စစ် ဝယ်စလီဟာ ခွဲခွာခါနီး
မျက်ရည်ကျတယ်။ ခုတလော ကိစ္စလေး သေးသေးကတောင် သူမကို ဝမ်းနည်း
စေတယ်ဆိုတာ ထင်ရှားတယ်။ ခရစ္စမတ်စ်နေ့မှာ ဖတ်စီရဲ့ မျက်မှန်ကို ရွက်
မှုံ့သောအမြစ်အနှစ်တွေ အပက်ခံရပြီး (ဖရက်၊ ဂျော့နဲ့ ဂျင်နီတို့ အကျိုးပြု
အိမ်ကပြေးထွက်သွားပြီးနောက် သူမဟာ မကြာခဏ ငိုငိုနေတယ်။

"မငိုနဲ့၊ အမေ" ဂျင်နီက သူမကျောကို ပုတ်ရင်း ပြောတယ်။
ဝယ်စလီဟာ အခု သူမပခုံးပေါ် မှီပြီး ရှိုက်ငိုနေတယ်။ "ကိစ္စမရှိဘူး . . . .

"ဟုတ်တယ်၊ ကျွန်တော်တို့ကို မစိုးရိမ်နဲ့" ရွန်က ပြောတယ်။ သူ့အ



သူ့ပါးပေါ် အနမ်းစိုစိုပေးတာ ခံနေတယ်။ "ဖတ်စီအတွက်လဲ မပူနဲ့။ သူက
ဒီလောက်တုံးတာ၊ ဘာမှဆုံးရှုံးမှု မဟုတ်ဘူး၊ ဟုတ်တယ်နော် ?"

မစ္စစ်ဝယ်စလီဟာ ဟယ်ရီကို ဖက်ထားပြီး ပိုဝမ်းနည်းစွာ ငိုနေတယ်။

"ကိုယ့်ကိုကိုယ် ဂရုစိုက်ဖို့ ကတိပေး . . . . ပြဿနာမတက်စေနဲ့
. . . ."

"ကျွန်တော် တစ်လျှောက်လုံး ဒီအတိုင်းပါပဲ၊ မစ္စစ် ဝယ်စလီ" ဟယ်ရီ
က ပြောတယ်။ "ကျွန်တော် ငြိမ်သက်စွာ နေချင်တယ်၊ သင်သိပါတယ်"

သူမဟာ မျက်ရည်နဲ့ ပြုံးတယ်၊ နောက်ဆုတ်သွားတယ်။

"ဒါဆို၊ ကောင်းကောင်းနေ၊ မင်းတို့အားလုံး . . . ."

ဟယ်ရီက စိမ်းမြတဲ့ မီးဖိုမီးထဲ ဝင်လိုက်ပြီး "ဟော့ဂ်ဝပ်"လို့ အော်
လိုက်တယ်။ ဝယ်စလီတို့အိမ်က မီးဖိုချောင်နဲ့ မစ္စစ်ဝယ်စလီရဲ့ မျက်ရည်နဲ့
မျက်နှာကို နောက်ဆုံး တစ်ချက်ကြည့်ပြီး မီးတောက်က ဝိုင်းသွားတယ်။ အရှိန်
နဲ့မြန် လည်ပတ်တဲ့အထဲမှာ သူဟာ မှော်ဆရာတချို့ရဲ့ အိမ်ခန်းတချို့ကို
ဝါးစွာ မြင်ရတယ်။ ရှင်းအောင် မမြင်ရခင်မှာပဲ လုံစ်ခနဲ ဖြတ်သွားတယ်။
နောက် လည်ပတ်တာ နှေးလာတယ်၊ ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့ မီးလင်းဖို
ထဲမှာ တည့်မတ်စွာ ရပ်သွားတယ်။ သူ တွားထွက်လာတော့၊ အလုပ်လုပ်နေတဲ့
ပါမောက္ခဟာ ခေါင်းတောင် မော့မကြည့်ဘူး"

"မင်္ဂလာညချမ်းပါ၊ ပေါ်တာ၊ ကော်ဇောကို ပြာတွေ တအားပေ
အောင် မလုပ်နဲ့"

"မလုပ်ပါဘူး၊ ပါမောက္ခ"

ဟယ်ရီက မျက်မှန်ကို တည့်မတ်လိုက်တယ်၊ ဆံပင်ကို သပ်ရပ်
အောင် သပ်လိုက်တယ်။ ရွန်လည်း လည်ပတ်ပြီး ပေါ်လာတယ်၊ ဂျင်နီ ရောက်
လာပြီးနောက်၊ သုံးယောက်သား ပါမောက္ခ မက်ဂေါ်နာဂေါ်ရုံးခန်းက အတူ
ထွက်လာခဲ့ပြီး ဂရစ်ဖင်းဒေါအိမ်ချွန်ဆီ လျှောက်သွားကြတယ်။ ဟယ်ရီက
စင်္ကြံပြတင်းအပြင်ဘက်ကို ကြည့်လိုက်တယ်။ နေဟာ မိုးကုပ်စက်ဝိုင်းပေါ်
ရောက်နေပြီ၊ ကွင်းထဲက ဆီးနှင်းတွေဟာ အညတရဂေဟာပန်းခြံထဲကထက်
တယ်။ အဝေးမှာ ဟက်ဂရစ်ဟာ သူ့ အိမ်ကလေးရှေ့မှာ ဘတ်ခ်ဘိခ်ကို
မွေးနေတယ်။

"တစ်ပြားမှမတန်ဘူး" ရွန်က မိန်းမဝဝကြီးရှေ့သွားပြီး ယုံကြည်စိတ်

www.burmeseclassic.com



နဲ့ ပြောတယ်။ မိန်းမဝဝကြီးဟာ ဒါကိုင်းထက် ဖြူရော်နေပုံရတယ်။ သူ့အသံ
ကြီး ကြားရပြီး နောက်ကျို့သွားတယ်။

"မဟုတ်ဘူး" သူမက ပြောတယ်။

"ခင်ဗျား ဘာပြောလဲ၊ 'မဟုတ်ဘူး' ?"

"စကားဝှက်ပြောင်းသွားပြီ၊ မအော်ပါနဲ့"

"ဒါပေမယ့် ကျွန်တော်တို့ ကျောင်းမှာမှ မရှိတာ၊ ဘယ်သိမှာလဲ —"

"ဟယ်ရီ၊ ဂျင်နီ"

ဟာမီးက သူတို့ဆီ ပြေးလာတယ်၊ မျက်နှာကြီး နီနေတယ်။ ခြုံထည်
ခြုံထားတယ်။ ဦးထုပ်နဲ့ လက်အိတ်စွပ်ထားတယ်။

ငါ လွန်ခဲ့တဲ့နှစ်နာရီက ပြန်လာတာ။ ခုနက ဟက်ဂရစ်နဲ့ ဘတ်
— ငါက ဝတ်သားဝင်းစ်ကို ပြောတာ" သူမက အမောတကောနဲ့ ပြောတယ်။
"နင်တို့ ခရစ္စမတ်စ် ပျော်ရဲ့လား"

"အင်း" ရွန်က ချက်ချင်းပြောတယ်၊ "အလုပ်တွေလဲ များတယ်
ရွှေဖူးစ်-စခရင်းမ်ဂျဲ —"

"ဟယ်ရီ၊ ငါ နင့်ကို ပေးစရာတစ်ခု ရှိတယ်" ဟာမီးက ရွန့်ကို မကြည့်
ဘူး။ သူ စကားပြောတာ နည်းနည်းမှ မကြားသလိုပဲ။ "အိုး၊ ခဏနေဦး —
စကားဝှက်၊ အရက်ဖြတ်"

"မှန်တယ်" မိန်းမဝဝကြီးက ချည့်နဲ့စွာ ပြောတယ်။ ကိုယ်ကိုလှည့်ပေး
ပြီး အရုပ်ကားအဝ ပေါ်လာစေတယ်။

"သူမ ဘာဖြစ်လဲ" ဟယ်ရီက မေးတယ်။

"ခရစ္စမတ်စ်မှာ အပျော်လွန်သွားတယ်နဲ့ တူတယ်" ဟာမီးက မျက်စိ
ကို လည်လိုက်ပြီး လူကျပ်နေတဲ့ အများနားနေခန်းထဲ ရှေ့က ဝင်သွားတယ်။
"သူမနဲ့ သူမမိတ်ဆွေ ဗိုင်အိုလက်ဟာ မှော်ဂါထာကျောင်းခန်း စကြံဘေးက
အရက်မူးတဲ့ ဘုန်းကြီးတချို့ရဲ့ အရုပ်ကားထဲက အရက်အားလုံးကို သောက်ပစ်
လိုက်တယ်၊ ဘယ်"

သူမဟာ အိတ်ကပ်ထဲမှာ ခဏနှိုက်နေတယ်၊ ဒမ်ဘလီဒိုးလက်ရေး
ဆိုးနေကျ လိပ်တစ်လိပ်ကို ဆွဲထုတ်လိုက်တယ်။

"သိပ်ကောင်းတာပဲ" ဟယ်ရီက ချက်ချင်းဖြန့်လိုက်တယ်။ ဒမ်ဘလီဒိုး
ဆီ သွားကျောင်းတက်ရမယ့်အချိန်ဟာ မနက်ဖြန်ညဆိုတာ တွေ့ရတယ်။ "ဒါ



သူ့ကို ပြောစရာကိစ္စ အများကြီးရှိတယ် — နင့်ကိုလဲပဲ၊ ငါတို့ ထိုင်ကြရ
အောင် —"

ဒီအချိန်မှာပဲ သူတို့ စူးစူးအော်သံတစ်သံကို ကြားလိုက်ရတယ်။ "ဝုံ
— ဝုံ" လာဗင်ဒါဟာ ဘယ်ကပြေးထွက်လာမှန်း မသိဘူး၊ ရွန့်ရင်ခွင်ထဲ
ပြေးဝင်လိုက်တယ်။ ဘေးကလူအချို့ တခစ်ခစ် ရယ်ကြတယ်၊ ဟာမီးဟာ
ငွေခေါင်းလောင်းလို တစ်ချက်ရယ်လိုက်ပြီး ပြောတယ်၊ "ဟိုဘက်မှာ စားပွဲ
တစ်လုံး ရှိတယ် . . . . သွားမလား၊ ဂျင်နီ"

"ဟင့်အင်း၊ ကျေးဇူးပဲ၊ ငါ ဒင်းနဲ့ သွားတွေ့ဖို့ ပြောပြီးပြီ" ဂျင်နီက
ပြောတယ်။ သူမ သိပ်မလိုက်လှဲ့ဘူးဆိုတာ ဟယ်ရီ သတိမထားဘဲ မနေနိုင်ဘူး။
ရွန်နဲ့ လာဗင်ဒါဟာ မတ်တတ်နဘန်းသတ်တဲ့ အနေအထားမှာ ပူးကပ်နေ
တယ်၊ ဟယ်ရီက ဟာမီးကို ခေါ်ပြီး စားပွဲအလွတ်ဆီ သွားလိုက်တယ်။

"နင် ခရစ္စမတ်စ်ပွဲ ပျော်ရဲ့လား"

"အိုး၊ ကောင်းပါတယ်" သူမက ပခုံးတွန့်ပြတယ်၊ "ဘာမှတော့
ထူးထူးခြားခြား မရှိဘူး၊ ဝုံ — ဝုံတို့ မိသားစုကော"

"ခဏနေမှ ပြောပြမယ်" ဟယ်ရီက ပြောတယ်၊ "ကြည့်၊ ဟာမီး၊
နင်မလုပ်ပိနိုင် — ?"

"မလုပ်နိုင်ဘူး" သူမက ပြတ်သားစွာ ပြောတယ်၊ "ဒါကြောင့်
မေးတောင်မမေးနဲ့"

"ငါက ခရစ္စမတ်စ်ပွဲတော်ပြီးနောက်မှာ ဖြစ်နိုင်မယ်ထင်တာ —"

"မိန်းမဝဝကြီးက အနှစ်ငါးရာ နှစ်ချို့အရက်တစ်ပုံးကြီးကို သောက်
ခဲ့တာ၊ ငါ မဟုတ်ဘူး၊ ဟယ်ရီ၊ နင် ငါ့ကို ပြောပြမယ့် အရေးကြီးသတင်း
ဆိုတာ ဘာလဲ"

အခု သူမ ကြည့်ရတာ ကြောက်စရာပဲ၊ သူမနဲ့ ငြင်းလို့ မဖြစ်ဘူး၊
ဟယ်ရီက ရွန်ဆိုတဲ့ ခေါင်းစဉ်ကို ပစ်ထားပြီး မော်ဖိုင်နဲ့ စနိတ်ပ်တို့ စကား
ပြောတာ ကြားရတဲ့အကြောင်း ပြောပြလိုက်တယ်။

ဟာမီးဟာ ထိုင်နေပြီး ခဏတွေးနေတယ်၊ ပြောတယ်၊ "နင် မထင်
ဘူးလား —"

" — သူက ကူညီချင်ဟန်ဆောင်ပြီး မော်ဖိုင် သူ့ကို အမှန်ပြော
အောင် လိမ်တာ ?"

www.burmeseclassic.com

www.burmeseclassic.com



"အင်း၊ ဟုတ်တယ်" ဟာမီးက ပြောတယ်။

"ရွှန့်အဖေနဲ့ လူပင်လဲ ဒီလိုပဲ တွေးတယ်" ဟယ်ရီက မကျေနပ်ဘဲ ပြောတယ်။ "ဒါပေမယ့် ဒါဟာ မော်ဖိုင် တစ်ခုခု လျှို့ဝှက်ကြံစည်နေတယ်ဆိုတာ မုချသက်သေပြတယ်၊ နင် ငြင်းလို့မရဘူး"

"ငါ မငြင်းပါဘူး" သူမက ဖြည်းဖြည်းနှေးနှေး ဖြေတယ်။

"သူ ဗိုလ်ဒီမွန့်အမိန့်ကို လုပ်ဆောင်နေတာ၊ ငါပြောခဲ့သလိုပဲ"

"အင်း . . . . သူတို့ ဗိုလ်ဒီမွန့်နာမည်ကို ပြောတာများ ရှိလား"

ဟယ်ရီ မျက်မှောင်ကြုတ်ပြီး ကြိုးစားတွေးနေတယ်။

"ငါ သေချာမပြောနိုင်ဘူး . . . . စနိတ်ပ်က ပြောဖူးတာ သေချာတယ်။ "မင်းသခင်၊ အဲဒါ ဘယ်သူဖြစ်နိုင်ဦးမှာလဲ"

"ငါ မသိဘူး" ဟာမီးက နှုတ်ခမ်းကို ကိုက်ပြီး ပြောတယ်။ "သူ့အဖေလဲ ဖြစ်ချင်ဖြစ်မယ်"

သူမဟာ အခန်းဟိုတစ်ဖက်ကို ကြည့်ပြီး အတွေးထဲ နစ်မြုပ်နေတယ်။ လာဗင်ဒါက ရွှန့်ကို ကလိထိုးနေတာတောင် သတိမထားမိဘူး။ "လူပင် နေကောင်းလား"

"သိပ်မကောင်းဘူး" ဟယ်ရီက သူမကို လူပင် ဝံပုလွေလူသားတွေကြားက တာဝန်နဲ့ သူ ရင်ဆိုင်ရတဲ့ အကျပ်အတည်းကို ပြောပြတယ်။ "နင် ဖင်ရီအာ-ဂရေးဘက်ဆိုတာ ကြားဖူးသလား"

"ကြားဖူးတယ်" ဟာမီးက သိပ်အံ့ဩနေသလိုပဲ။ "နင်လဲ ကြားဖူးတယ်လေ၊ ဟယ်ရီ"

"ဘယ်တုန်းကလဲ၊ မှော်သမိုင်းအတန်းမှာလား။ ငါ ဘယ်တုန်းက နားမထောင်တာ နင် သိရက်နဲ့ . . . ."

"ဟင့်အင်း၊ ဟင့်အင်း၊ မှော်သမိုင်းအတန်းမှာ မဟုတ်ဘူး — မော်ဖိုင်က သူနဲ့ ဘော်ဂင်ကို ခြိမ်းခြောက်တယ်" ဟာမီးက ပြောတယ်။ "ဗွန်း မြို့သင်းမှာ။ နင် မမှတ်မိတော့ဘူးလား။ သူက ဘော်ဂင်ကို ပြောတယ်၊ ဂရေးဘက်ဟာ သူတို့မိသားစုရဲ့ မိတ်ဆွေကြီး၊ ဘော်ဂင်ရဲ့ တိုးတက်မှုကို လာစစ်ဆေးလိမ့်မယ်တဲ့"

ဟယ်ရီက သူမကို ငိုင်ကြည့်နေတယ်။ "ငါ မေ့နေတယ်။ ဒါပေမယ့် ဒါက မော်ဖိုင်ဟာ ဒက်အီတာဆိုတာကို သက်သေပြနေတယ်။ နို့မို့ရင် သူ



ဘယ်လိုလုပ်ပြီး ဂရေးဘက်နဲ့ ထိတွေ့နိုင်မှာလဲ။ ဒီပြင် ဗင်းကို အလုပ်လုပ် ခိုင်းနိုင်သေးတယ်"

"သိပ်သံသယဖြစ်စရာပဲ" ဟာမီးက လေသံနဲ့ ပြောတယ်။ "သူများ . . . ."

"အိုး၊ တော်စမ်းပါ" ဟယ်ရီက စိတ်ဆိုးစွာ ပြောတယ်။ "နင် ဒီအဖြစ်မှန်ကို ရှောင်တိမ်းလို့မရဘူး"

"အင်း . . . . အလကားခြိမ်းခြောက်တာလဲ ဖြစ်နိုင်တယ်"

"နင့်စကားက မယုံနိုင်စရာဘဲ၊ တကယ့်ကိုပဲ" ဟယ်ရီက ခေါင်းခါလိုက်တယ်။ သူက ပြောတယ်။ "ငါတို့ နောင်မှာ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်ဆိုတာ တွေ့ရမှာပါ . . . . နင့်စကားကို နင်ပြန်ရုပ်သိမ်းမှာပါ၊ ဟာမီး၊ မှော်ဝန်ကြီးဌာနလိုပေါ့။ အိုး၊ ဟုတ်ပြီ၊ ငါ ရူးဖူးစ်-စခရင်းမ်ဂျိုနဲ့ ရန်ဖြစ်သေးတယ်"

ညဘက်ကျန်ရှိနေတဲ့အချိန်မှာ ချစ်ကြည်စွာ နေကြတယ်။ နှစ်ယောက်သား မှော်ဝန်ကြီးကို အတူတကွ ဝေဖန်ရှုတ်ချကြတယ်။ ဟာမီးဟာ ရွှန့်လိုပဲ မနှစ်က မှော်ဝန်ကြီးဌာနဟာ ဟယ်ရီ့ကို အများကြီး ဒုက္ခရောက်အောင် လုပ်တယ်။ အခု သူ့ကို လာအကူအညီတောင်းတယ်၊ သိပ်အရှက်မဲ့တယ် ထင်တယ်။

နောက်နေ့နံနက်မှာ ကျောင်းပတ်သစ် စပြီ။ ဆဋ္ဌမနှစ်ကျောင်းသားတွေ ဝမ်းသာစရာတစ်ခု ကြားရတယ်။ အများနားနေခန်း ကြော်ငြာသင်ပုန်းပေါ်မှာ လွန်ခဲ့တဲ့ညက ကြေညာစာကြီး ကပ်ထားတယ်။

ရုပ်ရွှေ့ပြောင်းသင်တန်း

အကယ်၍ သင် အသက်ဆယ့်ခုနစ်နှစ် ပြည့်ပြီး ဒါမှမဟုတ် ၃၁ ရက်၊ ဩဂုတ်လမှာ အသက် ဆယ့်ခုနစ်နှစ်ပြည့်မယ်ဆိုရင်၊ မှော်ဝန်ကြီးဌာန ရုပ်ရွှေ့ပြောင်းဆရာက သင်ကြားမယ့် တစ်ဆယ့်နှစ်ပတ်ကြာ ရုပ်ရွှေ့ပြောင်းသင်တန်းကို တက်ခွင့်ရှိတယ်။
ပါဝင်လိုသူများ အောက်တွင် လက်မှတ်ထိုးပါ။
သင်တန်းကြေး ဆယ့်နှစ်ဂါလီယံ။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီနဲ့ ရွန်ဟာ ကြေညာစာအောက်မှာ တိုးပြီး တစ်ယောက်ပြီး တစ်ယောက် လက်မှတ်ထိုးတဲ့ ကျောင်းသားတွေထဲ ဝင်လိုက်တယ်။ ရွန်က ငန်းတောင်ကလောင်ကို ယူပြီး ဟာမီးနောက်ကနေ လက်မှတ်ထိုးဖို့ လုပ်နေတုန်းမှာ၊ လာဗင်ဒါက သူ့နောက်ကို တိတ်တိတ်ကပ်လာပြီး သူ့မျက်လုံးကို လက်နဲ့အုပ်ထားလိုက်တယ်။ ချွဲချွဲပျစ်ပျစ်နဲ့ ပြောတယ်။ "ဘယ်သူလဲဆိုတာ မှန်းစမ်း၊ ဝုံ —— ဝုံ" ဟယ်ရီ လှည့်ကြည့်လိုက်တော့ ဟာမီးဟာ မာနနဲ့ ထွက်သွားတာ မြင်ရတယ်။ ဒါနဲ့ ပြေးလိုက်သွားတယ်။ သူလဲ ရွန်နဲ့ လာဗင်ဒါးဘေးမှာ မနေချင်ဘူး။ ဒါပေမယ့် သူ့ကို အံ့ဩစေတာက၊ ရွန်ဟာ အရုပ်ကားကျင်းဝနဲ့ မဝေးတဲ့နေရာမှာ သူတို့ကို မီလာတာပဲ။ နားရွက်ကြီး နီနေတယ်။ သိပ်မပျော်မရွှင် ဖြစ်နေသလိုပဲ။ ဟာမီးက စကားတစ်ခွန်းမှ မပြောဘူး ခပ်သုတ်သုတ်သွားပြီး နီဗီးနဲ့ အတူ ထွက်ခွာသွားတယ်။

"ဒါ —— ရုပ်ရွှေ့ပြောင်း" ရွန့်လေသံက ဟယ်ရီ့ကို ခုနက ကိစ္စ မပြောရဘူးလို့ ထင်ရှားစွာ ပြနေတယ်။ "သိပ်ပျော်စရာကောင်းမှာပဲ၊ နော်"

"မသိဘူး" ဟယ်ရီက ပြောတယ်။ "ကိုယ့်ဖာသာလုပ်ရင် နည်းနည်းတော်လိမ့်မယ်။ ဒမ်ဘလီဒိုး ငါ့ကို ခေါ်သွားတဲ့အကြိမ်ကတော့ သိပ်နေလို့ မကောင်းဘူး"

"မင်းလုပ်ဖူးတာ ငါ မေ့နေတယ် . . . . ငါ တစ်ချီတည်း အောင်ရင် ကောင်းမယ်" ရွန်က ပြောတယ်။ နည်းနည်းစိတ်ပူပုံရတယ်။ "ဖရက်နဲ့ ဂျော့တို့ အောင်သွားပြီ"

"ဒါပေမယ့် ချာလီ မအောင်ဘူး၊ ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် ချာလီက ငါ့ထက် အကောင်ကြီးတယ်" ရွန်က လက်နှစ်ဘက်ကို ဆန့်တန်းလိုက်တယ်၊ လူဝံကြီးလိုပဲ။ "ဒါကြောင့် ဖရက်နဲ့ ဂျော့ဟာ ဒီကိစ္စနဲ့ ပတ်သက်ပြီး လှောင်မရှည်တော့ဘူး . . . . သူ့ရှေ့မှာတော့ မပြောဘူး . . . ."

"ငါတို့ ဘယ်တော့ဝင်ဖြေနိုင်မလဲ"

"ဆယ့်ခုနစ်နှစ်ပြည့်တာနဲ့၊ ငါက မတ်လ"

"အိုး၊ ဒါပေမယ့် မင်း ဒီမှာ ရုပ်ရွှေ့ပြောင်းလို့ မရဘူး၊ ဒီရဲတိုက်ထဲမှာ . . . ."



"ဒါ အရေးမကြီးဘူး၊ ဟုတ်လား။ လူတိုင်းက ငါ ရုပ်ရွှေ့ပြောင်းတတ်မှန်း သိတယ်၊ ငါ လုပ်ချင်ရင်ပေါ့"

ရုပ်ရွှေ့ပြောင်းသင်နိုင်လို့ ဝမ်းသာနေတာ ရွန်တစ်ယောက်တည်း မဟုတ်ဘူး။ အဲဒီနေ့တစ်နေ့လုံး ဖွင့်လှစ်မယ့် အဲဒီသင်တန်းအကြောင်း ပြောဆိုနေကြတယ်။ ထင်သလို ကွယ်ပျောက်သွားတာ၊ ပေါ်လာနိုင်တာကို အလွန်တမ်းတနေကြတယ်။

"ဘယ်လောက်မိုက်လိုက်မလဲ၊ လုပ်နိုင်ခဲ့ရင် ——" စီးမတ်က လက်ဖျစ်တီးလိုက်ပြီး ပျောက်ကွယ်သွားတာကို ပြတယ်။ "ငါ့အစ်ကိုဝမ်းကွဲ ဖားဂူးစ်က ဒါနဲ့ ငါ့ကို တမင်စိတ်ဆိုးအောင် လုပ်တယ်၊ ငါ တတ်သွားရင်တော့ . . . . သူ ကောင်းကောင်းနေရမယ် မထင်နဲ့ . . . ."

သူဟာ ပျော်စရာအတွေးထဲမှာ နစ်မြုပ်နေလို့ မှော်ကြိမ်လုံးယမ်းတာ သိပ်အားပါသွားတယ်။ အဲဒီနေ့ မှော်ဂါထာအတန်းမှာ ရေကြည်စမ်းပေါက်ခန်ဆင်းရမှာကို ရေပိုက်ကြီးဖြစ်သွားတာ မျက်နှာကြက်ကို ပန်းမိပြီး ပြန်ကန်လာတာ ပါမောက္ခ ဖလစ်ဝစ်ရဲ့မျက်နှာပေါ် ကျကုန်တယ်။

"ဟယ်ရီ ရုပ်ရွှေ့ပြောင်းဖူးတယ်" ပါမောက္ခ ဖလစ်ဝစ်က မှော်ကြိမ်လုံးယမ်းကာ မိမိကိုယ်မိမိ ခြောက်သွေ့အောင်လုပ်ပြီး စီးမတ်ကို "ကျွန်တော် မှော်ဆရာ၊ တုတ်လျှောက်ယမ်းတဲ့ မျောက်လွှဲကျော် မဟုတ်ဘူး"လို့ စာကြောင်းရေးခိုင်း အပြစ်ပေးပြီးနောက်၊ ရွန်က အနည်းငယ် ရှက်နေတဲ့ စီးမတ်ကို ပြောတယ်။ "ဒမ် —— အဲ —— သူ့ကို လိုက်ပါရုပ်ပေါ်ဖို့ ခေါ်သွားတဲ့လူ ရှိတယ်၊ သိတယ်မဟုတ်လား"

"ဝိုး" စီးမတ်က တိုးတိုးအော်ပြောတယ်။ သူ၊ ဒင်းနဲ့ နီဗီးတို့ ခေါင်းချင်းဆိုင်နေကြတယ်။ ရုပ်ရွှေ့ပြောင်းတာ ဘယ်လိုနေလဲဆိုတာ ကြားချင်ကြတယ်။ ဒီရက်တစ်ရက်လုံး ဟယ်ရီဟာ သူ့ကို ရုပ်ရွှေ့ပြောင်းတဲ့အကြောင်း ပြောခိုင်းချင်တဲ့ ဆဋ္ဌမနှစ်ကျောင်းသားတွေ ဝိုင်းတာ ခံနေရတယ်။ သူက ခံစားရတာ မကောင်းကြောင်း ပြောပြတော့၊ သူတို့ဟာ ရှိသေကြောက်ရွံ့တဲ့ အမူအရာ ဖော်ပြပြီး စိတ်ဝင်စားမှုတော့ လျော့မသွားဘူး။ ည ရှစ်နာရီ ဆယ်မိနစ်အလိုမှာ၊ သူတို့ဟာ သူ့ကို အသေးစိတ်အဖြေ တောင်းနေကြသေးတယ်။ ဟယ်ရီဟာ မတတ်သာဘဲ စာကြည့်တိုက်သွားပြီး စာအုပ်ပြန်အပ်မယ်လို့ ညာပြောမှ၊ ဒမ်ဘလီဒိုးဆီ ကျောင်းတက်ဖို့ ထွက်လာလို့ရတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒမ်ဘလီဒိုးရုံးခန်းက မီးလင်းနေတယ်။ အဆက်ဆက် ကျောင်းအုပ်ကြီးများဟာ ၎င်းတို့ရဲ့ မှန်ဘောင်ထဲမှာ အသာလေး ဟောက်နေကြတယ်။ အတွေးဇလုံ စားပွဲပေါ်မှာ တင်ထားပြန်ပြီ။ ဒမ်ဘလီဒိုးဟာ ဇလုံနှုတ်ခမ်းပေါ် လက်နှစ်ဘက် တင်ထားတယ်။ ညာဘက်လက်ဟာ မည်းပြီး မီးလောင်ထားသလိုပဲ ရှိနေတယ်၊ နည်းနည်းမှ ကောင်းလာပုံမရဘူး။ ဟယ်ရီဟာ ဘာကများ ဒီလောက်ပေါ်လွင်စွာ ဒဏ်ရာရအောင် လုပ်လိုက်ပါသလဲလို့ အကြိမ်တစ်ရာလောက် သိချင်နေတယ်။ ဒါပေမယ့် သူ မမေးဘူး။ ဒမ်ဘလီဒိုးက သူ နောင်မှာ သိလိမ့်မယ်လို့ ပြောဖူးတယ်။ ပြီးတော့လည်း သူ့မှာ တခြားပြောစရာ ရှိသေးတယ်။ ဒါပေမယ့် ဟယ်ရီ စနိတ်ပ်နဲ့ မော်ဖိုင့်အကြောင်း မပြောရသေးခင်မှာ ဒမ်ဘလီဒိုးက စပြောတယ်။

"ခရစ္စမတ်စ်တုန်းက မင်း မော်ဝန်ကြီးနဲ့ တွေ့တယ်လို့ ကျုပ် ကြားတယ်"

"ဟုတ်တယ်၊ သူ ကျွန်တော့်ကို သိပ်မကျေနပ်ဘူး"

"ဟုတ်တယ်" ဒမ်ဘလီဒိုးက သက်ပြင်းချတယ်။ "သူ ကျုပ်ကိုလဲ သိပ်မကျေနပ်ဘူး။ ကျုပ်တို့ စိတ်ဆင်းရဲလို့ တိမ်မြုပ်မသွားစေနဲ့၊ ဟယ်ရီ ဆက်တိုက်ပွဲဝင်"

ဟယ်ရီက ရယ်တယ်။

"သူက ကျွန်တော့်ကို မော်ဝန်ကြီးဌာနက လုပ်တာ သိပ်တော်တယ်လို့ မှော်လောကကို ပြောစေချင်တယ်"

ဒမ်ဘလီဒိုးက ပြုံးတယ်။

"ဒါ မူလက ဖဒ်ဂ်ရဲ့အကြံ။ သူ တာဝန်ယူနေတဲ့ နောက်ဆုံးရက်တွေမှာ၊ သူ့နေရာကို အတတ်နိုင်ဆုံး ထိန်းထားချင်တယ်။ မင်းကို တွေ့ချင်တယ်၊ မင်း သူ့ကို ထောက်ခံစေချင်တယ် —"

"မနှစ်က ဖဒ်ဂ် ဟိုဟာတွေလုပ်ပြီးနောက် ?" ဟယ်ရီက ဒေါသနဲ့ မေးတယ်။ "အမ်ဘရစ်ဂျ်နောက်မှာ ?"

"ကျုပ်က ဖဒ်ဂ်ကို မဖြစ်နိုင်ဘူးလို့ ပြောလိုက်တယ်။ ဒါပေမယ့် သူ ရာထူးက ထွက်သွားပြီးနောက် ဒီအကြံက မသေဘူး။ စခရင်းမ်ဂျဲ ရာထူး ဆက်ခံပြီး နာရီပိုင်းအတွင်းမှာ ကျုပ်တို့ တစ်ကြိမ်တွေ့ကြတယ်။ သူက ကျုပ်ကို မင်းနဲ့ တွေ့ဖို့ စီစဉ်ပေးဖို့ တောင်းဆိုတယ် —"



"သင်တို့ ဒါအတွက် အငြင်းပွားကြတယ် ?" ဟယ်ရီက ပြောထွက်သွားတယ်။ " 'ကြိုဟောဆရာများနေ့စဉ်' ထဲမှာ ပါတယ်"

"သူက ကျွန်တော့်ကို 'ဒမ်ဘလီဒိုးလူစစ်စစ်' လို့ အပြစ်တင် ပြောဆိုတယ်။

"သူ တကယ်ပဲ ရိုင်းတယ်"

"ကျွန်တော်က ဟုတ်တယ်လို့ ပြောလိုက်တယ်"

ဒမ်ဘလီဒိုးက စကားပြောဖို့ ပါးစပ်ဖွင့်တယ်၊ ဒါပေမယ့် ပြန်ပိတ်သွားတယ်။ ဟယ်ရီ့ကျောဘက်မှာ ဖီးနစ်ဖော့ခ်စ်ဟာ သိမ်မွေ့ပြီး နာဝင်ပီယံ တွန်သံသဲ့သဲ့ ပေါ်ထွက်လာတယ်။ ဒမ်ဘလီဒိုးရဲ့ ကြည်လင်တဲ့မျက်လုံးပြာပြာဟာ အနည်းငယ် စိုစွတ်နေတာ ဟယ်ရီ ရုတ်တရက် တွေ့ရှိလိုက်တယ်။ သူ အနေရခက်သွားပြီး မိမိဒူးကို အမြန်ငုံ့ကြည့်နေတယ်။ ဒါပေမယ့် ဒမ်ဘလီဒိုး စကားပြောတဲ့အခါမှာ အသံက အလွန်တည်ငြိမ်တယ်။

"ကျုပ် သိပ်စိတ်လှုပ်ရှားတယ်၊ ဟယ်ရီ"

"စခရင်းမ်ဂျဲက သင် ဟော့ဂ်ဝပ်မှာ မရှိရင် ဘယ်သွားသလဲဆိုတာ သိချင်တယ်" ဟယ်ရီက ဒူးကိုပဲ ကြည့်နေတယ်။

"ဟုတ်တယ်၊ သူက ဒါကို သိပ်စုံစမ်းချင်နေတာ" ဒမ်ဘလီဒိုးအသံ ပျော်ရွှင်လာတယ်၊ ဟယ်ရီက ခေါင်းမော့လို့ရပြီထင်တယ်။ "သူက ကျုပ်ကို နောက်ယောင်ခံလိုက်ဖို့ လုပ်သေးတယ်၊ တယ်လဲစိတ်ဝင်စားစရာပဲ၊ သူက ဒေါလစ်ကို ကျုပ် လိုက်ကြည့်ခိုင်းတယ်။ ဒါတော့ သိပ်မကောင်းဘူး၊ ကျုပ်လဲ မထတ်သာလို့ ဒေါလစ်ကို မှော်ဂါထာသုံးရတယ်။ အလွန်ဝမ်းနည်းစွာနဲ့ နောက်တစ်ကြိမ် သုံးလိုက်တယ်"

"ဒါကြောင့် သင် ဘယ်သွားတယ်ဆိုတာ သူတို့ မသိသေးဘူး ?" ဟယ်ရီက မေးတယ်။ သူ သိပ်သိချင်တဲ့ ဒီပြဿနာမှာ ပိုများများ သတင်းအချက်အလက် ရချင်တယ်။ ဒါပေမယ့် ဒမ်ဘလီဒိုးက လခြမ်းသဏ္ဌာန် မျက်မှန်အပေါ်ကနေ သူ့ကိုကြည့်ပြီး ပြုံးလိုက်တယ်။

"ဟုတ်တယ်၊ သူတို့ မသိဘူး။ အခု မင်းကို ပြောပြရင်လဲ စောသေးတယ်။ အခု၊ ကျုပ်တို့ ဆက်ကျောင်းတက်ဖို့ ကျုပ် အကြံပြုတယ်၊ တခြားဘာမှ မရှိရင်တော့လဲ — ?"

www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်၊ ဆရာ" ဟယ်ရီက ပြောတယ်။ "မော်ဖိုင်နဲ့ စနိတ်ပ်တို့နဲ့ ပတ်သက်တယ်"

"ပါမောက္ခ စနိတ်ပ်၊ ဟယ်ရီ"

"ဟုတ်ကဲ့၊ ဆရာ၊ ပါမောက္ခ စလပ်ဂ်ဟွန်းရဲ့ ညပါတီပွဲမှာ သူတို့ ပြောတာ ကျွန်တော် ကြားတယ် . . . . အင်း၊ စင်စစ်မှာ ကျွန်တော် နောက် ယောင်ခံလိုက်ခဲ့တာ . . . ."

ဒမ်ဘလီဒိုးက ဘာအမူအရာမှ ဖော်မပြဘဲ နားထောင်နေတယ်။ ဟယ်ရီ ပြောပြီးနောက် သူ ခဏငြိမ်နေတယ်၊ ဒီနောက်ပြောတယ်။ "မင်း ပြောပြတာ ကျေးဇူးတင်တယ်။ ဒါပေမယ့် ဒါကို စိတ်ထဲမထားဖို့ ကျုပ် အကြံ ပေးချင်တယ်။ ဒါ သိပ်အရေးမကြီးဘူးလို့ ကျုပ် ထင်တယ်"

"သိပ်အရေးမကြီးဘူး ?" ဟယ်ရီက မယုံနိုင်ဘဲ ပြောတယ်။ "ပါမောက္ခ သင် နားလည် —?"

"ဟုတ်တယ်၊ ဟယ်ရီ။ ဘုရားသခင်က ကျုပ်ကို သူမတူတဲ့ ဉာဏ်ပညာပေးလို့ ကျေးဇူးတင်တယ်။ မင်းပြောတာအားလုံး ကျုပ် နားလည်ပါတယ်" ဒမ်ဘလီဒိုးက အနည်းငယ် စူးရှစွာ ပြောတယ်။ "မင်းဟာ ကျုပ် မင်းထက် ပိုပြီး နားလည်တယ်လို့တောင် ယုံကြည်နိုင်တယ်။ မင်းပြောပြတာ ကျုပ် အလွန် ဝမ်းသာတယ်။ ဒါပေမယ့် မင်းပြောတဲ့ထဲမှာ ကျုပ်အဖို့ စိုးရိမ်စရာ မပါသေးဘူး ဆိုတာ မင်းကို အာမခံပါရစေ"

ဟယ်ရီဟာ ထိုင်နေရင်း ဒမ်ဘလီဒိုးကို ကြည့်နေတယ်။ ရင်ထဲမှာ ဆူပွက်နေတယ်။ ဒါ ဘယ်လိုဖြစ်တာလဲ။ ဒမ်ဘလီဒိုးကများ မော်ဖိုင့်လုပ်ရှားမှု တို့ စုံစမ်းဖို့ စနိတ်ပ်ကို ပြောထားလို့လား။ သူဟာ စနိတ်ပ်ဆီကနေ ဟယ်ရီ ပြောပြတဲ့ အခြေအနေကို ကြားပြီးပြီလား။ ဒါမှမဟုတ်ရင် သူဟာ စင်စစ်မှာ အိမ်ငြိုးနိမ့်နေပြီး ဘာမှမဖြစ်ဟန် ဆောင်နေတာလား။

"ဒါဆိုရင်၊ ဆရာ" ဟယ်ရီက သူမျှော်လင့်တဲ့ ယဉ်ကျေးတဲ့၊ တည်ငြိမ်တဲ့ လေသံနဲ့ ပြောတယ်။ "သင် တကယ်ပဲ ယုံကြည်မြဲ ယုံကြည်နေ —"

"ဒီမေးခွန်းကို ကျုပ် အလွန်သက်ညှာစွာ ဖြေကြားပြီးပြီ" ဒမ်ဘလီဒိုးက ပြောတယ်။ ဒါပေမယ့် လေသံက မသက်ညှာတော့ဘူး။ "ကျုပ်အဖြေက မပြောင်းဘူး"



"မပြောင်းဘူးလို့ပဲ ကျုပ် ထင်တယ်" သရော်တဲ့ အသံတစ်သံက ပြောတယ်။ ဖိနီအားစ်-နစ်ဂဲလပ်စ်ဟာ အိပ်ချင်ယောင်ဆောင်နေတာပဲ ဖြစ်မယ်။ ဒမ်ဘလီဒိုးက သူ့ကို အရေးမလုပ်ဘူး။

"အခု၊ ဟယ်ရီ၊ ကျုပ်ကျောင်းဆက်တက်ဖို့ ရပ်ခံမှုဖြစ်မယ်။ ဒီည ပိုအရေးကြီးတဲ့ကိစ္စ မင်းနဲ့ ဆွေးနွေးစရာရှိတယ်"

ဟယ်ရီဟာ မကျေနပ်ဘဲ ထိုင်နေတယ်။ တကယ်လို့ စကားအကြောင်း အရာ ပြောင်းပြောတာ သူ လက်မခံဘူးဆိုရင်၊ တကယ်လို့ သူက မော်ဖိုင့် အကြောင်းပဲ ဆွေးနွေးဖို့ ရပ်ခံရင်ကော။ ဒမ်ဘလီဒိုး ခေါင်းခါလိုက်တယ်၊ ဟယ်ရီ့စိတ်ကို မြင်ရသလိုပဲ။

"အား၊ ဟယ်ရီ၊ ဒါဟာ တွေ့နေကျကိစ္စပဲဟာ။ အလွန်ရင်းနှီးတဲ့ မိတ်ဆွေကြားမှာတောင် ကြုံနေကျပါ။ ကျုပ်တို့ဟာ ကိုယ်ပြောမယ့်ကိစ္စက တစ်ဖက်သားထက် အရေးကြီးတယ်လို့ ထင်ကြတာချည်းပဲ"

"သင်ပြောမယ့်ဟာ အရေးမကြီးဘူးလို့ ကျွန်တော် မထင်ဘူး၊ ဆရာ" ဟယ်ရီက မာတောင့်တောင့်အသံနဲ့ ပြောတယ်။

"အင်း၊ မင်းပြောတာ မှန်တယ်၊ အဲဒါ အလွန်အရေးကြီးတယ်" ဒမ်ဘလီဒိုးက ပေါ့ပါးစွာ ပြောတယ်။ "ကျုပ် ဒီည မင်းကို ပြန်လည်သတိရချက် နှစ်ခု ပြမယ်၊ ၎င်းတို့ကို ခက်ခက်ခဲခဲ ရခဲ့တာ။ ၎င်းအနက် ဒုတိယတစ်ခုက ကျုပ် ရှာဖွေစုဆောင်းထားတဲ့ ပြန်လည်သတိရချက်ထဲက အရေးကြီးဆုံး တစ်ခုပဲ"

ဟယ်ရီ စကားမပြောဘူး။ သူ့အစီရင်ခံချက်တွေ ငြင်းပယ်ခံရလို့ စိတ်ဆိုးနေတုန်းပဲ။ ဒါပေမယ့် ဆက်တင်းခံနေရင် ဘာအကျိုးမှ မရှိဘူးဆိုတာ လည်း သူ သိတယ်။

"ဒါကြောင့်" ဒမ်ဘလီဒိုးက အသံလွင်လွင်နဲ့ ပြောတယ်။ "ကျုပ်တို့ ဒီည တွမ်-ရစ်ဒေါ်ရဲ့ ပုံပြင်ကို ဆက်ရမယ်။ အရင်တစ်ချိန်က သူ ဟော့ဂ်ဝပ်တို့ ဝင်မယ့်အကြောင်းထိ ရောက်ပြီ။ သူဟာ မိမိမှော်ဆရာဖြစ်ကြောင်း သိရ တော့ ဘယ်လောက်ဝမ်းသာတယ်ဆိုတာ မင်းမှတ်မိမှာပါ။ ပြီးတော့ သူဟာ ဆောင့်ဖြတ်လမ်းကို ကျုပ် လိုက်ပို့မယ်ဆိုတာကို ငြင်းဆန်လိုက်တာ၊ ကျုပ်က သူ့ကို ကျောင်းရောက်ပြီး ဆက်မခိုးဖို့ သတိပေးတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းပတ် နှစ်သစ်စပြီ။ တစ်ပတ်နွမ်းဝတ်ရုံရှည် ဝတ်ဆင်ထားတဲ့ ငြိမ်သက်တဲ့ကောင်လေး တွမ်-ရစ်ဒေါ်လဲ ရောက်လာတယ်။ တခြားကျောင်းသားသစ်တွေနဲ့အတူ တန်းစီပြီး အမျိုးအစားခွဲ အခမ်းအနားကို ပါဝင်တယ်။ အမျိုးအစားခွဲဦးထုပ်ဟာ သူ့ခေါင်းနဲ့ ထိတာနဲ့ သူ့ကို စလေးသရင်းဟောက်စ် ကျောင်းကို ပို့လိုက်တယ်" ဒမ်ဘလီဒိုးက ဆက်ပြောတယ်။ မည်းတူးတဲ့ လက်ဟာ နောက်ဘက်သို့ ယမ်းလိုက်တယ်၊ သူ့ခေါင်းအပေါ်ဘက် စင်ပေါ်မှာ မလှုပ်မယှက်ရှိနေတဲ့ ရှေးကျပောင်းနွမ်းတဲ့ အမျိုးအစားခွဲ ဦးထုပ်ကို လက်နဲ့ ညွှန်ပြတယ်။ "အဲဒီဟောက်စ်ကျောင်းရဲ့ နာမည်ကြီး တည်ထောင်သူဟာ မြွေမာဂစကား တတ်တယ်လို့ ရစ်ဒေါ် ဘယ်တုန်းက သိသွားမှန်း ကျွန်ုပ် မသိဘူး — အဲဒီနေ့ညမှာပဲ ဖြစ်ချင်ဖြစ်မယ်။ ဒီသတင်းဟာ သူ့ကို သိမ်ဝမ်းသာအားရစေမှာ သေချာတယ်။ ဒါ့ပြင် ပိုပြီး ကိုယ့်ကိုကိုယ် အထင်ကြီးလာတယ်။

"သူဟာ အများနားနေခန်းထဲမှာ မြွေမာဂစကားနဲ့ စလေးသရင်း ကျောင်းသားတွေကို ခြောက်လှန့်ဖူးချင် ခြောက်လှန့်မယ်၊ ဒါမှမဟုတ် သူတို့ကို သူ့အား လေးစားအောင် လုပ်ချင်လုပ်မယ်။ သို့ပေမယ့်၊ ဒါတွေ ဆရာတွေနားထဲ နည်းနည်းမှ ရောက်မလာဘူး။ သူဟာ အပေါ်ယံအားဖြင့် မာနကြီးမှု၊ ကျူးကျော်လိုမှုကို နည်းနည်းမှ မပြဘူး။ ဉာဏ်ရည်သာလွန်ပြီး အလွန်ရုပ်ရည်သားနားတဲ့ မိဘမဲ့ကလေးတစ်ယောက်အနေနဲ့၊ သူဟာ ကျောင်းရောက်တာနဲ့ ဆရာတွေရဲ့ သတိပြုမှုနဲ့ စာနာမှုကို ရရှိတယ်။ သူ့ပုံပန်းက ယဉ်ကျေးတယ်၊ ငြိမ်သက်တယ် ဗဟုသုတကို အငမ်းမရ ရှာဖွေတယ်။ လူအားလုံးလိုလိုပဲ သူ့ကို ကောင်းတဲ့ ခံစားချက် ရှိတယ်"

"သူ့ကို မိဘမဲ့ကျောင်းမှာ တွေ့တုန်းက သူ ဘယ်လိုပုံလဲဆိုတာ သင် ပြောမပြဘူးလား"

"ပြောမပြဘူး။ သူဟာ မှားကြောင်း ထုတ်ဖော်ဝန်မခံပေမယ့် အချို့ တ လုပ်ရပ်တွေကို မိမိကိုယ်မိမိ အပြစ်တင်တာ ရှိချင်ရှိမယ်၊ လူသစ်ပြန်လုပ်ဖို့ စိတ်ဆုံးဖြတ်ချက် ချချင်ချမယ်၊ ကျွန်ုပ် သူ့ကို ဒီအခွင့်အရေးပေးတယ်"

ဒမ်ဘလီဒိုး ရပ်သွားတယ်၊ ဟယ်ရီ့ကို မေးတဲ့အကြည့်နဲ့ ကြည့်နေတယ်။ ဟယ်ရီက စကားပြောဖို့ လုပ်တယ်၊ အကြောင်းက သက်သေအများ အပြားက အဲဒီလူတွေကို မယုံသင့်ဘူးလို့ ပြနေပေမယ့် ဒမ်ဘလီဒိုးဟာ သူများ



တို သိပ်ယုံကြည်လွန်းတယ်ဆိုတာ ဒီအချက်က သက်သေပြနေလို့။ ဒါပေမယ့် ဟယ်ရီက တစ်ခုကို သတိရလာတယ် . . . .

"ဒါပေမယ့် သင်ဟာ သူ့ကို တကယ်တော့ မယုံပါဘူး၊ ဟုတ်လား။ သူက ကျွန်တော့်ကို ပြောပြဖူးတယ် . . . . နေ့စဉ်မှတ်တမ်းထဲက အဲဒီ ရစ်ဒေါ်က ပြောတယ်။ 'ဒမ်ဘလီဒိုးဟာ တခြားဆရာတွေလို ကျွန်ုပ်ကို ဘယ်တုန်းကမှ မနှစ်သက်ဘူး' "

"ဒီလိုပြောရအောင်၊ ကျွန်ုပ်ဟာ အကျိုးအကြောင်းမရှိ သူ့ကို ယုံသင့်တယ်လို့ ထင်တာမဟုတ်ဘူး" ဒမ်ဘလီဒိုးက ပြောတယ်။ "ရှေ့မှာ ပြောပြီးပြီ၊ ကျွန်ုပ်ဟာ သူ့ကို နီးနီးကပ်ကပ် စောင့်ကြည့်ဖို့ ဆုံးဖြတ်တယ်၊ ကျွန်ုပ် ဒီအတိုင်းလဲ လုပ်ခဲ့တယ်။ စပြီး စောင့်ကြည့်ခဲ့စဉ်ကတည်းက အများကြီး တွေ့ရှိတယ်လို့ ကျွန်ုပ် ပြောလို့မရဘူး။ သူက ကျွန်ုပ်ကို သိပ်သတိထားတယ်။ သူ ခံစားရတယ်ဆိုတာ ကျွန်ုပ် ယုံတယ်။ သူဟာ သိပ်ပေါ်လွင်တာ မရှိအောင် သတိထားတယ်။ ဒါပေမယ့် သူဟာ စိတ်လှုပ်ရှားတက်ကြွစဉ် လွတ်ထွက်လာတဲ့ စကားတွေကို တော့ ပြန်ရုပ်သိမ်းလို့ မရဘူး။ မစ္စစ်ကိုး ကျွန်ုပ်ကို ပြောပြတဲ့ဟာတွေလိုပဲ ပြန်ရုပ်သိမ်းလို့ မရဘူး။ သို့ပေမယ့် သူ အသိရှိတယ်။ ကျွန်ုပ်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို လှည့်စားသလို ကျွန်ုပ်ကို ဒီလောက်မလှည့်စားဘူး။

"ကျောင်းမှာနေတဲ့ နှစ်တွေအတွင်းမှာ သူဟာ သူ့အပေါ် အလုပ်အကျွေးပြုမယ့် မိတ်ဆွေတစ်စုကို စုစည်းနိုင်ခဲ့တယ်။ ကျွန်ုပ် ဒီလိုပြောတာဟာ ဒီ့ထက်ပိုကောင်းတဲ့ ဝေါဟာရမရှိလို့။ ဒါပေမယ့် ကျွန်ုပ် ပြောပြီးပြီ၊ ရစ်ဒေါ်ဟာ သူတို့ကို နည်းနည်းမှ မခင်မင်ဘူး။ ဒီလူအုပ်ဟာ ရဲတိုက်ထဲမှာ အမှောင်အင်အားတစ်ခု ဖြစ်လာတယ်။ သူတို့ထဲမှာ လူအမျိုးမျိုး ပါတယ်။ အားနည်းသူဟာ အားကိုးရှာတာ၊ ရမ္မက်ကြီးသူဟာ ပိုပြီးမော်ကြွားချင်တယ်၊ စရိုက်ကြမ်းကြုတ် ရက်စက်သူကလဲ ၎င်းတို့ထက် ပိုအဆင့်မြင့်တဲ့သဏ္ဌာန်နဲ့ ရက်စက်ခြင်းကို သင်ပေးနိုင်တဲ့ ခေါင်းဆောင်ကို အားကိုးကြတယ်။ တစ်နည်းပြောရရင်၊ ၎င်းတို့ဟာ ဒက်အီတာတွေရဲ့ ရှေ့ပြေးတွေ ဖြစ်တယ်။ အမှန်ပဲ၊ သူတို့ထဲက အချို့ဟာ ဟော့ဂ်ဝပ်က ထွက်ပြီးနောက် ပထမဆုံး ဒက်အီတာတွေ ဖြစ်သွားတယ်။

"ရစ်ဒေါ်က သူတို့ကို တင်းတင်းကြပ်ကြပ် ချုပ်ကိုင်တယ်။ သူတို့ ကျောင်းမှာ ရှိနေတဲ့ ခုနစ်နှစ်အတွင်းမှ ဆိုးရွားတဲ့ အရေးကိစ္စမနည်း ဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ဒီလူစုဟာ ပေါ်တင်ကြီး မကောင်းမှုလုပ်တာ ဘယ်တုန်းကမှ မတွေ့ရဘူး။ သူတို့နဲ့ ဆက်နွယ်နိုင်လောက်အောင်လဲ ဆုပ်ဆုပ်ကိုင်ကိုင် မရှိခဲ့ဘူး။ အဆိုးဆုံးဖြစ်တာကတော့ လျှို့ဝှက်အခန်းကို ဖွင့်တဲ့အတွက်၊ ကျောင်းသူတစ်ယောက် သေဆုံးရတယ်။ မင်း သိပါတယ်၊ ဒီအမှုမှာ ဟက်ဂရစ် ဓားစာခံဖြစ်သွားရတယ်။

“ကျုပ်ဟာ ဟော့ဂ်ဝပ်မှာ ရစ်ဒေါ်နဲ့ ပတ်သက်တဲ့ ပြန်လည်သတိရတာတွေ သိပ်ရှာလို့ မတွေ့ဘူး” ဒမ်ဘလီဒိုးက ပြောရင်း ဗူင်းရဲ့တွန့်ခြောက်နေတဲ့ လက်ကို အတွေးဇလုံပေါ် တင်လိုက်တယ်။ “ထိုစဉ်က သူ့ကို သိတဲ့လူထဲမှာ သူ့အကြောင်းပြောပြချင်တဲ့လူ ဘယ်နှစ်ယောက်မှ မရှိဘူး။ သူတို့ သိပ်ကြောက်နေကြတယ်။ ကျုပ် အခုသိတာတွေဟာ သူ ဟော့ဂ်ဝပ်က ထွက်ခွာသွားပြီးနောက်၊ အလွန်ခက်ခက်ခဲခဲနဲ့ စကားစ ဆွဲထုတ်လို့ရမယ့်လူတွေကို လိုက်ရှာမေးမြန်းတာ၊ မှတ်တမ်းအဟောင်းတွေကို ရှာဖွေတာ၊ မတ်ဂေါ်နဲ့ မှော်ဆရာတွေကို မေးမြန်းပြီးမှ သိခဲ့ရတာ။

“အဲဒီ ကျုပ်ကို ပြန်လည်သိရတာပြောပြတဲ့လူတွေက ပြောပြတယ် ရစ်ဒေါ်ဟာ သူ့မျိုးရိုးနဲ့ ပတ်သက်ပြီး အလွန်သောကရောက်တယ်တဲ့။ ဒါတော့ နားလည်လို့ရပါတယ်။ သူဟာ မိဘမဲ့ကျောင်းမှာ ကြီးပြင်းလာတယ်၊ သူ အဲဒီကို ဘယ်လိုရောက်လာတယ်ဆိုတာ သိချင်မှာအမှန်ပဲ။ သူဟာ ဆုတံဆိပ်အခန်းတို့ ကျောင်းမှတ်တမ်းဟောင်းထဲက အတန်းခေါင်းဆောင်နာမည်စာရင်းထဲမှာ၊ ဒီထက်မက မှော်သမိုင်းစာအုပ်ထဲမှာ တွမ်-ရစ်ဒေါ်ကြီးရဲ့ခြေရာကို ရှာဖွေခဲ့တယ်နဲ့ တူတယ်။ ဒါပေမယ့် ဘာမှမတွေ့ရဘူးထင်တယ်။ နောက်ဆုံးမှာ သူ့အဖေ ဟော့ဂ်ဝပ်မှာ မနေခဲ့ဖူးဘူးဆိုတာ မတတ်သာဘဲ ဝန်ခံရတော့တယ်။ အဲဒီအချိန်မှာပဲ သူဟာ သူ့နာမည်ကို စွန့်လွှတ်လိုက်ပြီး လော့ဒ်ဗိုလ်ဒီမွန်လို့ ပြောင်းခေါ်တယ်လို့ ကျုပ် ထင်တယ်။ ဒီနောက် အရင်က သူ အထင်သေးခဲ့တဲ့ မိခင်ရဲ့မျိုးရိုးသမိုင်းကို စတင်စုံစမ်းတယ်။ အဲဒီမိန်းမကို မင်း မှတ်မိလိမ့်မယ်၊ သူက အဲဒီမိန်းမဟာ သေခြင်းဆိုတဲ့ လူသားတွေရဲ့ ရှက်စရာအားနည်းချက်ကို အရှုံးပေးခဲ့တယ်ဆိုတော့ မှော်ဆရာမ မဖြစ်နိုင်ဘူးလို့ သူ ထင်ခဲ့တယ်။

‘သူ့မှာရှိတဲ့ တစ်ခုတည်းသောသဲလွန်စဟာ ‘မာဗိုလို’ ဆိုတဲ့ နာမည်ပဲ။ သူဟာ မိဘမဲ့ကျောင်း အုပ်ချုပ်သူထံကနေ ဒီနာမည်ဟာ သူ့အမေ့ဖခင်နာမည်



ဆိုတာ သိခဲ့ရတယ်။ စာအုပ်ဟောင်းများနဲ့ မှော်ဆရာအိမ်ထောင်ထဲမှာ ခက်ခဲစွာ ရှာဖွေစုံစမ်းပြီးနောက်၊ စလေးသရင်းမျိုးရိုးစုရဲ့ ကျန်ရှိနေသေးတဲ့ အနွယ်တစ်ခုကို သွားတွေ့တယ်။ အသက်ဆယ့်ခြောက်နှစ်ရောက်တဲ့ နွေမှာ၊ သူဟာ နှစ်စဉ်ပြန်သွားရတဲ့ မိဘမဲ့ကျောင်းကို ခွဲခွာသွားပြီး ဂေါင့်မိသားစု ဆွေမျိုးတွေကို လိုက်ရှာတယ်။ ကဲ၊ အခု၊ ဟယ်ရီ၊ မင်း မတ်တတ်ရပ်လိုက်မယ်ဆိုရင် . . . .”

ဒမ်ဘလီဒိုး မတ်တတ်ရပ်လိုက်တယ်၊ ဟယ်ရီဟာ သူ ခရစ်ဆယ်ပုလင်းလေးတစ်လုံး ယူလိုက်တာ တွေ့ရပြန်တယ်။ ပုလင်းထဲမှာ လည်ပတ်နေတဲ့ ပုလဲရောင် ပြန်လည်သတိရချက်တွေနဲ့ ပြည့်နေတယ်။

“ကျုပ် ဒါကိုရတာ အလွန်ကံကောင်းတယ်” သူက ပြောရင်း အဲဒီသက်နေတဲ့အရာကို အတွေးဇလုံထဲ သွန်ချလိုက်တယ်။ “ကျုပ်တို့ တွေ့ကြုံပြီးနောက်၊ မင်းသဘောပေါက်သွားမှာပါ၊ ရပြီလား”

ဟယ်ရီက ကျောက်ဇလုံနား ကပ်သွားတယ်၊ နာခံစွာ ငုံ့ချလိုက်ပြီး မျက်နှာကို ပြန်လည်သတိရချက်ထဲ မြုပ်လိုက်တယ်။ သူဟာ ရင်းနှီးနေတဲ့ ဘာနေတဲ့ထဲမှာ အောက်ကို ကျဆင်းတဲ့ ခံစားချက်ကို နောက်ထပ်တွေ့ကြုံရပြန်ပြီ။ ဒီနောက် ညစ်ပတ်တဲ့ ကျောက်ကြမ်းခင်းပေါ် ကျသွားတယ်။ ဘေးပတ်လည်မှာ မှောင်မိုက်နေသလောက် ဖြစ်နေတယ်။

စက္ကန့်အနည်းငယ်ကြာမှ ဒီနေရာကို သူ မှတ်မိသွားတယ်။ ဒီအချိန်မှာ ဒမ်ဘလီဒိုးလဲ သူ့အနားကျလာတယ်။ ဂေါင့်တို့အိမ်ဟာ ညစ်ပေတာမှ ပြောမပြတတ်တော့ဘူး။ ဟယ်ရီ မြင်တွေ့ခဲ့ရဖူးတဲ့ နေရာအားလုံးထက် ညစ်ပတ်တယ်။ မျက်နှာကြက်မှာ ပင့်ကူအိမ် ထူထဲစွာ ရှိနေတယ်။ ကြမ်းပြင်ဟာ ညစ်ညစ်နေတယ်။ စားပွဲပေါ်မှာ မှိုတက်တဲ့ အစားအစာနဲ့ သံချေးတက်နေတဲ့ အိုးတစ်စု ရှိတယ်။ တစ်ခုတည်းသော အလင်းရောင်ဟာ ယောက်ျားတစ်ယောက် ခြေထောက်နားက ငြိမ်းခါနီး ဖယောင်းတိုင်ဆီက လာတာ။ အဲဒီလူရဲ့ ဆံပင်နဲ့ မုတ်ဆိတ်တွေဟာ မျက်လုံးနဲ့ ပါးစပ်ကို ဖုံးနေပြီ။ ခဏတာအတွင်းမှာ၊ ဟယ်ရီဟာ သူ သေများသွားပလားလို့ မှန်းကြည့်နေတယ်။ ဒါပေမယ့် ရုတ်တရက် ထွက်ပေါ်လာတဲ့ ပြင်းထန်တဲ့ တံခါးခေါက်သံကြောင့် အဲဒီလူတစ်ကိုယ်လုံး တုန်သွားပြီး နိုးလာတယ်။ သူ့ညာလက်က မှော်ကြိမ်လုံးကို မြှောက်ပြီး၊ ဘယ်လက်က ဓားမြှောင်တစ်လက် ကိုင်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



တံခါး ကျွီခနဲ ပွင့်သွားတယ်။ တံခါးဝမှာ ကောင်လေးတစ်ယောက် ရပ်နေတယ်။ ရွှေပုံစံ မီးအိမ်တစ်လုံးကို ကိုင်ထားတယ်။ ဟယ်ရီ ချက်ချင်း မှတ်မိတယ်။ အရပ်မြင့်မြင့်၊ ဆံပင်နက်နက်၊ မျက်နှာဖြူရော်ရော်၊ ရုပ်ချော သားနားတဲ့ —— ဆယ်ကျော်သက်အရွယ် ဗိုလဒီမွန်။

ဗိုလဒီမွန့်မျက်လုံးဟာ ညစ်ပတ်တဲ့အိမ်ထဲမှာ ဖြည်းဖြည်းချင်း ရွေ့လျား သွားတယ်၊ လက်တန်းကုလားထိုင်ပေါ်က ဟိုလူကို တွေ့သွားတယ်။ သူတို့ စက္ကန့်အနည်းငယ် အပြန်အလှန် ကြည့်နေကြတယ်။ အဲဒီလူဟာ လှုပ်ယိုင်စွာ မတ်တတ်ရပ်လိုက်တယ်၊ ခြေထောက်နားက အရက်ပုလင်းတွေ တတောင် တောင် တဒင်ဒင် မြည်ပြီး လိမ့်ကုန်တယ်။

"မင်း" သူက အော်ဟစ်တယ် "မင်း"

သူဟာ မူးမူးရူးရူးနဲ့ ရစ်ဒေါ်ဆီ ဝင်အုပ်တယ်၊ မှော်ကြိမ်လုံးနဲ့ ဓား မြှောင်ကို မြှောက်ထားတယ်။

"ရပ်လိုက်ပါ"

ရစ်ဒေါ်က မြွေမာဂဓစကားနဲ့ ပြောတယ်။ အဲဒီလူဟာ မရပ်နိုင်ဘဲ စားပွဲနဲ့ ဝင်ဆောင့်တယ်။ မှိုတက်နေတဲ့ သံချေးတက်အိုးတွေ မြေကြီးပေါ် ပြုတ်ကျကုန်တယ်။ သူက ရစ်ဒေါ်ကို စိုက်ကြည့်နေတယ်။ သူတို့ဟာ အကြာ ကြီး အပြန်အလှန် အကဲခတ်နေတယ်။ အဲဒီလူက အရင်ဆုံးငြိမ်သက်ခြင်းကို ဖြိုခွဲလိုက်တယ်။

"မင်း အဲဒီစကားမျိုး ပြောတတ်တယ် ?"

"ဟုတ်တယ်၊ ကျွန်တော် ပြောတတ်တယ်" ရစ်ဒေါ်က အခန်းထဲ ဝင်ခဲ့တယ်။ သူ့ကျောဘက်က တံခါး ပိတ်သွားတယ်။ ဟယ်ရီဟာ ဗိုလဒီမွန်ကို မနှုတ်စိတ်ကို ဒေါသထွက်စွာ ချီးကျူးမိတယ်။ သူ့မျက်နှာပေါ်မှာ ရွံမုန်းတဲ့ ပုံပေါ်နေတယ်။ စိတ်ပျက်တာလည်း ပါချင်ပါမယ်။

"မာဗိုလို ဘယ်မှာလဲ" သူက မေးတယ်။

"သေပြီ" တစ်ဖက်က ပြောတယ်။ "သေတာ နှစ်အတော်ကြာပြီ မဟုတ်ဘူးလား"

ရစ်ဒေါ်က မျက်မှောင်ကြုတ်လိုက်တယ်။

"ဒါဆို ခင်ဗျား ဘယ်သူလဲ"

"ကျုပ်က မော်ဖင်၊ မဟုတ်ဘူးလား"



"မာဗိုလိုရဲ့ သား ?"

"ဟုတ်တာပေါ့၊ ဒါဆို . . . ."

မော်ဖင်ဟာ ညစ်ပတ်တဲ့မျက်နှာပေါ်က ဆံပင်ကို တွန်းပစ်တယ်၊ ရစ်ဒေါ်ကို သေချာကြည့်ချင်တယ်။ ဟယ်ရီက သူ့ညာလက်မှာ စွပ်ထားတဲ့ မာဗိုလိုရဲ့ ကျောက်နက်လက်စွပ်ကို မြင်ရတယ်။

"ကျုပ်က မင်းကို ဟိုမတ်ဂေါ်လို့ထင်တာ" မော်ဖင်က တိုးတိုးပြောတယ်။ "မင်းက ဟိုမတ်ဂေါ်နဲ့ သိပ်တူတာပဲ"

"ဘယ်မတ်ဂေါ်လဲ" ရစ်ဒေါ်က အသံမာမာနဲ့ မေးတယ်။

"ကျုပ်အစ်မ စွဲလမ်းနေတဲ့ မတ်ဂေါ်၊ မျက်နှာချင်းဆိုင်ဘက်က အိမ်ကြီးထဲမှာနေတဲ့ ဟိုမတ်ဂေါ်" မော်ဖင်က ပြောရင်း သူတို့နှစ်ယောက်ကြား က မြေကြီးပေါ်ကို မထင်မှတ်ဘဲ တံတွေးထွေးချလိုက်တယ်။ "မင်းက သူနဲ့ သိပ်တူတာပဲ၊ ရစ်ဒေါ်။ ဒါပေမယ့် သူ အခု အသက်ကြီးသွားပြီ၊ ဟုတ်လား။ သူ မင်းထက် ကြီးတယ်၊ ကျုပ် သတိရပြီ . . . ."

မော်ဖင်ဟာ နည်းနည်းမူးဝေနေသလိုပဲ၊ သူဟာ လှုပ်ယိုင်သွားတယ်၊ ဒါပေမယ့် စားပွဲအစွန်းကို ကိုင်ထားတုန်းပဲ။

"သူ ပြန်လာပြီ၊ သိတယ်မဟုတ်လား" သူက အ,တတနဲ့ ထပ်ပြော တယ်။

ဗိုလဒီမွန့်က မော်ဖင်ကို ကြည့်နေတယ်၊ သူ့ရဲ့ဖြစ်နိုင်ချေကို ခန့်မှန်း နေတယ်။ အခု သူ နည်းနည်းကပ်သွားတယ်။ သူက ပြောတယ်။ "ရစ်ဒေါ် ပြန်လာပြီ ?"

"အား၊ သူက ကျုပ်အစ်မကို ပစ်လိုက်တယ်။ ကျုပ်အစ်မက သူမ ဆိုတ်နဲ့ သူမဟာပဲ၊ အမှိုက်သရိုက်ကို ယူတယ်" မော်ဖင်က မြေကြီးပေါ်ကို တံတွေးထွေးချလိုက်ပြန်တယ်။ "ကျုပ်တို့ပစ္စည်းကိုလဲ လုယူတယ်၊ သူမ ထွက်မပြေးခင်မှာ။ လော့ကက်သီးကော၊ ဟင်း၊ စလေးသရင်းရဲ့ လော့ကက်သီး ဘယ်ရောက်သွားလဲ"

ဗိုလဒီမွန့် စကားမပြောဘူး။ မော်ဖင် ဒေါသထွက်လာပြန်တယ်။ ဓားမြှောင်ကို ယမ်းပြီး တအားအော်တယ်။ "ကျုပ်တို့ အရှက်ကွဲတယ်၊ သူမ ဆိုတာ၊ အဲဒီမိန်းမပျက်။ မင်းက ဘယ်သူလဲ၊ ဒီလာပြီး ဒီမေးခွန်းတွေ မေးနေ တယ်။ အားလုံးပြီးကုန်ပြီ၊ မဟုတ်ဘူးလား . . . . အားလုံး ပြီးသွားပြီ . . . ."

www.burmeseclassic.com

www.burmeseclassic.com



သူဟာ အကြည့်ကို ဖယ်လိုက်တယ်။ ကိုယ်က အနည်းငယ်လှုပ်နေတယ်။ ဗိုလဒီမွန့် ရှေ့တက်သွားတယ်။ ဒီအချိန်မှာ ထူးဆန်းစွာ အမှောင်ထုကျရောက်လာတယ်။ ဗိုလဒီမွန့်ရဲ့ မီးအိမ်နဲ့ မော်ဖင်နဲ့ ဖယောင်းတိုင်ကို ဝါးမျို သွားတယ်။ အားလုံးကို ဝါးမျိုသွားတယ် . . . .

ဒမ်ဘာလီဒိုးလက်ဟာ ဟယ်ရီ့ပခုံးကို တင်းတင်းဆုပ်ကိုင်ထားတယ်။ နှစ်ယောက်စလုံး လေထဲမှာ ပျံတက်ပြီး လက်တွေ့ထဲ ပြန်ရောက်လာတယ်။ မြို့ခွဲမရတဲ့ အမှောင်ကို ဖြတ်သန်းပြီးနောက်၊ ဒမ်ဘာလီဒိုးရုံးခန်းထဲက ပျော့ပျောင်းတဲ့ ရွှေဝါရောင်မီးရောင်ဟာ ဟယ်ရီ့ကို မျက်စိစူးစေတယ်။

"ဒါတွေပဲလား" ဟယ်ရီက ချက်ချင်းမေးတယ်။ "ဘာဖြစ်လို့ ချက်ချင်း မည်းသွားတာလဲ၊ ဘာကိစ္စဖြစ်လို့လဲ"

"မော်ဖင်က ဒီနောက်အဖြစ်အပျက်ကို တွေးမရလို့" ဒမ်ဘာလီဒိုးက ဟယ်ရီ့ကို ထိုင်ဖို့ လက်ယပ်ခေါ်တယ်။ "သူ နောက်နေ့မနက် နိုးလာတော့ တစ်ယောက်တည်း ကြမ်းပေါ် လဲနေတယ်၊ မာဗိုလိုရဲ့လက်စွပ် မတွေ့တော့ဘူး"

"ဒါနဲ့ တစ်ချိန်တည်းမှာပဲ၊ ဟင်ဂယ်တန်လေးရွာမှာ၊ အိမ်ဖော်တစ်ယောက်ဟာ လမ်းမပေါ်ထွက်ပြီး စူးရှစွာ အော်ရင်း တအားပြေးနေတယ်။ အိမ်ကြီးထဲက ဧည့်ခန်းထဲမှာ အလောင်းသုံးလောင်းရှိကြောင်း ပြောတယ်။ အဲဒါ တွမ်-ရစ်ဒေါ်ကြီးနဲ့ သူ့မိဘတွေပဲ။

"မတ်ဂေါ် သက်ဆိုင်ရာတွေ ဘာမှမလုပ်တတ်ဘူး။ ကျုပ်သိ သလောက်က၊ သူတို့ဟာ ဒီနေ့ထိ ရစ်ဒေါ်မိသားစု ဘယ်လိုသေမှန်း မသိကြ သေးဘူး။ အကြောင်းက အဗာဒါ သက်ပျောက်ကျိန်စာဟာ ယေဘုယျအားဖြင့် ဘာဒဏ်ရာမှ မရှိဘူး . . . . တစ်ခုတည်းသော ခြွင်းချက်ကတော့ ကျုပ်ရှေ့မှာ ထိုင်နေတယ်" ဒမ်ဘာလီဒိုးက ဟယ်ရီ့အမာရွတ်ကို ခေါင်းညိတ်ပြပြီး ဆက် ပြောတယ်။ "ဒါပေမယ့် မှော်ဝန်ကြီးဌာနက မှော်ဆရာလုပ်တယ်ဆိုတာ ချက်ချင်းသိတယ်။ မတ်ဂေါ်ကို တစ်လျှောက်လုံး မုန်းတီးတဲ့ လူတစ်ယောက် ရစ်ဒေါ်တို့အိမ်ရဲ့ မျက်နှာချင်းဆိုင်ဘက်မှာ နေတယ်ဆိုတာလဲ သူတို့ သိတယ်။ ပြီးတော့ အဲဒီလူဟာ ဒီအမှုထဲက အသတ်ခံရတဲ့ လူတစ်ယောက်ကို တိုက်ခိုက် ဖို့ ထောင်ကျခဲ့ဖူးတယ်။

"ဒီလိုနဲ့ မှော်ဝန်ကြီးဌာနက မော်ဖင်ကို ခေါ်တယ်၊ ဘယ်လောက်မှ မေးစရာမလိုဘူး အမှန်ပြောဆေးတို့၊ အာရုံနှိုက်ယူတာတို့တောင် မသုံးရဘူး သူ



ချက်ချင်းဝန်ခံတယ်။ လူသတ်သမားကသာ သိနိုင်တဲ့ အသေးစိတ် အကြောင်း အရာကို ထုတ်ပြောတယ်။ ပြီးတော့လဲ သူဟာ အဲဒီမတ်ဂေါ်တွေကို သတ်ရလို့ ဂုဏ်ယူတယ်လို့ ပြောတယ်။ သူဟာ ဒီအခွင့်အရေးကိုရဖို့ နှစ်ပေါင်းများစွာ စောင့်စားနေတာလို့လဲ ပြောတယ်။ သူထုတ်ပေးတဲ့ မှော်ကြိမ်လုံးဟာ ရစ်ဒေါ် မိသားစုကိုသတ်တဲ့လက်နက်ဆိုတာ ချက်ချင်းသက်သေပြနိုင်ခဲ့တယ်။ သူဟာ မခုခံဘူး။ အက်ဇခါဘန်ကို ကောင်းကောင်းပဲ လိုက်သွားတယ်။ သူ့ကို စိတ်မငြိမ်ဖြစ်စေတာ တစ်ခုတည်းရှိတယ်။ အဲဒါ သူ့အဖေရဲ့လက်စွပ် ပျောက်သွားတာပဲ။ 'သူ ကျုပ်ကိုသတ်မှာ' သူက သူ့ကိုဖမ်းတဲ့လူကို ထပ်ခါ ထပ်ခါ ပြောတယ်။ 'ကျုပ် သူ့လက်စွပ်ပျောက်သွားပြီ၊ သူ ကျုပ်ကို သတ်ပစ် လိမ့်မယ်' အဲဒါဟာ သူ နောင်မှာပြောတဲ့ စကားအားလုံးလိုပဲ။ သူဟာ ကျန်ရှိ နေတဲ့ ဘဝကို အက်ဇခါဘန်မှာ ကုန်ဆုံးသွားတယ်။ မာဗိုလိုရဲ့ နောက်ဆုံး အစဉ်အလာပစ္စည်း ပျောက်ဆုံးရခြင်းကို ကြေကွဲရင်း ဆုံးပါးသွားတယ်။ နောက်ဆုံးမှာ ထောင်ထဲမှာ သေဆုံးတဲ့ တခြားလူတွေနဲ့အတူ ထောင်နောက်မှာ မြှုပ်နှံထားတယ်"

"ဗိုလဒီမွန့်က မော်ဖင်ရဲ့ မှော်ကြိမ်လုံးကို ခိုးပြီး ၎င်းနဲ့ လူသတ် တယ် ?" ဟယ်ရီက ပြောရင်း ကိုယ်ကို မတ်လိုက်တယ်။

"ဟုတ်တယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ "ဒါကို သက်သေပြတဲ့ မှန်လည်သတိရချက် မရှိဘူး၊ ဒါပေမယ့် ကျုပ်တို့ အတော်သေချာပြောနိုင် တယ်လို့ ထင်တယ်။ ဗိုလဒီမွန့်က ဦးလေးကို မူးမေ့အောင် လုပ်လိုက်တယ်။ သူ့မှော်ကြိမ်လုံးကို ယူပြီး လျှိုကို ဖြတ်ကျော်ကာ 'မျက်နှာချင်းဆိုင်က အိမ်ကြီး' ကို သွားတယ်။ မိမိရဲ့ မှော်ဆရာမ မိခင်ကို စွန့်ပစ်တဲ့ မတ်ဂေါ်ကို သတ်လိုက် တယ်။ တပါတည်း ၎င်းရဲ့မတ်ဂေါ် အဘိုးအဘွားကိုပါ သတ်လိုက်တယ်။ တန်ဖိုး မရှိတဲ့ ရစ်ဒေါ် မျိုးရိုးကို သုတ်သင်ပစ်လိုက်တယ်။ သူ့ကို ဘယ်တုန်းကမှ မလို ချင်တဲ့ ဖခင်ကိုလဲ ကလဲ့စားချေလိုက်တယ်။ ဒီနောက်၊ သူဟာ ဂေါင့်တို့အိမ်ကို ပြန်လာတယ်၊ ရှုပ်ထွေးတဲ့ မှော်ပညာလေးနဲ့ မှတ်ဉာဏ်အတုကို သူ့ဦးလေး ခေါင်းထဲ ထည့်ထားလိုက်တယ်။ မှော်ကြိမ်လုံးကိုလဲ မေ့နေတဲ့ သူ့ဦးလေး ဘေးမှာထားပြီး ရှေးဟောင်းလက်စွပ်ကို ယူထွက်သွားခဲ့တယ်"

"မော်ဖင်က သူလုပ်တယ်ဆိုတာ မတွေးမိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မတွေ့မိဘူး။ ကျုပ် ပြောဖူးတယ်၊ သူဟာ မငြင်းဘူး၊ ဝန်ခံတယ်။ ပြီးတော့ နေရာတိုင်းမှာ ကြွားဝါတယ်"

"ဒါပေမယ့် သူဟာ ဒီအစစ်အမှန် ပြန်လည်သတိရချက်ကို တစ်လျှောက်လုံး ထိန်းသိမ်းထားတယ် ?"

"ဟုတ်တယ်၊ ဒါပေမယ့် အဆင့်မြင့်တဲ့ အာရုံနှိုက်ယူတဲ့ အတတ်ပညာနဲ့မှ ၎င်းကို ခေါ်ထုတ်နိုင်တာ၊ မော်ဖင်ဟာ အဖြစ်ကို ဝန်ခံပြီ၊ သူ့အတွေးတို ဘယ်သူက သွားတူးဖော်ဦးမှာလဲ။ ဒါပေမယ့် ကျုပ်ဟာ သူမသေခင် ရက်သတ္တပတ်အချို့မှာ သူ့ကို ထောင်ဝင်စာ သွားတွေ့တယ်။ အဲဒီတုန်းက ကျုပ်ဟာ ဗိုလ်ဒီမွန့်ရဲ့အတိတ်ကို နားလည်ဖို့ ကြိုးစားနေတယ်၊ ဒီပြန်လည်သတိရချက်ကို ရဖို့ မနည်းကြိုးစားခဲ့ရတယ်။ ဒီအတွင်းသဘောတွေ မြင်ရပြီးနောက် မော်ဖင်ကို အက်ဇခါဘန်က ထုတ်ပေးနိုင်ဖို့ ကျုပ် ကြိုးစားခဲ့တယ်။ ဒါပေမယ့် မှော်ဝန်ကြီးဌာနက မဆုံးဖြတ်ရသေးခင်မှာပဲ၊ မော်ဖင် သေဆုံးသွားတယ်"

"ဒါပေမယ့် ဗိုလ်ဒီမွန့်က မော်ဖင်ကို ဘာလုပ်လိုက်တယ်လို့ မှော်ဝန်ကြီးဌာနက ဘာဖြစ်လို့ မတွေ့မိတာလဲ" ဟယ်ရီက စိတ်ဆိုးစွာ ပြောတယ်။ "သူ ထိုစဉ်က အရွယ်မရောက်သေးဘူး၊ ဟုတ်တယ်နော်။ ကျွန်တော်က သူတို့ အရွယ် မရောက်သေးသူ မှော်ပညာသုံးတာ ထောက်လှမ်းသိရှိနိုင်မယ်လို့ ထင်တာ"

"မင်းပြောတာ သိပ်မှန်တယ် —— သူတို့ မှော်ပညာကို ထောက်လှမ်းသိရှိနိုင်တယ်၊ ဒါပေမယ့် မှော်ပညာသုံးသူကို ထောက်လှမ်းလို့ မရဘူး။ မှော်ဝန်ကြီးဌာနက မင်းကို ဝဲပျံကျိန်စာ ချတယ်လို့ စွပ်စွဲတာ မှတ်မိသေးလား၊ ဒါပေမယ့် စင်စစ်မှာ ——"

"ဒေါ့ဘီလုပ်တာ" ဟယ်ရီက တိုးတိုးအော်ဟစ်တယ်။ အဲဒီအကြိမ်က တရားခံရတာ ခုထိမကျေချမ်းနိုင်သေးဘူး။ "ဒါကြောင့်၊ အရွယ်မရောက်သေးသူဟာ အရွယ်ရောက်ပြီး မှော်ဆရာ့အိမ်မှာ မှော်ပညာသုံးရင်၊ မှော်ဝန်ကြီးဌာနက မသိနိုင်ဘူး ?"

"ဘယ်သူ မှော်ပညာသုံးလိုက်တယ်ဆိုတာ သူတို့ ရှင်းရှင်းသိမှာမဟုတ်ဘူး" ဒမ်ဘာလီဒိုးက ပြောတယ်။ ဟယ်ရီ အလွန်မကျေမချမ်း ဖြစ်နေတာကို အသာလေး ပြုံးပြတယ်။ "သူတို့ဟာ ကလေးတွေ အိမ်မှာပြုမူတာကို မှော်ဆရာမိဘနဲ့ ကြည့်ကြပ်နိုင်းတယ်"



"အဲဒါ အလကားပဲ" ဟယ်ရီက စိတ်လှုပ်ရှားစွာ ပြောတယ်။ "ဘာတွေဖြစ်တယ်ဆိုတာ ကြည့်ပါ။ မော်ဖင်ကို ကြည့်ပါ"

"ကျုပ် သဘောတူတယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ "မော်ဖင်ဟာ ဘယ်သူပဲဖြစ်ဖြစ် သူ မကျူးလွန်ခဲ့တဲ့ လူသတ်မှုအတွက် အခုလို ထောင်ထဲမှာ တရား သေဆုံးမသွားသင့်ဘူး။ ဒါပေမယ့် အချိန်နောက်ကျလှပြီ၊ အဆုံးသတ်သေးခင်မှာ မင်းကို မှတ်ဉာဏ်တစ်ခု ပြချင်သေးတယ် . . . ."

ဒမ်ဘာလီဒိုးဟာ အတွင်းအိတ်ကပ်ထဲကနေ ခရစ်ဆယ်ပုလင်းလေး တစ်လုံး ယူထုတ်လိုက်ပြန်တယ်။ ဟယ်ရီ ချက်ချင်း ငြိမ်သွားတယ်။ ဒါဟာ သူ ရှာဖွေစုဆောင်းတဲ့ မှတ်ဉာဏ်ထဲက အရေးအကြီးဆုံးတစ်ခုလို့ ဒမ်ဘာလီဒိုး ပြောတာ သွားသတိရတယ်။ ပုလင်းထဲက အရာကို အတွေးဇလုံထဲ သွန်ချဖို့ သိပ်မလွယ်တာ ဟယ်ရီ သတိထားမိတယ်။ အနည်းငယ် ခဲနေသလိုပဲ၊ မှတ်ဉာဏ်လည်း အရည်အသွေး ပြောင်းတတ်လို့လား။

"ဒါ မရှည်ဘူး" ပုလင်းလေးကို ကုန်အောင်သွန်ချပြီးနောက် ဒမ်ဘာလီဒိုးက ပြောတယ်။ "ကျုပ်တို့ ခဏနေရင် ပြန်လာမယ်၊ အတွေးဇလုံထဲ တစ်ခါဝင်ပါ . . . ."

ဟယ်ရီဟာ ငွေရောင်မျက်နှာပြင်ထဲ ကျဆင်းသွားတာ နောက်ထပ် ခံစားရတယ်။ ဒီတစ်ခါ လူတစ်ယောက် ရှေ့မှာ သွားကျတယ်။ သူ ချက်ချင်း မှတ်မိလိုက်တယ်။

ဒါဟာ အများကြီး ငယ်ရွယ်သေးတဲ့ ဟိုရေ့စ်-စလပ်ဂ်ဟွန်း။ ဟယ်ရီဟာ ၎င်းရဲ့ထိပ်ပြောင်ကို အကျင့်ရနေပြီး အခု စလပ်ဂ်ဟွန်းရဲ့ ထူထဲပြောင်လက်တဲ့ ဆံပင်ဝါဝါကို မြင်ရတော့ တစ်မျိုးကြီး ဖြစ်နေတယ်။ သူ့ခေါင်းပေါ်မှာ ကောက်ရိုးတင်ထားသလိုပဲ၊ ထိပ်ပေါ်မှာ ပြောင်နေတဲ့ ရွှေဂါလုံးလောက်ရှိတဲ့ ထိပ်ပြောင်အကွက်လေးတော့ ရှိနေပြီ။ သူ့မုတ်ဆိတ်မွေးဟာ အခုလောက် မများဘူး၊ ဂျင်းဝါရောင်။ ကိုယ်ခန္ဓာဟာလည်း ဟယ်ရီသိတဲ့ စလပ်ဂ်ဟွန်းလောက် လုံးဝိုင်းမနေသေးဘူး။ ဒါပေမယ့် ပန်းထိုးထားတဲ့ ကိုယ်ကြပ်အကျႌကြယ်သီးဟာ တင်းနေပြီ။ သူဟာ ခြေထောက်လေးနှစ်ဘက်ကို စိန်ကတ္တီပါ ခုံကြီးပေါ် တင်ထားပြီး ဇိမ်ရှိတဲ့ တောင်ပံပါ လက်တန်းကုလားထိုင်ပေါ်မှာ ထိုင်နေတယ်။ လက်ထဲမှာ ဝိုင်ဖန်ခွက်ငယ်လေးတစ်ခွက် ကိုင်ထားတယ်။ နောက်လက်တစ်ဘက်က နာနတ်သီးယိုထဲ နှိုက်နေတယ်။

www.burmeseclassic.com



ဒမ်ဘလီဒိုး သူ့အနားမှာ ပေါ်လာတော့ ဟယ်ရီ ဘေးဘီကို ကြည့်လိုက်တယ်။ သူတို့ စလပ်ဂ်ဟွန်းရုံးခန်းထဲ ရပ်နေတာ တွေ့ရတယ်။ ကောင်လေး ခြောက်ယောက် ခုနစ်ယောက် စလပ်ဂ်ဟွန်းဘေးမှာ ဝိုင်းထိုင်နေတယ်။ အားလုံး အသက်ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်အရွယ်တွေချည်းပဲ။ ထိုင်ခုံတွေဟာ သူထိုင်တဲ့ခုံထက် မာတာမာပြီး ပုတာက ပုတယ်။ ဟယ်ရီဟာ ရစ်ဒေါ်ကို ချက်ချင်းမှတ်မိတယ်။ သူ့ရုပ်ရည်ဟာ အသားနားဆုံးပဲ။ ကိုယ်စိတ်ပြေလျော့မှု အရှိဆုံးလည်း ဖြစ်တယ်။ ညာလက်ကို သူ့ကုလားထိုင်လက်တန်းပေါ် အသာ တင်ထားတယ်။ သူ့လက်မှာ မာဗိုလိုရဲ့ ကျောက်အနက်လက်စွပ် စွပ်ထားတာ မြင်ရလို့ ဟယ်ရီ ထိတ်ခနဲ ဖြစ်သွားတယ်။ ဒါဆိုရင် ဒီအချိန်မှာ သူဟာ သူ့အဖေကို သတ်ပြီးပြီ။

"ဆရာ၊ ပါမောက္ခ မာရီသော့ အငြိမ်းစားယူသွားပြီဆိုတာ အမှန်လား" ရစ်ဒေါ်က မေးတယ်။

"တွမ်၊ တွမ်၊ ကျုပ်သိရင်လဲ မင်းကို ပြောမပြနိုင်ဘူး" စလပ်ဂ်ဟွန်းဟာ အပြစ်တင်စွာနဲ့ သူ့ကို သကာတွေပေနေတဲ့ လက်ချောင်းနဲ့ ယမ်းပြတယ်။ ဒါပေမယ့်လည်း မျက်စိပေကလပ် လုပ်လိုက်တဲ့အတွက်၊ အဲဒီအ သက်ရောက်မှုကို အနည်းငယ် ပျက်စီးသွားစေတယ်။ "ကျုပ် မပြော ပြောရမယ်၊ မင်း သတင်း ဘယ်ကရတယ်ဆိုတာ ကျုပ် သိချင်တယ်၊ ကော လေး။ မင်းဟာ ဆရာတစ်ဝက်ထက် ပိုပြီး သိတာများနေတယ်"

ရစ်ဒေါ် ပြုံးလိုက်တယ်၊ ကျန်ကောင်လေးတွေလည်း ရယ်ကြတ သူ့ဆီကို ချီးကျူးတဲ့အကြည့်နဲ့ ကြည့်လိုက်တယ်။

"ဘယ်လိုလွန်ကဲတဲ့အစွမ်းရှိပြီး မင်းမသိသင့်တာကို သိနေတာ ပြီးတော့လဲ အရေးကြီးတဲ့လူကို သေချာ မျက်နှာလို မျက်နှာရလုပ်တယ် — ကြုံတုန်း မင်း နာနတ်ယိုကို ကျေးဇူးတင်တယ်။ မင်းမှန်းတာမှန်တယ် ကျုပ်အကြိုက်ဆုံးပဲ —"

ကောင်လေးတချို့ တိတ်တခိုး ရယ်ကြတယ်။ ထူးဆန်းတဲ့ကိစ္စ ဖြစ်သွားသွားတယ်။ အခန်းတစ်ခုလုံး ရုတ်တရက် အဖြူရောင်နှင်းတွေနဲ့ ဖုံး သွားတယ်၊ ဟယ်ရီဟာ သူ့ဘေးက ဒမ်ဘလီဒိုးမျက်နှာကိုပဲ မြင်ရတ ဟောင်ဂ်ဟွန်းအသံ အခန်းထဲမှာ ပေါ်ထွက်လာတယ်။ ကျယ်တာမှ နည်း



သဘာဝမကျဘူး။ " — မင်း အမှားကျူးလွန်လိမ့်မယ်၊ ကောင်လေး။ ကျုပ် စကားကို မှတ်ထား"

နှင်းပြယ်သွားပြီ။ နှင်းဝေလာတုန်းကလိုပဲ ရုတ်တရက်ကြီး။ ဒါပေမယ့် ဒီအကြောင်း ဘယ်သူမှ မပြောဘူး။ သူတို့အမူအရာကလည်း ထူးဆန်းတဲ့ကိစ္စ ဖြစ်ပွားတာ မတွေ့ရဘူး။ ဟယ်ရီဟာ ဘာမှန်းမသိဘဲ ဘေးဘီကို ကြည့်တယ်။ စလပ်ဂ်ဟွန်း စာရေးစားပွဲပေါ်က ရွှေရောင်နာရီလေး ဆယ့်တစ်နာရီထိုးသံ ထွက်လာတယ်။

"အမလေး၊ အချိန်ရောက်ပြီ" စလပ်ဂ်ဟွန်းက ပြောတယ်။ "သွားသင့် ပြီ ကောင်လေးတွေ။ နို့မို့ရင် ပြဿနာတက်လိမ့်မယ်။ လက်စထရိန်း၊ မနက် ဖြန် စာတမ်းအပ်ရမယ်။ မအပ်ရင် ကျောင်းပိတ်ခံရမယ်။ မင်းလဲ အတူတူပဲ၊ အဲဗရီ"

စလပ်ဂ်ဟွန်းဟာ ထိုင်ခုံပေါ်ကနေ ထလိုက်တယ်၊ ဖန်ခွက်အလွတ် တို့ စားပွဲရှေ့ ယူသွားတယ်။ ကောင်လေးတွေ အလျှိုအလျှို ထွက်သွားကြတယ်။ ဒါပေမယ့် ရစ်ဒေါ်က ချန်နေတယ်။ သူ တမင်ဖင့်နွှေးနေတယ်ဆိုတာ ဟယ်ရီ မြင်နိုင်တယ်။ သူဟာ စလပ်ဂ်ဟွန်းနဲ့ နှစ်ယောက်တည်း အခန်းထဲမှာ နေရစ် ချင်နေတယ်။

"မြန်မြန်လုပ်၊ တွမ်" စလပ်ဂ်ဟွန်း လှည့်လိုက်တော့ သူ ကျန်ရှိနေ သေးတာ တွေ့လို့ ပြောတယ်။ "မင်း မီးမှိတ်ချိန် အပြင်ဘက်ရောက်နေတာ အမိမခံချင်ဘူးမဟုတ်လား၊ မင်းက အတန်းခေါင်းဆောင် . . . ."

"ဆရာ၊ ကျွန်တော် တစ်ခုလောက် မေးချင်လို့"

"ဒါဆို မြန်မြန်မေး၊ ကောင်လေး၊ မြန်မြန်မေး . . . ."

"ဆရာ၊ သင်သိလားမသိဘူး . . . . ဝိညာဉ်ပစ္စည်း"

လာပြန်ပြီ အခန်းထဲမှာ နှင်းတွေ ဖွေးသွားတယ်။ ဟယ်ရီဟာ စလပ်ဂ် ဟွန်းကိုလည်း မမြင်ရဘူး၊ ရစ်ဒေါ်ကိုလည်း မမြင်ရဘူး။ ဒမ်ဘလီဒိုးပဲ သူ့ အနားမှာ အေးဆေးစွာ ပြုံးနေတယ်။ ဒီနောက် စလပ်ဂ်ဟွန်းအသံ ထပ်တစ်ခါ ဟစ်လောင်စွာ ပေါ်လာပြန်တယ်၊ ခုနကလိုပဲ။

"ကျုပ် ဝိညာဉ်ပစ္စည်းအကြောင်း ဘာမှမသိဘူး။ သိရင်လဲ မင်းကို ပြောပြမှာမဟုတ်ဘူး။ ချက်ချင်း ထွက်သွား၊ ဒါကို နောက်ထပ်ပြောတာ မကြား ချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ အဲဒါပါပဲ" ဒမ်ဘလီဒိုးက ဟယ်ရီ့အနားမှာ တည်ငြိမ်စွာ ပြောတယ်။ "သွားသင့်ပြီ"

ဟယ်ရီ့ခြေထောက်နှစ်ချောင်း မြေပြင်နဲ့ လွတ်သွားတယ်။ စက္ကန့် အနည်းငယ်ကြာတော့ ဒမ်ဘလီဒိုး စာရေးစားပွဲရှေ့က ကော်ဇောပေါ် ပြန် ရောက်လာတယ်။

"ဒါပဲလား" ဟယ်ရီက နားမလည်ဘဲ မေးတယ်။

ဒမ်ဘလီဒိုးက ဒါဟာ အရေးအကြီးဆုံးမှတ်ဉာဏ်လို့ ပြောတယ်။ ဒါပေမယ့် ၎င်း ဘယ်မှာအရေးကြီးမှန်း မသိဘူး။ အဲဟို ရုတ်တရက် ပေါ်လာ တဲ့ နှင်းဖွေးဖွေးတွေကတော့ ဘယ်သူမှ သတိပြုမိပုံ မရဘူး။ သိပ်အံ့ဩစရာပဲ ဒါပေမယ့် ဒါ့အပြင် ဘာမှမဖြစ်သလိုပဲ။ ရစ်ဒေါ်က မေးခွန်းတစ်ခု မေးလိုက်ပြီး အဖြေမရသလိုပဲ။

"မင်း သတိပြုမိမယ်ထင်တယ်" ဒမ်ဘလီဒိုးက စားပွဲနောက် ပြန် ထိုင်ပြီး ပြောတယ်။ "ဒီမှတ်ဉာဏ်ဟာ အနှောင့်အယှက်ပေး ဖုံးထားခံရတယ်"

"အနှောင့်အယှက်ပေးထားတယ် ?" ဟယ်ရီက လိုက်ပြောတယ်။ သူလည်း ထိုင်လိုက်တယ်။

"အမှန်ပဲ" ဒမ်ဘလီဒိုးက ပြောတယ်။ "ပါမောက္ခ စလပ်ဂ်ဟွန်းဟာ သူ့မှတ်ဉာဏ်ကို ပြင်ထားတယ်"

"ဒါပေမယ့် သူ ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"အကြောင်းက၊ ကျုပ်ထင်တယ်။ သူဟာ ဒီမှတ်ဉာဏ်ပိုင်းကို ရှက် တယ်လို့ ခံစားရလို့။ ဒါကြောင့် ၎င်းကို ပြင်လိုက်တယ်။ မိမိကိုယ်မိမိ ကြည့် သရေ နည်းနည်းရှိအောင် သူ ကျုပ်ကို မပြချင်တဲ့အပိုင်းကို ဖုံးထားလိုက်တယ်။ မင်းလဲ မြင်ရပြီ။ လုပ်ထားတာ အလွန်ညံ့ဖျင်းတယ်။ ဒါလဲ ကောင်းတာပဲ မှတ်ဉာဏ်အမှန်က အောက်မှာရှိသေးတယ်ဆိုတာ ပြတယ်။

"ဒါကြောင့်၊ ကျုပ် မင်းကို ပထမဆုံးအကြိမ် အိမ်စာပေးတော့မယ် ဟယ်ရီ၊ မင်း ကြိုးစားပြီး ပါမောက္ခ စလပ်ဂ်ဟွန်းဆီက မှတ်ဉာဏ်အစစ် ပေါ်ထွက်လာအောင် လုပ်ရမယ်။ ဒါဟာ ကျုပ်တို့ရဲ့ ချက်အကျဆုံး အချက် အထားပဲဆိုတာ သံသယရှိစရာ မလိုဘူး"

ဟယ်ရီက မျက်လုံးကြီးပြူးပြီး သူ့ကို ကြည့်နေတယ်။



"ဒါပေမယ့်၊ ဆရာ" သူက ပြောတယ်။ လေသံကို ရိုသေတဲ့အသံ ဖြစ်အောင် ကြိုးစားထိန်းထားတယ်။ "သင် ကျွန်တော့်ကို မလိုပါဘူး — သင် အာရုံနှိုက်ယူနည်း သုံးလို့ရတာပဲ . . . . ဒါမှမဟုတ်ရင် အမှန်ပြော ဆေး . . . ."

"ပါမောက္ခ စလပ်ဂ်ဟွန်းဟာ အလွန်စွမ်းတဲ့ မှော်ဆရာ။ ဒီနှစ်ချက် ကို ကြိုတွက်ထားပြီးသား။ သူ့ရဲ့ ဦးနှောက်ပိတ်အတတ်ပညာဟာ သနားစရာ မော်ဖင်ထက် အများကြီးသာတယ်။ ကျုပ်က သူ့ကို ဒီအစစ်အမှန်နဲ့ ကွဲလွဲတဲ့ မှတ်ဉာဏ်ကို အတင်းတောင်းယူပြီးနောက်၊ အမှန်ပြောဆေး ဖြေဆေး ဆောင် ထားရင်တောင် အံ့ဩစရာဖြစ်လိမ့်ဦးမယ်။

"ကျုပ်ထင်တယ်။ ပါမောက္ခ စလပ်ဂ်ဟွန်းဆီကနေ အဖြစ်မှန်ကို အတင်းအကြပ် ရယူဖို့ ကြိုးစားတာ သိပ်ညံ့ဖျင်းတယ်။ ကောင်းကျိုးထက် ဆိုးကျိုးများတယ်။ သူ ဟော့ဂ်ဝပ်က ထွက်သွားတာ ကျုပ် မလိုလားဘူး။ ဒါပေမယ့် သူဟာ ကျုပ်တို့အားလုံးလိုပဲ သူ့မှာလဲ အားနည်းချက်ရှိတယ်။ မင်းဟာ ၎င်းရဲ့အတားအဆီးကို ထိုးဖောက်ဝင်ရောက်နိုင်မယ့်လူလို့ ကျုပ် ယုံကြည်တယ်။ စစ်မှန်တဲ့ မှတ်ဉာဏ်ကို ရဖို့ဆိုတာ အလွန်အရေးကြီးတယ်၊ ဟယ်ရီ . . . . အခိုင်အမာအားဖြင့် ဘယ်လောက်အရေးကြီးတယ်ဆိုတာတော့ ခွည်းအစစ်ကို မြင်ရမှ သိမှာ။ ဒါကြောင့် မင်းကို ကံကောင်းစေဖို့ ဆုတောင်း လိုက်တယ် . . . . မင်္ဂလာညပါ"

ဟယ်ရီဟာ မိမိကို ရုတ်တရက် သွားခိုင်းတာကြောင့် နည်းနည်း အံ့အားသင့်မိတယ်။ ဒါပေမယ့် ချက်ချင်းပဲ မတ်တတ်ရပ်လိုက်တယ်။

"မင်္ဂလာညပါ၊ ဆရာ"

စာကြည့်ခန်းတံခါးကို ပြန်ပိတ်လိုက်တော့၊ သူဟာ ဖီနီအားစ်-နစ် ဂယ်လ်စ် ပြောတာကို သူ ရှင်းလင်းစွာ ကြားရတယ်။ "အဲဒီကောင်လေး ခင်ဗျား ထက် ပိုသင့်တော်တာ ကျုပ် မတွေ့ရဘူး၊ ဒမ်ဘလီဒိုး"

"သင်တွေ့ဖို့လဲ ကျွန်တော် မမျှော်လင့်ပါဘူး၊ ဖီနီအားစ်" ဒမ်ဘလီဒိုး က ပြောတယ်။ ဖော့ခ်စ်ဆီက ဂီတဆန်ဆန် အသံနိမ့်နိမ့် ထွက်ပေါ်လာ ပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၈။ မွေးနေ့ အံ့အားသင့်ခြင်း

နောက်နေ့၊ ဟယ်ရီက ဒမ်ဘာလီဒိုး သူ့ကိုပေးတဲ့ အိမ်စာအကြောင်း ရွန်နဲ့ ဟာမီးကို ပြောပြတယ်။ တခြားစီပြောတာ။ ဟာမီးဟာ ရွန့်ရှေ့မှာ ခု ကြာကြာမနေချင်လို့။ အများဆုံးကတော့ သူ့ကို အထင်သေးစွာ မျက်စောင်း တာပဲ ရှိတယ်။

ရွန်က ဟယ်ရီဟာ စလပ်ဂ်ဟွန်းဆီမှာ ဘာပြဿနာမှ မရှိနိုင်ဘူး ထင်တယ်။

"သူ မင်းကို နှစ်သက်တယ်" နံနက်စာစောစော စားပြီးတော့ ရွန် ပေါပါးစွာနဲ့ ခက်ရင်းနဲ့ ထိုးထားတဲ့ ကြက်ဥကို ယမ်းလိုက်ပြီး ပြောတယ် "မင်းကို ဘာမှမငြင်းဆန်ပါဘူး၊ ဟုတ်လား။ မင်းက သူ့ရဲ့မှော်ဆေးမင်းသ [illegible] ဒီနေ့ညနေပိုင်း အတန်းပြီးရင် နေခဲ့ပြီး သူ့ကို မေးပေါ့"

ဟာမီးကတော့ နည်းနည်းအဆိုးမြင်တယ်။

"သူဟာ အစစ်အမှန်ကို ဖုံးထားဖို့ ဆုံးဖြတ်ထားတာ၊ ဒမ်ဘာလီ [illegible] မရဘူးဆိုတော့" သူမက တိုးတိုးပြောတယ်။ ဒီအချိန်ဟာ ကျော



နားချိန်မို့ သူတို့ လူရှင်းတဲ့ ဆီးနှင်းတွေ ဖုံးနေတဲ့ဝန်းထဲမှာ ရပ်နေကြတယ်။ "ဗိဉာဉ်ပစ္စည်း . . . . ဗိဉာဉ်ပစ္စည်း . . . . ငါတော့် မကြားဖူးဘူး . . . ."

"နင် မကြားဖူးဘူး ?"

ဟယ်ရီ အလွန်စိတ်ပျက်မိတယ်။ သူက ဟာမီးဆီက သဲလွန်စလေး များ ရမလားလို့ မျှော်လင့်တာ။

"အလွန်အဆင့်မြင့်တဲ့ မှော်ပညာဖြစ်မှာ သေချာတယ်။ နို့မို့ရင် ဗိုလ်ဒီမွန်က ဘာဖြစ်လို့ သိချင်ရတာလဲ။ ဒီသတင်းကို ရယူဖို့ သိပ်ခက်တယ်လို့ ငါ ထင်တယ်၊ ဟယ်ရီ နင် အလွန် သတိထားရလိမ့်မယ်။ စလပ်ဂ်ဟွန်းနား ဘယ်လိုချဉ်းကပ်မလဲ၊ အကြံတစ်ခု စဉ်းစားရမယ်"

"ရွန်က ငါ ဒီနေ့မှော်ဆေးပညာအတန်း ပြီးတာနဲ့ ချန်နေခဲ့ရင် ပြီးတယ်လို့ . . . ."

"အိုး၊ တကယ်လို့ ဝုံ-ဝုံက ပြောရင်၊ နင် ပြောတဲ့အတိုင်း လုပ်တာ ကောင်းမယ်" သူမဟာ ချက်ချင်းပဲ ဒေါသထွက်လာတယ်။ "ဝုံ-ဝုံရဲ့ ခန့်မှန်းချက် ဘယ်တုန်းက မှားလို့လဲ"

"ဟာမီး၊ နင်သာ —— "

"ဟင့်အင်း" သူမဟာ ဒေါသတကြီး စကားတစ်ခွန်း ပစ်ထားခဲ့ပြီး ဟယ်ရီတစ်ယောက်တည်း ခြေမျက်စိဖုံးတဲ့ ဆီးနှင်းမြေထဲ ထားပစ်ခဲ့တယ်။

ဒီနေ့တွေမှာ မှော်ဆေးပညာအတန်းတက်ရတာ အနေရအတော် ခက်တယ်။ အကြောင်းက ဟယ်ရီဟာ ရွန်နဲ့ ဟာမီးတို့နဲ့အတူ စားပွဲတစ်လုံး တည်းမှာ ထိုင်ရလို့။ ဒီနေ့ ဟာမီးဟာ သူမဆေးကျိုအိုးကို တစ်ဖက်ရွှေ့ပြီး အာနီနဲ့ ကပ်ထိုင်တယ်၊ ဟယ်ရီနဲ့ ရွန်တို့နှစ်ယောက်စလုံးကို အရေးမလုပ်ဘူး။

"မင်း သူမကို ဘာစိတ်ဆိုးအောင် လုပ်လို့လဲ" ရွန်က ဟာမီးရဲ့ နောက်ကျောဘက်ရုပ်ပုံကို ကြည့်ပြီး ဟယ်ရီ့ကို တိုးတိုးမေးတယ်။

ဟယ်ရီ ပြန်မဖြေရသေးခင်မှာပဲ၊ စလပ်ဂ်ဟွန်းဟာ ရှေ့ဘက်မှာ အားလုံးကို ငြိမ်သက်ဖို့ အော်ပြောနေပြီ။

"အားလုံး ငြိမ်ငြိမ်နေ၊ ငြိမ်ငြိမ်နေ၊ မြန်မြန်လေး။ ဒီနေ့ညနေ လုပ်စရာတွေ များတယ်။ ဂေါ်ပါလော့ရဲ့ တတိယနိယာမတရား . . . . ဘယ်သူ ပြောပြနိုင်မလဲ —— မစ်ဂရိန်ဂျာပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟာမီးက အလျှင်အမြန်ဆုံးနှုန်းနဲ့ ရွတ်ပြတယ်။ "ဂေါ်ပါလော့ တတိယနိယာမတရားက ဆိုထားတာက၊ ရောစပ်အဆိပ်ဆေးရဲ့ဖြေဆေးဟာ အဆိပ်တစ်မျိုးစီရဲ့ ဖြေဆေးများ ပေါင်းခြင်းထက် များတယ်"

"လုံးဝမှန်ကန်တယ်" စလပ်ဂ်ဟွန်းက ပြုံးပြီးပြောတယ်။ "ဂရစ်ဖင်းဒေါ်ကို ဆယ်မှတ်ပေးတယ်။ အခု တကယ်လို့ ကျုပ်တို့ ဂေါ်ပါလော့ တတိယနိယာမတရားကို အသိအမှတ်ပြုရင် . . . ."

ဟယ်ရီဟာ စလပ်ဂ်ဟွန်းစကားအရ ဂေါ်ပါလော့တတိယနိယာမတရားကို နားလည်ဖို့ပဲ ရှိတယ်။ အကြောင်းက သူဟာ ဘာဆိုဘာမှ နားမလည်လိုက်ဘူး။ ဟာမီးကလွဲပြီး ဘယ်သူမှ စလပ်ဂ်ဟွန်းရဲ့ အောက်ပါစကားတွေကို နားလည်ပုံ မရဘူး။

" . . . . အမှန်ပဲ။ ဒါဟာ ဘာကိုဖော်ပြသလဲဆိုရင်၊ အကယ်၍ ကျုပ်တို့ စကားပင်ရဲ့ ရုပ်ပေါ်ဂါထာနဲ့ မှော်ဆေးထဲ ပါဝင်တဲ့ပစ္စည်းတွေကို တိကျစွာ ခွဲခြမ်းနိုင်ရင်၊ ကျုပ်တို့ရဲ့ အရေးအကြီးဆုံး ရည်မှန်းချက်ဟာ ဆေးတစ်ခုချင်းရဲ့ ဖြေဆေးကို လွယ်လွယ်နဲ့ ရှာဖွေတာ မဟုတ်ဘဲ၊ ထည့်ထားတဲ့ အစိတ်အပိုင်းတွေကို ရှာရဖို့ ဖြစ်တယ်။ ၎င်းဟာ ဗိုထိုးတဲ့ လုပ်နည်းအဆင့်နီးနီးနဲ့ အပြန်အလှန် မပတ်သက်တဲ့ ပါဝင်တဲ့ပစ္စည်းကို ရုပ်ပြောင်း —"

ရွန်ဟာ ပါးစပ်ဟတတနဲ့ ဟယ်ရီ့ဘေးမှာ ထိုင်နေတယ်။ မိမိရဲ့ အသစ်စက်စက် 'အဆင့်မြင့်မှော်ဆေးပညာဖော်စပ်ခြင်း' ပေါ်မှာ စိတ်မပါဘဲ လျှောက်ခြစ်နေတယ်။ ရွန်ဟာ သူ အခုသင်တာ နားမလည်ရင် ဟာမီး သူ့ကို ကယ်ဖို့ အားကိုးလို့ မရဘူးဆိုတာ မေ့မေ့နေတယ်။

" . . . . ဒါကြောင့်" စလပ်ဂ်ဟွန်းက နောက်ဆုံးမှာ ပြောတယ်။ "မင်းတို့ ကျုပ်စာသင်ခုံပေါ်မှာ တစ်ယောက်ကို ပုလင်းလေးတစ်လုံးစီ လာယူကြပါ။ ကျောင်းမဆင်းခင်မှာ ပုလင်းထဲရှိအရာရဲ့ ဖြေဆေးကို ဖော်စပ်ပြီးရမယ်။ မင်းတို့ ကံကောင်းပါစေ၊ အကာအကွယ်လက်အိတ်စွပ်ဖို့ မမေ့ကြနဲ့"

ဟာမီးဟာ ထိုင်ခုံက ချက်ချင်းခွာပြီး စာသင်ခုံဆီ လျှောက်သွားတယ်၊ သူမ လမ်းတစ်ဝက်ရောက်မှ ကျန်လူတွေ လှုပ်ရှားရမယ်ဆိုတာ သိလာတယ်၊ ဟယ်ရီ၊ ရွန်နဲ့ အာနီတို့ စားပွဲရှေ့ ပြန်ရောက်တော့၊ သူမဟာ ပုလင်းထဲကအရာကို ဆေးကျိုအိုးထဲ သွန်ထည့်နေပြီ၊ အိုးအောက်မှာ မီးမွှေးပြီးပြီ။



"ဟိုမင်းသား ဒီတစ်ခါ နင့်ကို မကူညီနိုင်တော့တာ ဝမ်းနည်းစရာပဲ ဟယ်ရီ" သူမက ခါးမတ်လိုက်ပြီး ပျော်ရွှင်စွာ ပြောတယ်။ "နင် အရေးကြီးဆုံး သဘောတရားကို နားလည်မှဖြစ်မယ်၊ အချောင်လိုက်လို့ မရဘူး"

ဟယ်ရီဟာ ဒေါသထွက်စွာနဲ့ ပုလင်းအဆို့ကို ဆွဲထုတ်ပြီး အရောင်တောက်ပတဲ့ ပန်းရောင်အဆိပ်ဆေးရည်ကို ဆေးကျိုအိုးထဲ သွန်ချလိုက်တယ်၊ မီးမွှေးလိုက်တယ်။ ဆက်ပြီး ဘာလုပ်ရမယ်ဆိုတာ နည်းနည်းမှမသိဘူး။ သူဟာ ရွန့်ကို ကြည့်လိုက်တယ်။ ရွန်ဟာ အ,တီးအ,တနဲ့ ရပ်နေပြီး ဟယ်ရီလုပ်သလို အားလုံးလိုက်လုပ်တယ်။

"မင်းသားက တကယ်ပဲ ဘာမှ တစ်ပေးမထားဘူးလား" ရွန်က ဟယ်ရီ့ကို တိုးတိုးမေးတယ်။

ဟယ်ရီက မိမိရဲ့ ယုံကြည်စိတ်ချရတဲ့ 'အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်း' စာအုပ်ကို ဆွဲထုတ်ပြီး၊ ဖြေဆေးအခန်းကို လှန်လိုက်တယ်။ ဂေါ်ပါလော့ရဲ့ တတိယနိယာမတရား ပါတယ်။ ဟာမီး ရွတ်ဖတ်တာနဲ့ တစ်လုံးမှမကွာဘူး။ ဒါပေမယ့် မင်းသားရေးတဲ့ မှတ်ချက် မပါဘူး။ မင်းသားဟာ ဟာမီးလိုပဲ လွယ်လွယ်နဲ့ နားလည်သွားတာ ထင်ရှားတယ်။

"မရှိဘူး" ဟယ်ရီက စိတ်ဓာတ်ကျစွာ ပြောတယ်။

ဟာမီးဟာ အားတက်စွာနဲ့ ဆေးကျိုအိုးအပေါ်ဘက်မှာ မှော်ကြိမ်လုံးတို လှုပ်ယမ်းနေတယ်။ ဒီအချိန်မှာ အာနီဟာ သူ့ဆေးကျိုအိုးကို 'နဂိုရုပ်ပေါ်စေ' လို့ ရွတ်ဆိုနေတယ်။ ကြားရတာ ဟုတ်သလိုလိုပဲ။ ဟယ်ရီနဲ့ ရွန်တို့ အမြန်လိုက်လုပ်တယ်။

ငါးမိနစ်အတွင်းမှာပဲ၊ ဟယ်ရီဟာ မိမိရဲ့အတန်းထဲက ပထမ မှော်ဆေးဆရာဆိုတဲ့နာမည် ပျက်တော့မယ်ဆိုတာ သိသွားတယ်။ စလပ်ဂ်ဟွန်း ပထမအကြိမ် လှည့်လည်ကြည့်ရှုတဲ့အခါမှာ သူ့ဆေးကျိုအိုးထဲကို မျှော်လင့်ခြင်းနဲ့ ကြည့်လိုက်တယ်။ အမြဲတမ်းလိုပဲ ဝမ်းသာအားရ ဟစ်အော်ဖို့ လုပ်ဆဲတယ်။ ဒါပေမယ့် သူဟာ ချက်ချင်း ခေါင်းပြန်ရုပ်သွားတယ်။ ကြက်ဥပုပ်နံ့လို့ ဆက်တိုက်ချောင်းဆိုးသွားတယ်။ ဟာမီးအမူအရာဟာ ကျေနပ်အားရလို့ဆုံးတဲ့ပုံ။ သူမဟာ မှော်ဆေးပညာအတန်းတက်တိုင်း သူများက မိမိထက်သာသွားတာ ခံရပေါင်း များလှပြီ။ အခု သူမဟာ အံ့ဩစရာ ကွဲပြားသွားတဲ့ အရာတွေကို မတူတဲ့ ခရစ်ဆယ်ပုလင်းထဲကို သတိနဲ့ ထည့်နေတယ်။ ဟယ်ရီ

www.burmeseclassic.com

www.burmeseclassic.com



တာ ဒီလိုစိတ်ဆိုးစေမယ့် အခြေအနေကို မမြင်ရအောင် သွေးနှောမင်းသားရဲ့ စာအုပ်ကိုပဲ ငုံ့ကြည့်နေတယ်။ သူဟာ ဇတ်ဇတ်နဲ့ စာမျက်နှာတချို့ကို လှန်လိုက်တယ်။

အခု ဒီမှာတွေ့ပြီ။ ဖြေဆေးနာမည်ရှည်ရှည်ကြီးရဲ့ ညာဘက်မှာ ခပ်သော့သော့ရေးထားတာက၊

လည်ချောင်းထဲကို ဘီးဇောတစ်တုံး ထည့်လိုက်ရုံပဲ။

ဟယ်ရီက ဒီစာကြောင်းကို ခဏလောက် စိုက်ကြည့်နေတယ်။ ဘီးဇော်ဆိုတာ သူ ကြားဖူးတယ်မဟုတ်လား။ တော်တော်ကြာပြီ။ စနိတ်ပ်ဟာ မှော်ဆေးပညာ ပထမဆုံးတက်ရတဲ့အခါမှာ 'ဆိတ်အစာအိမ်ထဲမှာတည်တဲ့ ကျောက်၊ အဆိပ်မျိုးများစွာကို ခုခံနိုင်တယ်' လို့ ပြောဖူးတယ်။

ဒါဟာ ဂေါ်ပါလော့မေးခွန်းရဲ့ အဖြေမဟုတ်ဘူး။ တကယ်လို့ ဒီအချိန်ကို စနိတ်ပ်ပဲ သင်သေးတယ်ဆိုရင်၊ ဟယ်ရီ ဒီလိုမလုပ်ဝံ့ဘူး။ ဒါပေမယ့် အခု သူ ဘာမှဂရုမစိုက်နိုင်တော့ဘူး။ သူဟာ သိုလှောင်ဗီရိုဆီ ပြေးသွားပြီး ဂျိုတဂျိုတိရစ္ဆာန်ဂျိုနဲ့ ဗိန္ဒောဆေးခြောက်ထွေးတွေကို တွန်းပစ်ပြီး အထဲမှာ လျှောက်ရှာတယ်။ အတွင်းဆုံးမှာ၊ စက္ကူဘူးမာမာလေးတစ်လုံး သွားတွေ့တယ်။ ဘူးပေါ်မှာ လက်ရေးသော့သော့နဲ့ 'ဘီးဇော' လို့ ရေးထားတယ်။

စလပ်ဂ်ဟွန်းက "နှစ်မိနစ်လိုသေးတယ်၊ အားလုံးပဲ" လို့ အော်ပြောတဲ့ အခါမှာ ဟယ်ရီက ဘူးကို ဖွင့်လိုက်တယ်။ အတွင်းမှာ တွန့်ရှုံ့တဲ့ ညိုမည်းမည်း အရာ ဒါ့ဇင်ဝက်ကို တွေ့ရတယ်။ ကျောက်ခဲနဲ့တူတယ်လို့ ပြောရမယ့်အစား ကျောက်ကပ်အခြောက်လို့ ပြောတာမှ သင့်ဦးမယ်။ သူ တစ်တုံးယူလိုက်တယ်။ ဘူးကို ဗီရိုထဲ ပြန်ထည့်လိုက်ပြီး ဆေးကျိုအိုးဆီ အလျင်အမြန် သွားလိုက်တယ်။

"အချိန် . . . . ရောက်ပြီ" စလပ်ဂ်ဟွန်းက ပျော်ရွှင်စွာ ပြောတယ်။ "မင်းတို့လုပ်တာ ဘယ်လိုဆိုတာ ကြည့်ရအောင်။ ဘလေ့စ် . . . . မင်း ကျုပ်ကို ဘာပေးမလဲ"

စလပ်ဂ်ဟွန်းဟာ ကျောင်းခန်းထဲမှာ ဖြည်းဖြည်းလှည့်လည်ကြည့်နေတယ်၊ မျိုးပေါင်းစုံနေတဲ့ ဖြေဆေးကို စစ်ဆေးတယ်။ ဘယ်သူမှ မပြီးဘူး ဟာမီးဟာ စလပ်ဂ်ဟွန်း ရောက်မလာခင်မှာ သူမ ပုလင်းထဲကို ဆေးတချို့ ထပ်ထည့်နိုင်ဖို့ ကြိုးစားနေတယ်။ ရွန်က လုံးဝစွန့်လွှတ်လိုက်ပြီ၊ မိမိဆေးကျိုအိုးက ထွက်လာတဲ့ ပုပ်သိုးနံ့ကို မရှူမိအောင်ဘဲ ကြိုးစားနေတယ်။ ဟယ်ရီက



ရပ်ပြီး စောင့်နေတယ်၊ ဘီးဇောတုံးကို ချွေးအနည်းငယ်စိုနေတဲ့ လက်ထဲမှာ ဆုပ်ထားတယ်။

စလပ်ဂ်ဟွန်းဟာ နောက်ဆုံးမှာ သူတို့စားပွဲကို ရောက်လာတယ်။ အာနီ့ဖြေဆေးကို နမ်းကြည့်တယ်။ မျက်မှောင်ကြုတ်ပြီး ရွန့်ဆီ လျှောက်သွားတယ်။ သူဟာ ရွန့်ဆေးကျိုအိုးရှေ့မှာ ကြာကြာမနေဘူး၊ အလျင်အမြန် နောက်ဆုတ်သွားတယ်၊ နည်းနည်းယို့သွားတယ်။

"မင်းကော၊ ဟယ်ရီ" သူက ပြောတယ်။ "မင်း ကျုပ်ကို ဘာပြမှာလဲ"

ဟယ်ရီ လက်ဆန့်ထုတ်လိုက်တယ်၊ လက်ဝါးထဲမှာက ဘီးဇောတုံး။

စလပ်ဂ်ဟွန်းဟာ ဆယ်စက္ကန့်တိတိ ခေါင်းငုံ့ကြည့်နေတယ်။ ဟယ်ရီက စိုးရိမ်လွန်းလို့ ထအော်တော့မယ်။ ဒါပေမယ့် သူဟာ ခေါင်းမော့လိုက်တယ်၊ အော်ရယ်နေတယ်။

"မင်း သိပ်သတ္တိရှိတာပဲ၊ ကောင်လေး" သူက ဘီးဇောကို ကိုင်ပြီး မြှင့်မြှင့်မြှောက်ကာ တစ်တန်းလုံးကို ပြတယ်။ "အိုး၊ မင်းက မင်းအမေနဲ့ သိပ်တူတယ် . . . . ကျုပ် မင်းကို အမှားပေးလို့မရဘူး . . . . ဘီးဇောဟာ ဒီမှော်ဆေးအားလုံးကို ဖြေနိုင်တာပေါ့"

ဟာမီးမျက်နှာမှာ ချွေးချည်းပဲ။ နှာခေါင်းပေါ်မှာ ပြာတွေ ပေနေ တယ်။ မျက်နှာကြီး မည်းနေတယ်။ သူမရဲ့ မပြီးဆုံးသေးတဲ့ ဖြေဆေးဟာ စလပ်ဂ်ဟွန်းကျောဘက်မှာ ဖြည်းဖြည်းချင်း အမြှုပ်ထနေတယ်။ ၎င်းတွင် ဆေးအမျိုးပေါင်း ငါးဆယ့်နှစ်မျိုး ပါတယ်။ ၎င်းအနက် သူမရဲ့ဆံပင်တစ်ထွေး သည်း ပါတယ်။ ဒါပေမယ့် စလပ်ဂ်ဟွန်းမျက်စိထဲမှာ ဟယ်ရီတစ်ယောက်ပဲ ရှိတယ်။

"နင်က နင့်ဖာသာ ဘီးဇောကို တွေးမိတာ၊ ဟုတ်လား၊ ဟယ်ရီ" ဟာမီးက အံကြိတ်ပြီး မေးတယ်။

"တကယ့်မှော်ဆေးဆရာမှာ ရှိသင့်တဲ့ အမှီခိုကင်းတဲ့ စိတ်ဓာတ် ဆိုတာ ဒါပဲ" ဟယ်ရီ မဖြေရသေးခင်မှာပဲ စလပ်ဂ်ဟွန်းက ပျော်ရွှင်စွာ ပြော တယ်။ "သူ့အမေလိုပဲ၊ မှော်ဆေးဘက်မှာ မွေးရာပါ ထိုးထွင်းသိမြင်နိုင်မှုမျိုး ရှိတယ်။ သူဟာ လီလီ့မျိုးရိုးလိုက်တယ်ဆိုတာ သေချာတယ် . . . . ဟုတ်တယ် ဟယ်ရီ ဟုတ်တယ်၊ မင်းမှာ ဘီးဇောရှိရင် အလုပ်ဖြစ်တာပေါ့ . . . ဒါပေမယ့် ၎င်းဟာ ဘယ်လိုအဆိပ်မဆို ဖြေနိုင်တာတော့ မဟုတ်တဲ့အတွက် ပြီးတော့ပဲ

www.burmeseclassic.com

www.burmeseclassic.com



အလွန်ရှားပါးတဲ့အတွက်၊ ဖြေဆေးကို ဘယ်လိုဖော်စပ်ရမယ်ဆိုတာ သိထားရင် အလွန်အကျိုးရှိတယ် . . . . "

တစ်တန်းလုံးမှာ ဟာမီးထက် ပိုစိတ်ဆိုးသူကတော့ မော်ဖိုင်။ ဟယ်ရီတာ ၎င်းကိုယ်ပေါ်မှာ ကြောင်ချေးလိုအရာတွေ ဖိတ်ကျထားတာကို ဝမ်းသာစွာ မြင်ရတယ်။ ဒါပေမယ့် သူတို့ဟာ ဟယ်ရီ ဘာမှမလုပ်ရဘဲ အတန်းထဲမှာ ပထမရတဲ့အတွက် ဒေါသထွက်ကြောင်း ဖော်ပြချိန်မရသေးခင်မှာပဲ၊ ကျောင်းဆင်းကလိုင်သံ မြည်လာတယ်။

"ပစ္စည်းတွေ သိမ်း" စလပ်ဂ်ဟွန်းက ပြောတယ်။ "ဂရစ်ဖင်းဒေါအတွက် ဆယ်မှတ်ပေးတယ်"

သူဟာ တဟောဟောနဲ့ ရယ်ရင်း၊ လှုပ်ယိုင်စွာ စာသင်စားပွဲဆီ ပြန်သွားတယ်။

ဟယ်ရီက တမင်နောက်ချန်နေတယ်။ လွယ်အိတ်ထဲ စာအုပ်သိမ်းထည့်တာကို တဖြည်းဖြည်း လုပ်နေတယ်။ ရွန်နဲ့ ဟာမီးတို့ သွားတော့ သူ့ကို ကံကောင်းပါစေလို့ ဆုတောင်းမသွားကြဘူး၊ နှစ်ယောက်စလုံး ဒေါသထွက်နေတယ်။ နောက်ဆုံး ကျောင်းခန်းထဲမှာ ဟယ်ရီနဲ့ စလပ်ဂ်ဟွန်းတို့နှစ်ယောက်တည်း ကျန်တယ်။

"မြန်မြန်လေး၊ ဟယ်ရီ၊ မင်း နောက်အတန်းတက်ဖို့ နောက်ကျတော့မယ်" စလပ်ဂ်ဟွန်းက ရင်းနှီးစွာ ပြောပြီး ၎င်းရဲ့ မီးနဂါးသားရေ စာရွက်စာတမ်းအိတ်က ရွှေခလုတ်ကို ပိတ်လိုက်တယ်။

"ဆရာ၊ ကျွန်တော် သင့်ကို မေးစရာရှိတယ်" ဟယ်ရီက ပြောတယ်။ ဗိုလ်ဒီမွန့်ကို တွေးမိလိုက်တယ်။

"ဒါဆို မြန်မြန်မေး၊ ချစ်လှစွာသော ကောင်လေး၊ မြန်မြန်မေး . . . . "

"ဆရာ၊ သင့်ကို ဟိုဟာသိလား မေးချင်တယ် . . . . ဝိညာဉ်ပစ္စည်း"

စလပ်ဂ်ဟွန်း ငိုင်သွားတယ်။ သူ့မျက်နှာဝိုင်းဝိုင်းဟာ ချိုင့်သွားသလိုပဲ။ သူက နှုတ်ခမ်းကို လျက်လိုက်ပြီး အသံအအနဲ့ မေးတယ်။ "မင်း ဘာပြောသလဲ"

"ကျွန်တော်က သင့်ကို ဝိညာဉ်ပစ္စည်း သိလားလို့ မေးတာ၊ ဆရာ"

"ဒမ်ဘယ်ဒိုး မင်းကို လွှတ်လိုက်တာလား" စလပ်ဂ်ဟွန်းက တိုးတိုးမေးတယ်။



သူ့လေသံ လုံးဝပြောင်းသွားတယ်။ မရင်းနှီးတော့ဘူး။ ထိတ်လန့်ခြင်းနဲ့ ကြောက်ရွံ့ခြင်းတွေ ပြည့်နေတယ်။ သူဟာ ရင်ဘတ်က အိတ်ကပ်ထဲ ခဏစမ်းနေပြီး၊ လက်ကိုင်ပဝါတစ်ထည် ဆွဲထုတ်ကာ ချွေးထွက်နေတဲ့ နဖူးကို သုတ်လိုက်တယ်။

"ဒမ်ဘယ်ဒိုး မင်းကို ဟိုဟာပြတယ် —— ဟိုမှတ်ဉာဏ်၊ ဟုတ်လား"

"ဟုတ်တယ်" ဟယ်ရီက မလိမ်တာအကောင်းဆုံးပဲလို့ ချက်ချင်း ဆုံးဖြတ်လိုက်တယ်။

"အင်းလေ" စလပ်ဂ်ဟွန်းက အသာလေး ပြောတယ်။ ဖြူရော်နေတဲ့ မျက်နှာကိုလည်း သုတ်နေတယ်။ "အင်းလေ . . . . မင်း မှတ်ဉာဏ်ကိုကြည့်တယ်ဆိုရင်၊ ဟယ်ရီ၊ ကျုပ် ဝိညာဉ်ပစ္စည်းနဲ့ ပတ်သက်ပြီး ဘာမှမသိဘူးဆိုတာ မင်း သိလိမ့်မယ် —— ဘာမှမသိဘူး" သူဟာ ဒီစကားလုံးတွေကို အားနဲ့ ထပ်ပြောနေတယ်။

ဒီနောက်၊ သူဟာ မီးနဂါးသားရေ စာရွက်စာတမ်းအိတ်ကို ဆွဲယူကာ လက်ကိုင်ပဝါကို အိတ်ကပ်ထဲ ထိုးထည့်လိုက်ပြီး မြေအောက်ကျောင်းခန်း အပြင်ဘက်ကို လျှောက်သွားတယ်။

"ဆရာ" ဟယ်ရီက လောလောနဲ့ ပြောတယ်။ "ကျွန်တော်က မှတ်ဉာဏ်ထဲမှာ နည်းနည်းရှိလိမ့်ဦးမယ်လို့ တွေးတာပါ —— "

"ဟုတ်လား၊ ဒါဆို မင်းမှားနေပြီ၊ ဟုတ်လား၊ မှားနေပြီ"

သူက နောက်ဆုံးဝေါဟာရကို အော်ဟစ်ခဲ့ပြီး ဟယ်ရီ စကားအပြောကို မစောင့်ဘဲ၊ တံခါးကို ဒိုင်းခနဲ ပိတ်ပြီး သွားရော။

အဲဒီဘေးဒုက္ခဆန်တဲ့ စကားပြောခြင်းကို ဟယ်ရီပြောပြတာ နားထောင်ပြီးနောက်၊ ရွန်နဲ့ ဟာမီးတို့က သူ့ကို မစာနာကြဘူး။ ဟာမီးဟာ ဟယ်ရီက ဘာမှမလုပ်ဘဲ အနိုင်ရသွားတဲ့အတွက် မကျေမချမ်း ဖြစ်နေသေးတယ်။ ရွန်ကတော့ ဟယ်ရီက သူ့ကို ဘီးဇောတစ်လုံး မပေးတဲ့အတွက် အပြစ်မြင်နေတုန်းပဲ။

"တကယ်လို့ ငါတို့နှစ်ယောက်စလုံး ဒီလိုလုပ်ရင် သိပ်ညံ့ဖျင်းရာ ကျတယ်" ဟယ်ရီက ဒေါသနဲ့ပြောတယ်။ "မင်းကြည့်၊ ငါက သူ့ကို ကူညီအောင် လုပ်ရမှာ၊ ဒါမှ သူ့ကို ဗိုလ်ဒီမွန့်အကြောင်း မေးလို့ရမှာ၊ ဟုတ်လား။ အင်း

www.burmeseclassic.com



မင်း နည်းနည်းတက်တက်ကြွကြွနေလို့ ရမလား" ရွန်ဟာ ဟိုနာမည်ကြားတော့ တုန့်သွားတာမြင်တော့ ဟယ်ရီက စိတ်ဆိုးစွာ ပြောတယ်။

ဟယ်ရီဟာ မိမိရွှံ့နိမ့်ရတာနဲ့ ရွန်နဲ့ ဟာမီးက သူ့ပေါ် ထားတဲ့ သဘောထားကြောင့် အလွန်စိတ်တိုနေတယ်။ ဆက်လာတဲ့ရက်အချို့မှာ စလပ်ဂ်ဟွန်းကို နောက်ခြေလှမ်း ဘယ်လိုဆက်ရမလဲဆိုတာပဲ စဉ်းစားနေတယ်။ နောက်ဆုံးမှာ စလပ်ဂ်ဟွန်းကို ယာယီအားဖြင့် သူ ဝိညာဉ်ပစ္စည်းအကြောင်း မေ့သွားပြီလို့ ထင်ပစေလို့ တွေးတယ်။ ရှင်းတာက၊ နောက်ထပ် ပြန်မတိုက်ခိုက်ခင်မှာ တစ်ဖက်သားကို လုံခြုံတယ်လို့ ထင်ယောင်မှားအောင် လုပ်ထားတာ အကောင်းဆုံးပဲ။

ဟယ်ရီဟာ စလပ်ဂ်ဟွန်းကို ထပ်မမေးတော့ဘူး။ မှော်ဆေးဘာသာဆရာဟာ သူ့ကို ခါတိုင်းလိုပဲ ပြန်ချစ်ခင်လာပြန်တယ်။ ဟိုကိစ္စကို မေ့ထားလိုက်သလိုပဲ။ ဟယ်ရီက ၎င်းရဲ့ ညပါတီပွဲလေးကို ဖိတ်ခံရဖို့ စောင့်နေတယ်။ ဒီတစ်ခါ ပါတီပွဲဆိုရင် ခွေဒစ်လေ့ကျင့်တာနဲ့ တိုက်နေရင်လည်း သွားမယ်လို့ စိတ်ဆုံးဖြတ်ထားတယ်။ ဒါပေမယ့် သူ အဖိတ်မခံရဘူး။ ဟာမီးနဲ့ ဂျင်နီကို မေးကြည့်တော့လည်း၊ သူမတို့နှစ်ယောက်စလုံး အဖိတ်မခံရဘူး။ ဒီပြင် သူမတို့သိသလောက်၊ တခြားလူတွေလည်း အဖိတ်မခံရဘူး။ ဟယ်ရီက စလပ်ဂ်ဟွန်းဟာ တကယ်မေ့တတ်တာတော့ ဟုတ်ဟန်မရဘူးလို့ တွေးနေမိတယ်။ သူဟာ ဟယ်ရီ့ကို လာမေးဖို့ အခွင့်အရေးမပေးဘူးလို့ ဆုံးဖြတ်ထားတာလည်းဖြစ်မယ်။

ဒါနဲ့ တစ်ချိန်တည်းမှာ၊ ဟော့ဂ်ဝပ်စာကြည့်တိုက်ဟာ ပထမဆုံးအကြိမ် ဟာမီးကို စိတ်ပျက်စေတယ်။ သူမဟာ သိပ်ကို တုန်လှုပ်သွားတယ်။ မိမိဟာ ဟယ်ရီက ဘီးဇောနဲ့ အချောင်လိုက်တာကို စိတ်ဆိုးနေတာတောင် မေ့သွားတယ်။

"ငါ ဝိညာဉ်ပစ္စည်း အသုံးကျမှုနဲ့ ပတ်သက်တာ တစ်ခုမှ ရှာမတွေ့ဘူး" သူမက ဟယ်ရီ့ကို ပြောတယ်။ "တစ်ခုမှ မရှိဘူး။ ငါ တားမြစ်စာအုပ်အပိုင်းကို အကုန်ရှာပြီးပြီ။ ကြောက်စရာအကောင်းဆုံးစာအုပ်ကိုတောင် ကြည့်ပြီးပြီ။ ကြောက်စရာအကောင်းဆုံးမှော်ဆေးကို ဘယ်လိုဖော်စပ်ရမလဲဆိုတာတွေ —— အားလုံးမှာ မရှိဘူး။ ငါ 'အဆိုးရွားဆုံးမှော်ပညာ'ရဲ့ အမှာစာမှာပဲ ဒါကို ရှာတွေ့တယ်။ နင် နားထောင် —— 'ဝိညာဉ်ပစ္စည်းဆိုတဲ့ အဆိုးဆုံး မှော်ပညာကို တီထွင်တာနဲ့ ပတ်သက်ပြီး၊ ဒီမှာပြောဆိုခြင်း၊ လမ်းညွှန်



ခြင်း မလုပ်တော့ဘူး' . . . . ဒါဆို ဘာဖြစ်လို့ ပြောရတာလဲ" ဟာမီးဟာ စိတ်ဆိုးစွာနဲ့ အဲဒီစာအုပ်ဟောင်းကို ပိတ်လိုက်တယ်။ စာအုပ် ဟောင်းဟာ သရဲလို ဟစ်ကြွေးသံ ပေါ်လာတယ်။ "ပါးစပ်ပိတ်ထား" သူမက မကျေနပ်ဘဲ ပြောတယ်။ စာအုပ်ကို လွယ်အိတ်ထဲ ထိုးထည့်လိုက်တယ်။

ဖေဖော်ဝါရီလရောက်တော့ ကျောင်းပတ်ဝန်းကျင်က ဆီးနှင်းတွေ အရည်ပျော်တုန်တယ်။ အစားထိုးလာတာကတော့ အေးစက်ခြင်း၊ စိတ်ပျက်စရာ ကောင်းမိုင်းစိုစွတ်ခြင်း ဖြစ်တယ်။ ခရမ်းပြာမွဲမွဲ တိမ်တွေဟာ ရဲတိုက်မိုးပေါ်မှာ နိမ့်နိမ့်ရှိနေတယ်။ မိုးအေးစွေနေလို့ မြက်ခင်းတွေ စိုပြီး ချောတယ်၊ နွံထူနေတယ်။ နောက်ဆုံးတော့ ဆဋ္ဌမနှစ်ကျောင်းသားတွေရဲ့ ပထမဆုံး ရုပ်ရွှေ့ပြောင်း ရုပ်ပေါ် အတန်းကို အားကစားကွင်းထဲကနေ ခန်းမကြီးထဲ ပြောင်းလိုက်တယ်။ ဒီဘာသာကို စနေနေ့ မနက်ပိုင်းမှာ တက်ဖို့ စီစဉ်ထားတယ်။ တခြားအတန်းတွေကို မထိခိုက်စေချင်လို့။

ဟယ်ရီနဲ့ ဟာမီးတို့ ခန်းမထဲ ရောက်လာတော့ ( ရွန်နဲ့ လာဗင်ဒါတို့ အတူသွားကြပြီ )၊ စားပွဲတွေမရှိတော့တာတွေ့ရတယ်။ မိုးရေဟာ မြင့်မားတဲ့ ပြတင်းကို ရိုက်ခတ်နေတယ်၊ မှော်ပညာ စီရင်ထားတဲ့ မျက်နှာကြက်ဟာ ခေါင်းပေါ်မှာ မှုန်မှိုင်းစွာ လည်နေတယ်။ သူတို့ဟာ ပါမောက္ခများဖြစ်တဲ့ မက်ဂေါ်နာဂေါ၊ စနိတ်ပ်၊ ဖလစ်ဝစ်၊ စပရောက် ( ဟောက်စ်ကျောင်း၊ ကျောင်းအုပ်ကြီးလေးယောက် ) နဲ့ အရပ်နိမ့်တဲ့ မှော်ဆရာတစ်ယောက်ရှေ့မှာ စုဝေးနေကြတယ်။ အဲဒီလူဟာ မှော်ဝန်ကြီးဌာနကလာတဲ့ ရုပ်ရွှေ့ပြောင်းသင်တန်း ပြမယ့် ဆရာလို့ ဟယ်ရီ ခန့်မှန်းတယ်။ သူဟာ ဖြူရော်တာမှ အံ့ဩစရာကောင်းနေတယ်၊ မျက်တောင်မွေးက ကြည်နေတယ်၊ ဆံပင်က အလွန်ပါးတယ်။ မစစ်မှန်တဲ့ ခံစားချက်ဖြစ်စေတယ်။ လေတိုက်တာနဲ့ လွင့်သွားမယ့်ပုံပဲ။ ဟယ်ရီက တွေးတယ်၊ အမြဲလို ရုပ်ရွှေ့ပြောင်းတာနဲ့ ရုပ်ပေါ်တာလုပ်လို့ သူ့ကိုယ်ခန္ဓာအရည်အသွေး လျော့သွားတာ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် ဒီလို ပေးသွယ်တဲ့ ကိုယ်ပုံသဏ္ဌာန်က ပျောက်ကွယ်ဖို့ အသင့်တော်ဆုံး ဖြစ်နိုင်တယ်လို့ တွေးတယ်။

"မင်္ဂလာနံနက်ခင်းပါ" ကျောင်းသားတွေစုံလို့ ဟောက်စ်ကျောင်း ကျောင်းအုပ်ကြီးတွေက ငြိမ်သက်ဖို့ ပြောပြီးနောက်၊ မှော်ဝန်ကြီးဌာနက မှော်ဆရာက ပြောတယ်။ "ကျွန်တော်က ဝီကီ-ထွိုင်ခရော့စ်လို့ ခေါ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



လာမယ့် ဆယ့်နှစ်ပတ်အတွင်းမှာ မင်းတို့ရဲ့ ရုပ်ရွေ့ပြောင်းရုပ်ပေါ် ညွှန်ကြား ပြသမယ့်ဆရာပါ။ ဒီတစ်ကြိမ် ရုပ်ရွေ့ပြောင်းစာမေးပွဲအတွက် မင်းတို့ကို တူညီ ပြင်ဆင်ပေးနိုင်ဖို့ မျှော်လင့်တယ် —— "

"မော်ဖိုင်၊ ငြိမ်ငြိမ်နားထောင်" ပါမောက္ခ မက်ဂေါ်နာဂေါက မာ ပြောတယ်။

အားလုံး လှည့်ကြည့်တယ်၊ မော်ဖိုင်ဟာ မျက်နှာကြီးနီညိုရောင်ဖြစ် ဒေါသရိပ်သန်းကာ ခရပ်အနားက ထွက်သွားတယ်။ သူတို့ဟာ ခုနက တိုး ရန်ဖြစ်နေသလိုပဲ။ ဟယ်ရီက စနိတ်ပ်ကို ကြည့်လိုက်တယ်၊ သူလည်း အ စိတ်ဆိုးနေသလိုပဲ။ ဒါပေမယ့် ဒါဟာ ပါမောက္ခ မက်ဂေါ်နာဂေါက ဟောက်စ်ကျောင်းက ကျောင်းသားကို ဝေဖန်လို့ ပိုဖြစ်နိုင်တယ်၊ မော် စည်းကမ်းမစောင့်ထိန်းလို့တော့ မဟုတ်ဘူးလို့ ဟယ်ရီက ထင်တယ်။

" —— အဲဒီအချိန်ကျရင်၊ ကျောင်းသားအများအပြားဟာ စား ဝင်ဖြေဖို့ စွမ်းရည် ရှိချင်ရှိလာလိမ့်မယ်" ထွိုင်က ဆက်ပြောတယ်၊ လုံး အနှောင့်အယှက် မခံရသလိုပဲ။

"အားလုံး သိကြလိမ့်မယ်လို့ ထင်တယ်၊ ဟော့ဂ်ဝပ်ကျောင်းတွင်း ယေဘုယျအားဖြင့် ရုပ်ရွေ့ပြောင်းရုပ်ပေါ်တာနဲ့ ရုပ်ရွေ့လျားတာ လုပ် မရဘူး။ ကျောင်းအုပ်ကြီးဟာ အထူးတလည် မှော်စီရင်တာကို ပယ်ဖျက် တယ်။ အဲဒီကန့်သတ်ချက်ကို တစ်နာရီ ဖွင့်ပေးတယ်၊ ခန်းမကြီးထဲတွင် အားလုံး လေ့ကျင့်နိုင်အောင်ပေါ့။ ကျုပ် အလေးထားပြောမယ်၊ ခန်းမ အပြင်ဘက်ကို ရုပ်ရွေ့ပြောင်းလို့ မရဘူး၊ ဒါကိုလုပ်မယ်ဆိုရင် အမြော်အမြင် တာပဲ။

"အခု အားလုံးကိုယ်စီ ရပ်ကြပါ၊ ကိုယ့်ရှေ့မှာ ငါးပေနေရာ လွတ် ထားပါ"

ခန်းမထဲမှာ ရှုပ်ကုန်တယ်။ ကျောင်းသားတွေ စတင်ခွဲလိုက်တယ် ထင်တိုက်မိတာ၊ သူများကို မိမိပိုင်နက်က ထွက်ခိုင်းတာနဲ့ ရှုပ်နေတယ် ဟောက်စ်ကျောင်း ကျောင်းအုပ်တွေ ကျောင်းသားတွေထဲမှာ သွားလာနေတယ် သူတို့ကို နေရာချပေးတယ်။ ပဋိပက္ခ ဖြေရှင်းပေးတယ်။

"ဟယ်ရီ၊ နင် ဘယ်သွားမလို့လဲ" ဟာမီးက မေးတယ်။



ဟယ်ရီ မဖြေဘူး။ သူဟာ လူအုပ်ကို အလျင်အမြန်ဖြတ်ရင်း၊ စူးစူး ဝါးဝါး အော်ဟစ်ပြီး အားလုံး ရှေ့တိုးရပ်လိုတဲ့ ရေဗင်ခလောကျောင်းသားတွေ ကို နေရာချပေးနေတဲ့ ပါမောက္ခ ဖလစ်ဝစ်ရှေ့က ဖြတ်လျှောက်သွားတယ်။ တစ်ခါ ဟာ့ဖ်ဖတ်ကျောင်းသားတွေကို နေရာယူဖို့ မောင်းနှင်နေတဲ့ ပါမောက္ခ စပရောက်ရှေ့က ဖြတ်သွားတယ်။ ဒီနောက် အာနီ-မက်မီလန်ကို ရှောင်ပြီး လူအုပ်ရဲ့ နောက်ဆုံးကို ဝင်သွားတယ်။ ရှုပ်နေတုန်း ခရပ်နဲ့ ဆက်ငြင်းခုံနေတဲ့ မော်ဖိုင့်နောက် သွားရပ်နေတယ်။ ခရပ်ဟာ ငါးပေအကွာမှာ ရပ်နေတယ်။ သူကြည့်ရတာ အလွန်မကျေမနပ် ဖြစ်နေသလိုပဲ။

"ဘယ်လောက်ကြာဦးမလဲဆိုတာ ငါ မသိဘူး၊ သိရဲ့လား" မော်ဖိုင်က ဒေါ်နဲ့ မောနဲ့ ပြောတယ်။ ဟယ်ရီနောက်မှာရှိတာ သတိမထားမိဘူး။ "ငါ ထင်တာထက် အချိန်ကြာမယ်"

ခရပ်က ပါးစပ်ဟထားတယ်။ ဒါပေမယ့် မော်ဖိုင်က သူ ဘာပြော မလဲဆိုတာ ခန့်မှန်းထားသလိုပဲ။

"နားထောင်၊ ငါဘာလုပ်နေသလဲဆိုတာ မင်းနဲ့ မဆိုင်ဘူး၊ ခရပ်၊ မင်းနဲ့ ဂိုးက ခိုင်းတာလုပ်ဖို့နဲ့ ကင်းစောင့်ဖို့ပဲ"

"ငါသာ သူငယ်ချင်းကို ငါ့အတွက် ကင်းစောင့်ခိုင်းစေချင်ရင်၊ သူတို့ ကို ငါ ဘာလုပ်နေတယ်ဆိုတာ ပြောပြမှာပဲ" ဟယ်ရီက မော်ဖိုင်ကြားရုံအသံနဲ့ ပြောတယ်။

မော်ဖိုင် ဆတ်ခနဲ လှည့်လိုက်တယ်။ လက်တစ်ဘက်က မှော်ကြိမ်လုံး ကို အမြန်သွားဆွဲတယ်။ ဒါပေမယ့် ဒီအချိန်မှာ ဟောက်စ်ကျောင်း ကျောင်း အုပ်ကြီးလေးယောက်ဟာ "ငြိမ်သက်ပါ" လို့ အော်ပြောနေပြီ။ ခန်းမထဲ ငြိမ်ကျ သွားပြီ။ သူဟာ ဖြည်းဖြည်းပြန်လှည့်သွားတယ်။

"ကျေးဇူးပဲ" ထွိုင်ခရော့စ်က ပြောတယ်။ "အခု . . . . "

သူ မှော်ကြိမ်လုံး ယမ်းလိုက်တယ်။ ကျောင်းသားတိုင်းရဲ့ ရှေ့ကြမ်း ပေါ်မှာ ရှေးပုံစံ သစ်သားကွင်းတစ်ခုစီ ပေါ်လာတယ်။

"ရုပ်ရွေ့ပြောင်းရုပ်ပေါ်တဲ့အခါမှာ အရေးအကြီးဆုံးက D သုံးလုံးကို မှတ်သားထားရမယ်" ထွိုင်ခရော့စ်က ပြောတယ်။ "ဦးတည်ရာ (Distination)၊ သန္နိဋ္ဌာန် (Determination)၊ ဆင်ခြင်သတိရှိခြင်း (Deliberation)!

www.burmeseclassic.com

www.burmeseclassic.com



"ပထမခြေလှမ်းက၊ အာရုံကို သင့်ဦးတည်ရာပေါ် စုစည်းထားရမယ်" ထွိုင်ခရော့စ်က ပြောတယ်။ "ဒီနေရာမှာ၊ မင်းတို့ရှေ့က သစ်သားကွင်းထဲကိုပဲ။ အခု မင်းတို့ရဲ့ ဦးတည်ရာမှာ အာရုံစုစည်းကြပါ"

လူတိုင်းဟာ ဘေးဘီကို ချောင်းကြည့်နေကြတယ်။ အားလုံး သစ်သားကွင်းကို စိုက်ကြည့်နေသလားဆိုတာ ကြည့်ကြတယ်၊ ဒီနောက် ပြောသလို အမြန်လုပ်တယ်။ ဟယ်ရီဟာ သူ့သစ်သားကွင်းထဲက ဖုန်တွေနဲ့ ကြမ်းပြင် ဝိုင်းဝိုင်းကို ငေးကြည့်နေတယ်။ တခြားကိစ္စကို မတွေးမိဖို့ ကြိုးစားတယ်။ ဒါ မဖြစ်နိုင်ဘူးဆိုတာ တွေ့ရှိလာတယ်။ အကြောင်းက သူဟာ မော်ဖိုင် ဘာလုပ်နေလို့၊ သူ့ကို ကင်းစောင့်ပေးဖို့ လူလိုရတာလဲဆိုတာ တွေးနေလို့။

"ဒုတိယခြေလှမ်းက" ထွိုင်ခရော့စ်က ပြောတယ်။ "မင်းတွေးတဲ့ နေရာကို ဝင်နေရာယူဖို့ သန္နိဋ္ဌာန်ချ၊ ဝင်သွားလိုတဲ့ ပြင်းပြတဲ့ဆန္ဒက မင်းတို့ တစ်ကိုယ်လုံးရှိ အသေးငယ်ဆုံး အစိတ်အပိုင်းပါ ဖုံးလွှမ်းသွားစေရမယ်"

ဟယ်ရီက ဘေးဘီကို ချောင်းကြည့်တယ်။ ဘယ်ဘက်အနည်းငယ် ဝေးတဲ့နေရာမှာ အာနီဟာ အားစိုက်ပြီး မိမိရဲ့ သစ်သားကွင်းကို ကြည့်နေတယ်။ မျက်နှာကြီးလည်း နီရဲနေတယ်။ ခွပ်ဖော်လောက်ကြီးတဲ့ ဥတစ်လုံး အုဖို့ လုပ်နေသလိုပဲ။ ဟယ်ရီက နှုတ်ခမ်းကို ကိုက်ထားတယ်၊ မရယ်ဝံ့ဘူး။ မိမိ သစ်သားဝိုင်းဆီ အကြည့်ကို အမြန်ပြန်လှည့်လိုက်တယ်။

"တတိယခြေလှမ်း" ထွိုင်ခရော့စ်က အော်ပြောတယ်။ "ကျုပ် အမိန့်ချပြီးနောက် . . . . နေရာတွင် လှည့်၊ မိမိကိုယ်မိမိ မရှိခြင်းအနေအထား ဖြစ်နေပစေ၊ လှုပ်ရှားမှုက ဆင်ခြင်သတိရှိရမယ်။ အခု ကျုပ်အချက်ပေးတာနားထောင် . . . . တစ် —"

ဟယ်ရီက ဘေးဘီကို ကြည့်လိုက်ပြန်တယ်။ လူအများဟာ ဒီလောက် မြန်မြန်နဲ့ သူတို့ကို ရုပ်ရွေ့ပြောင်းခိုင်းတာ အံ့အားသင့်နေကြတယ်။

"— နှစ် —"

ဟယ်ရီဟာ အာရုံကို မိမိသစ်သားကွင်းပေါ် တစ်ဖန် ပြန်စုစည်းလိုက်တယ်။ D သုံးလုံးက ဘာလဲဆိုတာ သူ မေ့သွားပြီ။

"— သုံး"

ဟယ်ရီဟာ နေရာတွင် လည်ပတ်နေတယ်၊ ချက်ချင်းပဲ ဟန်ချက်မညီဖြစ်ပြီး လဲမကျမလို ဖြစ်သွားတယ်။ သူတစ်ယောက်တည်းတင် မကဘူး



ခန်းမထဲကလူတွေ ရုတ်တရက် ဂယိမ်းဂယိုင် နေရာတကာမှာ ဖြစ်တုန်တယ်။ နီဗီးဟာ ပက်လက်လန် လဲသွားတယ်။ အာနီဟာ ဘဲလေးအတာ ခြေဖျား ထောက် အကလို က,ချီးမြှီးနဲ့ သစ်သားဝိုင်းထဲ ခုန်ဝင်သွားတယ်။ အတန်ကြာ ကျေနပ်နှစ်သိမ့်နေပြီး၊ ဒင်းက သူ့ကို တဟားဟား ရယ်တာတွေ့မှ သိသွားတယ်။

"ကိစ္စမရှိဘူး၊ ကိစ္စမရှိဘူး" ထွိုင်ခရော့စ်က ခြောက်ကပ်ကပ် ပြောတယ်။ သူကလဲ ဒါ့ထက် မျှော်မှန်းမထားသလိုပဲ။ "သစ်သားကွင်းကို သေချာ ပြန်ထား၊ မူလနေရာမှာ ပြန်ရပ်"

ဒုတိယအကြိမ် စမ်းလုပ်တာ ပထမအကြိမ်ထက် ဘာမှမသာဘူး တတိယအကြိမ်လည်း ဒီအတိုင်းပဲ အခြေအနေဆိုးတယ်။ စတုတ္ထအကြိမ် ရောက်တော့မှ၊ အနည်းငယ် ထိုးဆွမှု ရလာတယ်။ တစ်ယောက်က ကြောက်ရော ဟူးစူးအော်လိုက်တယ်။ အားလုံးလန့်ပြီး လှည့်ကြည့်ကြတယ်၊ ဟော့ဖ်ဖတ်က ဆူဆန်-ဘုံးစ်ဟာ သစ်သားကွင်းထဲမှာ လှုပ်ယိုင်နေတာ တွေ့ရတယ်။ ဒါပေမယ့် ဘယ်ခြေဟာ ငါးပေအကွာက မူလနေရာမှာ ကျန်နေခဲ့တယ်။

ဟောက်စ်ကျောင်း ကျောင်းအုပ်ကြီးတွေ သူမနား ဝိုင်းလာတယ်။ ဒိုင်းခနဲအသံကြီး မြည်သွားပြီး ခရမ်းရောင်မီးခိုးလုံးတွေ ပြယ်သွားတော့၊ ဆူဆန် ငိုတာ တွေ့ရတယ်။ ခြေထောက် ပြန်တပ်မိသွားပြီ၊ ဒါပေမယ့် သူမဟာ ထိတ်လန့်စွာ ရှိနေဆဲဖြစ်တယ်။

"အပိုင်းအပြတ်၊ တစ်နည်းအားဖြင့် ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခု ဖွဲ့ကွာသွားခြင်း" ဝီကီ-ထွိုင်ခရော့စ်က မှန်မှန်လေး ပြောတယ်။ "သန္နိဋ္ဌာန် ခိုင်မြဲတဲ့ အခြေအနေမှာ ဖြစ်ပွားတယ်။ အာရုံကို ဦးတည်ရာမှာ စုစည်းထား ရမယ်၊ မပျာနဲ့၊ ဆင်ခြင်သတိရှိပါ . . . . ဒီလို"

ထွိုင်ခရော့စ် ရှေ့တက်လာပြီး လက်နှစ်ဘက်ကို ကားလိုက်တယ်။ ထိုပစ္စာ နေရာတွင် လည်ပတ်လာတယ်၊ ဝတ်ရုံလွင့်ဖျံနေတဲ့အထဲမှာ ကွယ် ပျောက်သွားပြီးနောက်၊ ခန်းမရဲ့ နောက်ဘက်မှာ ပေါ်လာတယ်။

" D သုံးလုံးကို မှတ်ထား" သူက ပြောတယ်။ "နောက်ထပ်တစ်ခါ လုပ် . . . . တစ် — နှစ် — သုံး —"

ဒါပေမယ့် တစ်နာရီကြာတော့ ဆူဆန်ရဲ့ ကိုယ်ခန္ဓာအပိုင်းပြတ်တာ ဟာ ဒီသင်တန်းမှာ စိတ်အဝင်စားဆုံး ဖြစ်သွားတယ်၊ ထွိုင်ခရော့စ်ဟာ စိတ်

www.burmeseclassic.com

www.burmeseclassic.com



ဖျော့ပုံမရဘူး။ သူဟာ ခြုံထည်ကို ခြုံလိုက်ပြီး "လာမယ့်စနေ ပြန်တွေ့မယ်။ မေ့ကြနဲ့ —— ဦးတည်ရာ၊ သန္နိဋ္ဌာန်၊ ဆင်ခြင်သတိ" လို့ပဲ ပြောလိုက်တယ်။

သူက မှော်ကြိမ်လုံးယမ်းလိုက်ပြီး သစ်သားကွင်းကို ဖျောက်ပစ်လိုက်တယ်။ ဒီနောက် ပါမောက္ခ မက်ဂေါ်နာဂေါနဲ့အတူ ခန်းမကြီးထဲက ထွက်သွားတယ်။

"မင်းလုပ်တာ ဘယ်လိုနေလဲ" ရွန်က ဟယ်ရီ့ဆီ အမြန်ပြေးလာပြီး မေးတယ်။ "ငါ နောက်ဆုံးတစ်ခါ နည်းနည်းခံစားလာရသလိုပဲ —— ခြေဖဝါးမှာ ကျင်လာတယ်"

"အားကစားဖိနပ် သိပ်ကျပ်လို့နဲ့တူတယ်၊ ဝုံ —— ဝုံ" နောက်က အသံတစ်သံက ပြောတယ်၊ ဟာမီးဟာ ကျေနပ်နှစ်သိမ့်စွာ လျှောက်လာတယ်။

"ငါ မခံစားရဘူး" ဟယ်ရီက ပြောတယ်။ ဟာမီး ဖြတ်ပြောတာကို ဂရုမစိုက်ဘူး။ "ဒါပေမယ့် အခု ငါ စိတ်မဝင်စားတော့ဘူး ——"

"မင်း ဘာပြောတယ်၊ စိတ်မဝင်စားဘူး . . . . မင်း ရုပ်ရွှေ့ပြောင်းရုပ်ပေါ် မသင်ချင်တော့ဘူး ?" ရွန်က မယုံနိုင်ဘဲ မေးတယ်။

"ငါ တကယ်ပဲ သိပ်မတက်ကြွဘူး၊ ငါပျံသန်းတာ ပိုကြိုက်တယ်" ဟယ်ရီက ပြောရင်း မော်ဖိုင် ဘယ်မှာရှိလဲလို့ လှည့်ကြည့်တယ်။ တံခါးခန်းထဲ ဝင်ခဲ့ပြီးနောက်၊ သူ ခပ်သွက်သွက်သွားတယ်။ "မြန်မြန်လာပါ၊ ငါ ကိစ္စရှိတယ် . . . ."

ရွန်ဟာ ဘာမှန်းမသိဘဲ ဟယ်ရီ့နောက် လိုက်ပြီး ဂရစ်ဖင်းဒေါ် အိမ်ချွန်ကို အပြေးပြန်လာခဲ့တယ်။ သူတို့ဟာ သရဲဖီးဗိစ်ကြောင့် အချိန်နည်းနည်း ကုန်သွားတယ်။ သရဲဖီးဗိစ်ဟာ စတုတ္ထထပ်က တံခါးတစ်ချပ်ကို ပိတ်ပြီး လူတိုင်း မိမိဘောင်းဘီ မီးစွဲမှ ဖြတ်ခွင့်ပေးတယ်။ ဒါပေမယ့် ဟယ်ရီနဲ့ ရွန်တို့ လှည့်ထွက်ပြီး စိတ်ချရတဲ့ ဖြတ်လမ်းတစ်ခုက သွားတယ်။ ငါးမိနစ်ကြာတော့ နှစ်ယောက်သား အရုပ်ကားကျင်းဝက တွားဝင်သွားကြတယ်။

"ငါတို့ ဘာသွားလုပ်မယ်ဆိုတာ ငါ့ကို ပြောပြလို့ရမလား" ရွန်က မေးတယ်၊ အနည်းငယ် မောဟိုက်နေတယ်။

"တက်" ဟယ်ရီက ပြောပြီး အများနားနေခန်းကို ဖြတ်ကာ ကျောင်းသားအိပ်ဆောင်ဆီပေါက်တဲ့ လှေကားတံခါးထဲ ဝင်လိုက်တယ်။



သူ မျှော်လင့်ထားသလိုပဲ၊ အိပ်ခန်းထဲမှာ လူ မရှိဘူး။ သူဟာ သေတ္တာကို ဖွင့်ပြီး လှန်လှောရှာဖွေတယ်။ ရွန်က စိတ်မရှည်ဘဲ သူ့ကို ကြည့်နေတယ်။

"ဟယ်ရီ . . . ."

"မော်ဖိုင်က ခရပ်နဲ့ ဂိုးကို ကင်းစောင့်ခိုင်းတယ်။ သူ ခုနက ခရပ်နဲ့ စကားများတယ်။ ငါ သိချင်တယ် . . . . အာဟား"

ဟယ်ရီ ရှာလို့တွေ့ပြီ —— လေးထောင့်ပုံသဏ္ဌာန် ခေါက်ထားတဲ့ ကြည့်ရတာ စာရွက်အလွတ်လို သိုးရေစက္ကူ။ သူက ၎င်းကို ဖြန့်လိုက်တယ်။ မှော်ကြိမ်လုံးဖျားနဲ့ ခေါက်လိုက်တယ်။

"ကျွန်တော် ကောင်းတာမလုပ်ဘူးလို့ လေးနက်စွာ အဓိဋ္ဌာန်ပြုပါတယ် . . . . ဒါမှမဟုတ် မော်ဖိုင်ကောင်းတာ မလုပ်ဘူး"

သိုးရေစက္ကူပေါ်မှာ စားပြမြေပုံ ချက်ချင်း ပေါ်ထွက်လာတယ်။ ရဲတိုက်အထပ်တိုင်းရဲ့ အသေးစိတ် ပုံဆွဲထားတယ်။ အမှတ်အသားပါတဲ့ အနက်စက်လေးတွေ အပေါ်မှာ ရွေ့လျားနေတယ်၊ ရဲတိုက်ထဲရှိ လူတိုင်းကို ကိုယ်စားပြုတယ်။

"ငါ့ကို ကူပြီး မော်ဖိုင်ကို ရှာစမ်း" ဟယ်ရီက လောလောပြောတယ်။

သူက မြေပုံကို ခုတင်ပေါ် ဖြန့်လိုက်တယ်။ နှစ်ယောက်သား မှောက်ပြီး ရှာကြတယ်။

"ဒီမှာ" တစ်မိနစ် နှစ်မိနစ်ကြာတော့ ရွန်က အော်ပြောတယ်။ "သူ လေးသရင်းအများနားနေခန်းထဲမှာ၊ ကြည့် . . . . ဖတ်ကင်ဆန်၊ ဇာဘီနီ၊ ခရပ်နဲ့ ဂိုးတို့နဲ့အတူ . . . ."

ဟယ်ရီ မြေပုံကြည့်နေပြီး စိတ်ပျက်ပုံ ပေါက်နေတယ်။ ဒါပေမယ့် ချက်ချင်း ပြန်စိတ်ဓာတ်တင်လိုက်တယ်။

"ခုချိန်ကစပြီး ငါ သူ့ကို စောင့်ကြည့်မယ်" သူက ပြတ်သားစွာ ပြောတယ်။ "သူ အပြင်တစ်နေရာရာမှာရှိတာ တွေ့တာနဲ့၊ ခရပ်နဲ့ ဂိုး အပြင်မှာ ကင်းစောင့်နေရင် ငါ ကိုယ်ပျောက်ဝတ်ရုံဝတ်ပြီး၊ သူ ဘာလုပ်တယ်ဆိုတာ သိအောင် ——"

သူ ရုတ်တရက် ရပ်သွားတယ်။ နီဗီးဟာ ပြင်းထန်တဲ့ မီးလောင်နံ့နဲ့ ဝင်လာတယ်၊ သူ သေတ္တာဆီ တန်းသွားပြီး ဘောင်းဘီရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီဟာ မော်ဖိုင် ဘာလုပ်နေတယ်ဆိုတာကို ဖမ်းမိချင်ပေမယ့် နောက်နှစ်ပတ်မှာ သူ ကံလုံးဝမကောင်းဘူး။ သူဟာ အတတ်နိုင်ဆုံး မြေပုံကို ခဏခဏ ကြည့်တယ်၊ တစ်ခါတလေ ကျောင်းတက်နေစဉ် မလိုအပ်ဘဲ ကိုယ် လက်သန့်စင်ခန်းကို သွားတယ်။ ဒါပေမယ့် သံသယဖြစ်စရာနေရာမှာ မော်ဖိုင် ကို တစ်ကြိမ်မှ မတွေ့ရဘူး။ ခရပ်နဲ့ ဂိုးတို့ ရဲတိုက်ထဲမှာ သီးသန့်လှုပ်ရှားတာ ခါတိုင်းထက် များတာတော့ သူ တွေ့တယ်။ တစ်ခါတလေ လူမရှိတဲ့စင်္ကြံထဲမှာ မလှုပ်မယှက် ရပ်နေတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ မော်ဖိုင်ဟာ အနီးမှာ မရှိတဲ့အပြင်၊ မြေပုံထဲမှာတောင် သူ့ကို မတွေ့ရဘူး။ ဒါ သိပ်ထူးဆန်းတယ်။ သူ ကျောင်းပြင်ထွက်သွားမလားလို့ ဟယ်ရီ တွေးကြည့်ဖူးတယ်။ ဒါပေမယ့် ရဲတိုက်ရဲ့ လုံခြုံရေးက သိပ်တင်းကြပ်တာမို့ မော်ဖိုင် ဘယ်လိုလုပ် ထွက်သွား ရမလဲဆိုတာ သူ မတွေးတတ်ဘူး။ မော်ဖိုင်ဟာ မြေပုံပေါ်က အနက်စက်တွေ အချို့ထဲ ရောနေလိမ့်မယ်လို့ပဲ သူ တွက်ရတော့တယ်။ အစက တတွဲတွဲနေတဲ့ မော်ဖိုင်၊ ခရပ်နဲ့ ဂိုးတို့ ခွဲနေကြတယ်။ လူဆိုတာ ကြီးလာရင် ဒီအတိုင်းပဲ ထင်တယ် —— ရွန်နဲ့ ဟာမိုင်းတို့ဟာ လောလောလတ်လတ် သက်သေပဲ။ ဟယ်ရီ က ဝမ်းနည်းစွာ တွေးတယ်။

ဖေဖော်ဝါရီလကနေ မတ်လထဲ ဝင်လာပြီ၊ ရာသီဥတုက ဘာမှ ပြောင်းမသွားဘူး။ စွတ်စိုပြီး လေပိုတိုက်လာတာပဲ ရှိတယ်။ ဒါကြောင့် အများ နားနေခန်း ကြော်ငြာသင်ပုန်းမှာ ကြေညာစာတစ်ခု ကပ်ထားတယ်။ ကြေညာ စာမှာ ဟော့ဂ်စ်မိဒ်ကို အလည်သွားတဲ့ ခရီးစဉ် ပယ်ဖျက်တယ်လို့ ပါတယ်။ အားလုံး မကျေမနပ် ဖြစ်ကြတယ်။ ရွန်က ဒေါသထွက်နေတယ်။

"ဒါ ငါ့မွေးနေ့ကွ။ ငါ မျှော်လင့်နေတာ"

"သိပ်တော့ မျှော်လင့်မထားတာတော့ မဟုတ်ပါဘူးနော်" ဟယ်ရီက ပြောတယ်။ "ခက်ထီ ပြဿနာပေါ်ပြီးနောက်မှာ"

ခက်ထီဟာ စိန့်မန်ဂိုး ဒဏ်ရာအနာတရနဲ့ ရောဂါကုဆေးရုံက ပြန် မလာသေးဘူး။ ပြီးတော့ 'ကြိုဟောဆရာများနေ့စဉ်' မှာ လူပျောက်ကြော်ငြာ အသစ် ပါလာပြန်ပြီ။ ဒီအထဲမှာ ဟော့ဂ်ဝပ်ကျောင်းသားတချို့ရဲ့ ဆွေမျိုး တွေလည်း ပါတယ်။

"အခု ငါမျှော်လင့်ရတာက အဓိပ္ပာယ်မရှိတဲ့ ရုပ်ရှေ့ပြောင်းရုပ်ပေါ်မ ရွန်က စိတ်ကုန်စွာ ပြောတယ်။



သင်တန်းသုံးချိန်ပြီးနောက်၊ ရုပ်ရှေ့ပြောင်းရုပ်ပေါ်ခြင်းဟာ ဒီအတိုင်း ခက်ခဲနေတယ်။ လူတချို့ အပိုင်းအပြတ်ဖြစ်တာပဲ ရှိတယ်။ ဆုံးရှုံးတဲ့ခံစား ချက် တိုးလာတယ်။ ကျောင်းသားထဲမှာ ဝိကီ-ထွိုင်ခရော့စ်နဲ့ ၎င်းရဲ့ D သုံးခုကို နာခံတဲ့စိတ်တွေ ဖြစ်လာတယ်။ ဒါကြောင့် သူ့ကို နာမည်အမျိုးမျိုးပေးကြတယ်။ အယဉ်ကျေးဆုံးကတော့ ခွေးအာပုပ်နဲ့ မစင်ခေါင်း ဖြစ်တယ်။

"မွေးနေ့ ပျော်ရွှင်ပါစေ၊ ရွန်" တစ်ရက် မတ်လနံနက်မှာ၊ သူတို့ဟာ နံနက်စောစောစာ သွားစားမယ့် စီးမတ်နဲ့ ဒင်းက ဆူလို့ နိုးလာပြီးနောက်၊ ဟယ်ရီက ပြောတယ်။ "မင်းကို လက်ဆောင်တစ်ခု ပေးမယ်"

သူက စက္ကူထုပ်ကို ရွန့်ခုတင်ပေါ် ပစ်လိုက်တယ်။ အထုပ်လေးတစ်ပုံ ပေါ် ကျသွားတယ်၊ အဲဒီအထုပ်တွေဟာ ညက အိမ်မွေးမှင်စာလေးတွေ ယူလာထားသွားတာဖြစ်မယ်လို့ ဟယ်ရီက တွေးတယ်။

"ဝမ်းသာတယ်" ရွန်က အိပ်မှုံစုံမွှားနဲ့ ပြောတယ်။

ရွန် စက္ကူထုပ်ကို ဖြည်နေစဉ်မှာ ဟယ်ရီ ခုတင်ပေါ်က ဆင်းပြီး သေတ္တာဖွင့်ကာ စေးပြမြေပုံကို ရှာတယ်။ သူဟာ ၎င်းကို သုံးပြီးတိုင်း သေတ္တာထဲ ပြန်သိမ်းထားတယ်။ ဟယ်ရီက သေတ္တာထဲက ပစ္စည်းတစ်ဝက်လောက် ဖယ် ထုတ်ပြီးမှ၊ လိပ်ပြီးသား ခြေစွပ်ပုံလေးအောက်မှာ မြေပုံကို သွားတွေ့တယ်။ အဲဒီမှာ သူ့ရဲ့ကံကောင်းဆေးလည်း ဝှက်ထားတယ်၊ အဲဒါ ဖီလစ် ဖီလစ်စစ်။

"ဟုတ်ပြီ" သူက မြေပုံကို ခုတင်ပေါ် ယူလာပြီး အသာလေး ခေါက် ထိုက်တယ်။ တိုးတိုးရေရွတ်လိုက်တယ်။ "ကျွန်တော် ကောင်းတာမလုပ်ဘူးလို့ သေးနက်စွာ အဓိဋ္ဌာန်ပြုပါတယ်" ခုတင်ခြေရင်းက ဖြတ်သွားတဲ့ နီဗီးကြားမှာ အဲလို့။

"သိပ်ကောင်းတာပဲ၊ ဟယ်ရီ" ရွန်က ဝမ်းသာအားရ အော်နေတယ်။ ဟယ်ရီ သူ့ကိုပေးတဲ့ ခွေဒစ်ဂိုးစောင့်သုံး လက်အိတ်ကို မြှောက်ယမ်းနေတယ်။

"ကိစ္စမရှိဘူး" ဟယ်ရီက စိတ်မပါဘဲ ပြောတယ်၊ တစ်ဖက်ကလည်း အသေးသရင်းအိပ်ခန်းထဲမှာ မော်ဖိုင်ကို သေချာရှာဖွေနေတယ်။ "ဟေး . . . . ငါထင်တယ်၊ သူ ခုတင်ပေါ်မှာ မရှိဘူး . . . . "

ရွန်က မဖြေဘူး၊ လက်ဆောင်ထုပ်တွေကိုပဲ မဲပြီးဖောက်နေတယ်။ ကြားမကြား ပျော်ရွှင်စွာ အော်အော်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ် တကယ့်ကို ပွတာပဲ" သူက ကြေညာတယ်။ လက်ထဲမှာလည်း ရွှေသက်ပတ်နာရီလေးလေးတစ်လုံးကို ကိုင်ထားသေးတယ်။ အဲဒီလက်ပတ် နာရီရဲ့ ဘေးနားမှာ ထူးဆန်းတဲ့ အမှတ်အသားတွေ ရှိတယ်၊ လက်တံ ရွှေလျားနေတဲ့ ကြယ်လေးနဲ့ ပြုလုပ်ထားတယ်။ "ကြည့်၊ အဖေနဲ့ အမေ ငါ့ကို ဘာပေးတယ်ထင်လဲ။ ဟေး၊ ငါ နောင်နှစ်ခါကျရင် နောက်တစ်ခါ အရွယ် ရောက်ဦးမယ် . . . ."

"မိုက်တယ်" ဟယ်ရီက ရွှန့်လက်ပတ်နာရီကို မော့ကြည့်လိုက်ပြီး ဗလုံးဗထွေး ပြောလိုက်တယ်။ တစ်ခါ မြေပုံကို သေချာကြည့်နေပြန်တယ်။ မော်ဖိုင် ဘယ်မှာလဲ။ သူ ခန်းမထဲက စလေးသရင်းထမင်းစားပွဲမှာ နံနက် စာစောစော စားမနေဘူးနဲ့ တူတယ် . . . . စာကြည့်ခန်းထဲ ထိုင်နေတဲ့ စနိတ် ဘေးမှာလည်း မရှိဘူး . . . . ကိုယ်လက်သန့်စင်ခန်းနဲ့ ကျောင်းဆေးရုံမှာလည်း မရှိဘူး . . . .

"စားမလား" ရွှန်က ချော့ကလက်အိုးအထုပ်တစ်ထုပ်ကို မြှောက်ပြီး မေးတယ်။

"ဟင့်အင်း၊ ကျေးဇူးတင်ပါတယ်" ဟယ်ရီက မော့ကြည့်လိုက်ပြီး ပြောတယ်။ "မော်ဖိုင် ပျောက်နေပြန်ပြီ"

"မဖြစ်နိုင်ဘူး" ရွှန်က ဒုတိယချော့ကလက်အိုးတစ်လုံးကို ပါးစပ်ထဲ ထိုးထည့်ပြီး ခုတင်ပေါ်က ဆင်းကာ အကျီဝတ်တယ်။ "တော်တော့၊ မင်း မြန်မြန်မလုပ်ရင် ဗိုက်ထဲ ဘာမှမရှိဘဲ ရုပ်ရွှေ့ပြောင်းရုပ်ပေါ် လုပ်ရလိမ့်မယ် . . . . နည်းနည်းတော့ ပိုလွယ်ချင်လွယ်လိမ့်မယ်၊ ငါ ထင်တယ် . . . ."

ရွှန်က တွေးသလိုလိုနဲ့ အဲဒီချော့ကလက်အိုးထုပ်ကို ကြည့်နေတယ် ဒီနောက် ပခုံးတွန့်ပြီး တတိယတစ်တုံးကို ယူစားတယ်။

ဟယ်ရီက မော့ကြိမ်လုံးနဲ့ မြေပုံခေါက်ပြီး ရွတ်ဆိုတယ်။ "နှောင့် ပြောင်ခြင်း ပြီးပြီ" ( တကယ်တော့ မပြီးသေးဘူး )။ သူဟာ အဝတ်ဝတ်ရင်း အားအားတွေးနေတယ်။ မော်ဖိုင် တစ်ချိန်တစ်ချိန် ပျောက်နေတာ အကြောင်း ရှိမှာ သေချာတယ်၊ ဒါပေမယ့် သူ ဒါ ဘာကြောင့်လဲဆိုတာ စဉ်းစားလို့မရ နေဘူး၊ အကောင်းဆုံးနည်းကတော့ သူ့ကို စောင့်ကြည့်ဖို့ပဲ။ ဒါပေမယ့် ကိုယ်ပျောက်ဝတ်ရုံရှိလည်း လက်တွေ့မကျဘူး။ ဘာကြောင့်လဲဆိုတော့ ကျောင်းတက်ရမယ်၊ ခွေဒစ်လေ့ကျင့်တာ၊ အိမ်စာနဲ့ ရုပ်ရွှေ့ပြောင်းရုပ်ပေါ်



သင်တန်းကလည်း ရှိသေးတယ်။ တကယ်လို့ တစ်နေကုန် ကျောင်းမှာ မော်ဖိုင် နောက် လိုက်နေရင်၊ သူမှားသတိပြုမိမှာ သေချာတယ်။

"ပြီးပြီလား" သူက ရွှန့်ကို မေးတယ်။

အိပ်ခန်းတံခါးဝနား ရောက်တော့ ရွှန် မလာသေးတာ တွေ့တယ်။ ရွှန်ဟာ ခုတင်တိုင်ကို မှီပြီး မိုးရေဆေးကြောထားတဲ့ ပြတင်းကို ကြည့်နေတယ်။ သူ့မျက်နှာပေါ်မှာ ထူးဆန်းတဲ့ ကြောင်နေတဲ့ အမူအရာ တွေ့ရတယ်။

"ရွှန်၊ နံနက်စောစောစာ သွားစားရအောင်"

"ငါ မဆာဘူး"

ဟယ်ရီက သူ့ကို ကြည့်နေတယ်။

"မင်း ခုနကပဲ —— ?"

"အင်း၊ ကောင်းပြီလေ၊ ငါ မင်းနဲ့ ဆင်းသွားမယ်" ရွှန်က သက်ပြင်းချ လိုက်တယ်။ "ဒါပေမယ့် ငါ မစားချင်ဘူး"

ဟယ်ရီက သူ့ကို သံသယနဲ့ အကဲခတ်နေတယ်။

"မင်း ခုနက ချော့ကလက်အိုးအထုပ်တစ်ဝက်လောက် စားထား တယ်၊ ဟုတ်လား"

"ဒါကြောင့်မဟုတ်ဘူး" ရွှန်က သက်ပြင်းချပြန်တယ်။ "မင်း . . . . မင်း နားမလည်ဘူး"

"တော်ကွာ" ဟယ်ရီက ပြောရင်း လှည့်ပြီး တံခါးကို သွားဖွင့်တယ်၊ စိတ်ထဲမှာတော့ သံသယဖြစ်နေတယ်။

"ဟယ်ရီ" ရွှန်က ရုတ်တရက် အော်ခေါ်တယ်။

"ဘာလဲ"

"ဟယ်ရီ၊ ငါ မခံနိုင်တော့ဘူး"

"မင်း ဘာမခံနိုင်တော့တာလဲ" ဟယ်ရီက မေးတယ်။ သူ လန့်သွား တယ်။ ရွှန့်မျက်နှာဟာ ဖြူရော်ပြီး ဖျားတော့မယ့်ပုံ ပေါက်နေတယ်။

"ငါ သူမကို မတွေ့ဘဲ မနေနိုင်ဘူး" ရွှန်က အသံအက်အက်နဲ့ ပြောတယ်။

ဟယ်ရီ ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ သူ ဒါတွက်မထားဘူး၊ မိမိ ဒါကို နားထောင်ချင်သလားဆိုတာလည်း မသေချာဘူး၊ သူ့ဟိုဟာ သူငယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေ ဖြစ်ပေမယ့် ရွှန်က လာဗင်ဒါကို "လတ် —— လတ်" လို့ စခေါ်လာရင်တော့ သူ မတတ်သာဘဲ တင်းမာစွာ ဆက်ဆံရလိမ့်မယ်။

"ဒါက မင်း နံနက်စောစောစာ စားတာကို မထိခိုက်ဘူး မဟုတ်လား" ဟယ်ရီက မေးတယ်။ ဒီကိစ္စကို ပုံမှန်တွေးခေါ်မှု ထည့်ပေးဖို့ ကြိုးစားတယ်။

"သူမက ငါရှိနေတာ မသိဘူးထင်တယ်" ရွှန်က ပြောရင်း မျှော်လင့်ချက်မဲ့စွာနဲ့ လက်ကို ခါပြတယ်။

"မင်းရှိနေတာ သူမ သိတာပေါ့" ဟယ်ရီ အူကြောင်ကြောင်ဖြစ်သွားတယ်။ "သူမက မင်းကို အမြဲနမ်းနေတယ် မဟုတ်ဘူးလား"

ရွှန်က အံ့သြစွာနဲ့ မျက်တောင်ခတ်လိုက်တယ်။

"မင်းက ဘယ်သူ့ကို ပြောတာလဲ"

"မင်းက ဘယ်သူ့ကို ပြောတာလဲ" ဟယ်ရီက ပြောတယ်။ ဒီစကားပြောခြင်းဟာ အသိဉာဏ် လုံးဝမရှိတော့ဘူးလို့ ပိုပိုခံစားရတယ်။

"ရိုမီဒါ-ဗာနီ" ရွှန်က ပျော့ပျောင်းစွာ ပြောတယ်။ မျက်နှာတွေ လင်းလက်လာတယ်။ အလွန်သန့်စင်တဲ့နေရောင် ထိုးခံရသလိုပဲ။

နှစ်ယောက်သား အပြန်အလှန် တစ်မိနစ်လောက် ကြည့်နေပြီးမှ ဟယ်ရီက ပြောတယ်။ "ဒါ ရယ်စရာလုပ်တာ၊ ဟုတ်လား။ မင်းနောက်နေတာ"

"ငါထင်တယ် . . . . ဟယ်ရီ၊ ငါ သူမကို ချစ်တယ်လို့ ထင်တယ်" ရွှန်က အသံတစ်မျိုးကြီးနဲ့ ပြောတယ်။

"ကောင်းပြီ" ဟယ်ရီက ပြောရင်း ရွှန့်အနားသွားတယ်၊ ရင်းရဲ့ ကြောင်နေတဲ့မျက်လုံးနဲ့ ဖြူယော်နေတဲ့ မျက်နှာကို သေချာအကဲခတ်နေတယ်။ "ကောင်းပြီ . . . . တည်တည်ကြည်ကြည် ထပ်တစ်ခါပြော"

"ငါ သူမကို ချစ်တယ်" ရွှန်က အသက်အောင့်ပြောတယ်။ "မင်း သူမဆံပင်ကို မြင်ဖူးလား၊ နက်မှောင်ပြောင်လက်နေတာပဲ၊ ပိုးသားလိုပဲ . . . . ပြီးတော့ သူမမျက်လုံး။ သူမရဲ့ မည်းနက်တဲ့ မျက်လုံးအစုံ ? ပြီးတော့ သူမရဲ့ ——"

"သိပ်ရယ်စရာပဲ" ဟယ်ရီက စိတ်မရှည်ဘဲ ပြောတယ်။ "ဒါပေမယ့် နောက်တာ ပြီးပြီ၊ ကောင်းလား၊ မနောက်နဲ့တော့"

သူ လှည့်ထွက်သွားတယ်။ တစ်လှမ်းနှစ်လှမ်းပဲ သွားရသေးတယ် [illegible]နားသယ်ပေါ် တအားထိုးခံလိုက်ရတယ်။ သူ ယိမ်းယိုင်သွားပြီး



လှည့်ကြည့်တယ်။ ရွှန်က လက်သီးကို သိမ်းသွားရုံရှိသေးတယ်။ ဒေါသကြောင့် မျက်နှာကြီး ရှုံ့နေတယ်၊ ထပ်ထိုးဖို့ လုပ်နေတယ်။

ဟယ်ရီက အလိုအလျောက် မှော်ကြိမ်လုံးကို ဆွဲထုတ်တယ်၊ တွေးတောင်မတွေးရဘဲ ကျိန်စာက ခေါင်းထဲ ခုန်ဝင်လာတယ်။ "လီဗိုက်ကော်ပတ်စ်"

ရွှန် တအားအော်လိုက်တယ်၊ သူ့ခြေမျက်စိကနေ အဆွဲခံရတယ်။ သူဟာ အကူအညီမဲ့စွာ မိုးပေါ်မှာ ဇောက်ထိုးကြီး တွဲလောင်းဖြစ်နေတယ်၊ ဝတ်ရုံလန်ကျလာတယ်။

"ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ" ဟယ်ရီက ဟောက်တယ်။

"မင်း သူမကို စော်ကားတယ်၊ ဟယ်ရီ၊ မင်းက နောက်တာလို့ ပြောတယ်" ရွှန်က တအားအော်ပြောတယ်။ သူ့သွေးတွေ ခေါင်းဘက် စုလာတယ်၊ မျက်နှာကြီး ညိုမည်းလာတယ်။

"အဓိပ္ပာယ်မရှိတာ" ဟယ်ရီက ပြောတယ်။ "မင်း ဘာများမိ ——"

သူဟာ ရွှန့်ခုတင်ပေါ်က ပွင့်နေတဲ့ဘူးကို ရုတ်တရက် သတိပြုမိသွားတယ်။ ရင်ဝကို တအားပြေးလာတဲ့ အကောင်ကြီး ဝင်ဆောင့်ခံလိုက်ရသလိုပဲ၊

"ဒီချော့ကလက်အိုး ဘယ်ကရတာလဲ"

"မွေးနေ့လက်ဆောင်" ရွှန်က အော်ပြောတယ်။ သူဟာ တွဲလောင်းကြီးနဲ့ ဖြည်းဖြည်းလည်နေတယ်။ အတင်းရုန်းထွက်ချင်နေတယ်။ "ငါ မင်းကို တောင် တစ်ခုပေးတယ်မဟုတ်လား"

"မင်း မြေကြီးပေါ်က ကောက်ယူတာ၊ ဟုတ်လား"

"ငါ့ခုတင်ပေါ်က ကျသွားတာ။ ဟုတ်ပြီနော်၊ ငါ့ကို အောက်ချ"

"မင်းခုတင်ပေါ်က ကျသွားတာ မဟုတ်ဘူး၊ တုံး၊ မင်းနားမလည်ဘူးလား။ ဒါ ငါ့ဥစ္စာ၊ ငါ မြေပုံရှာတုန်းက ပစ်ထုတ်ထားတာ။ ဒါ ရိုမီဒါ-ဗာနီက ခရစ္စမတ်စ်မတိုင်ခင်က ငါ့ကိုပေးတဲ့ ချော့ကလက်အိုး၊ အထဲမှာ အချစ်ဆေးရည် ပါတယ်"

ဒါပေမယ့် ရွှန်ဟာ ဝေါဟာရတစ်ခုတည်း ကြားရသလိုပဲ၊

"ရိုမီဒါ၊ မင်း ခုနက ရိုမီဒါလို့ ပြောတယ် ? ဟယ်ရီ —— မင်း သူမကို သိတယ် ? ငါ့ကို မိတ်ဆက်ပေးလို့ ရမလား"

ဟယ်ရီက ဇောက်ထိုးကြီး တွဲလောင်းဖြစ်နေတဲ့ ရွှန့်ကို ကြည့်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



အခု အလွန်တမ်းတနေတဲ့မျက်နှာကို ကြည့်တယ်။ ပြင်းထန်စွာ ရယ်လိုတဲ့စိတ်ကို အောင့်ထားလိုက်တယ်။ သူ့အစိတ်အပိုင်းတစ်ခု —— ပူစပ်နေတဲ့ ညာဘက်နားရွက်နဲ့ ကပ်နေတဲ့ အစိတ်အပိုင်း —— က ရွှန့်ကို အောက်ချပြီး ဆေးစွမ်းပြယ်တဲ့အထိ သူ ရူးနေတာကို ကြည့်ချင်တယ်။ ဒါပေမယ့် တစ်ဖက်တလည်း သူတို့က သူငယ်ချင်းတွေ။ ရွှန် သူ့ကို ထိုးတုန်းက စိတ်ပုံမှန်မရှိဘူး။ ဟယ်ရီက တွေးတယ်။ တကယ်လို့ သူက ရွှန့်ကို ရိုမီဒါ-တာနီဆီ သွားပြီး ဥဒါန်းတွင်မယ့်အချစ်ကို ဖော်ပြစေရင်၊ သူ နောက်လက်သီးတစ်ချက် အထိုးခံသင့်တယ်။

"ရတယ်၊ ငါ မင်းကို မိတ်ဆက်ပေးမယ်" ဟယ်ရီ အကြံရလိုက်ပြီး ပြောတယ်။ "ငါ ခုပဲ မင်းကို အောက်ချပေးမယ်၊ ရလား"

သူက ရွှန့်ကို ကြမ်းပေါ် လိမ့်ကျသွားစေတယ် (သူ့နားသယ် တကယ်ခံသိပ်နာနေတယ်)၊ ဒါပေမယ့် ရွှန်က ချက်ချင်းခုန်ထပြီး ဖြုံးရယ်နေတယ်။

"သူမ စလပ်ဂ်ဟွန်းရုံးခန်းမှာ" ဟယ်ရီက ဝိုင်နိုင်စွာ ပြောတယ်။ သူ့ကိုခေါ်ပြီး တံခါးဝဆီ လျှောက်သွားတယ်။

"သူမ ဘာဖြစ်လို့ အဲဒီမှာရှိတာလဲ" ရွှန်က အမြန်လိုက်လာပြီး လောလောနဲ့ မေးတယ်။

"အိုး၊ သူမက သူ့ဆီမှာ မှော်ဆေးပညာ သင်နေတာ" ဟယ်ရီက တွေ့ကရာပြောလိုက်တယ်။

"ငါလဲ သူမနဲ့အတူတက်ဖို့ လျှောက်လို့ရချင်ရမှာ" ရွှန်က လိုက်လျှောက်စွာ ပြောတယ်။

"အကြံကောင်း" ဟယ်ရီက ပြောတယ်။

လာဗင်ဒါဟာ အရုပ်ကားကျင်းဝမှာ စောင့်နေတယ်။ ဒါကို ဟယ်ရီ မှန်းမထားမိဘူး။

"နင် နောက်ကျနေပြီ၊ ဝုံ —— ဝုံ" သူမက နှုတ်ခမ်းစူပြီး ပြောတယ်။ "ငါ နင့်ဖို့ မွေးနေ့လက်ဆောင် ယူလာတယ် ——"

"သွားစမ်း" ရွှန်က စိတ်မရှည်ဘဲ ပြောတယ်။ "ဟယ်ရီက ငါ့ကို ရိုမီဒါ-တာနီနဲ့ မိတ်ဆက်ပေးမလို့"

သူဟာ သူမနဲ့ စကားထပ်မပြောတော့ဘဲ အရုပ်ကားကျင်းဝက ထွက်ခဲ့ပြီး ထိုးထွက်သွားတယ်။ ဟယ်ရီက လာဗင်ဒါကို ဝမ်းနည်းတဲ့အမူအရာ



ပြချင်တယ်၊ ဒါပေမယ့် ပျော်တဲ့ပုံပဲ ပေါက်နေတာဖြစ်မယ်။ အကြောင်းက မိန်းမဝဝကြီး သူတို့ကျောဘက်မှာ လည်ပြီး ပိတ်သွားတော့၊ လာဗင်ဒါ့ကြည့်ရတာ တအားစိတ်ဆိုးနေပြီ။

ဟယ်ရီက စလပ်ဂ်ဟွန်း နံနက်စောစောစာ စားနေမှာစိုးတယ်။ ဒါပေမယ့် တစ်ချက်ပဲ ခေါက်ရသေးတယ်၊ တံခါးပွင့်သွားတယ်။ သူဟာ စိန်ကတ္တီပါ ညဝတ်အင်္ကျီအစိမ်းရောင်ကို ဝတ်ထားတယ်၊ အရောင်တူ ညအိပ်ဦးထုပ်ကို ဆောင်းထားတယ်။ အိပ်မှုန်စုံမွှားပဲ ရှိသေးတယ်။

"ဟယ်ရီ" သူက ဗလုံးဗထွေး ပြောတယ်။ "သိပ်မစောလွန်းဘူးလား . . . . ကျုပ် စနေနေ့ဆိုရင် နောက်ကျမှ ထတယ် . . . ."

"ပါမောက္ခ၊ အနှောင့်အယှက်ပေးတာ ဝမ်းနည်းပါတယ်" ဟယ်ရီက အတတ်နိုင်ဆုံး အသံတိုးတိုးပြောတယ်။ ရွှန်က ခြေဖျားထောက်ကာ စလပ်ဂ်ဟွန်းကို ကျော်ပြီး အခန်းထဲကို ကြည့်ဖို့ ကြိုးစားတယ်။ "ကျွန်တော့်သူငယ်ချင်း ရွှန် အချစ်ဆေးရည် မှားသောက်မိလို့ သင် သူ့ကို ဖြေဆေး နည်းနည်းပေးနိုင်မလား။ အစက သူ့ကို မဒမ်ဖွမ်ဖရေဆီ ခေါ်သွားမလို့၊ ဒါပေမယ့် ကျွန်တော်တို့ ဝယ်စလီပဥ္စလက်က ပစ္စည်း မဝယ်ရဘူး။ ဒါကြောင့်၊ သင် သိပါတယ် . . . . မေးလာရင် ဖြေဖို့အလွန်ခက်တယ် . . . ."

"ကျုပ်က မင်း သူ့အတွက် ဖြေဆေးဖော်ပေးပြီးပြီထင်တာ၊ ဟယ်ရီ၊ မင်းက မှော်ဆေးပါရဂူ မဟုတ်ဘူးလား" စလပ်ဂ်ဟွန်းက မေးတယ်။

"အဲ" ရွှန်က တံတောင်နဲ့ သူ့ကို တွက်နေလို့ ဟယ်ရီ နည်းနည်း အာရုံမစုစည်းနိုင်သလို ဖြစ်နေတယ်။ ရွှန်က အခန်းထဲ အတင်းတိုးဝင်ချင်နေတယ်။ "ကျွန်တော် အချစ်ဆေးရည်ရဲ့ဖြေဆေး တစ်ခါမှ မဖော်စပ်ဖူးဘူး၊ ဆရာ၊ ကျွန်တော် ဖော်စပ်လို့ရရင်၊ ရွှန်က ဆိုးရွားတာတစ်ခုခု လုပ်ပြီးနေရောမယ် ——"

ရွှန်ဟာ အကူအညီပေးသလိုနဲ့ အဲဒီအချိန်မှာ အော်ဟစ်လာပြန်တယ်။ "ငါ သူမကို မမြင်ဘူး၊ ဟယ်ရီ —— သူက သူမကို ဝှက်ထားသလား"

"ဆေးရည် အချိန်မလွန်သေးဘူး ဟုတ်လား" စလပ်ဂ်ဟွန်းဟာ ထုပ်ငန်းဝါသနာပါပါနဲ့ ရွှန့်ကို စတင်အကဲခတ်နေတယ်။ "မင်း သိပါတယ်၊ ကြာကြာထားလေ ဆေးအာနိသင် ပိုတိုးလေပဲ"

"ဒါ့ကြောင့်ကိုး" ဟယ်ရီက မောမောနဲ့ ပြောတယ်။ သူ အခု ရွှန်နဲ့

www.burmeseclassic.com

www.burmeseclassic.com



သတ်ပုတ်နေရသလို ဖြစ်နေပြီ။ နို့မို့ရင် ရွှန်က စလပ်ဂ်ဟွန်းကို ဝင်တိုက်ပစ်မှာ။ "ဒီနေ့ သူမွေးနေ့ပါ၊ ပါမောက္ခ" သူက တိုးလျှိုးစွာ ပြောတယ်။

"အိုး၊ ကောင်းပြီ၊ ဝင်ခဲ့ကြ၊ ဒီလိုဆိုရင်၊ ဝင်ခဲ့" စလပ်ဂ်ဟွန်းက သက်ညှာစွာ ပြောတယ်။ "ကျုပ်အထုပ်ထဲမှာ လိုအပ်တာရှိတယ်၊ ဒီဖြေဆေး မခက်ဘူး . . . ."

ရွှန်ဟာ စလပ်ဂ်ဟွန်းရဲ့ ပူနွေးပြီး ကျပ်သပ်တဲ့ စာကြည့်ခန်းထဲ ပြေးဝင်တယ်။ ပန်းပွားပါတဲ့ ခြေတင်ခုံနဲ့ တိုက်မိသွားတယ်။ ဟယ်ရီ့လည်ပင်းကို အမြန်ဖက်ထားမှ ပြန်ပြီးဟန်ချက်ရသွားတယ်။ သူက တိုးတိုးပြောတယ်။ "သူမမြင်ဘူး၊ မမြင်ဘူး မဟုတ်လား"

"သူမ မလာသေးဘူး" ဟယ်ရီက ပြောတယ်။ စလပ်ဂ်ဟွန်း ဆေးစပ်ဖို့ အထုပ်ဖြည်ပြီး ခရစ်ဆယ်ပုလင်းလေးထဲကို ဟိုဟာ ထည့်လိုက်၊ ဒီဟာ ထည့်လိုက် လုပ်နေတာကို ကြည့်နေတယ်။

"ဒါဆို ကောင်းပြီ" ရွှန်က ပြင်းပြစွာ ပြောတယ်။ "ငါ့ကြည့်ရတာ ဘယ့်နှယ်နေလဲ"

"သိပ်သားနားတယ်" စလပ်ဂ်ဟွန်းက ရွှန့်ကို ကြည်လင်တဲ့အရည် တစ်ခွက် ပေးလိုက်တယ်။ "သောက်လိုက်၊ ဒါက အာရုံကြောအားဆေး၊ သူမလာတဲ့အခါမှာ မင်း တည်ငြိမ်မှုရစေမယ်"

"သိပ်ကောင်းတာပဲ" ရွှန်က စိတ်အားတက်ကြွစွာ ပြောတယ်။ ဖြေဆေးကို တဂွတ်ဂွတ်နဲ့ မော့ချလိုက်တယ်။

ဟယ်ရီနဲ့ စလပ်ဂ်ဟွန်းက သူ့ကို အကဲခတ်နေတယ်။ ခဏတာအချိန် တစ်ခုမှာ၊ ရွှန်က တဟီးဟီးနဲ့ သူတို့ကို ကြည့်နေတယ်။ ဒီနောက်၊ အပြုံးတွေ တတိတတိနဲ့ ပျောက်ကွယ်သွားတယ်။ အလွန့်အလွန် ထိတ်လန့်သွားတယ်။

"ပုံမှန်ပြန်ဖြစ်ပလား" ဟယ်ရီက ရယ်ပြီးမေးတယ်။ စလပ်ဂ်ဟွန်းက တဟောဟောနဲ့ ရယ်တယ်။

"အလွန်ကျေးဇူးတင်တယ်၊ ပါမောက္ခ"

"အားမနာနဲ့၊ ကောင်လေး၊ အားမနာနဲ့" စလပ်ဂ်ဟွန်းက ပြောတယ်။ ရွှန်ဟာ ဘေးရှိလက်တန်းကုလားထိုင်ထဲ ထိုင်ကျသွားတယ်၊ ညှိုးရော်သွားသလို။ "အခု သူလိုအပ်တာ ဟိုဟာ" စလပ်ဂ်ဟွန်းက ဆက်ပြောရင်း၊ သောက်စရာတွေ တင်ထားတဲ့ စားပွဲဆီကို ပျာပျာသလဲ သွားတယ်။ "ကျုပ်မှာ ထောပတ်



ဘီယာ၊ ဝိုင် ရှိတယ်၊ ပြီးတော့ ဝက်သစ်ချနဲ့နှပ်ထားတဲ့ ပျားအရက် နောက်ဆုံးတစ်ပုလင်းလဲ ရှိသေးတယ် . . . . အင်း . . . . အစက ဒမ်ဘယ်လီဒိုးကို ခရစ္စမတ်လက်ဆောင်အဖြစ် ပေးဖို့ . . . . ရှိပစေတော့ . . . ." သူက ပခုံးတွန့်လိုက်တယ်။ "သူ သိမှမသိသေးတာ၊ ကျုပ် ဘာဖြစ်လို့ ဖောက်ပြီး မစ္စတာဝယ်စလီ့ မွေးနေ့ကို ဂုဏ်မပြုရမှာလဲ။ အချစ်နာပျောက်ဖို့ဆိုတာ အရက်ကောင်းတစ်ခွက်ထက် ကောင်းတာ ဘာမှမရှိဘူး . . . ."

သူ တဟားဟားရယ်ပြန်တယ်။ ဟယ်ရီလည်း ရယ်တယ်။ ဒါဟာ အရင်တစ်ခါ အန္တရာယ်ဆန်ဆန် သွေးတိုးစမ်းကြည့်ပြီးနောက် စလပ်ဂ်ဟွန်းနဲ့ နှစ်ယောက်တည်း အတူရှိတာ။ စလပ်ဂ်ဟွန်းကို ပျော်ရွှင်တဲ့ စိတ်အနေအထားမှာ ရှိနေစေရင် . . . . သူ့ကို ဝက်သစ်ချနဲ့နှပ်တဲ့ ပျားအရက် များများသောက်စေရင် . . . ."

"လာ" စလပ်ဂ်ဟွန်းက ဟယ်ရီနဲ့ ရွှန့်ကို တစ်ယောက် ပျားအရက် တစ်ခွက်စီ ပေးတယ်၊ ခွက်မြှောက်ပြီး ပြောတယ်။ "မွေးနေ့ ပျော်ပါစေ၊ ရာလ်ဖ် ——"

" —— ရွှန် —— " ဟယ်ရီက လေသံနဲ့ ပြောတယ်။

ဒါပေမယ့် ရွှန်ဟာ အရက်သောက်မင်္ဂလာစကားကို မကြားသလိုပဲ၊ အရက်ကို ပါးစပ်ထဲ သွန်ချပြီး မျိုချလိုက်ပြီ။

တစ်စက္ကန့်လောက်အချိန်အတွင်း၊ နှလုံးတစ်ချက်ခုန်တဲ့ အချိန်အတွင်းမှာ ကြောက်စရာပြဿနာပေါ်ပြီလို့ ဟယ်ရီ ခံစားရတယ်။ ဒါပေမယ့် စလပ်ဂ်ဟွန်းကတော့ မတွေ့သလိုပဲ။

" —— သင့်ကို ပိုပြီးဆုတောင်း —— "

"ရွှန်"

ရွှန့်ခွက် ပြုတ်ကျသွားတယ်။ ထိုင်ခုံပေါ်က မတ်တတ်ရပ်ချင်တယ်။ ဒါပေမယ့် လဲကျသွားတယ်။ သူ့ခြေလက်တွေ ပြင်းထန်စွာ အကြောဆွဲနေတယ်။ ပါးစပ်က အမြှုပ်တစီစီ ထွက်လာတယ်။ မျက်လုံးကြီး ပြူးထွက်နေတယ်။

"ပါမောက္ခ" ဟယ်ရီ တအားအော်တယ်။ "လုပ်ပါဦး"

ဒါပေမယ့် စလပ်ဂ်ဟွန်းက လန့်ပြီး ငိုင်နေတယ်။ ရွှန်ဟာ အကြောဆွဲနေတယ်၊ အသက်ရှူကျပ်လာတယ်၊ အရေပြား စပြီးစိမ်းလာပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ် —— ဒါပေမယ့် ——" စလပ်ဂ်ဟွန်းက အ,ထစ်စွာ ပြောတယ်။

ဟယ်ရီက စားပွဲပုလေးတစ်လုံးကို ခုန်ကျော်ပြီး စလပ်ဂ်ဟွန်းရဲ့ ဖွင့်ထားတဲ့ ဆေးအိတ်ဆီ ပြေးသွားတယ်။ ဘူး၊ ပုလင်းတွေ ဆွဲထုတ်တယ်။ ရွန်ရဲ့ ကြောက်စရာ တဂူးဂူးနဲ့ အသက်ရှူသံဟာ အခန်းထဲ ပြည့်နေတယ်။ ရှာလို့တွေ့ပြီ —— စလပ်ဂ်ဟွန်းက မှော်ဆေးပညာအချိန်မှာ ယူသွားတဲ့ ကျောက်ကပ်သဏ္ဍာန် ကျောက်ခဲ။

သူ ရွန့်ဆီ ပြန်ပြေးသွားတယ်။ သူ့ပါးစပ်ကို ကော်ဖွင့်ပြီး ဘီးဇောတ် သူ့ပါးစပ်ထဲ ထိုးထည့်တယ်။ ရွန်ဟာ ပြင်းထန်စွာ တုန်ခါသွားပြီး ဂလွတ်ဂလွတ် နဲ့ လေရှိုက်သွင်းရင်း တစ်ကိုယ်လုံး ပျော့ခွေသွားတယ်။



# ၁၉။ မှင်စာလေးအမြီး

"ဒါကြောင့်၊ ချုပ်ပြောရရင်၊ ရွန့်ဒီမွေးနေ့ သိပ်တော့မကောင်းဘူးပေါ့" ဖရက်က ပြောတယ်။

ညအချိန်၊ ကျောင်းဆေးရုံ အလွန်ငြိမ်သက်တယ်။ ပြတင်းလိုက်ကာ ချထားပြီး မီးထွန်းထားတယ်။ ရွန့်လူနာခုတင်မှာပဲ လူနာရှိတယ်။ ဟယ်ရီ ဟာမီးနဲ့ ဂျင်နီတို့ သူ့အနားမှာ ထိုင်နေတယ်။ သူတို့ အပြင်ဘက်မှာ တစ်နေ ကုန် စောင့်နေတယ်။ ဝင်ထွက်တဲ့လူရှိရင် အတွင်းကို ကြိုးစားကြည့်ကြတယ်။ မဒမ်ဖွမ်ဖရေက ရှစ်နာရီထိုးမှ သူတို့ကို ဝင်ခွင့်ပေးတယ်။ ဖရက်နဲ့ ဂျော့က ရှစ်နာရီဆယ်မိနစ်မှာ ရောက်လာတာ။

"ငါတို့ ဒီလိုလက်ဆောင်ပေးရမယ် မထင်မိဘူး" ဂျော့က မှုန်မှိုင်းစွာ နဲ့ ပြောရင်း လက်ဆောင်ထုပ်ကြီးကို ရွန့်ခုတင်ခေါင်းရင်း ဗီရိုလေးပေါ် တင် လိုက်တယ်။ ဒီနောက် ဂျင်နီ့ဘေးမှာ ထိုင်လိုက်တယ်။

"ဟုတ်တယ်၊ ငါတို့ တွေးထားတာက သူ ခေါင်းကြည်လင်နေတယ်" ဖရက်က ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဟော့ဂ်စ်မိဒ်မှာ သူ့ကို မမျှော်လင့်ဘဲ တအားပျော်သွားအောင် လုပ်ဖို့ စောင့်နေသေးတယ် —" ဂျော့က ပြောတယ်။

"နင်တို့ ဟော့ဂ်စ်မိဒ်မှာ ? ဂျင်နီက မော့ကြည့်ပြီး မေးတယ်၊

"ငါတို့ ဇွန်ခိုဆိုင်ကို ဝယ်ချင်တာ" ဖရက်က စိတ်ပျက်လက်ပျက်နဲ့ ပြောတယ်။ ဟော့ဂ်စ်မိဒ်ဆိုင်ခွဲ ဖွင့်ချင်တာ။ ဒါပေမယ့် တကယ်လို့ နင်တို့ အပတ်ကုန်ရက်တွေမှာ အဲဒီကို ဈေးဝယ်မသွားရဘူးဆိုရင်၊ အဲဒီဆိုင် ဘာ အသုံးကျမှာလဲ . . . . ဒါပေမယ့် အခု အဲဒါမပြောနဲ့တော့"

သူက ထိုင်ခုံတစ်လုံးဆွဲပြီး ဟယ်ရီ့အနားမှာ ထိုင်လိုက်တယ်။ ရွှန်း ဖြူယော်တဲ့မျက်နှာကို ကြည့်နေတယ်။

"ဒီကိစ္စ ဘယ်လိုဖြစ်တာလဲ၊ ဟယ်ရီ"

ဟယ်ရီက သူ ဒမ်ဘလီဒိုး၊ မက်ဂေါ်နာဂေါ်၊ မဒမ်ဖွမ်ဖရေ၊ ဟာမီး ဂျင်နီ စသူတို့ကို အကြိမ်တစ်ရာလောက် ပြောပြပြီးတဲ့ပုံပြင်ကို တစ်ခါထပ် ပြောပြန်တယ်။

" . . . . ဒီနောက် ငါ ဘီးဇော့ကို သူ့လည်ချောင်းထဲ ထိုးထည့်တယ် သူ အသက်ရှူ ပြေပြစ်လာတယ်။ စလပ်ဂ်ဟွန်းက လူသွားခေါ်တယ်၊ မက်ဂေါ် နာဂေါ်နဲ့ မဒမ်ဖွမ်ဖရေ ရောက်လာတယ်။ ရွှန်းကို ဒီသယ်လာတယ်။ သူတို့က သူကောင်းသွားမယ်လို့ ထင်တယ်။ မဒမ်ဖွမ်ဖရေက ပြောတယ်၊ သူ ဒီမှာ တစ်ပတ် နှစ်ပတ် နေရဦးမယ်တဲ့ . . . . ရူးဆေးဆီကို ဆက်သောက်ရဦးမယ်"

"အမလေး၊ မင်း ဘီးဇော သတိရလို့သာ" ဂျော့က တိုးတိုးပြောတယ်။

"အခန်းထဲမှာ တစ်ခုရှိနေလို့ ကံကောင်းတာ" ဟယ်ရီက ပြောတယ်။ အဲဒီကျောက်ခဲလေး မတွေ့ရင် ဆိုတာ စဉ်းစားပြီး သူ တစ်ကိုယ်လုံး အေးစက် သွားတယ်။

ဟာမီးဟာ မကြားရသလောက် ရှိုက်သံတစ်သံ ထွက်လာတယ်။ သူမ ဒီနေ့တစ်နေ့လုံး အလွန်ငြိမ်သက်နေတယ်။ ခုနက သူမမျက်နှာ ဖြူယော်ပြီး ကျောင်းဆေးရုံအဝထိ ပြေးလာတယ်။ ဟယ်ရီ့ကို အကျိုးအကြောင်းမေးတယ် ပြီးနောက် သူမဟာ ဟယ်ရီနဲ့ ဂျင်နီတို့ ရွှန်း ဘယ်လိုအဆိပ်မိတာလဲဆိုတဲ့ အငြင်းအခုန် ဆွေးနွေးတာကို ဝင်မပါဘဲ အံကြိတ်နေတယ်၊ တုန်လှုပ် ချောက်ချားစွာနဲ့ ဘေးမှာရပ်နေတယ်။ သူတို့ကို လူနာဝင်မေးခွင့်ပေးတဲ့အထိပဲ။

"အမေတို့ အဖေတို့ သိလား" ဖရက်က ဂျင်နီကို မေးတယ်။



"သူတို့ သူ့ကို လာကြည့်သွားပြီ၊ လွန်ခဲ့တဲ့ တစ်နာရီတလာတာ — အခု ဒမ်ဘလီဒိုးရုံးခန်းထဲမှာ။ ဒါပေမယ့် မကြာခင်ပြန်လာမှာ . . . ."

ခဏရပ်နေပြီး၊ ရွှန်း မူးမူးနဲ့အိပ်နေရင်း တိုးတိုးစကားပြောတာကို ကြည့်နေတယ်။

"အဆိပ်က အရက်ထဲမှာ ?" ဖရက်က တိုးတိုးမေးတယ်။

"ဟုတ်တယ်" ဟယ်ရီ ချက်ချင်းပြောတယ်။ သူ အခု တခြားဘာမှ မတွေးနိုင်ဘူး။ ဒီပြဿနာကို ပြန်ဆွေးနွေးနိုင်တာ အလွန်ဝမ်းသာတယ်။ "စလပ်ဂ်ဟွန်းက ၄င်းကို —"

"မင်း သတိမထားတုန်းမှာ ရွှန့်ခွက်ထဲ တစ်ခုခု သူ ထည့်မလား"

"ဖြစ်နိုင်တယ်။ ဒါပေမယ့် စလပ်ဂ်ဟွန်းက ဘာဖြစ်လို့ ရွှန့်ကို အဆိပ် ခတ်ရမှာလဲ"

"မသိဘူး" ဖရက်က မျက်မှောင်ကြုတ်သွားတယ်။ "သူ ဖန်ခွက်တွေ ရော ရှုပ်ကုန်တယ်လို့ မင်း ထင်သလား။ မူလက မင်းကို လုပ်ချင်တာ"

"စလပ်ဂ်ဟွန်းက ဘာဖြစ်လို့ ဟယ်ရီ့ကို အဆိပ်ခတ်ရမှာလဲ" ဂျင်နီ က မေးတယ်။

"ငါ မသိဘူး" ဖရက်က ပြောတယ်။ "ဒါပေမယ့် ဟယ်ရီ့ကို သတ် ချင်တဲ့လူ အများကြီးရှိမှာ သေချာတယ်၊ ဟုတ်လား၊ အရွေးချယ်ခံရသူလေ"

"နင်က စလပ်ဂ်ဟွန်းကို ဒက်အီတာလို့ ထင်လို့လား" ဂျင်နီက မေးတယ်။

"ဘာမဆိုဖြစ်နိုင်တယ်" ဖရက်က သုန်မှုန်စွာ ပြောတယ်။

"သူ ဝိညာဉ်လုကျိန်စာ မိနေချင်မိနေမှာ" ဂျော့က ဝင်ပြောတယ်။

"သူ အပြစ်မဲ့တာလဲ ဖြစ်နိုင်တယ်" ဂျင်နီက ပြောတယ်။ "အဆိပ် ကို အရက်ပုလင်းထဲ ထည့်ထားတာလဲ ဖြစ်လိမ့်မယ်၊ ဒါဆို လုပ်ချင်တာက စလပ်ဂ်ဟွန်းပဲပေါ့"

"ဘယ်သူ စလပ်ဂ်ဟွန်းကို သတ်ချင်မှာလဲ"

"ဒမ်ဘလီဒိုးက ဗိုလ်ဒီမွန့်ဟာ စလပ်ဂ်ဟွန်းကို သူ့ဘက်ဆွဲခေါ်ချင် တယ်လို့ ထင်တယ်" ဟယ်ရီက ပြောတယ်။ "စလပ်ဂ်ဟွန်းဟာ ဟော့ဂ်ဝပ်ကို မလာခင်မှာ တစ်နှစ်တောင် ပုန်းနေပြီးပြီ။ ပြီးတော့လဲ . . . ." သူက ဒမ် ဘလီဒိုးဟာ စလပ်ဂ်ဟွန်းဆီက မရသေးတဲ့ မှတ်ဉာဏ်တချို့ကို တွေးမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသိဒ္ဓန်က သူ့ကို သုတ်သင်ချင်တာလဲ ဖြစ်မယ်၊ သူဟာ ဒမ်ဘလီဒိုးအတွက် အလွန်တန်ဖိုးရှိမယ်လို့ ထင်လို့"

"ဒါပေမယ့် စလပ်ဂ်ဟွန်းက အဲဒီအရက်ပုလင်းကို ဒမ်ဘလီဒိုးကို ခရစ္စမတ်စ်လက်ဆောင်အဖြစ်ပေးဖို့လို့ နင် ပြောတယ်" ဂျင်နီက သူ့ကို သတိပေးတယ်။ "ဒါကြောင့် အဆိပ်ခတ်သူဟာ ဒမ်ဘလီဒိုးကို ရည်ရွယ်တာလဲ ဖြစ်နိုင်တယ်"

"ဒါဆိုရင် အဆိပ်ခတ်သူဟာ စလပ်ဂ်ဟွန်းကို သိပ်နားမလည်လို့ပဲ" နာရီပေါင်းများစွာမှာ ဟာမီး ပထမဆုံး စကားပြောတာပဲ၊ ကြားရတာ နှာစေးနေသလိုပဲ။ "စလပ်ဂ်ဟွန်းကို သိနားလည်တဲ့လူတွေသိတာက၊ စလပ်ဂ်ဟွန်းဟာ စားလို့အကောင်းဆုံးအရာကို မိမိအတွက် ချန်ထားနိုင်တယ်ဆိုတာပဲ"

"အဲ-မိုင်-နီး" ရွန်က ရုတ်တရက် အသံအအနဲ့ အော်ပြောတယ်။

အားလုံး ငြိမ်သွားတယ်။ စိုးရိမ်စွာနဲ့ သူ့ကို ကြည့်နေတယ်။ ဒါပေမယ့် သူက ဗလုံးဗထွေးနဲ့ သူများနားမလည်တဲ့ စကားတွေ ပြောပြီးနောက် ဟောက်နေပြန်တယ်။

လူနာခန်းတံခါး ရုတ်တရက် ပွင့်သွားတယ်။ သူတို့အားလုံး လန့်သွားတယ်။ ဟက်ဂရစ် ခြေလှမ်းကျဲကျဲနဲ့ ဝင်လာတယ်။ သူ့ဆံပင်ပေါ်မှ မိုးရေတွေ စိုလို့၊ ဝံရေအပေါ်အင်္ကျီကြီးဟာ နောက်ဘက်မှာ တဘတ်ဘတ်နဲ့၊ လက်ထဲမှာ လေးကိုင်ထားတယ်။ ကြမ်းပေါ်မှာ လင်းပိုင်ငါးအရွယ် ရွှံ့ခြေရာတွေ ဖြစ်လာတယ်။

"တစ်နေကုန် သစ်တောထဲမှာ" သူက ဟောဟဲ ဟောဟဲနဲ့ ပြောတယ်၊ "အရာဂေါ့ အပြင်းဖျားနေတယ်။ ကျုပ် သူ့ကို စာဖတ်ပြတယ် — ခုမှ ညစာလာစားတာ။ ပါမောက္ခ စပရောက်က ရွန့်အကြောင်း ပြောပြတယ်။ သူ ဘယ့်နှယ်နေလဲ"

"မဆိုးဘူး" ဟယ်ရီက ပြောတယ်၊ "သူတို့က သူကောင်းလာမှာလို့ ပြောတယ်"

"တစ်ကြိမ်မှာ လူမမာမေးသူ ခြောက်ယောက်ထက် မပိုရဘူး" မဒမ်ပွမ်ဖရေဟာ ရုံးခန်းကနေ ကမန်းကတမ်း ပြေးလာတယ်။

"ဟက်ဂရစ်အပါ ခြောက်ယောက်" ဂျော့က ထောက်ပြတယ်။

"အို်း . . . . မှန်တယ် . . . ." မဒမ်ပွမ်ဖရေဟာ ဧရာမအကောင်



ကြီးတဲ့ ဟက်ဂရစ်ကို လူအချို့လို့ ထင်မှားပုံရတယ်။ သူမအမှားကို ဖုံးကွယ်ဖို့အတွက်၊ သူမဟာ မော့်ကြိမ်လုံးနဲ့ သူ့ရွှံ့ခြေရာတွေကို အမြန်သွားသုတ်သင်တယ်။

"ကျုပ် မယုံဘူး" ဟက်ဂရစ်က ရွန့်ကို ငုံ့ကြည့်ပြီး ရှုပ်ပွတဲ့ သူ့ခေါင်းကြီးကို ခါလိုက်ရင်း အသံဩဩနဲ့ ပြောတယ်။ "ယုံကိုမယုံဘူး . . . . သူ ဟိုမှာလှဲနေတာ မြင်ရတယ် . . . . ဘယ်သူ သူ့ကို ဒုက္ခပေးတာလဲ"

"အဲဒါ ကျွန်တော်တို့ဆွေးနွေးနေတဲ့ ပြဿနာပဲ" ဟယ်ရီက ပြောတယ်။ "ကျွန်တော်တို့လဲ မသိဘူး"

"ခွေဒစ်အသင်းကို ဖျက်ဆီးချင်တဲ့လူများ ရှိလို့လားမသိဘူး" ဟက်ဂရစ်က စိုးရိမ်စွာ ပြောတယ်။ "အရင်ဆုံးက ခက်ထီ၊ အခုက ရွန် . . . ."

"ခွေဒစ်အသင်းကို ဖျက်ဆီးချင်တာ ငါ မမြင်ဘူး" ဂျော့က ပြောတယ်။

"အပြစ်ပေးမခံရဘူးဆိုရင်၊ ဝုဒ်က စလေးသရင်းအသင်းကို ဒီလို လုပ်မှာ" ဖရက်က နည်းနည်းတရားမျှတတယ်။

"ငါထင်တယ်၊ ခွေဒစ်အတွက် မဟုတ်ဘူး။ ဒါပေမယ့် အရေးကိစ္စနှစ်ခုကြားမှ ဆက်သွယ်မှုရှိတယ်" ဟာမီးက တိုးတိုးပြောတယ်။

"ဘယ်လိုလုပ်သိလဲ" ဖရက်က မေးတယ်။

"အင်း၊ ပထမတစ်ခုက၊ နှစ်ချီစလုံးဟာ သေတဲ့အထိ ဖြစ်ရမှာ၊ ဒါပေမယ့် မသေဘူး။ ဒါ ကံအကြောင်းသက်သက်တော့ သက်သက်ပေါ့။ နောက်တစ်ခုက အဆိပ်နဲ့လည်ဆွဲဟာ မူလရည်ရွယ်တဲ့လူကို မထိသလိုပဲ။ အမှန်ပဲ" သူမက ငေးမှိုင်ကာ ပြောတယ်။ "ဒီလိုဆိုရင် နောက်ကွယ်ကလူက ပိုအန္တရာယ်ရှိတယ်။ သူတို့ဟာ တကယ့်ပစ်မှတ်ကို တိုက်ခိုက်ဖို့အတွက် လူ ဘယ်လောက်သေသေ"

ဘယ်သူမှ ဒီလိုနိမိတ်မရှိတဲ့ ကြိုဟောစကားကို ပြန်မဖြေဘူး။ လူနာအခန်းတံခါး ပွင့်သွားပြန်တယ်။ ဝယ်စလီဇနီးမောင်နှံတို့ လူနာခုတင်ဆီ အမြန်လာကြတယ်။ သူတို့ အရင်တစ်ခါ လာမေးတာဟာ ရွန် လုံးဝပြန်ကောင်းမယ်ဆိုတာ သေချာချင်လို့၊ အခု မစ္စစ်ဝယ်စလီက ဟယ်ရီ့ကို ဖမ်းကိုင်ပြီး သူ့ကို တင်းတင်းဖက်ထားတယ်။

"ဒမ်ဘလီဒိုးက မင်း ဘီဇောကျောက်နဲ့ သူ့ကို ကယ်ခဲ့တာ ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



တယ်" သူမက ရှိက်ငိုရင်း ပြောတယ်။ "အိုး၊ ဟယ်ရီ၊ ငါတို့ ဘာပြောရင် ကောင်းမလဲ။ မင်း ဂျင်နီကို ကယ်ဖူးတယ် . . . . အာသာကို ကယ်ဖူးတယ် . . . . အခုလဲ ရွန်နဲ့ကို ကယ်တယ် . . . ."

"မလုပ်ပါနဲ့ . . . . ကျွန်တော် မ . . . ." ဟယ်ရီက မနေတတ်သဲ ပြောတယ်။

"အခု သေချာတွေးကြည့်လိုက်တော့၊ ငါတို့မိသားစု လူတစ်ဝက်ရဲ့ အသက်ကို မင်းကယ်ခဲ့တာပဲ" မစ္စတာ ဝယ်စလီက ဆို့နင့်စွာ ပြောတယ်။ "ကျုပ်ပြောနိုင်တာကတော့၊ ရွန်ဟာ ဟော့ဂ်ဝပ်အသင်းအမြန်ရထားပေါ်မှာ မင်း တွဲခန်းထဲထိုင်ဖို့ ဆုံးဖြတ်တာဟာ၊ တကယ်ပဲ ကံကောင်းတဲ့နေ့တစ်နေ့ပဲ ဟယ်ရီ"

ဟယ်ရီဟာ ဘယ်လိုပြန်ဖြေရမှန်း မသိဘူး။ မဒမ်ဖွမ်ဖရေက ရွန့် အနားမှာ လူနာမေးသူ ခြောက်ယောက်ပဲ ရှိရမယ်လို့ သတိပေးလာပြန်တဲ့ အခါမှာ၊ သူ ကံကောင်းတယ်လို့တောင် ထင်တယ်။ ဟယ်ရီနဲ့ ဟာမီး ချက်ချင်း ထထွက်သွားကြတယ်။ ဟက်ဂရစ်က သူတို့နဲ့ အတူသွားဖို့ ဆုံးဖြတ်လိုက်တယ်။ ရွန့်ကို သူ့မိသားစုနဲ့ အတူနေစေခဲ့တယ်။

"သိပ်ကြောက်စရာပဲ" ဟက်ဂရစ်က မိမိနှုတ်ခမ်းမွေး လွင့်ပျံ့သွားအောင် ပြောတယ်။ သုံးယောက်သား မာဘော်ကျောက်လှေကားအတိုင်း သွားတယ်။ "လုံခြုံရေး စနစ်သစ်တွေ ဒီလောက်များများလုပ်ပြီးတာတောင် ဒုက္ခရာရတဲ့ ကလေးတွေ ဆက်ရှိနေတယ် . . . . ဒမ်ဘယ်လီဒိုး သိပ်စိတ်ပူနေတယ် . . . . သူ သိပ်မပြောဘူး၊ ဒါပေမယ့် ကျုပ် သိတယ် . . . ."

"သူ ဘာအကြံမှမထုတ်ဘူးလား။ ဟက်ဂရစ်" ဟာမီးက လောလော မေးတယ်။

"သူ့မှာ အကြံ ရာနဲ့ချီရှိတယ်လို့ ကျုပ်ထင်တယ်။ သူလိုဦးနှောက် မျိုးဟာ" ဟက်ဂရစ်က သစ္စာရှိစွာ ပြောတယ်။ "ဒါပေမယ့် လည်ဆွဲကို ဘယ်သူ ပေးတယ်၊ အရက်ထဲကို ဘယ်သူအဆိပ်ခတ်တယ်ဆိုတာ မသိဘူး။ နို့မို့ရင် အစောကြီးကတည်းက သူတို့ကို ဖမ်းပစ်မှာ၊ ဟုတ်လား။ ကျုပ်စိတ်ပူတာက" ဟက်ဂရစ်က အသံနှိမ့်ပြီး နောက်လှည့်ကြည့်လိုက်တယ် (ဟယ်ရီကတော့ မျက်နှာကြက်ပေါ်မှာ သရဲဖီးဗိစ် ရှိ မရှိ ကူကြည့်ပေးတယ်)။ "ဒီလို ဆက်တိုက် ကြီး ကလေးတွေ ပြဿနာဖြစ်ရင်၊ ဟော့ဂ်ဝပ် ဘယ်လောက်ဆက်ဖွင့်နိုင်ဦး



မှာလဲ။ ဒါ လျှို့ဝှက်အခန်းအရေးအခင်းလို ဖြစ်မနေပြန်ဘူးလား။ လူတွေ တထိတ်ထိတ်ဖြစ်စေပြီး၊ မိဘတွေက ကလေးတွေကို လာခေါ်သွားမယ်၊ ဒီနောက် ကျောင်းအုပ်ချုပ်ရေးအဖွဲ့က . . . ."

ဆံပင်ရှည်အမျိုးသမီးဝိညာဉ်တစ်ခု တိတ်တိတ်လေး လွင့်လာတော့ ဟက်ဂရစ် စကားအပြောရပ်လိုက်တယ်။ ဒီနောက် အသံအက်အက်နဲ့ တိုးတိုး ပြောတယ်။ "ကျောင်းအုပ်ချုပ်ရေးအဖွဲ့က ကျုပ်တို့ကို ပိတ်ပစ်ဖို့ ဆွေးနွေးမှာ"

"မဖြစ်နိုင်ပါဘူးနော်" ဟာမီးက စိတ်ပူစွာ မေးတယ်။

"မင်း သူတို့အမြင်ကနေ ကြည့်မှ" ဟက်ဂရစ်က လေသံလေးလေးနဲ့ ပြောတယ်။ "ကလေးတွေကို ဟော့ဂ်ဝပ်ပို့ရင် အန္တရာယ်နည်းနည်းတော့ ရှိမယ်၊ ဟုတ်လား။ အရွယ်မရောက်သေးတဲ့ မှော်ဆရာ ရာအချို့ကို တစ်နေရာတည်း စုပိတ်ထားရင်၊ ရှောင်တခင်ကိစ္စ မရှောင်မလွဲရှိမှာပဲ၊ ဟုတ်လား။ အဲဒါကျတော့ မတူဘူး။ ဒါကြောင့် ဒမ်ဘယ်လီဒိုးက စနိတ်ပ်ကို သိပ်ပြီး ——"

ဟက်ဂရစ် ရုတ်တရက် ရပ်လိုက်တယ်။ ရှုပ်ပွတဲ့ မုတ်ဆိတ်ကြားက ပေါ်နေတဲ့မျက်နှာဟာ ရင်းနှီးပြီးသား အပြစ်ရှိတဲ့အမူအရာ ပေါ်နေတယ်။

"ဘာလဲ ?" ဟယ်ရီက ချက်ချင်းမေးတယ်။ "ဒမ်ဘယ်လီဒိုး စနိတ်ပ်ကို စိတ်ဆိုးတယ် ?"

"ကျုပ် ဒီလိုမပြောဘူး" ဟက်ဂရစ်က ငြင်းတယ်။ ဒါပေမယ့် ၎င်းရဲ့ ထိတ်ပျာတဲ့ပုံက အကောင်းဆုံး ဖွင့်ချနေတယ်။ "အချိန်ကြည့်ဦး၊ ဆယ့်နှစ်နာရီ ထိုးတော့မယ်၊ ကျုပ်လဲ ——"

"ဟက်ဂရစ်၊ ဒမ်ဘယ်လီဒိုးက စနိတ်ပ်ကို ဘာဖြစ်လို့ စိတ်ဆိုးတာလဲ" ဟယ်ရီက အကျယ်ကြီးမေးတယ်။

"ရှူး" ဟက်ဂရစ်က ပြောတယ်။ သူ့ကြည့်ရတာ ထိတ်လည်းထိတ် နေပြီး ဒေါသလည်း ထွက်နေတယ်။ "ဒီစကားမျိုး အော်မပြောနဲ့၊ မင်းက ငါ့ကို အလုပ်ပြုတ်စေချင်လို့လား။ အိုး၊ မင်း ဘယ်အရေးလုပ်မှာလဲ၊ ဟုတ်လား။ မင်း ထူးဆန်းသတ္တဝါ —— စွန့်လွှတ်လိုက်ပြီပဲ"

"ကျွန်တော့်ကို အပြစ်ရှိတယ်လို့ ခံစားရအောင်လုပ်ဖို့ မကြိုးစားနဲ့ အလကားပဲ" ဟယ်ရီက ပြင်းထန်စွာ ပြောတယ်။ "စနိတ်ပ် ဘာလုပ်ခဲ့လဲ"

"ကျုပ် မသိဘူး၊ ဟယ်ရီ၊ ကျုပ် နားမထောင်သင့်ပါဘူး။ ကျုပ် —— ကောင်းပြီ၊ ဟိုနေ့က ကျုပ် သစ်တောထဲက ထွက်လာတယ်၊ သူတို့ စကားပြော

www.burmeseclassic.com

www.burmeseclassic.com



နေတာ ကြားရတယ် —— စကားများနေတယ်။ ကျုပ်က သူများသတိပြုမိမှာကို မကြိုက်ဘူး၊ ဒါနဲ့ နောက်က ဖြည်းဖြည်းလျှောက်လာတယ်၊ ကြိုးစားပြီး နားမထောင်ဘူး။ ဒါပေမယ့် အဲဒါ —— ပြင်းထန်တဲ့ ဆွေးနွေးခြင်းတစ်ခု၊ နားမထောင်ချင်လို့လဲ မရဘူး"

"ပြောလေ" ဟယ်ရီက တိုက်တွန်းတယ်။ ဟက်ဂရစ်ရဲ့ခြေထောက်ကြီးဟာ စိုးရိမ်စွာနဲ့ လှုပ်သွားတယ်။

"အင်း —— စနိတ်ပ်က ဒမ်ဘာလီဒိုးဟာ သူ့ဖာသာတွေးထင်တာ သိပ်များတယ်၊ သူ —— စနိတ်ပ် —— မလုပ်ချင်တော့ဘူး —— လို့ပဲ ကျုပ်ကြားတယ် ——"

"ဘာလုပ်နေတာလဲ"

"ကျုပ် မသိဘူး၊ ဟယ်ရီ၊ ကြားရတာ စနိတ်ပ်က အလုပ်သိပ်များလို့ လို့ပဲ၊ ဒီအတိုင်းပဲ —— ဒါပေမယ့် ဒမ်ဘာလီဒိုးက စနိတ်ပ် လုပ်ဖို့သဘောတူထားတာ ပြောစရာမလိုဘူးလို့ ဒဲ့ဒိုးပဲ ပြောတယ်။ သူ့ကို ဆက်ဆံတာ တင်းမာတယ်။ ဒီနောက် စနိတ်ပ်ကို သူ့ဟောက်စ်ကျောင်း စလေးသရင်းကို စစ်ဆေးဖို့ ပြောတယ်။ အင်း၊ ဒါ ဘာမှမထူးဆန်းပါဘူး" ဟက်ဂရစ်က ဟယ်ရီနဲ့ ဟာမီးတို့ အဓိပ္ပာယ်ရှိရှိနဲ့ အပြန်အလှန် ကြည့်လိုက်တာမြင်တော့ အမြန်ပြောတယ်။ "ဟောက်စ်ကျောင်းအားလုံးရဲ့ ကျောင်းအုပ်တွေ လည်ဆွဲကိစ္စကို စုံစမ်းစစ်ဆေးရမယ် ——"

"ဟုတ်တယ်၊ ဒါပေမယ့် ဒမ်ဘာလီဒိုးဟာ သူများနဲ့ စကားမများဘူး ဟုတ်လား" ဟယ်ရီက ပြောတယ်။

"နားထောင်" ဟက်ဂရစ်က ပြောတယ်။ အနေရကျပ်စွာ ဒူးလေးကြိုးကို ဆွဲဆွဲလိမ်နေတယ်။ ကျယ်လောင်စွာမြည်သံနဲ့အတူ ဒူးလေးကြိုး နှစ်ပိုင်းကျိုးသွားတယ်။ "မင်း စနိတ်ပ်အပေါ် ဘယ်လိုတွေးတယ်ဆိုတာ ကျုပ်သိတယ်၊ ဟယ်ရီ၊ မှုလက မရှိတဲ့ဟာကို မင်း သံသယနဲ့ မစဉ်းစားစေချင်ဘူး"

"သတိထား" ဟာမီးက လောလောပြောတယ်။

သူတို့ လှည့်ကြည့်တော့ အားဂတ်စ်-ဖစ်ချ်ရဲ့အရိပ်ဟာ သူတို့ကျောဘက်က နံရံပေါ် လာကျနေပြီ။ ဒီနောက် သူကိုယ်နှိုက်က ကွေ့ချိုးကနေ ထွက်လာတယ်။ သူဟာ ခါးကုန်းနေပြီ၊ မေးက အသားပိုတွေ လှုပ်ခါနေတယ်။



"အိုးဟို" သူက တဟူးဟူးနဲ့ ပြောတယ်။ "ဒီလောက်နောက်ကျတာတောင် မအိပ်သေးဘူး၊ ကျောင်းပိတ်မယ်"

"ဟင့်အင်း၊ ဖစ်ချ်" ဟက်ဂရစ်က ချက်ချင်းပြောတယ်။ "သူတို့ ကျုပ်နဲ့အတူ ရှိနေတယ်၊ ဟုတ်တယ်မဟုတ်လား"

"ဒါ ဘာများကွာလို့လဲ" ဖစ်ချ်က မုန်းတီးစွာ မေးတယ်။

"ကျုပ်က ဆရာ၊ မဟုတ်ဘူးလား။ မင်း နိုးကြောင်ခိုးဝှက်နဲ့ ပိတ်ထုံး" ဟက်ဂရစ် ဒေါသထွက်လာတယ်။

ဖစ်ချ် ဒေါပွလာတယ်၊ တရှီးရှီးသံမြည်နေတယ်။ မစ္စစ်နော်ရစ်စ် ဘယ်အချိန်က ရောက်လာမှန်းမသိဘူး၊ ဖစ်ချ်ရဲ့ ခြေမျက်စိပိန်ခြောက်တို့ မွှေလိုရစ်ပတ်နေတယ်။

"သွား" ဟက်ဂရစ်က သွားကြားကနေ စကားညှစ်ထုတ်လိုက်တယ်။

ဟယ်ရီ့ကို နောက်ထပ်သတိပေးဖို့ မလိုဘူး။ သူနဲ့ ဟာမီးတို့ ကမန်းကတန်း ထွက်ပြေးကြတယ်။ ဟက်ဂရစ်နဲ့ ဖစ်ချ်တို့ရဲ့ အသံကျယ်ကျယ်ဟာ ကျောဘက်မှာ မြည်နေတယ်။ ဂရစ်ဖင်းဒေါအိမ်ချွန်ဆီ ချိုးဝင်မယ်လုပ်စဉ်၊ သူတို့ သရဲဖီးဗိစ်နဲ့ တွေ့တယ်။ သူဟာ ဆူညံသံရှိရာကို ပျော်ရွှင်စွာ အပြေးအလွှား သွားနေတယ်၊ တခစ်ခစ်ရယ်ရင်း ပြောတယ်။

ရန်ဖြစ်တာရှိရင်၊ ပြဿနာဖြစ်တာရှိရင်၊
ဖီးဗိစ်ကို ခေါ်၊ သူက ပြဿနာလုပ်မယ်။

မိန်းမဝဝကြီး အိပ်ငိုက်နေတယ်၊ အနှိုးခံရလို့ သိပ်မကြိုက်ဘူး။ ဒေါ်နှာကြီး အိုထားတယ်။ ဒါပေမယ့် လှည့်ဖွင့်ပေးတယ်၊ သူတို့ကို အထဲဝင်ခွင့်ပေးတယ်။ အများနားနေခန်းထဲမှာ ငြိမ်သက်ပြီး လူမရှိလို့ တော်သေးတယ်။ သူတွေဟာ ရွှန်.အဖြစ်ကို မသိကြသေးဘူးနဲ့တူတယ်။ ဟယ်ရီ အများကြီး သက်ရှုချောင်သွားတယ်။ သူ ဒီနေ့ အမေးခံရတာ များလှပြီ၊ ဟာမီးက သူတို့ မင်္ဂလာညပါလို့ နှုတ်ဆက်ပြီး ကျောင်းသူအိပ်ဆောင်ကို ပြန်သွားတယ်။ ဟယ်ရီ နေရစ်ခဲ့ပြီး မီးလင်းဖိုဘေးမှာ မီးလောင်လို့ကုန်တော့မယ့် မီးပြာတွေကို ကြည့်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒမ်ဘာလီဒိုးနဲ့ စနိတ်ပ် စကားများတယ်။ သူဟာ စနိတ်ပ်ကို ဘုံးဝ ယုံတယ်လို့ ဟယ်ရီ့ကို ပြောပြောနေပေမယ့်၊ သူ စနိတ်ပ်ကို ဒေါသထွက်နေပြီ . . . . စနိတ်ပ်ဟာ စလေးသရင်းကို သေချာမစစ်ဆေးဘူးလို့ထင်တယ် . . . . . ဒါမှမဟုတ် စလေးသရင်းကျောင်းသားတစ်ယောက် —— မော်ဖွိုင်းကို မစစ်ဆေးဘူး ?

ဒမ်ဘာလီဒိုးဟာ ဟယ်ရီ ထင်ရာလျှောက်လုပ်မှာစိုးလို့ ဟယ်ရီ့ဖာသာ ဝင်လုပ်မှာစိုးလို့ပဲလား မသိဘူး၊ ဟယ်ရီ သံသဖြစ်နေတဲ့ကိစ္စဟာ ဘာမှမဟုတ်ဘူးလို့ ဟန်ဆောင်နေတာများလား။ ဖြစ်နိုင်တယ်။ ဒီထက် သူဟာ ဟယ်ရီ့ ကျောင်းတက်စဥ် စိတ်တခြားရောက်မှာနဲ့ စလပ်ဂ်ဟွန်းဆီကရတဲ့ စစ်မှန်တဲ့ မှတ်ဉာဏ်ကိစ္စကို လစ်ဟင်းသွားမှာစိုးလို့လည်း ဖြစ်နိုင်တယ်။ အသက်ဆယ့် ခြောက်နှစ်အရွယ် ကျောင်းသားတစ်ယောက်ကို ဆရာဖြစ်သူအပေါ် မသင်္ကာဖြစ်တာ မပြောသင့်ဘူးလို့ ဒမ်ဘာလီဒိုး ထင်လို့လည်း ဖြစ်နိုင်တယ် . . . .

“မင်းဒီမှာကိုး၊ ပေါ်တာ”

ဟယ်ရီ လန့်ပြီး ခုန်ထတယ်၊ မှော်ကြိမ်လုံးကို ဆွဲကိုင်လိုက်တယ်။ သူ အစက အများနားနေခန်းထဲမှာ လူမရှိဘူးလို့ထင်တာ။ အဝေးရှိ ထိုင်ခုံပေါ်ကနေ အကောင်ကြီးတစ်ကောင် ပေါ်လာမယ်ဆိုတာ လုံးဝမတွေးမိဘူး။ ဟယ်ရီ သေချာကြည့်လိုက်တယ်၊ ကော်မက်-မက်လက်ဂင် ဖြစ်နေတယ်။

“မင်းပြန်အလာကို ငါ စောင့်နေတာ” မက်လက်ဂင်က ပြောတယ်။ ဟယ်ရီ ဆွဲထုတ်ထားတဲ့ မှော်ကြိမ်လုံးကို အရေးမလုပ်ဘူး။ “ငိုက်သွားတယ်လို့ တူတယ်။ သူတို့ ဝယ်စလီကို ကျောင်းဆေးရုံထမ်းသွားတာ ငါ မြင်တယ်။ လာမယ့်အပတ်ပြိုင်ပွဲမှာ သူ ဝင်မကစားနိုင်ဘူးနဲ့တူတယ်”

ဟယ်ရီဟာ ခဏနေတော့မှ သူ ဘာပြောတယ်ဆိုတာ နားလည်လာတယ်။

“အိုး . . . . ဟုတ်ပြီ . . . . ခွေဒစ်” သူက မှော်ကြိမ်လုံးကို ဂျင်းဘောင်းဘီခါးပတ်ထဲ ပြန်ထိုးလိုက်ပြီး နွမ်းနယ်စွာနဲ့ ခေါင်းကို သပ်လိုက်တယ်။ “ဟုတ်တယ် . . . . သူ ပါနိုင်မှာမဟုတ်တော့ဘူး”

“ဒါဆို ငါ ဂိုးစောင့်လုပ်သင့်ပြီ၊ ဟုတ်လား” မက်လက်ဂင်က မေးတယ်။

“အား” ဟယ်ရီက ပြောတယ်။ “အား၊ ငါထင်တယ် . . . .”



ဟယ်ရီဟာ ငြင်းဆန်ဖို့အကြောင်း မတွေ့ဘူး။ ဘာပဲဖြစ်ဖြစ် မက်လက်ဂင်ဟာ ရွေးချယ်ပွဲတုန်းက ဒုတိယရထားသူပဲ။

“သိပ်ကောင်းတာပဲ” မက်လက်ဂင်က ကျေနပ်တဲ့လေသံနဲ့ ပြောတယ်။ “ဘယ်တော့လေ့ကျင့်မလဲ”

“ဘာလဲ ? အိုး . . . . မနက်ဖြန်ညမှာ တစ်ကြိမ်ရှိတယ်။

“ကောင်းပြီ၊ ငါပြောတာ နားထောင်၊ ပေါ်တာ၊ ငါ ကြိုတင်ပြောသင့်တယ်၊ ငါ့မှာ နည်းဗျူဟာ တွေးထားတာ ရှိတယ်၊ မင်းအဖို့ အသုံးကျနိုင်တယ်”

“ရတယ်” ဟယ်ရီက သိပ်မလိုက်လှဲ့ဘဲ ပြောတယ်။ “ငါ မနက်ဖြန်မှ နားထောင်ရအောင်၊ အခု သိပ်မောနေတယ် . . . . နောက်တွေ့မယ် . . . .”

ရွှန် အဆိပ်မိတဲ့အကြောင်း နောက်နေ့မှာ အလျင်အမြန် သတင်းပျံ့သွားတယ်။ ဒါပေမယ့် ခက်တီ ဒဏ်ရာရတုန်းကလောက် အာရုံမစိုက်ကြဘူး။ အားလုံးက ဒါ ရှောင်တခင်ဖြစ်တာပဲလို့ တွေးပုံရတယ်။ သူဟာ ထိုစဥ်က မှော်ဆေးဘာသာဆရာ့ရုံးခန်းမှာ။ ပြီးတော့ ချက်ချင်း ဖြေဆေးသောက်လိုက်တယ်။ သိပ်ကြီးကြီးမားမား ပြဿနာမရှိဘူး။ စင်စစ်မှာ၊ ဂရစ်ဖင်းဒေါကျောင်းသားတွေ ပိုဂရုစိုက်တာက ဟာ့ဖ်ဖတ်နဲ့ ပြိုင်ပွဲ။ လူအတော်များများဟာ အဲဒီအသင်း ဘောလိုက်သမား ဇာချာရိုက်စ်-စမစ်ကို နောင်ကြဉ်အောင်လုပ်တာ ကြည့်ချင်နေကြတာ။ အကြောင်းက သူဟာ စလေးသရင်းနဲ့ပြိုင်ပွဲတုန်းက အလွန်ဆိုးဆိုးရွားရွား ပြောဆိုပြီး အစီစဥ်ကြေညာသွားလို့။

ဟယ်ရီဟာ ခွေဒစ်အပေါ် စိတ်ဝင်စားမှု ဘယ်တုန်းကမှ ခုလောက် ကျဆင်းဖူးဘူး။ သူ့စိတ်ဟာ ဂျာခို-မော်ဖွိုင်နဲ့ အလျင်အမြန် ပြည့်သွားတယ်။ အခွင့်ရတာနဲ့ မြေပုံမှာ ရှာကြည့်နေတုန်းပဲ။ တစ်ခါတလေ မော်ဖွိုင်ရှိတဲ့နေရာကို နောက်က ကွေ့သွားတယ်။ ဒါပေမယ့် သူ့မှာ မူမမှန်တဲ့ လှုပ်ရှားမှုရှိတာ ခုထိ မတွေ့ရဘူး။ သို့ပေမယ့်၊ လျှို့ဝှက်တဲ့အချိန်တော့ ရှိနေတယ်။ အဲဒီအချိန်မှာ မော်ဖွိုင်ဟာ မြေပုံပေါ်က လုံးဝပျောက်ကွယ်သွားတယ် . . . .

ဒါပေမယ့် ဟယ်ရီ့မှာ ဒီပြဿနာကို စဥ်းစားဖို့ အချိန်များများ မရှိဘူး။ ခွေဒစ်လေ့ကျင့်တာ လုပ်ရမယ်၊ အိမ်စာလုပ်ရမယ်၊ ပြီးတော့ ဘယ်ရောက်ရောက် မက်လက်ဂင်နဲ့ လာဗင်ဒါတို့ နှောင့်ယှက်တာ ခံရတယ်။

ဒီနှစ်ယောက်အနက် ဘယ်သူပိုစိတ်ပျက်စရာကောင်းလဲဆိုတာ ဟယ်ရီ မဝေခွဲနိုင်ဘူး။ မက်လက်ဂင်ဟာ သူ ဂိုးစောင့်လုပ်ရင် ရွှန့်ထက်

www.burmeseclassic.com

www.burmeseclassic.com



သာမယ်လို့ အရိပ်အမြွက် ပြောပြောနေတယ်။ အခု ဟယ်ရီဟာ သု လေ့ကျင့်တာကို ခဏခဏ မြင်ရတော့ သူနဲ့တူတဲ့ ကောက်ချက်ရလိမ့်မယ်လို့ထင်တယ်။ သူဟာ တခြားဘောသမားတွေကိုလည်း ဝေဖန်ချင်တယ်၊ ဟယ်ရီ့ကို လေ့ကျင့်ရေး အစီအစဉ်တစ်ခု ပေးတယ်၊ ဟယ်ရီဟာ ဘယ်သူ အသင်းခေါင်းဆောင် ဖြစ်တယ်ဆိုတာ သူ့ကို အကြိမ်မနည်း သတိပေးနေရတယ်။

ဒါနဲ့တစ်ပြိုင်နက်၊ လာဗင်ဒါဟာ ခဏခဏ ကပ်ကပ်လာပြီး ရွှန်အကြောင်း ဆွေးနွေးတယ်။ ဒါဟာ မက်လက်ဂင်ရဲ့ ခွေဒစ်ဟောပြောပွဲထက် ပိုပြီးငွေ့စရာကောင်းတယ်လို့ ဟယ်ရီ ထင်တယ်။ စစချင်းမှာ၊ သူမကို ဘယ်သူကမှ ရွှန်ဆေးရုံတက်တာ ပြောပြမယ့်သူမရှိလို့ အလွန်စိတ်ဆိုးတယ် — "ငါက သူ့ရည်းစား" ကံအကြောင်းမလှတာက၊ သူမဟာ အခု ဟယ်ရီ သင်မေ့တာကို ခွင့်လွှတ်မယ်ဆိုပြီး သူနဲ့ ရွှန်ရဲ့ စိတ်ခံစားချက်နဲ့ ပတ်သက်တာကို နက်ရှိုင်းစွာ ဆွေးနွေးချင်တယ်။ ဒီလို နေရအလွန်ခက်တဲ့ အတွေ့အကြုံမျိုး ဟယ်ရီအဖို့ မရှိတာက ကောင်းသေးတယ်။

"ငါပြောမယ်၊ နင် ဘာဖြစ်လို့ ဒါတွေကို ရွှန်နဲ့ မပြောတာလဲ" ဟယ်ရီက မေးတယ်၊ ရှည်လျားစွာ မေးခွန်းထုတ်တဲ့ စကားပြောဆိုတဲ့အထဲမှာ လာဗင်ဒါဟာ ရွှန်က သူမဝတ်ရုံရှည်အသစ်ကို ဘာတွေပြောသလဲကနေ ရွှန်က သူမအပေါ်မှာ "တကယ်" လို့ ဟယ်ရီ ထင်သလားအထိ ဘာမျိုး ပြောတယ်။

"ဟုတ်တယ်၊ ငါက မေးဖို့ပဲ။ ဒါပေမယ့် ငါ သူ့ဆီသွားတိုင်း သူ အိပ်ချည်းနေတယ်" လာဗင်ဒါက စိတ်ညစ်စွာ ပြောတယ်။

"ဟုတ်လား" ဟယ်ရီက အံ့အားသင့်သွားတယ်။ အကြောင်းက သူ ကျောင်းဆေးရုံသွားတိုင်း ရွှန်နိုးနေတာချည်းမို့ပဲ။ ဒမ်ဘလီဒိုးနဲ့ စနိတ်ပ် စကားများတဲ့သတင်းကို သိပ်စိတ်ဝင်စားတယ်။ မက်လက်ဂင်ကိုလည်း အတတ်နိုင်ဆုံး မွှတ်ချနေတယ်။

"ဟာမီး-ဂရန်ဂျာ သူ့ကို သွားတွေ့သေးလား" လာဗင်ဒါက ရုတ်တရက် မေးတယ်။

"အင်း၊ သွားတယ်ထင်တယ်။ သူတို့က သူငယ်ချင်းတွေပဲ၊ ဟုတ်လား" ဟယ်ရီက မနေတတ်ဘဲ ဖြေတယ်။

"သူငယ်ချင်း၊ ငါ့ကို ရယ်ချင်အောင်မလုပ်နဲ့" လာဗင်ဒါက အထင်



သေးစွာနဲ့ ပြောတယ်။ "ရွှန်နဲ့ ငါ ချိန်းတွေ့ကြပြီးနောက် သူမဟာ သူနဲ့ အပတ်အချို့ စကားမပြောဘူး။ ဒါပေမယ့် သူမဟာ သူနဲ့ ပြန်သင့်မြတ်ချင်တယ်လို့ ငါ ခန့်မှန်းတယ်။ အခု သူဟာ သိပ်စိတ်ဝင်စားစရာကောင်းလို့ . . . ."

"အဆိပ်မိတာ စိတ်ဝင်စားစရာကောင်းတယ်လို့ နင်ပြောတယ် ? မှိုမစေတော့ — အားနာပါတယ်၊ ငါ သွားရတော့မယ် — မက်လက်ဂင် ခွေဒစ်အကြောင်း လာပြောတော့မယ်" ဟယ်ရီက အမြန်ပြောပြီး ဘေးရှိ နံရံ ထန်ဆောင်ထားတဲ့ တံခါးတစ်ချပ်ထဲ ပြေးဝင်သွားတယ်။ ဖြတ်လမ်းကနေ ထွက်ပြေးပြီး မှော်ဆေးအတန်း သွားတက်တယ်၊ လာဗင်ဒါနဲ့ မက်လက်ဂင်တို့ လိုက်မလာနိုင်လို့ တော်သေးတယ်။

ဟာ့ဖ်ဖတ်နဲ့ ပြိုင်ပွဲနေ့နံနက်မှာ၊ ဟယ်ရီ ဘောကွင်းမသွားခင် ကျောင်းဆေးရုံကို သွားလိုက်တယ်။ ရွှန်က ငြိမ်ငြိမ်မနေနိုင်ဘူး။ မဒမ်ဖွမ်ဖရေက သူ သိပ်စိတ်လှုပ်ရှားလွန်းမှာစိုးလို့ သူ့ကို ခွေဒစ်ပြိုင်ပွဲ ကြည့်ခွင့်မပေးဘူး။

"မက်လက်ဂင် ဘယ့်နှယ်နေလဲ" သူက စိတ်လှုပ်ရှားစွာနဲ့ ဟယ်ရီ့ကို မေးတယ်။ သူ နှစ်ခါတောင် မေးပြီးပြီဆိုတာ မေ့နေသလိုပဲ။

"ငါ မင်းကို ပြောပြီးပြီ" ဟယ်ရီက စိတ်ရှည်ရှည်နဲ့ ပြောတယ်။ "သူ ကမ္ဘာ့ပထမတန်းစားဖြစ်ရင်တောင် ငါ သူ့ကို မထားချင်ဘူး။ သူက လူတိုင်းကို အမြဲဟိုလုပ်ဒီလုပ်နဲ့ ညွှန်ကြားနေတာ။ သူက သူဘယ်နေရာမှာကစားကစား ငါတို့အားလုံးထက်သာတယ်လို့ ထင်နေတာ။ ငါ သူ့ကို စောစောစီးစီး ကင်းကင်းနေချင်တာ။ ကင်းကင်းနေဖို့ပြောတော့" ဟယ်ရီ မတ်တတ်ရပ်လိုက်တယ်၊ သူ့မီးသတ္တိကို ယူလိုက်တယ်။ "လာဗင်ဒါ မင်းဆီလာတဲ့အခါမှာ အိပ်ချင်ယောင်ဆောင်မနေလို့ ရမလား။ သူမကြောင့် ငါရူးချင်ပြီ"

"အိုး" ရွှန်က ရှက်ကိုးရှက်ကန်းနဲ့ ပြောတယ်။ "အင်း၊ ကောင်းပြီ"

"တကယ်လို့ မင်း သူမနဲ့ ဆက်စခန်းမသွားချင်တော့ဘူးဆိုရင်၊ သူမကို ပြောပြလိုက်"

"အင်း . . . . ဒါ . . . . သိပ်တော့မလွယ်ဘူး၊ ဟုတ်လား" ရွှန်က ခဏရပ်နေပြီး၊ အမှုမဲ့အမှတ်မဲ့နဲ့ မေးလိုက်တယ်။ "ပြိုင်ပွဲမစခင် ဟာမီး လာမလား"

"ဟင့်အင်း၊ သူမ ဂျင်နီနဲ့ ဘောကွင်းသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အိုး" ရွန်ကြည့်ရတာ စိတ်ပျက်သွားသလိုပဲ။ "ကောင်းပြီ၊ ကံကောင်းကြပါစေ၊ မင်း မက်လက် —— ငါဆိုလိုတာက၊ စမစ်ကို နာနာထုစေချင်တယ်"

"ငါ အတတ်နိုင်ဆုံးလုပ်မယ်" ဟယ်ရီက ပြောပြီး တံမြက်စည်းကို ထမ်းလိုက်တယ်။ "ပြိုင်ပွဲပြီးရင် တွေ့မယ်"

သူဟာ လူမရှိတဲ့စင်္ကြံကို အမြန်ဖြတ်လာတယ်။ ကျောင်းတစ်ကျောင်းလုံးကလူတွေ ထွက်သွားကုန်ပြီ။ အားကစားကွင်းထဲမှာ ထိုင်နေတာမဟုတ်ရင် အဲဒီကို သွားနေကြပြီ။ ဟယ်ရီဟာ သွားရင်း ပြတင်းအပြင်ဘက်ကို ကြည့်ပြီး လေအားဘယ်လောက်ရှိတယ်ဆိုတာ ခန့်မှန်းနေတယ်။ ရှေ့ဘက်မှာ အသံကြားလို့ လှမ်းကြည့်လိုက်တယ်။ မော်ဖွိုင် သူ့ဆီ လျှောက်လာတာ တွေ့ရတယ်။ ဘေးမှာ ကျောင်းသူလေးနှစ်ယောက် ပါလာတယ်။ တစ်ယောက်က စိတ်ဆိုးနေသလိုပဲ။

ဟယ်ရီကို တွေ့တော့ မော်ဖွိုင် ရုတ်တရက် ရပ်သွားတယ်။ ဒီနောက် တိုတောင်းစွာ ခြောက်ကပ်ကပ် ရယ်လိုက်ပြီး ရှေ့ဆက်သွားတယ်။

"မင်း ဘယ်သွားမလို့လဲ" ဟယ်ရီက မေးတယ်။

"အား၊ ငါ မင်းကို ပြောပြမလို့ပဲ၊ ဒါ မင်းကိစ္စမို့လို့ ပေါ်တာ" မော်ဖွိုင်က ကဲ့ရယ်ပြောတယ်။ "မင်းမြန်မြန်လုပ်ရင် ကောင်းမယ်၊ သူတို့က 'အရွေးခံရတဲ့ အသင်းခေါင်းဆောင်' ကို စောင့်နေလိမ့်မယ် —— 'အမှတ်ယူတဲ့ကောင်လေး' —— သူတို့ အခု မင်းကို ဘာခေါ်မလဲဆိုတာ ဘယ်သူသိမလဲ"

ကောင်မလေးတစ်ယောက်က မရယ်ချင်ဘဲ ရယ်လိုက်တယ်။ ဟယ်ရီက သူမကို စိုက်ကြည့်တယ်။ သူမမျက်နှာ နီသွားတယ်။ မော်ဖွိုင်က ဟယ်ရီ့အနား ကပ်တိုးသွားတယ်။ အဲဒီကောင်မလေးဟာ သူမသူငယ်ချင်းနဲ့အတူ အပြေးလေး လိုက်သွားတယ်၊ ကွေ့ချိုးသွားပြီး မမြင်တော့ဘူး။

ဟယ်ရီ နေရာမှာပဲ ရပ်နေပြီး သူတို့ ပျောက်သွားတာ ကြည့်နေတယ်။ တော်တော်ဒေါသထွက်စရာပဲ။ သူကလည်း ပြိုင်ကွင်းကို သွားဖို့ အချိန်ကတန့်သတ်ခံနေရတယ်။ မော်ဖွိုင်ကလည်း ကျောင်းရှိလူအားလုံး ဘောပွဲသွားကြည့်နေချိန်မှာ တိတ်တိတ်လှူပ်ရှားတာ တွေ့ရတယ်။ ခုချိန်ထိ ပြောရရင် ဒါဟာ မော်ဖွိုင် ဘာလုပ်နေတယ်ဆိုတာ သိအောင်လုပ်ဖို့ အကောင်းဆုံး အချိန်ဖြစ်တယ်။ အချိန်က တစ်စက္ကန့်ပြီးတစ်စက္ကန့် အသံမဲ့စွာ ကျော်လွန်



သွားပြီ။ ဟယ်ရီ အဲဒီမှာပဲ ရပ်နေသေးတယ်။ မော်ဖွိုင် ပျောက်ကွယ်သွားတဲ့နေရာကို ကြည့်နေတယ် . . . .

"နင် ဘယ်သွားနေလဲ" ဟယ်ရီ အဝတ်လဲခန်းထဲ ပြေးဝင်သွားတော့ ဂျင်နီက မေးတယ်။ တစ်သင်းလုံး အဝတ်လဲပြီးနေပြီ။ ပွဲဝင်ဖို့ အသင့်ဖြစ်နေပြီ။ ဘောရိုက်သမား ခွတ်နဲ့ ဖိခ်စ်တို့ဟာ စိတ်လှုပ်ရှားစွာ ဘောရိုက်တုတ်နဲ့ ခြေသလုံးကို ရိုက်နေတယ်။

"ငါ မော်ဖွိုင်နဲ့ တွေ့တယ်" ဟယ်ရီက သူမကို တိုးတိုးပြောပြရင်း၊ အနီရောင်ဘောဝတ်ရုံကို ခေါင်းပေါ်က စွပ်ချတယ်။

"ဒီတော့ ?"

"ဒီတော့ ငါသိချင်တယ်၊ လူအားလုံး ဒီရောက်နေတာ။ သူက ကောင်မလေးနှစ်ယောက်နဲ့ ရဲတိုက်ထဲမှာ . . . ."

"ခုချိန်မှာ ဒီကိစ္စက သိပ်အရေးကြီးနေလား"

"အင်း၊ ငါ ဘာဆိုတာ သိအောင်လုပ်နိုင်မှာမဟုတ်ဘူး၊ ဟုတ်လား" ဟယ်ရီက မီးသတ္တကို ကောက်ယူပြီး မျက်မှန်ကို သေချာတပ်လိုက်တယ်။ "သွားကြစို့"

သူ စကားထပ်မပြောတော့ဘူး။ ခြေလှမ်းကျဲကျဲနဲ့ ဘောကွင်းဆီ သွားတယ်။ နားကွဲမတတ်အောင် အော်ဟစ်အားပေးသံနဲ့ ရှုးလုပ်သံတွေ ပေါ်ထွက်လာတယ်။ လေပြည်လေးပဲ ရှိတယ်။ တိမ်ဖြူတွေ ကွက်ကျားပဲ ရှိတယ်။ တစ်ခါတစ်ရံ မျက်စိစူးစေတဲ့ နေရောင် လင်းလာတယ်။

"မရေရာတဲ့ အခြေအနေ" မက်လက်ဂင်က ဘောသမားတွေကို အားပေးပြောတယ်။ "ခွတ်၊ ဖိခ်စ်၊ မင်းတို့ နေမထိုးတဲ့ နေရာမှာ ပျံသန်း၊ တစ်ဖက်က မင်းတို့လာတာ မမြင်ရအောင် —— "

"ငါက အသင်းခေါင်းဆောင်၊ မက်လက်ဂင်၊ သူတို့ကို ညွှန်ကြားနေနဲ့တော့" ဟယ်ရီက စိတ်ဆိုးစွာ ပြောတယ်။ "ဂိုးတိုင်ဆီ သွားတော့"

မက်လက်ဂင်သွားပြီးနောက်၊ ဟယ်ရီက ခွတ်နဲ့ ဖိခ်စ်ဘက် လှည့်လိုက်တယ်။

"မှတ်ထား၊ နေမထိုးတဲ့နေရာမှာ ပျံသန်း" သူက မပြောချင်ဘဲ ပြောလိုက်တယ်။

သူဟာ ဟာ့ဖ်ဖတ်က အသင်းခေါင်းဆောင်နဲ့ လက်ဆွဲနှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ဒီနောက် မဒမ်ဖွမ်ဖရေရဲ့ ဝီစီသံ ကြားတာနဲ့ မိုးပေါ် ပျံတက်သွားတယ်။ ကျန်ဘောသမားတွေထက် မြင့်မြင့်တက်သွားတယ်။ ဘောကွင်းကို ပတ်ပြီး အလျင်အမြန် ပျံသန်းကာ ရွှေဘောလုံးပျံလေးကို ရှာတယ်။ တကယ်လို့ ၎င်းကို စောစောဖမ်းမိရင်၊ ရဲတိုက်ကို ပြန်ပြီး စားပြမြေပုံကို ယူ၊ မော်ဖွိုင်ဘာလုပ်တယ်ဆိုတာ သိအောင်လုပ်ဖို့ အချိန်ရချင်ရမှာ . . . .

"ဟာ့ဖ်ဖတ်က စမစ် ခွပ်ဖော်ရသွားတယ်" အိပ်မက်ဆန်တဲ့ အသံတစ်သံ ဘောကွင်းအထက်မှာ ပေါ် ထွက်လာတယ်။ "ဒါပေါ့လေ၊ အရင်တစ်ခါက သူ ဘောပွဲကြေညာတာ။ ဂျင်နီ-ဝယ်စလီ သူ့ကို ဝင်တိုက်မိတယ်။ တမင်တိုက်တာလို့ ကျွန်မ ထင်တယ် . . . . ကြည့်ရတာ အဲ့သလိုပဲနဲ့တူတယ်။ စမစ်ဟာ အရင်တစ်ခါက ဂရစ်ဖင်းဒေါကို ပြောဆိုတာ အလွန်ဆိုးတယ်၊ အခု သူနောင်တရနေပြီလို့ ကျွန်မ ထင်တယ် —— အိုး၊ အမြန်ကြည့်၊ သူ ခွပ်ဖော်လွတ်သွားတယ်၊ ဂျင်နီ လုသွားတယ်။ ကျွန်မ သူမကို သိပ်နှစ်သက်တယ် သူမက သိပ်ကောင်းတယ် . . . ."

ဟယ်ရီက ဘောပွဲကြေညာတဲ့ခုံဆီ ကြည့်လိုက်တယ်။ ပုံမှန်ရှိတဲ့လူဆိုရင် လူနာကို ကြေညာသူ ဘယ်လုပ်ခိုင်းမှာလဲ။ ဒါပေမယ့် မိုးပေါ်အမြင့်ကနေတောင် မမှားနိုင်ပါဘူး၊ ရွှေရောင်ဖျော့ဖျော့ဆံပင်ရှည်ရှည်၊ ထောပတ်ဘီယာပုလင်းဆို့နဲ့ လုပ်ထားတဲ့ဆွဲကြိုး . . . . သူမဘေးက ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ မနေတတ်သလို ဖြစ်နေတယ်။ ဒီလိုခန့်ခဲ့မိတဲ့အတွက် နည်းနည်းနောင်တရနေသလိုပဲ။

". . . . ဒါပေမယ့် အခု ဟာ့ဖ်ဖတ်က အကောင်ကြီးကြီး ဘောသမားက သူမလက်ထဲကနေ ခွပ်ဖော်ကို လုသွားပြီ။ သူ့နာမည် ကျွန်မ မမှတ်မိဘူး ဘစ်ဘော်လို့ ထင်တယ် —— ဟင့်အင်း၊ ဘတ်ဂင်စ် ——"

"ကဒ်ဝေါလာဒါ ပါ" ပါမောက္ခ မက်ဂေါ်နာဂေါ်က လူနာ့ဘေးကနေ အကျယ်ကြီး ပြောတယ်။ ပရိသတ်က ဝေါခနဲ ရယ်တယ်။

ဟယ်ရီက ရွှေဘောလုံးပျံလေးကို ဟိုဒီလှည့်ကြည့်ရှာတယ်။ ဒါပေမယ့် ၎င်းကို အရိပ်တောင် မတွေ့ဘူး။ ခဏနေတော့ ကဒ်ဝေါလာဒါ ဘောတစ်လုံးဝင်သွားတယ်။ မက်လက်ဂင်က ဂျင်နီ ခွပ်ဖော်လွတ်သွားတာကို အကျယ်ကြီး အပြစ်တင်နေတာနဲ့ ဘောလုံးနီကြီးကို သတိမထားမိဘဲ သူ့ဘယ်နားနားကပ်ပြီး ဖြတ်ပျံသွားတယ်။



"မက်လက်ဂင်၊ မင်းလုပ်ရမယ့်အလုပ်ကို စူးစိုက်လုပ်ပါ၊ သူများကို မစွက်ဖက်နဲ့" ဟယ်ရီက လှည့်ပြီး သူ့ဂိုးစောင့်ကို အော်ဟစ်ပြောတယ်။

"မင်းလဲ စံနမူနာကောင်းကောင်းမပြနိုင်ပါဘူး" မက်လက်ဂင်ကလည်း အော်ဟစ်ပြောတယ်၊ မျက်နှာကြီး နီရဲပြီး ဒေါသထွက်နေတယ်။

"ဟယ်ရီ-ပေါ်တာ သူ့ဂိုးစောင့်နဲ့ စကားများနေတယ်" လူနာက အညင်ပြိမ်စွာ ပြောတယ်။ အောက်ဘက်ရှိ ဟာ့ဖ်ဖတ်နဲ့ စလေးသရင်း ပရိသတ်တွေ ဝမ်းသာအားရ လှောင်ပြောင်ကြတယ်။ "ဒါက သူ့ကို ရွှေဘောလုံးပျံလေး ရှာဖွေရာမှာ အကူအညီရမယ်လို့ ကျွန်မ မထင်ဘူး၊ ဒါပေမယ့် ဒါဟာ လိမ္မာစွာ လှည့်ဖြားတာလဲ ဖြစ်နိုင်တယ် . . . ."

ဟယ်ရီက ဒေါပွစွာ ကျိန်ဆဲလိုက်ပြီး၊ ကွင်းကို အလျင်အမြန် လှည့်ပတ်ပျံသန်းတယ်။ မိုးပေါ်မှာ တောင်ပံလေးနဲ့ ရွှေဘောလုံးလေးရဲ့ အရိပ်အယောင်ကို ရှာဖွေနေတယ်။

ဂျင်နီနဲ့ ဒီမဲဇာတို့ ဘောတစ်လုံးစီ ဝင်တယ်၊ အောက်ဘက်ရှိ အနီရောင်နဲ့ ရွှေရောင်ကျား အဝတ်အစား ဝတ်ထားတဲ့ ပရိသတ်ဟာ အော်ဟစ်ပျော်ရွှင်စရာ နည်းနည်းရသွားတယ်။ ဒီနောက် ကဒ်ဝေါလာဒါ ဘောတစ်လုံး ဝင်ပြန်တယ်။ အမှတ်ညီသွားတယ်။ ဒါပေမယ့် လူနာဟာ သတိမထားမိဘူးနဲ့ တူတယ်။ သူမဟာ အမှတ်ဆိုတဲ့ လူပြိန်းကြိုက်ဆန်တဲ့အရာကို အထူးစိတ်မဝင်စားသလိုပဲ။ ပရိသတ်ရဲ့အာရုံကို တခြားသို့ ဆွဲဆွဲခေါ်သွားတယ်။ ဥပမာ ထူးခြားတဲ့ပုံသဏ္ဌာန်အမျိုးမျိုး တိမ်တိုက်များ၊ ပြီးတော့ ဇာချာရိုက်စ်-စမစ်ဟာ ပွဲစပြီး ခွပ်ဖော်ကို လက်ထဲမှာ တစ်မိနစ်တောင် ထိန်းမထားနိုင်တာဟာ 'ဘောသွတ်ရောဂါ' များ ရနေလို့လား၊ စသဖြင့် ပြောတယ်။

"ဟာ့ဖ်ဖတ်အသင်းက ခုနစ်ဆယ်နဲ့ လေးဆယ် အသာရနေတယ်" ပါမောက္ခ မက်ဂေါ်နာဂေါက လူနာ့မိုက်ခွက်ထဲကို အော်ပြောတယ်။

"ဟုတ်လား၊ ဒီလိုဖြစ်နေပြီလား" လူနာက ကြောင်တောင်တောင်နဲ့ ပြောတယ်။ "အိုး၊ ကြည့်ပါ၊ ဂရစ်ဖင်းဒေါဂိုးစောင့်က ဘောရိုက်သမားတစ်ယောက်ရဲ့ ဘောရိုက်တုတ်ကို ဖမ်းထားတယ်"

ဟယ်ရီက မိုးပေါ်မှာ ကိုယ်ကို အမြန်လှည့်လိုက်တယ်၊ တကယ်ပဲ၊ မက်လက်ဂင်ဟာ သူတစ်ဦးတည်းသာ သိတဲ့အကြောင်းကြောင့်၊ ဖန်စ်လက်

www.burmeseclassic.com

www.burmeseclassic.com



ထဲက ဘောရိုက်တုတ်ကို လုယူတယ်၊ ပျံသန်းလာတဲ့ ကဒ်ဝေါလာဒါဆီကို ဘလဒ်ဂါ ဘယ်လိုရိုက်ပို့ရမယ်ဆိုတာ လုပ်ပြနေသလိုပဲ။

"ဘောရိုက်တုတ်ကို သူ့ပြန်ပေးလိုက်၊ ဂိုးတိုင်ဆီ ပြန်သွား" ဟယ်ရီက အော်ဟစ်ရင်း မက်လက်ဂင်ဆီ ပြေးဝင်သွားတယ်။ မက်လက်ဂင်က ဘလဒ်ဂါကို ဒေါသနဲ့ တအားရိုက်လိုက်တယ်၊ မရိုက်မိဘဲ လွဲသွားတယ်။

မျက်လုံးထဲ မည်းပြီး ဖျို့အန်ချင်တဲ့ နာကျင်မှု . . . . အလင်းရောင်တစ်ပြက် . . . . အဝေးဆီက ဟူးစူးအော်သံများ . . . . ဒီနောက် ရှည်လျားတဲ့ လိုဏ်ခေါင်းထဲ ကျဆင်းသွားသလို . . . .

ဟယ်ရီသိတဲ့ နောက်ကိစ္စကတော့၊ အလွန်နွေးထွေးပြီး စိမ်ရှိတဲ့ ခုတင်ပေါ် မိမိလဲလျောင်းနေပြီး မျက်နှာကြက်က ကျလာတဲ့ ရွှေရောင်အလင်းစကြာနဲ့ မီးဆွဲကို ကြည့်နေတာပဲ။ သူဟာ ခက်ခဲစွာ ခေါင်းမော့လိုက်တယ်။ ဘယ်ဘက်မှာ အလွန်ရင်းနှီးတဲ့ မဲ့ခြောက်တွေနဲ့ ဆံပင်နီနီလူတစ်ယောက်ကို မြင်ရတယ်။

"မင်း ငါ့အဖော်လာလုပ်တာ သိပ်ကောင်းတယ်" ရွှန်က ရယ်ကျဲကျဲနဲ့ ပြောတယ်။

ဟယ်ရီက မျက်တောင်ခတ်ပြီး ဘေးဘီကို ကြည့်တယ်။ ဟုတ်တယ် သူ ကျောင်းဆေးရုံထဲမှာ။ အပြင်က မိုးကောင်းကင်ဟာ မဲနယ်အရောင်ထဲမှာ အနီရင့်ရင့်အစင်းတွေ ပေါ်နေတယ်။ ပြိုင်ပွဲ လွန်ခဲ့တဲ့တစ်နာရီကတည်းက ပြီးသွားရော့မယ် . . . . မော်ဖိုင်ကို ဖမ်းဖို့ မျှော်လင့်ချက်လည်း မရှိတော့ဘူး ဟယ်ရီက သူ့ခေါင်း အထူးလေးတယ်လို့ ခံစားရတယ်။ သူ လက်မြှောက်စမ်းတော့ ပတ်တီးမာမာတွေ ပတ်ထားတာ စမ်းမိတယ်၊ အာရပ်တွေနဲ့ ခေါင်းပေါင်းစလိုပဲ၊

"ဘယ်လိုဖြစ်တာလဲ"

"ဦးခွံရိုးကွဲကြေတာ" မဒမ်ဖွမ်ဖရေက အမြန်လျှောက်လာပြီး သူ့ခေါင်းကို ခေါင်းအုံးပေါ် ပြန်ဖိချတယ်။ "မစိုးရိမ်နဲ့၊ ကိုယ်ချက်ချင်း ပြန်ချုပ်ထားတယ်။ ဒါပေမယ့် မင်း တစ်ညနေရမယ်၊ နာရီအချို့အတွင်း သိပ်အားမစိုက်ရဘူး"

"ကျွန်တော် ဒီမှာမအိပ်ချင်ဘူး" ဟယ်ရီက ဒေါသနဲ့ ပြောရင်း



စောင်ကို ဖယ်ပြီး ထထိုင်တယ်။ "ကျွန်တော် မက်လက်ဂင်ကို ရှာပြီး သတ်ပစ်ချင်တယ်"

"ဒါဟာ 'သိပ်အားစိုက်' တာနဲ့ အကျုံးဝင်တယ်" မဒမ်ဖွမ်ဖရေက ပြတ်သားစွာနဲ့ သူ့ကို ခုတင်ပေါ် ပြန်တွန်းပို့တယ်။ ခြိမ်းခြောက်တဲ့အနေနဲ့ မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။ "မင်းကို ဆင်းခိုင်းတဲ့အထိ ဒီမှာနေရမယ်၊ ပေါ်တာ၊ နို့မို့ရင် ကျောင်းအုပ်ကြီးကို ခေါ်လိုက်မယ်"

သူမဟာ ကမန်းကတန်း ရုံးခန်းဆီ ပြန်သွားတယ်။ ဟယ်ရီက ခေါင်းအုံးပေါ် ပြန်လှဲချပြီး ဒေါသထွက်နေတယ်။

"ငါတို့ ဘယ်နှစ်မှတ်ရှုံးတာ မင်းသိ" သူက အံကြိတ်ပြီး ရွှန်ကို မေးတယ်။

"အင်း၊ ဟုတ်တယ်၊ ငါသိတယ်" ရွှန်က အားနာစွာ ပြောတယ်။ "နောက်ဆုံးအမှတ်က သုံးရာ့နှစ်ဆယ်နဲ့ ခြောက်ဆယ်"

"သိပ်ကောင်းတယ်" ဟယ်ရီက ပြောတယ်။ ဒေါသကြောင့် မျက်စိတောင် နီနေတယ်။ "တကယ်ပဲ သိပ်ကောင်းတယ်။ ငါ မက်လက်ဂင်ကို မိရင်တော့ —"

"သူ့ကို မဖမ်းနဲ့၊ သူက ရောမဘီလူးကြီးလိုအကောင်ကြီးတာ" ရွှန်က အမြော်အမြင်ရှိရှိနဲ့ ပြောတယ်။ "ငါကတော့ မင်းသားရဲ့ ခြေချောင်းတွေ အဖုအမူးရှည်လာတဲ့ကျိန်စာနဲ့ သူ့ကို ဆုံးမရမယ်လို့ထင်တယ်။ ဒါပေမယ့် မင်း ဆေးရုံက မဆင်းခင်မှာ တခြားဘောသမားတွေက သူ့ကို ဒဏ်ခတ်ပြီးရော့မယ်၊ သူတို့အားလုံး မပျော်ကြဘူး . . . ."

ရွှန့်လေသံထဲမှာ ဖုံးကွယ်မရတဲ့ ဝမ်းသာမှု ရှိနေတယ်။ သူဟာ မက်လက်ဂင် ဒီလောက်ဆိုးရွားစွာ ပြုမူမိတဲ့အတွက် တိတ်တိတ်ဝမ်းသာနေတယ်ဆိုတာ ဟယ်ရီ သိမြင်တယ်။ ဟယ်ရီဟာ ပက်လက်လှဲနေပြီး မျက်နှာကြက်ပေါ်က အလင်းစက်ဝိုင်းကို ကြည့်နေတယ်။ မကြာခင်က ပြန်ချုပ်ထားတဲ့ ဦးခွံရိုးဟာ သိပ်တော့မနာဘူး၊ ပတ်တီးအောက်မှာ သဲ့သဲ့လေး နာနေတယ်။

"ဒီမှာ အစီအစဉ်ကြေညာတာ ကြားရတယ်" ရွှန်က ပြောတယ်။ သူ့ရယ်တာ အသံတောင် တုန်နေတယ်။ "နောင်ကို လူနာပဲ ကြေညာခေချင်တယ် . . . . ဘောလွတ်ရောဂါ! . . . ."

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဟယ်ရီဟာ ဒေါသထွက်နေတုန်းပဲ။ ဒီထဲမှာ ဘာများ ရယ်စရာကောင်းတာ သူ မတွေ့ဘူး။ ခဏနေတော့ ရွန့်ရယ်သံ နိမ့်ကျသွားတယ်။

"မင်းမေ့နေတုန်းက ဂျင်နီ လာသွားတယ်" အကြာကြီးရပ်နေပြီး သူက ပြောတယ်။ ဟယ်ရီ့စိတ်ကူးဟာ ချက်ချင်းဆိုသလို အလျှင်အမြန် အလုပ်လုပ်လာတယ်။ ရှပ်ပုံကားချပ်တစ်ခု သူ့အာရုံမှာ ချက်ချင်းဖြစ်ပေါ်လာတယ်။ အဲဒါကတော့၊ ဂျင်နီဟာ သတိလစ်နေတဲ့ သူ့ကိုယ်ခန္ဓာကို ကြည့်ပြီး ရှိုက်ငိုနေတယ်။ သူမက သူ့အပေါ်ထားတဲ့ နက်ရှိုင်းတဲ့ ချစ်မေတ္တာကို ဖွင့်ဟ ပြောဆိုနေတယ်။ ရွန်က သူတို့နှစ်ယောက်ကို ဆုတောင်း ပေးနေတယ် . . . .

"သူမက မင်း ပြိုင်ပွဲမှီရုံလေးမှာမှ ရောက်လာတာ၊ ဘယ်လိုဖြစ်တာလဲ။ မင်း အစောကြီး ထွက်လာတာလို့ ပြောတယ်"

"အိုး . . . ." ဟယ်ရီက ပြောတယ်။ စိတ်ကူးထဲက ရုပ်ပုံကားချပ် ပေါက်ကွဲသွားတယ်။ "ဟုတ်တယ် . . . . မော်ဖိုင်နဲ့ ကျောင်းသူနှစ်ယောက် သွားတာ ငါတွေ့တယ်။ သူမတို့ဟာ သူနဲ့လိုက်မသွားချင်သလိုပဲ။ ဒါဟာ သူ ဒုတိယအကြိမ်အားဖြင့် ကျောင်းသားအားလုံးနဲ့အတူ ခွေဒစ်ကွင်းမှာ မရှိတာ။ အရင်တစ်ခါ ပြိုင်ပွဲတုန်းကလဲ သူ လစ်သွားတယ်၊ မှတ်မိလား" ဟယ်ရီက သက်ပြင်းချပြီး ပြောတယ်။ "ထိုစဉ်က သူ့ကို နောက်ယောင်ခံလိုက်ရင် ကောင်းမှာ။ ပြိုင်ပွဲက ရက်ရက်စက်စက် ရှုံးတယ် . . . ."

"မရူးစမ်းပါနဲ့" ရွန်က ပြတ်ပြတ်ပဲ ပြောတယ်။ "မင်း မော်ဖိုင်ကို နောက်ယောင်ခံလိုက်ဖို့အတွက် ခွေဒစ်ကို ပစ်ထားလို့မရဘူး။ မင်းက အသင်း ခေါင်းဆောင်"

"သူ ဘာလုပ်နေတယ်ဆိုတာ ငါ သိချင်တယ်။ ဒါ ငါ့စိတ်ကူးသက်သက်ပဲလို့ လာမပြောနဲ့၊ ငါ သူနဲ့ စနိတ်ပ်တို့ ပြောတာကြား —— "

"ဒါတွေအားလုံး မင်းစိတ်ကူးလို့ ငါ ဘယ်တုန်းကမှ မပြောဘူး" ရွန်က တံတောင်ဆစ်နဲ့ ကိုယ်ကို ထောက်မပြီး မျက်မှောင်ကြုတ်ကာ ဟယ်ရီ့ကို ပြောတယ်။ "ဒါပေမယ့် ဒီနေရာမှာ တစ်ကြိမ်ကို တစ်ယောက်ပဲ လျှို့ဝှက် ကြံစည်ရမယ်လို့ ဘယ်ဥပဒေကမှ သတ်မှတ်မထားဘူး။ မင်းဟာ မော်ဖိုင်နဲ့ ပတ်သက်ပြီး သံသယသောက ဖြစ်နေပြီ၊ ဟယ်ရီ။ သူ့ကို နောက်ယောင်ခံ လိုက်ကြည့်ချင်တာနဲ့ ပြိုင်ပွဲကိုတောင် စွန့်လွှတ်ချင်တယ်တဲ့ . . . ."



"ငါ သူ့ကို ဖမ်းမိချင်တာ" ဟယ်ရီက စိတ်ကုန်စွာ ပြောတယ်။ "ငါ့သဘောက၊ သူ မြေပုံထဲက ပျောက်သွားတဲ့အခါ သူ ဘယ်သွားနေလဲ"

"မသိဘူး . . . . ဟော့ဂ်စ်မိဒ် ?" ရွန်က သမ်းဝေရင်း ပြောတယ်။

"ငါ မြေပုံထဲမှာ သူ လျှို့ဝှက်လိုဏ်ခေါင်းလမ်းက သွားတာ မတွေ့ရဘူး။ ပြီးတော့ လိုဏ်ခေါင်းလမ်းလဲ စောင့်ကြည့်ခံထားရပြီထင်တယ်၊ ဟုတ်လား"

"ဒါဆို ငါလဲ မသိတော့ဘူး"

နှစ်ယောက်စလုံး ငြိမ်သွားတယ်။ ဟယ်ရီက မျက်နှာကြက်ပေါ်က အလင်းစက်ဝိုင်းကို ကြည့်ပြီး တွေးနေတယ် . . . .

တကယ်လို့ သူ့မှာ ရူးဖူးစ်-စခရင်းမ်ဂျဲ အာဏာရှိရင်၊ မော်ဖိုင်ကို လူလွှတ်စောင့်ကြည့်ခိုင်းလို့ ရမယ်။ ဒါပေမယ့် ကံမကောင်းစွာဘဲ၊ ဟယ်ရီ့မှာ အောရာတွေ အများကြီးရှိတဲ့ အမိန့်ပေးနိုင်တဲ့ ရုံးတစ်ရုံးလည်း မရှိဘူး . . . . သူဟာ DA ကို အသုံးပြုဖို့ တွေးမိသေးတယ်။ ဒါပေမယ့် ကျောင်းတက်ပျက်မယ့် ချို့ယွင်းချက် ရှိနေတယ်။ လူအများစုဟာ အချိန်ဇယားတွေ ပြည့်နေတာပဲ . . . .

ရွန့်ခုတင်ပေါ်က ဟောက်သံလေးလေး ပေါ်ထွက်လာတယ်။ ခဏနေတော့ မဒမ်ပွမ်ဖရေ ထွက်လာတယ်။ ဒီတစ်ခါမှာ သူမ ညဝတ်အင်္ကျီထူထူကြီး ဝတ်ထားတယ်။ အိပ်ချင်ယောင်ဆောင်တာလောက် လွယ်တာမရှိတော့ဘူး၊ ဟယ်ရီ တစ်ဖက်စောင်းလိုက်တယ်။ သူမ မှော်ကြိမ်လုံးယမ်းပြီး ပြတင်းလိုက်ကာအားလုံးကို ချလိုက်တာ ကြားရတယ်။ မီးမှောင်သွားပြီ၊ သူမရုံးခန်းထဲ ပြန်သွားတယ်။ တံခါး ဒက်ခနဲ ပိတ်သွားတာ ဟယ်ရီ ကြားရတယ်၊ သူမ သွားအိပ်ပြီဆိုတာ သိတယ်။

ဟယ်ရီဟာ အမှောင်ထဲမှာ ပြန်လည်စဉ်းစားနေတယ်။ ဒါဟာ ခွေဒစ် ကွင်းထဲမှာ သူ တတိယအကြိမ် ဒဏ်ရာရပြီး ကျောင်းဆေးရုံအပို့ခံရတာ။ အရင် တစ်ခါက ဘောကွင်းပတ်ဝန်းကျင်မှာ ဝိညာဉ်စုပ်ကောင်ရှိလို့ သူ တံမြက်စည်း ပေါ်က လိမ့်ကျသွားတာ။ ဒီအရင်ကလည်း ကုရန်နတ္ထိ ဆေးမရှိတဲ့ ပါမောက္ခ လော့ဟတ်က သူ့လက်မောင်းထဲက အရိုးတွေကို ပျောက်ကုန်အောင် လုပ် လိုက်လို့ . . . . အဲဒါ သူ အနာကျင်ဆုံးအကြိမ်ပဲ . . . . တစ်ညတာအတွင်းမှာ အရိုးအားလုံး ပြန်ပေါက်တဲ့ ပြင်းထန်တဲ့ နာကျင်မှုကို သူ တွေးမိတယ်။ ပြီးတော့ မမျှော်လင့်ဘဲ ညအချိန် ဧည့်သည် ရောက်လာတာ ——

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ ဆတ်ခနဲ ထထိုင်လိုက်တယ်။ ရင်တွေ တဒိုင်းဒိုင်း ခုန်နေတယ်၊ ဝတ်တီးရွဲ့သွားတယ်။ သူ့မှာ မော်ဖိုင်ကို စောင့်ကြည့်ဖို့ နည်းနာတစ်ခုရပြီ — သူ ဘယ့်နှယ်မေ့နေတာလဲ။ ဘာဖြစ်လို့ စောစောက သတိမရတာလဲ။

ပြဿနာက သူ့ကို ဘယ်လိုလုပ်ခေါ်ယူမလဲ၊ ဘယ်လိုလုပ်မလဲ။

ငြိမ်သက်စွာနဲ့ စမ်းကြည့်တဲ့အနေနဲ့ ဟယ်ရီက အမှောင်ထဲကို စကားပြောတယ်။

"ခရက်ချာ ?"

ပေါက်ကွဲသံကြီးနဲ့အတူ လုံးထွေးသတ်ပုတ်သံနဲ့ စူးစူးဝါးဝါးအော်သံတွေဟာ ငြိမ်သက်တဲ့လူနေခန်းထဲ ပြည့်သွားတယ်။

ရွန် လန့်နိုးသွားတယ်။ "ဘာဖြစ်နေသလဲ —"လို့ အော်ပြောတယ်။

ဟယ်ရီက မှော်ကြိမ်လုံးနဲ့ မဒမ်ဖွမ်ဖရေရဲ့ အခန်းတံခါးကို အမြန်ချိန်ပြီး "နားဆို့စေ"လို့ ရွတ်လိုက်တယ်။ ဒါမှ သူမ ပြေးထွက်မလာမှာ။ ဒီနောက်မှ ခုတင်ခြေရင်းကို တွားသွားပြီး ဘာဖြစ်တယ်ဆိုတာ သေချာကြည့်တယ်။

အိမ်မွေးမှင်စာလေးနှစ်ကောင်ဟာ လူနာခန်းကြမ်းပြင်အလယ်မှာ လိမ့်နေတယ်။ တစ်ကောင်က ရေကျုံ့တဲ့ ကြက်သွေးပုပ်ရောင် ခေါင်းစွပ်အင်္ကျီဝတ်ထားပြီး သိုးမွေးဦးထုပ်တချို့ကို ဆောင်းထားတယ်၊ ကျန်တစ်ကောင်ဟာ ညစ်ပတ်တဲ့ အဝတ်စုတ်တစ်စကို တင်ပါးမှာ ပတ်ထားတယ်။ ဒီနောက်တစ်ခါ ဘန်းခနဲ အကျယ်ကြီး မြည်လာပြီး၊ နောက်ပြောင်ပါရဂူ သရဲဖီးဗ်စ်ဟာ လုံးထွေးနေတဲ့ မှင်စာလေးတွေအထက်မှာ ပေါ်လာတယ်။

"ကျုပ် သူတို့ကို ကြည့်နေတာ၊ ပေါ်.တီ" သူက အောက်ဘက်ကိုလက်ညှိုးထိုးပြီး ဒေါသနဲ့ ဟယ်ရီကို ပြောပြတယ်။ ဒီနောက် စူးစူးအအော်ရယ်ပြီး ပြောတယ်။ "အဲဒီအကောင်လေးနှစ်ကောင် ရန်ဖြစ်တာကြည့်၊ ကိုက်တယ် ကိုက်တယ်၊ ထိုးတယ် ထိုးတယ်"

"ခရက်ချာ၊ ဒေါ့ဘီရှေ့မှာ ဟယ်ရီ-ပေါ်တာကို မစော်ကားရဘူး၊ မရဘူး၊ နို့မို့ရင် ဒေါ့ဘီက ခရက်ချာကို ပါးစပ်ပိတ်အောင် လုပ်မယ်" ဒေါ့ဘီက စူးစူးဝါးဝါး အော်ပြောတယ်။

" — လေလေကန်၊ ကုတ်ဖွဲ့လေ ကုတ်ဖွဲ့" သရဲဖီးဗ်စ်က တက်ကြွစွာအော်ပြောရင်း မှင်စာလေးတွေကို မြေဖြူခဲအစတွေနဲ့ ပစ်ပေါက်တယ်၊ သူတို့ကို မီးထိုးပေးတယ်။ "ညှစ်လေညှစ်၊ ထိုးလေထိုး"



"ခရက်ချာ သူ့သခင်ကို ပြောချင်တာပြောမယ်၊ အိုး၊ ဟုတ်တယ်။ ဘာသခင်လဲ၊ မသန့်ရှင်းတဲ့ ရွှံ့သွေးရဲ့ သူငယ်ချင်း၊ အိုး၊ ခရက်ချာရဲ့ သခင်မက ဘာပြောလိမ့်မလဲ —"

ခရက်ချာရဲ့ သခင်မက ဘာပြောလိမ့်မလဲဆိုတာ သူတို့မကြားရဘူး။ အကြောင်းက ဒေါ့ဘီဟာ ၎င်းရဲ့ ဖုဖုထစ်ထစ်လက်သီးလေးကို ခရက်ချာပါးစပ်ထဲ ထိုးထည့်လိုက်ပြီး သွားတစ်ဝက်လောက် ကျိုးသွားစေတယ်။ ဟယ်ရီနဲ့ ရွန်တို့ ခုတင်ပေါ်ကနေ တစ်ပြိုင်နက်ခုန်ထပြီး မှင်စာလေးနှစ်ကောင်ကို ဆွဲဖယ်ပစ်တယ်။ ဒါပေမယ့် သူတို့ဟာ အပြန်အလှန် ကန်ကျောက်ဖို့ ကြိုးစားနေကြတုန်းပဲ။ သရဲဖီးဗ်စ်ဟာ အနားမှာ မြှောက်ပေးနေတယ်။ မီးဆွဲကို ဝတ်ပြီးလဲ ပျံသန်းရင်း စူးစူးဝါးဝါး အော်ပြောတယ်။ "လက်ချောင်းနဲ့ သူ့နှာခေါင်းကို ထိုး၊ သူ့နှာခေါင်းကို ထိုး။ သူ့နားရွက်ကို ဆွဲ —"

ဟယ်ရီက မှော်ကြိမ်လုံးနဲ့ သရဲဖီးဗ်စ်ကို ချိန်လိုက်ပြီး "စကားသံပိတ်စေ"လို့ ရွတ်လိုက်တယ်။ သရဲဖီးဗ်စ်ဟာ လည်မျိုကို ကိုင်ပြီး၊ နင်နေတယ်။ ဖွတင်းကနေ ပျံထွက်သွားရင်း၊ ညစ်ပတ်တဲ့လက်ဟန် လုပ်ပြသွားတယ်။ ဒါပေမယ့် စကားပြောမရဘူး။ သူ့လျှာနဲ့အာခေါင် ကပ်နေလို့။

"သိပ်ကောင်းတယ်" ရွန်က ကြိုက်နှစ်သက်စွာ ပြောတယ်။ ဒေါ့ဘီကို မိုးပေါ် မြှောက်ထားတယ်။ ၎င်းလှုပ်ယမ်းနေတဲ့ ခြေလက်တွေ ခရက်ချာကို မထိတော့ဘူး။ "မင်းသားမှော်ပညာပဲလား"

"ဟုတ်တယ်" ဟယ်ရီက ခရက်ချာရဲ့ ပိန်ခြောက်တဲ့လက်မောင်းကို လိမ်ပြီး သူ့လည်ပင်းပေါ် တင်ထားတယ်။ " — မင်းတို့ နောက်ထပ်ရန်ဖြစ်တာကို ငါ တားမြစ်တယ်။ အိုး၊ ခရက်ချာ၊ မင်း ဒေါ့ဘီကို နောက်ထပ်ရိုက်တာ တားမြစ်တယ်။ ဒေါ့ဘီ၊ မင်းကို အမိန့်မပေးနိုင်တော့ဘူးဆိုတာ ငါသိတယ် —"

"ဒေါ့ဘီဟာ လွတ်လပ်တဲ့ အိမ်မွေးမှင်စာလေးပါ၊ သူနှစ်သက်တဲ့လူဆိုရင် ဘယ်သူမဆို နာခံနိုင်တယ်။ ဒေါ့ဘီဟာ ဟယ်ရီ-ပေါ်တာခိုင်းတာမှန်သမျှ လုပ်မယ်" ဒေါ့ဘီက ပြောရင်း မျက်ရည်ဟာ ၎င်းရဲ့တွန့်နေတဲ့ မျက်နှာလေးပေါ်ကနေ ခေါင်းစွပ်အင်္ကျီပေါ် ကျလာတယ်။

"ဒါဆို ကောင်းပြီ" ဟယ်ရီက ပြောတယ်။ သူနဲ့ ရွန် မှင်စာလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို လွှတ်လိုက်တယ်။ သူတို့ ကြမ်းပေါ် ကျလာတယ်။ ဒါပေမယ့် ရန်ထင်မဖြစ်တော့ဘူး။

"သခင် ကျွန်တော့်ကို ခေါ်တယ် ?" ခရက်ချာက အသံအက်အက်နဲ့ ပြောတယ်။ အလေးပြုလိုက်တယ်။ သူ့အကြည့်ကတော့ ဟယ်ရီ အသေဆိုးနဲ့ သေပါစေဆိုတဲ့အမိပ္ပာယ် ပေါက်နေတယ်။

"ဟုတ်တယ်၊ ငါ မင်းကို ခေါ်တယ်" ဟယ်ရီက မဒမ်ဖွမ်ဖရေ့အခန်းကို ကြည့်တယ်၊ နားဆို့ကျိန်စာ အစွမ်းမပြယ်သေးဘူးဆိုတာ သေချာတယ်။ သူမ ဆူညံသံကြားတဲ့ပုံ မပေါ်ဘူး။ "ငါ မင်းကို တာဝန်တစ်ခုပေးမယ်"

"ခရက်ချာ သခင့်အမိန့်ကို နာခံနေတယ်" ခရက်ချာ ခါးကွေးတာ သိပ်နိမ့်လို့ ပါးစပ်နဲ့ သူ့ဖုဖုထစ်ထစ်ခြေချောင်းတွေ ထိတော့မယ်။ "ခရက်ချာမှာ ရွေးချယ်စရာ မရှိတော့လို့။ ဒါပေမယ့် ခရက်ချာမှာ ဒီလိုသခင်တစ်ယောက်ရှိတဲ့အတွက် ရှက်စရာလို့ ထင်မိတယ်၊ ဟုတ်တယ် —"

"ဒေါ့ဘီလုပ်ချင်တယ်၊ ဟယ်ရီ-ပေါ်တာ" ဒေါ့ဘီက စူးစူးအော်ပြောတယ်။ ၎င်းရဲ့ဂေါက်သီးလောက်ကြီးတဲ့ မျက်လုံးကြီးထဲမှာ မျက်ရည်တွေ ပြည့်နေဆဲ။ "ဟယ်ရီ-ပေါ်တာအတွက် အလုပ်အကျွေးပြုရတာဟာ ဒေါ့ဘီအဖို့ ဂုဏ်ယူစရာပဲ"

"*သေချာစွေးကြည့်လိုက်တော့ မင်းတို့နှစ်ယောက် အတူရှိနေတာ* မဆိုးဘူး" ဟယ်ရီက ပြောတယ်။ "ကောင်းပြီ၊ ဒါဆို . . . . မင်းတို့ ဗွာခို-မော်ဖိုင်ကို နောက်ယောင်ခံလိုက်စေချင်တယ်"

သူဟာ ရွှန်းမျက်နှာပေါ်က အံ့လည်းအံ့ဩ၊ စိတ်လည်းဆိုးတဲ့ အမူအရာကို အရေးမလုပ်ဘဲ ဆက်ပြောတယ်။ "သူ ဘယ်သွားတယ်၊ ဘယ်သူနဲ့တွေ့တယ်၊ ဘာလုပ်တယ်ဆိုတာ ငါ သိချင်တယ်။ မင်းတို့ သူ့ကို နေ့ရောညပါ စောင့်ကြည့်စေချင်တယ်"

"ဟုတ်ကဲ့၊ ဟယ်ရီ-ပေါ်တာ" ဒေါ့ဘီက ချက်ချင်းပြောတယ်၊ မျက်လုံးဝိုင်းဝိုင်းကြီးမှာ လှိုက်လှဲတဲ့အရောင် တောက်နေတယ်။ "ဒေါ့ဘီလုပ်တာ မှားခဲ့ရင် ဒေါ့ဘီ အမြင့်ဆုံးအထပ်ကနေ ခုန်ချမယ်၊ ဟယ်ရီ-ပေါ်တာ"

"ဒီလိုလုပ်ဖို့ လုံးဝမလိုပါဘူး" ဟယ်ရီက အမြန်ပြောတယ်။

"သခင်က ကျွန်တော့်ကို မော်ဖိုင်မိသားစုက အငယ်ဆုံးသားကို



နောက်ယောင်ခံလိုက်ခိုင်းတယ် ?" ခရက်ချာက ညည်းညူပြောတယ်။ "သခင်က ကျွန်တော့်ကို သခင်ဟောင်းရဲ့ သွေးသန့်မြေးလေးကို စောင့်ကြည့်ခိုင်းတယ်?"

"သူပဲ" ဟယ်ရီက အန္တရာယ်ကြီးတစ်ခုကို မြင်ရတဲ့အတွက် ချက်ချင်း ကာကွယ်ဖို့ ဆုံးဖြတ်လိုက်တယ်။ "မင်း သူ့ကို တိုင်ပြောတာ တားမြစ်တယ်၊ ခရက်ချာ၊ သူ့ကို မင်း ဘာလုပ်နေတယ်ဆိုတာ အသိပေးတာကို တားမြစ်တယ်။ သူနဲ့စကားပြောတာ၊ သူ့ဆီစာရေးတာ၊ ဒါမှမဟုတ် . . . . ဒါမှမဟုတ် ဘယ်လိုနည်းမျိုးနဲ့မဆို သူနဲ့ဆက်သွယ်တာကို တားမြစ်တယ်၊ ကြားပြီလား"

ခရက်ချာဟာ ခုနက အမိန့်ထဲမှာ ဟာပေါက်ကို ကြိုးစားရှာနေတာ သူမြင်တွေ့ရတဲ့အတွက်၊ နေရာတွင်ရပ်ပြီး စောင့်နေတယ်။ ခဏနေတော့ ဟယ်ရီ ကျေနပ်မှုကြီးစွာ ရလိုက်တာက၊ ခရက်ချာဟာ ဦးညွှတ်အလေးပြုလိုက်ပြန်ပြီး ခါးသီးစွာ ပြောတယ်။ "သခင်က အားလုံးတွေးထားတယ်။ ခရက်ချာကတော့ သခင်လေးမော်ဖိုင်ရဲ့ ကြေးကျွန်လုပ်ချင်ပေမယ့်၊ ခရက်ချာ သူ့ကို နာခံရမယ်။ ဟုတ်တယ် . . . ."

"ဒါဆို ဒီအတိုင်း ဆုံးဖြတ်ပြီ" ဟယ်ရီက ပြောတယ်။ "မင်းတို့ ငါ့ကို အချိန်မှန် အစီရင်ခံ၊ ဒါပေမယ့် ငါ့အနားမှာ လူမရှိတာ သေချာမှ လာ။ ရွှန်နဲ့ ဟာမီးရှိတာ ကိစ္စမရှိဘူး။ တခြားဘယ်သူ့ကိုမှ မင်းတို့ ဘာလုပ်နေတယ်ဆိုတာ မပြောနဲ့။ ပလပ်စတာနှစ်ချပ်လို မော်ဖိုင့်ကို ကပ်နေဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



## ၂၀။ လော့ဒ်-ဗိုလ်ဒီမွန့်ရဲ့ တောင်းဆိုချက်

ဟယ်ရီနဲ့ ရွန်တို့ တနင်္လာနေ့အစောကြီး ဆေးရုံဆင်းခဲ့ကြတယ်။ မဒမ်ဖွမ်ဖရေရဲ့ ကုသပြုစုမှုကြောင့် သူတို့ လုံးဝပျောက်ကင်းသွားပြီ။ အ[illegible] မူးမေ့အောင်ရိုက်ခံရခြင်းနဲ့ အဆိပ်မိတဲ့ အကျိုးကျေးဇူးကို ခံစားနေရပြီး အကောင်းဆုံးအချက်ကတော့ ဟာမီးနဲ့ ရွန်တို့ ပြန်လည်သင့်မြတ်သွားတာပဲ။ သူမဟာ သူတို့ကိုခေါ်ပြီး နံနက်စောစောစာ သွားစားတယ်၊ ဂျင်နီနဲ့ ဒင်း စကားများတဲ့သတင်းလည်း ယူလာသေးတယ်။ ဟယ်ရီ့ရင်ထဲက အိပ်ပျော်နေတဲ့ တိရစ္ဆာန်ကြီးဟာ ရုတ်တရက် ခေါင်းထောင်လာတယ်၊ မျှော်လင့်ချက်အပြည့်နဲ့ သေတို့ အနံ့ခံ ရှူရှိုက်နေတယ်။

"သူတို့ ဘာစကားများတာလဲ" သူဟာ အလေးမထားတဲ့လေသံ ဖြစ်အောင် ကြိုးစားမေးတယ်။ သုံးယောက်သား စင်္ကြံတစ်ခုထဲ တွေ့ချိုးဝင်လိုက်တယ်၊ အလွန်ငယ်တဲ့ ကောင်မလေးတစ်ယောက်တည်း ရောမဘီလူးကြီး [illegible]ဝန်ဝတ်နေတဲ့ အလှချိတ်ကော်ဇောကို ကြည့်နေတာ တွေ့ရတယ်။



ဆဌမတန်းကျောင်းသားအချို့ လာတာတွေ့တော့ သူမဟာ အလွန်ကြောက်နေသလိုပဲ။ သူမလက်ထဲကိုင်ထားတဲ့ ကြေးချိန်ခွင် ကြမ်းပေါ် လွတ်ကျသွားတယ်။

"ကိစ္စမရှိဘူး" ဟာမီးက သိမ်မွေ့စွာပြောရင်း အမြန်လျှောက်သွားပြီး သူမကို ကူညီတယ်။ "လာ . . . ." သူမက ပြောတယ်။ မှော်ကြိမ်လုံးနဲ့ ဖျက်သွားတဲ့ချိန်ခွင်ကို ခေါက်လိုက်တယ် "မူလအတိုင်းဖြစ်စေ"

ကောင်မလေးက ကျေးဇူးတင်ကြောင်း မပြောဘူး၊ သစ်တုံးကြီးလို နေရာတွင်ရပ်နေပြီး သူတို့လျှောက်သွားတာ ကြည့်နေတယ်။ ရွန်က သူမကို လှည့်ကြည့်တယ်။

"ချိန်ခွင်သေးသွားတယ်လို့ ငါထင်တယ်"

"သူမကို ထားလိုက်" ဟယ်ရီက စိတ်သိပ်မရှည်ဘဲ ပြောတယ်။ "ဂျင်နီနဲ့ ဒင်း ဘာစကားများတာလဲ၊ ဟာမီး"

"အိုး၊ ဒင်းက မက်လက်ဂင် ဘလဒ်ဂါနဲ့ နင့်ကို ရိုက်တာ သိပ်ရယ်ရာကောင်းတယ်ထင်လို့"

"တကယ်ပဲ သိပ်ရယ်စရာကောင်းမှာ" ရွန်က တရားမျှတစွာ ပြောတယ်။

"နည်းနည်းမှ ရယ်စရာမကောင်းဘူး" ဟာမီးက ပြင်းထန်စွာ ပြန်ချေပတယ်။ "သိပ်ကြောက်စရာပဲ၊ ခွတ်နဲ့ ဖိခ်စ် ဟယ်ရီ့ကို ဖမ်းကိုင်မထားရင် သူ ဒဏ်ရာ တအားပြင်းမှာ"

"အင်း၊ ဒါပေမယ့်၊ ဂျင်နီနဲ့ ဒင်းတို့ ဒါအတွက် ကွဲဖို့အကြောင်းမရှိဘူး" ဟယ်ရီက ပြောတယ်။ သိပ်အလေးထားပြောတဲ့လေသံမဖြစ်အောင်ဘဲ ကြိုးစားပြောတယ်။ "သူတို့ အခု အတူရှိသေးလား"

"ဟုတ်တယ်၊ ရှိသေးတယ် —— နင် ဘာဖြစ်လို့ ဒီလောက်စိတ်ဝင်စားနေတာလဲ" ဟာမီးက မေးတယ်၊ ဟယ်ရီ့ကိုလည်း စူးစူးဝါးဝါးကြည့်လိုက်တယ်။

"ငါက-ဘောသင်း ပြဿနာ ထပ်မဖြစ်စေချင်လို့ပါ" သူက အမြန်ပြောတယ်။ ဒါပေမယ့် ဟာမီးကတော့ သံသယရှိတဲ့ အမူအရာနဲ့ပဲ။ ဒီအချိန်မှာ နောက်ကနေ အသံတစ်သံက အော်ခေါ်တယ်။ "ဟယ်ရီ" သူဟာ လွတ်[illegible]ပြီဆိုတဲ့စိတ်နဲ့ လှည့်ကြည့်လိုက်တယ်။

"အိုး၊ ဟိုင်း၊ လူနာ"

"ငါ ကျောင်းဆေးရုံကို နင့်တွေ့ဖို့သွားတယ်" လူနာက ပြောရင်း

www.burmeseclassic.com

www.burmeseclassic.com



သူမလွယ်အိတ်ထဲမှာ လှန်လှောနေတယ်။ "နင် ဆေးရုံဆင်းသွားပြီလို့ သူတို့က ပြောတယ် . . . ."

သူမဟာ ကြက်သွန်မြိတ်လိုအရာတစ်ခု၊ အပြောက်ပါတဲ့ ထီးလို မှိုပွင့်ကြီးတစ်ပွင့်နဲ့ ကြောင်အသိုက်လုပ်တဲ့ ကောက်ရိုးခြောက်တွေလိုဟာမျိုး တစ်ပုံကြီးကို ရွှန့်လက်ထဲ ထိုးထည့်လိုက်တယ်။ နောက်ဆုံးမှာ ညစ်ပေနေတဲ့ သိုးရေစက္ကူတစ်ရွက်ကို ဆွဲထုတ်ပြီး ဟယ်ရီ့ကို ပေးလိုက်တယ်။

" . . . . ဒါ ငါ့ကို နင့်ပေးခိုင်းတာ"

စက္ကူလိပ်လေးတစ်လိပ်၊ ဒမ်ဘလီဒိုးက သူ့ကို ကျောင်းတက်ဖို့ ဖိတ်ခေါ်တဲ့စာဆိုတာ ဟယ်ရီ ချက်ချင်းတွေ့ရှိတယ်။

"ဒီည" သူက သိုးရေစက္ကူလိပ်ကို ဖြည်လိုက်တာနဲ့ ရွှန်နဲ့ ဟာမီးကို ပြောတယ်။

"နင် အရင်တစ်ခါပြိုင်ပွဲမှာ ကြေညာတာမဆိုးဘူး" လူနာက ကြက်သွန်မြိတ်၊ ထီးမှိုနဲ့ ကြောင်မြက်တွေကို ပြန်ယူတဲ့အခါမှာ ရွှန်က သူမကို ပြောတယ်။ လူနာက မရေမရာပြုံးတယ်။

"နင် ငါ့ကို သရော်နေသလား" သူမက ပြောတယ်။ "လူတိုင်းက ငါ့ကို သိပ်ညံ့တယ်လို့ ပြောတယ်"

"ဟင့်အင်း၊ ငါက အတည်ပြောတာ" ရွှန်က စိတ်ရင်းနဲ့ ပြောတယ်။ "ဒီလောက် ငါ့ကို စိတ်ပျော်အောင် ကြေညာတာ ငါ မကြားဖူးဘူး။ အော ဒါဘာလဲ" သူက ကြက်သွန်နဲ့တူတဲ့အရာကို မျက်စိရှေ့ မြှောက်ကြည့်တယ်။

"အိုး၊ အဲဒါ ဂါးဒီးအမြစ်" သူကပြောရင်း ကြောင်အသိုက်မြက်နဲ့ ထီးမှိုကို လွယ်အိတ်ထဲ ပြန်ထည့်တယ်။ "နင်လိုချင်ရင် ယူထားလိုက်။ ငါ့မှာ လေးငါးပင်ရှိတယ်။ အဲဒါက ပါးစပ်ကြီးရောင်စုံဘောလုံးငါးကို ခုခံကာကွယ်နိုင်တယ်၊ သိပ်အာနိသင်ကောင်းတယ်"

သူမ ထွက်သွားတယ်။ ရွှန်က တဟားဟားရယ်တယ်။ လက်ထဲမှာ ဂါးဒီးအမြစ်ကို ကိုင်ထားသေးကယ်။

"သိလား၊ ငါ သူမအပေါ် အမြင်ကောင်းလာပြီ၊ လူနာ့အပေါ် သဘောကောက်သား ခန်းမဆီ ဆက်လျှောက်သွားတော့ ရွှန်က ပြောတယ်။ "သူမ အိပ်မရှုန်းမှုန်း ငါသိတယ်၊ ဒါပေမယ့် သူမမှာလဲ ကောင်းတာရှိတယ် —"



သူ ရုတ်တရက် စကားပြောရပ်သွားတယ်။ လာဗင်ဒါ-ဘရောင်းဟာ အဘော်ကျောက်လှေကားအောက်မှာ ဒေါ်နဲ့မောနဲ့ ရပ်နေတယ်။

"ဟိုင်း" ရွှန်က စိုးရိမ်စွာနဲ့ ပြောတယ်။

"မြန်မြန်သွား" ဟယ်ရီက ဟာမီးကို တိုးတိုးသတိပေးတယ်။ နှစ်ယောက်သား အမြန်ထွက်ပြေးသွားတယ်။ ဒါပေမယ့် လာဗင်ဒါက "နင် ဒီနေ့ ဆေးရုံဆင်းမယ်ဆိုတာ ဘာဖြစ်လို့ ငါ့ကိုမပြောတာလဲ၊ ဘာဖြစ်လို့ သူမနဲ့ အတူ ရှိတာလဲ"လို့ ပြောတာ ကြားနေရပြီ။

နာရီဝက်ကြာတော့ ရွှန် နံနက်စာစော လာစားတယ်။ အလွန် စိတ်ဆိုးနေပုံရတယ်။ သူဟာ လာဗင်ဒါနဲ့အတူ ထိုင်နေပေမယ့်၊ သူတို့စကား ပြောတာ ဟယ်ရီ မတွေ့ရဘူး။ ဟာမီးကတော့ ဒါတွေကို လုံးဝမခံစားရသလိုပဲ။ ဒါပေမယ့် သူမမျက်နှာပေါ်မှာ ဘာမှန်းမသိတဲ့ ပြုံးဖြဖြအပြုံးရိပ် တစ်ကြိမ် နှစ်ကြိမ် ဖြတ်သန်းသွားတာ ဟယ်ရီ မြင်ရတယ်။ တစ်နေ့လုံး သူမ သိပ် စိတ်ပျော်နေသလိုပဲ။ ညဘက် အများနားနေခန်းမှာ သူမဟာ ဟယ်ရီ့မော် ဆေးပင်ဘာသာစာတမ်းကို ကူကြည့် ( ကူရေးပေးမယ့်သဘောပဲ ) ပေးဖို့တောင် သဘောတူတယ်။ ဒီရှေ့မှာတုန်းက သူမဟာ လုံးဝလုပ်မပေးဘူး၊ ဟယ်ရီက ရွှန့်ကို ပေးကူးမယ်ဆိုတာ သိလို့။

"အများကြီး ကျေးဇူးတင်တယ်၊ ဟာမီး" ဟယ်ရီက ပြောရင်း သူမ ခေါင်းကို အမြန်ပုတ်လိုက်တယ်၊ နာရီကိုလည်း ကြည့်လိုက်တယ်။ ရှစ်နာရီ ထိုးခါနီးတာ တွေ့ရတယ်။ "နားထောင်၊ ငါ မြန်မြန်လုပ်မှ၊ နို့မို့ရင် ဒမ်ဘလီဒိုး ဆီ သွားတာ နောက်ကျတော့မယ်"

သူမက မဖြေဘူး၊ သူရေးထားတဲ့ ခပ်ညံ့ညံ့ဝါကျတချို့ကို နွမ်းနယ်စွာနဲ့ ခြစ်ပစ်လိုက်တယ်။ ဟယ်ရီက ပြုံးလိုက်တယ်၊ အရုပ်ကားကျင်းဝက အမြန်ထွက်သွားပြီး ကျောင်းအုပ်ကြီးရုံးခန်းဆီ ပြေးသွားတယ်။ ရေစက်ကျ ငါးစပ်ပေါက်သဏ္ဍာန် ကျောက်တိရစ္ဆာန်ကြီးဟာ "တော်ဖီအီကလဲယားမုန့် ချောင်း"လို့ ပြောတာ ကြားတာနဲ့ ဘေးကို ခုန်သွားတယ်။ ဟယ်ရီဟာ နှစ်ထစ်ကို တစ်လှမ်း ခုန်ကျော်ပြီး ခရုပတ်လှေကားကို တက်ခဲ့တယ်။ သူ တံခါးခေါက်တော့ အတော်ပဲ အတွင်းရှိနာရီ ရှစ်နာရီထိုးသွားတယ်။

"ဝင်ခဲ့ပါ" ဒမ်ဘလီဒိုးက အော်ပြောတယ်။ ဟယ်ရီ တံခါးသွားတွန်း

www.burmeseclassic.com

www.burmeseclassic.com



[illegible] ပါမောက္ခ ထရီလောနီ အဲဒီမှာ ရပ်နေတယ်။

"အားဟား" သူမဟာ ပြဇာတ်ဆန်ဆန် ဟယ်ရီ့ကို လက်ညှိုးထိုးပြီး သူမရဲ့ မှန်ဘီလူးလိုမျက်မှန်နောက်ကနေ မျက်တောင်ခတ်ကာ သူ့ကို ကြည့်နေတယ်။ "ဒါဟာ ကိုယ့်ကို ရှင့်ရုံးခန်းက ကြမ်းတမ်းစွာ မောင်းထုတ်ရတဲ့ အကြောင်းပဲပေါ့၊ ဒမ်ဘယ်လီဒိုး"

"ချစ်လှစွာသော စီဘီး" ဒမ်ဘယ်လီဒိုးက ပြောတယ်၊ လေသံက နည်းနည်းဒေါသထွက်နေတယ်။ "ဘယ်သူ့ကမှ ခင်ဗျားကို ကြမ်းတမ်းစွာ မောင်းမထုတ်ချင်ပါဘူး။ ဒါပေမယ့် ဟယ်ရီနဲ့က ချိန်းထားတာ၊ ပြီးတော့လဲ ကျွန်တော် တကယ်ပဲ နောက်ထပ် ဘာမှပြောစရာ မရှိတော့ဘူးလို့ ထင်တယ် ——"

"သိပ်ကောင်းတယ်" ထရီလောနီက အလွန်ထိခိုက်သွားတဲ့အသံနဲ့ ပြောတယ်။ "ရှင် အဲဟို ခိုင်းမြင်းကို မောင်းမပစ်ဘူးဆိုရင် ရှိစေတော့ . . . . ကျွန်မလဲ ကျွန်မပင်ကိုစွမ်းရည်ကို ပိုပြီးတန်ဖိုးထားတဲ့ ကျောင်းတစ်ကျောင်း တွေ့ချင်တွေ့မှာ . . . ."

သူမက ဟယ်ရီ့ကို တွန်းပစ်ပြီး ခရုပတ်လှေကားပေါ်မှာ ပျောက်သွားတယ်။ သူမ လမ်းမှာ ခလုတ်တစ်ချက်တိုက်လိုက်တာ ကြားရတဲ့အတွက် သူမရဲ့ ပဝါရှည်ရှည်တစ်ထည်ထည်ကို နင်းမိလို့ဖြစ်မယ်လို့ ဟယ်ရီ ထင်လိုက်တယ်။

"တံခါးပိတ်လိုက်ပါ၊ ထိုင်၊ ဟယ်ရီ" ဒမ်ဘယ်လီဒိုးအသံက နည်းနည်းနွမ်းနယ်နေတယ်။

ဟယ်ရီ တံခါးပိတ်လိုက်တယ်၊ ဒမ်ဘယ်လီဒိုးစားပွဲရှေ့က ထိုင်နေကျ နေရာမှာ သွားထိုင်တယ်။ အတွေးဇလုံထုတ်ထားတာ သူ သတိပြုမိတယ်။ ခရစ်ဆယ်ပုလင်းလေးနှစ်လုံးလည်း ရှိတယ်။ အတွင်းမှာ လည်ပတ်နေတဲ့ မှတ်ဉာဏ်ရှိတယ်။

"ပါမောက္ခ ထရီလောနီဟာ ဖရင်ဇယ်သင်ကြားတာအတွက် စိတ်ဆိုးနေထွန်းသဲ ?" ဟယ်ရီက မေးတယ်။

"စိတ်ဆိုးနေတယ်" ဒမ်ဘယ်လီဒိုးက ပြောတယ်။ "ဗေဒင်ဘာသာဟာ ချယ်ရှေ့သင်တာထက် အများကြီး ကိစ္စရှုပ်တယ်။ ကျုပ်ကိုယ်နှိုက်က



ဒီဘာသာကို တစ်ခါမှ မယူဖူးဘူး။ ကျုပ် ဖရင်ဇယ်ကို သစ်တောထဲ ပြန်လွှတ်လို့ မဖြစ်ဘူး၊ သူ မောင်းထုတ်ခံထားရတာ။ ကျုပ်လဲ စီဘီး-ထရီလောနီကို ထွက်သွားခိုင်းလို့ မဖြစ်ဘူး။ ကျုပ်တို့ကြား ပြောတာပါ၊ ရဲတိုက်အပြင်ဘက်မှာ ဘယ်လောက်အန္တရာယ်ရှိတယ်ဆိုတာ သူမ မသိဘူး။ သူမ မသိဘူး —— သူမကို ဒါတွေပြောပြရင်လဲ မလိမ္မာရာကျမယ်လို့ ကျုပ်ထင်တယ် —— သူမဟာ မင်းနဲ့ ဗိုလ်ဒီမွန်နဲ့ ပတ်သက်တဲ့ ကြိုဟောစကား ပေးခဲ့ဖူးတယ်၊ မင်းသိတယ်"

ဒမ်ဘယ်လီဒိုးဟာ သက်ပြင်းကြီးချလိုက်တယ်။ သူက ပြောတယ်။ "ဒါပေမယ့်၊ ကျုပ်ဝန်ထမ်းပြဿနာ အသာထားလိုက်။ ကျုပ်တို့မှာ ပိုအရေးကြီးတဲ့ကိစ္စ ပြောစရာရှိတယ်။ အရင်ဆုံး —— အရင်တစ်ခါသင်တန်းမှာ ပေးတဲ့ အိမ်စာကို မင်းလုပ်ပြီးပြီလား"

"အား" ဟယ်ရီ ရုတ်တရက် သတိရသွားတယ်။ ရုပ်ရှေ့ပြောင်းလုပ်ပေါ် သင်တန်း၊ ခွေဒစ်ပြိုင်ပွဲ၊ ရွန် အဆိပ်မိတာ၊ မိမိခေါင်းခွဲရိုးကြေတာ၊ ပြီးတော့ မော်ဖိုင် ဘာလုပ်နေတယ်ဆိုတာ သိချင်တဲ့ဇောတွေကြောင့်၊ သူဟာ ဒမ်ဘယ်လီဒိုးက သူ့ကို စလပ်ဂ်ဟွန်းမှတ်ဉာဏ်ကိုရအောင် လုပ်ခိုင်းတာ မေ့သွားတော့မယ် . . . . "အင်း၊ မော်ဆေးပညာအတန်းဆင်းပြီး ကျွန်တော် ပါမောက္ခ စလပ်ဂ်ဟွန်းကို မေးသေးတယ်၊ ဒါပေမယ့်၊ ဆရာ၊ အဲ၊ သူက ကျွန်တော့်ကို မပေးဘူး"

ခဏတာငြိမ်သက်သွားတယ်။

"အော" ဒမ်ဘယ်လီဒိုးက နောက်ဆုံးမှာ ပြောတယ်။ သူဟာ လခြမ်းသဏ္ဍာန်မျက်မှန်ချပ်အပေါ်ကနေ ဟယ်ရီ့ကို ကြည့်နေတယ်။ ဟယ်ရီဟာ X ရေးနဲ့ အထိုးခံရသလို ခံစားရတယ်။ "မင်း အစွမ်းကုန်ကြိုးစားပြီးပြီလို့ ထင်သလား။ မင်းရဲ့ဉာဏ်ပညာစွမ်းရည်ကို အပြည့်အဝ အသုံးချပြီးပြီလား၊ နည်းနာအားလုံး ကြံဆပြီးပြီ ?"

"ဒီလို . . . . ရွန်က အချစ်ဆေးရည်ကို မှားသောက်မိတဲ့နေ့က၊ ကျွန်တော် သူ့ကို ပါမောက္ခ စလပ်ဂ်ဟွန်းဆီ ခေါ်သွားတယ်။ တကယ်လို့ ပါမောက္ခ စလပ်ဂ်ဟွန်းကို စိတ်ပျော်အောင် လုပ်နိုင်ရင်၊ ကျွန်တော် ——"

"အောင်မြင်သလား" ဒမ်ဘယ်လီဒိုးက မေးတယ်။

"အင်း၊ ဟင့်အင်း၊ ဆရာ။ ရွန် အဆိပ်မိသွားတယ် ——"

www.burmeseclassic.com

www.burmeseclassic.com



"— အဲဒါ၊ သဘာဝကျစွာပဲ၊ မင်းကို မှတ်ဉာဏ်ရှာဖွေဖို့ကိစ္စ ရှေ့ သွားစေတယ်။ တခြားတုံ့ပြန်မှုကို ကျုပ် မမျှော်လင့်ပါဘူး၊ မင်းချစ်သူငယ်ချင်း အန္တရာယ်ရှိနေတာကိုး။ ဒါပေမယ့်၊ မစ္စတာ ဝယ်စလီ လုံးဝပျောက်ကင်းမယ် ဆိုတာ သေချာသွားရင်၊ ကျုပ်ပေးတဲ့အိမ်စာကို မင်း ပြန်လုပ်လိမ့်မယ်လို့ ကျုပ် ထင်တာ။ အဲဒီမှတ်ဉာဏ်ဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ကျုပ် မင်းကို ပြောပြပြီးပြီ။ စင်စစ်မှာ အဲဒါဟာ ချက်အကျဆုံးမှတ်ဉာဏ်တစ်ခုဆိုတာ မင်းကိုသိအောင် ကျုပ် ကြိုးစားခဲ့ပြီးပြီ။ အဲဒါမရရင်၊ ကျုပ်တို့ အချိန်ကုန်တာပဲ ရှိမယ်"

ပူရှိန်းတဲ့အပ်နဲ့ အထိုးခံရသလို ရှက်ကြောက်တဲ့ ခံစားချက်တွေ ဟယ်ရီ့ခေါင်းထိပ်ကနေ တစ်ကိုယ်လုံးကို ပျံ့နှံ့သွားတယ်။ ဒမ်ဘယ်လီဒိုးရဲ့ အေးစက်တဲ့ စိတ်ပျက်မှုဟာ ဘာထက်မဆို အခံရခက်တယ်။

"ဆရာ" သူက နည်းနည်းအရဲစွန့်ပြောတယ်။ "ကျွန်တော် စိတ်ဝင်စား မထားတာ မဟုတ်ဘူး၊ ကျွန်တော့်မှာ တခြား — တခြားကိစ္စရှိလို့ . . . ."

"တခြား မင်းစိတ်စွဲနေတဲ့ကိစ္စ ရှိတယ်" ဒမ်ဘယ်လီဒိုးက သူ့အစား စကားကိုဆုံးအောင် ပြောလိုက်တယ်။ "ကျုပ် သိပြီ"

နှစ်ယောက်စလုံး ငြိမ်သွားပြန်တယ်။ ဒါဟာ ဟယ်ရီ ဒမ်ဘယ်လီဒိုး အနားမှာ အနေရအခက်ဆုံး ငြိမ်သက်ခြင်းပဲ။ ၎င်းဟာ အဆုံးမရှိသလိုပဲ။ ဒမ်ဘယ်လီဒိုးခေါင်းပေါ်က အာမန်ဒို-ဒစ်ဖက် မှန်မှန်နဲ့ တအုတ်အုတ် ဟောက်သံပဲ ရှိတယ်။ ဟယ်ရီ့မှာ ထူးဆန်းတဲ့ သေးငယ်သွားတဲ့ ခံစားချက် ရှိတယ်၊ အခန်းထဲ ဝင်လာပြီးနောက် သေးကျုံ့သွားသလိုပဲ။

သူ မခံနိုင်တော့ဘူး၊ ဒါနဲ့ ပြောတယ်။ "ပါမောက္ခ ဒမ်ဘယ်လီဒိုး ကျွန်တော် တကယ်ပဲ ဝမ်းနည်းပါတယ်။ ကျွန်တော် ဒီထက်အများကြီး ပိုလုပ် သင့်တယ် . . . . တကယ်တမ်း အရေးကြီးတာမဟုတ်ရင်၊ သင် ကျွန်တော့်ကို သွားလုပ်ခိုင်းမှာမဟုတ်ဘူးဆိုတာ ကျွန်တော် တွေးမိသင့်တယ်"

"မင်း ဒီလိုပြောတာ ကျေးဇူးတင်တယ်" ဒမ်ဘယ်လီဒိုးက အေးအေးဆေးဆေး ပြောတယ်။ "ဒါဆို၊ မင်း ဒီကိစ္စကို ခုကစပြီး ရှေ့တန်းနည်းနည်းတင်ဖို့ ကျုပ် မျှော်လင့်ရမလား။ တကယ်လို့ အဲဒီမှတ်ဉာဏ်မရှိရင်၊ ကျုပ်တို့ နောင် ဆက်ဆွေးနွေးစရာ အကြောင်းအရာ ဆင်ဆန်းဘာတ်ရင်လဲ ဘာမှအဓိပ္ပာယ်မရှိတော့ဘူး"



"ကျွန်တော် လုပ်မှာပါ၊ ဆရာ၊ ကျွန်တော် ၎င်းကို သူ့ဆီက ရအောင် ယူမှာပါ"

"ဒါဆို ကျုပ်တို့ အခု အဲဒီအကြောင်း မပြောတော့ဘူး" ဒမ်ဘယ်လီဒိုး လေသံက နည်းနည်းလျှော့လာတယ်။ "အရင်တစ်ခါကပုံပြင်ကို ဆက်ပြောမယ်။ ဘယ်ရောက်သွားပလဲဆိုတာ မင်း မှတ်မိသေးလား"

"မှတ်မိတယ်၊ ဆရာ" ဟယ်ရီက ချက်ချင်းပြောတယ်။ "ဗိုလ်ဒီမော့က သူ့အဖေနဲ့ အဘိုးအဘွားကို သတ်ပစ်လိုက်တယ်။ လူတွေက သူ့ဦးလေးသတ် တယ်လို့ ထင်အောင်လုပ်တယ်။ ဒီနောက် သူ ဟော့ဂ်ဝပ်ကို ပြန်လာပြီး . . . . ပြီး ပါမောက္ခ စလပ်ဂ်ဟွန်းဆီမှာ ဝိညာဉ်ပစ္စည်းအကြောင်း စုံစမ်းတယ်" သူက ရှက်စိတ်နဲ့ ပြောတယ်။

"သိပ်ကောင်းတယ်" ဒမ်ဘယ်လီဒိုးက ပြောတယ်။ "အခု၊ ကျုပ်တို့ ဒီ…တွေ့ဆုံခြင်းရဲ့ အစောဆုံးစတင်စဉ်က မင်းကို ပြောဖူးတဲ့၊ ကျုပ်တို့ ခန့်မှန်း ခြင်းနဲ့ ဆင်ခြင်မှန်းဆခြင်းနယ်ပယ်ထဲ ဝင်ရောက်ရလိမ့်မယ်"

"မှတ်မိတယ်၊ ဆရာ"

"လက်ရှိအချိန်အထိ၊ ကျုပ် မင်းကို ပြတာတွေအားလုံးဟာ အလွန် စိတ်ချရတဲ့ အဖြစ်မှန်တွေလို့လဲ မင်း ထင်မြင်စေချင်တယ်။ ဒါတွေကို အကြောင်း ပြုပြီး ဗိုလ်ဒီမော့ အသက်ဆယ့်ခုနစ်နှစ်မတိုင်ခင်က အခြေအနေကို ကျုပ် တွေးတောတွက်ချက်ထားတယ်"

ဟယ်ရီ ခေါင်းညိတ်လိုက်တယ်။

"ဒါပေမယ့် အခု၊ ဟယ်ရီ" ဒမ်ဘယ်လီဒိုးက ပြောတယ်။ "အခုအခြေ အနေက ပိုပြီးမမြင်မကမ်းဖြစ်လာတယ်၊ ပိုပြီးထူးထူးဆန်းဆန်း ဖြစ်လာတယ်၊ လူငယ် ရစ်ဒေါ်ရဲ့သက်သေအထောက်အထားကို ရှာဖွေရတာ အလွန်ခက်ခဲ တယ်ဆိုရင်၊ အရွယ်ရောက်ပြီးတဲ့ ဗိုလ်ဒီမော့အကြောင်း မှတ်မိတဲ့လူကို ရှာဖို့ ဆိုတာ မဖြစ်နိုင်သလောက်ပဲ။ စင်စစ်မှာ၊ သူကိုယ်နှိုက်ကလွဲပြီး၊ ကျုပ်တို့ကို သူ ဟော့ဂ်ဝပ်က ထွက်ခွာပြီးနောက် ဘဝအကြောင်းကို သေချာပြောပြနိုင်မယ့် အသက်ရှင်နေသေးတဲ့ လူတစ်ယောက် ရှိနိုင်ဖို့ဆိုတာ ကျုပ် သံသယဖြစ်မိ တယ်။ သို့ပေမယ့် ကျုပ်မှာ နောက်ဆုံးမှတ်ဉာဏ်နှစ်ခု မင်းနဲ့အတူ ခွဲဝေခံစားဖို့ ရှိနေတယ်" ဒမ်ဘယ်လီဒိုးပြောရင်း အတွေးဗလုံဘေးက လက်နေတဲ့ ခရစ်ဆယ် ပုလင်းလေးနှစ်လုံးကို လက်ညှိုးထိုးပြတယ်။ "ပြီးရင်၊ ကျုပ်ရရှိတဲ့ကောက်ချက်

www.burmeseclassic.com

www.burmeseclassic.com



တာ ကျွန်ုပ်ကြောင်းဆီလျှော်သလားဆိုတဲ့ မင်းရဲ့ထင်မြင်ချက်ကို ကျုပ် ဝမ်းသာစွာ နားထောင်ချင်တယ်"

ဒမ်ဘယ်လီဒိုးက သူ့ထင်မြင်ချက်ကို ဒီလောက်အလေးထားတဲ့အတွက် စိတ်ညာဉ်ပစ္စည်းနဲ့ ပတ်သက်တဲ့ မှတ်ဉာဏ်ကို မရတဲ့ ဟယ်ရီဟာ ပိုပြီးရှက်မိတယ်၊ သူဟာ အပြစ်ရှိတဲ့ခံစားချက်နဲ့ ထိုင်ခုံပေါ်မှာ လှုပ်လိုက်တယ်။ ဒမ်ဘယ်လီဒိုးက ပထမပုလင်းကို အလင်းရောင်အောက်ကို မြှောက်ပြီး သေချာကြည့်တယ်။

"မင်း သူများမှတ်ဉာဏ်ထဲ ဝင်ရလို့ ငြီးငွေ့တာ မဖြစ်စေချင်ဘူး။ ၎င်းတို့ဟာ အလွန်ထူးခြားလို့။ ဒီနှစ်ခုပဲ" သူက ပြောတယ်။ "ပထမတစ်ခုက အလွန်အိုမင်းတဲ့ အိမ်မွေးမှင်စာလေးဆီက ရတာ။ သူ့မနာမည်က ဟိုကီ။ ဟိုကီရဲ့မျက်မြင်သက်သေကို မကြည့်ခင်မှာ၊ ဗိုလဒီမွန့် ဟော့ဂ်ဝပ်က ဘယ်လို *ထွက်သွားတယ်ဆိုတာ ကျုပ် အတိုချုပ်ပြောရဦးမယ်။*

"မင်း မှန်းမိပြီထင်တယ်၊ သူဟာ ဘာသာတိုင်း အထူးချွန်ဆုံးအမှတ်နဲ့ သတ္တမနှစ်ကို ရောက်သွားတယ်။ ပတ်ဝန်းကျင်မှာတော့ ကျောင်းနေဘက်တွေဟာ ကျောင်းအောင်ပြီးနောက် ဘာအလုပ်လုပ်မလဲဆိုတာ စဉ်းစားနေကြတယ်။ လူတိုင်းလောက်က တွမ်-ရစ်ဒေါ်ဟာ ထူးထူးခြားခြား ဖြစ်လာလိမ့်မယ်လို့ ထင်တယ်။ သူဟာ အကောင်းဆုံးဖြစ်တယ်၊ အတန်းခေါင်းဆောင်ဖြစ်တယ်၊ ကျောင်းက အထူးဂုဏ်ပြုချီးမြှင့်ခြင်း ခံရဖူးတယ်။ ပါမောက္ခ စလပ်ဂ်ဟွန်း အပါအဝင် ဆရာတချို့က သူ့ကို မှော်ဝန်ကြီးဌာနထဲ ဝင်လုပ်ဖို့ အကြံပေးတယ်၊ သူ့ကိုလဲ မိတ်ဆက်ပေးဖို့ လိုလိုချင်ချင် ရှိကြတယ်။ ဒါပေမယ့် သူဟာ အားလုံးကို ငြင်းပယ်ခဲ့တယ်။ နောက်တော့ သူ ဘော်ဂင်နဲ့ ဘတ်ခ်စ်မှာ အလုပ်သွားလုပ်တယ်လို့ ဆရာတွေ သိရတယ်"

"ဘော်ဂင်နဲ့ ဘတ်ခ်စ် ?" ဟယ်ရီက လိုက်ပြောတယ်။ ထိတ်လန့်အံ့အားသင့်သွားတယ်။

"ဘော်ဂင်နဲ့ ဘတ်ခ်စ်မှာ" ဒမ်ဘယ်လီဒိုးက ထပ်ပြီး အေးဆေးစွာ ပြောတယ်၊ "ကျုပ်ထင်တယ်၊ ဟိုကီရဲ့မှတ်ဉာဏ်ထဲဝင်ပြီးရင် အဲဒီနေရာဟာ သူ့ကို ဘယ်လောက်ဆွဲဆောင်နိုင်တယ်ဆိုတာ မင်း မြင်လိမ့်မယ်။ ဒါပေမယ့် ဒါဟာ ဗိုလဒီမွန့်ရဲ့ ပထမရွေးချယ်မှု မဟုတ်ဘူး။ ထိုစဉ်က ဘယ်သူမှ မသိဘူး — ကျုပ်ကိုယ်တိုင် ကျောင်းအုပ်ဆရာကြီးက ဒီအကြောင်းကိုပြောတာ ကြားဖူးတဲ့လူ



အနည်းစုထဲက တစ်ယောက်ပဲ။ ဗိုလဒီမွန့်ဟာ အရင်ဆုံး ပါမောက္ခ ဒစ်ပက်ဆီ သွားတယ်၊ သူ ဟော့ဂ်ဝပ်မှာ ဆရာလုပ်လို့ရမလားလို့ မေးတယ်"

"သူ ဒီမှာနေချင်တယ် ?" ဟယ်ရီ ပိုပြီးအံ့ဩသွားတယ်။

"သူ့မှာ အကျိုးအကြောင်း မနည်းရှိမယ်လို့ ကျုပ် ယုံကြည်တယ်။ သူကတော့ ပါမောက္ခ ဒစ်ပက်ကို တစ်ခုမှ ပြောမပြဘူး" ဒမ်ဘယ်လီဒိုးက ပြောတယ်။ "ပထမအားဖြင့်၊ အလွန်အရေးကြီးတဲ့တစ်ချက်က၊ ဗိုလဒီမွန့်ဟာ ဒီကျောင်းကို တခြားလူအားလုံးထက် ပိုပြီးသံယောဇဉ် ရှိတယ်။ ဟော့ဂ်ဝပ်ဟာ သူ အပျော်ဆုံးနေရာပဲ။ သူ့အနေနဲ့ အိမ်နဲ့တူတဲ့ ပထမဆုံးလဲ ဖြစ်၊ တစ်ခုတည်းလဲဖြစ်တဲ့ နေရာ"

ဟယ်ရီ ဒီစကားတွေကြားရတာ နည်းနည်းအနေရခက်သွားတယ်။ ဒါတွေဟာလည်း သူ ဟော့ဂ်ဝပ်အပေါ် ခံစားချက်ဖြစ်နေလို့။

"ဒုတိယအားဖြင့်၊ ဒီရဲတိုက်ကြီးဟာ ရှေးမှော်ပညာရဲ့ ခြေကုတ်စခန်း။ ဗိုလဒီမွန့်ဟာ ကျန်ကျောင်းသားအများစုထက် ဒီက လျှို့ဝှက်ချက်များကို သေချာသိတယ်။ ဒါပေမယ့် အဖြေမရသေးတဲ့ ပဟေဠိလဲ အများကြီးရှိတယ်လို့ သူ ခံစားရလိမ့်မယ်။ မှော်ရတနာတွေ အများကြီးကို တူးဖော်လို့ရမယ်လို့ သူ ခံစားရလိမ့်မယ်။

"တတိယအားဖြင့်၊ ဆရာဖြစ်သွားရင်၊ သူဟာ လူငယ်မှော်ဆရာတွေအပေါ်မှာ အများကြီး သက်ရောက်မှုရှိမယ်။ ဒီအတွေးအခေါ်ဟာ ပါမောက္ခ စလပ်ဂ်ဟွန်းဆီက ရတာလဲ ဖြစ်နိုင်တယ်။ စလပ်ဂ်ဟွန်းက သူ့ကို ဆရာဆိုတာ ဘယ်လောက်အခန်းဝင်တယ်ဆိုတာ သိရှိစေတယ်။ ဗိုလဒီမွန့်ဟာ ဟော့ဂ်ဝပ်မှာ တစ်သက်လုံးနေမယ်လို့ ကျုပ် ဘယ်တုန်းကမှ မထင်ခဲ့ဘူး။ သူဟာ ဒီနေရာကို တပည့်သားမွေးမြူပြီး မိမိအတွက် တပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့နိုင်မယ့်နေရာလို့ မြင်တယ်လို့ ကျုပ် ထင်တယ်"

"ဒါပေမယ့် သူ ဒီအလုပ်ကို မရခဲ့ဘူး၊ ဆရာ ?"

"မရဘူး။ ပါမောက္ခ ဒစ်ပက်က သူ အသက်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်၊ သိပ်ငယ်လွန်းတယ်လို့ ပြောတယ်။ ဒါပေမယ့် နောက်နှစ်နှစ်ကြာပြီး ပြန်လာလျှောက်ဖို့ပြောတယ်။ အဲဒီအချိန်ရောက်လို့ သူ ကျောင်းဆရာ လုပ်ချင်သေးတယ်ဆိုရင်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စနဲ့ပတ်သက်ပြီး သင် ဘယ်လိုတွေးသလဲ၊ ဆရာ" ဟယ်ရီက တုံ့ဆိုင်းစွာ မေးတယ်။

"တော်တော့်ကို စိုးရိမ်မိတယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ "ကျုပ်က အာမန်ဒိုကို သူ့ကို မငှားဖို့ အကြံပေးတယ် —— ခုနကပြောတဲ့ အကျိုးအကြောင်းတို့ ကျုပ် ပြောမပြဘူး။ အကြောင်းက ပါမောက္ခ ဒစ်ဖက်ဟာ ဗိုလ်ဒီမွန့်ကို သိပ်နှစ်သက်လို့၊ သူ့ကို ရိုးသားတယ်လို့ သေချာယုံကြည်နေတယ် —— ဒါပေမယ့် ကျုပ်က ဗိုလ်ဒီမွန့် ဒီကျောင်းကို ပြန်မလာစေချင်ဘူး၊ အထူးသဖြင့် အာဏာရှိတဲ့နေရာကို မရစေချင်ဘူး"

"သူ ဘာနေရာရချင်သလဲ၊ ဘာဘာသာ သင်ချင်သလဲ"

ဒမ်ဘာလီဒိုး မဖြေရသေးခင်မှာပဲ ဟယ်ရီ အဖြေသိနှင့်ပြီ။

"မှော်နက်ပညာခုခံကာကွယ်တဲ့အတတ်ဟာ ထိုစဉ်က ဂါလာတီးယား-မာရီသော့လို့ခေါ်တဲ့ ပါမောက္ခကြီး သင်တာ။ သူ ဟော့ဂ်ဝပ်မှာသင်တာ အနှစ်ငါးဆယ်ခန့်ရှိပြီ။

"ဗိုလ်ဒီမွန့် ဘော်ဂင်နဲ့ ဘတ်ခ်စ်ကို သွားတယ်၊ သူ့ကို အထင်ကြီးနှစ်သက်ကြတဲ့ ဆရာအားလုံးက ဒီလို အလွန်ထူးချွန်တဲ့ မှော်ဆရာ လူငယ်တစ်ယောက်ဟာ ဆိုင်လုပ်သား သွားလုပ်တာ နှမြောစရာပဲလို့ ပြောတယ်။ ဒါပေမယ့် ဗိုလ်ဒီမွန့်ဟာ ဆိုင်လုပ်သားတင်မကဘူး။ သူဟာ အလွန်ယဉ်ကျေးတယ်၊ ရုပ်ရည်သားနားပြီး ဉာဏ်ကောင်းတဲ့အတွက်၊ ဘော့ဂင်နဲ့ ဘတ်ခ်စ်လို နေရာမျိုးမှာမှ ရရှိနိုင်တဲ့ ထူးခြားတဲ့အလုပ်ကို သူ ရသွားတယ်။ မင်းသိတယ် ဟယ်ရီ၊ ဒီဆိုင်ဟာ ထူးခြားတဲ့သတ္တိရှိတဲ့ ပစ္စည်းပစ္စယတွေကိုပဲ ရောင်းတာ။ ဗိုလ်ဒီမွန့်ဟာ သူများတွေကို တန်ဖိုးရှိတဲ့ပစ္စည်းတွေ ဆိုင်ကိုအပ်ပြီးရောင်းဖို့ လိုက်ဆွယ်တဲ့အလုပ် လုပ်ရတယ်။ သူ ဒီအလုပ်ကို အလွန်ကျွမ်းတယ်လို့ ပြောဖူးတယ်"

"ကျွန်တော် ယုံတယ်" ဟယ်ရီက ပြောတယ်၊ မိမိကိုယ်မိမိ မထိန်းနိုင်လိုက်ဘူး။

"ဟုတ်တယ်" ဒမ်ဘာလီဒိုးက ပြောရင်း ချည့်နဲ့စွာ အသာပြုံးလိုက်တယ်။ "အခု အိမ်မွေးမှင်စာလေး ဟိုကီရဲ့ မှတ်ဉာဏ်ကို နားထောင်ကြရအောင်။ သူမသခင်မဟာ အသက်အလွန်ကြီးပြီး အလွန်ချမ်းသာတဲ့ မှော်ဆရာမ နာမည်က ဟက်ပ်ဇီဘာ-စမစ် တဲ့"



ဒမ်ဘာလီဒိုးက မှော်ကြိမ်လုံးနဲ့ ပုလင်းလေးတစ်လုံးကို ခေါက်လိုက်တယ်။ ပုလင်းဆို့ ပွံ့ထွက်သွားတယ်။ သူက ဝဲလည်နေတဲ့ မှတ်ဉာဏ်ကို အတွေးဇလုံထဲ သွန်ထည့်ပြီး ပြောတယ်၊ "မင်းနောက်ကလိုက်မယ်၊ ဟယ်ရီ"

ဟယ်ရီ မတ်တတ်ရပ်လိုက်တယ်။ တစ်ခါ ကျောက်ဇလုံတွင်းက တြက်ခွပ်ထနေတဲ့ ငွေရောင်အရာဆီ မျက်နှာနဲ့ ထိတဲ့အထိ ကုန်းသွားတယ်။ သူဟာ ကျွမ်းပြန်ပြီး မှောင်မည်းတဲ့ ဟင်းလင်းနယ်ထဲမှာ ကျဆင်းသွားတယ်။ ဧည့်ခန်းတစ်ခန်းထဲ ကျသွားတယ်။ အလွန့်အလွန်ဝတဲ့ အဘွားကြီးတစ်ယောက် သေသပ်တဲ့ဆံပင်တုဝါဝါ ဆောင်းထားတာ တွေ့ရတယ်။ တောက်ပတဲ့ ပန်းရောင်ဝတ်ရုံရှည်ဟာ သူမဘေးပတ်လည်မှာ ဖြာကျနေတယ်။ ဒါကြောင့် သူမကို ကြည့်ရတာ အရည်ပျော်နေတဲ့ အိုက်စခရင်မ်ကိတ်မုန့်ကြီးနဲ့ တူနေတယ်။ သူမဟာ ရတနာစီခြယ်ထားတဲ့ မှန်ကလေးကို ကြည့်ပြီး တို့ဖတ်ကြီးကြီးနဲ့ နီရဲနေပြီဖြစ်တဲ့ ပါးပေါ်ကို ပါးနီလိမ်းနေတယ်။ ဟယ်ရီ တွေ့ခဲ့တဲ့ အပိန်ဆုံး အိုမင်းဆုံး အိမ်မွေးမှင်စာလေးဟာ အဘွားကြီးရဲ့ခြေထောက်တုတ်တုတ်မှာ စီးထားတဲ့ တင်းကြပ်တဲ့ ဖဲကြိုးသိုင်းဖိနပ်ကို ဖိနပ်ချိတ်ချိတ်ပေးနေတယ်။

"မြန်မြန်လုပ်၊ ဟိုကီ" ဟက်ပ်ဇီဘာက အာဏာသံပါပါ ပြောတယ်။ "သူက လေးနာရီလာမယ်ပြောတယ်၊ နှစ်မိနစ်ပဲ ကျန်တော့တယ်၊ သူ တစ်ခါမှ နောက်မကျဖူးဘူး"

သူမဟာ တို့ဖတ်ကို သိမ်းထားလိုက်တယ်။ အိမ်မွေးမှင်စာလေး ခါးမတ်လိုက်တယ်။ သူမခေါင်းဟာ ဟက်ပ်ဇီဘာရဲ့ ထိုင်ခုံလောက်ပဲ မြင့်တယ်။ စက္ကူနဲ့တူတဲ့ အရေပြားဟာ အရိုးပေါ် အရေတင် ရှိနေတယ်။ သူမကိုယ်ပေါ်မှာ ခြုံထားတဲ့ လီနင်အကျွတ်စလိုပဲ။

"ငါ ဘယ်လိုနေလဲ" ဟက်ပ်ဇီဘာက မေးတယ်။ ခေါင်းကိုလည်း တိုဒီလှည့်ပြီး ထောင့်အသီးသီးကနေ မှန်ထဲက သူမမျက်နှာကို ကျေနပ်အောင် ကြည့်နေတယ်။

"လှတယ်၊ မဒမ်" ဟိုကီက အသံစူးစူးနဲ့ ပြောတယ်။

ဟိုကီချုပ်ထားတဲ့ သဘောတူစာချုပ်ထဲမှာ ဒီမေးခွန်းကို ဖြေတဲ့အခါမှာ အံကြိတ်ပြီး လိမ်ပြောဖို့ တောင်းဆိုထားတယ်နဲ့တူတယ်လို့ ဟယ်ရီ ခန့်မှန်းတွက်ချက်မိတယ်။ အကြောင်းက သူ့အဖို့ ပြောရရင် ဟက်ပ်ဇီဘာ-စမစ်ဟာ လှတာနဲ့ အလွန်ကွာခြားနေလို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com



တံခါးကလိုင်သံ တချွင်ချွင် မြည်လာတယ်။ အိမ်ရှင်မနဲ့ မှင်စာ
တို့ နှစ်ယောက်စလုံး ခုန်ထကြတယ်။

"မြန်မြန်၊ မြန်မြန်၊ သူလာပြီ၊ ဟိုကီ" ဟက်ပ်ဇီဘာက အော်ပြော
တယ်၊ မှင်စာလေး ပြေးထွက်သွားတယ်။ အခန်းက အလွန်ပြည့်ကြပ်နေတယ်
အနည်းဆုံး အရာဝတ္ထုတစ်ဒါဇင်လောက်ကို မတိုက်မိဘဲ ဒီအခန်းကို ဖြတ်
သွားနိုင်သူရှိမယ်လို့ မယုံကြည်နိုင်ဘူး။ ယွန်းဘူးလေးတွေခင်းထားတဲ့
ရွှေစာလုံးရိုက်စာအုပ်တွေ စီထားတဲ့ စာအုပ်စင်၊ ဂြိုဟ်များနဲ့ နက္ခတ်တာ
များ ပုံလုံးများတင်ထားတဲ့စင်။ ပြီးတော့ ကြေးအိုးတွေထဲမှာ စိုက်ထား
ထွားကျိုင်းတဲ့အပင်တွေ။ ဒီအခန်းဟာ မှော်ရှေးပစ္စည်းဆိုင်နဲ့ အနွေး
ပေါင်းစပ်ထားတာနဲ့ တူနေတယ်။

မှင်စာလေး ခဏနေတော့ ပြန်လာတယ်။ နောက်က အရပ်မြင့်
လူငယ်တစ်ယောက် ပါလာတယ်။ ဟယ်ရီ ချက်ချင်းပဲ ဗိုလဒီမွန့်မှန်း မှတ်
လိုက်တယ်။ သူဟာ အနက်ရောင် အနောက်ဝတ်စုံ ဝတ်ထားတယ်၊ ဆံပင်
ကျောင်းသားဘဝကထက် နည်းနည်းရှည်တယ်။ ပါးပြင်ချိုင့်ကျနေတယ်
ဒါပေမယ့် ဒါတွေအားလုံး သူနဲ့အလွန်သင့်လျော်တယ်။ သူကြည့်ရတာ
သားနားပုံရတယ်။ သူဟာ ပြည့်ကြပ်တဲ့အခန်းကို သတိထားဖြတ်လာတယ်
အကြိမ်တချို့ လာခဲ့ဖူးပုံပဲ။ ဒီနောက် အသာလေး ခါးကွေးပြီး ပါးစပ်နဲ့ ဟက်
ဇီဘာရဲ့ ဝတုတ်တုတ်လက်ကလေးကို အသာလေး ထိလိုက်တယ်။

"သင့်အတွက် ပန်းယူခဲ့တယ်" သူက တိတ်တိတ်လေးပြောရင်း
လက်ထဲမှာ နှင်းဆီတစ်စီး ဖန်ဆင်းယူလိုက်တယ်။

"ဆိုးတဲ့ကောင်လေး၊ မင်း ဒီလိုမလုပ်ရဘူး" ဟက်ပ်ဇီဘာကြီးက
အော်ပြောတယ်။ ဒါပေမယ့် သူမဟာ ဘေးရှိစားပွဲလေးပေါ်မှာ ပန်းအိုးအလွတ်
တစ်အိုး အသင့်ထားရှိတာ ဟယ်ရီ သတိထားမိတယ်။ "မင်းက ငါအဘွား
ကို အလိုလိုက်လို့ ပျက်စီးတော့မယ်၊ တွမ် .... ထိုင်၊ ထိုင် .... ဟို
ဘယ်မှာလဲ .... အား ...."

အိမ်မွေးမှင်စာလေးဟာ မုန့်တစ်လင်ပန်းကိုင်ပြီး အခန်းထဲ ပြေး
လာတယ်၊ လင်ပန်းကို သခင်မတံတောင်ဆစ်ဘေး ချထားလိုက်တယ်။

"ကိုယ့်ဖာသာယူစားနော်၊ တွမ်" ဟက်ပ်ဇီဘာက ပြောတယ်။ "မင်း
... သိပ်ကြိုက်တာ ကိုယ်သိတယ်။ မင်း ဘာဖြစ်လဲ၊ မျက်နှာ



...ရော်နေတယ်။ ဆိုင်က မင်းကို ရက်ရက်စက်စက် ခိုင်းတယ်၊ ကိုယ် အကြိမ်
...ရာတောင် ပြောခဲ့ပြီ ...."

ဗိုလဒီမွန့်က စက်ယန္တရားဆန်ဆန်ပြုံးတယ်၊ ဟက်ပ်ဇီဘာက သွားဖြ
...ယ်တယ်။

"ကောင်းပြီ၊ ဒီတစ်ခါလာတဲ့အကြောင်းက ဘာလဲ" သူမက မျက်
...တောင်ခတ်ပြီး ပြောတယ်။

"သရဲသဘက်တွေ ပြုလုပ်တဲ့ ချပ်ဝတ်တန်ဆာကို မစ္စတာ ဘတ်ခ်က
...ပိုပေးချင်တယ်၊ ဂါလုံးငါးရာ။ ဒါအလွန်မျှတတယ်လို့ သူကထင်တယ် —"

"အမလေး၊ အမလေး။ ဒီလောက်မလောနဲ့လေ၊ နို့မို့ရင် ကိုယ့်ပစ္စည်း
တွေအတွက်သာ မင်းလာတယ်လို့ ကိုယ်ကထင်မှာ" ဟက်ပ်ဇီဘာက နှုတ်ခမ်း
လေးစူပြီး ပြောတယ်။

"၎င်းတို့အတွက် ကျွန်တော့်ကို ဒီကို လွှတ်လိုက်တာပါ" ဗိုလဒီမွန့်က
တိတ်တိတ်ပဲပြောတယ်။ "ကျွန်တော်က ဆိုင်လုပ်သားကလေးပါ၊ မဒမ်၊ သူများ
ခိုင်းတာပဲ လုပ်ရတာပါ။ မစ္စတာဘတ်ခ်က ကျွန်တော့်ကို မေးစေချင် —"

"အိုး၊ မစ္စတာ ဘတ်ခ်၊ ထွီ" ဟက်ပ်ဇီဘာက ပြောရင်း လက်ကလေး
ကို ယမ်းလိုက်တယ်။ "မစ္စတာ ဘတ်ခ် ဘယ်တုန်းကမှ မမြင်ဖူးတဲ့ ပစ္စည်း
တစ်ခု၊ မင်းကို ကိုယ်ပြမယ်။ မင်း လျှို့ဝှက်ထားနိုင်မလား၊ တွမ်။ မင်း မစ္စတာ
ဘတ်ခ်ကို ကိုယ့်မှာ ဒါရှိတာ မပြောဘဲနေဖို့ ကတိပေးမလား။ မင်းကို ကိုယ်
ပြတယ်ဆိုတာ သူသိသွားရင်၊ ကိုယ့်ကို ချမ်းသာပေးတော့မှာမဟုတ်ဘူး။ ဒါကို
ကိုယ်မရောင်းဘူး၊ ဘတ်ခ်ကို ရောင်းပေးမှာမဟုတ်ဘူး။ ဘယ်သူ့ကိုမှ မရောင်း
ဘူး။ ဒါပေမယ့် မင်း၊ တွမ်၊ မင်းက ၎င်းရဲ့သမိုင်းကြောင်းကို ခံစားတတ်တယ်၊
...လုံး ဘယ်လောက်မြတ်မလဲဆိုတာပဲ တွေးနေတာ မဟုတ်ဘူး ...."

"မစ်ဟက်ပ်ဇီဘာ ပြတာဆိုရင် ဘာမဆို ကျွန်တော် ကြည့်ချင်ပါ
တယ်" ဗိုလဒီမွန့်က တိတ်တိတ်ပဲ ပြောတယ်။ ဟက်ပ်ဇီဘာဟာ ကောင်မလေး
လို တခစ်ခစ် ရယ်လာပြန်တယ်။

"ကိုယ် ဟိုကီကို သွားယူခိုင်းထားတယ် .... ဟိုကီ၊ နင် ဘယ်မှာလဲ။
မစ္စတာ ရစ်ဒေါ်ကို ငါတို့ရဲ့ အကောင်းဆုံးရတနာကို ပြရအောင် .... တစ်ခါ
တည်း နှစ်ခုစလုံးသာ ယူခဲ့တော့ ...."

"ဒီမှာပါ၊ မဒမ်" အိမ်မွေးမှင်စာလေးက စူးစူးပြောတယ်။ ယိုင်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



သားရေဘူးလေးနှစ်လုံးကို ဟယ်ရီ မြင်ရတယ်၊ အလိုအလျောက် လွင့်လာသလိုပဲ။ အဲဒါ သေးငယ်တဲ့ မှင်စာလေးက ၎င်းတို့ကို မြှောက်ပင့်ပြီး၊ စားပွဲတွေ၊ စက်လက်ကုလားထိုင်တွေနဲ့ ထိုင်ဖုံတွေကြားမှာ ဖြတ်လာလို့ဆိုတာ သူသိတယ်။

"ကောင်းပြီ" ဟက်ပ်ဇီဘာက ပျော်ရွှင်စွာ ပြောတယ်။ မှင်စာလေးလက်ထဲကနေ ဘူးကိုယူလိုက်ပြီး ပေါင်ပေါ်တင်ကာ အပေါ်ကတစ်လုံးကို ဖွင့်ဖို့လုပ်တယ်။ "မင်းကြိုက်မယ်လို့ ကိုယ်ထင်တယ်၊ တွမ် . . . . အိုး၊ ကိုယ့်ဆွေမျိုးတွေ ကိုယ် မင်းကို ပြမှန်းသိခဲ့ရင် . . . . သူတို့ ချက်ချင်း လာလုယူသွားမှာ"

သူမ အဖုံးကို ဖွင့်လိုက်တယ်။ ဟယ်ရီက ရှေ့ကို နည်းနည်းကပ်သွားတယ်။ အတွင်းမှာ ရွှေကွင်းလေးလိုဟာတစ်ခု မြင်ရတယ်၊ သပ်ရပ်တဲ့လက်ကိုင်ကိုင်းလေးနှစ်ခုလည်း မြင်ရတယ်။

"ဒါ ဘာဆိုတာ မင်းသိလား၊ တွမ်။ ယူပြီး သေချာကြည့်ပါ" ဟက်ပ်ဇီဘာက အသာလေးပြောတယ်။ ဗိုလဒီမွန့်ဟာ သွယ်လျတဲ့ လက်ချောင်းတွေကို ဖြန့်ကာ လက်ကိုင်ကိုင်းတစ်ခုကို ဆုပ်ကိုင်ပြီး ပျော့ပျောင်းတဲ့ ဖဲအခင်းပေါ်ကနေ ခွက်ကို ယူလိုက်တယ်။ သူ့မျက်လုံးနက်နက်ထဲမှာ အနီရောင်တစ်မျှင် ဖြတ်သွားတာ ဟယ်ရီ မြင်လိုက်တယ်။ ၎င်းရဲ့ အငမ်းမရအမူအရာဟာ ဟက်ပ်ဇီဘာရဲ့မျက်နှာပေါ်မှာ ထူးခြားစွာ ရောင်ပြန်ဟပ်သွားတယ်။ သူမမျက်လုံးလေးဟာ ဗိုလဒီမွန့်ရဲ့ ချောမောသားနားတဲ့မျက်နှာကို စိုက်ကြည့်နေတာပဲ ရှိတယ်။

"ခွေးတူဝက်တူ" ဗိုလဒီမွန့်က ခွက်ပေါ်ထွင်းထားတာကို လေ့လာရင်း တီးတိုးပြောလိုက်တယ်။ "ဒါက . . . ."

"ဟော်ဂါ-ဟာ့ဖ်ဖတ်ဥစ္စာ။ မင်း အလွန်ကျွမ်းတယ်၊ ဉာဏ်ကောင်းတဲ့ကောင်လေး" ဟက်ပ်ဇီဘာက ပြောရင်း ကိုယ်ကိုကိုင်းပြီး သူ့ပါးပြင်ချိုင့်ချိုင့်ကို ထိခဲ့ဆွဲလိုက်တယ်။ အတွင်းခံကိုယ်ကြပ်အကျီက မြည်သွားတယ်။ "မင်းတို့ကိုယ်ဟာ ဟာ့ဖ်ဖတ်ရဲ့ ခပ်ဝေးဝေးမျိုးဆက်လို့ ပြောမပြဖူးဘူးလား။ ဒီပစ္စည်းဟာ မိသားစုထဲမှာ နှစ်ပေါင်းများစွာ ဆက်ခံထိန်းသိမ်းခဲ့တာ၊ သိပ်လှတယ် မဟုတ်လား၊ မှော်အင်အားလဲ အမျိုးမျိုးရှိတယ်လို့ ပြောတယ်။ ဒါပေမယ့် ကိုယ် အာမှသိပ်စမ်းမကြည့်ဘူး၊ ၎င်းကို ဒီမှာ ကောင်းကောင်းသိမ်းထားတာပဲ ရှိတယ် . . . ."



သူမဟာ ခွက်ကို ဗိုလဒီမွန့်ရဲ့ သွယ်လျတဲ့လက်ချောင်းပေါ်ကနေ ပြန်ချိတ်ယူလိုက်တယ်။ စိတ်ဝင်တစားနဲ့ခွက်ကို မူလနေရာမှာ ပြန်ထည့်တယ်။ ခွက်ပြန်ယူစဉ် ဗိုလဒီမွန့်မျက်နှာပေါ် ဖြတ်သွားတဲ့ အမှောင်ရိပ်ကို သတိမပြုမိဘူး။

"ကဲ" ဟက်ပ်ဇီဘာက ပျော်ရွှင်စွာ ပြောတယ်။ "ဟိုကီ ဘယ်မှာလဲ။ အိုး၊ ဒီမှာ —— အဲဒါကို ပြန်ယူသွားတော့၊ ဟိုကီ ——"

မှင်စာလေးဟာ ခွက်ထည့်ထားတဲ့ဘူးကို နာခံစွာ ယူလိုက်တယ်။ ဟက်ပ်ဇီဘာရဲ့အာရုံဟာ သူမပေါင်ပေါ်က အနည်းငယ်ပြားတဲ့ဘူးပေါ် ရောက်သွားတယ်။

"ဒါကို မင်း ပိုနှစ်သက်လိမ့်မယ်ထင်တယ်၊ တွမ်" သူမက တိုးတိုးပြောတယ်။ "နည်းနည်းကပ်ကြည့်၊ ချစ်လှစွာသောကောင်လေး သေချာကြည့် . . . . အင်း၊ ဘတ်ခ်ဟာ ကိုယ့်မှာ ဒါရှိမှန်းသိတယ်၊ ကိုယ် သူ့ဆီက ဝယ်ခဲ့တာ။ ကိုယ်သေရင် သူ ဒါကို ပြန်ယူချင်ရမယ်လို့ ကိုယ်ပြောရဲတယ် . . . ."

သူမဟာ သေသပ်တဲ့ ရွှေချိတ်ကို လှန်လိုက်ပြီး ဘူးကို ဖွင့်လိုက်တယ်။ ကြက်သွေးရောင် စိန်ကတ္တီပါအောက်ခံပေါ်မှာ ရွှေရောင်လော့ကတ်သီးလေးလေးတစ်ခုကို တွေ့ရတယ်။

ဒီတစ်ခါမှာတော့ ဗိုလဒီမွန့်ဟာ ဖိတ်ခေါ်တာကို မစောင့်တော့ဘဲ လော့ကက်သီးကို ဆွဲယူလိုက်တယ်။ အလင်းရောင်အောက် မြှောက်ပြီး သေချာကြည့်နေတယ်။

"စလေးသရင်းရဲ့ အမှတ်အသား" သူက တိတ်တိတ်ပဲ ပြောတယ်။ အလင်းရောင်ထဲမှာ ခန့်ညားလှပတဲ့ မြွေသဏ္ဌာန် S တစ်ခု လက်နေတယ်။

"ဟုတ်ပြီ" ဟက်ပ်ဇီဘာက ပြောတယ်၊ ဗိုလဒီမွန့်က သူမရဲ့ လော့ကက်သီးလေးကို ငေးကြည့်နေတာ တွေ့တော့ အလွန်ပျော်သွားသလိုပဲ။ "ဒါအတွက် ကိုယ် အများကြီးပေးခဲ့ရတယ်။ ဒါပေမယ့် ကိုယ် အလွတ်မခံနိုင်ဘူး၊ ၎င်းကို ကိုယ့်စုဆောင်းတဲ့အထဲ ထည့်မှဖြစ်မယ်။ ဘတ်ခ်က ဆင်းရဲတဲ့ မိန်းမတစ်ယောက်ဆီက ဝယ်တာ၊ အဲဒီမိန်းမကလဲ ခိုးလာတာနဲ့တူတယ်၊ တန်ဖိုးအစစ်အမှန်ကို မသိဘူး ——"

ဒီတစ်ခါ မမှားနိုင်တော့ဘူး။ သူမ စကားပြောစဉ် ဗိုလဒီမွန့်မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အနီရောင်လက်နေတယ်။ ရွှေလော့ကက်သီးချိန်းကြိုးကို ကိုင်ထားတဲ့ သူ့လက်ဆစ်တွေ ဖြူဖွေးနေတာ ဟယ်ရီ မြင်ရတယ်။

" —— ဘတ်ခ်က သူမကို ငွေဘယ်လောက်မှ မပေးလိုက်ဘူးလို့ ကိုယ်ပြောဝံ့တယ်၊ ဒါပေမယ့် မင်း ကြည့် . . . . ဘယ်လောက်လှသလဲ တုတ်လား။ ပြီးတော့ မှော်အစွမ်းအမျိုးမျိုးလဲ ရှိတယ်၊ ကိုယ်က ဒါကို လုံခြုံစွာ သိမ်းထားပေမယ့် . . . . "

သူမဟာ ရွှေလော့ကက်သီးကို လှမ်းယူတယ်။ အချိန်လေးတစ်ခုမှာ ဗိုလဒီမွန် လက်မလွှတ်ဘူးလို့ ဟယ်ရီ ထင်တယ်၊ ဒါပေမယ့် လော့ကက်သီးဟာ သူ့လက်ကြားကလျှောပြီး ကြက်သွေးရောင် စိန်ကတ္တီပါအောက်ခံပေါ် ကျသွားတယ်။

"ဟုတ်ပြီ၊ တွမ်၊ အချစ်လေး၊ မင်း နှစ်သက်လိမ့်မယ်လို့ မျှော်လင့်တယ်"

သူမဟာ သူ့မျက်နှာကို ကြည့်တယ်၊ သူမမျက်နှာပေါ်က အစိပ္ပာယ်မဲ့ အပြုံး တုံ့ဆိုင်းသွားတာ ဟယ်ရီ ပထမအကြိမ်အားဖြင့် မြင်ရတယ်။

"မင်း ဘာမှမဖြစ်ပါဘူးနော်၊ အချစ်လေး"

"အိုး၊ ဟုတ်ကဲ့" ဗိုလဒီမွန်က ပြောတယ်။ "ဟုတ်ကဲ့၊ ကျွန်တော် ကောင်းပါတယ် . . . . "

"ကိုယ်ထင်တာ —— အလင်းရောင်ကြောင့် ထင်တယ် ——" ဟက်ပ်ဇီဘာက ပြောတယ်။ အနည်းငယ် ပျာသွားသလိုပဲ။ သူမဟာလည်း ဗိုလဒီမွန့် မျက်လုံးထဲက လျှပ်တစ်ပြက် အနီရောင်လက်တာကို မြင်ရတယ်နဲ့တူတယ်လို့ ဟယ်ရီက ခန့်မှန်းတယ်။ "လာ၊ ဟိုကီ၊ ဒါတွေ ယူသွား၊ ပြန်ပြီးသော့ခတ်ထား . . . . မှော်ပညာဟောင်းသုံး . . . . "

"သွားသင့်ပြီ၊ ဟယ်ရီ" ဒမ်ဘယ်လီဒိုးက အသာလေးပြောတယ်။ မှင်စာလေးဟာ ဘူးကိုမြှောက်ပြီး လှုပ်ခါစွာ ထွက်သွားတယ်။ ဒမ်ဘယ်လီဒိုးက ဟယ်ရီ့ အင်္ကျီလက်မောင်းကို ဖမ်းကိုင်ပြီး ဟင်းလင်းထဲကို ဖြတ်ကာ ဒမ်ဘယ်လီဒိုးရုံးခန်းထဲ ပြန်ထွက်လာတယ်။

"ဟက်ပ်ဇီဘာ-စမစ်ဟာ အဲဒီနောက်နှစ်ရက်မှာ သေသွားတယ်" ဒမ်ဘယ်လီဒိုးက ပြောတယ်။ ဒမ်ဘယ်လီဒိုး ထိုင်လိုက်တယ်။ ဟယ်ရီ့ကိုလည်း



ထိုင်ဖို့ပြတယ်။ "မှော်ဝန်ကြီးဌာနက အိမ်မွေးမှင်စာလေး ဟိုကီဟာ သူမသခင်မ ညသောက်မယ့် ကိုကိုးထဲမှာ အဆိပ်မှားထည့်မိလို့လို့ ဆုံးဖြတ်တယ်"

"မဖြစ်နိုင်ဘူး" ဟယ်ရီက ဒေါသနဲ့ပြောတယ်။

"ကျုပ်တို့သဘောထား တူပုံရတယ်" ဒမ်ဘယ်လီဒိုးက ဖြေတယ်။ "အမှန်ပဲ၊ ဒီလူသေမှုနဲ့ ရစ်ဒေါ်တို့အိမ်က လူသေမှုမှာ တူညီတဲ့အချက်တွေ အများကြီးရှိတယ်။ အမှုနှစ်မှုစလုံးမှာ ဓားစာခံတွေ ရှိကြတယ်၊ ဓားစာခံဟာ လူသတ်တဲ့ဖြစ်စဉ်ကို ရှင်းလင်းစွာ မှတ်မိနေတယ် —— "

"ဟိုကီ ဝန်ခံတယ် ?"

"သူမဟာ သူမသခင်မကိုကိုးထဲမှာ တစ်ခုခုထည့်တာ မှတ်မိတယ် နောက်မှ အဲဒါ သကြားမဟုတ်ဘဲ တွေ့ခဲ့တဲ့ လူသေစေနိုင်တဲ့အဆိပ်မှန်း သိရတယ်။ စီရင်ချက်မှာ သူမဟာ တမင်လူသတ်တာမဟုတ်ကြောင်း၊ အိုမင်းပြီး မျက်စိပြာလို့ —— "

"ဗိုလဒီမွန့်က သူမမှတ်ဉာဏ်ကို ခိုးပြင်ထားတယ်၊ မော်ဖင်တို လုပ်သလိုပဲ"

"မှန်တယ်၊ ဒါဟာလဲ ကျုပ်ကောက်ချက်ပဲ။ ပြီးတော့၊ မော်ဖင်တုန်းကလိုပဲ၊ မှော်ဝန်ကြီးဌာနဟာ အစကတည်းက ဟိုကီကို သံသယဖြစ်တဲ့ဘက် ယိမ်းညွတ်တယ် —— "

"သူမက အိမ်မွေးမှင်စာလေးဖြစ်လို့" ဟယ်ရီက ပြောတယ်။ သူဟာ ခုလောက် ဟာမီးဖွဲ့တဲ့ အသင်းအဖွဲ့ဖြစ်တဲ့ အိမ်မွေးမှင်စာလေးများ လွတ်မြောက်ရေးတပ်ဦးကို စာနာတာ မရှိသေးဘူး။

"သေချာတာပေါ့" ဒမ်ဘယ်လီဒိုးက ပြောတယ်။ "သူ စ,အိုမင်းနေပြီ၊ သူမက သောက်စရာထဲမှာ တစ်ခုခုထည့်တာ ဝန်ခံပြီးနောက်၊ မှော်ဝန်ကြီးဌာနက ထပ်စစ်ဆေးဖို့ မစဉ်းစားတော့ဘူး။ မော်ဖင့်အခြေအနေနဲ့တူတူပဲ၊ ကျုပ် သူမကိုတွေ့ပြီး သူမမှတ်ဉာဏ်ကိုရတော့ သူမဟာ ဘဝလမ်းဆုံးကို ရောက်တော့မယ်။ သူမမှတ်ဉာဏ်က ဗိုလဒီမွန့်ဟာ ခွက်နဲ့ လော့ကက်သီး ရှိမှန်းသိတာပဲ သက်သေပြနိုင်တယ်။

"ဟိုကီကို အပြစ်ချမှတ်တော့၊ ဟက်ပ်ဇီဘာရဲ့မျိုးရိုးစုဟာ သူမရဲ့ တန်ဖိုးအကြီးဆုံး ရတနာနှစ်ခု ပျောက်ဆုံးနေတာ တွေ့ရတယ်။ သူတို့ဟာ ကာလတစ်ခုကြာမှ ဒီကိစ္စကို အတည်ပြုနိုင်တယ်။ အကြောင်းက သူမမှာ

www.burmeseclassic.com

www.burmeseclassic.com



ချို့ငှက်တဲ့ရတနာ ထိန်းသိမ်းတဲ့နေရာ အများအပြားရှိလို့၊ သူမ စုဆောင်းထားတဲ့ပစ္စည်းကို အထူးတင်းကြပ်စွာ သိမ်းဆည်းထားလေ့ရှိတယ်။ ခွက်နဲ့ လော့ကက်သီး ပျောက်ဆုံးသွားတာ သေချာပြီးနောက်၊ ဘော်ဂင်နဲ့ ဘတ်ခ်တတက်ပ်ဇီဘာကို အမြဲသွားတွေ့တဲ့၊ ပြီးတော့ သူမ နှစ်သက်အောင်လုပ်တတ်တဲ့ဆိုင်လုပ်သားဟာ အလုပ်က ထွက်သွားပြီး ပျောက်ကွယ်သွားနှင့်ပြီ။ သူ့သူငှေ့ဟာလဲ သူဘယ်သွားမှန်း မသိဘူး။ သူတို့ဟာ သူများတွေလိုပဲ မမျှော်လင့်ဘဲ ဖြစ်နေတယ်။ တွမ်-ရစ်ဒေါ်ဟာ အချိန်အတော်ကြာကြာ အစအန ပျောက်သွားတယ်။

"အခု" ဒမ်ဘလီဒိုးက ပြောတယ်။ "မင်းကျေနပ်မယ်ဆိုရင်၊ ပုံမြင်ထဲက အသေးစိတ်တချို့ကို ကျုပ် ထပ်သတိပေးချင်တယ်။ ဗိုလဒီမွန့်ဟာ လူသတ်မှုတစ်မှု နောက်ထပ်ကျူးလွန်ပြန်ပြီ။ ဒါဟာ ရစ်ဒေါ်မိသားစု သေဆုံးမှုပြီးနောက် ပထမဆုံးအမှုလားဆိုတာ မသိရဘူး။ ဒါပေမယ့် ကျုပ်ကတော့ ဟုတ်တယ်လို့ ထင်တယ်။ မင်းလဲ မြင်ရပြီထင်တယ်၊ ဒီတစ်ခါလုပ်တာ ကလဲ့စားချေဖို့ မဟုတ်ဘူး၊ အကျိုးရဖို့အတွက်ပါ။ သူဟာ သနားစရာအဘွားကြီး သူ့ကို ပြတဲ့ ရတနာနှစ်ခုကို လိုချင်တယ်။ မိဘမဲ့ကလေးကျောင်းမှာ တခြားကလေးတွေရဲ့ပစ္စည်းကို လုယူသလိုပဲ၊ သူ့ဦးလေးလက်စွပ်ကို ခိုးယူသလိုပဲ၊ ဒီတစ်ခါမှာ သူက ဟက်ပ်ဇီဘာရဲ့ ခွက်နဲ့ လော့ကက်သီးကို လုယူသွားတယ်"

"ဒါပေမယ့်" ဟယ်ရီက မျက်မှောင်ကြုတ်ပြီးပြောတယ်။ "ဒါ အလွန်အရူးအမူးဖြစ်သလိုပဲ . . . . ဒီလောက်အန္တရာယ်ကြီးကို စွန့်လုပ်တယ်၊ အလုပ်လဲ ဖြုတ်၊ ဒါအတွက်ပဲ . . . ."

"မင်းအဖို့တော့ အရူးအမူးဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် ဗိုလဒီမွန့်အဖို့က မဟုတ်ဘူး" ဒမ်ဘလီဒိုးက ပြောတယ်။ "နောင်မှာ ဒီပစ္စည်းတွေ သူ့အဖို့ ဘာအဓိပ္ပာယ်ရှိတယ်ဆိုတာ မင်းနားလည်စေချင်တယ်၊ ဟယ်ရီ၊ ဒါပေမယ့် မင်းဝန်ခံရမှာက၊ အနည်းဆုံးတော့ သူက လော့ကက်သီးကို သူပိုင်ရမယ်ဆို့ တွေးတာဟာ နားလည်ကြည့်လို့ရပါတယ်"

"လော့ကက်သီးကတော့လဲ ဖြစ်ချင်ဖြစ်မယ်" ဟယ်ရီက ပြောတယ်။ "ဒါပေမယ့် ဘာဖြစ်လို့ ခွက်ပါ ယူသွားရတာလဲ"

"အဲဒီခွက်က အရင်က ဟော့ဂ်ဝပ်က တည်ထောင်သူ တခြားတစ်ယောက်က ပိုင်တာ။ ဒီကျောင်းဟာ ဗိုလဒီမွန့်ကို ဆွဲဆောင်အားကောင်းနေတုန်း



ခဲလို့ ထင်တယ်။ သူဟာ ဟော့ဂ်ဝပ်သမိုင်းကြောင်း သက်ဝင်နေတဲ့ အရာတစ်ခုကို မငြင်းဆန်နိုင်ဘူးလို့ထင်တယ်။ တခြားအကြောင်းလဲ ရှိမယ်လို့ ကျုပ် ထင်တယ် . . . . နောင်မှာ မင်းကို သက်သေပြနိုင်ဖို့ ကျုပ် မျှော်လင့်တယ်"

ဒမ်ဘလီဒိုးက နောက်ဆုံးမှတ်ဉာဏ်ကို အတွေးဇလုံထဲ သွန်ချလိုက်တယ်။ ဟယ်ရီ မတ်တတ်ရပ်လိုက်ပြန်တယ်။

"ဒါ ဘယ်သူ့မှတ်ဉာဏ်လဲ"

"ကျုပ်ဟာ" ဒမ်ဘလီဒိုးက ပြောတယ်။

ဟယ်ရီဟာ ဒမ်ဘလီဒိုးနဲ့အတူ စီးနေတဲ့ငွေရောင်အရာထဲ ငုပ်ဝင်သွားတယ်၊ သူတို့ ခုတွင် ခွဲခွာလာတဲ့ရုံးခန်းထဲ ကျလာတယ်။ ဖော့ခ်စ်ဟာ ငှက်နားကိုင်းပေါ်မှာ နှစ်ခြိုက်စွာ အိပ်နေတယ်။ စားရေးစားပွဲနောက်မှာတဒမ်ဘလီဒိုး၊ ဟယ်ရီ့အနားမှာရပ်နေတဲ့ ဒမ်ဘလီဒိုးနဲ့ အလွန်တူတယ်။ ဒါပေမယ့် လက်နှစ်ဘက်ဟာ အကောင်းပကတိရှိတယ်။ မျက်နှာပေါ်က အရေးအကြောင်းတွေ နည်းချင်လဲနည်းမယ်။ ဒီရုံးခန်းနဲ့ အခုဟာနဲ့ ကွာခြားမှုတစ်ခုတည်းရှိတာက အပြင်ဘက်မှာ ဆီးနှင်းကျနေတယ်၊ ပြာလဲ့လဲ့နှင်းဖတ်တွေဟာ အမှောင်ထဲမှာ ပြတင်းကို ဖြတ်လွင့်လာပြီး အပြင်ဘက်က ပြတင်းခုံပေါ်မှာ စုပုံနေတယ်။

နည်းနည်းငယ်ရွယ်တဲ့ ဒမ်ဘလီဒိုးဟာ တစ်ခုခုကို စောင့်နေသလိုပဲ၊ ဘာကယ်ပဲ၊ ခဏနေတော့ တံခါးခေါက်သံ ပေါ်လာတယ်။ သူက ပြောတယ်။ "ဝင်ခဲ့ပါ"

ဟယ်ရီ အသက်ရှူအောင့်သွားတယ်။ ဗိုလဒီမွန့် ဝင်လာတယ်။ သူ့မျက်နှာဟာ လွန်ခဲ့တဲ့နှစ်နှစ်က ဟယ်ရီမြင်ရတဲ့ ကျောက်ဆောင်ကျီအိုးကြီးထဲက တက်လာတဲ့ပုံ မဟုတ်ဘူး။ မြွေနဲ့ ဒီလောက်မတူဘူး။ မျက်လုံးလည်း ဒီလောက်မနီဘူး။ မျက်နှာကလည်း မျက်နှာဖုံးနဲ့ မတူသေးဘူး၊ သူ့မျက်နှာဟာ မီးလောင်ခံထားရသလိုပဲ။ ဒွါရတွေ ဝေဝါးနေတယ်။ ဖယောင်းလို ထူးဆန်းစွာ သိမ်တွန့်နေတယ်။ မျက်ဖြူဟာ အခုတော့ ထာဝရ သွေးဥနေသလိုပဲ၊ ဒါပေမယ့် သူ့ငယ်အိမ်ကတော့ နောင်မှာ ဟယ်ရီတွေ့ရသလို အပေါက်နှစ်ခု မဟုတ်သေးဘူး။ သူ့ကိုယ်ပေါ်မှာ အနက်ရောင်ခြုံထည်ရှည်ရှည်တစ်ထည် ခြုံထားတယ်။ မျက်နှာက ပခုံးပေါ်တင်နေတဲ့ ဆီးနှင်းဖတ်လို ဖြူဖွေးနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲနောက်က ဒမ်ဘယ်လီဒိုးဟာ အံ့ဩတဲ့အမူအရာ မပြဘူး။ ဒီတစ်ခါ လာတာ ကြိုချိန်းထားပြီးတာ သေချာတယ်။

"မင်္ဂလာညချမ်းပါ၊ တွမ်" ဒမ်ဘယ်လီဒိုးက ပေါ့ပါးစွာ ပြောတယ်။ "ထိုင်"

"ကျေးဇူးပဲ" ဗိုလ်ဒီမော့က ဒမ်ဘယ်လီဒိုး ညွှန်ပြတဲ့ထိုင်ခုံမှာ ထိုင်လိုက်တယ် —— ဟယ်ရီ ခုနက ထိုင်လိုက်တဲ့ခုံလိုပဲ။ "သင်ကျောင်းအုပ်ဖြစ်သွားပြီလို့ ကျွန်တော်ကြားတယ်" သူ့အသံက နည်းနည်းမြင့်တယ်၊ နည်းနည်းအေးစက်တယ်။ "ရှိသေစရာ ရွေးချယ်မှုပဲ"

"မင်းသဘောတူတာ ကျုပ် အလွန်ဝမ်းသာတယ်" ဒမ်ဘယ်လီဒိုးက ပြုံးပြီးပြောတယ်။ "မင်းကို သောက်စရာတစ်ခွက် တိုက်လို့ရမလား"

"ဒါဆို သိပ်ကျေးဇူးတင်တယ်" ဗိုလ်ဒီမော့က ပြောတယ်။ "ကျွန်တော် ခရီးအဝေးကြီးက လာခဲ့တယ်"

ဒမ်ဘယ်လီဒိုး မတ်တတ်ရပ်လိုက်ပြီး အခုအဓာတ္တုဗီရိုလုံးထားတဲ့ ဗီရို ရှေ့ကို အမြန်သွားလိုက်တယ်။ ဒါပေမယ့် ထိုစဉ်က ဗီရိုထဲမှာ အရက်ချည်းပဲ။ သူက ဗိုလ်ဒီမော့ကို စပျစ်ဝိုင်တစ်ခွက် ပေးလိုက်တယ်၊ မိမိအတွက်လည်း တစ်ခွက်ငှဲ့လိုက်တယ်။ ဒီနောက် စားပွဲဘေးကို ပြန်လာတယ်။

"ဒါဆို၊ တွမ် . . . . ဘယ်လိုလုပ်ပြီး မျက်စိလည် လမ်းမှားလာတာလဲ"

ဗိုလ်ဒီမော့က ချက်ချင်းမဖြေဘူး။ အရက်ပဲ မြည်းသောက်နေတယ်။

"သူတို့ ကျွန်တော့်ကို တွမ်လို့မခေါ်တော့ဘူး၊ အခု ကျွန်တော့်ကို ——"

"မင်းကို ဘယ်လိုခေါ်တယ်ဆိုတာ ကျုပ် သိတယ်" ဒမ်ဘယ်လီဒိုးက ပျော့ရွှင်စွာ ပြုံးနေတယ်။ "ဒါပေမယ့် ကျုပ်အဖို့ကတော့ မင်းဟာ ထာဝရ တွမ်-ရစ်ဒေါ်ပဲ၊ ဒါဟာ ဆရာလုပ်သူတို့ မုန်းစရာကောင်းတဲ့ ညာဉ်တစ်ခုပဲ၊ တို့ဟာ ကျောင်းသားရဲ့ အစတုန်းကအခြေအနေကို ဘယ်တော့မှမမေ့ကြဘူး"

သူက ဖန်ခွက်ကို မြှောက်လိုက်တယ်။ ဗိုလ်ဒီမော့နဲ့ အရက်ခွက်ချင်းထိ အရက်သောက်မလိုပဲ၊ ဗိုလ်ဒီမော့ကတော့ ဒီအတိုင်းအမူအရာ မရှိဘူး။ ဒါပေမယ့် အခန်းထဲက လေထုဟာ သိမ်မွေ့စွာ အပြောင်းအလဲ ဖြစ်လာတာကို ဟယ်ရီ သတိပြုမိတယ်။ ဒမ်ဘယ်လီဒိုးက ဗိုလ်ဒီမော့ ရွေးချယ်ထားတဲ့နာမည်ကို သုံးဖို့ ငြင်းဆန်တာဟာ စကားပြောရာမှာ ဗိုလ်ဒီမော့က အသုံးချမှာကို ငြင်းဆန်တာပဲ။ ဗိုလ်ဒီမော့ကလည်း ခံစားရမှန်း ဟယ်ရီ မြင်တွေ့ရတယ်။



"သင် ဒီမှာ ဒီလောက်ကြာကြာနေတာ ကျွန်တော် အံ့ဩမိတယ်" ဗိုလ်ဒီမော့က ခဏရပ်နေပြီးပြောတယ်၊ "သင့်လိုမှော်ဆရာတစ်ယောက်ဟာ ဘာဖြစ်လို့ ကျောင်းကထွက်ခွာဖို့ ဘယ်တုန်းကမှ မစဉ်းစားတာလဲဆိုတာကို ကျွန်တော် တစ်လျှောက်လုံး အံ့ဩနေတယ်"

"အိုး" ဒမ်ဘယ်လီဒိုးက ပြောတယ်၊ ပြုံးမြဲပြုံးနေတယ်။ "ကျုပ်လို မှော်ဆရာမျိုးအဖို့ ရှေးကျတဲ့အတတ်ပညာကို သင်ကြားပေးတာနဲ့ ငယ်ရွယ်တဲ့ ခေါင်းကို လေ့ကျင့်ပေးတာထက် ပိုအရေးကြီးတာ မရှိဘူး။ ကျုပ်မှတ်သား ထားတာ မမှားဘူးဆိုရင်၊ မင်းလဲ ကျောင်းဆရာလုပ်ငန်းရဲ့ ဆွဲဆောင်အားကို မြင်ခဲ့ဖူးတယ်"

"ကျွန်တော် အခုလဲ မြင်နေပါတယ်" ဗိုလ်ဒီမော့က ပြောတယ်။ "ကျွန်တော် ထူးဆန်းတာက သင်ဘာကြောင့်များ —— မှော်ဝန်ကြီးဌာနက သင့်ဆီမှာ အမြဲလို အကြံဉာဏ်တောင်းရတယ်၊ ပြီးတော့လဲ မှော်ဝန်ကြီးလုပ်ဖို့ နှစ်ကြိမ်တောင် တင်သွင်းခံရတဲ့လူ ——"

"စင်စစ်မှာ သုံးကြိမ်ရှိပြီ။ ဒါပေမယ့် မှော်ဝန်ကြီးဌာနကအလုပ်ဟာ ကျုပ်အဖို့ ဘယ်တုန်းကမှ ဆွဲဆောင်အားမရှိခဲ့ဘူး။ ဒါဟာ ကျုပ်တို့ရဲ့ တူညီတဲ့ နေရာပဲလို့ ကျုပ်ထင်တယ်"

ဗိုလ်ဒီမော့ဟာ မပြုံးဘဲ ခေါင်းငုံ့လိုက်တယ်။ အရက်နည်းနည်းမြည်း လိုက်ပြန်တယ်။ ဒမ်ဘယ်လီဒိုးက နှစ်ယောက်ကြား ငြိမ်နေတာကို မဖြိုခွဲဘူး၊ ပျော်ရွှင်တဲ့ အမူအရာနဲ့ ဗိုလ်ဒီမော့ အရင်စပြောဖို့ကို စောင့်နေတယ်။

"ကျွန်တော် ပြန်လာပြီ" ခဏနေတော့ သူက ပြောတယ်။ "ပါမောက္ခ ဒစ်ဖက် မျှော်လင့်တာထက် နည်းနည်းနောက်ကျနေမယ်ထင်တယ် . . . . ဒါပေမယ့် ပြန်လာခဲ့ပြီ။ ထိုစဉ်က ကျွန်တော့်ကို သိပ်ငယ်လို့ လုပ်ဖို့မသင့်သေး ဘူးလို့ သူပြောတဲ့အလုပ်ကို နောက်ထပ်လျှောက်ဖို့ လာတာပါ။ ကျွန်တော့်ကို ဒီရဲတိုက်မှာ ပြန်လာပြီး ဆရာလုပ်ခွင့်ပေးဖို့ သင့်ကိုလာပြီး ခွင့်တောင်းတာပါ။ ကျွန်တော် ဒီကထွက်သွားပြီးနောက် အသိအမြင်အများကြီးရတယ်၊ အများကြီး လဲ လုပ်ခဲ့တယ်ဆိုတာ သင်လဲ သိပြီးရောမယ်။ ကျွန်တော်ဟာ သင့်ကျောင်းသား တွေကို တခြားမှော်ဆရာတွေဆီက မရနိုင်တဲ့အရာတွေကို သင်ပေးနိုင်တယ်"

ဒမ်ဘယ်လီဒိုးဟာ သူ့ဖန်ခွက်အပေါ်ကနေ ဗိုလ်ဒီမော့ကို ခဏအကဲခတ် နေပြီးမှ စကားပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မင်း ကျုပ်တို့ဆီက ထွက်သွားပြီးနောက် အသိအမြင်အများကြီးရတယ်၊ လုပ်လဲအများကြီးလုပ်ခဲ့တယ်ဆိုတာ ကျုပ်သိတယ်" သူက အေးဆေးစွာ ပြောတယ်။ "မင်းရဲ့ပြုမူမှုတွေအကြောင်းသတင်းလဲ မင်း မိခင်ကျောင်းကို ရောက်လာတယ်၊ တွမ်။ အဲဒါတွေထဲက တစ်ဝက်လောက်ဟာ ယုံကြည်ရတဲ့သတင်းဖြစ်ခဲ့ရင်၊ ကျုပ် အလွန်ပဲ ဝမ်းနည်းရမှာပဲ"

ဗိုလ်ဒီမွန့်ဟာ ခုလည်း ဘာအမူအရာမှ မဖော်ပြဘူး။ သူက ပြောတယ်။ "ကြီးကျယ်ခမ်းနားခြင်းက မနာလိုခြင်းဖြစ်အောင် လှုံ့ဆော်တယ်၊ မနာလိုခြင်းက ရန်ငြိုးဖြစ်ပေါ်စေတယ်၊ ရန်ငြိုးက မုသားအမြောက်အမြားပွားများလာတယ်၊ ဒမ်ဘာလီဒိုး"

"မင်းက မင်းလုပ်သမျှကို 'ကြီးကျယ်ခမ်းနား' တယ်လို့ ပြောတာလား" ဒမ်ဘာလီဒိုးက သိမ်မွေ့စွာမေးတယ်။

"ဒါပေါ့" ဗိုလ်ဒီမွန့်က ပြောတယ်။ သူ့မျက်လုံးဟာ မီးလောင်လို့နီနေသလိုပဲ။ "ကျွန်တော် စမ်းသပ်ပြီးပြီ၊ မှော်ပညာကို တွန်းတင်လိုက်တာ မကြုံဘူးတဲ့ ——"

"မှော်ပညာတချို့ပါ" ဒမ်ဘာလီဒိုးက အေးဆေးစွာနဲ့ သူ့ကို ပြုပြင်ပေးတယ်။ "တချို့။ ဒါပေမယ့် တခြားတချို့မှာတော့၊ မင်းဟာ . . . . ဒွဲနိုးပြောပါရစေ . . . . ဝမ်းနည်းစရာကောင်းအောင် မသိနားမလည်ဘူး"

ဗိုလ်ဒီမွန့် ပထမဆုံးအကြိမ် ပြုံးတယ်။ မျက်စိထောင့်ကပ်ပြီး တင်းမာစွာ ကြည့်နေတယ်။ ဆိုးယုတ်တဲ့အမူအရာဟာ ဒေါသပေါက်ကွဲတာထက်ပိုကြောက်စရာကောင်းတယ်။

"ဓာတ်ပြားဟောင်းကြီး" သူက အသာလေးပြောတယ်။ "ဒါပေမယ့် ကျွန်တော် ကမ္ဘာပေါ်မှာ မြင်တွေ့ရသမျှဟာ ခင်ဗျားရဲ့နာမည်ကျော်ကြားတဲ့ သဘောတရားဖြစ်တဲ့ 'အချစ်ဟာ ကျွန်တော့်ရဲ့ မှော်ပညာမျိုးထက် ပိုပြီးအားကောင်းတယ်' ဆိုတာကို သက်သေပြစရာတစ်ခုမှ မတွေ့ရဘူး"

"မင်းရှာတဲ့နေရာ မှားနေလို့လဲ ဖြစ်မှာပေါ့" ဒမ်ဘာလီဒိုးက သတိပေးတယ်။

"ဒါဖြင့်ရင်၊ ဘယ်နေရာက ဒီမှာထက် —— ဟော့ဂ်ဝဓ် —— ပိုပြီး ကျွန်တော် သုတေသနအသစ်စလုပ်ဖို့ ပိုသင့်တော်သလဲ" ဗိုလ်ဒီမွန့်က ပြောတယ်။ "သင် ကျွန်တော့်ကို ပြန်လာခွင့်ပြုမလား။ ကျွန်တော့်ကို သင့်



ကျောင်းသားတွေနဲ့အတူ ကျွန်တော် လေ့လာရရှိတာကို မျှဝေခံစားခွင့် ပြုမလား။ ကျွန်တော်က ကျွန်တော့်ကိုယ်နဲ့ ကျွန်တော့်စွမ်းရည်ကို သင့်အားပေးအပ်မယ်၊ သင်ညွှန်ကြားတာကို နာခံမယ်"

ဒမ်ဘာလီဒိုး မျက်ခုံးပင့်လိုက်တယ်။

"မင်းညွှန်ကြားတာ နာခံတဲ့ အဲဒီလူတွေကျတော့ကော ? အဲဒီမိမိကိုယ်မိမိ —— ဒါမှမဟုတ် မိမိကိုယ်မိမိ ဒက်အီတာလို့ ခေါ်တယ်လို့ ပြောသံကြားရတဲ့ လူတွေကို ဘယ်လိုလုပ်မလဲ"

ဗိုလ်ဒီမွန့်ဟာ ဒမ်ဘာလီဒိုး ဒီနာမည် သိမယ်လို့မထင်မိတာ ဟယ်ရီမြင်တွေ့ရတယ်။ ဗိုလ်ဒီမွန့်မျက်လုံးဟာ အနီရောင်လက်နေပြီး အဟလေးလိုနှာခေါင်းပေါက်နှစ်ခု ကျယ်လာတယ်။

"ကျွန်တော့်မိတ်ဆွေတွေ" သူက ခဏရပ်နေပြီး ပြောတယ်။ "သူတို့ဟာ ကျွန်တော်မရှိလဲ ဆက်လုပ်သွားမှာပါ၊ ကျွန်တော် ယုံကြည်တယ်"

"မင်း သူတို့ကို မိတ်ဆွေလို့ခေါ်တာကြားရလို့ ကျုပ် အလွန်ဝမ်းသာတယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ "ကျုပ်က သူတို့ဟာ အစေအပါးနဲ့ ပိုတူတယ်လို့ ထင်နေတာ"

"သင်မှားနေပြီ" ဗိုလ်ဒီမွန့်က ပြောတယ်။

"ဒါဆိုရင်၊ တကယ်လို့ ကျုပ် ဒီည ဝက်ခေါင်းဘားကို သွားရင်၊ အဲဒီသူစု —— နော့၊ ရိုစီးယား၊ မူးစီဘာ၊ ဒိုလိုဟော့ဗ် —— မင်းအပြန်ကို စောင့်နေတာ မမြင်ရဘူးလား ? တကယ့်ကို သစ္စာရှိတဲ့မိတ်ဆွေတွေ၊ မင်းနဲ့အတူဆီးနှင်းညမှာ ဒီလောက်ခရီးဝေးဝေးလာခဲ့တာဟာ၊ မင်းကို ဆရာအလုပ်တစ်နေရာရဖို့ ဆုတောင်းပေးဖို့ပဲ"

ဒမ်ဘာလီဒိုးဟာ သူနဲ့အတူလာသူတွေကို ဒီလောက်သိနေတဲ့အတွက် ဗိုလ်ဒီမွန့် ပိုပြီးမကြည်ဘူး။ ဒါပေမယ့် သူဟာ ချက်ချင်းဆိုသလို တည်ငြိမ်သွားတယ်။

"သင်ဟာ အရင်ကလိုပဲ မသိတာမရှိဘူး၊ ဒမ်ဘာလီဒိုး"

"အိုး မဟုတ်ပါဘူး၊ ထိုဒေသက ဘားဆိုင်လုပ်သားနဲ့ ဆက်ဆံရေးကောင်းတာပဲ ရှိပါတယ်" ဒမ်ဘာလီဒိုးက ပေါ့ပါးစွာ ပြောတယ်။ "အခု၊ တွမ် . . . ."

ဒမ်ဘာလီဒိုးက ဖန်ခွက်အလွတ်ကို ချထားလိုက်တယ်၊ ကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



မတ်မတ်ထိုင်လိုက်တယ်၊ လက်နှစ်ဘက် လက်ထိပ်တွေ ထိထားတယ်။ ဒါဟာ သူ့ရဲ့အမြဲနေတတ်တဲ့အနေအထားပဲ။

" . . . . ကျုပ်စကားကို ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ မင်း ဒီဥ လက်အောက်ငယ်သားတွေခေါ်ပြီး ဒီကိုလာကာ မင်းရောကျုပ်ပါ သိနေတဲ့ မင်းမလိုချင်တဲ့အလုပ်တစ်ခုကို ဘာဖြစ်လို့ လာလျှောက်ရတာလဲ"

ဗိုလဒီမွန့်ဟာ အေးစက်စက် အံ့ဩပုံပေါ်လာတယ်။

"ကျွန်တော်မလိုချင်တဲ့အလုပ် ? ဒါနဲ့ ဆန့်ကျင်စွာပဲ၊ ဒမ်ဘလီဒိုး ကျွန်တော် ဒါကို အလွန်လိုချင်တယ်"

"အိုး၊ မင်းဟော့ဂ်ဝပ်ကို ပြန်လာချင်တယ်။ ဒါပေမယ့် စင်စစ်မှာ မင်းဟာ အသက်ဆယ့်ရှစ်နှစ်တုန်းကထက် ပိုပြီး ဆရာမလုပ်ချင်ပါဘူး။ မင်း ဘာလိုချင်နေတာလဲ၊ တွမ်။ ဘာဖြစ်လို့ တစ်ကြိမ်လောက် ပွင့်လင်းစွာ မပြော နိုင်တာလဲ"

ဗိုလဒီမွန့်က အထင်သေးစွာရယ်တယ်။

"တကယ်လို့ သင် ကျွန်တော့်ကို အလုပ်မပေးချင်ဘူးဆိုရင် —"

"ဘယ်ပေးချင်မှာလဲ" ဒမ်ဘလီဒိုးက ပြောတယ်။ "ပြီးတော့ မင်းကယ ကျုပ်ဆီက အလုပ်ရမယ်လို့ မမျှော်လင့်ဘူးလို့ ကျုပ်ထင်တယ်။ ဒါပေမယ့် မင်းလာတော့လာခဲ့ပြီ၊ လျှောက်လဲလျှောက်ပြီးပြီ၊ မင်းမှာ အကြံတော့ရှိမှာပဲ"

ဗိုလဒီမွန့် မတ်တတ်ရပ်လိုက်တယ်။ ဒေါသတကြီးဖြစ်နေတယ်။ ဘယ်တုန်းကနဲ့မဆို တွမ်-ရစ်ဒေါ်နဲ့မတူသလို ဖြစ်သွားတယ်။

"ဒါ သင့်ရဲ့ နောက်ဆုံး ဆုံးဖြတ်ချက်လား"

"ဟုတ်တယ်" ဒမ်ဘလီဒိုးလည်း မတ်တတ်ရပ်လိုက်တယ်။

"ဒါဆို ကျွန်တော်တို့ ဘာမှပြောစရာ မရှိတော့ဘူး"

"မရှိတော့ဘူး" ဒမ်ဘလီဒိုးက ပြောတယ်။ မျက်နှာပေါ်မှာ အလွန် ဝမ်းနည်းတဲ့အမူအရာ ပေါ်နေတယ်။ "ကျုပ် မီးလောင်တဲ့အဝတ်ဗီရိုနဲ့ မင်းကို ကြောက်အောင်လုပ်ပြီး၊ မင်းကို အပြစ်ရှိတာသိအောင် လုပ်ခဲ့တဲ့အချိန်တာ ဟောဒီကတည်းက ကုန်လွန်သွားပြီ။ ဒါပေမယ့် ကျုပ်က လုပ်နိုင်ချင်တယ် တွမ် . . . . ကျုပ် လုပ်နိုင်ချင်တယ် . . . ."

အချိန်ကလေးတစ်ခုမှာ၊ ဟယ်ရီဟာ အသုံးမကျတဲ့ သတိပေး အော်ထင်ဖို့ နည်းနည်းလိုတယ်။ ဗိုလဒီမွန့်လက်ဟာ ရုတ်တရက် အိတ်ထဲက



မှော်ကြိမ်လုံးဆီ ရွေ့လျားသွားတယ်လို့ သူ ယုံကြည်တယ် . . . . ဒါပေမယ့် အဲဒီအချိန်လေး လွန်သွားတယ်၊ ဗိုလဒီမွန့် လှည့်ထွက်သွားတယ်၊ တံခါးပိတ် သွားတယ်၊ သူ့ကို မမြင်ရတော့ဘူး။

ဒမ်ဘလီဒိုးလက်ဟာ သူ့လက်မောင်းကို လာကိုင်တယ်လို့ ဟယ်ရီ ခံစားရတယ်။ ခဏနေတော့ သူတို့ဟာ တူညီသလောက်ရှိတဲ့ နေရာမှာ ပြန် ရပ်နေတယ်။ ဒါပေမယ့် အပြင်ဘက်မှာ ပြတင်းခုံပေါ် ဆီးနှင်းကျမနေဘူး။ ဒမ်ဘလီဒိုးလက်ဟာလည်း ညိုးခြောက်နေပြန်တယ်။

"ဘာဖြစ်လို့လဲ" ဟယ်ရီက ချက်ချင်းမေးတယ်။ ဒမ်ဘလီဒိုးမျက်နှာ ကို မော့ကြည့်နေတယ်။ "သူ ဘာဖြစ်လို့ ပြန်လာတာလဲ။ သင်သိရသလား"

"ကျုပ်မှာ အတွေးတချို့ရှိတယ်၊ ဒါပေမယ့် အတွေးမျှသာဖြစ်တယ်"

"ဘာအတွေးလဲ၊ ဆရာ"

"မင်း စလပ်ဂ်ဟွန်းရဲ့ အဲဟိုမှတ်ဉာဏ်ကိုရမှ၊ မင်းကိုပြောပြမယ်၊ ဟယ်ရီ" ဒမ်ဘလီဒိုးက ပြောတယ်။ "နောက်ဆုံး ဂျစ်ဆောတစ်ချပ် ပုံပေါ် အောင်ဆက်နိုင်မှ အားလုံးနားလည်သွားမှာ . . . . ကျုပ်တို့နှစ်ယောက်စလုံး အဖို့ ကျုပ် မျှော်လင့်တယ်"

ဟယ်ရီဟာ သိလိုဇောနဲ့ ပြည့်နေတယ်။ ဒမ်ဘလီဒိုး တံခါးဝကို သွားတော့ သူ ချက်ချင်းလိုက်မသွားသေးဘူး။

"သူ မှော်နက်ပညာခုခံကာကွယ်တဲ့အတတ်ပဲ သင်ချင်တာလား၊ ဆရာ။ သူ မပြောဘူးလား . . . ."

"အိုး၊ သူမှော်နက်ပညာခုခံကာကွယ်တဲ့အတတ် သင်ချင်တာ သေချာ တာပေ့ါ။ ကျုပ်တို့ အဲဒီတုန်းက တိုတောင်းတဲ့ တွေ့ဆုံခြင်းရဲ့ အကျိုးဆက်က ဒါကို သက်သေပြနေတယ်။ ကျုပ် ဗိုလဒီမွန့်ကို ငြင်းဆန်ပြီးကတည်းက၊ မှော်နက်ပညာခုခံကာကွယ်တဲ့ အတတ်ဆရာဆိုရင် ဘယ်သူမှ တစ်နှစ်ထက် ကျော်ပြီး မသင်ခဲ့ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



# ၂၁။ ဆန်းကြယ်တဲ့အခန်း

ဒီနောက် ရက်သတ္တတစ်ပတ်ထဲမှာ၊ ဟယ်ရီဦးနှောက်ဟာ စလပ်ဂ်ဟွန်းကို စစ်မှန်တဲ့မှတ်ဉာဏ်ပေးအောင် ဘယ်လိုလုပ်ရမလဲဆိုတာကိုပဲ စဉ်းစားနေတယ်။ ဒါပေမယ့် ဘာအကြံမှ မရဘူး။ မတတ်သာဘဲ ခုတလော သူ အကြံမရတဲ့အခါ လုပ်လေ့လုပ်ထရှိတဲ့အလုပ်ကို လုပ်တယ်။ အဲဒါကတော့ မိမိရဲ့ မှော်ဆေးစာအုပ်ကို လှန်တာပဲ။ စာလွတ်တဲ့နေရာမှာ မင်းသားက အသုံးကျတာလေးများ ရေးထားဖို့ မျှော်လင့်နေတယ်။

"နင်ရှာလို့မတွေ့ပါဘူး" တနင်္ဂနွေနေ့ညမှာ ဟာမီးက ကောက်ချက်ချလိုက်တယ်။

"မပြောနဲ့တော့၊ ဟာမီး" ဟယ်ရီက ပြောတယ်။ "မင်းသားကြောင့် [illegible] နို့မို့ရင် ရွန် အခုဒီမှာ ထိုင်မနေရတော့ဘူး"

"သူ ထိုင်နေရမှာပါ။ နင် ပထမနှစ်တုန်းက စနိတ်ပ်သင်တာကို [illegible]နားထောင်ရင်ပေါ့" ဟာမီးက မထင်ပါဘူးဆိုတဲ့သဘောနဲ့ ပြောတယ်။



ဟယ်ရီက သူမကို ဂရုမစိုက်ဘူး။ ခုတွင်ပဲ စာလွတ်တဲ့နေရာမှာ ဂါထာတစ်ခုရေးထားတာ သူတွေ့ရပြီ (ဆက်ချူမာပရာ)၊ အောက်ဘက်မှာ "ရန်သူအတွက်" ဆိုတဲ့ စိတ်ဝင်စားစရာ စာလုံးလည်း ပါတယ်။ ဟယ်ရီဟာ စမ်းကြည့်ချင်လို့ ယားနေတာပဲ။ ဒါပေမယ့် ဟာမီးရှေ့မှာ မစမ်းတာကောင်းမယ်လို့ ထင်တာနဲ့ စာရွက်ထောင့်ကို တိတ်တိတ်ခေါက်ထားလိုက်တယ်။

သူ့တို့ဟာ အများနားနေခန်းရဲ့ မီးဖိုဘေးမှာ ထိုင်နေကြတယ်။ မအိပ်သေးတဲ့ကျောင်းသားတွေဟာ ဆဋ္ဌမနှစ်တွေချည်းပဲ။ ဒီနေ့ နည်းနည်းတက်ကြွလန်းဆန်းနေတယ်။ ညစာစားပြီး ပြန်လာတော့၊ ကြော်ငြာသင်ပုန်းပေါ်မှာ ကြေညာချက်တစ်ခု ကပ်ထားတယ်။ ရုပ်ရွှေ့ပြောင်းရုပ်ပေါ် စာမေးပွဲရက်ကို အကြောင်းကြားထားတာ။ ပထမစာမေးပွဲလုပ်မယ့် ( ၂၁ )ရက်၊ ဧပြီလမှာ အသက်ဆယ့်ခုနစ်နှစ်ပြည့်တဲ့ ကျောင်းသားတွေ ဟော့ဂ်မိဒ်မှာလုပ်မယ့် အထူးလေ့ကျင့်ပွဲ (တင်းကြပ်စွာ ကြည့်ကြပ်တယ်)ကို ပါဖို့ နာမည်သွင်းနိုင်တယ်။

ရွန်ဟာ ကြေညာချက်ကို ကြည့်ပြီးနောက် ပြာသွားတယ်။ သူ ရုပ်ရွှေ့ပြောင်းရုပ်ပေါ်တာ မတတ်သေးဘူး၊ စာမေးပွဲမအောင်မှာစိုးတယ်။ နှစ်ကြိမ်အောင်မြင်ပြီးဖြစ်တဲ့ ဟာမီးက ပိုပြီးယုံကြည်စိတ်ရှိတယ်။ ဟယ်ရီက နောက်ထပ် လေးလကြာမှ ဆယ့်ခုနစ်နှစ်ပြည့်မှာ။ လေ့ကျင့်ကျင့် မကျင့်ကျင့် စာမေးပွဲဝင်ဖြေခွင့် မရဘူး။

"ဒါပေမယ့် မင်းအနည်းဆုံးတော့ ရုပ်ရွှေ့ပြောင်းရုပ်ဖော် တတ်ပြီ" ရွန်က ပူပင်စွာပြောတယ်။ "မင်း ဂျူလိုင်လကျရင် ဘာမှပြဿနာမရှိဘူး"

"ငါ တစ်ကြိမ်ထဲ အောင်မြင်တာ" ဟယ်ရီက သတိပေးပြောတယ်။ လွန်ခဲ့တဲ့သင်တန်းမှာ ပျောက်သွားပြီး သစ်သားကွင်းထဲမှာ ပြန်ပေါ်လာတာ လုပ်နိုင်ခဲ့တယ်။

ရုပ်ရွှေ့ပြောင်းရုပ်ပေါ်တာနဲ့ပတ်သက်ပြီး အချိန်အများကြီး အကုန်ခံပြောဆိုကြပြီးနောက်၊ ရွန်ဟာ စနိတ်ပ်ကို အထူးခက်တဲ့စာတမ်းတစ်ခု ရေးပေးနေတယ်။ ဟယ်ရီနဲ့ ဟာမီးတို့က ရေးပြီးသွားပြီ။ ဟယ်ရီက အမှတ်ညံ့ညံ့ရဖို့ စောင့်နေတယ်။ အကြောင်းက သူဟာ ဝိညာဉ်စုပ်ကောင်နဲ့တိုက်တဲ့ အကောင်းဆုံးနည်းနာမှာ စနိတ်ပ်နဲ့မတူလို့။ ဒါပေမယ့် ဟယ်ရီ အရေးမထားဘူး။ အခု သူ့အဖို့ ပြောရရင် စလပ်ဂ်ဟွန်းမှတ်ဉာဏ်ကို ရဖို့ကသာ အရေးအကြီးဆုံးပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောမယ်။ အဲဒီမင်းသားငတုံးက နင့်ကို ကူမှာမဟုတ်ဘူး။ ဟယ်ရီ" ဟာမီးက ပြောတယ်။ သူမအသံ ပိုကျယ်နေတယ်။ "သူများကို နင်လုပ်စေချင်တာ အတင်းလုပ်နိုင်းလို့ရတာ နည်းတစ်နည်းပဲ ရှိတယ်။ အဲဒါ ဝိညာဉ်လှုံ့ဆော်တာပဲ။ ဒါပေမယ့် အဲဒါ တရားဥပဒေချိုးဖောက်တယ် ——"

"အင်း၊ ငါသိတယ်၊ ကျေးဇူးပဲ" ဟယ်ရီက စာအုပ်ကို ကြည့်နေတယ်။ ခေါင်းတောင်မမော့ဘဲ ပြောတယ်။ "ဒါကြောင့် ငါ မတွေ့တဲ့ဟာကို ရှာနေတာ။ ဒမ်ဘာလီဒိုးက အမှန်ပြောဆေး အလကားပဲလို့ ပြောတယ်။ ဒါပေမယ့် တခြားအရာ ရှိချင်ရှိနိုင်တယ်။ မှော်ဆေး ဒါမှမဟုတ် မှော်ဂါထာ . . . ."

"နင့်နည်းနာက မဟုတ်သေးဘူး" ဟာမီးက ပြောတယ်။ "ဒမ်ဘာလီဒိုးက နင်ကသာ အဲဒီမှတ်ဉာဏ်ကို ရယူနိုင်မယ်လို့ ပြောတယ်၊ ဒါဟာ နင် စလပ်ဂ်ဟွန်းကို နားချလို့ရမယ်၊ တခြားလူကမရဘူးလို့ ပြောတာဖြစ်ရမယ်။ သူ့ကို မှော်ဆေးတိုက်ရမယ့်ပြဿနာမဟုတ်ဘူး။ ဒါဆို ဘယ်သူပဲဖြစ်ဖြစ် ——"

"ဘယ်လိုရေးလဲ" ရွန်ကမေးတယ်။ သိုးရေစက္ကူကို စိုက်ကြည့်ပြီး ငှက်မွေးကလောင်ကို တအားခါယမ်းနေတယ်။ "ဒါ 3 — U — M — တော့ မဖြစ်နိုင်ဘူး"

"ဟင့်အင်း၊ မဖြစ်နိုင်ဘူး" ဟာမီးက ပြောတယ်။ ရွန့်စာတမ်းကို ဆွဲယူတယ်။ "ပြီးတော့ "augury" ကလဲ O — R — G နဲ့ မစဘူး။ နင် ဘာကလောင်မျိုးသုံးလဲ"

"ဖရက်နဲ့ ဂျော့ရဲ့ စာလုံးမှားစစ်ဆေးတဲ့ကလောင် . . . . ဒါပေမယ့် မှော်စီရင်တာ ပြယ်လာပြီထင်တယ် . . . ."

"ဟုတ်မှာပဲ" ဟာမီးက သူ့စာတမ်းခေါင်းစဉ်းကို လက်ညှိုးထိုးပြီး ပြောတယ်။ "ငါတို့ရေးရမှာက ဝိညာဉ်စုပ်ကောင်ကို ဘယ်လိုရင်ဆိုင်ရမလဲ 'ဒင်ဘော့ဂ်စ်' ကို မဟုတ်ဘူး။ နင် ဘယ်တုန်းက 'ရွန်း-ဝါဇလစ်' လို့ နာမည်ပြောင်းထားမှန်းလဲ ငါမသိဘူး"

"အား ? ! " ရွန်က သိုးရေစက္ကူကို ထိတ်လန့်စွာကြည့်ပြီး ပြောတယ်။ "ငါ့ကို ပြန်မရေးခိုင်းပါစေနဲ့"

"ကိစ္စမရှိဘူး၊ ပြင်လို့ရတယ်" ဟာမီးက ပြောရင်း စာတမ်းကို ဆွဲယူပြီး မှော်ကြိမ်လုံး ဆွဲထုတ်တယ်။



"ငါ နင့်ကိုချစ်တယ်၊ ဟာမီး" ရွန်က ပြောရင်း ထိုင်ခုံပေါ် ပြန်လှဲချလိုက်ပြီး အိပ်ချင်လို့ မျက်စိကို ပွတ်နေတယ်။

ဟာမီးမျက်နှာ အနည်းငယ် နီသွားတယ်။ ဒါပေမယ့် "လာဗင်ဒါ မကြားစေနဲ့နော်" လို့ ပြောလိုက်တယ်။

"မကြားပါဘူး" ရွန်က ပါးစပ်ကိုအုပ်ပြီး ပြောတယ်။ "ငါ ကြားအောင် လုပ်ချင်လုပ်မှာ . . . . ဒါမှ သူမက ငါ့ကို စွန့်ပစ်မှာ . . . ."

"တကယ်လို့ မင်း အဆုံးသတ်ချင်ရင်၊ ဘာဖြစ်လို့ သူမကို စွန့်မပစ်တာလဲ" ဟယ်ရီက မေးတယ်။

"မင်း ဘယ်တုန်းကမှ သူများကို အရင်မခွဲဖူးဘူးမဟုတ်လား" ရွန်က ပြောတယ်။ "မင်းနဲ့ ချိုကတော့ ——"

"ကွဲသွားပြီ" ဟယ်ရီက ပြောတယ်။

"ငါနဲ့ လာဗင်ဒါလဲ အဲဒီလိုပဲ ဖြစ်စေချင်တယ်" ရွန်က သုန်မှုန်စွာ ပြောတယ်၊ ဟာမီး ငြိမ်ငြိမ်လေး မှော်ကြိမ်လုံးနဲ့ သူ့စာလုံးမှားတွေကို အသာခေါက်ပြီး ပြန်ပြင်ပေးနေတာကိုလည်း ကြည့်နေတယ်။ "ဒါပေမယ့် ငါက အဆုံးသတ်ချင်တာ အရိပ်အမြွက်ပြလေ၊ သူမက ပိုကပ်လေပဲ၊ ရောမပြည်ကြီးငါးကြီးလိုပဲ"

"ပြီးပြီ" မိနစ်နှစ်ဆယ်လောက်ကြာတော့၊ ဟာမီးက စာတမ်းကို ရွန့်ပြန်ပေးတယ်။

"သိပ်ကျေးဇူးတင်တယ်" ရွန်က ပြောတယ်။ "နင့်ကလောင်နဲ့ နိဂုံးရေးဖို့ ငှားမလား"

ဟယ်ရီဟာ သွေးနှောမင်းသားရဲ့မှတ်တမ်းထဲက ဘာမှအကူအညီ မရဘူး။ သူ ဘေးဘီကို ကြည့်လိုက်တယ်။ နားနေခန်းထဲမှာ သူတို့သုံးယောက်ပဲ ကျန်တော့တယ်။ စီးမတ်စ်ဟာ စနိတ်ပ်နဲ့ သူပေးတဲ့စာတမ်းကို ကျိန်ဆဲရင်း ခုတင်ပဲ အပေါ်တက်သွားအိပ်တယ်။ ဒီမှာ မီးဖိုမီးရဲ့ တဖျစ်ဖျစ်မြည်သံနဲ့ ရွန်က ဟာမီးကလောင်နဲ့ နောက်ဆုံးအပိုဒ် ဝိညာဉ်စုပ်ကောင်စာတမ်းရေးတဲ့ တရှပ်ရှပ်သံပဲ ရှိတယ်။ ဟယ်ရီက သမ်းဝေရင်း သွေးနှောမင်းသားရဲ့စာအုပ်ကို ပိတ်လိုက်ရုံ ရှိသေးတယ်၊ ရုတ်တရက် ——

ဂရတ်။

www.burmeseclassic.com

www.burmeseclassic.com



ဟာမီးက အသံတိုတို အော်လိုက်တယ်။ ရွှန်က မင်ရည် စာတမ်းပေါ် ခိတ်ကျသွားတယ်။ ဟယ်ရီက ခေါ်တယ်။ "ခရက်ချာ"

အိမ်မွေးမှင်စာလေးဟာ ခါးကို တအားကုန်းရင်း မိမိရဲ့ ဖုထစ်တဲ့ ခြေချောင်းတွေကိုကြည့်ပြီး ပြောတယ်၊

"သခင်က သူ့ကို သခင်လေးမော်ဖိုင်အခြေအနေကို အမြဲအစီရင် ခံခိုင်းတယ်၊ ဒါကြောင့် ခရက်ချာ လာတယ် —"

ဂရတ်။

ဒေါ့ဘီဟာ ခရက်ချာဘေးမှာ ပေါ်လာတယ်။ ကရားအိုးဖုံးနဲ့ လုပ်ထားတဲ့ ဦးထုပ်ဟာ တစ်ဖက်ကို စောင်းနေတယ်။

"ဒေါ့ဘီလဲ ကူညီနေတယ်၊ ဟယ်ရီ-ပေါ်တာ" သူက စူးစူးပြောတယ်။ ခရက်ချာကိုလည်း မုန်းတီးစွာ ကြည့်လိုက်တယ်။ "ခရက်ချာဟာ သူ ဟယ်ရီ-ပေါ်တာကို ဘယ်တော့လာတွေ့မယ်ဆိုတာ ဒေါ့ဘီကို ပြောပြသင့်တယ်၊ ဒါမှ အတူတကွ အစီရင်ခံနိုင်တယ်"

"ဘာလဲဟင်" ဟာမီးက မေးတယ်။ ၎င်းတို့ ပေါ်ပေါက်လာလို့ အံ့ဩနေသေးသလိုပဲ။ "ဘယ်လိုဖြစ်တာလဲ၊ ဟယ်ရီ"

ဟယ်ရီက တွေဝေနေတယ်။ ခရက်ချာနဲ့ ဒေါ့ဘီကို မော်ဖိုင့်လိုက်ကြည့်ခိုင်းတဲ့အကြောင်း ဟာမီးကို ပြောမပြရသေးဘူး။ အိမ်မွေးမှင်စာလေးနဲ့ ပတ်သက်ရင် သူမအဖို့ အလွန်ထိတွေ့လွယ်တဲ့ပြဿနာဖြစ်လို့။

"အင်း . . . . သူတို့ ငါ့အတွက် မော်ဖိုင်ကို စောင့်ကြည့်နေတယ်"

"နေ့ရောညပါ" ခရက်ချာက အသံအက်အက်နဲ့ ပြောတယ်။

"ဒေါ့ဘီမအိပ်ရတာ တစ်ပတ်ရှိပြီ၊ ဟယ်ရီ-ပေါ်တာ" ဒေါ့ဘီက ဂုဏ်ယူစွာ ပြောတယ်၊ ကိုယ်ကိုလည်း လှုပ်ခါနေတယ်။

ဟာမီး ချက်ချင်းဒေါသထွက်လာတယ်။

"မင်းမအိပ်ဘူး ? ဒေါ့ဘီ။ ဒါပေမယ့် ဟယ်ရီ၊ နင် သူ့ကို မပြောဘူးလား —"

"ဘယ်ပြောမလဲ" ဟယ်ရီက အမြန်ပြောတယ်၊ "ဒေါ့ဘီ၊ မင်းအိပ်လို့ရတယ် ဟုတ်လား။ ဒါဆို မင်းတို့ ဘာများတွေ့သလဲ" ဟာမီး ဝင်မပြောခင် သူက အမြန်မေးလိုက်တယ်။



"သခင်လေးမော်ဖိုင်ဟာ အနေအထိုင် မြင့်မြတ်တယ်၊ သွေးသန့် ပီသပါပေတယ်" ခရက်ချာဟာ ချက်ချင်း အသံအက်အက်နဲ့ ပြောပြန်တယ်။ "သူ့ရုပ်သွင်ဟာ ကျွန်တော့်သခင်မရဲ့ သေသပ်တဲ့ရုပ်သွင်ကို သတိရစေတယ် သူ့အပြုအမူဟာ —"

"ဒြာခို-မော်ဖိုင်ဟာ ကောင်လေးဆိုး" ဒေါ့ဘီက ဒေါသနဲ့ စူးစူးအော် ပြောတယ်။ "ကောင်လေးဆိုး၊ သူ — သူ —"

သူဟာ တစ်ကိုယ်လုံး ကရားအိုးဖုံးအမြိတ်ကနေ ခြေစွပ်ထိပ်များထိ တုန်လာတယ်။ ဒီနောက် မီးဖိုဆီ ပြေးသွားတယ်၊ ခုန်ဝင်သွားမယ့်ပုံပဲ။ ဟယ်ရီ ဟာ လုံးဝမခန့်မှန်းမိတာတော့ မဟုတ်ဘူး။ သူ့ကို ခါးကနေ အမြန်ဖက်ထား လိုက်တယ်။ ဒေါ့ဘီ စက္ကန့်အချို့ ရုန်းကန်ပြီးနောက် ပျော့သွားတယ်။

"ကျေးဇူးတင်တယ်၊ ဟယ်ရီ-ပေါ်တာ" သူက မောဟိုက်ရင်း ပြောတယ်။ "ဒေါ့ဘီဟာ သခင်ဟောင်းမကောင်းကြောင်းပြောဖို့ ခက်နေသေး တယ် . . . ."

ဟယ်ရီ သူ့ကို လွှတ်လိုက်တယ်။ ဒေါ့ဘီက ကရားအိုးအဖုံးကို သေချာ မြန်ဆောင်းပြီး၊ ခရက်ချာကို စိန်ခေါ်သလို ပြောတယ်။ "ဒါပေမယ့် ခရက်ချာက ဒြာခို-မော်ဖိုင်ဟာ အိမ်မွေးမှင်စာလေးတွေရဲ့ သခင်ကောင်းမဟုတ်တာ သိသင့်တာပေါ့"

"ဟုတ်တယ်၊ ငါတို့ မင်း မော်ဖိုင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ နားထောင်ဖို့ မလိုဘူး" ဟယ်ရီက ပြောတယ်။ "သူ ဘယ်သွားတယ်ဆိုတာ မြန်မြန်ပြောရင် ကောင်းမယ်"

ခရက်ချာဟာ ဒေါသနဲ့ အလေးပြုလိုက်ပြီး ပြောတယ်။ "သခင်လေး မော်ဖိုင်ဟာ ခန်းမထဲမှာ ထမင်းစားတယ်။ မြေအောက်ကျောင်းခန်းက အိပ်ခန်း တစ်ခန်းမှာ အိပ်တယ်၊ သူ ကျောင်းခန်းအများကြီးကို သွားပြီး ကျောင်းတက် တယ် —"

"ဒေါ့ဘီ၊ မင်းလာပြော" ဟယ်ရီက ခရက်ချာကို ဖြတ်ပြောတယ်။ "သူ မသွားသင့်တဲ့နေရာ သွားသလား"

"မစ္စတာ ဟယ်ရီ-ပေါ်တာ" ဒေါ့ဘီက အသံစူးစူးနဲ့ ပြောတယ်။ မျက်လုံးဝိုင်းဝိုင်းကြီးဟာ မီးရောင်အောက်မှာ လက်နေတယ်။ "သခင်လေး

www.burmeseclassic.com

www.burmeseclassic.com



ဖော်ဖိုင်ဟာ ဘာစည်းကမ်းမှ မရှိနိုးဖောက်တာ ဒေါ့ဘီ တွေ့ရှိရတယ်၊ ဒါပေမယ့် သူဟာ သူများမတွေ့အောင် သတိနဲ့ ကာကွယ်တယ်။ သူဟာ မတူတဲ့ ကျောင်းသားတွေကို ခေါ်ပြီး ခုနစ်ထပ်ကို အမြဲသွားတယ်။ သူတို့က သူ့ကို တင်းစောင့်ပေးတယ်၊ သူဝင်သွားတဲ့ —"

"လိုတရအခန်း" ဟယ်ရီက အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်းနဲ့ ခေါင်းကို ခေါက်လိုက်တယ်။ ဟာမီးနဲ့ ရွန်က သူ့ကို ကြည့်နေတယ်။ "သူ အဲဒီကို သွားနေတာ၊ အဲဒါ သူ ဟိုဟာလုပ်တဲ့ . . . . ဘာလုပ်မှန်းမသိတဲ့နေရာ။ ဒါ သူ မြေပုံပေါ်က ပျောက်သွားတဲ့အကြောင်းလို့ ငါ လောင်းဝံ့တယ် — အခု တွေးကြည့်တော့ မြေပုံပေါ်မှာ လိုတရအခန်းကို တစ်ခါမှ မတွေ့ဖူးဘူး"

"မားပြမြေပုံပြုလုပ်တဲ့လူဟာ အဲဒီအခန်းရှိတာ လုံးဝသိမှာမဟုတ်ဘူး" ရွန်က ပြောတယ်။

"အဲဒါ အဲဒီအခန်းရဲ့ မှော်ပညာတစိတ်တပိုင်းဖြစ်မယ်" ဟာမီးက ပြောတယ်။ "တကယ်လို့ ၎င်းကို မြေပုံပေါ်မှာ ဖော်ပြလို့မရစေချင်ရင်၊ ဖော်ပြလို့မရဘူးပေါ့"

"ဒေါ့ဘီ၊ မော်ဖိုင် ဘာလုပ်နေတယ်ဆိုတာ မင်း သွားဝင်ကြည့်သလား" ဟယ်ရီက လောလောနဲ့မေးတယ်။

"ဟင့်အင်း၊ ဟယ်ရီ-ပေါ်တာ၊ ဒါ မဖြစ်နိုင်ဘူး" ဒေါ့ဘီက ပြောတယ်။

"ဘာမှမဖြစ်နိုင်တာမရှိဘူး" ဟယ်ရီက ချက်ချင်းပြောတယ်။ "မနှစ်က မော်ဖိုင် ငါ့ဌာနချုပ်ထဲ ဝင်တယ်၊ ဒါကြောင့် ငါလဲ ဝင်ပြီး သူ့ကို ချောင်းကြည့်နိုင်တယ်၊ ပြဿနာမရှိဘူး"

"ငါထင်တာတော့ မရဘူး၊ ဟယ်ရီ" ဟာမီးက ဖြည်းဖြည်းပြောတယ်။ "တို့တုန်းက မာရီအားထာငတုံးမက သတင်းပေါက်ကြားသွားလို့၊ ငါတို့ အဲဒီအခန်းကို DA ဌာနချုပ်ဖြစ်စေချင်ရင် ဖြစ်သွားတာ။ ဒါပေမယ့် အခု မော်ဖိုင် ဝင်သွားရင် အဲဒီအခန်း ဘယ်ပုံစံရှိတယ်ဆိုတာ နင်မသိဘူး၊ ဒါကြောင့် နင် ၎င်းကို ဘယ်ပုံစံဖြစ်စေချင်ရမှန်း နင်မသိဘူး"

"နည်းလမ်းရှိမှာပါ" ဟယ်ရီက မထင်ပါဘူးဆိုတဲ့သဘောနဲ့ ပြောတယ်။ "မင်းလုပ်တာ သိပ်ကောင်းတယ်၊ ဒေါ့ဘီ"

"ခရက်ချာလဲ လုပ်တာမဆိုးဘူး" ဟာမီးက စိတ်ကောင်းနဲ့ တစ်ခွန်းပြောတယ်။ ဒါပေမယ့် ခရက်ချာက နည်းနည်းမှ ကျေးဇူးမတင်တဲ့အပြင်



ဒိနေနဲ့မျက်လုံးကြီးကို လှန်လိုက်တာ မျက်နှာကြက်ကို ကြည့်ပြီး အသံအက်အက်နဲ့ ပြောတယ်။ ရွှံ့သွေးက ခရက်ချာကို စကားလာပြောတယ်၊ ခရက်ချာက မကြားချင်ယောင်ဆောင်တယ် —"

"ဒီကနေထွက်သွား" ဟယ်ရီက ဝေါက်တယ်၊ ခရက်ချာက ခါးတွေ့နေအောင် အလေးပြုပြီး ရုပ်ရွှေ့ပြောင်းသွားတယ်။ "မင်းလဲ တရေးလောက်သွားအိပ်ချေ၊ ဒေါ့ဘီ"

"ကျေးဇူးပဲ၊ ဟယ်ရီ-ပေါ်တာ၊ ဆရာ" ဒေါ့ဘီက ပျော်ရွှင်စွာနဲ့ ရှုရှု ပြောတယ်၊ သူလည်း ပျောက်သွားတယ်။

"ဒါ ဘယ်လောက်ကောင်းလဲ" အခန်းထဲမှာ မှင်စာလေးတွေ မရှိတော့ ဟယ်ရီက ရွန်နဲ့ ဟာမီးဘက် လှည့်လိုက်ပြီး အားတက်သရော ပြောတယ်။ "မော်ဖိုင် ဘယ်သွားနေတယ်ဆိုတာ ငါတို့ သိပြီ၊ အခု သူ့ကို ပိတ်ဖမ်းလို့ရပြီ"

"ဟုတ်တယ်၊ သိပ်ကောင်းတယ်" ရွန်က သုန်မှုန်စွာ ပြောတယ်။ သူဟာ စက္ကူပေါ်က မင်ကွက်ကို သုတ်ပစ်ဖို့ လုပ်နေတယ်၊ အဲဒါ ခုနက ရေးလို့ပြီးတော့မယ့် စာတမ်းဖြစ်တယ်။ ဟာမီးက စာတမ်းကို ဆွဲယူပြီး မှော်ကြိမ်လုံးနဲ့ မင်တွေကို စုပ်ယူနေတယ်။

"ဒါပေမယ့် 'မတူတဲ့ကျောင်းသားတွေ'ကို ခေါ်ပြီးဆိုတာ ဘယ်လိုဖြစ်တာလဲ" ဟာမီးက မေးတယ်။ "လူဘယ်လောက် ပါသလဲ။ ပြောမယ်ဆိုရင် သူ ဘာလုပ်နေတဲ့အထဲ လူအများကြီးပါခွင့်ပေးမှာ မဟုတ်ဘူး . . . .'

"ဟုတ်တယ်၊ ဒါသံသယဖြစ်စရာပဲ" ဟယ်ရီက မျက်မှောင်ကြုတ်ပြီး ပြောတယ်။ "သူက ခရပ်ကို သူဘာလုပ်လုပ်၊ မင်းနဲ့မဆိုင်ဘူးလို့ပြောတာ ငါကြားတယ် . . . . အခု ဘယ့်နှယ် ဒီလောက်များများကို ပြောပြ . . . . ဒီလောက်များများ . . . ."

ဟယ်ရီ့အသံ နိမ့်ဆင်းသွားတယ်၊ မျက်စိက မီးဖိုမီးကို ကြည့်နေတယ်။

"ဘုရားသခင်၊ ငါ တကယ် အတာပဲ" သူက အသာပဲပြောတယ်။ "ရှင်းနေတယ်၊ ဟုတ်လား။ မြေအောက်ကျောင်းခန်းထဲမှာ တစ်အိုးကြီးရှိတယ် . . . . သူ အတန်းတက်ချိန်မှာ အချိန်မရွေး ခိုးယူလို့ရတယ် . . . ."

"ဘာခိုးလို့ရတာလဲ" ရွန်က မေးတယ်။

"ပိုလီရုပ်ပြောင်းဆေးရည်။ စလပ်ဂ်ဟွန်း ပထမဆုံးမှော်ဆေးအတန်းတက်စဉ်က ငါတို့ကိုပြတဲ့ ပိုလီရုပ်ပြောင်းဆေးရည်ကို သူခိုးသွားတယ် . . . .

www.burmeseclassic.com

www.burmeseclassic.com



တွေ့တဲ့ကျောင်းသားတွေ မော်ဖိုင်ကို ကင်းစောင့်ပေးတယ်ဆိုတာ မရှိဘူး . . . . အဲဒါ ခရက်နဲ့ ဂိုး . . . . ဟုတ်ပြီ၊ အားလုံးကိုက်သွားပြီ" ဟယ်ရီ ခုန်ထလိုက်တယ်၊ မီးဖိုရှေ့မှာ ဟိုဒီလျှောက်နေတယ်။ "ဒီလူနှစ်ယောက်ကသာ၊ မော်ဖိုင်က သူ ဘာလုပ်နေတယ်ဆိုတာ ပြောမပြလဲ၊ သူခိုင်းတာကိုလုပ်တဲ့ ဒအတွေမို့ . . . . ဒါပေမယ့် သူဟာ လိုတရအခန်းရှေ့မှာ ဒီလူနှစ်ယောက်ချည်း စောင့်နေတာ သူများမတွေ့စေချင်ဘူး၊ ဒါကြောင့် သူတို့ကို ပိုလီဆေးရည်တိုက်ပြီး တခြားလူရဲ့ပုံစံဖြစ်အောင် လုပ်ထားတာ . . . . ခွေဒစ်ပြိုင်ပွဲနေ့က ငါမြင်ရတဲ့ ကောင်မလေးနှစ်ယောက် —— ဟား၊ အဲဒါ ခရပ်နဲ့ ဂိုးပဲ"

"နင်ပြောတာက" ဟာမီး အသက်အောင့်ပြီး ပြောတယ်။ "ငါ ချိန်ခွင် ကူပြင်ပေးတဲ့ကျောင်းသူလေးလား ——"

"မှန်တယ်၊ ဒါပဲပေါ့" ဟယ်ရီက သူမကို ကြည့်ပြီး အကျယ်ကြီး ပြောတယ်။ "သေချာတယ်၊ မော်ဖိုင် ထိုစဉ်က လိုတရအခန်းထဲမှာ ရှိရမယ် ဒါကြောင့် အဲဒီကျောင်းသူ —— အဲဒီကျောင်းသားက ချိန်ခွင်ကို ပစ်ချတာ မော်ဖိုင့်ကို ထွက်မလာနဲ့၊ အပြင်မှာ လူရှိတယ်လို့ အကြောင်းကြားတာ၊ ပြီးတော့၊ ဟိုဖားပြုပ်ဥတွေ လွှတ်ကျတဲ့ကျောင်းသူ။ ငါတို့ သူ့ဘေးမှာ ဖြတ်ဖြတ် သွားနေပြီး မသိဘူး"

"သူက ခရပ်နဲ့ ဂိုးကို ကျောင်းသူဖြစ်အောင်လုပ်တယ် ?" ရွန်က ပြောပြီး တအားရယ်တယ်။ "ဘုရားသခင် . . . . ဒါကြောင့် သူတို့ ခုတလော သိပ်ပျော်ပုံမရတာ . . . . သူတို့က ဘာဖြစ်လို့ သူ့ကို 'သွားစမ်းပါ'လို့ မပြောတာလဲဆိုတာ ငါ အံ့ဩတယ် . . . ."

"သူတို့ ဘယ်ပြောမလဲ၊ ဟုတ်လား။ သူက သူတို့ကို မှော်နက်အမှတ်အသား ပြထားရင်ပေါ့" ဟယ်ရီက ပြောတယ်။

"ဟင်း . . . . ဟို ရှိလားမသေချာတဲ့ မှော်နက်အမှတ်အသား" ဟာမီးက သံသယနဲ့ပြောရင်း သုတ်သင်ပြီးတဲ့စာတမ်းကို လိပ်ပြီး နောက်ထပ်ပြဿနာ မပေါ်ခင် ရွန့်ကို ပြန်ပေးလိုက်တယ်။

"စောင့်ကြည့်သေးတာပေါ့" ဟယ်ရီက ယုံကြည်စွာ ပြောတယ်။

"ကောင်းပြီ၊ ဒါဆို ကြည့်သေးတာပေါ့" ဟာမီးက ပြောရင်း မတ်တတ်ရပ်ကာ ခါးဆန့်လိုက်တယ်။ "ဒါပေမယ့် ဟယ်ရီ၊ နင် သိပ်ပျော်မနေနဲ့ဦး၊ နင်အထဲမှာ ဘာရှိမှန်း မသိရင်၊ လိုတရအခန်းထဲ ဝင်လို့ရမှာမဟုတ်ဘူးလို့



ငါထင်တယ်။ ပြီးတော့ နင်မမေးသင့်ဘူးလို့လဲ ငါထင်တယ်" သူမက လွယ်အိတ်ကို ပခုံးပေါ် ပစ်တင်ပြီး၊ အလွန်တည်ကြည်စွာနဲ့ သူ့ကို တစ်ချက်ကြည့်လိုက်တယ်။ "နင် အာရုံစုစည်းပြီး စလပ်ဂ်ဟွန်းမှတ်ဉာဏ်ကို ရအောင်လုပ်ရမယ်၊ မင်္ဂလာညပါ"

ဟယ်ရီက သူမ သွားတာကြည့်နေတယ်၊ စိတ်ထဲသိပ်မပျော်သလို ရှိတယ်။ ကျောင်းသူအိပ်ဆောင်ဆီပေါက်တဲ့တံခါး သူမကျောဘက်မှာ ပိတ်သွားတာနဲ့ သူက ရွန့်ဘက် လှည့်လိုက်တယ်။

"မင်း ဘယ်လိုထွေးလဲ"

"ငါက မှင်စာလေးတွေလို ရုပ်ရွှေ့ပြောင်းနိုင်ချင်တယ်" ရွန်က ဒေါ်ဘီပျောက်သွားတဲ့နေရာကို ကြည့်ပြီး ပြောတယ်။ "ဒါဆိုရင် ရုပ်ရွှေ့ပြောင်း ရုပ်ပေါ် စာမေးပွဲအတွက် ပိုင်ပြီပေါ့"

ဒီညမှာ ဟယ်ရီ ကောင်းကောင်းအိပ်မရဘူး။ နိုးနေပြီး နာရီမနည်း လှဲနေရတယ်လို့ ကိုယ့်ဖာသာ ခံစားရတယ်။ မော်ဖိုင် လိုတရအခန်းထဲမှာ ဘာလုပ်နေသလဲဆိုတာပဲ မှန်းကြည့်နေတယ်။ မနက်ဖြန် သူဝင်သွားပြီး ဘာတွေတွေ့ရမလဲဆိုတာ စဉ်းစားနေတယ်။ ဟာမီးက သူ့ကိုပြောထားပေမယ့် ဟယ်ရီကတော့ မော်ဖိုင်ဟာ DA ဌာနချုပ်ကို မြင်ရတဲ့အတွက်၊ သူလည်း မော်ဖိုင့်ကို မြင်ရမယ်လို့ ယုံကြည်နေတယ် . . . . ဘာဖြစ်မလဲ၊ ချိန်းတွေ့တဲ့ နေရာ ? ပုန်းတဲ့နေရာ ? သိုလှောင်ခန်း ? အလုပ်ခန်း ? ဟယ်ရီ့ခေါင်းထဲမှာ လျှင်မြန်စွာ လည်ပတ်နေတယ်။ နောက်တော့ အိပ်ပျော်သွားတယ်၊ အိပ်မက်ထဲမှာ မော်ဖိုင့်ရုပ်ပုံ အနှောင့်အယှက် ခံနေရသေးတယ်။ သူဟာ တော်ကြာ စလပ်ဂ်ဟွန်းဖြစ်သွားလိုက်၊ တော်ကြာ စနိတ်ပ်ဖြစ်သွားလိုက် . . . .

နောက်နေ့ နံနက်စောစောစာစားချိန်မှာ ဟယ်ရီက တအားမျှော်လင့်နေတယ်။ မှော်နက်ပညာခုခံကာကွယ်တဲ့အတတ်အတန်းမတိုင်မီမှာ အားလပ်ချိန်တစ်ခု ရှိတယ်၊ သူက လိုတရအခန်းထဲ ကြံဖန်ဝင်မယ်လို့ ဆုံးဖြတ်တယ်။ သူ တိတ်တိတ်ပြောပြတဲ့ စီမံကိန်းကို စိတ်မဝင်စားကြောင်း ဟာမီးက အမူအရာ ချဲ့ကားစွာ ဖော်ပြတယ်၊ ဟယ်ရီ နည်းနည်းဒေါသထွက်တယ်။ ဟာမီး ကူညီမယ်ဆိုရင် သူ အများကြီးအကူညီရမယ်လို့ သူထင်လို့ပဲ။

"ဒီမှာ" သူက အသာလေး ရှေ့ကုန်းပြီး ပြောတယ်။ လက်တစ်ဘက်က ဟာမီးစာပို့ဇီးကွက်ကိုယ်ပေါ်က ဖြည်ယူလိုက်တဲ့ 'ကြိုဟောဆရာများနေ့စဉ်'

www.burmeseclassic.com

www.burmeseclassic.com



တို ဒိထားတယ်။ သူမ သတင်းစာနောက် ပုန်းကွယ်သွားလို့မရအောင်။ "ငါ စလပ်ဂ်ဟွန်းကို မမေ့ပါဘူး၊ ဒါပေမယ့် သူ့မှတ်ဉာဏ်ကို ဘယ်လိုရယူရမှန်း မသိဘူး၊ အကြံမရခင်မှာ ငါ ဘာဖြစ်လို့ မော်ဖိုင် ဘာလုပ်နေတယ်ဆိုတာ သွားကြည့်လို့ မရရမှာလဲ"

"ငါ နင့်ကို ပြောပြီးပြီ" ဟာမီးက ပြောတယ်။ "နင် စလပ်ဂ်ဟွန်းကို ရအောင် ပြောရမယ်၊ သူ့ကို ဆေးခပ်ဖို့ ဒါမှမဟုတ် မှော်ပညာသုံးဖို့ မဟုတ်ဘူး။ ဒါမျိုးဆိုရင် ဒမ်ဘာလီဒိုး ချက်ချင်းလုပ်လို့ရတယ်။ နင် လိုတရအခန်းရှေ့မှာ အချိန်ဖြုန်းမနေနဲ့" သူမက 'ကြိုဟောဆရာများနေ့စဉ်'ကို ဟယ်ရီ့လက်အောက်က ဆွဲယူခေါက်လိုက်ပြီး ပထမစာမျက်နှာကို ဖတ်တယ်။ "နင် စလပ်ဂ်ဟွန်းဆီ သွားပြီး သူ့ကို ကျအောင်ပြောသင့်တယ်"

"ငါတို့သိတဲ့လူရှိလား ––" ဟာမီးက သတင်းစာခေါင်းစည်းတွေကို လိုက်ကြည့်နေတော့၊ ရွန်က မေးတယ်။

"ရှိတယ်" ဟာမီးက ပြောတယ်။ ဟယ်ရီနဲ့ ရွန် ကြားတာနဲ့ လန့်သွားတယ်။ "ဒါပေမယ့် တော်ပါသေးတယ်၊ သူ မသေဘူး –– မန်ဒန်ဂတ်စ် ဖမ်းပြီး အက်ဇကါဘန်ကို ပို့လိုက်တယ်။ လူသေအလောင်းယောင်ဆောင်ပြီး အခန်းထဲ ဝင်ခိုးမှုတဲ့ . . . . အောက်တာဗီးစ်-ဖက်ဖာဆိုတဲ့လူ ပျောက်သွားတယ် . . . . အမလေး၊ တယ်ကြောက်ဖို့ကောင်းတာပဲ၊ ကိုးနှစ်အရွယ်ကောင်လေးက အဘိုးနဲ့အဘွားကို သတ်ဖို့လုပ်လို့ အဖမ်းခံရတယ်၊ ဝိညာဉ်လုကျိန်စာ မိလို့တဲ့ . . . ."

သူတို့ တိတ်တိတ်လေး နံနက်စာစားစာကို စားကြပြီးနောက်၊ ဟာမီးဟာ ရှေးမှော်စာအတန်းကိုတက်ဖို့ ချက်ချင်းထွက်သွားတယ်။ ရွန်က အမှားနားနေခန်းကို သွားတယ်၊ စနိပ်ရေးခိုင်းတဲ့ ဝိညာဉ်စုပ်ကောင်စာတမ်းကို ပြီးအောင်သွားရေးတယ်။ ဟယ်ရီက သတ္တမထပ်စင်္ကြံကို တန်းပြေးသွားတယ် ဦးတည်ချက်က စဉ်းစားဉာဏ်နည်းတဲ့ ဘာနာဘတ်စ်က ဧရာမဘီလူးကြီးကို အဲလေးအက,ကခိုင်းတဲ့ အလှချိတ်ကော်ဇောနဲ့ မျက်နှာချင်းဆိုင်က ဘာမှ မရှိတဲ့ နံရံ။

ဆိတ်ငြိမ်တဲ့နေရာရောက်တာနဲ့ ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကို ချွတ်လိုက်တယ်၊ တကယ်တော့ မလိုအပ်ပါဘူး။ သူရည်မှန်းတဲ့နေရာမှာ လူ မရှိတာ တွေ့ရတယ်။ မော်ဖိုင် အပြင်ဘက်မှာ ဒါမှမဟုတ် အထဲမှာရှိတာ



ဘယ်ဟာက မိမိအတွက် ပိုပြီး ဝင်သွားဖို့ အခွင့်သာမယ်ဆိုတာ ဟယ်ရီ မသိဘူး။ ဒါပေမယ့် အနည်းဆုံးတော့ သူ ပထမဆုံး စမ်းကြည့်တာမှာ ဆယ့်တစ်နှစ်အရွယ်ကျောင်းသူလေးဟန်ဆောင်ထားတဲ့ ခရပ်နဲ့ ဂိုးတို့ အနှောင့်အယှက်မခံရဘူးပေါ့။

လိုတရအခန်းကို ကွယ်ဝှက်ထားတဲ့နေရာနား ကပ်သွားပြီး၊ သူ မျက်စိမှိတ်ထားလိုက်တယ်။ ဘာလုပ်ရမယ်ဆိုတာ သူ သိတယ်။ မနှစ်က လေ့ကျင့်ထားတာ အလွန်ကျွမ်းနေပြီ။ သူက စိတ်အာရုံစူးစိုက်ပြီး တွေးတယ်၊ မော်ဖိုင် ဒီမှာ ဘာလုပ်နေသလဲဆိုတာ ကျွန်တော်ကြည့်ဖို့လိုတယ် . . . . မော်ဖိုင် ဒီမှာ ဘာလုပ်နေသလဲဆိုတာ ကျွန်တော် ကြည့်ဖို့လိုတယ် . . . . မော်ဖိုင် ဒီမှာ ဘာလုပ်နေသလဲဆိုတာ ကျွန်တော် ကြည့်ဖို့လိုတယ် . . . .

သူဟာ အဲဒီနေရာကို သုံးကြိမ်ဖြတ်လျှောက်တယ်၊ စိတ်လှုပ်ရှားလွန်းလို့ ရင်တဒိန်းဒိန်းခုန်နေတယ်။ ဒီနောက်၊ သူ မျက်စိဖွင့်ပြီး ၎င်းဘက် လှည့်လိုက်တယ် –– ဒါပေမယ့် သူ့ရှေ့မှာက ရိုးရိုးနံရံဖြူဖြူပဲ။

သူ ရှေ့တိုးသွားပြီး တွန်းကြည့်တယ်။ ကျောက်ခဲဟာ မာတောင့်ပြီး လှုပ်ကိုမလှုပ်ဘူး။

"ကောင်းပြီ" ဟယ်ရီက အကျယ်ကြီးပြောတယ်။ "ကောင်းပြီ . . . . ငါ စဉ်းစားတာမမှန်ဘူး . . . ."

သူ ခဏတွေးနေတယ်။ တစ်ခါ လမ်းလျှောက်ပြန်တယ်၊ မျက်စိမှိတ်ထားတယ်။ အာရုံစုစည်းထားတယ်။

မော်ဖိုင် အမြဲတိတ်တိတ်ခိုးလာတဲ့နေရာကို ကျွန်တော်ကြည့်ဖို့လိုတယ် . . . . မော်ဖိုင် အမြဲတိတ်တိတ်ခိုးလာတဲ့နေရာကို ကျွန်တော်ကြည့်ဖို့လိုတယ် . . . . မော်ဖိုင် အမြဲတိတ်တိတ်ခိုးလာတဲ့နေရာကို ကျွန်တော်ကြည့်ဖို့လိုတယ် . . . .

သုံးကြိမ်ဖြတ်လျှောက်ပြီးနောက်၊ သူက မျှော်လင့်စွာ မျက်စိဖွင့်ကြည့်တယ်။

တခါးထွက်ပေါ်မလာဘူး။

"အိုး၊ ဒီလိုမလုပ်ပါနဲ့" သူက ပူပင်စွာ နံရံကို ပြောတယ်။ "ကောင်းဆိုချက်က ရှင်းနေတာပဲ . . . . ကောင်းပြီ . . . ."

www.burmeseclassic.com

www.burmeseclassic.com



သူ ကြိုးစားပြီး မိနစ်အချို့တွေးတယ်။ တစ်ခါ ခြေလှမ်းကျဲကျဲနဲ့ လျှောက်ပြန်တယ်။

သင် ရွှာခို-မော်ဖိုင်အတွက် ဖြစ်သွားတဲ့နေရာဖြစ်သွားတာ ကျွန်တော် လိုအပ်တယ် . . . . သင် ရွှာခို-မော်ဖိုင်အတွက် ဖြစ်သွားတဲ့နေရာဖြစ်သွားတာ ကျွန်တော်လိုအပ်တယ် . . . . သင် ရွှာခို-မော်ဖိုင်အတွက် ဖြစ်သွားတဲ့နေရာဖြစ်သွားတာ ကျွန်တော်လိုအပ်တယ် . . . .

လမ်းဖြတ်လျှောက်ပြီးနောက်၊ သူ ချက်ချင်းမျက်စိဖွင့်မကြည့်ဘူး နားစွင့်နေတယ်၊ တံခါး ရုတ်တရက်ပေါ်လာတဲ့အသံကို နားစွင့်နေသလိုပဲ။ ဒါပေမယ့် မကြားရဘူး။ အဝေးက ငှက်ကလေးရဲ့ တကျီကျီအော်သံပဲ ရှိတယ်။ သူ မျက်စိဖွင့်လိုက်တယ်။

တံခါးထွက်ပေါ်မလာဘူး။

ဟယ်ရီ ကျိန်ဆဲလိုက်တယ်။ စူးစူးဝါးဝါးအော်သံ ကြားရတယ်။ သူ လှည့်ကြည့်တယ်။ ပထမနှစ်ကျောင်းသားသစ်တစ်အုပ် ကွေ့ချိုးဆီ ပြန်ပြေးသွားတာ မြင်ရတယ်။ စကားပြောတာ အလွန်ကြမ်းတမ်းတဲ့ ဝိညာဉ်ကို တွေ့လိုက်ရသလိုပဲ။

ဟယ်ရီက "ရွှာခို-မော်ဖိုင် သင့်အထဲမှာ ဘာလုပ်နေတယ်ဆိုတာ ကျွန်တော်ကြည့်ဖို့လိုအပ်တယ်"ဆိုတဲ့ စကားရဲ့ ပြောင်းလဲပုံမျိုးစုံကို စမ်းသပ်ကြည့်တယ်။ နောက်ဆုံးမှာ ဟာမီးပြောတာ အကျိုးအကြောင်းရှိတယ်လို့ ဝန်ခံရတော့တယ်။ အဲဒီအခန်းက သူ့ကို ဝင်ခွင့်မပေးချင်တာ။ သူဟာ စိတ်လည်းပျက်၊ ဒေါသလည်းထွက်ရင်း မှော်နက်ပညာခုခံကာကွယ်တဲ့အတတ် အတန်းတက်ဖို့ အပြေးသွားတယ်။ လမ်းမှာ ကိုယ်ပျောက်ဝတ်ရုံကို ချွတ်ပစ်လိုက်ပြီး လွယ်အိတ်ထဲ ထိုးထည့်တယ်။

"နောက်ကျပြန်ပြီ ပေါ်တာ" ဖယောင်းတိုင်ထွန်းထားတဲ့ ကျောင်းခန်းထဲ တမန်းကတန်း ပြေးဝင်သွားတော့၊ စနိတ်ပ်က အေးစက်စက်ပြောတယ်။ "ဂရိဖင်ဒေါကို ဆယ်မှတ်လျှော့တယ်"

ဟယ်ရီက စနိတ်ပ်ကို ဒေါသနဲ့ကြည့်တယ်။ ရွှံ့ဘေးက ထိုင်ခုံဆီ ပြေးသွားပြီး ထိုင်လိုက်တယ်။ အတန်းထဲမှာ လူတစ်ဝက်လောက် မတ်တတ် ရပ်နေသေးတယ်။ စာအုပ်ယူနေတယ်၊ ကျောင်းတက်ဖို့ ပစ္စည်းပြင်ဆင်နေတယ် သူဟာ တခြားသူတွေထက် သိပ်နောက်မကျဘူး။



"ကျောင်းစမတက်ခင်မှာ၊ မင်းတို့ရဲ့ဝိညာဉ်စုပ်ကောင်စာတမ်းကို ကျုပ်ကြည့်ချင်တယ်" စနိတ်ပ်က ပြောရင်း အမှုမဲ့အမှတ်မဲ့နဲ့ မှော်ကြိမ်လုံးကို ယမ်းလိုက်တယ်။ သိုးရေစက္ကူ နှစ်ဆယ့်ငါးလိပ် မိုးပေါ်မြောက်သွားပြီး သူ့စားပွဲပေါ်ကို ညီညာစွာ အပုံဖြစ်ကျသွားတယ်။ "ဒီတစ်ခါ ဝိညာဉ်လုကျိန်စာကို ခုခံတဲ့စာတမ်းလို ရေးထားတာ တန်ဖိုးမဲ့တဲ့ဟာတွေထက် ကောင်းဖို့ ကျုပ်က မင်းတို့အစား မျှော်လင့်တယ်။ အခု၊ စာအုပ်ကို လှန်လိုက်ပါ — ဘာကိစ္စလဲ၊ မစ္စတာ ဖင်နစ်ဂင်"

"ဆရာ" စီးမတ်က ပြောတယ်။ "ကျွန်တော် မေးစရာတစ်ခုရှိတယ်၊ အလောင်းကောင်နဲ့ ဝိညာဉ်ကို ဘယ်လိုခွဲခြားမလဲ။ 'ကြိုပေါ်ဆရာများနေ့စဉ်' ထဲမှာ အလောင်းကောင်အကြောင်းပါလို့ —"

"ဟင့်အင်း၊ ဒါတွေ မရှိပါဘူး" စနိတ်ပ်က ငြီးငွေ့တဲ့လေသံနဲ့ ပြောတယ်။

"ဒါပေမယ့် ဆရာ၊ လူတွေပြောတာ ကျွန်တော် ကြားတယ် —"

"မင်း အဲဒီဆောင်းပါးကို သေချာဖတ်ရင်၊ မစ္စတာ ဖင်နစ်ဂင်၊ ပြောနေတဲ့ အလောင်းကောင်ဆိုတဲ့ဟာဟာ၊ နံစော်တဲ့ သူခိုးတစ်ယောက်ဖြစ်တဲ့ မန်ဒန်းဂတ်စ်-ဖလက်ချာဆိုတာ သိလိမ့်မယ်"

"စနိတ်ပ်နဲ့ မန်ဒန်းဂတ်စ်က တစ်ဖက်ထဲ မဟုတ်လား" ဟယ်ရီက ရွှံ့နဲ့ ဟာမီးကို တိုးတိုးမေးတယ်။ "မန်ဒန်းဂတ်စ် အဖမ်းခံရတာ သူ စိတ်ကောင်းမဖြစ်သင့်ဘူးလား"

"ဒီမေးခွန်းနဲ့ပတ်သက်ပြီး ပေါ်တာ ပြောစရာအများကြီးရှိသလိုပဲ" စနိတ်ပ်က ပြောရင်း ရုတ်တရက် ကျောင်းခန်းနောက်ဘက်ကို လက်ညှိုးထိုးလိုက်တယ်။ "ကျုပ်တို့ ပေါ်တာကို မေးရအောင်၊ အလောင်းကောင်နဲ့ ဝိညာဉ်ကို ဘယ်လိုခွဲခြားရမလဲ"

တစ်တန်းလုံး ဟယ်ရီကို လှည့်ကြည့်နေတယ်။ သူက သူနဲ့ ဒမ်ဘလီဒိုးတို့ စလပ်ဂ်ဟွန်းကို သွားတွေ့တုန်းက၊ ဒမ်ဘလီဒိုးပြောတဲ့စကားကို အမြန်ပြန်စဉ်းစားနေတယ်။

"အဲ — ဟုတ်တယ် — ဝိညာဉ်က ထွင်းဖောက်မြင်နိုင်တယ် —"

"အိုး၊ သိပ်ကောင်းတယ်" စနိတ်ပ်က ပါးစပ်ရွဲ့ပြီး သူ့ကို ဖြတ်ပြောတယ်။ "ဟုတ်တယ်၊ ရှင်းနေပါတယ်၊ ခုခြောက်နှစ်အတွင်း မှော်ပညာရေးက

www.burmeseclassic.com

www.burmeseclassic.com



မင်းကိုယ်ပေါ်မှာ အလကားတော့ မဖြစ်ဘူး၊ ပေါ်တာ။ ဝိညာဉ်က ထွင်းဖောက်မြင်ရတယ်"

ဖန်စီ-ဖတ်ကင်ဆန်က အော်ရယ်တယ်။ လူတချို့လည်း အတီးအဟ ရယ်ကြတယ်။ ဟယ်ရီဟာ ရင်ထဲမှာ ဒေါသမီးတောက်လောင်နေပေမယ့် အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်ပြီး၊ တည်ငြိမ်စွာနဲ့ ဆက်ပြောတယ်။ 'ဝိညာဉ်က ထွင်းဖောက်မြင်ရတယ်၊ ဒါပေမယ့် အလောင်းကောင်က အသေကောင်ဟုတ်တယ်မဟုတ်လား။ ဒါကြောင့် ၎င်းတို့ဟာ အစိုင်အခဲ —"

"ငါးနှစ်ကလေးတောင် ဒါတွေပြောတတ်တယ်" စနိတ်ပ်က ကဲ့ရဲ့ပြောတယ်။ "အလောင်းကောင်ဆိုတာ မှော်နက်မှော်ဆရာက မှော်ကျိန်စာနဲ့ ပြန်လည်နိုးထအောင် လုပ်ထားတဲ့ အသေကောင်။ ၎င်းမှာ အသက်ရှင်တာ မဟုတ်ဘူး။ မှော်ဆရာ့အမိန့်ကို လုပ်ဆောင်ဖို့ ရုပ်သေးလို အသုံးချခံရတာ။ ဝိညာဉ်ကျတော့၊ အားလုံးသိကြပြီလို့ ကျုပ်ယုံတယ်၊ ထွက်ခွာသွားတဲ့ဝိညာဉ်က ကမ္ဘာမြေပေါ်မှာထားရစ်တဲ့ အမှတ်အသား ဖြစ်တယ် . . . . တကယ်ခဲ ပေါ်တာ အမြော်အမြင်ရှိရှိ ညွှန်ပြသလို၊ ထိုးဖောက်မြင်နိုင်တယ်"

"ဒါပေမယ့်၊ ဟယ်ရီပြောတာက အသုံးအကျဆုံး ခွဲခြားတဲ့နည်းနာပဲ" ရွန်က ပြောတယ်။ "မှောင်မည်းတဲ့လမ်းကလေးထဲမှာ တစ်ကောင်ကောင်နဲ့ ဝင်တိုးရင်၊ ကျွန်တော်တို့ ၎င်းကို အစိုင်အခဲလားဆိုတာ အမြန်ကြည့်မှာ 'ဝမ်းနည်းပါတယ်၊ သင်ဟာ ထွက်ခွာသွားတဲ့ဝိညာဉ်က ကမ္ဘာမြေပေါ်မှာ ထားရစ်တဲ့ အမှတ်အသားလား'လို့ မမေးဘူး"

ကျောင်းခန်းထဲမှာ ရယ်သံတွေ ပေါ်ထွက်လာတယ်။ ဒါပေမယ့် ချက်ချင်းပဲ စနိတ်ပ်အကြည့်အောက်မှာ ငြိမ်သွားကြတယ်။

"ဂရစ်ဖင်းဒေါကို နောက်ထပ်ဆယ်မှတ်လျှော့တယ်။ မင်း ဒီထက် သာတဲ့စကားပြောဖို့ ကျုပ် မျှော်လင့်မထားပါဘူး၊ ရွန်-ဝယ်စလီ — မင်းဟာ အစိုင်အခဲဖြစ်တာမှ ဒီအခန်းထဲမှာ လက်မ,ဝက်လောက်တောင် ရုပ်ရွှေ့ပြောင်းရုပ်ပေါ် မလုပ်နိုင်တဲ့ ကျောင်းသား"

"ဟင့်အင်း" ဟယ်ရီက ဒေါသနဲ့ စကားပြောမယ်လုပ်တာမြင်တော့ ဟာမိုင်းက သူ့လက်ကို အမြန်ဆွဲထားပြီး အသံတိုးတိုးနဲ့ ပြောတယ်။ "အဓိပ္ပာယ် မရှိပါဘူး ကျောင်းပိတ်ခံရမှာပဲ ရှိတယ်၊ ရှိပစေတော့"



"အခု စာအုပ်ကို စာမျက်နှာ တစ်ရာ့သုံးဆယ်ကို လှန်ပါ" စနိတ်ပ်က ကျေနပ်စွာနဲ့ ပြုံးပြီးပြောတယ်။ "သဲခိုက်နာကျင်ကျိန်စာနဲ့ ပတ်သက်တဲ့ ရှေ့နှစ်ပိုဒ်ကို ဖတ် . . . ."

ရွန်ဟာ ကျောင်းချိန်တစ်ချိန်လုံး မှိုင်နေတယ်၊ ကျောင်းဆင်းဂလိုင်သံ ပေါ်လာတယ်။ လာဗင်ဒါက ရွန်နဲ့ဟယ်ရီဆီ ပြေးလိုက်လာတယ် (သူမ နီးလာတော့ ဟာမိုင်းဟာ ထူးဆန်းစွာ အငွေ့ပျံသွားတယ်)။ သူမဟာ ကျောင်းတက်ချိန်မှာ ရွန့်ကို ရုပ်ရွှေ့ပြောင်းရုပ်ပေါ်တဲ့ကိစ္စ သရော်တာကြောင့် စနိတ်ပ်ကို တအားဆဲဆိုတယ်။ ဒါပေမယ့် ဒါက ရွန့်ကို ပိုပြီးဒေါသထွက်စေသလိုပဲ။ သူနဲ့ ဟယ်ရီတို့ ကျောင်းသားကိုယ်လက်သန့်စင်ခန်းထဲ ကွေ့ဝင်လိုက်ပြီး သူ့ကို ခေါက်ထားခဲ့တယ်။

"စနိတ်ပ်ပြောတာမှန်တယ်၊ ဟုတ်လား" ရွန်က မှန်အကွဲကို တစ်မိနစ် နှစ်မိနစ် စိုက်ကြည့်နေပြီးနောက် ပြောတယ်။ "စာမေးပွဲသွားဖြေတာ အဓိပ္ပာယ်ရှိလား မရှိဘူးလားဆိုတာ ငါ မသိဘူး၊ ငါ ရုပ်ရွှေ့ပြောင်းရုပ်ပေါ်သင်လို့ကိုမတတ်တာ"

"မင်း ဟော့ဂ်စ်မိဒ်မှာဖွင့်တဲ့ အထူးလေ့ကျင့်ပေးတဲ့ သင်တန်းကို တက်ကြည့်၊ ဘယ်လိုနေလဲ ကြည့်ရအောင်" ဟယ်ရီက အကျိုးအကြောင်းနဲ့ ပြောတယ်။ "အဲဒါ ခပ်တုံးတုံးသစ်သားဝိုင်းထဲ ရုပ်ပေါ်တာထက်တော့ စိတ်ဝင်စားစရာကောင်းမယ်။ ပြီးမှ၊ မင်း ဒါလဲ မရသေးဘူးဆိုရင် — အင်း — မင်းမျှော်လင့်သလိုလုပ်တာ ကောင်းတယ်၊ စာမေးပွဲဖြေတာ နောက်ဆုတ်လို့လဲ ရတယ်၊ နွေကျမှ ငါနဲ့အတူ — မားထော်၊ ဒါ ကျောင်းသားသန့်စင်ခန်း"

မိန်းကလေးတစ်ယောက်ရဲ့ ဝိညာဉ်ဟာ သူတို့နောက်ဘက်က ရေဆွဲအိမ်သာထဲကနေ တက်လာတယ်၊ မိုးပေါ်မှာ လွင့်နေတယ်။ မျက်လုံးအစုံဟာ ဘူထဲတဲ့ မျက်မှန်ဝိုင်းဝိုင်းနောက်ကနေ သူတို့ကို ကြည့်နေတယ်။

"အိုး" သူမက မပျော်မရွှင်နဲ့ ပြောတယ်။ "နင်တို့နှစ်ယောက်ကိုး"

"ခင်ဗျား ဘယ်သူ့ကို စောင့်နေတာလဲ" ရွန်က မေးတယ်၊ မှန်ထဲကနေ သူမကို ကြည့်နေတယ်။

"ဘယ်သူ့မှမစောင့်ဘူး" မားထော်က ညှိုးငယ်စွာနဲ့ မေးဖေါ်က အစက်တစ်ခုကို ကုတ်ရင်းပြောတယ်။ "သူက ငါ့ကို ပြန်လာတွေ့မယ်ပြောတယ်

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ နင်ကလဲ ငါ့ကို လာတွေ့မယ်ပြောတယ် . . . ." သူမက ဟယ်ရီ့ကို အပြစ်တင်စွာနဲ့ ကြည့်လိုက်တယ် . . . .။ နင်တို့ကို မတွေ့ရတာ လအတော်ကြာသွားပြီ။ ငါက ယောကျ်ားလေးတွေကို သိပ်မျှော်လင့်ချက် မထားဘဲ နေတတ်လာပြီ"

"ခင်ဗျား ကျောင်းသူသန့်စင်ခန်းမှာ နေမယ်ထင်တာ" ဟယ်ရီက ပြောတယ်။ အဲဒီနေရာကို သူ ရှောင်သွားတာ နှစ်အချို့ရှိပြီ။

"ဟုတ်တယ်" သူမက ပြောရင်း စိတ်ဆိုးဆိုးနဲ့ ပခုံးတွန့်လိုက်တယ်။ "ဒါပေမယ့် အဲဒါဟာ ငါတို့ တခြားနေရာကို မသွားရဘူးဆိုတဲ့သဘော မဟုတ်ဘူး။ တစ်ကြိမ်က နင်ရေချိုးတာကို ငါလာကြည့်ဖူးတယ်၊ မှတ်မိလား"

"မှတ်မိဆဲပါပဲ" ဟယ်ရီက ပြောတယ်။

"ဒါပေမယ့် ငါက သူ ငါ့ကို ကြိုက်တယ်ထင်တာ" သူမက ဝမ်းနည်းစွာ အပြစ်တင်ပြောတယ်။ "နင်တို့သွားပြီးနောက် သူ ပြန်လာချင်လာမှာ . . . . ငါတို့မှာ တူညီချက်တွေ အများကြီးရှိတယ် . . . . သူခံစားရမယ်လို့ ငါယုံကြည်တယ် . . . ."

သူမဟာ မျှော်လင့်စွာနဲ့ တံခါးဝကို ကြည့်နေတယ်။

"ခင်ဗျားက ခင်ဗျားတို့မှာ တူညီတဲ့အချက်တွေ အများကြီးရှိတယ်လို့ ပြောတယ်" ရွန်က ပြောတယ်၊ အခု သူပျော်သွားသလိုပဲ။ "သူလဲ ရေပိုက်ထဲမှာနေတယ်လို့ ပြောချင်တာလား"

"မဟုတ်ဘူး" မားထော်က ကန့်ကွက်ပြောတယ်၊ အသံဟာ ရှေးပုံစံ ကြွေမျက်နှာသစ်ဇလုံထဲမှာ ပဲ့တင်ထပ်သွားတယ်။ "ငါက သူ သိပ်ခံစားချက် ရတတ်တယ်လို့ ပြောတာ၊ သူလဲ သူများအနိုင်ကျင့်ခံရတယ်၊ အထီးကျန် ဖြစ်ပြီး စကားပြောမယ့်လူ မရှိဘူး။ သူဟာ မိမိစိတ်ခံစားချက်ကို ဖွင့်ပြောရမှာ ကြောက်ဘူး၊ ငိုချင်လဲငိုတာပဲ"

"ကျောင်းသားတစ်ယောက် ဒီမှာငိုဖူးတယ် ?" ဟယ်ရီက အံ့ဩစွာ မေးတယ်။ "ကျောင်းသားလေး ?"

"နင်နဲ့မဆိုင်ဘူး" မားထော်က ပြောတယ်၊ အရည်လည်နေတဲ့ မျက်လုံးလေးက သွားဖြဲရယ်နေတဲ့ရွန့်ကို စိုက်ကြည့်နေတယ်။ "ဘယ်သူမှ မပြောဘူးလို့ ငါ ကတိပေးထားတယ်၊ ငါက သူ့လျှို့ဝှက်ချက်ကို — မှာ . . .



"— သင်္ချိုင်းတော့ မဟုတ်ဘူးထင်တယ်" ရွန်က ရယ်တဲ့တဲ့ပြောတယ်။ "မိလ္လာပြွန်ထဲမှာ ဖြစ်ချင်ဖြစ်မယ် . . . ."

မားထော်ဟာ ဒေါသနဲ့ အော်ဟစ်လိုက်ပြီး ရေလောင်းအိမ်သာထဲ ပြန်ငုပ်ဆင်းသွားတယ်။ ရေတွေဟာ အိမ်သာဘေးပတ်လည်နဲ့ ကြမ်းပေါ်ကို စဉ်ကုန်တယ်။ မားထော်ကို စ,ရလို့ ရွန်ဟာ ပြန်လည်လန်းဆန်းလာသလိုပဲ။

"မင်းပြောတာမှန်တယ်" သူကပြောရင်း လွယ်အိတ်ကို ပခုံးပေါ် ပစ်တင်လိုက်တယ်။ "ငါ ဟော့ဂ်စ်မိဒ်က အထူးလေ့ကျင့်ရေးကို ဝင်မယ်၊ ပြီးမှ စာမေးပွဲဖြေမလားဆိုတာ ဆုံးဖြတ်မယ်"

အပတ်ကုန်ရက်ရောက်တော့၊ ရွန်ဟာ ဟာမီးနဲ့ တခြားနောက်ထပ် ရက်သတ္တပတ် နှစ်ပတ်ကြာရင် ဆယ့်ခုနစ်နှစ် ပြည့်ကြမယ့် ဆဋ္ဌမနှစ်ကျောင်းသားတွေထဲ ဝင်လိုက်တယ်။ သူတို့အားလုံး ရွာထဲသွားဖို့ ပြင်နေတာကို ဟယ်ရီ ကြည့်ပြီး နည်းနည်းမနာလိုဖြစ်မိတယ်။ ရာသီဥတုကလည်း အထူးကောင်းတဲ့ နွေဦးရက်၊ အချိန်ကြာမြင့်စွာ မတွေ့ကြုံရတဲ့ ကြည်လင်သာယာတဲ့နေ့လည်း ဖြစ်တယ်။ သို့ပေမယ့် သူဟာ ဒီအချိန်ကို အသုံးချပြီး လိုတရအခန်းကို နောက်ထပ်တိုက်ခိုက်ဖို့ ဆုံးဖြတ်ထားတယ်။

"နင် စလပ်ဂ်ဟွန်းရုံးခန်းကို တန်းသွားပြီး သူ့မှတ်ဉာဏ်ကို ရအောင် ယူတာမှ ကောင်းသေးတယ်" တံခါးခန်းမှာ ဒီစီမံကိန်းကို ရွန်နဲ့ဟာမီးကို ပြောပြတော့၊ ဟာမီးက ပြောတယ်။

"ငါကြိုးစားနေတာပဲ" ဟယ်ရီက စိတ်မရှည်ဘဲ ပြောတယ်။ ဒါလည်း အမှန်ပဲ၊ အဲဒီအပတ် မှော်ဆေးအတန်းပြီးတိုင်း သူနောက်ချန်နေပြီး စလပ်ဂ်ဟွန်းကို အမိဖမ်းဖို့ ကြိုးစားတယ်၊ ဒါပေမယ့် မှော်ဆေးဆရာဟာ အမြဲတမ်း လစ်ပြေးတာ အလွန်မြန်တယ်။ သူ တစ်ကြိမ်တောင် မမိဘူး။ သူ့ရုံးခန်းတံခါးကို ဟယ်ရီ နှစ်ကြိမ် သွားခေါက်တယ်။ ဒါပေမယ့် ဖွင့်မပေးဘူး။ ဒုတိယအကြိမ်မှာ အလျင်အမြန် ဓာတ်စက်ကို ပိတ်လိုက်သံ သူကြားတာအမှန်လို့ သူ ယုံကြည်တယ်။

"သူ ငါနဲ့စကားမပြောချင်ဘူး၊ ဟာမီး။ ငါ သူနဲ့ နှစ်ယောက်တည်း စကားပြောချင်မှန်း သူ သိတယ်၊ သူ ငါ့ကို ဒီအခွင့်အရေးမပေးချင်ဘူး"

"ဒါပေမယ့်၊ နင် ဆွဲမလျှော့ရဘူး၊ ဟုတ်လား"

ဖီးစ်ချ်ရှေ့မှာ တန်းစီနေတဲ့ လူတန်းလေးဟာ ရှေ့ကို သုံးလေးလှမ်း

www.burmeseclassic.com

www.burmeseclassic.com



တိုးသွားတယ်။ ဟယ်ရီက ခါတိုင်းလိုပဲ လျှို့ဝှက်အရာစစ်ဆေးကိရိယာကိုင်ပြီး တိုစမ်းဒီစမ်းလုပ်နေတဲ့ ကျောင်းစောင့်ကြီး ကြားသွားမှာစိုးလို့ ဘာမှပြန်မပြောဘူး။ သူက ရွန်နဲ့ ဟာမီးတို့ ကံကောင်းစေဖို့ ဆုတောင်းပြီး၊ မာဘော်ကျောက်လှေကားကို လှည့်တက်သွားတယ်။ ဟာမီး ဘာပြောပြော၊ သူ အချိန်တစ်နာရီ နှစ်နာရီ အကုန်ခံပြီး လိုတရအခန်းကို သွားမယ်လို့ ဆုံးဖြတ်လိုက်တယ်။

တံခါးခန်းကို မမြင်ရတော့မှ၊ ဟယ်ရီဟာ ဓားပြမြေပုံနဲ့ ကိုယ်ပျောက်ဝတ်ရုံကို ဆွဲထုတ်လိုက်တယ်။ ကိုယ်ပျောက်သွားပြီးနောက်၊ သူက မြေပုံကို ခေါက်ပြီး ရွတ်ဆိုလိုက်တယ်။ "ကျွန်ုပ် ကောင်းတာမလုပ်ဘူးလို့ တည်ကြည်စွာ သစ္စာဆိုပါတယ်" ဒီနောက် မြေပုံကို သေချာကြည့်တယ်။

တနင်္ဂနွေနေ့ နံနက်ပိုင်းမို့ ကျောင်းသားအားလုံးလိုလို မိမိတို့ သက်ဆိုင်ရာ နားနေခန်းထဲမှာ ရှိနေကြတယ်။ ဂရစ်ဖင်းဒေါက အိမ်ချွန်တစ်ခုမှာ၊ ရေဗင်ခလောက တခြားရဲတိုက်တစ်ခုမှာ၊ စလေးသရင်းက မြေအောက်ကျောင်းခန်းထဲမှာ၊ ဟာ့ဖ်ဖတ်က မီးဖိုချောင်အနားက မြေအောက်ခန်းမှာ၊ စာကြည့်တိုက်နဲ့ စင်္ကြံထဲမှာတော့ တစ်ယောက်တလေ သွားလာနေတာ ရှိတယ် . . . . လူတချို့က အားကစားကွင်းထဲမှာ . . . . အဲ၊ ဟိုမှာ၊ တစ်ယောက်တည်း သတ္တမထပ်စင်္ကြံထဲမှာ ရှိနေသူကတော့၊ ဂရီဂိုရီ-ဂိုး။ မြေပုံပေါ်မှာ လိုတရအခန်းကို မတွေ့ရဘူး။ ဒါပေမယ့် ဒါကို ဟယ်ရီမပူဘူး။ တကယ်လို့ ဂိုးအပြင်မှာ ကင်းစောင့်နေရင်၊ အခန်းက ဖွင့်ထားမှာပဲ၊ မြေပုံက သိတာ မသိတာ အပ,ထား။ သူဟာ လှေကားကို ခုန်တက်သွားတယ်၊ စင်္ကြံအကွေ့ရောက်မှ ခြေလှမ်းနှေးလိုက်တယ်။ သူဟာ လွန်ခဲ့တဲ့နှစ်ပတ်က ဟာမီး စိတ်ကောင်းစေတနာနဲ့ ကူညီခဲ့တဲ့၊ ချိန်ခွင်ကိုင်ထားတဲ့ ကောင်မလေးဆီ ခြေဖော့ပြီး လျှောက်သွားတယ်၊ သူမကျောဘက်ရောက်တော့မှ ကုန်းပြီး တိုးတိုးပြောလိုက်တယ်။ "မင်္ဂလာပါ . . . . မင်း သိပ်လှတာပဲ၊ ဟုတ်လား"

ဂိုးဟာ ထိတ်လန့်စွာနဲ့ စူးစူးအော်လိုက်တယ်။ ချိန်ခွင်ကို မိုးပေါ်မြှောက်ပစ်လိုက်ပြီး တန်းပြေးပါလေရော။ ချိန်ခွင် ကြမ်းပေါ်ကျတဲ့ ပဲ့တင်သံငြိမ်သက်မသွားခင်မှာပဲ မြင်ကွင်းက ပျောက်ကွယ်သွားတယ်။ ဟယ်ရီက ဟားဟားဟားရယ်ရင်း နံရံအလွတ်ဘက် လှည့်လိုက်တယ်။ ဂွာခို-မော်ဖိုင် အဲဒီနောက်မှာ မာတောင့်စွာ ရပ်နေလိမ့်မယ်၊ အပြင်ဘက်မှာ သူ မကြိုဆိုတဲ့လူ



ရှိနေမှန်းသိလို့ ထွက်မလာဝံ့ဘူးလို့ ဟယ်ရီ ယုံကြည်တယ်။ ဒါကြောင့် ဟယ်ရီ့အဖို့ အလွန်အားရကျေနပ်တဲ့ ခံစားချက် ဖြစ်လာတယ်။ ဘယ်လိုပြောဆိုနည်းမျိုး မသုံးရသေးသလဲဆိုတာ သူ စတင်တွေးတောနေတယ်။

ဒါပေမယ့် မျှော်လင့်ချက်နဲ့ ခံစားချက်ဟာ သိပ်ကြာကြာမခံလိုက်ဘူး။ သူ နာရီဝက်ကြာပြီး ပြောဆိုနည်းမျိုးစုံ ထပ်စမ်းကြည့်တယ်။ ဒါပေမယ့် နံရံပေါ်မှာ တံခါးထွက်ပေါ်မလာဘူး။ ဟယ်ရီဟာ မယုံနိုင်လောက်အောင် ရှုံးနိမ့်ရမှုကို ခံစားရတယ်။ မော်ဖိုင် အနီးအနားမှာ ရှိနေပေမယ့်၊ သူ ဘာလုပ်နေတယ်ဆိုတာ နည်းနည်းမှမသိရဘူး။ ဟယ်ရီမှာ သည်းခံစိတ် လုံးဝမရှိတော့ဘူး။ ပြေးပြီး နံရံကို ကန်ပစ်လိုက်တယ်။

"အမလေး"

သူ့ခြေချောင်းကျိုးသွားပြီလို့ သူထင်တယ်၊ ခြေထောက်ကိုကိုင်ပြီး ခုန်တယ်၊ ကိုယ်ပျောက်ဝတ်ရုံ လျှောကျသွားတယ်။

"ဟယ်ရီ ?"

သူဟာ ခြေတပေါင်ကျိုးနဲ့ ခုန်လှည့်လိုက်တယ်၊ လိမ့်ကျသွားတယ်။ တန့်ခ်စ်ဟာ သူ့ဆီ လျှောက်လာတာကို သူ အလွန်အံ့အားသင့်စွာ မြင်တွေ့ရတယ်။ သူမ ဒီစင်္ကြံထဲ အမြဲလမ်းလျှောက်ထွက်သလိုပဲ။

"ခင်ဗျား ဒီဘာလာလုပ်တာလဲ" သူ့ကမေးတယ်။ အမြန်ပြန်ထတယ်။ ဘာဖြစ်လို့ တန့်ခ်စ်ဟာ သူ ကြမ်းပေါ်လဲနေတာနဲ့ချည်း တိုးတာလဲ။

"ငါ ဒမ်ဘာလီဒိုး လာတွေ့တာ"

သူမပုံပန်းက သိပ်ကြောက်စရာကောင်းတယ်လို့ ဟယ်ရီ ထင်တယ်။ ခါတိုင်းထက် ပိန်တယ်၊ ညိုမွဲမွဲဆံပင်တွေ ဖိုကျဲနေတယ်။

"သူ့ရုံးခန်း ဒီမှာမရှိဘူး" ဟယ်ရီက ပြောတယ်။ "ရဲတိုက်ရဲ့ဟိုဘက်မှာ၊ ကျောက်တိရစ္ဆာန်ဘီလူးနောက်မှာ —"

"ငါသိတယ်" တန့်ခ်စ်က ပြောတယ်။ "သူ အဲဒီမှာမရှိဘူး၊ သွားမြန်ပြီနဲ့တူတယ်"

"ဟုတ်လား" ဟယ်ရီက ပြောရင်း ဒဏ်ရာရတဲ့ခြေထောက်ကို အသာလေး ပြန်ချတယ်။ "ဟေး — သူ ဘယ်သွားတယ်ဆိုတာ ခင်ဗျား မသိဘူးဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

"ခင်ဗျား ဘာကိစ္စနဲ့ သူ့တွေ့ချင်တာလဲ"

"ဘာမှမဟုတ်ဘူး" တန့်ခ်စ်က ပြောတယ်။ စိတ်မပါဘဲ သူမ ဝတ်စုံ လက်ကို ဆွဲနေတယ်။ "ငါက သူ့အခြေအနေသိမယ်လို့ ထင်တာ . . . . ငါ ပြောတာ ကြားတယ် . . . . ဒဏ်ရာရသူရှိတယ် . . . ."

"ဟုတ်တယ်၊ ကျွန်တော် သိတယ်၊ သတင်းစာထဲတောင် ပါတယ်" ဟယ်ရီက ပြောတယ်။ "ဟိုကလေးက သူ့ . . . . ကိုသတ်ဖို့ လုပ် . . . ."

" 'ကြို့ဟောဆရာများနေ့စဉ်'က သတင်းဟာ အမြဲလို နောက်တူ တယ်" တန့်ခ်စ်က ပြောတယ်။ သူ စကားပြောတာ နားထောင်မနေသလိုပဲ။ "မင်း ခုတလော ဖီးနစ်အဖွဲ့ဝင်တွေရဲ့စာ မရဘူးထင်တယ်"

"ဖီးနစ်အဖွဲ့က ကျွန်တော့်ကို စာရေးပေးတဲ့လူ မရှိတော့ဘူး၊ ဆီးရီး အက်စ်ကြွယ် မရှိတော့ကတည်းက ——"

သူမမျက်လုံးထဲမှာ မျက်ရည်ဝဲနေတာ သူ မြင်ရတယ်။

"ဝမ်းနည်းပါတယ်" သူက စိတ်ပူစွာ ပြောတယ်။ "ကျွန်တော် ဆိုလို တာက . . . . ကျွန်တော်လဲ သူ့ကို လွမ်းတယ် . . . ."

"ဘာလဲ ?" တန့်ခ်စ်က ကြောင်ပြီးမေးတယ်။ သူ့စကားကို မကြား သလိုပဲ။ " . . . . နောက်မှတွေ့မယ်၊ ဟယ်ရီ . . . ."

သူဟာ ရုတ်တရက် ပြန်လှည့်သွားတယ်။ ဟယ်ရီတစ်ယောက်တည်း ငိုင်ကြည့်ပြီး ကျန်ခဲ့တယ်။ တစ်မိနစ်လောက်ကြာတော့ သူ ကိုယ်ပျောက်ဝတ်စုံ ပြန်ခြုံလိုက်တယ်၊ လိုတရအခန်းထဲဝင်ဖို့ ကြံပြန်တယ်၊ ဒါပေမယ့် စိတ်မဝင် တော့ဘူး။ နောက်ဆုံးမှာ၊ ဗိုက်ထဲက ဆာလာတဲ့ခံစားချက်နဲ့ ရွန်နဲ့ ဟာမီးတို့ နေ့လယ်စာ ပြန်လာစားမှာမို့ သူ ကြိုးစားမှုကို စွန့်လွှတ်လိုက်တယ်။ စကြီး မော်ဖိုင်အတွက် ထားခဲ့တယ်။ သူ လန့်ပြီး နာရီအချို့ အထဲကနေ မထွက်ဝံ့ဘဲ နေပါစေလို့ မျှော်လင့်တယ်။

သူဟာ ခန်းမကြီးထဲမှာ ရွန်နဲ့ ဟာမီးကို တွေ့တယ်၊ သူတို့ ထမင်း စားဘာ တစ်ဝက်ရောက်နေပြီ။

"ငါ အောင်မြင်ပြီ —— သိပ်မဆိုးဘူး" ရွန်က ဟယ်ရီ့မြင်တာနဲ့ အားတက်သွားစွာပြောတယ်။ မဒမ်ပတ်ဒီဖုလက်ဖက်ရည်ဆိုင်ရှေ့ထိ ရုပ်ရှေ့ပြောင်း



သွားရမှာ၊ ငါ နည်းနည်းကျော်သွားတယ်၊ ငါ စာရေးကိရိယာဆိုင်ဘေး ရောက် သွားတယ်။ ဒါပေမယ့်၊ ငါ ရွေ့တော့ရွေ့လျားသွားပြီပဲ"

"သိပ်ကောင်းတာပဲ" ဟယ်ရီက ပြောတယ်။ "နင် ဘယ်လိုလဲ၊ ဟာမီး"

"အိုး၊ သူမက တကယ့်ကို တော်တာပဲ" ရွန်က လုဖြေတယ်။ "ပြည့်ဝ တဲ့ ဦးတည်ရာ၊ သန္နိဋ္ဌာန်နဲ့ ဆင်ခြင်သတိရှိခြင်း —— ဘယ်နှစ်ချက်ပဲဖြစ်ဖြစ် ကွာ။ ပြီးတာနဲ့ ငါတို့ တံမြက်စည်းသုံးလက်မှာ တစ်ခွက်တစ်ဖလား သောက် တယ်။ ထွိုင်ခရော့စ် သူမကို မနားတမ်း ဘယ်လိုချီးကျူးသလဲဆိုတာ မင်း မကြားသေးဘူး။ သူ နောက်တစ်ရက်နှစ်ရက်နေလို့ လက်ထပ်ခွင့် မတောင်းရင် အံ့ဩစရာပဲ ——"

"နင်ကော" ဟာမီးက မေးတယ်။ ရွန့်ကို အရေးမလုပ်ဘူး။ "လိုတရ အခန်းဆီမှာပဲလား"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ "ငါ အဲဒီမှာ ဘယ်သူနဲ့ တွေ့ တယ်ဆိုတာ မှန်းကြည့်စမ်း။ တန့်ခ်စ်"

"တန့်ခ်စ် ?" ရွန်နဲ့ ဟာမီးတို့ တစ်ပြိုက်နက် အံ့ဩစွာ ပြောတယ်။

"မှန်တယ်၊ သူမက ဒမ်ဘာလီဒိုးဆီလာတာလို့ ပြောတယ် . . . ."

"ငါ့အထင်တော့" ဟယ်ရီက သူနဲ့ တန့်ခ်စ်တို့ စကားပြောတဲ့အကြောင်း ပြောပြပြီးနောက်၊ ရွန်က ချက်ချင်းပြောတယ်။ "သူမ ပြိုလဲတော့မလိုပဲ၊ မှော် ဝန်ကြီးဌာနမှာ ဟိုကိစ္စတွေ ဖြစ်ပွားပြီးနောက် စိတ်မထိန်းနိုင်ဖြစ်နေတယ်"

"ဒါနည်းနည်းထူးဆန်းတယ်" ဟာမီးက ပြောတယ်၊ သိပ်စိုးရိမ်နေ သလိုပဲ။ "သူမ ကျောင်းကိုစောင့်ရှောက်ရမှာ၊ ဘာဖြစ်လို့ ရုတ်တရက် တာဝန် တ ခွဲခွာပြီး ဒမ်ဘာလီဒိုးဆီ လာတာလဲ၊ ပြီးတော့လဲ သူ မရှိဘူး"

"ငါ့မှာ အတွေးတစ်ခုရှိတယ်" ဟယ်ရီက စမ်းပြောကြည့်တယ်။ ဒါကို ပြောရမှာ တစ်မျိုးကြီးလို့ သူ ထင်တယ်။ ဒါဟာ ဟာမီးနယ်ပယ်နဲ့ ပိုသက်ဆိုင် သလိုပဲ။ "သူမ . . . . ဆီးရီးအက်စ်ကြွယ် . . . . ကိုများ . . . . ကြိုက် . . . . ကြိုက်နေတာလား မသိဘူး"

ဟာမီးက သူ့ကို ကြည့်နေတယ်။

"နင် ဘာဖြစ်လို့ ဒီလိုပြောတာလဲ"

"ငါ မသိဘူး" ဟယ်ရီ ပခုံးတွန့်လိုက်တယ်။ "ငါ ဆီးရီးအက်စ်ကြွယ် ရဲ့ နာမည်ကို ပြောတော့ သူမ ငိုချတော့မလို ဖြစ်သွားတယ် . . . . သူမ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စောင့်နတ်ဟာ အခု ခြေလေးချောင်းနဲ့အကောင်ကြီး . . . . ငါထင်တယ် . . . . သူ . . . . သူများ . . . . ဖြစ်နေမလား"

"အတွေးတစ်ခု" ဟာမီးက နွေးထွေးစွာ ပြောတယ်။ "ဒါပေမယ့် သူ ဘာကြောင့် ရဲတိုက်ထဲ ဝင်လာပြီး ဒမ်ဘယ်လီဒိုးကို လာတွေ့တယ်ဆိုတာ ငါ နားမလည်ဘူး။ တကယ်လို့ ဒါဟာ သူလာရတဲ့ တကယ့်အကြောင်းဆိုရင် . . . ."

"ငါပြောတာပဲဖြစ်မလား" ရွန်က ပြောတယ်။ သူဟာ အာလူးအကြော်တင်းကို ပါးစပ်ထဲ ခွံ့စားနေတယ်။ "သူမ သိပ်တော့ပုံမှန်မရှိဘူး၊ အာရုံမမှန်ဘူး၊ မိန်းမပဲလေ" သူက ဟယ်ရီ့ကို ဉာဏ်ရှိရှိနဲ့ ပြောတယ်။ "သူမတို့ဟာ စိတ်ပျက်လွယ်တယ်"

"ဒါပေမယ့်" ဟာမီးက ပြောတယ်။ သူမဟာ စိတ်ကူးထဲက ပြန်လည်လာတယ်။ "ငါ ထင်တယ်၊ မဒမ်ရို့စ်မာတာက ဟိုမှော်အဘွားကြီးပြောတဲ့ ဆေးကုသဆရာနဲ့ မင်းဘူးလပ်စ်ဟာသကို ကြားပြီး မရယ်လို့ နာရီဝက်လောက် စိတ်ဆိုးမယ့် မိန်းမတစ်ယောက်ကို နင်ရှာမတွေ့ဘူးထင်တယ်"

ရွန်က မျက်နှာကြောတင်းသွားတယ်။



## ၂၂ ။ ဈာပနပွဲပြီးနောက်

ကြည်လင်တဲ့မိုးပြာကွက်တွေ ရဲတိုက်အပေါ်ဘက်မှာ ပေါ်လာပြီ၊ ဒါပေမယ့် အဲဒီနွေရာသီရောက်လာတဲ့ အခြင်းအရာတွေဟာ ဟယ်ရီ့ကို စိတ်ပျော်မလာစေနိုင်ဘူး။ သူဟာ မော်ဖိုင် ဘာလုပ်နေတယ်ဆိုတာကို ကင်းထောက်လို့ မရသလို၊ စလပ်ဂ်ဟွန်းနဲ့လည်း နှစ်ယောက်တည်း စကားပြောခွင့်ရယူပြီး နှစ်ဆယ်အချို့ လျှို့ဝှက်ထားတဲ့ မှတ်ဉာဏ်ကိုရအောင် မယူနိုင်ခဲ့ဘူး။

"နောက်ဆုံးတစ်ခေါက်ပြောမယ်၊ မော်ဖိုင်ကို မေ့ထားလိုက်" ဟာမီးက ဟယ်ရီ့ကို ပြတ်သားစွာ ပြောတယ်။

သူတို့ဟာ နေ့လယ်စာစားပြီးနောက်၊ ရွန်နဲ့အတူ ခြံဝန်းထဲက နေရောင်လင်းလက်တဲ့ ထောင့်တစ်ထောင့်မှာ ထိုင်နေတယ်။ ဟာမီးနဲ့ ရွန်တို့ဟာ မှော်ဝန်ကြီးဌာနကထုတ်တဲ့ 'ရုပ်ရွှေ့ပြောင်းရုပ်ပေါ်ခြင်းမှာ အမြဲတွေ့ရတဲ့ အမှားနဲ့ ရှောင်ကြဉ်ရန်နည်းလမ်း' ဆိုတဲ့ စာအုပ်လေးကို ကိုင်ထားကြတယ်။ ဒီနေ့မွန်းလွဲပိုင်းမှာ စာမေးပွဲဖြေရတော့မယ်။ ဒါပေမယ့် စာအုပ်ကလေးဟာ သူတို့ရဲ့ လှုပ်ရှားတဲ့အာရုံကြောကို တည်ငြိမ်အောင် လုပ်မပေးနိုင်ဘူး။ ကောင်မ

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက် ထောင့်ချိုးကို ကွေ့လာတယ်၊ ရွှန်က လန့်ပြီး ဟာမီးနောက် ဘက် ပုန်းလိုက်တယ်။

"လာဗင်ဒါ မဟုတ်ဘူး" ဟာမီးက ငြီးငွေ့စွာ ပြောတယ်။

"အိုး၊ တော်သေးတယ်" ရွှန်က ပြောပြီး ပေါ့ပါးသွားတယ်။

"ဟယ်ရီ-ပေါ်တာ ?" အဲဒီကောင်မလေးက ပြောတယ်။ "တစ်ယောက်က ဒါကို သင့်ပေးခိုင်းတယ်"

"ကျေးဇူးပဲ . . . ."

ဟယ်ရီက သိုးရေစက္ကူလိပ်ကလေးကို ယူလိုက်တယ်၊ ရင်ထဲ လေးဆင်းသွားတယ်။ အဲဒီကောင်မလေး ထွက်သွားပြီးနောက် သူက ပြောတယ်။ "ဒမ်ဘယ်လီဒိုးက ငါ မှတ်ဉာဏ်ရယူလို့ မရသေးခင်မှာ သင်တန်းမတက်သေးဘူးလို့ ပြောဖူးတယ်လေ"

"သူ နင့်ကို တိုးတက်မှုရှိလားလို့ မေးချင်တာလဲ ဖြစ်မှာပေါ့" ဟာမီးက ခန့်မှန်းပြောတယ်။ ဟယ်ရီက စက္ကူလိပ်ကို ဖွင့်တယ်။ ဒမ်ဘယ်လီဒိုးရဲ့ သေးသွယ်တဲ့ လက်ရေးစောင်းစောင်းမဟုတ်ဘူး၊ ရှုပ်ယှက်ခတ်ရေးထားတဲ့ လက်ရေး၊ စက္ကူပေါ်မှာ မင်စက်တွေ အကွက်လိုက်ရှိပြီး မနည်းဖတ်ရတယ်။

ချစ်လှစွာသော ဟယ်ရီ၊ ရွှန်၊ ဟာမီး။

အရာဂေါ့ ညက ဆုံးသွားပြီ။ ဟယ်ရီနဲ့ ရွှန်၊ မင်းတို့ သူ့ကို တွေ့ခဲ့တယ်၊ သူ ဘယ်လောက်ထူးခြားတယ်ဆိုတာ သိတယ်။ မင်းတို့ ဒီည ရှာပနဲ့ လာတက်နိုင်မယ်ဆိုရင်၊ ကျုပ်အဖို့ အလွန်အဓိပ္ပာယ်ရှိတယ်။ ညနေစောင်း အချိန်မှာ ရှာပနပွဲကျင်းပဖို့ ပြင်ဆင်ထားတယ်၊ ဒါဟာ တစ်နေ့လုံးမှာ သူ အနှစ်သက်ဆုံးအချိန်ပဲ။ မင်းတို့ ဒီလောက်နောက်ကျရင် ထွက်ခွင့်မရဘူး ဆိုတာ ကျုပ် သိတယ်၊ ဒါပေမယ့် ကိုယ်ပျောက်ဝတ်ရုံကို အသုံးပြုလို့ရတယ်။ ကျုပ် ဒီတောင်းဆိုချက်ကို မပြောဘဲနေဖို့ပဲ၊ ဒါပေမယ့် ကျုပ်တစ်ယောက်တည်း ရင်ဆိုင်နိုင်လို့။

ဟက်ဂရစ်

"ကြည့်ကြည့်" ဟယ်ရီက စာတိုလေးကို ဟာမီး ပေးလိုက်တယ်။

"အိုး ဘုရားသခင်" သူမက အလျင်အမြန် ဖတ်ပြီး ရွှန့်ပေးလိုက်



တယ်၊ သူလည်း တစ်ခေါက်ဖတ်တယ်၊ ကြာလေ မယုံကြည်နိုင်လေဖြစ်တဲ့ အမူအရာ ပေါ်လာတယ်။

"သူရူးနေပြီ" ရွှန်က ပြင်းထန်စွာ ပြောတယ်။ "အဲဒီအကောင်က သူ့အဖော်တွေကို ဟယ်ရီနဲ့ ငါ့ကို စားပစ်ခိုင်းတယ်။ ကြိုက်သလိုစားတဲ့၊ အခု ဟက်ဂရစ်က ငါတို့ကို ၎င်းရဲ့ကြောက်စရာအမွေးထူထူအလောင်းကို ကြည့်ပြီး ငိုရမယ်တဲ့"

"ဒါတင်မကသေးဘူး" ဟာမီးက ပြောတယ်။ "သူက ငါတို့ကို ည အချိန်မှာ ရဲတိုက်ကထွက်ခိုင်းတယ်၊ လုံခြုံရေးက အဆတစ်ရာ တင်းကြပ်သွားတာသိရက်နဲ့၊ အဖမ်းခံရရင် ဘယ်လောက်ပြဿနာတက်မလဲ"

"ငါတို့အရင်ကလဲ ညမှာ သူ့ဆီသွားဖူးတာပဲ" ဟယ်ရီက ပြောတယ်။

"သွားဖူးတယ်၊ ဒါပေမယ့် ဒီလိုကိစ္စမျိုးအတွက် ?" ဟာမီးက ပြောတယ်။ "ငါတို့ ဟက်ဂရစ်အတွက် အများကြီးစွန့်စားခဲ့တယ်၊ ဒါပေမယ့် — အရာဂေါ့ သေသွားမှပဲဟာ။ ၎င်းကို ကယ်ဖို့ဆိုရင်တော့ —"

"— ငါ ပိုလို့တောင်မသွားချင်ဘူး" ရွှန်က ပြတ်သားစွာ ပြောတယ်။ "နင် ၎င်းကို မမြင်ဖူးဘူး၊ ဟာမီး။ သေတာ ဟက်ဂရစ်အဖို့ ပိုကောင်းမယ်လို့ ငါ ယုံတယ်"

ဟယ်ရီက စက္ကူလိပ်ကို ပြန်ယူလိုက်တယ်၊ စာရွက်တစ်ခုလုံး စွန်းပေနေတဲ့ မှင်တွေကို ကြည့်နေတယ်။ မျက်ရည်ပေါက်ကြီးတွေ ဒီစက္ကူပေါ် ကျခဲ့တာ သေချာတယ်။

"ဟယ်ရီ၊ နင် သွား၊ မဟုတ်ဘူးထင်တယ်" ဟာမီးက မေးတယ်။ "ဒါအတွက် ကျောင်းပိတ်ခံရရင် မတန်ဘူး"

ဟယ်ရီ သက်ပြင်းချတယ်။

"ဟုတ်တယ်၊ ငါ သိတယ်၊ ဟက်ဂရစ် ငါတို့မပါဘဲ သူ့ဖာသာ အရာဂေါ့ကို သင်္ဂြိုဟ်ရမှာပဲ"

"ဟုတ်တယ်၊ သူ လုပ်မှာပါ" ဟာမီးဟာ ပေါ့သွားသလိုပဲ။ "ကဲ၊ ဒီနေ့ မွန်းလွဲပိုင်း မှော်ဆေးဘာသာအတန်း လူမရှိရင်၊ ငါတို့ စာမေးပွဲ သွားကြမယ် . . . . စလပ်ဂ်ဟွန်းကို ပျော့သွားအောင် ကြိုးစားရမယ်"

"ငါးဆယ့်ခုနစ်ကြိမ်ဆိုရင် ကံကောင်းမယ် နင်ထင်သလား" ဟယ်ရီက ခါးသီးစွာ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကံကောင်းတယ်" ရွှန်က ရုတ်တရက် ပြောတယ်။ "ဟယ်ရီ ဟုတ်ပြီ —— ကံကောင်းတယ်"

"မင်း ဘာပြောနေတာလဲ"

"ကံကောင်းဆေးသုံး"

"ရွှန်၊ မှန် —— မှန်တယ်" ဟာမီး လန့်ပြီး ငိုင်သွားသလိုပဲ။ "ဒါပဲ ငါဘာဖြစ်လို့ သတိမရတာလဲ"

ဟယ်ရီက သူတို့နှစ်ယောက်ကို ကြည့်နေတယ်။ "ဖီလစ် ဖီလစ်စစ်? ငါမသိဘူး . . . . ငါ သိမ်းထားချင်သေးတာ . . . . "

"သိမ်းထားပြီး ဘာလုပ်မှာလဲ" ရွှန်က နားမလည်ဘဲ မေးတယ်။

"ဟယ်ရီ၊ ဘာက ဒီမှတ်ဉာဏ်ထက် ပိုအရေးကြီးတာ ရှိသေးလို့လဲ" ဟာမီးက မေးတယ်။

ဟယ်ရီ မဖြေဘူး။ အဲဒီရွှေရောင်ပုလင်းလေးဟာ သူ့ခေါင်းထဲ ဝဲလည်နေတာ ကာလတစ်ခုရှိပြီ။ ဝေဝါးပြီး မရေရာတဲ့အတွေးတွေ (ဂျင်နီနဲ့ ခင်ကွဲသွားပြီ၊ ရွှန်က သူမ ရည်းစားအသစ်ရတာကို ဝမ်းသာ) သူ့ခေါင်းအတွင်း နက်ရှိုင်းတဲ့နေရာမှာ ဖွဲ့တည်နေတယ်၊ အိပ်မက်ထဲ၊ ဒါမှမဟုတ် နိုးတစ်ဝက် အချိန်မှာမှ သတိထားမိတာ . . . .

"ဘာ —— ? ဟုတ်တယ်၊ ဒါပေါ့" သူ သတိပြန်ရလာတယ်။ "အင်း . . . . ကောင်းပြီ။ ဒီနေ့ညနေမှာ စလပ်ဂ်ဟွန်းကို ပြောအောင်မလုပ်နိုင်သေးရင် ငါ ညကျရင် ဖီလစ် ဖီလစ်စစ် ယူပြီး တစ်ကြိမ်သွားစမ်းကြည့်မယ်"

"ဒါဆို ဒီအတိုင်းပဲ" ဟာမီးက ဖျတ်လတ်စွာ ပြောတယ်၊ သူမ မတ်တတ်ရပ်လိုက်တယ်၊ ခြေဖျားထောက်ပြီး လှပစွာ ကိုယ်ကို လည်ပတ်လိုက်တာ ဝါးစပ်ကလည်း "ဦးတည်ရာ . . . . သန္နိဋ္ဌာန် . . . . ဆင်ခြင်သတိရှိခြင်း . . . . "လို့ ရွတ်ဆိုနေတယ်။

"အိုး၊ ရပ်" ရွှန်က တောင်းပန်တယ်။ "ငါ မူးလှပြီ —— မြန်မြန် ငါ့ကို ကာထား"

"လာဗင်ဒါ မဟုတ်ဘူး" ဟာမီးက စိတ်မရှည်ဘဲ ပြောတယ်၊ မိန်းကလေးနှစ်ယောက် ခြံဝန်းထဲမှာ ပေါ်လာပြန်တယ်၊ ရွှန်က သူမနောက် ငုံ့ချိုးတယ်။



"မိုက်တယ်" ရွှန်က ပြောရင်း ဟာမီး ပခုံးပေါ်တနေ ချောင်းကြည့်တယ်။ "အမလေး၊ သူမတို့ သိပ်ပျော်ပုံမရဘူး၊ ဟုတ်လား"

"သူမတို့က မွန်ဂိုမာရီညီအစ်မ၊ ဘယ်ပျော်မလဲ၊ သူမတို့ မောင်ငယ်လေးအကြောင်း နင်မကြားဘူးလား" ဟာမီးက ပြောတယ်။

"အမှန်ပြောရရင်၊ ငါ သူများအခြေအနေ သိပ်မသိတော့ဘူး" ရွှန်က ပြောတယ်။

"သူမတို့မောင်လေး ဝံပုလွေလူသားအကိုက်ခံရတယ်။ သူတို့အမေက ဒက်အီတာကို ကူညီဖို့ ငြင်းဆန်လို့တဲ့။ အဲဒီကောင်လေး ငါးနှစ်ပဲရှိသေးတယ်၊ စိန့်မန်ဂိုးဆေးရုံမှာ သေသွားတယ်၊ သူတို့ သူ့ကို မကယ်နိုင်လိုက်ဘူး"

"သေပြီ ?" ဟယ်ရီက တုန်လှုပ်စွာ မေးတယ်။ "ဒါပေမယ့် ဝံပုလွေလူသားက လူမသတ်ဘူး မဟုတ်လား၊ သူတို့က လူကို ဝံပုလွေလူသားဖြစ်အောင် လုပ်တာ မဟုတ်လား"

"တစ်ခါတလေလဲ သတ်တယ်" ရွှန့်အမူအရာက အလွန်လေးနက်တယ်။ "ဝံပုလွေလူသားဟာ စိတ်မထိန်းနိုင်ရင် လုပ်တယ်"

"အဲဒီဝံပုလွေလူသား ဘာနာမည်ခေါ်လဲ" ဟယ်ရီက အမြန်မေးတယ်။

"ပြောသံကြားတာ အဲဟို ဖင်ရီအာ-ဂရေးဘက်ခ်တဲ့" ဟာမီးက ပြောတယ်။

"ငါ သိတယ် —— ကလေးတွေကို တိုက်ချင်တဲ့အရူး။ လူပင် ငါ့ကို ပြောပြဖူးတယ်" ဟယ်ရီ ဒေါပွစွာ ပြောတယ်။

ဟာမီးက သူ့ကို စိတ်မသက်မသာ ကြည့်နေတယ်။

"ဟယ်ရီ၊ နင် အဲဟိုမှတ်ဉာဏ်ကို ရမှဖြစ်မယ်။ ဒါဟာ ဗိုလ်ဒီမွန့်ကို တားဖို့ ဖြစ်တယ်၊ ဟုတ်လား။ အခုဖြစ်ပွားနေတဲ့ ကြောက်စရာအဖြစ်အပျက်တွေဟာ သူ့ကြောင့်ချည်းပဲ . . . . "

ရဲတိုက်ထဲက ခေါင်းလောင်းသံ မြည်လာတယ်။ ဟာမီးနဲ့ ရွှန် ခုန်ထတယ်၊ သိပ်ကြောက်နေသလိုပဲ။

"မင်းတို့ပြဿနာမရှိပါဘူး" သူတို့နှစ်ယောက် တံခါးခန်းဆီ လျှောက်သွားပြီး ရုပ်ရွေ့ပြောင်းရုပ်ပေါ် စာမေးပွဲဖြေမယ့် ကျောင်းသားတွေနဲ့ ပူးပေါင်းတွဲတဲ့အခါမှာ၊ ဟယ်ရီက ဆုတောင်းလိုက်တယ်။ "ကံကောင်းကြပါစေ"

www.burmeseclassic.com

www.burmeseclassic.com



"နင်လဲပဲ ကံကောင်းပါစေ" ဟာမီးက အဓိပ္ပာယ်ရှိရှိနဲ့ သူ့ကို ကြည့်လိုက်တယ်။ ဟယ်ရီက မြေအောက်ကျောင်းခန်းဆီ လျှောက်သွားတယ်။

အဲဒီနေ့ မွန်းလွဲပိုင်း မှော်ဆေးအတန်းတက်တာ ကျောင်းသားသုံးယောက်ပဲ ရှိတယ်။ ဟယ်ရီ၊ အာနီနဲ့ ဂျာခို-မော်ဖိုင်တို့ ဖြစ်တယ်။

"မင်းတို့အားလုံး ရုပ်ရွေ့ပြောင်းရုပ်ပေါ် အသက်အရွယ် မရောက်သေးဘူး ?" စလပ်ဂ်ဟွန်းက ရင်းနှီးစွာ မေးတယ်။ "ဆယ့်ခုနစ်နှစ် မပြည့်သေးဘူး ?"

သုံးယောက်စလုံး ခေါင်းညိတ်ပြတယ်။

"ဒါဆိုကောင်းပြီ" စလပ်ဂ်ဟွန်းက ပျော်ရွှင်စွာ ပြောတယ်။ "ဒူ သိပ်နည်းနေတော့ ကျုပ်တို့ စိတ်ဝင်စားစရာလေး လုပ်ရအောင်၊ မင်းတို့ ကျုပ်ကို ပျော်စရာတစ်ခုခု ဖော်စပ်ပေး"

"သိပ်ကောင်းသလိုပဲ၊ ဆရာ" အာနီက လက်ချင်းပွတ်ပြီး မြှောက်ပင့်တယ်။ မော်ဖိုင်ကတော့ လုံးဝမပြုံးဘူး။

"ဘာအဓိပ္ပာယ်လဲ၊ 'စိတ်ဝင်စား'တဲ့အရာ ?" သူက ငြီးငွေ့စွာ ပြောတယ်။

"အိုး၊ ကျုပ်ကို မမျှော်လင့်တာတစ်ခု ပေးပါ" စလပ်ဂ်ဟွန်းက ပေါ့ပါးစွာ ဖြေတယ်။

မော်ဖိုင်ဟာ မျက်နှာကြီး သုန်မှုန်ပြီး မိမိရဲ့ 'အဆင့်မြင့်မှော်ဆေး ဖော်စပ်ခြင်း'ကို ဖွင့်လိုက်တယ်။ ရှင်းနေတာက၊ သူဟာ ဒီဘာသာရပ်ဟာ အလကားအချိန်ကုန်ခံတာပဲလို့ ထင်တာပဲ။ ဟယ်ရီက မိမိဖတ်စာအုပ်ထိုးကျော်ပြီး သူ့ကို ချောင်းကြည့်နေတယ်။ မော်ဖိုင်ဟာ သူ မူလက လိုတရအခန်းကို သွားလို့ရတဲ့အချိန်ကို နှမြောနေတာပဲလို့ တွေးတယ်။

ထင်ယောင်ထင်မှား ဖြစ်တာပဲလားမသိဘူး၊ မော်ဖိုင်ဟာ တန့်ခ်စ်လိုပဲ ပိန်သွားတယ်။ သူဟာ ပိုပြီးဖြူဖပ်ဖြူရော် ဖြစ်သွားတာ အမှန်ပဲ။ အသားအရော မွဲပြာပြာအရောင် ပါနေဆဲပဲ။ သူ ဒီရက်တွေမှာ နေရောင်သိပ်မတွေ့ရလို့လည်း ဖြစ်မယ်။ သူ့မှာ ကျေနပ်အားရပြီး မာနထောင်လွှားတဲ့ပုံစံမျိုး မရှိတော့ဘူး ဟော့ဂ်ဝဝ်အထူးအမြန်ရထားပေါ်မှာ ဗိုလ်ဒီမွန့်က သူ့ကို တာဝန်ပေးကြောင်း ကြွားဝါတဲ့အခါ မော်ကြွားတဲ့ဟန်အမူအရာလည်း မရှိတော့ဘူး ဟယ်ရီ့အနေနဲ့ ကောက်ချက်တစ်ခုတည်း ရှိတယ်လို့ တွေးတယ်၊ အဲဒါက



ဟိုတာဝန်ဟာ ဘာတာဝန်ပဲဖြစ်ဖြစ်၊ လုပ်ဆောင်ရာမှာ သိပ်တော့ အဆင်မပြေဘူးဆိုတာပဲ။

ဒီအတွေးက အားပေးတာကြောင့် ဟယ်ရီဟာ မိမိရဲ့ 'အဆင့်မြင့်မှော်ဆေးပြုလုပ်ခြင်း' စာအုပ်ကို ထုတ်ကြည့်တယ်။ သွေးနှောမင်းသား အကြိမ်ကြိမ်ပြင်ထားတဲ့၊ အလစ်ဆီယာလို့ခေါ်တဲ့ မှော်ဆေးတစ်မျိုးကို တွေ့တယ်။ အဲဒီဆေးဟာ စလပ်ဂ်ဟွန်း တောင်းဆိုတာနဲ့ ကိုက်ညီတဲ့အပြင် (ဒီနေရာထိ တွေးမိတော့၊ ဟယ်ရီ့နှလုံး တအားခုန်လာတယ်)၊ တကယ်လို့ သူ့ကိုဝါ နည်းနည်း မြည်းစမ်းကြည့်ခိုင်းလို့ရရင်၊ သူ စိတ်ရွှင်လန်း ပျော်မြူးသွားပြီး မှတ်ဉာဏ်ကို ထုတ်ပေးနိုင်တယ် . . . .

"အား၊ သိပ်ဟန်ကျသလိုပဲ" တစ်နာရီခွဲကြာပြီးနောက်၊ စလပ်ဂ်ဟွန်းဟာ ဟယ်ရီ့ဆေးကျိုအိုးထဲက နေရောင်လိုဝါဝါအရည်ကို ကြည့်ပြီး လက်ခုပ်တီး အော်ပြောတယ်။ "အလစ်ဆစ်၊ ဟုတ်လား။ အဲဒါ ဘာအရသာလဲ။ အင်း . . . . မင်းက ပက်ပါးမင့်ခက်တစ်ခက် ထည့်ထားတယ်၊ ဟုတ်လား။ အစဉ်အလာတော့ သိပ်မကျဘူး၊ ဒါပေမယ့် ဒါဟာ ပါရမီရှင်ရဲ့ဉာဏ်၊ ဟယ်ရီ၊ တကယ်ပဲ၊ ဒါက သီချင်းဆိုများတာနဲ့ နှာခေါင်းကို လိမ်ဆွဲတာများလို့ ဖြစ်လာတဲ့ ဘေးထွက်ဆိုးကျိုးကို ပြေပျောက်စေတယ်။ မင်း ဘယ်ကနေ ဒီလိုထူးခြားတဲ့ အတွေးတွေရသလဲဆိုတာ ကျုပ် မသိဘူး . . . . တစ်ခုတော့ရှိတယ် —"

ဟယ်ရီက ခြေထောက်နဲ့ သွေးနှောမင်းသားရဲ့ စာအုပ်ကို လွယ်အိတ်အတွင်းထဲ နည်းနည်းထိုးထည့်လိုက်တယ်။

" — အဲဒါ မင်းအမေရဲ့မျိုးရိုးဗီဇ မင်းကိုယ်ပေါ်မှာ ဖော်ပြတာပဲ"

"အိုး . . . . ဖြစ်ချင်ဖြစ်မယ်" ဟယ်ရီ အသက်ရှူချောင်သွားတယ်။

အာနီ ဒေါသထွက်နေတယ်၊ သူက ဟယ်ရီ့ကို တစ်ကြိမ်လောက် နိုင်ချင်လို့ မိမိရဲ့မှော်ဆေးကို လောလောနဲ့ တီထွင်တာ၊ ဒါပေမယ့် ဆေးဟာ ဆေးကျိုအိုး အိုးခင်းမှာ ခရမ်းရောင်အရည်ခဲလိုဟာမျိုးကြီး ဖြစ်နေတယ်။ မော်ဖိုင်ဟာ မျက်နှာထားနဲ့ လွယ်အိတ်ကို သိမ်းဆည်းပြီးပြီ၊ စလပ်ဂ်ဟွန်းက ပြောတယ်၊ သူ့ရှတ်ထိုးဆေးရည်ဟာ 'ရပါသေးတယ်' တဲ့။

ကျောင်းဆင်းဝလိုင်သံ မြည်လာတယ်၊ အာနီနဲ့ မော်ဖိုင် ချက်ချင်းထွက်သွားတယ်။

"ဆရာ" ဟယ်ရီက စပြောတယ်၊ ဒါပေမယ့် စလပ်ဂ်ဟွန်းဟာ သူ့

www.burmeseclassic.com

www.burmeseclassic.com



ခုံးပေါ်ကျော်ပြီး ကြည့်လိုက်တယ်၊ အခန်းထဲမှာ သူနဲ့ ဟယ်ရီပဲ ကျန်တာ တွေ့တော့ အမြန်ဆုံးနည်းနဲ့ ထွက်ပြေးသွားတယ်။

"ပါမောက္ခ — ပါမောက္ခ၊ သင် ကျွန်တော် မှော်ဆေးကို မြည်းကြည့် — ?" ဟယ်ရီက စိတ်ပျက်စွာနဲ့ မေးတယ်။

ဒါပေမယ့် စလပ်ဂ်ဟွန်း သွားပြီ။ ဟယ်ရီဟာ စိတ်ပျက်စွာနဲ့ ဆေးကျိုအိုးကို သွန်ပစ်ပြီး ပစ္စည်းတွေ သိမ်းဆည်းကာ မြေအောက်စာသင်ခန်းက ထွက်လာတယ်။ ဖြည်းဖြည်းချင်း အပေါ်ထပ် အများနားနေခန်းကို ပြန်ခဲ့တယ်။

ရွန်နဲ့ ဟာမီးတို့ ညနေ အတော်နောက်ကျမှ ပြန်လာတယ်။

"ဟယ်ရီ" ဟာမီးက အရုပ်ကားအပေါက်ဝက တိုးထွက်တာနဲ့ အော်ပြောတယ်။ "ဟယ်ရီ၊ ငါ အောင်ပြီ"

"သိပ်တော်တယ်၊ ရွန်ကော"

"သူ — သူ ကျတယ်" ဟာမီးက တိုးတိုးပဲ ပြောတယ်။ ရွန်ဟာ မတက်မကြွနဲ့ တိုးဝင်လာတယ်၊ မှိုင်နေတာပဲ။ "တကယ်ပဲ ကံဆိုးတယ်၊ အသေးအဖွဲလေးနဲ့ — စာမေးပွဲစစ်သူက သူ ကျန်ရစ်ခဲ့တဲ့ မျက်ခုံးမွေးတစ်ချောင်းရဲ့ တစ်ဝက်ကို မြင်သွားတယ် . . . . စလပ်ဂ်ဟွန်း ဘယ်လိုလဲ"

"ဝမ်းသာစရာမရှိဘူးလား" ဟယ်ရီက ပြောတယ်။ ရွန် ရောက်လာတယ်။ "ကံမကောင်းဘူး၊ သူငယ်ချင်း။ ဒါပေမယ့် နောက်တစ်ခါတော့ အောင်မှာပါ — ငါတို့နှစ်ယောက် အတူဖြေလို့ရတယ်"

"ဟုတ်မယ်ထင်တယ်" ရွန်က မပျော်မရွှင် ပြောတယ်။ "မျက်ခုံးမွေး အချောင်းဝက်လေးနဲ့။ ဘယ်လောက်အရေးကြီးတယ်ထင်နေတယ်"

"ငါ နားလည်တယ်" ဟာမီးက နှစ်သိမ့်ပြောတယ်။ "သိပ်တင်းကြပ်တယ် . . . ."

သူတို့ ညစာစားတဲ့ အချိန်အများပိုင်းကို ရုပ်ရှင်ပြောင်းရုပ်ပေါ် စာစစ်ဆရာကိုပဲ မကောင်းပြောနေတယ်၊ အများနားနေခန်း ပြန်ရမယ့်အချိန်ကျတော့ ရွန် စိတ်နည်းနည်းပြေလာတယ်။ အခု စလပ်ဂ်ဟွန်းနဲ့ ၎င်းရဲ့မှတ်ဉာဏ်ဆော်ပြားဟောင်းဘက် ရောက်လာပြန်တယ်။

"ဒါဆို၊ ဟယ်ရီ — မင်း ဖီလစ် ဖီလစ်စစ် သုံးမလား" ရွန်က မေးတယ်။

"အင်း၊ သုံးရင်ကောင်းမယ်ထင်တယ်" ဟယ်ရီက ပြောတယ်။



"အားလုံးသုံးပစ်ဖို့ မလိုဘူးထင်တယ်၊ ဆယ့်နှစ်နာရီတောင် အချိန်ယူဖို့မှ မလိုတာ၊ ညလုံးပေါက် မလိုဘူး . . . . ငါ တစ်လုတ်သောက်လိုက်ရင်၊ နှစ်နာရီ သုံးနာရီခံရင် ရပြီ"

"အဲဒီခံစားချက်က သိပ်ကောင်းတာ" ရွန်က ပြန်လည်သတိရစွာ ပြောတယ်။ "မင်း ဘာလုပ်လုပ် မမှားနိုင်သလိုပဲ"

"နင် ဘာပြောတာလဲ" ဟာမီးက ရယ်ပြီးပြောတယ်။ "နင်မှ မသောက်ဖူးတာ"

"ဟုတ်တယ်၊ ဒါပေမယ့် ငါက သောက်တယ်ထင်တာ၊ ဟုတ်လား" ရွန်က သိသိသာသာ ပြောတယ်။ "တကယ်တော့ သိပ်မကွာဘူး"

သူတို့ ခုနက စလပ်ဂ်ဟွန်း ထမင်းစားခန်းထဲဝင်တာ တွေ့ရတယ်၊ သူက ထမင်းကို ဖြည်းဖြည်းစားတာ နှစ်သက်မှန်း သိတယ်။ ဒါနဲ့ အများနားနေခန်းထဲမှာ ခဏစောင့်နေတယ်။ စီမံကိန်းက စလပ်ဂ်ဟွန်း ပြန်သွားပြီးနောက် ဟယ်ရီက သူ့ရုံးခန်းသွားမယ်။

နေလုံးဟာ တားမြစ်သစ်တောသစ်ပင်ထိပ်များထိ ကျလာတော့၊ သူတို့ အချိန်ရောက်ပြီလို့ ခန့်မှန်းတယ်။ နီဗီး၊ ဒင်းနဲ့ စီးမတ်တို့ အများနားနေခန်းထဲမှာရှိတာ သေချာတာနဲ့ ကျောင်းသားအိပ်ဆောင်ထဲ တိတ်တိတ်ဝင်ခဲ့ကြတယ်။

ဟယ်ရီက သေတ္တာအောက်ဆုံးက ခြေစွပ်ကို ယူလိုက်တယ်။ အတွင်းတနေ လက်နေတဲ့ ပုလင်းကလေး ဆွဲထုတ်တယ်။

"တွေ့ပြီ" ဟယ်ရီက ပုလင်းလေးကို မြှောက်ပြီး လိုသလောက်တိုင်းကာ တစ်လုတ်သောက်လိုက်တယ်။

"ဘယ်လိုခံစားရလဲ" ဟာမီးက တိုးတိုးမေးတယ်။

ဟယ်ရီ ပြန်မဖြေသေးဘူး၊ ဒီနောက် ဖြည်းဖြည်းချင်း၊ ဒါပေမယ့် သေချာစွာနဲ့၊ အလွန့်အလွန် တက်ကြွတဲ့ခံစားချက် တစ်ကိုယ်လုံးသို့ စီးပျံ့သွားတယ်။ အကန့်အသတ်မရှိတဲ့ အခွင့်အရေး ရနေသလိုပဲ။ သူဟာ မိမိ ဘာမဆိုလုပ်နိုင်တယ်၊ ရှိသမျှလုပ်နိုင်တယ်လို့ ထင်တယ် . . . . စလပ်ဂ်ဟွန်းဆီက မှတ်ဉာဏ်ကို ရဖို့ဆိုတာ ဖြစ်နိုင်တာတင်မကပဲ၊ လွယ်လွယ်လေးရယ်လို့ ရုတ်တရက် ထင်လာမိတယ် . . . .

သူဟာ ပြုံးပြီး မတ်တတ်ရပ်လိုက်တယ်။ "သိပ်ထူးတယ်၊ အေးတယ်ပဲ ထူးကဲကောင်းမွန်တယ်။ ကောင်းပြီ . . . . ငါ ဟက်ဂရစ်ဆီ သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ?" ရွှန်နဲ့ ဟာမီးတို့ လန့်သွားတယ်။

"အို၊ ဟယ်ရီ —— နင် စလပ်ဂ်ဟွန်းကို သွားတွေ့ရမှာ၊ မှတ်မိသေးလား" ဟာမီးက ပြောတယ်။

"ဟင့်အင်း" ဟယ်ရီက ကိုယ့်ကိုကိုယ် ယုံကြည်စွာ ပြောတယ်။ "ငါ ဟက်ဂရစ်ဆီ သွားမယ်၊ ငါ ဒီကိစ္စကို အလွန်ခံစားချက်ကောင်းတယ်"

"မင်းက စရာမပင့်ကူကြီးကို မြှုပ်နှံတာ သိပ်ခံစားချက်ကောင်းတယ်?" ရွှန်က အံ့အားသင့်ပြီး မေးတယ်။

"မှန်တယ်" ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကို ဆွဲထုတ်လိုက်တယ်။ "ဒီည အဲဒီကို သွားရမယ်လို့ ငါ ခံစားရတယ်။ နင် ငါ့သဘောနားလည်လား"

"နားမလည်ဘူး" ရွှန်နဲ့ ဟာမီးတို့ တစ်ပြိုင်နက်ပြောတယ်။ နှစ်ယောက်စလုံး အခု အလွန်စိုးရိမ်ထိတ်လန့်နေတယ်။

"ဒါ ဖီလစ် ဖီလစ်စစ်လား" ဟာမီးက စိုးရိမ်စွာ မေးတယ်၊ ပုလင်းကိုလည်း အလင်းရောင်ရှေ့ မြှောက်ကြည့်တယ်။ "နင့်မှာ တခြား —— ဘာ ပုလင်းများ ——"

"ရှူးသွပ်ဆေး ?" ရွှန်က မှန်းပြောတယ်၊ အခု ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကို ခြုံလိုက်ပြီ။

ဟယ်ရီ တဟားဟားရယ်တယ်၊ သူတို့နှစ်ယောက် ပိုကြောက်လာတယ်။

"ငါ့ကို ယုံ၊ ငါ ဘာလုပ်နေတယ်ဆိုတာ ငါဟာငါသိတယ် .... ဒါမှမဟုတ် အနည်းဆုံး ...." သူဟာ ကိုယ့်ကိုကိုယ် ယုံကြည်စွာနဲ့ တံခါးဝဆီ လျှောက်သွားတယ်။ "ဖီလစ် ဖီလစ်စစ်က သိတယ်"

သူဟာ ကိုယ်ပျောက်ဝတ်ရုံကို ခေါင်းပေါ် ဆွဲလိုက်တယ်၊ အောက်ထပ်ဆီ လျှောက်သွားတယ်။ ရွှန်နဲ့ ဟာမီးတို့ နောက်က ကပ်လိုက်တယ်။ လှေကားက ဆင်းလာပြီး ဟယ်ရီက ပွင့်နေတဲ့တံခါးကနေ လစ်ထွက်သွားတယ်။

"နင် သူမနဲ့ အပေါ်မှာ ဘာလုပ်သလဲ" လာဗင်ဒါ-ဘရောင်းက အော်နေတယ်။ ဟယ်ရီ့ကို ကျော်ပြီး ကျောင်းသားအိပ်ဆောင်က ဆင်းလာတဲ့ ရွှန်နဲ့ ဟာမီးကို ကြည့်နေတယ်၊ ရွှန်က အ,ထစ်အ,ထစ်နဲ့ ရှင်းပြနေတာကို ဟယ်ရီ ကြားရတယ်။ သူဟာ အခန်းကို အမြန်ဖြတ်ပြီး သူတို့ကို ပစ်ထားခဲ့တယ်။



အရုပ်ကားအပေါက်ကထွက်တာ လွယ်ပါတယ်။ သူ အနားရောက်တော့ ဂျင်နီနဲ့ ဒင်းတို့ ဝင်လာနေတယ်။ ဟယ်ရီက သူတို့နှစ်ယောက်ကြားက တိုးထွက်သွားတယ်။ မတော်လို့ ဂျင်နီ့ကို တစ်ချက်ထိသွားတယ်။

"ငါ့ကို မထိပါနဲ့၊ ဒင်း" သူမက ပြောတယ်။ လေသံက နည်းနည်း စိတ်ဆိုးနေတယ်။ "နင် ဒီလိုချည်းပဲ၊ ငါ့ဖာသာဝင်နိုင်တယ် ...."

အရုပ်ကားဟာ ဟယ်ရီ့ကျောဘက်မှာ ပိတ်သွားတယ်၊ ဒါပေမယ့် ဒင်းက စိတ်ဆိုးဆိုးနဲ့ ချေပနေတာ သူ ကြားရတယ် .... သူ့ပျော်ရွှင်စိတ်က တိုးပွားလာတယ်။ ဟယ်ရီဟာ ရဲတိုက်ထဲမှာ ခြေလှမ်းကျဲကျဲ သွားနေတယ်၊ ခြေဖော့လက်ဖော့ သွားစရာမလိုဘူး၊ လမ်းမှာ ဘယ်သူနဲ့မှ မတိုးလို့။ ဒါပေမယ့် ဒီအချက်ကလည်း သူ့ကို အံ့ဩခြင်းမဖြစ်စေဘူး။ ဒီညမှာ သူဟာ ဟော့ဂ်ဝပ်တက်အကောင်းဆုံးလူလေ။

ဘာဖြစ်လို့ ဟက်ဂရစ်ဆီ သွားတာ မှန်ကန်တဲ့လုပ်ရပ်လဲဆိုတာ သူလည်း မသိဘူး။ မှော်ဆေးဟာ တစ်ကြိမ်ကို လေးငါးလှမ်းပဲ အလင်းပေးသလိုပဲ။ နောက်ဆုံး ဘယ်ပေါက်မယ်ဆိုတာ သူ မမြင်ဘူး။ စလပ်ဂ်ဟွန်း ဘယ်ကဝင်လာမယ်ဆိုတာ မမြင်ဘူး။ ဒါပေမယ့် သူဟာ မှတ်ဉာဏ်ရမယ့် မှန်ကန်တဲ့လမ်းပေါ် ရောက်နေတယ်ဆိုတာ သိတယ်။ တံခါးခန်းရောက်တော့ ခစ်ချ်ဟာ တံခါးမကြီးပိတ်ဖို့ မေ့နေတာ သူတွေ့တာနဲ့ ပြုံးပြီး တံခါးကို ဖွင့်လိုက်တယ်။ လတ်ဆတ်တဲ့ လေထုနဲ့ မြက်စိမ်းအနံ့ကို ရှူရှိုက်နေပြီးမှ လှေကားထစ်က ဆင်းပြီး အမှောင်ထဲ ဝင်လိုက်တယ်။

လှေကားထစ်အောက်ရောက်တော့၊ သူဟာ လမ်းမှာ ဟင်းရွက်ခင်းထဲ သွားရရင် ဘယ်လောက်ပျော်စရာကောင်းမလဲလို့ တွေးမိတယ်။ လမ်း လုံးဝ ဖြောင့်တာ မဟုတ်ပေမယ့်၊ ဟယ်ရီဟာ သူ ဒီလိုလုပ်ချင်တဲ့စိတ်ကို နာခံရမယ်လို့ ရှင်းရှင်းခံစားရတယ်။ ဒါနဲ့ ဟင်းရွက်ခင်းဆီကို ချီတက်ပါတော့တယ်၊ အဲဒီကို ရောက်တော့၊ သူဟာ ဝမ်းသာစွာနဲ့ ဒါပေမယ့် သိပ်မအံ့ဩဘဲ ပါမောက္ခ စလပ်ဂ်ဟွန်းဟာ ပါမောက္ခ စပရောက်နဲ့ စကားပြောနေတာ သွားတွေ့တယ်။ ဟယ်ရီဟာ ကျောက်ခြံစည်းရိုးပုပုနောက် ပုန်းနေတယ်၊ စိတ်ငြိမ်ငြိမ်နဲ့ သူတို့စကားပြောတာကို နားထောင်နေတယ်။

" .... အချိန်ပေးကူညီတဲ့အတွက် တကယ်ပဲ ကျေးဇူးတင်ပါတယ်၊ ပိုမိုနာ" စလပ်ဂ်ဟွန်းက ယဉ်ကျေးပျူငှာစွာ ပြောတယ်။ "ကျွမ်းကျင်ပိုင်နိုင်သူ

www.burmeseclassic.com

www.burmeseclassic.com



အရှားစုက ဒီဆေးကို ညနေစောင်းမှာ ခူးယူတာ ဆေးအာနိသင်အကောင်းဆုံး လို့ ယူဆကြတယ်"

"အိုး၊ ကျွန်မ သဘောတူတယ်" ပါမောက္ခ စပရောက်က လှိုက်လှဲစွာ ပြောတယ်။ "လောက်ပြီလား"

"လောက်ပြီ၊ လောက်ပြီ" စလပ်ဂ်ဟွန်းက ပြောတယ်။ သူ သစ်ရွက် တပွေ့ကြီး ပိုက်ထားတာ ဟယ်ရီ မြင်ရတယ်။ "ကျုပ် တတိယနှစ်ကျောင်းသား တွေ တစ်ယောက်ကို လေးငါးရွက်တော့ရမယ်၊ နည်းနည်းကျန်တာကို တစ် ယောက်ယောက် အကျိုလွန်သွားရင်သုံးဖို့ . . . . ကောင်းပြီ၊ ကောင်းသော ညနေခင်းဖြစ်ပါစေဗျာ၊ ထပ်ပြီးကျေးဇူးတင်ပါတယ်"

ပါမောက္ခ စပရောက်ဟာ ပိုပြီးမှောင်လာတဲ့ ညရောင်ထဲမှာ အနွေး ခန်းဆီ လျှောက်သွားတယ်။ စလပ်ဂ်ဟွန်းက ဟယ်ရီ ရပ်နေတဲ့ဘက်ကို လျှောက်လာတယ်။

ဟယ်ရီဟာ ရုတ်တရက် ကိုယ့်ကိုကိုယ် ဖော်ပြချင်စိတ် ဖြစ်လာ တယ်၊ ကိုယ်ပျောက်ဝတ်ရုံကို ဆွဲချလိုက်တယ်။

"မင်္ဂလာညချမ်းပါ၊ ပါမောက္ခ"

"အမလေး၊ ဟယ်ရီ၊ မင်းကွာ လန့်သွားတာပဲ" စလပ်ဂ်ဟွန်းက ရုတ်တရက် ရပ်လိုက်တယ်။ သူ့ကို သတိနဲ့ ကြည့်နေတယ်။ "မင်း ဘယ့်နှယ် ရဲတိုက်ထဲက ထွက်လာရတာလဲ"

"ဖစ်ချ်တာ့ခါးသော့ခတ်ဖို့ မေ့သွားတယ်ထင်တယ်" ဟယ်ရီက ပျော်ရွှင် စွာ ပြောတယ်။ စလပ်ဂ်ဟွန်း မျက်မှောင်ကြုတ်ထားတာ သူ ဝမ်းသာစွာ တွေ့ရှိ ရတယ်။

"ကျုပ် ဟိုလူကို ဖွင့်ချမယ်၊ သူဟာ ဆရာ ကျောင်းသားတွေရဲ့ လုံခြုံ ရေးကို စိတ်မဝင်စားဘဲ၊ အမှိုက်ကိုပဲ စိတ်ဝင်စားတာ . . . . ဒါပေမယ့် မင်း ဘယ့်နှယ် ဒီရောက်နေတာလဲ၊ ဟယ်ရီ"

"အိုး၊ ဆရာ၊ ဟက်ဂရစ်၊ ဟက်ဂရစ်ကြောင့်ပါ" ဟယ်ရီက သူ အခု အမှန်အတိုင်း ပြောရတော့မယ်ဆိုတာ သိတယ်။ "သူ သိပ်ဝမ်းနည်းနေတယ် - - - - သင် သူ့များမပြောပါဘူးနော်၊ ပါမောက္ခ။ သူ့ကို ဒုက္ခမရောက်စေချင် ဘူး - - - -"

စလပ်ဂ်ဟွန်းရဲ့ သိလိုစိတ်ဟာ သေသေချာချာ နိုးဆွခံရပြီ။



"ဒါတော့၊ ကျုပ် အာမမခံနိုင်ဘူး" သူက အသံအအနဲ့ ပြောတယ်။ "ဒါပေမယ့် ဒမ်ဘယ်လီဒိုးက ဟက်ဂရစ်ကို လုံးဝယုံကြည်တယ်ဆိုတာတော့ ကျုပ် သိတယ်။ ဒါကြောင့် ဟက်ဂရစ်ဟာ သိပ်ကြောက်စရာကောင်းတာတော့ လုပ်မှာ မဟုတ်ဘူး . . . ."

"အိုး၊ ဟိုရောမပင့်ကူကြီးပေါ့၊ ဟက်ဂရစ် နှစ်ပေါင်းများစွာမွေးခဲ့တာ . . . . ၎င်းက သစ်တောထဲမှာ နေတယ် . . . . စကားပြောတတ်တယ်၊ ဖြီးတော့ အမျိုးမျိုးပဲ —"

"ကျုပ်လဲ သစ်တောထဲမှာ မျက်လုံးရှစ်လုံးနဲ့ ရောမပင့်ကူကြီးရှိတယ် လို့ ကြားဖူးတယ်" စလပ်ဂ်ဟွန်းက မည်းမှောင်နေတဲ့သစ်တောကို ကြည့်ပြီး အသာလေးပြောတယ်။ "ဒါဆိုရင် အမှန်ပဲပေါ့"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ "ဒါပေမယ့် ဒီအကောင်က အရာဂေါ့၊ ဟက်ဂရစ်မွေးတဲ့ ပထမဆုံးအကောင်၊ ၎င်း မနေ့ညက သေသွား တယ်။ ဟက်ဂရစ် အလွန်ဝမ်းနည်းနေတယ်၊ သူက အရာဂေါ့ကို မြှုပ်နှံတဲ့ နေရာမှာ သူ့ကို အဖော်လုပ်စေချင်တယ်၊ ကျွန်တော်က ကျွန်တော်လာမယ်လို့ ပြောလိုက်တယ်"

"စိတ်လှုပ်ရှားစရာပဲ၊ စိတ်လှုပ်ရှားစရာပဲ" စလပ်ဂ်ဟွန်းက စိတ် မပါဘဲ ပြောတယ်။ ၎င်းရဲ့ မျက်ခွံတွဲကျနေတဲ့ မျက်လုံးလေးဟာ အဝေးက ဟက်ဂရစ်ရဲ့အိမ်ကလေးက မီးရောင်ကို ကြည့်နေတယ်။ "မျက်လုံးရှစ်လုံးနဲ့ ရောမပင့်ကူရဲ့ အဆိပ်ရည်ဟာ သိပ်ရှားပါးတယ် . . . . သေတာ မကြာသေး ဘူးဆိုရင်၊ အဆိပ်ရည် ခြောက်မကုန်သေးဘူး . . . . ဟက်ဂရစ် မကြိုက်ဘူး ဆိုရင်တော့လဲ . . . . ဒါပေမယ့် နည်းနည်းရယူဖို့ နည်းလမ်းရှိရင်တော့ . . . . သိရမှာက အသက်ရှင်နေတဲ့ မျက်လုံးရှစ်လုံးနဲ့ ပင့်ကူဆီက အဆိပ်ရည်ရဖို့ ဆိုတာ မဖြစ်နိုင်သလောက်ပဲ . . . ."

စလပ်ဂ်ဟွန်းဟာ မိမိဖာသာ ပြောနေတာနဲ့ ပိုတူနေတယ်။

" . . . . ၎င်းကို ယူမထားရင် သိပ်ဖြုန်းတီးရာကျတယ်၊ တစ်ပိုင့်ကို ဂါလုံးတစ်ရာ တန်မယ်ထင်တယ် . . . . အမှန်ပြောရရင်၊ ကျုပ်လစာ သိပ် မများဘူး . . . ."

အခု ဘာလုပ်ရမယ်ဆိုတာ ဟယ်ရီ ရှင်းရှင်းမြင်ပြီ။

"အင်း" သူက တန်ဆောင်ကောင်းကောင်းနဲ့ ခဏငတွေဝေနေပြီး

www.burmeseclassic.com

ပြောတယ်။ "ပါမောက္ခ၊ သင်သွားချင်တယ်ဆိုရင်၊ ဟက်ဂရစ်က သိပ်ဝမ်းသာမှာ . . . . အာရာဂေါ့ကို ပို့ပြီးခမ်းနားစွာ သဂြိုဟ်ရတာပေါ့ . . . ."

"ဟုတ်တယ်၊ ဒါပေါ့" စလပ်ဂ်ဟွန်းက ပြောတယ်၊ သူ့မျက်လုံး အခုလက်လာနေပြီ။ "ကောင်းပြီ၊ ဟယ်ရီ၊ ကျုပ် အရက်တစ်ပုလင်း နှစ်ပုလင်းယူပြီး အောက်ဘက် မင်းဆီလာခဲ့မယ် . . . . ကျုပ်တို့ အဲဒီတိရစ္ဆာန်ကို — အင်း — ကျန်းမာရေးဆုတောင်းတာမဟုတ်ဘူး — ပုံစံအတိုင်း လုပ်ရတာပေါ့၊ ဘာပဲဖြစ်ဖြစ်၊ သူ့သဂြိုဟ်တဲ့တစ်ကြိမ်မှာပေါ့။ ကျုပ် လည်စည်းနက်တိုင်သွားလဲမယ်၊ ဒါက သိပ်ပေါ်လွင်နေတယ် . . . ."

သူဟာ ရဲတိုက်ဆီ ကမန်းကတန်း ပြေးသွားတယ်။ ဟယ်ရီက ဟက်ဂရစ်ဆီ မြန်မြန်သွားလိုက်တယ်။ မိမိကိုယ်မိမိ အလွန်ကျေနပ်နေတယ်။

"မင်းလာပြီ" ဟက်ဂရစ်က တံခါးဖွင့်ရင်း ဟယ်ရီ ကိုယ်ပျောက်ဝတ်ရုံဖယ်ပစ်ပြီး သူ့ရှေ့ပေါ်လာတာ မြင်တော့ အသံအက်အက်နဲ့ ပြောတယ်။

"ဟုတ်တယ် — ရွန်နဲ့ ဟာမီး မလာဘူး၊ သူတို့ စိတ်မကောင်းဘူး"

"ဟင့်အင်း — အရေးမကြီးဘူး . . . . ဒါပေမယ့် မင်းလာလို့ သူ့အသိပ်စိတ်လှုပ်ရှားမှာ၊ ဟယ်ရီ . . . ."

ဟက်ဂရစ်ဟာ အကျယ်ကြီး ရှိုက်ငိုလိုက်တယ်။ သူဟာ မိမိအတွက် လက်ပတ်အနက် လုပ်ထားတယ်။ အဝတ်စုတ်ကို ဖိနပ်တိုက်ဆေး သုတ်ထားသလိုပဲ။ သူ့မျက်စိဟာ နီရဲပြီး ရောင်နေတယ်။ ဟယ်ရီက နှစ်သိမ့်တဲ့သဘောနဲ့ သူ့တံတောင်ဆစ်ကို ပုတ်လိုက်တယ်။ ဒီနေရာဟာ သူ လွယ်လွယ်နဲ့ မှီနိုင်တဲ့ အမြင့်ဆုံးနေရာပဲ။

"သူ့ကို ဘယ်မှာမြှုပ်နှံမှာလဲ။ သစ်တောထဲမှာလား"

"အမလေး၊ မဖြစ်ဘူး" ဟက်ဂရစ်က ပြောရင်း ရှပ်အင်္ကျီအောက်စနဲ့ မျက်ရည်စီးကျနေတဲ့ သူ့မျက်လုံးကို သုတ်လိုက်တယ်။ "အရာဂေါ့သေတာနဲ့ တခြားပင့်ကူတွေက ကျုပ်ကို သူတို့ပင့်ကူအိမ်နား အကပ်မခံဘူး။ သူတို့ဟာ သူ့အမိန့်ကြောင့်သာ ကျုပ်ကို မစားတာနဲ့ တူတယ်။ မင်း ယုံနိုင်မလား၊ ဟယ်ရီ"

ရိုးသားစွာဖြေရရင် "ယုံတယ်"။ ဟယ်ရီဟာ သူနဲ့ ရွန်တို့ မျက်နှာချင်းဆိုင်တွေ့တဲ့ ပင့်ကူတွေနဲ့ တွေ့ခဲ့ရတဲ့အဖြစ်ကို နာကျင်စွာ သတိရနေသေးတယ်။ အဲဒီတုန်းကတော့ အဲဒီရောမပင့်ကူကြီးတွေ ဟက်ဂရစ်ကို မစားတဲ့ တစ်ခုတည်းသော အကြောင်းဖြစ်တယ်ဆိုတာ သူတို့ အလွန်ရှင်းတယ်။



"အရင်က သစ်တောထဲမှာ ကျုပ် သွားလို့မရတဲ့နေရာ မရှိဘူး" ဟက်ဂရစ်က ခေါင်းခါပြီးပြောတယ်။ "မလွယ်ပါဘူး၊ အရာဂေါ့အလောင်းကို သယ်ခဲ့ရတာ။ မင်းကို ပြောပြမယ် — သူတို့က အလောင်းကို စားလေ့ရှိတယ် . . . . ဒါပေမယ့် ကျုပ်က သူ့ကို ကောင်းမွန်စွာ မြှုပ်နှံချင်တယ် . . . . ကောင်းကောင်း ပို့လိုက်ချင်တယ် . . . ."

သူ ရှိုက်ငိုလာပြန်တယ်၊ ဟယ်ရီက သူ့တံတောင်ဆစ်ကို ပုတ်ရင်း ပြောတယ် (မှော်ဆေးက ဒီလိုလုပ်ရမယ်လို့ အရိပ်အယောင်ပြနေသလိုပဲ)။ "ဟက်ဂရစ်၊ ကျွန်တော် လမ်းမှာ ပါမောက္ခ စလပ်ဂ်ဟွန်းနဲ့ တွေ့တယ်"

"ပြဿနာမဖြစ်ပါဘူးနော်" ဟက်ဂရစ်က ပြောရင်း ထိတ်လန့်စွာ ခေါင်းခါနေတယ်။ "မင်း ညအချိန် ရဲတိုက်က မထွက်ရဘူးဆိုတာ ကျုပ်သိတယ်၊ ဒါ ကျုပ်အမှား —"

"ဟင့်အင်း၊ ဟင့်အင်း၊ သူက ကျွန်တော် ဘာလာလုပ်တယ်ဆိုတာ ကြားရပြီးနောက်၊ သူလဲ အရာဂေါ့ကို လာနှုတ်ဆက်ချင်တယ်လို့ ပြောတယ်။ သူ အင်္ကျီသွားလဲနေတယ်၊ ကျွန်တော်ထင်တယ် . . . . သူက အရက်နည်းနည်းယူလာပြီး အရာဂေါ့ကို နောက်ဆုံးဂုဏ်ပြုမယ်လို့ ပြောတယ် . . . ."

"ဟုတ်လား" ဟက်ဂရစ်က ပြောတယ်။ အံ့လည်းအံ့ဩ၊ စိတ်လည်း လှုပ်ရှားသွားတယ်။ "ဒါဆို — ဒါဆို သူ တကယ်ကောင်းတယ်၊ ပြီးတော့ မင်းကို သွားမတိုင်ဘူး။ ကျုပ်နဲ့ ဟိုရေစ်-စလပ်ဂ်ဟွန်းဟာ ရင်းနှီးမှု မရှိခဲ့ဘူး . . . . ဒါပေမယ့် သူက အရာဂေါ့ကို လာပို့မယ် ? အင်း . . . . သူနှစ်သက်မှာပါ၊ အရာဂေါ့ နှစ်သက်မှာ . . . ."

အရာဂေါ့ အနှစ်သက်ဆုံးက စလပ်ဂ်ဟွန်းရဲ့ ပြည့်ဖြိုးတဲ့ခန္ဓာကိုယ်ဖြစ်လိမ့်မယ်လို့ ဟယ်ရီ တွေးတယ်။ သူဟာ နောက်ဘက်ပြတင်းပေါက်ဆီ လျှောက်သွားတယ်။ အလွန်ထိတ်လန့်စရာအခြေအနေကို မြင်ရတယ်။ အပြင်ဘက်မှာ ရောမပင့်ကူသေကြီး ပက်လက်လန်နေတယ်။ ပင့်ကူခြေထောက်တွေ ကွေးကောက်ပြီး လုံးထွေးနေတယ်။

"ဒီမှာပဲ မြှုပ်မှာလား။ ဟက်ဂရစ်၊ ခင်ဗျားပန်းခြံထဲမှာ ?"

"ရွှေဖရုံခင်းနောက်မှာလို့ ကျုပ်တွေးတယ်" ဟက်ဂရစ်က ဆို့နင့်စွာ ပြောတယ်။ "ကျုပ် — တွင်းတူးပြီးပြီ။ ကျုပ်တို့ တစ်ခုခုပြောရမယ်လို့ပဲ ထင်တယ် — ကောင်းမွန်တဲ့ ပြန်လည်သတိရချက် —"

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံ တုန်ယင်စွာနဲ့ ပြတ်သွားတယ်။ တံခါးခေါက်သံ ပေါ်ထွက်လာတယ်၊ သူ လှည့်ပြီး တံခါးသွားဖွင့်တယ်။ အစွန်းအထင်း လက်ကိုင်ပဝါကြီးနဲ့ နှာခေါင်းကိုလည်း သုတ်နေတယ်။ စလပ်ဂ်ဟွန်းဟာ ကမန်းကတန်း အိမ်ထဲ ဝင်လိုက်တယ်။ အရက်ပုလင်းတချို့ကို ပွေ့ထားတယ်။ လည်ပင်းမှာ အနက်ရောင် နက်တိုင်လည်စည်း စည်းထားတယ်၊

"ဟက်ဂရစ်" သူက အသံလေးနက်စွာနဲ့ ပြောတယ်။ "ကျွန်တော် အလွန်စိတ်မကောင်းဖြစ်မိတယ်"

"ခင်ဗျား သိပ်ကောင်းတာပဲ" ဟက်ဂရစ်က ပြောတယ်။ "အလွန် ကျေးဇူးတင်တယ်၊ ဟယ်ရီ့ကို ကျောင်းမပိတ်တဲ့အတွက်လဲ ကျေးဇူးတင်တယ် . . . ."

"အိပ်မက်တောင် မမက်မိပါဘူး" စလပ်ဂ်ဟွန်းက ပြောတယ်။ "ဝမ်းနည်းစရာည၊ ဝမ်းနည်းစရာည . . . . သနားစရာသတ္တဝါ ဘယ်မှာလဲ"

"အပြင်မှာ" ဟက်ဂရစ်က တုန်နေတဲ့အသံနဲ့ ပြောတယ်။ "ကျွန်တော်တို့ —— ကျွန်တော်တို့ စမလား"

သုံးယောက်သား နောက်ဖေးခြံထဲ ဝင်ခဲ့ကြတယ်။ သစ်ကိုင်းကြားက မှုန်မွားတဲ့လရောင် ကျရောက်နေတယ်၊ ဟက်ဂရစ်ပြတင်းပေါက်က မီးရောင်နဲ့ ရောစပ်သွားပြီး ကျင်းကြီးတစ်ခုဘေးမှာရှိတဲ့ အရာဂေါ့ရဲ့ ရုပ်အလောင်းကို လင်းစေတယ်။ ဘေးမှာ ဆယ်ပေမြင့်တဲ့ မြေကြီးပုံကြီး။

"သိပ်လှတာပဲ" စလပ်ဂ်ဟွန်းက ပြောရင်း ပင့်ကူခေါင်းနား ကပ်သွားတယ်။ ခေါင်းပေါ်က နို့ရောင်မျက်လုံးရှစ်ခုဟာ မိုးပေါ်ကို ကြောင်ကြည့်နေတယ်။ ကွေးနေတဲ့ ညှပ်လက်မကြီးနှစ်ခုဟာ လရောင်ထဲမှာ မလှုပ်မယှက် ငြိမ်နေတယ်။ စလပ်ဂ်ဟွန်းဟာ ညှပ်လက်မကြီးရှေ့မှာ ခါးကုန်းလိုက်တယ်။ အမွေးထူတဲ့ခေါင်းကြီးကို စစ်ဆေးကြည့်ရှုနေသလိုပဲ။ ဟယ်ရီဟာ ပုလင်းသံကြားရတယ်လို့ ထင်တယ်။

"လူတိုင်း သူ့အလှကို ခံစားနိုင်တာ မဟုတ်ဘူး" ဟက်ဂရစ်က စလပ်ဂ်ဟွန်း ကျောဘက်ကို ပြောလိုက်တယ်။ မျက်ရည်တွေဟာ ၎င်းရဲ့အရေးအကြောင်းတွေနဲ့ မျက်လုံးထောင့်ကနေ စီးကျလာတယ်။ "ခင်ဗျား အရာဂေါ့လို သတ္တဝါမျိုးကို စိတ်ဝင်စားတာ ကျွန်တော် မသိဘူး၊ ဟိုရေ့စ်"

"စိတ်ဝင်စားတယ် ? ချစ်လှစွာသော ဟက်ဂရစ်၊ ကျွန်တော် သူတို့ကို



ကြည်ညိုလေးစားတယ်" စလပ်ဂ်ဟွန်းက အလောင်းရှေ့ကနေ နောက်ဆုတ်လာတယ်။ ပုလင်းလက်သွားပြီး၊ သူ့ခြုံထည်ထဲမှာ ပျောက်သွားတာ ဟယ်ရီမြင်လိုက်ရတယ်။ မျက်ရည်သုတ်နေတဲ့ ဟက်ဂရစ်ဟာ လုံးဝမသိဘူး။ "အခု . . . . ရှာပနပွဲ စမလား"

ဟက်ဂရစ် ခေါင်းညိတ်တယ်၊ ရှေ့တက်သွားပြီး ရောမပင့်ကူကို ဆွဲတယ်။ တအားအော်ဟစ်လိုက်ပြီး ၎င်းကို မှောင်မည်းတဲ့ကျင်းကြီးထဲ တွန်းချလိုက်တယ်။ အလောင်းဟာ ကျင်းအောက်ခြေနဲ့ ထိမိပြီး ကြောက်စရာ တဖွတ်ဖွတ်သံ ပေါ်လာတယ်။ ဟက်ဂရစ် ငိုလာပြန်တယ်။

"အမှန်ပဲ၊ ဒါ ခင်ဗျားအဖို့ ခက်ခဲပါတယ်၊ ခင်ဗျားက သူ့ကို အလွန်နားလည်တာကိုး" စလပ်ဂ်ဟွန်းဟာလည်း ဟက်ဂရစ် တံတောင်ဆစ်ကိုပဲ မှီတယ်။ ဒါပေမယ့် သူ့ကို ပုတ်လိုက်တယ်။ "ကျုပ် စကားနည်းနည်းပြောမယ်"

စလပ်ဂ်ဟွန်းဟာ အရာဂေါ့ဆီကနေ အကောင်းစားအဆိပ်ရည် အများကြီးရမယ်လို့ ဟယ်ရီ တွေးတယ်။ အကြောင်းက သူ ကျင်းဘေးကို သွားစဉ် မျက်နှာပေါ်မှာ ကျေနပ်တဲ့အပြုံး ပေါ်နေလို့။ စလပ်ဂ်ဟွန်းက နှေးပြီး တည်ကြည်တဲ့လေသံနဲ့ ပြောတယ်။ "နှုတ်ဆက်လိုက်ပြီ၊ အရာဂေါ့၊ ပင့်ကူများရဲ့ဘုရင်။ သင့်ကိုသိတဲ့လူတိုင်းဟာ သင့်ရဲ့ ရေရှည်ချစ်ကြည်မှုကို မေ့ပျောက်မှာမဟုတ်ဘူး။ သင့်ကိုယ်ခန္ဓာ ပုပ်ဆွေးသွားနိုင်ပေမယ့်၊ သင့်စိတ်ဓာတ်ဟာ သင့်ရဲ့ တောတွင်းဂေဟာရှိ အေးငြိမ်းတဲ့၊ ပင့်ကူအိမ်များ ယှက်သန်းနေတဲ့ ဌာနေမှာ ကျန်ရစ်နေမှာ ဖြစ်တယ်။ သင့်ရဲ့မျက်လုံးများတဲ့ မျိုးဆက်များ အဆက်မပြတ် ပွားများပါစေ၊ သင့်ရဲ့လူသားမိတ်ဆွေလဲ လွမ်းဆွေးမှုကြားတနေ နှစ်သိမ့်မှု ရပါစေ"

'ပြောတာ . . . . ပြောတာ . . . . သိပ်လှပတာပဲ" ဟက်ဂရစ်က အော်ငိုပြောရင်း၊ မြေသြဇာပုံပေါ် လဲကျသွားပြီး ပိုပိုပြီး ငိုကြွေးနေတယ်။

"တော်တော့၊ တော်တော့" စလပ်ဂ်ဟွန်းက ပြောရင်း မှော်ကြိမ်လုံးကို ယမ်းလိုက်တယ်။ မြေကြီးပုံကြီး မြောက်တက်သွားပြီး အသံအုပ်အုပ်နဲ့ ပင့်ကူအသေပေါ် ကျသွားတယ်။ ပြောင်ချောတဲ့မြေပုံတစ်ခု ဖြစ်သွားတယ်။ "ကျုပ်တို့ အထဲမှာ တစ်ခွက်လောက် သွားသောက်ရအောင်၊ သူ့ဟိုဘက်က ဖေးမထား ဟယ်ရီ . . . . ဟုတ်ပြီ . . . . ထ၊ ဟက်ဂ . . . . ကောင်းပြီ . . . ."

သူတို့ဟာ ဟက်ဂရစ်ကို စားပွဲဘေးက ထိုင်ခုံတစ်လုံးပေါ် ဖေးမ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သွားတယ်။ ဈာပနတုန်းက ခြင်းထဲမှာ ပုန်းနေတဲ့ အစွယ်ကြီးဟာ အခု အသာလေးလျှောက်လာပြီး ခါတိုင်းလိုပဲ ၎င်းရဲ့ခေါင်းလေးလေးကြီးကို ဟယ်ရီ့ ပေါင်ပေါ် တင်ထားတယ်။ စလပ်ဂ်ဟွန်းက သူယူလာတဲ့ အရက်တစ်ပုလင်းကို ဖွင့်လိုက်တယ်။

"ကျုပ် အကုန်လုံး စစ်ဆေးပြီးပြီ၊ အဆိပ်မပါဘူး" သူက ဟယ်ရီ့ကို အာမခံတယ်။ ပုလင်းတစ်ဝက်ကျော်ကျော်ကို ဟက်ဂရစ်ရဲ့ ရေပုံးလေးနဲ့တူတဲ့ ခွက်ကြီးထဲ ထည့်လိုက်တယ်။ "မင်းရဲ့သနားစရာ သူငယ်ချင်း ရှုပတ် ပြဿနာ ပေါ်ပြီးနောက်၊ ကျုပ် အိမ်မွေးမှင်စာလေးတစ်ကောင်ကို အရက်ပုလင်းတိုင်း မြည်းကြည့်ခိုင်းတယ်"

ဒီလို အိမ်မွေးမှင်စာလေးတွေကို နှိပ်စက်တဲ့လုပ်ရပ်အကြောင်း ဟားမီးကြားရင် ဘယ်လိုအမူအရာရှိမလဲဆိုတာ ဟယ်ရီ ဉာဏ်မျက်စိနဲ့ မြင်ယောင်ကြည့်နေတယ်။ သူမကို ဘယ်တော့မှ ပြောမပြဘူးလို့ ဆုံးဖြတ်လိုက်တယ်။

"ဟယ်ရီ့အတွက် တစ်ခွက် . . . ." စလပ်ဂ်ဟွန်းက ပြောရင်း အရက်ပုလင်းထဲက အရက်ကို ဖန်ခွက်နှစ်ခွက်ထဲ ခွဲထည့်လိုက်တယ်။ ". . . . တစ်ခွက်က ကျုပ်ဖို့။ ကောင်းပြီ" သူဟာ ဖန်ခွက်ကို မြင့်မြင့်မြှောက်လိုက်တယ်။ "အရာဂေါ့အတွက်"

"အရာဂေါ့" ဟယ်ရီနဲ့ ဟက်ဂရစ် ပြိုင်တူပြောတယ်။

စလပ်ဂ်ဟွန်းနဲ့ ဟက်ဂရစ်တို့ တစ်ကျိုက်ကြီး သောက်လိုက်ကြတယ်။ ဒါပေမယ့် ဟယ်ရီကတော့ ဖီလစ် ဖီလစ်စစ်ရဲ့ အကြံပေးချက်အရ၊ သူ သောက်လို့ မရဘူးဆိုတာ သိတယ်။ ဒါနဲ့ တစ်လုတ်သောက်ဟန်ဆောင်ပြီး၊ ခွက်ကို ပြန်ချထားလိုက်တယ်။

"ကျုပ်က ၎င်းကို ဥတစ်လုံးကနေ ကြီးအောင် မွေးခဲ့ရတာ" ဟက်ဂရစ်က ဝမ်းနည်းစွာ ပြောတယ်။ "ပေါက်ခါစက သေးသေးလေးရယ်၊ ပီကီနီးစ် လောက်ပဲရှိတာ"

"သိပ်ချစ်စရာကောင်းတယ်" စလပ်ဂ်ဟွန်းက ပြောတယ်။

"အရင်က သူ့ကို ကျောင်းက ဗီရိုထဲမှာ မွေးထားတာ၊ ဟို . . . . ပျောက်တဲ့ထိ . . . . အင်း . . . ."

ဟက်ဂရစ်အမူအရာ မှုန်မှိုင်းသွားတယ်။ ဘာကြောင့်ဆိုတာ ဟယ်ရီ သိတယ်။ တွမ်-ရစ်ဒေါ် အကောက်ကြံလို့ ဟက်ဂရစ် ကျောင်းထုတ်ခံရတယ်။



ဟက်ဂရစ်ကို လျှို့ဝှက်အခန်းဖွင့်တယ်လို့ စွပ်စွဲလိုက်တယ်။ ဒါပေမယ့် စလပ်ဂ်ဟွန်းက နားထောင်မနေဘူး။ သူဟာ မျက်နှာကြက်ကိုပဲ ကြည့်နေတယ်။ အဲဒီမှာ ကြေးကရားတချို့ ချိတ်ထားတယ်။ အလွန်ပြောင်ချောသပ်ရပ်တဲ့ အမွေးပြူပြူတစ်စုလည်း ရှိတယ်။

"ဂျိုတဂျိုတ်ရစ္စာန်ရဲ့အမွေး မဟုတ်ဘူးထင်တယ်၊ ဟက်ဂရစ်"

"အိုး၊ ဂျိုတဂျိုတ်ရစ္စာန်အမွေးပါ" ဟက်ဂရစ်က စိတ်မပါဘဲ ပြောတယ်။ "အမြီးပေါ်က ဖြုတ်တာ၊ တောထဲ သစ်ပင်တွေပေါ် ချိတ်ကျန်ရစ်တာ . . . ."

"ဒါပေမယ့် ချစ်လှစွာသော မိတ်ဆွေ၊ အဲဒါ တစ်မျှင်ကို ဘယ်လောက်တန်တယ်ဆိုတာ သိလား"

"တိရစ္ဆာန်တွေ ဒဏ်ရာရတဲ့အခါ၊ ကျွန်တော် အဲဒါနဲ့ ပတ်တီး ချည်ပေးတယ်" ဟက်ဂရစ်က ပြောရင်း ပခုံးတွန့်လိုက်တယ်။ "သိပ်သုံးလို့ ကောင်းတာပဲ . . . . သိပ်ခိုင်တယ်"

စလပ်ဂ်ဟွန်းက တစ်ကျိုက်မော့ချလိုက်ပြန်တယ်။ မျက်စိက အိမ်တလေးထဲမှာ သေချာလိုက်ရှာဖွေနေတယ်။ သူဟာ ဒီထက်များများ အဖိုးတန်ဖွေသည်းကို ရှာတယ်ဆိုတာ ဟယ်ရီ သိတယ်။ ဒါတွေနဲ့ သူ့အတွက် ဝက်သစ်ချနဲ့ နှပ်တဲ့ ပျားအရက်၊ နာနတ်ယိုနဲ့ စိန်ကတ္တီပါ ဆေးလိပ်သောက်အင်္ကျီတွေ ယဲလို့ရတယ်။ စလပ်ဂ်ဟွန်း မိမိနဲ့ ဟက်ဂရစ်ခွက်ကို အရက်ထပ်ထည့်တယ်။ အခု သစ်တောထဲမှာရှိတဲ့ သတ္တဝါအကြောင်း မေးတယ်။ ဟက်ဂရစ် ဘယ်လိုသုပ် ထိန်းသိမ်းစောင့်ရှောက်နိုင်မှာလဲလို့လည်း မေးတယ်။ ဟက်ဂရစ်ဟာ အရက်ပျံ့အစွမ်းနဲ့ စလပ်ဂ်ဟွန်း မြှောက်ပင့်ပေးတာကြောင့် ပွင့်လင်းလာတယ်။ မျက်ရည်အသုတ်ရပ်သွားတယ်။ ဘိုးထရပ်ခေါ် မွေးမြူတဲ့အကြောင်းကို အားရပါးရ ပြောပါတော့တယ်။

ဖီလစ် ဖီလစ်စစ်က အခု ဟယ်ရီ့ကို နည်းနည်းတွန်းလိုက်တယ်။ စလပ်ဂ်ဟွန်း ယူလာတဲ့အရက် မကြာခင် ပြောင်တော့မှ သူ သတိထားမိတယ်။ ဟယ်ရီဟာ အသံမထွက်ဘဲ ပြန်ပြည့်ဂါထာမရွတ်တတ်သေးဘူး။ ဒါပေမယ့် ဒီညမှာ သူ မလုပ်နိုင်ဘူးဆိုတဲ့အတွေးဟာ ရယ်စရာဖြစ်နေတယ်။ တကယ်ပဲ ဟယ်ရီဟာ သူ့ဖာသာပြုံးပြီး မော်ကြိမ်လုံးနဲ့ စားပွဲအောက်ကနေ ခွက်လွတ်ကို ချိတ်လိုက်တာနဲ့၊ ခွက်ထဲ အရက်ပြည့်သွားတယ်။ ဟက်ဂရစ်နဲ့ စလပ်ဂ်ဟွန်းတို့

www.burmeseclassic.com

www.burmeseclassic.com



သေလိုက်ကြဘူး (သူတို့ဟာ အခု တရားမဝင် နဂါးဥအရောင်းအဝယ် အကြောင်း ပြောဆိုနေကြတယ်)။

တစ်နာရီလောက်ကြာတော့၊ ဟက်ဂရစ်နဲ့ စလပ်ဂ်ဟွန်းတို့ တိုင် လွတ်လက်လွတ် အရက်သောက်ကြတယ်။ ဟော့ဂ်ဝပ်အတွက်၊ ဒမ်ဘယ်ဒိုး အတွက်၊ မှင်စာလေးများချက်တဲ့အရက်အတွက်၊ ဟိုအတွက်၊ ဒီအတွက် ဆုတောင်း အရက်သောက်ကြတယ်။

"ဟယ်ရီ-ပေါ်တာ" ဟက်ဂရစ်က အော်ဟစ်တယ်။ တစ်ဆယ့်လေး မြောက် စပျစ်ပိုင်ကို မော့ချလိုက်တယ်၊ အရက်တွေ မေးပေါ်စီးကျလာတယ်။

"ဟုတ်တယ်၊ အမှန်ပဲ" စလပ်ဂ်ဟွန်းက အနည်းငယ် အာလေး လျှာလေးနဲ့ အော်ပြောတယ်။ "ပါရီ-အော်တာ၊ အရွေးချယ်ခံရတဲ့ကောင်လေး သူ —— အင်း —— ဒီအစိပ္ပာယ်မျိုးပဲ" သူက တဖွဖွပြောနေတယ်။ သူလည်း မော့ချလိုက်တယ်။

သိပ်မကြာလိုက်ဘူး၊ ဟက်ဂရစ်ဟာ မျက်ရည်လည်ရွဲနဲ့ ဂျိုတချို တိရစ္ဆာန်ရဲ့ အမြီးတစ်ခုလုံးကို စလပ်ဂ်ဟွန်းလက်ထဲ ထည့်လိုက်တယ်။ စလပ်ဂ် ဟွန်းက "ချစ်ကြည်ရေးအတွက်၊ ရက်ရောမှုအတွက်၊ ဆယ်ဂါလုံးထင် အတွက်"လို့ အော်ပြောရင်း ၎င်းကို အင်္ကျီအိတ်ကပ်ထဲ ထိုးထည့်လိုက်တယ်။

ဒီနောက် မကြာခင်မှာပဲ၊ ဟက်ဂရစ်နဲ့ စလပ်ဂ်ဟွန်း ယှဉ်ထိုင်နေ တယ်၊ အပြန်အလှန် ဖက်ထားတယ်။ အိုဒိုလို့ခေါ်တဲ့ သေခါနီး မှော်ဆရာ အကြောင်းသီချင်းကို နှေးနှေးနဲ့ ဝမ်းနည်းစွာ ဆိုနေတယ်။

"အရာဂေါ့၊ လူကောင်း ငယ်ငယ်နဲ့ သေရတယ်" ဟက်ဂရစ်က ရေရွတ်ရင်း စားပွဲပေါ် မှောက်ချတယ်၊ မျက်စိနှစ်လုံး အလယ်စုနေပြီ။ စလပ်ဂ် ဟွန်းက အသံတုန်တုန်နဲ့ ဆိုနေတုန်းပဲ။ "ကျုပ်အဖေ ငယ်ငယ်လေးနဲ့ သေ သွားတယ် . . . . မင်းအမေနဲ့အဖေလဲ ဒီလိုပဲ၊ ဟယ်ရီ . . . ."

ဟက်ဂရစ်ရဲ့ အရေးအကြောင်းများတဲ့ မျက်စိထောင့်ကနေ မျက်ရည် ပေါက်ကြီးတွေ တိုးထွက်လာတယ်။ သူက ဟယ်ရီ့လက်ကို ဖမ်းကိုင်ပြီး ယမ်း နေတယ်။

". . . . သူတို့အရွယ် မှော်ဆရာတွေထဲမှာ၊ ကျုပ်တွေ့ဖူးတဲ့ အကောင်း ဆုံး စုံတွဲ . . . . ကြောက်စရာ . . . . ကြောက်စရာ . . . ."

စလပ်ဂ်ဟွန်းက ပူဆွေးစွာ သီဆိုနေတယ်။



သူရဲကောင်း အိုဒိုကို အိမ်ပြန်သယ်လာတယ်၊
ငယ်စဉ်က သူကျွမ်းခဲ့တဲ့နေရာကို သယ်လာတယ်၊
ဦးထုပ်ပြောင်းပြန်ဆောင်းပေးပြီး သူ့ကို လဲလျောင်းစေတယ်။
မှော်ကြိမ်လုံး နှစ်ပိုင်းချိုးပစ်လိုက်ပြီ၊ ဝမ်းနည်းစရာပဲ။

". . . . ကြောက်စရာ" ဟက်ဂရစ်က ညည်းညူပြောတယ်။ ရှုပ်ပွတဲ့ ခေါင်းကြီးဟာ လက်မောင်းထဲ လိမ့်သွားတယ်၊ လေးလေး ဟောက်နေပြီ။

"ဝမ်းနည်းပါတယ်" စလပ်ဂ်ဟွန်းက ကြို့ထိုးရင်း ပြောတယ်။ "ကျုပ် အသံတုန်းကမှ အသံမှန်မှန် မဆိုနိုင်ဘူး"

"ဟက်ဂရစ်က သင်သီချင်းဆိုတာ ပြောတာမဟုတ်ဘူး" ဟယ်ရီက အသာလေးပြောတယ်။ "သူက ကျွန်တော့်အမေနဲ့အဖေသေတဲ့အကြောင်း ပြောတာ"

"အိုး" စလပ်ဂ်ဟွန်းက ကြို့ကြီးတစ်ခုကို အောင့်ထားရင်း ပြောတယ်။ "အိုး၊ ဟုတ်တယ်၊ အဲဒါတကယ့်ကိုပဲ —— အလွန်ကြောက်စရာကောင်းတယ်။ ကြောက်စရာ . . . . ကြောက်စရာ . . . ."

သူဟာ ဘာပြောရမှန်းမသိသလိုဖြစ်ပြီး၊ ခွက်ထဲကို အရက်ငှဲ့ပြန် တယ်။

"ကျုပ်ထင်တယ် —— မင်းမမှတ်မိတော့ဘူးထင်တယ်၊ ဟယ်ရီ" သူက ခပ်ဆွံ့ဆွံ့မေးတယ်။

"မမှတ်မိဘူး —— သူတို့ဆုံးတော့ ကျွန်တော် အသက်တစ်နှစ်ပဲ ရှိသေးတယ်" ဟယ်ရီက ပြောရင်း၊ ဟက်ဂရစ် အသက်လေးလေးရှူလို့ လှုပ်နေ တဲ့ ဖယောင်းတိုင်မီးကို ကြည့်နေတယ်။ "ဒါပေမယ့် ကျွန်တော် နောင်မှာ အများကြီး သိလာတယ်။ ကျွန်တော့်အဖေ အရင်သေတာ၊ သင်သိလား"

"ကျုပ် —— ကျုပ် မသိဘူး" စလပ်ဂ်ဟွန်းက အားပျော့ပျော့နဲ့ ပြော တယ်။

"ဟုတ်တယ် . . . . ဗိုလ်ဒီမော့ သူ့ကို သတ်တယ်၊ ဒီနောက် သူ အလောင်းကို ကျော်ပြီး ကျွန်တော့်အမေဆီ သွားတယ်"

စလပ်ဂ်ဟွန်းဟာ ဆတ်ခနဲ တုန်သွားတယ်။ ဒါပေမယ့် ၎င်းရဲ့ စိတ်လန့်တဲ့အကြည့်ကို ဟယ်ရီ့မျက်နှာပေါ်က မရွှေ့နိုင်သလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



"သူက ကျွန်တော့်အမေကို ဖယ်ပေးခိုင်းတယ်" ဟယ်ရီက အညာတာ တင်းစွာ ပြောတယ်။ "ဗိုလ်ဒီမွန့်က သူမ အစကသေဖို့မလိုဘူး၊ သူ ကျွန်တော့် ကိုပဲ သတ်ချင်တာ၊ သူမ အစက ထွက်ပြေးလို့ရတယ်လို့ ကျွန်တော့်ကို ပြောတယ်"

"အိုး၊ အချစ်လေး" စလပ်ဂ်ဟွန်းက အသာလေးပြောတယ်။ "သူမ အစက . . . . သူမ . . . . မလိုဘူး . . . . သိပ်ကြောက်စရာပဲ . . . ."

"ဟုတ်တယ်" ဟယ်ရီ့အသံဟာ နားနားကပ်ပြောသလိုပဲ။ "ဒါပေ မယ့် သူမ မလှုပ်ဘူး။ အဖေ သေသွားပြီ၊ သူမက ကျွန်တော့်ကို မသေစေချင် ဘူး။ သူမက ဗိုလ်ဒီမွန့်ကို တောင်းပန်ဖို့ကြိုးစားတယ် . . . . ဒါပေမယ့် သူက တဟားဟားပဲ ရယ်တယ် . . . ."

"တော်ပြီ" စလပ်ဂ်ဟွန်းက ရုတ်တရက် အော်ပြောတယ်။ တုန်နေတဲ့ လက်ကို မြှောက်လိုက်တယ်။ "တကယ်ပဲ၊ ချစ်လှစွာသောကောင်လေး၊ တော်ပြီ . . . . ကျုပ်က အဘိုးကြီး . . . . ကျုပ်နားထောင်ဖို့ မလိုဘူး . . . . ကျုပ် နားမထောင်ချင်ဘူး . . . ."

"ကျွန်တော် မေ့နေတယ်" ဟယ်ရီက လိမ်ပြောတယ်၊ ဖီလစ် ဖီလစ်စ် က သူ့ကို လမ်းပြနေတယ်။ "သင် သူမကို နှစ်သက်တယ်၊ ဟုတ်လား"

"သူမကို နှစ်သက်တယ် ?" စလပ်ဂ်ဟွန်းက ပြောတယ်။ မျက်စိ ထဲမှာ မျက်ရည်တွေ ပြည့်လာတယ်။ "သူမကို တွေ့ဖူးတဲ့လူဆိုရင် သူမကို မနှစ်သက်တာ မရှိဘူး . . . . အလွန်သတ္တိရှိတယ် . . . . အလွန်ဖျတ်လတ် သွက်လက်တယ် . . . . အား၊ အလွန်ကြောက်စရာကောင်းတဲ့ကိစ္စ . . . ."

"ဒါပေမယ့် သင်ဟာ သူမသားကို မကူညီချင်ဘူး။ သူမဟာ သူမ အသက်ကို ကျွန်တော့်ပေးခဲ့တယ်၊ သင်ကတော့ မှတ်ဉာဏ်တစ်ခုကိုတောင် မပေးချင်ဘူး"

ဟက်ဂရစ်ရဲ့ မိုးချုန်းသလို ဟောက်သံဟာ အိမ်ကလေးထဲ ပြည့်နေ တယ်၊ ဟယ်ရီက စလပ်ဂ်ဟွန်းရဲ့ မျက်ရည်လည်နေတဲ့ မျက်စိကို သေချာ စိုက်ကြည့်နေတယ်။ မှော်ဆေးဘာသာဆရာဟာ အကြည့်ကို ရှောင်လွှဲဖို့ မစွမ်းနိုင်သလိုပဲ။

"ဒီလိုမပြောနဲ့" သူက တိုးတိုးပြောတယ်။ "မင်းကို ကူညီနိုင်မယ်



. . . . ပြဿနာ ဘယ်ရှိမလဲ . . . . ဒါပေမယ့် အဲဒီဟာက အသုံးမဝင်တော့ တာ . . . ."

"အသုံးကျတယ်" ဟယ်ရီက ရှင်းလင်းစွာ ပြောတယ်။ "ဒမ်ဘယ်ဒိုး က သိဖို့လိုတယ်၊ ကျွန်တော် သိဖို့လိုတယ်"

သူဟာ သူ့ကိုယ်သူ လုံခြုံမှုန်း သိတယ်။ ဖီလစ် ဖီလစ်စ်က သူ့ကို ပြောပြတယ်၊ မနက်ဖြန်မနက်ကျရင်၊ စလပ်ဂ်ဟွန်း ဘာမှမှတ်မိမှာမဟုတ်ဘူး။ ဟယ်ရီက စလပ်ဂ်ဟွန်းမျက်စိကို တည့်တည့်ကြည့်နေတယ်၊ ကိုယ်ကို ရှေ့သို့ နည်းနည်းကိုင်းထားတယ်။

"ကျွန်တော်က အရွေးချယ်ခံရသူ၊ ကျွန်တော် သူ့ကို သတ်ပစ်ရမယ်၊ ကျွန်တော် အဲဒီမှတ်ဉာဏ်ကို လိုအပ်တယ်"

စလပ်ဂ်ဟွန်းမျက်နှာ ပိုပြီးဖြူရော်လာတယ်။ ပြောင်လက်တဲ့ သူ့ နဖူးပေါ်မှာ ချွေးပေါက်တွေ ပြည့်နေတယ်။

"မင်းက အရွေးချယ်ခံရသူ ?"

"အမှန်ပဲ" ဟယ်ရီက တည်ငြိမ်စွာ ပြောတယ်။

"ဒါပေမယ့် . . . . ချစ်လှစွာသောကောင်လေး . . . . မင်းတောင်းဆို တာ သိပ်များနေပြီ . . . . စင်စစ်မှာ မင်းက ကျုပ်ကို မင်းကူပြီးဖြိုဖျက်ဖို့ —"

"သင် လီလီ-အီဗန်စ်ကို သတ်တဲ့ မှော်ဆရာကို မသုတ်သင်ချင်ဘူး လား"

"ဟယ်ရီ၊ ဟယ်ရီ၊ ကျုပ် သုတ်သင်ချင်တာပေါ့၊ ဒါပေမယ့် —"

"သင် ကျွန်တော့်ကို ကူညီတာ သူတွေ့မှာကြောက်လို့ ?"

စလပ်ဂ်ဟွန်း စကားမပြောဘူး၊ ဒါပေမယ့် အမူအရာက ကြောက်လန့် နေတယ်။

"သင် ကျွန်တော့်အမေလို သတ္တိရှိစေချင်တယ်၊ ပါမောက္ခ . . . ."

စလပ်ဂ်ဟွန်းက ဝတုတ်တုတ်လက်ကို မြှောက်လိုက်တယ်၊ တုန်နေတဲ့ လက်ကို ပါးစပ်ပေါ် ဖိထားတယ်၊ ရုတ်တရက် ကြည့်ရတာ ရောမကလေးငယ် လိုပဲ။

"ကျုပ် သိက္ခာမဲ့တယ်လို့ ထင်တယ် . . . ." သူက လက်ချောင်း ကြားကနေ တတွတ်တွတ် ပြောတယ်။ "ကျုပ် ဟို — ဟို မှတ်ဉာဏ်ဖော်ပြတဲ့

www.burmeseclassic.com

www.burmeseclassic.com



ထိန်ချောင်း ရှက်မိတယ် . . . . ကျုပ် ဟိုနေ့က ဒုက္ခအများကြီးပေးမိပြီလို့ ထင်တယ် . . . ."

"သင်မှတ်ဉာဏ်ကို ကျွန်တော့်ပေးရင် အားလုံးကျေသွားမှာပါ" ဟယ်ရီက ပြောတယ်။ "ဒါဟာ အလွန်ရဲရင့်ပြီး မြင့်မြတ်တဲ့ကိစ္စပါ"

ဟက်ဂရစ်ဟာ အိပ်မက်ထဲမှာ တွန့်လိမ်လိုက်တယ်၊ ဆက်ပြီး ဟောက်နေတယ်။ စလပ်ဂ်ဟွန်းနဲ့ ဟယ်ရီဟာ မျက်ရည်ကျနေတဲ့ ဖယောင်းတိုင်ခြားပြီး အပြန်အလှန် ကြည့်နေတယ်။ ငြိမ်သက်ခြင်း တော်တော်ကြာကြာ ဆက်သွားနေတယ်၊ ဖီလစ် ဖီလစ်စစ်က ၎င်းကို မဖြိုခွဲဖို့ နောက်ထပ် ခဏ စောင့်ဖို့ ဟယ်ရီ့ကို ပြောနေတယ်။

နောက်ဆုံးမှာ စလပ်ဂ်ဟွန်းဟာ အလွန့်အလွန် နှေးကွေးစွာနဲ့ လက်ကို အိတ်ထဲနှိုက်လိုက်ပြီး မှော်ကြိမ်လုံးကို ဆွဲထုတ်တယ်။ ကျန်လက်တစ်ဘက်က ခြုံထည်ထဲကနေ ပုလင်းအလွတ်သေးသေးလေး ယူထုတ်လိုက်တယ်။ သူဟာ ဟယ်ရီ့မျက်စိကို ကြည့်နေတုန်းပဲ။ မှော်ကြိမ်လုံးထိပ်ဖျားကို နားထင်မှာ တေ့တယ်၊ ဒီနောက် ဖယ်လိုက်တယ်။ ကြိမ်လုံးဖျားမှာ ရှည်လျားတဲ့ ငွေမျှင်လို မှတ်ဉာဏ်တစ်စု ပါလာတယ်။ ၎င်းကို ဆွဲလေ ရှည်လေပဲ၊ နောက်ဆုံးမှာ ပြတ်သွားတယ်။ မှော်ကြိမ်လုံးဖျားမှာ ငွေရောင်တလက်လက်နဲ့ လှုပ်ယမ်းနေတယ်။ စလပ်ဂ်ဟွန်းက ၎င်းကို ပုလင်းထဲ ထည့်လိုက်တယ်၊ ငွေမျှင်တွေ လိပ်လာတယ်၊ ဒီနောက် ပြန့်သွားတယ်၊ အငွေ့လို လည်ပတ်နေတယ်။ သူက တုန်နေတဲ့လက်နဲ့ ပုလင်းအဆို့ကို ဆို့လိုက်ပြီး စားပွဲဟိုဘက်ကနေ ဟယ်ရီ့ကို လှမ်းပေးတယ်။

"အလွန်ကျေးဇူးတင်တယ်၊ ပါမောက္ခ"

"မင်းက ကောင်းတဲ့ကောင်လေးပဲ" စလပ်ဂ်ဟွန်းက ပြောတယ်။ မျက်ရည်တွေဟာ သူ့ရဲ့ဝတုတ်တုတ်ပါးပြင်အတိုင်း စီးဆင်းပြီး ၎င်းရဲ့မုတ်ဆိတ်မွေးတွေထဲ ကျသွားတယ်။ "မင်းမှာ သူ့မလိုမျက်လုံးမျိုး ရှိတယ် . . . . ဒါကို ကြည့်ပြီးနောက်၊ ကျုပ်ကို သိပ်ဆိုးတယ်လို့ မတွေးနဲ့ . . . ."

သူဟာလည်း ခေါင်းကို လက်မောင်းထဲ မြှုပ်ထားတယ်၊ သက်ပြင်း ချလိုက်ပြီး အိပ်ပျော်သွားတယ်။



# ၂၃။ ဝိညာဉ်ပစ္စည်း

တိတ်တိတ်လေး ရဲတိုက်ဆီ ပြန်သွားနေစဉ်မှာပဲ၊ ဖီလစ် ဖီလစ်စစ်ရဲ့ အာနိသင် ပြယ်လာတာ ဟယ်ရီ ခံစားရတယ်။ တံခါးမကြီး သော့ခတ်မထားဘူး၊ ဒါပေမယ့် တတိယထပ်မှာ သရဲဖီးဗ်စ်ကို တွေ့တာနဲ့ ဘေးရှိဖြတ်လမ်းတစ်ခုထဲ ကမန်းကတန်း ချိုးဝင်လိုက်လို့ တွေ့မသွားဘူး။ မိန်းမဝဝကြီး အရုပ်ကားရှေ့ရောက်တော့၊ ကိုယ်ပျောက်ဝတ်ရုံကို ဆွဲချလိုက်တယ်။ သူ့မစိတ်အခြေအနေဟာ သူ့အတွက် အဆင်မပြေဘူးဆိုတာ တွေ့ရတယ်။ ဒါပေမယ့် သူ အံ့တော့မအံ့ဩဘူး။

"အခု ဘယ်အချိန်ရှိပြီလဲဆိုတာ မင်း သိလား"

"အလွန်ဝမ်းနည်းပါတယ် —— ကျွန်တော် မသွားမဖြစ်တဲ့ အရေးကြီးကိစ္စရှိလို့ပါ —— "

"သန်းခေါင်အချိန်မှာ စကားဝှက်ပြောင်းထားတယ်၊ မင်း စင်္ကြံထဲမှာပဲ အိပ်ရတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျီစားနေတာလား" ဟယ်ရီက ပြောတယ်။ "ဘာဖြစ်လို့ သန်းခေါင်မှာ စကားဝှက်ပြောင်းရတာလဲ"

"ဒီအတိုင်းပဲ" မိန်းမဝဝကြီးက ပြောတယ်" မင်း မကျေနပ်ရင် ကျောင်းအုပ်ဆရာကြီး သွားပြော။ သူက လုံခြုံရေးအားဖြည့်ခိုင်းထားတာ"

"ကောင်းတယ်" ဟယ်ရီက မာကျောတဲ့ကြမ်းပြင်ကို ကြည့်ပြီး ခါးသီးစွာနဲ့ ပြောတယ်။ "တကယ်ပဲ သိပ်ဟန်ကျတယ်။ ဟုတ်တယ်၊ ဒမ်ဘလီဒိုးရှိရင်၊ ကျွန်တော်က သူ့ကို သွားပြောမှာ၊ သူက ကျွန်တော့်ကို —"

"သူ ရှိတယ်" ဟယ်ရီ့ကျောဘက်က အသံတစ်သံက ပြောတယ်။ "ပါမောက္ခ ဒမ်ဘလီဒိုး လွန်ခဲ့တဲ့ တစ်နာရီမတိုင်ခင်က ကျောင်းပြန်ရောက်နေပြီ"

ခေါင်းပျောက်ဖို့ နည်းနည်းလိုတဲ့ နစ်ခ်ဟာ ဟယ်ရီ့ဆီ လွင့်ပျံလာတယ်။ သူ့ဦးခေါင်းဟာ ကော်လာအတွန့်ပေါ်မှာ လှုပ်ယိုင်နေမြဲပဲ။

"ကျုပ် သွေးဘာရွန်ပြောလို့ သိရတာ။ သူမြင်ရတယ်။ ဘာရွန်က ပြောတယ်၊ ဒမ်ဘလီဒိုးကြည့်ရတာ စိတ်ပျော်နေသလိုပဲ၊ နည်းနည်းပင်ပန်းတာပဲရှိတယ်။ ဒါကတော့ ဓမ္မတာပါပဲ"

"သူ ဘယ်မှာလဲ" ဟယ်ရီ ရင်တဒိတ်ဒိတ်ခုန်လာတယ်။

"အို၊ နက္ခတ္တမျှော်စင်ပေါ်မှာ တတွတ်တွတ်၊ တဒင်ဒင် လုပ်နေတယ်။ ဒါ သူ အနှစ်သက်ဆုံး ဖျော်ဖြေရေး —"

"သွေးဘာရွန်မဟုတ်ဘူး၊ ကျွန်တော်မေးတာက ဒမ်ဘလီဒိုး"

"အို — သူ့ရုံးခန်းထဲမှာ" နစ်ခ်က ပြောတယ်။ "ဘာရွန်ပြောတာတော့၊ သူ မအိပ်ခင်မှာ လုပ်စရာနည်းနည်းရှိသေးတယ်တဲ့ —"

"ဟုတ်တယ်၊ မှန်တယ်" ဒမ်ဘလီဒိုးကို သူ မှတ်ဉာဏ်ရလာပြီဆိုတာ ပြောပြရမှာ တွေးမိတော့ ဟယ်ရီ သိပ်စိတ်လှုပ်ရှားသွားတယ်။ လှည့်ပြီး တစ်ချိုးတည်း ပြေးတယ်။ မိန်းမဝဝကြီးက နောက်ကနေ အော်ပြောတယ်။

"ပြန်လာ။ မင်းကို လိမ်တာပါ။ မင်း ငါ့ကို လန့်နိုးအောင်လုပ်လို့ စိတ်ဆိုးတာ။ စကားဝှက်က 'သန်ပြားကောင်' ပါပဲ"

ဒါပေမယ့် ဟယ်ရီ ဝေးသွားပြီ၊ မိနစ်အနည်းငယ်ကြာတော့၊ သူဟာ ဒမ်ဘလီဒိုးရဲ့ကျောက်တိရစ္ဆာန်ဘီလူးကို "တော်ဖီအီကလဲယားမုန့်"လို့ ပြော



နေပြီ။ ကျောက်ဘီလူး ဘေးခုန်သွားတယ်၊ ဟယ်ရီ့ကို ခရုပတ်လှေကားပေါ် တက်စေတယ်။

"ဝင်ခဲ့" ဟယ်ရီ တံခါးခေါက်တော့ ဒမ်ဘလီဒိုးက ပြောတယ်၊ အသံက သိပ်ပင်ပန်းနွမ်းနယ်နေသလိုပဲ။

ဟယ်ရီ တံခါးတွန်းဖွင့်တယ်။ ဒမ်ဘလီဒိုးရုံးခန်းဟာ အရင်အတိုင်းပဲ၊ ဒါပေမယ့် ပြတင်းအပြင်ဘက်မှာ တစ်မိုးလုံး ကြယ်ထွက်နေတဲ့ အနက်ရောင် ညကောင်းကင်အဖြစ် ပြောင်းထားတယ်။

"အို၊ မင်္ဂလာပါ၊ ဟယ်ရီ" ဒမ်ဘလီဒိုးက အံ့ဩစွာ ပြောတယ်။ "ဒီလောက်နောက်ကျမှ ဘာကိစ္စရှိလို့လဲ"

"ဆရာ — ကျွန်တော် ရပြီ၊ ကျွန်တော် စလပ်ဂ်ဟွန်းမှတ်ဉာဏ်ကို ရပြီ"

ဟယ်ရီက ဖန်ပုလင်းလေးကို ထုတ်ပြီး ဒမ်ဘလီဒိုးကို ပြတယ်။ ကျောင်းအုပ်ကြီးက ခဏငိုင်သွားတယ်၊ ဒီနောက် ပြုံးရယ်လာတယ်။

"ဟယ်ရီ၊ ဒါဟာ စိတ်လှုပ်ရှားစရာသတင်းပဲ။ သိပ်ကိုတော်တာပဲ။ မင်းလုပ်နိုင်မယ်ဆိုတာ ကျုပ် သိတယ်"

ညဉ့်နက်နေပြီဆိုတာ သူ လုံးဝမေ့သွားတာ ထင်ရှားတယ်။ စားပွဲနောက်ကနေ ကမန်းကတန်း ထွက်လာပြီး ကောင်းတဲ့လက်နဲ့ စလပ်ဂ်ဟွန်းမှတ်ဉာဏ်ကို ယူလိုက်တယ်။ အတွေးဇလုံထားတဲ့ ဗီရိုရှေ့ကို ခြေလှမ်းကျဲကျဲ သွားလိုက်တယ်။

"အခု" ဒမ်ဘလီဒိုးက ကျောက်ဇလုံကို စားပွဲပေါ် တင်လိုက်တယ်။ ပုလင်းထဲကအရာကို သွန်ထည့်လိုက်တယ်။ "အခု၊ ကျုပ်တို့ မြင်တွေ့ရတော့မယ်။ ဟယ်ရီ၊ မြန်မြန် . . . . "

ဟယ်ရီက နာခံစွာနဲ့ အတွေးဇလုံပေါ် မျက်နှာအပ်လိုက်တယ်။ ခြေအစုံ ကြမ်းနဲ့ကွာသွားမှန်း သိတယ် . . . . သူဟာ အမှောင်ထဲ ကျဆင်းနေပြန်တယ်၊ နှစ်ပေါင်းများစွာက စလပ်ဂ်ဟွန်းရုံးခန်းထဲ ကျလာတယ်။

အများကြီး နုပျိုသေးတဲ့ စလပ်ဂ်ဟွန်း ဖြစ်တယ်။ ထူထဲပြီး အရောင်အဆင်းရှိတဲ့ ဝါဖန့်ဖန့်ဆံပင်၊ ညိုဝါဝါနှုတ်ခမ်းမွေးလဲ ရှိတယ်။ တောင်ပံပုံစံလက်တန်းပါတဲ့ ဇိမ်ကျတဲ့ခုံထဲမှာ ထိုင်နေတယ်။ ခြေထောက်ကို စိန်ဖြားတွတ်ပါ ထိုင်ဖုံကြီးပေါ် တင်ထားတယ်။ လက်တစ်ဘက်က စပျစ်ဝိုင်ခွက်ကလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ခွက် တိုင်ထားတယ်၊ ကျန်လက်တစ်ဘက်ဟာ နာနတ်ယိုဘူးထဲ နှိုက်နေတယ်။ ဆယ်ကျော်သက်အရွယ် ကောင်လေး ခြောက်ယောက် ခုနစ်ယောက်ဟာ စလပ်ဂ်ဟွန်းဘေးမှာ ဝိုင်းထိုင်နေတယ်၊ ၎င်းတို့အနက် တွမ်-ရစ်ဒေါ်လည်း ပါတယ်။ မာဗိုလိုရဲ့ ကျောက်နက်လက်စွပ်ဟာ ရစ်ဒေါ်လက်ပေါ်မှာ အရောင်လက်နေတယ်။

ဒမ်ဘာလီဒိုး ဟယ်ရီ့ဘေး သက်ဆင်းလာစဉ်မှာ ရစ်ဒေါ်က မေးနေတယ်။ "ဆရာ၊ ပါမောက္ခ မာရီသော့ အနားယူတော့မယ်ဆို"

"တွမ်၊ တွမ်၊ ကျုပ်သိရင်လဲ မင်းကို ပြောမပြနိုင်ဘူး" စလပ်ဂ်ဟွန်းက ဖြစ်တင်စွာနဲ့ သူ့ကို ယိုတွေပေနေတဲ့လက်တစ်ချောင်း ခါပြတယ်။ ဒါပေမယ့် မျက်စိလည်း မှိတ်ပြလိုက်သေးတယ်။ "မင်း သတင်း ဘယ်ကလာတယ်ဆိုတာ ကျုပ် သိချင်တယ်လို့ ပြောရမယ် ကောင်လေး။ မင်းဟာ ဆရာတစ်ဝက်ထက် ပိုသိနေတယ်"

ရစ်ဒေါ်က အသာလေးပြုံးလိုက်တယ်။ တခြားကောင်လေးတွေလည်း ရယ်ကြတယ်။ သူ့ကို ချီးကျူးစွာ ကြည့်နေကြတယ်။

"မင်းက မသိသင့်တာကိုသိတဲ့ လူလည်လေး၊ အရေးကြီးတဲ့လူကိုလဲ သေချာကျအောင် လုပ်တတ်တယ် —— မင်းပေးတဲ့ နာနတ်ယိုကိုလဲ ကျေးဇူးတင်ပါတယ်။ မင်းမှန်းတာမှန်တယ်၊ ဒါဟာ ကျုပ်အကြိုက်ဆုံးပဲ —— "

ကောင်လေးတချို့ တိတ်တိတ်ခိုး ရယ်ကြတယ်။

" —— မင်း အနှစ်နှစ်ဆယ်အတွင်းမှာ မှော်ဝန်ကြီးဖြစ်မယ်လို့ ကျုပ် ယုံကြည်တယ်။ ဆယ့်ငါးနှစ်လဲ ဖြစ်ချင်ဖြစ်မယ်။ တကယ်လို့ ကျုပ်ကို နာနတ်ယို ခဏခဏ လာပေးရင်၊ ကျုပ် ဝန်ကြီးဌာနထဲ အလွန်စိတ်ချရတဲ့ ဆက်ဆံရေး ရှိတယ်"

ကျန်ကောင်လေးတွေ ရယ်ကြပြန်တယ်။ တွမ်-ရစ်ဒေါ်ကတော့ ပြုံးရုံလေးပဲ ပြတယ်။ ဒီကောင်လေးတွေကြားမှာ သူဟာ အသက်အကြီးဆုံး မဟုတ်ဘူး၊ ဒါပေမယ့် သူတို့က သူ့ကို ခေါင်းဆောင်လို့ သဘောထားတာ ဟယ်ရီ သတိပြုမိတယ်

"နိုင်ငံရေးလောကနဲ့ ကျွန်တော်နဲ့ ကိုက်မလား ကျွန်တော် မသိဘူး ဆရာ" ရယ်သံတွေကျဲသွားပြီးတော့ တွမ်-ရစ်ဒေါ်က ပြောတယ်။ "အရင်ဆုံး ကျွန်တော့်မှာ ကျောထောက်နောက်ခံ မရှိဘူး"



ဘေးရှိကောင်လေးနှစ်ယောက်က အပြန်အလှန်ကြည့်ပြီး ရယ်တယ်။ သူတို့ဟာ အချင်းချင်းကြားက ဟာသတစ်ခုကို တွေးမိလို့ဆိုတာ ဟယ်ရီ ယုံကြည်တယ်။ သူတို့သိနေတာ ဒါမှမဟုတ် မှန်းကြည့်တာလည်း ဖြစ်မယ်၊ သူတို့ဂိုဏ်းခေါင်းဆောင်ရဲ့ နာမည်ကျော်ကြားတဲ့ ဘိုးဘေနဲ့ ပတ်သက်တယ်။

"အဓိပ္ပာယ်မရှိတာ" စလပ်ဂ်ဟွန်းက ပွင့်လင်းစွာ ပြောတယ်။ "မင်းလိုအရည်အသွေးမျိုးဟာ ဂုဏ်သရေရှိတဲ့ မှော်ဆရာမျိုးရိုးက လာမှာဆိုတာ ရှင်းနေတယ်။ မင်း ရှေ့အလားအလာ သိပ်ကောင်းတယ်၊ တွမ်၊ ကျုပ် ဒီနေ့ထိ ကျောင်းသားတစ်ယောက်မှ အကြည့်မမှားခဲ့သေးဘူး"

စလပ်ဂ်ဟွန်း စာရေးစားပွဲပေါ်က ရွှေနာရီလေးဟာ ဆယ့်တစ်ချက် တီးသွားတယ်။

"အမလေး၊ အချိန်တန်ပြီ။ သွားသင့်ပြီ၊ ကောင်လေးတွေ၊ နို့မို့ရင် ပြဿနာတက်လိမ့်မယ်။ လက်စ်ထရိန်း၊ မနက်ဖြန်စာတမ်းအပ်၊ နို့မို့ရင် ကျောင်းပိတ်မယ်။ မင်းလဲပဲ၊ အဲဗရီ"

ကောင်လေးတွေ အလျှိုအလျှို ထွက်သွားကြတယ်။ စလပ်ဂ်ဟွန်းဟာ ထိုင်ခုံပေါ်က ရုန်းထပြီး ဖန်ခွက်အလွတ်ကို စားပွဲရှေ့ ယူသွားတယ်။ ကျောဘက်က အသံကြောင့် သူ လှည့်ကြည့်တယ်၊ ရစ်ဒေါ် ရပ်နေသေးတယ်။

"မြန်မြန်လေး၊ တွမ်။ မီးမှိတ်ချိန် အပြင်ရောက်နေလို့ အဖမ်းမခံချင်ဘူး မဟုတ်လား။ မင်းက အတန်းခေါင်းဆောင် . . . . "

"ဆရာ၊ ကျွန်တော် မေးစရာနည်းနည်းရှိတယ်"

"ဒါဆို မြန်မြန်မေး၊ ကောင်လေး၊ မြန်မြန်မေး . . . . "

"ဆရာ၊ သင်သိလားမသိဘူး . . . . ဝိညာဉ်ပစ္စည်း"

စလပ်ဂ်ဟွန်းက သူ့ကို စိုက်ကြည့်နေတယ်၊ ဝတုတ်တုတ်လက်ချောင်းတွေဟာ စိတ်မပါဘဲ ဖန်ခွက်ခြေတိုင်ကို ပွတ်နေတယ်။

"မှော်နက်ပညာခုခံကာကွယ်တဲ့အတတ်နဲ့ စပ်ဆိုင်တာလား"

ဒါပေမယ့် စလပ်ဂ်ဟွန်းဟာ ကျောင်းစာနဲ့ မဆိုင်ဘူးဆိုတာ သူ သိနေတယ်လို့ ဟယ်ရီ တွေ့ရတယ်။

"မဟုတ်ဘူး၊ ဆရာ၊ ကျွန်တော် စာအုပ်ထဲမှာ တွေ့တာ၊ သိပ်နားမလည်ဘူး"

"ဟင့်အင်း . . . . ဒီလို . . . . ဟော့ဂ်ဝပ်မှာ ဝိညာဉ်ပစ္စည်းအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အသေးစိတ်ရေးထားတဲ့စာအုပ် ရှာရဖို့ မလွယ်ဘူး၊ တွမ်၊ အဲဒါ အလွန့်ကို ဆိုးယုတ်တဲ့အရာ၊ အလွန့်ကို ဆိုးယုတ်တယ်" စလပ်ဂ်ဟွန်းက ပြောတယ်။

"ဒါပေမယ့် သင် ဒါတွေနဲ့ ပတ်သက်ပြီး သိတယ်မဟုတ်လား၊ ဆရာ၊ ကျွန်တော်ပြောတာက၊ သင့်လိုမှော်ဆရာမျိုး —— ဝမ်းနည်းပါတယ်၊ ကျွန်တော့် အဓိပ္ပာယ်က၊ တကယ်လို့ သင် ကျွန်တော့်ကို ပြောမပြနိုင်ဘူးဆိုရင်၊ ထင်ရှားတာက —— ကျွန်တော့်ကို ပြောပြနိုင်မယ့်လူရှိရင်၊ အဲဒါ သင်ပဲ —— ဒါကြောင့် ကျွန်တော် မေးကြည့်ချင်တာ ——"

ကွက်တိပဲ၊ ဟယ်ရီက တွေးတယ်။ တွေဝေပြီး မထင်မှတ်တဲ့လေသံ ပညာသားပါပါ မြှောက်ပင့်ပေးခြင်းဟာ နည်းနည်းမှ မလွန်ဘူး။ ဟယ်ရီကိုယ်နှိုက်လည်း မပေးချင်တဲ့လူဆီက သတင်းနဲ့ အဖြစ်အပျက်ကို နှိုက်ယူတဲ့ အတွေ့အကြုံ အများကြီးရှိတယ်၊ မြွေမြွေချင်း ခြေမမြင်တာ မရှိဘူး။ ရစ်ဒေါ်ဟာ ဒီသတင်းအချက်အလက်ကို အလွန့်အလွန် လိုချင်နေတာ သူ သိမြင်ရတယ်။ ဒီအချိန်လေးရဖို့ ကြံစည်နေတာ ရက်သတ္တပတ်အချို့ရှိတာလည်း ဖြစ်နိုင်တယ်။

"ဟုတ်ပြီ" စလပ်ဂ်ဟွန်းက ပြောတယ်၊ သူက ရစ်ဒေါ်ကို မကြည့်ဘူး နာနတ်ယိုဘူးပေါ်က ဖဲကြိုးကို ဆော့ကစားနေတယ်။ "အမှန်ပဲ၊ မင်းကို လွယ်လွယ်ပဲ သိအောင်ပြောပြပေးတာ ဘာမှအကျိုးမယုတ်ပါဘူး၊ ဒီဝေါဟာရကို မင်းသိစေတာပေါ့။ ဝိညာဉ်ပစ္စည်းဆိုတာ လူတစ်ယောက်ရဲ့ဝိညာဉ် တစိတ်တပိုင်းကို သို့ဝှက်ထားတဲ့ပစ္စည်းပဲ"

"ဒါပေမယ့် အဲဒါဘယ်လိုဆိုတာ ကျွန်တော် သိပ်နားမလည်ဘူး ဆရာ"

သူ့အသံက သတိနဲ့ ချုပ်ထိန်းပြောတာ၊ ဒါပေမယ့် သူစိတ်လှုပ်ရှားနေတာ ဟယ်ရီ မြင်တွေ့ရတယ်။

"ဒါက၊ မင်းဟာ မင်းဝိညာဉ်ကို ခွဲပစ်တာ၊ သိတယ်နော်" စလပ်ဂ်ဟွန်းက ပြောတယ်။ "တစိတ်တပိုင်းကို ကိုယ်ခန္ဓာအပြင်ဘက်က ပစ္စည်းတစ်ခုခုထဲမှာ ဝှက်ထားတာ၊ ဒီလိုဆိုတော့၊ မင်းကိုယ်ခန္ဓာအတိုက်ခိုက်ခံရမယ် ဒါမှမဟုတ် ဖျက်ဆီးခံရမယ်ဆိုရင်လဲ၊ မင်း မသေနိုင်ဘူး။ အကြောင်းက ဝိညာဉ်တစိတ်တပိုင်း ကမ္ဘာမြေပေါ်မှာ ကျန်နေတယ်၊ အဖျက်ဆီး မခံရလို့ပဲ။ ဒါပေမယ့် အမှန်ပဲ၊ ဒီလိုသဏ္ဌာန်နဲ့ တည်ရှိနေတာဟာ . . . ."



စလပ်ဂ်ဟွန်းရဲ့မျက်နှာ တွန့်သွားတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က သူ ကြားဖူးတဲ့စကားကို ဟယ်ရီ ပြန်တွေးမိတယ်။

"ကျုပ်ကိုယ်ခန္ဓာ ဆုတ်ခွာပစ်တာ ခံရတယ်၊ ဝိညာဉ်ထက်တောင် ဆိုးတယ်၊ အနုတ်စုတ်သော ဝိညာဉ်ထက်တောင် ဆိုးသေးတယ် . . . . ဒါပေမယ့် ကျုပ် အသက်ရှင်နေသေးတယ်"

" . . . . ဒီလိုလုပ်ချင်တဲ့လူ နည်းတယ်၊ တွမ်၊ အလွန့်ကိုနည်းတယ်။ သေတာကမှ ပိုကောင်းသေးတယ်"

ဒါပေမယ့် ရစ်ဒေါ်ရဲ့ဆာလောင်မွတ်သိပ်ခြင်းဟာ အခု အလွန်ပေါ်လွင်လာပြီ။ သူဟာ အငမ်းမရဖြစ်ပြီး မိမိရမွက်ကို ဖုံးကွယ်ထားလို့ မရတော့ဘူး။

"ဝိညာဉ်ကို ဘယ်လိုခွဲထုတ်ရမလဲ"

"အိုး" စလပ်ဂ်ဟွန်းက စိုးရိမ်စွာနဲ့ ပြောတယ်။ "မင်းသိရမှာက၊ ဝိညာဉ်ဆိုတာ ပြီးပြည့်စုံအောင် ထားရတယ်။ ၎င်းကို ခွဲထုတ်တာဟာ ချိုးဖောက်ခြင်း ဖြစ်တယ်၊ သဘာဝကို ဆန့်ကျင်ခြင်းဖြစ်တယ်"

"ဒါပေမယ့် ဘယ်လိုခွဲထုတ်ရမလဲ"

"ဆိုးယုတ်တဲ့အပြုအမူနဲ့ —— အဆိုးယုတ်ဆုံးအပြုအမူ၊ လုပ်ကြံသတ်ဖြတ်ခြင်း။ လူသတ်ရင် ဝိညာဉ်ကို ကွဲသွားစေတယ်။ ဝိညာဉ်ပစ္စည်းပြုလုပ်ချင်တဲ့ မှော်ဆရာဟာ ဒီလိုဖျက်ဆီးခြင်းကို အသုံးချတယ်။ အဲဒါက ခွဲထုတ်ထားတဲ့ ဝိညာဉ်အပိုင်းအစကို တစ်ခုခုထဲ ထည့်ပိတ်ထား ——"

"ထည့်ပိတ်ထားတယ် ? ဒါပေမယ့် ဘယ်လိုလုပ် ——"

"ကျိန်စာတစ်ခုရှိတယ်၊ ကျုပ်ကို မမေးနဲ့ ကျုပ် မသိဘူး" စလပ်ဂ်ဟွန်းဟာ ခြင်ကိုက်လို့ စိတ်ရှုပ်နေတဲ့ ဆင်အိုကြီးလို ခေါင်းကို ခါနေတယ်။ "ကျုပ်ကို ကြည့်ရတာ လုပ်ဖူးတဲ့လူနဲ့တူလို့လား —— ကျုပ်က လူသတ်သမားနဲ့ တူလို့လား"

"ဟင့်အင်း၊ ဆရာ၊ ဘယ်ဟုတ်မှာလဲ" ရစ်ဒေါ်က ပြောတယ်။ "ဝမ်းနည်းပါတယ် . . . . ကျွန်တော် စော်ကားတာမဟုတ်ပါဘူး . . . ."

"ဘယ်ကလာ၊ ဘယ်ကလာ၊ မစော်ကားပါဘူး" စလပ်ဂ်ဟွန်းက အသံအအနဲ့ ပြောတယ်။ "ဒီတိစ္ဆာတွေအပေါ် သိလိုစိတ်ဖြစ်တာ သဘာဝပါပဲ

www.burmeseclassic.com

www.burmeseclassic.com



. . . . စွမ်းရည်ရှိတဲ့ မှော်ဆရာတွေဟာ မှော်ပညာရဲ့ တခြားတစ်ဘက်ကို စိတ်ဝင်စားကြတာပဲ . . . ."

"ဟုတ်တယ်၊ ဆရာ" ရစ်ဒေါ်က ပြောတယ်။ "ဒါပေမယ့် ကျွန်တော် နားမလည်တာက —— သိလိုစိတ်တစ်ခုတည်းပါ၊ ကျွန်တော်မေးချင်တာက၊ ဝိညာဉ်ပစ္စည်းတစ်ခုဟာ အသုံးသိပ်ကျသလား။ ဝိညာဉ်ဆိုတာ တစ်ကြိမ်ပဲ ခွဲထုတ်လို့ရတာလား။ ပိုများများ ခွဲထုတ်ရင် ပိုမကောင်းဘူးလား၊ ပိုပြီး ခွန်အားကြီးမလာဘူးလား။ ဥပမာ၊ ခုနစ်ဟာ မှော်အားကောင်းတဲ့ကိန်းဂဏန်း မဟုတ်ဘူးလား။ ခုနစ် —— ?"

"အမလေး၊ တွမ်" စလပ်ဂ်ဟွန်းက အော်ပြောတယ်။ "ခုနစ်ခုတဲ့၊ လူတစ်ယောက်ကို သတ်တာတောင် မဆိုးယုတ်သေးဘူးလား။ ဘာပဲဖြစ်ဖြစ် . . . . ဝိညာဉ်ကို ခွဲထုတ်တာ သိပ်ကို ဆိုးယုတ်လှပြီ . . . . ခုနစ်ခုခွဲမယ်ဆိုတာက . . . ."

အခု စလပ်ဂ်ဟွန်းဟာ အလွန်စိုးရိမ်ကြောင့်ကြနေပုံရတယ်။ သူဟာ ရစ်ဒေါ်ကို ကြည့်နေတယ်၊ အရင်က မမြင်ဖူးသလိုပဲ။ သူဟာ ဒီစကားပြောခြင်းမှာ ပါဝင်မိတာကို နောင်တရနေတယ်ဆိုတာ ဟယ်ရီ မြင်တွေ့ရတယ်။

"အမှန်ပဲ" သူက တိုးတိုးပြောတယ်။ "ကျုပ်တို့ ခုပြောတာတွေဟာ ထင်ကြေးတွေပဲ၊ ဟုတ်လား။ ဆွေးနွေးတာပဲ ဖြစ်တယ် . . . ."

"ဟုတ်တယ်၊ ဆရာ၊ အမှန်ပဲ" ရစ်ဒေါ်က ချက်ချင်းပြောတယ်။

"ဒါပေမယ့်၊ တွမ် . . . . ကျုပ်ပြောတာတွေ —— ကျုပ်တို့ ဆွေးနွေးတာတွေကို အပြင်မပြောပါနဲ့။ ကျုပ်တို့ ဝိညာဉ်ပစ္စည်းအကြောင်း ဆွေးနွေးတာ လူတွေသိရင် ကြိုက်မှာမဟုတ်ဘူး။ ဒါ ဟော့ဂ်ဝပ်မှာ တားမြစ်တယ်၊ မင်းသိတယ် . . . . အထူးသဖြင့် ဒမ်ဘလီဒိုးက ပိုပြင်းထန်သေးတယ် . . . ."

"ကျွန်တော် မပြောပါဘူး၊ ဆရာ" ရစ်ဒေါ်က ပြောပြီးတာနဲ့ ထွက်သွားတယ်။ ဒါပေမယ့် သူ့မျက်နှာပေါ်မှာ အတိုင်းထက်အလွန် ဝမ်းသာနေတာ ဟယ်ရီ မြင်ရတယ်။ သူ့ကိုယ်သူ မှော်ဆရာလို့ သိရတဲ့အချိန်ကလိုပဲ။ အဲဒီလို ဝမ်းသာခြင်းဟာ သူ့မျက်နှာကို ပိုပြီးသားနားမလာစေတဲ့အပြင်၊ ကြောက်စရာ ကောင်း ကောင်းနေတယ် . . . .

"ကျေးဇူးတင်တယ်၊ ဟယ်ရီ" ဒမ်ဘလီဒိုးက တိုးတိုးပြောတယ်။ "ချွန်တို့ သွားစို့ . . . ."



ဟယ်ရီဟာ ရုံးခန်းကြမ်းပြင်ပေါ် ပြန်ကျလာတယ်။ ဒမ်ဘလီဒိုးဟာ စာရေးစားပွဲနောက်မှာ ထိုင်နေနှင့်ပြီ။ ဟယ်ရီလည်း ထိုင်လိုက်တယ်။ ဒမ်ဘလီဒိုး စပြောတာကို စောင့်နေတယ်။

"ဒီသက်သေအထောက်အထားကို ကျုပ်စောင့်နေတာ ကြာလှပြီ" ဒမ်ဘလီဒိုးက နောက်ဆုံးမှာ ပြောတယ်။ "ဒါက ကျုပ်မှန်းချက်ကို အတည်ပြုပေးတယ်။ ကျုပ်မှန်တယ်ဆိုတာ သက်သေပြတယ်။ ရှေ့သွားရမယ့်ခရီး အဝေးကြီးရှိသေးတယ်ဆိုတာကိုလဲ ပြောပြနေတယ် . . . ."

နံရံပေါ်ရှိ အရုပ်ကားထဲက ကျောင်းအုပ်ဆရာဟောင်းကြီးတွေ အားလုံး နိုးလာပြီး သူတို့စကားပြောတာကို နားထောင်နေတာ ဟယ်ရီ ရုတ်တရက် တွေ့ရှိရတယ်။ နှာခေါင်းနီနီနဲ့ ဝတုတ်တဲ့ မှော်ဆရာဟာ နားကြားနားကြပ်တောင် ယူထုတ်လိုက်သေးတယ်။

"ဟယ်ရီ" ဒမ်ဘလီဒိုးက ပြောတယ်။ "ခုနက စကားပြောကြတာရဲ့ အရေးကြီးမှုကို မင်းနားလည်လိမ့်မယ်လို့ ကျုပ် ယုံတယ်။ မင်းလို အသက်အရွယ်မှာပဲ၊ တွမ်-ရစ်ဒေါ်ဟာ သူ့ကို မသေအောင်လုပ်နိုင်တဲ့နည်းလမ်းကို မရအရ လိုက်ရှာနေတယ်"

"ဒါဆို၊ သူ အောင်မြင်သွားတယ်လို့ သင်ထင်သလား၊ ဆရာ" ဟယ်ရီက မေးတယ်။ "သူ ဝိညာဉ်ပစ္စည်းလုပ်လို့ ရသွားသလား။ ဒါကြောင့် သူ ကျွန်တော့်ကို တိုက်ခိုက်ပြီးနောက် သေမသွားဘူး။ သူဟာ တစ်နေရာရာမှာ ဝိညာဉ်ပစ္စည်းတစ်ခုကို ဝှက်ထားတယ် ? သူ့ရဲ့ ဝိညာဉ်တစ်စဟာ လုံခြုံနေတယ် ?"

"တစ်စ . . . . ဒါမှမဟုတ် ပိုများများ" ဒမ်ဘလီဒိုးက ပြောတယ်။ "မင်း ဗိုလ်ဒီမွန်ရဲ့စကားကို ကြားရပြီ။ သူ စလပ်ဂ်ဟွန်းဆီက သိပ်သိချင်တာက၊ မှော်ဆရာတစ်ယောက်ဟာ ဝိညာဉ်ပစ္စည်းအများ ပြုလုပ်ရင် ဘယ်လိုဖြစ်မလဲ။ တကယ်လို့ မှော်ဆရာတစ်ယောက်ဟာ သေခြင်းက ရှောင်ပြေးဖို့အတွက်၊ အကြိမ်ကြိမ် လူသတ်ပြီး မိမိဝိညာဉ်ကို အကြိမ်ကြိမ် ခွဲထုတ်ကာ၊ သီးခြား သိမ်းဆည်းထားတဲ့ ဝိညာဉ်ပစ္စည်းအများထဲမှာ ထည့်ထားရင်၊ ဘယ်လိုအကျိုးသက်ရောက်မလဲဆိုတာပဲ၊ သူ့ကို ဒီဗဟုသုတပေးမယ့်စာအုပ် မရှိဘူး။ ကျုပ်သိရသလောက် —— ဗိုလ်ဒီမွန်လဲ သိလိမ့်မယ်ထင်တယ် —— ဘယ်မှော်ဆရာကမှ မိမိဝိညာဉ်ကို နှစ်ဆထက် ပိုခွဲထုတ်တာ မရှိသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဒမ်ဘလီဒိုး ရပ်လိုက်တယ်။ အတွေးကို ရှင်းနေတယ်၊ ဒီနောက် ပြောတယ်။ "လွန်ခဲ့တဲ့လေးနှစ်က၊ ဗိုလဒီမွန်း သူ့ဝိညာဉ်ကို ခွဲထုတ်တယ်ဆိုတဲ့ သက်သေအထောက်အထားတစ်ခု ရတယ်။

"ဘယ်မှာလဲ" ဟယ်ရီက မေးတယ်။ "ဘယ်လိုလုပ်သိလဲ"

"မင်း ကျုပ်ကိုပေးတာ၊ ဟယ်ရီ" ဒမ်ဘလီဒိုးက ပြောတယ်။ "ဟို နေ့စဉ်မှတ်တမ်း၊ ရစ်ဒေါ်ရဲ့မှတ်တမ်း၊ လျှို့ဝှက်အခန်းကို ဘယ်လိုပြန်ဖွင့်ရမယ်ဆိုတာ ပြောပြထားတဲ့ နေ့စဉ်မှတ်တမ်းစာအုပ်"

"ကျွန်တော် နားမလည်ဘူး၊ ဆရာ"

"အင်း၊ မှတ်တမ်းထဲက ပေါ်လာတဲ့ ရစ်ဒေါ်ကို ကျုပ် မမြင်ရပေမယ့် မင်း ကျုပ်ကို ပြောပြတာဟာ ကျုပ် မမြင်ဖူးတဲ့ဖြစ်ရပ်။ မှတ်ဉာဏ်တစ်ခုတည်းနဲ့၊ မိမိရဲ့လှုပ်ရှားမှုနဲ့ အတွေးအခေါ် ရှိနိုင်မလား ? မှတ်ဉာဏ်တစ်ခုတည်းနဲ့ ၎င်းကို ရယူတဲ့မိန်းကလေးရဲ့အသက်ကို စုပ်ယူနိုင်တယ် ? ဟင့်အင်း၊ အဲဒီ မှတ်တမ်းထဲမှာ ပိုပြီးဆိုးယုတ်တဲ့အရာရှိတယ် . . . . ဝိညာဉ်တစ်စ။ အဲဒီ မှတ်တမ်းဟာ ဝိညာဉ်ပစ္စည်းတစ်ခုလို့ ကျုပ် သေချာပြောနိုင်သလောက်ရှိတယ်။ သို့ပေမယ့် ဒါက မေးခွန်းတွေ ပိုများလာတယ်။ ကျုပ် စိတ်အဝင်စားဆုံးနဲ့ အတုန်လှုပ်ဆုံးကတော့၊ အဲဒီမှတ်တမ်းဟာ ကာကွယ်တဲ့ပစ္စည်းအဖြစ်ရော လက်နက်အဖြစ်ပါ အသုံးချခဲ့တာပဲ"

"ကျွန်တော် ခုလဲ နားမလည်သေးဘူး" ဟယ်ရီက ပြောတယ်။

"၎င်းဟာ ဝိညာဉ်ပစ္စည်းအခန်းက ပါတယ် —— တစ်နည်းပြောရရင် အတွင်းမှာ သိမ်းဆည်းထားတဲ့ ဝိညာဉ်အစဟာ လုံခြုံတယ်။ သခင်ကို မသေအောင် ကူညီတဲ့အခန်းကလဲ တကယ်ပါဝင်နေတယ်။ ဒါပေမယ့် ရစ်ဒေါ်ဟာ အဲဒီနေ့စဉ်မှတ်တမ်းကို သူများဖတ်မိစေချင်တယ်၊ မိမိရဲ့ အဲဒီဝိညာဉ်အပိုင်းအစဟာ သူများကိုယ်ပေါ်မှာ ဝင်ပူးစေချင်တယ်၊ ဒါမှ နောင်မှာ စလေးသရင်းအဓောင်ဖ်ဆိုးကို ပြန်လွှတ်လိုက်နိုင်မယ်"

"အင်း၊ သူက သူပင်ပန်းခံရတာတွေ အလကားမဖြစ်ချင်ဘူး" ဟယ်ရီက ပြောတယ်။ "သူဟာ စလေးသရင်းရဲ့ ဆက်ခံသူလို့ လူတွေ သိစေချင်တယ်၊ အကြောင်းက ထိုစဉ်က သူ့မှာ ဘာနာမည်မှ မရှိသေးလို့"

"သိပ်မှန်တယ်" ဒမ်ဘလီဒိုးက ခေါင်းညိတ်ပြီး ပြောတယ်။ "ဒါပေမဲ့ မင်း တွေးမိလား၊ ဟယ်ရီ။ တကယ်လို့ နေ့စဉ်မှတ်တမ်းကို ဟော့ဂ်ဝပ်



ကျောင်းသားတစ်ယောက်ယောက်ကို လက်ဆင့်ကမ်းပေးမယ်၊ ဒါမှမဟုတ် အမြစ်တွယ်အောင် လုပ်ပေးနိုင်ရင်၊ အထဲမှာရှိတဲ့ တန်ဖိုးရှိတဲ့ ဝိညာဉ်အပိုင်းအစကို နည်းနည်းမှ စိုးရိမ်စရာမရှိဘူး။ ပါမောက္ခ စလပ်ဂ်ဟွန်း ပြောသလိုပဲ၊ ဝိညာဉ်ပစ္စည်းရဲ့ အသုံးဝင်မှုဟာ၊ မိမိရဲ့ဝိညာဉ်အပိုင်းအစကို လုံခြုံစွာ သိုလှောင်ထားရမှာ၊ သူများသွားတဲ့လမ်းမှာ ပစ်ထားပြီး အသုတ်သင်ခံရမယ့်အန္တရာယ်နဲ့ တွေ့ဖို့မဟုတ်ဘူး —— ဒါဟာ စင်စစ်မှာ ဖြစ်ပွားပြီးပြီ။ အဲဒီဝိညာဉ်အပိုင်းအစ ဟာ မရှိတော့ဘူး၊ ဒါ မင်းမြင်ရပြီးပြီ။

"ဗိုလဒီမွန့်က ဒီဝိညာဉ်ပစ္စည်းပေါ် ပေါ့ဆမှုက၊ ကျုပ်ကို နိမိတ် မကောင်းဘူးလို့ ထင်စေတယ်။ ဒါဟာ သူ့ဝိညာဉ်ပစ္စည်း ပိုများများ —— ပြုလုပ်ပြီးပြီ၊ ဒါမှမဟုတ်၊ လုပ်ဖို့စီမံထားပြီဆိုတာ ဖော်ပြတယ်။ ဒါကြောင့်၊ တစ်ခု ဆုံးရှုံးသွားတာ ဒီလောက်အန္တရာယ်မကြီးဘူး။ ကျုပ် ဒါကို မယုံချင်ဘူး။ ဒါပေမယ့် တခြားရှင်းပြနိုင်တဲ့နည်းလဲ မရှိတော့ဘူး"

"နှစ်နှစ်ကြာပြီးနောက် မင်း ကျုပ်ကို ပြောပြတယ်၊ ဗိုလဒီမွန်း သူ့ ခန္ဓာကိုယ် ပြန်ရတဲ့ညမှာ ဒက်အီတာတွေကို လူတွေ သတိရှိစေတဲ့စကား ပြောတယ်။ 'ကျုပ်ဟာ၊ ထာဝရအသက်ရှင်ရေးလမ်းကြောင်းပေါ်မှာ ဘယ်သူ ထက်မဆို ဝေးဝေးသွားခဲ့တယ်' ဒါဟာ သူပြောတဲ့စကားလို့ မင်း ကျုပ်ကို ပြောပြတယ်။ 'ဘယ်သူ့ထက်မဆို ဝေးဝေးသွားခဲ့တယ်' ဒက်အီတာတွေမသိဘူး၊ ဒါပေမယ့် ကျုပ်က ၎င်းရဲ့အဓိပ္ပာယ်ကို သိတယ်။ သူက သူ့ရဲ့ဝိညာဉ်ပစ္စည်းကို ပြောနေတာ၊ ဝိညာဉ်ပစ္စည်းအများ၊ ဟယ်ရီ။ ဒါဟာ တခြားဘယ်မှော်ဆရာမှ မရှိခဲ့ဘူးလို့ ကျုပ် ယုံကြည်တယ်။ ဒါပေမယ့် အခြင်းအရာအားလုံးနဲ့လဲ ကိုက်ညီတယ်။ ဒီနှစ်တွေမှာ ဗိုလဒီမွန့်ဟာ ကြာလေ လူနဲ့မတူလေ ဖြစ်လာ တယ်။ အဲဒီလို ရုပ်ပြောင်းတာဟာ၊ သူ့ဝိညာဉ်အဖျက်ဆီးခံရတာဟာ၊ ကျုပ်တို့ ပြောနေတဲ့ ယေဘုယျဆိုးယုတ်တဲ့ အဝန်းအဝိုင်းကို ကျော်လွန်သွားတဲ့အတွက် ကြောင့်လို့ ကျုပ် ထင်တယ် . . . ."

"သူက မိမိမသေအောင် လူသတ်တယ် ?" ဟယ်ရီက ပြောတယ်။ "တကယ်လို့ သူ ဒီလောက်တောင် ထာဝရအသက်ရှင်ချင်ရင်၊ ဘာဖြစ်လို့ မှော်ကျောက်တုံးတစ်တုံး မပြုလုပ်တာလဲ၊ ဒါမှမဟုတ် တစ်တုံးမခိုးတာလဲ"

"လွန်ခဲ့တဲ့ငါးနှစ်က သူ ဒီအတိုင်းလုပ်တယ်ဆိုတာ ကျုပ်တို့ သိပြီးပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မှော်ကျောက်တုံးကို ဝိညာဉ်ပစ္စည်းလောက် ဗိုလဒီမွန့် မနှစ်သက်ဘူး အဲဒါ အကြောင်းတချို့ရှိတယ်။

"မဒိုမသေဆေးဟာ တကယ်ပဲ အသက်ကို ရှည်စေတယ်၊ ဒါပေမယ့် အမြဲသောက်ရမယ်၊ ထာဝရသောက်သွားရမယ်၊ ဒါမှမသေမှာ။ ဒါဆိုရင် ဗိုလဒီမွန့်ဟာ ဒီဆေးကိုပဲ မှီခိုနေရမယ်။ တကယ်လို့ ဆေးကုန်သွားရင်၊ ဒါမှမဟုတ် ညစ်ညမ်းသွားရင်၊ ဒါမှမဟုတ် မှော်ကျောက်တုံး အခိုးခံရရင်၊ သူဟာ တခြားလူတွေလိုပဲ သေသွားမယ်။ ဗိုလဒီမွန့်ဟာ တစ်ယောက်တည်း လှုပ်ရှားတာ နှစ်သက်တယ်။ မှတ်မိသေးလား။ သူဟာ မှီခိုရတာကို သည်းမခံနိုင်ဘူး မဒိုမသေဆေးကို မှီခိုရမှာကိုတောင် သည်းမခံနိုင်ဘူးလို့ ကျုပ် ယုံကြည်တယ်။ အမှန်ပဲ၊ သူ မင်းကို တိုက်ခိုက်ပြီးနောက် ကျရောက်သွားတဲ့ မသေမရှင် ကြောက်စရာအခြေအနေက ရုန်းထွက်ဖို့အတွက်၊ သူ ဒီဆေးကို သောက်ချင်တယ်၊ ဒါပေမယ့် အဲဒါ ကိုယ်ခန္ဓာပြန်ရဖို့အတွက်ပဲ။ ဒီနောက်၊ သူဟာ မိမိရဲ့ဝိညာဉ်ပစ္စည်းကိုပဲ အားကိုးဖို့ ဆုံးဖြတ်တယ်လို့ ကျုပ် ယုံကြည်တယ်။ သူ တခြားဟာ မလိုတော့ဘူး။ လူခန္ဓာကိုယ်တစ်ခု ပြန်ရရင်ပြီးရော။ သူဟာ မသေတော့ဘူး . . . . ဒါမှမဟုတ်၊ ဘယ်သူ့ထက်မဆို မသေခြင်းနဲ့ ပိုမိုနီးကပ်တယ်။

"ဒါပေမယ့် အခု၊ ဟယ်ရီ၊ မင်းရယူပေးတဲ့ ချက်ကျတဲ့ မှတ်ဉာဏ်ရှိတဲ့အတွက်၊ ကျုပ်တို့ဟာ ဗိုလဒီမွန့်ကို ဘယ်လိုသုတ်သင်ရမလဲဆိုတဲ့ လျှို့ဝှက်ချက်နဲ့ ဘယ်သူ့ထက်မဆို ပိုနီးကပ်နေပြီ။ ဟယ်ရီ၊ သူပြောတာ မင်းကြားရပြီ၊ 'ပိုများများခွဲထုတ်ရင် ပိုမကောင်းဘူးလား၊ ပိုပြီးခွန်အားကြီး . . . . ခုနစ်ဟာ မှော်အားကောင်းတဲ့ ကိန်းဂဏန်း မဟုတ်ဘူးလား . . . .' ခုနစ်ဟာ မှော်အားကောင်းတဲ့ ကိန်းဂဏန်းမဟုတ်ဘူးလား။ မှန်တယ်၊ ဝိညာဉ်ကို အပိုင်းအစခုနစ်ခု ခွဲထုတ်ပစ်ဖို့က ဗိုလဒီမွန့်ကို အများကြီး ဆွဲဆောင်တယ်လို့ ကျုပ်ထင်တယ်"

"သူ ဝိညာဉ်ပစ္စည်း ခုနစ်ခု လုပ်တယ် ?" ဟယ်ရီ ထိတ်လန့်စွာ မေးတယ်၊ နံရံပေါ်က အရုပ်ကားတချို့ဟာလည်း ထိတ်လန့်ခြင်းနဲ့ ဒေါသချက်ခြင်းအသံတွေ ထွက်ပေါ်လာတယ်။ "ဒါပေမယ့် ၎င်းပစ္စည်းတွေဟာ ကမ္ဘာပေါ်က ဘယ်နေရာမှာမဆို ရှိနေနိုင်တယ် —— ဝှက်ထားမယ် —— မြှုပ်ထားမယ်၊ ဒါမှမဟုတ် ရုပ်ဖျောက်ထားမယ် ——"

"ပြဿနာရဲ့ကြီးလေးမှုကို မင်းမြင်တာ ကျုပ်အလွန်ဝမ်းသာတယ်"



ဒမ်ဘယ်လီဒိုးက တည်ငြိမ်စွာ ပြောတယ်။ "ဒါပေမယ့် ပထမဦးဆုံး၊ ဟယ်ရီ၊ ဝိညာဉ်ပစ္စည်း ခုနစ်ခုမဟုတ်ဘူး၊ ခြောက်ခု။ သတ္တမအပိုင်းအစဝိညာဉ်ဟာ ဘယ်လောက်ပဲ မပြည့်စုံပေမယ့်၊ သူ့ရဲ့ပြန်လည်ရှင်သန်လာတဲ့ ကိုယ်ခန္ဓာထဲမှာ ရှိနေတယ်။ အဲဒီအပိုင်းအစရှိတဲ့သူဟာ နှစ်ပေါင်းများစွာ အဝေးရောက်ဘဝမှာ တစ္ဆေလိုသဏ္ဍာန်နဲ့ တည်ရှိနေတယ်။ ၎င်းသာမရှိရင်၊ သူဟာ မိမိကိုယ်မိမိ မရှိတော့ဘူး။ အဲဒီသတ္တမအပိုင်းအစဝိညာဉ်ဟာ ဗိုလဒီမွန့်ကို သတ်ပစ်ချင်တဲ့လူရဲ့ နောက်ဆုံးတိုက်ရမယ့် အရာဖြစ်တယ် —— သူ့ကိုယ်ထဲက အပိုင်းအစ"

"ဒါပေမယ့် အဲဟိုဝိညာဉ်ပစ္စည်းခြောက်ခု" ဟယ်ရီက မအောင့်နိုင်သလို ပြောတယ်။ "၎င်းတို့ကို ဘယ်လိုရှာဖွေရမလဲ"

"မင်းမေ့နေပြီ . . . . မင်းက တစ်ခုကို ချေမှုန်းပြီးပြီ၊ ကျုပ်က တစ်ခုကို ချေမှုန်းလိုက်ပြီ"

"သင် တစ်ခုကို ချေမှုန်းပြီးပြီ ?" ဟယ်ရီက အမြန်မေးတယ်။

"ဟုတ်တယ်" ဒမ်ဘယ်လီဒိုးက မိမိရဲ့လောင်တူးနေတဲ့လက်ကို မြှောက်ပြပြောတယ်။ "အဲဟိုလက်စွပ်၊ ဟယ်ရီ၊ မာဗိုလိုရဲ့လက်စွပ်။ အဲဒီလက်စွပ်မှာ ကြောက်စရာ ကျိန်စာတစ်ခု ရှိတယ်။ ကျုပ်သာ —— ကျုပ်နှိမ်ချမှုမရှိတာ ခွင့်လွှတ်ပါ —— ကျုပ်သာ ပညာမမြင့်မားရင်၊ ပြီးတော့ ပါမောက္ခ စနိတ်ပ်ဟာ ကျုပ် ဒဏ်ရာပြင်းထန်စွာရပြီး ဟော့ဂ်ဝပ်ကို ပြန်လာတော့ အချိန်မီ မကူညီရင် ကျုပ် ဒီပုံပြင်ကို အသက်ရှင်ပြီး ပြောမပြနိုင်တော့ဘူး။ ဒါပေမယ့်၊ လောင်တူးသွားတဲ့လက်တစ်ဘက်နဲ့ ဗိုလဒီမွန့်ရဲ့ဝိညာဉ် ခုနစ်ပုံတစ်ပုံလဲရတာ သိပ်ဈေးကြီးတယ်လို့တော့ မထင်ဘူး။ လက်စွပ်ဟာ ဝိညာဉ်ပစ္စည်း မဟုတ်တော့ဘူး"

"ဒါဆို သင် ဘယ်လို ရှာတွေ့တာလဲ"

"မင်း သိပါတယ်၊ ကျုပ်ဟာ ဗိုလဒီမွန့်ရဲ့ အရင်ကဘဝကို နားလည်အောင် နှစ်ပေါင်းမနည်း ကြိုးစားခဲ့တယ်။ နေရာအများအပြားကို သွားခဲ့တယ်၊ သူ့ခြေရာကို လိုက်ရှာခဲ့တယ်။ ဒီလက်စွပ်ကို ဂေါင့်တို့အိမ်က အပျက်အစီးထဲမှာ ဝှက်ထားတာ တွေ့ရှိရတယ်။ ဗိုလဒီမွန့်ဟာ ၎င်းရဲ့ဝိညာဉ်အစတစ်ခုကို ဒီထဲမှာ ဝှက်ထားသလိုပဲ၊ လက်စွပ်ကို သူ စွပ်မထားတော့ဘူး။ သူက လက်စွပ်ကို မိမိဘိုးဘွားနေခဲ့ဖူးတဲ့ အိမ်ထဲ (မော်ဖင်ကို အက်ဇကာဘန် ပို့ထားပြီးပြီ)မှာ

www.burmeseclassic.com

www.burmeseclassic.com



ဖွတ်ထားတယ်။ အလွန်အားကောင်းတဲ့ မှော်ပညာနဲ့ ၎င်းကို အကာအကွယ်ထားတယ်။ ဒါပေမယ့် ဗိုလ်ဒီမွန့်ဟာ ကျုပ် တစ်နေ့နေ့မှာ ဒီအပျက်အစီးကို လာရှာလိမ့်မယ်ဆိုတာ သူ မတွေးမိဘူး။ မှော်ပညာနဲ့ ကွယ်ဝှက်ထားတဲ့ ခြေရာလက်ရာတွေကို သေချာရှာဖွေလိမ့်မယ်ဆိုတာလည်း သူ မတွေးမိဘူး။

"သို့ပေမယ့် ကျုပ်တို့ သိပ်စောစော အောင်ပွဲမခံနဲ့ဦး။ မင်းက မှတ်တမ်းကို ဖျက်ဆီးလိုက်တယ်၊ ကျုပ်က လက်စွပ်ကို သုတ်သင်လိုက်တယ်။ တကယ်လို့ ဝိညာဉ်ခုနစ်စိတ်ဆိုတဲ့ ခန့်မှန်းချက် မှန်ကန်ခဲ့ရင် ဝိညာဉ်ပစ္စည်းလေးခု ကျန်သေးတယ်"

"၎င်းတို့ဟာ ဘာမဆို ဖြစ်နိုင်တယ် ?" ဟယ်ရီက ပြောတယ်။ "သံစည်သွတ်ဘူးအဟောင်း၊ ဒါမှမဟုတ်၊ ဆေးပုလင်းအလွတ် . . . . ?"

"မင်းတွေးတာက တံခါးသော့၊ ဟယ်ရီ၊ အဲဒါတွေဟာ လျစ်လျူရှုလွယ်တဲ့ ရိုးရိုးပစ္စည်းတွေ။ ဒါပေမယ့် ဗိုလ်ဒီမွန့်က သံခွက်အဟောင်း၊ ဆေးပုလင်းအလွတ်နဲ့ ၎င်းရဲ့တန်ဖိုးရှိတဲ့ ဝိညာဉ်ကို ထည့်သိမ်းပါ့မလား။ ကျုပ်မင်းကိုပြောပြတဲ့တစ်ချက်ကို မင်းမေ့နေပြီ။ ဗိုလ်ဒီမွန့်ဟာ အမှတ်တရပစ္စည်းသိမ်းဆည်းတဲ့ အလေ့အကျင့်ရှိတယ်။ သူဟာ အားကောင်းတဲ့ မှော်ပညာရှိတဲ့ သမိုင်းအစီပွာယ် ပါတဲ့အရာကို ကြိုက်နှစ်သက်တယ်။ သူ့ရဲ့မာန၊ သူ့ရဲ့သာလွန်လိုတဲ့စိတ်၊ မှော်သမိုင်းမှာ မိမိအတွက် အံ့မခန်း နေရာရလိုတဲ့ စိတ်ဆုံးဖြတ်ချက်၊ ဒါတွေအားလုံးက ဗိုလ်ဒီမွန့်ဟာ မိမိရဲ့ဝိညာဉ်ပစ္စည်းကို သေချာရွေးချယ်မယ်၊ ဒီလိုဂုဏ်ဒြပ်နဲ့တန်တဲ့အရာကိုပဲ ရွေးချယ်လိမ့်မယ်လို့ ကျုပ် ထင်တယ်"

"နေ့စဉ်မှတ်တမ်းက ဒီလောက်မထူးခြားဘူး"

"မင်းဖာသာပြောဖူးတယ်၊ နေ့စဉ်မှတ်တမ်းဟာ သူ့ကို စလေးသရင်းရဲ့ဆက်ခံသူလို့ သက်သေပြနိုင်တယ်၊ ဗိုလ်ဒီမွန့်က ၎င်းဟာ အစီပွာယ်လေးနက်တယ်လို့ ထင်မယ်ဆိုတာ ကျုပ် ယုံကြည်တယ်"

"ဒါဆိုရင်၊ တခြားဝိညာဉ်ပစ္စည်းတွေကကော" ဟယ်ရီက မေးတယ်။ "၎င်းတို့ဟာ ဘာတွေဆိုတာ သင်သိသလား၊ ဆရာ"

"ကျုပ် ခန့်မှန်းပဲ ခန့်မှန်းနိုင်တယ်" ဒမ်ဘယ်လီဒိုးက ပြောတယ်။ "ခုနကပြောခဲ့တဲ့အကြောင်းကြောင့်၊ ဗိုလ်ဒီမွန့်ဟာ ကိုယ်နှိုက်က အဆင့်မြင့်တဲ့အရာတွေကို ကြိုက်နှစ်သက်လိမ့်မယ်။ ဗိုလ်ဒီမွန့်ရဲ့ အတိတ်ကို ကျုပ် ကြိုးစား



ရှာဖွေပြီး ဒီလိုအရာဝတ္ထုတွေ သူ့ပတ်ဝန်းကျင်မှာ ပျောက်ကွယ်သွားတဲ့ခြေရာကို ရှာကြည့်ခဲ့လို့"

"ရွှေလော့ကက်သီး" ဟယ်ရီက အကျယ်ကြီးပြောတယ်။ "ဟပ်ဖ်ဖတ်ရဲ့ ခွက်"

"မှန်တယ်" ဒမ်ဘယ်လီဒိုး ပြုံးပြီးပြောတယ်။ "ကျုပ် လောင်းဝံ့တယ် — ကျုပ်ရဲ့ ဒီလက်ကောင်းနဲ့တော့ မဟုတ်ဘူးပေါ့။ လက်ချောင်းနှစ်ချောင်းနဲ့ လောင်းဝံ့တယ်။ ၎င်းတို့ဟာ တတိယနဲ့ စတုတ္ထဝိညာဉ်ပစ္စည်းပဲ ဖြစ်မယ်။ ကျန်နှစ်ခုက နည်းနည်းခက်လိမ့်မယ် — သူ အားလုံးခြောက်ခုလုပ်တယ်ထား၊ ကျုပ်စမ်းမှန်းကြည့်တယ်၊ သူဟာ ဟပ်ဖ်ဖတ်နဲ့ စလေးသရင်းရဲ့ပစ္စည်းကို ရပြီးနောက်၊ ဂရစ်ဖင်းဒေါ်နဲ့ ရေဗင်ခလောတို့ရဲ့ ကျန်ရစ်တဲ့ပစ္စည်းကို လိုက်ရှာလိမ့်မယ်။ တည်ထောင်သူလေးဦးရဲ့ ပစ္စည်းဟာ ဗိုလ်ဒီမွန့်ကို အလွန်ဆွဲဆောင်အား ကောင်းလိမ့်မယ်။ ရေဗင်ခလောရဲ့ပစ္စည်းကို သူ ရှာတွေ့ပြီလားဆိုတာ ကျုပ် မဖြေနိုင်ပေမယ့်၊ ဂရစ်ဖင်းဒေါ်ရဲ့ သိပြီးသား ကျန်ရှိနေတဲ့ ပစ္စည်းကတော့ ကောင်းမွန်စွာ ရှိနေတယ်လို့ ကျုပ် သေချာယုံကြည်တယ်"

ဒမ်ဘယ်လီဒိုးက မည်းခြောက်နေတဲ့လက်နဲ့ နောက်ဘက်နံရံပေါ်ကို ညွှန်လိုက်တယ်။ အဲဒီမှာရှိတဲ့ မှန်ဘူးထဲမှာ ပတ္တမြားကွပ်ထားတဲ့ ဓားတစ်လက်ရှိတယ်။

"ဒါဟာ သူဟော့ဂ်ဝပ်ကို ပြန်လာချင်တဲ့ တကယ့်အကြောင်းရင်းလို့ သင်ထင်သလား၊ ဆရာ" ဟယ်ရီက ပြောတယ်။ "တခြားကျောင်းတည်ထောင်သူတွေရဲ့ ကျန်ရစ်တဲ့ပစ္စည်းကို ရှာချင်လို့-?"

"အဲဒါ ကျုပ် ခန့်မှန်းတာပဲ။ ဒါပေမယ့် ဒါက ကျုပ်တို့ကို ဘာမှ သိပ်အကူအညီမရစေဘူး။ သူဟာ ကျောင်းမှာ မရှာဖွေရခင်မှာပဲ မောင်းထုတ်ခံရလို့၊ အနည်းဆုံးတော့ ကျုပ် ဒီအတိုင်းယုံကြည်တယ်။ သူဟာ တည်ထောင်သူလေးဦးရဲ့ ကျန်ရစ်တဲ့ပစ္စည်းကို စုဆောင်းတာ မအောင်မြင်ဘူးလို့ ကျုပ် ခန့်မှန်းတယ်။ သူ့မှာ နှစ်ခုတော့ရှိပြီ၊ တတိယတစ်ခုလဲ ရှာလို့ရချင်ရမယ် — လက်ရှိအခြေအနေမှာ ဒီလောက်ပဲ ခန့်မှန်းလို့ရမယ်"

"သူ ရေဗင်ခလောနဲ့ ဂရစ်ဖင်းဒေါ်တို့ပစ္စည်းကို သူရတယ်ပဲထားဦး၊ ဆဋ္ဌမဝိညာဉ်ပစ္စည်း ကျန်နေသေးတယ်" ဟယ်ရီက လက်ချောင်းရေတွက်ပြီးပြောတယ်။ "သူတို့နှစ်ခုစလုံး ရရင်တော့ တစ်မျိုးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မရဘူးထင်တယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ "ဆင္ဃမဝိညာဉ်ပစ္စည်း အ ဘာလဲဆိုတာ ကျုပ် သိတယ်လို့ ထင်တယ်။ တကယ်လို့ မင်းကို ပွင့်လင်းစွာ ပြောရရင်၊ ကျုပ် ဟိုမြွေ —— နာဂီနီရဲ့ အပြုအမူကို သတိထားနေတာ ကာလ တစ်ခုရှိပြီ၊ မင်း ဘယ်လိုပြောမလဲမသိဘူး"

"မြွေ ?" ဟယ်ရီက အလွန်အံ့အားသင့်သွားတယ်။ "သက်ရှိနဲ့ ဝိညာဉ်ပစ္စည်းလုပ်လို့ ရတယ် ?"

"သိပ်တော့မကောင်းဘူး။ အကြောင်းက မိမိဝိညာဉ်ရဲ့ တစိတ်တပိုင်းကို သူ့ဖာသာ လှုပ်နိုင်တဲ့၊ တွေးခေါ်နိုင်တဲ့အရာကို အပ်ထားတာဟာ အလွန်ကို အန္တရာယ်ရှိတယ်။ ဒါပေမယ့်၊ ကျုပ်ခန့်မှန်းတာမှန်တယ်ဆိုရင်၊ ဗိုလဒီမွန့်ဟာ မင်းမိဘအိမ်သွားပြီး မင်းကို သတ်ဖို့လုပ်တော့၊ အနည်းဆုံး ဝိညာဉ်ပစ္စည်း တစ်ခု လိုနေသေးတယ်။ သူ ခြောက်ခုလုပ်မယ်ဆိုတဲ့ ရည်မှန်းချက် မရောက်သေးဘူး။

"သူဟာ အထူးအရေးကြီးတဲ့ လုပ်ကြံသတ်ဖြတ်မှုကို အသုံးချပြီး ဝိညာဉ်ပစ္စည်း လုပ်နေသလိုပဲ။ မင်းဟာ အဲဒီလိုရည်မှန်းချက်တစ်ခုပေ့ါ။ မင်းကို သတ်လိုက်ရင်၊ သူဟာ ကြိုဟောစကားက ဖော်ပြထားတဲ့အန္တရာယ်ကို သုတ်သင်နိုင်မယ်လို့ သူ ယုံကြည်တယ်။ ဒါဆိုရင် သူဟာ ကမ္ဘာပေါ်မှာ သူ့ကို နိုင်နိုင်တဲ့ လူ မရှိတော့ဘူးလို့ ယုံကြည်တယ်။ သူဟာ မင်းရဲ့သေခြင်းနဲ့ သူ့ရဲ့နောက်ဆုံး ဝိညာဉ်ပစ္စည်းလုပ်ဖို့ ဆုံးဖြတ်တယ်လို့ ကျုပ် ထင်တယ်။

"ကျုပ်တို့သိရတာက၊ သူ ရှုံးနိမ့်ခဲ့တယ်။ ဒါပေမယ့် နှစ်အနည်းငယ်ကြာတော့၊ သူဟာ နာဂီနီကို သုံးပြီး မတ်ဂေါ်အဘိုးကြီးကို သတ်ပစ်လိုက်တယ်။ သူဟာ အဲဒီအချိန်မှာပဲ အဲဒီမြွေကို မိမိရဲ့နောက်ဆုံးဝိညာဉ်ပစ္စည်းလုပ်ဖို့ တွေးမိတာ ဖြစ်နိုင်တယ်။ မြွေဟာ စလေးသရင်းမျိုးရိုးကို ပေါ်လွင်စေတယ်၊ ဗိုလဒီမွန့်ရဲ့ လျှို့ဝှက်ဆန်းကြယ်မှုကို တိုးစေတယ်။ ဒါဟာ သူ အနှစ်သက်ဆုံး အရာပဲလို့ ကျုပ် ထင်တယ်။ သူဟာ ၎င်းကို သူနဲ့အတူ ထားချင်တယ်။ ပြီးတော့ ထဲ ၎င်းကို ထူးထူးခြားခြား အသုံးချနိုင်တယ်။ ဒါဟာ မြွေမာဂစတွေထဲမှာ ဆောင် ရှားပါတယ်"

"ဒါဆိုရင်၊ နေ့စဉ်မှတ်တမ်း ပျက်စီးသွားပြီ၊ လက်စွပ်ပျက်စီးသွားပြီ [illegible] သော့တက်သီးနဲ့ မြွေ ရှိသေးတယ်။ ကျန်ဝိညာဉ်ပစ္စည်းတစ်ခုဟာ ရေဗင် [illegible]နဲ့ ဝရုဖင်းဒေါရဲ့ပစ္စည်းလို့ သင်ထင်တယ် ?"



"သိပ်ကောင်းတယ်၊ တိုတုတ်တိကျတဲ့ ကောက်ချက်ပဲ၊ ဟုတ်တယ်" ဒမ်ဘာလီဒိုးက ခေါင်းညိတ်ပြီး ချီးမွမ်းတယ်။

"ဒါဆို . . . . သင် ၎င်းတို့ကို လိုက်ရှာနေသေးလား၊ ဆရာ။ သင် ကျောင်းက ထွက်ထွက်သွားတာ ဒီကိစ္စလိုက်လုပ်နေတာလား"

"ဟုတ်တယ်၊ ကျုပ်ရှာနေတာ ကြာလှပြီ။ ကျုပ်ထင်တယ် . . . . ကျုပ် နောက်တစ်ခုရှာလို့ တွေ့တော့မယ်ထင်တယ်၊ သဲလွန်စတော့ တွေ့ပြီ"

"တကယ်လို့ သင်ရှာတွေ့ခဲ့ရင်" ဟယ်ရီက ချက်ချင်းပြောတယ်။ "ကျွန်တော် သင်နဲ့လိုက်ပြီး ၎င်းကို သုတ်သင်လို့ရမလား"

ဒမ်ဘာလီဒိုးဟာ အလွန်အရေးထားပြီး ဟယ်ရီ့ကို ခဏကြည့်နေတယ်၊ ဒီနောက် ပြောတယ်။ "ရမယ်လို့ ကျုပ် ထင်တယ်"

"ကျွန်တော် ရတယ် ?" ဟယ်ရီက ပြောပြီး လန့်သွားတယ်။

"အိုး၊ ဟုတ်တယ်" ဒမ်ဘာလီဒိုးက ပြောရင်း ပြုံးတယ်။ "မင်း ဒီအခွင့်အရေးရပြီလို့ ကျုပ် ထင်တယ်"

ဟယ်ရီ့စိတ် ပျံတက်သွားတယ်။ သတိထား၊ ကာကွယ်ရမယ် စတဲ့ စကားမဟုတ်တဲ့စကားကို တစ်ကြိမ်တော့ ကြားရပြီ၊ ခံစားရတာ သိပ်ကောင်းတာပဲ။ နံရံပေါ်က ကျောင်းအုပ်ကြီးတွေဟာ ဒမ်ဘာလီဒိုးရဲ့ ဆုံးဖြတ်ချက်ကို သိပ်တော့နှစ်သက်ပုံမရဘူး။ လူတချို့ ခေါင်းခါနေတာ ဟယ်ရီ မြင်ရတယ်။ ဖီနီအားစ်-နစ်ဂဲလပ်စ် ဟောက်သံ ထွက်လာတယ်။

"ဝိညာဉ်ပစ္စည်း ဖျက်ဆီးခံရရင်၊ ဗိုလဒီမွန့် သိမလား၊ ဆရာ။ သူ ခံစားရလား" ဟယ်ရီက မေးတယ်။ အဲဒီအရုပ်ကားတွေကို အရေးမလုပ်ဘူး။

"သိပ်စိတ်ဝင်စားစရာမေးခွန်းပဲ၊ ဟယ်ရီ။ ကျုပ်ကတော့ မခံစားရဘူးလို့ ထင်တယ်။ အကြောင်းက ဗိုလဒီမွန့်ဟာ အခုဆိုရင် အကုသိုလ် သိပ်များနေပြီ၊ တစ်ခါ ၎င်းရဲ့ အဲဒီအရေးကြီး အစိတ်အပိုင်းတွေဟာ ခွဲခြားထားတာ သိပ်ကြာနေပြီ၊ သူ့ခံစားချက်ဟာ ကျုပ်တို့လောက် မကောင်းတော့ဘူးလို့ ကျုပ် ယုံတယ်။ သူသေခါနီးကျမှသာ သူ ဆုံးရှုံးရတာကို ခံစားရမယ်ထင်တယ် . . . . အဲဟိုနေ့စဉ်မှတ်တမ်း အဖျက်ဆီးခံရတုန်းက သူ မသိလိုက်ဘူး၊ နောက်မှ လူးရှပ်စ်-မော်ဖိုင်ကို အတင်းမေးလို့ သိရတယ်။ ဗိုလဒီမွန့်ဟာ နေ့စဉ်မှတ်တမ်း အဖျက်ဆီးခံရပြီး မော်အား အားလုံးပျောက်ဆုံးသွားပြီးနောက်၊ ဒေါသူပုန်ထတာ သိပ်ကြောက်စရာကောင်းတယ်လို့ ကျုပ် ကြားရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ကျွန်တော်ထင်တာက၊ သူကပဲ လူးရှပ်စ်-မော်ဖိုင်ကို မှတ်တမ်းကို ဟော့ဂ်ဝပ်ထဲ တိတ်တိတ်ယူလာခိုင်းတာ"

"ဟုတ်တယ်၊ အဲဒါ လွန်ခဲ့တဲ့နှစ်တွေက ဗိုလ်ဒီမွန့်ဟာ ဝိညာဉ်ပစ္စည်း အများလုပ်နိုင်တယ်လို့ မိမိယုံကြည်တုန်းက။ ဒါပေမယ့် လူးရှပ်စ်ဟာ ဗိုလ်ဒီမွန့် ခွင့်ပြုမှ လှုပ်ရှားလို့ရတယ်၊ သူစောင့်လို့မရလိုက်ဘူး၊ အကြောင်းက ဗိုလ်ဒီမွန့်က မှတ်တမ်းကို အပ်ပြီးနောက် မကြာခင်မှာပဲ ပျောက်ကွယ်သွားလို့။ သူက လူးရှပ်စ်ဟာ ဝိညာဉ်ပစ္စည်းကို သတိနဲ့ ထိန်းသိမ်းထားမယ်၊ ဘာမှမလုပ်ဝံ့ဘူးလို့ သူ ထင်ပုံရတယ်။ ဒါပေမယ့် သူဟာ လူးရှပ်စ်က သခင်ကို ကြောက်ရွံ့တာကို မိုခိုလွန်းအားကြီးသွားတယ် —— ဒီသခင်ဟာ ပျောက်သွားတာ နှစ်မနည်းဘူး၊ လူးရှပ်စ်ကလဲ သေပြီလို့ထင်နေတာ။ အမှန်ပဲ၊ လူးရှပ်စ်ဟာ အဲဒီ နေ့စဉ်မှတ်တမ်းဟာ စင်စစ်မှာ ဘာဆိုတာ မသိဘူး။ ဗိုလ်ဒီမွန့်က သူကို နေ့စဉ်မှတ်တမ်းကို ဆန်းကြယ်တဲ့ မှော်ပညာစီရင်ထားတယ်၊ လျှို့ဝှက်အခန်းကို ပြန်လည်ဖွင့်ယူနိုင်တယ်လို့ပဲ ပြောထားမယ်ထင်တယ်။ တကယ်လို့ လူးရှပ်စ်ဟာ သူလက်ထဲမှာ သခင်ရဲ့ဝိညာဉ်တစိတ်တပိုင်း ရှိနေတာသိခဲ့ရင်၊ ၎င်းကို ပိုပြီးလေးစားမှာ သေချာတယ် —— ဒါပေမယ့် အဖြစ်အပျက်ကတော့၊ သူဟာ မိမိရဲ့ရည်မှန်းချက်အတွက် စီမံကိန်းဟောင်းကို လုပ်ဆောင်လိုက်တယ်။ နေ့စဉ်မှတ်တမ်းကို အာသာ-ဝယ်စလီရဲ့သမီးကိုယ်ပေါ် သွားထားတယ်။ သူက ဒီနည်းနဲ့ အာသာကို နာမည်ဖျက်ချင်တယ်၊ ကျွပ်ကို ဟော့ဂ်ဝပ်က မောင်းထုတ်ပစ်ချင်တယ်၊ တစ်ချိန်တည်းမှာ ပြဿနာဖြစ်ဖို့လွယ်တဲ့ သက်သေပစ္စည်းတစ်ခုကို ဖယ်ရှားပစ်ချင်တယ်။ အား၊ သနားစရာ လူးရှပ်စ် . . . . အတ္တစိတ်ကြောင့် ဝိညာဉ်ပစ္စည်းကို ပျောက်ဆုံးသွားလို့ ဗိုလ်ဒီမွန့်က ဒေါသဖြစ်တာ ခံရတယ်။ မနှစ်က မှော်ဝန်ကြီးဌာနမှာလဲ အရှုံးကြီးရှုံးခဲ့ရတယ်။ တကယ်လို့ အခု သူဟာ အက်ဇကါဘန်မှာ အသက်မသေဘဲ နေရလို့ ကံကောင်းတယ်ထင်နေရင်၊ ကျွပ် ဆဲ့ပြပါဘူး"

ဟယ်ရီက ထိုင်ပြီး ခဏတွေးနေတယ်။ သူက မေးတယ်၊ "တကယ်လို့ ဝိညာဉ်ပစ္စည်းအားလုံးကို သုတ်သင်လိုက်ရင်၊ ဗိုလ်ဒီမွန့်ကို သတ်လို့ ရပြီလဲ ?"

"ဟုတ်မယ်လို့ ကျွပ်ထင်တယ်" ဒမ်ဘာလီဒိုးက ပြောတယ်၊ "ဝိညာဉ် ပစ္စည်း မရှိတော့ရင်၊ ဗိုလ်ဒီမွန့်ဟာ ဝိညာဉ်မပြည့်စုံ၊ ပျက်စီးနေတဲ့ သေမျိုး



ဖြစ်သွားပြီ။ ဒါပေမယ့် မမေ့ဖို့က၊ သူ့ဝိညာဉ်ဟာ ပျက်စီးတာမှ ဖာထေးပြုပြင်လို့ မရပေမယ့်၊ သူ့ဦးနှောက်နဲ့ မှော်အားကတော့ အကောင်းပကတိပဲ။ ဝိညာဉ်ပစ္စည်း မရှိတော့ပေမယ့်၊ ဗိုလ်ဒီမွန့်လို မှော်ဆရာကို သတ်ဖို့ဆိုတာ သာမန်ထက် သာလွန်တဲ့စွမ်းရည်နဲ့ စွမ်းအားရှိမှရမယ်"

"ကျွန်တော့်မှာ သာမန်ထက် သာလွန်တဲ့ပညာနဲ့ စွမ်းရည်မှ မရှိတာ" ဟယ်ရီက စကားလွှတ်ထွက်သွားတယ်။

"မင်းမှာရှိတယ်" ဒမ်ဘာလီဒိုးက ပြတ်သားစွာ ပြောတယ်။ "မင်းမှာ ဗိုလ်ဒီမွန့် ဘယ်တုန်းကမှမရှိတဲ့ စွမ်းရည်ရှိတယ်။ မင်းမှာရှိတယ် —— "

"ကျွန်တော် သိတယ်" ဟယ်ရီက စိတ်မရှည်ဘဲ ပြောတယ်။ "ကျွန်တော့်မှာ အချစ်ရှိတယ်" သူဟာ "ဘာများထူးဆန်းလို့လဲ"လို့ ထပ်မပြောမိအောင် မနည်းထိန်းရတယ်။

"ဟုတ်တယ်၊ ဟယ်ရီ၊ မင်းချစ်တတ်တယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ ဟယ်ရီ မပြောဘဲ အောင့်ထားတဲ့စကားကို သူ အပြည့်အဝ သိသလိုပဲ။ "မင်း တွေ့ကြုံခဲ့ရတာတွေကို ပြန်ကြည့်၊ အလွန့်ကို ထူးခြားတာတွေ ဖြစ်တယ်။ မင်းဟာ ဘယ်လောက်ထူးခြားတယ်ဆိုတာ သိဖို့ မင်းဟာ သိပ်ငယ်ရွယ်နေသေးတယ်၊ ဟယ်ရီ"

"ဒါဆိုရင်၊ ကြိုဟောစကားက ကျွန်တော့်မှာ 'မှော်နက်ဆရာကြီး မသိတဲ့စွမ်းအား' ရှိတယ်လို့ပြောတာဟာ၊ အချစ်ကို ပြောတာလား" ဟယ်ရီက မေးတယ်၊ သူ နည်းနည်းစိတ်ပျက်မိတယ်။

"ဟုတ်တယ် —— အဲဒါအချစ်ပဲ" ဒမ်ဘာလီဒိုးက ပြောတယ်။ "ဒါပေမယ့် ဟယ်ရီ၊ ဘယ်တော့မှ မမေ့ဖို့က၊ ကြိုဟောစကားရဲ့အဓိပ္ပာယ်ဟာ ဗိုလ်ဒီမွန့် ကောက်ထားတာ။ မနှစ်က နှစ်တုန်ပိုင်းမှာ ကျွပ် ဒါကို မင်းကို ပြောပြဖူးတယ်။ ဗိုလ်ဒီမွန့်က မင်းကို သူ့ရဲ့အန္တရာယ်အရှိဆုံးရန်သူလို့ သတ်မှတ်တယ် —— ဒီတော့၊ သူက မင်းကို သူ့ရဲ့အန္တရာယ်အရှိဆုံးလူဖြစ်အောင် လုပ်လိုက်တယ်"

"ဒါပေမယ့် ဒါတစ်သဘောတည်းပါပဲ —— "

"တစ်သဘောတည်းမဟုတ်ဘူး" ဒမ်ဘာလီဒိုးရဲ့လေသံဟာ နည်းနည်း စိတ်မရှိဘူး။ သူဟာ ခြောက်တူးနေတဲ့လက်ချောင်းနဲ့ ဟယ်ရီကို လက်ညှိုး

www.burmeseclassic.com

www.burmeseclassic.com



ထိုးပြီး ပြောတယ်။ "မင်းက အဲဒီကြိုဟောစကားကို သိပ်ပြီး အတည်ယူနေတာကိုး"

"ဒါပေမယ့်" ဟယ်ရိက အံ့ထစ်စွာ ပြောတယ်။ "သင်ပြောဖူးတယ်၊ အဲဒီကြိုဟောစကားရဲ့သဘောက —— "

"တကယ်လို့ ဗိုလ်ဒီမွန့်ဟာ အဲဒီကြိုဟောစကားကို ဘယ်တုန်းကမှ မကြားဖူးရင်၊ အဲဒီကြိုဟောစကား အကောင်အထည်ပေါ်နိုင်မှာလား။ မင်းကကော အဓိပ္ပာယ်ရှိပါဦးမလား။ ဘယ်ရှိမှာလဲ။ ကြိုဟောခန်းမထဲက ကြိုဟောဖန်လုံးအားလုံးဟာ အကောင်အထည်ပေါ်တယ်လို့များ မင်း ထင်သလား"

"ဒါပေမယ့်" ဟယ်ရီ ရှုပ်သွားပြီ။ "ဒါပေမယ့် မနေ့စ်က၊ ကျွန်တော်တို့အနက် တစ်ယောက်က ကျန်တစ်ယောက်ကို သတ်ပစ်လိမ့်မယ်လို့ သင်ပြောခဲ့တယ် —— "

"ဟယ်ရီ ဟယ်ရီ။ အဲဒါ ဗိုလ်ဒီမွန့်အမှားကြီးမှားလို့ သူဟာ ပါမောက္ခ ထရီလောနီရဲ့ ကြိုဟောစကားအတိုင်း လှုပ်ရှားလုပ်ဆောင်လို့။ တကယ်လို့ ဗိုလ်ဒီမွန့်ဟာ မင်းအဖေကို မသတ်ဘူးဆိုရင်၊ မင်းကိုကော ပြင်းထန်တဲ့ ကလဲ့စားချေတဲ့စိတ် ဖြစ်လာစေမှာလား။ ဘယ်ဖြစ်မှာလဲ။ တကယ်လို့ သူဟာ မင်းအမေကို မင်းအတွက် သေအောင်မလုပ်ရင်၊ သူ ထိုးဖောက်လို့မရတဲ့ မှော်အင်အား မင်းရမှာလား၊ ဘယ်ရမလဲ၊ ဟယ်ရီ။ မင်း မမြင်ဘူးလား၊ ဗိုလ်ဒီမွန့်ဟာ မိမိဖာသာ သူ့အကြောက်ရဆုံးရန်သူကို ဖန်တီးလိုက်တာ။ ဆိုးရွားတဲ့ အုပ်စိုးသူတွေ နေရာတကာမှာ လုပ်သလိုပဲ။ အဲဒီဆိုးရွားတဲ့ အုပ်စိုးသူတွေ ပြည်သူကို ဘယ်လောက်ကြောက်တယ်ဆိုတာ မင်း သိလား။ သူတို့ဟာ တစ်နေ့နေ့မှာ၊ ဒုက္ခခံရသူတွေထဲကနေထပြီး ပြန်တိုက်မယ်ဆိုတာ သိတယ်။ ဗိုလ်ဒီမွန့်လဲ ဒီလိုပဲ။ သူဟာ သူ့ကို စိန်ခေါ်မယ့်လူကို ရှာဖွေနေတယ်။ ကြိုဟောစကား ကြားရပြီးနောက် ချက်ချင်းလှုပ်ရှားလာတယ်။ သူဟာ သူ့ကို သုတ်သင်ဖို့ အဖြစ်နိုင်ဆုံးလူကို ကိုယ်တိုင်ရွေးချယ်လိုက်တဲ့အပြင်၊ သူ့ကိုလဲ အထူးသေစေနိုင်တဲ့ လက်နက်တစ်ခု ပေးလိုက်တယ်"

"ဒါပေမယ့် —— "

"မင်း ဒါကို နားလည်မှဖြစ်မယ်" ဒမ်ဘလီဒိုး မတ်တတ်ရပ်လိုက်[illegible] အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတယ်၊ လက်နေတဲ့ ဝတ်ရုံ[illegible] ဘေးဘက်မှာ လွင့်ပျံနေတယ်။ ဟယ်ရီ အရင်က သူ ဒီလောက်စိတ်



လှုပ်ရှားတာ မမြင်ဖူးဘူး။ "မင်းကိုသတ်ဖို့ ကြံစည်တဲ့အခါမှာ၊ ဗိုလ်ဒီမွန့်ဟာ အခု ကျုပ်ရှေ့မှာထိုင်နေတဲ့ ထူးချွန်တဲ့လူကို သူကိုယ်တိုင် ရွေးချယ်လိုက်တယ်။ ဒီပြင် ၎င်းကို လက်နက်လဲ ပေးလိုက်တယ်။ မင်းဟာ ဗိုလ်ဒီမွန့်ရဲ့ အတွေးရမှက်ကို မြင်ရတယ်၊ ဒီထက် သူ အမိန့်ပေးစဉ် မြွေစကားပြောသလို ဘာသာစကားကို မင်း နားလည်တယ်၊ ဒါတွေအားလုံး သူ့အပြစ်နဲ့သူပဲ။ ဒါပေမယ့်၊ ဟယ်ရီ၊ မင်းဟာ ဗိုလ်ဒီမွန့်ရဲ့ကမ္ဘာကို သိမြင်နိုင်ပေမယ့် —— သိရမှာက၊ ဒါဟာ ဒက်အီတာတိုင်းဟာ လူကိုသတ်ပြီး လဲယူရတဲ့အစွမ်း ဖြစ်တယ်။ ဒါပေမယ့် မင်းဟာ ဘယ်တုန်းကမှ မှော်နက်ပညာရဲ့ ဆွဲဆောင်မှုကို မခံဘူး၊ ဘယ်တုန်းကမှ ဗိုလ်ဒီမွန့်နောက် လိုက်ချင်တဲ့ဆန္ဒမျိုး မဖော်ပြခဲ့ဘူး။ တစ်စက္ကန့်တောင် မဖော်ပြဘူး"

"ဒါ ဘယ်ဖော်ပြမှာလဲ" ဟယ်ရီက ဒေါသနဲ့ ပြောတယ်။ "သူ ကျွန်တော့်မိဘကို သတ်တာပဲ"

"တိုတိုပြောရရင်၊ မင်းရဲ့ချစ်တတ်တဲ့စွမ်းရည်က မင်းကို ကာကွယ်လိုက်တာပဲ" ဒမ်ဘလီဒိုးက အကျယ်ကြီးပြောတယ်။ "ဒီလိုကာကွယ်မှုတစ်မျိုးတည်းကသာ၊ ဗိုလ်ဒီမွန့်လို အာဏာရဲ့ဆွဲဆောင်မှုကို ခုခံနိုင်တာ။ ဆွဲဆောင်မှုတွေ အများကြီးကို တွေ့ကြုံရ ၊ ဒုက္ခတွေ တွေ့ကြုံခဲ့ရပေမယ့်၊ မင်းဟာ စိတ်နှလုံးသန့်စင်တယ်၊ မင်းအသက် ဆယ့်တစ်နှစ်တုန်းကလိုပဲရှိတယ်။ ထိုစဉ်က မင်းဟာ မင်းရင်ထဲကဆန္ဒကို ပြနိုင်တဲ့မှန်ထဲ လိုက်ကြည့်တော့၊ ဗိုလ်ဒီမွန့်ကို ဘယ်လိုအနိုင်ရအောင်လုပ်မလဲဆိုတာကိုပဲ မြင်တယ်၊ မသေခြင်းနဲ့ ဥစ္စာဓနကို မမြင်ဘူး။ ဟယ်ရီ၊ မင်းသိလားမသိဘူး၊ အလွန်နည်းတဲ့ မှော်ဆရာတချို့သာ မင်းမှန်ထဲမှာမြင်ရတဲ့အရာကို မြင်ရတာ။ ထိုစဉ်ကတည်းက ဗိုလ်ဒီမွန့်ဟာ သူရင်ဆိုင်ရမှာက ဘာဆိုတာ သိသင့်တယ်၊ ဒါပေမယ့် သူ မသိတာ နှမြောစရာပဲ။

"ဒါပေမယ့် အခုတော့ သူ သိသွားပြီ။ မင်းဟာ ဗိုလ်ဒီမွန့်အတွေးထဲ ဝင်ရောက်ခဲ့ပေမယ့် ဘာမှထိခိုက်မှု မရှိဘူး။ သူက မင်းကိုယ်ပေါ် ဝင်ပူးကပ်ဖို့ လုပ်တော့ ပြင်းထန်တဲ့နာကျင်မှုကို အောင့်ခံရတယ်။ သူဟာ ဝန်ကြီးဌာနမှာ ဒါကို တွေ့ရှိသွားပြီ။ ဒါပေမယ့် ဒါ ဘာကြောင့်ဆိုတာ သူ နားမလည်ဘူးလို့ ကျုပ် ထင်တယ်၊ ဟယ်ရီ။ သူဟာ မိမိဝိညာဉ်ကို ဖျက်ဆီးဖို့ အလုပ်ရှုပ်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက်၊ ကျန်းမာသန့်စင်တဲ့ ဝိညာဉ်တစ်ခုမှာ မနိုင်းယှဉ်သာတဲ့ စွမ်းအား ရှိတယ်ဆိုတာ နားလည်ဖို့ အချိန်မရှိဘူး"

"ဒါပေမယ့် ဆရာ" ဟယ်ရီက ပြောတယ်၊ ငြင်းနေတာနဲ့မတူအောင် ကြိုးစားပြောတယ်။ "ဒါတွေအားလုံး တစ်သဘောတည်းပါပဲ၊ ဟုတ်လား။ ကျွန်တော် သူ့ကိုသတ်ဖို့ မုချကြိုးစားရမယ်၊ နို့မို့ရင် —"

"မုချ ?" ဒမ်ဘလီဒိုးက ပြောတယ်။ "မင်း မုချလုပ်ရမှာပေါ့။ ဒါပေမယ့် ကြိုဟောစကားကြောင့် မဟုတ်ဘူး၊ မင်းကိုယ်နှိုက်ကြောင့်၊ မင်း ဒီလို မလုပ်ရင် စိတ်အေးမှာမဟုတ်ဘူး။ ကျုပ်တို့ ဒါကိုသိကြတယ်။ မင်းတွေးကြည့်ပါ၊ မင်းအဲဒီကြိုဟောစကားကို ဘယ်တုန်းကမှ မကြားဖူးဘူးဆိုရင်၊ မင်း ဗိုလ်ဒီမော့ ကို ဘယ်လိုတွေးမလဲ။ တွေးကြည့်ပါ"

သူ့ရှေ့မှာ ဟိုဒီလျှောက်နေတဲ့ ဒမ်ဘလီဒိုးကို ကြည့်ရင်း၊ ဟယ်ရီ အတွေးထဲ ကျရောက်သွားတယ်။ သူဟာ သူ့အမေ၊ သူ့အဖေနဲ့ ဆီးရီးအက်စ် ကြယ်ကို တွေးမိတယ်၊ စက်ဒရစ်ကို တွေးမိတယ်၊ ဗိုလ်ဒီမော့ရဲ့ ပြစ်မှုအမျိုးမျိုးကို တွေးမိတယ်။ သူ့ရင်ထဲမှာ မီးတောက်လာတယ်၊ လည်မျိုထိ တောက်လောင် လာတယ်။

"ကျွန်တော် သူ့ကို သုတ်သင်ပစ်ချင်တယ်" ဟယ်ရီက အသာလေး ပြောတယ်။ "ကျွန်တော် ဒီအလုပ်ကို သွားလုပ်ချင်တယ်"

"မင်းလုပ်မှာပါ" ဒမ်ဘလီဒိုးက အော်ပြောတယ်။ "မင်းကြည့်ပါ၊ ကြိုဟောစကားက မင်းဘာလုပ်ရမယ်ဆိုတာ ဖော်ပြမထားဘူး။ ဒါပေမယ့် ကြိုဟောစကားက ဗိုလ်ဒီမော့ကို မင်းဟာ သူ့ပြိုင်ဘက်လို့ မှတ်သားထားစေ တယ် . . . . တစ်နည်းပြောရရင်၊ မင်းဟာ မိမိသွားမယ့်လမ်းကို ရွေးချယ်ခွင့် ရှိတယ်။ အဲဟို ကြိုဟောစကားကို ဂရုမစိုက်ခွင့် ရှိတယ်။ ဒါပေမယ့် ဗိုလ်ဒီမော့ ကတော့ ဒင်းကို မေ့နိုင်မှာမဟုတ်ဘူး၊ သူ မင်းကို ဆက်လက်ပြီး လိုက်သတ် မှာပဲ . . . . ဒါကြောင့် အဲဒါက မင်းကို အလိုအလျောက်၊ တကယ်ပဲ ဖြစ် စေမယ် —"

"ကျွန်တော်တို့နှစ်ယောက်အနက်၊ တစ်ယောက်ကတစ်ယောက်ကို သတ်ပစ်လိမ့်မယ်" ဟယ်ရီက ပြောတယ်။ "ဟုတ်တယ်"

ဒမ်ဘလီဒိုး သူ့ကို ပြောပြချင်တဲ့အဓိပ္ပာယ်ကို သူသိပါပြီ၊ အဲဒါက သေတွင်းသတ်ပွဲထဲ ဆွဲသွင်းခံရပြီး သူသေကိုယ်သေသတ်ပွဲကို ရင်ဆိုင်ရတာ



နဲ့ မိမိဖာသာ ဦးမော့ရင်ကော့ပြီး ဝင်သွားတာနဲ့ မတူဘူးဆိုတာပဲ။ ဒီနှစ်ခု အကြားမှာ ဘာမှသိပ်မကွာဘူးလို့ ပြောတဲ့သူ ရှိချင်ရှိမယ်၊ ဒါပေမယ့် ဒမ် ဘလီဒိုး သိတယ် — ကျွန်တော်လည်း သိတယ်။ ဟယ်ရီဟာ ဖြင်းထန်တဲ့ မိမိကိုယ်မိမိ ဂုဏ်ယူတဲ့စိတ်နဲ့ တွေးတယ်။ ကျွန်တော့်မိဘလည်း သိတယ် — ဒါဟာ ကမ္ဘာပေါ်မှာ ကွာခြားချက်အကုန်လုံးပဲ။

www.burmeseclassic.com

www.burmeseclassic.com



## ၂၄။ စက်တမ်ဆမ်ပရာ

ညဘက်အလုပ်ကြောင့် ဟယ်ရီ အားအင်ကုန်ခန်းသွားတယ်၊ ဒါပေမယ့် ပျော်မိတယ်။ နောက်နေ့မနက် မှော်ဂါထာဘာသာအတန်းမှာ၊ သူတကိစ္စအားလုံးကို ရွန်နဲ့ ဟာမီးကို သေချာပြောပြတယ် (အရင်ဆုံး ဘေးဘီကကျောင်းသားတွေကို နားဆို့ကျိန်စာ ချလိုက်တယ်)။ သူတို့နှစ်ယောက်က ဟယ်ရီ စလပ်ဂ်ဟွန်းကို မှတ်ဉာဏ်ထုတ်ပေးအောင် လုပ်နိုင်တဲ့အတွက် ကျေနပ်ကြတယ်၊ ဗိုလ်ဒီမွန်ရဲ့ ဝိညာဉ်ပစ္စည်းအကြောင်း၊ တစ်ခါ ဒမ်ဘယ်လ်ဒိုးက တခြား ဝိညာဉ်ပစ္စည်းတစ်ခုတွေ့ရင် သူ့ကိုပါ ခေါ်သွားမယ် ပြောတာ ကြားတော့ သူတို့ အကောင်းမြင်စွာ ရှိသေကြောက်ရွံ့ကြတယ်။

"ဝိုး" ဟယ်ရီ ပြောပြီးသွားတော့၊ ရွန်က အော်တယ်၊ လက်ထဲက မှော်ကြိမ်လုံးနဲ့ မျက်နှာကြက်ကို ချိန်ပြီး လျှောက်ယမ်းတယ်၊ သူ ဘာလုပ်နေတယ်ဆိုတာ သူဟာသူ မသိဘူး။ "ဝိုး၊ မင်း တကယ် ဒမ်ဘယ်လ်ဒိုးနဲ့ သွားမယ် ---- သွားသုတ်သင်မယ် . . . . ဝိုး"

"ရွန်၊ နင်က မျက်နှာကြက်ကို ဆီးနှင်းဖြစ်အောင် လုပ်နေတာလား"



ဟာမီးက စိတ်ရှည်စွာ ပြောတယ်၊ သူ့လက်ကောက်ဝတ်ကို ဖမ်းထားပြီး မှော်ကြိမ်လုံးကို မျက်နှာကြက် မချိန်စေဘူး၊ အဲဒီနေရာကနေ အဖြူရောင်ဆီးနှင်းဖတ်တွေ ကျဆင်းလာပြီ။ ဟယ်ရီဟာ ဘေးထိုင်ခုံက လာဗင်ဒါ-ဘရောင်းဟာ မျက်လုံးနီနီကြီးနဲ့ ဟာမီးကို စိုက်ကြည့်နေတာ မြင်ရတယ်။ ဟာမီးက ရွန့်လက်ကို ချက်ချင်းလွှတ်လိုက်တယ်။

"အိုး၊ ဟုတ်တယ်" ရွန်က မိမိပခုံးကိုကြည့်ပြီး နည်းနည်းအံ့ဩစွာနဲ့ ပြောတယ်။ "ဝမ်းနည်းပါတယ် . . . . ငါတို့အားလုံး မုန်းစရာဘောက်တွေ ထိကုန်ပြီ . . . ."

သူက ဟာမီးပခုံးပေါ်က ဆီးနှင်းဖတ်အတုတွေကို ခါချတယ်၊ လာဗင်ဒါက ငိုလာတယ်။ ရွန်က မိမိကိုယ်မိမိ အပြစ်တင်သလိုပဲ၊ လှည့်ပြီး သူမကို ကျောပေးထားတယ်။

"ငါတို့ခွဲလိုက်ပြီ" သူက ဟယ်ရီကို တိုးတိုးပြောပြတယ်။ "မနေ့ညက။ ငါတို့ ဟာမီးနဲ့ အိပ်ခန်းက ထွက်လာတာ သူမ မြင်သွားတယ်။ သူမက မင်းကို မမြင်ဘူးထင်တယ်၊ ဒါကြောင့် ငါတို့နှစ်ယောက်တည်းလို့ထင်တာ"

"အား" ဟယ်ရီက ပြောတယ်။ "ဒါဆို —— မင်းပြတ်သွားတာ ဘာမှ မဖြစ်ဘူးမဟုတ်လား"

"မဖြစ်ဘူး" ရွန်က ဝန်ခံတယ်။ "သူမ ဆူပူလာရင် အနေရသိပ်ခက်တယ်၊ ဒါပေမယ့် အနည်းဆုံးတော့ ငါကစပြီး ခွဲဖို့မပြောရတော့ဘူး"

"သတ္တိကြောင်တဲ့လူ" ဟာမီးက ပြောတယ်။ ဒါပေမယ့် သူမ ကြည့်ရတာ ပျော်နေသလိုပဲ။ "အင်း၊ မနေ့ညက ရိုမန့်စ် ယေဘုယျ အခြေမလှဘူး ထင်တယ်၊ ဂျင်နီနဲ့ ဒင်းလဲ ကွဲသွားကြပြီ၊ ဟယ်ရီ"

သူမက သူ့ကို ဒီစကားပြောတဲ့အခါမှာ သဘောပေါက်တဲ့အကြည့်နဲ့လို့ ဟယ်ရီ ထင်တယ်၊ ဒါပေမယ့် သူမဟာ သူ့ရင်ထဲမှာ ရုတ်တရက် ကွန်ဂါအက,ကလိုက်တာ သိမှာမဟုတ်ဘူး။ သူက ဘာအမူအရာမှ မဖော်ပြအောင် ကြိုးစားပြီး မေးတယ်။ "ဘယ်လိုဖြစ်တာလဲ"

"အိုး၊ သိပ်ရယ်စရာကိစ္စ . . . . သူမက ပြောတယ်၊ အရပ်ကားကျင်းဝတ ဖြတ်တိုင်း ဒင်းက သူမကို ဆွဲတယ်၊ သူမဟာသာ တွားမထွက်နိုင်ဘူး ထင်နေတယ်တဲ့ . . . . ဒါပေမယ့် သူတို့ မပြေမလည်ဖြစ်တာ အတော်ကြာနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက ကျောင်းခန်းဟိုတစ်ဘက်မှာရှိတဲ့ ဒင်းကို ကြည့်လိုက်တယ်၊ သူကြည့်ရတာ တကယ်ပဲ မပျော်မရွှင်ဖြစ်နေတယ်။

"တကယ်ပဲ၊ ဒါက နင့်ကို အကျဉ်းအကျပ် ဖြစ်စေတယ်၊ ဟုတ်လား" ဟာမီးက မေးတယ်။

"ဘာအဓိပ္ပာယ်လဲ" ဟယ်ရီက အမြန်မေးတယ်။

"ခွေဒစ်ဘောသင်း၊ တကယ်လို့ ဂျင်နီနဲ့ ဒင်း စကားမပြောဘူးဆိုရင် . . . ."

"အိုး —— ဟုတ်တယ်" ဟယ်ရီက ပြောတယ်။

"ဖလစ်ဝစ်" ရွှန်က သတိပေးတယ်။ ပုပုညက်ညက် မှော်ဂါထာဆရာဟာ သူတို့ဆီကို ဝဲလည်ဝဲလည်နဲ့ လျှောက်လာတယ်။ ဟာမီးတစ်ယောက်သာ ရှာလကာရည်ကို အရက်ဖြစ်အောင်လုပ်ထားပြီးပြီ။ သူမ စမ်းသပ်ခန်း ဖန်ပုလင်းထဲမှာ အနီရောင်အရည်နဲ့ ပြည့်နေတယ်။ ဟယ်ရီနဲ့ ရွှန့်ရဲ့ဖန်ပုလင်းထဲမှာတော့ အညိုရောင်နောက်နောက်ပဲ ရှိသေးတယ်။

"အခု၊ အခု၊ ကောင်လေးတွေ" ပါမောက္ခ ဖလစ်ဝစ်က အသံစူးစူးနဲ့ အပြစ်တင်ပြောတယ်။ "စကားလျှော့ပြော၊ အလုပ်များများလုပ် . . . . မင်းတို့လုပ်တာ ကျုပ် ကြည့်ရအောင် . . . ."

ဟယ်ရီနဲ့ ရွှန် မှော်ကြိမ်လုံးကို တစ်ပြိုင်နက် မြှောက်လိုက်တယ်၊ အာရုံစိုက်ပြီး မှော်ကြိမ်လုံးနဲ့ ဖန်ပုလင်းကို ချိန်လိုက်တယ်။ ဟယ်ရီ့ရှာလကာရည်က ရေခဲဖြစ်သွားတယ်၊ ရွှန့်ဖန်ပုလင်း ကွဲသွားတယ်။

"ကောင်းပြီ . . . . အိမ်စာ . . . ." ပါမောက္ခ ဖလစ်ဝစ်က ပြောရင်း စားပွဲအောက်က တိုးထွက်လာတယ်၊ ဦးထုပ်ပေါ်က ဖန်စကို ကောက်ပစ်နေတယ်၊ "လေ့ကျင့်"

မှော်ဂါထာအတန်းပြီးနောက်၊ အတော်ပဲ ရခဲတဲ့အားလပ်ချိန်။ သုံးယောက်သား အများနားနေခန်းဆီ အတူလျှောက်ပြန်လာခဲ့တယ်။ ရွှန်ဟာ ဆောင်ဒါနဲ့ ခွဲရတာ အလွန်ပေါ့ပါးနေသလိုပဲ၊ ဟာမီးလည်း ရွှင်ပျနေတယ်။ သူမကို ဘာရယ်တာလဲမေးရင်၊ သူမက "ရာသီဥတုကောင်းတယ်"လို့ ပြောတယ်။ ဟယ်ရီ့ရင်ထဲမှာ ပြင်းထန်စွာ တိုက်ပွဲဖြစ်နေတာ သူတို့ သတိမထားကြသလိုပဲ၊



သူမဟာ ရွှန့်ညီမလေး၊
ဒါပေမယ့် သူမ ဒင်းကို စွန့်လိုက်ပြီ၊
သူမဟာ ရွှန့်ညီမလေးပဲ ဖြစ်တယ်။
ငါက သူ့ချစ်သူငယ်ချင်း။
ဒါ ပိုပြီးခက်တယ်၊
တကယ်လို့ ငါက သူ့ကို စ,ပြောရင် ——
သူ မင်းကို ရိုက်မှာ။
တကယ်လို့ ငါ ဂရုမစိုက်ရင်ကော၊
သူက မင်းချစ်သူငယ်ချင်း။

ဟယ်ရီဟာ သူတို့ ဘယ်လိုလုပ်ပြီး အရုပ်ကားကျင်းဝကနေ နေရောင်လင်းလက်တဲ့ အများနားနေခန်းထဲ ဝင်ခဲ့တယ်ဆိုတာ သတိမရတော့ဘူး။ အခန်းထဲမှာ သတ္တမနှစ်ကျောင်းသားအုပ်ကလေးတစ်အုပ် ရှိနေတာပဲ ဝေဝါးစွာ သိနေတယ်။ ဒီအချိန်မှာ ဟာမီးက ထအော်တယ်။ "ခက်ထီ။ နင်ပြန်လာပြီ။ ကောင်းသွားပလား"

ဟယ်ရီ မျက်လုံးကြီးပြူးထားတယ်။ တကယ်ပဲ ခက်ထီ-ဘဲ၊ လုံးဝ နေကောင်းသွားပုံရတယ်။ ပျော်ရွှင်နေတဲ့ သူငယ်ချင်းတွေက သူမကို ဝိုင်းထားတယ်။

"ငါ တကယ်ကောင်းသွားပြီ" သူမက ပျော်ရွှင်စွာ ပြောတယ်။ "တနင်္လာနေ့က ဆေးရုံဆင်းတာ။ အိမ်မှာ အဖေတို့အမေတို့နဲ့ နှစ်ရက်နေတယ်၊ ဒီနေ့မနက် ပြန်လာတာ။ လီနီက ငါ့ကို မက်လက်ဂင်နဲ့ အရင်တစ်ခါပြိုင်ပွဲအကြောင်း ပြောပြတယ်၊ ဟယ်ရီ . . . ."

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ "ဒါပေမယ့် အခု နင်ပြန်လာပြီ၊ ရွှန်လဲ နေကောင်းသွားပြီ၊ ငါတို့ရေဗင်ခလောကို နိုင်ဖို့မျှော်လင့်ချက်ရှိတယ်၊ ဖလားရနိုင်သေးတယ်လို့ ပြောချင်တယ်။ နားထောင်၊ ခက်ထီ . . . ."

သူ သူမကို ချက်ချင်းမေးမှ ဖြစ်မယ်၊ သူ့ရဲ့သိလိုစိတ်က ဂျင်နီကို တောင်မှ ခေါင်းထဲကနေ ထုတ်ပစ်လိုက်ပြီ။ ခက်ထီရဲ့ သူငယ်ချင်းတွေ ပစ္စည်းတွေ စသိမ်းပြီ၊ ရှုပ်ပြောင်းအတန်း နောက်ကျတော့မယ်။ သူက အသံနှိမ့်မေးတယ်။ ". . . . အဲဒီဟိုပုတီးကုံး . . . . နင့်ကို ဘယ်သူပေးတယ်ဆိုတာ သတိရပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း" ခက်ထီက ပြောတယ်၊ သူမ ခေါင်းကို နောင်တရ ဝမ်းနည်းစွာ ခါနေတယ်။ "လူတိုင်း ငါ့ကိုမေးတယ်၊ ဒါပေမယ့် ငါနည်းနည်းမှ သတိမရဘူး။ ငါမှတ်မိတဲ့ နောက်ဆုံးကိစ္စက တံမြက်စည်းသုံးလက်က အိမ်သာထဲ ဝင်တာပဲ"

"နင်အိမ်သာထဲဝင်တာ သေချာလား" ဟာမီးက ပြောတယ်။

"အင်း၊ ငါမှတ်မိတာက ငါတံခါးတွန်းဖွင့်တယ်၊ ဒါကြောင့် ငါစဉ်းစားတယ်၊ ငါ့ကို ဝိညာဉ်လုကျိန်စာချတဲ့သူဟာ တံခါးနောက်မှာ ရှိမယ်၊ ဒီနောက် ငါ့မှတ်ဉာဏ်မှာ ဗလာချည်းဖြစ်သွားတယ်၊ လွန်ခဲ့တဲ့နှစ်ပတ်က စိန့်မန်ဂိုးဆေးရုံရောက်တဲ့အထိပဲ။ ဝမ်းနည်းပါတယ်၊ ငါသွားရတော့မယ်၊ ပါမောက္ခ မက်ဂေါ်နာဂေါဟာ ဒါ ငါကျောင်းပြန်တဲ့ ပထမနေ့မို့ ငါ့ကို စာကူးရေးဖို့ အပြစ်မပေးဘူးလို့ မထင်ဘူး"

သူမဟာ လွယ်အိတ်နဲ့စာအုပ်ကို ဆွဲယူပြီး အဖော်တွေနောက် အမိလိုက်သွားတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ ပြတင်းဘေးက စားပွဲတစ်လုံးမှာ သွားထိုင်တယ်၊ သူမ ခုနကပြောတာကို စဉ်းစားနေတယ်။

"ဒါဆို ပုတီးကုံးကို ခက်ထီပေးတဲ့လူဟာ မိန်းမပဲဖြစ်ရမယ်" ဟာမီးက ပြောတယ်။ "အကြောင်းက အဲဒါမိန်းမအိမ်သာမို့ပဲ"

"ဒါမှမဟုတ် မိန်းမနဲ့တူတဲ့လူ" ဟယ်ရီက ပြောတယ်။ "မမေ့နဲ့ဦး ဟော့ဂ်ဝပ်မှာ ပိုလီဆေးရည်တစ်အိုးကြီးရှိတယ်၊ တချို့ခိုးယူခံရတယ်ဆိုတာ တို့သိတယ် . . . ."

သူဟာ ခရပ်နဲ့ ဂိုးတို့ မော်ကြွားစွာ လျှောက်သွားပြီး အားလုံး မိန်းကလေးတွေ ဖြစ်သွားတယ်လို့ တွေးထင်ကြည့်တယ်။

"ငါ ဖီလစ် ဖီလစ်စစ် တစ်လုတ် ထပ်သောက်ပြီး၊ လိုတရအခန်းကို သွားကြည့်ချင်တယ်" ဟယ်ရီက ပြောတယ်။

"အဲဒါ မှော်ဆေးကို အလကားဖြုန်းတာပဲ" ဟာမီးက လွယ်အိတ်ထဲက ဆွဲထုတ်လိုက်တဲ့ 'မှော်စာအသံထွက်ဇယား' ကို ချပြီး ပြတ်ပြတ်ပြောတယ်။ "ကံက နင့်ကို ဒီလောက်ပဲ ကူညီနိုင်မယ်၊ ဟယ်ရီ။ စလပ်ဂ်ဟွန်း အခြေအနေက မတူဘူး။ နင်ဟာ သူ့ကို နားချနိုင်တဲ့အစွမ်း ရှိနေတာ။ ပတ်ဝန်းကျင် အခြေအနေတစ်ခု ပြောင်းပေးရုံပဲလိုတာ။ ဒါပေမယ့် ကံက နင့်ကို အားကောင်းတဲ့မှော်ပညာကို ထိုးဖောက်နိုင်အောင် မကူညီနိုင်ဘူး။ ကျန်ရှိတဲ့



မှော်ဆေးကို မဖြုန်းနဲ့တော့။ တကယ်လို့ ဒမ်ဘလီဒိုး နင့်ကို ခေါ်သွားရင် နင်ရနိုင်တဲ့ ရှိသမျှကံကို နင်လိုအပ်လိမ့်မယ် . . . ." သူမက အသံနှိမ့်ပြောတယ်။

"နည်းနည်းထပ်ဖော်စပ်လို့ မရဘူးလား" ရွန်က ဟယ်ရီကို မေးတယ်၊ ဟာမီးကို ဂရုမစိုက်ဘူး။ "နည်းနည်းအရန်ထားနိုင်ရင် ကောင်းမယ် . . . . စာအုပ်ကို ကြည့် . . . ."

ဟယ်ရီက လွယ်အိတ်ထဲကနေ 'အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်း'ကို ထုတ်ပြီး၊ ဖီလစ် ဖီလစ်စစ်ကို ရှာတယ်။

"ဘုရားသခင်၊ သိပ်ရှုပ်ထွေးလွန်းတယ်" သူက ပါဝင်ပစ္စည်း တသီကြီးကို လျှောက်ကြည့်ရင်း ပြောတယ်။ "ခြောက်လအချိန်လိုတယ် . . . . ဖြည်းဖြည်းချင်းကျိုမှ . . . ."

"ဒီတိုင်းချည်းပဲ" ရွန်က ပြောတယ်။

ဟယ်ရီက စာအုပ်ကိုသိမ်းမယ်လုပ်တယ်၊ ရွက်တရက် တစ်ရွက် ခေါက်ထားတာ တွေ့တယ်။ သူက အဲဒီနေရာကို လှန်လိုက်တယ်၊ စက်တမ်ဆမ်ပရာကျိန်စာကို တွေ့ရတယ်။ မှတ်ချက်က "ရန်သူအတွက်"၊ အဲဒါ မိမိဖာသာ ရက်သတ္တပတ်အချို့အရင်က အမှတ်လုပ်ထားတာ။ ၎င်း ဘယ်လိုရှိမလဲဆိုတာ စမ်းမကြည့်ရသေးဘူး အဓိကအားဖြင့် ဟာမီးပတ်ဝန်းကျင်မှာ မစမ်းချင်လို့။ ဒါပေမယ့် သူဟာ နောက်တစ်ခါမှာ မက်လက်ဂင်အနား တိတ်တိတ်ကပ်သွားပြီး စမ်းမယ်လို့တွေးတယ်။

ဒင်းတစ်ယောက်တည်းသာ ခက်ထီပြန်လာတာကို သိပ်ကြိုက်တာ မဟုတ်ဘူး။ အကြောင်းက သူ ဘောလိုက်သမားလုပ်ဖို့ မလိုတော့ဘူးဆိုတဲ့ အဓိပ္ပာယ် ပေါက်နေလို့ပဲ။ ဟယ်ရီ သူ့ကို သွားဆွေးနွေးတော့၊ ဒင်းဟာ ဒီကိစ္စကြောင့် တုံ့ပြန်တာ သိပ်မအေးဆေးဘူး။ ပခုံးတွန့်ပြီး ဟင်းလုပ်လိုက်တာပဲ ရှိတယ်။ ဒါပေမယ့် ဟယ်ရီထွက်သွားတော့၊ ဒင်းနဲ့ စီးမတ်တို့ သူ့နောက်မှာ မကျေမနပ် ရေရွတ်နေတာကို တကယ်ပဲ ခံစားရတယ်။

ဆက်လာတဲ့နှစ်ပတ်မှာ၊ သူ ခွေဒစ်အသင်းခေါင်းဆောင် ဖြစ်လာပြီး နောက် အကောင်းဆုံး ခွေဒစ်လေ့ကျင့်မှုကို မြင်ရတယ်။ သူ့ဘောသမားတွေဟာ မက်လက်ဂင်ကို ပယ်လိုက်တာနဲ့ ခက်ထီ ပြန်ရောက်လာတဲ့အတွက် ဝမ်းသာအားရနေကြတယ်။ ပျံသန်းတာ အလွန့်ကို ကောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီဟာ ဒင်းနဲ့ခွဲရလို့ စိတ်မကောင်းဖြစ်ပုံမရဘူး။ ဒါနဲ့ ဆန့်ကျင်စွာပဲ၊ သူမတော့ အသင်းရဲ့ဗိုလ်ညာဉ် ဖြစ်လာတယ်။ သူမက ရွန့်ကို အတုခိုးပြီး ခွပ်ဖော် လာတာတွေ့ရင် စိတ်လှုပ်ရှားပြီး ခုန်ဆွခုန်ဆွ လုပ်ပြတယ်။ ဟယ်ရီ အတိုက် ခံရလို့ မူးမသွားခင်မှာ မက်လက်ဂင်ကို အော်ဆူတာ အတုခိုးပြတယ်၊ ဒါကြောင့် အားလုံး အလွန်ပျော်တယ်။ ဟယ်ရီက ဘောသမားတွေနဲ့အတူ အော်ရယ် တယ်၊ မိမိမှာ ဂျင်နီ့ကို အကျိုးအကြောင်းရှိရှိ ကြည့်နိုင်တဲ့အတွက် အလွန် ဝမ်းသာတယ်။ ဘောလုံးကို တစ်လျှောက်လုံး သတိနဲ့ ကြည့်မနေတဲ့အတွက်၊ သူဟာ ခွပ်ဖော်တိုက်တာ ပိုခံလိုက်ရတယ်။

သူ့ခေါင်းထဲမှာ ပြင်းထန်စွာ တိုက်ပွဲဖြစ်နေတုန်းပဲ။ ဂျင်နီလား ရွန်လား။ တစ်ခါတလေ သူတွေးတယ်၊ လာဗင်ဒါနဲ့ ရည်းစားဖြစ်ပြီးနောက်၊ ရွန်ဟာ သူနဲ့ ဂျင်နီ ချိန်းတွေ့တာကို သိပ်အရေးလုပ်မယ်မထင်ဘူး။ ဒါပေမယ့် ဂျင်နီက ဒင်းကို နမ်းစဉ်က ရွန့်ရဲ့အမူအရာကို တွေးမိပြန်တော့ မိမိဟာ သူမ လက်ကိုပဲ ဆွဲတယ်ထားဦး၊ ရွန်က ယုတ်မာစွာ သစ္စာဖောက်တယ်လို့ ထင်မှာ . . . .

ဒါပေမယ့် ဟယ်ရီဟာ ဂျင်နီနဲ့ကစားတာ၊ သူမနဲ့အတူရယ်တာ၊ လေ့ကျင့်ပြီးနောက် အတူလမ်းလျှောက်ပြန်တာကို ချုပ်တည်းထားလို့ မရဘူး။ စိတ်ထဲမှာ အပြစ်ရှိသလို ဖြစ်နေပေမယ့်၊ သူဟာ သူမနဲ့ နှစ်ယောက်တည်း နေချင်တဲ့ စိတ်ကူးယဉ်မှုတွေ ဖြစ်ပေါ်နေတယ်။ အကောင်းဆုံးက စလပ်ဂ်ဟွန်း နောက်ထပ် ပါတီပွဲလေး လုပ်စေချင်တယ်၊ ဒါဆိုရင် ရွန် ပွဲမှာ မရှိနိုင်ဘူး —— ကံမကောင်းတာက၊ စလပ်ဂ်ဟွန်းဟာ သူတို့ကို မျှော်လင့်ချက်မထားတော့ သလိုပဲ။ ဟယ်ရီဟာ ဟာမီးကို အကူအညီတောင်းဖို့ တစ်ကြိမ်နှစ်ကြိမ် စဉ်းစား သေးတယ်၊ ဒါပေမယ့် သူမမျက်နှာပေါ်က ကျေနပ်တဲ့အပြုံးကို မိမိခံနိုင်မှာ မဟုတ်ဘူးလို့ တွေးမိတယ်။ တစ်ခါတလေ သူ ဂျင်နီကို စိုက်ကြည့်နေတာ ဒါမှမဟုတ် ဂျင်နီကစလို့ သူ တဟားဟားရယ်တာကို ဟာမီး တွေ့သွားတဲ့ အခါမှာ ဒီလိုအမူအရာမျိုးကို သူမြင်ရသလိုပဲ။ ပိုဆိုးတာက၊ မိမိလက်ဦးမှု မယူရင် ဂျင်နီကို ချိန်းတွေ့မယ့်လူ မကြာခင် ပေါ်ပေါက်လာလိမ့်မယ်လို့ သူ တွေးမိတာပဲ။ သူနဲ့ ရွန်ဟာ ဒီအချက်မှာတော့ အမြင်တူကြတယ်။ ဂျင်နီဟာ ဒိုင်ခွဲရတာကောင်းတယ်၊ ဒါက သူမအဖို့တော့ မကောင်းဘူး။



ဘာပဲဖြစ်ဖြစ်၊ ဖီလစ် ဖီလစ်စစ် တစ်လုပ် ထပ်သောက်ဖို့ ဆွဲဆောင်မှု က တစ်နေ့တခြား ပြင်းထန်လာတယ်။ အကြောင်းက၊ ဒါဟာ ဟာမီးပြော သလို "ပတ်ဝန်းကျင်ကို ပြုပြင်ပေးဖို့ လိုအပ်တယ်လို့ ယူဆရမလား ? သာယာ တဲ့ မေလနေ့ရက်များ အသာလေး လစ်ပြေးသွားပြီ။ သူ ဂျင်နီကို တွေ့တိုင်း ရွန် အနားမှာရှိနေသလိုပဲ။ ဟယ်ရီဟာ မိမိတစ်ကြိမ်လောက် ကံကောင်းချင် တယ်၊ ရွန့်ကို မိမိရဲ့ ချစ်သူငယ်ချင်းနဲ့ ညီမလေး ဂျင်နီတို့ ချစ်ကြိုက်ကြတာ ထက် သူ့မှာ ဝမ်းသာစရာမရှိဘူးလို့ ထင်စေချင်တယ်။ ပြီးတော့ သူနဲ့ ဂျင်နီ နှစ်ယောက်တည်း စက္ကန့်အချို့ နေခွင့်ပေးစေချင်တယ်။ ဒါပေမယ့် ဒီနှစ်ခု စလုံး အကောင်အထည်ပေါ်ဖို့ အခွင့်အရေး ရမှာမဟုတ်သလိုပဲ၊ ဒီဘောရာသီ နွေဒစ်ပြိုင်ပွဲရောက်လာတော့မှာမို့ပဲ။ ရွန်က ဟယ်ရီနဲ့ နည်းပရိယာယ်အကြောင်း ချည်း ဆွေးနွေးချင်နေတယ်၊ တခြားကိစ္စကို မစဉ်းစားနိုင်ဘူး။

ဒီဘက်မှာ ရွန်က ထူးခြားနေတာမဟုတ်ဘူး။ တစ်ကျောင်းလုံးက ဂရစ်ဖင်းဒေါ —— ရေဗင်ခလောပြိုင်ပွဲနဲ့ ပတ်သက်ပြီး တအားစိတ်ဓာတ် တက်ကြွနေတယ်။ အကြောင်းက ဒီပြိုင်ပွဲက တွက်ချက်လို့မရသေးတဲ့ ဖိုလ်စွဲ မယ့် အသင်းကို ဆုံးဖြတ်မှာမို့ပဲ။ တကယ်လို့ ဂရစ်ဖင်းဒေါက ရေဗင်ခလောကို အမှတ်သုံးရာသာရင် (သိပ်ခက်ခဲမယ်၊ ဒါပေမယ့် ဟယ်ရီဟာ သူ့ဘောသင်း ခုလောက်ပျံသန်းမှုတော်တာ တစ်ခါမှမကြုံဖူးဘူး)၊ သူတို့ ဖိုလ်စွဲမယ်။ တကယ် လို့ နိုင်ပေမယ့် အမှတ်သုံးရာ မရရင်၊ ရေဗင်ခလောနောက် ရောက်သွားမယ်။ ဒုတိယဖြစ်သွားမယ်။ တကယ်လို့ အမှတ်တစ်ရာ ရှုံးခဲ့ရင်၊ ဟပ်ဖ်ဖတ်နောက် ရောက်သွားမယ်၊ တတိယဖြစ်သွားမယ်။ တကယ်လို့ အမှတ်တစ်ရာထက် ကျော်ပြီး ရှုံးရင်၊ စတုတ္ထကို ရောက်သွားမယ်။ ဒီလိုဖြစ်ခဲ့ရင်၊ ဟယ်ရီက တွေး တယ်၊ သူက ဂရစ်ဖင်းဒေါအသင်းကို ဦးဆောင်ပြီး အနှစ်နှစ်ရာအတွင်း ပထမဆုံး ဘိတ်ချေးရခဲ့တယ်ဆိုတာကို သူ့ကို မေ့အောင်လုပ်နိုင်မယ့်လူ ရှိမှာ မဟုတ်ဘူး။

ဒီ သော့ချက်ကျတဲ့ ပြိုင်ပွဲအကြိုသဘောကတော့ အရင်ကလိုပဲ ဖြစ်တယ်။ အဲဒါကတော့၊ ဟောက်စ်ကျောင်းနှစ်ကျောင်းက ကျောင်းသားတွေ ဟာ စင်္ကြံထဲမှာ တစ်ဖက်အသင်းကို ဟိတ်ဟန်နဲ့ ခြိမ်းခြောက်တာ။ ဘောသမား တစ်ဦးချင်းဖြတ်သွားတဲ့အခါမှာ သူတို့ကို ဦးတည်တဲ့ ကြွေးကြော်သံတွေကို အကျယ်ကြီး ဇာတ်တိုက်တာ။ ဘောသမားတွေဟာ ဟိတ်ကြီးဟန်ကြီးနဲ့ သတိပြု

www.burmeseclassic.com

www.burmeseclassic.com



ခံရတာကို ခံစားချင်ခံစား ဒါမှမဟုတ်ရင်၊ ကျောင်းတက်ချိန်မှာ သန့်စင်ခန်းထဲ ပြေးဝင်ပြီး အန်တာပဲ ရှိတယ်။ ဘာကြောင့်မှန်းမသိဘူး၊ ဟယ်ရီ့ခေါင်းထဲမှာ ဒီပြိုင်ပွဲဟာ သူ ဂျင်နီ့အပေါ်ထားတဲ့ စိမ်းကိန်းအနိုင်အရှုံးနဲ့ ပတ်သက်နေတယ်လို့ ထင်တယ်။ တကယ်လို့ သူတို့ အမှတ်သုံးရာအထက်သာရင်၊ လိုက်လှဲတဲ့ ဂုဏ်ပြုပွဲနဲ့ ပြိုင်ပွဲပြီးပျော်ပွဲရွှင်ပွဲဟာ ဖိလစ် ဖိလစ်စစ် တစ်လုတ်ကြီးလို အကျိုးသက်ရောက်နိုင်တယ်လို့ သူ မတွေးဘဲမနေနိုင်ဘူး။

အဲဒီ အလုပ်ရှုပ်တဲ့ကိစ္စအားလုံးထဲမှာ၊ ဟယ်ရီဟာ သူ့ရဲ့တခြားပစ်မှတ်ဖြစ်တဲ့ မော်ဖိုင် လိုတရအခန်းထဲမှာ ဘာလုပ်နေလဲဆိုတာ သိအောင်လုပ်ဖို့ကို မမေ့ဘူး။ သူဟာ ဓားပြမြေပုံကို အမြဲကြည့်တယ်၊ မြေပုံထဲမှာ မော်ဖိုင်ကို ခဏခဏ ရှာလို့မတွေ့ဘူး။ မော်ဖိုင်ဟာ အချိန်အများကြီး အဲဒီအခန်းထဲမှာ နေတယ်လို့ သူ ခန့်မှန်းတယ်။ ဟယ်ရီဟာ လိုတရအခန်းထဲဝင်ဖို့ မျှော်လင့်ချက်မရှိသလို ဖြစ်ပေမယ့်၊ ဒါပေမယ့် အဲဒီအနားရောက်ရင် သူ သွားသွားစမ်းကြည့်တယ်။ သို့ပေမယ့် သူ ဘယ်လိုစကားကို ပြောင်းပြောင်းပြောပေမယ့်၊ နံရံပေါ်မှာ တံခါးပေါ်မလာဘူး။

ရေဗင်ခလောနဲ့ ပြိုင်ပွဲမတိုင်ခင်ရက်အချို့မှာ၊ ဟယ်ရီဟာ တစ်ယောက်တည်း အများနားနေခန်းကနေ ထမင်းစားဖို့သွားတယ်။ ရွန်ဟာ ဘေးကသန့်စင်ခန်းထဲ ပြေးဝင်ပြီး အန်တယ်။ ဟာမီးက ပါမောက္ခ ဗစ်ခတာဆီ သွားတယ်၊ အကြောင်းက၊ သူမ ပေးအပ်ခဲ့တဲ့ ဂဏန်းဗေဒင်စာတမ်းထဲမှာ အမှားတစ်ခုပါလို့။ ဟယ်ရီဟာ အကျင့်ဖြစ်နေလို့ သတ္တမထပ်စင်္ကြံထဲ လှည့်ဝင်သွားတယ်၊ သွားရင်း ဓားပြမြေပုံကို ကြည့်တယ်။ စစချင်း သူ မော်ဖိုင်ကို ရှာလို့မတွေ့ဘူး။ အဲဒီငနဲ လိုတရအခန်း သွားပြန်ပြီလို့ သူ ခန့်မှန်းတယ်။ ဒီနောက် မော်ဖိုင်လို့ အမှတ်အသားပြုထားတဲ့ အစက်ကလေးဟာ ကျောင်းသားသန့်စင်ခန်းထဲမှာရှိတာ တွေ့ရတယ်။ သူ့ဘေးမှာက ခရပ်နဲ့ ဂိုး မဟုတ်ဘဲ၊ ငိုကြွေးတဲ့ မားထော်ဖြစ်နေတယ်။

ဟယ်ရီက ဒီလိုသိပ်မဖြစ်နိုင်တဲ့ တွဲဖက်မှုကို ကြည့်နေရင်း၊ သတိမထားမိဘဲ ချပ်ဝတ်တန်ဆာတစ်ခုနဲ့ ဝင်တိုးတယ်။ ဂလင်ဂလိုင်သံက သူ့တိုအတွေးထဲကနေ နှိုးလိုက်တယ်၊ သူဟာ ဖစ်ချ်ပေါ်လာမှာစိုးလို့ မာဘော်ကျောက်လှေကားဆီ ပြေးသွားတယ်။ အောက်တစ်ထပ်စင်္ကြံထဲ ရောက်လာ



တယ်။ သူက နားရွက်ကို သန့်စင်ခန်းတံခါးပေါ် ကပ်လိုက်တယ်၊ ဒါပေမယ့် ဘာသံမှ မကြားရဘူး။ သူက တံခါးကို အသာလေးတွန်းဖွင့်လိုက်တယ်။

ဒရာကို-မော်ဖိုင်ဟာ တံခါးကို ကျောပေးရပ်နေတယ်။ ကြွေဇလုံကို လက်ထောက်ထားတယ်။ ဝါဖျော့ဖျော့ခေါင်းဟာ ငိုက်စိုက်ဖြစ်နေတယ်။

"ဒီလိုမလုပ်နဲ့" ငိုကြွေးတဲ့မားထော်ရဲ့ သိမ်မွေ့တဲ့အသံက အိမ်သာအခန်းတစ်ခန်းထဲက ထွက်လာတယ်။ "ဒီလိုမလုပ်နဲ့ . . . . ဘာဖြစ်တယ်ဆိုတာ ငါ့ပြောပြ . . . . ငါနင့်ကို ကူညီနိုင်တယ် . . . ."

"ဘယ်သူမှ ငါ့ကို မကူညီနိုင်ဘူး" မော်ဖိုင်က ပြောတယ်၊ သူ့တစ်ကိုယ်လုံး တုန်နေတယ်။ "ငါ မလုပ်နိုင်တော့ဘူး . . . . မလုပ်နိုင်ဘူး . . . . လုပ်လို့ မရဘူး . . . . မြန်မြန်ပြီးအောင် မလုပ်နိုင်ရင် . . . . သူက ငါ့ကို သတ်ပစ်မယ်လို့ ပြောတယ် . . . ."

ဟယ်ရီ့ရင်ထဲ ဒိတ်ခနဲဖြစ်သွားပြီး၊ မလှုပ်မယှက် ရပ်နေတယ်။ မော်ဖိုင် ငိုနေတာ သူ မြင်ရတယ် — တကယ်ပဲ ငိုနေတယ်။ မျက်ရည်တွေဟာ သူ့ရဲ့ဖြူရော်တဲ့ မျက်နှာပေါ်ကနေ ညစ်ပတ်တဲ့ ကြွေဇလုံထဲကို အဆက်မပြတ် စီးကျသွားတယ်။ မော်ဖိုင်က ရှိုက်ငိုရင်း ခေါင်းမော့လိုက်တယ်၊ ကြက်သီးမွေးညင်းထစရာနဲ့ မှန်ကွဲထဲကနေ ဟယ်ရီ သူ့နောက်မှာ သူ့ကို စိုက်ကြည့်နေတာ မြင်ရတယ်။

မော်ဖိုင်ဟာ ကမန်းကတန်း လှည့်ပြီး မှော်ကြိမ်လုံး ဆွဲထုတ်တယ်။ ဟယ်ရီကလည်း အလိုအလျောက် မှော်ကြိမ်လုံးထုတ်ပြီး မိမိကိုယ်မိမိ ကာကွယ်တယ်။ မော်ဖိုင်ရဲ့ကျိန်စာဟာ နည်းနည်းလေး လွဲသွားတယ်။ ဟယ်ရီ့ကျောဘက်က နံရံကပ်မီး ကွဲသွားတယ်။ ဟယ်ရီဟာ တစ်ဖက်ကို ရှောင်လိုက်တယ်၊ အသံမထွက်ဘဲ လီဗိုက်ကော်ပတ်စ်လို့ ရွတ်တယ်၊ မှော်ကြိမ်လုံး ချိန်လိုက်တယ်။ ဒါပေမယ့် မော်ဖိုင်က ဒီကျိန်စာကို တားလိုက်တယ်၊ တစ်ခါ မှော်ကြိမ်လုံး မြှောက်လိုက်တယ် —

"ဟင့်အင်း၊ ဟင့်အင်း၊ မတိုက်ကြနဲ့တော့" ငိုကြွေးတဲ့ မားထော်က စူးစူးဝါးဝါး အော်ပြောတယ်။ သူမအသံဟာ ကြွေပြားကပ် သန့်စင်ခန်းထဲမှာ ပဲ့တင်ထပ်သွားတယ်။ "ရပ်ကြ၊ ရပ်ကြ"

ဒိုင်းခနဲ ဟယ်ရီ့ကျောဘက်က အမှိုက်ပုံး ပေါက်ကွဲသွားတယ်။ ဟယ်ရီက ခြေချုပ်ကျိန်စာကို စမ်းသုံးကြည့်တယ်။ ဒါပေမယ့် မော်ဖိုင့်နားရွက်

www.burmeseclassic.com

www.burmeseclassic.com



နောက်က နံရံပေါ်ကနေ ပြန်ကန်လာတယ်။ ငိုကြွေးတဲ့မားထော်အောက်ဘက်က ရေဆွဲရေပုံး ကွဲကြေသွားစေတယ်။ မားထော်က အကျယ်ကြီး စူးစူးအော်တယ်၊ ရေတွေ ကြမ်းပေါ်ပြည့်ကုန်တယ်၊ ဟယ်ရီ ချော်လဲသွားတယ်။ မော်ဖိုင်က မျက်နှာကြီး ရှုံ့မဲ့ပြီး အော်ပြောတယ်။ "သဲခိုက်နာကျင်ကျိန်စာ —— "

"စက်တမ်ဆမ်ပရာ" ဟယ်ရီက ကြမ်းပေါ်ကနေ တအားဟစ်အော်လိုက်တယ်၊ မှော်ကြိမ်လုံးကို အရှူးအမူး လှုပ်ယမ်းလိုက်တယ်။

မော်ဖိုင့်မျက်နှာနဲ့ ရင်ဝကနေ သွေးတွေ ပန်းထွက်လာတယ်၊ မမြင်ရတဲ့ ဓားနဲ့ ခုတ်ချလိုက်သလိုပဲ။ သူဟာ ဂယိမ်းဂယိုင်နဲ့ နောက်ဆုတ်သွားတယ်၊ ဘိုင်းခနဲ ရေဝပ်နေတဲ့ကြမ်းပေါ် လဲကျသွားတယ်၊ ရေတွေ အများကြီး စဉ်ကုန်တယ်။ မှော်ကြိမ်လုံးဟာ သူ့ရဲ့ပျော့အိတဲ့ ညာလက်ထဲက ပြုတ်ကျသွားတယ်။

"ဟင့်အင်း —— " ဟယ်ရီက အသက်ရှူမမှန်ဘဲ ပြောတယ်။

ဟယ်ရီက ချော်ချော်ချွတ်ချွတ်နဲ့ လှုပ်ယိုင်စွာ ကုန်းထပြီး၊ မော်ဖိုင့်ဆီ ပြေးသွားတယ်။ သူ့မျက်နှာဟာ နီရဲနေပြီး၊ ဖြူရော်တဲ့လက်က သွေးစိုနေတဲ့ ရင်ဘတ်ကို ကိုင်ထားတာ တွေ့ရတယ်။

"ဟင့်အင်း —— ငါ မလုပ်ချင် —— "

ဟယ်ရီဟာ မိမိဘာပြောနေမှန်း မသိဘူး၊ သူဟာ မော်ဖိုင့်ဘေးမှာ ဒူးထောက်လိုက်တယ်။ မော်ဖိုင်ဟာ သွေးအိုင်ထဲမှာ ချုပ်တည်းမရဘဲ တုန်နေတယ်။ ငိုကြွေးတဲ့မားထော်ဆီက နားကွဲမတတ် စူးစူးအော်သံ ထွက်လာတယ်။

"လူသတ်ပြီ၊ သန့်စင်ခန်းထဲမှာ လူသတ်ပြီ၊ လူသတ်ပြီ"

ဟယ်ရီ့နောက်ဘက်က တံခါး ဒိုင်းခနဲ ပွင့်သွားတယ်။ စနိတ်ပ် ပြေးဝင်လာတယ်၊ မျက်နှာကြီးမည်းနေတယ်။ သူက ဟယ်ရီ့ကို ကြမ်းတမ်းစွာ တစ်ဖက်တွန်းပစ်လိုက်ပြီး မော်ဖိုင့်ရှေ့ ဒူးထောက်လိုက်တယ်။ မှော်ကြိမ်လုံး ဆွဲထုတ်ပြီး ဟယ်ရီ့မှော်ကျိန်စာကြောင့်ဖြစ်လာတဲ့ ဒဏ်ရာနက်နက်အတိုင်း ရွှေ့သွားသွားတယ်။ ပါးစပ်ကလည်း သီချင်းဆိုသလို ဂါထာတစ်မျိုးကို ရွတ်ဆိုနေတယ်၊ သွေးအထွက် သက်သာလာသလိုပဲ။ စနိတ်ပ်က မော်ဖိုင့်မျက်နှာပေါ်က အညစ်အကြေးကို သုတ်ပစ်ပြီး တစ်ခါ ဂါထာရွတ်ဆိုပြန်တယ်။ အခု ဒဏ်ရာစေ့သွားသလိုပဲ။



ဟယ်ရီက ဘေးမှာကြည့်နေသေးတယ်၊ မိမိလုပ်တာကြောင့် လန့်ပြီး ငိုင်နေတယ်။ မိမိလည်း သွေးနဲ့ ရေညစ်ထဲ ရောက်နေတာ သတိမပြုမိဘူး။ ငိုကြွေးတဲ့မားထော်ဟာ သူတို့ခေါင်းပေါ်မှာ ရှိုက်ငိုဟစ်ကြွေးနေတုန်းပဲ။ စနိတ်ပ်ဟာ တတိယအကြိမ် ကျိန်စာဖြေဂါထာ ရွတ်ဆိုပြီးနောက်၊ မော်ဖိုင်ကို ထွေ့ချီဆွဲထူလိုက်တယ်။

"မင်း ကျောင်းဆေးရုံကို သွားဖို့လိုတယ်၊ အမာရွတ်တချို့ ရှိနိုင်တယ် ဒါပေမယ့် အချိန်မီ ဒစ်တာနီသုံးရင်တော့ အမာရွတ်တောင် ရှိချင်မှရှိမယ် .... သွားစို့ ...."

စနိတ်ပ်ဟာ မော်ဖိုင်ကိုတွဲပြီး ထွက်သွားတော့၊ အဝမှာ လှည့်ပြီး အေးစက်ပြီးဒေါသထွက်တဲ့လေသံနဲ့ ပြောတယ်။ "မင်း၊ ပေါ်တာ .... ကျုပ်ကို ဒီမှာစောင့်နေ"

ဟယ်ရီဟာ မနာခံဘူးလို့ စိုးစဉ်းမျှ မတွေးဘူး။ သူ ဖြည်းဖြည်း မတ်တတ်ရပ်လိုက်တယ်၊ တစ်ကိုယ်လုံး တုန်နေတယ်၊ ရေဝပ်နေတဲ့ ကြမ်းပြင်ကို ငုံ့ကြည့်နေတယ်။ ဝပ်နေတဲ့ရေပေါ်မှာ ပန်းနီနီလို သွေးစတွေ ဝဲနေတယ်။ သူဟာ ငိုကြွေးတဲ့မားထော်ကို မဆူပူဖို့ပြောဖို့ အင်အားတောင် မရှိတော့ဘူး။ သူမဟာ ဆက်ပြီးငိုနေတယ်၊ ဒါပေမယ့် ကြာလေ ငိမ်ခံတဲ့သဘောဆောင်လေ ဖြစ်လာတယ်။

ဆယ်မိနစ်ကြာတော့ စနိတ်ပ် ပြန်လာတယ်။ သူ သန့်စင်ခန်းထဲ ဝင်လာတယ်၊ တံခါးပြန်ပိတ်လိုက်တယ်။

"ထွက်သွား" သူက မားထော်ကို ပြောတယ်၊ သူမက အိမ်သာရေပုံးထဲ ပြန်ငုပ်သွားတယ်၊ နားအူစေတဲ့ ငြိမ်သက်မှုပဲ ကျန်ရစ်တယ်။

"ကျွန်တော် တမင်လုပ်တာမဟုတ်ဘူး" ဟယ်ရီက ချက်ချင်းပြောတယ်၊ သူ့အသံဟာ အေးစက်၊ စိုစွတ်တဲ့ ကွက်လပ်ထဲမှာ ပဲ့တင်ထပ်နေတယ်။ "အဲဒီကျိန်စာ ဘာဆိုတာ ကျွန်တော် မသိဘူး"

စနိတ်ပ်က ဂရုမစိုက်ဘူး။

"ကျုပ် မင်းကို လျှော့တွက်မိတယ်၊ ပေါ်တာ" သူက အေးဆေးစွာ ပြောတယ်။ "မင်း ဒီလိုမှော်နက်ပညာတတ်တယ်ဆိုတာ ဘယ်သူတွေသိမှာလဲ။ အဲဒီမှော်ကျိန်စာကို ဘယ်သူ မင်းသင်ပေးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန် —— ကျွန်တော်ဖတ်တာ"

"ဘယ်ကလဲ"

"ဟို —— စာကြည့်တိုက်က စာအုပ်တစ်အုပ်ထဲက" ဟယ်ရီ ကြံ့သလို လုပ်ကြံပြောလိုက်တယ်။ "ကျွန်တော် စာအုပ်နာမည် သတိမရတော့ဘူး ——"

"လိမ်ပြောတယ်" စနိတ်ပ်က ပြောတယ်။ ဟယ်ရီ လည်ချောင်းတွေ ခြောက်လာတယ်။ စနိတ်ပ် ဘာလုပ်မယ်ဆိုတာ သူ သိတယ်၊ မိမိကတော့ ဘယ်တုန်းကမှ တားလို့မရဘူး။

သန့်စင်ခန်းဟာ သူ့ရှေ့မှာ လှုပ်ယိုင်လာတယ်၊ သူက အတွေးအားလုံးကို ကြိုးစားဖယ်ရှားတယ်။ ဒါပေမယ့် ဘယ်လိုပဲကြိုးစားကြိုးစား၊ သွေးနှောမင်းသားရဲ့ 'အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်း' ဟာ ဝေဝါးစွာ မျက်စိထဲ ပေါ်လာတယ် . . . .

ဒီနောက် သူ စနိတ်ပ်ကို မြင်ရပြန်တယ်၊ ရစရာမရှိ ဖြစ်နေတဲ့ သန့်စင်ခန်းအလယ်ဗဟိုမှာ။ သူဟာ အဲဒီအတိမ်အနက် ဘာမှမသိရတဲ့ မျက်စိမည်းမည်းကို ကြည့်နေတယ်၊ စနိတ်ပ် မမြင်ပါစေနဲ့လို့ ဆုတောင်းမိတယ်။ သို့ပေမယ့် ——

"မင်းလွယ်အိတ် ကျုပ်ပေး" စနိတ်ပ်က အသာပြောတယ်။ "ပြီးတော့ မင်းရဲ့ သင်ရိုးစာအုပ်အားလုံး။ ရှိသမျှ ဒီကိုယူခဲ့၊ မြန်မြန်"

ဆက်ပြီးဆင်ခြေပေးနေလို့လည်း အလကားပဲ။ ဟယ်ရီဟာ ချက်ချင်းလှည့်ပြီး ရေနင်းကာ သန့်စင်ခန်းက ပြေးထွက်ခဲ့တယ်။ စင်္ကြံထဲရောက်တာနဲ့ ဂရစ်ဖင်းဒေါအိမ်ချွန်ဆီ တန်းပြေးသွားတယ်။ လူအများစုဟာ ဆန့်ကျင်ဘက် ဦးတည်သွားနေကြတယ်၊ သူ့ကိုယ်ပေါ်မှာ ရေတွေ၊ သွေးတွေ စိုရွှဲနေတာ မြင်တော့ အံ့လွန်းအံ့ဩနေတယ်။ ဒါပေမယ့် သူက ရှေ့ပဲဆက်ပြေးတယ်၊ သူ့ကို မေးကြတဲ့မေးခွန်းတွေကို မဖြေဘူး။

သူဟာ ထိတ်လန့်အံ့ဩပြီး နားမလည်နိုင် ဖြစ်မိတယ်။ ချစ်စရာကောင်းတဲ့ အချစ်တော် အကောင်တစ်ကောင်ဟာ ရုတ်တရက် ရိုင်းစိုင်းလာသလိုပဲ၊ မင်းသားဟာ ဒီလိုမှော်ကျိန်စာတစ်ခုကို စာအုပ်ထဲ ကူးရေးတုန်းက ဘယ်လိုများ တွေးပါသလဲ။ စနိတ်ပ်မြင်ရင် ဘယ်လိုဖြစ်မလဲ။ သူ စလပ်ဂ်ဟွန်းဆီ ပြောပြမလား (ဟယ်ရီ့ဗိုက်ထဲမှာ ဗလောင်ဆန်လာတယ်) —— ဟယ်ရီ့ ဒီကျောင်းသက်မှာ မှော်ဆေးပညာဘာသာအမှတ်က ဘယ်လိုရလာတာလဲ။



သူဟာ ဟယ်ရီ့ကို ဗဟုသုတအများကြီးသင်ပေးတဲ့ စာအုပ်ကို သိမ်းပစ်၊ ဆုတ်ဖြဲပစ်မှာလား . . . . အဲဒီဆရာလို၊ မိတ်ဆွေလိုဖြစ်နေတဲ့ စာအုပ်ကို။ ဟယ်ရီက ဒီလိုအဖြစ်မခံနိုင်ဘူး . . . . သူ အဖြစ်မခံနိုင်ဘူး . . . .

"မင်း ဘယ်သွားနေလဲ —— ဘယ့်နှယ်စိုရွှဲနေတာလဲ —— အဲဒါ သွေးလား"

ရွန်က လှေကားထိပ်မှာ ရပ်ပြီး၊ ဘာမှန်းမသိဘဲ ဟယ်ရီ့ကို ကြည့်နေတယ်။

"ငါ မင်းစာအုပ် လိုချင်တယ်" ဟယ်ရီက အမောတကော ပြောတယ်။ "မင်း မှော်ဆေးဖတ်စာအုပ်။ မြန်မြန် . . . . ငါ့ကို မြန်မြန်ပေး . . . ."

"ဒါပေမယ့် သွေးနှောမင်းသား —— ?"

"နောက်မှရှင်းပြမယ်"

ရွန်က လွယ်အိတ်ထဲကနေ 'အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်း'ကို ဆွဲထုတ်ပြီး သူ့ကို ပေးလိုက်တယ်။ ဟယ်ရီက အများနားနေခန်းထဲ ပြေးဝင်ပြီး လွယ်အိတ်ကို ယူလိုက်တယ်။ ထမင်းစားပြီးနှင့်တဲ့လူတချို့ရဲ့ အံ့အားသင့်တဲ့ အကြည့်ကို ဂရုမစိုက်ဘဲ၊ အရုပ်ကားကျင်းဝကို တိုးထွက်ပြီး သတ္တမထပ်စင်္ကြံအတိုင်း တအားပြေးတယ်။

ရောမဘီလူးကြီး ကနေတဲ့ အလှချိတ်ကော်ဇောရှေ့မှာ ရပ်လိုက်တယ်၊ မျက်စိမှိတ်ပြီး အသွားအပြန်လျှောက်တယ်။

ကျွန်တော့်စာအုပ်ကို ဝှက်ဖို့နေရာတစ်ခု လိုတယ် . . . . ကျွန်တော့်စာအုပ်ကို ဝှက်ဖို့နေရာတစ်ခု လိုတယ် . . . . ကျွန်တော့်စာအုပ်ကို ဝှက်ဖို့နေရာတစ်ခု လိုတယ် . . . .

သူဟာ ဘာမှမရှိတဲ့နံရံရှေ့မှာ သုံးခေါက်လျှောက်လိုက်တယ်၊ သူ မျက်စိဖွင့်လိုက်တော့ လိုတရအခန်းတံခါးကို မြင်ရတယ်။

ဟယ်ရီက တံခါးကို ဆွဲဖွင့်ပြီး ပြေးဝင်ကာ ပြန်တွန်းပိတ်လိုက်တယ်။

ဟယ်ရီ အံ့အားသင့်သွားတယ်။ သူဟာ စိတ်ပူနေတယ်၊ ထိတ်လန့်နေတယ်၊ သန့်စင်ခန်းထဲမှာ သူ့ကို စောင့်နေတဲ့ကိစ္စကို ကြောက်နေပေမယ့်၊ မျက်စိရှေ့က မြင်ကွင်းရဲ့အရှိန်အဝါကို မအံ့ဩဘဲ မနေနိုင်ဘူး။ သူဟာ ချပ်ကျောင်းကြီးလောက်ကြီးတဲ့ အခန်းကြီးထဲ ရောက်နေတယ်။ မြင့်မားတဲ့ ပြတင်းဆီက အလင်းရောင်အောက်မှာ တိုက်နံရံတွေနဲ့ မြို့ကြီးလို တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေဟာ ခေတ်အဆက်ဆက်က ဟော့ဂ်ဝပ်သားတွေ သိုဝှက်ထားတဲ့အရာတွေနဲ့ တည်ဆောက်ထားတယ်ဆိုတာ ဟယ်ရီ သိတယ်။ လမ်းသေးနှစ်ဘက်မှာ စုပုံထားတာက လှုပ်ယိုင်နေတဲ့ ပရိဘောဂပစ္စည်းတွေ။ မှော်ပညာမှားစီရင်မိတဲ့ သက်သေပစ္စည်းကို ဖုံးကွယ်ဖို့အတွက် ဒီနေရာမှာ လာထိုးထားတာ ဖြစ်မယ်။ ဒါမှမဟုတ်ရင် ရဲတိုက်ရဲ့သားနားမှုကို ထိန်းသိမ်းထားတဲ့ မှင်စာလေးများက လာသိမ်းဆည်းထားတာလဲ ဖြစ်မယ်။ ဒီမှာ စာအုပ်တွေ အထောင်အသောင်း ရှိတယ်၊ တားမြစ်စာအုပ်ဆိုတာ သေချာတယ်။ လျှောက်ရေးခြစ်ထားတဲ့ စာအုပ်တွေ၊ ဒါမှမဟုတ် ခိုးလာတဲ့ စာအုပ်တွေ ဖြစ်တယ်။ တောင်ပံပါတဲ့ လောက်လေးနဲ့ အစွယ်ပါ ပန်းကန် ပြားပျံတွေ ရှိတယ်။ ၎င်းတို့ထဲက တချို့ဆိုရင် တောင်လိုပုံနေတဲ့ တားမြစ်ပစ္စည်းပုံအထက်မှာ အားအင်ချည့်နဲ့စွာနဲ့ ပျံသန်းနေသေးတယ်။ ပုလင်းစုတွေထဲမှာ ခဲနေတဲ့ မှော်ဆေးတွေ ရှိတယ်။ ပြီးတော့ ဦးထုပ်၊ ကျောက်မျက်ရတနာ၊ ခြုံထည်နဲ့ မီးနဂါးခွံလို ဟာမျိုးတွေလည်း ရှိတယ်။ အဝကို ဆို့ထားတဲ့ ပုလင်းတချို့ထဲမှာ ဆိုးရွားတဲ့ အလင်းရောင် လက်နေသေးတယ်။ သံချေးတက်နေတဲ့ ဓားရှည်နဲ့ သွေးစွန်းတွက်တွေနဲ့ ရဲဒင်းကြီးတွေလည်း ရှိတယ်။

ဟယ်ရီက အဲဒီသိုဝှက်ရတနာတွေ စုပုံထားတဲ့ လမ်းတွေထဲက တစ်လမ်းထဲ အမြန်ဝင်လိုက်တယ်၊ ညာဘက်ကို ချိုးလိုက်တယ်။ ရောမဘီလူး နမူနာရုပ်ခြောက်ကို ဖြတ်ခဲ့ပြီး နည်းနည်းထပ်ပြေးတယ်၊ ကွဲအက်တဲ့ ပျောက်ကွယ်ဗီရို (မနှစ်က မွန်ထပ် ဒီထဲမှာ ပျောက်သွားတဲ့ဟာ) ဆီရောက်တော့ ဘယ်ဘက်ချိုးပြန်တယ်၊ နောက်ဆုံးမှာ မျက်နှာပြင် အမြှုပ်ထနေတဲ့ ငရဲမီးပြင်းနဲ့ ပက်ခံထားရတဲ့ ရောမဗီရိုကြီးရှေ့မှာ ရပ်လိုက်တယ်။ သူက တကျွိကျွိမြည်တဲ့ ဗီရိုတံခါးကို ဖွင့်လိုက်တယ်။ အဲဒီအထဲမှာ လှောင်အိမ်တစ်ခု ရှိနေပြီ၊ လှောင်အိမ်ထဲကအရာ သေသွားတာ ကြာလှပြီ။ အရိုးကို ကြည့်ရင် ခြင်္သေ့ ခေါင်းရှိတယ်။ သူက သွေးနှောမင်းသားရဲ့စာအုပ်ကို လှောင်အိမ်နောက် ထိုးသည့်ပြီး တံခါးကို တအားတွန်းပိတ်လိုက်တယ်၊ သူဟာ ခဏရပ်နေတယ်၊ နှလုံးက ဒိတ်ဒိတ် ခုန်နေတယ်၊ ပစ္စည်းစုံအပုံတွေကို ဝေ့ကြည့်တယ် .... ဒီလောက်များတဲ့ အစုတ်အပြတ်တွေထဲမှာ သူ ဒီနေရာကိုရှာလို့ တွေ့ပါဦးမလား။ သူဟာ ဘေးက တန်းရိုက်သေတ္တာပုံးအပေါ်ကနေ အရုပ်ဆိုးတဲ့ မှော်ဆရာအိုရဲ့ ကိုယ်တစ်ပိုင်းရုပ်ထုကို ဆွဲယူပြီး အဲဒီစာအုပ် ဝှက်ထားတဲ့



ဗီရိုပေါ် တင်ထားလိုက်တယ်။ ပိုပြီးမြင်သာအောင် မှော်ဆရာအိုကြီးရဲ့ ခေါင်းပေါ်မှာ ဖုန်တက်နေတဲ့ ဆံပင်အတုနဲ့ သံချေးတက် မွဲတေတဲ့ သရဖူအဟောင်းကြီးကို ဆောင်းပေးလိုက်တယ်။ ဒီနောက် သူဟာ ပစ္စည်းဟောင်းအစုံ သိုဝှက်ထားတဲ့လမ်းကို ပြေးဖြတ်ပြီး စင်္ကြံထဲထိ ပြေးထွက်ကာ တံခါးကို ဒိုင်းခနဲ ပိတ်ထားခဲ့တယ်။ ၎င်းဟာ ချက်ချင်း ကျောက်နံရံပြန်ဖြစ်သွားတယ်။

ဟယ်ရီဟာ အောက်ထပ်သန့်စင်ခန်းဆီ အရှိန်ကုန်ပြေးသွားတယ်။ ပြေးရင်း ရွန့် 'အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်း'ကို မိမိလွယ်အိတ်ထဲ ထိုးထည့်တယ်။ တစ်မိနစ်ကြာတော့၊ သူဟာ ဟောဟဲ ဟောဟဲနဲ့ စနိတ်ပ်ရှေ့ ပြန်ရောက်လာတယ်။ ရင်ဝဟာ မီးလောင်ခံရသလို နာတယ်၊ စနိတ်ပ်က စကားတစ်ခွန်းမှမပြောဘဲ လက်ဆန့်လိုက်တယ်။ ဟယ်ရီက လွယ်အိတ်ကို ပေးလိုက်တယ်။

စနိတ်ပ်က ဟယ်ရီ့စာအုပ်တွေ တစ်အုပ်ချင်း ယူထုတ်ပြီး စစ်ဆေးတယ်။ နောက်ဆုံး အဲဟိုမှော်ဆေးဖတ်စာအုပ်ပဲ ကျန်တယ်။ သူဟာ ၎င်းကို သေချာစိုက်ပြီး ခဏကြည့်နေတယ်။

"ဒါ မင်း 'အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်း' လား၊ ပေါ်တာ"

"ဟုတ်တယ်" ဟယ်ရီ မောနေတုန်းပဲ။

"မင်းသေချာတယ် ဟုတ်လား၊ ပေါ်တာ"

"ဟုတ်တယ်" ဟယ်ရီ့လေသံထဲမှာ ခုခံတဲ့သဘော နည်းနည်းပိုလာတယ်။

"ဒါ မင်း အောင်မြင်ခြင်းနဲ့ အမည်းကွက်စာအုပ်ဆိုင်က ဝယ်တဲ့ 'အဆင့်မြင့်မှော်ဆေးဖော်စပ်ခြင်း' လား"

"ဟုတ်တယ်" ဟယ်ရီက ပြတ်သားစွာ ပြောတယ်။

"ဒါဆို အဖုံးအတွင်းထဲမှာ ဘာဖြစ်လို့ 'ရွန်း-ဝစ်ဇ်လစ်ဘ်'လို့ ရေးထားတာလဲ"

ဟယ်ရီ နှလုံးခုန် တစ်ချက်ရပ်သွားတယ်။

"အဲဒါ ကျွန်တော့်ရဲ့ တခြားနာမည်ပါ" သူက ပြောတယ်။

"မင်း တခြားနာမည် ?"

"ဟုတ်တယ် .... အဲဒါ သူငယ်ချင်းတွေက ကျွန်တော့်ကို ပေးတဲ့ နာမည်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအဓိပ္ပာယ် ကျုပ်သိတယ်" စနိတ်ပ်က ပြောတယ်။ အေးစက်တဲ့ မျက်လုံးမည်းမည်းဟာ လွန်ပူလို ဟယ်ရီ့ကို ကြည့်နေပြန်တယ်။ ဟယ်ရီက အဲဒီမျက်လုံးကို မကြည့်မိဖို့ ကြိုးစားတယ်။ မင်းဦးနှောက်ကို ပိတ်ဆို့ . . . . မင်းဦးနှောက်ကို ပိတ်ဆို့ . . . . ဒါပေမယ့် သူ မတတ်သေးဘူး . . . .

"ကျုပ် ဘယ်လိုတွေးတယ်ဆိုတာ မင်းသိလား၊ ပေါ်တာ" စနိတ်ပ်က သာသာလေးပြောတယ်။ "မင်းဟာ လိမ်ပြောတဲ့လူ၊ လူလိမ်လို့ ကျုပ်ထင်တယ်။ မင်းကို စနေနေ့တိုင်း ကျုပ် ကျောင်းပိတ်သင့်တယ်၊ ကျောင်းပတ်ကုန်ဆုံးတဲ့ အထိ။ မင်းဘယ်လိုထင်လဲ၊ ပေါ်တာ"

"ကျွန်တော် — ကျွန်တော် သဘောမတူနိုင်ဘူး၊ ဆရာ" ဟယ်ရီက ပြောတယ်၊ စနိတ်ပ်မျက်စိကိုကြည့်ဖို့ ရှောင်နေတုန်းပဲ။

"ကောင်းပြီ၊ ကျောင်းပိတ်ခံရပြီးနောက် မင်းဘာခံစားချက်ရှိတယ်ဆိုတာ ကြည့်" စနိတ်ပ်က ပြောတယ်။ "စနေနေ့နံနက်ဆယ်နာရီ၊ ပေါ်တာ၊ ကျုပ်ရုံးခန်းကိုလာ"

"ဒါပေမယ့်၊ ဆရာ . . . ." ဟယ်ရီက ပြောတယ်။ ဟယ်ရီက ပြောရင်း စိတ်ပျက်စွာ ခေါင်းမော့လိုက်တယ်။ "ခွဒစ် . . . . နောက်ဆုံးပြိုင်ပွဲ —"

"ဆယ်နာရီ" စနိတ်ပ်က တိုးတိုးပြောတယ်၊ မျက်နှာပေါ်မှာ အပြုံးရိပ် သန်းသွားတယ်၊ သွားဝါဝါတွေ ပေါ်လာတယ်။ "သနားစရာဂရစ်ဖင်းဒေါ . . . . ဒီနှစ် စတုတ္ထပဲရတော့မယ်၊ ကျုပ်စိုးရိမ်တယ် . . . ."

သူဟာ ဟယ်ရီ့ထားပြီး ထွက်သွားတယ်၊ ဟယ်ရီက မှန်အကွဲကို ကြည့်နေတယ်၊ မိမိဟာ အခု ရွန်ခံစားရတာအားလုံးထက် ပိုအခံရခက်တယ်လို့ ထင်မိတယ်။

"ငါမပြောချင်ဘူး 'ငါ နင့်ကို ပြောပြီးပြီ' " တစ်နာရီကြာတော့ ဟာမီး ... အများနားနေခန်းထဲမှာ ပြောတယ်။

"တော်တော့၊ ဟာမီး" ရွန်က စိတ်ဆိုးစွာ ပြောတယ်။

ဟယ်ရီ ညစာသွားမစားဘူး၊ သူ နည်းနည်းမှ စားချင်စိတ်မရှိဘူး။ သူ ခုတင်ပဲ ရွန်၊ ဟာမီးနဲ့ ဂျင်နီကို သူ့အဖြစ်အပျက်ပြောပြီးတယ်။ တကယ်တော့ ပြောပြစရာမလိုပါဘူး၊ သတင်းက ပျံ့သွားပြီ။ ငိုကြွေးတဲ့မားထော်ဟာ ရဲတိုက်ထဲက သန့်စင်ခန်းတိုင်းမှာ ပေါ်လောပေါ်လာပြီး ဒီပုံပြင်ကို လိုက်ပြော



တာ သေချာတယ်။ ဖန်စီ-ဖတ်ကင်ဆန်ဟာ ကျောင်းဆေးရုံကိုသွားပြီး မော်ဖွိုင်ကို သတင်းမေးပြီးပြီ။ ချက်ချင်းပဲ ဟယ်ရီမကောင်းကြောင်း နေရာတကာ လိုက်ပြောနေတယ်။ စနိတ်ပ်က ဆရာတွေကို ဒီအကြောင်း ဝါဒဖြန့်တယ်။ ဟယ်ရီ့ကို အများနားနေခန်းက ခေါ်ထုတ်သွားပြီး၊ ပါမောက္ခ မက်ဂေါ်နာဂေါ ရှေ့မှာ အလွန်အနေရခက်စွာ ဆယ့်ငါးမိနစ်နေခဲ့ရတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါက သူ ကျောင်းအထုတ်မခံရတာ သိပ်ကံကောင်းတယ်လို့ ပြောတယ်။ တစ်ခါ သူမဟာ စနိတ်ပ်ရဲ့ဒဏ်ပေးတာကို လုံးဝသဘောတူတယ်၊ စနေနေ့တိုင်း ကျောင်းပိတ်ခံ၊ ကျောင်းပတ်ပြီးဆုံးတဲ့အထိတဲ့။

"အဲဒီ ဘာမင်းသားလဲ၊ ပြဿနာရှိတယ်လို့ ငါ နင့်ကို ပြောပြီးပြီ" ဟာမီးက ပြောတယ်။ သူမ အောင့်ထားလို့မရတာ သေချာတယ်။ "ငါပြောတာ မှန်တယ်မဟုတ်လား"

"ငါတော့မဟုတ်ဘူးလို့ထင်တယ်" ဟယ်ရီက ခေါင်းမာမာနဲ့ ပြောတယ်။

ဒီမှာ ဟာမီးက တတွတ်တွတ်နဲ့ သူ့ကို ပညာပေးမနေတာတောင် သူ အနေရခက်လှပြီ။ စနေနေ့မှာ သူ ပြိုင်ပွဲဝင်မကစားနိုင်ဘူးလို့ကြားတော့၊ ဂရစ်ဖင်းဒေါသောသမားတွေ မျက်နှာပေါ်က အမူအရာဟာ သူ့ကို ပြင်းထန်စွာ ဒဏ်ခတ်နေသလိုပဲ။ ဂျင်နီအကြည့်က သူ့ပေါ်ရောက်နေတာ သူသိတယ်၊ ဒါပေမယ့် သူ ရင်မဆိုင်ဝံ့ဘူး။ စိတ်ပျက်တာ၊ ဒေါသထွက်တာတွေကို မမြင်ချင်ဘူး။ သူဟာ ခုတင်ပဲ စနေနေ့မှာ သူမ ရှာဖမ်းသမားလုပ်ရမယ်လို့ ပြောထားတယ်။ ဒင်းကို ပြန်ခေါ်ပြီး ဘောလိုက်သမားလုပ်စေတယ်။ တကယ်လို့ သူတို့နိုင်ခဲ့ရင်၊ ဂျင်နီနဲ့ ဒင်းဟာ ပြိုင်ပွဲအပြီး စိတ်လှုပ်ရှားတက်ကြွမှုထဲမှာ ပြန်လည်သင့်မြတ်သွားနိုင်တယ် . . . . ဒီအတွေးက ရေခဲမားတစ်လက်လို ဟယ်ရီ့နှလုံးသားထဲ အထိုးခံလိုက်ရသလိုပဲ။

"ဟယ်ရီ" ဟာမီးက ပြောတယ်။ "နင် ဘာဖြစ်လို့ ဟိုစာအုပ်ကို ကာကွယ်ထားသေးတာလဲ၊ အဲဒီမှော်ကျိန်စာ —"

"ငါက ငါလုပ်တဲ့အမှုကို ဆင်ခြေပေးနေတာမဟုတ်ဘူး" ဟယ်ရီက ချက်ချင်းပြောတယ်။ "ငါမလုပ်ခဲ့တာ ဖြစ်ချင်တယ်၊ ကျောင်းပိတ်တာ အများကြီးခံရလို့ကြောင့်တင် မဟုတ်ဘူး။ ငါ အဲဒီလို မှော်ကျိန်စာမျိုး သုံးမှာမဟုတ်ဘူးဆိုတာ နင် သိတယ်၊ မော်ဖွိုင့်အပေါ်လဲ မသုံးဘူး။ ဒါပေမယ့် နင် မင်းသား

www.burmeseclassic.com

www.burmeseclassic.com



ကို အပြစ်တင်လို့ မဖြစ်ဘူး။ သူက 'ဒါသိပ်မဆိုးဘူး၊ စမ်းကြည့်ပါ'လို့ ရေးထားသေးတယ် —— သူက မှတ်တမ်းတစ်ခုရေးတာသာ ဖြစ်တယ်၊ ဟုတ်လား။ သူများအတွက်မဟုတ်ဘူး . . . ."

"နင်က ငါ့ကို ပြောမလို့လား" ဟာမီးက ပြောတယ်။ "နင်ပြန်သွားယူ —"

"ဟိုစာအုပ်ကို ယူမှာ ? ဟုတ်တယ်၊ ငါယူမှာ" ဟယ်ရီက ပြတ်သားစွာ ပြောတယ်။ "ငါပြောမယ်၊ မင်းသားမရှိရင် ငါ ဖီလစ် ဖီလစ်စစ် ရမှာမဟုတ်ဘူး၊ ရွှန်းအဆိပ်ကို ဘယ်လိုဖြေရမလဲဆိုတာလဲ သိမှာမဟုတ်ဘူး၊ ပြီးတော့လဲ ——"

" ——နင်နဲ့ မထိုက်တန်တဲ့ ဆေးဘက်မှာ ဉာဏ်ထက်တဲ့ဂုဏ်ပုဒ်ကို ရသေးတယ်" ဟာမီးက ရွဲ့မုန်းစွာ ပြောတယ်။

"တော်တော့၊ ဟာမီး" ဂျင်နီက ပြောတယ်၊ ဟယ်ရီက အံ့လည်းအံ့သြ၊ ကျေးဇူးလည်းတင်စွာ ခေါင်းမော့လိုက်တယ်။ "ကြည့်ရတာ မော်ဖိုင်က ခွင့်မလွှတ်ကျိန်စာတစ်ခုကို သုံးချင်တာ၊ ဟယ်ရီ့မှာ ကောင်းတဲ့အတတ်တစ်ခုနဲ့ သူ့ကို ရင်ဆိုင်နိုင်တာ နင် ဝမ်းသာမှပေါ့"

"ဟယ်ရီ ကျိန်စာမထိတာ ငါ ဝမ်းသာတာပေါ့" ဟာမီးက ပြောတယ်၊ နာသွားပုံရတယ်။ "ဒါပေမယ့် အဲဒီစက်တမ်ဆမ်ပရာကျိန်စာကို ကောင်းတယ်လို့ မပြောသင့်ဘူး၊ ဂျင်နီ။ ၎င်းက ဟယ်ရီ့ကို ဘယ်ထိဒုက္ခပေးတယ်ဆိုတာ ကြည့်။ နင်တို့ ပြိုင်ပွဲအလားအလာကို တွေးမိတော့၊ ငါ အစကထင်တာ ——"

"အိုး၊ နင်ခွေဒစ်နားလည်တယ်လို့ အယောင်မဆောင်စမ်းပါနဲ့" ဂျင်နီက အလုအယက်ပြောတယ်။ "ကိုယ့်ဖာသာ အနေရကျပ်သွားမယ်"

ဟယ်ရီနဲ့ ရွန်တို့ ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ အမြဲတမ်း ခင်မင်ကြတဲ့ ဟာမီးနဲ့ ဂျင်နီတို့ဟာ အခု လက်ပိုက်ပြီး ထိုင်နေကြတယ်၊ မျက်စိက တခြားစီကြည့်နေတယ်။ ရွန်က စိုးရိမ်စွာနဲ့ ဟယ်ရီ့ကို ကြည့်တယ်၊ ဒီနောက် စာအုပ်တစ်အုပ်ကောက်ယူပြီး စာအုပ်နောက် ပုန်းနေလိုက်တယ်။ ဟယ်ရီဟာ မိမိနဲ့ မထိုက်တန်ဘူးဆိုတာ သိပေမယ့်၊ ရုတ်တရက် မထင်မှတ်ဲ ပျော်သွားတယ်။ တစ်ညလုံး သူတို့ စကားထပ်မပြောကြတော့ဘူး။

ဟယ်ရီ ပျော်ရတာ သိပ်မကြာလိုက်ဘူး။ နောက်နေ့မှာ သူဟာ စလေးသရင်းကျောင်းသားတွေ သရော်တာကို အောင့်ခံရတယ်။ ဂရစ်ဖင်ဒေါ်



ကျောင်းသားတွေ ဒေါသထွက်တာကို မပြောနဲ့တော့။ သူတို့အသင်းခေါင်းဆောင် ပြဿနာပေါ်လို့ ဒီပြိုင်ပွဲရာသီရဲ့ နောက်ဆုံးပြိုင်ပွဲကို ဝင်ပြိုင်ခွင့်မရတဲ့အတွက် ဒေါသထွက်နေတယ်။ စနေနေ့နံနက်ပိုင်းရောက်တော့၊ ဟာမီး ဘယ်လိုပြောပြော၊ သူ့ရင်ထဲမှာ ကမ္ဘာပေါ်ရှိ ဖီလစ် ဖီလစ်စစ် အားလုံးနဲ့လဲပြီး ရွန်၊ ဂျင်နီတို့နဲ့အတူ ခွေဒစ်ဘောကွင်းထဲ ဝင်ရဖို့ကို ရယူချင်နေတယ်။ ဒီလိုအပြစ်ဒဏ်ပေးတာ တကယ့်ကို မခံမရပ်နိုင်စရာပဲ။ နှင်းဆီတံဆိပ်တွေ၊ ဦးထုပ်တွေ လှုပ်ယမ်းနေတဲ့အလံနဲ့ လည်စည်းတွေနဲ့ နေရောင်အောက် ပြုံဝင်လာတဲ့ ကျောင်းသားတွေကို ခွဲခွာပြီး၊ တစ်ယောက်တည်း ကျောက်လှေကားထစ်ကို ဆင်းကာ၊ မြေအောက်ကျောင်းခန်းဆီ သွားရတယ်၊ အဝေးက ဆူညံသံတွေ မကြားရတဲ့အထိ သွားရတယ်။ သူ ဒီမှာ အစီအစဉ်ကြေညာတာ တစ်ခွန်းမှ မကြားရဘူး၊ အားပေးသံနဲ့ သက်ပြင်းချသံ မကြားရဘူးဆိုတာ သူ သိတယ်။

"အား၊ ပေါ်တာ" ဟယ်ရီ တံခါးခေါက်ပြီး ရင်းနှီးပြီးသား မုန်းစရာရုံးခန်းထဲ ဝင်သွားတော့ စနိတ်ပ်က ပြောတယ်။ သူဟာ အပေါ်ထပ်မှာ သင်ကြားရပြီဖြစ်ပေမယ့်၊ ဒီအခန်းကို ဖယ်မပေးသေးဘူး။ အခန်းထဲမှာ မည်းမှောင်ဆဲ မည်းမှောင်နေတယ်။ နံရံတစ်လျှောက်ရှိ စင်တွေပေါ်မှာ မှော်ဆေးပုလင်းဘူးတွေ ရှိနေတယ်၊ ဘူးထဲမှာ အန်ချင်စရာအရာတွေ ပေါလောပေါ်နေတယ်။ နိမိတ်မရှိတာက၊ ဟယ်ရီ့ကို ထိုင်ခိုင်းဖို့ထားတာ သေချာတဲ့စားပွဲပေါ်မှာ ပင့်ကူမျှင်တွေနဲ့ ဘူးအများကြီးကို တွေ့ရတယ်၊ ခြောက်ကပ်တဲ့၊ ပင်ပန်းပြီး ဘာအဓိပ္ပာယ်မှမရှိတဲ့ အလုပ်မျိုးမှာ ရှိတတ်တဲ့လေထု ဖြစ်နေတယ်။

"မစ္စတာ ဖစ်ချ်က ဒီဖိုင်အဟောင်းတွေကို ရှင်းဖို့လူလိုနေတယ်" စနိတ်ပ်က အသာလေးပြောတယ်။ "ဟော့ဂ်ဝပ်မှာ အမှားကျူးလွန်တဲ့လူတွေနဲ့ ၎င်းတို့ကို အပြစ်ပေးတဲ့မှတ်တမ်း။ မင်ရည်အရောင်ဖျော့သွားတဲ့နေရာနဲ့ ကြွက်တွေဖျက်ဆီးထားတဲ့နေရာမှာ၊ မရှင်းတဲ့စာလုံးကို ရှင်းအောင် ပြန်ကူးရေးစေချင်တယ်။ ပြီးတော့ အက္ခရာစဉ်အလိုက် ဘူးထဲ ပြန်ထည့်ဖို့ ကျုပ်တို့မျှော်လင့်တယ်။ မှော်ပညာမသုံးရဘူး"

"ဟုတ်ကဲ့၊ ပါမောက္ခ" ဟယ်ရီက ပြောတယ်။ အသံထဲမှာ အလွှန်အထင်သေးတဲ့လေသံပါအောင် ပြောတယ်။

"မင်း စနိုင်ပြီထင်တယ်" စနိတ်ပ်နှုတ်ခမ်းမှာ စေတနာမပါတဲ့အပြုံးပေါ်လာတယ်။ "အမှတ်တစ်ထောင့်ဆယ့်နှစ်ကနေ တစ်ထောင့်ငါးဆယ့်

www.burmeseclassic.com

www.burmeseclassic.com



ခြောက်အထိ ဘူးထဲမှာ၊ မင်းရင်းနှီးတဲ့နာမည်တချို့ကို တွေ့ရလိမ့်မယ်၊ ဒါက မင်းအလုပ်လုပ်တဲ့ ပျော်ရွှင်မှုကို ပိုတိုးလာစေလိမ့်မယ်။ ဒီမှာ၊ ကြည့် . . . ."

သူဟာ အပိုလုပ်ပြတဲ့ပုံနဲ့ အပေါ်ဆုံးက ဘူးတစ်ဘူးထဲကနေ ကဒ်တစ်ခုကို ဆွဲထုတ်ပြီး ဖတ်တယ်။ "ဂျိမ်း-ပေါ်တာနဲ့ ဆီးရီးအက်စ်ကြယ်-ဘလက်တို့ဟာ ဘားထရန့်-အော်ဘရီရဲ့ခေါင်းကို နှစ်ဆကြီးအောင်လုပ်တယ်။ နှစ်ယောက်စလုံး ကျောင်းပိတ်ခံရတယ်" စနိတ်ပ်က သရော်ရယ်ရယ်လိုက်တယ်၊ "တွေးကြည့်ရင် နှစ်သိမ့်စရာပဲနော်၊ သူတို့မရှိတော့ပေမယ့်၊ သူတို့ရဲ့ အောင်မြင်မှုကြီးကိုတော့ မှတ်သားထား . . . ."

ဟယ်ရီ ဒေါသထွက်လာတယ်လို့ ခံစားရတယ်၊ သူဟာ အံကြိတ်ပြီး ပြန်မတိုက်ခိုက်မိဖို့ထိန်းရင်း ဘူးတွေရှေ့မှာ ထိုင်လိုက်တယ်။ ဘူးတစ်ဘူးကို သူ့ရှေ့ဆွဲယူလိုက်တယ်။

ဟယ်ရီ ခန့်မှန်းထားသလိုပဲ၊ ဒီအလုပ်ဟာ ခြောက်သွေ့ပြီး အဓိပ္ပာယ်မရှိဘူး။ မကြာမကြာ သူ့ရင်ထဲ တင်းကျံ့သွားရသေးတယ် (စနိတ်ပ် စီမံတာသေချာတယ်)။ အကြောင်းက သူဟာ သူ့အဖေ ဒါမှမဟုတ် ဆီးရီးအက်စ်ကြယ်ရဲ့ နာမည်ကို ဖတ်ရလို့။ အများအားဖြင့် နှစ်အတူ ဟိုလိုဒီလို အသေးအဖွဲ့အမှားလေးတွေ ကျူးလွန်တာဖြစ်တယ်။ တစ်ခါတလေ ရီးမတ်စ်-လူပင်နဲ့ ကြယ်ပုလေးပီတာလည်း ပါတယ်။ သူဟာ သူတို့ရဲ့အမှားအမျိုးမျိုးနဲ့ သူတို့ကို အပြစ်ပေးတာကို ကူးရေးရင်း၊ အပြင်ဘက်က အခြေအနေကို တွေးကြည့်နေတယ်။ ပြိုင်ပွဲစရုံရှိဦးမယ် . . . . ရှာဖမ်းသမားက ဂျင်နီနဲ့ ချီ . . . .

ဟယ်ရီက နံရံပေါ်က တဒတ်ဒတ်သွားနေတဲ့နာရီကြီးကို တစ်ကြိမ်ပြီး တစ်ကြိမ် ကြည့်တယ်၊ ၎င်းသွားနေတာ ရိုးရိုးနာရီသွားတာထက် တစ်ဝက်လောက်ပဲ ရှိသလိုပဲ။ စနိတ်ပ်က ၎င်းကို အလွန်နှေးအောင် မှော်ပညာသုံးထားတယ်နဲ့တူတယ်။ သူလာတာ နာရီဝက်ပဲ ရှိတာတော့ မဖြစ်နိုင်ဘူး . . . . တစ်နာရီ . . . . တစ်နာရီခွဲ . . . .

နာရီလက်တံ ဆယ့်နှစ်နာရီခွဲကိုပြတော့ ဟယ်ရီ့ဗိုက်က တဂူးဂူးမြည်လာတယ်။ တစ်နာရီဆယ်မိနစ်၊ ဟယ်ရီ့ကို တာဝန်ပေးပြီးနောက် စကားမပြောတော့တဲ့ စနိတ်ပ် ခေါင်းထောင်လာတယ်။

"ပြီထင်တယ်" သူက အေးစက်စက်ပြောတယ်။ "ဘယ်ထိလုပ်



ပြီးပြီဆိုတာ အမှတ်အသားလုပ်ထား၊ လာမယ့်အပတ် စနေနေ့ နံနက်ဆယ်နာရီ ဆက်လုပ်"

"ဟုတ်ကဲ့၊ ဆရာ"

ဟယ်ရီက ခေါက်ထားတဲ့ကဒ်တစ်ခုကို ဘူးထဲ ဖြစ်သလို ထိုးထည့်လိုက်ပြီး၊ စနိတ်ပ် သဘောထားမပြောင်းခင်မှာ အမြန်ထွက်လာခဲ့တယ်။ ကျောက်လှေကားထစ်က ပြေးတက်။ နားစွင့်ပြီး ဘောကွင်းဆီကအသံကို နားထောင်တယ်၊ ဒါပေမယ့် အဲဒီဘက်မှာ ငြိမ်သက်နေတယ် . . . . ဒါဆိုရင် ပြီးဆုံးသွားပြီ . . . .

သူက လူပြွတ်ကျပ်တဲ့ ခန်းမကြီးအပြင်ဘက်မှာ ခဏတွေဝေနေပြီး မာဘော်ကျောက်လှေကားကို ပြေးတက်ခဲ့တယ်။ ဂရစ်ဖင်းဒေါ ရှုံးရှုံးနိုင်နိုင်၊ ဘောသင်းဟာ အများအားဖြင့် အများနားနေခန်းထဲမှာ ဂုဏ်ပြုတာ၊ ဒါမှမဟုတ် ဝမ်းနားတာလုပ်ကြတယ်။

"ဘယ်လိုရှိလဲ" သူက မိန်းမဝဝကြီးကို စမ်းမေးကြည့်တယ်၊ အတွင်းက အခြေအနေ ဘယ်လိုရှိမှန်းမသိဘူး။

သူမက ဘာရယ်လို့မဖော်ပြတဲ့ အမူအရာနဲ့ ဖြေတယ်။ "မင်းသိရမှာပါ"

မိန်းမဝဝကြီးဟာ ရှေ့သို့လည်သွားပြီး ဖွင့်ပေးတယ်။

သူမကျောဘက်က ကျင်းဝထဲမှာ ဆူညံတဲ့ဂုဏ်ပြုသံတွေ ပေါက်ကွဲပေါ်ထွက်လာတယ်။ ဟယ်ရီ ငိုင်သွားတယ်။ လူတွေ သူ့ကိုမြင်တာနဲ့ တအားအော်ကြတယ်၊ လက်အချို့က သူ့ကို အခန်းထဲ ဆွဲခေါ်လိုက်တယ်။

"ငါတို့နိုင်တယ်" ရွန်က အကျယ်ကြီးအော်ရင်း ခုန်လာတယ်၊ ဟယ်ရီ့ကို ငွေဖလား လှုပ်ယမ်းပြတယ်။ "ငါတို့နိုင်ပြီ။ လေးရာ့ငါးဆယ်နဲ့ တစ်ရာ့လေးဆယ်။ ငါတို့နိုင်ပြီ"

ဟယ်ရီက ဘေးဘီကို ကြည့်လိုက်တယ်၊ ဂျင်နီ သူ့ဆီကို ပြေးလာတယ်။ သူမဟာ လက်ဆန့်ပြီး သူ့လည်ပင်းကို ဖက်ထားလိုက်တယ်။ သူမ မျက်နှာပေါ်မှာ အလွန်ပျော်ပြင်းတဲ့အမူအရာကို တွေ့ရတယ်။ ဒါနဲ့ တွေးခြင်းမရှိ၊ ပြင်ဆင်မှုမရှိ၊ လူငါးဆယ်ကြည့်နေတဲ့အချက်ကို မပူပင်ဘဲ၊ ဟယ်ရီက သူမကို နမ်းလိုက်တယ်။

အလွန်ရှည်လျားတဲ့ မိနစ်အချို့ ကြာသွားတယ် — နာရီဝက်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တယ်။ ဒါမှမဟုတ် နေရောင်လင်းလက်တဲ့ရက်အချို့ —— ဒီတော့မှ သူတို့ ခွာလိုက်ကြတယ်။ အခန်းထဲမှာ အလွန်ငြိမ်သက်သွားတယ်။ ဒီနောက် လူအချို့ လေချွန်လာတယ်၊ တစ်ယောက်ယောက်က သဘာဝမကျဘဲ တခစ်ခစ် ရယ်လာတယ်။ ဟယ်ရီက ဂျင်နီ့ခေါင်းကို ကျော်ပြီး၊ ဒင်းလက်ထဲမှာ ခွက်စုတ် တစ်လုံး မြှောက်ထားတာ မြင်ရတယ်။ ရှိမိဒါ-ဗာနီက တစ်ခုခုကို ပစ်ပေါက် မလိုပဲ၊ ဟာမီးက ရယ်နေတယ်။ ဒါပေမယ့် ဟယ်ရီ့မျက်စိက ရွန့်ကို လိုက်ရှာ နေတယ်။ တွေ့ပြီ၊ သူဟာ ဆုဖလားကို ဆုပ်ကိုင်ထားတုန်းပဲ၊ သူကြည့်ရတာ ထိပ်ကို အရိုက်ခံလိုက်ရတဲ့ပုံ ပေါက်နေတယ်။ နှစ်ယောက်သား ခဏစိုက်ကြည့် နေပြီး၊ ရွန့်ခေါင်း လှုပ်လိုက်တယ်။ ဟယ်ရီက အဲဒီအဓိပ္ပာယ်ကို နားလည် တယ်။ "ကောင်းပြီ —— မင်း ဒီလိုလုပ်ကိုလုပ်မယ်ဆိုရင်"

သူ့ရင်ထဲက အကောင်ကြီးဟာ အောင်ပွဲခံ ဟစ်ကြွေးနေတယ်။ ဟယ်ရီက ဂျင်နီ့ကို ကြည့်ပြီး ပြုံးလိုက်တယ်။ အရုပ်ကားကျင်းဝကို လက်ညှိုး ထိုးပြတယ်။ သူ့အဓိပ္ပာယ်က ကျောင်းခန်းထဲမှာ အကြာကြီး လမ်းလျှောက်ဖို့ လိုပဲ။ အချိန်ရှိရင်၊ သူတို့ ပြိုင်ပွဲအကြောင်း ပြောမယ်။



## ၂၅။ ခိုးနားထောင်ခံရတဲ့ ကြိုဟောစကား

ဟယ်ရီ-ပေါ်တာနဲ့ ဂျင်နီ-ဝယ်စလီတို့ ချိန်းတွေ့တဲ့ကိစ္စကို လူ အတော်များများ စိတ်ဝင်စားကြတယ်။ အများအားဖြင့် မိန်းကလေးတွေ ဖြစ် တယ်။ သို့ပေမယ့် ဟယ်ရီဟာ ဒီအပတ်တွေမှာ အဲဒီပြောဆိုတာတွေကြောင့် ဘာမှမဖြစ်ဘူးလို့ ခံစားရတယ်။ ပြောရမယ်ဆိုရင်၊ ဒါဟာ အလွန်မဆိုးတဲ့ အပြောင်းအလဲပဲ။ လူတွေ ပြောဆိုကြတာဟာ သူ့အဖို့ အကြာကြီး ပျောက်ဆုံး နေတဲ့ ပျော်ရွှင်တဲ့ကိစ္စအကြောင်း ဖြစ်တယ်။ ဒါဟာ တစ်နေကုန် မှော်နက် ပညာရဲ့ ကြောက်စရာအဖြစ်အပျက်ကို ပြောတာထက် အများကြီးသာပါတယ်။

"ငါက သူများတွေ ပိုစိတ်ဝင်စားစရာအကြောင်းတွေကို အပျော် ပြောကြမယ်ထင်နေတာ" ဂျင်နီက ပြောတယ်။ သူမဟာ အများနားနေခန်း ကြမ်းပေါ်ထိုင်ကာ ဟယ်ရီ့ခြေထောက်ကို မှီထားပြီး၊ 'ကြိုဟောဆရာများနေ့စဉ်' ကို ဖတ်နေတယ်။ "ဝိညာဉ်စုပ်ကောင် တစ်ပတ်အတွင်း သုံးကြိမ် လာ နှောင့်ယှက်တယ်၊ ရှိမိဒါ-ဗာနီလုပ်တာ အားလုံးကတော့ ငါ့ကို နင့်ရင်ဘတ်မှာ ဟစ်ပိုဂရစ်ဖ်တစ်ကောင် ထိုးထားသလားဆိုတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရွှန်နဲ့ ဟာမီးက တဟားဟားရယ်တယ်၊ ဟယ်ရီက သူတို့ကို အရေးမလုပ်ဘူး။

"ဒါဆို နင် သူမကို ဘာပြောလိုက်သလဲ"

"ငါက သူမကို ဟန်ဂေရီဟွန်းတေးလို့ ပြောလိုက်တယ်" ဂျင်နီက ပြောရင်း ပျင်းရိစွာ သတင်းစာတစ်ရွက်လှန်လိုက်တယ်။ "ပိုပြီးယောကျ်ားသတ္တိ ပြနိုင်တာပေါ့"

"ကျေးဇူးပဲ" ဟယ်ရီက ရယ်တယ်။ "ဒါဆို နင် သူမကို ရွှန် ဘာထိုးတယ်လို့ပြောလဲ"

"ဖီဂမီတစ်ကောင်၊ ဒါပေမယ့် ဘယ်မှာဆိုတာ ငါမပြောဘူး"

ဟာမီးက ခွက်ထိုးခွက်လန် ရယ်နေတယ်။ ရွှန်က မျက်မှောင်ကြုံ့တယ်။

"သတိထားနေ" သူက ဟယ်ရီနဲ့ ဂျင်နီကို သတိပေးတယ်။ "ငါကမင်းတို့ကို ဆက်ဆံခွင့်ပေးတာနဲ့ ငါပြန်ရုပ်သိမ်းလို့မရဘူးမထင်နဲ့ —"

"'နင် ခွင့်ပြုတယ်'" ဂျင်နီက သရော်ပြီး ပြောတယ်။ "ဘယ်တုန်းကစပြီး ငါ တစ်ခုခုလုပ်ရင် နင့်ကိုခွင့်တောင်းရတာလဲ။ ဘာပဲဖြစ်ဖြစ်၊ နင့်ဖာသာပြောဖူးတယ်၊ ဟယ်ရီ ဖြစ်ချင်ဖြစ်ပစေ၊ မစ်ချယ်နဲ့ ဒင်းတော့ မလိုချင်ဘူးဆို"

"အဲဒါဟုတ်တယ်" ရွှန်က မတတ်သာဘဲ ပြောတယ်။ "နင်တို့ အများပိုင်နေရာမှာ မနမ်းရင် ပြီးရော —"

"နင်က ယုတ်မာတဲ့ အယောင်ဆောင်ကြီး၊ နင်နဲ့ လာဗင်ဒါက ဘယ်လိုဖြစ်တာလဲ။ နေရာတကာမှာ ပူးကပ်နေတယ်။ ငါးရှဉ့်တစ်တွဲလိုနေတာပဲ" ဂျင်နီက ရန်တွေ့တယ်။

ဇွန်လထဲရောက်လာပြီး၊ ရွှန် သည်းခံခြင်းဟာ သိပ်တော့အစမ်းသပ်ခံလိုက်ရဘူး။ အကြောင်းက ဟယ်ရီနဲ့ ဂျင်နီတို့ အတူတွေ့ဆုံရတဲ့အချိန်က ကြာလေ အကန့်အသတ်ရှိလာလေမို့ပဲ။ ဂျင်နီရဲ့ OWLs စာမေးပွဲ နီးနီးလာတယ်။ သူမဟာ ညစဉ်ညတိုင်း နာရီအချို့ယူပြီး စာကျက်ရတယ်။ ဒီလိုညတစ်ညမှာ ဂျင်နီ စာကြည့်တိုက်ကို သွားတယ်၊ ဟယ်ရီက အများနားနေခန်းပြတင်းပေါက်နားမှာ ထိုင်နေတယ်၊ မိမိရဲ့မှော်ဆေးပင်ပညာ အိမ်စာကိုပြီးအောင်လုပ်ချင်တာ၊ ဒါပေမယ့် စင်စစ်မှာ သူဟာ နေ့လယ်စာစားချိန် ဂျင်နီနဲ့ ကန်ဘေးမှာနေခဲ့ရတဲ့ အလွန်ပျော်ရွှင်တဲ့ အချိန်လေးကို စမြုံ့ပြန်နေတာ



ဖြစ်တယ်။ ဒီအချိန်မှာ ဟာမီးက သူနဲ့ ရွှန်ကြား တိုးဝင်ထိုင်တယ်။ အတွန့်ပြတ်သားတဲ့အမူအရာ လုပ်ထားတယ်၊ ဘေးလူကြည့်ရတာ တစ်မျိုးကြီးပဲ။

"ငါ နင်နဲ့စကားပြောချင်တယ်၊ ဟယ်ရီ"

"ဘာပြောမလို့လဲ" ဟယ်ရီက ဘာမှန်းမသိလို့ မေးတယ်။ ဟာမီးက မနေ့တုန်းက သူ့ကို အပြစ်တင်ထားတယ်။ သူ့ကြောင့် ကြိုးစား စာတကုတ်ပြီး စာမေးပွဲဖြေရမယ့် ဂျင်နီကို အနှောင့်အယှက်ဖြစ်စေတယ်လို့ ပြောတယ်။

"အဲဟို သွေးနှောမင်းသားလို့ခေါ်တဲ့ဟာ"

"အိုး၊ လာပြန်ပြီ" သူက ဝလုံးဝထွေး ပြောတယ်။ "နင် တခြားဟာ ပြောလို့ရမလား"

သူဟာ လိုတရအခန်းသွားပြီး သူ ဟိုစာအုပ်ကို မယူဝံ့သေးဘူး၊ သူ့မှော်ဆေးအမှတ်လည်း ဒါကြောင့် ပြုတ်ကျသွားတယ် (ဒါပေမယ့်၊ စလပ်ဂ်ဟွန်းဟာ ဂျင်နီ့အပေါ် ခံစားချက်ကောင်းတယ်။ သူက ရွှတ်နောက်နောက်နဲ့ ဟယ်ရီအဆင့်ကျသွားတာ ချစ်နာကျလို့လို့ ယူဆတယ်)။ စနိတ်ပ်ဟာ မင်းသားရဲ့ ဖတ်စာအုပ်ကိုရှာတာ စွန့်လွှတ်မှာမဟုတ်သေးဘူးလို့ ဟယ်ရီက ထင်တယ်။ စနိတ်ပ်က သူ့ကို စောင့်ကြည့်နေတဲ့အတွက်၊ အဲဒီစာအုပ်ကို ယာယီအားဖြင့် ဒီတိုင်းထားဖို့ သူ ဆုံးဖြတ်တယ်။

"ငါ ပြောင်းမပြောနိုင်ဘူး" ဟာမီးက ပြတ်သားစွာ ပြောတယ်။ "နင် ငါပြောတာဆုံးအောင် နားထောင်ပြီးတဲ့အထိ။ ဘယ်သူကများ မှော်နက်ကျိန်စာ တီထွင်တာကို ဝါသနာလုပ်နေတာလဲဆိုတာ ငါ သိချင်နေတာ —"

"သူ ဒါကို ဝါသနာမလုပ်ပါဘူး —"

"သူ၊ သူ — နင်က သူ့ကို ယောကျ်ားလို့ ပြောတယ် ?"

"ငါတို့ပြောပြီးပြီ" ဟယ်ရီက စိတ်မရှည်ဘဲ ပြောတယ်။ "မင်းသား၊ ဟာမီး၊ မင်းသား"

"ကောင်းပြီ" ဟာမီးက ပြောရင်း မျက်နှာပေါ်မှာ နီရောင်သန်းလာတယ်။ အိတ်ကပ်ထဲကနေ အလွန်ဟောင်းတဲ့ သတင်းစာတစ်ရွက် ဆွဲထုတ်ပြီး ဟယ်ရီ့စားပွဲပေါ် တအားပေါက်ပေးလိုက်တယ်။ "ဒါကိုကြည့်၊ ဒီထဲက ဓာတ်ပုံကို ကြည့်"

ဟယ်ရီက အဲဒီသတင်းစာအစုတ်ကို ယူပြီး အထဲက နှစ်ကြာလို့ ဝါနေတဲ့ လှုပ်ရှားဓာတ်ပုံကို ကြည့်တယ်။ ရွှန်ကလည်း တိုးလာကြည့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံထဲမှာက အသက်ဆယ့်ငါးနှစ်ခန့် ပိန်ပါးပါးမိန်းကလေး။ သူမဟာ မလှဘူး ကြည့်ရတာ နည်းနည်းတောင်ဆိုးပုံပေါက်တယ်၊ မပျော်မရွှင်လည်း နိုတယ်။ သူမမျက်ခုံးမွေးက ထူထဲတယ်၊ မျက်နှာဖြူရော်တယ်။ ဓာတ်ပုံအောက်ဘက်က စာမှာ၊ အေလင်း-ပရင့်စ်၊ ဟော့ဂ်ဝပ်ဂေါ့ဘ်စတုံး အသင်းခေါင်းဆောင်လို့ ရေးထားတယ်။

"အဲဒီတော့ ?" ဟယ်ရီက ပြောရင်း သက်ဆိုင်ရာ စာတိုလေးကို ကြည့်တယ်၊ ဒါဟာ ကျောင်းတွင်းပြိုင်ပွဲနဲ့ ပတ်သက်တဲ့ ရိုးရိုးသတင်းမျှသာ ဖြစ်တယ်။

"သူမနာမည်က အေလင်း-ပရင့်စ်တဲ့။ ပရင့်စ်၊ ဟယ်ရီ"

သူတို့ အပြန်အလှန်ကြည့်လိုက်တယ်၊ ဟာမီး ဘာပြောမယ်ဆိုတာ ဟယ်ရီ သိတယ်။ သူဟာ ရုတ်တရက် အော်ရယ်လိုက်တယ်။

"မဖြစ်နိုင်ဘူး"

"ဘာ ?"

"နင်က သူမကို သွေးနှောလို့ထင်တယ် . . . . ? အိုး၊ တော်စမ်းပါ"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ဟယ်ရီ။ မှော်ဆရာလောကမှာ တကယ့်မင်းသားမရှိဘူး၊ မဖြစ်နိုင်ဘူးလား။ ငါပြောတာနားထောင်။ တကယ်လို့ သူမမှာ အမျိုးနာမည် 'ပရင့်စ်'လို့ ခေါ်တဲ့ မှော်ဆရာအဖေရှိရင်၊ ပြီးတော့ သူမအမေက မတ်ဂေါ်ဆိုရင်၊ သူမဟာ 'သွေးနှောမင်းသား' ဖြစ်နိုင်တာပဲ"

"ဟုတ်တယ်၊ ထိုးထွင်းဉာဏ်ရှိတယ်၊ ဟာမီး . . . ."

"ဒါပေမယ့် ဒါ သိပ်ဖြစ်နိုင်တာပဲ။ သူမဟာ သူ့ကိုယ်သူ 'သွေးနှောမင်းသား' ဆိုတာနဲ့ ဂုဏ်ယူချင်ယူနေမှာ"

"နားထောင်၊ ဟာမီး၊ အဲဒါမိန်းကလေးမဟုတ်မှန်း ငါ သိတယ်၊ ငါ ခံစားလို့ရတယ်"

"နင်က မိန်းကလေးတွေ ဒီလောက်ဉာဏ်မကောင်းဘူးလို့ထင်တာ" ဟာမီးက စိတ်ဆိုးစွာ ပြောတယ်။

"ငါနဲ့ နင် ပေါင်းခဲ့တာ ငါးနှစ်ရှိပြီ၊ မိန်းကလေး ဉာဏ်မကောင်းဘူးလို့ ဘယ်ထင်မှာလဲ" ဟယ်ရီက ပြောတယ်။ မိမိမခံနိုင်သလိုဖြစ်တယ်။ "သူ စာရေးတဲ့နည်းကြောင့် အဲဒီ 'မင်းသား'ဟာ ယောကျ်ားလို့ ငါသိတာ၊ ငါခန့်မှန်း



လို့ရတယ်။ ဒီကောင်မလေးနဲ့ ဘာမှမပတ်သက်ဘူး၊ နင် ဒီဓာတ်ပုံကို ဘယ်က ရတာလဲ"

"စာကြည့်တိုက်" ဟာမီးက ပိုင်နိုင်စွာ ပြောတယ်။ "အဲဒီမှာ 'ကြော ဆရာများနေ့စဉ်' အကုန်လုံးရှိတယ်။ ငါ အေလင်း-ပရင့်စ်ရဲ့ အချက်အလက် ကို ပိုရအောင်ရှာမယ်"

"နင်ရှာဖွေတာ ပျော်ပါစေ" ဟယ်ရီက စိတ်မရှည်ဘဲ ပြောတယ်။

"ငါရှာမှာ" ဟာမီးက ပြောတယ်၊ အရှုပ်ကားကျင်းဝကို ရောက်တော့ သူ့ကို စကားတစ်ခွန်းပြောလိုက်သေးတယ်။ "ငါ အရင်ဆုံးရှာမယ့်နေရာက ရှိသမျှ မှော်ဆေးဘာသာဆုရတဲ့ မှတ်တမ်းပဲ"

ဟယ်ရီက သူမကို မျက်မှောင်ကြုတ်ပြတယ်၊ ဒီနောက် တဖြည်းဖြည်း မှောင်ရီပျိုးလာတဲ့ကောင်းကင်ကို ဆက်ပြီးငေးကြည့်နေတယ်။

"မင်းမှော်ဆေးအတန်းမှာ သူမကို သာသွားတာ သူမ ခွင့်မလွှတ်သေးဘူး" ရွန်က ပြောပြီး 'ဆန်းကြယ်တဲ့ဆေးပင်နဲ့ မှိုတစ်ထောင်'ကို ဆက်ဖတ်နေတယ်။

"ငါ ဟိုစာအုပ်ကို ပြန်ယူချင်တယ်၊ ငါ နည်းနည်းရူးနေတယ်လို့ မင်း မထင်ဘူးလား"

"ဘယ်ထင်မလဲ" ရွန်က ပြတ်သားစွာ ပြောတယ်။ "မင်းသား၊ သူဟာ ပါရမီရှင် . . . . . ဘာပဲဖြစ်ဖြစ် . . . . သူ့ဘီဇောတစ်ကြိုးပေးမှုမရှိရင် . . . ." သူက အစိပ္ပာယ်ရှိရှိနဲ့ မိမိလည်မျိုကို စမ်းလိုက်တယ်။ "ငါ ဒီမှာ မင်းနဲ့ ဒါကို ဆွေးနွေးနေလို့ရမှာမဟုတ်ဘူး၊ ဟုတ်လား။ ငါက မင်း မော်ဖိုင်ကိုချတဲ့ကျိန်စာ သိပ်ကောင်းတယ်လို့ ပြောတာတော့မဟုတ်ဘူး ——"

"ငါလဲမထင်ဘူး" ဟယ်ရီက အလျင်အမြန်ပြောတယ်။

"ဒါပေမယ့်၊ သူ ပြန်ကောင်းသွားပြီ၊ ဟုတ်လား။ ချက်ချင်း ပြန်ထလာပြီ"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ သူ့စိတ်မှာ စိတ်မကောင်းသလိုဖြစ်နေပေမယ့်၊ ဒါတကယ့်အဖြစ်မှန်ပဲ။ "စနိတ်ပ်ကို ကျေးဇူးတင်ရမှာ . . . ."

"ဒီစနေ မင်း စနိတ်ပ်ဆီ ကျောင်းပိတ်ခံဖို့ သွားရဦးမလား" ရွန်က ဆက်ပြီးမေးတယ်။

"ဟုတ်တယ်၊ လာမယ့်စနေလဲ ရှိသေးတယ်၊ လာမယ့်စနေရဲ့ နောက်

www.burmeseclassic.com

www.burmeseclassic.com



နေ" ဟယ်ရီက သက်ပြင်းချရင်း ပြောတယ်။ "သူက ငါ့ကို တကယ်လို့ ဒီ ကျောင်းပတ်ကုန်လို့ ဘူးအားလုံးရှင်းမပြီးရင် နောင်နှစ်မှာ ဆက်လုပ်ရမယ် လို့လဲ အရိပ်အမြွက်ပြောသေးတယ်"

ဒီကျောင်းပိတ်တာတွေ သိပ်ကို မုန်းစရာကောင်းတယ်လို့ သူ တွေ့ရှိ ရတယ်။ ဂျင်နီနဲ့တွေ့ဖို့ အချိန်အနည်းငယ်သာရှိတာ ပါသွားတယ်။ စင်စစ်မှာ၊ သူ ခုတလော အမြဲတွေးတယ်၊ စနိတ်ပ်က ဒါကို သိနေသလား၊ သူဟာ ဟယ်ရီ့ကို ကျောင်းပိတ်တာ ကြာလေအချိန်များလေပဲ။ ပြီးတော့လည်း ဟယ်ရီ့ ကို သာယာတဲ့အချိန်တွေနဲ့ ရင်းကပေးတဲ့ အခွင့်အရေးတွေ မရတော့ဘူးလို့ တမင်ပြောသေးတယ်။

ဂျင်မီ-ဖိခ်စ်ဟာ သိုးရေစက္ကူတစ်လိပ်ကို ကိုင်ကာ ဟယ်ရီ့အနား ရောက်လာတယ်၊ သူ့ကို စိတ်ဆင်းရဲတဲ့အတွေးထဲက နိုးလိုက်တယ်။

"ကျေးဇူးတင်တယ်၊ ဂျင်မီ . . . . ဟေး၊ ဒမ်ဘလီဒိုးပေးတာ" ဟယ်ရီ က စိတ်လှုပ်ရှားစွာ ပြောတယ်။ သိုးရေစက္ကူကို အမြန်ဖြန့်ကြည့်တယ်။ "သူက ငါ့ကို သူ့ရုံးခန်းသွားဖို့ပြောတယ်၊ မြန်လေကောင်းလေပဲတဲ့"

ဟယ်ရီနဲ့ ရွန် အပြန်အလှန် ကြည့်နေတယ်။

"အမလေး" ရွန်က တိုးတိုးပြောတယ်။ "သူများ . . . . ရှာတွေ့ပြီလို့ မင်းထင်သလား"

"သွားကြည့်တာအကောင်းဆုံးပဲ၊ မဟုတ်ဘူးလား" ဟယ်ရီက ပြောရင်း ခုန်ထလိုက်တယ်။

သူဟာ အများနားနေခန်းက အမြန်ထွက်လာတယ်၊ သတ္တမထပ် အတိုင်း မြန်နိုင်သလောက်ပြေးတယ်၊ လူတစ်ယောက်မှမတွေ့ဘူး၊ သရဲဖီးဗိစ် ဧရာကပျံလာတာပဲ မြင်ရတယ်။ ခါတိုင်းလိုပဲ ဟယ်ရီ့ကို မြေဖြူခဲအကျိုးတွေနဲ့ ပစ်ပေါက်ရင်း၊ တခစ်ခစ်ရယ်ကာ ဟယ်ရီရဲ့ ခုခံကာကွယ်ဂါထာကို ရှောင်တယ်။ သရဲဖီးဗိစ် ပျောက်သွားပြီးနောက်၊ စကြိုထဲမှာ ငြိမ်သက်သွားတယ်။ ဆယ့်ငါး မိနစ်ကြာရင် အပြင်မထွက်ရ ခေါင်းလောင်းထိုးတော့မယ်၊ လူအများစုဟာ အများနားနေခန်းထဲ သွားကြပြီ။

ဒီအချိန်မှာ စူးစူးအော်လိုက်သံနဲ့ တိုက်ခတ်သံကို ဟယ်ရီ ကြားရ တယ်။ သူရပ်ပြီး နားစွင့်ကြည့်တယ်။

"မင်း —— က —— လုပ်ဝံ့တယ် —— အား —— "



အသံဟာ ဘေးနားရှိစကြိုထဲက လာတာ၊ ဟယ်ရီက မှော်ကြိမ်လုံးကို တင်းတင်းဆုပ်ပြီး ပြေးသွားတယ်၊ တစ်ခါ ကွေ့တစ်ခုချိုးလိုက်တယ်။ ပါမောက္ခ ထရီလောနီ ကြမ်းပေါ် လဲနေတာ မြင်ရတယ်။ သူမခေါင်းဟာ ခြုံထည်တွေ ထဲကတစ်ထည်နဲ့ ဖုံးနေတယ်။ ရှယ်လီအရက်ပုလင်းတချို့ ဘေးမှာ ပြန့်ကျဲ နေတယ်၊ တစ်လုံးက ကွဲသွားပြီ။

"ပါမောက္ခ —— "

ဟယ်ရီက အမြန်ပြေးပြီး သူမကို ထူတယ်။ သူမရဲ့ လက်နေတဲ့ ပုတီးစေ့တွေနဲ့ သူမမျက်မှန် ငြိနေတယ်။ သူမဟာ အကျယ်ကြီး ကြို့ထိုးလိုက် တယ်၊ ဆံပင်ကို ပုတ်လိုက်တယ်၊ ဟယ်ရီ ဖေးမ,တာမှီပြီး မတ်တတ်ရပ်လိုက် တယ်။

"ဘာများဖြစ်သလဲ၊ ပါမောက္ခ"

"မင်းမေးတာကောင်းတယ်" သူမက နားစူးတဲ့အသံနဲ့ ပြောတယ်။ "ကိုယ် ခုနက တစ်ယောက်တည်း လမ်းလျှောက်နေတယ်၊ ကိုယ် မြင်တွေ့ရတဲ့ မကောင်းတဲ့နိမိတ်တွေကို တွေးနေတယ် . . . . "

သူမ ဘာပြောနေတယ်ဆိုတာ ဟယ်ရီ သိပ်သတိမထားဘူး။ သူ ခုတွင်ပဲ သူတို့ ဘယ်မှာရပ်နေတယ်ဆိုတာ သတိထားမိတယ်။ ညာဘက်မှာက ရောမဘီလူးကြီးက,တဲ့ အလှချိတ်ကော်ဇော၊ ဘယ်ဘက်မှာက ပြောင်ချော မာကျောတဲ့ ကျောက်နံရံ၊ ဒီနောက်မှာ ——

"ပါမောက္ခ၊ သင် ခုနက လိုတရအခန်းထဲ ဝင်ချင်တာလား"

" . . . . မိုးက ကိုယ့်ကိုပေးတဲ့ နိမိတ် —— မင်း ဘာပြောတယ် ?"

သူမအကြည့်ဟာ ရုတ်တရက် ရှောင်ပုန်းသလို ဖြစ်သွားတယ်။

"လိုတရအခန်း" ဟယ်ရီက ထပ်ပြောတယ်။ "သင်ဝင်ချင်လို့လား"

"ကိုယ် —— အင်း —— ကျောင်းသားတွေလဲသိမှန်း ကိုယ်မသိဘူး—— "

"လူတိုင်းသိတာမဟုတ်ဘူး" ဟယ်ရီက ပြောတယ်။ "ဒါပေမယ့် ဘာဖြစ်သလဲ။ သင် တအားအော်တယ် . . . . ဒဏ်ရာရတဲ့အသံလိုပဲ . . . . "

"ကိုယ် —— အင်း" ပါမောက္ခ ထရီလောနီက ပြောတယ်။ သတိရှိရှိ နဲ့ မိမိကိုယ်မိမိ ခြုံပဝါနဲ့ပတ်နေတယ်၊ ခေါင်းငုံ့ပြီး အဆပေါင်းများစွာ ချဲ့ထားတဲ့ မျက်စိနဲ့ ဟယ်ရီ့ကို စိုက်ကြည့်နေတယ်။ "ကိုယ် အစကတော့ —— အား —— ထားဖို့ မျှော်လင့်တာ —— အိုး —— ပုဂ္ဂလိကအသုံးအဆောင်ပစ္စည်းကို

www.burmeseclassic.com

www.burmeseclassic.com



လိုတရအခန်းမှာထားဖို့ . . . . " သူမက ဗလုံးဗထွေးနဲ့ "ဆိုးယုတ်တဲ့စွပ်စွဲချက်" လို့ ပြောလိုက်သလိုပဲ။

"အိုး" ဟယ်ရီက ပြောရင်း ကြမ်းပေါ်က ရှယ်လီအရက်ပုလင်းတွေကို ကြည့်လိုက်တယ်။ "ဒါပေမယ့် သင်ဝင်ပြီး ထားလို့မရဘူး ?"

ဒါ သိပ်ထူးဆန်းတယ်လို့ သူ ထင်တယ်။ သူ သွေးနှောမင်းသားစာအုပ်ကို ဝှက်ဖို့လုပ်တုန်းက လိုတရအခန်းက သူ့ကို တံခါးဖွင့်ပေးတယ်။

"အိုး၊ ကိုယ်ဝင်လို့ရတယ်" ပါမောက္ခ ထရီလောနီက ဟိုနံရံကို ကြည့်နေတယ်။ "ဒါပေမယ့် အထဲမှာ လူရှိနေပြီ"

"အထဲမှာ လူရှိတယ် —? ဘယ်သူလဲ" ဟယ်ရီက မေးတယ်။ "ဘယ်သူ အထဲမှာရှိလဲ"

"ကိုယ်လဲ မသိဘူး" ပါမောက္ခ ထရီလောနီက ပြောတယ်။ ဟယ်ရီ အလောတကြီးမေးတာကြောင့် လန့်သွားသလိုပဲ။ "ကိုယ် အခန်းထဲဝင်လိုက်တော့၊ စကားပြောသံကြားတယ်၊ ဒါ ကိုယ် ဒီနှစ်တွေမှာ သိုဝှက် — ဒီအခန်းကို သုံးတဲ့အခါမှာ ဘယ်တုန်းကမှ မကြုံဖူးဘူး"

"လူသံရှိတယ် ? ဘာတွေပြောနေလဲ"

"ဘာပြောနေလဲဆိုတာ ကိုယ်မသိဘူး" ပါမောက္ခ ထရီလောနီက ပြောတယ်။ "အဲဒါ . . . . အော်ဟစ်သံ"

"အော်ဟစ်သံ ?"

"ပျော်ရွှင်တဲ့အော်ဟစ်သံ" သူမက ခေါင်းညိတ်ပြီး ပြောတယ်။

ဟယ်ရီက သူမကို စိုက်ကြည့်နေတယ်။

"ယောကျာ်းလား၊ မိန်းမလား"

"ယောကျာ်းလို့ထင်တယ်" ပါမောက္ခ ထရီလောနီက ပြောတယ်။

"ကြားရတာ နည်းနည်းပျော်တယ် ?"

"သိပ်ပျော်တယ်" ပါမောက္ခ ထရီလောနီက အထင်သေးစွာ ပြောတယ်။

"တစ်ခုခုကို ဝှက်ပြုနေတာလိုပဲ ?"

"သေချာတယ်"

"ဒါဆို နောက်တော့ကော —"

"နောက်တော့ ကိုယ်က 'ဘယ်သူတွေလဲ'လို့ အော်လိုက်တယ်"



"သင်မမေးဘဲ ဘယ်သူဆိုတာ မသိနိုင်ဘူးလား" ဟယ်ရီက နည်းနည်းစိတ်ပျက်စွာ မေးတယ်။

"နတ်မျက်စိဆိုတာ" ပါမောက္ခ ထရီလောနီဟာ ဟိတ်ဟန်ထုတ်ပြီး ပြောတယ်၊ သူမခြုံပဝါနဲ့ လက်နေတဲ့ ပုတီးကုံးများစွာကိုလည်း ဆွဲလိုက်သေးတယ်။ "အော်ဟစ်ခြင်းဆိုတဲ့ ပုထုဇဉ်နယ်ပယ်က ကိစ္စကို အရေးလုပ်ဖို့ မဟုတ်ဘူး"

"မှန်တယ်" ဟယ်ရီက အမြန်ပြောတယ်။ သူဟာ ပါမောက္ခ ထရီလောနီရဲ့ နတ်မျက်စိကို အကြိမ်သိပ်များများ ကြားခဲ့ရပြီးပြီ။ "အဲဒီအသံက ဘယ်သူလို့ ဖြေသလား"

"ဟင့်အင်း၊ မဖြေဘူး" သူမက ပြောတယ်။ "အားလုံးမှောင်မည်းသွားတယ်၊ ဒီနောက်တော့ ကိုယ့်ကို ခေါင်းကို အပြင်ဘက်ထားပြီး ပစ်ထုတ်ခံရတာပဲ သိတယ်"

"ဒီကိစ္စ ဘယ်လိုဖြစ်တာလဲဆိုတာ သင် မမြင်ဘူးလား" ဟယ်ရီက မအောင့်နိုင်ဘဲ ပြောတယ်။

"ကိုယ် မမြင်ရဘူး၊ ခုနကပြောပြီးပြီ၊ မှောင်မည်းနေတာပဲ —" သူက စကားကို ရပ်လိုက်ပြီး သူ့ကို သံသယနဲ့ ကြည့်နေတယ်။

"သင် ပါမောက္ခ ဒမ်ဘာလီဒိုးကို ပြောပြရင်ကောင်းမယ်လို့ ကျွန်တော် ထင်တယ်" ဟယ်ရီက ပြောတယ်။ "မော်ဖိုင်ဂုဏ်ပြုနေတယ်ဆိုတာ သူ သိသင့်တယ် — ကျွန်တော်ပြောတာက၊ သင့်ကို အခန်းထဲက ပစ်ထုတ်တဲ့လူ"

သူ့ကို အံ့ဩစေတာက၊ ပါမောက္ခ ထရီလောနီဟာ ဒီအကြံပေးချက်ကို ကြားရပြီး ကိုယ်ကိုမတ်လိုက်တယ်၊ အလွန်မာနကြီးတဲ့ပုံ ဖော်ပြတယ်။

"ကျောင်းအုပ်ကြီးက သူ့ကို သိပ်လာမတွေ့နဲ့လို့ ကိုယ့်ကို အရိပ်အမြွက် ပြဖူးတယ်" သူမက အေးစက်စွာ ပြောတယ်။ "ကိုယ်က ကိုယ့်ကို မလေးစားတဲ့လူကို အောက်ကျနောက်ကျလုပ်မှာ မဟုတ်ဘူး။ တကယ်လို့ ဒမ်ဘာလီဒိုးက ဖဲချပ်က သတိပေးတာကို ဂရုမစိုက်ဘူးဆိုရင် —"

သူမရဲ့ ပိန်ခြောက်တဲ့လက်ဟာ ရုတ်တရက် ဟယ်ရီ့လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်တယ်။

"တစ်ကြိမ်ပြီးတစ်ကြိမ်၊ ကိုယ် ဘယ်လိုပဲစီစီ —"

www.burmeseclassic.com

www.burmeseclassic.com



သူမဟာ ပြဇာတ်ဆန်ဆန် ခြုံပဝါအထပ်ထပ်အောက်ကနေ ဖဲထစ်ချပ် ဆွဲထုတ်လိုက်တယ်။

" —— လျှပ်စီးထိတဲ့ အိမ်ချွန်" သူမက တဖွဖွပြောတယ်။ "ကံဆိုးမိုးမှောင်ကျခြင်း၊ ဘေးဒုက္ခရောက်ခြင်း၊ ကြာလေနီးလာလေ . . . ."

"မှန်တယ်" ဟယ်ရီက ထပ်ပြောတယ်။ "အင်း . . . . ကျွန်တော်ကတော့ သင် ဒမ်ဘလီဒိုးကို ပြောပြသင့်တယ်လို့ပဲ ထင်တယ်၊ အဲဒီအသံနဲ့ပတ်သက်တာ၊ နောက် မှောင်မည်းသွားတာ၊ ဒီပြင် သင် လိုတရအခန်းက ပစ်ထုတ်ခံရတာ . . . ."

"မင်း ဒီလိုထင်တယ် ?" ပါမောက္ခ ထရီလောနီက ခဏစဉ်းစားလိုက်သလိုပဲ၊ ဒါပေမယ့် သူမဟာ အဲဒီအတွေ့အကြုံသေးသေးလေးကို နောက်တစ်ခေါက် ပြောပြချင်တယ်ဆိုတာ ဟယ်ရီ တွေ့ရှိရတယ်။

"ကျွန်တော် သူ့သွားတွေ့မလို့" ဟယ်ရီက ပြောတယ်။ "ကျွန်တော် သူနဲ့ချိန်းထားတယ်၊ ကျွန်တော်တို့ အတူသွားနိုင်တယ်"

"အိုး၊ ဒါဆိုကောင်းပြီ" ပါမောက္ခ ထရီလောနီက ရယ်ပြီးပြောတယ်။ သူမ ခါးကုန်းလိုက်ပြီး ရှယ်လီအရက်ပုလင်းကို ပွေ့ကာ ဘေးရှိ နံရံထွင်းစင်ပေါ်မှာရှိတဲ့ အဖြူအပြာကျား ပန်းအိုးကြီးထဲ ပစ်ထည့်လိုက်တယ်။

"မင်း အတန်းလာတက်တဲ့အချိန်ကို ကိုယ် တကယ်လွမ်းမိတယ်၊ ဟယ်ရီ" သူတို့ အတူတကွ ဒမ်ဘလီဒိုးရုံးခန်းဆီ လျှောက်သွားကြတဲ့အခါမှာ၊ သူမက လှိုက်လှဲစွာ ပြောတယ်။ "မင်းဟာ ဘယ်တုန်းကမှ ကောင်းတဲ့ ကြိုဟောဆရာ မဖြစ်ခဲ့ဘူး . . . . ဒါပေမယ့် မင်းဟာ အလွန်စိတ်ကူးစံနဲ့ ကိုက်တဲ့သူဖြစ်တယ် . . . ."

ဟယ်ရီ မဖြေဘူး၊ သူဟာ ပါမောက္ခ ထရီလောနီ အဆက်မပြတ်ကြိုတင်တွက်ချက်တဲ့ ကံကြမ္မာဆိုး ကျရောက်မယ့်သူ မဖြစ်ချင်ဘူး။

"ကိုယ်စိုးရိမ်တယ်" သူမက ဆက်ပြောတယ်။ "ဟိုမြင်းအိုကြီး —— ဝမ်းနည်းပါတယ်၊ မြင်းလူသားဟာ —— ဖဲချပ်ဗေဒင်ကို ဘာမှနားမလည်ဘူး။ ကိုယ် သူ့ကို မေးဖူးတယ် —— ကြိုဟောဆရာအကြားက အပြန်အလှန် စကားပြောခြင်း —— ဘေးအန္တရာယ်ကျရောက်ခါနီး ဖြစ်ပေါ်တဲ့ သိမ့်သိမ့်တုန်ခါခြင်းတို့ သူ ခံစားရဘူးလား။ ဒါပေမယ့် သူက ကိုယ့်ကို အလွန်ရယ်စရာကောင်းတယ်လို့ ထင်သလိုပဲ၊ မှန်တယ်၊ ရယ်စရာကောင်းတာ"



သူမအသံဟာ ချုပ်တည်းမရဘဲ အများကြီး ကျယ်လာတယ်။ ဝိုင်းတွေဟာ နောက်ဘက်အဝေးကြီးမှာ ကျန်ခဲ့ပေမယ့်၊ ဟယ်ရီဟာ မြင်းဆန်တဲ့ ရှယ်လီအရက်နံ့ကို ရလိုက်တယ်။

"အဲဒီမြင်းဟာ ကိုယ့်ဘိုး အဘွားရဲ့ပါရမီကို မဆက်ခံဘူးလို့ သူများပြောတာ ကြားတယ်ထင်တယ်။ အဲဒီ ကောလာဟလတွေဟာ မနာလိုတဲ့လူတွေ ဝါဒဖြန့်တာ နှစ်မနည်းရှိပြီ။ ဟယ်ရီ၊ ကိုယ် ဒီလူတွေကို ဘယ်လိုပြောတယ်ဆိုတာ မင်းသိလား။ တကယ်လို့ ကိုယ် ဒမ်ဘလီဒိုးကို ကိုယ် အရည်အချင်းရှိကြောင်း သက်သေမပြခဲ့ရင်၊ သူက ကိုယ့်ကို ဒီလိုထူးချွန်တဲ့ကျောင်းကြီးမှာ ဆရာလုပ်ခွင့်ပေးမှာလား။ ဒီနှစ်တွေမှာ ကိုယ့်ကို ဒီလောက်ယုံကြည်မှာလား"

ဟယ်ရီက ဗလုံးဗထွေး အသံထွက်လိုက်တယ်။

"ဒမ်ဘလီဒိုး ကိုယ့်ကို ပထမအကြိမ် တွေ့ဆုံစစ်ဆေးတာကို ရှင်းရှင်းမှတ်မိတယ်" ပါမောက္ခ ထရီလောနီက အသံအက်အက်နဲ့ ဆက်ပြောတယ်။ "သူဟာ ကိုယ့်ကြောင့် အလွန်ခံစားချက်ကောင်းသွားတယ်။ တကယ်ပဲ၊ ခံစားချက် အလွန်ကောင်းသွားတယ် . . . . ကိုယ်တည်းတာက ဝက်ခေါင်းဘား။ အဲဒီနေရာကို ကိုယ် သူများကို မိတ်ဆက်မပေးဘူး —— ကြမ်းပိုးရှိတယ်၊ ချစ်လှစွာသောကောင်လေး —— ဒါပေမယ့် ထိုစဉ်က စရိတ်နည်းတယ်။ ဒမ်ဘလီဒိုးက အလွန်အားနာတယ်၊ တည်းခိုခန်းကို ကိုယ်တိုင်လာတွေ့တယ်။ သူက ကိုယ့်ကို မေးတယ် . . . . ကိုယ် ဝန်ခံရမှာက၊ စစချင်း သူဟာ ဗေဒင်ကို ဘာမှခံစားချက်ကောင်း မရှိဘူး . . . . ကိုယ်မှတ်မိတယ်၊ ကိုယ်က စပြီး တစ်မျိုးကြီးလို့ ထင်လာတယ်၊ အဲဒီနေ့က ကိုယ် ဘာမှသိပ်စားမထားဘူး . . . . ဒါပေမယ့် နောက်တော့ . . . ."

အခုမှ ဟယ်ရီက တကယ်စပြီး သတိထားနားထောင်တယ်။ အကြောင်းက ထိုစဉ်က ဘာဖြစ်တယ်ဆိုတာ သူသိလို့၊ အဲဒါက ပါမောက္ခ ထရီလောနီဟာ သူ့ဘဝဖြစ်စဉ်ကို ပြောင်းသွားစေတဲ့ ကြိုဟောစကားပြောလိုက်လို့။ အဲဒါ သူနဲ့ဗိုလဒီမွန့်နဲ့ ပတ်သက်တဲ့ ကြိုဟောစကား။

" . . . . ဒါပေမယ့် နောက်တော့ ကိုယ်တို့ဟာ ဆီးဗရတ်စ်-စနိတ်ရဲ့ ရမ်းကားစွာ နှောင့်ယှက်လို့ စကားပြတ်သွားတယ်"

"ဘာလဲ ?"

"ဒီလိုပါ၊ ထိုအချိန်မှာ တံခါးအပြင်ဘက်မှာ သူ ဆူညံပူပူဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဆက်လက်ပြီး တံခါးတွန်းဖွင့်ခဲ့ရတယ်၊ အလွန်စရိုက်ကြမ်းတဲ့ ဘားစားပွဲထိုးနဲ့ စနိုက်ပ်တို့ အပြင်မှာ ရပ်နေတယ်။ စနိုက်ပ်က လှေကားမှားတက်တာလို့ လျှောက်ပြောတယ်။ သို့ပေမယ့် သူဟာ ဒမ်ဘာလီဒိုးနဲ့ ကိုယ် ဖူးနေတာကို နိုးနားထောင်တာ ဖမ်းမိတာလို့ ကိုယ်ထင်တယ် —— မင်းကြည့်ပါ၊ ထိုစဉ်က သူလဲ အလုပ်ရှာနေတာ၊ အတွေ့အကြုံများရမလားလို့လုပ်တာ ဖြစ်မှာပေါ့။ အင်း၊ အဲဒီနောက်မှာတော့၊ မင်းသိပါတယ်၊ ဒမ်ဘာလီဒိုးဟာ ကိုယ့်ကို အလုပ်တစ်ခု အလွန်ပေးချင်ပုံရတယ် ဟယ်ရီ။ အဲဒါဟာ ကိုယ့်ရဲ့ဟိတ်ဟန်မပါတဲ့ လုပ်ဟန်နဲ့ အေးဆေးတဲ့ အရည်အသွေးကြောင့်လို့ ကိုယ် တွေးမိတယ်။ အဲဟိုပုန်းလျှိုးပြီး သော့ပေါက်က ချောင်းနားထောင်တဲ့၊ ကိုယ့်ကိုကိုယ် ဟုတ်လှပြီထင်တဲ့၊ အတင်းလုပ်တတ်တဲ့လူငယ်နဲ့ မတူတဲ့အချက်ပဲ —— ဟယ်ရီ၊ အချစ်လေး"

သူမဟာ ခုမှ ဟယ်ရီ အနားမှာမရှိတာ သတိပြုမိတယ်၊ လှည့်ကြည့်လိုက်တယ်၊ သူဟာ နေရာတွင် ရပ်နေတယ်၊ သူမနဲ့ ဆယ်လှမ်းအကွာမှာ။

"ဟယ်ရီ ?" သူမက သံသယနဲ့ ခေါ်လိုက်တယ်။

ဟယ်ရီမျက်နှာတွေ ဖြူဖပ်ဖြူရော်ဖြစ်နေလို့ထင်တယ်၊ သူမဟာ သိပ်ပြီးပူပင်ပြီး ကြောက်နေတယ်။ ဟယ်ရီက မလှုပ်မယှက် ရပ်နေတယ်၊ ထိတ်လန့်တုန်လှုပ်မှု တစ်ခုပြီးတစ်ခု သူ့ကို တိုက်စားနေတယ်။ လှိုင်းလုံးတစ်ခုပြီးတစ်ခု အားလုံးကို ဖုံးလွှမ်းသွားတယ်။ အရင်က သူ တစ်လျှောက်လုံး မသိတဲ့ အခြေအနေတစ်ခုပဲ ကျန်တယ် . . . ."

အဲဒါ စနိုက်ပ်က ကြိုဟောစကားကို ခိုးနားထောင်တာ။ စနိုက်ပ်က ကြိုဟောစကားသတင်းကို ဗိုလ်ဒီမွန်နဲ့ သွားပြောပြတာ။ စနိုက်ပ်နဲ့ ကြယ်ပုလေးပီတာတို့နှစ်ယောက်က ဗိုလ်ဒီမွန့်ကို လီလီ၊ ဂျိမ်းနဲ့ သူတို့သားကို လိုက်သတ်အောင် လုပ်တာ . . . .

အခု ဟယ်ရီဟာ တခြားဘာကိုမှ ဂရုမစိုက်တော့ဘူး။

"ဟယ်ရီ ?" ပါမောက္ခ ထရီလောနီက ခေါ်လိုက်ပြန်တယ်။ "ဟယ်ရီ —— ကိုယ်တို့ အတူတကွ ကျောင်းအုပ်ကြီးသွားတွေ့မယ်လို့ ထင်တယ်"

"သင် ဒီမှာနေ" ဟယ်ရီရဲ့ ထုံနေတဲ့ပါးစပ်က ပြောတယ်။

"ဒါပေမယ့်၊ အချစ်လေး . . . . ကိုယ် သူ့ကို လိုတရအခန်းမှာ အင်္ဂလိုအတိုက်ခိုက်ခံရတယ်ဆိုတာ ပြောပြချင်သေးတယ် —— "



"သင် ဒီမှာနေ" ဟယ်ရီက စိတ်ဆိုးဆိုးနဲ့ ထပ်ပြောတယ်။

သူမ ကြည့်ရတာ နည်းနည်းပျာနေသလိုပဲ။ ဟယ်ရီက သူမဘေးက ပြေးသွားတယ်၊ ဒမ်ဘာလီဒိုးရုံးခန်းဆီပေါက်တဲ့ စင်္ကြံထဲ ချိုးဝင်သွားတယ်။ ကျောက်တိရစ္ဆာန်ဘီလူးဟာ အဲဒီမှာ အစောင့်အဖြစ် အထီးထီးရှိနေတယ်။ ဟယ်ရီက တိရစ္ဆာန်ဘီလူးကို စကားဝှက် အကျယ်ကြီးအော်ပြောတယ်။ ဒီနောက်၊ သုံးလေးထစ်ခုန်ခုန်ကျော်ပြီး ရွေ့လျားနေတဲ့ ခရုပတ်လှေကားပေါ်တက်လိုက်တယ်။ သူဟာ ဒမ်ဘာလီဒိုးတံခါးကို အသာခေါက်တာမဟုတ်ဘူး တဒိုင်းဒိုင်းထုနေတယ်။ ဟယ်ရီ အခန်းတွင်းပြေးဝင်တော့မှ၊ တည်ငြိမ်တဲ့ အသံက ဖြေတယ်။ "ဝင်ခဲ့ပါ"

ဖီးနစ်ဖော့ခ်စ်က လှည့်ကြည့်တယ်၊ ၎င်းရဲ့ ကြည်လင်တဲ့မျက်စိထဲမှာ ပြတင်းအပြင်က တလက်လက်ရွှေရောင်ကျနေ ထင်ဟပ်နေတယ်။ ဒမ်ဘာလီဒိုးဟာ ပြတင်းရှေ့ရပ်ပြီး ကျောင်းဝန်းကို ကြည့်နေတယ်။ လက်ပေါ်မှာ ရှည်လျားတဲ့ အနက်ရောင်ခရီးသွားခြုံထည် တစ်ထည်တင်ထားတယ်။

"ကောင်းပြီ၊ ဟယ်ရီ၊ မင်းကို ကျုပ်နဲ့အတူသွားဖို့ ကတိပေးဖူးတယ်"

ဟယ်ရီ ခဏကြောင်သွားတယ်။ ပါမောက္ခ ထရီလောနီနဲ့ စကားပြောခြင်းက ဟယ်ရီ့ကို တခြားအားလုံး မေ့သွားစေတယ်၊ သူ့ခေါင်းလည်း တုန့်ပြန်မှု နှောင့်နှေးသွားသလိုပဲ။

"သင်နဲ့ . . . . အတူသွား . . . . ?"

"ဒါပေါ့၊ မင်းသွားမယ်ဆိုရင်"

"သွားမယ်ဆိုရင် . . . . "

အခုမှ ဟယ်ရီဟာ အစက ဒမ်ဘာလီဒိုးရုံးခန်းကို အလွန်လာချင်တဲ့ အကြောင်းကို သတိရတယ်။

"သင် တစ်ခုတွေ့ပြီ ?" သင်ဝိညာဉ်ပစ္စည်းတစ်ခု တွေ့ပြီ ?"

"ဟုတ်တယ်လို့ ကျုပ်ထင်တယ်"

ဒေါသနဲ့ မုန်းတီးမှုဟာ သူ့ရင်ထဲမှာ တုန်လှုပ်ခြင်းနဲ့ စိတ်လှုပ်ရှားခြင်းတို့နဲ့ တိုက်ခိုက်နေတယ်၊ တော်တော်ကြာကြာ ဟယ်ရီ စကားတစ်လုံးမှ ပြောမထွက်ဘူး။

"ကြောက်တာ သဘာဝကျပါတယ်" ဒမ်ဘာလီဒိုးက ပြောတယ်။

"ကျွန်တော် မကြောက်ဘူး" ဟယ်ရီက ချက်ချင်းပြောတယ်။ ဒီစကား

www.burmeseclassic.com

www.burmeseclassic.com



ဟာ တကယ်ပဲ အစစ်အမှန်ဖြစ်တယ်၊ ကြောက်ခြင်းဆိုတာ ဒီအချိန်မှာ သူ လုံးဝမခံစားရဘူး။ "ဘယ်ဝိညာဉ်ပစ္စည်းလဲ၊ ဘယ်မှာလဲ"

"ကျုပ်လဲ ဘယ်ဟာဆိုတာ သေချာမပြောနိုင်ဘူး —— ဒါပေမယ့် တိုမြွေကိုတော့ ပယ်လိုက်လို့ရတယ် —— ဒါပေမယ့် ၎င်းကို ဝေးလံတဲ့ပင်လယ် အနားက တောင်ခေါင်းထဲမှာ ဝှက်ထားတယ်လို့ ကျုပ်ထင်တယ်။ ကျုပ် ကြိုးစားပြီး အကြာကြီးရှာဖွေတဲ့ တောင်ခေါင်းထဲမှာ။ တွမ်-ရစ်ဒေါ် မိဘမဲ့ကျောင်းမှာ တုန်းက နှစ်စဉ်အပျော်ခရီးထွက်တဲ့အခါ မိဘမဲ့ကလေးနှစ်ယောက်ကို ခြောက်လှန့်ဖူးတဲ့ တောင်ခေါင်း၊ မင်းမှတ်မိလား"

"မှတ်မိတယ်" ဟယ်ရီက ပြောတယ်။ "၎င်းမှာ ဘာခုခံကာကွယ်တဲ့ အစီအမံတွေရှိသလဲ"

"ကျုပ်မသိဘူး၊ ခန့်မှန်းတာပဲရှိတယ်၊ လုံးဝမမှန်တာလဲ ဖြစ်နိုင်တယ်" ဒမ်ဘာလီဒိုးက ခဏတွေဝေနေတယ်၊ သူက ပြောတယ်။ "ဟယ်ရီ၊ ကျုပ်နဲ့ အတူလိုက်ဖို့ မင်းကို ကျုပ်သဘောတူခဲ့တယ်။ ကျုပ် အဲဒီကတိကို လိုက်နာတယ်။ ဒါပေမယ့် ကျုပ်ကြိုပြီး ဒါဟာ သာမန်ထက်လွန်စွာ အန္တရာယ်ရှိတယ်ဆိုတာ မင်းကို ပြောမပြရင်၊ ကျုပ် လွန်လွန်းတယ်လို့ ဆိုရမယ်"

"ကျွန်တော် သွားမယ်" ဒမ်ဘာလီဒိုး ပြောမပြီးခင်မှာ ဟယ်ရီက လုပြောတယ်။ သူ့ရင်ထဲမှာ စနိတ်ပ်ကို မုန်းတီးမှုတွေ ပြည့်နေတယ်၊ ဘာမှ မမှုဘဲ စွန့်စားပြီး တစ်ခုခုလုပ်ချင်တဲ့ဆန္ဒဟာ ဒီမိနစ်အချို့အတွင်း ဆယ်ဆလောက် တိုးလာတယ်။ ဒါတွေအားလုံး ဟယ်ရီ့မျက်နှာပေါ်မှာ ရေးထားသလိုပဲ။ ဒမ်ဘာလီဒိုးက အကြည့်ကို ပြတင်းရှေ့က ဖယ်လိုက်ပြီး ဟယ်ရီ့ကို ပိုသေချာစွာ ကြည့်နေတယ်။ သူ့ရဲ့ငွေရောင်မျက်ခုံးမွေးအစုံကို ကြုတ်ထားတယ်၊ အလယ်ဗဟိုမှာ ထောင်လိုက်အရေးအကြောင်းရေးရေး ပေါ်နေတယ်။

"မင်း ဘာဖြစ်လဲ"

"ဘာမှမဖြစ်ဘူး" ဟယ်ရီက အမြန်လိမ်ပြောတယ်။

"ဘာက မင်းကို ဒီလောက်မပျော်မရွှင်ဖြစ်စေတာလဲ"

"ကျွန်တော် မပျော်မရွှင်မဖြစ်ဘူး"

"ဟယ်ရီ၊ မင်းရဲ့ဦးနှောက်ပိတ်အတတ်ဟာ ဘယ်တုန်းကမှ မထူးချွန်

---

ဒီစကားဟာ မီးပွားလို ဟယ်ရီ့ဒေါသကို တောက်လောင်စေတယ်။



"စနိတ်ပ် ! " ဟယ်ရီက အလွန်ကျယ်လောင်စွာ ပြောတယ်။ သူ့ ကျောဘက်က ဖော့ခ်စ်ဟာ အသာလေးအော်လိုက်တယ်။ "လက်သေတော့ စနိတ်ပ်ပဲကိုး။ သူက ကြိုဟောစကားကို ဗိုလ်ဒီမွန့်ပြောပြတာ၊ သူပဲ၊ သူ အခန်း အပြင်ဘက်မှာ ခိုးနားထောင်တယ်။ ထရီလောနီက ကျွန်တော့်ကို ပြောပြတာ"

ဒမ်ဘာလီဒိုးအမူအရာဟာ ဘာမှမပြောင်းဘူး၊ ဒါပေမယ့် နီရဲတဲ့ ကျနေ နေရောင်အောက်မှာ ဒမ်ဘာလီဒိုးမျက်နှာအရောင် ဖြူသွားတယ်လို့ ဟယ်ရီ ခံစားရသလိုပဲ။ အချိန်ကြာစွာ၊ ဒမ်ဘာလီဒိုး စကားတစ်ခွန်းမှ မပြောဘူး။

"မင်း ဘယ်တုန်းက ဒါတွေသိလာလဲ" နောက်ဆုံးမှာ သူက မေးတယ်။

"ခုတွင်သိတာ" ဟယ်ရီက ပြောတယ်၊ သူဟာ မအော်မိအောင် မိမိကိုယ်မိမိ အတင်းတားထားတယ်။ ဒီနောက် သူဟာသူ မထိန်းနိုင်တော့ဘူး။ "သင်က သူ့ကို ဒီမှာ ဆရာလုပ်ခိုင်းထားတယ်၊ သူက ကျွန်တော့်မိဘကို လိုက်သတ်အောင် ဗိုလ်ဒီမွန့်ကို ပြောပြတာ"

ဟယ်ရီက ဟောဟဲဟောဟဲ ဖြစ်နေတယ်၊ သတ်ပုတ်နေသလိုပဲ။ သူဟာ တုတ်တုတ်မျှမလှုပ်တဲ့ ဒမ်ဘာလီဒိုးကို ကျောခိုင်းလိုက်ပြီး စာကြည့်ခန်းထဲမှာ အသွားအပြန် လျှောက်နေတယ်။ လက်ခေါက်တွေ ပွတ်နေတယ်၊ ပစ္စည်းတွေ ပစ်ပေါက်ချင်စိတ်ကို အတတ်နိုင်ဆုံး ထိန်းထားတယ်။ သူက ဒမ်ဘာလီဒိုးကို ဒေါသထွက် အော်ဟစ်ချင်တယ်၊ တစ်ချိန်တည်းမှာလည်း သူ့နောက်လိုက်ပြီး ဝိညာဉ်ပစ္စည်းကို ဖျက်ဆီးချင်တယ်။ ဒမ်ဘာလီဒိုးကို အသုံးမကျတဲ့ အဘိုးကြီး၊ စနိတ်ပ်ကို ယုံရသလားလို့ ပြောချင်တယ်။ ဒါပေမယ့် မိမိဒေါသကို မထိန်းနိုင်ရင်၊ ဒမ်ဘာလီဒိုးက သူ့ကို ခေါ်မသွားမှာ ကြောက်တယ် . . . .

"ဟယ်ရီ" ဒမ်ဘာလီဒိုးက အေးဆေးစွာ ပြောတယ်။ "ကျုပ်ပြောတာ နားထောင်ပါ"

သူ ခြေလှမ်းကို ရပ်ပစ်ချင်တယ်၊ ဒါပေမယ့် ဒါဟာ မိမိဒေါသနဲ့ အော်ဟစ်တာကို ချုပ်တည်းတာလိုပဲ ခက်ခဲနေတယ်။ ဟယ်ရီ ခဏရပ်ဆိုင်း နေတယ်၊ နှုတ်ခမ်းကို ကိုက်ထားတယ်၊ ဒမ်ဘာလီဒိုးရဲ့ အရေးအကြောင်းတွေနဲ့ မျက်နှာကို ကြည့်နေတယ်။

"ပါမောက္ခ စနိတ်ပ်ဟာ ကြီးလေးတဲ့ —— ကျူးလွန်ခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို အမှားတစ်ခုလို့ မပြောနဲ့၊ ဆရာ၊ ထိုစဉ်က သူ အခန်း အပြင်မှာ ခိုးနားထောင်နေတာ"

"ကျုပ် ပြီးအောင်ပြောပရစေ" ဒမ်ဘလီဒိုးက ဟယ်ရီ ဖြစ်သလို ခေါင်းညိတ်ပြတာစောင့်ပြီး ဆက်ပြောတယ်။ "ပါမောက္ခ စနိတ်ပ်ဟာ ကြီးလေးတဲ့ အမှားတစ်ခု ကျူးလွန်တယ်။ သူဟာ ပါမောက္ခ ထရီလောနီရဲ့ ကြိုဟောစကား ပထမပိုင်းကို ကြားရတဲ့အခါမှာ ဗိုလ်ဒီမွတ်လုပ်သားပဲ ဖြစ်နေသေးတယ်။ သူ့သခင်ဟာ ဒါတွေကို သိပ်အရေးထားတဲ့အတွက်၊ သဘာဝကျစွာပဲ၊ သူဟာ သူကြားရတာတွေကို သူ့သခင်ကို ပြောပြလိုက်တယ်။ ဒါပေမယ့် ထိုစဉ်က သူမသိတာရှိတယ် —— သူလဲ သိဖို့အကြောင်းမရှိဘူး —— အဲဒီနောက်မှာ ဗိုလ်ဒီမွတ်က ဘယ်ကောင်လေးကို လိုက်သတ်မယ်ဆိုတာ မသိဘူး။ အသတ်ခံရတဲ့မိဘဟာ ပါမောက္ခ စနိတ်ပ်သိတဲ့လူ မင်းရဲ့အမေနဲ့အဖေဆိုတာလဲ မသိဘူး —— "

ဟယ်ရီက အကျယ်ကြီး သရော်ရယ် ရယ်နေတယ်။

"သူ ကျွန်တော့်အဖေကို မုန်းတာ ဆီးရီးအက်စ်ကြွယ်ကို မုန်းတာနဲ့ အတူတူပဲ။ သင် သတိမထားမိဘူးလား၊ ပါမောက္ခ၊ ဘာဖြစ်လို့ စနိတ်ပ် မုန်းတဲ့ လူတွေဟာ နောက်ဆုံးမှ သေခြင်းနဲ့ နိဂုံးချုပ်ရတာလဲ"

"ဟယ်ရီ၊ ပါမောက္ခ စနိတ်ပ်ဟာ ဗိုလ်ဒီမွတ်က ကြိုဟောစကားကို အဲဒီလို သဘောပေါက်မှန်းသိတော့၊ သူ ဘယ်လောက် နောင်တရတယ်ဆိုတာ မင်းမသိသေးဘူး။ ဒါဟာ သူ့ဘဝရဲ့ အကြီးဆုံး နောင်တရမှုပဲ၊ ဒါဟာလဲ သူ ပြန်လာတဲ့အကြောင်းရင်းပဲ —— "

"ဒါပေမယ့် သူဟာ အလွန်ထူးချွန်တဲ့ ဦးနှောက်ပိတ်ဆရာကြီး မဟုတ်ဘူးလား။ ဆရာ" ဟယ်ရီက ပြောတယ်။ သူဟာ အတတ်နိုင်ဆုံး တည်ငြိမ်အောင် လုပ်တယ်။ ဒါပေမယ့် အသံကတော့ နည်းနည်းတုန်နေတယ်။ "ဗိုလ်ဒီမွတ်ဟာ စနိတ်ပ် သူ့ဘက်ရပ်တည်နေတယ်၊ ခုလဲပဲ ဒီလိုပဲ ယုံနေတယ် မဟုတ်ဘူးလား။ ပါမောက္ခ . . . . စနိတ်ပ် ကျွန်တော်တို့ဘက်မှာ ရှိတယ် ဆိုတာ သင် ဘယ်လိုလုပ်ပြီး သေချာသိနိုင်တာလဲ"

ဒမ်ဘလီဒိုးဟာ ခဏတာမျှ စကားမပြောဘူး။ သူဟာ စိတ်ဆုံးဖြတ်ချက်တစ်ခုကို ချနေသလိုပဲ။ နောက်ဆုံးမှာ သူက ပြောတယ်။ "ကျုပ် သေချာပေါက်သိတယ်၊ ကျုပ် ဆီးဗရတ်စ်-စနိတ်ပ်ကို လုံးဝယုံကြည်တယ်"



ဟယ်ရီက အသက်ပြင်းပြင်း အကြိမ်အချို့ ရှူလိုက်တယ်။ မိမိစိတ်ကို ကြိုးစားပြီး တည်ငြိမ်အောင် လုပ်ချင်တယ်။ ဒါပေမယ့် မရဘူး။

"ဟင်း၊ ကျွန်တော် မယုံဘူး" သူက ခုနကလိုပဲ အကျယ်ကြီးပြောတယ်။ "သူ အခု ဍြာခို-မော်ဖိုင်နဲ့ တချို့ကိစ္စတွေမှာ ချိတ်ဆက်လုပ်နေတယ် သင့်မျက်စိအောက်မှာ၊ သင်ကတော့ —— "

"ကျုပ်တို့ ဒါတွေဆွေးနွေးပြီးပြီ၊ ဟယ်ရီ" ဒမ်ဘလီဒိုးက ပြောတယ်။ သူ့အသံက တင်းမာလာပြန်တယ်။ "ကျုပ်က ကျုပ်အမြင်ကို မင်းကို ပြောပြီးပြီ"

"သင် ဒီနေ့ည ကျောင်းကထွက်ခွာသွားမယ်၊ ကျွန်တော် လောင်းရဲတယ်၊ သင်ဟာ စနိတ်ပ်နဲ့ မော်ဖိုင်တို့ ဆုံးဖြတ်နိုင်တာ —— "

"ဘာလဲ" ဒမ်ဘလီဒိုးက မျက်ခုံးပင့်ပြီး မေးတယ်။ "သူတို့ ဘာလုပ်မယ်လို့ မင်း သံသယရှိလဲ။ ရှင်းအောင်ပြောပါ"

"ကျွန်တော် —— သူတို့မှာ အကြံအစည် ရှိတယ်" ဟယ်ရီက ပြောရင်း လက်နှစ်ဘက်လက်သီးဆုပ်ထားတယ်။ "ပါမောက္ခ ထရီလောနီဟာ ခုနက လိုတရအခန်းထဲမှာ သူမအရက်ပုလင်း သိမ်းထားဖို့လုပ်တာ၊ သူမ မော်ဖိုင် အော်ဟစ်တာ ကြားရတယ်၊ အောင်ပွဲခံတဲ့အသံ။ သူဟာ အဲဒီအထဲမှာ အန္တရာယ်ရှိတဲ့ အရာတစ်ခုခုကို ပြုပြင်နေတာ၊ ကျွန်တော့်အထင်တော့ သူ ပြုပြင်လို့ ရသွားပြီ။ သင်ကတော့ ကျောင်းကထွက်ခွာဖို့ လုပ်နေတယ်။ သွားပြီ —— "

"တော်ပြီ" ဒမ်ဘလီဒိုးက ပြောတယ်။ သူဟာ အလွန်တည်ငြိမ်စွာ ပြောပေမယ့် ဟယ်ရီဟာ ချက်ချင်းငြိမ်သွားတယ်။ သူဟာ သူ့မြင်ရတဲ့စည်းကို နောက်ဆုံးမှာ ကျော်မိပြီလို့ သူသိလို့။ "ဒီနှစ်မှာ ကျုပ် ဘာအကာအကွယ် စီမံမှုမှ မလုပ်ဘဲ ကျောင်းကထွက်သွားတဲ့အခါ ရှိတယ်များထင်နေသလား။ ကျုပ် ဒီလိုမလုပ်ဖူးသေးဘူး။ ဒီည၊ ကျုပ်ထွက်ခွာတဲ့အခါမှာ၊ နေရာတိုင်းမှာ အထူးခုခံကာကွယ်တဲ့ အစီအမံတွေ ရှိမယ်။ ကျုပ်ကို ကျုပ်ကျောင်းသားတွေရဲ့ လုံခြုံရေးကို သေချာမလုပ်ဘူးလို့ မထင်ပါနဲ့၊ ဟယ်ရီ"

"ကျွန်တော် မထင်ပါဘူး —— " ဟယ်ရီက ဖွဖွပြောတယ်၊ နည်းနည်းစိတ်မကောင်းဖြစ်တယ်။ ဒါပေမယ့် ဒမ်ဘလီဒိုးက သူ့ကို ဖြတ်ပြောတယ်။

"ကျုပ် ဒီပြဿနာတို ပိုများများမဆွေးနွေးချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက ပြန်ချေပ,မယ့်စကားကို မျိုချထားတယ်၊ မိမိပြောတာ သိပ်များလွန်းလို့ ဒမ်ဘာလီဒိုးနဲ့ လိုက်ရမယ့် အခွင့်အရေး ပျောက်ဆုံးသွားမှာ စိုးတယ်။ ဒါပေမယ့် ဒမ်ဘာလီဒိုးက ဆက်ပြီးမေးတယ်၊ "မင်း ဒီည ကျုပ်နဲ့ အတူလိုက်ချင်သလား"

"လိုက်ချင်တယ်" ဟယ်ရီက ချက်ချင်းဖြေတယ်။

"သိပ်ကောင်းတယ်၊ ဒါဆို နားထောင်ပါ"

ဒမ်ဘာလီဒိုးက ခါးကို မတ်မတ်ဆန့်လိုက်တယ်။

"ကျုပ် မင်းကိုခေါ်သွားတာမှာ စည်းကမ်းသတ်မှတ်ချက်တစ်ခု ရှိတယ်။ အဲဒါကတော့၊ မင်းဟာ လုံးဝသံသယမရှိဘဲ ကျုပ်ရဲ့အမိန့်ဟူသမျှ ချက်ချင်းလိုက်နာရမယ်။

"မင်း နားလည်အောင် နားထောင်၊ ဟယ်ရီ။ ကျုပ်ပြောတာက မင်းဟာ 'ပြေး'၊ 'ပုန်းနေ' ဒါမှမဟုတ် 'ပြန်သွား'လို့ အမိန့်မျိုးကိုတောင် မုချ နာခံရမယ်၊ မင်းသဘောတူလား"

"ကျွန်တော် —— သဘောတူတယ်၊ အမှန်ပဲ"

"တကယ်လို့ ကျုပ်က မင်းကို ပုန်းနေလို့ခိုင်းရင်၊ မင်း ပုန်းမလား"

"ပုန်းမယ်"

"တကယ်လို့ ကျုပ်က မင်းကို ထွက်ပြေးလို့ခိုင်းရင်၊ မင်း နာခံမလား"

"နာခံမယ်"

"တကယ်လို့ ကျုပ်က မင်းကို ကျုပ်ကို ခွဲခွာသွား၊ မိမိကိုယ်ကို လုံခြုံအောင်လုပ်လို့ခိုင်းရင်၊ မင်း ကျုပ်ပြောတဲ့အတိုင်း လုပ်မလား"

"ကျွန်တော် —— "

"ဟယ်ရီ ?"

သူတို့ အပြန်အလှန် ကြည့်နေကြတယ်။

"လုပ်မယ်၊ ဆရာ"

"သိပ်ကောင်းတယ်၊ ဒါဆို မင်းကိုယ်ပျောက်ဝတ်ရုံ သွားယူစေချင်တယ်။ ငါးမိနစ်ကြာရင် တံခါးခန်းမှာ တွေ့ကြမယ်"

ဒမ်ဘာလီဒိုးက လှည့်သွားပြီး မီးလိုရဲနေတဲ့ ပြတင်းအပြင်ဘက်ကို ကြည့်နေတယ်။ အခု နေမင်းဟာ မိုးကုပ်စက်ဝန်းဆီမှာ ပတ္တမြားလို အနီရောင် တောက်ပနေဆဲ။ ဟယ်ရီက ရုံးခန်းကနေ အလျင်အမြန်ထွက်ပြီး



ခရုပတ်လှေကားကို ဆင်းလိုက်တယ်။ သူ့အတွေးဟာ ထူးဆန်းစွာနဲ့ ရုတ်တရက် အလွန်ရှင်းလင်းသွားတယ်၊ သူ ဘာလုပ်ရမယ်ဆိုတာ သူ သိသွားပြီ။

ဟယ်ရီ ပြန်လာတော့၊ ရွန်နဲ့ ဟာမီးဟာ အများနားနေခန်းထဲမှာ အတူထိုင်နေတယ်။ "ဒမ်ဘာလီဒိုး ဘာလိုချင်လဲ" ဟာမီးက ချက်ချင်းမေးတယ်။ "ဟယ်ရီ၊ နင် ဘာမှမဖြစ်ပါဘူးနော်" သူမက စိုးရိမ်စွာ မေးတယ်။

"ငါ ဘာမှမဖြစ်ဘူး" ဟယ်ရီက တိုတိုပဲ ဖြေတယ်။ သူတို့အနားက ပြေးသွားပြီး လှေကားပေါ်တက် အိပ်ခန်းထဲ ဝင်ခဲ့တယ်။ အဝတ်သေတ္တာကို လှန်ဖွင့်ပြီး၊ စားပြမြေပုံနဲ့ လိပ်ထားတဲ့ခြေစွပ်တစ်ရံကို ယူလိုက်တယ်။ ဒီနောက် လှေကားက အမြန်ဆင်းပြီး အများနားနေခန်းထဲ ဝင်တယ်၊ ရွန်နဲ့ ဟာမီးတို့ ထိုင်နေတဲ့အနားမှာ အရှိန်သတ်လိုက်တယ်။ သူတို့နှစ်ယောက်စလုံး အံ့ဩတဲ့ အမူအရာနဲ့။

"ငါ အချိန်သိပ်မရဘူး" ဟယ်ရီက မောမောနဲ့ ပြောတယ်။ "ဒမ်ဘာလီဒိုးက ငါ့ကို ကိုယ်ပျောက်ဝတ်ရုံ လာယူခိုင်းတာ။ နားထောင် . . . ."

သူက သူဘယ်သွားမယ်နဲ့ ဘာကြောင့်သွားမယ့်အကြောင်းကို အမြန် ပြောလိုက်တယ်။ ဟာမီးဟာ ထိတ်လန့်စွာနဲ့ အသက်အောင့်သွားတယ်၊ ရွန်က ကမန်းကတန်း မေးခွန်းထုတ်ပေမယ့် သူ ရပ်ဆိုင်းမနေတော့ဘူး။ ခဏနေရင် သူတို့ဖာသာ ပိုအသေးစိတ်ကျတဲ့ဟာကို သိအောင်လုပ်လိမ့်မယ်။

" . . . . မင်းတို့ နားလည်ပြီလား" ဟယ်ရီက အလျင်အမြန်ပြောပြီး သွားတယ်။ "ဒမ်ဘာလီဒိုး၊ ဒီည မရှိဘူး၊ ဒါကြောင့် မော်ဖိုင်ဟာ သူ့အကြံယုတ်ကို ထင်သလိုလုပ်လို့ ရတယ်။ ဟင့်အင်း၊ ငါပြောတာ နားထောင်" ရွန်နဲ့ ဟာမီးက သူ့ကို ဖြတ်ပြောချင်ပုံပေါက်လို့ ဟယ်ရီက စိတ်ဆိုးစွာနဲ့ အသံနိမ့် ပြောတယ်။ "မော်ဖိုင်ဟာ လိုတရအခန်းထဲမှာ အောင်ပွဲခံနေတယ်။ ရော့ ——" သူဟာ စားပြမြေပုံကို ဟာမီးလက်ထဲ ဆတ်ခနဲ ထိုးထည့်လိုက်တယ်။ "မင်းတို့ သူ့ကို စောင့်ကြည့်မှဖြစ်မယ်၊ စနိတ်ပ်ကိုလဲ ကြည့်ထားမှ။ မင်းတို့ရှာလို့ရတဲ့ DA က လူတွေကို သုံး။ ဟာမီး၊ ဆက်သွယ်ဖို့လုပ်ထားတဲ့ ဂါလုံးတွေ သုံးနိုင်သေးတယ်၊ ဟုတ်လား။ ဒမ်ဘာလီဒိုးက သူ့ကျောင်းလုံခြုံရေး အားဖြည့်ထားတယ်လို့ ပြောတယ်။ ဒါပေမယ့် စနိတ်ပ် ဝင်ပါလာရင်၊ ဒမ်ဘာလီဒိုး အကာအကွယ် အစီအမံက ဘာဆိုတာ သူ သိတယ်၊ ဘယ်လိုရှောင်ရမယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သိတယ် —— ဒါပေမယ့် မင်းတို့နှစ်ယောက်ကို စောင့်ကြည့်ဖို့တာဝန် ပေးထားတာတော့ မသိဘူး၊ မဟုတ်ဘူးလား"

"ဟယ်ရီ —— " ဟာမီးက စမေးတယ်၊ သူမဟာ ကြောက်လို့ မျက်လုံးကြီး ပြူးနေတယ်။

"နင်တို့နဲ့ ငြင်းခုံဖို့ ငါ့မှာအချိန်မရှိဘူး" ဟယ်ရီက အမြန်ပြောတယ်။ "ဒါကိုလဲ ယူထား —— " သူက မြေပုံကို ရွန့်လက်ထဲ ပစ်ထည့်လိုက်တယ်။

"ကျေးဇူးပဲ" ရွန်က ပြောတယ်။ "ဒိုး —— ဘာဖြစ်လို့ ငါ့ကို မြေပုံပေးတာလဲ"

"မင်းတို့ မြေပုံထဲကအရာကို လိုအပ်တယ်၊ အဲဒါ ဖီလစ် ဖီလစ်စစ်၊ ဂျင်နီကိုလဲ နည်းနည်းခွဲပေး။ ငါ့အစား သူမကို နှုတ်ဆက်ပေး။ ငါသွားရတော့မယ်၊ ဒမ်ဘာလီဒိုး စောင့်နေတယ် —— "

"ဟင့်အင်း" ရွန်က ရွှေရောင်ဆေးရည်နဲ့ ပုလင်းလေးကို ယူထုတ်လိုက်တော့၊ ဟာမီးက ပြောတယ်။ ရွန့်အမူအရာက ကြောက်ရွံ့ရှိသေတဲ့ပုံနဲ့၊ "ငါတို့ ဒါမလိုဘူး၊ နင်ယူသွား၊ နင်ဘယ်လိုအခြေအနေနဲ့ ရင်ဆိုင်ရမှန်း မသိဘူး"

"ငါ ကိစ္စမရှိဘူး၊ ငါ ဒမ်ဘာလီဒိုးနဲ့အတူ ရှိမှာ" ဟယ်ရီက ပြောတယ်။ "နင်တို့ ဘာမှမဖြစ်တာ ငါသိချင်တယ် . . . . ဒီလိုမလုပ်နဲ့၊ ဟာမီး၊ နောက်တွေ့မယ် . . . ."

ဒီနောက် သူ ထွက်သွားတယ်၊ အရုပ်ကားကျင်းဝက တိုးထွက်ပြီး တံခါးခန်းဆီ ပြေးသွားတယ်။

ဒမ်ဘာလီဒိုးဟာ ဝက်သစ်ချတံခါးကြီးမှာ စောင့်နေတယ်။ သူ လှည့်လိုက်တယ်၊ ဟယ်ရီလည်း မြေရှိန်သတ်လိုက်တာနဲ့ အတော်ပဲ။ သူဟာ အပေါ်ဆုံး ကျောက်လှေကားထစ်မှာရပ်ပြီး ဟောဟဲဟောဟဲ ဖြစ်နေတယ်၊ နံရိုးနားမှာ စူးစူးနာကျင်နေတယ်။

"မင်း ကိုယ်ပျောက်ဝတ်ရုံ ဝတ်စေချင်တယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ ဟယ်ရီ ဝတ်ပြီးနောက်၊ သူက ပြောပြန်တယ်၊ "သိပ်ကောင်းတယ်၊ ကျွန်တို့ သွားကြစို့"

ဒမ်ဘာလီဒိုးက ကျောက်လှေကားထစ်ကို ချက်ချင်းဆင်းတယ်။ သူ့ခရီးသွားဝတ်ရုံဟာ နွေရက် ငြိမ်သက်တဲ့လေထုထဲမှာ မလှုပ်သလောက်ပဲ။



ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံဝတ်ပြီး သူ့နောက်က အမြန်လိုက်တယ်၊ မောဟိုက်နေတုန်းပဲ၊ ကိုယ်ပေါ်မှာ ချွေးချည်းပဲ။

"သင်ထွက်သွားတာ သူများတွေတွေ့ရင် ဘယ်လိုတွေးမလဲ ပါမောက္ခ" ဟယ်ရီက မေးတယ်၊ ခေါင်းထဲမှာ မော်ဖိုင်နဲ့ စနိတ်ပ်ကို တွေးနေတယ်။

"ကျုပ် ဟော့ဂ်စ်မိဒ်ကို တစ်ခွက်လောက်သောက်ဖို့ သွားတာ" ဒမ်ဘာလီဒိုးက ပေါ့ပါးစွာ ပြောတယ်။ "ကျုပ် တစ်ခါတလေ ရိုစ်မာတာဆီ သွားထိုင်တယ်၊ ဒါမှမဟုတ် ဝက်ခေါင်းဘား . . . . ဒါမှမဟုတ် အဲဒီကို သွားချင်ယောင်ဆောင်တယ်။ ဒါဟာ ရည်ရွယ်ချက်အစစ်အမှန်ကို ဖုံးကွယ်တဲ့ နည်းကောင်းပဲ"

သူတို့ဟာ ညနေစောင်းအလင်းရောင်မှာ လမ်းကို ဆင်းလျှောက်သွားတယ်။ လေထုထဲမှာ နွေးထွေးတဲ့ မြက်စိမ်းနံ့၊ ကန်ရေအနံ့၊ ဒီပြင် ဟက်ဂရစ်အိမ်ကလေးဆီက လွင့်လာတဲ့ သစ်သားမီးရှို့တဲ့ မီးခိုးနံ့နဲ့ ပြည့်နေတယ်။ သူတို့ဟာ အန္တရာယ်ရှိတဲ့၊ ကြောက်စရာကောင်းတဲ့ကိစ္စ သွားလုပ်မယ်ဆိုတာ ယုံနိုင်စရာ မရှိဘူး။

"ပါမောက္ခ" လှည်းလမ်းကြောင်းအဆုံးက ဂိတ်တံခါးကြီး မျက်စိထဲ ဝင်လာတော့ ဟယ်ရီက အသာလေးမေးတယ်။ "ကျွန်တော်တို့ ရုပ်ရွှေ့ပြောင်းတော့မှာလား"

"ဟုတ်တယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ "မင်း အခု ရုပ်ရွှေ့ပြောင်း ရုပ်ပေါ်နိုင်ပြီ၊ ဟုတ်လား"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ "ဒါပေမယ့် ကျွန်တော့်မှာ အောင်လက်မှတ် မရသေးဘူး"

သူဟာ အမှန်အတိုင်းပြောရင်ကောင်းမယ်လို့ ထင်တယ်။ နို့မို့ရင် ရုပ်ပေါ်လာပြီး သူသွားမယ့်နေရာနဲ့ မိုင်တစ်ရာကွာနေရင် မခက်ဘူးလား။

"ကိစ္စမရှိဘူး" ဒမ်ဘာလီဒိုးက ပြောတယ်။ "ကျုပ် မင်းကို နောက်တစ်ကြိမ် ကူညီနိုင်တယ်"

သူတို့ ဂိတ်တံခါးကြီးက ထွက်ခဲ့တယ်၊ ညအမှောင်ဖုံးအုပ်တဲ့ ဟော့ဂ်စ်မိဒ်ကို ပေါက်တဲ့ လူမရှိတဲ့လမ်းကလေးပေါ် တက်ခဲ့တယ်။ ညအမှောင်ကျရောက်တဲ့နှုန်းဟာ သူတို့ခြေလှမ်းလိုပဲ မြန်တယ်၊ သူတို့ လမ်းမကြီးပေါ် ရောက်လာတော့ လုံးဝမှိုးချုပ်သွားပြီး ဆိုင်ပြတင်းထဲမှာ မီးရောင်လက်နေတယ်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



တံမြက်စည်းသုံးလက်ဘားနဲ့ နီးလာတော့ အသံအက်အက်နဲ့ အော်ဆူသံ ကြားရတယ်။

" —— မဝင်ရဘူး" ရှိုစ်မာထာက အကျယ်ကြီးအော်ပြောတယ်။ အလွန်ညစ်တီးညစ်ပတ်ရှိတဲ့ မှော်ဆရာကို အတင်းမောင်းထုတ်နေတယ်။ "ဒိုး၊ မင်္ဂလာပါ၊ အောဘတ်စ် . . . . ဒီလောက်နောက်ကျမှ ထွက်လာတယ် . . . ."

"မင်္ဂလာညပါ၊ ရှိုစ်မာထာ၊ မင်္ဂလာညပါ . . . . ခွင့်လွှတ်ပါ၊ ကျုပ် ဝက်ခေါင်းဘားကို သွားမလို့ . . . . အပြစ်မတင်နဲ့၊ ဒီည ပိုပြီးငြိမ်သက်တဲ့ လေထုရချင်တာပါ . . . ."

ခဏလေးနေတော့၊ သူတို့ လမ်းကလေးတစ်လမ်းထဲ ချိုးဝင်လိုက်တယ်။ ဝက်ခေါင်းဘားရဲ့ဆိုင်းဘုတ်ဟာ လေမရှိပေမယ့် တကျွိကျွိနဲ့ အသာလေး အသံမြည်နေတယ်။ တံမြက်စည်းသုံးလက်နဲ့ နှိုင်းယှဉ်ကြည့်ရင်၊ ဒီဘားဟာ လူမရှိသလို ဖြစ်နေတယ်။

"ကျုပ်တို့ဝင်ဖို့မလိုဘူး" ဒမ်ဘလီဒိုးက ဝေ့ကြည့်လိုက်ပြီး ဖွဖွလေး ပြောတယ်။ "ကျုပ်တို့ကို မြင်တဲ့လူမရှိရင် ကျုပ်တို့သွားမယ် . . . . အခု မင်းလက်ကို ကျုပ်လက်မောင်းပေါ် တင်၊ ဟယ်ရီ၊ သိပ်တင်းတင်းဆွဲစရာမလိုဘူး၊ ကျုပ်က မင်းကို လမ်းပြတာလောက်ပဲ၊ ကျုပ် သုံးထိခေါ်မယ် —— တစ် . . . . နှစ် . . . . သုံး . . . ."

ဟယ်ရီ လှည့်ပတ်လာတယ်။ ချက်ချင်း အဲဟိုကြောက်စရာခံစားချက် ဖြစ်လာတယ်၊ ထူထဲတဲ့ မမြင်ရတဲ့ ရော်ဘာပြွန်ထဲ ဖိသိပ်ခံရသလိုပဲ။ သူ အသက်ရှူလို့မရဘူး၊ ကိုယ်ခန္ဓာအစိတ်ပိုင်းတိုင်း ဖိညှစ်ခံ နေရတယ်၊ သူ့ခံနိုင်ရည်ကို ကျော်လွန်တော့မယ်လို့ ထင်လာတဲ့အခါမှာ၊ ရုပ်မရှိတဲ့ပြွန်ဟာ ရုတ်တရက် ကွဲသွားတယ်၊ သူဟာ အေးမြတဲ့အမှောင်ထဲမှာ ရပ်နေတယ်၊ လတ်ဆတ်တဲ့ ငန်ကျိကျိလေထုကို တဝကြီးရှူသွင်းနေတယ်။



## ၂၆ ။ လိုဏ်ခေါင်း

ဟယ်ရီဟာ ပင်လယ်ရနံ့ကို ရတယ်၊ လှိုင်းပုတ်သံကို ကြားရတယ်။ အဝေးရှိ လရောင်အောက်က ပင်လယ်ကြီးနဲ့ ကြယ်တွေဝေနေတဲ့ ညကောင်းကင်ကို ကြည့်နေတယ်။ အေးစက်တဲ့လေပြည်လေး သူ့ဆံပင်ကို တိုက်နေတယ်။ သူဟာ ပင်လယ်အပေါ် ထွက်နေတဲ့ မြင့်မားတဲ့ အနက်ရောင်ကျောက်ဆောင်ပေါ် မှာ ရပ်နေတယ်၊ လှိုင်းဟာ သူ့ခြေထောက်အောက်မှာ လိမ့်တက်နေတယ်၊ အမြှုပ်ထနေတယ်။ သူ နောက်ဘက်လှည့်ကြည့်တယ်။ သူ့ကျောဘက်မှာ ချောက်ကမ်းပါးကြီးရှိတယ်။ မတ်စောက်ပြီး မည်းနက်နေတယ်၊ ပုံပန်းကို မမြင်ရဘူး။ အလွန်ကြီးတဲ့ကျောက်ဆောင်ကြီးတွေ ရှိတယ်၊ ဟယ်ရီနဲ့ ဒမ်ဘလီဒိုးတို့ ရပ်နေတဲ့ ကျောက်ဆောင်လိုပဲ၊ အရင်က တစ်ချိန်ချိန်မှာ ချောက်ကမ်းပါး ရှေ့ဘက်ကနေ ကျွတ်ကျလာသလိုပဲ။ ကြမ်းတမ်းခက်ထန်တဲ့ ဟင်းလင်းပြင် မြင်ကွင်း ဖြစ်တယ်။ ပင်လယ်နဲ့ ကျောက်ဆောင်ကလွဲပြီး သစ်ပင်တစ်ပင်တောင် မမြင်ရဘူး၊ မြက်ခင်းနဲ့ သောင်ပြင်လည်း မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လိုထင်လဲ" ဒမ်ဘလီဒိုးက မေးတယ်။ သူ့လေသံက သူဟာ ဟယ်ရီ့ကို ဒီနေရာဟာ စိတ်ကူးနဲ့တည့်တဲ့ အပျော်ခရီးစခန်းလိုမျိုးပဲ။

"သူတို့က မိဘမဲ့ကျောင်းက ကလေးတွေကို ဒီကိုခေါ်လာတယ် ?" ဟယ်ရီက မေးတယ်။ သူဟာ ဒီနေရာလောက်ဆိုးတဲ့ လည်ပတ်စရာနေရာကို တွေးကြည့်လို့မရတော့ဘူး။

"အတိအကျပြောရရင်၊ ဒီနေရာမဟုတ်ဘူး" ဒမ်ဘလီဒိုးက ပြောတယ်။ "ကျုပ်တို့ကျောဘက်က ချောက်ကမ်းပါးခါးလယ်လောက်မှာ၊ ရှာလို့တောင် ပြောရခက်တဲ့ နေရာတစ်ခု ရှိတယ်။ မတ်ဂေါ်ဟာ ဒီကျောက်ဆောင်ပေါ် မတက်နိုင်ဘူး၊ အထူးကျွမ်းကျင်စွာတက်နိုင်တဲ့လူက လွဲရင်ပေါ့။ လှေကလဲ ချောက်ကမ်းပါးနား ကပ်လို့မရဘူး၊ ပတ်ဝန်းကျင်ရေကြောက သိပ်အန္တရာယ် ရှိတယ်။ ရစ်ဒေါ ဘယ်လိုတက်ခဲ့တယ်ဆိုတာ ကျုပ် တွေးကြည့်လို့ရတယ်။ မှော်ပညာဟာ ကြိုးထက် ပိုအသုံးကျတာ သေချာတယ်။ သူဟာ ကလေးနှစ်ယောက်လဲ ခေါ်လာသေးတယ်။ သူတို့ကို ခြောက်လှန့်တဲ့ ပျော်ရွှင်မှုကို ခံစားချင်လို့နဲ့တူတယ်။ တကယ်တော့ သူတစ်ယောက်တည်း တက်လာရင် ပြီးတာပဲလို့ ကျုပ် တွေးတယ်၊ မင်းအထင်ကော"

ဟယ်ရီက အဲဒီချောက်ကမ်းပါးကို မော့ကြည့်လိုက်ပြန်တယ်၊ ကိုယ်ပေါ်မှာ ကြက်သီးထသွားတယ်။

"ဒါပေမယ့် သူ့ရဲ့ —— ကျုပ်တို့ဟာလဲပါတယ် —— ရည်မှန်းနေရာဟာ ပိုပြီးဝေးတဲ့နေရာမှာ ရှိတယ်။ သွားစို့"

ဒမ်ဘလီဒိုးက ဟယ်ရီ့ကို ချောက်ကမ်းပါးအစပ်ကိုသွားဖို့ ပြတယ်၊ ကျောက်ဆောင်ပေါ်မှာ ခြေနင်းလို့ရတဲ့ မညီညာတဲ့ချိုင့်တွေ ရှိတယ်၊ အောက်ဘက်ရှိ ချောက်ကမ်းပါးပတ်လည်က၊ ပင်လယ်ရေပြင်ထက် ပေါ်နေတဲ့ ရေမကျောက်စလစ်ခဲကြီးတွေဆီပေါက်တယ်။ ဒီကနေ ကမ်းပါးကို တွားဆင်းတာ အလွန်အန္တရာယ်ကြီးတယ်။ ဒမ်ဘလီဒိုးရဲ့ ခြောက်ကပ်နေတဲ့လက်ဟာ စိတ်သွားသိုင်း မပါဘူး၊ လှုပ်ရှားမှုနည်းနည်းနှေးတယ်။ အနိမ့်ပိုင်းက ကျောက်ဆောင်တာ ပင်လယ်ရေတိုက်စားလို့ ချောနေတယ်။ ပင်လယ်ညှီနံ့ထွက်နေတဲ့ အေးစက်တဲ့ ရေစက်တွေ သူ့မျက်နှာကို လာစဉ်တာ ဟယ်ရီ ခံစားရတယ်။

"မီးရောင်လက်စေ" ဒမ်ဘလီဒိုးဟာ ချောက်ကမ်းပါးရှေ့တည့်တည့်နဲ့ အနီးနေတဲ့ ရေမကျောက်စလစ်ခဲကြီးပေါ် ဆင်းမိတော့ ဆောင့်ကြောင့်ထိုင်ပြီး



ဂါထာရွတ်လိုက်တယ်။ သူ့အောက်ဘက် ပေအချို့အကွာမှာရှိတဲ့ ပင်လယ်ရေပြင်ပေါ်မှာ ရွှေရောင်အလင်းစက်တွေ လက်နေတယ်။ သူ့ဘေးရှိ မှောင်မည်းနေတဲ့ ကျောက်နံရံတောင် လင်းလာတယ်။

"မြင်ရပြီလား" ဒမ်ဘလီဒိုးက အသာလေးမေးတယ်။ မှော်ကြိမ်လုံးကို လည်း ပိုမြင့်မြင့်မြှောက်ထားတယ်။ ဟယ်ရီဟာ ချောက်ကမ်းပါးပေါ်မှာ အက်ကြောင်းတစ်ခုရှိတာ တွေ့ရတယ်။ မည်းနက်တဲ့ ပင်လယ်ရေဟာ အဲဒီအထဲမှာ ဝဲလည်နေတယ်။

"မင်းကိုယ်ပေါ်စိုကုန်တာ အရေးမကြီးပါဘူးနော်"

"ကိစ္စမရှိဘူး" ဟယ်ရီက ပြောတယ်။

"ဒါဆို မင်းကိုယ်ပျောက်ဝတ်ရုံကို ချွတ်လိုက် —— အခု ဒါကို ဝတ်စရာမလိုတော့ဘူး —— ဒီနောက် ကျုပ်တို့ခွန်စားပြီး စမ်းကြည့်ရအောင်"

ဒမ်ဘလီဒိုးဟာ ရုတ်တရက် လူငယ်တွေလို ဖျတ်လတ်သွက်လက်လာတယ်။ သူဟာ အဲဒီကျောက်ဆောင်ပေါ်ကနေ ပင်လယ်ရေထဲကို အသာလေး လျှောဆင်းလိုက်တယ်။ ကျောက်ဆောင်မျက်နှာပြင်ရှိ မှောင်မည်းတဲ့ အက်ကြောင်းဆီ ရေကူးသွားတယ်။ သူဟာ မှော်ကြိမ်လုံးကို ပါးစပ်မှာ ကိုက်ထားတယ်၊ တိကျတဲ့ ဖားကူးကူးသွားတယ်၊ ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကို ချွတ်ပြီး အိတ်ကပ်ထဲ ထိုးထည့်လိုက်ပြီး နောက်က လိုက်သွားတယ်။

ပင်လယ်ရေက သိပ်ကိုအေးတယ်။ ဟယ်ရီ့အဝတ်တွေ ရေစိုသွားပြီးနောက် ဖောင်းပွလေးပင်လာတယ်၊ သူ့ကို အောက်ကို ဆွဲဆွဲချတယ်။ သူဟာ အသက်ပြင်းပြင်းအကြိမ်တချို့ ရှူလိုက်တယ်၊ စူးရှတဲ့ ဆားငန်ရေညှီနံ့နဲ့ ပင်လယ်ရေမှော်နံ့တွေ ရတယ်။ သူဟာ ရှုန်းကန်ရင်း ချောက်ကမ်းပါး နက်ရှိုင်းတဲ့ အထဲကို ရွေ့လျားသွားနေတဲ့၊ ကြာလေသေးလေဖြစ်သွားတဲ့ မီးရောင်လက်လက်ကို ရှာဖွေနေတယ်။

မကြာဘူး၊ အအက်ကြောင်းဟာ မှောင်မည်းတဲ့မြောင်းကြီး ဖြစ်သွားတယ်။ ဒီရေတက်တဲ့အခါမှာ မြောင်းကြီးဟာ ပင်လယ်ရေနဲ့ ပြည့်သွားမယ်ဆိုတာ ဟယ်ရီ သိမြင်ရတယ်။ ဘေးနှစ်ဘက်က ချွဲစေးတွေပေကပ်နေတဲ့ ကျောက်ဆောင်နံရံဟာ သုံးပေလောက်ပဲကွာတယ်။ ဒမ်ဘလီဒိုး မှော်ကြိမ်လုံး လှစ်ခနဲလက်သွားတဲ့ အလင်းရောင်အောက်မှာ၊ ကတ်တရာစေးလို စိုနေတဲ့ အရောင် တောက်လာတယ်။ အတွင်းဘက်ကို နည်းနည်းထပ်သွားတော့

www.burmeseclassic.com

www.burmeseclassic.com



မြောင်းဟာ ဘယ်ဘက်ကို ကွေ့သွားတယ်။ ၎င်းဟာ ချောက်ကမ္ဘားရဲ့ အနက်ရှိုင်းဆုံးနေရာထိ ပေါက်ရောက်တယ်ဆိုတာ ဟယ်ရီ တွေ့ရတယ်။ သူဟာ ဒမ်ဘလီဒိုးနောက်လိုက်ပြီး ရှေ့ကို ကူးခတ်သွားတယ်၊ ထုံကျဉ်တဲ့ လက်နှစ်ဘက်ဟာ ကြမ်းတမ်း၊ စိုစွတ်တဲ့ ကျောက်ဆောင်နဲ့ ပွတ်တိုက်သွားတယ်။

ဒီနောက်၊ ရှေ့ဘက်က ဒမ်ဘလီဒိုးဟာ ရေထဲကနေ မတ်တတ်ရပ်လိုက်တာ သူမြင်ရတယ်။ ငွေရောင်ဆံပင်နဲ့ အနက်ရောင်ဝတ်ရုံရှည်ဟာ ရေရောင်လက်နေတယ်။ ဟယ်ရီ အဲဒီထိ ကူးသွားတယ်၊ လှေကားထစ်တွေ အလွန်ကြီးတဲ့ လိုဏ်ခေါင်းထဲထိပေါက်တာ မြင်တွေ့ရတယ်။ သူဟာ ခက်ခဲစွာ လှေကားထစ်ပေါ် တက်တယ်၊ ရေတွေဟာ စိုရွှဲနေတဲ့ အကျီတွေထဲကနေ တဝေါဝေါစီးကျတယ်။ သူ ပင်လယ်ရေထဲက ထွက်ခဲ့ပြီ။ ဘေးပတ်ဝန်းကျင်က လေထုဟာ ငြိမ်သက်ပြီး အေးစက်နေတယ်။ သူဟာ မချုပ်တည်းနိုင်ပဲ တုန်နေတယ်။

ဒမ်ဘလီဒိုးဟာ လိုဏ်ခေါင်းအလယ်မှာ ရပ်နေပြီ။ မှော်ကြိမ်လုံးကို မြင့်မြင့်မြှောက်ပြီး နေရာတွင် လှည့်ပတ်ကာ ကျောက်နံရံနဲ့ လိုဏ်ခေါင်းအမိုးကို သေချာစစ်ဆေးကြည့်ရှုနေတယ်။

"ဟုတ်တယ်၊ ဒီနေရာပဲ" ဒမ်ဘလီဒိုးက ပြောတယ်။

"သင်ဘယ်လိုလုပ်သိလဲ" ဟယ်ရီက တိုးတိုးမေးတယ်။

"၎င်းက မှော်ပညာနဲ့ တွေ့ထိဖူးတယ်" ဒမ်ဘလီဒိုးက တိုတိုပဲ ပြောတယ်။

သူ ဒီလိုတုန်နေတာဟာ အအေးဓာတ်က ရိုးတွင်းခြင်ဆီထဲ ဝင်သွားလို့လား၊ ဒါမှမဟုတ်ရင် သူလည်း မှော်ကျိန်စာရှိနေတာကို သိနေလို့လားဆိုတာ ဟယ်ရီ မသိဘူး။ ဒမ်ဘလီဒိုး နေရာတွင် ဖြည်းဖြည်းချင်း လည်ပတ်နေတာကို သူ ကြည့်နေတယ်၊ ဟယ်ရီ မမြင်ရတဲ့ အရာတချို့ကို အာရုံစူးစိုက်စွာ လေ့လာနေတာ သေချာတယ်။

"ဒါက ရှေ့ခန်း၊ အဝင်ပေါက်အခန်း" ခဏနေတော့ ဒမ်ဘလီဒိုးက ပြောတယ်၊ "ကျုပ်တို့ အထဲကိုဝင်ဖို့လိုတယ် . . . . အခု ကျုပ်တို့ကို တားဆီးထားတာ လော့ဗိုလဒီမွှန်နဲ့ချထားတဲ့ အကာအဆီးတွေ ဖြစ်တယ်၊ သဘာဝ ဖြစ်တည်နေတဲ့ အတားအဆီး မဟုတ်ဘူး . . . ."



ဒမ်ဘလီဒိုးက လိုဏ်ခေါင်းနံရံနား ကပ်သွားတယ်၊ မည်းတူးနေတဲ့ လက်ချောင်းထိပ်နဲ့ ၎င်းကို ပွတ်သပ်နေတယ်။ တစ်ခါ ထူးဆန်းတဲ့၊ ဟယ်ရီ နားမလည်တဲ့ ဘာသာစကားနဲ့ အသံလေး ဘာတွေပြောနေမှန်း မသိဘူး။ ဒမ်ဘလီဒိုးဟာ ညာဘက်ကနေ လိုဏ်ခေါင်းကိုပတ်ပြီး နှစ်ကြိမ်လျှောက်တယ်။ သွားရင်း ကြမ်းတမ်းတဲ့ လိုဏ်ခေါင်းနံရံကို အတတ်နိုင်ဆုံး ပွတ်သပ်သွားတယ်။ တစ်ခါတစ်ရံ ရပ်ပြီး လက်ချောင်းနဲ့ နေရာတစ်ခုမှာ အထက်အောက် စမ်းတယ်။ နောက်ဆုံးမှာ သူ ခြေလှမ်းရပ်လိုက်တယ်၊ လက်ဝါးနဲ့ လိုဏ်ခေါင်းနံရံကို အပြားလိုက် ဖိထားတယ်။

"ဒီမှာ" သူက ပြောတယ်။ "ကျုပ်တို့ ဒီကဝင်မယ်။ ဝင်ပေါက်ကို ဖုံးကွယ်ထားတယ်"

ဟယ်ရီဟာ ဒမ်ဘလီဒိုးကို ဘယ်လိုလုပ်သိသလဲလို့ မမေးဘူး။ ဒီလို အခက်အခဲကို ဖြေရှင်းတဲ့ မှော်ဆရာ သူ မတွေ့ဖူးဘူး။ အဲဒါ မျက်စိနဲ့ပဲ ကြည့်တယ်၊ လက်နဲ့စမ်းတယ်။ ဒါပေမယ့် ဟယ်ရီ အစောကြီးကတည်းက သိတယ်။ ဒုန်းဒိုင်းနဲ့ မီးခိုးတွေထွက်အောင်လုပ်တာဟာ၊ ယေဘုယျတော့ ရေချိန်နိမ့်တဲ့လူတွေရဲ့ ထူးခြားချက်ပဲ။ တော်တဲ့လူရဲ့လုပ်ပုံမဟုတ်ဘူး။

ဒမ်ဘလီဒိုးဟာ လိုဏ်ခေါင်းနံရံကနေ နောက်ကို ခြေလှမ်းတချို့ ဆုတ်လိုက်တယ်၊ မှော်ကြိမ်လုံးနဲ့ ကျောက်ဆောင်ကို ချိန်လိုက်တယ်။ ခဏချင်းပဲ၊ အဲဒီနေရာမှာ ခုံးတံခါးတစ်ခုရဲ့ပုံသဏ္ဌာန် ပေါ်ထွက်လာတယ်။ မျက်စိစူးစေတဲ့ အလင်းရောင်ဖြူဖြူ ထိုးလာတယ်၊ အအက်ကြောင်းနောက်ဘက်မှာ အားကောင်းတဲ့ မီးရောင်ထိုးနေသလိုပဲ။

"သင် အောင် —— အောင်မြင်ပြီ" ဟယ်ရီက ပြောတယ်။ သွားမေးတွေ ရိုက်နေတယ်။ ဒါပေမယ့် သူ့အသံမဆုံးခင်မှာပဲ၊ အဲဒီပုံသဏ္ဌာန် ပျောက်သွားတယ်။ ကျောက်ဆောင်ဟာ မူလအတိုင်း မာကျောနေဆဲပဲ။ နံရံပေါ်မှာ ဘာမှ မရှိဘူး၊ ဒမ်ဘလီဒိုးက လှည့်ကြည့်လိုက်တယ်။

"ဟယ်ရီ၊ ဝမ်းနည်းပါတယ်၊ ကျုပ်မေ့သွားတယ်" သူက ပြောတယ်။

သူက မှော်ကြိမ်လုံးနဲ့ ဟယ်ရီကို ချိန်လိုက်တယ်၊ ဟယ်ရီရဲ့အကျီတွေ ခြောက်သွေ့နွေးထွေးသွားတယ်၊ မီးပုံကြီးရှေ့မှာ ကင်လိုက်သလိုပဲ။

"ကျေးဇူးပဲ" ဟယ်ရီက ကျေးဇူးတင်စွာ ပြောတယ်၊ သို့ပေမယ့် ဒမ်ဘလီဒိုးအာရုံဟာ မာကျောတဲ့ ကျောက်ဆောင်ပေါ် ရောက်သွားပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူဟာ တခြားမှော်ပညာ ထပ်မစမ်းတော့ဘူး၊ နေရာတွင်ရပ်ပြီး လိုဏ်ခေါင်းနံရံတို့ အာရုံစုစည်းပြီး ကြည့်နေတယ်။ အဲဒီမှာ သိပ်စိတ်ဝင်စားစရာတစ်ခုခု ရေးထားသလိုပဲ။ ဟယ်ရီဟာ မလှုပ်မယှက်ရပ်နေတယ်။ သူဟာ ဒမ်ဘလီဒိုး အတွေးကို အနှောင့်အယှက် မဖြစ်ချင်ဘူး။

ဒီနောက်၊ နှစ်မိနစ်တင်းတင်းကြာသွားတယ်။ ဒမ်ဘလီဒိုးက အသာလေး ပြောတယ်။ "အိုး၊ ဘယ်ဖြစ်မလဲ။ သိပ်အဆင့်နိမ့်တယ်"

"သင် ဘာပြောလဲ၊ ပါမောက္ခ"

"ကျုပ်ထင်တယ်" ဒမ်ဘလီဒိုးပြောရင်း ဒဏ်ရာမရတဲ့လက်နဲ့ ဝတ်ရုံရှည်ထဲကနေ ငွေဓားမြှောင်လေး ဆွဲထုတ်လိုက်တယ်။ ဟယ်ရီ မှော်ဆေးလို့တဲ့ဟာမျိုး။ "ကျုပ်တန်ဖိုးပေးမှ ဖြတ်လို့ရမှာ"

"တန်ဖိုး ?" ဟယ်ရီက ပြောတယ်။ "သင် ဒီတံခါးကို ပစ္စည်းတချို့ ပေးရမယ် ?"

"ဟုတ်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "ကျုပ် မမှားဘူးဆိုရင်၊ သွေးပဲ"

"သွေး ?"

"ဒါကြောင့် ကျုပ်က သိပ်အဆင့်နိမ့်တယ်လို့ပြောတာ" ဒမ်ဘလီဒိုးက ပြောတယ်။ သူ့လေသံမှာ အထင်သေးမှု ဒီထက် စိတ်ပျက်ခြင်း ပါတယ်။ ဗိုလ်ဒီမွန့်ဟာ ဒမ်ဘလီဒိုးမျှော်လင့်ထားတဲ့စံချိန်ကို မရောက်သလိုပဲ။ "မင်းလဲ နားလည်လိမ့်မယ်လို့ ကျုပ်ယုံတယ်။ အဲဒီသဘောတရားက ရန်ဘက်ကို မိမိအင်အားချည့်နဲ့အောင်လုပ်ပြီးမှ ဝင်လို့ရအောင်လုပ်တာ။ ဗိုလ်ဒီမွန့်ဟာ၊ အရာဝတ္ထုအများအပြားဟာ ကိုယ်ခန္ဓာကို အနာတရဖြစ်အောင်လုပ်တာထက် ကြောက်စရာကောင်းတယ်ဆိုတာ နားမလည်ပြန်ဘူး"

"ဟုတ်တယ်၊ တကယ်လို့ ရှောင်ရှားနိုင်မယ်ဆိုရင် . . . . "ဟယ်ရီက ပြောတယ်။ သူတွေ့ကြုံခံစားရတဲ့ ဒုက္ခတွေ သိပ်များလို့ ဒီထက်များများ တွေ့ကြုံချင်တော့ဘူး။

"တစ်ခါတလေကျတော့ မရှောင်တိမ်းနိုင်ဘူး" ဒမ်ဘလီဒိုးက ပြောရင်း ဝတ်ရုံရှည်အကျီလက်ကို အပေါ်ကို ပင့်လိုက်တယ်၊ ဒဏ်ရာရတဲ့လက်ရဲ့ လက်ဖျံ ပေါ်လာတယ်။



"ပါမောက္ခ" ဒမ်ဘလီဒိုး ဓားမြှောင်ကို မြှောက်လိုက်တာ ဟယ်ရီ မြင်ရတယ်၊ အမြန်ရှေ့တက်ပြီး တားတယ်။ "ကျွန်တော် လုပ်ပါရစေ၊ ကျွန်တော် —— "

သူဟာ မိမိဘာပြောချင်မှန်း မသိဘူး —— ပိုငယ်တယ်၊ ပိုသန်မာတယ် ? သို့ပေမယ့် ဒမ်ဘလီဒိုးဟာ အသာလေးပြုံးလိုက်တယ်။ ငွေရောင်လက်သွားပြီး၊ သွေးနီနီ ပန်းထွက်လာတယ်။ ကျောက်ဆောင်ပေါ်မှာ လက်နေတဲ့ ကြက်သွေးရောင်သွေးစက်တွေနဲ့ ပြည့်ကုန်တယ်။

"မင်းသိပ်စိတ်ကောင်းရှိတယ်၊ ဟယ်ရီ" သူက မှော်ကြိမ်လုံးဖျားနဲ့ မိမိဖာသာ လက်ဖျံပေါ်ခွဲထားတဲ့ ဒဏ်ရာနက်နက်ပေါ် ဆွဲလိုက်တယ်၊ ဒဏ်ရာ ချက်ချင်းကျက်သွားတယ်။ ဓနိတ်ပ်က မော်ဖိုင်ကို ကုပေးတာနဲ့အတူတူပဲ။ "ဒါပေမယ့် မင်းသွေးက ကျုပ်သွေးထက် ပိုတန်ဖိုးရှိတယ်။ အား၊ တကယ်ပဲ အကျိုးသက်ရောက်မှုရှိသလိုပဲ၊ ဟုတ်လား"

လိုဏ်ခေါင်းနံရံပေါ်မှာ မျက်စိစူးအောင် ဖြူဖွေးတဲ့ တံခါးခုံးသဏ္ဍာန် ထွက်ပေါ်လာပြန်တယ်၊ ဒီတစ်ကြိမ်မှာ တံခါးပျောက်ကွယ်မသွားဘူး။ တံခါးခုံးထဲက သွေးစွန်းတဲ့ ကျောက်ဆောင်ဟာ ရုတ်တရက် ကွယ်ပျောက်သွားပြီး အပေါက်တစ်ခု ပေါ်လာတယ်။ အတွင်းမှာက အဆုံးမရှိတဲ့ အမှောင်ထုလိုပဲ။

"လိုက်ခဲ့" ဒမ်ဘလီဒိုးက ပြောရင်း တံခါးကို ဖြတ်ခဲ့တယ်။ ဟယ်ရီက သူ့နောက်က လိုက်ဝင်သွားတယ်။ မိမိမှော်ကြိမ်လုံးကိုလည်း ကမန်းကတန်း ထွန်းညှိလိုက်တယ်။

သူတို့မျက်စိရှေ့မှာက ထူးဆန်းတဲ့မြင်ကွင်း။ သူတို့ဟာ အနက်ရောင် ကန်ကြီးရဲ့ဘေးမှာ ရပ်နေတယ်။ ကန်ရေပြင်ဟာ အဆမတန် ကျယ်ပြောတယ်၊ မျက်စိတဆုံးပဲ။ ဟယ်ရီဟာ အဝေးက ဟိုတစ်ဖက်ကမ်းကို မမြင်ရဘူး။ သူတို့ ရှိနေတဲ့ လိုဏ်ခေါင်းက အလွန်မြင့်တယ်၊ လိုဏ်ခေါင်းမျက်နှာကြက်ကို ကြည့်လို့ မမြင်ရဘူး။ ဟိုအဝေးဆီက၊ ကန်ရဲ့အလယ်ဗဟိုမှာလိုပဲ၊ ဝေဝါးတဲ့၊ စိမ်းဖန့်ဖန့် အရောင်လက်နေတယ်၊ အောက်ဘက်ငြိမ်သက်တဲ့ ကန်ရေထဲကို အရိပ်ထိုး နေတယ်၊ အဲဒီ အစိမ်းရောင်အလင်းရောင်နဲ့ မှော်ကြိမ်လုံးနှစ်လက်က အလင်းရောင်အပြင်၊ ပတ်ဝန်းကျင်ဟာ မှောင်မည်းတာမှ ပိတ်ပိတ်ဖုံးနေတယ်။ ပြီးတော့ ဒီအလင်းရောင်တွေရဲ့ ထိုးဖောက်အားဟာ၊ ဟယ်ရီ တွေးထင်ထားသလို အား

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူး။ ဒီကအမှောင်ထုဟာ ရိုးရိုးအမှောင်ထုထက် ပိုသိပ်သည်း၊ ပိုထူထဲသလိုပဲ။

"ကျုပ်တို့ ရှေ့ဆက်သွားရအောင်" ဒမ်ဘလီဒိုးက အသာလေး ပြောတယ်။ "အထူးသတိထား၊ ရေမနင်းမိစေနဲ့။ ကျုပ်ကို ကပ်လိုက်"

သူဟာ ကန်ရဲ့ကမ်းကိုပတ်ပြီး ရှေ့သို့သွားတယ်၊ ဟယ်ရီက သူ့နောက်က ကပ်လိုက်တယ်။ သူတို့ခြေလှမ်းတွေဟာ ကန်ဘေးက ကျဉ်းမြောင်းတဲ့ ကျောက်တုံးတွေပေါ် နင်းသွားတယ်၊ တဘတ်ဘတ်အသံမြည်နေတယ်။ သူတို့ ရှေ့ကို ဆက်သွားတယ်၊ သို့ပေမယ့် ပတ်ဝန်းကျင်က ရှုခင်းဟာ မပြောင်းလဲဘူး။ တစ်ဖက်က ကြမ်းတမ်းတဲ့ လိုဏ်ခေါင်းနံရံ၊ တခြားတစ်ဖက်က ကမ်းမမြင်လမ်းမမြင်၊ မှန်လိုချောမွတ်တဲ့ အနက်ရောင် ကန်ရေပြင်။ ကန်အလယ်ဗဟိုမှာ အဲဟိုထူးဆန်းတဲ့ အစိမ်းရောင်အလင်းရောင် လက်နေတယ်။ ဒီလိုနေရာနဲ့ ဒီလိုငြိမ်သက်မှုဟာ လူကို ဖိနှိပ်ထားသလို၊ မတည်မငြိမ် ဖြစ်စေတယ်လို့ ဟယ်ရီ ခံစားရတယ်။

"ပါမောက္ခ ?" သူက မအောင့်နိုင်ပဲ မေးတယ်။ "ဝိညာဉ်ပစ္စည်း ဒီမှာဝှက်ထားတယ်လို့ သင်ထင်သလား"

"အိုး၊ ဟုတ်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "ဟုတ်တယ်၊ ဒီမှာ ဝှက်ထားတယ်လို့ ကျုပ်ယုံတယ်။ ပြဿနာက ကျုပ်တို့ ၎င်းကို ဘယ်လိုတွေ့အောင် ရှာမလဲဆိုတာပဲ"

"ကျွန်တော်တို့ . . . . ကျွန်တော်တို့ ဆင့်ခေါ်ဂါထာနဲ့ စမ်းကြည့်လို့ မရဘူးလား" ဟယ်ရီက ပြောတယ်၊ ဒါဟာ အလွန်ညံ့တဲ့ အကြံပေးချက်ပဲလို့ သူသိတယ်။ ဒါပေမယ့် သူဟာ ပါးစပ်က ဝန်မခံချင်ပေမယ့် ရင်ထဲကတော့ ဒီနေရာက မြန်မြန်ထွက်သွားလေ ကောင်းလေပဲလို့ ထင်တယ်။

"ရတာပေါ့" ဒမ်ဘလီဒိုးက ပြောရင်း ရုတ်တရက် ခြေလှမ်းကို ရပ်လိုက်တယ်၊ ဟယ်ရီ သူ့ကို ဝင်တိုက်မိဖို့ နည်းနည်းလိုတယ်။ "မင်း ဘာဖြစ်လို့ မစမ်းကြည့်တာလဲ"

"ကျွန်တော် ? အိုး . . . . ကောင်းပြီ . . . ."

ဟယ်ရီ ဒါကို မထင်မိဘူး၊ သူ လည်ချောင်းရှင်းလိုက်ပြီး မှော်ကြိမ်လုံးမြှောက်လိုက်တာ အကျယ်ကြီးပြောတယ်။ "ဝိညာဉ်ပစ္စည်း ပျံလာခဲ့"

ပေါက်ကွဲသလို ရောမအသံကြီး ပေါ်ထွက်လာပြီး၊ ဖျော့ဖွေးဖွေးဥစ္စာ



ကြီးတစ်ခု ပေနှစ်ဆယ်အကွာကနေ မှောင်မည်းတဲ့ ကန်ရေပြင်ပေါ် ထိုးထွက်လာတယ်။ အဲဒါ ဘာဆိုတာ ဟယ်ရီ ရှင်းရှင်းမမြင်ရသေးခင်မှာ၊ ဝေါခနဲ ကွယ်ပျောက်သွားတယ်။ ငြိမ်သက်တဲ့ရေပြင်မှာ အလွန်နက်တဲ့ လှိုင်းတွန့်တွေ ဖြစ်ပေါ်လာတယ်။ ဟယ်ရီဟာ လန့်ပြီး နောက်ဆုတ်လိုက်တာ ကျောက်နံရံနဲ့ ဝင်ဆောင့်တယ်။ သူ ဒမ်ဘလီဒိုးဘက် လှည့်လိုက်တယ်၊ ရင်တွေ တဒိုင်းဒိုင်း ခုန်နေတုန်းပဲ။

"အဲဒါ ဘာလဲ"

"ကျုပ်ထင်တယ်၊ ကျုပ်တို့ ဝိညာဉ်ပစ္စည်းကို ဖမ်းယူဖို့ကြံရင်၊ ၎င်းက တုံ့ပြန်တယ်နဲ့တူတယ်"

ဟယ်ရီက ကန်ရေပြင်ကို လှည့်ကြည့်လိုက်တယ်။ ကန်ရေပြင်ဟာ အနက်ရောင်ဖန်သားလို လင်းလက်ပြီး ချောမွေ့သွားတယ်။ အဲဒီလှိုင်းတွန့်တွေ ကွယ်ပျောက်သွားတဲ့နှုန်းဟာ အံ့သြစရာပဲ။ ဒါပေမယ့် ဟယ်ရီ့ရင်တွေ ဗုံတီးသလို ခုန်နေဆဲပဲ။

"ဒီလိုဖြစ်မယ်ဆိုတာ သင်အစောကြီးကတည်းက သိတယ်ဟုတ်လား၊ ဆရာ"

"ကျုပ်တို့ ပြောင်တိုက်ခိုက်မယ်ဆိုရင်၊ တစ်ခုခုနဲ့ တွေ့ကြုံရမယ်ဆိုတာ ကျုပ်အစောကြီးကတည်းက သိတယ်။ ဟယ်ရီ၊ မင်းအကြံမဆိုးဘူး၊ အလွန်လွယ်ကူတဲ့နည်းနဲ့ ကျုပ်တို့ ဘာကိုရင်ဆိုင်ရမယ်ဆိုတာ သိအောင် လုပ်နိုင်တယ်"

"ဒါပေမယ့် အဲဒါဘာဆိုတာ ကျွန်တော်တို့မှ မသိတာ" ဟယ်ရီက ပြောတယ်၊ မျက်စိက ငြိမ်သက်ပြီး ရက်စက်တဲ့ကန်ရေပြင်ကို ကြည့်နေတယ်။

"အဲဒါတွေလို့ မင်းပြောသင့်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "၎င်းတို့တစ်ခုတည်းလို့ ကျုပ် မယုံဘူး။ ကျုပ်တို့ ရှေ့ဆက်သွားမယ် ကောင်းလား"

"ပါမောက္ခ ?"

"ဘယ်လိုလဲ၊ ဟယ်ရီ"

"ကျွန်တော်တို့ ကန်ထဲဆင်းဖို့လိုမယ်လို့ သင်ထင်သလား"

"ကန်ထဲဆင်း ? ကျုပ်တို့ သိပ်ကံဆိုးမှပဲ"

"ဝိညာဉ်ပစ္စည်း ကန်အောက်မှာလို့ သင်မထင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"အိုး၊ ဟင့်အင်း . . . . ဝိညာဥ်ပစ္စည်း ကန်အလယ်ဗဟိုမှာလို့ ကျုပ်ထင်တယ်"

ဒမ်ဘလီဒိုးက ကန်အလယ်ဗဟိုက အစိမ်းရောင်အလင်းရောင်ကို ညွှန်ပြလိုက်တယ်။

"ဒါဆိုရင် ကျွန်တော်တို့ ကန်အလယ်ဗဟိုကို သွားမှ ၎င်းကို ယူလို့ရမှာ ?"

"ဟုတ်တယ်၊ ကျုပ် ဒီလိုပဲထင်တယ်"

ဟယ်ရီ ဘာမှထပ်မပြောတော့ဘူး။ သူ့ခေါင်းထဲမှာ ရေဘီလူး၊ ရေသရဲ၊ ရေသဘက်၊ ရေမြွေကြီးနဲ့ ဝိညာဥ်တွေပဲ စဥ်းစားနေတယ် . . . .

"အားဟား" ဒမ်ဘလီဒိုးက ပြောရင်း ခြေလှမ်းရပ်လိုက်တယ်။ ဒီတစ်ချီမှာ ဟယ်ရီ တကယ်ပဲ သူ့ကို ဝင်တိုက်မိတယ်။ ဟယ်ရီဟာ မည်းနက်တဲ့ ကန်ရေအနားမှာ ဂယိမ်းဂယိုင်နဲ့၊ ဇောက်ထိုးကျတော့မလို ဖြစ်သွားတယ်။ ဒမ်ဘလီဒိုးက ဒဏ်ရာမရတဲ့လက်နဲ့ သူ့လက်မောင်းကို တင်းတင်းဆုပ်ကိုင်ထားပြီး ပြန်ဆွဲယူတယ်။ "သိပ်စိတ်မကောင်းပါဘူး၊ ဟယ်ရီ၊ ကျုပ် သတိပေးသင့်တယ်။ နောက်ဆုတ်ရပ်ပါ၊ ကျောက်ဆောင်နံရံကို ကပ်ထား၊ ကျုပ် နေရာရှာတွေ့ပြီလို့ထင်တယ်"

ဟယ်ရီက ဒမ်ဘလီဒိုးသဘောကို နားမလည်ဘူး။ သူ့အဖို့ ပြောရရင် ဒီမှောင်မည်းတဲ့ ကန်စောင်းဟာ တခြားနေရာနဲ့ ဘာမှမကွာဘူး။ သို့ပေမယ့် ဒမ်ဘလီဒိုးကတော့ ထူးခြားတာတစ်ခုခုကို သိရှိလာသလိုပဲ။ ဒီတစ်ကြိမ်မှာ သူ့လက်ဟာ ကျောက်နံရံပေါ် ပွတ်သပ်တာမဟုတ်ဘဲ၊ လေထဲမှာ ဖြည်းဖြည်းချင်း လှုပ်ရှားနေတယ်။ မြင်ရတဲ့အရာတစ်ခုကို ရှာဖွေပြီး ဖမ်းယူချင်နေသလိုပဲ။

"အိုးဟိုး" စက္ကန့်အချို့ကြာတော့၊ ဒမ်ဘလီဒိုးက ဝမ်းသာစွာ ပြောတယ်၊ သူက လက်ကို ပူးလိုက်ပြီး လေထဲကနေ ဟယ်ရီ မမြင်ရတဲ့ အရာတစ်ခုခုကို ဖမ်းထားလိုက်တယ်။ ဒမ်ဘလီဒိုးဟာ ကန်ဘေးကို တဖြည်းဖြည်း ရွေ့သွားသွားတယ်။ ဟယ်ရီဟာ စိတ်လှုပ်ရှားစွာနဲ့ ဒမ်ဘလီဒိုးရဲ့ ကြေးကြယ်သီးပါတဲ့ ဖိနပ်ထိပ်ဖျား ကျောက်ဆောင်အစပ်ရဲ့ အပြင်ဘက်ဆုံးကို ရွေ့သွားတာ ကြည့်နေတယ်။ ဒမ်ဘလီဒိုးဟာ ဟိုလက်ကို မိုးပေါ်မှာ ဆုပ်ထားမြဲ ဆုပ်ထားတယ်၊ ကျန်လက်တစ်ဖက်က မှော်ကြိမ်လုံးကို မြှောက်ထားတယ်၊ မှော်ကြိမ်လုံးနဲ့ သူ့လက်သီးကို ခေါက်လိုက်တယ်။



ချက်ချင်းပဲ၊ အစိမ်းရောင်ကြေးချိန်းကြိုးတုတ်တုတ်တစ်ချောင်း ရုတ်တရက် ကန်ရေအတွင်းထဲကနေ ပေါ်လာတယ်။ ဒမ်ဘလီဒိုး တင်းတင်းဆုပ်ထားတဲ့ လက်သီးဆီ ခုန်တက်လာတယ်။ ဒမ်ဘလီဒိုးက မှော်ကြိမ်လုံးနဲ့ ချိန်းကြိုးကို ခေါက်လိုက်တယ်၊ ချိန်းကြိုးဟာ မြွေလို သူ့လက်သီးထဲက လျှောသွားပြီး မြေကြီးပေါ်မှာ ခွေသွားတယ်၊ တဒင်ဒင် တဒေါင်ဒေါင် မြည်သံဟာ ကျောက်ဆောင်နံရံနဲ့ ဝင်တိုးပြီး ကျယ်လောင်စွာ ပဲ့တင်ထပ်သွားတယ်။ ချိန်းကြိုးဟာ အရာတစ်ခုခုကို ကန်အောက်ကနေ ဆွဲတင်တယ်။ ဟယ်ရီဟာ လှေကလေးတစ်စင်းရဲ့လှေဦးဟာ သရဲလို ရုတ်တရက် ကန်ရေပြင်က ပေါ်ထွက်လာတာကို အံ့အားသင့်စွာ ကြည့်နေတယ်၊ ချိန်းကြိုးလိုပဲ အစိမ်းရောင် အလင်းရောင် လက်နေတယ်။ ဟယ်ရီနဲ့ ဒမ်ဘလီဒိုးတို့ရပ်နေတဲ့ ကန်နဖူးဆီ လွင့်လာတယ်၊ လှိုင်းကြက်ခွပ်တောင် ဖြစ်ပေါ်မလာဘူး။

"၎င်း အဲဒီမှာရှိတာ သင် ဘယ်လိုသိတာလဲ" ဟယ်ရီက အံ့အားသင့်စွာ မေးတယ်။

"မှော်ပညာဟာ အမှတ်အသားတော့ ကျန်ခဲ့တာချည်းပဲ" ဒမ်ဘလီဒိုးက ပြောတယ်။ ဘိုင်းခနဲ အသံသေးသေးထွက်လာပြီး၊ လှေကလေးဟာ ကန်ကမ်းကို ဝင်တိုက်တယ်။ "တစ်ခါတလေ အလွန်ထင်ရှားတဲ့ အမှတ်အသားရှိတယ်။ "ကျုပ် တွမ်-ရစ်ဒေါ်ကို တယ်ဖူးတယ်၊ သူ့လုပ်ဟန်ကို သိတယ်"

"ဒီ . . . . ဒီလှေကလေး လုံခြုံပါ့မလား"

"အိုး၊ ကျုပ်ကတော့ လုံခြုံတယ်လို့ထင်တယ်။ ဗိုလ်ဒီမွန့်ဟာ ဝိညာဥ်ပစ္စည်းကို သွားကြည့်ချင်တဲ့အခါ၊ ဒါမှမဟုတ် ယူသွားချင်တဲ့အခါမှာ၊ ကန်ရေပြင်ကို အဆင်ပြေပြေ ဖြတ်ကျော်ဖို့အတွက် နည်းတစ်နည်းရှိဖို့ လိုတယ်၊ ဒါမှ သူ ကန်ထဲမှာထားတဲ့ အကောင်တွေကို ဒေါသထွက်မလာစေမှာ"

"ဒါဆိုရင်၊ ကျွန်တော်တို့ ဗိုလ်ဒီမွန့်ရဲ့လှေကိုစီးပြီး ကန်ကိုဖြတ်ရင်၊ ရေထဲက အဲဟိုအကောင်တွေက ကျွန်တော်တို့ကို ဘာမှမလုပ်ဘူး၊ ဟုတ်လား"

"ကျုပ်တို့ စိတ်ခာတ်တော့ ပြင်ဆင်မှုရှိရမယ်၊ တကယ်လို့ ကျုပ်တို့ဟာ လော့ဒ်-ဗိုလ်ဒီမွန့်မဟုတ်မှန်း ၎င်းတို့သိသွားရင်၊ ကျုပ်တို့ကို လုပ်မှာသေချာတယ်။ ဒါပေမယ့် ခုချိန်ထိ ကျုပ်တို့ အဆင်ပြေနေတယ်လို့ ဆိုရမယ်။ သူတို့က ကျုပ်တို့ လှေကလေးကို ကန်ထဲက ခေါ်ယူတာ ခွင့်ပြုတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သူတို့ ဘာကြောင့် ကျွန်တော်တို့ကို ဒီလိုလုပ်ခွင့်ပြုတာလဲ" ဟယ်ရီက မေးတယ်။ သူဟာ ခေါင်းထဲပေါ်လာတဲ့ ကြောက်စရာရုပ်ပုံကားချပ်က ရုန်းမထွက်နိုင်ဘူး။ အဲဒါကတော့ သူတို့ ကန်နဖူးကနေ ဝေးဝေးထွက်ခွာသွားတော့၊ လက်တံတွေ အများကြီးဟာ မှောင်မည်းတဲ့ ရေကန်ထဲကနေ ထိုးထွက်လာတယ်။

"ပညာအလွန်မြင့်မားတဲ့ မှော်ဆရာမှသာ အဲဒီလှေကလေးကို တွေ့ရှိလိမ့်မယ်လို့ ဗိုလဒီမွန့်က ယုံကြည်တယ်။ သူကိုယ်သူယုံတာ အကျိုးအကြောင်းရှိတယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "သူဟာ လှေကလေးကို သူများတွေ့ဖို့ စွန့်စားမှုလုပ်ထားတယ်လို့ ကျုပ်ထင်တယ် —— သူ့ဘက်ကကြည့်ရင် ဖါဟာ မဖြစ်နိုင်တဲ့ကိစ္စ။ သူဟာ ရှေ့မှာလဲ သူသာလျှင် ဖြတ်ကျော်နိုင်တဲ့ အတားအဆီးတချို့ စီရင်ထားသေးတယ်။ ခဏနေရင် သူမှန်သလားဆိုတာ သိရမှာပဲ"

ဟယ်ရီက လှေကလေးကို ငုံ့ကြည့်တယ်။ တကယ့်ကို သေးငယ်တဲ့ လှေကလေး ဖြစ်တယ်။

"ဒါ လူနှစ်ယောက်စီးဖို့ မဟုတ်ဘူးလိုပဲ၊ ကျွန်တော်တို့နှစ်ယောက် အလေးချိန်ကို ခံနိုင်ပါ့မလား။ ကျွန်တော်တို့နှစ်ယောက်ပေါင်းရင် သိပ်လေးနေမလား"

ဒမ်ဘလီဒိုးက သာသာလေးရယ်တယ်။

"ဗိုလဒီမွန့်က အလေးချိန်ကို ထည့်စဉ်းစားမှာ မဟုတ်ဘူး၊ သူ စဉ်းစားတာက သူ့ကန်ကို မှော်အင်အား ဘယ်လောက်ဖြတ်ကျော်မလဲဆိုတာပဲ။ ဒီလှေကို မှော်ကျိန်စာတစ်ခု ချထားတယ်လို့ ကျုပ်ထင်တယ်၊ တစ်ကြိမ်ကို မှော်ဆရာ တစ်ယောက်ပဲ စီးနိုင်တယ်"

"ဒါဆိုရင် —— ?"

"မင်းကို ထည့်မတွက်ဘူးလို့ ကျုပ်ထင်တယ်၊ ဟယ်ရီ၊ မင်းအသက်မပြည့်သေးဘူး၊ အရည်အချင်းမရှိသေးဘူး။ ဗိုလဒီမွန့်ဟာ ဆယ့်ခြောက်နှစ်အရွယ်လူငယ်က ဒီလိုနေရာကို လာမယ်လို့ ဘယ်လိုမှ တွေးမိမှာမဟုတ်ဘူး။ ကျုပ်ရဲ့အားနဲ့စာရင် မင်းအားကို ထည့်မတွက်လို့ရတယ်လို့ ကျုပ်ထင်တယ်"

ဒီစကားကြောင့် ဟယ်ရီ စိတ်ဖျက်မိတယ်။ ဒမ်ဘလီဒိုးက ဒါကို သိပုံရတယ်၊ သူက ဖြည့်ပြောတယ်။ "ဗိုလဒီမွန့် မှားသွားပြီ၊ ဟယ်ရီ၊ ဗိုလဒီမွန့် မှားသွားပြီ . . . . လူကြီးတွေက လူငယ်တွေကို လျှော့တွက်တာဟာ ညံ့ဖျင်း



ခြင်းနဲ့ မေ့လွယ်ခြင်းပဲ . . . . ကောင်းပြီ၊ ဒီတစ်ခါ မင်းအရင်တက်၊ ရေမထိမိအောင် သတိထား"

ဒမ်ဘလီဒိုးက ဘေးဖယ်ပေးတယ်၊ ဟယ်ရီက သတိနဲ့ လှေပေါ်တက်လိုက်တယ်၊ ချိန်းကြိုးကို ခွေပြီး လှေထဲမှာ ပုံထားတယ်။ သူတို့ဟာ ဖူးတင်ထားတယ်၊ ဟယ်ရီဟာ သက်သက်သာသာ ထိုင်နေလို့မရဘူး၊ ဆောင့်ကြောင့်ထိုင်ရတယ်၊ ဒူးကို လှေနံထောက်ထားရတယ်။ လှေကလေးဟာ ချက်ချင်းထွက်သွားတယ်၊ ပတ်ဝန်းကျင်က ငြိမ်သက်နေတယ်၊ လှေဦး ရေကိုဖြတ်သွားစဉ်ထွက်ပေါ်လာတဲ့ ပျော့ပျောင်းတဲ့ တရွှတ်ရွှတ်သံပဲ ရှိတယ်။ လှေကလေးဟာ အလိုအလျောက် သွားနေတယ်၊ သူတို့ ဘာမှလုပ်စရာမလိုဘူး။ မမြင်ရတဲ့ကြိုးတစ်ချောင်းက ၎င်းကို ကန်အလယ်ဗဟိုက အစိမ်းရောင်အလင်းဆီ ဆွဲခေါ်သွားသလိုပဲ။ မကြာဘူး၊ လိုဏ်ခေါင်းရဲ့ကျောက်ဆောင်နံရံ မမြင်ရတော့ဘူး။ သူတို့ဟာ ပင်လယ်ကြီးထဲမှာလို ခံစားရတယ်၊ ပတ်ဝန်းကျင်မှာ လှိုင်းမထတာပဲ ရှိတယ်။

ဟယ်ရီ ငုံ့ကြည့်တယ်၊ လှေကလေးသွားနေတာနဲ့အတူ မှော်ကြိမ်လုံးအလင်းရောင်ဟာ မှောင်မည်းတဲ့ရေပြင်ကို ရွှေရောင်လက်နေစေတယ်။ လှေကလေးဟာ မှန်လိုချောမွတ်တဲ့ ကန်ရေပြင်ကို လှိုင်းတွန့်တွေ နက်နက်ခွဲပစ်တယ်၊ အမည်းရောင်မှန်ပေါ်က မြောင်းလိုပဲ . . . .

ဒီအချိန်မှာပဲ ဟယ်ရီ ၎င်းကို မြင်တွေ့ရတယ် —— မာဘော်ကျောက်လို ဖြူဖွေးတယ်၊ ရေမျက်နှာပြင်အောက် လက်မအနည်းငယ်မှာ မျောနေတယ်။

"ပါမောက္ခ" သူက ပြောတယ်။ ထိတ်လန့်တဲ့အသံဟာ ငြိမ်သက်တဲ့ရေမျက်နှာပြင်ပေါ်မှာ ကျယ်လောင်စွာ ပဲ့တင်ထပ်သွားတယ်။

"ဟယ်ရီ ?"

"ရေထဲမှာ လက်တစ်ချောင်းမြင်သလိုပဲ —— လူ့လက်တစ်ချောင်း"

"ဟုတ်တယ်၊ မင်းမြင်မယ်လို့ ကျုပ်ယုံတယ်" ဒမ်ဘလီဒိုးက အေးဆေးစွာ ပြောတယ်။

ဟယ်ရီက ကန်ရေနက်နက်ထဲကို ငုံ့ကြည့်တယ်၊ ပျောက်သွားတဲ့ ဟိုလက်ကို ရှာနေတယ်၊ လည်ချောင်းထဲမှာ အန်ချင်တဲ့ခံစားချက် ဖြစ်လာတယ်။

"ဒါဆိုရင်၊ ခုနက ရေထဲက ခုန်ထွက်လာတဲ့ ဟိုအရာ ?"

www.burmeseclassic.com

www.burmeseclassic.com



ဒမ်ဘလီဒိုး မဖြေရသေးခင်မှာ၊ ဟယ်ရီ အဖြေရှာတွေ့သွားပြီ။ မှော်ကြိမ်လုံးရဲ့ အလင်းရောင်ဟာ ရေမျက်နှာပြင်တချို့ကို ဖြတ်သွားတယ်။ ဒီတစ်ကြိမ်မှာ ရေမျက်နှာပြင်နဲ့ လက်မအနည်းငယ်ကွာတဲ့နေရာမှာ လူသေအလောင်းတစ်ခု ပက်လက်ကြီး တွေ့ရတယ်။ ၎င်းရဲ့ပွင့်နေတဲ့ မျက်လုံးဟာ ရီဝေနေတယ်၊ အထဲမှာ ပင့်ကူအိမ်တည်နေသလိုပဲ။ ဆံပင်နဲ့ ဝတ်ရုံရှည်ဟာ အခိုးအငွေ့လို သူ့ကိုယ်ခန္ဓာဘေးမှာ လည်ပတ်လွင့်ပျံ့နေတယ်။

"ဒီအထဲမှာ လူသေကောင်ရှိတယ်" ဟယ်ရီက ပြောတယ်။ သူ့အသံဟာ ခါတိုင်းထက် ပိုစူးနေတယ်၊ သူ့အသံနဲ့ လုံးဝမတူဘူး။

"ဟုတ်တယ်" ဒမ်ဘလီဒိုးက အေးဆေးစွာ ပြောတယ်။ "ဒါပေမယ့် ကျုပ်တို့ ယာယီအားဖြင့် ၎င်းတို့ကို စိုးရိမ်စရာ မရှိသေးဘူး"

"ယာယီ ?" ဟယ်ရီက လိုက်ပြောတယ်၊ အကြည့်ကို ကန်ရေထဲကနေ ပြန်ရုပ်လိုက်တယ်၊ ဒမ်ဘလီဒိုးကို ကြည့်နေတယ်။

"၎င်းတို့ ကျုပ်တို့လှေအောက်မှာ အေးအေးလေး မျောနေတာပဲရှိရင်" ဒမ်ဘလီဒိုးက ပြောတယ်။ "အလောင်းတစ်လောင်းဆိုတာ ဘာမှကြောက်စရာမရှိဘူး၊ ဟယ်ရီ အမှောင်ဆိုတာ ဘာမှကြောက်စရာမဟုတ်သလိုပဲ။ ဒါပေမယ့် လော့ဒ်-ဗိုလဒီမွန့်က ဒီလိုမထင်ဘူး။ သူဟာ ဒီအရာနှစ်ခုကို တိတ်တိတ်လေး ကြောက်နေမှာ သေချာတယ်။ သူ့မှာ ဉာဏ်ပညာမရှိဘူးဆိုတာ နောက်ထပ်ပေါ်သွားပြီ။ ကျုပ်တို့ သေခြင်းနဲ့ အမှောင်ကို ရင်ဆိုင်တဲ့အခါမှာ၊ ကျုပ်တို့ ကြောက်တာက မသိခြင်းပဲ၊ ဒါ့အပြင် ဘာမှမရှိဘူး"

ဟယ်ရီ ဘာမှမပြောဘူး။ သူ မငြင်းခုံချင်ဘူး၊ ဒါပေမယ့် သူတို့ပတ်ဝန်းကျင်နဲ့ သူတို့လှေအောက်မှ မျောနေတဲ့ အလောင်းတွေကို တွေးမိတာနဲ့ အလွန်ချောက်ချားမိတယ်။ ပြီးတော့လည်း အဲဒီအလောင်းတွေ အန္တရာယ်မရှိဘူးလို့ မယုံဘူး။

"ဒါပေမယ့် ခုနက တစ်လောင်း ခုန်ထွက်လာတယ်" သူက ပြောတယ်၊ သူ့အသံကို ဒမ်ဘလီဒိုးလို အေးဆေးပြီး သဘာဝကျအောင် ကြိုးစားတယ်။ "ကျွန်တော် ဆင့်ခေါ်ဂါထာနဲ့ ဝိညာဉ်ပစ္စည်းကို စမ်းခေါ်ကြည့်တုန်းက အလောင်းတစ်လောင်း ကန်ထဲက ခုန်ထွက်လာတယ်"

"ဟုတ်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "ကျုပ်တို့ ဝိညာဉ်ပစ္စည်း ရှာယူတဲ့အခါမှာ၊ ၎င်းတို့ ဒီလောက်ငြိမ်ငြိမ်မနေတာ တွေ့ရှိရလိမ့်မယ်လို့



ကျုပ်ယုံတယ်။ ဒါပေမယ့် အေးစက်ခြင်းနဲ့ အမှောင်ထဲမှာ နေထိုင်တဲ့ သတ္တဝါအများအပြားလိုပဲ၊ သူတို့ဟာ အလင်းရောင်နဲ့၊ နွေးထွေးခြင်းကို ကြောက်ကြတယ်။ အချိန်ကျလို့ လိုအပ်ခဲ့ရင် ကျုပ်တို့ ၎င်းတို့ကို အကူအညီတောင်းရမယ် — မီး။ ဟယ်ရီ" ဒမ်ဘလီဒိုးက ဟယ်ရီ့မျက်နှာပေါ်က ဘာမှန်းမသိတဲ့ အမူအရာကိုမြင်တော့ ပြုံးပြီး ဖြည့်ပြောတယ်။

"အို: . . . . ဟုတ်တယ် . . . ." ဟယ်ရီက အမြန်ပြောတယ်။ သူဟာ ဟိုအစိမ်းရောင်အလင်းရောင်ကို လှည့်ကြည့်တယ်၊ လှေကလေးဟာ အတားအဆီးမရှိ အဲဒီကို သွားနေတယ်။ အခု၊ သူဟာ မိမိမကြောက်ဘူးလို့ ဟန်ဆောင်မနေနိုင်တော့ဘူး။ အဆုံးအစမရှိတဲ့ မှောင်မည်းခြင်း၊ အတွင်းမှာ အသေကောင်တွေ မျောနေတယ် . . . . သူ ပါမောက္ခ ထရီလောနီနဲ့ တွေ့တာ ဖီလစ် ဖီလစ်စစ်ကို ရွှန်နဲ့ ဟာမီးကို ပေးခဲ့တာ ဟိုးအရင်တုန်းကကိစ္စလို့ သူထင်တယ် . . . . သူဟာ ရုတ်တရက် ထိုစဉ်က သူတို့နဲ့ ကောင်းကောင်း နှုတ်ဆက်ခဲ့ရင်ကောင်းသားလို့ ထင်မိတယ် . . . . ပြီးတော့၊ သူ ဂျင်နီကိုတောင် မမြင်ခဲ့ရဘူး . . . .

"ရောက်တော့မယ်" ဒမ်ဘလီဒိုးက ပျော်ရွှင်စွာ ပြောတယ်။

တကယ်ပဲ၊ အစိမ်းရောင်အလင်းဟာ ပိုကြီးပိုလက်လာတယ်။ မိနစ်အနည်းငယ်ကြာတော့၊ လှေကလေးဟာ တစ်ခုခုကို အသာလေး သွားတိုက်တယ်၊ ရပ်သွားတယ်။ အစက ဟယ်ရီ ရှင်းရှင်းမမြင်ဘူး၊ မီးထွန်းထားတဲ့ မှော်ကြိမ်လုံးကို မြှောက်လိုက်တော့မှ၊ သူတို့ဟာ ကန်အလယ်ဗဟိုက ပြောင်ချောတဲ့ ကျောက်ဆောင်ကျွန်းလေးပေါ် ရောက်လာတာ မြင်ရတယ်။

"ရေမထိဖို့ သတိထား" ဟယ်ရီ လှေပေါ်က ဆင်းတော့ ဒမ်ဘလီဒိုးက နောက်ထပ် သတိပေးတယ်။

ကျွန်းလေးဟာ ဒမ်ဘလီဒိုးရုံးခန်းလောက် ရှိတယ်။ အနက်ရောင်ပြန့်ပြူးတဲ့ ကျောက်ပြားကြီး၊ အပေါ်မှာ ဘာမှမရှိဘူး၊ အဲဟို အစိမ်းရောင်အလင်းရောင်ထွက်နေတဲ့ အလင်းရေသောက်မြစ်ပဲ ရှိတယ်။ အခု နီးနီးကြည့်လိုက်တော့ အစိမ်းရောင်အလင်းဟာ ပိုလင်းလာတယ်။ ဟယ်ရီက မျက်စိမှေးပြီး ၎င်းကိုကြည့်နေတယ်။ အစကတော့ ဒါမီးအိမ်တစ်ခုခုလို့ထင်တာ၊ ဒီနောက် အစိမ်းရောင်အလင်းရောင်ဟာ အတွေးဇလုံနဲ့တူတဲ့ ကျောက်ဇလုံထဲက ထွက်လာတာ မြင်ရတယ်၊ ကျောက်ဇလုံအောက်မှာ အခြေခံခုံရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒမ်ဘာလီဒိုးက ကျောက်ဇလုံနား ကပ်သွားတယ်။ ဟယ်ရီလည်း လိုက်သွားတယ်။ သူတို့ယှဉ်ပြီး ရပ်နေတယ်၊ ကျောက်ဇလုံထဲကို ကြည့်နေကြတယ်၊ ဇလုံအပြည့် စိမ်းဖန့်ဖန့်အရည်တွေ၊ မီးစုန်းရောင်လက်နေတယ်။

"ဒါ ဘာလဲ" ဟယ်ရီက အသာမေးတယ်။

"ကျုပ် သေချာမပြောနိုင်ဘူး" ဒမ်ဘာလီဒိုးက ပြောတယ်။ "ဒါပေမယ့် သွေးနဲ့ အသေကောင်ထက် ပိုပြီးစိုးရိမ်စရာပစ္စည်း"

ဒမ်ဘာလီဒိုးက မည်းခြောက်တဲ့လက်ကိုဖုံးနေတဲ့ အင်္ကျီလက်ကို အထက်သို့ ပင့်လိုက်တယ်။ ခြောက်တပ်နေတဲ့ လက်ချောင်းထိပ်ဖျားဟာ အရည်မျက်နှာပြင်သို့ လှမ်းလိုက်တယ်။

"ဆရာ၊ ဟင့်အင်း၊ ၎င်းကိုမထိနဲ့ —"

"ကျုပ် ထိလို့မရဘူး" ဒမ်ဘာလီဒိုးက အသာလေးရယ်လိုက်တယ်။ "တွေ့ပြီလား၊ ကျုပ်လက် ရှေ့တိုးလို့မရဘူး။ မင်းစမ်းကြည့်ပါ"

ဟယ်ရီဟာ မျက်လုံးကြီးပြူးပြီး လက်ကို ကျောက်ဇလုံဆီ လှမ်းလိုက်တယ်၊ ဟိုအရည်တွေကို သွားထိတွေ့ချင်တယ်။ ဒါပေမယ့် မမြင်ရတဲ့ တားဆီးအားတစ်ခုနဲ့ ထိတွေ့ရတယ်၊ သူ့လက် အရည်အနားကပ်လို့ မရဘူး။ သူ့လက်ကို ဘယ်လိုပဲ အောက်သို့လှမ်းပေမယ့်၊ လက်ချောင်းနဲ့ ထိတာဟာ အလွှမ်မာကျောပြီး ထိုးဖောက်လို့မရတဲ့ လေထုလိုပဲ။

"ဟယ်ရီ၊ ဖယ်ပေးပါ" ဒမ်ဘာလီဒိုးက ပြောတယ်။

သူဟာ မှော်ကြိမ်လုံးကို မြှောက်ပြီး၊ အရည်မျက်နှာပြင်ပေါ်မှာ ရှုပ်ထွေးတဲ့ လှုပ်ရှားမှုတွေ လုပ်လိုက်တယ်။ ပါးစပ်ကလည်း တစ်ခုခုကို အသံမထွက်ဘဲ ရွတ်ဆိုနေတယ်။ ဘာမှဖြစ်မလာဘူး။ အရည်ကထွက်တဲ့ အလင်းရောင်ဟာ ပိုပြီးလက်လာသလိုပဲ ရှိတယ်။ ဟယ်ရီဟာ ဒမ်ဘာလီဒိုးလုပ်နေတာကို တိတ်တိတ်လေး ကြည့်နေတယ်။ ဒမ်ဘာလီဒိုး မှော်ကြိမ်လုံးကို ပြန်သိမ်းတော့မှ သူ စကားပြောလို့ရပြီလို့ ထင်တယ်။

"ဝိညာဉ်ပစ္စည်း ဒီထဲမှာ ဝှက်ထားတယ်လို့ သင် ထင်သလား၊ ဆရာ"

"အိုး၊ ဟုတ်တယ်" ဒမ်ဘာလီဒိုးက ကျောက်ဇလုံကို ပိုပြီးအာရုံစူးစိုက်မှု ကြည့်နေတယ်။ သူ့မျက်နှာ အစိမ်းရောင်အရည်မျက်နှာပြင်ပေါ် အရိပ်ထင်နေတာ ဟယ်ရီ မြင်ရတယ်။ "ဒါဆို ဘယ်လိုလုပ်ပြီး ၎င်းကို ယူရမလဲ။ ဒီမျိုး အရည်ဟာ လက်နဲ့နှိုက်လို့ မရဘူး၊ ၎င်းကို ခွဲပစ်လို့မရဘူး၊ ခပ်ပစ်တာ၊



စုပ်ပစ်တာလဲ မရဘူး။ ပျောက်ကွယ်ဂါထာနဲ့ ၎င်းကို ပျောက်ကွယ်အောင် လုပ်လို့လဲ မရဘူး။ မှော်ပညာနဲ့ ၎င်းကို ရုပ်ပြောင်းအောင်၊ ၎င်းရဲ့ အရည်အသွေးကိုပြောင်းအောင် တခြားနည်းနဲ့လဲ လုပ်လို့မရဘူး"

ဒမ်ဘာလီဒိုးဟာ စိတ်မပါသလိုနဲ့ မှော်ကြိမ်လုံးကို မြှောက်လိုက်ပြန်တယ်။ မိုးပေါ်မှာ လှည့်ပတ်လိုက်ပြီး ခြေတံရှည်ခရစ်ဆယ်အရက်ခွက်တစ်လုံး ဖန်ဆင်းပြီး လက်နဲ့ကိုင်ထားတယ်။

"ဒီလိုအရည်မျိုးကို သောက်ပစ်ရမယ်ဆိုတဲ့ကောက်ချက်ပဲ ကျုပ်ရတယ်"

"ဘာလဲ ?" ဟယ်ရီက ပြောတယ်။ "မရဘူး"

"ကျုပ် ဒီလိုထင်တယ်။ အဲဒါကတော့၊ ၎င်းကို သောက်ပစ်မှ၊ ကျောက်ဇလုံကို ဗလာဖြစ်သွားပြီး အောက်မှာ ဘာဝှက်ထားတယ်ဆိုတာ မြင်နိုင်မယ်"

"ဒါပေမယ့် တကယ်လို့ —၎င်းက သင့်ကို အဆိပ်မိ သေစေရင်ကော"

"အိုး၊ ၎င်းမှာ ဒီလိုအာနိသင် မရှိဘူးလို့ ကျုပ်ယုံတယ်" ဒမ်ဘာလီဒိုးက ပေ့ါပါးစွာ ပြောတယ်။ "လော့ဒ်-ဗိုလဒီမွန်က ဒီကျွန်းလေးပေါ် လာရောက်တဲ့ လူကို အဆိပ်ခတ်မသတ်ချင်ဘူး"

ဟယ်ရီ မယုံနိုင်ဘူး။ ဒမ်ဘာလီဒိုးဟာ လူကို ကောင်းတဲ့ဘက်ချည်း အစွဲပြုယ်မရှိ တွေးနေပြန်ပြီလား။

"ဆရာ" ဟယ်ရီက ပြောတယ်။ မိမိအသံကို အကျိုးအကြောင်း နားလည်တတ်ပုံပေါ်အောင် ကြိုးစားပြောတယ်။ "ဆရာ၊ ကျွန်တော်တို့ ရင်ဆိုင်ရတဲ့လူက ဗိုလဒီမွန် —"

"ဝမ်းနည်းပါတယ်၊ ဟယ်ရီ။ ကျုပ် ဒီလိုပြောသင့်တယ်။ သူဟာ ဒီကျွန်းလေးပေါ် လာတဲ့လူကို ချက်ချင်းသတ်ပစ်ချင်မှာ မဟုတ်ဘူး" ဒမ်ဘာလီဒိုးက ကိုယ့်ဖာသာ ပြင်ပြောတယ်။ "သူက သူတို့ကို အချိန်တစ်ခု အသက်ရှင်နေစေမယ်၊ သူတို့ ဘယ်လိုလုပ်ပြီး သူ့ရဲ့အကာအကွယ် အစီအမံတွေကို ဖြတ်သလဲဆိုတာ သိအောင်လုပ်မယ်။ အရေးအကြီးဆုံးက၊ သူတို့ ဘာကြောင့် ကျောက်ဇလုံကို ရှင်းအောင်လုပ်ချင်တာလဲဆိုတာ သိချင်တယ်။ မင်းမမေ့ဖို့က၊ ဗိုလဒီမွန်ဟာ သူ့ဝိညာဉ်ပစ္စည်းကို သူတစ်ယောက်တည်း သိတယ်လို့ ယုံကြည်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ စကားပြောချင်သေးတယ်၊ ဒါပေမယ့် ဒမ်ဘာလီဒိုးက လက်မြှောက်ပြီး သူ့ကို တိတ်တိတ်နေခိုင်းတယ်။ ဒမ်ဘာလီဒိုးဟာ စိမ်းဖန့်ဖန့်အရည်ကို ကြည့်ပြီး မျက်မှောင်အနည်းငယ်ကြုတ်သွားတယ်၊ တစ်ခုခုကို ခက်ခက်ခဲခဲ တွေးနေသလိုပဲ။

"သံသယရှိစရာမလိုဘူး" သူက နောက်ဆုံးမှပြောတယ်။ "ဒီလို ဆေးမျိုးဟာ ကျွန်ုပ်ကို ဝိညာဉ်ပစ္စည်းရယူဖို့ တားဆီးမှာ အမှန်ပဲ။ ၎င်းကြောင့် ကျွန်ုပ် တစ်ပိုင်းသေသွားနိုင်တယ်။ ကျွန်ုပ် ဒီကိုလာရတဲ့ ရည်ရွယ်ချက်ကို မေ့သွားစေနိုင်တယ်၊ ကျွန်ုပ်ကို အလွန့်အလွန် နာကျင်စေပြီး အာရုံမစုစည်းနိုင် ဖြစ်စေနိုင်တယ်။ ဒါမှမဟုတ်၊ တခြားနည်းနဲ့ ကျွန်ုပ်ကို စွမ်းအားပျောက်ပြယ်စေနိုင်တယ်။ ဒီလိုအခြေအနေမျိုး ဖြစ်ပေါ်လာရင်၊ ဟယ်ရီ၊ ကျွန်ုပ် အဆက်မပြတ်သောက်နိုင်ဖို့ မင်းက တာဝန်ယူရမယ်၊ ကျွန်ုပ်ရဲ့ပိတ်ထားတဲ့ ပါးစပ်ထဲကို မင်းက ဆေးရည်လောင်းထည့်ရတာပဲဖြစ်ဖြစ်၊ နားလည်လား"

သူတို့အကြည့်ဟာ ကျောက်ဇလုံအထက်မှာ ဆုံမိကြတယ်။ ဖြူရော်နေတဲ့ မျက်နှာနှစ်ခုစလုံး စိမ်းဖန့်ဖန့်အရောင်ဆိုးနေတယ်။ ဒါအတွက်ကြောင့်ပဲ၊ သူ့ကို ခေါ်လာတာများလား — ဒမ်ဘာလီဒိုးကို သူ့အတွက် မခံမရပ်နိုင်အောင် ဖြစ်စေနိုင်တဲ့ ဆေးရည်တစ်မျိုးကို၊ သူက အတင်းတိုက်ခိုင်းဖို့အတွက်ပဲလား။

"ကျွန်ုပ် မင်းကိုခေါ်လာတဲ့ သဘောတူညီချက်ကို မင်းမှတ်မိသေးလား" ဒမ်ဘာလီဒိုးက မေးတယ်။

ဟယ်ရီ တွေ့ဆိုင်းနေတယ်၊ ကျောက်ဇလုံရဲ့ အလင်းရောင်ကြောင့် စိမ်းနေတဲ့မျက်လုံးပြာပြာကို ကြည့်နေတယ်။

"ဒါပေမယ့်၊ ဘာကြောင့်လဲ —"

"မင်း ကျွန်ုပ်အမိန့်နာခံမယ်လို့ ကတိပေးထားတယ်၊ ဟုတ်လား"

"ဟုတ်ကဲ့၊ ဒါပေမယ့် —"

"အန္တရာယ်ရှိနိုင်တယ်လို့ ကျွန်ုပ် မင်းကို သတိပေးဖူးတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် —"

"ဒါဆို ကောင်းပြီ" ဒမ်ဘာလီဒိုးက ပြောရင်း အင်္ကျီလက်ကို အပေါ်ဆွဲဆိုက်ပြန်တယ်။ ခြေတံရှည်အရက်ခွက်အလွတ်ကို မြှောက်လိုက်တယ်။ "ဒါကျွန်ုပ်အမိန့်ပဲ"



"ဘာဖြစ်လို့ ကျွန်တော့်ကို ဆေးရည်မသောက်ခိုင်းတာလဲ" ဟယ်ရီက မျှော်လင့်ချက်မဲ့စွာ မေးတယ်။

"ကျွန်ုပ် မင်းထက် အများကြီးအိုလို့၊ ဉာဏ်အများကြီးကောင်းလို့၊ ကျွန်ုပ်ရဲ့တန်ဖိုးက မင်းထက်အများကြီးနည်းလို့" ဒမ်ဘာလီဒိုးက ပြောတယ်။ "ကျွန်ုပ် နောက်ဆုံးထပ်မေးမယ်၊ ဟယ်ရီ။ မင်းရှိရှိသမျှခွန်အားနဲ့ ကျွန်ုပ်ကို ဆက်သောက်အောင်လုပ်မယ်လို့ ကတိပေးမလား"

"ဒါပေမယ့်၊ ဘာဖြစ်လို့ —"

"မင်းသစ္စာပြုမလား"

"ဒါပေမယ့် —"

"သစ္စာပြု၊ ဟယ်ရီ"

"ကျွန်တော် — ကောင်းပြီ၊ ဒါပေမယ့် —"

ဟယ်ရီ နောက်ထပ်ခုခံတာမစောင့်ဘဲ၊ ဒမ်ဘာလီဒိုးက ခရစ်ဆယ်ခွက်ကို အရည်ထဲ နှစ်လိုက်တယ်။ အဲဒီအချိန်လေးမှာ၊ ဟယ်ရီက ဒမ်ဘာလီဒိုး ခွက်နဲ့ ဆေးရည် ထိလို့မရပါစေနဲ့လို့ မျှော်လင့်မိတယ်။ သို့ပေမယ့် ခရစ်ဆယ်ခွက်ဟာ ချက်ချင်းနစ်သွားပြီး ခွက်ပြည့်သွားတယ်။ ဒမ်ဘာလီဒိုးက ၎င်းကို ပါးစပ်နားမြှောက်လိုက်တယ်။

"ကျန်းမာပါစေ၊ ဟယ်ရီ"

သူ မော့ချလိုက်တယ်။ ဟယ်ရီက ထိတ်လန့်စွာ ကြည့်နေတယ်၊ လက်နှစ်ဘက်ဟာ ကျောက်ဇလုံအစွန်းကို တင်းတင်းကိုင်ထားတဲ့ လက်ထိပ်တွေတောင် ထုံလာတယ်။

"ပါမောက္ခ ?" ဒမ်ဘာလီဒိုး ခွက်လွတ်ကို ချလိုက်တာ သူမြင်ရတယ်၊ ပိုပြီးစိုးရိမ်စွာ မေးတယ်။ "သင် ဘယ်လိုခံစားရလဲ"

ဒမ်ဘာလီဒိုး ခေါင်းခါတယ်၊ သူ့မျက်လုံး မှိတ်ထားတယ်။ သူ အလွန်နာကျင်နေသလားဆိုတာ ဟယ်ရီ မသိဘူး။ ဒမ်ဘာလီဒိုးဟာ မျက်စိမှိတ်ပြီး ခွက်ကို အရည်ထဲ နှစ်ပြန်တယ်၊ ခွက်ပြည့်ခပ်ပြီး သောက်ချလိုက်ပြန်တယ်။

ဒမ်ဘာလီဒိုးဟာ တိတ်တိတ်လေး သုံးခွက်သောက်လိုက်တယ်။ စတုတ္ထခွက်သောက်တော့ သူဟာ ဝယိမ်းဝယိုင်နဲ့ ရှေ့ဘက်ကျောက်ဇလုံပေါ် လဲသွားတယ်။ သူ့မျက်စိမှိတ်ထားဆဲပဲ၊ အသက်ရှူ အလွန်ပြင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပါမောက္ခ ဒမ်ဘလီဒိုး ?" ဟယ်ရီက ပြောတယ်။ သူ့လည်ချောင်းတွေ တင်းကျပ်နေတယ်။ "ကျွန်တော်ပြောတာ ကြားလား"

ဒမ်ဘလီဒိုးက မဖြေဘူး။ သူ့မျက်နှာတွေ အကြောဆွဲနေတယ်၊ သူ အိပ်မောကျနေပြီး အိပ်မက်ဆိုးမက်နေသလိုပဲ။ ခွက်ကိုင်ထားတဲ့ သူ့လက်တွေ လျော့ကျလာတယ်၊ ဆေးရည်ဖိတ်ကျတော့မယ်။ ဟယ်ရီက ရှေ့တက်ပြီး ခရစ်ဆယ်ခွက်ကို တည့်မတ်အောင် ကိုင်ထားလိုက်တယ်။

"ပါမောက္ခ၊ ကျွန်တော်ပြောတာ ကြားလား" သူက အကျယ်ကြီး မေးပြန်တယ်။ အသံဟာ လိုဏ်ခေါင်းထဲမှ ပဲ့တင်ထပ်နေတယ်။

ဒမ်ဘလီဒိုးဟာ မောဟိုက်စွာနဲ့ စကားပြောလာတယ်။ အဲဒါ သူ့အသံဆိုတာ ဟယ်ရီ မမှတ်မိဘူး၊ အကြောင်းက ဒမ်ဘလီဒိုး ဒီလောက်ကြောက်တာ သူ မကြုံဖူးလို့။

"ကျုပ်မလုပ်ချင် .... အတင်းမခိုင်းနဲ့ ...."

ဟယ်ရီဟာ အလွန်ရင်းနှီးတဲ့ ဖြူရော်နေတဲ့ မျက်နှာကို ကြည့်နေတယ်၊ သိမ်းငှက်နှုတ်သီးနှာခေါင်းနဲ့ လခြမ်းသဏ္ဍာန်မျက်မှန်ကို ကြည့်ပြီး၊ မိမိ ဘယ်လိုလုပ်ရမလဲဆိုတာ မသိဘဲဖြစ်နေတယ်။

" .... မကြိုက်ဘူး .... ရပ်ချင်တယ် ...." ဒမ်ဘလီဒိုးက ညည်းညူရင်း ပြောတယ်။

"သင် .... သင် ရပ်လို့မဖြစ်ဘူး၊ ပါမောက္ခ" ဟယ်ရီက ပြောတယ်။ "သင် မနားတမ်း သောက်ချရမယ်၊ မှတ်မိလား။ သင် အဆက်မပြတ် သောက်ရမယ်လို့ ကျွန်တော့်ကို ပြောထားတယ်။ လာ ...."

ဟယ်ရီက ခွက်ကို ဒမ်ဘလီဒိုးပါးစပ်နား အတင်းကပ်ပြီး လောင်းထည့်တယ်။ ဒမ်ဘလီဒိုးက ခွက်ထဲ ကျန်နေတဲ့ဆေးရည်ကို သောက်ချလိုက်တယ်၊ ဟယ်ရီဟာ မိမိကိုယ်မိမိ မုန်းတယ်၊ ရင်ထဲကနေ မိမိလုပ်တာကို နှစ်မြို့ဘူး။

"ဟင့်အင်း ...." ဒမ်ဘလီဒိုးက ညည်းညူနေတယ်။ ဟယ်ရီက ခွက်ကို ကျောက်ဇလုံထဲ နှစ်လိုက်ပြန်တယ်၊ သူ့အတွက် အပြည့်ခပ်ယူလိုက်တယ်။ "ကျုပ် မသောက် .... ကျုပ် မသောက် .... လွှတ်စမ်းပါ ...."

"ဘာမှမဖြစ်ဘူး၊ ပါမောက္ခ" ဟယ်ရီက ပြောတယ်။ သူ့လက်တွေ တုန်နေတယ်၊ "ဘာမှမဖြစ်ဘူး၊ ကျွန်တော်ရှိတယ် —"



"ရပ်လိုက်တော့၊ ရပ်လိုက်တော့" ဒမ်ဘလီဒိုးက ညည်းညူပြောတယ်။

"ကောင်းပြီ .... ကောင်းပြီ၊ ခုတင်ပဲရပ်မယ်" ဟယ်ရီက ကျေနပ်အောင် လိမ်ပြောတယ်။ ခွက်ထဲကအရည်ကို ဒမ်ဘလီဒိုးပါးစပ်ထဲ လောင်းထည့်ပြန်တယ်။

ဒမ်ဘလီဒိုးဟာ လန့်ပြီး တအားအော်တယ်၊ အော်သံဟာ ဆိတ်ငြိမ်တဲ့ ကန်နက်နက်ကို ဖြတ်ပြီး လိုဏ်ခေါင်းကြီးထဲမှာ ပဲ့တင်ထပ်နေတယ်။

"ဟင့်အင်း၊ ဟင့်အင်း၊ ဟင့်အင်း .... ဟင့်အင်း .... ကျုပ် မသောက်နိုင်ဘူး .... ကျုပ်မသောက်နိုင်ဘူး၊ အတင်းမလုပ်နဲ့၊ ကျုပ်မသောက်ချင်ဘူး ...."

"ဘာမှမဖြစ်ဘူး၊ ပါမောက္ခ၊ ဘာမှမဖြစ်ဘူး" ဟယ်ရီက အကျယ်ကြီး ပြောတယ်။ သူ့လက်တွေ တအားတုန်နေတယ်။ ဆဋ္ဌမဆေးရည်ကိုတောင် မခပ်နိုင်သလို ဖြစ်နေတယ်။ ကျောက်ဇလုံတစ်ဝက်ကျိုးသွားပြီ။ "သင် ဘာမှမဖြစ်ဘူး၊ သင် လုံခြုံပါတယ်။ ဒါအစစ်အမှန်မဟုတ်ဘူး၊ ကျွန်တော် ကျိန်ပြောဝံ့တယ်၊ အစစ်မဟုတ်ဘူး — လာ၊ ဒါကို သောက်လိုက်၊ ဒါကို သောက်လိုက် ...."

ဒမ်ဘလီဒိုးက နာခံစွာနဲ့ သောက်လိုက်တယ်။ ဟယ်ရီ သူ့ကိုတိုက်တာ ဖြေဆေးလိုပဲ။ ဒါပေမယ့် သူဟာ ခွက်ထဲက ဆေးရည်ကို သောက်ပြီးတာနဲ့ ဘတ်ခနဲ မြေကြီးပေါ် လဲကျသွားတယ်၊ တစ်ကိုယ်လုံး မချုပ်တည်းနိုင်ဘဲ တုန်လာတယ်။

"ကျုပ်အမှားချည်းပဲ၊ ကျုပ်အမှားချည်းပဲ" သူက ငိုယိုပြီးပြောတယ်။ "ရပ်လိုက်ပါတော့၊ ကျုပ်မှားမှန်း သိပါပြီ။ အိုး၊ ရပ်လိုက်ပါတော့၊ ကျုပ် နောက်ထပ်၊ နောက်ထပ်မလုပ်တော့ဘူး ...."

"ခုတွင်ရပ်တော့မှာ၊ ပါမောက္ခ" ဟယ်ရီက ပြောတယ်၊ သူ့အသံဟာ အ,အ,အက်အက်ကြီး ဖြစ်လာတယ်။ သူက သတ္တမဆေးရည်တစ်ခွက်ကို ဒမ်ဘလီဒိုးပါးစပ်ထဲ လောင်းထည့်တယ်။

ဒမ်ဘလီဒိုး ခွေနေတယ်၊ မမြင်ရတဲ့လူတချို့ သူ့ကို နှိပ်စက်နေသလိုပဲ။ သူ့လက် လျှောက်ယမ်းနေတယ်။ ဟယ်ရီရဲ့တုန်ယင်တဲ့လက်နဲ့ ပြန်ခပ်ထားတဲ့ခွက်ကို တိုက်ပစ်ဖို့ နည်းနည်းလိုတယ်။ ပါးစပ်က ညည်းညူ

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။ "သူတို့ကို ဒုက္ခမပေးပါနဲ့၊ သူတို့ကို ဒုက္ခမပေးပါနဲ့၊ တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ်၊ ကျုပ်အမှားချည်းပဲ၊ ကျုပ်ကို လာလုပ်ကြပါ . . . . "

"လာ၊ ဒါကို သောက်လိုက်၊ ဒါကို သောက်လိုက်၊ ချက်ချင်းကောင်းသွားမှာပါ" ဟယ်ရီက ဘာမှမမှုတော့ဘဲ ပြောတယ်။ ဒမ်ဘလီဒိုးဟာ နောက်ထပ်နာခံစွာနဲ့ ပါးစပ်ဟပေးတယ်။ သူ့မျက်စိက တင်းနေအောင် မှိတ်ထားတယ်၊ ခြေဆုံးခေါင်းဆုံး မရပ်တမ်း တုန်နေတယ်။

ဒီနောက်၊ သူဟာ ရှေ့သို့မှောက်လဲသွားပြီး၊ တစ်ခါ အသားကုန် အော်ဟစ်နေတယ်၊ လက်သီးနဲ့လည်း မြေကြီးကို ထုနေတယ်။ ဟယ်ရီက နဝမ ဆေးရည်တစ်ခွက်ကို ခပ်လိုက်တယ်။

"တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ်၊ ဟင့်အင်း . . . . အဲဒါ မလိုချင်ဘူး၊ အဲဒါမလိုချင်ဘူး၊ ကျုပ်ကို ဘာလုပ်ခိုင်းခိုင်း . . . . "

"သောက်လိုက်ပါ၊ ပါမောက္ခ၊ သောက်လိုက်ပါ . . . . . "

ဒမ်ဘလီးဒိုးဟာ ရေသိပ်ဆာနေတဲ့ကလေးလို သောက်နေတယ်၊ ဒါပေမယ့် သောက်ပြီးတာနဲ့ တအားအော်ပြန်တယ်၊ သူ့ကလီဇာတွေ မီးလောင်နေသလိုပဲ။

"တော်ပြီ၊ တောင်းပန်ပါတယ်၊ တော်ပြီ . . . . "

ဟယ်ရီက ဒသမဆေးရည်တစ်ခွက်ကို ခပ်လိုက်တယ်။ ခရစ်ဆယ်ခွက် ကျောက်ဇလုံနဲ့ ခြစ်မိတာ သိတယ်။

"ကျွန်တော်တို့အောင်မြင်တော့မယ်၊ ပါမောက္ခ၊ ဒါကို သောက်လိုက်၊ ဒါကို သောက်လိုက်ပါ . . . . "

သူဟာ ဒမ်ဘလီဒိုးပခုံးကို မ,လိုက်တယ်၊ ဒမ်ဘလီဒိုးက ခွက်ထဲက ဆေးရည်ကို အကုန်သောက်လိုက်တယ်။ ဟယ်ရီက မတ်တတ်ရပ်ပြီး တစ်ခွက် ခပ်လိုက်ပြန်တယ်။ ဒမ်ဘလီဒိုးဟာ ရုတ်တရက် အော်လာပြန်တယ်၊ အသံက ဘယ်တုန်းကထက်မဆို နာကျင်နေတယ်။ "ကျုပ်သေချင်တယ်၊ ကျုပ်သေချင်တယ်၊ ရပ်ပါတော့၊ ရပ်ပါတော့၊ ကျုပ်သေချင်တယ်"

"ဒါကိုသောက်လိုက်ပါ၊ ပါမောက္ခ၊ ဒါကို အကုန်သောက်လိုက်ပါ . . . . "

ဒမ်ဘလီဒိုးက သောက်ပြန်တယ်။ ဒါပေမယ့် သောက်ပြီးတာနဲ့ သူက အော်တယ်၊ "ကျုပ်သေပရစေ"



"ကုန်အောင်သောက် —— ဒီတစ်ခွက်သောက်ပြီးရင်ရပြီ" ဟယ်ရီက မောဟိုက်စွာပြောတယ်။ "ဒီတစ်ခွက်ပဲသောက် . . . . ပြီးဆုံးတော့မယ် . . . . အားလုံးပြီးဆုံးတော့မယ်"

ဒမ်ဘလီဒိုးဟာ ဖန်ခွက်ထဲက နောက်ဆုံးဆေးရည်တစ်စက်ကို သောက်လိုက်တယ်။ ဒီနောက်၊ သူဟာ ဟောဟဲ ဟောဟဲနဲ့ အသက်ပြင်းပြင်းရှူကာ မှောက်ရက်ကြီး မြေကြီးပေါ်မှ လိမ့်နေတယ်။

"ဟင့်အင်း" မတ်တတ်ထပြီး ဆေးရည်ခပ်တဲ့ ဟယ်ရီက အော်ဟစ်တယ်၊ သူက ခွက်ကို ကျောက်ဇလုံထဲ ထည့်လိုက်တယ်၊ ဒမ်ဘလီဒိုးဆီ ပြေးလာတယ်၊ သူ့ကို ပက်လက်လှန်လိုက်တယ်။ ဒမ်ဘလီဒိုးမျက်မှန် စောင်းနေတယ်၊ ပါးစပ်ကြီးဟထားတယ်၊ မျက်စိတင်းတင်းမှိတ်ထားတယ်။ "ဟင့်အင်း" ဟယ်ရီက ဒမ်ဘလီဒိုးကို လှုပ်ရင်း ပြောတယ်။ "ဟင့်အင်း၊ သင်မသေဘူး၊ ဒါအဆိပ်မဟုတ်ဘူးလို့ သင်ပြောတယ်၊ နိုးပါဦး၊ မြန်မြန်နိုးလာပါ —— ပြန်လည်ရှင်သန်စေ" သူက မှော်ကြိမ်လုံးနဲ့ ဒမ်ဘလီဒိုးရင်ဘတ်ကို ချိန်ပြီး အော်ပြောတယ်။ မီးနီ လက်သွားတယ်၊ ဒါပေမယ့် ဘာမှဖြစ်မလာဘူး။ "ပြန်လည်ရှင်သန်စေ —— ဆရာ —— လုပ်ပါ —— "

ဒမ်ဘလီဒိုးမျက်ခွံ လှုပ်လာတယ်၊ ဟယ်ရီပျော်လို့ ရင်တွေခုန်လာတယ်။

"ဆရာ၊ သင် —— ?"

"ရေ" ဒမ်ဘလီဒိုးက အသံအက်အက်နဲ့ ပြောတယ်။

"ရေ" ဟယ်ရီက ဟောဟဲ ဟောဟဲနဲ့ ပြောတယ်။ "—— ကောင်းပြီ —— "

သူ ခုန်ထလိုက်တယ်၊ ခုနက ကျောက်ဇလုံထဲ ထည့်ချထားတဲ့ခွက်ကို ကောက်ကိုင်လိုက်တယ်။ ဟိုရွှေလော့ကက်သီးဟာ ဖန်ခွက်ခြေထောက်မှာ ရစ်ပတ်နေတာ သူ သတိမထားမိဘူး။

"အဂွာမင်တီ" သူက မှော်ကြိမ်လုံးနဲ့ အရက်ခွက်ကို ချိန်ပြီး တအား အော်လိုက်တယ်။

ဖန်ခွက်ထဲမှာ ရေကြည်တွေ ပြည့်သွားတယ်။ ဟယ်ရီက ဒမ်ဘလီဒိုး ဘေး ဒူးထောက်ပြီး သူ့ခေါင်းကို မေးထူလိုက်တယ်၊ ဖန်ခွက်ကို သူ့နှုတ်ခမ်းနား

www.burmeseclassic.com

www.burmeseclassic.com



ကပ်လိုက်တယ် —— ဒါပေမယ့် ခွက်ထဲမှာ ဘာမှမရှိတော့ဘူး။ ဒမ်ဘလီဒိုးက တစ်ချက်ညည်းလိုက်တယ်၊ တစ်ခါ အသက်ပြင်းပြင်းရှူနေပြန်တယ်။

"ခုနကရှိတာပဲ —— နေဦး —— အင်္ဂါမင်တီ" ဟယ်ရီက မှော်ကြိမ်လုံးနဲ့ ခွက်ကိုချိန်ပြီး ပြောတယ်။ ချက်ချင်းပဲ ဖန်ခွက်ထဲမှာ ရေကြည်တွေ ပြည့်သွားတယ်။ ဒါပေမယ့် ၎င်းကို ဒမ်ဘလီဒိုးပါးစပ်နား ကပ်လိုက်တော့၊ ရေ မရှိတော့ဘူး။

"ဆရာ၊ ကျွန်တော် နည်းလမ်းရှာနေတယ်" ဟယ်ရီက ပူပင်စွာ ပြောတယ်။ ဒါပေမယ့် ဒမ်ဘလီဒိုး မကြားနိုင်ဘူးဆိုတာ သူ သိတယ်။ ဒမ်ဘလီဒိုးဟာ တစ်ဖက်စောင်းပြီး လှဲနေတယ်။ လည်ချောင်းထဲကနေ တဂူးဂူးနဲ့ အသက်ရှူရှိုက်သံလေးလေး ထွက်နေတယ်၊ ကြားရသူအဖို့ အလွန်ကို ရင်နာမိတယ်။ "အင်္ဂါမင်တီ —— အင်္ဂါမင်တီ —— အင်္ဂါမင်တီ"

ဖန်ခွက်ဟာ ပြည့်လိုက် မရှိလိုက် ဖြစ်ပြန်တယ်။ ဒမ်ဘလီဒိုး အသက်ရှူတာ အလွန်ပျော့လာပြီ။ ဟယ်ရီ့ဦးနှောက်ဟာ အတင်းလည်ပတ်နေတယ်။ ရေရဖို့ နည်းတစ်နည်းပဲ ရှိတယ်ဆိုတာ သူအလိုအလျောက် သိတယ်၊ အဲဒါ ဗိုလ်ဒီမွန့် ကြိုတင်စီစဉ်ထားတာ . . . .

သူပြေးပြီး ကျောက်ဆောင်အစွန်းမှာ မှောက်လိုက်တယ်၊ ဖန်ခွက်ကို ကန်ထဲချပြီး ကန်ရေအပြည့် ခပ်လိုက်တယ်၊ ဒီတစ်ကြိမ်မှာ ရေပျောက် မသွားဘူး။

"ဆရာ —— ရော့" ဟယ်ရီက အော်ပြောတယ်။ သူ ရှေ့ကို ပြေးသွားပြီး ခြေမကိုင်မိ လက်မကိုင်မိနဲ့ ရေကို ဒမ်ဘလီဒိုးမျက်နှာပေါ် လောင်းချလိုက်တယ်။

သူ ဒီလိုပဲလုပ်နိုင်တော့တယ်၊ အကြောင်းက သူ ခွက်ကိုင်မထားတဲ့ လက်မောင်းပေါ်မှာ အေးစက်တဲ့ ခံစားချက်ရှိလို့၊ ဒါပေမယ့် အေးစက်တဲ့ ကန်ရေထိလို့တော့မဟုတ်ဘူး။ ကပ်စေးပြီး ဖြူရော်တဲ့လက်တစ်ချောင်းဟာ သူ့လက်ကောက်ဝတ်ကို လာဆွဲတယ်။ အဲဒီအကောင်ဟာ သူ့ကို နောက်ကျောက်ဆောင်ဘက်ကို ဖြည်းဖြည်းချင်း ဆွဲနေတယ်။ ကန်ရေပြင်ဟာ မှန်လိုချောမနေတော့ဘဲ ပြင်းထန်စွာ မွှေနှောက်နေတယ်။ ဟယ်ရီ လှမ်းကြည့်လိုက်တယ်၊ နေရာတကာမှာ ဖြူဖွေးတဲ့ ခေါင်းနဲ့လက်တွေ မည်းနက်တဲ့ ကန်ထဲကနေ ပေါ်လာတယ်၊ ယောက်ျားတွေ၊ မိန်းမတွေ၊ ကလေးတွေ၊ အားလုံး ချိုင့်နေတဲ့



ကြည့်မြင်စွမ်းမရှိတဲ့ မျက်လုံးတွေနဲ့ ကျောက်ဆောင်ဘက်ဆီကို မျောလာတယ်။ မည်းနက်တဲ့ ကန်ရေထဲမှာ အလောင်းတွေ တစ်ပုံကြီး ပေါ်လာတယ်။

"ကျောက်ဖြစ်စေ" ဟယ်ရီက အော်တယ်။ သူဟာ ကျွန်းပေါ်က ပြောင်ချောစိုစွတ်တဲ့ ကျောက်ဆောင်မျက်နှာပြင်ကို တအားဆွဲထားရင်း မှော်ကြိမ်လုံးနဲ့ သူ့လက်ကို ဆွဲထားတဲ့အလောင်းကို ချိန်တယ်။ အလောင်းကောင်က သူ့လက်ကို ဖြည်လိုက်တယ်၊ ဘတ်ခနဲ ရေထဲပြန်ကျသွားတယ်။ ဟယ်ရီ ရုန်းထလိုက်တယ်။ ဒါပေမယ့် ပိုများတဲ့အလောင်းကောင်တွေ ကျောက်ဆောင်ပေါ် တက်လာပြီ။ ၎င်းတို့ရဲ့ ခြောက်ကပ်နေတဲ့လက်နဲ့ ချောနေတဲ့ ကျောက်ဆောင်ကို ဖမ်းကိုင်တယ်၊ ဟာနေတဲ့၊ ဝေဝါးတဲ့မျက်စိနဲ့ သူ့ကို ကြည့်နေတယ်။ ရေစိုနေတဲ့ အကျႌအစုတ်တွေ နောက်ဘက်မှာ တန်းလန်းကြီး ဖြစ်နေတယ်။ ချိုင့်နေတဲ့မျက်နှာတွေပေါ်မှာ အထင်သေးတဲ့အမူအရာနဲ့။

"ကျောက်ဖြစ်စေ" ဟယ်ရီက တအားအော်ပြီး၊ နောက်ဆုတ်ရင်း မှော်ကြိမ်လုံးကို မိုးပေါ်မှာ တအားလှုပ်ယမ်းနေတယ်။ အလောင်းကောင် ခြောက်ကောင် ခုနစ်ကောင် လဲကျသွားတယ်၊ ဒါပေမယ့် ပိုများများအလောင်းကောင်တွေ သူ့ဆီ တိုးလာတယ်။ "အတားအဆီး အထပ်ထပ်"၊ "ချုပ်နှောင်ထားစေ"

အလောင်းကောင်တချို့ ဂယိမ်းဂယိုင်နဲ့ လဲကျသွားတယ်၊ ၎င်းအနက် တစ်ကောင်နှစ်ကောင် ကြိုးနဲ့တုပ်မိသွားတယ်။ သို့ပေမယ့် သူတို့နောက်က တက်လာတဲ့ အလောင်းကောင်တွေဟာ ၎င်းတို့ကိုကျော်ပြီး၊ ဒါမှမဟုတ် ၎င်းတို့ရဲ့ လဲကျတဲ့ခန္ဓာကိုယ်ကို နင်းပြီး လျှောက်လာပြန်တယ်။ ဟယ်ရီက မှော်ကြိမ်လုံးကို ဆက်ပြီး တအားယမ်းကာ၊ အကျယ်ကြီး အော်ပြောတယ်။ "စက်တမ်ဆမ်ပရာ။ စက်တမ်ဆမ်ပရာ"

အလောင်းကောင်တွေရဲ့ စုတ်ပြတ်တဲ့အဝတ်စိုစိုနဲ့ အေးစက်တဲ့ အရေပြားပေါ်မှာ ဒဏ်ရာနက်နက်ကြီးတွေ ပေါ်လာတယ်၊ ဒါပေမယ့် သွေး တစ်စက်မှ မထွက်ဘူး။ ၎င်းတို့ဟာ ဘာမှခံစားချက်မရှိဘဲ ရှေ့တိုးလာတယ်၊ ဟယ်ရီ့ဆီကို ခြောက်တပ်နေတဲ့လက်တွေ လှမ်းလာတယ်။ ဟယ်ရီက နောက်ကို ခြေလှမ်းအနည်းငယ် ဆုတ်လိုက်တယ်၊ နောက်ကနေ သူ့ကိုဖက်လိုက်တာ ခံစားရတယ်၊ အဲဒီသေခြင်းတဲ့သို့ အေးစက်တဲ့၊ အသွေးအသားမရှိတဲ့လက်မောင်းဟာ၊ သူ့ကို မြေပြင်ကနေ မြှောက်ချီလိုက်တယ်။ ဖြည်းနှေးစွာနဲ့၊ ဒါပေမယ့် နည်း

www.burmeseclassic.com

www.burmeseclassic.com



နည်းမှ မတွေ့ဝေတဲ့ ရေကန်မည်းမည်းဆီ လျှောက်သွားတယ်။ ဟယ်ရီက သူ ရုန်းထွက်လို့မရမှန်း သိတယ်။ သူ ရေနစ်သေပြီး ဗိုလ်ဒီမော့ရဲ့ ဝိညာဉ်အစိတ် အပိုင်းတစ်ခုခုကို စောင့်ရှောက်ရတဲ့ အလောင်းကောင်တစ်ခု ဖြစ်သွားမယ် ဆိုတာ သိတယ် . . . .

ဒါပေမယ့် အဲဒီအချိန်မှာပဲ၊ အမှောင်ထဲမှာ မီးတောက်ကြီး ထလာတယ်။ လင်းနေတဲ့၊ ရွှေနီရောင်မီးကွင်းဟာ ကျောက်ဆောင်ကို ပတ်နေတယ်။ ဟယ်ရီကို တအားဆွဲထားတဲ့ အလောင်းကောင်တွေဟာ၊ အားလုံး ဂယိမ်းဂယိုင် ဖြစ်ပြီး လှုပ်ယိုင်နေတယ်။ ၎င်းတို့ဟာ မီးတောက်ကိုဖြတ်ပြီး ကန်ထဲကို မဝင်ဝံ့ဘူး။ ဟယ်ရီကို ပစ်ထားခဲ့ရတယ်။ ဟယ်ရီ မြေကြီးပေါ် လဲကျသွားတယ်၊ ကျောက်ဆောင်ပေါ်မှာ ခြေချော်သွားတယ်၊ လက်မောင်းပွန်းသွားတယ်။ ဒါပေမယ့် သူဟာ အမြန်ရုန်းထပြီး မှော်ကြိမ်လုံးမြှောက်ကာ သတိနဲ့ ဘေးဘီကို ကြည့်နေတယ်။

ဒမ်ဘယ်ဒိုးဟာ မတ်တတ်ရပ်နေပြီ။ သူ့မျက်နှာဟာ ဘေးပတ်လည်က အလောင်းကောင်တွေလို ဖြူရော်နေတယ်။ ဒါပေမယ့် ၎င်းတို့ထက် အရပ်ရှည်တယ်။ မီးရောင်ဟာ သူ့မျက်စိထဲမှာ ခုန်နေတယ်။ သူ့မှော်ကြိမ်လုံးဟာ မီးတုတ်လို အမြင့်ကြီး မြှောက်ထားတယ်၊ မှော်ကြိမ်လုံးထိပ်ဖျားကနေ မီးညွှန့်တွေ ထွက်နေတယ်၊ ဧရာမ နွေးထွေးတဲ့ ပိုက်ကွန်ကြီးလို အလောင်းကောင်တွေကို ဝိုင်းပတ်ထားတယ်။

အလောင်းကောင်တွေ အချင်းချင်းဝင်တိုက်မိကြတယ်၊ ၎င်းတို့ကို ဝိုင်းနေတဲ့ မီးတောက်ကနေ ဆောက်တည်ရာမရ ရှောင်တိမ်းနေကြတယ် . . . .

ဒမ်ဘယ်ဒိုးက ကျောက်ဇလုံအောက်ဘက်ကနေ လော့ကက်သီးကို ကောက်ယူပြီး မိမိရဲ့ဝတ်ရုံရှည်ထဲ ထည့်လိုက်တယ်။ သူ စကားတစ်လုံးမှ မပြောဘူး၊ ဟယ်ရီကို သူ့အနားလာဖို့ ပြတယ်။ အလောင်းကောင်တွေဟာ မီးတောက်ကြောင့် မူးနေကြပြီ၊ ၎င်းတို့ လိုက်ဖမ်းတဲ့လူတွေ ကျွန်းကလေးက ထွက်ခွာတော့မှာကို မသိသလိုပဲ။ ဒမ်ဘယ်ဒိုးက ဟယ်ရီကို ခေါ်ပြီး လှေကလေးဆီ လျှောက်သွားတယ်၊ အဲဒီမီးဟာ သူတို့ဝန်းပတ်ပြီး သူတို့နဲ့အတူ ရွေ့လျားသွားတယ်။ ဘာလုပ်ရမှန်းမသိတဲ့ အလောင်းကောင်တွေဟာ သူတို့ကို ဝိုင်းပြီး ကန်ဘေးရောက်လာတယ်။ မှောင်မည်းတဲ့ကန်ရေထဲကို အလောတကြီး ပြန်ဆင်းကုန်ကြတယ်။



ဟယ်ရီ တစ်ကိုယ်လုံး တုန်နေတယ်၊ သူက ဒမ်ဘယ်ဒိုး လှေပေါ် တက်ဖို့ အင်အားမရှိဘူးလို့ ထင်တယ်။ ဒမ်ဘယ်ဒိုး လှေပေါ်တက်တော့ ခြေလှမ်းက နည်းနည်းယိမ်းယိုင်နေတယ်။ သူဟာ သူတို့ဘေးပတ်လည် ကာဆီးပေးတဲ့ မီးကွင်းကို အာရုံအကုန်စိုက်ပြီး ထိန်းထားသလိုပဲ။ ဟယ်ရီက သူ့ကို ဖေးမပြီး လှေကလေးထဲမှာ ထိုင်စေတယ်။ နှစ်ယောက်စလုံး တိုးထိုင်မိရဲ့ ရှိသေးတယ်၊ လှေကလေးဟာ မှောင်မည်းတဲ့ရေပြင်ကို ဖြတ်မောင်းသွားတယ်။ မီးကွင်း ဝိုင်းနေသေးတဲ့ ကျောက်ဆောင်က ထွက်ခဲ့တယ်။ ရေအောက်မှာ များနေတဲ့ အလောင်းကောင်တွေဟာ နောက်ထပ်ပေါ်မလာဝံ့တော့သလိုပဲ။

“ဆရာ” ဟယ်ရီက မောမောနဲ့ပြောတယ်။ “ဆရာ၊ ကျွန်တော် မေ့သွားတယ် —— မီးကို မေ့သွားတယ် —— ၎င်းတို့ ရုတ်တရက် ကျွန်တော့်ကို ဝင်အုပ်တယ်၊ ကျွန်တော် ထိတ်လန့်ချောက်ချားသွားတယ် —— ”

“နားလည်နိုင်တယ်” ဒမ်ဘယ်ဒိုးက ဖွဖွပြောတယ်။ သူ့အသံ အလွန်ပျော့နေတာ ဟယ်ရီ ထိတ်လန့်စွာ ကြားရတယ်။

ဘိုင်းခနဲ မြည်သွားပြီး သူတို့ ကမ်းကပ်လာတယ်။ ဟယ်ရီ လှေကလေးက အရင်ခုန်ဆင်းလိုက်ပြီး ဒမ်ဘယ်ဒိုးကို ဖေးမခေါ်တယ်။ ဒမ်ဘယ်ဒိုး ကုန်းပေါ် ရောက်တာနဲ့၊ မှော်ကြိမ်လုံးမြှောက်ထားတဲ့လက် တွဲလောင်းကျလာတယ်။ မီးကွင်း ပျောက်သွားတယ်၊ ဒါပေမယ့် အလောင်းကောင်တွေ ကန်ထဲက ပေါ်ထွက်မလာတော့ဘူး။ လှေကလေး ရေထဲပြန်မြုပ်သွားတယ်၊ သံကြိုးလည်း တခင်ခင် တဒေါင်ဒေါင်နဲ့ ကန်ရေထဲ လျှောကျသွားတယ်။ ဒမ်ဘယ်ဒိုးက သက်ပြင်းကြီးချလိုက်တယ်၊ ကိုယ်ကို လိုက်ခေါင်းကျောက်နံရံပေါ် မှီထားတယ်။

“ကျုပ် သိပ်အားနည်းတယ် . . . .” သူက ပြောတယ်။

“မစိုးရိမ်နဲ့၊ ဆရာ” ဟယ်ရီက မြန်မြန်ပြောတယ်။ သူဟာ ဒမ်ဘယ်ဒိုးရဲ့ အလွန့်အလွန်ဖြူရော်တဲ့မျက်နှာနဲ့ အားအင်ကုန်ခန်းတဲ့ပုံပန်းကို ကြည့်ပြီး အလွန်စိုးရိမ်နေတယ်။ “မစိုးရိမ်ပါနဲ့၊ ကျွန်တော်တို့နှစ်ယောက် ပြန်သွားမှာပါ . . . . ကျွန်တော့်ကိုယ်ပေါ် မှီထားပါ၊ ဆရာ . . . .”

ဟယ်ရီက ဒမ်ဘယ်ဒိုးရဲ့ ဒဏ်ရာမရတဲ့လက်ကို ဆွဲပြီး မိမိပခုံးပေါ် တင်လိုက်တယ်။ ကျောင်းအုပ်ကြီးရဲ့ ကိုယ်အလေးချိန် အများစုကို ထမ်းပြီး ကန်ဘေးအတိုင်း ပြန်သွားတယ်။

“အဲဒီ ကာကွယ်တဲ့စနစ်ဟာ . . . . တကယ်ပဲ . . . . လုပ်ထားတာ

www.burmeseclassic.com

www.burmeseclassic.com


အလွန်ပညာပါတယ်" ဒမ်ဘလီဒိုးက ချည့်နဲ့စွာ ပြောတယ်။ "တစ်ယောက်တည်းဆိုရင် လုပ်လို့မရဘူး . . . . မင်းလုပ်တာ မဆိုးဘူး၊ အလွန်လှတယ်၊ ဟယ်ရီ . . . ."

"အခုစကားမပြောနဲ့" ဟယ်ရီက ပြောတယ်၊ ဒမ်ဘလီဒိုးအသံလုံးထွေးနေတယ်၊ ခြေလှမ်းက အားမရှိဘူး။ သူ တကယ်ပဲ ကြောက်မိတယ်။ "အားမကုန်အောင်နေ၊ ဆရာ . . . . ကျွန်တော်တို့ မကြာခင် ဒီကထွက်ခွာတော့မှာ . . . ."


"ဟို ခုံးတံခါးပိတ်သွားပြန်ပြီထင်တယ် . . . . ကျုပ်ဓားမြှောင် . . . ."

"မလိုတော့ဘူး၊ ကျွန်တော် ကျောက်ဆောင်နဲ့ တိုက်မိပြီး ဒဏ်ရာရထားတယ်" ဟယ်ရီက ပြတ်သားစွာ ပြောတယ်။ "သင် ကျွန်တော့်ကိုနေရာသာ ပြောပြ . . . ."

"ဒီမှာ . . . ."

ဟယ်ရီက ဒဏ်ရာရတဲ့လက်မောင်းကို ကျောက်ဆောင်ပေါ် ပွတ်လိုက်တယ်၊ ခုံးတံခါးဟာ သွေးလက်ဆောင်ရလို့ ချက်ချင်းပြန်ပွင့်သွားတယ်။ သူတို့ဟာ အပြင်ဘက်က တောင်ခေါင်းကို ဖြတ်တယ်။ ဟယ်ရီက ဒမ်ဘလီဒိုးကို ဖေးမရင်း ချောက်ကမ္ဘားပေါ်ရှိ အအက်ကြောင်းထဲက အေးစက်တဲ့ ပင်လယ်ရေထဲ ပြန်ရောက်လာတယ်။

"အားလုံး အဆင်ပြေသွားမှာပါ၊ ဟယ်ရီ" ဒမ်ဘလီဒိုးက ပြောတယ်။ ပင်လယ်ရေဟာ ရိုးတွင်းခြင်ဆီခိုက်အောင် အေးပေမယ့်၊ သူ့အသံကတော့ အားနည်းနည်းရှိလာတယ်။ "ကျုပ် မင်းနဲ့အတူရှိတာပဲ"



# ၂၇ ▪ မိုးကြိုးထိတဲ့အိမ်ချွန်

ကြယ်တွေဝေနေတဲ့ ညမိုးကောင်းကင်အောက် ပြန်ရောက်တော့ ဟယ်ရီက ဒမ်ဘလီဒိုးကို သူတို့နဲ့ အနီးဆုံး ▪ရာမကျောက်စလစ်ခဲကြီးထိပ်ကို ဆွဲသွားပြီး မတ်တတ်ရပ်ဖို့ ဖေးထူပေးတယ်။ ဒမ်ဘလီဒိုးတစ်ကိုယ်လုံး စိုရွှဲနေတယ်၊ တုန်ယင်နေတယ်။ သူ့တစ်ကိုယ်လုံး အလေးချိန်ဟာ ဟယ်ရီ့ပေါ် ပိနေတယ်။ ဟယ်ရီက အာရုံကို သေချာစုစည်းတယ်၊ သူ့ရဲ့ ဦးတည်ရာနေရာပေါ် စုစည်းထားတယ်။ အဲဒါ ဟော့ဂ်စ်မိဒ်ရွာ။ သူ မျက်စိမှိတ်လိုက်တယ်၊ ဒမ်ဘလီဒိုးလက်ကို တင်းတင်းဆုပ်ထားတယ်၊ ချက်ချင်းပဲ ကြောက်စရာဖိညှစ်တဲ့ခံစားချက်ထဲ ရောက်သွားတယ်။

မျက်စိမဖွင့်ရသေးခင်မှာပဲ သူအောင်မြင်သွားတာ သိတယ်။ ပင်လယ်ရေနဲ့ ပင်လယ်ညှီနံ့တွေ ပျောက်ကုန်ပြီ။ သူနဲ့ ဒမ်ဘလီဒိုးဟာ ဟော့ဂ်စ်မိဒ်ရွာရဲ့ မှောင်မည်းတဲ့လမ်းမပေါ် ရပ်နေတယ်၊ တစ်ကိုယ်လုံး တုန်နေတယ်၊ အဝတ်တွေ ရေစက်ကျနေတယ်။ လှစ်ခနဲ၊ ဟယ်ရီဟာ အလောင်းကောင်တွေ ကုန်ဆိုင်တချို့ဘေးက ထွက်လာပြီး သူတို့ဆီ တစ်လှမ်းချင်းတိုးလာတယ်လို့ ထင်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ မျက်တောင်ခတ်လိုက်တော့ ဘာမှမရှိတာ တွေ့ရတယ်။ ပတ်ဝန်းကျင်မှာ ငြိမ်သက်နေတယ်။ ညအမှောင်က အလွန်နက်ရှိုင်းတယ်၊ လမ်းမီးတချို့နဲ့ အပေါ်ထပ်က လင်းနေတဲ့ ပြတင်းတချို့ပဲ မြင်ရတယ်။

"ကျွန်တော်တို့ အောင်မြင်ပြီ၊ ပါမောက္ခ" ဟယ်ရီက အများကြီး အားထုတ်ပြီး အသံနိမ့်နိမ့်ပြောတယ်။ သူ့ရင်ဘတ်တွေ မီးလောင်သလို ပူစပ်နေတာ သူ ရုတ်တရက် ခံစားရတယ်။ "ကျွန်တော်တို့ အောင်မြင်ပြီ၊ ကျွန်တော်တို့ ဝိညာဉ်ပစ္စည်းကို ရပြီ"

ဒမ်ဘလီဒိုးက ဟိုဒီယိမ်းယိုင်ပြီး သူ့ကိုယ်ပေါ် လာတိုက်တယ်။ သူ ရုပ်ရွေ့ပြောင်းရုပ်ပေါ်တာ သိပ်မကျွမ်းသေးလို့ ဒမ်ဘလီဒိုး ဟန်ချက်မရတာလို့ သူ အစက ထင်တယ်၊ ဆက်လက်ပြီး သူ ဒမ်ဘလီဒိုးမျက်နှာကို မြင်ရတယ်။ အဝေးဆီက လမ်းမီးရောင်မှာ၊ ဒီမျက်နှာဟာ ဘယ်တုန်းကထက်မဆို ဖြူရော်ပြီး စိတ်ဓာတ်လျော့ကျနေတာ သူ မြင်တွေ့ရတယ်။

"ဆရာ၊ ဘာဖြစ်သလဲ"

"အရင်ကလောက် မကောင်းတော့ဘူး" ဒမ်ဘလီဒိုးက ချည့်နဲ့စွာ ပြောတယ်၊ သူ့ပါးစပ် အကြောဆွဲနေတယ်။ "အဲဒီဆေးရည် . . . . ကျန်းမာရေး သောက်စရာတော့ မဟုတ်ဘူး . . . ."

ဟယ်ရီ အကြီးအကျယ် ထိတ်လန့်ရတာကတော့၊ ဒမ်ဘလီဒိုးဟာ ချက်ချင်း မြေကြီးပေါ် ပြိုကျသွားတာပဲ။

"ဆရာ — ကိစ္စမရှိတော့ဘူး၊ ဆရာ၊ သင် ချက်ချင်းကောင်းသွားမှာပါ၊ မစိုးရိမ်ပါနဲ့ —"

သူဟာ ပူပင်စွာနဲ့ ဟိုဒီကြည့်တယ်၊ ကူညီမယ့်လူကို ကြည့်တယ်။ ဒါပေမယ့် လူရိပ်တောင် မမြင်ရဘူး။ ဒမ်ဘလီဒိုးကို ဆေးရုံအမြန်ပို့ရမယ် ဆိုတာပဲ သူသိတယ်။

"ကျွန်တော်တို့ သင့်ကို ကျောင်းပြန်ပို့ရမယ်၊ ဆရာ . . . . မဒမ် ဖွမ်ဖရေ . . . ."

"ဟင့်အင်း" ဒမ်ဘလီဒိုးက ပြောတယ်။ "ကျုပ်လိုအပ်တာက . . . . ပါမောက္ခစနိတ်ပ် . . . . ဒါပေမယ့် ကျုပ်ထင်တယ် . . . . ကျုပ် သိပ်သွားနိုင်မှာ မဟုတ်ဘူး . . . ."

"ကောင်းပြီ — ဆရာ၊ ကျွန်တော်ပြောတာ နားထောင်ပါ —



ကျွန်တော် အိမ်တစ်အိမ်ကို တံခါးသွားခေါက်မယ်၊ နေရာတစ်ခုရှာပြီး သင့်ကို ထားမယ် — ဒီနောက် ကျွန်တော် မဒမ်ဖွမ်ဖရေ —"

"ဆီးဗရတ်စ်" ဒမ်ဘလီဒိုးက ရှင်းလင်းစွာ ပြောတယ်။ "ကျုပ် ဆီးဗရတ်စ်ကို လိုအပ်တယ် . . . ."

"ကောင်းပြီ၊ စနိတ်ပ် — ဒါပေမယ့် ကျွန်တော် သင့်ဆီက ခဏခွဲသွားရမယ်၊ သွားပြီ —"

သို့ပေမယ့် ဟယ်ရီမသွားရခင်မှာပဲ၊ ခြေသံကြားရတယ်။ သူ့ရင်တွေ ဝမ်းသာသလို ခုန်လာတယ်။ လူတွေ့ပြီ၊ သူတို့ အကူအညီလိုတာ လူသိသွားပြီ — သူ လှည့်ကြည့်တယ်၊ မဒမ်ရို့စ်မာထာက မှောင်မည်းတဲ့လမ်းကနေ သူတို့ဆီ ပြေးလာတယ်။ အမွေးဖွားဒေါက်မြင့် ကွင်းထိုးဖိနပ် စီးထားတယ်၊ မီးနဂါးအရုပ်ထိုးထားတဲ့ ပိုးညဝတ်အင်္ကျီ ဝတ်ဆင်ထားတယ်။

"ကျွန်မ ခုနက အိမ်ခန်းပြတင်းလိုက်ကာ ဆွဲပိတ်တော့ သင်တို့ ရုပ်ရွေ့ပြောင်းရုပ်ပေါ်လာတာ မြင်ရတယ်။ တော်ပါသေးတယ်၊ တော်ပါသေးတယ်၊ ကိုယ် ဘာလုပ်ရမှန်း — ဟင်၊ အောဘတ်စ် ဒါ ဘာဖြစ်တာလဲ"

သူမဟာ ခြေလှမ်းရပ်လိုက်ပြီး မျက်လုံးကြီး ပြူးကာ ဒမ်ဘလီဒိုးကို ငုံ့ကြည့်နေတယ်။

"သူ ဒဏ်ရာရတယ်" ဟယ်ရီက ပြောတယ်။ "မဒမ်ရို့စ်မာထာ၊ သူ့ကို တံမြက်စည်းသုံးလက်ထဲမှာ ခဏနေခွင့်ပေးမလား၊ ကျွန်တော် ကျောင်းကို လူသွားခေါ်မယ်"

"မင်းတစ်ယောက်တည်း ပြန်သွားလို့မရဘူး၊ မင်း မတွေ့ဘူး — မင်း မမြင်ဘူးလား —"

"ကျေးဇူးပြုပြီး သူ့ကို ဝိုင်းထူပေးပါ" ဟယ်ရီက သူမ ပြောတာ နားမထောင်ဘူး၊ သူမကို ပြောဖို့ပဲသိတယ်။ "ကျွန်တော်တို့ သူ့ကို အတွင်းပို့လို့ ရ —"

"ဘာဖြစ်သလဲ" ဒမ်ဘလီဒိုးက မေးတယ်။ "ရို့စ်မာထာ၊ ဘယ်လို ဖြစ်သလဲ"

"မှော် — မှော်နက်အမှတ်အသား၊ အောဘတ်စ်"

သူမဟာ ဟော့ဂ်ဝပ်ဆီက မိုးပေါ်ကို လက်ညှိုးထိုးပြတယ်။ ဒီစကား

www.burmeseclassic.com



လုံးတွေကို ဟယ်ရီကြားတော့ ရင်ထဲမှာ ထိတ်လန့်သွားတယ် . . . . သူ လှည့်ကြည့်လိုက်တယ်။

အဲဒါ ဟိုမှာရှိနေတယ်၊ ကျောင်းအထက်မှာ လွင့်တည်နေတယ်။ မှုတ်စိစုံးအောင်စိမ်းတဲ့ အရိုးစု၊ ပါးစပ်ထဲမှာ လျှာထုတ်နေတဲ့ မြွေခေါင်း။ ဒက်အီတာတွေ အဆောက်အဦတစ်ခုခုကို အတင်းဝင်ရင် . . . . ဘယ်နေရာမဆို လူသတ်ခဲ့ရင် . . . . ဒီအမှတ်အသား ထားရစ်ခဲ့တယ် . . . .

"အဲဒါ ဘယ်တုန်းက ပေါ်လာတာလဲ" ဒမ်ဘာလီဒိုးက မေးတယ်၊ ရှန်းပြီး ထလိုက်တယ်၊ သူ့လက်က ဟယ်ရီ့ပခုံးကို နာနေအောင် ကိုင်ထားတယ်။

"မိနစ်အနည်းငယ်ကပဲ ဖြစ်မယ်၊ ကျွန်မ ကြောင်ကို လွှတ်လိုက်တုန်းက အဲဒါမရှိသေးဘူး၊ ဒါပေမယ့် ကျွန်မအပေါ်ထပ်တက်တော့ —— "

"ကျုပ်တို့ ရဲတိုက်ကို ချက်ချင်းပြန်ရမယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ "ရိုမာထာ" သူဟာ ခြေလှမ်းတွေ ယိမ်းယိုင်နေသေးပေမယ့် အခြေအနေကို လက်ဦးမှုရှိရှိ စတင်ချုပ်ကိုင်လာသလိုပဲ။ "ကျုပ်တို့ ခရီးသွားကိရိယာလိုတယ် —— မိုးပျံတံမြက်စည်း —— "

"ကျွန်မ ဘားနောက်ဘက်မှာ နှစ်လက်ရှိတယ်" ရိုစ်မာထာက ပြောတယ်။ သိပ်လန့်နေသလိုပဲ။ "ကျွန်မ ပြေးယူလိုက်ရမလား —— "

"ဟင့်အင်း၊ ဟယ်ရီ လုပ်နိုင်တယ်"

ဟယ်ရီက ချက်ချင်း မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။

"ရိုစ်မာထာရဲ့ တံမြက်စည်း ပျံလာခဲ့"

တစ်စက္ကန့်ကြာတော့ ဒိုင်းခနဲ အသံကြီးကို သူတို့ ကြားရတယ်။ ဘားဆိုင်ရှေ့တံခါး တိုက်ဖွင့်ခံရတယ်။ တံမြက်စည်းနှစ်လက်ဟာ တရှူးရှူးနဲ့ လမ်းပေါ် ပျံလာတယ်၊ ဟယ်ရီ့အနားကို အပြိုင်အဆိုင် ရောက်လာတယ်။ ဒီနောက် ရုတ်တရက် ခါးလောက်အမြင့်မှာ ရပ်သွားပြီး အသာလေး တုန်ခါနေတယ်။

"ရိုစ်မာထာ၊ မှော်ဝန်ကြီးဌာနကို သတင်းပို့ပေးပါ" ဒမ်ဘာလီဒိုးက ပြောပြီး သူနဲ့နီးတဲ့ တံမြက်စည်းကို တက်စီးတယ်၊ "ဟော့ဂ်ဝပ်အတွင်းကလူတွေ မြသေနာဖြစ်တာ သိချင်မှသိဦးမှာ . . . . ဟယ်ရီ၊ မင်း ကိုယ်ဖျောက်ဝတ်ရုံကို ခြုံလိုက်"

ဟယ်ရီက အိတ်ကပ်ထဲကနေ ကိုယ်ဖျောက်ဝတ်ရုံကို ထုတ်ပြီး ကိုယ်ပေါ် ခြုံလိုက်တယ်၊ ဒီနောက် မိမိတံမြက်စည်းကို စီးတယ်။ ဟယ်ရီနဲ့ ဒမ်ဘာလီဒိုး



တို့ မြေပြင်ကို ကန်လိုက်ပြီး မိုးပေါ် ပျံတက်တော့ မဒမ်ရိုစ်မာထာ ယိမ်းယိုင်နဲ့ သူမဘားဆီ ပြေးသွားတယ်။ တံမြက်စည်းနှစ်လက်ဟာ ရဲတိုက်ဆီ အလျင်အမြန် ပျံသွားတယ်။ ဟယ်ရီက ဒမ်ဘာလီဒိုးကို စောင်းငဲ့ကြည့်တယ်၊ သူ မတော်လို့ပြုတ်ကျရင် ဖမ်းဆွဲဖို့လုပ်တယ်။ မထင်မှတ်ပဲ မှော်နက်အမှတ်အသား ထွက်ပေါ်ခြင်းက ဒမ်ဘာလီဒိုးကို စိတ်ကြွအောင် စွမ်းဆောင်ပေးလိုက်သလိုပဲ။ သူဟာ တံမြက်စည်းပေါ် ဝပ်ပြီး မှော်နက်အမှတ်အသားကို စိုက်ကြည့်နေတယ်၊ ငွေရောင်ဆံပင်နဲ့ မုတ်ဆိတ်ရှည်ရှည်ဟာ သူ့နောက်ဘက် ညကောင်းကင်မှာ လွင့်နေတယ်။ ဟယ်ရီလည်း ဟိုအရိုးစုဆီ လှမ်းကြည့်တယ်။ ထိတ်လန့်ခြင်းဟာ လေပူဖောင်းလို ပွလာတယ်။ သူ့အဆုတ်ကို ဖိညှစ်နေတယ်၊ သူဟာ တခြား နေမကောင်းတာတွေကို စဉ်းစားဖို့ စိတ်လုံးဝမရှိတော့ဘူး . . . .

သူတို့ ဘယ်လောက်ကြာကြာ သွားခဲ့သလဲ။ ရွန်၊ ဟာမီးနဲ့ ဂျင်နီတို့ရဲ့ ကောင်းတဲ့ကံ သုံးလို့ကုန်ပြီလား။ သူတို့ထဲက တစ်ယောက်ယောက်ကြောင့် မှော်နက်အမှတ်အသား ထွက်ပေါ်လာတာလား။ ဒါမှမဟုတ် နီဗီး၊ လူနာ၊ ဒါမှမဟုတ် DA ထဲက တစ်ယောက်ယောက် ? တကယ်လို့ ဒီလိုဖြစ်ခဲ့ရင် . . . . သူက သူတို့ကို စင်္ကြံထဲမှာ ကင်းလှည့်ခိုင်းထားတာ၊ သူက သူတို့ကို လုံခြုံတဲ့ခုတင်ကို ခွဲခွာခိုင်းတာ . . . . သူဟာ သူငယ်ချင်းတစ်ယောက် သေခြင်းအတွက် တာဝန်ယူရဦးမှာလား။

သူတို့ဟာ စောစောက လျှောက်သွားခဲ့တဲ့ မှောင်မည်းတဲ့၊ ကွေ့ကောက်တဲ့ လမ်းကလေးတွေပေါ်က ပျံသွားတယ်။ ညလေဟာ ဟယ်ရီ့နားနားက ခေါ်ဟစ်ပြီး ဖြတ်သွားတယ်၊ ဒီအသံတွေအပြင်၊ ဒမ်ဘာလီဒိုးဟာ ထူးဆန်းတဲ့ ဘာသာစကားတစ်မျိုးနဲ့ တိုးတိုးလေး ဘာတွေပြောနေမှန်းမသိတာ သူ ကြားရတယ်။ သူတို့ဟာ ခြံစည်းရိုးကို ဖြတ်ပျံပြီး ကျောင်းကွင်းထဲ ရောက်လာတယ်။ သူ့တံမြက်စည်း တုန်ခါသွားတယ်၊ ဒီလိုဖြစ်ရတဲ့အကြောင်းကို ဟယ်ရီ သိတယ်။ အဲဒါကတော့၊ ဒမ်ဘာလီဒိုးဟာ သူကိုယ်တိုင် ချမှတ်ထားတဲ့ ရဲတိုက်ပတ်ဝန်းကျင်က မှော်ပညာတွေကို ဖြည်ပစ်နေတာ၊ ဒီလိုမှ သူတို့ကျောင်းထဲကို အလျင်အမြန် ဝင်ရမှာ။ မှော်နက်အမှတ်အသားဟာ ရဲတိုက်ရဲ့အမြင့်ဆုံးနေရာမှာ —— နက္ခတ္တဗေဒမျှော်စင်အထက် မိုးပေါ်မှာ လက်နေတယ်။ သေခြင်းဟာ အဲဒီမှာ ဖြစ်ပွားတယ်ဆိုတဲ့ အဓိပ္ပာယ်များလား။

ဒမ်ဘာလီဒိုးဟာ လွှသွားကြမ်းကြမ်းသဏ္ဍာန် ရဲတိုက်ခြံစည်းရိုးကို

www.burmeseclassic.com



ဖြတ်သွားပြီး တံမြက်စည်းပေါ်က ဆင်းလာပြီ။ စက္ကန့်အနည်းငယ်ကြာတော့ ဟယ်ရီ သူ့အနားကို သက်ဆင်းလာတယ်၊ ဘေးဘီကို ကြည့်နေတယ်။

ခြံစည်းရိုးထဲမှာ စွန့်ပစ်ထားသလို ဖြစ်နေတယ်၊ ရဲတိုက်ထဲကို ပေါက်တဲ့ လည်ပတ်လှေကားတံခါးတွေ ပိတ်ထားတယ်။ ပတ်ဝန်းကျင်မှာ တိုက်ခိုက်သတ်ပုတ်တာ၊ တအားခုခံတဲ့ ခြေရာလက်ရာ မတွေ့ရဘူး၊ အလောင်းလည်း မတွေ့ရဘူး။

"ဒါ ဘာအဓိပ္ပာယ်လဲ" ဟယ်ရီက ဒမ်ဘယ်လ်ဒိုးကို မေးတယ်၊ သူဟာ မိုးပေါ်က အရိုးစုကို မော့ကြည့်တယ်၊ မြွေလျှာထုတ်နေသလို လျှာဟာ သူတို့ ခေါင်းပေါ်မှာ ဆိုးရွားတဲ့အရောင် လက်နေတယ်။ "ဒီအမှတ်အသားက အစစ်လား၊ တကယ်ပဲ အသတ်ခံရ — ပါမောက္ခ ?"

မှော်နက်အမှတ်အသားက ထွက်နေတဲ့ မှုန်မှိုင်းတဲ့ အစိမ်းရောင်အလင်းရောင်နဲ့၊ ဟယ်ရီဟာ ဒမ်ဘယ်လ်ဒိုးက မည်းခြောက်နေတဲ့လက်နဲ့ ရင်ဝကို ဆုပ်ကိုင်ထားတာ တွေ့ရတယ်။

"ဆီးဗရက်စ်ကို သွားနှိုး" ဒမ်ဘယ်လ်ဒိုးဟာ အားအင်ချည့်နဲ့စွာနဲ့၊ သို့ပေမယ့် အလွန်ရှင်းလင်းစွာ ပြောတယ်။ "သူ့ကို ဘာဖြစ်တယ်ဆိုတာ ပြောပြ၊ ကျုပ်ကို အမြန်လာတွေ့ဖို့ ပြော။ ဒါ့အပြင်၊ ဘာမှမလုပ်နဲ့၊ ဘယ်သူနဲ့မှ စကားမပြောနဲ့၊ ကိုယ်ပျောက်ဝတ်ရုံကိုလဲ မချွတ်နဲ့။ ကျုပ် ဒီမှာစောင့်နေမယ်"

"ဒါပေမယ့် —"

"မင်း ကျုပ်ကို နာခံမယ်လို့ ကတိပေးထားတယ်၊ ဟယ်ရီ — မြန်မြန်သွား"

ဟယ်ရီက လည်ပတ်လှေကားတံခါးဆီ အမြန်ပြေးသွားတယ်၊ သူ တံခါးသံကွင်းကို ကိုင်လိုက်ရုံရှိသေးတယ်၊ ဟိုတစ်ဖက်က ပြေးလွှားသံ ကြားရတယ်၊ သူက ဒမ်ဘယ်လ်ဒိုးကို လှည့်ကြည့်တယ်၊ ဒမ်ဘယ်လ်ဒိုးက သူ့ကို နောက်ဆုတ်ဖို့ ပြတယ်။ ဟယ်ရီ နောက်ကို ခြေလှမ်းအနည်းငယ် ဆုတ်လိုက်တယ်၊ မိမိမှော်ကြိမ်လုံးကိုလည်း ဆွဲထုတ်လိုက်တယ်။

တံခါး ရုတ်တရက် တွန်းဖွင့်ခံရတယ်၊ လူတစ်ယောက် ပြေးဝင်လာတယ်၊ တစ်ချိန်တည်းမှာ "လက်နက်ပြုတ်စေ" လို့ အော်ပြောတယ်။

ဟယ်ရီ့ကိုယ်ဟာ ရုတ်တရက် မာတောင့်သွားတယ်။ သူဟာ ဂယိမ်းသလိုနဲ့ အိမ်ချွန်ရင်တားစည်းရိုးဆီ ဆုတ်လာတယ်လို့ သူ ခံစားရတယ်၊ ရုပ်ထု



တစ်ခုလို အဲဒီမှာ ရပ်နေတယ်၊ တစ်ကိုယ်လုံး လှုပ်လို့မရဘူး၊ စကားလည်း ပြောလို့မရဘူး။ ဒါဘာကြောင့်ဆိုတာ သူ နားမလည်ဘူး — "လက်နက်ပြုတ်စေ" ဟာ ရေခဲကျိန်စာ မဟုတ်ဘူးလေ —

ဒီအချိန်မှာ၊ မှော်နက်အမှတ်အသား အလင်းရောင်အစိမ်းအရောင်နဲ့ သူဟာ ဒမ်ဘယ်လ်ဒိုးမှော်ကြိမ်လုံး မိုးပေါ်မှာ မြင်းခုံးဆွဲသွားပြီး ရင်တားစည်းရိုး အပြင်ဘက် ကျသွားတာ မြင်ရတယ်၊ သူ သိပြီ . . . . ဒမ်ဘယ်လ်ဒိုးက အသံမဲ့ဂါထာနဲ့ ဟယ်ရီ့ကို ချုပ်ထားတာ။ သူ ဒီဂါထာရွတ်ဆိုတဲ့ တစ်စက္ကန့်အချိန်ကုန်တာဟာ မိမိကိုယ်မိမိ ကာကွယ်ဖို့ အခွင့်အရေး ဆုံးရှုံးသွားတယ်။

ဒမ်ဘယ်လ်ဒိုးဟာ ရင်တားကိုမှီပြီး ရပ်နေတယ်၊ မျက်နှာဖြူရော်နေတယ်။ ဒါပေမယ့် တုန်လှုပ်ခြင်းနဲ့ ပူပန်ခြင်း လုံးဝမဖော်ပြဘူး။ သူဟာ သူ့လက်နက်ကို ဖြုတ်လိုက်တဲ့ လူကိုပဲ ကြည့်နေတယ်၊ သူက ပြောတယ်။ "မင်္ဂလာညချမ်းပါ၊ ဒရာကို"

မော်ဖိုင်က ရှေ့ကို နည်းနည်းတိုးလာတယ်၊ ဘေးဘီကို အလျင်အမြန် အကဲခတ်လိုက်တယ်။ သူနဲ့ ဒမ်ဘယ်လ်ဒိုးအပြင် တခြားလူရှိသေးလားလို့ ကြည့်တယ်။ သူ့အကြည့်ဟာ ဒုတိယတံမြက်စည်းပေါ် ကျရောက်သွားတယ်။

"ဒီမှာ ဘယ်သူရှိသေးလဲ"

"ကျုပ် မင်းကို ဒီမေးခွန်းမေးမလို့ပဲ။ မင်းက တစ်ယောက်တည်း အထီးတည်း လှုပ်ရှားနေတာလား"

မှော်နက်အမှတ်အသား အစိမ်းရောင်အလင်းရောင်အောက်မှာ၊ မော်ဖိုင်ရဲ့ အရောင်ဖျော့ဖျော့မျက်လုံးဟာ ဒမ်ဘယ်လ်ဒိုးကို စိုက်ကြည့်နေတာ ဟယ်ရီ တွေ့ရတယ်။

"မဟုတ်ဘူး" သူက ပြောတယ်၊ "ကျွန်တော့်ကို ထောက်ခံတဲ့လူ ရှိတယ်။ ဒီည ဒက်အီတာတွေ ခင်ဗျားကျောင်းထဲ ဝင်လာတယ်"

"ကောင်းတယ်၊ ကောင်းတယ်" ဒမ်ဘယ်လ်ဒိုးက ပြောတယ်၊ မော်ဖိုင်က သူ့ကို အလွန်တက်ကြွစရာ အိမ်စာစီမံကိန်းပြလိုက်သလိုပဲ။ "တကယ်ပဲ မဆိုးဘူး။ မင်းက သူတို့ကို ဝင်လာဖို့ ကြံစည်လုပ်ကိုင်ခဲ့တယ်၊ ဟုတ်လား"

"ဟုတ်တယ်" မော်ဖိုင်က ပြောတယ်၊ သူ့အသက်ရှူသံက နည်းနည်းမြန်နေတယ်။ "ခင်ဗျားမျက်စိအောက်မှာပဲ၊ ခင်ဗျား မတွေ့ခဲ့ဘူး"

"သိပ်ထိုးထွင်းဖန်တီးမှုရှိတယ်" ဒမ်ဘယ်လ်ဒိုးက ပြောတယ်။ "ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



မည့် . . . . ခွင့်လွှတ်ပါ . . . . သူတို့ အခု ဘယ်မှာလဲ၊ မင်းက အထီးတည်းလို့ပဲ"

"သူတို့ ခင်ဗျားကိုယ်ရံတချို့နဲ့ တွေ့နေတယ်၊ အောက်မှာ သတ်ပုတ်နေကြတယ်။ သိပ်ကြာမှာမဟုတ်ပါဘူး . . . . ကျွန်တော် အရင်တက်လာတာ။ ကျွန်တော် —— ကျွန်တော် အလုပ်တစ်ခုကို ပြီးမြောက်အောင် လုပ်ရမယ်"

"ကောင်းပြီ၊ ဒါဆို မင်းလုပ်တော့လေ၊ ချစ်လှစွာသော ကောင်လေး" ဒမ်ဘယ်လီဒိုးက သိမ်မွေ့စွာ ပြောတယ်။

ငြိမ်သက်ခြင်း။ ဟယ်ရီဟာ မိမိရဲ့ကိုယ်ပျောက်ဝတ်ရုံအောက်မှာ ချုပ်ထားခံနေရတယ်၊ လှုပ်လို့ မရဘူး။ သူဟာ သူ့ရှေ့ကလူနှစ်ယောက်ကို ကြည့်နေတယ်၊ အဝေးရှိ ဒက်အီတာတွေ တိုက်ခိုက်တဲ့အသံကို နားစွင့်နေတယ်။ သူ့ရှေ့မှာ၊ ဍရာခို-မော်ဖိုင်ဟာ ဒမ်ဘယ်လီဒိုးကို ငိုင်ပြီးကြည့်နေတယ်။ ဒမ်ဘယ်လီဒိုးကတော့ နားမလည်နိုင်စရာ ရယ်လာတယ်။

"ဍရာခို၊ ဍရာခို၊ မင်းဟာ လူသတ်တဲ့လူ မဟုတ်ဘူး"

"ခင်ဗျား ဘယ်လိုလုပ်သိလဲ" မော်ဖိုင်က ချက်ချင်းမေးတယ်။

သူဟာ ဒီစကား ဘယ်လောက်ကလေးဆန်တယ်ဆိုတာ သိတယ်။ မော်နက်အမှတ်အသား အစိမ်းရောင်အလင်းရောင်အောက်မှာ၊ သူ့မျက်နှာ နီသွားတာ ဟယ်ရီ မြင်ရတယ်။

"ခင်ဗျားက ကျွန်တော့်စွမ်းဆောင်နိုင်မှုကို မသိဘူး" မော်ဖိုင်က ပြောတယ်။ လေသံက အလွန်ရက်စက်လာတယ်။ "ကျွန်တော် ဘာတွေလုပ်တယ်ဆိုတာ ခင်ဗျား မသိဘူး"

"အိုး၊ ကျုပ်သိတာပေါ့" ဒမ်ဘယ်လီဒိုးက သိမ်မွေ့စွာ ပြောတယ်။ "မင်း ခက်ထီ-ဘဲနဲ့ ရွန်-ဝယ်စလီကို သေအောင်သတ်ဖို့ နည်းနည်းလိုတယ်။ ဒီတစ်နှစ်လုံး မင်းဟာ ကျုပ်ကိုသတ်ဖို့ ကြိုးစားနေတယ်၊ ပြီးတော့ ပိုပိုပြီး လောလာတယ်။ ကျုပ် ဒီလိုပြောတာ ခွင့်လွှတ်ပါ၊ ဍရာခို။ ဒါပေမယ့် မင်းလုပ်ပုံက သိပ်ထိုင်းလွန်းတယ် . . . . အမှန်ပြောရရင်၊ တကယ်ပဲ ထိုင်းအလွန်းတယ်၊ မင်းစိတ်ဝင်စားစွာ လုပ်သလားဆိုတာ ကျုပ် သံသယဖြစ်မိတယ် . . . ."

"ကျွန်တော် စိတ်ဝင်စားစွာ လုပ်တာပေါ့" မော်ဖိုင်က စိတ်လှုပ်ရှားစွာ ပြောတယ်၊ "ကျွန်တော် တစ်နှစ်လုံးလုံး ဒီကိစ္စနဲ့ အလုပ်ရှုပ်နေတယ်၊ ဒီည



အောက်ဘက် ရဲတိုက်ထဲက တစ်နေရာရာက အော်ဟစ်သံအုပ်အုပ်ကို ကြားရတယ်။ မော်ဖိုင် ကြောင်သွားပြီး လှည့်ကြည့်တယ်။

"လူတွေ ကြိုးစားခုခံနေတယ်" ဒမ်ဘယ်လီဒိုးက သဘောကောင်းစွာ ပြောတယ်။ "မင်း ခုနက ပြောတာ . . . . ဟုတ်ပြီ၊ မင်းက ဒက်အီတာတွေကို ကျုပ်ကျောင်းထဲ ဝင်နိုင်အောင်လုပ်တာ အောင်မြင်သွားတယ်လို့ ပြောတယ်။ ကျုပ်ဝန်ခံတယ်၊ အစက ဒါမဖြစ်နိုင်ဘူးလို့ ကျုပ်ထင်တာ . . . . မင်း ဘယ်လိုလုပ်လို့ ရတာလဲ"

ဒါပေမယ့် မော်ဖိုင် မဖြေဘူး၊ သူက အောက်ဘက်က အသံကိုပဲ နားထောင်နေတယ်၊ ဟယ်ရီလိုပဲ ချုပ်ထားခံနေရပြီး မလှုပ်နိုင်သလို ဖြစ်နေတယ်။

"မင်းတစ်ယောက်တည်းပဲ၊ လုပ်စရာရှိတာ လုပ်လိုက်ဖို့ သင့်တယ်ထင်တယ်" ဒမ်ဘယ်လီဒိုးက သူ့ကို အကြံပေးပြောတယ်။ "တကယ်လို့ မင်းအကူဟာ ကျုပ်ကိုယ်ရံတွေ အနိုင်တိုက်ပစ်လိုက်ရင်ကော ? မင်းလဲတွေ့ပြီထင်တယ်၊ ဒီည ဒီမှာ ဖီးနစ်အဖွဲ့ကလူတွေလဲ ရှိတယ်။ မင်းဟာ အကူအညီမှ မလိုတာ . . . . ကျုပ် အခု မှော်ကြိမ်လုံးမရှိဘူး . . . . ကိုယ့်ကိုကိုယ် မကာကွယ်နိုင်ဘူး"

မော်ဖိုင်က သူ့ကို ငိုင်ကြည့်နေတယ်။

"ကျုပ်သိပြီ" ဒမ်ဘယ်လီဒိုးက မော်ဖိုင်ဟာ လှုပ်လည်းမလှုပ်ရှားဘူး၊ စကားလည်း မပြောတာမြင်တော့၊ သိမ်မွေ့စွာ သူ့ကို ပြောတယ်။ "မင်း သိပ်ကြောက်တယ်၊ သူတို့တက်လာမှ လုပ်မယ် !"

"ကျွန်တော် ဘယ်ကြောက်မလဲ" မော်ဖိုင်က ဆိုးရွားစွာ အော်ဟစ်ပြောတယ်။ ဒါပေမယ့် သူဟာ ဒမ်ဘယ်လီဒိုးကို ဘာမှမလုပ်ပဲ နေတယ်။ "ကြောက်တာက ခင်ဗျားဖြစ်ရမှာ"

"ဒါ ဘာကြောင့်လဲ။ မင်း ကျုပ်ကို မသတ်ဘူးလို့ ကျုပ်ထင်တယ်၊ ဍရာခို။ လူသတ်တာဟာ လူတွေထင်သလို မလွယ်ပါဘူး . . . . ကောင်းပြီ၊ ကျုပ်တို့ မင်းမိတ်ဆွေတွေ စောင့်နေတဲ့အချိန်လေးမှာ၊ မင်း ကျုပ်ကို ပြောစမ်း . . . . မင်းက သူတို့ကို ဘယ်လိုလုပ် ခိုးသွင်းတာလဲ။ မင်း အချိန်တွေ အများကြီး ကုန်ခံပြီးမှ ဒီနည်းကို တွေးလို့ရသလိုပဲ"

မော်ဖိုင်ဟာ မိမိကိုယ်မိမိ ချုပ်တည်းနေသလိုပဲ၊ အော်ခြင်း၊ အန်ခြင်း မဖြစ်အောင် ထိန်းနေသလိုပဲ။ သူက တံတွေးမျိုလိုက်တယ်၊ အသက်ပြင်းပြင်း

www.burmeseclassic.com

www.burmeseclassic.com



တချို့ ရှုလိုက်တယ်။ မျက်စိက ဒမ်ဘာလီဒိုးကို စိုက်ကြည့်နေတယ်၊ မှော်ကြိမ်လုံးက ဒမ်ဘာလီဒိုးရင်ဘတ်ကို ချိန်ထားတယ်။ ဒီနောက်၊ သူဟာ မထိန်းနိုင်သလို ပြောတယ်။ "ကျွန်တော်ဟာ မတတ်သာပဲ နှစ်ပေါင်းများစွာ ပစ်ထားတဲ့ ပျောက်ဆုံးဒီရိုအစုတ်ကို မြင်ရတယ်။ အဲဒါ မနှစ်က မွန်ထပ် အထဲမှာ ပိတ်မိနေတဲ့ ဒီရို"

"အား —"

ဒမ်ဘာလီဒိုး သက်ပြင်းချတာ ညည်းညူလိုက်သလိုပဲ။ သူ မျက်စိ ခဏမှိတ်ထားတယ်။

"သိပ်ညာဏ်ရှိတဲ့အကြံ ....နှစ်ခုရှိတယ်လို့ ကျုပ် မှတ်မိတယ်၊ ဟုတ်လား"

"တခြားတစ်ခုက ဘော်ဂင်နဲ့ ဘတ်ခ်စ်မှာ" မော်ဖိုင်က ပြောတယ်။ "သူတို့ဟာ ဒီရိုနှစ်ခုအကြား လမ်းလုပ်လိုက်တယ်။ မွန်ထပ်က ကျွန်တော့်ကို ပြောပြတယ်၊ သူ ဟော့ဂ်ဝပ်က ဒီရိုထဲ ပိတ်မိပြီး လှုပ်လို့မရဖြစ်နေတယ်၊ ဒါပေမယ့် တစ်ခါတလေ ကျောင်းကအသံကြားရတယ်၊ တစ်ခါတလေကျတော့ ကုန်ဆိုင် မှာ ဖြစ်တဲ့ကိစ္စကို ကြားရတယ်တဲ့။ ဒီရိုဟာ ဒီနေရာနှစ်ခုကြားမှာ ဟိုပြေးဒီပြေး လုပ်နေသလိုပဲ၊ ဒါပေမယ့် ဘယ်သူမှ သူ့အသံကို မကြားရဘူး ....နောက်ဆုံးမှာ သူ အောင်မထားပေမယ့် ရုပ်ရွေ့ပြောင်းတဲ့နည်းနဲ့ ထွက်ပြေးလာခဲ့တာ။ သူ ရုပ်ရွေ့ပြောင်းရုပ်ပေါ်တာလုပ်လို့ အသက်တောင် ပါသွားတော့မယ်။ အားလုံးက ဒါဟာ သိပ်ကောင်းတဲ့ပုံပြင်လို့ ထင်တာ။ ကျွန်တော်ကသာ အဲဒီ ထဲက အဓိပ္ပာယ်ကို သိတာ — ဘော်ဂင်တောင် မသိဘူး — ကျွန်တော်ပဲ သိတာ။ ကျွန်တော် ဟိုဒီရိုအစုတ်ကို ပြင်နိုင်ခဲ့ရင်၊ ကွယ်ပျောက်ဒီရိုနှစ်လုံးက တစ်ဆင့်၊ ဟော့ဂ်ဝပ်ကို ဝင်နိုင်ပြီ"

"သိပ်ကောင်းတယ်" ဒမ်ဘာလီဒိုးက ဖွဖွလေးပြောတယ်။ "ဒါဆိုရင် ဒတ်အီတာတွေဟာ ဘော်ဂင်နဲ့ ဘတ်ခ်စ်ကနေ ကျောင်းထဲကို ဝင်လာပြီး မင်းကို ကူညီနိုင်တယ် .... အလွန်ဟန်ကျတဲ့ စီမံကိန်း၊ အလွန်ဟန်ကျတဲ့ စီမံကိန်း .... ပြီးတော့၊ မင်းပြောသလိုပဲ၊ ကျုပ်မျက်စိအောက်မှာ"

"ဟုတ်တယ်" မော်ဖိုင်က ပြောတယ်၊ ထူးဆန်းတာက သူဟာ ဒမ်ဘာလီဒိုး ချီးကျူးတဲ့အတွက် သတ္တိနဲ့ နှစ်သိမ့်မှု ရလိုက်သလိုပဲ။ "ဟုတ်တယ်၊ ဒီအတိုင်းပဲ"



"ဒါပေမယ့် တစ်ခါတလေ" ဒမ်ဘာလီဒိုးက ဆက်ပြောတယ်။ "ဒီရိုကို ပြင်လို့ရမလားဆိုတာ မင်းမသေချာဘူး၊ ဟုတ်လား။ ဒီအချိန်မှာ မင်းဟာ ထိုင်းအတဲ့၊ မြည့်စုံအောင်မစဉ်းစားတဲ့လုပ်ရပ်ကို လုပ်တယ်။ ဥပမာ - ကျုပ်ကို မှော်ကျိန်စာချထားခံရတဲ့ပုတီးကုံး ပို့တယ်၊ စင်စစ်မှာ ၎င်းဟာ သူများလက်ထဲ ကျရောက်မှာ သေချာတယ် .... ပြီးတော့ ပျားအရက်ထဲ အဆိပ်ခတ်တာ၊ စင်စစ်မှာ အဲဒီအရက်ကို ကျုပ်သောက်ဖို့ဆိုဟာ သိပ်ကိုဖြစ်နိုင်ချေ နည်းပါတယ် ...."

"ဟုတ်တယ်၊ ဒါပေမယ့် ဒီကိစ္စတွေကို ဘယ်သူစီစဉ်တယ်ဆိုတာ ခင်ဗျားသိတယ်၊ ဟုတ်လား" မော်ဖိုင်က ကဲ့ရဲ့ပြောတယ်။ အခု ဒမ်ဘာလီဒိုးရဲ့ ကိုယ်ခန္ဓာဟာ ရင်တားကိုမှီရင်း အောက်သို့ နည်းနည်းလျှောကျသွားတယ်၊ သူ့ခြေတွေ အားမရှိတော့ဘူးဆိုတာ သေချာတယ်။ စကားပြောမရတဲ့ ဟယ်ရီဟာ တအားရုန်းကန်တယ်၊ သူ့ကို ချုပ်နှောင်ထားတဲ့ဂါထာက ရုန်းထွက်ချင်တယ်၊ ဒါပေမယ့် မရဘူး။

"စင်စစ်မှာ ကျုပ်အစောကြီးကတည်းက သိပြီ" ဒမ်ဘာလီဒိုးက ပြောတယ်။ "မင်းလုပ်တာလို့ ကျုပ်ယုံတယ်"

"ဒါဆို ခင်ဗျား ဘာဖြစ်လို့ ကျွန်တော့်ကို မတားတာလဲ" မော်ဖိုင်က မေးတယ်။

"ကျုပ်စမ်းကြည့်ဖူးတယ်၊ ဒ္ရာခို။ ပါမောက္ခ စနိတ်ပ်ဟာ ကျုပ်မှာကြားတဲ့အတိုင်း မင်းကို စောင့်ကြည့်နေတယ် —"

"သူက ခင်ဗျားမှာကြားတာ ဘယ်နာခံမှာလဲ၊ သူ ကျွန်တော့်အမေကို ကတိပေးထားတယ် —"

"သူက မင်းကို ဒီလိုပဲပြောမှာပေါ့၊ ဒ္ရာခို၊ ဒါပေမယ့် —"

"သူက နှစ်ဘက်ချွန်၊ ခင်ဗျား ထိုင်းအတဲ့အဘိုးကြီး၊ သူ ခင်ဗျားအတွက် လုံးဝအလုပ်မလုပ်ဘူး၊ ခင်ဗျားက လုပ်တယ်ထင်တာ"

"ကျုပ်တို့ မတူတဲ့အမြင် ထိန်းထားရအောင်၊ ဒ္ရာခို။ ကျုပ်က ပါမောက္ခ စနိတ်ပ်ကို သိပ်ယုံတာဖြစ်နေတယ် —"

"ဟင်း၊ ခင်ဗျား သူ့ကို မချုပ်ကိုင်နိုင်တော့ဘူး" မော်ဖိုင်က ကဲ့ရဲ့ပြောတယ်။ "သူက ကျွန်တော့်ကို ကူညီမယ်ပဲ ပြောနေတယ် — အကျိုးပြုမှုကို အပိုင်စီးချင်လို့ — ဝင်ပြီးတစ်ခုခုလုပ်ချင်တာ — 'မင်း ဘာလုပ်နေလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံတီးကုံးက မင်းလုပ်တာလား။ သိပ်ညံ့ဖျင်းလွန်းတယ်၊ ကိစ္စတွေ ပေါ်ကုန်လိမ့်မယ် —— ' ဒါပေမယ့် ကျွန်တော် သူ့ကို ဟို လိုတာရအခန်းထဲမှာ ဘာလုပ်နေတယ်ဆိုတာ ပြောမပြဘူး။ သူ မနက်ဖြန်မနက် နိုးလာရင် အားလုံး ပြီးဆုံးသွားပြီ၊ သူဟာ မှော်နက်သခင်ကြီးရဲ့အချစ်တော် မဖြစ်တော့ဘူး။ သူ ကျွန်တော်နဲ့စာရင် ဘာမှမဟုတ်ဘူး၊ ဘာမှမဟုတ်ဘူး"

"သိပ်ကျေနပ်နှစ်သိမ့်စရာပဲ" ဒမ်ဘလီဒိုးက သိမ်မွေ့စွာ ပြောတယ်။ "ကျုပ်တို့ဟာ မိမိပင်ပန်းခံ ကြိုးစားတာကို တခြားလူတွေ ဂုဏ်ပြုစေချင်တယ်၊ ဒါက ပြောစရာမလိုဘူး . . . . ဒါပေမယ့် မင်းမှာ အဖော်တစ်ယောက်တော့ ရှိမယ် . . . . ဟော့ဂ်ဝပ်မှာ တစ်ယောက်ရှိမယ်၊ ခက်ထီကို ဟို —— ဟိုပု —— အား . . . ."

ဒမ်ဘလီဒိုး မျက်စိမှိတ်သွားပြန်တယ်၊ ခေါင်းအသာလေး ညိတ်လိုက်တယ်၊ အိပ်ပျော်တော့မယ့်အလားပဲ။

" . . . . အဲဒါ . . . . ရိုစ်မာထာ။ သူမ ဝိညာဉ်လုကျိန်စာမိတာ ဘယ်လောက်ကြာပလဲ"

"ခင်ဗျား သိသွားပြီးပေါ့၊ ဟုတ်လား" မော်ဖိုင်က သရော်ပြောတယ်။

အောက်ဘက်က အော်သံတစ်ချက် ပေါ်လာပြန်တယ်၊ ခုနကထက် ပိုကျယ်တယ်။ မော်ဖိုင်ဟာ စိုးရိမ်စွာနဲ့ လှည့်ကြည့်ပြန်တယ်၊ ဒီနောက် ပြန်လှည့်လာပြီး ဒမ်ဘလီဒိုးကို ကြည့်နေတယ်။ ဒမ်ဘလီဒိုးက ဆက်ပြောတယ်။ "ဒါကြောင့်၊ သနားစရာ ရိုစ်မာထာက သူမအိမ်သာထဲ ပုန်းနေပြီး၊ တစ်ယောက်တည်း အိမ်သာလာတက်တဲ့ ဟော့ဂ်ဝပ်ကျောင်းသူကို ပေးလိုက်တယ် ? ပြီးတော့ အဆိပ်ခတ်ထားတဲ့ ပျားအရက်ပုလင်း . . . . ဒါပေါ့လေ၊ ရိုစ်မာထာဟာ မင်းအစား ဟိုပျားအရက်ထဲကို အဆိပ်ခတ်ပြီး စလပ်ဂ်ဟွန်းကို ရောင်းလိုက်တယ်၊ သူက ခရစ္စမတ်စ်လက်ဆောင်အဖြစ် ကျုပ်ကို ပေးလိမ့်မယ်လို့ ထင်တယ် . . . . ဟုတ်တယ်၊ သိပ်ကျွမ်းကျင်တယ် . . . . သိပ်ကျွမ်းကျင်တယ် . . . . သနားစရာ ဖစ်ချ်ဟာ မဒမ်ရိုစ်မာထာရောင်းတဲ့အရက်ကို စစ်ဆေးမယ်လို့ ဘယ်နည်းနဲ့မှ မတွေးမိဘူး . . . . ဒါဆို မင်း ကျုပ်ကို ပြောပြစမ်းပါဦး၊ ရိုစ်မာထာ ဘယ်လိုဆက်သွယ်သလဲ။ ကျောင်းအဝင်အထွက် ဆက်သွယ်ရေးအားလုံးကို ကျုပ်တို့ တင်းကြပ်စွာ စစ်ဆေးတာပဲ"



"မှော်အကြွေစေ့" မော်ဖိုင်က ပြောတယ်၊ သူကြည့်ရတာ အဆက်မပြတ် ပြောနေဖို့လိုသလိုပဲ၊ သူ့ရဲ့မှော်ကြိမ်လုံး မြှောက်ထားတဲ့လက်ဟာ တအားတုန်နေတယ်။ "ကျွန်တော့်မှာ အကြွေစေ့တစ်စေ့ ရှိတယ်၊ သူမမှာလဲ တစ်စေ့ရှိတယ်၊ ကျွန်တော် သူမကို သတင်းပို့လို့ရတယ် ——"

"မနှစ်က မိမိတို့ဟာသာ 'ဒမ်ဘလီဒိုးတပ်' လို့ ခေါ်တဲ့အဖွဲ့ အသုံးပြုတဲ့ လျှို့ဝှက်ဆက်သွယ်တဲ့နည်း ?" ဒမ်ဘလီဒိုးက မေးတယ်။ ဒါပေမယ့် သူ စကားပြောနေစဉ် ကိုယ်ခန္ဓာဟာ အောက်သို့ တစ်လက်မ လျှောသွားတာ ဟယ်ရီ မြင်ရတယ်။

"ဟုတ်တယ်၊ ကျွန်တော် သူတို့ကို အတုခိုးတာ" မော်ဖိုင်က ရွဲ့ပြုံးပြုံးပြီး ပြောတယ်။ "ပျားအရက်ကို အဆိပ်ခတ်တဲ့အကြံက သွေးဂရန်ဂျာဆီက ကြားတာ။ သူမ စာကြည့်တိုက်မှာ ဖစ်ချ်က ဆေးရည်ကို မခွဲခြားတတ်ဘူးလို့ ပြောတယ် . . . ."

"ကျုပ်ရှေ့မှာ စော်ကားတဲ့သဘောဆောင်တဲ့ ဝေါဟာရကို မသုံးပါနဲ့" ဒမ်ဘလီဒိုးက ပြောတယ်။

မော်ဖိုင်က နားကြားပြင်းကတ်စရာ အော်ရယ်တယ်။

"ခုတွင် ကျွန်တော် ခင်ဗျားအသက်သတ်တော့မှာတောင်၊ ခင်ဗျားက 'သွေး'လို့ ပြောတာကို အရေးလုပ်နေသေးတယ်"

"ဟုတ်တယ်၊ ကျုပ် အရေးလုပ်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။ အခု သူ့ ခြေအစုံဟာ ကြမ်းပေါ်မှာ တစ်ချက်ချော်သွားလို့ မိမိ လဲမကျအောင် အတင်းထိန်းထားတာ ဟယ်ရီ မြင်ရတယ်။ "မင်း ကျုပ်ကို သတ်မယ့်ကိစ္စနဲ့ ပတ်သက်လို့၊ ဒြာခို၊ မိနစ်မနည်းကုန်သွားပြီ။ ကျုပ်တို့နှစ်ယောက်တည်းပဲ ရှိတာ၊ ကျုပ်မှာလဲ အကာအကွယ်မဲ့နေတယ်၊ ဒီလောက်ကောင်းတဲ့ အခွင့်အရေး ရမယ်လို့ မင်းအိပ်မက်ထဲမှာတောင် တွေးမိမှာမဟုတ်ဘူး၊ ဒါပေမယ့် မင်းက မလုပ်သေးဘူး . . . ."

မော်ဖိုင့်နှုတ်ခမ်းဟာ အလိုအလျောက် တွန့်လိမ်နေတယ်၊ အလွန်ခါးတဲ့ အရာတစ်ခုကို စားကြည့်နေသလိုပဲ။

"ဒီညကိစ္စနဲ့ ပတ်သက်လို့" ဒမ်ဘလီဒိုးက ဆက်ပြောတယ်၊ "ကျုပ် နည်းနည်းနားမလည်တာရှိသေးတယ် . . . . ကျုပ် ကျောင်းကထွက်သွားတာ မင်းသိတယ် ? ဒါပေါ့လေ" ဒမ်ဘလီဒိုးက ဒီမေးခွန်းကို သူ့ဟာသာ ဖြေလိုက်တယ်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ "နိုစ်မာထာ ကျုပ်သွားတာမြင်တယ်၊ သူမဟာ မင်းတို့ရဲ့ အဆင်ပြေတဲ့ အကြွေစေ့နဲ့ မင်းဆီ သတင်းပို့လိုက်တယ်ထင်တယ် . . . ."

"ဟုတ်တယ်" မော်ဖိုင်က ပြောတယ်။ "ဒါပေမယ့် သူမက ခင်ဗျား တစ်ခွက်လောက် သွားသောက်တာ၊ မကြာခင် ပြန်လာမယ်လို့ ပြောတယ် . . . ."

"ဟုတ်တယ်၊ ကျုပ် တကယ်ပဲ သွားသောက်ခဲ့တယ် . . . . အခု ကျုပ်ပြန်လာပြီ . . . . ရအောင်ပြန်ခဲ့ပြီ" ဒမ်ဘလီဒိုးက ဖွဖွပြောတယ်။ "ဒါကြောင့် မင်းက ကျုပ်ကို ထောင်ဖမ်းဖို့ စီစဉ်တယ်ပေါ့ ?"

"ကျွန်တော်က အိမ်ချွန်အပေါ်ဘက်မှာ မော်နက်အမှတ်အသား လွှင့်တင်ထားဖို့ ဆုံးဖြတ်တယ်၊ ခင်ဗျား ဘယ်သူသေတယ်ဆိုတာသိဖို့ အမြန် ပြန်လာအောင် လုပ်တာ" မော်ဖိုင်က ပြောတယ်။ "ဒီနည်းက တကယ်ပဲ အဆင်ပြေတယ်"

"အိုး . . . . ဟုတ်ချင်မှဟုတ်မှာ . . . ." ဒမ်ဘလီဒိုးက ပြောတယ်။ "ဒါဆိုရင်၊ ကျုပ် ဒီလိုနားလည်လို့ ရမလား။ ခုထိ အသတ်ခံရတဲ့လူ မရှိသေးဘူး"

"လူတစ်ယောက် သေသွားပြီ" မော်ဖိုင်က ပြောတယ်။ သူ့အသံ ရုတ်တရက် ရှစ်သံမြင့်လာတယ်။ "ခင်ဗျားတို့လူတစ်ယောက် . . . . ဘယ်သူ မှန်း မသိဘူး၊ မှိုးသိပ်ချုပ်နေတယ် . . . . ကျွန်တော်တို့ အလောင်းပေါ်က ကျော်လာတယ် . . . . ကျွန်တော် ဒီပေါ်မှာ ခင်ဗျားအပြန်ကို စောင့်ရမှာ၊ ဟိုဖီးနစ်အဖွဲ့ကလူတွေ လာတားလို့ . . . ."

"ဟုတ်တယ်၊ ဒီအတိုင်းပဲ" ဒမ်ဘလီဒိုးက ပြောတယ်။

အောက်ဘက်ကနေ တိုက်ခတ်သံနဲ့ လူတွေရဲ့အော်သံ ထွက်လာ ပြန်တယ်၊ ခုနကထက် ပိုကျယ်လာတယ်။ ဒမ်ဘလီဒိုး၊ မော်ဖိုင်နဲ့ ဟယ်ရီတို့ဆီ ပေါက်တဲ့ လည်ပတ်လှေကားပေါ်မှာ သတ်ပုတ်နေသလိုပဲ။ ဟယ်ရီ့နှလုံးဟာ သူမမြင်ရတဲ့ ရင်ခေါင်းထဲမှာ တအားခုန်နေတယ်၊ ဘယ်သူမှ မကြားရဘူး . . . . လူတစ်ယောက် သေပြီ . . . . မော်ဖိုင်က အလောင်းကို ခွကျော်လာ တယ် . . . . ဘယ်သူများဖြစ်မလဲ။

"အချိန်သိပ်မရှိဘူး" ဒမ်ဘလီဒိုးက ပြောတယ်။ "ဘယ်လမ်းလိုက် ရမလဲ ဒြာခို၊ ကျုပ်တို့ မင်းရဲ့ရွေးချယ်မှုကို ဆွေးနွေးရအောင်"



"ကျွန်တော့်ရွေးချယ်မှု ? မော်ဖိုင်က အကျယ်ကြီးပြောတယ်။ "ကျွန်တော် မှော်ကြိမ်လုံးကိုင်ပြီး ဒီမှာရပ်နေတယ် —— ကျွန်တော် ခင်ဗျားကို သတ်မယ် —— "

"ချစ်လှစွာသောကောင်လေး၊ ကျုပ်တို့ သရုပ်ဆောင်မနေနဲ့တော့။ တကယ်လို့ မင်း ကျုပ်ကို တကယ်ပဲ သတ်မယ်ဆိုရင်၊ ခုနက ကျုပ်လက်နက်ကို ဖြုတ်လိုက်ပြီးတာနဲ့ မင်းလုပ်မှာ၊ ရပ်ပြီး ကျုပ်နဲ့ ဒီအစီအမံတွေ၊ နည်းနာတွေကို ပျော်ရွှင်စွာ ဆွေးနွေးနေမှာမဟုတ်ဘူး"

"ကျွန်တော် ရွေးချယ်စရာမရှိဘူး" မော်ဖိုင်က ပြောတယ်။ သူ့မျက်နှာဟာ ရုတ်တရက် ဒမ်ဘလီဒိုးလိုပဲ ဖြူရော်လာတယ်။ "ကျွန်တော် လုပ်ရမယ်။ သူ ကျွန်တော့်ကို သတ်ပစ်မှာ။ သူ ကျွန်တော်တို့တစ်အိမ်သားလုံးကို သတ်ပစ်မှာ"

"မင်းအနေအထားကို ကျုပ် နားလည်နိုင်ပါတယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "နို့မို့ရင်၊ ဒီအရင်မှာ ကျုပ် ဘာကြောင့် မင်းနဲ့မတွေ့တာလဲ၊ ကျုပ်က မင်းကို သံသယဖြစ်တယ်ဆိုတာ ဗိုလဒီမွန့်သိသွားရင်၊ မင်း တိတ်တိတ်အသတ်ခံရမှာ"

ဒီနာမည်ကို ကြားတော့၊ မော်ဖိုင် အကြောတစ်ချက်ဆွဲသွားတယ်။

"မင်း ဟိုတာဝန်ကို လက်ခံလိုက်တာ ကျုပ်သိတယ်၊ ဒါပေမယ့် ကျုပ် မင်းနဲ့ ဒီကိစ္စမပြောဝံ့ဘူး၊ သူ မင်းကို အာရုံနိုက်ယူကြည့်မှာစိုးလို့" ဒမ်ဘလီဒိုးက ဆက်ပြောတယ်။ "အခု၊ ကျုပ်တို့ ရင်ဖွင့်ပြီး စကားပြောလို့ ရပြီ . . . . မင်း ဘာမှဖျက်ဆီးမှု မရှိသေးဘူး၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးသေးဘူး၊ မင်း တကယ် အလွန်ကံကောင်းတယ်၊ မင်းကြောင့် မှားပြီး ဒဏ်ရာရတဲ့လူတွေ အကုန်လုံး အသက်ရှင်နေကြတယ် . . . . ကျုပ် မင်းကို ကူညီနိုင်တယ်၊ ဒြာခို"

"ဟင့်အင်း၊ မဖြစ်နိုင်ဘူး" မော်ဖိုင်က ပြောတယ်။ မှော်ကြိမ်လုံး ကိုင်ထားတဲ့ သူ့လက်ဟာ တအားတုန်လှုပ်နေတယ်။ "ဘယ်သူမှ မဖြစ်နိုင်ဘူး။ သူ ကျွန်တော့်ကို ဒီကိစ္စလုပ်ခိုင်းတယ်၊ မလုပ်ရင် သတ်ပစ်မှာ၊ ကျွန်တော် ရွေးချယ်စရာမရှိဘူး"

"မှန်ကန်တဲ့လမ်းကြောင်းပေါ် တက်ခဲ့ပါ၊ ဒြာခို၊ ကျုပ်တို့ မင်းကို လုံးဝလုံခြုံတဲ့နေရာမှာ ဝှက်ထားမယ်၊ မင်းတွေးထင်တာထက် လုံခြုံမယ်။ ပြီးတော့ ဒီညမှာပဲ ဖီးနစ်အဖွဲ့က လူတွေလွှတ်ပြီး မင်းအမေကိုပါ ဝှက်ထား

www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်၊ မင်းအဖေ အခု အက်ဖခါဘန်မှာဆိုတော့ အန္တရာယ်မရှိဘူး . . . . အချိန်ကျရင် ကျုပ်တို့ သူတို့ကို ကာကွယ်ပေးမယ် . . . . မှန်ကန်တဲ့လမ်းကြောင်းပေါ် တက်ခဲ့ပါ၊ ဂျာခို . . . . မင်းဟာ လူသတ်တဲ့လူမဟုတ်ဘူး . . . . "

မော်ဖိုင်က ဒမ်ဘာလီဒိုးကို ငိုင်ကြည့်နေတယ်။

"ဒါပေမယ့် ကျွန်တော် အဝေးကြီးသွားခဲ့ပြီ၊ မဟုတ်ဘူးလား" သူဟာ အလွန်နှေးနှေးပြောတယ်။ "သူတို့က ကျွန်တော် မအောင်မြင်ခင်မှာပဲ သေမယ်လို့ထင်တာ၊ ဒါပေမယ့် ကျွန်တော် မသေဘူး . . . . ပြီးတော့ ခင်ဗျားကို ကျွန်တော် ချုပ်ကိုင်နိုင်တယ် . . . . အခု မော်ကြိမ်လုံးကိုင်ထားတာ ကျွန်တော် . . . . ခင်ဗျားက ကျုပ်စီမံတာ ခံရမှာ . . . . "

"ဟင့်အင်း၊ ဂျာခို" ဒမ်ဘာလီဒိုးက အေးဆေးစွာ ပြောတယ်။ "အခု မင်းက ကျုပ်စီမံတာ ခံရတာ၊ ကျုပ်က မင်းစီမံတာ ခံရတာမဟုတ်ဘူး"

ဂျာခို စကားမပြောဘူး။ သူ့ပါးစပ်ကြီး ဟထားတယ်၊ မော်ကြိမ်လုံးကိုင်ထားတဲ့လက်ဟာ တုန်နေတုန်းပဲ။ ဂျာခို့လက် အောက်ကို နည်းနည်းကျသွားတယ်လို့ ဟယ်ရီ ခံစားရတယ် —

ရုတ်တရက်၊ ခြေသံတွေ ဒုန်းဒုန်းဒုန်းဒုန်းနဲ့ လှေကားပေါ် တက်လာတယ်၊ မျက်စိတစ်မှိတ်အတွင်းမှာ၊ မော်ဖိုင် တစ်ဖက်ဆွဲခေါ်ခံရတယ်၊ ဝတ်ရုံအနက် ဝတ်ဆင်ထားတဲ့လူလေးယောက် တံခါးက ဝင်လာတယ်၊ ရင်တားဘေးဝိုင်းလာတယ်။ ဟယ်ရီ လှုပ်လို့မရသေးဘူး။ သူဟာ တုန်လှုပ်ထိတ်လန့်တဲ့စိတ်နဲ့ လူစိမ်းလေးယောက်ကို စိုက်ကြည့်နေတယ်။ ဒက်အီတာတွေဟာ အောက်ဘက်က တိုက်ခိုက်မှုထဲမှာ အသာစီးရသွားသလိုပဲ။

ကိုယ်ခန္ဓာတုတ်ခိုင်ထွားကျိုင်းပြီး မျက်နှာပေါ်မှာ ရက်စက်တဲ့အပြုံးနဲ့ ပါးစပ်ရွဲ့ရွဲ့ယောကျ်ားတစ်ယောက်ဆီက ဟောဟဲသံပါတဲ့ရယ်သံ ပေါ်ထွက်လာတယ်။

"ဒမ်ဘာလီဒိုးကို နံရံနားမှာ ဝိုင်းထားပြီ" သူဟာ ပြောပြီးတာနဲ့ တုတ်ခိုင်တဲ့ အရပ်ပုပုမိန်းမဘက် လှည့်လိုက်တယ်၊ သူမဟာ သူ့ညီမလေးနဲ့ တူနေတယ်၊ မျက်နှာပေါ်မှာလဲ လောဆော်တဲ့အပြုံးနဲ့။ "ဒမ်ဘာလီဒိုးမှာ မော်ကြိမ်လုံး မရှိဘူး ဒမ်ဘာလီဒိုးမှာ အကူမရှိဘူး။ တော်တယ်၊ ဂျာခို၊ တော်တယ်"

"မင်္ဂလာညချမ်းပါ၊ အာမီကတ်စ်" ဒမ်ဘာလီဒိုးအသံက အလွန်



အေးဆေးတယ်၊ လက်ဖက်ရည်ပွဲ လာတက်တဲ့လူကို ကြိုဆိုနေသလိုပဲ။ ခင်ဗျားအလက်ခတိုကိုလဲ ခေါ်လာတယ် . . . . သိပ်ချစ်စရာကောင်းတယ် . . . . "

အဲဒီမိန်းမက စိတ်ဆိုးစွာနဲ့ ရွဲ့ရယ်လိုက်တယ်။

"ရှင်သေခါနီးနေတာတောင်၊ ဒီလိုရယ်စရာလေးတွေက ရှင့်အသက်ကို ကယ်နိုင်မယ်ထင်နေသေးတယ် ?" သူမက သရော်ပြောတယ်။

"ရယ်စရာ၊ ဟင့်အင်း၊ ဟင့်အင်း၊ ဒါက ယဉ်ကျေးမှု" ဒမ်ဘာလီဒိုးက ဖြေတယ်။

"လုပ်တော့" ဟယ်ရီနဲ့ အနီးဆုံးမှာရပ်နေတဲ့ယောကျ်ားက ပြောတယ်၊ သူဟာ ခြေတံလက်တံရှည်တယ်၊ မီးခိုးရောင်ဆံပင်နဲ့ ပါးမြိုင်းမွေးတွေ ရောလိမ်နေတယ်၊ ဒက်အီတာဝတ်ရုံအနက်ဟာ သူ့ကိုယ်ပေါ်မှာ မသက်မသာ တင်းတင်းပတ်ထားတယ်။ သူ့အသံက တစ်မျိုးကြီးပဲ၊ ဟယ်ရီ တစ်ခါမှ မကြားဖူးတဲ့အသံမျိုး။ အက်ပြီး နားစူးစေတဲ့ အော်ဟစ်သံ။ သူ့ကိုယ်ပေါ်က ထူးဆန်းတဲ့အနံ့စူးစူးကို ဟယ်ရီ ရှူရှိုက်မိတယ်။ မြေကြီးအနံ့နဲ့ ချွေးနံ့ ရောနေပြီး၊ ဒီပြင် — သံသယဖြစ်စရာမလိုဘူး — သွေးညှီနံ့။ ၎င်းရဲ့ ညစ်ပတ်တဲ့လက်ချောင်းတွေပေါ်မှာ လက်သည်းဝါဝါရှည်ရှည်ကြီးတွေ ရှိတယ်။

"မင်းလား၊ ဖင်းရီအာ" ဒမ်ဘာလီဒိုးက မေးတယ်။

"မှန်တယ်" အဲဒီလူက နားစူးစေတဲ့အသံနဲ့ ပြောတယ်။ "ကျွန်တော့်ကို တွေ့ရတာ သိပ်ဝမ်းသာတယ်မဟုတ်လား၊ ဒမ်ဘာလီဒိုး ?"

"ဟင့်အင်း၊ သိပ်ဝမ်းသာတယ်လို့ ပြောလို့မရဘူး . . . . "

ဖင်းရီအာ-ဂရေးဘက်ခ်က ရယ်တယ်၊ ချွန်ထက်တဲ့ သွားဝါဝါတွေ ပေါ်လာတယ်။ သွေးစိမ်းစက်တွေ သူ့မေးပေါ် စက်ကျနေတယ်၊ သူက ဖြည်းဖြည်းချင်း အန်ချင်စရာ နှုတ်ခမ်းကို လျက်နေတယ်။

"ကျွန်တော် ကလေးတွေကို ဘယ်လောက်နှစ်သက်တယ်ဆိုတာ ခင်ဗျားသိတယ်၊ ဒမ်ဘာလီဒိုး"

"ကျုပ် ဒီလိုနားလည်ရမှာလား။ လပြည့်နေ့မဟုတ်တဲ့ရက်တွေမှာလဲ မင်း လူကိုက်တယ် ? ဒါ တကယ်ပဲ ထူးဆန်းတယ် . . . . မင်းဟာ လူသားစားတဲ့ ဝါသနာကို မွေးထားပြီး တစ်လတစ်ကြိမ်တောင် မစောင့်နိုင်သေးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမှန်တယ်" ဂရေးဘက်ခ်က ပြောတယ်။ "ခင်ဗျား၊ တုန်လှုပ်သွားပြီ ဟုတ်လား၊ ဒမ်ဘာလီဒိုး၊ ခင်ဗျားကြောက်သွားပြီ ?"

"ဟုတ်တယ်၊ ဒါ ကျုပ်ကို နည်းနည်းမှ စက်ဆုပ်ရွံရှာခြင်းမရှိဘူးလို့ ဟန်မဆောင်နိုင်ပါဘူး" ဒမ်ဘာလီဒိုးက ပြောတယ်။ "ပြီးတော့၊ ဟုတ်တယ်၊ ကျုပ်တုန်လှုပ်မိတယ်။ အဲဒါ ဒီ ဂွာခိုဟာ မင်းကို သူ့သူငယ်ချင်းတွေနေတဲ့ ဒီကျောင်းကို ဖိတ်ခေါ်လာလို့ . . . ."

"ကျွန်တော် မခေါ်ဘူး" မော်ဖိုင်က အသက်ပြင်းပြင်းရှူရင်း ပြောတယ်။ သူဟာ ဂရေးဘက်ခ်ကို မကြည့်ဘူး၊ သူ့ကို စောင်းငဲ့တောင် ကြည့်ချင်ပုံမရဘူး။ "သူ လာမယ်ဆိုတာ ကျွန်တော် မသိဘူး —"

"ကျုပ်က ဟော့ဂ်ဝပ်လာရမယ့် အခွင့်အရေးကို မလွဲချင်ဘူး၊ ဒမ်ဘာလီဒိုး" ဂရေးဘက်ခ်က နားစူးစေတဲ့အသံနဲ့ ပြောတယ်။ "လည်မျိုတွေ ဒီလောက်များများ ဆွဲဖြဲလို့ရနေတာ . . . . အရသာသိပ်ကောင်းတယ်၊ အရသာသိပ်ကောင်းတယ် . . . ."

ပြောရင်းနဲ့ သူဟာ လက်သည်းဝါဝါကြီးနဲ့ ရှေ့သွားကြီးကို ကလော်နေတယ်၊ ဒမ်ဘာလီဒိုးကိုလည်း ဆိုးဆိုးရယ်ပြနေတယ်။

"ကျုပ်က ခင်ဗျားကို ထမင်းပွဲအပြီး အချိုစာလုပ်လို့ရတယ်၊ ဒမ်ဘာလီဒိုး . . . ."

"မရဘူး" စတုတ္ထဒက်အီတာက မာမာပြောတယ်။ ၎င်းမျက်နှာမှာ အသားတွေ ဖုထစ်နေတယ်။ ဆိုးရွားပုံပေါ်နေတယ်။ "ကျုပ်တို့မှာ အမိန့်ရှိတယ်။ ဂွာခို လုပ်ရမယ်။ တော်ပြီ၊ ဂွာခို၊ မြန်မြန်လုပ်ပါ"

မော်ဖိုင်ဟာ ပိုပြီးတိုက်ခိုက်အားမရှိတော့ဘူး။ သူကြည့်ရတာ သိပ်ကြောက်နေသလိုပဲ၊ ဒမ်ဘာလီဒိုးမျက်နှာကို ငိုင်ကြည့်နေတယ်။ ဒမ်ဘာလီဒိုးမျက်နှာ ပိုပြီးဖြူရော်လာတယ်၊ အရပ်လဲ ခါတိုင်းထက် အများကြီးပုသွားသလိုပဲ၊ သူ ရင်တားပေါ်မှီထားတဲ့ ကိုယ်ခန္ဓာဟာ အောက်သို့ လျှောလျှောကျနေလို့၊

"ဘာပဲဖြစ်ဖြစ်၊ ကျုပ်ကိုပြောပါဆိုရင်၊ သူ ဒီကမ္ဘာပေါ်မှာ ကြာကြာနေရတော့ဘူး" ပါးစပ်ရွဲ့ရွဲ့နဲ့ယောကျ်ားက ပြောတယ်။ သူ့ညီမလေးဟာ တခစ်ခစ်ရယ်ရင်း သူ့ကို အားပေးနေတယ်။ "သူ့ကိုကြည့်စမ်း — ခင်ဗျား ဘာဖြစ်နေတာလဲ၊ ဒမ်ဘီ ?"



"အိုး၊ အားအင်ချည့်နဲ့တာ၊ တုံ့ပြန်မှုနှေးကွေးတာ၊ အာမိရန်းစ်" ဒမ်ဘာလီဒိုးက ပြောတယ်။ "အသက်ကြီးလို့၊ ဘာပဲဖြစ်ဖြစ် . . . . တစ်နေ့နေ့မှာ၊ မင်းလဲ ဒီလိုပဲဖြစ်မှာ . . . . မင်း ကံကောင်းရင်တော့ . . . ."

"ဒါ ဘာအဓိပ္ပာယ်လဲ။ ဒါ ဘာအဓိပ္ပာယ်လဲ" ဒက်အီတာတွေက အော်ပြောတယ်။ ရုတ်တရက် ဆိုးရွားလာတယ်။ "ခင်ဗျားက အရင်ကအတိုင်းပဲ ဟုတ်လား၊ ဒမ်ဘီ ? အလကားစကားပဲ ပြောတယ်၊ လက်တွေ့မလုပ်ဘူး မှော်နက်သခင်ကြီးက ဘာကြောင့်များ ခင်ဗျားကို သတ်ပစ်ချင်ရတာလဲဆိုတာ ကျုပ် နားမလည်ဘူး။ ကောင်းပြီ၊ ဂွာခို၊ မြန်မြန်လုပ်တော့"

ဒီအချိန်မှာပဲ၊ အောက်ဘက်က လူအများ တိုက်ခိုက်နေတဲ့အသံတွေ တက်လာတယ်၊ ၎င်းအနက် တစ်ယောက်က အော်ပြောတယ်။ "သူတို့ လှေကားကို ပိတ်ဆို့ထားတယ် — ကြေမွသွားစေ၊ ကြေမွသွားစေ"

ဟယ်ရီ့ရင်တွေ ဝမ်းသာလို့ ခုန်လာပြန်တယ်။ ဒီလိုဆိုရင် ဒီလူလေးယောက်ဟာ သူတို့ရန်ဘက်ကို အကုန်မသုတ်သင်ရသေးဘူး၊ သူတို့ဟာ ရှုန်းထွက်ပြီး အိမ်ချွန်ထိပ်ကို ရောက်လာတာ။ ပြီးတော့၊ အောက်ဘက်က အသံကို ကြားရတာ၊ သူတို့က သူတို့နောက်မှာ လမ်းပိတ်ဆို့ထားသလိုပဲ —

"မြန်မြန်၊ ဂွာခို၊ မြန်မြန်လုပ်စေ့" ဆိုးရွားပုံပေါက်တဲ့ယောကျ်ားက စိတ်ဆိုးစွာ ပြောတယ်။

ဒါပေမယ့် မော်ဖိုင်ဟာ သိပ်တုန်နေလို့၊ ပစ်မှတ်ကို တည့်တည့် မချိန်နိုင်ဘူး။

"ကျုပ်လုပ်မယ်" ဂရေးဘက်ခ်က မိုက်ကန်းကန်းပြောပြီး ဒမ်ဘာလီဒိုးဆီ ကပ်သွားတယ်။ သူဟာ လက်နှစ်ဘက်ကို ဖြန့်ပြီး ပါးစပ်ထဲက သွားချွန်ချွန်တွေ ပေါ်လာတယ်။

"ကျုပ်က မရဘူးလို့ပြောတယ်" ဆိုးရွားပုံပေါက်တဲ့ယောကျ်ားက အော်ပြောတယ်။ အလင်းရောင်စူးစူးလက်သွားပြီး ဝံပုလွေလူသားဟာ ဘေးရောက်သွားတယ်၊ နံရံနဲ့ ဝင်ဆောင့်ပြီး လဲကျတော့မလို့၊ မျက်နှာပေါ်မှာ ရှုံ့ဒေါသနဲ့။ ဟယ်ရီဟာ ရပ်နေတဲ့နေရာမှာပဲ ဒမ်ဘာလီဒိုး မှော်ပညာနဲ့ ချုပ်ထားခံနေရတယ်၊ ရင်တွေခုန်တာ ဗုံတီးနေသလိုပဲ။ ဒါပေမယ့် ဘယ်သူမှ မကြားကြဘူး၊ ဒါ နားမလည်နိုင်စရာပဲ — သူသာ လှုပ်နိုင်ရင်၊ ကိုယ်ပျောက်ဝတ်ရုံထဲကနေ မှော်ကျိန်စာပစ်လွှတ်လို့ရမှာ —

www.burmeseclassic.com

www.burmeseclassic.com



"ဖွာခို၊ မြန်မြန်လုပ်လေ၊ နို့မို့ရင် ဘေးဖယ်၊ ကိုယ်တို့ —" အဲဒီလို မိန်းမက အသံစူးစူးနဲ့ ပြောတယ်။ သို့ပေမယ့် ဒီအချိန်မှာပဲ၊ ရင်တားစည်းရိုး ဆီပေါက်တဲ့တံခါး ပွင့်သွားပြန်တယ်။ စနိတ်ပ်ဟာ မှော်ကြိမ်လုံးကိုင်ပြီး အဲဒီမှာ ရပ်နေတယ်။ မျက်လုံးမည်းမည်းတွေဟာ သူ့ရှေ့ကမြင်ကွင်းကို အလျှင်အမြန် ဝှေ့ကြည့်တယ်။ ရင်တားဘေးမှာ ပျော့ခွေနေတဲ့ ဒမ်ဘာလီဒိုးကနေ ဒက်အီတာလေးယောက် — ၎င်းတို့အနက် ဒေါ်သနဲ့ ဝံပုလွေလူသားလဲ ပါတယ်၊ ပြီးတော့ မော်ဖိုင်။

"ကျုပ်တို့ အခက်အခဲတွေ့နေပြီ၊ စနိတ်ပ်" တုတ်ခိုင်သန်မာတဲ့ အာမီကတ်စ်က ပြောတယ်၊ သူ့အကြည့်နဲ့ မှော်ကြိမ်လုံးဟာ ဒမ်ဘာလီဒိုးကို တင်းတင်းချိန်ထားတယ်။ "ဒီကောင်လေး မလုပ်နိုင်သလို —"

ဒါပေမယ့် တခြားတစ်ယောက်က စနိတ်ပ်နာမည်ကို အလွန်သာသာလေး ရွတ်ခေါ်နေတယ်။

"ဆီးဗရတ်စ် . . . ."

ဒီအသံဟာ ဟယ်ရီ တစ်ညလုံး ကြုံတွေ့ခဲ့ရတဲ့ ဘယ်လိုကိစ္စမျိုးထက် မဆို သူ့ကို ကြောက်စေတယ်။ ဒမ်ဘာလီဒိုးဟာ အသနားခံနေတာ၊ ဒါဟာ ပထမဆုံးအကြိမ်ပဲ။

စနိတ်ပ်က စကားမပြောဘူး၊ သူ့ရှေ့တက်သွားပြီး မော်ဖိုင်ကို ကြမ်းကြမ်း ဘေးတွန်းပစ်တယ်။ ဒက်အီတာသုံးယောက်ဟာ စကားမပြောဘဲ နောက်ဆုတ်သွားတယ်၊ ဝံပုလွေလူသားတောင် လန့်သွားသလိုပဲ။

စနိတ်ပ်က ဒမ်ဘာလီဒိုးကို ခဏစိုက်ကြည့်နေတယ်၊ မုန်းတီးခြင်းနဲ့ ရွံရှာမှုတွေဟာ သူ့မျက်နှာပေါ်က အရေးအကြောင်းတွေထဲမှာ ပေါ်နေတယ်။

"ဆီးဗရတ်စ် . . . . တောင်းပန်ပါတယ် . . . ."

စနိတ်ပ်က မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်၊ ဒမ်ဘာလီဒိုးကို ချိန်ထားတယ်။

"အဗာဒါသက်ဗျောက်"

စနိတ်ပ် မှော်ကြိမ်လုံးထိပ်ဖျားကနေ အစိမ်းရောင်အလင်းရောင် ထွက်လာတယ်၊ ဒမ်ဘာလီဒိုးရင်ဘတ်ကို တည့်တည့်သွားမှန်တယ်။ ဟယ်ရီ ထိတ်လန့်တဲ့အော်သံဟာ လည်ချောင်းထဲမှာ ပိတ်နေတယ်။ သူ အသံထွက်လို့ မရဘူး၊ လှုပ်လဲလှုပ်လို့မရဘူး၊ ဒမ်ဘာလီဒိုး ထိမှန်ပြီး မိုးပေါ် မြှောက်တက်သွားတာပဲ ကြည့်နေရတယ်။ ဒမ်ဘာလီဒိုးဟာ လက်နေတဲ့အရိုးစုအောက်မှာ တစ်စက္ကန့်လောက် ရပ်နေသလိုပဲ၊ ဒီနောက်မှာ စုတ်ပြဲနေတဲ့ အရုပ်ကြီးလိုပဲ၊ ဖြည်းဖြည်းချင်း ပက်လက်လန် လဲကျကာ ရင်တားအချိုင့်ပေါ်ကနေ ထိုးကျသွားပြီး မမြင်ရတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



## ၂၈ ။ မင်းသားထွက်ပြေးခြင်း

ဟယ်ရီဟာ မိမိလည်း လွင့်ပျံထွက်သွားတယ်လို့ ခံစားရတယ်။ ဒါ မဖြစ်ပွားခဲ့ဘူး . . . . ဒါမဖြစ်နိုင်ဘူး . . . . "ဒီက မြန်မြန်ထွက်ခွာ၊ မြန်မြန် လုပ်" စနိတ်ပ်က ပြောတယ်။

သူဟာ မော်ဖိုင်ရဲ့လည်ကုတ်ကိုဆွဲပြီး ပထမဆုံး တံခါးအပြင်ကို တွန်းထုတ်တယ်။ ဂရေးဘက်ခ်နဲ့ ဟိုတုတ်ခိုင်သန်မာတဲ့ ဒက်အီတာမောင်နှမက နောက်က ကပ်လိုက်တယ်။ သူတို့နှစ်ယောက်ဟာ ဝမ်းသာလို့ အသက်ပြင်းပြင်း ရှူနေတယ်။ သူတို့ တံခါးပေါက်က ပျောက်သွားပြီးနောက်၊ ဟယ်ရီဟာ မိမိ လှုပ်နိုင်မှန်း သိလာတယ်။ အခု သူ့ကို ငိုင်ပြီး ရင်တားပေါ် မှီနေစေတာဟာ မှော်ပညာမဟုတ်ဘူး၊ ထိတ်လန့်ခြင်းနဲ့ တုန်လှုပ်ခြင်းပဲ။ မျက်နှာဆိုးဆိုးနဲ့ ဒက်အီတာ အိမ်ချွန်ကနောက်ဆုံးထွက်ခွာပြီး တံခါးဝက ပျောက်ကွယ်ခါနီးမှာ၊ သူဟာ ကိုယ်ပျောက်ဝတ်ရုံကို ဆွဲလှန်ပစ်လိုက်တယ်။

"ကျောက်ဖြစ်စေ"

ဒက်အီတာ ဂယိမ်းဂယိုင်တစ်ချက် ဖြစ်သွားတယ်၊ မာမာပစ္စည်း



တစ်ခု သူ့ကျော လာမှန်သလိုပဲ၊ ဒီနောက် ဖယောင်းရုပ်လို လဲကျသွားတယ်။ ဒါပေမယ့် သူ ကြမ်းနဲ့မထိခင်မှာပဲ ဟယ်ရီက သူ့ကို ကျော်ဖြတ်သွားပြီး မှောင်မည်းတဲ့ လှေကားဆီ ပြေးဆင်းသွားတယ်။

ထိတ်လန့်ခြင်းဟာ ဟယ်ရီ့နှလုံးသားကို ဆွဲဖြဲနေတယ် . . . . သူ ဒမ်ဘလီဒိုးကို တွေ့အောင်ရှာရမယ်၊ စနိတ်ပ်ကို ဖမ်းထားရမယ် . . . . ဘာ ကြောင့်မှန်းမသိဘူး၊ ဒီကိစ္စနှစ်ခု ဆက်စပ်နေတယ် . . . . တကယ်လို့ ဒီကိစ္စ နှစ်ခုစလုံး လုပ်လို့ရရင်၊ အားလုံးကို သူ လှည့်ပြောင်းနိုင်မယ် . . . . ဒမ်ဘလီဒိုး လဲ မသေနိုင်တော့ဘူး . . . .

သူဟာ နောက်ဆုံး ခရုပတ်လှေကားထစ် ဆယ်ထစ်ကို ခုန်ကျော်ဆင်း ပြီး၊ ခြေချမိတာနဲ့ ရပ်နေတယ်၊ မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။ မီးရောင် မှိန်မှိန်အောက်မှာ ဖုန်တွေနဲ့စင်္ကြံကို မြင်ရတယ်၊ အိမ်ခေါင်မိုးတစ်ဝက်လောက် ပြိုကျနေသလိုပဲ။ ပြင်းထန်တဲ့ သတ်ပုတ်ပွဲတစ်ခု သူ့ရှေ့မှာ ဖြစ်ပွားနေတယ်။ ဘယ်သူနဲ့ ဘယ်သူ သတ်နေတယ်ဆိုတာ သူ သိချင်တယ်။ ရုတ်တရက် သူ မုန်းတီးတဲ့အသံက အော်ပြောတာ ကြားရတယ်။ "အားလုံးပြီးဆုံးပြီ၊ သွားသင့် ပြီ" စနိတ်ပ်ဟာ စင်္ကြံဟိုအဝေးက ထောင့်ချိုးနားမှာ ကွယ်ပျောက်သွားတာ မြင်ရတယ်၊ သူနဲ့ မော်ဖိုင်ဟာ ဘာမှမထိခိုက်ဘဲ ထွက်ပြေးသွားသလိုပဲ။ ဟယ်ရီ က တအားလိုက်တယ်၊ လူတစ်ယောက် သူ့ကို ဝင်အုပ်တယ်၊ ဝံပုလွေလူသား ဂရေးဘက်ခ် ဖြစ်နေတယ်။ ဟယ်ရီ မှော်ကြိမ်လုံးမမြှောက်ရသေးခင်မှာ၊ ဂရေးဘက်ခ်က သူ့ကိုယ်ပေါ် ဝင်အုပ်ပြီ။ ဟယ်ရီ ပက်လက်လန် လဲကျသွား တယ်။ ညစ်ပတ်ရှုပ်ပွေနေတဲ့ဆံပင်တွေ သူ့မျက်နှာပေါ် အုပ်နေတာ ခံစား ရတယ်။ ချွေးနံ့နဲ့ သွေးညှီနံ့တွေ သူ့ပါးစပ်နဲ့ နှာခေါင်းထဲ ဝင်လာတယ်၊ အငမ်း မရ အပူငွေ့တွေ သူ့လည်ချောင်းထဲ ဝင်လာတယ် . . . .

"ကျောက်ဖြစ်စေ"

ဂရေးဘက်ခ် သူ့ကိုယ်ပေါ် လဲကျတာ ဟယ်ရီ ခံစားရတယ်၊ အား အကုန်ထုတ်ပြီး ဝံပုလွေလူသားကို တွန်းပစ်လိုက်တယ်။ ဒီအချိန်မှာ၊ အစိမ်း ရောင် အလင်းရောင် ပျံလာတာ မြင်ရတယ်၊ သူ အမြန်ရှောင်လိုက်တယ်။ ဒီနောက် ဘာမှဂရုမစိုက်တော့ဘဲ တိုက်ခိုက်နေတဲ့ လူအုပ်ထဲ ပြေးဝင်တယ်။ ပျော့ပျော့ချောချော အရာတစ်ခုခုကို သူ နင်းမိပြီး ဂယိမ်းဂယိုင် ဖြစ်သွားတယ်၊ ကိုယ်ခန္ဓာနှစ်ခု မှောက်လျက်ကြီး သွေးအိုင်ထဲ လဲနေတာ မြင်ရတယ်၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သူ သေချာကြည့်ချိန် မရဘူး။ ဟယ်ရီဟာ မီးရောင်လို လွင့်ပျံ့နေတဲ့ ဆံပင်အနီကို မြင်ရတယ်။ ဂျင်နီဟာ တုတ်ခိုင်သန်မာတဲ့ ဒက်အီတာ အာမီကတ်စ်နဲ့ တိုက်နေတယ်။ အာမီကတ်စ်ဟာ သူမဆီကို မှော်ပညာနဲ့ အဆက်မပြတ် တိုက်နေတယ်၊ သူမကတော့ ဟိုရှောင်ဒီရှောင် လုပ်နေတယ်။ အာမီကတ်စ်က တဟားဟားရယ်ပြီး ပြောတယ်။ "သဲခိုက်နာကျင် —— သဲခိုက်နာကျင် —မင်း ကချည်းနေလို့ မဖြစ်ဘူး၊ ချစ်စရာလေး —— "

"အတားအဆီးအထပ်ထပ်" ဟယ်ရီက တအားအော်တယ်။

သူ့ကျိန်စာဟာ အာမီကတ်စ်ရဲ့ရင်ဝကို သွားမှန်တယ်၊ ဝက်အော်သလိုအသံကြီး ထွက်လာပြီးနောက်၊ အာမီကတ်စ်ရဲ့ကိုယ်လုံးကြီး မြောက်တက်သွားပြီး တစ်ဖက်ကန့်ရံနဲ့ ဝင်ဆောင့်ကာ လျှောကျသွားတယ်၊ ကာနေလို့ မတွေ့ရတော့ဘူး။ ရွန်၊ ပါမောက္ခ မက်ဂေါ်နာဂေါနဲ့ လူပင်တို့ဟာ အဲဒီဘက်မှာ တစ်ဦးကို ဒက်အီတာတစ်ယောက်နဲ့ တိုက်နေလို့ ကာနေတယ်၊ ဟိုဝေးဝေးမှာ၊ တန့်ခ်စ်ဟာ ကိုယ်ခန္ဓာထွားကျိုင်းတဲ့ ရွှေရောင်ဆံပင်ရှိတဲ့ မှော်ဆရာနဲ့ လုံးထွေးတိုက်ခိုက်နေတယ်၊ အဲဒီမှော်ဆရာပစ်လွှတ်တဲ့ ကျိန်စာတွေ နေရာတကာ ရောက်ကုန်ပြီး နံရံက ပြန်ကန်လာတယ်၊ ကျောက်ခဲတွေ အက်ကုန်တယ်၊ ပြတင်းမှန်တွေ ကွဲကုန်တယ် . . . .

"ဟယ်ရီ၊ နင် ဘယ်ကလာလဲ" ဂျင်နီက အော်ပြောတယ်၊ ဒါပေမယ့် သူမကိုဖြေဖို့ အချိန်မရဘူး။ သူဟာ ခေါင်းငုံ့ပြီး ရှေ့သို့ တအားပြေးတယ်၊ ခေါင်းအပေါ်ဘက် ပေါက်ကွဲတာတစ်ခုရဲ့အန္တရာယ်မှ သီသီလေးလွတ်သွားတယ်၊ အုတ်ကြွပ်စတွေ မိုးလုံးရွာချလာတယ်။ စနိတ်ပ် လွတ်သွားလို့မဖြစ်ဘူး၊ သူ စနိတ်ပ်ကို မိအောင် ဖမ်းရမယ် . . . .

"ဟိုဘက်" ပါမောက္ခ မက်ဂေါ်နာဂေါက အော်ပြောတယ်။ ဒက်အီတာမ အလက်ခတိုဟာ ခေါင်းကို လက်နဲ့အုပ်ပြီး စင်္ကြံထဲကနေ ထွက်ပြေးသွားတာ ဟယ်ရီ မြင်ရတယ်၊ သူ့အစ်ကို နောက်က ကပ်လိုက်သွားတယ်။ ဟယ်ရီက တအားလိုက်တယ်၊ ဒါပေမယ့် တစ်ခုခုကို ခလုတ်တိုက်မိတယ်၊ သဲတူသွားတယ်။ မိမိ လူတစ်ယောက် ခြေထောက်ပေါ် ကန့်လန့်ကြီးလဲနေတာ သူတွေ့ရတယ်။ လှည့်ကြည့်လိုက်တော့ မျက်နှာတွေ ဖြူရော်နေတဲ့ နီဗီး ကြမ်းပေါ် မှောက်ရက်လဲနေတာ မြင်ရတယ်။

"နီဗီး၊ မင်း —— ?"



"ငါဘာမှမဖြစ်ဘူး" နီဗီးက ဗလုံးဗထွေး ပြောလိုက်ပြီး လက်နဲ့ ဗိုက်ထဲဘအားဖိထားတယ်။ "ဟယ်ရီ . . . . စနိတ်ပ်နဲ့ မော်ဖိုင် . . . . ပြေးပြီ . . . ."

"ငါသိတယ်၊ ငါ သူတို့ကို လိုက်နေတာ" ဟယ်ရီက ပြောပြီး ကြမ်းပေါ်ထိုင်ရင်း ရှုပ်ထွေးမှုအများကြီးပြုလုပ်နေတဲ့ ရွှေရောင်ဆံပင်နဲ့ ဒက်အီတာကို မှော်ကျိန်စာတစ်ခု ပစ်လွှတ်လိုက်တယ်။ သူ့မျက်နှာ သွားမှန်တယ်၊ သူဟာ နာကျင်စွာ ဒေါသနဲ့တအားအော်ပြီး လှည့်လာကာ လူပ်ယိုင်သွားရင်း ဒက်အီတာမောင်နှမနောက်ကို ခက်ခဲစွာ လိုက်ပြေးသွားတယ်။

ဟယ်ရီ ကြမ်းပေါ်က ထလိုက်ပြီး စင်္ကြံအတိုင်း ရှေ့သို့ တအားပြေးတယ်၊ ကျောဘက် တိုက်ခိုက်နေတဲ့လူတွေကို ဂရုမစိုက်ဘူး၊ သူ့ကို ပြန်ခေါ်တဲ့အသံနဲ့ ကြမ်းပေါ်လဲပြီး သေသလား ရှင်သလား မသိတဲ့ လူတွေရဲ့ အားနည်းတဲ့ အော်သံကို ဂရုမစိုက်ဘူး . . . .

သူဟာ ကွေ့ချိုးမယ့်နေရာမှာ အရှိန်သတ်လိုက်တယ်။ အားကစားဖိနပ်ဟာ သွေးကွက်နင်းမိလို့ ချော်သွားတယ်၊ စနိတ်ပ်အရိပ်တောင် မမြင်ရတော့ဘူး။ သူ လိုတရအခန်းထဲက လျှို့ဝှက်အခန်းထဲ ဝင်သွားပလား၊ ဒါမှမဟုတ်၊ ဖီးနစ်အဖွဲ့က အတားအဆီးလုပ်ထားပြီး ဒက်အီတာတွေကို အဲဒီဘက် ဆုတ်မရအောင် လုပ်ထားသလား။ သူဟာ ပြေးပြီး တခြားလူမရှိတဲ့ စင်္ကြံတစ်ခုထဲ ဝင်တယ်၊ မိမိရဲ့ လေးပင်တဲ့ခြေသံနဲ့ တဒုန်းဒုန်း ရင်ခုန်သံကိုပဲကြားရတယ်။ တော်သေးတာက သူဟာ ရုတ်တရက် သွေးနဲ့ ခြေရာတစ်တန်းကို မြင်ရတယ်၊ အနည်းဆုံးတော့ ဒက်အီတာတစ်ယောက်တော့ ရှေ့တံခါးဆီ ပြေးသွားနေမှန်း သိရတယ် —— လိုတရအခန်း တကယ်ပဲ ပိတ်ဆို့ထားလိုက်ပြီထင်တယ် ——

သူဟာ ကွေ့ချိုးတစ်ခုမှာ အရှိန်သတ်လိုက်ပြန်တယ်၊ ကျိန်စာတစ်ခု ပျံ့လာတာနဲ့ သွားတိုးတယ်၊ သူဟာ ချပ်ဝတ်တန်ဆာနောက် အမြန်ဝင်ပုန်းတယ်၊ ချပ်ဝတ် ကြေမွကုန်တယ်။ ဒက်အီတာမောင်နှမ မာဘော်ကျောက်လှေကားပေါ်ကနေ အောက်ဘက်ပြေးနေတာ သူ ရုတ်တရက် တွေ့ရတယ်၊ သူတို့ကို အမြန် ကျိန်စာတချို့ ချလိုက်တယ်၊ ဒါပေမယ့် လှေကားထိပ်က အရုပ်ကားထဲက ဆံပင်အတုနဲ့ မှော်ဆရာမတချို့ကိုပဲ သွားမှန်တယ်။ သူမတို့ဟာ အော်ပြီး ဘေးကမှန်ဘောင်ထဲ ဝင်ပြေးတယ်။ ဟယ်ရီက တွဲကြေသွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ခုံဝတ်ပေါ်က ခုန်ထွက်တယ်၊ အော်သံဆူသံတွေ ပိုများများကြားရတယ်၊ ရုံတိုက်ထဲက တခြားလူတွေ လန့်နိုးလာပြီထင်တယ် . . . .

သူဟာ ဖြတ်လမ်းတစ်ခုကို ပြေးသွားတယ်၊ ဒက်အီတာမောင်နှမကို တွေ့ပြီး စနိုက်ပ်နဲ့ မော်ဖိုင်ကို မှိုဖို့ မျှော်လင့်တယ်။ သူတို့ အခု ကွင်းထဲရောက်နေရော့မယ်။ ကွယ်ဝှက်လှေကားအလယ်မှာ သူဟာ ပျောက်သွားတတ်တဲ့ လှေကားထစ်ကို မမေ့ဘူး၊ ဒီနောက် လှေကားခြေရင်း အလှချိတ်ကော်ဇောနောက်က ပြေးထွက်လာတယ်။ စင်္ကြံထဲမှာ ညဝတ်အင်္ကျီဝတ်ထားတဲ့၊ ဘာလုပ်ရမှန်းမသိတဲ့ ဟာ့ဖ်ဖတ်ကျောင်းသားတချို့ကို တွေ့ရတယ်၊

"ဟယ်ရီ၊ ငါတို့ အသံကြားတယ်၊ မှော်နက်အမှတ်အသားလို့ ပြောတာလဲ ကြားရတယ် —— " အာနီ-မက်မီလန်က ပြောတယ်၊

"ဖယ်ပေး" ဟယ်ရီက အော်ပြောတယ်၊ ကျောင်းသားနှစ်ယောက်ကို ဝင်တိုက်ပစ်လိုက်တယ်၊ မာဘော်ကျောက်လှေကားဆီ တန်းပြေးတယ်။ ဝက်သစ်ချတံခါးကြီး ဖောက်ခွဲဖွင့်ထားတယ်၊ တံခါးရှေ့ ကျောက်ပြားပေါ်မှာ သွေးစက်တွေ ရှိတယ်။ လန့်နေတဲ့ ကျောင်းသားတချို့ဟာ နံရံကို ဖိကပ်နေတယ်၊ ၎င်းတို့အနက် တစ်ယောက်နှစ်ယောက်ဟာ လက်မောင်းနဲ့ မျက်နှာကို အုပ်ထားသေးတယ်။ ရောမဂရစ်ဖင်းဒေါ် သဲကန်တော့ကြီးဟာ ကျိန်စာထိလို့ အထဲက ပတ္တမြားတွေ တဖြုတ်ဖြုတ် ကျောက်ပြားပေါ် ပြုတ်ကျနေတယ် . . . .

ဟယ်ရီဟာ တံခါးခန်းကို တအားပြေးဖြတ်ပြီး အပြင်က မှောင်မည်းနေတဲ့ ကွင်းထဲ ပြေးသွားတယ်။ လူသုံးယောက်အရိပ်ဟာ မြက်ခင်းပေါ်မှာ ပြေးနေတာ သူ မသဲမကွဲမြင်ရတယ်။ ပုံပန်းကြည့်ရတာ ရွှေရောင်ဆံပင်နဲ့ အကောင်ကြီးတဲ့ ဒက်အီတာ၊ ဒီပြင် ရှေ့မှာပြေးနေတဲ့ စနိုက်ပ်နဲ့ မော်ဖိုင်။ ကျောင်းဂိတ်တံခါးက ထွက်သွားရင် သူတို့ ရုပ်ရွှေ့ပြောင်းလို့ရပြီ . . . .

ဟယ်ရီက အသားကုန် လိုက်တယ်၊ ညလေအေးဟာ သူ့အဆုတ်ကို ဆွဲဖြဲနေတယ်။ ရှေ့ကအလင်းရောင် လက်သွားလို့ ဟိုလူသုံးယောက်ပုံသဏ္ဍာန်ကို ရုတ်တရက် သူမြင်လိုက်ရတယ်။ ဘယ်ကလာတဲ့ အလင်းရောင်မှန်း သူ မသိဘူး၊ ရှေ့ကို ဆက်ပြီး အရှူးအမူးလိုက်တယ်၊ သူတို့ဆီ ကျိန်စာပစ်လွှတ်ဖို့ ခမီသေးဘူး ——

တစ်ခါ အလင်းရောင်လက်သွားပြန်တယ်၊ အော်ဟစ်သံ၊ ပြန်တိုက်တဲ့ အလင်းစု၊ ဟယ်ရီ သိပြီ၊ အဲဒါ ဟက်ဂရစ် သူ့သစ်သားအိမ်ကလေးထဲက



ပြေးထွက်ပြီး ဒက်အီတာတွေ ထွက်ပြေးတာကို တားဖို့ လုပ်နေတာ။ အသက်ရှူတိုင်း သူ့အဆုတ်တွေ ပြုကုန်သလို ခံစားရပြီး ရင်ဘတ်ဟာလည်း မီးရှို့ခံရသလို နာကျင်နေပေမယ့်၊ ဟယ်ရီဟာ ခြေလှမ်းပိုမြန်မြန်သွားတယ်။ သူ့ခေါင်းထဲမှာ အသံတစ်သံ မြည်နေတယ်။ "ဟက်ဂရစ် မထိ . . . . ဟက်ဂရစ်လဲ မထိပါစေ . . . . "

ရုတ်တရက် အရာတစ်ခု ဟယ်ရီ့ခါးကို တအားလာမှန်တယ်၊ သူ ဝမ်းလျားမှောက်လဲသွားတယ်၊ မျက်နှာနဲ့ မြေကြီး တအားဆောင့်မိပြီး နှာခေါင်းသွေးထွက်လာတယ်။ သူ ပက်လက်လှန်လိုက်ပြီး၊ မှော်ကြိမ်လုံးကို မြှောက်ထားတယ်၊ မိမိဖြတ်လမ်းက ကျော်လာတဲ့ ဒက်အီတာမောင်နှမ မီလာပြီဆိုတာ သိတယ် . . . .

"အတားဆီးအထပ်ထပ်" သူက အော်ရင်း ကိုယ်ကို မှောက်လိုက်ပြီး မြေကြီးပေါ် ဝပ်နေတယ်။ သူ့ဂါထာဟာ ထူးဆန်းစွာ တစ်ယောက်ကို ထိမှန်သွားပြီး၊ အဲဒီလူဟာ ဂယိမ်းဂယိုင်နဲ့ မြေကြီးပေါ် လဲကျစဉ် ကျန်တစ်ယောက်ကို တိုက်လဲသွားတယ်။ ဟယ်ရီ ခုန်ထပြီး စနိုက်ပ်ဆီ ပြေးလိုက်သွားတယ် . . . .

ဒီအချိန်ကျမှ၊ သူဟာ ရုတ်တရက် တိမ်ထဲက ထွက်လာတဲ့ လခြမ်းရဲ့ အလင်းရောင်မှိန်မှိန်နဲ့၊ ဟက်ဂရစ်ရဲ့ ရောမကိုယ်သဏ္ဍာန်ကို မြင်တွေ့ရတယ်။ ရွှေရောင်ဆံပင်နဲ့ ဒက်အီတာဟာ အဲဒီတောလိုက်ကွင်း ကွင်းစောင့်ကြီးကို ကျိန်စာတစ်ခုပြီးတစ်ခု ချနေတယ်၊ ဒါပေမယ့် ရောမလူသားမိခင်ဆီက ဆက်ခံထားတဲ့ ခိုင်မာတဲ့ကိုယ်ခန္ဓာနဲ့ ထူထဲတဲ့အရေပြားက ဟက်ဂရစ်ကို အကာအကွယ်ပေးလိုက်တယ်၊ သို့ပေမယ့် စနိုက်ပ်နဲ့ မော်ဖိုင်ဟာ ပြေးနေတုန်းပဲ၊ မကြာခင် ဂိတ်တံခါးက ပြေးထွက်တော့မယ်၊ ရုပ်ရွှေ့ပြောင်းလို့ ရတော့မယ် ——

ဟယ်ရီဟာ ဟက်ဂရစ်နဲ့ သူ့တစ်ဖက်ကလူဘေးကနေ တအားပြေးဖြတ်သွားတယ်၊ စနိုက်ပ်ကျောဘက်ကို ချိန်ပြီး "မူးမေ့လဲစေ"လို့ တအားအော်ပြောတယ်။

မထိလိုက်ဘူး၊ မီးနီရောင်ဟာ စနိုက်ပ်ခေါင်းပေါ်က ပျံသွားတယ်၊ စနိုက်ပ်ဟာ အလျှင်အမြန် လှည့်ပြီး အော်ပြောတယ်။ "ဒွာခို၊ မြန်မြန်ပြေး" သူနဲ့ ဟယ်ရီတို့ ကိုက်နှစ်ဆယ်လောက် ကွာတယ်၊ သူတို့ အပြန်အလှန် ကြည့်နေတယ်၊ တစ်ပြိုင်နက်လောက် မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"သဲခိုက်နာ —"

ဒါပေမယ့် စနိတ်ပ်ဟာ ကျိန်စာကို ရှောင်တိမ်းနေတယ်၊ ဟယ်ရီ့ ကျိန်စာ ရွတ်လို့မပြီးဆုံးခင်မှာပဲ သူ့ကို အလဲထိုးလိုက်တယ်။ ဟယ်ရီ လှိမ့်ပြီး မြန်ထတယ်၊ ကျောဘက်က အကောင်ကြီးကြီး ဒက်အီတာက အော်ပြောတာ ကြားရတယ်။ "မီးတောက်လောင်စေ" ပေါက်ကွဲသံလို ကြားရပြီးနောက် ဖျတ်ကလာတဲ့ မီးလုံးကြီး ဟိုဒီပြေးသွားတယ်။ ဟက်ဂရစ် သစ်သားအိမ်လေး မီးလောင်လာတယ်။

"အစွယ်ကြီးအထဲမှာ၊ ဘီလူးစုတ် —" ဟက်ဂရစ် ဒေါသနဲ့ အော်ပြောတယ်။

"သဲခိုက်နာ —" ဟယ်ရီက ရှေ့ဘက် မီးရောင်ထဲက ကိုယ်ရိပ်ကို ချိန်ပြီး တစ်ခါအော်ပြန်တယ်။ ဒါပေမယ့် စနိတ်ပ်က ကာထားလိုက်ပြန်တယ်။ သူ သရော်ရယ်ရယ်နေတာ ဟယ်ရီ မြင်ရတယ်။

"မင်း ခွင့်မလွှတ်ကျိန်စာမသုံးနဲ့တော့၊ ဟယ်ရီ" စနိတ်ပ်ဟာ မီးကြီး လောင်နေတာ၊ ဟက်ဂရစ်ဒေါသနဲ့ အော်သံနဲ့ အိမ်ထဲက အစွယ်ကြီးရဲ့ ဟောင်သံကြားက အော်ပြောတယ်။ "မင်းမှာ လုံလောက်တဲ့သတ္တိနဲ့ အစွမ်း မရှိသေးဘူး —

"ချုပ်နှောင်မိ —" ဟယ်ရီက အော်ဟစ်တယ်၊ ဒါပေမယ့် စနိတ်ပ် ဟာ ပျင်းရိစွာနဲ့ သူ့ကျိန်စာကို အသာလေးဖယ်ပစ်တယ်။

"ပြန်တိုက်ပါလား" ဟယ်ရီက သူ့ကို တအားအော်ပြောတယ်။ "ပြန်တိုက်၊ သတ္တိနည်းတဲ့ကောင် —"

"သတ္တိနည်းတယ်၊ မင်းက ကျုပ်ကိုပြောတာလား၊ ပေါ်တာ" စနိတ်ပ် က အော်ဟစ်တယ်။ "မင်အဖေဟာ ဘယ်တုန်းကမှ ကျုပ်ကို မတိုက်ဝံ့ဘူး၊ လေးယောက်နဲ့ တစ်ယောက်မှ၊ မင်း သူ့ကို ဘယ်လိုခေါ်မယ်ဆိုတာ ကျုပ် သိချင်တယ်"

"မူးမေ့လဲ —"

"ကာပစ်လိုက်ပြီ၊ ကာပစ်လိုက်ပြန်ပြီ၊ မင်းပါးစပ်ပိတ်၊ ဦးနှောက်ပါ ပိတ်ဘဲ့ထိ ကာထားမယ်၊ ဟယ်ရီ" စနိတ်ပ်က သရော်ရယ်ရယ်ပြီး ပြောတယ်။ "သွားစို့ မှော်ဝန်ကြီးဌာန ကျုပ်တို့ကို တွေ့သွားဦးမယ် —"

"အတားအဆီးအထပ် —"



ဒါပေမယ့် ဟယ်ရီ ဂါထာရွတ်လို့မဆုံးခင်မှာ၊ မခံမရပ်နိုင်တဲ့ နာကျင်မှု သူ ခံစားရပြီး မြက်ခင်းပေါ် ဒူးထောက်လဲကျသွားတယ်။ အော်သံကြားရ တယ်။ ပြင်းထန်စွာ နာကျင်ခြင်းက သူ့ကို သေလောက်စေတယ်၊ စနိတ်ပ်က သူ့ကို သေတဲ့ထိ နှိပ်စက်မှာလား ဒါမှမဟုတ် ရူးအောင်လုပ်မှာလား —

"ဟင့်အင်း" စနိတ်ပ်က အော်ပြောတယ်။ နာကျင်ခြင်း ကွယ်ပျောက် သွားတာဟာ လာတုန်းကလိုပဲ မြန်တယ်။ ဟယ်ရီဟာ မှောင်မည်းတဲ့ မြက်ခင်း ပေါ်မှာ ကွေးနေတယ်၊ မှော်ကြိမ်လုံးကို တင်းတင်းဆုပ်ကိုင်ပြီး မနားတမ်း မောဟိုက်နေတယ်။ သူ့ခေါင်းပေါ်က တစ်နေရာရာမှာ စနိတ်ပ် တအားအော် နေတာ သူ ကြားရတယ်။ "မင်းတို့ အမိန့်ကို မေ့နေလား။ ပေါ်တာကို မှော်နက် သခင်ကြီး ပိုင်တယ် — ကျုပ်တို့ သူ့ကို မထိနဲ့၊ သွား၊ သွား"

ဒက်အီတာမောင်နှမနဲ့ အကောင်ကြီးကြီး ဒက်အီတာ အမိန့်နာခံပြီး ဂိတ်ဝဆီ ပြေးသွားတယ်။ ဟယ်ရီဟာ မိမိမျက်နှာအောက်က မြေကြီးတုန်နေ တယ်လို့ ထင်တယ်။ ဟယ်ရီ အားအကုန်ထုတ်ပြီး ဒေါသနဲ့ ဟစ်ကြွေးတယ်၊ မိမိ သေသေရှင်ရှင် ဂရုမစိုက်တော့ဘူး၊ တစ်ခါ မတ်တတ်ရပ်လိုက်ပြန်တယ်။ ဂယိမ်းဂယိုင်နဲ့ စနိတ်ပ်နောက် လိုက်တယ်၊ သူဟာ အခု ဗိုလ်ဒီမွန့်ကို မုန်း သလို စနိတ်ပ်ကို မုန်းတယ် —

"စက်တမ်ဆမ် —"

စနိတ်ပ်က မှော်ကြိမ်လုံးကို အသာလေးယမ်းလိုက်တယ်၊ မှော်ကျိန်စာ နောက်ထပ်ပြယ်သွားတယ်။ ဒါပေမယ့် အခု ဟယ်ရီနဲ့ စနိတ်ပ် ခြေလှမ်းအချို့ သာ ခြားတော့တယ်၊ စနိတ်ပ်မျက်နှာကို သေချာမြင်ရပြီ။ စနိတ်ပ်ဟာ အထင် သေးစွာ ရယ်တာ၊ သရော်ရယ်တာ မလုပ်တော့ဘူး၊ လက်နေတဲ့ မီးရောင်ဟာ ဒေါသထွက်နေတဲ့မျက်နှာကို လာထိုးတယ်။ ဟယ်ရီက အာရုံတစ်ခုလုံး စုစည်း ပြီး ရွတ်တယ်။ "လီဗိုက်ကော် —"

"ဟင့်အင်း၊ ပေါ်တာ" စနိတ်ပ်က စူးစူးအော်ပြောတယ်။ ရောမအသံ ကြီး ပေါ်ထွက်လာပြီး ဟယ်ရီ နောက်သို့ လွင့်သွားတယ်၊ မြေကြီးပေါ် တအား ပစ်ကျသွားပြန်တယ်။ ဒီတစ်ခါမှာ လက်ထဲက မှော်ကြိမ်လုံး လွင့်လွင့်သွား တယ်။ ဟက်ဂရစ်အော်သံနဲ့ အစွယ်ကြီးဟောင်သံကို သူ ကြားရတယ်။ စနိတ်ပ် က ဟယ်ရီ့အနားသွားပြီး သူ့ကို ငုံ့ကြည့်နေတယ်။ ဒီအချိန်မှာ ဟယ်ရီဟာ ဒမ်ဘလီဒိုးလိုပဲ လက်ထဲမှာ မှော်ကြိမ်လုံး မရှိဘူး၊ ခုခံနိုင်စွမ်း လုံးဝမရှိဘူး။

www.burmeseclassic.com



မီးလောင်နေတဲ့ သစ်သားအိမ်က စနိတ်ပ်ရဲ့ဖြူရော်တဲ့မျက်နှာကို လင်းသွားစေတယ်၊ သူ့မျက်နှာပေါ်မှာ မုန်းတီးခြင်းနဲ့ ပြည့်နေတယ်၊ ဒမ်ဘလီဒိုးကို သတ်တုန်းကနဲ့ အတူတူပဲ။

"မင်းက ကျုပ်ကျိန်စာနဲ့ ကျုပ်ကို တိုက်တယ် ? ပေါ်တာ။ ဒီကျိန်စာတွေကို ကျုပ်တီထွင်တာ —— ကျုပ်၊ သွေးနှောမင်းသား။ မင်းက ကျုပ်တီထွင်တာနဲ့ ကျုပ်ကို တိုက်တယ်၊ မင်းရဲ့ညစ်ပတ်တဲ့အဖေလိုပဲ၊ ဟုတ်လား။ ကျုပ်က မရဘူးလို့ ပြောတယ် . . . . မရဘူး"

ဟယ်ရီက သူ့မှော်ကြိမ်လုံးဆီ ပြေးအုပ်တယ်၊ ဒါပေမယ့် စနိတ်ပ်က မှော်ကြိမ်လုံးကို ကျိန်စာချလိုက်တာနဲ့ အမှောင်ထဲ ပျံထွက်သွားပြီး မမြင်ရတော့ဘူး။

"ဒါဆို ခင်ဗျား ကျွန်တော့်ကို သတ်လိုက်" ဟယ်ရီက အသက်ပြင်းပြင်းရှူရင်း ပြောတယ်။ သူ နည်းနည်းမှမကြောက်ဘူး၊ ဒေါသနဲ့ အထင်သေးတာပဲရှိတယ်။ "သူ့ကိုသတ်သလို ကျွန်တော့်ကို သတ်လိုက်၊ သူ့ရဲ့သောကြောင်တဲ့လူ —— "

"ကျုပ်ကို —— " စနိတ်ပ်က စူးစူးအော်ပြောတယ်။ သူ့မျက်နှာဟာ ရုတ်တရက် အရူးအမူး ဖြစ်သွားတယ်၊ လူစိတ်မရှိ၊ သူတို့ကျောဘက်က မီးလောင်တဲ့အိမ်ထဲက တအားဟောင်နေတဲ့ခွေးလို နာကျင်နေတယ်။ " —— သူ့ရဲ့ပေါ်ကြောင်သူလို့ မခေါ်နဲ့"

စနိတ်ပ်ဟာ လေကို တအားရှိုက်နေတယ်။ ဟယ်ရီက ပူပြင်းတဲ့ ကျာပွတ်လိုအရာ သူ့မျက်နှာပေါ် လာရိုက်နေသလို ခံစားရတယ်။ သူဟာ မြေကြီးပေါ် ပစ်လဲသွားတယ်၊ မျက်စိထဲ မီးပွင့်နေတယ်၊ ခဏတာအတွင်း အသက်ရှူရပ်သွားသလို ဖြစ်သွားတယ်။ ဒီအချိန်မှာ တောင်ပံခတ်သံကို သူ ကြားရတယ်၊ ဧရာမအရိပ်ကြီးဟာ မိုးပေါ်က ကြယ်တွေကို ကာသွားတယ်။ ဘတ်ခ်ဘိခ်ဟာ စနိတ်ပ်ခေါင်းပေါ် ပျံလာပြီး မားကဲ့သို့ ချွန်ထက်တဲ့လက်သည်းနဲ့ တုပ်လို့ စနိတ်ပ် နောက်သို့ ဆက်တိုက်ဆုတ်ပြေးတယ်။ ဟယ်ရီ ထထိုင်တယ် ခုနက မြေကြီးပေါ် ဝင်ဆောင့်တဲ့ခေါင်းဟာ မူးနေသေးတယ်။ စနိတ်ပ်ဟာ တအားပြေးနေတယ်၊ ဧရာမဘတ်ခ်ဘိခ်ဟာ တောင်ပံကြီးကို ခတ်ပြီး အော်ဟစ်နေတယ်။ ဟယ်ရီ မကြားဖူးတဲ့ စူးစူးအော်သံ ထွက်နေတယ် ——

ဟယ်ရီ ရုန်းထတယ်၊ ဂယိမ်းဂယိုင်နဲ့ သူ့မှော်ကြိမ်လုံးကို ရှာတယ်၊



ဆက်ပြီး လိုက်တိုက်ချင်တယ်။ ဒါပေမယ့် မြက်ဖုတ်ထဲမှာ သစ်ကိုင်းတွေ ခယ်ရှာတော့ အချိန်နှောင်းသွားပြီဆိုတာ သိတယ်။ တကယ်ပဲ သိပ်နောက်ကျသွားပြီ သူ မှော်ကြိမ်လုံးရှာတွေ့လို့ လှည့်လိုက်တော့၊ ဟစ်ပိုဂရစ်ဖ်ဟာ ဂိတ်ပေါက်အပေါ်မှာ ဝဲနေတာ တွေ့ရတယ်။ စနိတ်ပ်ဟာ မှော်ပညာသင်ကျောင်း ဂိတ်ဝအပြင်ဘက်မှာ ရုပ်ရွှေ့ပြောင်းသွားပြီ။

"ဟက်ဂရစ်" ဟယ်ရီက တဖွဖွပြောတယ်၊ သူ ဘေးဘီကို ကြည့်တယ်၊ ခေါင်းက မူးနေသေးတယ်။ "ဟက်ဂရစ်"

သူဟာ အလဲလဲအပြိုပြိုနဲ့ မီးလောင်နေတဲ့အိမ်ဆီ လျှောက်သွားတယ်။ ဧရာမကိုယ်ခန္ဓာကြီးဟာ အစွယ်ကြီးကို ထမ်းပြီး မီးတောက်ထဲက ထွက်လာတာ မြင်ရတယ်။ ဟယ်ရီ ဝမ်းသာအားရခေါ်လိုက်ပြီး၊ ဒူးထောက်ကျသွားတယ်။ သူ့ခြေလက်တွေ တုန်နေတယ်၊ တစ်ကိုယ်လုံး နာနေတယ်၊ အသက်တစ်ချက်ရှူတိုင်း စူးနာနေတယ်။

"မင်းကိစ္စမရှိပါဘူးနော်၊ ဟယ်ရီ၊ မင်းကိစ္စမရှိပါဘူးနော်၊ စကားပြောလေ၊ ဟယ်ရီ . . . . "

ဟက်ဂရစ်ရဲ့ မွေးညင်းထူတဲ့မျက်နှာကြီး ဟယ်ရီခေါင်းအပေါ်ဘက်မှာ လှုပ်နေတယ်၊ ကြယ်တွေကိုတောင် ကွယ်သွားတယ်။ ဟယ်ရီဟာ သစ်သားနဲ့ ခွေးအမွေးမီးလောင်တဲ့အနံ့ကို ရတယ်။ သူက လက်နဲ့ ဘေးရှိအစွယ်ကြီးရဲ့ ပူနွေးပြီး တုန်နေတဲ့ကိုယ်ကို စမ်းလိုက်တယ်၊ ၎င်းအသက်ရှင်နေသေးတာ သိတယ်။

"ကျွန်တော် ကိစ္စမရှိဘူး" ဟယ်ရီက မောမောနဲ့ပြောတယ်။ "ခင်ဗျားကော"

"ကျုပ်လဲ . . . . ကျုပ် အသက်မသေနိုင်ပါဘူး"

ဟက်ဂရစ်လက်နှစ်ဘက်ဟာ ဟယ်ရီ့လက်မောင်းနှစ်ခုကို ညှပ်ပြီး သူ့ကို ထူလိုက်တယ်။ အားသိပ်ကြီးလို့ ဟယ်ရီရဲ့ခြေထောက်တောင် မြေကြီးနဲ့ လွတ်သွားတယ်။ ဟက်ဂရစ်က သူ့ကို မြေကြီးပေါ် ပြန်ချလိုက်တယ်။ ဟက်ဂရစ်ရဲ့မျက်လုံးတစ်လုံးအောက်မှာ အတော်နက်တဲ့ဒဏ်ရာကို သူမြင်ရတယ်၊ သွေးဟာ ပါးပြင်တနေ စီးကျလာတယ်၊ ဒဏ်ရာက အလျင်အမြန် ရောင်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်က မီးကို ငြိမ်းသတ်ပစ်မှ" ဟယ်ရီက ပြောတယ်။ "ဂျို့ဘာက ...ဂွာမင်တီ . . . ."

"ကျုပ်လဲ ဒီလိုပဲသိတယ်" ဟက်ဂရစ်က ဗလုံးဗထွေး ပြောတယ်။ ...ူက မီးခိုးထွက်နေတဲ့ ထီးပန်းရောင်ကို မြှောက်ပြီး ပြောတယ်။ "အဂွာမင်တီ"

ရေလုံးတစ်ခု ထီးထိပ်က ပျံထွက်သွားတယ်။ ဟယ်ရီလဲ မှော်ကြိမ်လုံး ...မြှောက်လိုက်တယ် —— အခု မှော်ကြိမ်လုံးက ခဲနဲ့လုပ်တယ်လို့ သူ ထင်မိ ...တယ်။ သူက ရွတ်တယ်။ "အဂွာမင်တီ" သူနဲ့ ဟက်ဂရစ်ဟာ အိမ်ကို ရေနဲ့ ...န်းတယ်၊ နောက်ဆုံး မီးပွားငြိမ်းတဲ့ထိ ဖျန်းကြတယ်။

"သိပ်တော့မဆိုးသေးဘူး" မိနစ်အချို့ကြာတော့၊ ဟက်ဂရစ်က မီးခိုး ...ထွက်နေတဲ့ မီးလောင်ကွင်းကိုကြည့်ပြီး မျှော်လင့်စွာ ပြောတယ်။ "ဒမ်ဘလီဒိုး ...လုပ်နိုင်တာ မရှိဘူး"

ဒမ်ဘလီဒိုးနာမည်ကြားတော့၊ ဟယ်ရီ့ဗိုက်ထဲမှာ ပြင်းထန်စွာ ...ာလာတယ်။ စကားမပြောဘဲ ငြိမ်သက်နေတဲ့အထဲမှာ၊ ကြောက်လန့်ခြင်းဟာ ...ကိုယ်ထဲမှာ တိုးပွားလာတယ်။

"ဟက်ဂရစ် . . . ."

"သူတို့လာတာကြားတော့ ကျုပ် သစ်ပင်စောင့်ပိုးကို ခြေထောက် ...က်ရာ ပတ်တီးစည်းပေးနေတာ" ဟက်ဂရစ်က ဝမ်းနည်းစွာ ပြောတယ်၊ သူ့ရဲ့ ...လောင်ထားတဲ့ သစ်သားအိမ်ကို ကြည့်နေတယ်။ "သစ်ကိုင်းခြောက် ဖြစ် ...နေပြီ၊ သနားစရာလေးတွေ . . . ."

"ဟက်ဂရစ် . . . ."

"ဘာတွေများ ဖြစ်လို့လဲ၊ ဟယ်ရီ ? ဒက်အီတာတွေ ရဲတိုက်ထဲက ...ထွက်လာတာ ကျုပ်မြင်တယ်။ ဒါပေမယ့် စနိတ်ပ်က သူတို့ကို ဘာလုပ်လိုက် ...လဲ။ သူ ဘယ်ရောက်သွားလဲ —— သူတို့ကို လိုက်နေသလား"

"သူ . . . ." ဟယ်ရီက လည်ချောင်းရှင်းလိုက်တယ်၊ ထိတ်လန့်ခြင်း ... မီးခိုးတွေက သူ့လည်ချောင်းကို ခြောက်နေစေတယ်။ "ဟက်ဂရစ်၊ သူ ...တယ် . . . ."

"သတ်တယ် ?" ဟက်ဂရစ်က ဟယ်ရီ့ကို ငုံ့ကြည့်ရင်း ပြောတယ်။ ... ...သတ်တယ် ? မင်းဘာပြောလဲ၊ ဟယ်ရီ"



"ဒမ်ဘလီဒိုး" ဟယ်ရီက ပြောတယ်။ "စနိတ်ပ်က . . . . ဒမ်ဘလီဒိုးကို သတ်လိုက်တယ်"

ဟက်ဂရစ်က ဟယ်ရီ့ကို ငိုင်ကြည့်နေတယ်၊ အမွေးအမှင်တွေကြား ပေါ်နေတဲ့ မျက်နှာကွက်ကလေးဟာ ဘာရယ်မှန်းမသိတဲ့ပုံ ပေါ်နေတယ်၊ မသိနားမလည်သလို ဖြစ်နေတယ်။

"ဒမ်ဘလီဒိုး ဘယ်လိုဖြစ်လဲ၊ ဟယ်ရီ"

"သူသေပြီ၊ စနိတ်ပ်က သူ့ကို သတ်လိုက်တယ် . . . ."

"ဒီလိုမပြောပါနဲ့" ဟက်ဂရစ်က အသံအအနဲ့ ပြောတယ်။ "စနိတ်ပ်က ဒမ်ဘလီဒိုးကို သတ်တယ် —— မဟုတ်တာ မပြောနဲ့၊ ဟယ်ရီ၊ မင်း ဘယ်လိုဖြစ်လဲ"

"ကျွန်တော်မြင်တာ"

"မဖြစ်နိုင်ဘူး"

"ကျွန်တော်မြင်တယ်၊ ဟက်ဂရစ်"

ဟက်ဂရစ် ခေါင်းခါနေတယ်။ သူ့အမူအရာဟာ သံသယနဲ့ စာနာခြင်း ရောပြွမ်းနေတယ်။ ဟက်ဂရစ်ဟာ သူ ခုနက ခေါင်းကို ကျိန်စာထိလို့၊ အခု မူးဝေစွာနဲ့ စကားလျှောက်ပြောနေတယ်လို့ထင်မှန်း ဟယ်ရီ သိတယ် . . . .

"ကိစ္စက ဒီလိုဖြစ်မှာပါ၊ ဒမ်ဘလီဒိုးက စနိတ်ပ်ကို ဟိုဒက်အီတာတွေနောက် လိုက်ခိုင်းတာ" ဟက်ဂရစ်က ယုံကြည်စိတ်နဲ့ ပြောတယ်။ "သူက မပေါ်အောင် နေရတာ။ အခု၊ မင်းကို ကျောင်းပြန်ပို့မယ်။ မြန်မြန်၊ ဟယ်ရီ . . . ."

ဟယ်ရီဟာ ငြင်းနေ၊ ရှင်းနေဖို့ မကြိုးစားတော့ဘူး။ သူဟာ မထိန်းနိုင်ဘဲ တုန်နေသေးတယ်။ ဟက်ဂရစ် မကြာခင် သိမှာပါ . . . . သူတို့ ရဲတိုက်ဆီ လျှောက်သွားတော့၊ ပြတင်းအများအပြား မီးလင်းနေတာ ဟယ်ရီ မြင်ရတယ်။ အထဲကအခြေအနေကို သူ ရှင်းရှင်းတွေးမြင်လို့ရတယ်။ အားလုံး အပြေးအလွှား သတင်းပို့ကြတယ်၊ ဒက်အီတာတွေ ဝင်လာခါစက အခြေအနေကို ပြောပြကြတယ်။ မှော်နက်အမှတ်အသားဟာ ကျောင်းအထက်မိုးပေါ်မှာ လက်နေတယ်၊ လူအသတ်ခံရတာ သေချာတယ် . . . .

ဝက်သစ်ချတံခါးကြီး သူတို့ရှေ့မှာ ပွင့်နေတယ်။ မီးရောင်ဟာ လှည်းလမ်းနဲ့ မြက်ခင်းပေါ် ကျရောက်နေတယ်။ တဖြည်းဖြည်းနဲ့ ညဝတ်အင်္ကျီ

www.burmeseclassic.com

www.burmeseclassic.com



တင်ထားတဲ့လူတွေ မသိနားမလည်စွာ လှေကားက ဆင်းလာကြတယ်၊ စိုးရိမ်စွာနဲ့ ဘေးဘီကို ကြည့်ကြတယ်၊ ညအမှောင်ထဲ ထွက်ပြေးတဲ့ ဒက်အီတာတွေ ထားရစ်တဲ့ ခြေရာလက်ရာကို ရှာဖွေကြတယ်။ ဒါပေမယ့် ဟယ်ရီ့မျက်စိကတော့ အမြင့်ဆုံးအိမ်ချွန်အောက်က ကွက်လပ်ကို သေချာကြည့်နေတယ်၊ ညိုးမည်းအရာတစ်ခု မြက်ခင်းပေါ် လဲနေတာတွေ့မယ်လို့ တွေးကြည့်နေတယ်။ သူနဲ့ အဲဒီနေရာနဲ့ အတော်ဝေးနေသေးပေမယ့် တွေးထင်မိတယ်။ သူ စကားမပြောဘဲ ဒမ်ဘလီဒိုးအလောင်း ရှိသင့်တဲ့နေရာကို ကြည့်နေစဉ်မှာ၊ လူအုပ် အဲဒီဘက်ကို ရွေ့လျားတာ သူမြင်ရတယ်။

"သူတို့ ဘာကြည့်နေတာလဲ" ရဲတိုက်နားရောက်တော့ ဟက်ဂရစ်က မေးတယ်။ အစွယ်ကြီးက သူတို့ခြေထောက်အနားက ကပ်လိုက်တယ်။ "အဲဒါ ဘာလဲ၊ မြက်ခင်းပေါ် လဲနေတယ် ?" ဟက်ဂရစ်က လောလောမေးရင်း နက္ခတ္တဗေဒမျှော်စင်အောက်ကို ပြေးတယ်။ အဲဒီမှာ လူအုပ်ကလေးတစ်အုပ် စုနေတယ်။ "တွေ့ပြီလား၊ ဟယ်ရီ။ အိမ်ချွန်အောက်တည့်တည့်မှာ၊ အမှတ်အသားအောက်မှာ . . . . အမလေး . . . . တစ်ယောက်ယောက် ပစ်ချခံရတယ်လို့ မင်း မထင် —— "

ဟက်ဂရစ် စကားမပြောတော့ဘူး၊ အဲဒီအတွေးဟာ တကယ်ပဲ သိပ်ကြောက်စရာကောင်းလို့ အကျယ်ကြီးပြောမထွက်နိုင်ဘူး။ ဟယ်ရီက သူနဲ့ယှဉ်ပြီး သွားတယ်၊ လွန်ခဲ့တဲ့ နာရီဝက်က မှော်ကျိန်စာထိတဲ့မျက်နှာနဲ့ ခြေထောက်ပေါ်မှာ နာနေသေးတာ ခံစားရတယ်။ အဲဒါ ဘေးကလူ နာတာလိုပဲ၊ သူ တကယ်ပဲ ခံစားရပြီး ရှန်းထွက်လို့မရတာက၊ ရင်ဝဆီက ဖိထားသလိုခံရလို့ အသက်မရှူနိုင်တဲ့ ကြောက်စရာခံစားချက်ပဲ . . . .

သူနဲ့ ဟက်ဂရစ်ဟာ တီးတိုးပြောဆိုနေတဲ့ လူအုပ်ကို အိပ်မက်မက်သလို ဖြတ်သွားပြီး ရှေ့ဆုံးကို ရောက်လာတယ်။ လန့်ပြီး ငိုင်နေကြတဲ့ ဆရာ၊ ကျောင်းသားတွေဟာ ဝင်ပေါက်တစ်ခု ဖယ်ပေးတယ်။

ဟက်ဂရစ်ရဲ့ နာကျင်တဲ့ တုန်လှုပ်တဲ့ ညည်းညူသံကို ဟယ်ရီ ကြားရတယ်၊ ဒါပေမယ့် သူ ရပ်မနေဘူး၊ ရှေ့ကို ဖြည်းဖြည်းဆက်ရွေ့လျားတယ်၊ ဒမ်ဘလီဒိုး လဲနေတဲ့နေရာရောက်တဲ့အထိ သွားပြီး၊ သူ့ကိုယ်ဘေးမှာ ထိုင်လိုက်တယ်။

ဒမ်ဘလီဒိုး သူ့ကိုယ်ပေါ် ချထားတဲ့ တစ်ကိုယ်လုံး ချုပ်နှောင်ဂါထာ



ပြယ်သွားတဲ့အခါမှ၊ မျှော်လင့်ချက် မရှိတော့ဘူးဆိုတာ ဟယ်ရီ သိတယ်၊ တကယ်လို့ မှော်ဂါထာချထားတဲ့လူ မသေရင်၊ ဂါထာက အလိုအလျောက် မပြယ်နိုင်ဘူး။ ဒါပေမယ့်လဲ မျက်စိရှေ့ကမြင်ကွင်းကို မြင်ရဖို့ ဟယ်ရီ့မှာ စိတ်ပြင်ဆင်မှု မရှိဘူး။ သူ ခုဘဝမှာတွေ့ရတဲ့၊ နောင်မှာ ထပ်မတွေ့နိုင်တော့တာလဲဖြစ်မယ့် အကောင်းဆုံးမှော်ဆရာဟာ ခြေလက်တွေ ဆန့်ထားတယ်၊ ခြေလက်တွေ ကျိုးနေပြီး သူ့ရှေ့မှာ ပက်လက်ကြီးရှိနေတယ်။

ဒမ်ဘလီဒိုး မျက်စိတင်းတင်းမှိတ်ထားတယ်၊ သူ့ခြေလက်တွေ ဖြန့်ထားတဲ့ ထောင့်ကကြည့်ရင် အိပ်မောကျနေသလိုပဲ။ ဟယ်ရီက သိမ်းငှက်နှုတ်သီးနှာခေါင်းပေါ်က လခြမ်းသဏ္ဌာန်မျက်မှန်ကို တည့်မတ်ပေးတယ်၊ မိမိအကျႌလက်ဝနဲ့ သူ့ပါးစပ်ထောင့်က သွေးကို သုတ်လိုက်တယ်။ ဒီနောက် ခေါင်းငုံ့ပြီး ဉာဏ်ပညာပြည့်ဝတဲ့ အိုမင်းတဲ့မျက်နှာကို ငေးကြည့်နေတယ်။ လက်ခံဖို့ ခက်ခဲတဲ့အဖြစ်အပျက်ကို ကြိုးစားပြီး ရင်ဆိုင်တယ်။ ဒမ်ဘလီဒိုး သူ့ကို ဘာမှထပ်ပြောမှာမဟုတ်တော့ဘူး၊ သူ့ကို ဘာမှ ထပ်ကူညီမှာ မဟုတ်နိုင်တော့ဘူး . . . .

ဟယ်ရီ့ကျောဘက်က လူအုပ်ဟာ တီးတိုးပြောဆိုနေတယ်။ ခဏနေတော့မှ၊ ဟယ်ရီဟာ မိမိမာကျောတဲ့ အရာတစ်ခုပေါ် ဒူးထောက်ထားတာ သိလာတယ်၊ သူ ငုံ့ကြည့်လိုက်တယ်။

သူတို့ နာရီအတော်များများမတိုင်ခင်မှာ ခိုးလို့ရတဲ့ လော့ကက်သီးဟာ ဒမ်ဘလီဒိုးအိတ်ကပ်ထဲက ထွက်ကျလာတယ်။ လော့ကက်သီး ပွင့်နေတယ်။ မြေကြီးပေါ်ကျတုန်းက ပွင့်သွားတာဖြစ်မယ်။ ဟယ်ရီက လော့ကက်သီးကို ကောက်ယူတယ်။ ဒီအချိန်မှာ သူဟာ ထိတ်လန့်တယ်၊ ကြောက်ရွံ့တယ်၊ ဝမ်းနည်းတာမှ ပြောမပြတတ်အောင် ဖြစ်တယ်၊ ဒါပေမယ့် ဒါပြဿနာရှိတယ်ဆိုတာ သူသိတယ် . . . .

သူက လော့ကက်သီးကို လှန်လိုက်တယ်။ သူ အတွေးဇလုံထဲမှာ မြင်ရတာနဲ့စာကြည့်ရင်၊ ဒီဟာက အဲဒီလောက်လဲ မကြီးဘူး၊ ဒီဝိုင်းအမှတ်အသားလဲ မပါဘူး၊ စလေးသရင်းရဲ့တံဆိပ်ဖြစ်တဲ့ ခန့်ညားတဲ့ " S " အမှတ်အသားလဲ မပါဘူး။ ဒီပြင်၊ အထဲမှာ ဓာတ်ပုံထည့်တဲ့နေရာမှာ ခေါက်ထားတဲ့ သိုးရေစက္ကူကို တင်းတင်းကြပ်ကြပ် ထိုးထည့်ထားတာအပြင် ဘာမှမရှိဘူး။

ဟယ်ရီဟာ စက်ယန္တရားဆန်ဆန် တွေးမနေဘဲ ဟိုသိုးရေစက္ကူကို

www.burmeseclassic.com

www.burmeseclassic.com




ယူဆွတ်လိုက်တယ်၊ ကျောဘက်က မော်ကြိမ်လုံးများရဲ့အလင်းနဲ့ ဖွင့်ဖတ်လိုက်တယ်။

သို့ - မော်နက်ဆရာကြီး။

သင် ဒါကိုမဖတ်ရခင် အစောကြီးကတည်းက ကျုပ်သေပြီ။ ဒါပေမယ့် ကျုပ် သင့်ကို သိစေချင်တာက၊ သင့်လျှို့ဝှက်ချက်ကို ကျုပ်တွေ့ပြီ။ ကျုပ်ဟာ တကယ့်ဝိညာဉ်ပစ္စည်းကို ခိုးယူသွားတယ်။ အမြန်ဆုံး ဖျက်ဆီးဖို့ လုပ်တယ်။ ကျုပ် သေခြင်းကို ရင်ဆိုင်တာဟာ၊ သင့်ကို ယှဉ်နိုင်သူနဲ့တွေ့ရင် သင့်ကို သတ်ပစ်နိုင်ဖို့ ဖြစ်တယ်။

R . A . B

ဟယ်ရီဟာ အဲဒီထဲကပြောတဲ့ အဓိပ္ပာယ်ကို နားလည်း မလည်ဘူး၊ စိတ်လည်း မဝင်စားဘူး။ အရေးကြီးတာက တစ်ချက်တည်းပဲ ရှိတယ်။ အဲဒါက၊ ဒါဟာ ဗိုလ်ဒီမွန့်ဝိညာဉ်ပစ္စည်း မဟုတ်ဘူး။ ဒမ်ဘယ်လီဒိုးဟာ ကြောက်စရာဆေးရည်အများကြီးသောက်ပြီး မိမိကိုယ်မိမိ ချည့်နဲ့အောင်လုပ်တာ အလဟဿဖြစ်သွားပြီ။ ကျောဘက်ရှိ အစွယ်ကြီး စတင်အူတဲ့အခါမှာ၊ ဟယ်ရီက သိုးရေစက္ကူကို လက်ထဲမှာ လုံးချေလိုက်တယ်၊ မျက်ရည်တွေဟာ သူ့မျက်စိကို ဝေဝါးသွားစေတယ်။



# ၂၉ ။ ဖီးနစ်ရဲ့ ငိုချင်း ဗျာပန သီချင်း

"သွားစို့၊ ဟယ်ရီ . . . ."

"ဟင့်အင်း"

"မင်း ဒီမှာနေလို့ မဖြစ်ဘူး၊ ဟယ်ရီ . . . . သွားပါ . . . ."

"ဟင့်အင်း"

ဟယ်ရီဟာ ဒမ်ဘယ်လီဒိုးကို မခွာချင်ဘူး၊ ဘယ်နေရာကိုမှ မသွားချင်ဘူး။ ဟက်ဂရစ် ဟယ်ရီ့ပခုံးကို ကိုင်ထားတဲ့လက်က တုန်နေတယ်။ ဒီနောက် တခြားအသံတစ်သံက ပြောတယ်။ "ဟယ်ရီ၊ သွားလိုက်ပါ"

အများကြီးသေးတဲ့ ပိုပြီးနွေးထွေးတဲ့လက်ကလေးက ဟယ်ရီ့လက်ကို ကိုင်လိုက်တယ်၊ သူ့ကို အပေါ်သို့ ဆွဲထူတယ်။ ဟယ်ရီဟာ ဇဝေဇဝါနဲ့ လိုက်ပြီး မတ်တတ်ရပ်လိုက်တယ်။ ခံစားချက်မရှိဘဲ လူအုပ်ကို ဖြတ်ပြီး၊ လေထဲမှ ပန်းရနံ့တစ်မျှင် ပါလာတော့မှ၊ ဂျင်နီက သူ့ကိုဆွဲပြီး ရဲတိုက်ဆီသွားနေမှန်း သိတော့တယ်။ မရှင်းလင်းတဲ့ ပြောဆိုသံတွေ အရပ်လေးမျက်နှာက ရောက်လာတယ်၊ ငိုရှိုက်သံ၊ အော်သံနဲ့ ငိုကြွေးသံတွေ ညကောင်းကင်ကို ထိုးခွဲနေ

www.burmeseclassic.com



တယ်။ ဒါပေမယ့် ဟယ်ရီနဲ့ ဂျင်နီ ရှေ့ကို ဆက်သွားနေတယ်၊ လှေကားထစ်ကို တက်ပြီး တံခါးခန်းထဲ ဝင်လိုက်တယ်။ ဟယ်ရီ့အကြည့်ဘေးစွန်းမှာ မျက်နှာတွေ လှုပ်နေတယ်၊ လူတွေ သူ့ကို ကြည့်ပြီး တီးတိုးပြောကြတယ်၊ အုံ့အားသင့်တွေဝေနေကြတယ်။ သူတို့ မာဘော်ကျောက်လှေကားဆီ သွားတယ်၊ ဂရစ်ခင်းဒေါ ပတ္တမြားတွေ ကြမ်းပေါ် ပြန့်ကျဲနေတယ်၊ သွေးစက်လို အနီရောင် လက်နေတယ်။

"ငါတို့ ကျောင်းဆေးရုံသွားမယ်" ဂျင်နီက ပြောတယ်။

"ငါ ဒဏ်ရာမရဘူး" ဟယ်ရီက ပြောတယ်။

"ဒါ မက်ဂေါ်နာဂေါအမိန့်" ဂျင်နီက ပြောတယ်။ "အားလုံး အဲဒီမှာ ရှိတယ်၊ ရွန်၊ ဟာမီးနဲ့ အားလုံး ——"

ကြောက်လန့်ခြင်းဟာ ဟယ်ရီ့ရင်ထဲက ပေါ်ထွက်လာပြန်တယ်။ သူ ခုနက မလှုပ်မယှက် ကိုယ်ခန္ဓာတွေကို မေ့သွားတော့မလို့။

"ဂျင်နီ၊ ဘယ်သူသေသေးလဲ"

"မကြောက်ပါနဲ့၊ တို့အထဲက လူသေတာ မရှိဘူး"

"ဒါပေမယ့် မှော်နက်အမှတ်အသား —— မော်ဖိုင်က သူ အလောင်းတစ်ခုကို နင်းမိတယ်ပြောတယ် ——"

"သူ ဘီးကို နင်းမိတာ၊ ဒါပေမယ့် သူ ဘာမှမဖြစ်ဘူး၊ အသက်ရှင်နေသေးတယ်"

သို့ပေမယ့် သူ့မအံ့သံက တစ်မျိုးဖြစ်နေတယ်၊ ဟယ်ရီစိတ်ထဲမှာ မဟန်ဘူးဆိုတာ သိတယ်။

"နင် သေချာရဲ့လား"

"သေချာတာပေါ့ . . . . သူက —— ဒဏ်ရာပြင်းတာပဲ ရှိတယ်။ ဖင်းရီအာ-ဂရေးဘက်ခ် သူ့ကို တိုက်ခိုက်တယ်။ မဒမ်ပွမ်ဖရေက ပြောတယ်၊ သူဟာ အရင်က —— အရင်ကနဲ့တူမှာမဟုတ်ဘူးတဲ့ . . . . " ဂျင်နီ့အသံဟာ နည်းနည်းတုန်နေတယ်။ "ဘယ်လိုအကျိုးသက်ရောက်မှု ဖြစ်လာမလဲဆိုတာ ငါတို့မသိဘူး —— ငါပြောချင်တာက ဖင်းရီအာ-ဂရေးဘက်ခ်က ဝံပုလွေလူသား၊ ဒါပေမယ့် သူ ထိုစဉ်က ဝံပုလွေသဏ္ဍာန်ဖြစ်မသွားဘူး"

"တခြားလူတွေကော . . . . ထိုစဉ်က ကြမ်းပေါ်မှာ လဲနေတာ ရှိသေးတယ် . . . ."



"နီဗီးလဲ ဆေးရုံမှာ၊ မဒမ်ပွမ်ဖရေက သူ လုံးဝကောင်းသွားမယ်လို့ ပြောတယ်။ ပါမောက္ခ ဖလစ်ဝစ်လဲ မေ့သွားတယ်၊ ဒါပေမယ့် သူ ဘာမှမဖြစ်ဘူး၊ နည်းနည်းအားနည်းနေတာပဲ ရှိတယ်။ သူက ရေဗင်ခလောကျောင်းသားတွေကို သွားစောင့်ရှောက်ဖို့လုပ်တာ။ ဒက်အီတာတစ်ယောက် သေတယ်၊ ဟိုအကောင်ကြီးကြီး ရွှေရောင်ဆံပင်နဲ့ ဒက်အီတာ နေရာတကာ လျှောက်ပစ်တဲ့ ကျိန်စာထိလို့ သေတာ —— ဟယ်ရီ ငါတို့ နင်ပေးခဲ့တဲ့ ကံကောင်းဆေးရည်ကို မသောက်ရင်၊ ငါတို့ တိုက်ပွဲမှာ ကျကုန်ပြီလို့ ငါထင်တယ်။ အဲဒီကျိန်စာတွေဟာ သီသီလေးချည်း လွဲသွားတာ၊ ငါတို့ကို ထိကိုမထိဘူး ——"

သူတို့ ကျောင်းဆေးရုံကို ရောက်ပြီး တံခါးတွန်းဖွင့်လိုက်တယ်။ နီဗီးဟာ အဝရှိ ခုတင်တစ်လုံးပေါ် လှဲနေတာ ဟယ်ရီ မြင်ရတယ်၊ အိပ်ပျော်နေတယ်။ ရွန်၊ ဟာမီး၊ လူနာ၊ တန့်ခ်စ်နဲ့ လူပင်တို့ဟာ အတွင်းဆုံးက ခုတင်တစ်လုံးမှာ ဝိုင်းနေတယ်။ တံခါးဖွင့်သံကြားတော့ သူတို့အားလုံး ခေါင်းမော့ကြည့်တယ်။ ဟာမီး ပြေးလာပြီး ဟယ်ရီ့ကို ဖက်ထားတယ်။ လူပင်ကလဲ သောကဖုံးတဲ့ မျက်နှာနဲ့ လျှောက်လာတယ်။

"မင်း ဘာမှမဖြစ်ပါဘူးနော်၊ ဟယ်ရီ"

"ကျွန်တော် ဘာမှမဖြစ်ဘူး . . . . ဘီး ဘယ့်နှယ်နေလဲ"

ဘယ်သူမှမဖြေဘူး။ ဟယ်ရီက ဟာမီးပခုံးကို ကျော်ပြီးကြည့်လိုက်တော့၊ အသားအရေစုတ်ပြဲနေပြီး၊ ပုံပျက်နေတဲ့ သတိလစ်နေတဲ့ မျက်နှာတစ်ခု ဘီးခေါင်းအုံးပေါ်မှာ တွေ့ရတယ်။ မဒမ်ပွမ်ဖရေဟာ နှာခေါင်းစူးစေတဲ့ အစိမ်းရောင် ဆေးဖယောင်းချက်နဲ့ သူ့ဒဏ်ရာကို သုတ်သင်နေတယ်။ ဟယ်ရီက စနိတ်ပ် မှော်ကြိမ်လုံး အသာယမ်းလိုက်တာနဲ့ မော်ဖိုင် စက်တမ်ဆမ်ပရာကြောင့် ကွဲသွားတဲ့ဒဏ်ရာတွေ ချက်ချင်းကောင်းသွားတာကို သတိရလိုက်တယ်။

"သင် မှော်ဂါထာ ဒါမှမဟုတ် တစ်ခုခုနဲ့ သူ့ကို ကုလို့မရဘူးလား" သူက မဒမ်ပွမ်ဖရေကို မေးတယ်။

"ဒီဒဏ်ရာတွေကုတဲ့ မှော်ဂါထာမရှိဘူး" မဒမ်ပွမ်ဖရေက ပြောတယ်။ "ကိုယ့်မှာရှိတဲ့ မှော်ဂါထာအားလုံးနဲ့ စမ်းပြီးပြီ၊ ဝံပုလွေလူသားကိုက်တာ ကုလို့ရတာ မရှိဘူး"

"ဒါပေမယ့် သူဟာ လပြည့်နေ့မှာ အကိုက်ခံရတာမဟုတ်ဘူးလေ" ရွန်က ပြောတယ်။ သူဟာ သူ့အစ်ကိုမျက်နှာကို ငုံ့ကြည့်နေတယ်၊ သူ့အကြည့်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာတွေ ကျက်ကုန်မလိုပဲ။ "ဖင်းရီအာ-ဂရေးဘက်ခ် ဝံပုလွေသဏ္ဌာန် ဖြစ်မသွားဘူး၊ ဒါကြောင့် ဘီးလဲ —— တကယ့် —— ဖြစ်မှာမဟုတ်ဘူး"

သူက သိပ်မသေချာပဲ လူပင်ကို ကြည့်နေတယ်။

"မှန်တယ်၊ ဘီးဟာ တကယ့်ဝံပုလွေလူသား ဖြစ်သွားမှာမဟုတ်ဘူးလို့ ကျုပ်ထင်တယ်" လူပင်က ပြောတယ်။ "ဒါပေမယ့် နည်းနည်းမှ အပြောင်းအလဲရှိမှာ မဟုတ်ဘူးလို့ ပြောတာမဟုတ်ဘူး။ ဒါတွေဟာ မှော်ကျိန်စာမိတဲ့ ဒဏ်ရာတွေ။ ၎င်းတို့ လုံးဝကျက်မှာမဟုတ်ဘူး၊ ပြီးတော့ —— ပြီးတော့ နောင်မှာ ဘီးဟာ ဝံပုလွေလူသားရဲ့ ထူးခြားချက်ရှိလိမ့်မယ်"

"ဒမ်ဘလီဒိုးက ဘယ်လိုလုပ်ရမယ်ဆိုတာ သိမှာ" ရွန်က ပြောတယ်။ "သူ ဘယ်မှာလဲ။ ဘီးက သူ့အမိန့်ကို နာခံပြီး အဲဒီအရူးတွေကို သွားတိုက်တာ။ ဒမ်ဘလီဒိုး သူ့ကို တာဝန်ယူရမယ်၊ သူ ဒီလိုဂရုမစိုက်ဘဲ နေလို့မရဘူး ——"

"ရွန်၊ ဒမ်ဘလီဒိုး သေပြီ" ဂျင်နီက ပြောတယ်။

"မဖြစ်နိုင်ဘူး" လူပင်ဟာ ဆောက်တည်ရာမရဘဲ ဂျင်နီကို ကြည့်ရာက ဟယ်ရီ့ဘက် ကြည့်လိုက်တယ်၊ သူ ငြင်းစေချင်တယ်၊ ဒါပေမယ့် ဟယ်ရီ မငြင်းဘူး။ လူပင်ဟာ ဘီး ခုတင်ဘေးကခုံပေါ် လဲကျသွားတယ်၊ လက်နှစ်ဘက်နဲ့ မျက်နှာကို အုပ်ထားတယ်။ လူပင် ဒီလိုမချုပ်တည်းနိုင်တာ ဟယ်ရီ မကြုံဖူးဘူး။ ဟယ်ရီဟာ မယဉ်ကျေးတဲ့ သူများလျှို့ဝှက်ချက်ကို မိမိမြင်လိုက်ရသလို ခံစားရလို့ တစ်ဖက်လှည့်လိုက်တယ်။ ရွန့်အကြည့်နဲ့ သွားဆုံတယ်။ သူတို့ တိတ်တိတ်လေး အကြည့်ချင်း ဖလှယ်လိုက်တယ်၊ ဂျင်နီပြောတာကို အတည်ပြုလိုက်တယ်။

"သူ ဘယ်လိုသေတာလဲ" တန့်ခ်စ်က တိုးတိုးမေးတယ်။ "ဘယ်လိုဖြစ်ပွားတာလဲ"

"စနိတ်ပ် သူ့ကို သတ်လိုက်တယ်" ဟယ်ရီက ပြောတယ်။ "ထိုစဉ်က ကျွန်တော် အဲဒီမှာရှိတယ်၊ မျက်စိနဲ့ မြင်ခဲ့တာ။ ကျွန်တော်တို့ နက္ခတ္တဗေဒမျှော်စင်ကို အတူတကွ ပြန်လာတယ်၊ မှော်နက်အမှတ်အသား အဲဒီမှာရှိနေလို့ . . . . ဒမ်ဘလီဒိုး ဖျားနေတယ်၊ သူ သိပ်ချည့်နဲ့တယ်၊ ဒါပေမယ့် ကျွန်တော် ထင်တယ်၊ ကျွန်တော်တို့ လှေကားက လူပြေးတက်လာတာကြားတော့၊ အဲဒါ ထောင်ချောက်ထောင်မှန်း သိတယ်။ ဒမ်ဘလီဒိုးက မှော်ဂါထာနဲ့ ကျွန်တော့်ကို ချုပ်ထားတယ် ကျွန်တော် ဘာမှလုပ်လို့မရဘူး။ ကျွန်တော် ကိုယ်ပျောက်ဝတ်ရုံဝတ်ထား



တယ် —— ဒီနောက်မှာ မော်ဖိုင်က တံခါးက ဝင်လာပြီး သူ့ကို လက်နက်ဖြုတ်လိုက်တယ် ——"

ဟာမီးဟာ ဆတ်ခနဲ ပါးစပ်ကို လက်နဲ့ အုပ်လိုက်တယ်၊ ရွန်က သက်ပြင်းချတယ်၊ လူနာ့ပါးစပ် တုန်နေတယ်။

"—— ဒက်အီတာ ပိုများများရောက်လာတယ် —— ဒီနောက် စနိတ်ပ် —— စနိတ်ပ်က သတ်တယ်၊ အဗာဒါသက်ပျောက်" ဟယ်ရီ ဆက်မပြောနိုင်တော့ဘူး။

မဒမ်ဖွမ်ဖရေဟာ ရုတ်တရက် မျက်ရည်တွေ စီးကျလာတယ်။ ဘယ်သူမှ သူမကို သတိမပြုမိဘူး၊ ဂျင်နီကပဲ တိုးတိုးပြောတယ်။ "ရှူး၊ နားထောင်"

မဒမ်ဖွမ်ဖရေက လက်နဲ့ ပါးစပ်ကို အုပ်ထားတယ်၊ မျက်ရည်တွေ မျိုချနေတယ်၊ မျက်လုံးကြီးပြူးထားတယ်။ အပြင်ဘက်အမှောင်ထဲက တစ်နေရာရာမှာ၊ ဖီးနစ်ဟာ ဟယ်ရီ ဘယ်တုန်းကမှမကြားဖူးတဲ့ သဏ္ဌာန်နဲ့ လူကို စိတ်လှုပ်ရှားစေတဲ့ ကြေကွဲစရာ ဈာပနသီချင်းကို သီကျူးနေတယ်။ အရင်က ဖီးနစ်သီချင်းသံ ကြားရတုန်းကလိုပဲ၊ ဒီဈာပနသီချင်းဟာ သူ့ဦးနှောက်ထဲ ဖြစ်ပြီး လက်တွေ့ထဲမှာ မဟုတ်ဘူးလို့ ဟယ်ရီ ခံစားရတယ်။ မိမိရဲ့ ကြေကွဲဝမ်းနည်းမှုက ဖြစ်ပေါ်လာတဲ့ ဈာပနသီချင်းလိုပဲ၊ ကျောင်းပရဝဏ်အတွင်းနဲ့ ရဲတိုက်ရဲ့ပြတင်းတွေအတွင်းမှာ ပဲ့တင်ထပ်နေတယ်။

သူတို့ အဲဒီမှာရပ်ပြီး ဘယ်လောက်ကြာကြာ နားထောင်နေမှန်း ဟယ်ရီ မသိဘူး၊ သူတို့ ဒီကြေကွဲဖွယ် သတိရတဲ့သီချင်းကို နားထောင်ရတာ ဘာကြောင့် နှစ်သိမ့်မှုအနည်းငယ်ရတယ်ဆိုတာလဲ သူ မသိဘူး။ အကြာကြီးရှိသွားပြီလို့ပဲ ခံစားရတယ်၊ ပါမောက္ခ မက်ဂေါ်နာဂေါ် လူနာခန်းထဲ တံခါးတွန်းဖွင့်ဝင်လာတယ်။ တခြားလူတွေလိုပဲ၊ သူမကိုယ်ပေါ်မှာ တိုက်ပွဲပြီးနောက် အမှတ်အသားတွေ ရှိနေတယ်။ မျက်နှာပေါ်မှာ ပွန်းပဲ့တာရှိတယ်၊ ဝတ်ရုံရှည်လည်း ပြဲနေတယ်။

"မော်လီနဲ့ အာသာ ဒီကိုလာနေပြီ" သူမက ပြောတယ်၊ ဒီအခါရဲ့ ဆွဲဆောင်အား ပြတ်သွားတယ်၊ အားလုံး ဝေဝါးတဲ့အထဲက လန့်နိုးသွားသလိုပဲ၊ ဘီးကို လှည့်ကြည့်ကြတယ်၊ ဒါမှမဟုတ် မျက်စိပွတ်ကြ၊ ခေါင်းခါကြတယ်။ "ဟယ်ရီ၊ ဘယ်လိုဖြစ်တာလဲ။ ဟက်ဂရစ်က မင်း ထိုစဉ်က ပါမောက္ခ ဒမ်

www.burmeseclassic.com

www.burmeseclassic.com



ဘလီဒိုးနဲ့ အတူရှိတယ်လို့ ပြောတယ်၊ သူ ဟို —— ဟိုကိစ္စ ဖြစ်ပွားတုန်းက။ ပါမောက္ခစနိတ်ပ်က ဝင်ပါသလို ဟက်ဂရစ်က ပြောသေးတယ် —— "

"စနိတ်ပ်က ဒမ်ဘလီဒိုးကို သတ်လိုက်တယ်" ဟယ်ရီက ပြောတယ်။

မက်ဂေါ်နာဂေါက သူ့ကို စိုက်ကြည့်ပြီး ခဏကြောင်နေတယ်၊ ဒီနောက် ရင်နာစရာ လှုပ်ယိုင်လာတယ်။ မဒမ်ဖွမ်ဖရေက ရှေ့ကို နည်းနည်းပြေးလာကာ မှော်ပညာနဲ့ ထိုင်ခုံတစ်လုံး ဖန်ဆင်းပြီး မက်ဂေါ်နာဂေါနောက်မှာ ချထားလိုက်တယ်။

"စနိတ်ပ်" မက်ဂေါ်နာဂေါက အားနည်းစွာ ထပ်ပြောရင်း ထိုင်ခုံပေါ် ထိုင်ကျသွားတယ်။ "ကိုယ်တို့အားလုံး သံသယရှိတယ် . . . . ဒါပေမယ့် သူက ယုံတယ် . . . . တစ်လျှောက်လုံး . . . . စနိတ်ပ် . . . . ယုံနိုင်စရာမရှိဘူး . . . ."

"စနိတ်ပ်ဟာ အလွန်ထူးချွန်တဲ့ ဦးနှောက်ပိတ်ဆရာကြီး" လူပင်က ပြောတယ်။ သူ့အသံက စူးနေတယ်၊ ခါတိုင်းနဲ့မတူဘူး။ "ဒါ ကျုပ်တို့အားလုံး သိတဲ့ အဖြစ်မှန်"

"ဒါပေမယ့် ဒမ်ဘလီဒိုးက သူဟာ ကျွန်မတို့ဘက်ကလူလို့ ကျိန်ပြောတယ်" တန့်ခ်စ်က အသာလေးပြောတယ်။ "ကျွန်မက ဒမ်ဘလီဒိုးဟာ စနိတ်ပ် အခြေအနေတချို့ကိုသိမယ်လို့ ထင်ခဲ့တာ၊ အဲဒါတွေဟာ ကျွန်မတို့ မသိတာတွေ . . . ."

"သူက သူ့မှာ ခိုင်မာတဲ့ အကျိုးအကြောင်းရှိလို့ စနိတ်ပ်ကို ယုံတယ်လို့ အရိပ်အမြွက်ပြတယ်" ပါမောက္ခ မက်ဂေါ်နာဂေါက တဖွဖွပြောတယ်၊ ပန်းကွပ်ဇာနားလက်ကိုင်ပဝါနဲ့လည်း မျက်စိထောင့်က အဆက်မပြတ် စီးကျတဲ့ မျက်ရည်ကို သုတ်နေတယ်။ "ကိုယ်ပြောတာက . . . . စနိတ်ပ်ရဲ့ သမိုင်းအရ . . . . အများက သူ့ကို သံသယရှိမှာ ဓမ္မတာပဲ . . . . ဒါပေမယ့် ဒမ်ဘလီဒိုးက တိကျရှင်းလင်းစွာ ကိုယ့်ကို ပြောတယ်၊ စနိတ်ပ်ရဲ့ နောင်တရမှုဟာ လုံးဝ စစ်မှန်တယ်လို့ ပြောတယ် . . . . သူ့မကောင်းကြောင်းပြောတာ သူ တစ်ခွန်းမှ နားမထောင်ချင်ဘူး"

"စနိတ်ပ်က သူ့ကို ဘယ်လိုနားချတယ်ဆိုတာ ကိုယ်သိချင်တယ်" တန့်ခ်စ်က ပြောတယ်။

"ကျွန်တော် သိတယ်" ဟယ်ရီက ပြောတယ်။ အားလုံး သူ့ကို လှည့်



ကြည့်နေတယ်။ "စနိတ်ပ်က ဗိုလဒီမွန့်ကို သတင်းပေးတယ်၊ ဒါကြောင့် ဗိုလဒီမွန့်က ကျွန်တော့်မိဘကို လိုက်သတ်တယ်။ ဒီနောက်မှာ စနိတ်ပ်က ဒမ်ဘလီဒိုးကို ပြောတယ်၊ သူ ထိုစဉ်က မိမိဒီလိုလုပ်တဲ့အကျိုးဆက်ကို မသိနားမလည်ခဲ့ဘူး၊ သူ သတင်းပေါက်ကြားတာ အလွန်စိတ်မကောင်းဘူး၊ သူတို့ သေရတဲ့အတွက် သူ အလွန့်ကို ဝမ်းနည်းမိတယ်လို့ ပြောတယ်"

"ဒမ်ဘလီဒိုးက သူ့ကို ယုံသွားရောလား" လူပင်က မယုံနိုင်ဘဲ မေးတယ်။ "ဒမ်ဘလီဒိုးက ဂျိမ်းသေရတာကို ဝမ်းနည်းတယ်ဆိုတဲ့ စနိတ်ပ်ကို ယုံသွားရော့လား။ စနိတ်ပ်က ဂျိမ်းကို တစ်လျှောက်လုံး မုန်းတီးနေတာ . . . ."

"ပြီးတော့ သူက ကျွန်တော့်အမေကိုလဲ တပြားမှမတန်ဘူးလို့ ထင်တယ်" ဟယ်ရီက ပြောတယ်။ "သူမက မတ်ဂေါ်က မွေးလို့တဲ့ . . . . သူက သူမကို 'ရွှံ့သွေး'လို့ ခေါ်တယ် . . . ."

ဟယ်ရီ ဒါတွေ ဘယ်လိုလုပ်သိလဲဆိုတာ မေးတဲ့လူ မရှိဘူး၊ အားလုံး ချောက်ချားခြင်းနဲ့ ထိတ်လန့်ခြင်းထဲမှာ ပျောက်ဆုံးနေသလိုပဲ။ ဖြစ်ပွားပြီးဖြစ်တဲ့ မဖြစ်နိုင်တဲ့ အဖြစ်မှန်ကို လက်ခံဖို့ ကြိုးစားနေကြတယ်။

"ဒါ ကိုယ့်အမှားပဲ" ပါမောက္ခ မက်ဂေါ်နာဂေါက ရုတ်တရက် ပြောတယ်။ သူမကြည့်ရတာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတယ်၊ လက်နှစ်ဘက်က စိုနေတဲ့ လက်ကိုင်ပဝါကို လိမ်နေတယ်။ "ကိုယ့်အမှား၊ ကိုယ်က ဖလစ်ဝစ်ကို ညက စနိတ်ပ်သွားခေါ်ခိုင်းတာ၊ ကိုယ်က သူ့ကို ကိုယ်တို့ လာကူညီဖို့ ခေါ်သေးတယ်တဲ့။ စနိတ်ပ်ကို ကိုယ်က ဒီမှာဘာဖြစ်နေတယ်ဆိုတာ အကြောင်းမကြားရင်၊ သူဟာ ဒက်အီတာတွေဘက် ပါသွားမှာ မဟုတ်ဘူး။ ဖလစ်ဝစ် သူ့ကို ပြောမပြခင်မှာ ဒက်အီတာတွေ ရောက်နေတယ်ဆိုတာ စနိတ်ပ် မသိဘူး၊ သူတို့လာမယ်ဆိုတာ မသိဘူးလို့ ကိုယ်ထင်တယ်"

"ခင်ဗျားအမှားမဟုတ်ဘူး၊ မီနာဗာ" လူပင်က သေချာစွာ ပြောတယ်။ "ထိုစဉ်က ကျုပ်တို့ အကူပိုများများလိုတယ်၊ စနိတ်ပ်လာမယ်ဆိုတာ သိတော့ အားလုံးဝမ်းသာတယ် . . . ."

"ဒါဆိုရင်၊ သူရောက်လာပြီးတော့ ဒက်အီတာတွေဘက် တစ်ခါတည်း ပါလိုက်တာလား" ဟယ်ရီက မေးတယ်။ စနိတ်ပ်ရဲ့ တောင်းတချစ်မှုနဲ့ ဖြစ်မှုတိုင်းရဲ့အသေးစိတ်ကို သူ သိချင်တယ်၊ သူ့ကို မုန်းတီးဖို့ အကျိုးအကြောင်းကို ကြိုးစားရှာတယ်၊ ကလဲ့စားချေဖို့ သန္နိဋ္ဌာန်ချတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အခိုင်အမာ ဘယ်လိုဖြစ်တယ်ဆိုတာ ကိုယ်မသိဘူး" ပါမောက္ခ မက်ဝေါ် နာဂေါက စိတ်ရှုပ်စွာ ပြောတယ်။ "အားလုံးနားမလည်နိုင်စရာချည်းပဲ . . . . ဒမ်ဘလီဒိုးက သူ ကျောင်းက ခဏထွက်သွားမယ်လို့ ပြောတယ်၊ ကိုယ်တို့ကို စကြိုထဲမှာ ရှောင်တခင် အရေးကိစ္စကို ကာကွယ်ဖို့ ကင်းလှည့်ခိုင်းထားတယ် . . . . ရီးမတ်စ်၊ ဘီးနဲ့ နစ်ဖ်ဟာဒိုရာတို့လဲ ပါကြတယ် . . . . ဒါနဲ့ ကိုယ်တို့ အတူတကွ ကင်းစောင့်တယ်။ အားလုံး ငြိမ်သက်နေသလိုပဲ။ ကျောင်းအပြင်ကို ပေါက်တဲ့ လမ်းအားလုံး ပိတ်ထားတယ်၊ ဘယ်သူမှ ပျံဝင်လာလို့ မရဘူးဆိုတာ ကိုယ်တို့သိတယ်။ ရဲတိုက်ထဲဝင်တဲ့ ဝင်ပေါက်အားလုံး အားကောင်းတဲ့ မှော်ပညာနဲ့ စီရင်ထားတယ်။ ဒက်အီတာတွေ ဘယ်လိုလုပ်ဝင်လာတယ်ဆိုတာ ကိုယ် ခုထိ နားမလည်ဘူး . . . ."

"ကျွန်တော် သိတယ်" ဟယ်ရီက ပြောတယ်။ သူက ဟိုပျောက်ကွယ်ဗီရိုနှစ်ခုနဲ့ ဖွဲ့စည်းတဲ့ မှော်လမ်းပေါက်ကို တိုတိုတုတ်တုတ် ပြောပြလိုက်တယ်။ "ဒါကြောင့် သူတို့ဟာ လိုတရအခန်းထဲကနေ ခိုးဝင်လာတာ"

သူဟာ ရွန်နဲ့ ဟာမီးကို မကြည့်ချင်ပေမယ့် သွားကြည့်မိတယ်၊ သူတို့ နှစ်ယောက်စလုံး ဣန္ဒြေပျက်နေကြတယ်။

"ငါ့ကြောင့်၊ ဟယ်ရီ" ရွန်က စိတ်ပျက်စွာ ပြောတယ်။ "ငါတို့ မင်းပြောသလိုလုပ်တယ်၊ မားပြမြေပုံကို စစ်ဆေးကြည့်တယ်၊ မော်ဖိုင်ကို မြေပုံထဲမှာ မတွေ့ဘူး၊ သူ လိုတရအခန်းထဲမှာ ရှိမယ်လို့ ငါတို့ တွေးတယ်။ ဒါကြောင့် ငါ၊ ဂျင်နီနဲ့ နီဗီးတို့ အဲဒီမှာ သွားစောင့်နေတယ် . . . . ဒါပေမယ့် မော်ဖိုင် လစ်ပြေးတာ ခံရတယ်"

"ငါတို့ တစ်နာရီစောင့်နေတယ်၊ သူ ဟိုအခန်းက ထွက်လာတယ်" ဂျင်နီက ပြောတယ်၊ သူတစ်ယောက်တည်းရယ်၊ ရွံစရာလက်ခြောက်ကြီးကို ကိုင်ထားတယ် ——"

"သူ့ရဲ့ 'ဂုဏ်ပြောင်တဲ့လက်' " ရွန်က ပြောတယ်။ "၎င်းကို ကိုင်ထားတဲ့လူမှသာ အလင်းရောင်ကို မြင်ရတယ်၊ မှတ်မိလား"

"ဘာပဲဖြစ်ဖြစ်" ဂျင်နီက ဆက်ပြောတယ်။ "သူဟာ ဒက်အီတာတွေ ခိုးဝင်လာရင် လုံခြုံမှု ရှိ မရှိ စစ်ဆေးနေတာ ဖြစ်ရမယ်၊ သူက ငါတို့မြင်တာနဲ့ ခိုးပေါ်ကို တစ်ခုခုပစ်လိုက်တယ်၊ ချက်ချင်း မှောင်မည်းသွားတာပဲ ——"

" —— ပီရူးကသွင်းတဲ့ ကိုယ်ပျောက်မီးခိုးမှုန့်" ရွန်က နာကျင်စွာ



ပြောတယ်။ "ဖရက်နဲ့ ဂျော့တို့ဟာ။ သူတို့ကို ငါမေးချင်သေးတယ်၊ ဘယ်သူတွေနဲ့များ အရောင်းအဝယ်လုပ်နေသလဲလို့"

"ငါတို့ နည်းအားလုံး စမ်းတယ် —— မီးရောင်လက်စေ၊ မီးတောက်တက်စေ" ဂျင်နီက ပြောတယ်။ "ဘယ်အရာကမှ အဲဒီအမှောင်ကို မထိုးဖောက်နိုင်ဘူး၊ ငါတို့ စကြိုထဲက စမ်းပြီးထွက်ခဲ့ရတာ။ ပြီးတော့ ဘေးက လူဖြတ်ပြေးတာလဲ ကြားရသေးတယ်။ မော်ဖိုင့်မှာ ဂုဏ်ပြောင်တဲ့လက်ရှိလို့ မြင်ရပြီး သူတို့ကို လမ်းပြတယ်ဆိုတာ ရှင်းတယ်။ ဒါပေမယ့် ငါတို့မှော်ပညာ မသုံးဝံ့ဘူး၊ တစ်ခုခုလဲ မပစ်ထည့်ဝံ့ဘူး၊ ကိုယ့်လူထိမှာစိုးလို့။ မီးရောင်ရှိတဲ့ စကြိုတစ်ခုထဲ ငါတို့ ရောက်သွားတော့ သူတို့ အကုန်ပြေးသွားပြီ"

"ကံကောင်းတာက" လူပင်က အသံအက်အက်နဲ့ ပြောတယ်။ "ရွန်၊ ဂျင်နီနဲ့ နီဗီးတို့ဟာ ကျုပ်တို့နဲ့ ချက်ချင်းတိုးမိတယ်၊ ဘာဖြစ်တယ်ဆိုတာလဲ ပြောပြတယ်။ မိနစ်အနည်းငယ်ကြာတော့၊ အဲဒီဒက်အီတာတွေ နက္ခတ္တဗေဒ မျှော်စင်ဆီ ပြေးနေတာ ကျုပ်တို့ တွေ့ရတယ်။ မော်ဖိုင်ဟာ လူဒီလောက်များများ ကင်းလှည့်နေတာ မခန့်မှန်းမိဘူးထင်တယ်၊ သူဟာ သူ့ကိုယ်ပျောက်မီးခိုးမှုန့်တွေ မကြာခင်မှာ သုံးလို့ကုန်သွားတယ်။ တိုက်ပွဲဖြစ်ပြီ၊ သူတို့ ခွဲပြေးကြတယ်၊ ကျုပ်တို့ တက်တိုက်တယ်။ ဂစ်ဘွန်လို့ခေါ်တဲ့ ဒက်အီတာ ရုတ်တရက် ထွက်ပြေးသွားတယ်၊ အိမ်ချွန်လှေကားဆီ ပြေးသွားတာ ——"

"မှော်နက်အမှတ်အသား သွားလွှတ်တာ ?" ဟယ်ရီက မေးတယ်။

"မှန်တယ်၊ ဒါပဲဖြစ်မယ်။ သူတို့ဟာ လိုတရအခန်းက မထွက်ခင်ကတည်းက စီစဉ်ပြီးသားဖြစ်မယ်" လူပင်က ပြောတယ်။ "ဒါပေမယ့် ဂစ်ဘွန်ဟာ တစ်ယောက်တည်းနေပြီး ဒမ်ဘလီဒိုးကို မစောင့်ချင်ဘူးနဲ့တူတယ်၊ အကြောင်းက သူ အောက်ထပ်ပြန်ဆင်းလာပြီး တိုက်ပွဲထဲ ပြန်ဝင်တယ်၊ နောက်ဆုံး ကျုပ်ကို မထိတဲ့ အသေသတ်ကျိန်စာ ထိသွားတယ်"

"ရွန်က ဂျင်နီနဲ့ နီဗီးတို့နဲ့အတူ လိုတရအခန်းကို စောင့်ကြည့်နေတယ် ?" ဟယ်ရီက ဟာမီးဘက် လှည့်ပြောတယ်။ "ဒါဆို နင်ဘယ်မှာ ——"

"စနိတ်ပ် ရုံးခန်းအပြင်ဘက်မှာ၊ ဟုတ်တယ်" ဟာမီးက အသံသေးလေး ပြောတယ်။ သူမမျက်စိထဲမှာ မျက်ရည်ရောင်လက်နေတယ်။ "လူနာနဲ့အတူ ငါတို့ အပြင်မှာ အကြာကြီးနေတယ်၊ ဘာမှမဖြစ်ဘူး . . . . လှေကားဆီမှာ ဘာဖြစ်နေတယ်ဆိုတာ ငါတို့မသိဘူး၊ မားပြမြေပုံ ရွန့်ဆီမှာ . . . . သန်းခေါင်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခါနီးမှာ၊ ပါမောက္ခ ဖလစ်ဝစ် မြေအောက်ကျောင်းခန်းဆီ ပြေးလာတယ်၊ ရဲတိုက်ထဲမှာ ဒက်အီတာတွေ ရှိတယ်လို့ အော်လာတယ်။ ငါနဲ့ လူနာ အဲဒီမှာ ရှိနေတာ သူ လုံးဝသတိထားမိမှာ မဟုတ်ဘူးထင်တယ်။ သူက စနိတ်ပ် ရုံးခန်းထဲ တန်းဝင်သွားတယ်။ သူက စနိတ်ပ်ကို သူနဲ့အတူ သွားကူညီဖို့ပြောတာ ကြားတယ်။ ဒီနောက် တိုက်ခတ်သံကျယ်ကျယ်တစ်ချက် ကြားလိုက်တယ်၊ စနိတ်ပ် ပြေးထွက်လာတယ်။ သူ ငါတို့ကို မြင်တယ်၊ ဒီနောက် —— ဒီနောက် —— "

"ဘာလဲ ?" ဟယ်ရီက လောဆော်တယ်။

"ငါ သိပ်ကို အတာပဲ၊ ဟယ်ရီ" ဟာမီးက အသံစူးစူးနဲ့ တိုးတိုးပြောတယ်။ "သူက ပါမောက္ခ ဖလစ်ဝစ် မေ့လဲသွားတယ်၊ ငါတို့ ဝင်သွားပြီး ပြုစုသင့်တယ်လို့ ပြောတယ်။ သူကတော့ —— သူကတော့ ဒက်အီတာကို ကူတိုက်ဖို့ သွားမယ် —— "

သူမဟာ ရှက်လို့ မျက်နှာကို အုပ်ထားတယ်၊ လက်ချောင်းကြားကနေ ဆက်ပြောသွားတယ်၊ ဒါကြောင့် အသံက အုပ်နေတယ်။

"ငါတို့ သူ့ရုံးခန်းထဲ ဝင်တယ်၊ ပါမောက္ခ ဖလစ်ဝစ်ကို ကူညီနိုင်မလား ကြည့်တယ်။ သူဟာ ကြမ်းပေါ်မှာ မေ့လဲနေတယ် . . . . အခုကြည့်ရတာ ရှင်းနေတယ်၊ စနိတ်ပ်က ဖလစ်ဝစ်ကို မူးမေ့ကျိန်စာ ချလိုက်တာဖြစ်မယ်၊ ဒါပေမယ့် ငါတို့ မသိလိုက်ဘူး၊ ဟယ်ရီ။ ငါတို့ မထင်မိဘူး၊ ငါတို့ စနိတ်ပ်ကို လွှတ်လိုက်တယ်"

"မင်းတို့အမှားမဟုတ်ဘူး" လူပင်က တိကျကျ ပြောတယ်။ "ဟာမီး၊ မင်းတို့ စနိတ်ပ်စကားနားထောင်ပြီး ဖယ်မပေးရင်၊ သူက မင်းနဲ့ လူနာကို သတ်ပြီးရော့မယ်"

"ဒါဆို သူ အပေါ်ထပ်တက်တယ်" ဟယ်ရီက ပြောတယ်။ သူဟာ မာဘော်ကျောက်လှေကားအတိုင်း အပေါ်ထပ်ကို ပြေးနေတဲ့ စနိတ်ပ်ကို မြင်ရသလိုပဲ၊ အနက်ရောင်ဝတ်ရုံရှည်ဟာ ခါတိုင်းလိုပဲ ကျောဘက်မှာ လွင့်နေတယ်၊ ပြေးရင်း ဝတ်ရုံထဲကနေ မှော်ကြိမ်လုံးကို ဆွဲထုတ်တယ်။ "ဒီနောက် သူက နင်တို့ တိုက်ပွဲဝင်တဲ့နေရာကို တွေ့သွားတယ် . . . ."

"ကိုယ်တို့ အခက်အခဲ တွေ့နေတယ်၊ ကိုယ်တို့ အရေးနိမ့်နေတယ်" တန့်ခ်စ်က တိုးတိုးပြောတယ်။ "ဂစ်ဘွန်း လဲကျသွားတယ်၊ ဒါပေမယ့် တခြား



ဒက်အီတာတွေဟာ ဆုံးခန်းတိုင် တိုက်မယ့်ပုံပဲ။ နီဗီး ဒဏ်ရာရတယ်၊ ဘီလ ဖင်းရီးအာ-ဂရေးဘက်ခ် ပြင်းထန်စွာ တိုက်ခိုက်တာ ခံရတယ် . . . . ထိုစဉ်က မှောင်မည်းနေတယ် . . . . မှော်ကျိန်စာတွေ နေရာတကာ ရောက်နေတယ် . . . . မော်ဖိုင်ဆိုတဲ့ကောင်လေး မတွေ့ရတော့ဘူး၊ သူ လစ်ပြေးသွားပြီး လှေကားကနေ အိမ်ချွန်ကိုတက်တာ ဖြစ်မယ် . . . . ဒီနောက် ပိုများတဲ့ ဒက်အီတာတွေ သူ့နောက်က လိုက်သွားတယ်။ သူတို့ထဲကတစ်ယောက်က မှော်ဂါထာတစ်ခုနဲ့ သူတို့ကျောဘက်ကလှေကားကို ပိတ်ဆို့လိုက်တယ် . . . . နီဗီး ပြေးတက်သွားတယ်၊ မိုးပေါ် မြောက်တက်သွားတယ် —— "

"ငါတို့ ဘယ်သူမှ မှော်အတားအဆီးကို မဖြတ်နိုင်ဘူး" ရွန်က ပြောတယ်။ "ဟို အကောင်ကြီးကြီး ဒက်အီတာဟာ ဘေးပတ်လည်ကို မှော်ကျိန်စာတွေ ပစ်လွှတ်နေတယ်။ နံရံပေါ်က ပြန်ကန်လာတဲ့ မှော်ကျိန်စာတွေ ငါတို့ထိဖို့ နည်းနည်းလိုတယ် . . . ."

"ဒီနောက်မှာ စနိတ်ပ် ရောက်လာတယ်" တန့်ခ်စ်က ပြောတယ်။ "ဒီနောက် သူ ပျောက်သွားတယ် —— "

"သူက ငါတို့ဆီ ပြေးလာတာ ငါမြင်တယ်၊ ဒါပေမယ့် ဟိုအကောင်ကြီးကြီး ဒက်အီတာရဲ့ မှော်ကျိန်စာတစ်ခု ပစ်လွှတ်လာတာကြောင့် ငါ ရှောင်လိုက်ပြီးနောက်မှာ၊ စနိတ်ပ် ဘယ်ရောက်သွားမှန်း မသိတော့ဘူး" ဂျင်နီက ပြောတယ်။

"သူ ဟိုမှော်အတားအဆီးကို တန်းဖြတ်သွားတာ ကျုပ် မြင်ရတယ်၊ မှော်အတားအဆီး မရှိသလိုပဲ" လူပင်က ပြောတယ်။ "ကျုပ်က သူ့နောက် လိုက်ပြီး ဖြတ်ဖို့လုပ်တာ၊ နီဗီးလိုပဲ မိုးပေါ် ပစ်လွှတ်တာ ခံရတယ် . . . ."

"ကိုယ်တို့မသိတဲ့ မှော်ဂါထာတစ်ခုကို သူသိမယ်ထင်တယ်" မက်ဂေါ်နာဂေါ်က အသာလေးပြောတယ်၊ "သူက —— မှော်နက်ပညာခုခံကာကွယ်တဲ့ အတတ်ဆရာပဲကိုး . . . . ကိုယ်က သူ အိမ်ချွန်ပေါ်တက်ပြေးတဲ့ ဒက်အီတာကို လိုက်နေတယ်လို့ အဲဒီတုန်းကထင်တာ . . . ."

"သူက" ဟယ်ရီ ဒေါသတအားထွက်ပြီး ပြောတယ်၊ "ဒါပေမယ့် သူက သူတို့ကို လိုက်ကူညီတာ၊ သူတို့ကို သွားတားတာမဟုတ်ဘူး . . . . မှော်နက်အမှတ်အသားရှိမှ အဲဒီမှော်အတားအဆီးကို ဖြတ်လို့ရမယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လောင်းဝံ့တယ် — ဒါဆိုရင် သူ အပေါ်ထပ်က ဆင်းလာပြီးနောက် ဘာဖြစ်သေးလဲ"

"ဒီလို၊ အကောင်ကြီးကြီး ဒက်အီတာက အဲဒီအချိန်မှာ ကျိန်စာတစ်ခု ပစ်လိုက်တယ်၊ မျက်နှာကြက်တစ်ဝက်လောက် ပြိုကျတယ်၊ လှေကားဝမှာ ထားထားတဲ့ မှော်ဂါထာလဲ ကျိုးပေါက်သွားတယ်" လူပင်က ပြောတယ်။ "ကျုပ်တို့ — ကျုပ်တို့ထဲက လဲကျမသွားသေးတဲ့ လူအားလုံး ပြေးတက်ကြတယ်။ ဒီအချိန်မှာ စနိတ်ပ်နဲ့ ဟိုကောင်လေး ဖုန်မှုန့်ကြားက ပေါ်လာတယ် — ကျုပ်တို့ ဘယ်သူမှ သူတို့ကို မတိုက်တာ သေချာတယ် —"

"သူတို့ကို ဖြတ်သွားစေလိုက်တယ်" တန့်ခ်စ်က အသံမာမာနဲ့ ပြောတယ်။ "ကိုယ်တို့က သူတို့ကို ဒက်အီတာတွေ လိုက်နေတယ် ထင်တာ — ဆက်လက်ပြီး တခြားဒက်အီတာနဲ့ ဖင်းရီအာ-ဂရေးဘက်ခ်တို့ ပြန်လာတယ်၊ ကျုပ်တို့ တိုက်ကြပြန်တယ် — ကျုပ် စနိတ်ပ်က အော်လိုက်တာ ကြားရသလိုပဲ၊ ဒါပေမယ့် သူ ဘာအော်မှန်းမသိဘူး —"

"သူက အော်ပြောတယ်။ 'ပြီးဆုံးပြီ' တဲ့" ဟယ်ရီက ပြောတယ်။ "ဆိုလိုတာက သူလုပ်ရမယ့်အလုပ် အောင်မြင်ပြီပေါ့"

အားလုံးငြိမ်နေတယ်။ ဖော့ခ်စ်ရဲ့ ဈာပနသီချင်းသံဟာ အပြင်ဘက် မှောင်မည်းတဲ့ကွင်းထဲမှာ ပဲ့တင်ထပ်နေဆဲပဲ။ ဂီတသံဟာ လေထုထဲမှာ တုန်ခါနေတယ်။ မဖိတ်ခေါ်ပဲ ရောက်လာတဲ့၊ မကြိုဆိုတဲ့ အတွေးတစ်ခု ဟယ်ရီ့ ခေါင်းထဲ ဝင်လာတယ် . . . . သူတို့ ဒမ်ဘလီဒိုးရဲ့ ရုပ်အလောင်းကို ရဲတိုက်ခြေရင်းက သိမ်းဆည်းသွားပြီလား။ ဒီနောက် ဘာတွေဖြစ်ဦးမလဲ။ ဒမ်ဘလီဒိုး ဘယ်မှာ ထာဝရနားရမလဲ။ သူ့လက်သီးဟာ အိတ်ကပ်ထဲမှာ ပိုတင်းတင်း ဆုပ်ထားတယ်၊ အဲဟို သေးပြီးအေးစက်တဲ့ ဝိညာဉ်ပစ္စည်းအတုဟာ သူ့ညာဘက်လက်ဆစ်နဲ့ ထိနေတာ သူသိနေတယ်။

ဆေးရုံတံခါး ရုတ်တရက် တွန်းဖွင့်ခံရတယ်၊ အားလုံးလန့်သွားတယ်။ မစ္စတာနဲ့ မစ္စစ်ဝယ်စလီတို့ သုတ်သုတ်ဝင်လာတယ်၊ ဖလောအာ ကပ်လိုက်လာတယ်။ သူမရဲ့ လှပတဲ့မျက်နှာပေါ်မှာ ထိတ်လန့်မှုနဲ့ ပြည့်နေတယ်။

"မော်လီ — အာသာ —" ပါမောက္ခ မက်ဂေါ်နာဂေါက အမြန်ခုန်ထပြီး သူတို့ကို နှုတ်ဆက်တယ်။ "ကျွန်မ အလွန်ဝမ်းနည်းပါတယ် —"

"ဘီး" မစ္စစ်ဝယ်စလီက အသာခေါ်တယ်။ သူမဟာ ဘီးရဲ့သွေးသံ



ရဲရဲမျက်နှာကို မြင်ရပြီး ပါမောက္ခ မက်ဂေါ်နာဂေါဘေးက အမြန်ဖြတ်သွားတယ်။ "အိုး၊ ဘီး"

လူပင်နဲ့ တန့်ခ်စ် အမြန်မတ်တတ်ရပ်လိုက်ပြီး နောက်ကို ခြေလှမ်းတချို့ ဆုတ်ပေးတယ်၊ မစ္စစ်ဝယ်စလီကို ခုတင်နား သွားနိုင်အောင် လုပ်ပေးတယ်။ မစ္စစ်ဝယ်စလီက ခါးကုန်းပြီး သားရဲ့သွေးစွန်းတဲ့နဖူးကို နမ်းလိုက်တယ်။

"ဖင်းရီအာ-ဂရေးဘက်ခ်က သူ့ကို တိုက်ခိုက်တယ်လို့ ပြောတာလား" မစ္စတာ ဝယ်စလီက စိုးရိမ်စွာနဲ့ ပါမောက္ခ မက်ဂေါ်နာဂေါကို မေးတယ်။ " 'ဖင်းရီအာ-ဂရေးဘက်ခ် ထိုစဉ်က ဝံပုလွေသဏ္ဍာန် ပြောင်းမသွားဘူး' ? ဒါ ဘာအဓိပ္ပာယ်လဲ။ ဘီး ဘယ်လိုဖြစ်မလဲ"

"ကျွန်မတို့ အခုမသိသေးဘူး" ပါမောက္ခ မက်ဂေါ်နာဂေါက ဖြေတယ်၊ လူပင့်ကို အကူညီမဲ့စွာ ကြည့်နေတယ်။

"အပြောင်းအလဲတချို့ ရှိနိုင်တယ်၊ အာသာ" လူပင်က ပြောတယ်။ "ဒီအခြေအနေမျိုး ကြုံခဲ့တယ်၊ ထူးခြားလိမ့်မယ် . . . . သူနိုးလာပြီး ဘယ်လိုဆိုတာ ကျွန်တော်တို့ မသိသေးဘူး . . . ."

မစ္စစ်ဝယ်စလီက မဒမ်ဖွမ်ဖရေလက်ထဲကနေ အနံ့ဆိုးတဲ့ဆေးကို ယူပြီး ဘီးဒဏ်ရာကို လိမ်းပေးနေတယ်။

"ဒါဆို ဒမ်ဘလီဒိုး . . . ." မစ္စတာဝယ်စလီက မေးတယ်။ "မီနာဗာ၊ ဒါအမှန်ပဲလား . . . . သူ တကယ်ပဲ . . . ."

ပါမောက္ခ မက်ဂေါ်နာဂေါ ခေါင်းညိတ်တဲ့အခါမှာ၊ ဂျင်နီ သူ့အနား ရောက်လာတာ သူ သိလိုက်တယ်။ ဂျင်နီက မျက်စိမှေးပြီး ဖလောအာကို ကြည့်နေတယ်၊ ဖလောအာက ဘီးကို ငုံ့ကြည့်နေတယ်၊ လန့်ပြီး ငိုင်နေတဲ့ပုံ ပေါက်နေတယ်။

"ဒမ်ဘလီဒိုး သေပြီ" မစ္စတာ ဝယ်စလီက အသာလေးပြောတယ်။ ဒါပေမယ့် မစ္စစ်ဝယ်စလီကတော့ သူမသားကိုပဲ စိုက်ကြည့်နေတယ်။ သူမဟာ စတင်ရှိုက်လာတယ်၊ မျက်ရည်တွေ ဘီးရဲ့ ဒဏ်ရာတွေနဲ့ မျက်နှာပေါ် ကျလာတယ်။

"တကယ်ပဲ၊ ရုပ်ရည်က သိပ်အရေးမကြီးဘူး . . . . ဒါ သိပ်အရေးမကြီးဘူး . . . . ဒါပေမယ့် သူဟာ သိပ်ချောတဲ့ ကောင်လေး . . . . သိပ်ကို ချောတာ . . . . သူ အစက — လက်ထပ်မလို့ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာအစီပွာယ်လဲ" ဖလောအာက ရုတ်တရက် အကျယ်ကြီး ပြောတယ်။ "ဒါဘာအစီပွာယ်လဲ၊ သူအစက လက်ထပ်မလို့ ?"

မစွစ်ဝယ်စလီဟာ မျက်ရည်စတွေနဲ့မျက်နှာကို မော့လိုက်တယ်၊ အလွန်အံ့အားသင့်နေတယ်။

"ငါက —— ပြောတာက ——"

"သင်က ဘီး ကျွန်မနဲ့ လက်မထပ်ချင်တော့ဘူးလို့ ထင်လို့လား" ဖလောအာက မေးတယ်။ "သင်က ဒီဒဏ်ရာတွေကြောင့်၊ သူက ကျွန်မကို မချစ်တော့ဘူးလို့ ထင်လို့လား"

"ဟင့်အင်း၊ ဒီလိုပြောတာ မ ——"

"သူ ဒီလိုမလုပ်ဘူး" ဖလောအာက ပြောတယ်။ ကိုယ်ကိုလည်း မတ်လိုက်တယ်။ ငွေရောင်ဆံပင်ရှည်ရှည်ကို နောက်သို့ ခါလိုက်တယ်။ "ဝံပုလွေလူသားတစ်ယောက်ဟာ ဘီး ကျွန်မချစ်တာကို တားလို့မရဘူး"

"ဟုတ်တယ်၊ မှန်တယ်၊ ကိုယ်လဲ ယုံတယ်" မစွစ် ဝယ်စလီက ပြောတယ်။ "ဒါပေမယ့် ကိုယ်တွေးတယ် —— သူ့အခြေအနေကို စဉ်းစားမိတော့ —— သူ ——"

"သင်က ကျွန်မ သူနဲ့ လက်မထပ်ချင်ဘူးထင်လို့လား။ ဒါမှမဟုတ်ရင် သင်က ကျွန်မကို သူနဲ့ လက်မထပ်စေချင်ဘူးလား" ဖလောအာက ပြောတယ်၊ နှာခေါင်းက ပွပွနေတယ်။ "ကျွန်မက သူ့ရုပ်ရည်ပဲ အရေးထားလို့လား။ ကျွန်မ တစ်ယောက်တည်းရဲ့အလှဟာ ကျွန်မတို့နှစ်ယောက်အတွက် လုံလောက်ပြီလို့ ကျွန်မထင်တယ်။ ဒါကြောင့် ဒီဒဏ်ရာတွေက ကျွန်မယောကျ်ားဟာ ရဲရင့်တယ်ဆိုတာ ပြသတာပဲ။ ကျွန်မလုပ်မယ်" သူက ဒေါ်နဲ့မောနဲ့ တစ်ခွန်းဖြည့်ပြောပြီး၊ မစွစ်ဝယ်စလီကို တွန်းပစ်ပြီး သူမလက်ထဲက ဆေးကို လုယူတယ်။

မစွစ်ဝယ်စလီဟာ သူမယောကျ်ားကိုယ်ပေါ် လဲသွားတယ်။ ဖလောအာက ဘီးကို ဆေးထူထူလိမ်းပေးနေတာကို ကြည့်နေတယ်၊ မျက်နှာပေါ်မှာ ထူးဆန်းတဲ့အမူအရာ ဖော်ပြတယ်။ ဘယ်သူမှ စကားမပြောဘူး၊ ဟယ်ရီ လှုပ်တောင်မလှုပ်ဝံ့ဘူး။ လူအားလုံးလိုပဲ၊ သူဟာ မီးတောင်ပေါက်ကွဲမှာကို စောင့်နေတယ်။

"ကိုယ်တို့ရဲ့ အရီးကြီးမူရီးဆီမှာ" အကြာကြီးရပ်နေပြီးနောက်၊ မစွစ်ဝယ်စလီက ပြောတယ်။ "အလွန်လှတဲ့ မကိုဋ်တစ်ခု ရှိတယ် —— သရဲ



သဘက်တွေ ပြုလုပ်တာ —— သူ့ကို ကိုယ်နားချနိုင်ပြီး မင်္ဂလာဆောင်မှာ သုံးဖို့ ငှားပေးမယ်၊ သူမက ဘီးကို သိပ်ချစ်တာ၊ မင်းသိပါတယ်။ အဲဒီမကိုဋ်ဟာ မင်းဆံပင်ပေါ် ဆောင်းရင် သိပ်လှမှာပဲ"

"ကျေးဇူးတင်ပါတယ်" ဖလောအာက မာတောင့်တောင့်ပြောတယ်။ "သိပ်လှမယ်လို့ ကျွန်မ ယုံတယ်"

ရုတ်တရက်ကြီး —— ဟယ်ရီဟာ ဘာဆိုတာ မသိလိုက်သေးဘူး —— မိန်းမနှစ်ယောက်ဖက်ပြီး ငိုနေကြတယ်။ ဟယ်ရီ လုံးဝကြောင်သွားတယ်၊ တစ်ဖက်လှည့်လိုက်တယ်၊ ကမ္ဘာကြီး ရူးနေပြီထင်တယ်။ ရွန်ကလဲ ဟယ်ရီ့လိုပဲ အံ့အားသင့်နေသလိုပဲ။ ဂျင်နီနဲ့ ဟာမီးဟာလဲ အံ့အားသင့်စွာ အကြည့်ချင်း ဖလှယ်နေတယ်။

"ကြည့်လေ" သဘာဝမကျတဲ့ အသံတစ်သံက ပြောတယ်။ တန့်ခ်စ်ဟာ မျက်စိအရောင်တောက်စွာနဲ့ လူပင်ကို ကြည့်နေတယ်။ "သူမက သူနဲ့ လက်ထပ်ချင်တာပဲ၊ သူ အကိုက်ခံရပေမယ့် သူမ ဂရုမစိုက်ဘူး"

"ဒါ မတူဘူး" လူပင်က နှုတ်ခမ်းမလှုပ်သလောက် ပြောတယ်။ သူကြည့်ရတာ ရုတ်တရက် သိပ်တင်းကြပ်သလိုပဲ။ "ဘီးဟာ ဝံပုလွေလူသား သက်သက် မဖြစ်နိုင်ဘူး၊ ဒီကိစ္စ လုံးဝ ——"

"ဒါပေမယ့် ကိုယ်လဲ ဂရုမစိုက်ဘူး၊ ကိုယ် ဂရုမစိုက်ဘူး" တန့်ခ်စ်က ပြောတယ်။ လူပင့်ဝတ်ရုံရင်ဘတ်ကို ကိုင်ပြီး လှုပ်နေတယ်။ "ကိုယ်ပြောတာ အကြိမ်ဆယ်သိန်းတောင် ရှိပြီ . . . ."

တန့်ခ်စ်ရဲ့ ကိုယ်စောင့်နတ်ရဲ့အဓိပ္ပာယ်နဲ့ သူမရဲ့ မီးခိုးဝါဝါဆံပင် ပြီးတော့ သူမဟာ လူတစ်ယောက်ကို ဖင်းရီအာ-ဂရေးဘက်ခ်က တိုက်ခိုက်တယ်ကြားတော့ ဒမ်ဘယ်လီဒိုးကို လာတွေ့တယ်၊ ဒါတွေအားလုံးကို ဟယ်ရီ ရုတ်တရက် နားလည်သွားတယ်၊ တန့်ခ်စ်ကြိုက်တာ ဆီးရီးအတ်စ်ကြယ် မဟုတ်ဘူး . . . .

"ကိုယ်ပြောတာ အကြိမ်ဆယ်သိန်းရှိပြီ" လူပင်က တန့်ခ်စ်အကြည့်ကို ရှောင်နေတယ်၊ ကြမ်းပြင်ကို ငုံ့ကြည့်နေရင်း ပြောတယ်။ "ကျုပ် အသက်သိပ်ကြီးတယ်၊ မင်းနဲ့ မသင့်တော်ဘူး၊ သိပ်လဲဆင်းရဲတယ် . . . . သိပ်အန္တရာယ်ရှိတယ် . . . ."

"ကျွန်မကလဲ တစ်ယောက်လုံး ပြောနေတယ်၊ ရှင့်ဒီအကျိုးအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ အခ်ီပွာယ်မရှိဘူး၊ ရိုမတ်စ်" မစ္စစ်ဝယ်စလီက ဖလောအာပခုံးကို အသာ ခတ်ထားတယ်၊ ဖလောအာပခုံးပေါ်ကနေ သူ့ကို လှမ်းပြောတယ်။

"ကျွန်တော် အဓိပ္ပာယ်မရှိတာ မဟုတ်ဘူး" လူပင်က ပြတ်သားစွာ ပြောတယ်။ "တန့်ခ်စ်ဟာ ငယ်ရွယ်ပြီး ကျန်းမာတဲ့လူတစ်ယောက် သူမကို ချစ်ဖို့လိုတယ်"

"ဒါပေမယ့် သူမက ရှင့်ကိုလိုချင်တာ" မစ္စစ်ဝယ်စလီက ပြောတယ်။ ပြီးတော့ အသာလေးရယ်တယ်။ "ပြီးတော့လဲ၊ ရိုမတ်စ်၊ ငယ်ရွယ်ပြီး ကျန်းမာတဲ့ ယောကျ်ားဟာလဲ အမြဲတိုင်း ရှိချင်မှရှိမှာ" သူမက ဝမ်းနည်းစွာနဲ့ သူမသားကို လက်ညှိုးထိုးလိုက်တယ်။

"အခု . . . . ဒါဆွေးနွေးတာ မသင့်တော်ဘူး" လူပင်က ပြောတယ်။ သူက ခြေမကိုင်မိ လက်မကိုင်မိနဲ့ ဘေးဘီကို ကြည့်တယ်၊ အများအကြည့်ကို ရှောင်နေတယ်။ "ဒမ်ဘလီဒိုး သေပြီ . . . ."

"တကယ်လို့ ဒီကမ္ဘာကြီးမှာ အချစ်ပိုများများရှိရင်၊ ဒမ်ဘလီဒိုးက ဘယ်သူ့ထက်မဆို ဝမ်းသာမှာပါ" ပါမောက္ခ မက်ဂေါ်နာဂေါက တိုတုတ်စွာ ပြောတယ်။ ဒီအချိန်မှာ တံခါးပွင့်သွားပြန်တယ်၊ ဟက်ဂရစ် ဝင်လာတယ်။

သူ့မျက်နှာပေါ်က မုတ်ဆိတ်နဲ့ ဆံပင်မရှိတဲ့နေရာလေးမှာ မျက်ရည် တွေ စိုနေတယ်၊ ရောင်လဲ နေတယ်၊ သူ့ငိုတာ တစ်ကိုယ်လုံး တုန်နေတယ်၊ လက်ထဲမှာ ပေရေနေတဲ့ လက်ကိုင်ပဝါကြီး ကိုင်ထားတယ်။

"ကျွန်တော် . . . . ကျွန်တော် ပြီးမြောက်သွားပြီ၊ ပါမောက္ခ" သူက ရှိုက်ငိုရင်း ပြောတယ်။ "သူ့ —— သူ့ကို သယ်သွားပြီးပြီ။ ပါမောက္ခ စပရောက်က ကလေးတွေကို ပြန်အိပ်ခိုင်းလိုက်ပြီ။ ပါမောက္ခ ဖလစ်ဝစ် လဲနေသေးတယ်၊ ဒါပေမယ့် သူက ခဏနေရင် ကောင်းမှာလို့ ပြောတယ်။ ပါမောက္ခ စလပ်ဂ်ဟွန်း က မှော်ဝန်ကြီးဌာနကို အကြောင်းကြားပြီးပြီလို့ ပြောတယ်"

"ကျေးဇူးတင်တယ်၊ ဟက်ဂရစ်" ပါမောက္ခ မက်ဂေါ်နာဂေါဟာ ချက်ချင်းမတ်တတ်ထလိုက်တယ်၊ လှည့်ပြီး ဘီး ခုတင်အနား ဝိုင်းနေတဲ့လူတွေ ကို ကြည့်လိုက်တယ်။ "မှော်ဝန်ကြီးဌာနကလူတွေ လာရင်၊ ကိုယ် သူတို့ကို သွားတွေ့ရလိမ့်မယ်။ ဟက်ဂရစ်၊ ဟောက်စ်ကျောင်းလေးကျောင်းက ကျောင်း အုပ်ကြီးတွေကို ပြောပြပါ —— စလပ်ဂ်ဟွန်းဟာ စလေးသရင်းကို ကိုယ်စားပြု



နိုင်တယ် —— ကိုယ် သူတို့ကို ကိုယ့်ရုံးခန်းမှာ ချက်ချင်းတွေ့ဆုံမယ်၊ ရှင်လဲ လာစေချင်တယ်"

ဟက်ဂရစ်က ခေါင်းညိတ်လိုက်တယ်၊ လှည့်ပြီး ဖြည်းဖြည်းချင်း အခန်းက ထွက်သွားတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါက ဟယ်ရီ့ကို ငုံ့ကြည့် နေတယ်။

"သူတို့နဲ့မတွေ့ခင်မှာ၊ ကိုယ် မင်းနဲ့ စကားနည်းနည်းပြောချင်တယ်၊ ဟယ်ရီ။ မင်း ခဏလိုက်ခဲ့လို့ရမလား . . . ."

ဟယ်ရီ မတ်တတ်ထလိုက်တယ်၊ ရွန်၊ ဟာမီးနဲ့ ဂျင်နီကို ဖွဖွလေး ပြောတယ်။ "ခဏနေရင် တွေ့မယ်" ပြောပြီး ပါမောက္ခ မက်ဂေါ်နာဂေါ် နောက် က လိုက်ပြီး လူနာခန်းက ထွက်သွားတယ်။ အပြင်ကစင်္ကြံဟာ ဟာလာ ဟင်းလင်း ဖြစ်နေတယ်၊ တစ်ခုတည်းသောအသံက အဝေးဆီက ဖီးနစ်ရဲ့ သီချင်းသံ။ မိနစ်အတန်ကြာတော့မှ ဟယ်ရီ သတိပြန်ရလာတယ်။ သူတို့ဟာ ပါမောက္ခ မက်ဂေါ်နာဂေါ်ရုံးခန်းကို သွားနေတာ မဟုတ်ဘူး၊ ဒမ်ဘလီဒိုးရုံးခန်း ကို သွားနေတာ။ စက္ကန့်အတော်များများ ကုန်လွန်သွားတော့မှ သူသိလာတာက ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ ကျောင်းအုပ်ကိုယ်စားလှယ် ဖြစ်တယ် . . . . ဒါကြောင့် အခု သူမဟာ ကျောင်းအုပ်ကြီးပဲပေါ့ . . . . ဒါကြောင့် ကျောက် တိရစ္ဆာန်ဘီလူးနောက်ဘက်က အခန်းဟာ အခု သူမ ပိုင်တယ် . . . .

သူတို့ဟာ တိတ်တိတ်ပဲ ခရုပတ်လှေကားကို တက်ခဲ့ပြီး ရုံးခန်းဝိုင်း ဝိုင်းထဲ ဝင်ခဲ့တယ်။ သူ ဘာမြင်ရမယ်ဆိုတာ မသိဘူး။ အခန်းထဲမှာ ပိတ်နက် ချိတ်ဆွဲထားချင် ထားမှာ၊ ဒမ်ဘလီဒိုးရုပ်ကလာပ်လဲ အဲဒီမှာ ထားချင်ထားမှာ။ ဒါပေမယ့် လက်တွေ့မှာတော့ ရုံးခန်းထဲက အရာအားလုံးဟာ လွန်ခဲ့တဲ့ နာရီ အချို့က သူနဲ့ ဒမ်ဘလီဒိုး ထွက်ခွာစဉ်ကနဲ့ တစ်ပုံစံတည်းပဲ။ ငွေထည်တိရိယာ တွေဟာ ခြေတံသေးသွယ်တဲ့ စားပွဲပေါ်မှာ တအုန်းအုန်းမြည်နေတယ်၊ အခိုး အငွေ့တွေ ပန်းထုတ်နေတယ်၊ ဖန်အုပ်ဆောင်းထဲက ဂရစ်ဖင်းဒေါ်ရဲ့ဓားဟာ လရောင်အောက်မှာ လက်နေတယ်၊ အမျိုးအစားခွဲဦးထုပ်ဟာ စင်နောက်က စားပွဲပေါ်မှာပဲ ရှိတယ်။ ဒါပေမယ့် ဖော့ခ်စ်ရဲ့ ငှက်နားကိုင်းကတော့ ဗလာ နေတယ်၊ အဲဒီဖီးနစ်ဟာ တွင်းထဲမှာ ဈာပနသီချင်း ဆိုနေတယ်။ အရုပ်ကား အသစ်တစ်ချပ်ဟာ ဟော့ဂ်ဝပ်က သေဆုံးသွားတဲ့ ကျောင်းအုပ်ဆရာကြီးများနဲ့ ဆရာမကြီးများရဲ့ အုပ်စုထဲ ရောက်လာတယ် . . . . ဒမ်ဘလီဒိုးဟာ စားပွဲ

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ဘက်က ရွှေရောင်မှန်ဘောင်ထဲမှာ အိပ်ပျော်နေတယ်၊ လခြမ်းသဏ္ဍာန် မျက်မှန်ဟာ ရင်းရဲ့သိမ်းငှက်နှုတ်သီးနှာခေါင်းပေါ်မှာ တပ်ထားတယ်၊ ပုံပန်းက အေးဆေးပြီး ငြိမ်သက်တယ်။

ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ သူ့အရုပ်ပုံကို ကြည့်လိုက်ပြီး ထူးဆန်းတဲ့ လှုပ်ရှားမှုတစ်ခု ပြုလုပ်လိုက်တယ်၊ မိမိကိုယ်မိမိ စိတ်ခိုင်အောင် လုပ်နေသလိုပဲ။ ပြီးတော့မှ စားပွဲနောက် ဝင်သွားတယ်။ သူမက ဟယ်ရီ့ကို ကြည့်နေတယ်၊ တင်းထားတဲ့မျက်နှာပေါ်မှာ အရေးအကြောင်းတွေချည်းပဲ။

"ဟယ်ရီ" သူမက ပြောတယ်။ "မင်းနဲ့ ပါမောက္ခ ဒမ်ဘလီဒိုးတို့ ညက ကျောင်းက ထွက်သွားပြီး ဘာတွေလုပ်တယ်ဆိုတာ ကိုယ် သိချင်တယ်"

"ကျွန်တော် သင့်ကို ပြောမပြနိုင်ဘူး၊ ပါမောက္ခ" ဟယ်ရီက ပြောတယ်။ ဒီမေးခွန်းကို သူကြိုတွက်ထားပြီးပြီ။ သူ့အဖြေဟာလဲ စောစောကတည်းက တွေးထားပြီးသား။ ဒီမှာပဲ၊ ဒီအခန်းထဲမှာပဲ၊ ဒမ်ဘလီဒိုးက သူ့ကို ပြောထားတယ်၊ သူဟာ သူတို့ တွေ့ကြုံရတာကို ရွန်နဲ့ ဟာမီးကိုပဲ ပြောပြရမယ်။

"ဟယ်ရီ၊ ဒါ အလွန်အရေးကြီးတာ ဖြစ်နိုင်တယ်" ပါမောက္ခ မက်ဂေါ်နာဂေါ်က ပြောတယ်။

"အမှန်ပဲ" ဟယ်ရီက ပြောတယ်။ "အလွန်အရေးကြီးတယ်၊ ဒါပေမယ့် သူက ကျွန်တော့်ကို ဘယ်သူ့မှ ပြောမပြစေချင်ဘူး"

ပါမောက္ခ မက်ဂေါ်နာဂေါ်က စိတ်ဆိုးစွာ သူ့ကို ကြည့်နေတယ်။

"ပေါ်တာ (မက်ဂေါ်နာဂေါ်က သူ့ကို အမျိုးနာမည်နဲ့ ခေါ်တာ ဟယ်ရီ သတိပြုမိတယ်)၊ ပါမောက္ခ ဒမ်ဘလီဒိုး သေသွားပြီ၊ အခြေအနေ မတူတော့တာ မင်း မြင်သင့်တယ်လို့ ကိုယ်ထင်တယ် —"

"ကျွန်တော် ဒီလိုမထင်ဘူး" ဟယ်ရီက ပခုံးတွန့်ပြီး ပြောတယ်။ "သူသေသွားရင် သူ့အမိန့်ကို ဆက်လုပ်ဖို့မလိုဘူးလို့ ပါမောက္ခ ဒမ်ဘလီဒိုးက ဘယ်တုန်းကမှ မပြောဖူးဘူး"

"ဒါပေမယ့် —"

"ဒါပေမယ့် မော်ဝန်ကြီးဌာနကလူတွေ မလာခင်မှာ၊ တစ်ခုတော့ သင် သိသင့်တယ်။ မဒမ်ရိုစ်မာထာ ဝိညာဉ်လုကျိန်စာမိထားတယ်၊ သူမက မော်ဒိုင်နဲ့ ဒက်အီတာတွေကို ကူညီခဲ့တာ၊ ဒါကြောင့် ပုတီးကုံးနဲ့ အဆိပ်ခတ် ထားတဲ့ ဘူးအရက် —"



"ရိုစ်မာထာ ?" ပါမောက္ခ မက်ဂေါ်နာဂေါ်က မယုံနိုင်ပဲ မေးတယ်။ ဒီအချိန်မှာ တံခါးခေါက်သံ ကြားတယ်၊ ပါမောက္ခများဖြစ်တဲ့ စပရောက်၊ ဖလစ်ဝစ်နဲ့ စလပ်ဂ်ဟွန်းတို့ ဝင်လာကြတယ်။ သူတို့နောက်မှာက တအားငိုနေတဲ့ ဟက်ဂရစ်၊ သူ့ရဲ့ ဧရာမကိုယ်ခန္ဓာကြီးဟာ ဝမ်းနည်းခြင်းနဲ့အတူ တုန်လှုပ်နေတယ်။

"စနိတ်ပ်" စလပ်ဂ်ဟွန်းက မအောင့်နိုင်ပဲ ပြောတယ်၊ သူကြည့်ရတာ အတုန်လှုပ်ဆုံးပဲ၊ မျက်နှာတွေ ဖြူရော်နေတယ်၊ ချွေးအဆက်မပြတ် ထွက်နေတယ်။ "စနိတ်ပ်၊ ကျုပ် သူ့ကို သင်ဖူးတယ်၊ ကျုပ်က သူ့ကို နားလည်တယ် ထင်ခဲ့တာ"

ဘယ်သူမှ ဖြေဖို့အချိန်မရခင်မှာပဲ၊ အသံစူးစူးတစ်သံဟာ နံရံအထက်က ပေါ်လာတယ်၊ ဆံပင်နက်နက်၊ ဆံမြိတ်တိုတိုချထားတဲ့ မျက်နှာဝါဝါနဲ့ မှော်ဆရာဟာ သူ့ကင်းဗတ်စအလွတ်ထဲ ခုတွင် ပြန်ရောက်လာတယ်။

"မီနာဗာ၊ ဝန်ကြီး စက္ကန့်အနည်းငယ်ကြာရင် ရောက်မယ်၊ သူ အခုပဲ မှော်ဝန်ကြီးဌာနကနေ ရုပ်ရွှေ့ပြောင်းလာနေတယ်"

"ကျေးဇူးတင်တယ်၊ အဲဗရဒ်" ပါမောက္ခ မက်ဂေါ်နာဂေါ်က ပြောတယ်၊ ဒီနောက် အလျင်အမြန် လှည့်ပြီး ပါမောက္ခတွေကို ကြည့်တယ်။

"ဝန်ကြီးရောက်မလာခင်မှာ၊ ဟော့ဂ်ဝပ်ကျောင်းကြီးရဲ့ ရှေ့ရေးကို ကျွန်မ ပြောချင်တယ်" သူမက အမြန်ပြောတယ်။ "ကျွန်မအနေနဲ့ ကျွန်မတို့ ကျောင်းကြီး နောင်နှစ်မှာ ဆက်ဖွင့်လို့မဖြစ်တော့ဘူးလို့ ထင်တယ်။ ကျောင်းအုပ်ကြီးဟာ ကျွန်မတို့ လုပ်ဖော်ကိုင်ဘက်လက်ချက်နဲ့ သေဆုံးရတယ်၊ ဒါဟာ ဟော့ဂ်ဝပ်သမိုင်းကို ကြီးမားစွာ အိုးမည်းသုတ်လိုက်တာပဲ၊ သိပ်ကြောက်စရာပဲ"

"ဒမ်ဘလီဒိုးက ကျွန်မတို့ကို ကျောင်းဆက်ဖွင့်စေချင်မယ်လို့ ကျွန်မ ယုံတယ်" ပါမောက္ခ စပရောက်က ပြောတယ်။ "ကျောင်းသားတစ်ယောက်သာ ကျောင်းနေဖို့လာတယ်ဆိုရင်၊ ကျောင်းဖွင့်သင့်တယ်လို့ထင်တယ်"

"ဒါပေမယ့် ဒီနောက်မှာ ကျွန်တော်တို့မှာ ကျောင်းသားရှိဦးမှာလား"

စလပ်ဂ်ဟွန်းက ပြောတယ်။ သူဟာ ပိုးလက်ကိုင်ပဝါနဲ့ နဖူးကို သုတ်နေတယ်။ "မိဘက ကလေးတွေကို အိမ်မှာပဲထားမှာ၊ ကျွန်တော် သူတို့ကို အပြစ်ပြောလို့ မဖြစ်ဘူး။ ကျွန်တော့်သဘောကတော့ ဟော့ဂ်ဝပ်မှာနေတာ တခြားနေရာထက် ပိုပြီး အန္တရာယ်မရှိပါဘူး၊ ဒါပေမယ့် မိခင်တွေလဲ ဒီလိုတွေးမယ်လို့ ထင်လို့

www.burmeseclassic.com

www.burmeseclassic.com



မရှေ့ဘူး။ သူမတို့ဟာ တစ်အိမ်သားလုံး အတူနေချင်မှာပဲ၊ ဒါ အလွန်သဘာဝ ကျပါတယ်"

"ကျွန်မ သဘောတူတယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ "ဝင်စစ်မှာ၊ ဟော့ဂ်ဝပ်ဟာ တစ်နေ့နေ့မှာ ပိတ်ပစ်ရမယ်ဆိုတာကို ဒမ်ဘယ်လီဒိုး က ဘယ်တုန်းကမှ အမှန်အတိုင်း မကြည့်ဘူးဆိုရင်လဲ မှားပါတယ်။ ထိုစဉ်က လျှို့ဝှက်အခန်းကို ပြန်ဖွင့်တုန်းကတည်းက၊ သူက ကျောင်းကို ပိတ်ပစ်ဖို့ စဉ်းစား ဖူးတယ် —— ကျွန်မပြောရမှာက၊ ရဲတိုက်အတွင်း နက်ရှိုင်းတဲ့နေရာမှာ စလေး သရင်းရဲ့ တိရစ္ဆာန်ဘီလူးရှိနေတာနဲ့စာရင်၊ ပါမောက္ခ ဒမ်ဘယ်လီဒိုး သူများ လုပ်ကြံအသတ်ခံရတာက ပိုပြီးစိုးရိမ်စရာလို့ ကျွန်မ ထင်တယ် . . . ."

"ကျွန်တော်တို့ ကျောင်းလူကြီးတွေနဲ့ ဆွေးနွေးရမယ်" ပါမောက္ခ ဖလစ်ဝစ်က အသံသေးသေးစူးစူးနဲ့ ပြောတယ်၊ သူ့နဖူးမှာ ညိုမည်းကွက်ကြီး တစ်ကွက် ရှိတယ်။ ဒါပေမယ့် ဒါ့အပြင် သူ စနိုက်ပ်ရုံးခန်းထဲ မေ့လဲနေခြင်းက သူ့ကို ထိခိုက်နစ်နာမှု မဖြစ်စေဘူး။ "ကျွန်တော်တို့ စည်းမျဉ်းအတိုင်းလုပ်မှ။ ဒီလို ဖြစ်ကတတ်ဆန်း ကောက်ချက်ချလို့ မဖြစ်ဘူး"

"ဟက်ဂရစ်၊ ရှင် စကားတစ်ခွန်းမှ မပြောသေးဘူး" ပါမောက္ခ မက် ဂေါ်နာဂေါက ပြောတယ်။ "ရှင်သဘောက ဘယ်လိုလဲ၊ ဟော့ဂ်ဝပ် ဆက်ဖွင့် မလား"

ဒီဆွေးနွေးကြတဲ့အထဲမှာ၊ ဟက်ဂရစ်ဟာ သူ့ရဲ့မျက်ရည်တွေစွန်းတဲ့ လက်ကိုင်ပဝါကြီးနဲ့ မျက်နှာကို အုပ်ထားတယ်၊ တိတ်တိတ်လေး ရှိုက်နေတယ်။ သူက နီရဲတဲ့မျက်စိကို လှန်လိုက်ပြီး၊ အက်ကွဲတဲ့အသံနဲ့ ပြောတယ်။ "ကျွန်တော် မသိဘူး၊ ပါမောက္ခ . . . . ဒါကို ဟောက်စ်ကျောင်း ကျောင်းအုပ်တွေနဲ့ ကျောင်းအုပ်ကြီးတို့ ဆုံးဖြတ်ကြပါ . . . ."

"ပါမောက္ခ ဒမ်ဘယ်လီဒိုးက ရှင့်သဘောထားကို အမြဲအလေးထား တယ်" ပါမောက္ခ မက်ဂေါ်နာဂေါက သိမ်မွေ့စွာ ပြောတယ်။ "ကျွန်မလဲ အတူတူပဲ"

"ဟုတ်တယ်၊ ကျွန်တော် နေရစ်မှာ" ဟက်ဂရစ်က ပြောတယ်၊ မျက်ရည်ပေါက်ကြီးတွေ သူ့မျက်စိထောင့်က ကျလာပြီး ရှုပ်ထွေးတဲ့မုတ်ဆိတ် အတိုင်း စီးကျသွားတယ်။ "ဒါ ကျွန်တော့်အိမ်၊ ကျွန်တော် ဆယ့်သုံးနှစ်ကတည်း



က နေခဲ့တာ။ ကျုပ်ကို သင်စေချင်တဲ့ ကလေးရှိရင်၊ ကျုပ်သင်မှာပဲ၊ ဒါပေမယ့် . . . . ကျွန်တော် မသိဘူး —— ဟော့ဂ်ဝပ်မှာ ဒမ်ဘယ်လီဒိုးမရှိရင်တော့ . . . ."

သူ ရှိုက်လိုက်တယ်၊ မျက်နှာဟာ လက်ကိုင်ပဝါထဲ ပျောက်သွားပြန် တယ်။ ငြိမ်သက်သွားကြတယ်။

"သိပ်ကောင်းတယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောရင်း ပြတင်း အပြင်ဘက်ကွင်းဆီကို ကြည့်လိုက်တယ်၊ ဝန်ကြီးရောက်ပြီလား ကြည့်တယ်။ "ဒီလိုဆိုရင်၊ ကျွန်မ ဖလစ်ဝစ်ကို သဘောတူရမယ်၊ ကျောင်းလူကြီးအဖွဲ့နဲ့ အရင်ဆွေးနွေးသင့်တယ်၊ သူတို့ကို နောက်ဆုံး ဆုံးဖြတ်ချက် ချခိုင်းရမယ်"

"အခု ကျောင်းသားတွေကို ဘယ်လိုအိမ်ပြန်ပို့မလဲ . . . . ထင်မြင် ချက်တစ်ခုက မြန်မြန်လုပ်တာ နှေးနှေးလုပ်တာထက် ကောင်းတယ်တဲ့။ လိုအပ်ရင်၊ မနက်ဖြန်မှာ ဟော့ဂ်ဝပ်အထူးအမြန်ကို စီစဉ်လို့ရတယ် ——"

"ဒမ်ဘယ်လီဒိုးအသုဘ ဘယ်လိုလုပ်မလဲ" ဟယ်ရီက နောက်ဆုံးမှာ မေးတယ်။

"အင်း . . . ." ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ အသံက တုန်နေတယ်၊ မူလက ရှိမြဲပြတ်သားမှု လိုနေသလိုပဲ၊ "ကျွန်မ —— ဒမ်ဘယ်လီဒိုးရဲ့ မျှော်လင့်ချက်က ဒီမှာ ထာဝရအိပ်စက်ဖို့ပဲ၊ ဟော့ဂ်ဝပ်မှာ ——"

"ဒါဆို ဒီလိုပဲလုပ်၊ ဟုတ်လား" ဟယ်ရီက စိတ်စောစွာ မေးတယ်။

"တကယ်လို့ ဝန်ကြီးဌာနက သင့်တော်တယ်ထင်ရင်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ "ဘယ်ကျောင်းအုပ်မှ ——"

"ဘယ်ကျောင်းအုပ်မှ ကျောင်းကို ဒီလောက်ကြီးမားတဲ့ အကျိုးပြုမှု မရှိခဲ့သေးဘူး" ဟက်ဂရစ်က အော်ဟစ်ပြောတယ်။

"ဟော့ဂ်ဝပ်ဟာ ဒမ်ဘယ်လီဒိုး နောက်ဆုံးအိပ်စက်ရာနေရာ ဖြစ်သင့် တယ်" ပါမောက္ခ ဖလစ်ဝစ်က ပြောတယ်။

"လုံးဝ" ပါမောက္ခ စပရောက်က ပြောတယ်။

"ဒီလိုဆိုရင်" ဟယ်ရီက ပြောတယ်။ "ဈာပနပွဲပြီးမှ ကျောင်းသား တွေကို အိမ်ပြန်ပို့ပါ။ သူတို့က ကျောင်းအုပ်ကြီးနဲ့ ——"

နောက်ဆုံးဝေါဟာရဟာ သူ့လည်ချောင်းမှာ ဆို့နေတယ်၊ ဒါပေမယ့် ပါမောက္ခ စပရောက်က သူ့အစား စကားကိုဆုံးအောင် ပြောပေးတယ်။ "နှုတ်ဆက်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြောတာကောင်းတယ်" ပါမောက္ခ ဖလစ်ဝစ်က စူးစူးအော်ပြောတယ်။ "ပြောတာသိပ်ကောင်းတယ်။ ကျွန်တော်တို့ကျောင်းသားတွေ ကျေးဇူးသိတတ်ရမယ်၊ ဒါ အလွန်သင့်တင့်တယ်။ သူတို့ကို ဒါပြီးမှ အိမ်ပြန်ဖို့ စီစဉ်ပေးလို့ ရတယ်"

"သဘောတူတယ်" ပါမောက္ခ စပရောက်က အော်ပြောတယ်။

"ကျွန်တော်ထင်တယ် . . . . ဟုတ်တယ် . . . ." စလပ်ဂ်ဟွန်းရဲ့ အသံက သိပ်စိတ်လှုပ်ရှားနေတယ်၊ ဟက်ဂရစ်က အသံအုပ်အုပ်နဲ့ သဘောတူတဲ့ရှိုက်သံ ထွက်လာတယ်။

"သူလာပြီ" ပါမောက္ခ မက်ဂေါ်နာဂေါက ရုတ်တရက် ပြောတယ်၊ မျက်စိက ကွင်းထဲကို ကြည့်နေတယ်။ "ဝန်ကြီး . . . . သူကိုယ်စားလှယ်အဖွဲ့ ခေါ်လာသလိုပဲ . . . ."

"ကျွန်တော် သွားလို့ရမလား၊ ပါမောက္ခ" ဟယ်ရီက ချက်ချင်း မေးတယ်။

သူ ဒီညမှာ ရူးဖူးစ်-စခရင်းမ်ဂျဲကို နည်းနည်းမှ မတွေ့ချင်ဘူး၊ ဒါမှမဟုတ် သူ စစ်မေးတာ မခံချင်ဘူး။

"ရတယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ "မြန်မြန်လုပ်"

သူမဟာ တံခါးဆီ သုတ်သုတ်သွားကာ တံခါးဆွဲဖွင့်ပြီး သူ့ကို စောင့်နေတယ်။ ဟယ်ရီဟာ ခရုပတ်လှေကားက အမြန်ဆင်းပြီး လူမရှိတဲ့စင်္ကြံကို ဖြတ်ခဲ့တယ်။ သူ့ကိုယ်ပျောက်ဝတ်ရုံ နဂွတ္တဗေဒမျှော်စင်မှာ ကျန်ရစ်တယ်။ ဒါပေမယ့် ကိစ္စမရှိဘူး၊ စင်္ကြံထဲမှာ သူ့ကို ဘယ်သူမှမမြင်ဘူး၊ ဖစ်ချ်တို့၊ မစ္စစ်နော်ရီးစ်နဲ့ သရဲဖီးဗ်စ်တို့တောင် မရှိဘူး။ သူ ဂရစ်ဖင်းဒေါ် အများနားနေခန်းကိုပေါက်တဲ့ လမ်းထဲ ချိုးမဝင်ခင်မှာ လူရိပ်တစ်ရိပ်တောင် မတွေ့ရဘူး။

"တကယ်ပဲလား" သူ ကပ်သွားတော့ မိန်းမဝဝကြီးက မေးတယ်။ "တကယ်ပဲ အမှန်လား၊ ဒမ်ဘာလီဒိုး —— သေပြီ ?"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။

သူမက ဝမ်းနည်းစွာ သက်ပြင်းချလိုက်တယ်၊ သူ စကားဝှက်မပြောခင်မှာ လှည့်ဖွင့်ပြီး ဝင်ခွင့်ပေးလိုက်တယ်။

ဟယ်ရီ ထင်သလိုပဲ၊ အများနားနေခန်းထဲမှာ လူပြည့်နေတယ်။ သူ အပေါက်ဝပေါက်ကနေ တွားဝင်လာတော့ အများနားနေခန်းထဲမှာ တိတ်ဆိတ်



သွားတယ်။ ဒင်းနဲ့ စီးမတ်တို့ အနီးကလူစုထဲ ထိုင်နေတာ သူမြင်ရတယ်၊ ဒါဆိုရင် အိပ်ခန်းထဲမှာ လူမရှိဘူးဆိုတာပဲ၊ ဒါမှမဟုတ်ရင် လူမရှိသလောက်ပဲ။ ဟယ်ရီက ဘယ်သူနဲ့မှ စကားမပြောဘူး၊ ဘယ်သူနဲ့မှလဲ အကြည့်ချင်း မဖလှယ်ဘူး။ အခန်းကို တန်းဖြတ်ပြီး၊ ကျောင်းသားအိပ်ဆောင်ဆီပေါက်တဲ့ တံခါးထဲ တန်းဝင်ခဲ့တယ်။

သူမျှော်လင့်သလိုပဲ၊ ရွန် သူ့ကို စောင့်နေတယ်၊ သပ်သပ်ရပ်ရပ်ပဲ ဝတ်ထားတယ်၊ ခုတင်ပေါ် ထိုင်နေတယ်။ ဟယ်ရီလဲ မိမိခုတင်ပေါ် ထိုင်လိုက်တယ်၊ သူတို့ အတန်ကြာကြာ အပြန်အလှန် ကြည့်နေတယ်။

"သူတို့ ကျောင်းပိတ်ပစ်ဖို့ ဆွေးနွေးနေတယ်" ဟယ်ရီက ပြောတယ်။

"လူပင်က သူတို့ပိတ်ပစ်လိမ့်မယ်လို့ ပြောတယ်" ရွန်က ပြောတယ်။ ခဏရပ်သွားတယ်။

"ဒါဆိုရင်" ရွန်က အသံနှိမ့်လိုက်တယ်၊ ဘေးမှာ ပရိဘောဂတွေ ကြားမှာစိုးသလိုပဲ။ "မင်းတို့ တစ်ခုရှာတွေ့တယ် ? မင်းတို့တစ်ခုရတယ် ? တစ်ခု —— ဝိညာဉ်ပစ္စည်း ?"

ဟယ်ရီ ခေါင်းခါတယ်။ အမည်းရောင်ကန်အနားမှာ ဖြစ်ပွားခဲ့တာ အားလုံးဟာ၊ အခုတော့ ကြောက်စရာအိပ်မက်ဆိုးကြီး ဖြစ်သွားပြီ။ တကယ်ပဲ ဖြစ်ပွားသလား၊ နာရီအချို့ မတိုင်ခင်ကပဲ ?

"မင်းတို့ မရလိုက်ဘူး ?" ရွန်က မေးတယ်။ ကြည့်ရတာ သိပ်စိတ်ပျက်သွားသလိုပဲ။ "အဲဒီမှာ မရှိဘူး ?"

"မရဘူး" ဟယ်ရီက ပြောတယ်။ "သူများ ယူသွားပြီ၊ အတုတစ်ခု ထားထားတယ်"

"သူများယူသွားပြီ —— ?"

ဟယ်ရီက တိတ်တိတ်လေး အိတ်ကပ်ထဲကနေ လော့ကတ်သီးအတုကို ဆွဲထုတ်တယ်၊ ဖွင့်ပြီး ရွန့်ကို ပေးလိုက်တယ်။ အဖြစ်အပျက်အားလုံး နောင်မှ ပြောတော့မယ် . . . . ဒီညအရေးမကြီးတော့ဘူး . . . . အရေးကြီးတာက ပြီးဆုံးသွားပြီ၊ အဓိပ္ပာယ်မဲ့တဲ့ စွန့်စားမှု ပြီးဆုံးသွားပြီ၊ ဒမ်ဘာလီဒိုး အသက်ကုန်ဆုံးသွားပြီ . . . .

"R.A.B" ရွန်က တိုးတိုးပြောတယ်။ "သူက ဘယ်သူလဲ"

"မသိဘူး" ဟယ်ရီက ပြောတယ်။ အဝတ်မလဲပဲ လှဲအိပ်လိုက်တယ်

www.burmeseclassic.com

www.burmeseclassic.com



မှတ်စီက အရောင်မရှိဘဲ အထက်ဘက်ကို ကြည့်နေတယ်။ သူဟာ R.A.B ကို နည်းနည်းမှ သိလိုစိတ် မရှိဘူး၊ နောင်မှာလဲ ဘယ်လိုမှ စိတ်ဝင်စားမှာ မဟုတ်ဘူးလို့ သူထင်တယ်။ သူလှဲနေတယ်၊ ရုတ်တရက် ကွင်းထဲမှာ အလွန်ဆိတ်ငြိမ်နေတယ်လို့ ခံစားရတယ်။ ဖော့ခ်စ် သီချင်းဆို ရပ်သွားပြီ။

သူသိတယ် —— ဘာကြောင့်သိမှန်း သူလဲ မရှင်းပေမယ့် - —ဖီးနစ် သွားခဲ့ပြီ၊ ဟော့ဂ်ဝပ်ကို ထာဝရခွဲခွာသွားပြီ၊ ဒမ်ဘယ်လီဒိုးလိုပဲ ကျောင်းကို ထာဝရ ခွဲခွာသွားပြီ၊ ဒီကမ္ဘာကြီးကို ခွဲခွာသွားပြီ . . . . ဟယ်ရီ့ကို ခွဲခွာသွားပြီ။



# ၃၀ ။ အဖြူရောင်ဂူသင်္ချိုင်း

သင်ခန်းစာအားလုံး ရပ်လိုက်တယ်၊ စာမေးပွဲအားလုံး ရွှေ့ဆိုင်းလိုက်တယ်။ ဒီနောက် နှစ်ရက်အတွင်းမှာ ကျောင်းသားတချို့ကို မိဘတွေက ကမန်းကတန်း လာခေါ်သွားကြတယ် —— ဒမ်ဘယ်လီဒိုး သေဆုံးပြီး ဒုတိယနေ့မှာ ပါတာထီအမွှာညီအစ်မ နံနက်စောစောစာ မစားဘဲ သွားကြတယ်၊ ဇာချာရိုက်စ်-စမစ်ဟာလဲ ၎င်းရဲ့ မော်ကြွားတဲ့ဖခင်နဲ့အတူ ရဲတိုက်က ထွက်ခွာသွားတယ်။ စီးမတ်-ဖင်နစ်ဂင်ဟာ သူ့အမေနဲ့ အိမ်ပြန်ဖို့ကို ပြတ်ပြတ်ငြင်းဆန်လိုက်တယ်၊ သူတို့ဟာ တံခါးခန်းထဲမှာ အော်ဟစ်ပြီး ရန်ဖြစ်လိုက်သေးတယ်။ နောက်ဆုံးမှာ သူ့အမေက သူ့ကို ဒမ်ဘယ်လီဒိုးရဲ့ဈာပနပွဲ ပါဝင်ဖို့ သဘောတူပြီး ရန်ပွဲပြီးဆုံးသွားတယ်။ စီးမတ်က နောက်မှ ဟယ်ရီနဲ့ ရွန့်ကို ပြောပြတယ်၊ သူ့အမေဟာ ဟော့ဂ်စ်မိဒ်မှာ တည်းစရာအလွန်ရှာရဖို့ ခက်ခဲတယ်၊ အကြောင်းက ကျားမ မှော်ဆရာ အများအပြားဟာ ရွာထဲ ရောက်လာပြီး ဒမ်ဘယ်လီဒိုးကို နောက်ဆုံး နှုတ်ဆက်ဖို့ လာကြလို့တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဈာပနပွဲရှေ့တစ်ရက် ညနေစောင်းချိန်မှာ၊ အိမ်ကြီးလောက်ကြီးတဲ့ မြင်းလှည်းပန်းရောင်တစ်စီး ရေမအတောင်ပေါက်နေတဲ့ ငွေရောင်လည်ဆံနဲ့ မြင်းကြီးတွေ က,ပြီး မိုးပေါ်က ပျံလာတယ်၊ တားမြစ်သစ်တောအစပ်မှာ ဆင်းသက်တယ်။ နှစ်ငယ်ကျောင်းသားတွေ အလွန်စိတ်လှုပ်ရှားကြတယ်။ သူတို့ဟာ အရင်က ဒါမျိုးမတွေ့ဖူးဘူး။ ဟယ်ရီဟာ ပြတင်းပေါက်ကနေ ထွားထွားကျိုင်းကျိုင်းနဲ့ ရုပ်ရေချောမောတဲ့ အသားဝါ ဆံပင်အနက်မိန်းမ မြင်းလှည်းပေါ်က ဆင်းလာပြီး ရပ်စောင့်နေတဲ့ ဟက်ဂရစ် ရင်ခွင်ထဲ ပြေးဝင်လိုက်တာကို ကြည့်နေတယ်။ တစ်ချိန်တည်းမှာ၊ မှော်ဝန်ကြီးဌာနက ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ — ဝန်ကြီးကိုယ်နှိုက်လဲ ပါတယ် — ကို ရဲတိုက်ထဲမှာ တည်းဖို့ စီစဉ်ပေးတယ်။ ဟယ်ရီဟာ နည်းအမျိုးမျိုးကြံဆပြီး ၎င်းတို့ထဲက ဘယ်သူနဲ့မှ မတွေ့အောင် ရှောင်တယ်။ ၎င်းတို့ဟာ သူ့ကို ဒမ်ဘယ်လီဒိုးနဲ့ နောက်ဆုံးတစ်ကြိမ် ဟော့ဂ်ဝပ်က ထွက်ခွာပြီး ဘယ်သွားတယ်၊ ဘယ်လာတယ်ဆိုတာ အနှေးနဲ့ အမြန် မေးမယ်ဆိုတာ သိတယ်။

ဟယ်ရီ၊ ရွန်၊ ဟာမီးနဲ့ ဂျင်နီတို့ တစ်နေကုန် အတူရှိနေကြတယ်။ နေရောင်တောက်ပတဲ့ ရာသီဥတုဟာ သူတို့ကို သရော်နေသလိုပဲ။ ဒမ်ဘယ်လီဒိုး မသေရင် ဘယ်လောက်ကောင်းမလဲလို့ ဟယ်ရီက တွေးမိတယ်။ အခု ကျောင်းပတ်ကုန်ချိန် ရောက်လာပြီ၊ ဂျင်နီ့စာမေးပွဲ ပြီးသွားပြီ၊ အိမ်စာဖိအား လျော့သွားပြီ၊ သူတို့ တစ်နေကုန် အတူနေကြတယ် . . . . သူဟာ မိမိ ဘာပြောရမယ်၊ ဘာပြောသင့်တယ်ဆိုတာ သိတယ်၊ ဒါပေမယ့် သူဟာ တစ်နာရီပြီး တစ်နာရီ အချိန်ဆွဲနေတယ်၊ သူဟာ သူ့ကို နှစ်သိမ့်မှုအပေးနိုင်ဆုံးအရာကို မစွန့်ရက်လို့ပဲ။

သူတို့ဟာ နေ့စဉ် ကျောင်းဆေးရုံကို နှစ်ကြိမ် လူနာမေး သွားတယ်။ နီဗီး ဆေးရုံဆင်းသွားပြီ၊ ဘီးကတော့ မဒမ်ဖွမ်ဖရေ ပြုစုတာ ဆက်ခံနေရတုန်းပဲ၊ သူ့ဒဏ်ရာအမာရွတ်ဟာ ကြောက်စရာကောင်းမြဲ ကောင်းတုန်းပဲ။ အမှန်ပြောရရင်၊ သူ့အခု ပုံပန်းဟာ အရှေ့မျက်လုံး မူးဒီနဲ့ နည်းနည်းတူနေတယ်၊ တော်သေးတာက သူ့မျက်လုံးနဲ့ ခြေအစုံက အကောင်းပကတိ ရှိနေလို့ပဲ၊ ဒါပေမယ့် သူ့စိတ်နေစိတ်ထားဟာ နည်းနည်းမှ ပြောင်းမသွားဘူး။ တစ်ခုတည်း ပြောင်းလဲတာက၊ သူ အခု မကျက်တကျက် ကြော်ထားတဲ့ အမဲသားကို ရှုတ်တရုတ် အလွန်နှစ်သက်လာတာပဲ ရှိတယ်။



" . . . . သူ ငါနဲ့ လက်ထပ်မယ်ဆိုလို့ တော်သေးတယ်" ဖလောအာက ဘီးကို ခေါင်းအုံးပျော့အောင် ပုတ်ဖွပေးရင်း ဝမ်းသာစွာ ပြောတယ်။ "အင်္ဂလိပ်တွေက အသားကို သိပ်ကျက်အောင် ကြော်တယ်၊ ဒီစကားကို ငါ ပြောတာ အကြိမ်မနည်းရှိပြီ"

"လက်တွေ့အခြေအနေအရ သူ သူမကိုယူတာ လက်ခံရတော့မယ်နဲ့ တူတယ်" ဂျင်နီက သက်ပြင်းချရင်း ပြောတယ်။ အဲဒီနေ့ညမှာ သူနဲ့ ဟယ်ရီ၊ ရွန်၊ ဟာမီးတို့ အတူတကွ ဂရစ်ဖင်းဒေါအများနားနေခန်းက ဖွင့်ထားတဲ့ ပြတင်းဘေးမှာ ထိုင်ရင်း အပြင်ဘက် ညနေစောင်း အလင်းရောင်ထဲက ကွင်းထဲကို ကြည့်နေတယ်။

"သူ ဒီလောက်မဆိုးပါဘူး" ဟယ်ရီက ပြောတယ်။ "နည်းနည်းအရုပ်ဆိုးပေမယ့်" ဂျင်နီ မျက်ခုံးပင့်တာ မြင်ရလို့ တစ်ခွန်းဖြည့်ပြောတယ်၊ ဂျင်နီက ရယ်ပြလိုက်တယ်။

"အင်း၊ အမေတောင် ခံနိုင်ရင်၊ ငါလဲ ခံနိုင်တယ်"

"ငါတို့သိတဲ့လူ သေပလား" ရွန်က ဟာမီး 'ကြိုဟောဆရာများနေ့စဉ်' ကို လျှောက်ကြည့်နေတာမြင်လို့ မေးတယ်။

ဟာမီးက သူ တမင်လုပ်ပြောတဲ့ အသံဆိုးဆိုးကြောင့် လန့်သွားတယ်။

"မရှိဘူး" သူမက မကျေမနပ်ပြောတယ်၊ သတင်းစာကို ခေါက်လိုက်တယ်။ "သူတို့ စနိတ်ပ်ကို လိုက်ရှာနေတယ်၊ ဒါပေမယ့် သဲလွန်စ မရဘူး . . . ."

"ဘယ်ရမလဲ" ဟယ်ရီက ပြောတယ်။ ဒီအကြောင်းပြောတိုင်း သူ ဒေါသထွက်တယ်။ "သူတို့ ဗိုလဒီမွန့်ကို ရှာတွေ့မှ စနိတ်ပ်ကို တွေ့မှာ ဒီလောက်အကြာကြီးတောင် သူတို့က သူ့ကို ရှာမတွေ့မှတော့ . . . ."

"ငါ သွားအိပ်တော့မယ်" ဂျင်နီက သမ်းဝေရင်း ပြောတယ်။ "ငါ ခုတလော အိပ်ရေးကိုမဝဘူး၊ ဟို . . . . ကောင်းပြီ . . . . ငါ သွားအိပ်လိုက်ဦးမှ"

သူမဟာ ဟယ်ရီ့ကို နမ်းလိုက်တယ် (ရွန်က ချက်ချင်းလှည့်သွားတယ်)၊ ကျန်နှစ်ယောက်ကို လက်ပြပြီး ကျောင်းသူအိပ်ဆောင်ကို ထွက်သွားတယ်။ သူမကျောဘက်က တံခါးပိတ်သွားတာနဲ့၊ ဟာမီးက ဟယ်ရီ့ဘက် ကိုယ်ကိုကိုင်းလာတယ်။ သူမမျက်နှာပေါ်မှာ ဟာမီးမှာသာရှိတဲ့ အမူအရာနဲ့

www.burmeseclassic.com



"ဟယ်ရီ ငါ ဒီနေ့တွေ့ထားတာ ရှိတယ်၊ စာကြည့်တိုက်ထဲမှာ . . . ."

"R . A . B "?" ဟယ်ရီက မတ်မတ်ထိုင်လိုက်ရင်း မေးတယ်။

သူဟာ အရင်တုန်းကလို စိတ်လှုပ်ရှားမလွယ်တော့ဘူး၊ သိလိုစိတ်နဲ့ ခရေစေ့တွင်းကျ မမေးတော့ဘူး။ သူဟာ အဲဟိုဝိညာဉ်ပစ္စည်း ဘယ်ရောက်သွားသလဲဆိုတဲ့ နေရာမှန်ကို သိလိုတာပဲ ရှိတယ်၊ ဒါမှသာ သူ့ရှေ့က မှောင်မည်းပြီး ကွေ့ကောက်တဲ့ လမ်းကလေးကို ပိုနက်ရှိုင်းစွာ သိအောင် လုပ်နိုင်မယ် —— ထိုစဉ်က သူနဲ့ ဒမ်ဘလီဒိုးတို့ အဲဟို လှေကလေးကို အတူတကွ စီးနင်းခဲ့တယ်၊ အခု သူတစ်ယောက်တည်း ဆက်လုပ်ရမယ်ဆိုတာ သူ သိတယ်။ ဝိညာဉ်ပစ္စည်း လေးခုလောက် ဘယ်မှာမှန်းမသိတဲ့နေရာမှာ ဝှက်ထားသေးတယ်၊ သူဟာ ၎င်းတို့ကို တစ်ခုပြီးတစ်ခု ရှာယူပြီး ဖျက်ဆီးရမယ်၊ ဒါမှသာ နောက်ဆုံးမှာ ဗိုလ်ဒီမွန့်ကို သုတ်သင်နိုင်မှာ။ သူဟာ ၎င်းတို့ရဲ့ နာမည်ကို မနားတမ်း ရွတ်ဆိုနေတယ်၊ ဒီလိုလုပ်ရင် ၎င်းတို့ကို ဆွဲခေါ်နိုင်သလိုပဲ။ "လော့ကက်သီး . . . . ခွက် . . . . မြွေ . . . . ဂရစ်ဖင်းဒေါ ဒါမှမဟုတ် ရေဗင်ခလောရဲ့ ပစ္စည်းတစ်ခုခု . . . ."

ညအချိန် အိပ်ပျော်သွားပြီးနောက်၊ အဲဒီဂါထာဟာ ဟယ်ရီ့ခေါင်းထဲမှာ ခုန်နေတုန်းပဲ၊ ဒါကြောင့် သူ့အိပ်မက်ထဲမှာ ခွက်တွေ၊ လော့ကက်သီးတွေနဲ့ တခြားဆန်းကြယ်တဲ့ အရာတွေချည်းပဲ။ မြင်ရပေမယ့် ယူလို့မရဘူး။ ဒမ်ဘလီဒိုးက သူ့ကို ကြိုးလှေကားတစ်စင်း လိုက်လှဲစွာ ကမ်းပေးပေမယ့်၊ သူ အထက်ကို တက်တော့ ကြိုးလှေကားဟာ မြွေဖြစ်သွားတယ် . . . .

ဒမ်ဘလီဒိုး သေဆုံးပြီး နောက်နေ့နံနက်မှာ၊ သူက လော့ကက်သီး ထဲက စက္ကူစကို ဟာမီးကို ပြခဲ့တယ်။ သူမဟာ ထိုစဉ်က အဲဒီစာလုံးသုံးလုံးဟာ သူမစာအုပ်ထဲမှာ ဖတ်ရဖူးတဲ့ နာမည်မပါတဲ့ ဘယ်မှော်ဆရာနဲ့ ဆိုင်တယ်ဆိုတာ မမှတ်မိဘူး။ ဒါပေမယ့် အဲဒီအချိန်ကစပြီး . . . . သူမဟာ တစ်နေကုန် စာကြည့်တိုက်ထဲမှာပဲ နေတယ်၊ အိမ်စာမရှိတဲ့ လူတစ်ယောက်အဖို့ ဒီလိုလုပ်ဖို့ အိပ်မလိုဘူး။

"မဟုတ်ဘူး" သူမက ဝမ်းနည်းစွာ ပြောတယ်။ "ငါ တစ်လျှောက်လုံး ကြိုးစားနေတယ်၊ ဟယ်ရီ ဒါပေမယ့် ဘာမှမတွေ့ဘူး . . . . နာမည်နည်းနည်း ကြီးတဲ့ မှော်ဆရာနှစ်ယောက်ရဲ့ နာမည်ရဲ့အစက ဒီစာလုံးတွေ ဖြစ်တယ် —— ရိုးစလင်-အင်တီဗွန်-ဂ နုံးစ် . . . . ရူပတ်-အက်ခ်ဘန်ဂါ-ဘရွတ်ခ်စတင်တန်



. . . . ဒါပေမယ့် ဘာမှမဆိုင်ဘူး။ ဟိုစက္ကူစကို ကြည့်ရတာ၊ ဝိညာဉ်ပစ္စည်းကို ခိုးသွားတဲ့လူဟာ ဗိုလ်ဒီမွန့်ကို သိသင့်တယ်။ ငါကတော့ ဘန်းစ် ဒါမှမဟုတ် အက်စ်ဘန်ဂါနဲ့ ဗိုလ်ဒီမွန့်တို့ ပတ်သက်တယ်ဆိုတာ သက်သေပြဖို့ ဘာ အစအနမှ မတွေ့ဘူး . . . . တကယ်တော့ ငါပြောချင်တာက . . . . အင်း စနိတ်ပ်နဲ့ ပတ်သက်တာ"

သူမဟာ ဒီနာမည်ကို ပြောရလို့ အတော်စိုးရိမ်နေသလိုပဲ။

"သူ ဘာဖြစ်လဲ" ဟယ်ရီက အသံအအနဲ့ မေးတယ်၊ ထိုင်ခုံပေါ် ပြန်ထိုင်ကျသွားတယ်။

"ဒီလိုပါ၊ ငါအစကပြောတဲ့ 'သွေးနှောမင်းသား'နဲ့ ပတ်သက်တာ မမှားဘူး" သူမက တွေဝေနေပြီး ပြောတယ်။

"နင်က ဒါကို အတင်းပြောနေတာလား၊ ဟာမီး ? ဒါနဲ့ပတ်သက်ပြီး ငါ ဘယ်လိုခံစားနေရတယ်ဆိုတာ နင် သိလား"

"ဟင့်အင်း —— ဟင့်အင်း —— ဟယ်ရီ၊ ဒါက ဒီသဘောမဟုတ်ပါဘူး" သူမက ဗျာယီးဗျာယာနဲ့ ပြောတယ်၊ ဟိုဒီလဲ ကြည့်လိုက်သေးတယ်၊ သူများ ခိုးနားထောင်သလား ကြည့်တယ်။ "ငါပြောချင်တာက၊ ဟိုစာအုပ်ဟာ တစ်ချိန်က အေလင်း-ပရင့်စ် ပိုင်တယ်လို့ ငါပြောတာ မှန်တယ်။ သိလား . . . . သူမက စနိတ်ပ်ရဲ့အမေ"

"သူမကို ရုပ်ချောတယ်လို့တော့ ပြောမရဘူးလို့ ငါထင်တယ်" ရွန်က ပြောတယ်၊ ဟာမီးက သူ့ကို အရေးမလုပ်ဘူး။

"ငါက ကျန်နေသေးတဲ့ 'ကြိုပောာဆရာများနေ့စဉ်' အဟောင်းတွေကို အားလုံးလှန်ကြည့်တယ်၊ အေလင်း-ပရင့်စ်က တိုဘိယာစ်-ပရင့်စ်ဆိုတဲ့ ယောက်ျားနဲ့ လက်ထပ်တဲ့ ကြော်ငြာသေးသေးလေး ပါတယ်၊ နောင်မှာ ကြော်ငြာလေး ပါပြန်တယ်၊ သူမက —— မွေးဖွားတယ်"

" —— လူသတ်သမား" ဟယ်ရီက အံကြိတ်ပြောတယ်။

"မှန်တယ် . . . . ဒီအတိုင်းပဲ" ဟာမီးက ပြောတယ်။ "ဒါကြောင့် . . . . ငါပြောတာမှန်တာ ရှိတယ်၊ စနိတ်ပ်က မိမိဟာ 'ပရင့်စ်တစ်ဝက်' ဖြစ်လို့ ဂုဏ်ယူတယ်၊ နားလည်လား။ 'ကြိုပောာဆရာများနေ့စဉ်'မှာ ပါတဲ့အတိုင်းဆိုရင် တိုဘိယာစ်-ပရင့်စ်ဟာ မတ်ဂေါ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါဆိုကိုက်ပြီ" ဟယ်ရီက ပြောတယ်။ "သူက မိမိဟာ သွေးသန့်လို့ ဟန်ဆောင်တယ်၊ ဒါမှ လူးရှပ်စ်-မော်ဖိုင်နဲ့ သူတို့ တခြားလူတွေနဲ့ ဝင်ဆံ့မှာပေါ့ . . . . သူက ဗိုလ်ဒီမွန့်လိုပဲ။ သွေးသန့်အမေ၊ မတ်ဂေါ်အဖေ . . . . မိမိမျိုးရိုးကို ရှက်နေတာ၊ မှော်နက်ပညာနဲ့ သူများတွေ သူ့ကို ကြောက်စေချင်တယ်၊ ကိုယ့်ကိုကိုယ် ပေါ်လွင်တဲ့နာမည်အသစ် ပေးတယ် —ဗိုလ်ဒီမွန့် — သွေးနှော်မင်းသား — ဒမ်ဘယ်လီဒိုးမှာတော့ မရှိဘူးမှတ်လား —"

သူ ရပ်သွားတယ်၊ ပြတင်းအပြင်ကို ကြည့်နေတယ်။ သူဟာ ဒမ်ဘယ်လီဒိုးက စနိတ်ပ်ကို ခွင့်မလွှတ်နိုင်စရာ ယုံကြည်မှုကိုပဲ သွားသွားတွေးမိနေတယ် . . . . ဒါပေမယ့် ခုနက ဟာမီး အမှတ်မထင် ထောက်ပြသလိုပဲ၊ သူ၊ ဟယ်ရီဟာလဲ အလိမ်ခံရတာပါပဲ . . . . လျှောက်ခြစ်ရေးထားတဲ့ ကျိန်စာတွေဟာ ကြာလေ ရက်စက်လေ ဖြစ်ပေမယ့်၊ သူဟာ ဒီလောက်ဉာဏ်ကောင်းပြီး သူ့ကို အများကြီးကူညီခဲ့တဲ့ ကောင်လေးဟာ လူဆိုးဆိုတာ သူ မယုံချင်ဘူး . . . .

သူ့ကို ကူညီတယ် . . . . အခု တွေးကြည့်တော့၊ သည်းခံနိုင်စရာကို မရှိဘူး . . . .

"ငါ ခုလဲ နားမလည်ဘူး၊ သူ ဘာဖြစ်လို့ မင်း ပိုးရှင်စာအုပ်ကို အသုံးချတာ ဖွင့်မချတာလဲ" ရွန်က ပြောတယ်။ "မင်းရဲ့ဗဟုသုတတွေဟာ ဘယ်က လာသလဲဆိုတာ သူ သိမှာသေချာတယ်"

"သူ စောစောကတည်းက သိပြီးသား" ဟယ်ရီက မုန်းမုန်းနဲ့ ပြောတယ်။ "ငါ စက်တမ်ဆမ်ပရာကျိန်စာ သုံးတဲ့အခါမှာကတည်းက သူ သိပြီ။ စင်စစ်မှာ သူ အာရုံနိုက်ယူဂါထာသုံးစရာ မလိုပါဘူး . . . . သူဟာ အဲဒီအရင်ကတည်းက သိနေပြီ၊ စလပ်ဂ်ဟွန်းက ငါ မှော်ဆေးပညာဘက်မှာ ဘယ်လောက် ထူးချွန်တဲ့အကြောင်း ပြောပြောနေလို့ . . . . သူက သူ့စာအုပ်အဟောင်းကို သိုလှောင်ဗီရိုအောက်ဆုံးမှာ မထားခဲ့သင့်ဘူး၊ ဟုတ်လား"

"ဒါပေမယ့် သူ ဘာဖြစ်လို့ မင်းကို ဖွင့်မချတာလဲ"

"သူက သူ့ကို ဟိုစာအုပ်နဲ့ပတ်သက်တာ မသိစေချင်လို့" ဟာမီးက ပြောတယ်။ "ငါထင်တယ်၊ ဒမ်ဘယ်လီဒိုး သိသွားရင်၊ သိပ်ကြိုက်မှာမဟုတ်ဘူး။ စနိတ်ပ်က ဒါ သူ့စာအုပ်ပါလို့ ဝန်မခံရင်လဲ၊ စလပ်ဂ်ဟွန်းက ဒါ သူ့လက်ရေးဆိုတာ သိမှာ၊ ဘာပဲဖြစ်ဖြစ်၊ အဲဒီစာအုပ်ဟာ စနိတ်ပ်ရဲ့ မူလကကျောင်းခန်းထဲ



ထားရစ်တာ။ စနိတ်ပ်အမေ 'ပရင့်စ်'လို့ခေါ်တာ ဒမ်ဘယ်လီဒိုး သိမှာသေချာတယ်လို့ ငါ ပြောရဲတယ်"

"ငါ စာအုပ်ကို ဒမ်ဘယ်လီဒိုး ပြသင့်တယ်" ဟယ်ရီက ပြောတယ်။ "သူက ငါ့ကို ဗိုလ်ဒီမွန့်ကျောင်းမှာနေစဉ်က ဘယ်လောက်ဆိုးယုတ်တယ်ဆိုတာ သိစေချင်တယ်၊ အခု ငါလဲ စနိတ်ပ်ကို သက်သေပြ —"

" 'ဆိုးယုတ်တယ်' ဆိုတဲ့ ဝေါဟာရ သိပ်ပြင်းလွန်းတယ်" ဟာမီးက တိုးတိုးပြောတယ်။

"အဲဒီစာအုပ် သိပ်အန္တရာယ်ရှိတယ်လို့ နင် ငါ့ကို ပြောပြောနေတယ် မဟုတ်ဘူးလား"

"ငါ ပြောချင်တာက၊ ဟယ်ရီ၊ နင်ဟာ မိမိကိုယ်မိမိ သိပ်အပြစ်တင်လွန်းနေတယ်။ အစက မင်းသားမှာ အလွန်ရက်စက်တဲ့ ဟာသစိတ် ရှိတယ်လို့ ငါထင်တယ်၊ ဒါပေမယ့် နောင်မှာ သူဟာ လူသတ်သမား ဖြစ်သွားလိမ့်မယ်လို့တော့ ဘယ်လိုမှ မတွေးမိဘူး . . . ."

"ငါတို့ ဘယ်သူမှ စနိတ်ပ်က လုပ် . . . . နင် သိတယ်" ရွန်က ပြောတယ်။

သူတို့ ငြိမ်သွားတယ်၊ လူတိုင်း အတွေးထဲ နစ်မြုပ်သွားတယ်။ ဒါပေမယ့် ကျန်နှစ်ယောက်ဟာ သူ့လိုပဲ နောက်နေ့မနက် ဒမ်ဘယ်လီဒိုးရုပ်ကလာပ်ကို သဂြိုဟ်မယ့်ကိစ္စ တွေးမိမှာပဲလို့ ဟယ်ရီက ယုံတယ်။ ဟယ်ရီ အရင်က ဈာပနပွဲ မပါဖူးဘူး၊ ဆီးရီးအက်စ်ကြွယ်ဆုံးတုန်းက အလောင်းတောင် မြုပ်စရာမရှိဘူး။ အချိန်ကျရင် ဘယ်လိုရှိမလဲ သူ မသိဘူး။ သူ ဘာမြင်ရမလဲ၊ ဘယ်လိုခံစားရမလဲ၊ သူ ရေးရေးလေး စိတ်ပူမိတယ်။ ဈာပနပွဲပြီးနောက် ဒမ်ဘယ်လီဒိုးရဲ့ သေခြင်းဟာ သူ့အဖို့ ပိုပြီး အစစ်အမှန်ဖြစ်မလားဆိုတာ သူ မသိဘူး။ အခု တစ်ခါတလေမှာ အဲဒီ ကြောက်စရာအဖြစ်မှန်က သူ့ကို အလဲထိုးခံရမလို ဖြစ်နေတယ်။ ဒါပေမယ့် ပိုပြီး အချိန်များများမှာ သူ့ရင်ထဲ ကွက်လပ်ဖြစ်ပြီး ထုံနေတယ်။ ရဲတိုက်ထဲက လူအားလုံး ဒီအကြောင်းပြောနေပေမယ့်၊ ဒမ်ဘယ်လီဒိုး တကယ်ပဲ မရှိတော့ဘူးဆိုတာ သူ ယုံကြည်ဖို့ အလွန်ခက်တယ်။ သူဟာ ဆီးရီးအက်စ်ကြွယ်ဆုံးတုန်းကလို၊ မှော်လင့်ချက်ကင်းမဲ့စွာ ဟာပေါက်ရှာ လိုက်ရှာပြီး ဒမ်ဘယ်လီဒိုး ပြန်လာမှာကို မျှော်မနေတော့တာ အမှန်ပဲ . . . . သူဟာ အိတ်ကပ်ထဲက ဝိညာဉ်ပစ္စည်းအတုဖြစ်တဲ့ အေးစက်တဲ့ ဆွဲကြိုးကို စမ်းတယ်။

www.burmeseclassic.com



အခု သူဘယ်သွားသွား ၎င်းကို ယူသွားတယ်၊ အဆောင်သဘော မဟုတ်ဘူး၊ မိမိကိုယ်မိမိ ၎င်းရဲ့တန်ဖိုးကို သတိပေးနေတာ၊ အလုပ်တွေ ဘယ်လောက်များများ လုပ်ရဦးမယ်ဆိုတာ သတိပေးနေတာ။

နောက်နေ့နံနက်မှာ၊ ဟယ်ရီ အစောကြီးထပြီး ပစ္စည်းတွေ သိမ်းဆည်းတယ်။ ဟော့ဂ်ဝပ် အထူးအမြန် ရထားကြီးဟာ ဈာပနပွဲပြီးနောက် တစ်နာရီအကြာမှာ ထွက်ခွာမယ်။ သူ အောက်ထပ်ကို ဆင်းလာတယ်။ ခန်းမထဲက လေထုဟာ အလွန်စိတ်ပိစီးမှု ရှိနေတယ်။ လူတိုင်း ပွဲဝင်ဝတ်ရုံရှည် ဝတ်ထားတယ်၊ ဘယ်သူမှလဲ စားချင်စိတ် သိပ်မရှိကြသလိုပဲ။ ပါမောက္ခ မက်ဂေါ်နာဂေါက ဆရာလုပ်သား ထမင်းစားပွဲ .အလယ်ဗဟိုက ရာဇပလ္လင်လိုထိုင်ခုံကို အလွတ်ထားခိုင်းတယ်။ ဟက်ဂရစ်ထိုင်ခုံမှာလဲ လူမရှိဘူး။ သူလဲ နံနက်စောစောစားဖို့ စိတ်မရှိဘူးလို့ ဟယ်ရီက ခန့်မှန်းတယ်။ ဒါပေမယ့် စနိတ်ပ်နေရာမှာတော့ ရူးဖူးစ်-စခရင်းမ်ဂျဲ ထိုင်နေတယ်၊ ကြည့်ရတာ အလွန်မျက်စိစူးတယ်။ ၎င်းရဲ့ မျက်လုံးဝါဝါက ခန်းမကို ဝေ့ကြည့်နေတယ်၊ ဟယ်ရီက သူ့အကြည့်ကို ရှောင်လိုက်တယ်။ စခရင်းမ်ဂျဲဟာ သူ့ကို ရှာနေတယ်လို့ ဟယ်ရီဟာ အနေရကျပ်စွာ ခံစားရတယ်။ စခရင်းမ်ဂျဲရဲ့ နောက်လိုက်နောက်ပါတွေထဲမှာ၊ ဆံပင်နီနီ၊ ကျွဲကော်ကိုင်းမျက်မှန်တပ်ထားတဲ့ ဖတ်စီ-ဝယ်စလီကို ဟယ်ရီမြင်ရတယ်။ ရွန်က ဖတ်စီလာတာ သူသိကြောင်း နည်းနည်းမျှ မဖော်ပြဘူး၊ မိမိငါးမီးကင်ကိုပဲ တအား အားထုတ်လှီးနေတယ်။

ဟိုဘက်ရှိ စလေးသရင်းစားပွဲမှာ၊ ခရပ်နဲ့ ဂိုးတို့ ကပ်ပြီး တီးတိုးစကားပြောနေတယ်။ နှစ်ယောက်စလုံးဟာ ကိုယ်ခန္ဓာတုတ်ခိုင်တဲ့ ကောင်လေးတွေ ဖြစ်ပေမယ့်၊ သူတို့အလယ်မှာ မော်ဖိုင်ရဲ့ ဖြူရော်ပြီး ပိန်ရှည်တဲ့ ကိုယ်ရိပ် မရှိတော့လို့၊ မော်ဖိုင် သူတို့ကို အမိန့်ပေးခိုင်းစေတာ မရှိတော့လို့၊ သူတို့နှစ်ယောက်ဟာ အလွန်အထီးကျန်သလို ဖြစ်နေတယ်။ ဟယ်ရီက မော်ဖိုင်ကို သိပ်များများတွေးမနေဘူး၊ သူ့ရန်ငြိုးဟာ စနိတ်ပ်ပေါ်မှာပဲ စုစည်းထားတယ်။ အိမ်ချွန်ပေါ်မှာ မော်ဖိုင်ရဲ့အသံထဲက ထိတ်လန့်မှုကို သူ မမေ့ဘူး၊ တခြား ဒက်အီတာတွေ ရောက်မလာခင်က မော်ဖိုင့်မှော်ကြိမ်လုံးဟာ အောက်ချသွားတာကိုလဲ သူ မမေ့ဘူး။ မော်ဖိုင် ဒမ်ဘယ်လီဒိုးကို သတ်မယ်ဆိုတာ ဟယ်ရီ မယုံဘူး၊ သူဟာ မော်ဖိုင်က မှော်နက်ပညာကို ယစ်မူးနေလို့ မုန်းတယ်၊ ဒါပေမယ့် အဲဒီမုန်းတီးမှုထဲမှာ စာနာခြင်းနည်းနည်းလေး ပါနေတယ်။ မော်ဖိုင်



အခု ဘယ်ရောက်နေလဲ။ ဗိုလ်ဒီမွန့်က သူ့အဖေနဲ့ အမေကို သတ်ပစ်မယ်ဆိုပြီး သူ့ကို ခြိမ်းခြောက်ကာ၊ သူ့ကို ဘာများလုပ်ခိုင်းပါလိမ့် ?

ဂျင်နီက ဟယ်ရီ့ကို တို့လိုက်တယ်၊ သူ့အတွေး ပြတ်သွားတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ မတ်တတ်ရပ်လိုက်တယ်။ ခန်းမထဲက ဝမ်းနည်းစွာ တိုးတိုးပြောသံတွေ ချက်ချင်းငြိမ်သက်သွားတယ်။

“အချိန်ရောက်တော့မယ်” သူမက ပြောတယ်။ “မင်းတို့ တောင်စီကျောင်း ကျောင်းအုပ်ကြီးနဲ့လိုက်ပြီး ကွင်းထဲကို သွားပါ။ ဂရစ်ဖင်းဒေါ်ကျောင်းသားတွေ ကိုယ်နဲ့ လိုက်ခဲ့ပါ”

သူတို့ဟာ ဘန်းစီပြီး ခုံတန်းလျားနောက်ကနေ ထွက်လာကြတယ်။ အသံနည်းနည်းမှ မထွက်သလောက်ပဲ။ စလပ်ဂ်ဟွန်းကို စလေးသရင်း အတန်းရဲ့ရှေ့မှာ ဟယ်ရီ တွေ့ရတယ်၊ အကောင်းစား ငွေချည်ထိုး အစိမ်းတောက်တောက်ဝတ်ရုံရှည် ဝတ်ဆင်ထားတယ်။ ဒီပြင်၊ ဟော့ဖ်ဖတ်ကျောင်းအုပ် ပါမောက္ခ စပရောက် ဒီလောက်သပ်ရပ်သန့်ရှင်းတာ သူ တစ်ခါမှ မမြင်ဖူးဘူး၊ သူမဦးထုပ်ပေါ်မှာ အဖာအထေး တစ်ခုမှမရှိဘူး။ သူတို့ တံခါးခန်းရောက်တော့ မဒမ်ပင့်စ်ဟာ ဖစ်ချ်ဘေးမှာ ရပ်နေတာ တွေ့ရတယ်၊ ဒူးထိဖုံးတဲ့ အနက်ရောင် မျက်နှာဖုံးထူထူ တပ်ထားတယ်။ ဖစ်ချ်က ရှေးပုံစံအနောက်ဝတ်စုံ ဝတ်ထားတယ်၊ လည်စည်းနက်တိုင် စည်းထားတယ်။ ပရုတ်လုံးအနံ့ထွက်နေတယ်။

ဟယ်ရီ တံခါးမကြီးက ထွက်ခဲ့ပြီး ကျောက်လှေကားထစ်ပေါ် ရောက်လာတယ်။ သူတို့ဟာ ကန်ဘက် ဦးတည်သွားနေတာ တွေ့ရှိရတယ်။ နွေးထွေးတဲ့နေရောင် သူ့မျက်နှာပေါ် ထိုးနေတယ်။ သူတို့ဟာ ပါမောက္ခ မက်ဂေါ်နာဂေါနောက်က တိတ်တိတ်လေးလိုက်လာပြီး ထိုင်ခုံ ရာအချို့စီထားတဲ့ နေရာကို သွားကြတယ်။ ထိုင်ခုံအကြားမှာ လူသွားလမ်းရှိတယ်၊ ရှေ့မှာ မာဘော်ကျောက်စားပွဲကြီး ချထားတယ်၊ ရှိသမျှထိုင်ခုံတွေ ၎င်းဘက်ကို မျက်နှာမူနေတယ်။ ဒီနေ့ဟာ နွေရာသီရဲ့ အလွန်လှပတဲ့ နေ့တစ်နေ့ဖြစ်တယ်။

ထိုင်ခုံတစ်ဝက်ပေါ်မှာ လူတွေ ထိုင်နေကြပြီ၊ အဲဒီလူတွေဟာ ညီးနွမ်းသူ ရှိသလို ကောင်းမွန်စွာ ဝတ်ထားသူလဲ ရှိတယ်။ လူကြီးလဲ ရှိတယ်၊ လူငယ်လဲ ရှိတယ်။ လူအများစုကို ဟယ်ရီ မသိဘူး။ ဒါပေမယ့် တချို့ကိုတော့ သူ သိတယ်။ ဖီးနစ်အဖွဲ့ဝင်တွေလဲ ပါတယ်။ ကင်းစလေး-ရှက်ခဘော့၊ အရှူးမျက်လုံးမူးဒီး၊ တန့်ခ်စ် — သူမဆံပင်ဟာ ထူးဆန်းစွာနဲ့ ပန်းရောင်တောက်တောက် ပြန်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။ ရိုမတ်စ်-လူပင် —— တန့်ခ်စ်က သူနဲ့ လက်တွဲထားတယ်၊ ဝယ်စလီ လှနီးဆောင်နဲ့၊ ပြီးတော့၊ ဖလောအာက ဘီးကို ဖေးမလာတယ်၊ နောက်မှာ လိုက်လာသူက အနက်ရောင်မီးနဂါးသားရေ ဝတ်ဆင်ထားတဲ့ ဖရက်နဲ့ ဂျော့၊ ဒီပြင် မဒမ်မက်ဆင်းမ် —— သူမတစ်ယောက်တည်း ထိုင်ခုံနှစ်ခုံခွဲ ထိုင်တယ်၊ ခွတ်စုတ်ဘားက ဆိုင်ရှင် တွမ်၊ ဟယ်ရီရဲ့ပိတ်တုံး အိမ်နီးနားချင်းနေသူ အာရာ ဘဲလာဖစ်ဂ်၊ ထူးဆန်းညီအစ်မ အဆိုအဖွဲ့ထဲက အမွေးအမှင်ထူတဲ့ သံနိမ့် တယောဆရာ၊ မြင်းစီးသူရဲဘတ်စ်ကားယာဉ်မောင်း အာနီဖရန့်ဂ်၊ ထောင့်ဖြတ် လမ်း ဝတ်ရုံရှည်ဆိုင်က မဒမ်မော်ကင်၊ ပြီးတော့ ဟယ်ရီမြင်ဖူးရုံပဲရှိတဲ့ လူအချို့၊ ဝက်ခေါင်းဘားက ဘားထိုင်နဲ့ ဟော့ဂ်ဝပ်အထူးအမြန်ရထားပေါ်က လက်တွန်း လှည်းမော်ဆရာမလို လူတချို့။ ရဲတိုက်ထဲက ဝိညာဉ်တွေလဲ လာတယ်၊ နေရောင်အောက်မှာ ၎င်းတို့ကို သိပ်တောင်မမြင်ရဘူး၊ ရွှေ့လျားတော့မှ သူတို့မှန်း သိရတယ်၊ ကြည်လင်တဲ့လေထုထဲမှာ ဝေဝါးစွာ အရောင်တောက် နေတယ်။

ဟယ်ရီ၊ ရွန်၊ ဟာမီးနဲ့ ဂျင်နီတို့ ကန်ဘေးက ထိုင်ခုံတန်းရဲ့ နောက်ဆုံး ထိုင်ခုံတချို့မှာ အစဉ်လိုက် ထိုင်လိုက်ကြတယ်။ လူတွေဟာ အပြန်အလှန် တီးတိုးစကားပြောနေတယ်၊ အသံက မြက်ခင်းပေါ် လေပြေလေး တိုက်သွား သလိုပဲ၊ ငှက်သံကတော့ အထူးကျယ်နေတယ်။ လူအုပ်ဟာ အဆက်မပြတ် ရောက်လာတယ်။ လူနာဟာ နီဗီးကို ဖေးမပြီး ထိုင်ခုံပေါ် ထိုင်ခိုင်းတာ ဟယ်ရီ မြင်ရတယ်၊ သူတို့နှစ်ယောက်ကို နှစ်သက်တဲ့စိတ် ဖြစ်ပေါ်လာတယ်။ ဒမ်ဘလီဒိုး ကွယ်လွန်တဲ့ညမှာ၊ DA ထဲက လူအားလုံးထဲမှာ သူတို့နှစ်ယောက်ထဲကသာ ဟာမီး ဆော်ဩတာကို လိုက်နာခဲ့တယ်။ ဒါဘာကြောင့်ဆိုတာ ဟယ်ရီ သိတယ်။ သူတို့နှစ်ယောက်ဟာ DA ကို သိပ်တမ်းတလို့ပဲ . . . . သူတို့ဟာ အကြွေစေ့ကို အမြဲထုတ်ကြည့်ချင်ကြည့်ကြမှာ၊ DA ပြန်ဖွဲ့စည်းဖို့ မျှော်လင့် နေမှာ . . . .

ကွန်နယ်လစ်-ဖဒ်ဂ်ဟာ သူတို့အနားက ဖြတ်ပြီး ရှေ့တန်းကို လျှောက် သွားတယ်၊ သူဟာ မျက်နှာမသာမယာနဲ့ ခါတိုင်းလိုပဲ မိမိရဲ့ဦးထုပ်အစိမ်းကို လှည့်နေတယ်။ ဒီနောက်မှာ၊ ရီထာ-စကီးထာကို ဟယ်ရီ မြင်လိုက်တယ်၊ သူမရဲ့ ထက်သည်းနီလိုလက်ထဲမှာ မှတ်စုစာအုပ်တစ်အုပ် ကိုင်ထားတာကို ဟယ်ရီ စိတ်ဆိုးစွာ မြင်တွေ့ရတယ်။ ဆက်လက်ပြီး ဒိုလိုရိစ်-အမ်ဘရစ်ဂျ်ကို မြင်ရတယ်၊



ချက်ချင်း ဒေါသမီးတောက်လာတယ်။ အမ်ဘရစ်ဂျ်ရဲ့ ဖားပြုပ်မျက်နှာဟာ ဝမ်းနည်းဟန်ဆောင်နေတယ်၊ သံချေးရောင်ဆံပင်ပေါ်မှာ အနက်ရောင် စိန့် ကတ္တီပါ ဖဲကြိုးခေါက်တွန့် တပ်ထားတယ်။ သူမဟာ ကင်းတပ်သားလို ကန်ဘေး မှာ ရပ်နေတဲ့ မြင်းလူသား ဖရင်ဇယ်ကို မြင်တော့၊ လန့်ပြီး အဝေးကထိုင်ခုံကို ကမန်းကတန်း သွားထိုင်တယ်။

နောက်ဆုံးမှာ လူအားလုံး ထိုင်ပြီးကြပြီ။ စခရင်းမ်ဂျဲနဲ့ ပါမောက္ခ မက်ဂေါ်နာဂေါ်တို့ ရှေ့ဆုံးတန်းမှာ အတူထိုင်နေတာ ဟယ်ရီ မြင်ရတယ်။ အမှုအရာလေးနက်ပြီး ဂုဏ်သရေရှိပုံရတယ်။ စခရင်းမ်ဂျဲနဲ့ တခြားအရေးကြီး တဲ့ လူကြီးတွေ ဒမ်ဘလီဒိုး ကွယ်လွန်တာကြောင့် တကယ်ပဲ ဝမ်းနည်းသလား ဆိုတာ ဟယ်ရီ မသိဘူး။ ဒီနောက်မှာ၊ သူ ဂီတသံကြားရတယ်၊ တခြားကမ္ဘာက ရောက်လာသလို သစ်ဆန်းတယ်။ သူဟာ ဝန်ကြီးဌာနကို မုန်းကြိုက်တာတွေ မေ့သွားတယ်။ ဒီဂီတလာရာကို လှည့်ရှာတယ်။ ဒီလိုလုပ်တာက သူတစ်ယောက် တည်း မဟုတ်ဘူး။ ခေါင်းတွေ လှည့်နေတယ်၊ ရှာဖွေနေတယ်၊ အနည်းငယ် တုန်လှုပ်နေတယ်။

"ဟိုမှာ" ဂျင်နီက ဟယ်ရီ့နားနားကပ်ပြီး တိုးတိုးပြောတယ်။

ဒါနဲ့ သူတို့ ၎င်းတို့ကို မြင်ရတယ်၊ နေရောင်အောက်က ကြည်လင်တဲ့ အစိမ်းရောင်ကန်ကြီးထဲမှာ၊ ကန်ရေမျက်နှာပြင် လက်မအနည်းငယ်အောက်မှာ ဒါက သူ့ကို ပဲဟိုအလောင်းကောင်တွေ သွားသတိရစေတယ်၊ ထိတ်လန့်ချောက်ချား မှု သူ့ရင်ထဲ ဝင်လာပြန်တယ်။ လူတစ်ပိုင်း ငါးတစ်ပိုင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ အဆိုအဖွဲ့ဟာ၊ ထူးဆန်းတဲ့၊ သူနားမလည်တဲ့ ဘာသာစကားနဲ့ သီဆိုနေတယ်။ သူတို့ ဖြူဖပ်ဖပ်မျက်နှာတွေ ရေထဲမှာ လှုပ်နေတယ်၊ ခရမ်းရောင်ဆံပင်တွေဟာ ၎င်းတို့ပတ်လည်မှာ လွင့်နေတယ်။ ဒီသီချင်းသံကြောင့် ဟယ်ရီ ကြက်သီး မွေးညင်း ထလာတယ်၊ ဒါပေမယ့် နားကြားပြင်းတော့ မကတ်ဘူး။ သီချင်းက ဝမ်းနည်းကြေကွဲခြင်းနဲ့ မျှော်လင့်ချက်ကုန်ဆုံးခြင်းကို သီဆိုနေတာ ရှင်းနေ တယ်။ ဟယ်ရီဟာ ရေထဲက စိတ်လှုပ်ရှားနေတဲ့ မျက်နှာတွေကို ငုံ့ကြည့်နေ တယ်၊ သူတို့ဟာ ဒမ်ဘလီဒိုး ခွဲခွာသွားတာကြောင့် ဝမ်းနည်းနေတာဖြစ်မယ်လို့ ခံစားရတယ်။ ဒီအချိန်မှာ ဂျင်နီက သူ့ကို လက်ညှိုးနဲ့ ထိုးလိုက်ပြီတယ် သူလှည့်ကြည့်တယ်၊

ဟက်ဂရစ်ဟာ ထိုင်ခုံကြားက လူသွားလမ်းအတိုင်း ရှေ့ကို ဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သွားနေတယ်။ သူဟာ အသံမထွက်ပဲ ငိုကြွေးနေတယ်၊ မျက်နှာပေါ်မှာ လတ်နေတဲ့ မျက်ရည်စက်တွေ ပြည့်နေတယ်။ သူ့ရင်ထဲ ပွေ့ချီထားတာဟာ ဒမ်ဘာလီဒိုးရုပ်ကလာပ်ဆိုတာ ဟယ်ရီ သိတယ်။ ရွှေကြယ်တွေ အပြည့် ထိုးထားတဲ့ ခရမ်းရောင် စိန်ကတ္တီပါနဲ့ ထုပ်ထားတယ်။ ဒါကိုမြင်တော့ ဟယ်ရီ့လည်ချောင်း ဗူးနာပြီး ဆို့သွားတယ်။ ခဏတာအတွင်း အဲဟို ထူးခြားတဲ့ ဝိတ၊ ပြီးတော့ သူနဲ့ ဒီလောက်နီးနေတဲ့ ဒမ်ဘာလီဒိုးရဲ့ရုပ်ကလာပ်ဟာ၊ အဲဒီနေ့ရဲ့ အနွေးဓာတ်အားလုံးကို ယူဆောင်သွားသလိုပဲ။ ရွန်ဟာ အလွန်တုန်လှုပ် နေတယ်၊ မျက်နှာကြီး ဖြူဖပ်နေတယ်။ မျက်ရည်ပေါက်ကြီးတွေဟာ ဂျင်နီနဲ့ ဟာမီးခြေထောက်ပေါ် အဆက်မပြတ် ကျလာတယ်။

သူတို့ဟာ ရှေ့ကအခြေအနေကို သေချာမမြင်ဘူး၊ ဟက်ဂရစ်ဟာ ရုပ်ကလာပ်ကို သေသေချာချာ စားပွဲပေါ် တင်လိုက်သလိုပဲ။ သူဟာ လူသွား လမ်းအတိုင်း ပြန်လျှောက်လာတယ်၊ နှာခေါင်းကို တအားစုပ်နေတယ်၊ ခရာ မှုတ်သလိုအသံမျိုး ထွက်နေတယ်။ လူတချို့က သူ့ကို မကြိုက်တဲ့အကြည့်နဲ့ ကြည့်တယ်။ ၎င်းတို့အနက် ဒိုလိုရိစ်-အမ်ဘရစ်ဂျ်လဲ ပါတာ ဟယ်ရီ တွေ့ရ တယ် . . . . ဒါပေမယ့် ဒမ်ဘာလီဒိုးကတော့ ဘာမှမဖြစ်ဘူးဆိုတာ ဟယ်ရီ သိတယ်။ ဟက်ဂရစ် ဖြတ်သွားတော့ ဟယ်ရီက သူ့ကို ချစ်ခင်စွာ နှုတ်ဆက် ချင်တယ်၊ ဒါပေမယ့် ဟက်ဂရစ်မျက်စိဟာ အဟာလေးပဲကျန်အောင် ရောင် နေတယ်၊ ခြေထောက်အောက်က လမ်းကို သူမြင်ရတာ အံ့ဩစရာပဲ။ ဟယ်ရီ က ဟက်ဂရစ်သွားမယ့် နောက်တန်းကို ကြည့်လိုက်တယ်၊ ဘာက သူ့ကို လမ်းပြနေတယ်ဆိုတာ သိသွားတယ်။ ဧရာမလူသားဂရော့ဖ်ဟာ အဲဒီမှာ ထိုင်နေတယ်၊ ရွက်ထည်တဲလေးလောက်ကြီးတဲ့ ဂျက်ကင်နဲ့ ဘောင်းဘီရှည် ဝတ်ထားတယ်။ အဆမတန်ကြီးတဲ့၊ ဧရာမကျောက်စလစ်ခဲကြီးလိုကြီးတဲ့၊ အရှုပ်ဆိုးတဲ့ ခေါင်းကြီးကို ငုံ့ထားတယ်၊ အလွန်ယဉ်ပါးပြီး လူ့သဘောနားလည်ပုံ ပေါက်တယ်။ ဟက်ဂရစ်ဟာ သူ့ရဲ့ မအေတူဖအေကွဲညီလေးဘေးမှာ ထိုင် လိုက်တယ်၊ ဂရော့ဖ်က ဟက်ဂရစ်ခေါင်းကို တအားပုတ်လိုက်တယ်၊ ဒါကြောင့် ထိုင်ခုံခြေထောက် မြေကြီးထဲ ကျွံဝင်သွားတယ်။ ဟယ်ရီက မအောင့်နိုင်ဘဲ ရယ်ချင်တယ်။ ဂီတ ရပ်သွားပြီ၊ သူလှည့်ပြီး ရှေ့ကို ပြန်ကြည့်နေတယ်။

ဆံပင်ထူထူ၊ အနက်ရောင်ဝတ်ရုံရှည် ဝတ်ဆင်တဲ့ အကောင်သေး သေးလောက်ကျားတစ်ယောက် ထိုင်ခုံကနေ မတ်တတ်ရပ်လိုက်တယ်၊ ဒမ်ဘာလီဒိုး



ရုပ်ကလာပ်ရှေ့မှာ ရပ်လိုက်တယ်။ သူ ဘာပြောနေတယ်ဆိုတာ ဟယ်ရီ ရှင်းရှင်းမကြားဘူး။ တစ်ခါတစ်ရံ တစ်ခွန်းတလေ ခေါင်းရာအချို့ကို ဖြတ်ပြီး နောက်ဘက်လွင့်လာတယ်။ "မြင့်မြတ်တဲ့စိတ်ဓာတ်" . . . . "ပညာပိုင်းဆိုင်ရာ အကျိုးပြုမှု" . . . . "ကြီးမြတ်တဲ့နှလုံးသား" . . . . ဒါတွေအားလုံး သိပ် အဓိပ္ပာယ်မရှိပါဘူး။ ဒါတွေအားလုံးဟာ ဟယ်ရီသိတဲ့ ဒမ်ဘာလီဒိုးနဲ့ ဘာမှ သိပ်မပတ်သက်ဘူး။ သူဟာ ဒမ်ဘာလီဒိုး တီထွင်တဲ့ဝေါဟာရတချို့ကို ရုတ်တရက် သတိရလိုက်တယ်။ "နလဗိန်းတုံး" "ငိုမဲ့" "ဗြုတ်စဗြိန်းတောင်း" နဲ့ "ဆွဲလိမ်" သူ ရယ်ချင်လာပြန်တယ် . . . . သူ ဒါဘယ်လိုဖြစ်တာလဲ။

ဘယ်ဘက်ကနေ အသံတွေ ကြားရတယ်၊ သူလှည့်ကြည့်လိုက်တော့ လူတစ်ပိုင်း၊ ငါးတစ်ပိုင်းတွေ ရေပေါ် ထိုးထွက်လာပြီး သေချာနားထောင်နေတာ တွေ့ရတယ်။ လွန်ခဲ့တဲ့နှစ်နှစ်က ဒမ်ဘာလီဒိုးဟာ ရေဘေးမှာ ဆောင့်ကြောင့် ထိုင်ပြီး၊ ဟယ်ရီ အခုထိုင်နေတဲ့နေရာလောက်မှာ လူတစ်ပိုင်း ငါးတစ်ပိုင်း ဘာသာစကားနဲ့ ၎င်းတို့ခေါင်းဆောင်နဲ့ စကားပြောတာကို ဟယ်ရီ သတိရမိ တယ်။ ဒမ်ဘာလီဒိုး ဘယ်က ဒီစကားမျိုး တတ်လာတယ်ဆိုတာ ဟယ်ရီ မသိဘူး။ သူ့မှာ သူ့ကို မေးစရာကိစ္စတွေ အများကြီး မမေးမိဘူး၊ သူ့မှာလဲ သူ့ကို စကား တွေအများကြီး ပြောသင့်တယ် . . . .

ဒါနဲ့ ရုတ်တရက် ရောက်ချလာတဲ့၊ ကြောက်စရာအဖြစ်မှန်က သူ့ကို ဝင်စီးတယ်၊ ဘယ်အချိန်ကထက်မဆို အညှာအတာကင်းမဲ့တယ်၊ ငြင်းပယ်လို့ မရဘူး။ ဒမ်ဘာလီဒိုး သေပြီ၊ မရှိတော့ဘူး . . . . သူဟာ လက်ထဲက အေးစက် တဲ့ လော့ကတ်သီးကို တင်းတင်းဆုပ်ထားတယ်၊ လက်တောင်နာလာတယ်။ ဒါပေမယ့် မျက်ရည်တွေ မျက်စိထဲက စီးထွက်လာတာကို တားလို့မရဘူး။ သူက ဂျင်နီနဲ့ တခြားလူတွေရဲ့အကြည့်ကို ရှောင်ပြီး အဝေးဆီက တားမြစ် သစ်တောကို ကြည့်နေတယ်။ အကျီအနက်ဝတ်တဲ့ လူကောင်သေးသေး ယောကျ်ားဟာ ဆက်ပြောနေတယ် . . . . တားမြစ်သစ်တောထဲမှာ လှုပ်ရှား တာ ရှိတယ်။ မြင်းလူသားတွေလဲ သူတို့ရဲ့ ဝမ်းနည်းခြင်းကို လာရောက်ဖော်ပြ တယ်။ သူတို့ တွက်လပ်ထဲ ထွက်မလာဘူး။ ၎င်းတို့ဟာ အရိပ်ထဲမှာ လေးပေါ့ တပေါ် ရပ်နေပြီး ဒီဘက်က မှော်ဆရာတွေကို ကြည့်နေတာ ဟယ်ရီ မြင်ရ တယ်။ ၎င်းတို့ လေး မြားတွေကို ကိုယ်ဘေးမှာ လွယ်ထားတယ်၊ သူ ပထမ အကြိမ် တားမြစ်သစ်တောထဲမှာ အိပ်မက်ဆိုးပမာ တွေ့ကြုံရတာကို ဟယ်ရီ

www.burmeseclassic.com

www.burmeseclassic.com



သတိရတယ်၊ သူဟာ အဲဒီမှာ ဗိုလ်ဒီမွန့်ဖြစ်ခဲ့တဲ့ဟာကို သူ ပထမဆုံး မြင်ခဲ့ရတယ်။ ထိုစဉ်က သူ ၎င်းနဲ့ ရင်ဆိုင်ရတဲ့အခြေအနေကိုလဲ သတိရမိတယ်၊ နောင်မှာ သူနဲ့ ဒမ်ဘလီဒိုးတို့ အဲဒီ ရုံးမှာသေချာတဲ့ တိုက်ပွဲကို ဘယ်လိုတိုက်မလဲလို့ ဆွေးနွေးတာကို တွေးမိတယ်။ ဒမ်ဘလီဒိုးက ပြောတယ်၊ အရေးကြီးတာက အဆက်မပြတ် တိုက်ပွဲဝင်ဖို့ပဲ၊ တိုက်ပွဲဝင်၊ ထပ်တိုက်ပွဲဝင်၊ ဒီလိုလုပ်မှ မကောင်းဆိုးဝါးတွေကို ချုပ်ကိုင်နိုင်မှာ၊ ဘယ်တော့မှ အကုန်အစင် သုတ်သင်လို့ မရပေမယ့်လဲ တိုက်ရမယ် . . . .

ဟယ်ရီဟာ ပူပြင်းတဲ့နေအောက် ထိုင်နေတယ်၊ သူ့ကို ဂရုစိုက်တဲ့ လူတွေ တစ်ယောက်ပြီးတစ်ယောက် သူ့ရှေ့မှာ ရပ်နေတာ ရှင်းလင်းစွာ မြင်တွေ့ရတယ်၊ သူ့အမေ၊ အဖေ၊ သူ့ရဲ့ ဂေါ်ဖားသား၊ နောက်ဆုံးမှာက ဒမ်ဘလီဒိုး၊ သူတို့အားလုံး သူ့ကို စောင့်ရှောက်ဖို့ ဆုံးဖြတ်ထားကြတယ်၊ သို့ပေမယ့် အခု အားလုံးပြီးဆုံးသွားပြီ။ သူဟာ သူနဲ့ ဗိုလ်ဒီမွန့်ကြားမှာ ဘယ်သူမှ ကားဆီးနေတာ မခံနိုင်ဘူး။ သူဟာ တစ်နှစ်သားကတည်းက စွန့်ပစ်သင့်တဲ့အိပ်မက်ကို ထာဝရစွန့်ပစ်ရမယ်။ ဘယ်လူကြီးတစ်ယောက်ယောက်ရဲ့ ရင်ခွင်က သူ့ကို မထိခိုက်အောင် ကာကွယ်ပေးမယ်လို့ မထင်တော့ဘူး။ အခု ဘယ်သူကမှ သူ့ကို အိပ်မက်ဆိုးထဲက နှိုးမှာမဟုတ်ဘူး၊ အမှောင်ထဲမှာ တိုးတိုးအားပေးမယ့်လူ ရှိမှာမဟုတ်ဘူး၊ သူဟာ စင်စစ် လုံခြုံပါတယ်လို့ ပြောတာ၊ အားလုံးဟာ သူ့ဖာသာ စိတ်ကူးယဉ်တာပဲ။ သူ့ရဲ့ နောက်ဆုံးတစ်ယောက်၊ အလွန်တော်တဲ့ စောင့်ရှောက်သူလဲ သေပြီ။ သူဟာ အရင်က ဘယ်တုန်းကထက်မဆို အထီးကျန် ဖြစ်သွားပြီ။

အကောင်သေးသေးလူ စကားပြောပြီးသွားပြီ၊ နေရာပြန်သွားပြီ။ ဟယ်ရီက တခြားလူ မတ်တတ်ရပ်တာကို စောင့်နေတယ်၊ စကားပြောမယ့်လူ ရှိသေးတယ်လို့ ထင်နေတာ၊ ဥပမာ ဝန်ကြီး။ ဒါပေမယ့် ဘယ်သူမှ မလှုပ်ဘူး။

ရုတ်တရက်၊ လူတချို့ ထအော်တယ်။ လင်းပြီးဖြူနေတဲ့ မီးတောက်တာ ဒမ်ဘလီဒိုးရုပ်ကလာပ်နဲ့ စားပွဲဘေးကနေ တက်လာတယ်။ မီးညွန့်ကြာလေ မြင့်လာလေ၊ ရုပ်ကလာပ်ကို ကွယ်သွားတယ်။ အဖြူရောင် မီးခိုးတွေ [illegible] တလူလူလွင့်တက်သွားတယ်၊ ထူးဆန်းတဲ့ ပုံသဏ္ဍာန်တွေ ပေါ်လာတယ်။ ခဏတာအတွင်းမှာ ဟယ်ရီဟာ ဖီးနစ်တစ်ကောင် ပျော်ရွှင်စွာ [illegible]ပြာသို့ ပျံတက်သွားသလို မြင်ရတယ်။ ဒါပေမယ့် ဆက်လက်ပြီး



မီးတောက် ကွယ်ပျောက်သွားတယ်။ အဲဒီနေရာမှာ အဖြူရောင် မာဘော်ကျောက်ဂူတစ်လုံး ပေါ်လာတယ်၊ ဒမ်ဘလီဒိုးရုပ်ကလာပ်နဲ့ ရုပ်ကလာပ် တင်ထားတဲ့ စားပွဲကိုပါ ဖုံးအုပ်သွားတယ်။

မြားပေါင်းမြောက်မြားစွာ မိုးပေါ်ကို ပစ်တင်လိုက်တယ်၊ လန့်အော်သံတချို့ ပေါ်ထွက်လာတယ်။ ဒါပေမယ့် မြားတွေဟာ လူအုပ်နဲ့ အတော်ဝေးတဲ့ နေရာမှာ ကျကုန်တယ်။ ဒါဟာ မြင်းလူသားတွေရဲ့ ဝမ်းနည်းတဲ့ အထိမ်းအမှတ်ဆိုတာ ဟယ်ရီ သိတယ်။ ၎င်းတို့ ကိုယ်ကို လှည့်သွားပြီး အေးမြတဲ့သစ်အုပ်ထဲမှာ ပျောက်ကွယ်သွားကြတယ်။ ဟို လူတစ်ပိုင်း ငါးတစ်ပိုင်းတွေလဲ အစိမ်းရောင်ရေအောက်ကို ဖြည်းဖြည်းငုပ်သွားကြတယ်၊ မမြင်ရတော့ဘူး။

ဟယ်ရီက ဂျင်နီ၊ ရွန်နဲ့ ဟာမီးကို ကြည့်နေတယ်။ ရွန့်မျက်နှာကြီးကြုံ့ထားတယ်၊ နေထိုးလို့ မျက်စိဖွင့်မရသလိုပဲ။ ဟာမီးမျက်နှာပေါ်မှာ မျက်ရည်စက်တွေနဲ့ လက်နေတယ်၊ ဒါပေမယ့် ဂျင်နီ မငိုတော့ဘူး။ သူမက ဟယ်ရီ့အကြည့်ကို ဖမ်းလိုက်တယ်၊ အမူအရာက ပြတ်သားလှိုက်လှဲတယ်။ ဟယ်ရီ မရှိတဲ့နေ့က ခွေဒစ်ဖလားပြီးနောက် သူမ ဟယ်ရီကို ဖက်တုန်းကလိုပဲ။ အဲဒီအချိန်လေးမှာ သူတို့ဟာ အပြန်အလှန် အပြည့်အဝ နားလည်သွားပြီလို့ ဟယ်ရီ သိလိုက်တယ်။ သူက သူမကို သူလုပ်မယ့်ကိစ္စ ပြောပြရင်၊ သူမက "သတိထားလုပ်" ဒါမှမဟုတ် "သွားမလုပ်ပါနဲ့" လို့ ပြောမှာမဟုတ်ဘဲ၊ သူ့ဆုံးဖြတ်ချက်ကို ဝမ်းသာစွာ လက်ခံမှာဖြစ်တယ်ဆိုတာ သူ သိတယ်။ သူမဟာ ရင်ထဲကနေပြီး သူဟာ ဒီလိုလူမျိုးပဲဆိုတာသိလို့။ ဒါနဲ့ သူက ဒမ်ဘလီဒိုး သေဆုံးပြီးနောက် သူမပြောလို့မဖြစ်တဲ့ စကားကို အံကြိတ်ပြီး ပြောလိုက်တယ်။

"ဂျင်နီ၊ ငါပြောတာနားထောင် . . . . " သူက အလွန်သေးတဲ့အသံနဲ့ ပြောတယ်။ ဒီအချိန်မှာ ဘေးဘီက စကားပြောသံတွေ ကြာလေ ကျယ်လေပဲ၊ လူတွေ တဖွဲဖွဲ မတ်တတ်ရပ်ကြပြီ။ "ငါ နင်နဲ့ ဒီလိုဆက်ဆံရေး ဆက်ထိန်းမထားနိုင်တော့ဘူး။ ငါတို့ နောက်ထပ်တွေ့လို့ မဖြစ်ဘူး၊ အတူနေလို့ မဖြစ်ဘူး"

သူမဟာ ထူးဆန်းတဲ့၊ လိမ်တွန့်နေတဲ့အပြုံးနဲ့ ပြောတယ်။ "ညံ့ဖျင်းပြီး မြင့်မြတ်တဲ့ အကျိုးအကြောင်းတစ်ခုခုကြောင့်လား"

"ဒီအပတ်တချို့ နင်နဲ့အတူနေရတာ . . . . ဘာနဲ့တူသလဲဆိုတော့ . . . . သူများဆီက ခိုးလာတဲ့ နေ့ရက်တွေနဲ့ တူနေတယ်" ဟယ်ရီက ပြော

www.burmeseclassic.com



တယ်။ "ဒါပေမယ့် ငါ မဖြစ်ဘူး . . . . ငါတို့ မဖြစ်ဘူး . . . . အခုကိစ္စတချို့ကို ငါ တစ်ယောက်တည်း သွားလုပ်မှဖြစ်မယ်"

ဂျင်နီ မငိုဘူး၊ သူ့ကိုပဲ ကြည့်နေတယ်။

"ဗိုလဒီမွန့်ဟာ သူ့ရန်သူနဲ့ နီးစပ်တဲ့လူကို အသုံးချလေ့ရှိတယ်။ သူဟာ နင့်ကို ငါးစာလုပ်ခဲ့ဖူးတယ်၊ အဲဒါ နင်က ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းရဲ့ ညီမလေးဖြစ်လို့။ နင် စဉ်းစားကြည့်ပါ၊ တကယ်လို့ ငါတို့ ဒီလိုဆက်ဆံရေးမျိုး ဆက်ထားရင်၊ နင့်ကို ဘယ်လောက်အန္တရာယ်ကျရောက်စေမလဲ။ သူသိမှာပါ၊ သိအောင်လုပ်မှာ။ သူက နင်ကတစ်ဆင့် ငါ့ကို နီးစပ်အောင်လုပ်မှာ"

"တကယ်လို့ ငါ ဂရုမစိုက်ဘူးဆိုရင်ကော" ဂျင်နီက စိတ်ပြင်းထန်စွာ ပြောတယ်။

"ငါ ဂရုစိုက်တယ်" ဟယ်ရီက ပြောတယ်။ "တကယ်လို့ ဒါဟာ နင့်ရှာပနဆိုရင် . . . . အားလုံးလဲ ငါ့ကြောင့်ဆိုရင် . . . . ငါ ဘယ်လိုခံစားရမယ်လို့ နင်ထင်သလဲ . . . ."

သူမက မျက်နှာကို တစ်ဖက်လှည့်ပြီး ကန်ရေပြင်ကို ကြည့်နေတယ်။

"ငါဟာ စင်စစ်မှာ နင့်ကို ဘယ်တုန်းကမှ မစွန့်လွှတ်ခဲ့ဘူး" သူမက ပြောတယ်။ "တကယ်ပဲ မစွန့်လွှတ်ခဲ့ဘူး။ ငါ မျှော်လင့်ချက် အမြဲထားတယ် . . . . ဟာမီးက ငါ့ကို ဘဝထဲဝင်၊ တခြားလူတွေနဲ့ ဆက်ဆံကြည့်ဖို့ ပြောတယ်၊ နင့်အနားမှာ ပေါ့ပေါ့ပါးပါး ဖြစ်သွားတယ်။ အခုကြောင်းက၊ နင် မှတ်မိသေးလား၊ အရင်က နင်အခန်းထဲမှာရှိရင်၊ ငါ စကားတောင် ပြောလို့မရဘူး။ ဟာမီးက —— ငါ ကိုယ့်ဖာသာနေရင်၊ နင်က ငါ့ကို ပိုသတိပြုမိလိမ့်မယ်လို့ ထင်တယ်"

"ဉာဏ်ကောင်းတဲ့ကောင်မလေး၊ အဲဒီဟာမီး" ဟယ်ရီက ပြောရင်း မိမိကိုယ်မိမိ ရယ်စေချင်တယ်။ "ငါ နင့်ကို စောစောမမေးမိတာ နောင်တရမိတယ်၊ နို့မို့ရင် ငါတို့ အချိန်အကြာကြီး . . . . လအတော်များများ . . . . နှစ်အတော်များများလဲ ဖြစ်နိုင်တယ် . . . ."

"ဒါပေမယ့် နင်က မှော်လောကကို ကယ်တင်ဖို့နဲ့ အလုပ်များနေတယ်" ဂျင်နီက ရယ်တစ်ဝက်နဲ့ ပြောတယ်။ "အင်း . . . . တကယ်တော့ အံ့အားသင့်စရာတော့ မဟုတ်ဘူး။ နောက်ဆုံး ဒီလိုပဲ နိဂုံးချုပ်မယ်ဆိုတာ ငါ အစောကြီးကတည်းက သိတယ်။ နင် ဗိုလဒီမွန့်ကို သွားမရှာရရင် ကျေနပ်မှာ



မဟုတ်ဘူးဆိုတာ ငါ အစောကြီးကတည်းက သိတယ်။ ဒါကြောင့်မို့ပဲနဲ့တူတယ် ငါ နင့်ကို ဒီလောက်နှစ်သက်တာ"

ဒီစကားတွေ နားထောင်နေရင်း ဟယ်ရီ မခံနိုင်တော့ဘူး။ သူထ တွေးတယ်၊ သူ ဂျင်နီ့ဘေးမှာ ဆက်ထိုင်နေရင်၊ သူ့စိတ်ဆုံးဖြတ်ချက် ယိမ်းယိုင်မှာ သေချာတယ်။ ရွန်က ဟာမီးကို ပွေ့ဖက်ထားပြီး သူမဆံပင်ကို အသာလေး ပွတ်နေတာ သူမြင်တယ်။ ဟာမီးက သူ့ပခုံးပေါ် မှီပြီး ဝမ်းနည်းစွာ ငိုနေတယ်၊ မျက်ရည်ပေါက်ကြီးတွေဟာ ရွန့်ရဲ့ နှာခေါင်းရှည်ရှည်ပေါ်က စီးကျလာတယ်။ ဟယ်ရီက မတတ်သာပဲ မတ်တတ်ရပ်လိုက်ပြီး ဂျင်နီနဲ့ ဒမ်ဘလီဒိုးအုတ်ဂူကို ကျောပေးကာ ကန်ကိုပတ်ပြီး လျှောက်သွားတယ်။ လမ်းလျှောက်တာ ငြိမ်ငြိမ်ထိုင်နေတာထက် နေရသက်သာတယ်။ စောစော ဝိညာဉ်ပစ္စည်း သွားရှာပြီး ဗိုလဒီမွန့်ကို သုတ်သင်တာဟာ၊ ပူပင်စွာနဲ့ စောင့်နေတာထက် အများကြီး နေရသက်သာသလိုပဲ . . . .

"ဟယ်ရီ"

သူ လှည့်လိုက်တာနဲ့၊ ရူးဖူးစ်-စခရင်းမ်ဂျဲဟာ တုတ်ကောက်ထောက်ပြီး ထော့နဲ့ထော့နဲ့နဲ့ ကန်ကိုပတ်ကာ သူ့ဆီ အမြန်လျှောက်လာတာ တွေ့ရတယ်။

"ကျုပ် မင်းနဲ့ စကားပြောချင်နေတာ . . . . ကျုပ် မင်းနဲ့ လမ်းလျှောက်မယ်၊ မင်း မဆန့်ကျင်ပါဘူးနော်"

"ကောင်းပြီ" ဟယ်ရီက ပေါ့ပေါ့လေး ပြောတယ်။ ရှေ့ဆက်လျှောက်သွားတယ်။

"ဟယ်ရီ ကြောက်စရာ အလွမ်းဇာတ်လမ်းတစ်ပုဒ်ပဲ" စခရင်းမ်ဂျဲက အသာပဲပြောတယ်။ "ဒီသတင်းကို ကြားတော့၊ ကျုပ် တုန်လှုပ်တာမှ ပြောမပြတတ်ဘူး။ ဒမ်ဘလီဒိုးဟာ အလွန်တော်တဲ့ မှော်ဆရာကြီး၊ ကျုပ်တို့ကြားမှာ ကွဲလွဲမှု နည်းနည်းရှိတယ်၊ မင်းလဲ သိတယ်၊ ဒါပေမယ့် ဘယ်သူမှ ကျုပ်လောက် နားမလည်ဘူး ——"

"သင် ဘာလိုချင်လဲ" ဟယ်ရီက ဒုံဒိုးပဲမေးတယ်။

စခရင်းမ်ဂျဲဟာ နည်းနည်းစိတ်ဆိုးသွားသလိုပဲ၊ ဒါပေမယ့် အခင်က လိုပဲ မျက်နှာပေါ်က အမူအရာကို ဝမ်းနည်းခြင်းနဲ့ နားလည်ပေးခြင်းဖြစ်အောင် အလျင်အမြန် ပြင်လိုက်တယ်။

"ဟုတ်တယ်၊ မင်း အင်မတန် ဝမ်းနည်းဒုက္ခရောက်နေမှာ သေချာ

www.burmeseclassic.com

www.burmeseclassic.com



တယ်" သူက ပြောတယ်။ "မင်းနဲ့ ဒမ်ဘလီဒိုး အလွန်ရင်းနှီးတာ ကျုပ်သိတယ်။ မင်းတာ သူ့ဘဝမှာ အနှစ်သက်ဆုံးကျောင်းသားလို့ ကျုပ်ထင်တယ်၊ မင်းတို့ နှစ်ယောက်ရဲ့ ဆက်ဆံမှုဟာ —"

"သင် ဘာလိုချင်လဲ" ဟယ်ရီက ရပ်လိုက်ပြီး တစ်ခါမေးပြန်တယ်။

စခရင်းမ်ဂျဲလဲ ရပ်လိုက်တယ်၊ တုတ်ကောက်ကို အားပြုပြီး ဟယ်ရီကို ကြည့်နေတယ်၊ အမှုအရာက တင်းလာတယ်။

"ကျုပ်ကြားတယ်၊ သူသေဆုံးတဲ့ညမှာ ကျောင်းက ထွက်ခွာသွားတယ်၊ မင်း သူနဲ့အတူ ရှိတယ်"

"ဘယ်သူပြောသလဲ" ဟယ်ရီက မေးတယ်။

"ဒမ်ဘလီဒိုး သေဆုံးပြီးနောက်၊ ရဲတိုက်အပေါ်မှာ ဒက်အီတာတစ်ယောက်ကို 'ကျောက်ဖြစ်စေ'လို့ ရွတ်လိုက်တယ်၊ ပြီးတော့ အဲဒီအပေါ်မှာ တံမြက်စည်းနှစ်လက်ရှိတယ်၊ ဝန်ကြီးဌာနက ကျိုးကြောင်းခန့်မှန်းတတ်တယ်၊ ဟယ်ရီ"

"ကျွန်တော် ကြားရတာ သိပ်ဝမ်းသာတယ်" ဟယ်ရီက ပြောတယ်။ "ဒါပေမယ့် ကျွန်တော်နဲ့ ဒမ်ဘလီဒိုး ဘယ်သွားတယ်၊ ကျွန်တော်တို့ ဘာလုပ်တယ်ဆိုတာ ကျွန်တော့်တစ်ဦးချင်းကိစ္စ။ သူက သူများမသိစေချင်ဘူး"

"ဒီလိုသစ္စာရှိတာ တကယ်ပဲ ချီးကျူးစရာကောင်းတယ်" စခရင်းမ်ဂျဲက ပြောတယ်။ သူဟာ ရင်ထဲက ဒေါသကို အတင်းဖိထားနေသလိုပဲ။ "ဒါပေမယ့် ဒမ်ဘလီဒိုး မရှိတော့ဘူး၊ ဟယ်ရီ။ သူ မရှိတော့ဘူး"

"ဒီကလူတွေ သူ့အပေါ် သစ္စာမရှိကြတော့မှ၊ သူ ဒီကျောင်းက ခွဲခွာမှာ" ဟယ်ရီက ပြောတယ်။ သူ့ဟာနဲ့သူ ပြုံးမိတယ်။

"ကျုပ်ရဲ့ချစ်လှစွာသောကောင်လေး . . . . ဒမ်ဘလီဒိုးဖြစ်သော်လဲ သေရာက ပြန်မရှင်နိုင်ဘူး —"

"သူရှင်နိုင်တယ်လို့ ကျွန်တော် မပြောဘူး။ သင် နားမလည်နိုင်ပါဘူး။ ဒါပေမယ့် ကျွန်တော် သင့်ကို ပြောပြစရာ တကယ်ပဲ ဘာမှမရှိဘူး"

စခရင်းမ်ဂျဲက တွံ့ဆိုင်းနေတယ်၊ ဒီနောက် တမင်ပျော့ပျောင်းတဲ့ လေသံ လုပ်ပြောတယ်။ "ဝန်ကြီးဌာနက မင်းကို အစောင့်အရှောက်အမျိုးမျိုး ပေးနိုင်တယ်၊ ဟယ်ရီ။ ကျုပ်ရဲ့ အောရာနှစ်ယောက်ကို မင်းကို ဝန်ဆောင်ပေးဖို့ စီစဉ်ပေးချင်တယ် —"



ဟယ်ရီက ရယ်ကယ်။

[illegible] မတားဆီးနိုင်ဘူး။ သင် ဒီလိုပြောတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မလိုအပ်ဘူး"

"ဒါဆိုရင်" စခရင်းမ်ဂျဲက အေးစက်စက်လေသံပြောင်းပြီး ပြောတယ်။ "ခရစ္စမတ်စ်တုန်းက ကျုပ် မင်းကို မေတ္တာရပ်ခံထားတာ —"

"ဘာမေတ္တာရပ်ခံတာလဲ။ အိုး၊ ဟုတ်ပြီ . . . . ကျွန်တော့်ကို သင်တို့ ဘယ်လောက်ကြီးကျယ်တဲ့အလုပ်ကြီး လုပ်နေတယ်ဆိုတာ ကမ္ဘာကြီးကို ပြောပြဖို့၊ ဒါနဲ့ . . . ."

"— ဒါနဲ့ အများရဲ့စိတ်ဓာတ်ကို မြှင့်တင်ဖို့" စခရင်းမ်ဂျဲက တင်းကင်းပြောတယ်။

ဟယ်ရီက သူ့ကို ခဏအကဲခတ်ကြည့်နေတယ်။

"စတန်းရှန်ဖိုက်ကို လွှတ်လိုက်ပြီလား"

စခရင်းမ်ဂျဲမျက်နှာဟာ အရုပ်ဆိုးတဲ့ ခရမ်းပုပ်ရောင် ဖြစ်သွားတယ်၊ ဟယ်ရီက ဦးလေးဗာနွံကို သတိရလိုက်တယ်။

"မင်းကြည့်ရတာ —"

"ခြေဆုံးခေါင်းဆုံး ဒမ်ဘလီဒိုးလူ" ဟယ်ရီက ပြောတယ်။ "ဟုတ်တယ်"

စခရင်းမ်ဂျဲက သူ့ကို တင်းတင်းအကြိမ်တချို့ ကြည့်လိုက်တယ်၊ ဒီနောက် စကားမပြောဘဲ လှည့်ပြီး ထော့နဲ့ထော့နဲ့နဲ့ ထွက်သွားရော။ ဖတ်စီနဲ့ မော်ဝန်ကြီးဌာနကိုယ်စားလှယ်အဖွဲ့က တခြားလူတွေ သူ့ကို စောင့်နေတာ ဟယ်ရီ မြင်ရတယ်။ သူတို့ဟာ ပူပင်စွာနဲ့ ထိုင်ခုံပေါ်မှာ ထိုင်နေပြီး ငိုနေတဲ့ ဟက်ဂရစ်နဲ့ ဂရော့ဖ်ကို ကြည့်ကြည့်နေတယ်။ ရွန်နဲ့ ဟာမီးတို့ ဟယ်ရီရှိရာကို သုတ်သုတ်လျှောက်လာတယ်၊ ရှေ့ကလာတဲ့ စခရင်းမ်ဂျဲနဲ့ ပခုံးချင်းယှဉ် ဖြတ်သွားတယ်၊ ဟယ်ရီက လှည့်ပြီး ရှေ့ကို ဖြည်းဖြည်းဆက်သွားတယ်၊ သူတို့ ထိုက်လာတာကို စောင့်နေတယ်။ နောက်ဆုံး သူတို့ဟာ ဘီချ်ပင်ကြီးရဲ့ အရိပ်အောက်မှာ ဟယ်ရီ့ကို မီသွားတယ်။ လွန်ခဲ့တဲ့ အချိန်ကောင်းတွေတုန်းက သူတို့ ဒီသစ်ပင်ကြီးအောက်မှာ ထိုင်ခဲ့ဖူးတယ်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"စခရင်းမ်ဂျဲ ဘာလိုချင်လဲ" ဟာမီးက တိုးတိုးမေးတယ်။

"ခရစ္စမတ်စ်တုန်းကလိုပဲ" ဟယ်ရီက ပခုံးတွန့်ပြ ပြောတယ်။ "ဒမ်ဘယ်ဒိုး အတွင်းပိုင်းသတင်းကို သူပြောပြစေချင်တယ်၊ ငါ့ကို မှော်ဝန်ကြီးဌာနရဲ့ ရှပ်ပြလဲ လုပ်စေချင်သေးတယ်"

ရွန်ဟာ ပြင်းထန်စွာ အတွေးအခေါ် တိုက်ပွဲ ဖြစ်နေသလိုပဲ၊ ဒီနောက် သူက ဟာမီးကို အကျယ်ကြီးပြောတယ်။ "ကြည့်နေ၊ ငါ ဖတ်စီကို နာနာတီးမြှမယ်"

"မလုပ်နဲ့" ဟာမီးက သူ့ လက်ကိုဆွဲပြီး ပြတ်သားစွာ ပြောတယ်။

"ဒါမှ ငါနေရသက်သာမှာ"

ဟယ်ရီက ရယ်ထွက်လာတယ်၊ ဟာမီးတောင် ရယ်လာတယ်၊ ဒါပေမယ့် သူမဟာ ရဲတိုက်ကြီးကို မော့်ကြည့်ပြီး အပြုံးကွယ်ပျောက်သွားတယ်။

"ငါတို့ ပြန်မလာရတော့ဘူးလို့ တွေးမိတာနဲ့၊ ငါ မခံနိုင်သလို ဖြစ်တယ်" သူမက တိုးတိုးပြောတယ်။ "ဟော့ဂ်ဝပ် ဘယ်လိုလုပ် ပိတ်ပစ်လို့ ရမှာလဲ"

"ငင်းပိတ်ချင်မှ ပိတ်မှာပါ" ရွန်က ပြောတယ်။ "ငါတို့ ဒီမှာနေတာ အိမ်မှာထက် အန္တရာယ်မကြီးပါဘူး၊ မဟုတ်ဘူးလား။ အခု နေရာတကာ အတူတူပဲ။ ဟော့ဂ်ဝပ်ကမှ ပိုလုံခြုံတယ်လို့ ငါက ထင်သေးတယ်၊ မှော်ဆရာ ဒီလောက်အများကြီးအတွင်းမှာနေပြီး ဒီနေရာကို ကာကွယ်နေတာ။ မင်း ပြောစမ်း၊ ဟယ်ရီ"

"ကျောင်းပြန်ဖွင့်ရင်လဲ ငါ ပြန်မလာတော့ဘူး" ဟယ်ရီက ပြောတယ်။

ရွန်က လန့်ပြီး သူ့ကို ကြည့်နေတယ်၊ ဟာမီးက ဝမ်းနည်းစွာ ပြောတယ်၊ "နင် ဒီလိုပြောမယ်ဆိုတာ ငါ သိတယ်။ ဒါပေမယ့် နင် ဘာလုပ်မယ်လို့ ဆုံးဖြတ်လဲ"

"ငါ ဒါစလီတို့အိမ်ကို တစ်ခေါက်ပြန်မယ်။ ဒမ်ဘလီဒိုးက ငါ့ကို ဒီလိုလုပ်စေချင်လို့" ဟယ်ရီက ပြောတယ်။ "ဒါပေမယ့် အချိန်သိပ်တော့ မကြာဘူး ပြီးတော့ ငါမပြန်ဘဲ သွားတော့မှာ"

"မင်း ကျောင်းလာမတက်ဘဲ ဘယ်သွားမလို့လဲ"

"ငါ ဂေါ့ဒရစ်တောင်ကြားကို ပြန်ကြည့်ဦးမယ်" ဟယ်ရီက တိုးတိုး ပြောတယ်။ ဒမ်ဘလီဒိုး ကွယ်လွန်တဲ့ညကစပြီး သူ့ခေါင်းထဲမှာ ဒီစိတ်ကူးကို



စိမ်နေတယ်။ "ငါ့အဖို့ပြောရရင်၊ အားလုံး အဲဒီက စတာပဲ။ ငါ့မှာ ခံစားချက် တစ်မျိုး ရှိတယ်၊ ငါ အဲဒီကို တစ်ခေါက်သွားရမယ်။ ငါ့အဖေအမေ့သင်္ချိုင်းလဲ ကြည့်လို့ရတာပေါ့"

"ပြီးတော့ကော" ရွန်က မေးတယ်။

"ပြီးတော့ ကျန်ဝိညာဉ်ပစ္စည်းတွေကို လိုက်ရှာမယ်၊ မဟုတ်ဘူးလား" ဟယ်ရီက ပြောတယ်၊ သူဟာ ကန်ဟိုဘက်က ရေထဲကျနေတဲ့ ဒမ်ဘလီဒိုးရဲ့ ကျောက်ဂူအရိပ်ကို ကြည့်နေတယ်။ "သူက ငါ့ကို ဒီလိုလုပ်စေချင်တယ်၊ ဒီအတွက်ကြောင့် ဒါတွေ ငါ့ကို ပြောပြတာ။ တကယ်လို့ ဒမ်ဘလီဒိုး မှန်တယ် ဆိုရင် —— သူမှန်မယ်လို့ ငါယုံတယ် —— အခု ဝိညာဉ်ပစ္စည်းလေးခု ကျန်သေးတယ်။ ငါ ၎င်းတို့ကို တွေ့အောင် ရှာမယ်။ တစ်ခုပြီးတစ်ခု ဖျက်ဆီးပစ်မယ်၊ ဒီနောက်မှာ ဗိုလဒီမွန်ရဲ့ သတ္တမဝိညာဉ်အစိတ်အပိုင်းကို ငါ ထပ်ရှာမယ်၊ သူ့ကိုယ်ခန္ဓာထဲမှာပဲ ရှိနေတဲ့ဟာ။ နောက်ဆုံးမှာ သူ့အသက်ကို ငါက အဆုံး သတ်လိုက်မယ်။ တကယ်လို့ လမ်းမှာ ဆီးဗရတ်-စနိတ်ပ်နဲ့ တွေ့ရင်" သူက ပြောပြန်တယ်။ "ငါ့အဖို့ ပြောရရင် ဒါအကောင်းဆုံးပဲ၊ သူကတော့ ဒုက္ခလှလှ တွေ့မယ်"

အတော်ကြာကြာ ငြိမ်သက်နေတယ်။ လူအုပ်လဲ သွားကုန်ပြီ၊ နောက်မှာကျန်နေတဲ့လူတွေက နေရာအကျယ်ကြီး ဖယ်ပေးပြီး ရောမအကောင်ကြီးဖြစ်တဲ့ ဂရော့ဖ်က ဟက်ဂရစ်ကို ဖက်ပြီး ဖြတ်သွားစေတယ်၊ ဟက်ဂရစ်ရဲ့ ကြေကွဲတဲ့ငိုသံဟာ ကန်ရေမျက်နှာပြင်မှာ ပဲ့တင်ထပ်နေဆဲပဲ။

"ငါတို့လဲ သွားမယ်၊ ဟယ်ရီ" ရွန်က ပြောတယ်။

"ဘာလဲ ?"

"မင်းအဒေါ်တို့ဦးလေးတို့အိမ် သွားမယ်" ရွန်က ပြောတယ်။ "ပြီးတော့ ငါတို့ မင်းအနားမှာ တစ်လျှောက်လုံးနေမယ်၊ မင်း ဘယ်သွားသွား"

"မရဘူး ——" ဟယ်ရီက အမြန်ပြောတယ်။ သူ ဒါကို မမှန်းမိဘူး၊ သူ အစက သူတို့ကို သိစေချင်တာက၊ ဒီအလွန်အန္တရာယ်ရှိတဲ့ခရီးကို သူ တစ်ယောက်တည်းသွားမယ်ဆိုတာပဲ။

"နင် တစ်ခါက ငါတို့ကို ပြောဖူးတယ်" ဟာမီးက တိုးတိုးပြောတယ်။ "ငါတို့ နောက်ဆုတ်မယ်ဆိုရင် စဉ်းစားဖို့အချိန်ရှိသေးတယ်။ ငါတို့ ဒီကိစ္စကို စဉ်းစားဖို့ အချိန်ရှိခဲ့တယ်၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်လာလာ၊ ငါတို့ မင်းအနားမှာနေမယ်" ရွှန်က ပြောတယ်။ "ဒါပေမယ့် သူငယ်ချင်း၊ မင်း ငါတို့မိဘအိမ်တော့ တစ်ခေါက်လာဦးမှ၊ ဒီနောက်မှ ငါတို့ တခြားဟာ စလုပ်မယ်၊ ဂေါ့ရစ်တောင်ကြားသွားတာ အပါအဝင်"

"ဘာဖြစ်လို့လဲ"

"ဘီးနဲ့ ဖလောအာရဲ့ မင်္ဂလာဆောင်လေ၊ မင်း မေ့နေလား"

ဟယ်ရီက အလွန်အံ့ဩစွာနဲ့ သူ့ကို ကြည့်နေတယ်။ ကမ္ဘာပေါ်မှာ မင်္ဂလာဆောင်ဆိုတဲ့ ဒီလိုရိုးရိုးကိစ္စတွေ ရှိနေသေးတယ်၊ တကယ်ပဲ နားမလည်နိုင်စရာပဲ၊ ပြီးတော့လဲ အံ့ဩစရာ လှပတယ်လို့ ခံစားရတယ်။

"ဟုတ်တယ်၊ ဒါ ငါတို့ အလွတ်ခံလို့မရဘူး" သူက နောက်ဆုံးမှာ ပြောတယ်။

သူ့လက်ဟာ ဝိညာဉ်ပစ္စည်းအတုကို အလိုအလျောက် တင်းတင်းဆုပ်ထားတယ်။ သူဟာ အရာအားလုံးရယ်၊ သူ့ကိုစောင့်နေတဲ့ မှောင်မည်းတွေ့ကောက်တဲ့လမ်းရယ်၊ နောက်ဆုံးမှာ —— တစ်လပဲဖြစ်ဖြစ်၊ တစ်နှစ်ပဲဖြစ်ဖြစ်၊ ဆယ်နှစ်ပဲဖြစ်ဖြစ် —— သူဟာ ဗိုလ်ဒီမွန့်ကို ရင်ဆိုင်တိုက်ခိုက်ရမယ်ဆိုတာရယ်ကို သိနေပေမယ့်၊ သူဟာ ရွှန်၊ ဟာမီးတို့နဲ့အတူ နောက်ဆုံးသော ရွှေကဲ့သို့ ငြိမ်းအေးတဲ့နေ့ရက်ကို ခံစားရမယ်ဆိုတာ တွေးမိတော့၊ သူ့စိတ် အလွန်ပျော်လာမိတယ်။

ဟယ်ရီပေါ်တာနှင့် သွေးနှောမင်းသား
ပြီးပြီ။

ကြည်ကြည်မာ
၁၆. ၄. ၂၀၀၆

BURMESE CLASSIC

www.burmeseclassic.com